ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ

တေဇောမိပတိ ဆရာတော်

စိရင်အပ်သော

မဟာပညာဓိ ဝိပဿနာ

နှင့်

ဝိပဿနာ လေးကျမ်း

ပုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၄

ကောင်စာ ၁၃၇၂

ကျမ်းပြုဆရာတော် ဦးတေဇာဘိဝံသ

မောက္ခဘုရာမ ဖောင်တော်ဦးတိုက်၊ မန္တလေးမြို့။

ဒုပ္ပညဿ ဟိ ပဓာနံ နာ ဣဇ္ဈတိ ဝိပဿနာကမ္မိကဿ
ပညာ ဗလဝတီ ဝဋ္ဋတိ ဧဝဥ္စိ သော လက္ခဏပဋိဝေဓံ ပါပုဏာတိ
ပညာရှိယောဂီများဖြစ်ရန် ရည်သန်တောင့်တ၍

မဇ္ဈလေး-အနောက်ပြင်
မောက္ခာရာမ-ဖောင်တော်ဦးတိုက်

ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ တေဇောမိပတိ ဆရာတော်

စီရင်အပ်သော

မဟာပညာဓဇနီ ဝိပဿနာ

နှင့်

ဝိပဿနာ ဓလေးကျမ်း

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ထုတ်ဝေသူ။ ။မန္တလေးမြို့ အနောက်ပြင် မောက္ခာရုံမ ဖောင်တော်ဦးကျောင်းတိုက် တေဇောဓိပတိ ဆရာတော် ဦးတေဇာဘိဝံသ (ကင်းလွတ်ခွင့် အမှတ် ဝ၉၆၀)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၄၅၅)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအာဏာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ဝဂ၇၉)က ပုံနှိပ်သည်။

မာတိကာ

အကြောင်းအရာ စာမျက်နှာ

၁-အာနာပါနဿတိသမာဓိဘာဝနာရှုဘွယ်

နိဒါန်းနှင့်ဥယျောဇဉ် ၁
အပါယဒုက္ခ ၂
ပုဂ္ဂိုလ်ငါးမျိုး ၇
သတိပဋ္ဌာနပုဒ်ခဲ့ပုံ ၁၇
ဝိပဿနာယာနိကပုဂ္ဂိုလ် ၁၉
ပဏာမ ၂၆
ဘာဝနာပွါးနည်းသုံးမျိုး ၂၇
အာနာပါနဿတိသမာဓိ ၂၉
သဗ္ဗကာယပဋိသံဝေဒီအာခန်း ၄၀
အပ္ပနာကောသလ္လဆယ်ပါး ၄၅

၂-မဟာပညာမေဒီဝိပဿနာရှုဘွယ်

နိဒါန်းနှင့်ဥယျောဇဉ် ၄၇
ပဏာမ ၆၃
သခ်ၤတနှင့်အသခ်ၤတ ၆၅
ကမ္မာပယျက်ပုံ ၆၈
ကောလာဟလငါးမျိုး ၇၁
ကမ္မာတည်ပုံ ၇၈
သတ္တလောကသခ်ၤတဖြစ်ပုံ ၈၄
မဟာဘုတ်ခေါ်ဓာတ်လေးပါး ၉၈
အာကာသဓာတ်ခန်း ၁၁၅

အကြောင်းအရာ				စာမျက်နှာ
ပညတ်နှင့်ပရမတ်	....	....	....	၁၂၄
ပညတ်လေးမျိုး	....	....	....	၁၂၆
ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးယူပုံ	....	....		၁၃၉
ဘာဝနာနည်းသုံးမျိုး	....	....	....	၁၅၁
နာမရူပပရိစ္ဆေဒဉာဏ်အခန်း	....	....		၁၆၆
ပရိညာသုံးပါး	....	....	....	၁၆၈
ဝိသုဒ္ဓိခုနစ်ပါး	....	....	....	၁၇၀
ပဉ္စဂုပုဏ္ဏားဝတ္ထု	....	....	....	၁၇၃
ဉာဏ်သုံးပါး	....	....	....	၁၇၈
ဝဇီရာ ဘိက္ခုနီမဝတ္ထု	....	....	....	၁၉၉
သက္ကာယဒိဋ္ဌစုံပုံ	....	....	....	၂၀၅
ဘုရားရှင်တို့တရားဒေတာ်ကိုအလေးပြုပုံ	....	....		၂၁၅
ပုဏ္ဏထေရီမဝတ္ထု	....	....	....	၂၁၆
ပစ္စယပရိဂ္ဂဟဉာဏ်အခန်း	....	....		၂၁၈
အဝိဇ္ဇာနှစ်မျိုး	....	....	....	၂၂၁
ယုံမှားခြင်းတဆဲ့ခြောက်ပါးနှင့်ရှစ်ပါး	....	....		၂၂၃
စူဠသောတာပန်	....	....	....	၂၃၀
သမ္မသနဉာဏ်အခန်း	....	....	....	၂၄၀
ဝိပလ္လာသသုံးပါး	....	....	....	၂၄၂
ယက္ခိဘီလူးမဥပမာ	....	....	....	၂၄၈
ရုပ်ကိုကာလသုံးမျိုးခွဲခြားပုံ	....	....		၂၅၀
နာမ်ကိုကာလသုံးမျိုးခွဲခြားပုံ	....	....		၂၅၅
(တော) လေးဆယ်	....	....	...	၂၆၉
ရူပသတ္တကရှုနည်း	....	....	....	၂၇၇
ဒီဃနခသုတ်လာ ရုပ်ကမ္မဋ္ဌာန်	....	....		၂၉၆

အကြောင်းအရာ			စာမျက်နှာ
အရူပသတ္တကရူနည်းပြစကား	....	....	၂၉ဂ
မဟာဝိပဿနာတဆဲ့ရှစ်ပါး	....	....	၃၀၅
ဥဒယဗ္ဗယဉာဏ်အခန်း	....	....	၃၁၁
ဥပက္ကိလေသတရားဆယ်ပါး, ဆဲ့တပါး		....	၃၃၁
ဘင်္ဂဉာဏ်ပေါ်လာပုံအခန်း	....	....	၃၃၄
ဘင်္ဂဉာဏ်အကျိုးရှစ်မျိုး	....	....	၃၈၃
ဘယဉာဏ်အခန်း	....	....	၃၈၄
အစဲ့ (ဂါဟ) သုံးမျိုးပြုတ်ခြင်း	....	....	၃၈၈
အာဒီနဝဉာဏ်အခန်း	....	....	၃၈၉
အာဒီနဝဉာဏ် တဆဲ့ငါးပါး	....	....	၃၉၀
သန္ဋိပဒဉာဏ်တဆဲ့ငါးပါး	....	....	၃၉၃
နိဗ္ဗိဒါနုပဿနာဉာဏ်အခန်း	....	....	၃၉၇
မုဉ္စိတုကမျတာဉာဏ်အခန်း	....	....	၃၉၉
ပဋိသင်္ခါဉာဏ်အခန်း	....	....	၄၀၂
သင်္ခါရုပေက္ခာဉာဏ်အခန်း	....	....	၄၀၆
ဝိပဿကယောဂီလျစ်လျူရှုပုံဥပမာ	....	....	၄၁၁
လင်းနို့ဥပမာ	....	....	၄၁ဂ
အနုလောမဉာဏ်အခန်း....	....	....	၄၂၀
ဂေါတြဘူဉာဏ်အခန်း	....	....	၄၂၅
ဂေါတြဘူနှစ်မျိုးအထူး....	....	....	၄၂ဂ
အနုလုံနှုင့် ဂေါတြဘူသတ္တိချင်းမတူပုံ	....	....	၄၂၉
မဂ်ဉာဏ်အခန်း	....	....	၄၃၁
ပစ္စဝေက္ခဏာဉာဏ်အခန်း	....	....	၄၄၃
သောတာပန်အကြောင်း	....	....	၄၄ဂ
သောတာပန်ရဲ့ သဒ္ဓါတရားပယ်ဖျောက်မရနိုင်ပုံ		....	၄၄၉

အကြောင်းအရာ				စာမျက်နှာ
အဝေစ္ဆပသာဒဇောဒဂ်ရ သူရမုဋ္ဌဝတ္ထု	....	....		၄၄၉
သုပ္ပဗုဒ္ဓဝတ္ထု	....	....	....	၄၅၀
ဓနဉ္ဇာနီပုဏ္ဏားမဝတ္ထု	....	....	....	၄၅၂
သောတာပတ္တိယင်္ဂတရား		....	....	၄၅၆
သောတာပန်ဖြစ်ရခြင်းအကျိုး		....	....	၄၅၆
မဟာပေစ္စဝေက္ခဏာဉာဏ်ခုနစ်ပါး		....	....	၄၅၈
သောတာပန်သုံးမျိုး	....	....	....	၄၆၁
သကဒါဂါမ်ခြောက်မျိုး	....	....	....	၄၆၄
အနာဂါမ် ငါးမျိုး	....	....	....	၄၆၆
အရိယာ ကိုးဆွဲခြောက်ယောက်		....	....	၄၆၇
အရိယာ တရာ့ရှစ်ယောက်ရေတွက်ပုံ		....	....	၄၆၈
မင်္ဂအနုသယပယ်ပုံ ဥပမာ		....	....	၄၇၁
အရိယာဟုတ်မဟုတ် စုံစမ်းပုံအခန်း		....	....	၄၇၄

၃-နိဗ္ဗာနာနုပဿနာအခန်း

ဖလသမာပတ်ဝင်စားဟန်		....	....	၄၈၁
ဝိဟာရနှစ်မျိုး	....	....	....	၄၈၃
အသင်္ခတမဟာတ်မှန် မြတ်နိဗ္ဗာန်		....	....	၄၈၈
သုခနှစ်မျိုး	....	....	....	၅၀၃
နိဗ္ဗာနမဟာတ်နှစ်မျိုး	....	....	....	၅၀၄
ကိလေသနိဗ္ဗာန်သုံးမျိုး....		....	....	၅၀၈
နိဂုံး	....	....	....	၅၁၅

၄-ဝေဒနာနုပဿနာရှုဘွယ်

ပဏာမနှင့် ပဋိညာဉ်	....	....	....	၅၁၈
ဝေဒနာကို အမျိုးမျိုးဟောပုံ		....	....	၅၂၄

အကြောင်းအရာ				စာမျက်နှာ
ဝေဒနာတဆဲ့ရှစ်ပါး	....	....	....	၅၂၄
ဝေဒနာတရဲ့ရှစ်ပါး	....	....	....	၂၅၅
ဝေဒနာပိုင်လျှင် နိဗ္ဗာန်ရောက်ကြောင်း	....	....		၅၂၈
ဝေဒနာသုံးမျိုးကို ရှုပုံရှုနည်း	....	....		၅၂၉
ဝေဒနာငါးမျိုးကို အကျယ်ပြခြင်း	....	....		၅၃၄
ဝေဒနာငါးမျိုးကို ဘာဝနာပွါးပုံ	....	....		၅၄၆

၅-စိတ္တာနုပဿနာရှုဘွယ်

ပဏ္ဏာမနှင့် ပဋိညာဉ်	....	....	....	၅၅၃
ကမ္မဋ္ဌာန်းနည်းပြဆရာ	....	....	....	၅၅၈
စိတ်ရှေဆောင်ပုံ	....	....	....	၅၆၀
အာရုံခြောက်ပါးစသည်	....	....		၅၆၉
သရာဂစိတ်စသည်	....	....	....	၅၇၄
ဝိညာဉ်ခြောက်ပါးအကျယ်ပြခြင်း	....	....		၅၇၆
ပွါးများပုံ နှလုံးသွင်းကြည့်ရှုပုံ	....	....		၅၈၅

နိဒါန်းနှင့်တကွဖြစ်သော ဥပယျာဇဉ်

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော

ဘိက္ခဝေ၊ အို ရဟန်းတို့။ အယံ သံသာရော၊ ခန္ဓာ အာယတနဓာတ် စသည်တို့၏ မပြတ်ဖြစ်ရာ ဤသံသရာ အစဉ်သည်။ အနမတဂ္ဂေါ၊ အနု-အမတဂ္ဂေါ၊ အဖန်ဖန်သိအပ်သော အစမရှိ (ဝါ) အစကို ပိုင်းခြား၍ မသိနိုင်ပါ။

သတ္တဝါ တယောက်ဟု ခေါ်ကြတဲ့ ရုပ် နာမ် ခန္ဓာ အစဉ်ကား ဘယ်ကမ္ဘာ, ဘယ်မင်းလက်ထက်က အစပြု၍ ဖြစ်ခဲ့သည်ဟု မသိနိုင်ပါ။ အလွန်ရှည်ကြာခဲ့လှပါပြီ၊ မရေမတွက်နိုင်သော သတ္တဝါအပေါင်း အနန္တတို့တွင် ဤသူ ဤသူကား ငါနှင့် အမိ, အဘ, ညီအကို, မောင်နှမ, မတော်စပ်ဘူး သူဟူ၍ ရှာမရနိုင်ပါ။

နံ သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊
ယော နံ မာတုပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ။
ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ အို ရဟန်းတို့။ ယော သတ္တော၊ အကြင် သတ္တဝါသည်။ ဒီဃေန၊ ရှည်လျားသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလဖြင့်။ နံ မာတု-ပုဗ္ဗော၊ အမိ မဖြစ်ဘူး။ သော သတ္တော၊ ထို သတ္တဝါသည်။ နံ သုလဘ-ရူပေါ၊ ရလွယ်သည်မဟုတ်။

ဤပုံ သံသရာအစဉ်, ခန္ဓာအစဉ် ရှည်ကြာခဲ့သမျှကာလပတ်လုံး ရုပ် နာမ် ခန္ဓာဟု ဆိုအပ်သော ဆင်းရဲကို ရတဲ့ဘေး ဆွေးမြေ့ရင့်ရော်တဲ့ဘေး ကိုက်ခဲကျင်နာ မသက်သာသောဘေး စုတီပြတ်ကြွေ သေရသော ဘေး တို့ဖြင့် အနှိပ်စက် ခံခဲ့ရလှပါပြီ၊ ကြက်, ဝက် ဖြစ်၍လည်း အသတ်ခံရသော ကြောင့် လည်ပင်းမှ ယိုကျသော သွေးများပင် သမုဒ္ဒရာ လေးစင်းရဲ့ ရေမျှမကဟု ဟောတော်မူပါတယ်။ လူ့ပြည်မှာ လာဖြစ်နေသော သတ္တဝါ တို့သည်ရင်း၊ အခြားတပါးသော သတ္တဝါတို့သည်ရင်း၊ တဖန် လူ့ပြည် လာရောက်နိုင်သူကား လက်သည်းခဲ့ အဖျားမှာတင်ထားသော သဲမှုန့် ပမာဏလောက်သာ ရှိသည်။ အပါယ်လေးဘုံသူ တွေကား နှစ်သိန်း

လေးသောင်း အထူရှိသော မဟာပထဝီ မြေကြီးနှင့်အမျှ ရှိပါတယ်။ ခြနှင့် ပရွက်ဆိတ်တို့ကို မျှော်ကြည့်ပါလေ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ဆိုအပ်သော အပါယ်ဘုံသူ အပါယ်ဘုံသားတို့တွင် နိရယဒုက္ခ ငရဲခံရသော ဆင်းရဲကို ဤပုံ သိရသည်။ ငရဲထိန်းတို့က ဒုစရိုက် သုံးပါးကို ကျူးလွန်မိသောကြောင့် ငရဲသို့ ကျသွားသော သုံးဂါဝုတ် လောက်ရှိသော သတ္တဝါကို အလျှပြောင်ပြောင် တောက်လောင်သော သံမြေတွင် ပက်လက်အိပ်စေ၍ ထိုငရဲသူသတ္တဝါ၏ လက်ျာလက်၌ ထန်းလုံး ပမာဏလောက်ရှိသော သံစို့ သံချွန်ကို ရိုက်သွင်းကြပါတယ်၊ ထိုအတူ လက်ဝဲလက်ခြေနှစ်ဘက် ရင်ဝတို့၌လည်း လောလောပူသော သံစို့သံချွန်ကို ရိုက်သွန်းကြပါကုန်တယ်။

ထိုငရဲသူသတ္တဝါသည် ငရဲမှာ ပဉ္စဝိဓဗန္ဓန ငါးမျိုးသော နှောင်ဖွဲ့ချည် တုတ်ခြင်းဖြင့် အနှိပ်စက်ခံရသောကြောင့် အလွန် ခါးစပ် ပူလောင်သော ဆင်းရဲဒုက္ခကို ခံကြရပါတယ်။ ကံမကုန်သမျှ ကာလပတ်လုံး ငရဲသစ်ငုတ်, ငုတ်တုတ်ခံ၍ နေရပါတယ်။

ချစ်သားရဟန်းများတို့၊ ငရဲထိန်းတို့က ထိုငရဲသူသတ္တဝါကို အဖန်ဖန် ယူဇနာတရာရှိသော မဟာအဝီစိငရဲကြီးသို့ ပစ်ချလိုက်ကြပါတယ်။ ထို အဝီစိငရဲကြီးတွင် အောက်ကခံသော သံမြေကား အလျှ တပြောင်ပြောင် မီးတို့ဖြင့် တောက်လောင်နေပါတယ်။ သံတံတိုင်းတို့ဖြင့် ကာရန်ကာထားပါတယ်။ သံအမိုးဖြင့်လည်း အုပ်၍ မှောက်ကာထားပါတယ်။ တံခါးလေးပေါက်လည်း ရှိပါတယ်၊ ထက်ဝန်းကျင်မှ ယူဇနာ တရာတိုင်တိုင် ပျံ့နှံ့၍ တည်နေပါတယ်၊ ယူဇနာတရာရှိသော အရပ်ကနေထိုင်၍ အဝီစိငရဲမီးကို ကြည့်ရှုခဲ့သော် ကြည့်ရှုသူ၏ မျက်လုံးများသည် ပြင်ဘက်သို့ ထွက်၍ ကျအောင် ပူလောင်လှပါတယ်၊ ဤပုံ ငရဲဆင်းရဲ ငရဲဒုက္ခနှင့် တွေ့ကြုံရပါတယ်၊ မြတ်စွာဘုရားက ငရဲဒုက္ခ ရှိသမျှ အဝဝကို ငါဘုရား ဟော၍ မကုန်နိုင်ပါလို့ မိန့်တော်မူပါတယ်။

တိရစ္ဆာနဒုက္ခ

တိရစ္ဆာန်၌ဖြစ်သော ဆင်းရဲဒုက္ခကို ဤပုံသိရသည် ။ ။ တိရစ္ဆာန်တို့ကား မြက်ကိုစားသော နွားမြင်း စသော သတ္တဝါတို့လည်း ရှိသည်၊ ကျင်

ကြီး (ချေး)ကိုစားသော ခွေးကြက်ဝက် စသောသတ္တဝါတို့လည်း ရှိသည်၊ မျောင်မိုက်ထဲမှာမွေး မျောင်မိုက်ထဲမှာအို မျောင်မိုက်ထဲမှာ သေသော တိုပိုးနှံကောင် ပိုးကောင်စသော သတ္တဝါတို့လည်း ရှိသည်၊ ရေထဲမှာမွေး ရေထဲမှာအို ရေထဲမှာသေသော ငါးလိပ်စသော သတ္တဝါတို့လည်း ရှိသည်။ ငါးပုပ်သားပုပ် အစရှိသော မစင်မကြယ် ရုံစဉ့်မှာဖြစ်သော သတ္တဝါတို့လည်း ရှိသည်၊ ကြက် ဝက် ဖြစ်၍ လည်အဖြတ်ခံရသောကြောင့် ရောက်သော ဆင်းရဲဒုက္ခတွေ့၊ ခွေးဖြစ်၍ အဆိပ်တုံးမိသောကြောင့် လမ်းပေါ်မှာ တုံးလုံးပက်လက်သေနေသော ဆင်းရဲဒုက္ခတို့ကို မျှော်၍ ကြည့်ပါလေ။

ပေတဒုက္ခ

လက္ခဏာသံယုတ်လာ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်မှာ အသားအသွေးမပါဘဲ ဖြူဖွေးနေတဲ့ အရိုးစုပြိတ္တာသည် လင်းတ ကျီး စုန်ရဲတို့က နံရိုးကြားတို့မှ ထိုးဆိတ်ကြသောကြောင့် ကျင်နာစွာ ဆင်းရဲဒုက္ခ ခံနေရပါတယ်၊ နွားသတ်၍ အသက်မွေးခဲ့သော အကုသိုလ်ကံကြောင့် ငရဲကျပြီး ပြိတ္တာဖြစ်ကာ နေပါတယ်၊ ဆိတ်သတ်၍ အသက်မွေးသောသူ၊ ဝက်သတ်၍ အသက်မွေးသောသူ၊ သား သမင်သတ်၍ အသက်မွေးသောသူတို့လည်း ထို့အတူ ငရဲကျပြီး ပြိတ္တာဖြစ်၍ နေကြပါတယ်။

သူတပါးမယား သမီးများကို ပြစ်မှားမိသောသူ၊ လင်ယောကျ်ားကို လွန်၍ တပါးသောယောကျ်ားနှင့် ပျော်မွေ့သောမိန်းမတို့လည်း ငရဲကျပြီး ပြိတ္တာဖြစ်၍ နေကြပါတယ်၊ အကျင့်မကောင်းသော ရဟန်းယောကျ်ား ရဟန်းမိန်းမ သာမဏေယောကျ်ား သာမဏေ မိန်းမတို့လည်း ပြိတ္တာဖြစ်၍ နေကြပါတယ်။ အကုသိုလ်ကံကား လွန်စွာကြောက်စရာကောင်းလှပါတယ်၊ ဤကမ္ဘာမှ ပြန်၍ရသော် ဓာ·ကမ္ဘာထက်ကဖုဿဘုရား ထင်ရှားစွာ ပွင့်တော်မူပါတယ်၊ ထိုစဉ်အခါ နောင်တော်ညီတော်မင်းသားသုံးပါးတို့၏ ဆွမ်းကပ်လှူဒါန်းသော ဆွမ်းကျွေးပဲ့တင်ဗိမ္မိသာရမင်း၏ ဆွေတော်မျိုးတော်ပေါင်း ရှစ်သောင်း လေးထောင်တို့သည် သံဃဆွမ်းကို လက်ဦးလက်ဖျား စားကြသောကြောင့် ပြိတ္တာဖြစ်၍ နေကြပါတယ်၊ ကမ္ဘာကိုးဆယ်တို့ပတ်လုံး သုဂတိဒုဂ္ဂတိတို့၏ အစွမ်းဖြင့် ကျင်လည်ကာ ဖြစ်ကြပါကုန်တယ်၊ ယခု ဘဒ္ဒကမ္ဘာမှာ ဆွေတော်

မျိုးတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ ပြိတ္တာဖြစ်ကြ၍ ကကုသန် ကောဏာဂုံ ကဿပ မြတ်စွာဘုရား သုံးဆူတို့ ပဋိစ္စတော်မူရာ ခေတ်ကာလ ပတ်လုံး ငတ်ငတ်မွတ်မွတ် မစားရ မသောက်ရ ဆင်းရဲဒုက္ခ ခံနေကြရ ပါကုန်တယ်၊ ဂေါတမမြတ်စွာဘုရားလက်ထက် ဗိမ္ဗိသာရမင်းကြီး၏ အလှူပဲ့တင် သာဓုအနုမောဒနာ ခေါ်ဆိုရသောကုသိုလ်ကြောင့် ပြိတ္တာ တို့ရဲ့ ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းကာ သွားကြပါကုန်တယ်။ ပြိတ္တာတို့ ဆင်းရဲ ကား ဘုရားတို့သော်မှ ဟောပြော၍ မကုန်နိုင်ပါ။

အသုရကာယဒုက္ခ

ကာလကဉ္ဇိကအသုရာကား သုံးဂါဝုတ်မျှလောက်သောကိုယ် ရှိပါတယ်။ နည်းသော အသွေးအသား ရှိသောကြောင့် သစ်ရွက်ခြောက်ကဲ့သို့ အရိုး ပြိုင်းပြိုင်းထလျက် နေပါတယ်။ ပုဇွန်မျက်စိကဲ့သို့ မျက်စိနှစ်ဘက် ပြူးပြူး ထွက်လျက် နေပါတယ်။ ဦးခေါင်းထက်၌ အပ်နဖားပေါက်မျှလောက်သော ခံတွင်းဖြင့် မွတ်သိပ်ဆာလောင်လျက် ပြင်းထန်စွာ အစာရှာ၍ ဆင်းဆင်း ရဲရဲ ပင်ပင်ပန်းပန်း စားသောက်ကြရပါတယ်။ ဤကား အပါယ်လေးဘုံ တို့၌ဖြစ်သော ဆင်းရဲဒုက္ခ အဝဝကို အမြဲက်မျှသာ ရေးပြခြင်း ဖြစ်ပါ တယ်။

အစမထင် သံသရာတခွင်ဝယ် ကျင်လည်ခဲ့ရသမျှ ကာလပတ်လုံး လောဘ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ, ဥပါယာသ မီးတဆဲ့တပါးတို့ဖြင့် လောင်ကျွမ်းခံရခြင်း၊ မွတ်သိပ် ဆာလောင်သော လွန်ကဲသော အနာရောဂါ, အဝိဇ္ဇာ,တဏှာ, ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်ပေါ်လာရသော ရုပ်, နာမ် နှစ်ဝ သခ်ါရတရားဟု ဆိုအပ်သော လွန်ကဲပြင်းထန်သော ဆင်းရဲဒုက္ခ လေးပါးသော အပါယ်ဘေးတို့ဖြင့် အနှိပ်စက်ခံရသော ဆင်းရဲဒုက္ခတို့ကို ဘာကြောင့် တွေ့ကြုံ၍ ခံစားကာ နေကြရပါသလဲ၊ ဖြစ်ပေါ်လာတဲ့ ရုပ် နာမ်နှစ်ဝ သခ်ါရတရားတို့ကို ဆင်းရဲအစစ် အမှန်ဖြစ်သည်ဟု ဒုက္ခသစ္စာကို အမှန်မသိသောကြောင့်ရင်း၊ အာရုံခြောက်ပါး တရားတို့ကို တပ်နှစ်သက် တဲ့ တဏှာကို ဆင်းရဲဒုက္ခဖြစ်ကြောင်း အမှန်ဖြစ်သည်ဟု သမုဒယသစ္စာကို မသိသောကြောင့်ရင်း၊ ဒုက္ခ,သမုဒယ နှစ်ပါးတို့၏ တဖန်ဖြစ်ပေါ်လာခြင်း

မရှိဘဲ ချုပ်ငြိမ်းသွားရာ သန္တိသဘောကို ချမ်းသာအစစ် အမှန် ဖြစ်သည်ဟု နိရောဓသစ္စာကို မသိသောကြောင့်၎င်း၊ အမှန် မြင်မှု,သိမှု ဝိဇ္ဇာ သမ္မာဒိဋ္ဌိမဂ်င်, အမှန်အကန် ကြံစည်မှု သမ္မာသင်္ကပ္ပ မဂ်င်စသော တရားတို့ကို နိရောဓ နိဗ္ဗာန်ရောက်ကြောင်း အစစ်အမှန် ဖြစ်သည် ဟု မဂ္ဂသစ္စာကို မသိသောကြောင့်၎င်း ရုပ်နာမ်နှစ်ပါး သခ်ါရတရားဟု ဆိုအပ်သော ဆင်းရဲဒုက္ခတို့ ဖြစ်ပေါ်ကာ နေကြပါကုန်တယ်။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ။
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။
(သစ္စသံယုတ်)

မြန်မာပြန်။ ။ဘိက္ခဝေ၊ အို ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာ၏အဖြစ်ကို ပြုတတ်သော သစ္စာတရားတို့ကို။ အနနုဗောဓာ၊ ဝိပဿနာဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်လျားလှစွာသော။ ဒ္ဓဒ်-အဒ္ဓါနံ၊ ဤ သံသရာအဓွန့် ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်ဌင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့သည်ဌင်း။ သန္ဓာဝိတံ၊ ကောင်းစွာ ပြေးသွား ကျင်လည်အပ်လှ လေပြီ။ သံသရိတံ၊ ဤဘုံ,ထိုဘုံသို့ ပြေးသွားကျင်လည် အပ်လှ လေပြီ။

ဤပုံ သစ္စာလေးပါးကို မသိကြသောကြောင့် မင်းတို့ငါတို့ သံသရာဝဋ်ဆင်းရဲမှာ ကျင်လည်ကာ နေကြတယ်လို့ မိန့်တော်မူတယ်။

အပူရှိန်ရှိလျှင် အအေးရှိရာတယ် ဆင်းရဲဒုက္ခရှိလျှင် ချမ်းသာသုခရှိရာတယ် ဆိုသည်အားလျော်စွာ ချမ်းသာသုခကို ဘယ်လိုနည်းနှင့် ရနိုင်ပါမလဲ။

ပဟာတဗ္ဗ ပယ်အပ်သော ကိလေသာ အမှုးရှိသော အကုသိုလ်တရားတို့ကိုပယ်၍ ဘာဝေတဗ္ဗ ပွါးများအပ်သော ဒါန သီလ ဘာဝနာသုံးပါးတို့ကို ပွါးများအားထုတ်နိုင်မှ သုခချမ်းသာအစစ် နိဗ္ဗာန်ကိုရနိုင်ပါတယ်။

မြတ်စွာဘုရားပွင့်တော်မူရာ ဤ သာသနာအတွင်းမှာသာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြပါတယ် (သမဏော နတ္ထိ ဗာဟိရေ) ဟု သုဘဒ္ဒပရိဗိုဇ်အား ဖြေကြားတော်မူပါတယ်၊ ထို့ကြောင့် နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ ပြုကြသောဒါနသည် နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်နိုင်ပါတယ်၊ သီလ သမထတို့သည်လည်း နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်နိုင်ပါတယ်၊ အားမထုတ်ထိုက်သော တရားမျိုးမဟုတ်ပါ၊ ဒါန သီလ သမထတို့ကိုသာ အားထုတ်၍ တင်းတိမ်ရောင့်ရဲကာ မနေထိုက်ပါ၊ ဒါန သီလ သမထ တို့ကား ငါစွဲ ပုဂ္ဂိုလ်စွဲ သက္ကာယဒိဋ္ဌိကို မတူးဖြို မဖျက်ဆီး နိုင်သော ကြောင့်ဂုဏ်း၊ ဤသာသနာ အတွင်းမှာသာ ဝိပဿနာဘာဝနာတရား ထင်ရှားရှိသောကြောင့်ဂုဏ်း၊ သက္ကာယဒိဋ္ဌိကို ဖြိုခွဲဖျက်ဆီးနိုင်၍ အရိယာ အဖြစ်သို့ ရောက်စေနိုင်သော ဝိပဿနာ ဉာဏ်ပညာကို ဥပါသကာ ဥပါသိကာမအားလုံးတို့ လက်မလွှတ်တန်း အားထုတ်ထိုက်ပါတယ်၊ တို့နှင့် မထိုက်တန်၊ တို့အရာမဟုတ်ဟူ၍ မအောက်မေ့ထိုက်ပါ၊ ဓာတ်ကြီး ခြောက်ပါး, ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဉ်ခြောက်ပါးတို့ကို သိထားနားလည်က ဝိပဿနာနှင့် ဥပါသကာ ဥပါသိကာမတို့ အလွန် သင့်လျော်လှပါသည်၊ သိထားရန်တရားစုမှာ များလည်း မများလှပါ၊ အိမ်နေရင်း သွားရင်း လာရင်းလည်း ဝိပဿနာ ဘာဝနာကို နှလုံးသွင်း နိုင်ပါတယ်။

သာဝတ္ထိပြည်မှာ လူနေခုနစ်ကုဋေရှိရာ ငါးကုဋေကား သောတာပန် သကဒါဂါမ်အရိယာဖြစ်ကြပါတယ်၊ စျာန်အဘိညာဉ် ရသောပုဂ္ဂိုလ်ကား အနည်းငယ်မျှ ရှိပါမည်၊ မန္တလေးမှ ရန်ကုန်သို့ လှည်း မြင်းရထား မီးရထား လေယဉ်ပျံတို့နှင့် သွားကြရာတွင် ရောက်သွားခြင်းက တူပါ၏၊ ရောက်ပုံ ကွာခြားလှပါတယ်၊ သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ လျင်မြန်စွာ ကျွတ်လိုလျှင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ကြပါလေ။

ရဟန်းတော်တပါးက အရှင်မြတ်ဘုရား ဓမ္မဝိဟာရီ ဓမ္မဝိစာရီဟူ၍ ပြောဆိုကြပါတယ်၊ ဘယ်ပုံနေထိုင်မှ ဓမ္မဝိဟာရီပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုထိုက် ပါသလဲ ဘုရားလို့ လျှောက်ထားပါတယ်၊ မြတ်စွာဘုရားက ချစ်သား၊ သာသနာတော်မှာ ပုဂ္ဂိုလ်သည်—

(၁) ပရိယတ္တိဗဟုလ
(၂) ပညတ္တိဗဟုလ
(၃) သဇ္ဈာယဗဟုလ
(၄) ဝိတက္ကဗဟုလ
(၅) ဓမ္မဝိဟာရီ— ဟူ၍ ငါးမျိုးရှိပါတယ်၊ ထိုငါးမျိုးတို့တွင်—

၁။ အကြင်ပုဂ္ဂိုလ်သည် သုတ္တန် အဘိဓမ္မာ ဝိနည်းစသော ပရိယတ်တို့ကိုသာ သင်ယူ၍ နေ့ကို ကုန်ဆုံးစေပါတယ်၊ တယောက်ထီးတည်း မနေနိုင်ပါ၊ မိမိအဇ္ဈတ္တသန္တာန်၌ နိဝရဏတရား ဆန့်ကျင်ဘက်များကို ငြိမ်းစေနိုင်သော သမထကို အားမထုတ်ပါ၊ ဤပုဂ္ဂိုလ်ကို ပရိယတ္တိဗဟုလပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။

၂။ သင်ယူ၍ ထားအပ်သည်အားလျော်စွာ သုတ္တန်အဘိဓမ္မာ ဝိနည်းစသော ပရိယတ်တို့ကို ဟောပြောပြသ ချပို့၍သာ နေသောပုဂ္ဂိုလ်ကို ပညတ္တိဗဟုလပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။

၃။ သင်ယူ၍ ထားအပ်သည်အားလျော်စွာ သုတ္တန် အဘိဓမ္မာ ဝိနည်းစသော ပရိယတ်တို့ကို ရွတ်ဘတ်သရဇ္ဈာယ်၍သာ နေသော ပုဂ္ဂိုလ်ကို သဇ္ဈာယဗဟုလပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။

၄။ သင်ယူ၍ထားအပ်သည် အားလျော်စွာ သုတ္တန် အဘိဓမ္မာ ဝိနည်းစသော ပရိယတ်တို့ကို စိတ်ဖြင့်ကြံစည် တွေးတော၍သာ နေသော ပုဂ္ဂိုလ်ကို ဝိတက္ကဗဟုလပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။

၅။ အကြင်ပုဂ္ဂိုလ်သည် သုတ္တန် အဘိဓမ္မာ ဝိနည်း စသော ပရိယတ်တို့ကို သင်ယူ၍ နေ့ကိုမကုန်ဆုံးစေရပါ၊ တယောက်ထီးတည်း နေသော အဖြစ်ကို မစွန့်ပါ၊ မိမိအဇ္ဈတ္တသန္တာန်၌ ကိလေသာတို့ကို ငြိမ်းအေးစေတတ်သော သမထကို အားထုတ်ကာ နေပါတယ်၊ ဤပုဂ္ဂိုလ်ကို ဓမ္မဝိဟာရီပုဂ္ဂိုလ်ဟူ၍ ခေါ်ပါတယ်။

တနည်း·အိုချစ်သား၊ ဤသာသနာတော်မှာ အကြင်ပုဂ္ဂိုလ်သည် သုတ္တန်အဘိဓမ္မာ ဝိနည်းစသော ပရိယတ်တို့ကို သင်ယူပါတယ်၊ ပရိယတ်ထက်လွန်ကဲသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ပုံကို ဝိပဿနာနှင့်တကွသောမဂ်ပညာဖြင့် ထိုးထွင်းကာ သိပါတယ်၊ သစ္စာလေးပါးတို့ကို

ထိုးထွင်းကာ သိပါတယ်၊ ဤ ပုဂ္ဂိုလ်ကို ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပါတယ်။

ယံ ခေါ ဘိက္ခု သတ္ထာရာ ကရဏီယံ၊ သာဝကာနံ ဟိတေသိနာ အနုကမ္ပကေန အနုကမ္ပံ ဥပါဒါယ ကတံ ဝေါ တံ မယာ၊ ဧတာနိ ဘိက္ခု ရုက္ခမူလာနိ ဧတာနိ သုညာဂါရာနိ၊ စျာယထ ဘိက္ခု မာ ပမာဒတ္ထ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီတိ။

မြန်မာ။ ။ဘိက္ခု၊ အိုချစ်သား။ ခေါ၊ စင်စစ်။ သာဝကာနံ၊ တပည့်သား သာဝကတို့၏။ ဟိတေသိနာ၊ အကျိုးစီးပွါးကို အလိုရှိသော။ အနုကမ္ပကေန၊ အစဉ်သနားတတ်သော။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ယံ၊ အကြင်ဆုံးမစကားကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ကရဏီယံ၊ ပြုထိုက်၏။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား၊ တံ၊ ထိုအဆုံးအမကို။ ကတံ၊ ပြုအပ်ပြီးပြီ။ ဘိက္ခု၊ အိုရဟန်း၊ ဧတာနိ၊ ဤအရပ်တို့သည်ကား။ ရုက္ခမူလာနိ၊ သစ်ပင်ရင်းတို့ပေတည်း။ ဧတာနိ၊ ဤအရပ်တို့သည်ကား။ သုညာဂါရာနိ၊ ဆိတ်ငြိမ်ရာ အရပ်တို့ပေတည်း။ ဘိက္ခု၊ အိုရဟန်း၊ စျာယထ၊ ကိလေသာ အမှိုက်တို့ကို ဝိပဿနာဉာဏ်ဖြင့် မီးတိုက်ကြကုန်လော့။မာ ပမာဒတ္ထ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေကြကုန်လင့်။ ပစ္ဆာ၊ အိုနာဖိစီး သေခါနီးသောအခါ ကာလ၌။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာ မျက်နှာမလှကြကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြပါကုန်လင့်။ အယံ၊ ဤအဆုံးအမသည်ကား။ ဝေါ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဆုံးအမပေတည်း။

ဤပုံ-မြတ်စွာဘုရား၏ အဖြေတော်ကား ဝိပဿနာဉာဏ်ပညာနှင့် တကွ မဂ်ပညာဖြင့် သစ္စာလေးပါးကို သိရန် ဝိပဿနာ ဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်ကိုသာ ဓမ္မဝိဟာရီလို့ မိန့်တော်မူပါသည်။ ထို့ကြောင့် ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ရန် ဝိပဿနာတရားကို ကြိုးစား၍ အားထုတ်ကြပါလေ။

တသ္မာ ပညဝါတိ ဝုစ္စတိဒ္ဓ အောက်တန်းအားဖြင့် သောတာပန်, အထက်တန်းအားဖြင့် ရဟန္တာကို ပညာရှိဟူ၍ ဆိုရပါတယ်။

အကြင် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမသည် ပဋ္ဌကတ်သုံးပုံဟု ဆိုအပ်သော ပါဋိတော်ကို ပါဌ်အနက် အဓိပ္ပါယ် ရှေနောက်အားဖြင့် သင်ယူ၍ အောက်အထက်, အထက်အောက် နှုတ်ငုံဆောင်သည်ကို ပြုလျက် လှည့်လည်ကာ နေပါတယ်။ အနိစ္စ, ဒုက္ခ, အနတ္တတို့၏ အစွမ်းဖြင့် ပိုင်းခြား၍ သိကာမျှကို အားမထုတ်ပါ၊ ဝိပဿနာဘာဝနာကို မပွါးများပါ၊ ဤပုဂ္ဂိုလ်ကို ပညာရှိလို့ ခေါ်ဆိုမလား, ပညာမရှိလို့ ခေါ်ဆိုမည်လား၊ ပညာသိ သိသောပုဂ္ဂိုလ် မဟုတ်၊ ဝိညာဉ်သိ သိသောပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

အယံ ပညဝါ နာမ ဒုပ္ပညော နာမာတိ။
ဝိညာဏစရိတော နာမေသ၊ ပညဝါတိ နံ ဝတ္တုမ္ပေဘာ။

(မဟာဝေဒလ္လသုတ် အဋ္ဌကထာ-၂၄၁)

အယံ၊ ဤပဋ္ဌကတ်သုံးပုံကိုသာ ဆောင်၍ ဝိပဿနာဘာဝနာကို အားမထုတ်သောပုဂ္ဂိုလ်သည်။ ပညဝါ နာမ၊ပညာရှိသောပုဂ္ဂိုလ် မည်ပါသလား။ ဒုပ္ပညော နာမ၊ ပညာမရှိသောပုဂ္ဂိုလ် မည်ပါသလား။ ဣတိ-အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သေ သော၊ စာပေကိုသာ တတ်၍ ဝိပဿနာကို အားမထုတ်သော ပုဂ္ဂိုလ်သည်။ ဝိညာဏစရိတော နာမ၊ စိတ်သိဖြင့် လှည့်လည်သွားလာသော ပုဂ္ဂိုလ်မည်၏။ ပညဝါတိ၊ ပညာရှိသော ပုဂ္ဂိုလ်ဟူ၍။ နံ ဝတ္တုမ္ပေဘာ၊ မဆိုထိုက်။

ပညာရှိပုဂ္ဂိုလ်မှသာ သံသရာ ဝဋ်ဆင်းရဲ ဝဋ်ဒုက္ခမှ ကျွတ်လွတ်၍ ဘေးမဲ့ရာ ပြည်ခေမာသို့ ရောက်နိုင်ပါတယ်။ ဘေးမဲ့ရာ ပြည်ခေမာသို့ ရောက်သွားရန် ဝိပဿနာဘာဝနာကို ကြိုးစားအားထုတ်ပါလေ၊ ဝိပဿနာဘာဝနာကား အတ္တဒိဋ္ဌိနှင့် အဝိဇ္ဇာကို နောင်တဖန် မပေါ်လာနိုင်အောင် အမြစ်ပါ အသေသတ်နိုင်သော လက်နက်ကောင်းတခု ဖြစ်ပါတယ်။ ရုပ်နာမ်နှစ်ပါးကို နားမလည်သော သက္ကာယဒိဋ္ဌိရှိသော အန္ဓပုထုဇဉ်ကား တိုင်တတိုင်တွင် သံပြန်လုံးအတွင်း ကြိုးသွင်း၍ ချည်ထားသော ခွေးနှင့် တူပါတယ်။

တူပုံကား—ခွေးသည် ထက်မြက်စူးရှလှစွာသော သွားတို့ဖြင့် သံပြန်လုံးကို ကိုက်ဝါး၍ ကြိုးကို ပြတ်သွားအောင် မကိုက်ဖြတ်နိုင်သမျှကာလပတ်

လုံး တိုင်၏အနီးတွင် ကျင်ကြီးကျင်ငယ် ရုံစဉ့်ယ်တို့ဖြင့် ဆင်းရဲပင်ပန်းစွာ စုတီပြတ်ကြွေ သရာသက့ဲသို့ဌင်း၊ သံပြွန်လုံးကို ကိုက်ဝါး၍ ကြိုးကို ပြတ်သွားအောင် ကိုက်ဝါးနိုင်ခဲ့သော် အလိုရှိရာသို့ သွားလာ၍ ချမ်းသာစွာ နေထိုင်ရသက့ဲသို့ဌင်း ထို့အတူ သက္ကာယဒိဋ္ဌိ အစဲရှိသော အန္ဓပုထုဇဉ်ကား ဒါန,သီလ,သမထ ကုသိုလ်တို့ကြောင့် စကြဝဠတေးမင်းကြီး, သိကြားမင်းကြီး, ဗြဟ္မာမင်းကြီး ဖြစ်၍နေသော်လည်း ငါ့ဟာစဲ့, ငါစဲ့, ငါ့ကိုယ်စဲ့ တို့က အားကြီးလှသောကြောင့် ကိုယ်ဖြင့် မကောင်းစွာ ပြုကျင့်မှု, နှုတ်ဖြင့် မကောင်းစွာ ပြုကျင့်မှု, မနောစိတ်ဖြင့် မကောင်းစွာ ပြုကျင့်မှုတို့ကို ပြုမိကြကုန်ရာသည်။ ထို့ကြောင့် အပါယ်လေးဘုံသို့သာ ဦးခေါင်းလှည့်၍ နေကြကုန်ပါတယ်။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတည်းဟူသော သက္ကာယတိုင်မှ မကျွတ်လွတ်နိုင်ပါ။ ရှေးပညာရှိပုဂ္ဂိုလ်တို့က ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရွတ်ရွတ်ဟု ပြောစမှတ်ပြုကြသည်။ ယနေ့ သူတော်ကောင်းကြီး၊ နက်ဖန်ခါ သူသတ်ယောကျ်ားကြီး၊ ယနေ့ ဓမ္မကထိက တရားဟောဆရာကြီး၊ နက်ဖန်ခါ အမိုက်သတ်ခြင်းဌါ စွမ်းနိုင်ခြင်းစသော ကံငါးပါးတို့ကို ကျူးလွန်ရဲသော ဒိဋ္ဌိဆရာကြီးဖြစ်ကာ သွားနိုင်ပါတယ်။ အတ္တဒိဋ္ဌိကို မပယ်သတ်နိုင်သော ပုထုဇဉ်သည် မြေကြီးကို စက်ဆုပ်ရွံရှာသော ယုန်သူငယ်နှင့်လည်း တူပါတယ်။

တူပုံမှာ——မြေကြီးကို စက်ဆုပ်ရွံရှာသော ယုန်သူငယ်သည် မြေကြီးမှ လွတ်အောင်ပြေးခုံကာ သွားသော်လည်း မြေကြီးမှ မလွတ်နိုင်ဘဲ မြေပေါ်မှာ ပြန်၍ကျသက့ဲသို့ ထို့အတူ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ် ဗြဟ္မာမင်းစည်းစိမ်ကို တောင့်တ၍ ဒါနသီလ သမထတို့ကို အားထုတ်သော်လည်း နိဗ္ဗာန်တည်းဟူသောသုခစစ် သုခမှန်ကို မရနိုင်ဘဲ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတည်းဟူသော ဝဋ်ဆင်းရဲ၌ ကျရောက်ကာနေတော့သည်ဟု ဆိုလိုသည်။

ရုပ်နာမ်နှစ်ပါးကို နားလည်သော ကလျာဏပုထုဇဉ်ကား ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် အတ္တဒိဋ္ဌိကို သေအောင် သတ်နိုင်သောကြောင့် အနတ္တလက္ခဏာ ထင်မြင်ပေါက်ရောက်ကာ သွားပါမူ မဟာသောတာပန်ဖြစ်ကာ သွားပါတော့သည်။

မဟာသောတာပန်ဖြစ်ခဲ့သော် သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံကာ သွားခြင်း, ယုတ်ညံ့သောသဘောမရှိခြင်း, အောက်တန်း သောတာပန်ဖြစ်သော်လည်း ခုနစ်ဘဝသာ ဆင်းရဲဒုက္ခနှင့်တွေ့ကြုံရခြင်း, ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း, သောတာပန်သည် ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားတို့ကို ကောင်းစွာသိမြင်ခြင်း, ဟေတုသမုပ္ပန္နာ=အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ကို ကောင်းစွာသိမြင်ခြင်းဟုဆိုအပ်သော အကျိုးခြောက်ပါးတို့ကို ရကာ သွားပါတယ်။

အကြင်အခါ ယောဂီဖြစ်သော အရိယာသာဝကအား ပါဏာတိပါတစသော ကံငါးပါးတို့ကို ကျူးလွန်မည့်အတွင်းအပဖြစ်သော စေတနာဟုဆိုအပ်သော ဘေးရန်တို့ ငြိမ်းအေးကာသွားခြင်း၊ အရဟံအစရှိသော ကိုးပါးသောဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မတုန်လှုပ်သည်ဖြစ်၍ဖြစ်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း, မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်အား မတုန်မလှုပ်သည်ဖြစ်၍ဖြစ်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း, သံဃာတော်အား မတုန်လှုပ်သည် ဖြစ်၍ဖြစ်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း, အရိယာတို့ နှစ်သက်အပ်သော မကျိုးမပေါက်သော ငါးပါးသီလနှင့် ပြည့်စုံခြင်း, အနုလုံ ပဋိလုံအားဖြင့် ပဋိစ္စသမုပ္ပါဒ် ဝဋ်ဆင်းရဲဖြစ်ပုံကိုဌင်း ဝဋ်ဆင်းရဲချုပ်ပြတ်သွားပုံကိုဌင်း ကောင်းစွာ မြင်သိခြင်းတို့နှင့် ပြည့်စုံရပါတယ်။

ထိုအခါ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ယောဂီသည် အလိုရှိခဲ့သော် မိမိကိုယ်တိုင်သာလျှင် မိမိကိုယ်ကို ငါကား ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟုဆိုအပ်သော အပါယ်ဘုံသားတို့ဘဝမှ ကျွတ်လွတ်သွားပြီ၊ ငါကား မဟာသောတာပန် ဖြစ်သွားပြီ၊ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ အပါယ်ဘုံသို့ ကျခြင်းမရှိတော့ပြီ၊ သာသနာဟုဆိုအပ်သော သိက္ခာသုံးပါး တည်မြဲသွားပြီ၊ အထက်မဂ် အထက်ဖိုလ်သို့သာ လွန်စွာရောက်ရာရှိပါတော့တယ်လို့ ပြောကြားနိုင်ပါတော့သည်။

ထိုမှတပါး နတ်လူတို့၌ ဖြစ်သော အသက်ရှည်ခြင်းနှင့်ဌင်း, အဆင်းလှပ တင့်တယ်ခြင်းနှင့်ဌင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့်ဌင်း, အခြံ

အရံ ပေါများခြင်းနှင့်၎င်း, အစိုးရခြင်း ဣဿရိယဂုဏ်နှင့်၎င်း ပြည့်စုံနိုင်ပါတယ်။

အနိစ္စဖြစ်သော ရုပ်နာမ်နှစ်ပါး သခ်ါရတရား၌ နိစ္စ = မြဲတယ်လို့ အမှတ်မှား အသိမှား အယူမှား တို့ကိုဌင်း, ငါမဟုတ်၍ အနှစ်သာရမရှိတဲ့ ရုပ်နာမ်နှစ်ပါး သခ်ါရတရား၌ ငါဟူ၍ အမှတ်မှား အသိမှား အယူမှား တို့ကိုဌင်း, ဒုက္ခဖြစ်သော ရုပ်နာမ်နှစ်ပါး သခ်ါရတရား၌ ချမ်းသာတယ် ကောင်းတယ်ဟူသော အယူမှားကိုဌင်း အသုဘ = မတင့်တယ်သော ရုပ်နာမ်နှစ်ပါး သခ်ါရတရား၌ တင့်တယ်လှပသည်ဟူသော အယူမှားကိုဌင်း ပယ်စွန့်နိုင်ပါတယ်။

သော အာကခ်ံမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ
ခီဏနိရယောမှိ ခီဏတိရစ္ဆာနယောနိ ခီဏပေတ္တိဝိသယော
ခီဏာပါယဒုဂ္ဂတိဝိနိပါတော သောတာပန္နောဟမသ္မိ
အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏောတိ။

(မဟာဝဂ္ဂသံယုတ် သရဏာနိဝဂ်)

မြန်မာ။ ။သော၊ ထို ငြိမ်းအေးပြီးသော ဘယဝေရ လေးပါးသော သောတာပတ္တိယင်္ဂ် ကောင်းစွာသိမြင်ပြီးသော ပဋိစ္စသမုပ္ပါဒ်တရားတို့နှင့် ပြည့်စုံသောယောဂီပုဂ္ဂိုလ်သည်။ အာကခ်ံမာနော၊ အလိုရှိသည်ရှိသော်။ အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ အဟံ၊ ငါကား။ ခီဏနိရယော၊ ကုန်ပြီးသော ငရဲရှိသည်။ အမှိ၊ ဖြစ်၏။ ခီဏတိရစ္ဆာန-ယောနိ၊ ကုန်ပြီးသော တိရစ္ဆာန်ဘဝရှိသည်၎င်း။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသော ပြိတ္တာဘုံရှိသည်၎င်း။ ခီဏာပါယဒုဂ္ဂတိဝိနိပါတော၊ ကုန်ပြီးသောအပါယ်ဟုဆိုအပ်သော ဒုဂ္ဂတိဘုံတွင် ဖရိုဖရဲ ပြိုကဲ့ပျက်စီး၍ ကျခြင်းရှိသည်၎င်း။ အမှိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ သောတာပန္နော၊ မဟာသောတာပန်သည်။ အမှိ၊ ဖြစ်၏။ အဝိနိပါတဓမ္မော၊ အပါယ်လေးဘုံသို့ ဖရိုဖရဲ ပြိုကဲ့ပျက်စီး၍ ကျခြင်းသဘောမရှိ။ နိယတော၊ သိက္ခာသုံးပါးဟု ဆိုအပ်သော သာသနာ မြဲကာနေပါ၏။ သမ္မောဓိပရာယဏော၊ အထက်မဂ်ဖိုလ်ဟုဆိုအပ်သော လွန်စွာဖြစ်ရာ ရောက်ရာဖြစ်၏။ ဣတိ၊ ဤသို့။ ဗျာကရေယျ၊ ပြောကြားရာ၏။

ဤပုံ ဝိပဿနာဉာဏ်မဂ်ဉာဏ်တို့ဖြင့် အတ္တဒိဋ္ဌိကို သေအောင်သတ်နိုင်သောလက္ခဏာ ထင်မြင်ပေါက်ရောက်ရခြင်း၏ အကျိုးကား မရေတွက်နိုင်အောင် များပြားလှပါတယ်။ လက်သည်းဖျားမှာ တင်ထားသော သဲမှုန့်မျှလောက်သာ ဝဋ်ဆင်းရဲ ရှိပါတော့သည်။ မဟာပထဝီ မြေကြီးနှင့်အမျှ ဆင်းရဲဒုက္ခတွေ ကုန်ကာသွားပါပြီ။

အပါယ်လေးပါးသို့ ရောက်ကြောင်းဖြစ်တဲ့ အကုသိုလ်ကံပေါင်း အနန္တတို့လည်း အတ္တဒိဋ္ဌချုပ်ကွယ် သေဆုံးရာမှာ လိုက်ပါ၍ ချုပ်ကွယ် သေဆုံးကြပါပြီ။ တမ္မဒါဋ္ဌိက ခိုးသူသတ်ယောကျ်ားသည် ငါးဆဲငါးနှစ်တို့ပတ်လုံး ခိုးသူတွေကို ရာလိုက်,ဆယ်လိုက် သတ်ခဲ့ပါတယ်။ အသျှင်သာရိပုတ္တရာ တရားကို နာကြားရသောကြောင့် မဟာသောတာပန် ဖြစ်သွားသော အခါ သတ်ခဲ့သမျှ အပါယ်လားကြောင်း မကောင်းမှုကံတွေ သေကာသွားပါတော့တယ်။ အကျိုးမပေးနိုင်တော့ပါ။

ငါကား မဟာသောတာပန် ဖြစ်ပြီ၊ အပါယ်လေးပါး တံခါးပိတ်ပြီလို့ အောက်မေ့ကာ တင်းတိမ်ရောင့်ရဲ၍ မနေပါလင့်။ လူတို့သည် ထမင်းပဲ့, ဟင်းပဲ့တွင် ကျသော အနည်းငယ် ရွေးကလေးစေ့လောက်သော မစင်ကျင်ကြီးကို ရှံရှာစက်ဆုပ်သကဲ့သို့၊ ထိုအတူ မြတ်စွာဘုရားကား အနည်းငယ်သော ဇာတိ ဘဝရုပ်နာမ်ကိုလည်း စက်ဆုပ်ရှံရှာတော်မူပါတယ်။

ကျင့်ကြံကြိုးကုတ် အားထုတ်စရာလဲ မပြီးဆုံးသေးပါ။ မြတ်စွာဘုရား အလိုတော်ကျ တဆဲ့ခြောက်ပါးသော မဂ်ကိစ္စပြီးဆုံးသွားရန် အဝိဇ္ဇာတည်းဟူသော သံသရာဝဋ်မြစ် အနုသယဓာတ်ကို ကျ။ပင်ခုတ် ကျ။ငုတ်မျှ မကျန်စေရဆိုသကဲ့သို့ အရဟတ္တမဂ်ဉာဏ်ဖြင့် သေသွားအောင် အားထုတ်၍ သတ်ပါလေ၊ ရဟန္တာဖြစ်၍ သွားပါလိမ့်မည်၊ ရဟန္တာဖြစ်က အကျင့်လဲပြီးဆုံးသွားပါပြီ။

သာသနေ ပန အရဟတ္တဖလံ နိဋ္ဌာ။

အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ အမှတ်မှား အသိမှား အယူမှား တဆဲ့နှစ်ပါးတို့ကိုလည်း ပယ်သတ်ပြီးဖြစ်ပါတော့သည်။ ဆဋ္ဌဂုံပေက္ခာဂုဏ်ကိုလည်း ရကာသွားပါတယ်။

အဝိဇ္ဇံ အပဟာယ ဝိဇ္ဇံ အနုပ္ပါဒေတ္ဝာ ဒိဋ္ဌေဝ ဓမ္မေ
ဒုက္ခဿန္တကရော ဟောတိတိ နေတံ ဌာနံ ဝိဇ္ဇတိ။

မြန်မာ။ ။အဝိဇ္ဇံ၊ သစ္စာလေးပါးကို မသိတဲ့ အဝိဇ္ဇာဟုဆိုအပ်သော မောဟကို။ အပဟာယ၊ မပယ်မူ၍။ ဝါ၊ အသေ မသတ်မူ၍။ ဝိဇ္ဇံ၊ သစ္စာလေးပါးကို သိတဲ့ ဝိဇ္ဇာဉာဏ်ပညာကို။ အနုပ္ပါဒေတ္ဝာ၊ မဖြစ်စေမူ၍။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန် အတ္တဘောဒ္ဓိသာလျှင်။ ယံ ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်။ ဒုက္ခဿ၊ သံသရာဝဋ်ဆင်းရဲ၏။ အန္တကရော၊ အဆုံးကိုပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧတံ ဌာနံ၊ ထိုအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဗုဒ္ဓဘာသာဝင် လူရှင်အများတို့၊ ဝိပဿနာဉာဏ်ပညာကား မြင်နိုင်ခဲသည် ထင်နိုင်ခဲသည်၊ တို့နှင့်မတန် တို့နှင့်မထိုက်ဟူ၍၎င်း, ယခုအခါ အားထုတ်သော်လည်း မဂ်ဖိုလ်မရနိုင်ဟူ၍၎င်း ယုတ်ညံ့သောစိတ်တို့ကို မဖြစ်ပါစေလင့်၊ ကလျာဏမိတ်ဆွေ ဆရာကောင်းအနား ခဏခဏသွားပါ။ ဝိပဿနာပွါးရန် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို သင်ယူပါ။ ပွါးနည်းဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို အသင့်အတင့် နှလုံးသွင်းပါ။ ကြိမ်ဖန်များစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ။ ၎င်းလေးပါးနှင့် ညီညွတ်ပါက ရဟန္တာဖြစ်နိုင်ပါတယ်။ ယခုဘဝ မဂ်ဖိုလ်ကိုမရသော်လည်း နတ်ပြည်ရောက်သွားသောအခါ မဂ်ဖိုလ်ကို ရနိုင်ရာသော အကြောင်းလေးမျိုးရှိပါတယ်။

ပဿာဒသောတဖြင့် ကြားရှု ဉာဏ်ဖြင့် မှတ်အပ်ကုန်, နှုတ်ဖြင့် သရဇ္ဈာယ်အပ်ကုန်, စိတ်ဖြင့် ကြံစည် တွေးတောအပ်ကုန်, ပညာဖြင့် ပွားများ၍ မျက်မှောက်ကိုယ်တွေ့ တွေ့မြင်အပ်ကုန်သော သုတ္တန် ဝိနည်းစသော တရားရှိကုန်သော ရဟန်းရှင်လူတို့မှာ ပုထုဇဉ် ဘဝနှင့် သေ၍ နတ်ပြည်ရောက်ခဲ့သော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသော နတ်သားအား ကြည်လင်သော မှန်မှာ အရိပ်ထင်ရှားစွာ ပေါ်လာသကဲ့သို့၊ လူ့ဘဝက အားထုတ်ခဲ့သော တရားအစုတို့ ထင်ရှားစွာ ပေါ်လာကုန်ပါတယ်။ ထိုအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွားနိုင်ပါတယ်။ ထိုမှတပါး—

သုဓမ္မာဇရပ်များတွင် ရှစ်ရက်သီတင်း, လပြည့်, လကွယ်နေ့တို့၌ တန်ခိုးအာဘိညာဉ်နှင့် ပြည့်စုံသော ရဟန်းတော် ဓမ္မကထိက နတ်ဗြဟ္မာတို့တရားကို နာကြား၍လည်း မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါတယ်။

ထိုမှတပါး ရှေးဦးစွာ ဖြစ်ကြသော နတ်တို့က နောက်မှ ဖြစ်လာသော နတ်တို့ကို မိတ်ဆွေ သင်ကား အောက်မေ့အမှတ်ရပါလော့ အမှတ်ရပါလော့၊ ငါတို့ ရှေးလူဘဝက မြတ်သောအကျင့်ကို ကျင့်ခဲ့ကြပါကုန်တယ်လို့ သတိပေး အမှတ်ရစေပါတယ်။ ထိုအခါ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ပါတယ်။

ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ
သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။

လို့ မိန့်တော်မူပါတယ်။

မြန်မာ။ ။ဘိက္ခဝေ၊ အို ရဟန်းတို့။ သတုပ္ပါဒေါ၊ အောက်မေ့နိုင်သော သတိပေါ်လာခြင်းကား။ ဒန္ဓော၊ ကြာလှသေး၏။ အထ ခေါ၊ စင်စစ်သော်ကား။ သော သတ္တော၊ တရားကို အားထုတ်ခဲ့သော ထို ပုဂ္ဂိုလ်သည်။ ခိပ္ပံယေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဂါမီ၊ မဂ်ဖိုလ် နိဗ္ဗာန်ဟု ဆိုအပ်သော တရားထူးကိုရကာ သွားသည်။ ဟောတိ၊ ဖြစ်၏။

သာဝတ္ထိပြည်မှာ ခုနစ်ကုဋေသော လူများ နေကြပါတယ်။ ငါးကုဋေကား သောတာပန်, သကဒါဂါမ်များ ဖြစ်ကြ၍ နတ်ပြည်မှာ သာဝတ္ထိ, ရာဇဂြိုဟ်, ဝေသာလီစသော လူ့ပြည်မှ ရောက်သွားကြသော နတ်အရိယာတွေ အပြည့် ရှိပါတယ်။ ပဥ္စဂ္ဂဒါယကာ ပုဏ္ဏား,ပုဏ္ဏေးမတို့ ဝတ္ထုမှာ ကဿပမြတ်စွာဘုရား လက်ထက်က ရုပ်သံ, နာမ်သံကို ကြားခဲ့ဘူးသော ကြောင့် မဂ်ဖိုလ်ရကာ သွားကြပါတယ်။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပါဟူ၍ အာဇီဝကာ မနေကြပါလင့်။

အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံဝ ကုဉ္ဇရော။
ယော ဣမသ္မိ ံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟာဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

(သဂါထာဝဂ္ဂသံယုတ်)

မြန်မာ။ ။ဘောဇ္ဈော ပုရိသာ၊ အို တရားနာ ပရိတ်သတ် အပေါင်း သူတော်ကောင်းတို့။ တုမ္ဟေ၊ သင်တို့သည်။ ဗုဒ္ဓသာသနေ၊ အံ့ဘွယ်ရှစ်ဖြာ မြတ်စွာဘုရား သာသနာတော်၌။ အာရမ္ဘထ၊ အစစွာသော အားထုတ်

ခြင်းဖြင့် အားထုတ်ကြကုန်လော့။ နိက္ကမထ၊ ပျင်းရိခြင်းမှ ထွက်မြောက်၍ အစစ္စာအားထုတ်ခြင်းထက် လွန်စွာအားထုတ်ကြကုန်လော့။ ယုဇ္ဇထ၊ အဆင့်ဆင့်သော အစ္စမ်းသတ္တိသို့ ရောက်ရန်အကျိုးငှါ နိက္ကမဓာတ်ထက် ပြင်းထန်စွာ အားထုတ်ကြကုန်လော့။ ကုဇ္ဇရော၊ ဆင်ပြောင်ကြီးသည်။ နဠဂဂါရံ၊ကျ။ထရံတို့ဖြင့် ဆောက်လုပ်ထားသော ကျ။ထရံအိမ်ကို။ ဓုနာတိ ဣ၀၊ မှုန့်မှုန့်ညက်ညက် ချေဖျက်သကဲ့သို့။ မစ္စုနော၊ သေမင်း၏။ သေနံ၊ စစ်သည်တော်တို့ကို။ ဓုနာထ၊ မှုန့်မှုန့်ညက်ညက် ကျေပျက်အောင် ချေဖျက်ကြကုန်လော့။ ယော၊ အကြင် သဒ္ဓါဗလ၀ ပြင်းထန်ကြသော ယောဂီများသည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ် အဘိဓမ္မာ ဝိနည်းဟုဆိုအပ်သော သာသနာတော်၌။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ ဝိဟာဿတိ၊ နေအံ့။ သော၊ ထိုယောဂီသည်။ ဇာတိသံသာရံ၊ ဇာတိတည်းဟူသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဟုဆိုအပ်သော သံသရာကို။ ပဟာယ၊ ပယ်စွန့်၍။ ဒုက္ခဿ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဟုဆိုအပ်သော ဝဋ်ဆင်းရဲ ဝဋ်ဒုက္ခ၏။ အန္တံ၊ ဆုံးရာကုန်ရာဖြစ်သော နိဗ္ဗာန်ကို။ ကရိဿတိ၊ ပြုရလတ္တံ့ သတည်း။

ဤပုံ....သမ္မာသတိ, သမ္မာဝါယာမ, သမ္မာဒိဋ္ဌိ မဂ္ဂင်သုံးပါးကို လက်ကိုင်ထား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သည်ရှိသော် မီးတဆဲ့တပါးတို့၏ ငြိမ်းရာ ပြည်ခေမာသို့ ရောက်ကြရလိမ့်မည်ဟူသော သိခိမြတ်စွာဘုရား၏ လက်ျာတော်ရံ အသျင်အဘိဘူကိုယ်တော်မြတ်၏ တိုက်တွန်းနှိုးဆော်တော်မူသည်ကို ရိုသေစွာ လိုက်နာကြ၍ ဝိပဿနာဘာဝနာတရားကို ကြိုးစား၍ အားထုတ်ကြကုန်လော့ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့။....

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ။

ဘိက္ခဝေ၊ အို ရဟန်းတို့။ ကောယနော၊ နိဗ္ဗာန်သို့ သွားရောက်ရာတွင် တခုတည်းသော ခရီးဖြစ်သော။ ဝါ၊ မြတ်သော မြတ်စွာဘုရား၏ အစစ္စာသွားကြောင်းဖြစ်သော၊ (ဝါ) တခုတည်းသော မြတ်စွာဘုရား သာသနာတော်၌သာ ဖြစ်သော။ အယံ မဂ္ဂေါ၊ ဤ ပုဗ္ဗဘာဂမဂ်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည်။ အယတိ ပဝတ္တတိ၊ ဖြစ်၏။

မေး—ကောယနမဂ္ဂင်သည် ဘယ်အကျိုးငှါ ဖြစ်ပါသနည်း။

ဖြေ—စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် အကျိုးငှါ ၎င်း, ကိုယ်၌ဖြစ်သော ဆင်းရဲ, စိတ်၌ဖြစ်သော ဆင်းရဲတို့ ချုပ်ကွယ်သွားရန် အကျိုးငှါ၎င်း, သတ္တဝါတို့ ရာဂ အစရှိသော အကုသိုလ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ရန် အကျိုးငှါ၎င်း, အရိယာမဂ်ကို ရရန်အကျိုးငှါ၎င်း, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကျိုးငှါ၎င်း ဖြစ်ပါသည်။

သတိပဋ္ဌာန်

သတိပဋ္ဌာန၌ သတိ+ပဋ္ဌာနဟု နှစ်ပုဒ်ခဲ့။

ပတိဋ္ဌာတိ အသ္မိန္တိ ပဋ္ဌာနံ။

အသ္မိံ အာရမ္မဏေ၊ ထို ဝင်လေ, ထွက်လေ စသောအာရုံ၌။ ပတိဋ္ဌာတိ၊ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ တည်ရာဖြစ်သော သတ္တိကြောင့်။ တံ အာရမ္မဏံ၊ ထိုအာရုံသည်။ ပဋ္ဌာနံ၊ ပဋ္ဌာနမည်၏။ ပ--ဓာတ္ထတ္ထာနုဝတ္တက အာရုံရစေ။ သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ-ပြု။ သတိ၏ တည်ရာ အာရုံ ရစေ။ တနည်း — ပဋ္ဌာနံ ဌာနံ ပဋ္ဌာနံ။ ပဋ္ဌာနံ၊ ပြဋ္ဌာန်းသော။ ဌာနံ၊ တည်ရာ အာရုံတည်း။ ပဋ္ဌာနံ၊ ပြဋ္ဌာန်းသော တည်ရာအာရုံ။ သတိ-ယာ ပဋ္ဌာနံ သတိပဋ္ဌာနံ၊ သတိ၏ ပြဋ္ဌာန်းသော အာရုံရစေ။ တနည်း — ပဋ္ဌာပေတဗ္ဗန္တိ ပဋ္ဌာနံဟုပြု။ ယံ ပဋ္ဌိယာနုနယဝိတိဝတ္တတံ၊ အကြင် နှလုံးမသာယာခြင်း, ချစ်ခြင်းကို ပယ်သည်၏အဖြစ်ကို။ သတိယာ၊ သတိသည်။ ပဋ္ဌာပေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန မည်၏။ အရကား ဘုရားသန္တာန်၌ဖြစ်သော မဟာကြိယာဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်စိတ်ကို ယူလေ။ သတိယာ ပဋ္ဌာနံ သတိပဋ္ဌာနံ-ပြု။ သတိသည် ဖြစ်စေအပ်သော မုန်းခြင်းချစ်ခြင်းကို လွန်သောအဖြစ်ကို ယူလေ။

တနည်း—ပတိဋ္ဌာတိ ဥပဋ္ဌာတီတိ ပဋ္ဌာနံ။

ယံ ဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ ပတိဋ္ဌာတိ ဥပဋ္ဌာတိ၊ ထင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ထင်တတ်သောသတ္တိကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ပဋ္ဌာနံ၊ ပဋ္ဌာနမည်၏။ သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ-ဟုပြု။ ထင်တတ် သက်ဝင်တတ်သော သတိရစေ။ သတိပဋ္ဌာန သုတ်အရာမှာ သတိကိုသာ သတိပဋ္ဌာန ယူရမည်။

မေး—မြတ်စွာဘုရားသည် အဘယ်အကြောင်းကြောင့် လေးပါးသော သတိပဋ္ဌာန်တို့ကို ဟောတော်မူပါသနည်း။

ဖြေ—ဝေနေယျသတ္တဝါတို့အား ကျေးဇူးများသောကြောင့် လေးပါးသော သတိပဋ္ဌာန်တို့ကို ဟောတော်မူပါသည်။

တဏှာစရိတ

ခဲ့၍ပြဦးမည်။

၁။ တဏှာစရိတ-များသော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်သည် မန္ဒဉာဏ်ပညာ နုံ့နှေးသော ပုဂ္ဂိုလ် တိက္ခ ဉာဏ်ပညာထက်မြက်သော ပုဂ္ဂိုလ်ဟု နှစ်မျိုး ရှိပါတယ်။ ထို နှစ်မျိုးတို့တွင် မန္ဒ-ဉာဏ်ပညာ နုံ့နှေးသော တဏှာစရိုက်ပြောသော ပုဂ္ဂိုလ်အား ရုံ့ရင်းကြမ်းတမ်းသော ကာယာနုပဿနာသတိပဋ္ဌာန်ကို ပေးရပါတယ်။ အကြောင်းကား မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏အကြောင်းဖြစ်သောကြောင့်တည်း။ တိက္ခ ဉာဏ်ပညာ ထက်မြက်သော တဏှာစရိုက်ပြောသောပုဂ္ဂိုလ်အား သိမ်မွေ့နူးညံ့သော ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ပေးရပါတယ်။

ဒိဋ္ဌစရိတ

၂။ ဒိဋ္ဌစရိတ များသော ဒိဋ္ဌစရိုက်ရှိသော ပုဂ္ဂိုလ်သည် မန္ဒ ဉာဏ်ပညာ နုံ့နှေးသောပုဂ္ဂိုလ် တိက္ခ ဉာဏ်ပညာ ထက်မြက်သောပုဂ္ဂိုလ် ဟူ၍ နှစ်မျိုးရှိပါတယ်။ ထိုနှစ်မျိုးတို့တွင် မန္ဒ ဉာဏ်ပညာ နုံ့နှေးသောဒိဋ္ဌစရိုက်ပြောသောပုဂ္ဂိုလ်အား အရေအတွက်မများသော စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပေးရပါတယ်။ တိက္ခ- ဉာဏ်ပညာ ထက်မြက်သော ဒိဋ္ဌစရိုက်ပြောသောပုဂ္ဂိုလ်အား အရေအတွက်များသော ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပေးရပါတယ်။

သမထယာနိကပုဂ္ဂိုလ်

၃။ သမထယာနိကပုဂ္ဂိုလ်သည် မန္ဒ ဉာဏ်ပညာ နုံ့နှေးသောပုဂ္ဂိုလ် တိက္ခ ဉာဏ်ပညာ ထက်မြက်သော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိပါတယ်။ ထို နှစ်မျိုးတို့တွင် မန္ဒ ဉာဏ်ပညာ နုံ့နှေးသော သမထယာနိကပုဂ္ဂိုလ်အား မဆင်းရဲမငြိုငြင်သဖြင့် တရားအထူးကို ရခြင်း၏ အကြောင်းဖြစ်သော

ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပေးရပါတယ်။ တိက္ခ- ဉာဏ်ပညာ ထက်မြက်သော သမထယာနိကပုဂ္ဂိုလ်အား ရှုနှုန်ရင်းကြမ်းတမ်းသော အာရုံ၌ ဉာဏ်၏ မတည်ခြင်းကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ပေးရပါတယ်။

ဝိပဿနာယာနိကပုဂ္ဂိုလ်

၄။ ဝိပဿနာယာနိက ပုဂ္ဂိုလ်သည်မန္ဒ- ဉာဏ်ပညာ နုံ့နှေးသော ပုဂ္ဂိုလ် တိက္ခ ဉာဏ်ပညာ ထက်မြက်သော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးရှိပါတယ်။ ထို နှစ်မျိုးတို့တွင် မန္ဒ ဉာဏ်ပညာ နုံ့နှေးသော ဝိပဿနာယာနိက ပုဂ္ဂိုလ်အား အရေအတွက် မများသော စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပေးရပါတယ်။ တိက္ခ-ဉာဏ်ပညာ ထက်မြက်သော ဝိပဿနာယာနိက ပုဂ္ဂိုလ်အား အရေအတွက်များသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပေးရပါတယ်။ အကြောင်းကား မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သော ကြောင့်တည်း။

ဤကား သမ္မောဟဝိနောဒနီအဋ္ဌကထာ၌လာသော စကားရပ်တည်း။

လက်ခံဆောင်ပုဒ်များ

၁။ တဏှာစရိတ၊ ဉာဏ်နုံ့လှ၊ ပေးကြ ကာယာနုပဿနာသာ။

၂။ တဏှာစရိတ၊ ဉာဏ်ထက်လှ၊ ပေးကြ ဝေဒနာနုပဿနာ။

၃။ ဒိဋ္ဌိစရိတ၊ ဉာဏ်နုံ့လှ၊ ပေးကြ စိတ္တာနုပဿနာသာ။

၄။ ဒိဋ္ဌိစရိတ၊ ဉာဏ်ထက်လှ၊ ပေးကြ ဓမ္မာနုပဿနာသာ။

၅။ ကမ္မဋ္ဌာန်းရှေး၊ ကြည့်၍ပေး၊ ရောက်ရေးနိဗ္ဗာန် မခက်ပါ။

၁။ သမထယာနိက၊ ဉာဏ်နုံ့လှ၊ ပေးကြ ကာယာနုပဿနာသာ။

၂။ သမထယာနိက၊ ဉာဏ်ထက်လှ၊ ပေးကြ ဝေဒနာနုပဿနာ။

၃။ ဝိပဿနာယာနိက၊ ဉာဏ်နုံ့လှ၊ ပေးကြ စိတ္တာနုပဿနာသာ။

၄။ ဝိပဿနာယာနိက၊ ဉာဏ်ထက်လှ၊ ပေးကြ ဓမ္မာနုပဿနာသာ။

အဒ္ဓါန

ကာလရှည်လျက်၊ ဝင်သက်,ထွက်သက်၊ ဝင်သက်ထွက်သက်၊ ဒီ သုံးချက်၊ သတိဖက်လျက် မိပါစေ။

ဆန္ဒပေါ်ထွက်၊ ဝင်သက်,ထွက်သက်၊ ဝင်သက်ထွက်သက်၊ ဒီသုံးချက်၊ သတိဖက်လျက် မိပါစေ။

ဝမ်းမြောက်ပေါ်ထွက်၊ ဝင်သက်, ထွက်သက်၊ ဝင်သက်ထွက်သက်၊ ဒီသုံးချက်၊ သတိဖက်လျက် မိပါစေ။

ဒီဃရှည်စွာ၊ အာကာရာ၊ ကိုးဖြာသိတတ်စေ။

ရဿမှာလည်း၊ ဒီဃနည်းသာ၊ အာကာရာ၊ ကိုးဖြာသိတတ်စေ။

ရှည်မှာ အစ၊ တိုက ဒုတိယာ၊ စ,လယ်, ဆုံးကွယ်၊ သုံးသွယ် ထင်ရှား၊ မှတ်သား တတိယာ။

ငြိမ်းစွာ ချုပ်တာ၊ စတုတ္ထာ၊ မှတ်ပါ သမထာ။

လေးပါးခြင်းရာ၊ တခုသာလျှင်၊ သတိထင်၊ ပြည့်ချင် ဘာဝနာ။

(လယ်တီဆရာတော်) ပါဠိအဋ္ဌကထာနှစ်မျိုး နှိုးနှောချ၍ စီထားသော လက်ာ—

အနှေးအမြန်၊ အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း။

၁။ သတိမြဲရာ၊ ပဌမာ၊ ဒုမှာ ရှည်တိုသိ။

၂။ လုံးစုံလင်းရာ၊ တဋ္ဌသာ၊ စမှာ ငြိမ်းစေဘိ။

၃။ (ဂဏနာ) အနှေးအမြန်၊ အစဉ်မှန်၊ နှစ်တန် ရေတွက်နည်း။

၄။ (အနုဗန္ဓနာ) အမြဲအမြန်၊ အတွယ်သန်၊ တဖန် ဖွဲ့ထားနည်း။

၅။ (ဋ္ဌပနာ) ငြိမ်ဝပ်ပြန့်ပြူး၊ စိတ်စိုက် စူး၊ အထူး စိတ်ထားနည်း။

အာနာပါနဿတိ သမာဓိ ဘာဝနာတွင် လာရှိသော ပါဠိများ၏ မြန်မာပြန်

၁။ ဟိ၊ ထိုစကားသင့်စွ။ သမ္မာသမ္မုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။
ဣမမေဝ ကမ္မဋ္ဌာနံ၊ ဤအာနာပါနဿတိသမာဓိ ကမ္မဋ္ဌာန်းကိုသာလျှင်။

ဘာဧတ္ဝာ၊ ပ္ဝါးများ၍။ သမ္မာသမ္မောဓိ ံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို။ အဓိဂစ္ဆန္တိ၊ ရကုန်၏။

၂။ ဘိက္ခဝေ၊ အိုရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ဧဝါ၊ စင်စစ်။ သတိ ံ၊ သတိကို။ သဗ္ဗတ္ထိကံ၊ အလုံးစုံသော အကျိုးကို ပြီးစေနိုင်၏ ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

၃။ အဿာသော၊ ဝင်သက်သည်။ အာနန္တိ အာနံ နာမ၊ အာန မည်၏။ ပဿာသော၊ ထုတ်သက်သည်။ အာနန္တိ အာနံ နာမ၊ အာန မည်သည်။ န၊ မဟုတ်။ ပဿာသော၊ ထုတ်သက်သည်။ အပါနန္တိ အပါနံ နာမ၊ အပါနမည်၏။ အဿာသော၊ ဝင်သက်သည်။ အပါနန္တိ အပါနံ နာမ၊ အပါနမည်သည်။ န၊ မဟုတ်။

၄။ အဗ္ဘန္တရံ၊ အတွင်းသို့။ ပဝိသနဝါတော၊ ဝင်သောလေသည်။ အာနန္တိ အာနံ နာမ၊ အာနမည်၏။ ဗဟိ နိက္ခမနဝါတော၊ အပသို့ထုတ် သွားသောလေသည်။ အပါနန္တိ အပါနံ နာမ၊ အပါနမည်၏။ ကေစိ ပန၊ အချို့သောဆရာတို့သည်ကား။ ဝိပရိယာယေန၊ ထုတ်သက်ဝင်သက်ပြန် သောအားဖြင့်။ ဝဒန္တိ၊ ဖွင့်ဆိုကြကုန်၏။

၅။ တတြ၊ ထိုပါဠိတော်၌။ နဝဟိ၊ ကိုးပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဒီဃံ၊ ကာလအားဖြင့် ရှည်ကြာစွာ။ အဿသန္တော စ၊ ဝင်သက်ကို ရှုသည်လည်းဖြစ်သော။ ပဿသန္တော စ၊ ထုတ်သက်ကိုရှိုက်ထုတ် သည်လည်းဖြစ်သော။ အယံ ဘိက္ခု၊ ဤယောဂီရဟန်းသည်။ ဒီဃံ၊ ကာလ အားဖြင့် ရှည်ကြာစွာ။ အဿသာမိ၊ ဝင်သက်ကို ရှု၏။ ပဿသာမိ၊ ထုတ်သက်ကို ရှိုက်ထုတ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ စ၊ အပြစ်တင်ဘွယ် ပယ်ရှဲခဲက် စကားဆက်ကို ဆိုဦးအံ့။ ဧဝံ ဣမေဟိ ယထာဝုတ္တေဟိ အာကာရေဟိ၊ ဤ အကြင်အကြင် ဆိုအပ်ပြီးသော အခြင်းအရာတို့ဖြင့်။ ပဇာနတော၊ အဿာသပဿာသတို့ကို အပြားအား ဖြင့် သိသော။ အဿ၊ ထိုယောဂီရဟန်းအား။ ဧကေန အာကာရေန၊ ဒီဃံ အဿာသအစရှိကုန်သော လေးပါးသောအာကာရတို့တွင် တပါးပါး သောအာကာရဖြင့်။ (ဝါ) ကိုးပါး သုံးပါးသော အာကာရတို့တွင် တပါးပါး သော အာကာရဖြင့်။ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ၊ ကာယာ-

နုပဿနာသတိပဋ္ဌာနဘာဝနာသည်။ သမ္မဇ္ဇတိ၊ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၆။ ဧဝမေဝ၊ သစ်ပင်ကို လူတိုက်သော ဤ ဥပမာအတူသာလျှင်။ ဘိက္ခု၊ ယောဂိရဟန်းသည်။ နာသိကဂ္ဂေ ဝါ၊ နှာသီးဖျားခွံ၌ဌင်း။ မုခနိ-မိတ္တေ ဝါ၊ အထက်နှုတ်ခမ်းခွံ၌ဌင်း။ သတိ ံ၊ သတိကို။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ဝါ-ကပ်ကာတည်စေ၍။ နိသိန္နော၊ ထိုင်နေသည်။ ဟောတိ၊ ဖြစ်၏။

ပန၊ သင့်လျော်စကား မိန့်ကြားဦးအံ့။ ဖုဋ္ဌဖုဋ္ဌော ကာယော၊ တွေ့ထိအပ် တွေ့ထိအပ်သောအရပ်၌။ သတိ ံ၊ သတိကို။ ဌပေတွာ၊ ထား၍။ ဘာဝေန္တသော၊ ပွါးများသောယောဂိအား သာလျှင်။ ဘာဝနာ၊ ပွါးများမှုဘာဝနာသည်။ သမ္မဇ္ဇတိ၊ ပြည့်စုံ၏။

၇။ တတ္ထော၊ ထို တွေ့ထိအပ်သော အရပ်၌သာလျှင်။ ဂဏှနံ၊ ရေတွက်ခြင်းကို။ ပဋိသံဟရိတွာ၊ ပယ်၍။ တေ အဿာသပဿာသော၊ ထို ဝင်လေထွက်လေတို့ကို။ သတိယာ၊ သတိဖြင့်။ အနုဗန္ဓန္တော၊ အစဉ် လျှောက်၍ မြဲစွာဖွဲ့ခဲ့သော်။ အပ္ပနာဝသေန၊ အပ္ပနာ၏အစွမ်းဖြင့်။ (ဝါ) အပ္ပနာဖြစ်လောက်အောင် ပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကို ငြိမ်သက်စွာ ထားသည်၏အစွမ်းဖြင့်။ စိတ္တံ၊ စိတ်ကို။ ဌပေန္တော စ၊ ထားခဲ့သော်ငင်း။ အနုဗန္ဓနာယ စ၊ တဖန်ဖွဲ့ထားနည်းဖြင့်ဌင်း။ ဖုသနာယ စ၊ တွေ့ထိခြင်း ဖြင့်ဌင်း။ ဌပနာယ စ၊ ပဋိဘာဂနိမိတ် အာရုံ၌ ထားခြင်းဖြင့်ဌင်း။ မနသိ-ကရောတိ၊ နှလုံးသွင်း၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဣတော၊ ဤသဗ္ဗကာယခန်းမှ။ ပဋ္ဌာယ၊ စ၍။ ကတ္တာဗ္ဗာသာ၊ ပြုအပ်သော။ ဉာဏုပ္ပါဒနာဒိနော၊ အသိဉာဏ်ကို ဖြစ်စေခြင်းအစရှိသော။ အာကာရဿ၊ အခြင်းအရာကို။ ဒဿနတ္ထံ၊ ပြရန်အကျိုးငှါ။ သဗ္ဗကာယ-ပဋိသံဝေဒီ အဿသိဿာမီတိအာဒိနာ၊ သဗ္ဗကာယပဋိသံဝေဒီ အဿ-သိဿာမိ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ အနာဂတဝစနဝသေန၊ အနာဂတ်ဝိဘတ်၏ အစွမ်းဖြင့်။ ပါဠိ၊ ပါဠိကို။ အာရောပိတာ၊ တင်အပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ပဂေဝ၊ အစစွာသာလျှင်။ သတိဉာဏဉ္စ၊ သတိယှဉ်သော ဉာဏ်ကိုလည်း။ ပစ္ဆုပဋ္ဌပေတွာ၊ ရှေးရှုဖြစ်စေ၍။ တီသု၊ အစ, အလယ်, အဆုံးအားဖြင့်

သုံးပါးကုန်သော။ ဌာနေသုပိ၊ အရပ်တို့၌လည်း။ ဉာဏသမ္ပယုတ္တမေဝ၊ ဉာဏ်နှင့်ယှဉ်သည်သာလျှင်ဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ပဝတ္တေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

၈။ နေသံ အဿာသပဿာသာနံ၊ ထို ဝင်သက်ထွက်သက်တို့၏။ ယာ ဒီဃရဿတာ၊ အကြင် ရှည်သောအဖြစ် တိုသောအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ သာ ဒီဃရဿတာ၊ ကို။ ကာလဝသေန၊ ကာလ၏အစွမ်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

အဒ္ဓါနသင်္ခါတေတိ၊ အဒ္ဓါနသင်္ခါတေဟူသည်ကား။ အဒ္ဓါနန္တိ၊ ရှည်သော ကာလတွင် ရှည်သောခဏဟူ၍။ သင်္ခံ၊ ရေတွက်အပ်သော အဖြစ်သို့။ ဂတေ၊ ရောက်သော။ ဒီဃေ၊ ရှည်စွာသော။ ကာလေ၊ ကာလတွင်။ ဒီဃံ၊ ရှည်စွာသော။ ခဏံ၊ ခဏ။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

၉။ စ၊ ဆက်၍ဆိုဦးအံ့။ အဿ၊ ထို ယောဂိအား။ စတုန္နံ၊ လေးပါး ကုန်သော။ အာကာရာနံ၊ အခြင်းအရာတို့တွင်။ ဧကေန၊ တခုသော။ အာကာရေန၊ အခြင်းအရာဖြင့်။ ကာယာနုပဿနာ သတိပဋ္ဌာနဘာဝနာ၊ ကာယာနုပဿနာ သတိပဋ္ဌာနဘာဝနာသည်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

နိဒါန်း အကြောင်းပြ

သမာဓိ ံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ
ဘိက္ခု၊ ယထာဘူတံ ပဇာနာတိ။

ဘိက္ခဝေ၊ အို ချစ်သားရဟန်းတို့။ တုမ္ဟေ၊ သင်တို့သည်။ သမာဓိ ံ၊ ဥပစာရအပ္ပနာနှစ်ဖြာသောသမာဓိကို။ ဘာဝေထ၊ စိတ်၌ထား၍ အဖန်ဖန် ပွါးများကြကုန်လော့။

ဘိက္ခဝေ၊ အို ချစ်သားရဟန်းတို့။ သမာဟိတော၊ ဥပစာအပ္ပနာနှစ်ဖြာသော သမာဓိတို့ဖြင့် တည်ကြည်သော။ ဘိက္ခု၊ ယောဂိရဟန်းသည်။ ယထာဘူတံ၊ မဘောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သစ္စာလေးပါးတို့ကို အပြားအားဖြင့် သိကာသွား၏။-ဟူသော သစ္စသံယုတ်ပါဠိတော်နှင့်အညီ—

တစ်ဥသဘာ၊ ရပ်ဌာနာတွင်၊ ကိုင်ကာလေဖြင့်၊ ပစ်ခတ်ကျင့်သော်၊ အသင့်လေးဖျား၊ တပ်ကာထားသည့်၊ သားမြည်းဆံနှင့်၊ ဖြစ်ခွင့်ခရမ်းသီး၊ တပ်ပြီးဆံဖျား၊ မှန်သွားဘို့ရာ၊ ခဲယဉ်းစွာ၏။ လွန်စွာထို့ထက်၊ လေးချက်သစ္စာ၊ သိဘို့ရာလည်း၊ မှန်စွာသိခက်၊ ဓိပ္ပါယ်နက်၏။ တချက်အာနာပါန၊ ကောင်းစွာအာရုံ၊ ပွါးများကုန်၍၊ တွေ့ကြုံဥပစာ၊ အပွနာသမာဓိ၊ လက်ကိုင်ရှိက၊

၁။ နှိပ်စက်ပြုပြင်၊ ပူပင်ဘောက်လှဲ၊ လေးနက်စွဲနှင့်၊ အမြဲမှန်ကန်သော ဒုက္ခသစ္စာ။

၂။ ဖြစ်စေ ဒုက္ခ၊ အပ်နှင်းကြနှင့်၊ ချည်ကြ တုပ်ကြ၊ နှောင့်ရှက်ကြ၍၊ လေးဝနက်စွဲ၊ အမြဲမှန်ကန်သောသမုဒယသစ္စာ။

၃။ ဝဋ်ဆိုး ကျွတ်လွတ်၊ ရုပ်ကင်းလွတ်၍၊ သေလွတ် တတန်၊ ပြုပြင်ရန်ကင်း၊ မှန်ကန်ခြင်းရှိသော နိရောဓသစ္စာ။

၄။ ထွက်မြောက်ကြောင်းနှင့်၊ ရကြောင်းတတန်၊ မြင်ပြန်သဘော၊ စိုးရသောပါ၊ မှန်ကန်စွာသော မဂ္ဂသစ္စာ။

ဒီသစ္စာလေးချက် တဆဲ့ခြောက်နက်ကို၊ အချက်ကျစွာ၊ ပရိညာနှင့်၊ ပဟာန သစ္ဆိကိရိယာ၊ ဘာဝနာဖြင့်၊ တဖြာတပြိုင်နက်၊ သိ,ပယ်,ဆိုက်ပွါး၊ လေးပါး ကိစ္စ၊ အပိုင်ရ၍၊ မုချသစ္စာ၊ သိကာသွားသတည်း။

သုတဝါဂုဏ်၊ ပြည့်စုံကြွယ်ဝ၊ တပည့်သာဝကသည်၊ သစ္စာလေးချက်၊ အဓိပ္ပါယ်နက်ကို လေးမဂ်ဖြင့်သာ၊ သိခဲ့ပါက၊ ဇာတိစသား၊ ချောက် ကမ်းပါးကို၊ ဖြစ်လိုစိတ်ထား၊ မရှိငြား၍၊ ပြုကားမပြု၊ ငြိမ်းအေးမှုကြောင့်—

၁။ ကြောက်လန့်စရာ၊ ဇာတိစသား၊ ချောက်ကမ်းပါးမှ၊ လွတ်မြောက်ကာ သွားပါသတည်း။

၂။ ကြောက်လန့်စရာ၊ ဇာတိစသား၊ မီးပူများမှ၊ လွတ်မြောက်ကာ သွားပါသတည်း။

၃။ ကြောက်လန့်စရာ၊ ဇာတိစသား၊ ခရီးခဲများမှ၊ လွတ်မြောက်ကာ ထွက်သွားပါသတည်း။

လောကထွတ်တင် ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဥပစာ အာပ္ပနာ နှစ်ဖြာသောသမာဓိ ကြီးမြတ်ဘိ၍ ထွင်းသိသစ္စာ ဉာဏ်ပညာကြောင့် ဇာတိစသား ချောက်ကမ်းပါးမှ လွတ်မြောက်ကာ သွားသော တပည့်ကိုသာ ဥတ္တမပုရိသ မြတ်သောယောကျ်ားဟု ချီးမွမ်း တော်မူသည့်ထုံးကို နှလုံးတော် ဆန္ဒ လိုလားတော်မူလှသော မန္တလေးမြို့ မောက္ခာရုံမ ဖောင်တော်ဦးကျောင်းတိုက်၌ ယာပထလေးဘော်ဖြင့် သီတင်းသုံးပျော်မွေတော်မူသော **အဿဇိတေဇောဘိဝံသ** မထေရ်သည် ဇာတိစသား ချောက်ကမ်းပါး၌ ကျရောက်၍နေသော သတ္တဝါဗိုလ်ခြေ များဝေနေတို့ကို သမာဓိကြီးထွား ဉာဏ်ပညာကြီးပွါး၍ သစ္စာလေးပါးကို သိကာသွားသောကြောင့် ဇာတိစသား ချောက်ကမ်းပါးမှ ထွက်မြောက် နိုင်ရန်အကျိုးငှါ ရည်သန်တောင့်တတော်မူ၍ ဤ **အာနာပါနဿတိသမာဓိ ဘာဝနာရှုဘွယ်ကျမ်းကို** စီစဉ်ထုတ်ဝေအပ်ပါသတည်း။

နိဒါန်းနှင့်တကွသော ဥယျောဇဉ်
ပြီး၏။

အာနာပါနသတိသမာဓိဘာဝနာရှင်းလင်း

ပဏာမ

မဟာဝီရ မဟာပုညာ၊ ဣဒ္ဓိယာ ယသသာ ဇလ။
သဗ္ဗဝေရဘယာတီတာ၊ ပါဒေ ဝန္ဒာမိ ဂေါတမ။

မဟာဝီရ၊ ဗုဒ္ဓကိစ္စ အဝဝကို ဗလဝပြင်းထန် ပြီးစီးရန်ကိုသာ အာရုံပြု၍ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ မဟာပုညာ၊ ဗြဟ္မာနတ်လူသုံးဘုံသူတို့တွင် ပြိုင်သူကင်းပ ကြီးမြတ်လှသော ဘုန်းတော်-ကံတော်ရှိတော်မူထသော။ ဣဒ္ဓိယာ၊ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တဖြင့်ရင်း။ ယသသာ၊ လေးပါး,ရှစ်ပါး ပရိသတ်အများ များဟုဆိုအပ်သော အခြံအရံဖြင့်ရင်း။ ဇလ၊ တထိန်ထိန် တဝင်းဝင်း ထွန်းလင်းတောက်ပတော်မူသော။ သဗ္ဗဝေရဘယာတီတာ၊ အတွင်းအပ နှစ်ဝဉ်သုံးလုံးစုံသော ကြောက်မက်ဖွယ် ဘေးရန်တို့ကို လွန်မြောက်တော်မူပြီးသော။ ဂေါတမ၊ ဂေါတမနွယ်ဘွား ဘုန်းတော်ကြီးမားတော်မူသော အရှင်မြတ်ဘုရား။ တေ၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တ-ဟုခေါ် ဘုရားတပည့်တော်သည်။ ဝန္ဒာမိ၊ ဘယလာဘ-စသည် ကင်းကွာ ရှိသေစွာဖြင့် လက်အုပ်ချီမိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ဘယလာဘ စသည်ကင်းကွာ ရှိသေစွာဖြင့် ရှိခိုးပြီး၍။

ဣမေဝ ဗုဒ္ဓိကံ အာနာ၊ ပါနဿတိ နိရောဓိယံ။
သဗ္ဗလောကဟိတတ္ထာယ၊ သန္တုဋ္ဌေဝ ဘဏာမဟံ။

ဣမေဝ၊ အံ့ဘွယ်ရှစ်ဖြာ ဤသာသနာတော်၌သာလျှင်။ ဗုဒ္ဓိကံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားမှ ပေါ်ထွက်၍လာသော။ နိရောဓိယံ၊ ရုပ်နာမ်နှစ်ဝ သခ်ါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ သန္တုဋ္ဌေဝ၊ ငြိမ်သက်အေးမြ၊ မွန်မြတ်လှသည်လည်း ဖြစ်သော။ အာနာပါနဿတိ ံ၊ ဝင်သက်ထွက်သက်ကို သိမ်းဆည်းတတ်သော သတိနှင့်ယှဉ်သော သမာဓိဘာဝနာကို။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏အစီးအပွါး အကျိုးငှါ။ အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တ-ဟုခေါ် ဘုရားတပည့်တော်သည်။ ဘဏာမိ၊ မြွက်ဆိုမိန့်ကြား ရေးသားပေအံ့။

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ။

ဘိက္ခဝေ၊ အို ရဟန်းတို့။ ကောယနော၊ နိဗ္ဗာန်သို့ သွားရောက်ရာတွင် တခုတည်းသော ခရီးဖြစ်သော။ ဝါ၊ မြတ်သော မြတ်စွာဘုရား၏ အစစ္စာ သွားကြောင်းဖြစ်သော။ ဝါ၊ တခုတည်းသော မြတ်စွာဘုရား သာသနာ တော်၌သာ ဖြစ်သော။ အယံ မဂ္ဂေါ၊ ဤ ပုဗ္ဗဘာဂမဂ်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည်။ အယတိ-ပဝတ္တတိ၊ ဖြစ်၏။

ဘာဝနာ ပွါးများနည်း သုံးမျိုး

ဘာဝနာ ပွါးများနည်းသည်—

၁။ သမထပုဗ္ဗင်္ဂမ ဝိပဿနာနည်း။

၂။ ဝိပဿနာ ပုဗ္ဗင်္ဂမ သမထနည်း။

၃။ ယုဂနဒ္ဓ သမထဝိပဿနာနည်း ဟူ၍ သုံးမျိုးရှိပါတယ်။

၁။ ထိုသုံးမျိုးတို့တွင် အာနာပါနဿတိ-စသော သမထ ကမ္မဋ္ဌာန်း တခုခုကို အစစ္စာ ပွါးများ၍ ဥပစာ, အပ္ပနာ ဈာန်ဖြာသော သမာဓိတို့ကို ရမ္မ ဝိပဿနာ ကူးယူသောနည်းကို သမထပုဗ္ဗင်္ဂမ ဝိပဿနာနည်း ဆိုပါတယ်။

၂။ သမထကမ္မဋ္ဌာန်းကို မပွါးများဘဲ အစစ္စာ ဝိပဿနာပွါးများ၍ သမာဓိကို ဖြစ်စေသောနည်းကို ဝိပဿနာပုဗ္ဗင်္ဂမသမထနည်း ဆိုပါတယ်။ ထိုဈာန်နည်းတို့တွင် အစစ္စာသော နည်းသည် ဧရာဝတီမြစ်ကို မော်တော်ယာဉ်နှင့် ကူးသွားသည်နှင့် တူပါတယ်။ ဒုတိယနည်းက ခွန်အားဗလနှင့် ပြည့်စုံသော ယောကျ်ားသည် လက်ပစ်ကူးခတ်သွားသည်နှင့် တူပါသည်။ အထူးအားထုတ်၍ပွားများရပါလိမ့်မည်။

၃။ ပဌမဈာန်ကိုဝင်စားပြီး ပဌမဈာန်မှထ၍ ရုပ်နာမ် သခ်ါရတို့ကို ဝိပဿနာပွါး ရုပ်နာမ်သခ်ါရတို့ကို ဝိပဿနာပွါးများ၍ ဒုတိယဈာန်ကို ဝင်းစား ဒုတိယဈာန်မှ ထ၍ ရုပ် နာမ်သခ်ါရတို့ကို ဝိပဿနာပွါး ဤပုံ ဈာန်ဝင်စားလိုက် ဝိပဿနာရှုလိုက်နှင့် တက်သွားသောနည်းကို ယုဂနဒ္ဓ သမထဝိပဿနာနည်း ဆိုပါတယ်။

ယခုကာလ ယောဂီတို့ ယုဂနဒ္ဓသမထဝိပဿနာနည်းကို အားထုတ်ဘို့ ရန် မဖြစ်နိုင်ပေ။ အကြောင်းကား စျာန်သမာပတ်ကို မရရှိသောကြောင့် တည်း။

ပဋိသမ္ဘိဒါမဂ် ယုဂနဒ္ဓကထာမှာလည်း ဤ ပုံးနည်းသုံးမျိုး လာရှိ ပါတယ်။ မြတ်စွာဘုရားသည် ကောယနမဂ်ဟု ဆိုအပ်သော မဟာသတိ ပဋ္ဌာန်ကား—သတ္တာနံ ဝိသုဒ္ဓိယာ၊ ရာဂအစရှိသော အညစ်အကြေး အဘိဇ္ဈာ ဝိသမလောဘ အစရှိသော ညစ်နွမ်းကြောင်း ဥပက္ကိလေသ တရားတို့ဖြင့် ညစ်နွမ်းသော စိတ်ရှိသော သတ္တဝါတို့၏ စင်ကြယ်ရန် အကျိုးငှါ ဖြစ်ပါတယ်။ ဥယျဿ အဓိဂမာယ၊ ပုဗ္ဗဘာဂမဂ်ကို ပုံးများ သည်ရှိသော် ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော အရိယမဂ်ကို ရရန် အကျိုးငှါလဲ ဖြစ်ပါတယ်။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ စုတိပြတ်ကြွ သေခြင်းမရှိသော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အကျိုးငှါလဲ ဖြစ်ပါတယ်။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်လဲ ဖြစ်ပါတယ်။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်၌ ဖြစ်သော မချိုမြိန် မကောင်းမြတ် မသာယာအပ်သော ဆင်းရဲ စိတ်၌ ဖြစ်သော စိတ်နှလုံးမသက်သာ ပင်ပန်းစွာသော ဆင်းရဲတို့ကို ပယ်ခြင်း ငှါလဲ စွမ်းနိုင်ပါတယ်လို့ ချီးမွမ်းတော်မူပါတယ်။ အာဘယ် အကျိုးငှါ ချီးမွမ်းတော်မူပါသလဲ၊ အကျိုးများသည်ကို သိရ, ကြားနာရသည်ရှိသော် ယောဂီပုဂ္ဂိုလ်တို့ စိတ်အားထက်သန်စွာ အားထုတ်ကြရန်အလို့ငှါ ချီးမွမ်း တော်မူပါတယ်။

သတိပဋ္ဌာန်

သတိပဋ္ဌာန်ဆိုသည်မှာ သတိ၏ တည်ရာအာရုံကိုဂင်း, တပည့်သာဝကာ တို့၌ မြတ်စွာဘုရား၏ ပဋိဃာနုနယဝိတိဝတ္တတံ၊ မုန်းခြင်း, ချစ်ခြင်း မရှိ သော အဖြစ်ကိုဂင်း, အာရုံတို့သို့ ပြေးဝင်ပျံ့နှံ့၍ ဖြစ်တတ်သော သတိ စေတသိက်ကိုဂင်း သတိပဋ္ဌာန် ဆိုသည်။ မဟာသတိပဋ္ဌာနသုတ်တွင် သတိ စေတသိက် သမ္မာသတိမဂ္ဂင်ကိုသာ ယူရမည်။

အာနာပါနဿတိသမထ၏ အကျိုးကို ဥပရိပဏ္ဏာသ အာနာပါန-ဿတိသုတ်တွင် အိုချစ်သားရဟန်းတို့ အဖန်ဖန် လေ့လာပွါးများအပ်သော အာနာပါနဿတိဘာဝနာသည် မဟပ္ဖလ=များစွာသော အကျိုး၊ မဟာ

နိသံ်သ=များစွာသော တန်ခိုးအာနိသင် ရှိပါတယ်၊ ပွါးများအပ်သော အာနာပါနဿတိဘာဝနာသည် လေးပါးသော သတိပဋ္ဌာန်တရားတို့ကို ပြည့်ဝစေနိုင်ပါတယ်။

ပွါးများအပ်သော လေးပါးသော သတိပဋ္ဌာန်ဘာဝနာတို့သည် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ပြည့်ဝစေနိုင်ပါတယ်။ ပွါးများအပ်သော ဗောဇ္ဈင်တို့သည် ဝိဇ္ဇာဟုဆိုအပ်သော ဖိုလ်လေးပါး ဝိမုတ္တိဟုဆိုအပ်သော နိဗ္ဗာန်ကို ရစေနိုင်တယ်လို့ ဟောတော်မူပါတယ်။ ထို့မှတပါး မဟာဝဂ္ဂ-သံယုတ် အာနာပါနဝဂ် အာနာပါနသံယုတ်တို့မှာ များစွာသော အာနာ-ပါနဿတိ၏ အကျိုးတို့ကို ဟောတော်မူပါတယ်။ မဟာရာဟုလောဝါဒသုတ် အဋ္ဌကထာက အာနာပါနဿတိ၏ မဟပ္ဖလမဟာနိသံသအကျိုးတို့ကို ဖွင့်ဆိုထားပါတယ်။

ပါရာဇိကဏ်ပါဠိတော် တတိယသိက္ခာပုဒ်နိဒါန်းမှာ အာနာပါနဿတိ-သမာဓိသည် ပင်ကိုယ်သူ့သဘောအားဖြင့် အလွန်ငြိမ်သက်မှန်မြတ်၍ လျင်မြန်စွာ အကုသိုလ်တရားတို့ကို ချုပ်ကွယ်စေနိုင်တယ်လို့ ဟောတော်မူပါသည်။ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကား ဘုရား,ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရား တပည့်ဖြစ်သော ယောကျ်းမြတ်တို့ နှလုံးသွင်းရာ, ပွါးများရာ ကမ္မဋ္ဌာန်း ဖြစ်တယ်လို့ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆိုသည်။ သတိနှင့် ဉာဏ်ပညာ အကြီးဆုံးသော ပုဂ္ဂိုလ်တို့ကိုသာ ရည်ရွယ်၍ ချီးမွမ်းတော်မူပါသည်။ အနောက်နိုင်ငံ ဟိန္ဒူကုလားများသော်မှ အာနာပါန အားထုတ်ကြပါသည်။ အလိုရှိက ပုဂ္ဂိုလ်မရွေး အားထုတ်နိုင်ပါတယ်။

အာနာပါနဿတိ သမာဓိ

ဣမမေဝ ဟိ ကမ္မဋ္ဌာနံ ဘာဝေတ္ဝာ သမ္မာသမ္ဗုဒ္ဓါ သမ္မာသမ္ဗောဓိံ အဓိဂစ္ဆန္တိ၊ ဂဂ်ါဝါလု သဲစုမက ပွင့်တော်မူကြသော မြတ်စွာဘုရားတို့သည် အာနာပါနဿတိ သမာဓိ ဘာဝနာကို ပွါးများ၍ ဘုရားဖြစ်တော်မူကြပါတယ်။ အာနာပါနဿတိ သမာဓိဘာဝနာသည် ပုဏ္ဏက နတ်ဘီလူး၏ စိတ်အလိုရှိရာ ရစေနိုင်, ပြည့်စုံစေနိုင်သော မနောဟရ ပတ္တမြား ရတနာ နှင့်တူပါတယ်။ ဘူရိဒတ် နဂါးမင်း၏ အလုံးစုံသော အလိုကို ပေးနိုင်သော သုဇာတမဒဒ ပတ္တမြားရတနာနှင့်လည်း တူပါတယ်။ ထို့ကြောင့်—သတိ

ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ-ဟူ၍ ဟောတော်မူပါတယ်။ အာနာ-ပါနဿတိသမာဓိ၌ အာန, အပါန, သတိ, သမာဓိ လေးပုဒ်ခဲ့၊ ထိုတွင်—

အာနန္တိ အဿာသော၊ နော ပဿာသော၊ အပါနန္တိ ပဿာသော၊ နော အဿာသော။ (ပဋိသမ္ဘိဒါမဂ်ကဖွင့်ပုံ။)

အာနန္တိ အဗ္ဘန္တရံ ပဝိသနဝါတော၊ အပါနန္တိ ဗဟိနိက္ခမနဝါတော၊ ကေစိ ပန ဝိပရိယာယေန ဝဒန္တိ။ (အဋ္ဌကထာဖွင့်ပုံ) ဝိနည်းအလို ပဝတ္တိက္ကမ ဖြစ်စဉ်အားဖြင့် အာနကို ထွက်သက်၊ အပါနကို ဝင်သက်လို့ မှတ်ရမယ်။ ပဋိပတ္တိက္ကမ ကျင့်စဉ်အားဖြင့် သုတ္တန်အဘိဓမ္မာတို့အလို အာနကို ဝင်သက်, အပါနကို ထွက်သက်လို့ မှတ်ရာသည်။

အာနာပါနေ သတိ အာနာပါနဿတိ၊ အဿာသပဿာသပရိဂ္ဂါဟိ-ကာယ သတိယာ ဧတံ အဓိဝစနံ၊ အာနာပါနဿတိယာ ယုတ္တော သမာဓိ အာနာပါနဿတိယံ ဝါ သမာဓိ အာနာပါနဿတိသမာဓိ ·· ဟုပြု။

၁။ ဝင်သက်ထွက်သက်ကို သိမ်းဆည်းတတ်သော သတိနှင့် ယှဉ်သော သမာဓိ။

၂။ ဝင်သက်ထွက်သက်ကို သိမ်းဆည်းတတ်သော သတိကြောင့် ဖြစ်သော သမာဓိ။

ဤပုံနှစ်မျိုး သိပါလေ။ အာနနှင့် အဿာသ, အပါနနှင့် ပဿာသ ပရိယာယ်တူ မှတ်လေ၊

သမထနည်းကိုပြသော ပဌမစတုက္က

(မဟာသတိပဋ္ဌာန်ပါဠိတော်) ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘု-ဇိတ္ဝာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာ၊ သော သတော ဝ အဿသတိ၊ သတော ဝ ပဿသတိ၊ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ၊ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ

သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

မြန်မာပြန်။ ။ဘိက္ခဝေ၊ အိုရဟန်းတို့။ ဣမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ယောဂီရဟန်းသည်။ အရညဂတော ဝါ၊ တောသို့ ရောက်သည် ဖြစ်၍၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်အောက်သို့ ရောက်သည်ဖြစ်၍၎င်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ရောက်သည်ဖြစ်၍၎င်း။ ပလ္လင်္ကံ၊ ထက်ဝက်တင်ပလ္လင်ကို။ အာဘုဇိတ္ဝာ၊ ဖွဲ့ခွေ၍။ ကာယံ၊ အထက်ပိုင်းကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတ္ဝာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ကိုယ်စိတ်နှစ်ပါး စောင့်ထိန်းသောအားဖြင့် ထိုင်ကာနေ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သတော၀၊ သတိနှင့်ယှဉ်သော ဉာဏ်ရှိသည်ဖြစ်၍ သာလျှင်။ အဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏။ သတော၀၊ သတိနှင့်ယှဉ်သော ဉာဏ်ရှိသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဒီဃံ ဝါ၊ ကာလရှည်ကြာစွာလည်း။ အဿသန္တော၊ ဝင်သက်ကိုဖြစ်စေသည်ရှိသော်။ ဒီဃံ၊ ကာလရှည်ကြာစွာ။ အဿသာမိ၊ ဝင်သက်ကိုဖြစ်စေ၏။ ဣတိ၊ သို့။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ဒီဃံ ဝါ၊ ရှည်ကြာစွာလည်း။ ပဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ရှိသော်။ ပဿသာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ သို့။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။ ရဿံ ဝါ၊ ကာလတိုစွာလည်း။ အဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည်ရှိသော်။ ရဿံ၊ ကာလတိုစွာ။ အဿသာမိ၊ ဝင်သက်ကိုဖြစ်စေ၏။ ရဿံ ဝါ၊ ကာလတိုစွာလည်း။ ပဿသန္တော၊ ထွက်သက်ကိုဖြစ်စေသည်ရှိသော်။ ရဿံ၊ ကာလတိုစွာ။ ပဿသာမိ၊ ထွက်သက်ကိုဖြစ်စေ၏။ ဣတိ၊ သို့။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။

မဟာရာဟုလောဝါဒသုတ်၊ အာနာပါနသုတ်၊ ပဋိသမ္ဘိဒါမဂ်စသော ပါဠိတော်တို့မှာ ဒီဃံ ဝါ အဿသန္တော အစရှိသော ပဌမစတုက္ကကို သမထအဖြစ်ဖြင့်၎င်း၊ ပီတိပဋိသံဝေဒီစသော ဒုတိယစတုက္က၊ စိတ္တပဋိသံဝေဒီစသောတတိယစတုက္ကတို့ကို သမထဝိပဿနာအဖြစ်ဖြင့်၎င်း အနိစ္စာနုပဿီအစရှိသော စတုတ္ထစတုက္ကကို ဝိပဿနာအဖြစ်ဖြင့်၎င်း ဟောတော်မူပါတယ်။ ဒီစတုက္ကလေးပါးသည် သောဋ္ဌသဝတ္ထုက၊ လေးပါးသော အနု-

ပဿနာတို့၌ စတုက္ကလေးပါးတို့၏အစွမ်းဖြင့် တဆဲ ခြောက်ဌာန ဖြစ်လာသည်။

ဣစ-ဖြင့် မဂ်ဖိုလ်ရနိုင်ရာ သာသနာကို ပြသည်။ ဘိက္ခု-ဖြင့် အာနာပါနဿတိကမ္မဋ္ဌာန်းကို ပဋ္ဌာနအားဖြင့် အားထုတ်ထိုက်သော ပုဂ္ဂိုလ်ကို ပြသည်။ အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ-ဖြင့် အသင့်လျော်ဆုံး အကောင်းဆုံးနည်းအားဖြင့် ကမ္မဋ္ဌာန်းထိုင်ရာအရပ်ကို ပြသည်။ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္မာ ဥဇုံ ကာယံ ပဏိဓာယ-ဖြင့် ကိုယ်ကို သိမ်းဆည်းပုံ ထိုင်ပုံကို ပြသည်။ ပရိမုခံ သတိံ ဥပဋ္ဌပေတ္မာ-ဖြင့် စိတ်ကို သိမ်းဆည်းပုံ စိတ်ထားပုံကို ပြသည်။ ကမ္မဋ္ဌာန်းမထိုင်မီ ပုဗ္ဗကိစ္စတို့ကို ပြုရပါတယ်။ ထိုင်ပုံသည် ဇောဓိပလ္လင်ခွေ, မဟာပလ္လင်ခွေ, အဒ္ဓပလ္လင်ခွေ ထိုင်နည်းသုံးမျိုးတို့တွင် ယောဂီဥပါသကာတို့မှာ မဟာပလ္လင်ခွေထိုင်နည်း ထိုင်ပါ။ မဟာပလ္လင်ခွေထိုင်နည်းဆိုသည်မှာ ဘယ်ဘက်ခြေကို အောက်ကထား၊ ညာဘက်ခြေကို အပေါ်ကတင်၍ အထက်ပိုင်းကိုယ်ကို အလိုက်သင့်ဖြောင့်မတ်စွာထားပြီး တင်ပလ္လင်ခွေအပြင်မှာ ဘယ်လက်ကိုအောက်ကထား၊ ညာလက်ကိုအပေါ်ကတင်ကာ၊ လက်မချင်းထိ၍ မျက်လှာချပြီး ဣန္ဒြေရရထိုင်ပါလေ၊ ကြာမြင့်စွာထိုင်နိုင်အောင် ခြေသလုံးချင်းမထပ်ဘဲ အလိုက်သင့် ထိုင်ကောင်းသလို ထိုင်နိုင်ပါတယ်။ ဘာဝနာပွါးများ၍ အတော်အသားကျသောအခါ လေဟုန်စီးရသလိုဖြစ်၍ မညောင်းမညာဘဲ ခြေသလုံးချင်းထပ်၍လဲ နေနိုင်ပါတယ်။

ယောဂီဥပါသိကာမတို့မှာ မိထွေးတော်ဂေါတမီထိုင်သော အဒ္ဓပလ္လင်ခွေထိုင်နည်း ထိုင်ပါ။ အဒ္ဓပလ္လင်ခွေထိုင်နည်းဆိုသည်မှာ ယခုအခါ ဥပါသိကာမတို့ ကြုံ့ကြုံ့ပုဆစ်တုပ်ထိုင်သကဲ့သို့ ထိုင်သည်ကိုဆိုပါတယ်။ စိတ်ထားပုံဆိုသည်မှာ ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှု သတိကို ကပ်ထားကာ ဉာဏ်ဖြင့် သိနေပါစေဆိုလိုသည်။ ဝင်လေထွက်လေတို့၏ တွေ့ထိရာ ဖုဋ္ဌဌာနကား နာသိကဂ္ဂ နာသပုဋ္ဌ၊ နှာသီးဖျားနှာခေါင်းဖုံ, ဥတ္တရောဋ္ဌမုခနိမိတ္တ၊ အထက်နှုတ်ခမ်းဖြစ်ပါတယ်။ နာသိကဂ္ဂနှင့်နာသပုဋ္ဌ မြန်မာပရိယာယ်တူ၊ မုခနိမိတ္တနှင့် ဥတ္တရောဋ္ဌ မြန်မာပရိယာယ်တူသည်။ ရှည်သောနှာခေါင်းရှိသောသူ, တိုသောနှာခေါင်းရှိသောသူတို့တွင် ရှည်သောနှာခေါင်းရှိသောသူမှာ ဝင်လေထွက်လေတို့က နှာသီးဝ နှာခေါင်းဖုံမှာ

ထိခိုက်တိုးဝှေ့၍ ဖြစ်ကြတယ်။ တိုသောနှာခေါင်းရှိသောသူမှာ အထက်နှုတ်ခမ်းကို ထိခိုက်တိုးဝှေ့၍ ဖြစ်ကြပါတယ်။ ထို့ကြောင့် ယောဂိပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ထိခိုက်တိုးဝှေသော ဌာနကို အမှတ်ပြု၍ သိအောင်နှလုံးသွင်းထားရမည်။

သတော၀ အဿသတိ၊ သတော ပဿသတိ-ဟူသော ဥဒ္ဒေသ သံ၀ဏ္ဏေ-တဗ္ဗကို—သတော၀ အဿသတိ၊ သတော ပဿသတိတိ ဗာတ္တိံသာယ အာကာရေဟိ သတော ကာရီ ဟောတိ စသည်ဖြင့် စတုက္ကလေးပါး၊ သောဠသ၀တ္ထုက တဆဲ့ခြောက်ပါးကို ဒီဃအဿာသကာရ, ဒီဃပဿာသကာရ,ရဿအဿာသကာရ,ရဿပဿာသကာရ စသည်တို့၏ အစွမ်းဖြင့် သုံးဆဲ့နှစ်မျိုးသော သတောကာရီဖြစ်ပုံကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောတော်မူပါတယ်။ ပဇာနနဝိဓိအပြားအားဖြင့် သိပုံအစီရင်ကို မေး၍ ဘာ၀နာ၀ိဓိပွါးများပုံအစီရင်ကိုပါ—ကထံ ဒီဃံ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ဒီဃံ အဿာသံ အဒ္ဓါနသခ်ါတေ အဿသတိ·စသည်ဖြင့် ကိုး၀ါရတို့ကို ဆက်၍ ဟောတော်မူပါတယ်။ မြန်မာလို ဆိုလိုရင်းမှာ အာဒိကမ္မိက သမထ ယောဂိအား ဥဂ္ဂဟနိမိတ်အာရုံ မတွေ့သေး၍ လွန်စွာအားထုတ်လိုတဲ့ကုသလစ္ဆန္ဒ မဖြစ်ပေါ်မီ အဒ္ဓါန၊ ရှည်သောကာလ၏ အစွမ်းဖြင့် ၁။ ကာလကြာသော ၀င်သက်ကို ရှည်သောကာလ၌ ၀င်သက်ကိုဖြစ်စေတယ်။ ၂။ ကာလကြာသော ထွက်သက်ကို ရှည်သောကာလ၌ ထွက်သက်ကို ဖြစ်စေတယ်။ ၃။ ကာလကြာသော ၀င်သက်ထွက်သက်ကို ရှည်သောကာလ၌ ၀င်သက်ထွက်သက်ကို ဖြစ်စေတယ်။ (၃-၀ါရ)

ကာလကြာသော ၀င်သက်ထွက်သက်ကို ရှည်သောကာလ၌ ၀င်သက်ထွက်သက်ကို ဖြစ်စေသောယောဂိအား ၀ါတဓာရ၊ လေအစဉ် လေတန်းဟူဆိုအပ်သော ဥဂ္ဂဟနိမိတ်ကို တွေ့သောကြောင့် လွန်စွာအားထုတ်လိုတဲ့ကုသလစ္ဆန္ဒပေါ်လာပါတယ်။ လေအစဉ်လေတန်းကား ခန္ဓာကိုယ်တခုလုံးဖရိုဖရဲပုံ့ကြဲလှည့်ပတ်၍ နေပါတယ်။ ၀မ်းရင်အပြင်တို့မှ အထက်သို့တက်၍ ဦးခေါင်းမှ ဆင်းသွားတာလဲ တွေ့ရသည်။ နောက်ကျောအပြင်မှ တက်ကာ ဦးခေါင်းကျော်၍ ဆင်းသွားတဲ့အခါလဲ ရှိသည်။ ထန်းရွက်စကြာကဲ့သို့ ၀မ်းဗိုက်အပြင်မှာ လယ်နေတဲ့ အခါလဲ ရှိသည်။ လေအဟုန်လေတန်းကား ခန္ဓာကိုယ်ရှေ့တလံလောက်၊ နောက်တလံလောက်၊ ဆဲ့သွား

သောအခါလဲ ရှိသည်။ ငှက်ကြီးသည် လေဟုန်စီး၍ နေရသည်နှင့် တူပါ တော့သည်။ လွန်စွာအားထုတ်လိုတဲ့ ကုသလစ္ဆန္ဒ ပေါ်လာသောအခါ ၁-အဿာသ၊ ဝင်သက်ကို ရှုသော ဝါရ၊ ၂-ပဿာသ၊ ထွက်သက်ကိုရှုက်ထုတ် သောဝါရ၊ ၃-အဿာသပဿာသ၊ ဝင်သက် ထွက်သက်ကို ရှုရှုက်ထုတ် သောဝါရ၊ ပေါင်း ၃-ဝါရ။ လွန်စွာအားထုတ်လိုသော ဆန္ဒဖြင့် ပြင်းထန် စွာအားထုတ်သောအခါ မျက်လုံးမျက်ခုံးပေါ်မှာ ပိုးစုံးကြူးရောင်ကဲ့သို့ အရောင်ကလေးမျှားပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ကြယ်ရောင်ကဲ့သို့ အလင်းရောင်မျှားကို တွေ့ရသောအခါ ဝမ်းမြောက်ဖွယ် ပါမောဇ္ဇတရုဏ-ပီတိပေါ်လာပါတယ်။ ပါမောဇ္ဇပီတိပေါ်လာသောအခါ၊ ၁-အဿာသ၊ ဝင်သက်ကို ရှုသောဝါရ။ ၂-ပဿာသ၊ ထွက်သက်ကို ရှုက်ထုတ်သောဝါရ၊ ၃-အဿာသပဿာသ၊ ဝင်သက်ထွက်သက်ကို ရှုရှုက်ထုတ်သောဝါရ၊ ပေါင်း ၃-ဝါရ၊ အဒ္ဓါန၊ ဆန္ဒဝသာကာရ ပါမောဇ္ဇဝသာကာရတို့၏ အစွမ်းဖြင့် ၉-ဝါရကား ဘာဝနာဝိဓိ ပွါးများရမည့် ဝါရအစိအရင် ဖြစ်သတည်း။

ကေစိဆရာတို့ကား အဿသတိပိ ပဿသတိပိ ဆိုသောစကားသည် ဘာဝနာမပြတ်ဖြစ်ပုံကို ပြသောစကားဟု ဆိုကြသည်။ တယောက်သော ယောဂီမှာ အဿာသသာကာရ ပဿာသသာကာရ အဿာသပဿာသသာကာရ သုံးမျိုးသော ဝါရတို့ကိုသာ ရနိုင်သော်လည်း ပါဠိတော်မှာ ကိုးပါးသော အာကာရတို့ကို ဟောတော်မူသောကြောင့်၎င်း၊ ကိုးပါးသော အာကာရ တို့ဖြင့် ပရိကံပြုထိုက်သောကြောင့်၎င်း သတော၀ အဿသတိ သတော ပဿသတိ ဥဒ္ဒေသကို သတိမြဲရာ ပဌမာလို့ မယူတော့ဘဲ၊ ဒီဃံက စ၍ နှလုံးသွင်းပုံကို ရေးပြမည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာတို့လဲ ပဋိသမ္ဘိဒါမဂ် လာတိုင်းသာ ဖွင့်ဆိုကြပါသည်။

တတြာယံ ဘိက္ခု နဝဟာကာရေဟိ ဒီဃံ အဿသန္တော ပဿသန္တော စ ဒီဃံ အဿသာမိ ပဿသာမိတိ ပဇာနာတိ၊ ဧဝံ ပဇာနတော စဿ ဧကေနာကာရေန ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ သမ္ပဇ္ဇတိတိ ဝေဒိ-တဗ္ဗာ။ (ဝိသုဒ္ဓိမဂ်)

ဧကေနာကာရေနာတိ ဒီဃံ အဿာသာဒိသု စတ္တူသု အာကာရေသု ဧကေန အာကာရေန နဝသု တီသု ဝါ ဧကေန။ (မဟာဋီကာ)

ပ်ဉ်းများအားထုတ်ရာတွင် ယောဂီပုဂ္ဂိုလ်သည် ကိုးပါးသော အခြင်းအရာတို့ဖြင့် ကာလရှည်ကြာစွာ ဝင်သက်ကို ဖြစ်စေခဲ့သော် ကာလရှည်ကြာစွာ ဝင်သက်ကိုဖြစ်စေတယ်။ ကာလရှည်ကြာစွာ ထွက်သက်ကို ဖြစ်စေခဲ့သော် ကာလရှည်ကြာစွာ ထွက်သက်ကို ဖြစ်စေတယ်လို့ သိကာလာလိမ့်မည်။ ဤပုံ အကြင် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့် ဝင်သက် ထွက်သက်တို့ကို သိသောပုဂ္ဂိုလ်အား ဒီဃံ အဿာသစသော လေးပါးသော အခြင်းအရာတို့တွင် တခုသောအခြင်းအရာဖြင့် ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ ပြည့်စုံပါတော့သည်။ မဟာဋီကာဆရာက နဝသု တိသု ဝါ ဧကေန၊ ဖွင့်သောကြောင့် ကိုးပါးသော အခြင်းအရာ သုံးပါးသော အခြင်းအရာတို့တွင် တခုသော အခြင်းအရာဖြင့်လည်း ပြည့်စုံပြီဆိုနိုင်ပါတယ်။ ကိုးပါးသော အခြင်းအရာတို့နှင့် ပြည့်စုံမှ ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ ပြည့်စုံတာမဟုတ်ပါလို့ သိစေသည်။

ပဋိသမ္ဘိဒါမဂ်လာ ပ်ဉ်းများပုံကား

ဧဝမေဝ ဘိက္ခု နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ သတိံ ဥပဋ္ဌပေတ္ဝာ နိသိန္နော ဟောတိ၊ ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိံ ဌပေတ္ဝာ ဘာဝေန္တော ဿဝ ဘာဝနာ သမ္ပဇ္ဇတိ တတ္ထဝ ဂဏှနံ ပဋိသံဟရိတ္ဝာ၊ တေ သတိယာ အနုဗန္ဓန္တော အပ္ပနာဝသေန စ စိတ္တံ ဌပေန္တော အနုဗန္ဓနာယ စ ဖုသနာယ စ ဌပနာယ စ မနသိ ကရောတိတိ ဝုစ္စတိ·လို့ မိန့်တော်မူကြသောကြောင့် ဝင်လေထွက်လေတို့ တိုးထိရာ နှာသီးဝ နှာသီးဖျားတွင် သတိနှင့်တကွ သော စိတ်ကို စိုက်ထားလျက် မိမိစိတ်ကို ဝင်သက်ထွက်သက်တည်းဟူသော တိုင်၌ သတိတည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်ထားကာ သတောကာရီပြုပါ။

သတောကာရီဆိုသည်မှာ သတိကို ဖြစ်စေ၍ သတိကို မစွန့်ဘဲ သတိရှိသည်ဖြစ်၍သာလျှင် ဝင်သက်ထွက်သက်ကို ဖြစ်စေသည်ကို သတောကာရီဆိုပါတယ်။ သတောဟူသောစကားဖြင့် သတိနှင့်ယှဉ်သော ဉာဏ်ပညာကိုလည်းယူရသည်။ သတိမာ ဟောတိ ပရမေန သတိနေပက္ကေန သမန္နာဂတောဟု မိန့်တော်မူသည်၊ အဒ္ဓါနဒီဃအဿာသာကာရ, ပဿာသာကာရ, အဿာသပဿာသာကာရ သုံးမျိုးတို့တွင် ဒီဃအဿာသာကာရ၌-ယာပန နေသံ ဒီဃရဿတာ၊ သာ ကာလဝသေန ဝေဒိတဗ္ဗာ၊ အဒ္ဓါနသခ်ါ-

တေတိ အဒ္ဓါနန္တိ သခ်ဂတေ ဒီဃေ ကာလေ၊ ဒီဃံ ခဏန္တိ အတ္ထောလို့ ဖွင့်ကြသောကြောင့် နှာသီးဝ နှာသီးဖျားကို တိုးထိဝင်သော အဿာသဝင်လေဖောင့ဗွာရုံကို ပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲနင်းသကဲ့သို့ ရှည်ရှည်ဆွဲ၍ ထိုးထိရာဖြစ်သော နှာသီးဝ နှာသီးဖျားကသာလျှင် ဝင်လေထွက်လေတို့ကို မိအောင် ဖမ်းလျက် စိတ်ကို အပွနာဖြစ်လောက်အောင် ထား၍ ရှည်ရှည်တိုးထိသွားသည်ကို သတိထားလျက် သိပါစေ။ အဿာသ ဝင်လေတခုတည်းကိုသာ ရှည်ရှည်ရှုလျက် တနေ့နှင့် ပုရိမယာမ် ပစ္ဆိမယာမ် နှစ်ယာမ်တို့ကာလပတ်လုံး လေ့ကျင့်အားထုတ်ပါ။ ရှည်ရှည်ဆိုသော်လည်း သင့်တော်ရုံ ရှည်ပါ။ မောအောင် ပင်ပန်းအောင် မရှည်ရ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ အမှုကိစ္စများလှ၍ အားထုတ်ခွင့် မရသော် နေ့စဉ်အမှန် တနာရီ အားထုတ်ပါလေ၊ မုဆိုးစိုင်သင်ဆိုသလို အလုပ်ကသင်သွား၍ ဥဂ္ဂဟနိမိတ်ပေါ်လာပါလိမ့်မည်။ ရှည်ရှည်ဟူ၍လည်း စိတ်ထဲက နှလုံးသွင်းပါလေ၊ နောက်တနေ့တွင် ပဿာသထွက်လေတခုတည်းကိုသာ ရှည်ရှည်ရှိုက်ထုတ်လျက် ရှည်ရှည်တိုးထိသွားသည်ကို သတိထားလျက် သိပါစေ၊ နောက်တနေ့တွင် အဿာသ ဝင်လေနှင့် ပဿာသထွက်လေ စုံတဲ့၍ ရှည်ရှည်ရှု ရှိုက်ထုတ်လျက် ရှည်ရှည်တိုးဝင်သွားတိုးထွက်သွားသည်ကို သတိထားလျက် သိပါစေ၊ ဤပုံမရေတွက်ဘဲ ဝင်လေထွက်လေတို့ကို အစဉ်မိအောင် ဖမ်းလျက် အပွနာဖြစ်လောက်အောင် စိတ်ထားပြီး နှလုံးသွင်း အားထုတ်ခြင်းသည် အနုဗန္ဓနာ ဖုဿနာနည်း ဖြစ်ပါတယ်၊ နှေးနှေးရေတွက်သော် ဓညမာမက စပါးချင်သောနည်းသည် ရှည်ရှည်ရှုရှိုက်ထုတ်ရမည်ဆိုသည်နှင့် အတူတူပင်တည်း။ မြို့တံခါးစောင့် ယောကျ်ားသည် မြို့တွင်းမြို့ပသို့ သွားလာသော ယောကျ်ားတို့ကို မစုံစမ်းဘဲ တံခါးဝသို့ရောက်လာသော ယောကျ်ားတို့ကိုသာ စုံစမ်းသကဲ့သို့ နှာသီးဝမှ အတွင်းသို့ ဝင်သွားသောလေ အပသို့ထွက်သွားသောလေတို့ နောက်သို့ မလိုက်ဘဲ နှာသီးဝသို့ တိုးထိရောက်လာသော လေတို့ကို သတိထား၍ သိနေရပါတယ်။ အားထုတ်စဉ်အခါ စိတ်ကိုလွှန်ပြီး တွေ့ပြီးသောအာရုံ ခြောက်ပါးဆီသို့ မပြေးပါစေနှင့်၊ တွေ့ရလတ္တံ့သော အာရုံခြောက်ပါးကို စိတ်မပါပါစေနဲ့၊ တွန့်တိုဆုတ်နစ် ပျင်းရိသော ထိနမိဒ္ဓနှင့်ယှဉ်သောစိတ်ကို မဖြစ်ပါစေနှင့်၊ မအိပ်ဘဲ တနေ့လုံး တညလုံး လွှန်စွာအားထုတ်သော ဝီရိယကိုလဲ မဖြစ်ပါစေနှင့် တပ်မက်မောသော ရာဂနှင့်ယှဉ်သောစိတ် ဒေါသ

နှင့်ယှဉ်သောစိတ်တို့ကို မဖြစ်စေဘဲ သဒ္ဓါနှင့် ပညာ ဝီရိယ သမာဓိ ညီမျှအောင် ညှို့၍ အားထုတ်ပါလေ။

ထင်ပေါ်လာတတ်သော နိမိတ်များ

တနေ့ထက်တနေ့ ရေးပြခဲ့ပြီးသောနည်းအတိုင်း ပွါးများအားထုတ်၍ ကောင်းလာသောအခါ ဝါတမာရလေအစဉ်လေတန်းဟုဆိုအပ်သော ဥဂ္ဂဟနိမိတ်ကို မျက်စိဖြင့် မြင်ရသကဲ့သို့ မနောဖြင့် တွေ့မြင်ရသောအခါ လွန်စွာတိုးတက်၍ အားထုတ်လိုသော ကုသလစ္ဆန္ဒဖြစ်ပေါ်လာပါတယ်။ ထိုအခါမှစ၍ ဆန္ဒဝသာကာရသုံးပါး အားထုတ်ပုံဖြစ်ကာ နေပါတော့သည်။ တိုးတက်၍ လွန်စွာအားထုတ်သောအခါ မျက်နှာရွှေမှ ညို့.ညို့ မှိုင်းမှိုင်း ဝိုင်းလျက် အလယ်မှ ဝင်းကနဲ ဝါကနဲ စိမ်းကနဲ ပြာကနဲ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ပေါ်လာသော ဥဂ္ဂဟနိမိတ်ကိုဌင်း, မျက်နှာရွှေ ပြေးသွားလိုက် ပြန်လာလိုက်နဲ့ နေသော အရောင်အမျိုးမျိုးဟု ဆိုအပ်သော ဥဂ္ဂဟနိမိတ်ကိုဌင်း, မနောဖြင့် မြင်တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာတဲ့ ပါမောဇ္ဇတရုဏပီတိ ဖြစ်ပေါ်ကာ လာပါသည်။ ထိုအခါမှစ၍ ပါမောဇ္ဇ-ဝသာကာရ သုံးပါးသောအားထုတ်ပုံ ဖြစ်ကာ နေပါတော့သည်။ ထိုအခါ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပရိကမ္မဘာဝနာ, ပရိကမ္မသမာဓိ ဖြစ်ကာ နေသည်။

အားထုတ်သောအခါ အခ္ခိုသော ယောဂီမှာ အဿာသ ဝင်လေကိုသာ ကောင်းစွာသိမှတ်နိုင်ပါတယ်။ အခ္ခိုသော ယောဂီမှာ ပဿာသ ထွက်လေကိုသာ ကောင်းစွာသိမှတ်နိုင်ပါတယ်။ အခ္ခိုသောပုဂ္ဂိုလ်ကား ဝင်လေထွက်လေ နှစ်ပါးစုံကို ကောင်းစွာသိမှတ်နိုင်ပါတယ်။ ဝင်လေထွက်လေနှစ်ပါးစုံကို ကောင်းစွာသိမှတ်နိုင်သော ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ရပါတယ်။ ဒီဃအဿာသာကာရစသည်တို့၏ အစွမ်းဖြင့် အားထုတ်၍ အတော်အသားကျသောအခါ ရဿအဿာသာကာရစသော ကိုးပါးသော အခြင်းအရာတို့ဖြင့်လည်း အားထုတ်ပါ၊ ဂေါပါလက နွားကျောင်းသားသည် နွားကိုမြန်စွာ ရေတွက်သကဲ့သို့ လျင်မြန်စွာ ရှုရှုံက်ပေးပါ။ ဒီဃအဿာသာကာရစသော ကိုးပါးသောအခြင်းအရာတို့ဖြင့် အားထုတ်စဉ်ကကဲ့သို့ ရဿအဿာသာကာရစသော ကိုးပါးသော အခြင်းအရာတို့ ဖြစ်ကာ သွားပါတော့သည်။ ထင်ပေါ်လာတတ်သော နိမိတ်တို့မှာ အခ္ခိုု

သောယောဂီမှာ ချမ်းသာသော အတွေ့ကိုဖြစ်စေသော လဲဝါဂ္ဂမ်းအစု ဗိုင်း ဝါဂ္ဂမ်းအစုကဲ့သို့ဌင်း, ဝ၊တခေါရလေအစဉ်လေဟုန်ကဲ့သို့ဌင်း ထင်လာတတ် ပါတယ်။ ဤကား ကေစ္စေတို့ ဆိုပုံတည်း။

တာရကရူပံ ဝိယ၊ သောက်ရှူးကြယ်၏ အရောင်အဆင်းကဲ့သို့ဌင်း, မဏိ-ဂုဋ္ဌိကာ ဝိယ၊ ပတ္တမြားလုံးကဲ့သို့ဌင်း, မုတ္တာဂုဋ္ဌိကာ ဝိယ၊ ပုလဲလုံးကဲ့သို့ဌင်း, ကြမ်းတမ်းသောအတွေ့ရှိသော ဝါစေ့ကဲ့သို့ဌင်း, အနှစ်ရှိသောသစ်သား အခွံန်ကဲ့သို့ဌင်း, ဒီဃပါမင်္ဂသုတ္တံ ဝိယ၊ ရှည်စွာသော ဆောက်လုံးကြိုးကဲ့ သို့ဌင်း, ပန်းဆိုင်းကဲ့သို့ဌင်း, မီးခိုးအညွှန့်ကဲ့သို့ဌင်း, ပုံ့ကျယ်သောပင့်ကူ ချည်မျှင်ကဲ့သို့ဌင်း, တိမ်တိုက်အပြင်ကဲ့သို့ဌင်း, ပဒုမ္မာကြာပွင့်ကဲ့သို့ဌင်း, ရထားလှည်းဘီးစက်ကဲ့သို့ဌင်း, လဝန်းကဲ့သို့ဌင်း, နေဝန်းကဲ့သို့ဌင်း ထင်လာတတ်ပါတယ်။ ယောဂီတယောက်တည်းမှာ ထင်ပုံနိမိတ်တို့ အကုန် မထင်နိုင်ပါ၊ ယောဂီတို့ရဲ့ ဘာဝနာသညာအားလျော်စွာ ထင်နိုင်ပါတယ်။ သညဇဉ် ဧတံ သညာနိဒါနံ သညာပဘဝံ-ဟု မိန့်ဆိုပါတယ်။ ဟိ ယုတ္တံ၊ သင့်စ့။ ဧတံ နိမိတ္တံ၊ ဤနိမိတ်သည်။ သညဇံ၊ ဘာဝနာသညာကြောင့်ဖြစ်၏။ သညာနိဒါနံ၊ ဘာဝနာသညာလျှင် အကြောင်းရှိ၏။ သညာပဘဝံ၊ ဘာဝ-နာသညာလျှင် အမှန်အစရှိ၏။ ထင်လာတတ်သော နိမိတ်အာရုံအပေါင်း တို့တွင် လဲဝါဂ္ဂမ်းစသော နိမိတ်သုံးခုကား ဥဂ္ဂဟနိမိတ်ဖြစ်သည်။ ပတ္တမြား လုံး, ပုလဲလုံးတို့ကား ပဋိဘာဂနိမိတ်မှာ ဖြစ်သည်။ ကြင်းသောနိမိတ်တို့ ကား ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် နှစ်ပါးစုံမှာ ဖြစ်သည်။ ဝိသုဒ္ဓိမဂ်မှာ မလာသော ဘုရား အရိုးစုစသော နိမိတ်တို့လည်း အခွို့သောယောဂီမှာ ထင်လာကြပါသေးတယ်။ ဥဂ္ဂဟနိမိတ်အာရုံများ မျက်နှာရှေမှာ ပေါ်လာ လိုက် ပျောက်သွားလိုက် မျက်နှာရှေ ပြေးသွားလိုက် မျက်နှာဆီ ပြေးလာ လိုက် မျက်နှာရှေမှာ ချာချာလယ်နေလိုက်နှင့် အတော်ရုတ်ရုက်ခတ်၍ နေသောအခါ အဿာသ ဝင်လေ, ပဿာသ ထွက်လေများ မထင်ရှားဘဲ ဖြစ်၍ နေပါတော့သည်။ နှာသီးဝ နှာသီးဖျားမှာဘဲ သတိကို ကပ်ထား၍ သိအောင်ပြုပါလေ။

မျက်စိဖြင့် မြင်တွေ့ရသကဲ့သို့ မနောဒွါရ၌ ဖြစ်သော မနောဝိညာဉ်ဖြင့် မြင်တွေ့ကာ နေသော ကြယ်ရောင်အစရှိသော ဥဂ္ဂဟနိမိတ်များပေါ်လာရာ အခိုက်အတန့်မှာပင် လွန်စွာကြိုးကုတ်အားထုတ်သော ယောဂီအား ဥဂ္ဂဟ

နိမိတ်ထက် လွန်စွာ သန့်ရှင်းစင်ကြယ်သော ပေသီးလုံးလောက်ပမာဏရှိသော ပတ္တမြားရောင်, ပုလဲရောင်တို့ကဲ့သို့ အဆင်းရှိသော ပဋိဘာဂနိမိတ်အာရုံပေါ်လာကာ ပျောက်ကွယ်၍သွားတတ်သည်။ တခါတခါ ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ နေတတ်သည်၊ ထိုပဋိဘာဂ နိမိတ်ဖြစ်ပေါ်လာသည်မှစ၍ ပယ်အပ်ပြီးသော နိဝရဏတည်းဟူသောဘေးရန်ရှိသော ကာမာဝစရသမာဓိဟုဆိုအပ်သော ဥပစာရဘာဝနာဖြစ်ကာ နေတော့သည်။ ပဋိဘာဂနိမိတ် ဥပစာရဘာဝနာဖြစ်သည်ကစ၍ ဝိပဿနာကူးသွားလိုက ကူးသွားနိုင်ပါတော့သည်။ ကာလကြာမြင့်အောင် နေနိုင်သောယောဂီတို့မှာ ထင်ပေါ်လာသမျှသော အာရုံများကို အလေးမပြုဘဲ နှာသီးဝတ့ဉ် သတိနှင့်တကွသော စိတ်ကို ကပ်ထား၍ ဝင်လေထွက်လေတို့ကိုသာ ဖမ်း၍နေပါက ကာလကြာမြင့်ခဲ့သော် အာရုံများကင်းကွာ၍ စင်ကြယ်ကာ သွားပါလိမ့်မည်။ အာရုံတွေမလာသောအခါမှ ဝိပဿနာကူးယူလျှင် အကျိုးများပါလိမ့်မည်။ ဤယောဂီရဟန်းသည် အထက်၌ ဆိုအပ်ပြီးသောကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်ကြာစွာ ဝင်သက်ကိုဖြစ်စေခဲ့သော် ရှည်ကြာစွာ ဝင်သက်ကိုဖြစ်စေတယ်။ ရှည်ကြာစွာထွက်သက်ကိုဖြစ်စေသော် ရှည်ကြာစွာ ထွက်သက်ကိုဖြစ်စေတယ်လို့ သိရပါတယ်။ ထို့အတူ တိုစွာသော ဝင်သက်ကိုဖြစ်စေသော် တိုစွာသောဝင်သက်ကို ဖြစ်စေတယ်။ တိုစွာသော ထွက်သက်ကို ဖြစ်စေသော် တိုစွာသောထွက်သက်ကို ဖြစ်စေတယ်လို့ သိရပါတယ်။ ဒီပုံသိသော ယောဂီအား ယောဂီ၏ နှာသီးဝဠ်ဖျား, အထက်နှုတ်ခမ်းဠ်ဖျား, ကာလအားဖြင့် ရှည်ကြာသော ဝင်သက်, ထွက်သက်သည်ဖျား, ကာလအားဖြင့် တိုစွာသော ဝင်သက်, ထွက်သက်သည်ဖျား ဤပုံ လေးပါးသော အခြင်းအရာတို့သည် ဖြစ်လာပါကုန်တော့သည်။

ဒီဃော ရဿော စ အဿာသော၊ ပဿာသောပိ စ တာဒိသော။
စတ္တာရော ဝဏ္ဏာ ဝတ္တန္တိ၊ နာသိကဂ္ဂေ ဝ ဘိက္ခုနောတိ။

ဘိက္ခုနော၊ ရူပံ,ရှိုက်ပုံကို သိသောရဟန်း၏။ နာသိကဂ္ဂေဝ၊ နှာသီးဝဠ်လည်း။ ဒီဃော စ၊ ကာလအားဖြင့် ကြာရှည်သည်လည်း ဖြစ်သော။ ရဿော စ၊ ကာလအားဖြင့် တိုသည်လည်းဖြစ်သော။ အဿာသောပိ စ၊ ဝင်သက်သည်ဖျင်း။ တာဒိသော၊ ထိုသို့ ကာလအားဖြင့် ရှည်ကြာတိုသော သဘောရှိသော။ ပဿာသောပိ စ၊ ထွက်သက်သည်ဖျင်း။ ဣတိ၊ ဤသို့။

စတ္တာရော၊ လေးမျိုးကုန်သော။ ဝဏ္ဏာ၊ အခြင်းအရာ အာကာရတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

ထို ယောဂီရဟန်းအား လေးပါးသော အခြင်းအရာတို့တွင် တခုသော အခြင်းအရာဖြင့် ကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ ပြည့်စုံကာသွားပါတော့သည်။

စတုန္နဉ္စဿ အာကာရာနံ ဧကေနာကာရေန ကာယာနုပဿနာသတိ-ပဋ္ဌာနဘာဝနာ သမ္ပဇ္ဇတီတိ ဝေဒိတဗ္ဗာ-ဟု မိန့်၏။

ဒိဃရဿခန်း ပြီးဆုံးသွားပါပြီ။

သဗ္ဗကာယပဋိသံဝေဒီခန်း

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံ-ဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

မြန်မာ။ ။သဗ္ဗကာယပဋိသံဝေဒီ၊ အဲလုံးစုံသော ဝင်သက်အပေါင်း၏ အစ,အလယ်,အဆုံးကို အသီးအသီးပြု၍ ကောင်းစွာ သိလေ့ရှိသည်။ (ဝါ) အလုံးစုံသော ဝင်သက်အပေါင်း၏ အစ,အလယ်,အဆုံးကို အသီးအသီးပြု၍ ရှိသေစွာ သိတတ်သည်။ ဟုတ္တာ၊ ဖြစ်၍။ အဿသိဿာမိ၊ ဝင်သက် ဖြစ်စေအံ့။ ဣတိ မနသိ ကတ္တာ၊ ဤသို့ နှလုံးပိုက်၍။ သိက္ခတိ၊ ကျင့်၏။ (ဝါ) အားထုတ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်အပေါင်း၏ အစ,အလယ်,အဆုံးကို အသီးအသီးပြု၍ ကောင်းစွာသိလေ့ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ပဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေအံ့။ ဣတိ မနသိ ကတ္တာ၊ ဤပုံ နှလုံးသွင်း၍။ သိက္ခတိ၊ ကျင့်၏။

ဝင်သက်,ထွက်သက်တို့၌ ကျင့်ပုံအစီအရင် အတူတူပင်ဖြစ်သော်လည်း တသီးတခြားစီပြု၍ ယောဂီတို့ကျင့်အပ်သည်ကို ပြခြင်းငှါ ဒေသနာနှစ်မျိုး ထား၍ ဟောတော်မူပါတယ်။ အဋ္ဌကထာဆရာလည်း တသီးတခြားပြု၍ ဖွင့်တော်မူပါတယ်။ ထို့ကြောင့် တသီးတခြားအားထုတ်ပုံ ရေးပြပါမည်။ အားမထုတ်မီ အစစ္စာ ဝင်လေ၏ အာဒီအစကား နှာသီးဝ, နှာသီးဖျား, အထက်နှုတ်ခမ်း။ မဇ္ဈ အလယ်ကား ဟဒယနှလုံးသား ရင်ချိုက်။ ပရိ-

ယောသာန အဆုံးကား ချက်။ ထုက်လေ၏ အာဒိအစကား ချက်။ မဇ္ဈ အလယ်ကား ဟဒယန္နလုံးသား ရင်ချိုက်။ ပရိယောသာန အဆုံးကား နှာသီးဝ အထက်နှုတ်ခမ်းတည်း။ ဤပုံ အစ,အလယ်,အဆုံးကို သိထားရပါတယ်။ ဒီဃခန်း,ရဿခန်းမှာ ဝင်လေ,ထုက်လေတို့၏ ရှည်သောအဖြစ်တိုသောအဖြစ်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိရပါတယ်။ သိရပါသော်လဲ မခဲယဉ်းလှပါ။ ဤ သဗ္ဗကာယပဋိသံဝေဒီခန်းသည်ကား ကြိုးတန်းပေါ်မှာ လျှောက်သွားရဘိသကဲ့သို့ ခဲယဉ်းလှပါတယ်။ ထို့ကြောင့် မပွါးများမီ ဝင်လေ,ထုက်လေတို့၏ အစ,အလယ်,အဆုံး သုံးပါးလုံးကို သိစေအံ့၊ ထင်ရှားပေါ်လွင်စေအံ့ဟု ဉာဏ်နှင့်ယှဉ်သောစိတ်ဖြင့် ဥဿာဟ အားထုတ်မှု တခုတိုး၍ အားထုတ်ရပါတယ်။

ဣတော ပဋ္ဌာယ ကတ္တာဗ္ဗဿ ဉာဏုပ္ပါဒနာဒိနော အာကာရဿ ဒဿနတ္ထံ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိအာဒိနာ နယေန အနာဂတဝစနဝသေန ပါဠိ အာရောပိတာတိ ဝေဒိတဗ္ဗာ ဟု မိန့်၏။

၁။ အားထုတ်သော ယောဂီအပေါင်းတို့တွင် အခ္ခါသော ယောဂီသည် မှုန့်မှုန့်ညက်ညက် ပျံ့နှံ့လျက်ရှိသော ဝင်သက် အစဉ်အတန်းတို့တွင် အစဖြစ်သော နှာသီးဝမှာသာ ထင်ရှား၍ အစဖြစ်သော လေအစဉ်ကိုသာ သိစွမ်းနိုင်ပါတယ်။ အလယ်,အဆုံးကို မသိနိုင်ပါ။

၂။ အခ္ခါသော ယောဂီသည် ဝင်သက် အစဉ်အတန်းတို့တွင် အလယ်ဖြစ်သော ရင်ချိုက်မှာသာ ထင်ရှား၍ အလယ်ဖြစ်သော လေအစဉ်ကိုသာ သိစွမ်းနိုင်ပါတယ်။ အစ,အဆုံးကို မသိနိုင်ပါ။

၃။ အခ္ခါသော ယောဂီသည် ဝင်သက် အစဉ်အတန်းတို့တွင် အဆုံးဖြစ်သော ချက်မှာသာ ထင်ရှား၍ အဆုံးဖြစ်သော လေအစဉ်ကိုသာ သိစွမ်းနိုင်ပါတယ်။ အစ,အလယ်ကို မသိနိုင်ပါ။

၄။ အခ္ခါသော ယောဂီသည် အစ, အလယ်, အဆုံး သုံးပါးလုံးမှာ ထင်ရှား၍ အစ,အလယ်,အဆုံး သုံးပါးလုံး ထင်ထင်လင်းလင်း သိမြင်ကာသွားပါတယ်။ ထိုပုဂ္ဂိုလ်တို့တွင် အစ,အလယ်,အဆုံး သုံးပါးလုံးကို ထင်ထင်လင်းလင်း သိမြင်သွားသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် အားထုတ်ရာသည်။

ပဂေဝ သတိညာဏ်ဥ ပစ္စုဋ္ဌပေတ္ဝာ တိသုပိ ဌာနေသု ညာဏသမ္ပယုတ္တမေဝ စိတ္တံ ပဝတ္တေတဗ္ဗန္တိ အဓိပ္ပါယော။

အစစ္စာသာလျှင် သတိနှင့်ညာဏ်ကိုဖြစ်စေ၍ သုံးပါးသော အစ,အလယ်, အဆုံးတို့၌လည်း ညာဏ်နှင့်ယှဉ်သောစိတ်ကိုသာ ဖြစ်စေရမည် ဆိုလိုသည်။ ထွက်သက်မှာလည်း ထို့အတူပင်တည်း။ အားထုတ်ပုံ- ဝင်သက်ကို ရှုမည် ရှိခဲ့လျှင် အမှတ်တမဲ့ မရှုမူ၍ ထိရာဌာန နှာသီးဝမှစ၍ ဝမ်းပိုက်တွင်းတွင် ဆုံးရာဌာနချက်တိုင်အောင် ဝင်သက်အစဉ်သန္ဋာန်ကို စိတ်၌ ထင်ရှား အောင်ပြု၍ ဝင်သက်ကိုရှုမည်ဟု အားထုတ်၍ ရှုရမည်။ ထို့သို့ အားထုတ်ရာ၌ နှာသီးဝဟု ဆိုအပ်သော ထိရာဌာန၌ သတိနှင့်တကွသော စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍ အားထုတ်ရမည်၊ ထိရာဌာနမှ ရွှေ့သို့လည်း မလိုက်ရ, နောက်သို့လည်း မပြေးသွားစေရ၊ ဥဂ္ဂဟနိမိတ်များ ပေါ်လွင်ထင်ရှားနေသော်လည်း အာရုံပြု၍မနေရ၊ ဝင်လေ၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို အကုန်ပေါ်လွင်ထင်ရှား၍ သိသွားစေမည်ဟူသော အားထုတ်မှုတခုတိုး၍ ထိရာဌာန နှာသီးဝ၌ပင် သတိနှင့်တကွသောစိတ်ကို စိုက်ထား၍သာလျှင် အားထုတ်ရမည်။ စ,လယ်,ဆုံး ဟူ၍လည်း နှလုံးသွင်းရမည်။ ဝင်သက်ကို အားထုတ်၍ အတော် အသားကျသွားသောအခါ ထွက်သက်ကိုလည်း ဆက်လက်၍ အားထုတ်ရမည်။ အားထုတ်သောအခါ အစစ္စာ ထွက်သက်ကို ထုတ်လွှတ်မည်ရှိခဲ့လျှင် အမှတ်တမဲ့ မလွှတ်မူ၍ ဝမ်းတွင်း၌ ချက်မှအစပြု၍ ထိရာဌာနတိုင်အောင် ထွက်သက်အစဉ် သန္ဋာန်ကို စိတ်၌ထင်ရှား အောင်ပြု၍ ထွက်သက်ကို လွှတ်မည်,ထုတ်မည်ဟု အားထုတ်မှုတခုတိုး၍ ထွက်သက်ကို လွှတ်ရမည်။ ဝင်သက်မှာ ရေးပြပြီးသော အစီအရင်အတိုင်း အားထုတ်ပါလေ၊ နှာသီးဝမှာသာ စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ အားထုတ်သော်လည်း စိတ်တို့၏ ဗျာပါရမည်သည် အလွန်ပုံ့.နှံ့.နိုင်သော သဘော သတ္တိရှိသောကြောင့် ဝင်သက်,ထွက်သက်တို့၏ အစ, အလယ်, အဆုံးကို ပေါ်လွင်ထင်ရှားစွာ သိမြင်၍သွားလတ္တံ့၊ ဥပမာ ကလေးသူငယ်တို့၏ ပုခက်ကိုလွှဲသော အမေကြီးသည် ပုခက်ကို ကြိုးနှင့် ချည်ထားသော တိုင်ရင်း၌သာ ထိုင်နေ၍ ပုခက်ကို လွှဲကာနေပါတယ်။ ထို အမေကြီးသည် ပုခက်တိုင်ရင်း၌ ထိုင်လျက်သာ အစဉ်အားဖြင့် သွားလာ၍နေသော ပုခက်၏ ဟိုဘက်,ဒီဘက် အစွန်းအလယ်တို့ကို မြင်ရန် အားမထုတ်သော်လည်း ပုခက်၏ ဟိုဘက် ဒီဘက် အစွန်းအလယ်တို့ကို

မြင်ကာ နေသကဲ့သို့တည်း။ ယောဂီသည် အဖန်ဖန် အာဒီးထုတ်ပွါးများသောကြောင့် ဝင်သက် ထွက်သက်တို့၏ အစ,အလယ်,အဆုံးကို ထင်ရှားပေါ်လွင်စွာ သိမြင်၍လာသောအခါ သဗ္ဗကာယပဋိသံဝေဒီခန်းသည် ပြီးဆုံးပါတော့သည်။

စတုက္ကခန်း

ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ ကရဇကာယသည် ပြုအပ်သော ဝင်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘေန္တော၊ ငြိမ်းစေ,ချုပ်စေလျက်။ အဿသိဿာမိ၊ ဝင်သက်ကို ဖြစ်စေအံ့။ ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးပိုက်၍။ သိက္ခတိ၊ ကျင့်၏။ ကာယသင်္ခါရံ၊ ကရဇကာယသည် ပြုအပ်သော ထွက်သက်ကို။ ပဿမ္ဘယံ ပဿမ္ဘေန္တော၊ ငြိမ်းစေ,ချုပ်စေလျက်။ ပဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေအံ့။ ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးပိုက်၍။ သိက္ခတိ၊ ကျင့်၏။

စတုက္ကခန်းကို အာဒီးထုတ်လိုသော ယောဂီသည် ဒီဃရဿ သဗ္ဗကာယခန်းတို့ဖြင့် အာဒီးထုတ်၍ ဝင်လေ,ထွက်လေတို့၏ နူးညံ့သိမ်မွေသော အဖြစ်သို့ ရောက်ခဲ့ငြားသော်လည်း အစစ္စာ ကိုယ်ကို သိမ်းဆည်း၍ၜင်း, စိတ်ကို သိမ်းဆည်း၍ၜင်း သိမ်းဆည်းပြီးသည်မှ နောက်ကာလ ရုန့်ရင်းကြမ်းတမ်းသော ဝင်လေ,ထွက်လေတို့ကို ငြိမ်းစေအံ့,ချုပ်စေအံ့ဟု တဖန် ဆင်ခြင်နှလုံးသွင်း ရပါတယ်။ ဆင်ခြင်နှလုံး သွင်းပြီးနောက် ရုန့်ရင်းကြမ်းတမ်းသော ဝင်လေ,ထွက်လေတို့ကို အာရုံပြု၍ ငြိမ်းစေ-ငြိမ်းစေဟု နှလုံးသွင်းကာ အာဒီးထုတ်မှုတခုတိုးပြီးလျှင် ဝင်လေ,ထွက်လေတို့ကို ဖြည်းညှင်းသာယာစွာ ရှုရှိုက်၍ အာဒီးထုတ်ရပါတယ်။ တစတစ အာဒီးထုတ်သောအခါ ကိုယ်စိတ်များလဲ ငြိမ်းအေးကာ သွားပါတော့သည်။ ကိုယ်စိတ်များ ငြိမ်းအေးသွားသောကြောင့် ဝင်လေ,ထွက်လေတို့လည်း ငြိမ်းအေးကာ သွားပါတော့သည်။ ဝင်လေ,ထွက်လေတို့ ရှိမှ ရှိပါလေ၏ လောဟု စုံစမ်းဆင်ခြင်ရာဖြစ်ရာသော ကာလသို့ ရောက်ကာသွားပါတယ်။ ဝင်လေ,ထွက်လေတို့ တိုးထိသွားရာ နှာသီးဝမှာပင် သတိနှင့်တကွသော စိတ်ကိုခိုင်မြဲစွာ စိုက်ထား၍ ရှာဖွေသော် ဝင်လေ,ထွက်လေ၊ ဝင်သက်,ထွက်သက်တို့ကို တွေ့ကာ လာပါလိမ့်မည်။ ဆက်လက်၍ ပွါးများအာဒီးထုတ်

သောအခါ ပတ္တမြားလုံး, ပုလဲလုံးကဲ့သို့ ပြောင်ပြောင်ဝင်းဝင်းဴ ထွန်းလင်းတောက်ပ၍ အလွန်ကြည်လင်သော ပဋိဘာဂနိမိတ် အာရုံပေါ်ကာ လာလိမ့်မည်။ ထိုအခါ ယောဂီသည် ပဋိဘာဂနိမိတ်အာရုံ၌သာ စိတ်ကိုထား၍ ပွါးများပါ။

တေ သတိယာ အနုဗန္ဓန္တော အပ္ပနာဝသေန စ စိတ္တံ ဌပေန္တော အနုဗန္ဓနာယ စ ဖုသနာယ စ ဌပနာယ စ မနသိ ကရောတိတိ ဝုစ္စတိ။

ဟု မိန့်ဆိုအပ်သည်နှင့်အညီ အနုဗန္ဓနာဌပနာနည်းတို့ဖြင့် အားထုတ်ခဲ့ရာ ဤအခါမှစ၍ ယောဂီပုဂ္ဂိုလ်အား အနုဗန္ဓနာကို လွှတ်၍ ဌပနာ၏ အစွမ်းဖြင့်သာ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရဘာဝနာ, ဥပစာရ-သမာဓိ ဖြစ်ကာနေတော့သည်။

နိမိတ္တေ ဌပယံ စိတ္တံ၊ နာနာကာရံ ဝိဘာဝယံ။
ဓိရော အဿာသပဿာသေ၊ သကံ စိတ္တံ နိဗန္ဓတိ။

မြန်မာ။ ။နိမိတ္တေ၊ ပဋိဘာဂနိမိတ်၌။ စိတ္တံ၊ ဘာဝနာစိတ်ကို။ ဌပယံ ဌပယန္တော၊ ထားလျက်။ အဿာသပဿာသေ၊ ဝင်သက်ထွက်သက်သက်၌။ ယော နာနာကာရော၊ စတ္တာရော ဝဏ္ဏာဟူ၍ ဆိုအပ်သော အကြောင်အထူးထူးသော အခြင်းအရာသည်။ အတ္ထိ၊ ရှိ၏။ တံ နာနာကာရံ၊ ထို အထူးထူးသော အခြင်းအရာကို။ ဝိဘာဝယံ ဝိဘာဝယန္တော အနုဗန္ဓနာပေန္တော။ ချုပ်ကွယ်စေလျက်၊ (တနည်း) အဿာသပဿာသေ၊ ဝင်သက် ထွက်သက်ကို မှီ၍ဖြစ်သော ပဋိဘာဂနိမိတ်၌။ ဓိရော၊ ပညာရှိသည်။ သကံ စိတ္တံ၊ မိမိစိတ်ကို။ နိဗန္ဓတိ ဥပနိဗန္ဓတိ၊ ဖွဲ့ချည်ကာထား၏။

အနုဗန္ဓနာကို လွှတ်၍ ဌပနာ၏အစွမ်းဖြင့်သာ ပဋိဘာဂနိမိတ်အာရုံ၌ စိတ်ကိုထား၍ ပွါးရမည်ဆိုလိုသည်။ ပဋိဘာဂနိမိတ်ဆိုသည်မှာ ပကတိသော ဝင်သက်ထွက်သက်လေကို လွှန်၍ အဆင်းသဏ္ဌာန်အရောင်အလင်းနှင့်တကွ လဲဝါဂွမ်းအစု ဗိုင်းဝါဂွမ်းအစု ပတ္တမြားလုံး ပုလဲလုံး ပုလဲသွယ်အစရှိသည်တို့ကဲ့သို့ တခုခု ဖြစ်ထွန်းပေါ်ပေါက်၍လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂနိမိတ်ဆိုသည်။ ထိုပဋိဘာဂနိမိတ် ပညတ်အာရုံ အထူးထင်ရှားစွာ စိတ်အမြင်မှာ နှလုံးသွင်းတိုင်း ဖြစ်ပေါ်ထင်မြင်လာအောင် အားထုတ်ရသည်။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ဌပနာနည်းဖြင့် အားထုတ်ရာ၏။ ဌပနာဆိုသည်ကား ပဋိဘာဂနိမိတ်မည်သည် ပညတ်အာရုံ အထူးဖြစ်၍

အာရုံအသစ်ကဲ့သို့ ဖြစ်ကာနေ၏။ သဘာဝဓမ္မမျိုးမဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တဖန် ထင်ပေါ်လာရန်အမှုလည်း မလွယ်ပေ။ ထို့ကြောင့် ထင်မြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ်မပျောက်စေမူ၍ တနေ့တခြား ထင်ရှားသည်ထက် ထင်ရှား၍ ပွင့်လင်းသွားအောင် ထိုပဋိဘာဂနိမိတ်အာရုံ၌ စူးစူးစိုက်စိုက် အာဒိုက်ဘိစီး၍ စိတ်ကို ထားရ၏။

ဆက်ဦးအံ့၊ ထိုသို့ ဥပစာရသမာဓိဖြင့် စိတ်တည်ငြိမ်နေသောအခါ ကာလ၌ တရားအားထုတ်သောယောဂီသည် ထိုပဋိဘာဂနိမိတ်အာရုံကို အဆင်းအရောင်အားဖြင့် မရှုကြည့်ရ၊ အနိစ္စစသောလက္ခဏာအားဖြင့်လည်းမရှုကြည့်ရ၊ ထိုပေါ်လာသော ပဋိဘာဂနိမိတ်အာရုံကို ပွါး၍ အပ္ပနာစျာန်ကို တထိုင်တည်းဖြင့် ရစ္ဆမ်းနိုင်မှကား ကောင်းလေစ့။ မရနိုင်မှကား နှလုံးသွင်းဆောင်ရွက်ရမည့်ကိစ္စမှာ မင်း မိဖုရားသည် စကြဝတေးမင်းလောင်းဖြစ်သော သတိုးသားကို အန္တရာယ်မရောက်အောင် ကောင်းစွာစောင့်ရှောက်သကဲ့သို့ရင်း, လယ်သမားတောင်သူယောကျ်ားသည် သလေးစပါးနှံကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ရင်း, ထို့ရလာပေါ်လာသော ပဋိဘာဂနိမိတ်အာရုံကို မမေ့လျော့သဖြင့် စောင့်ရှောက်ထိန်းသိမ်းထားရမည်။ စောင့်ရှောက်ပုံမှာ သင့်လျော်သော ကျောင်း ဆွမ်းခံရွာ စကားပြောခြင်း ပုဂ္ဂိုလ် ဘောဇဉ် ဥတု ဣရိယာပုထ်၊ ဤခုနစ်မျိုးတို့ကို မှီဝဲ၍ ကျင့်ကြံကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်အား အပ္ပနာစျာန် ဖြစ်ပေါ်ကာလာတတ်ပါတယ်။ ဤပုံကြိုးစားအားထုတ်သော်လည်း အပ္ပနာစျာန်ကို မရသေးမူ ဆယ်ပါးအပြားရှိသော အပ္ပနာကောသလ္လကို ပြည့်စုံစေရာပါတယ်။

အပ္ပနာကောသလ္လ ဆယ်ပါး

အပ္ပနာကောသလ္လဆယ်ပါးဆိုသည်မှာ——

၁။ ဝတ္ထုဝိသဒကြိယတာ-အစ္ဈတ္တဇဟိဒ္ဓဖြစ်သော ဝတ္ထုတို့ကိုသန့်ရှင်းစင်ကြယ်အောင်ပြုခြင်း။

၂။ ဣန္ဒြိယသမတ္တပဋိပါဒနတာ-သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိတို့ကို ညီမျှအောင်ပြုသောအဖြစ်။

၃။ နိမိတ္တကုသလတာ-နိမိတ်အာရုံ၌ လိမ္မာသောအဖြစ်။

၄။ ချီးမြှောက်သင့်သောအခါ စိတ်ကို ချီးမြှောက်ခြင်း။

၅။ နှိပ်သင့်သောအခါ စိတ်ကို နှိပ်ခြင်း။
၆။ ရှင်လန်းစေသင့်သောအခါ စိတ်ကို ရှင်လန်းစေခြင်း။
၇။ လျစ်လျူရှုသင့်သောအခါ စိတ်ကို လျစ်လျူရှုခြင်း။
၈။ မတည်ကြည်သမာဓိမရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း။
၉။ တည်ကြည်သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။
၁၀။ တဒဓိမုတ္တတာ-ထိုသမာဓိကို နှစ်လုံးသွင်းသောအဖြစ် အလေးပြုသောအဖြစ်။

ဤဆယ်ပါးအပြားရှိသော အပ္ပနာကောသလ္လကို ပြည့်စုံစေရာပါတယ်။ ဤပုံ အပ္ပနာကောသလ္လဆယ်ပါးကို ပြည့်စုံစေသော ယောဂီအား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ အပ္ပနာစျာန်ဖြစ်ပေါ်လာမှုကား ကောင်းလေစ့၊ အကယ်၍ အားထုတ်ပါသော်လဲ အပ္ပနာစျာန်ဖြစ်ပေါ်မလာခဲ့သော် အားလျော့ခြင်း စိတ်ပျော့ခြင်းကို မဖြစ်စေရာ။ သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိ အညီညီ၍ အခါခပ်သိမ်းတွန့်တိုပျင်းရိသောစိတ် တုန်လှုပ်ချောက်ချားသော စိတ်တို့ကို မဖြစ်စေမူ၍ ပဋိဘာဂနိမိတ်အာရုံသို့ ရှေးရှု စိတ်ကို ထား၍ အားထုတ်ရာ၏။ ဤပုံအားထုတ်သော ယောဂီအား ယခုအခါ အပ္ပနာဖြစ်တော့လတ္တံ့ ဟု ဆိုသင့်သော ကာလ အားထုတ်သည်၏အစွမ်းဖြင့် ထင်ပေါ်လာသော ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပသော ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒ္ဒါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ,စျာန်၊ ထို့နောင် ဘဝင်ဖြစ်ထိုက်သ၍ ဖြစ်ကာသွားပါတော့သည်။ အပ္ပနာဘာဝနာ အပ္ပနာသမာဓိလဲဖြစ်ကာ နေပါတော့သည်။ အပ္ပနာ-သမာဓိဖြစ်ကာမှ ဝိပဿနာကူးလိုလျှင် အပ္ပနာစျာန်ရအောင် အားထုတ်ပါ။ ယခုအခါ အလွန်ခဲယဉ်းဘိတော်း။

ကန္ဒိမြို့၊ ရွှေသိမ်တောရ၊ ဆရာတော်ဘုရားကြီး၏ သမထအားထုတ်ပုံ အားထုတ်နည်းမှာ ဘယ်ကမ္မဋ္ဌာန်းတိုက်နှင့်မှမတူ အလွန်တရာ အားရအားကျစရာ ကောင်းလှပါသည်။ သို့ရာတွင် အပ္ပနာစျာန်ကို ရအောင်ပြုနိုင်သူရှိက တပည့်ပြုလိုပါသည်ဟု သူတော်ကောင်း ပီပီ ဝန်ခံတော်မူပါသည်။

အာနာပါနဿတိသမာဓိဘာဝနာ
ရှုဘွယ်ကျမ်း ပြီးဆုံးပြီ။
သိဝမတ္ထု။

မဟာပညာမေဒီဝိပသနာရှုဘွယ်

နိဒါန်းနှင့်တကွ ဥယျောဇဉ်

ကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ။

(အင်္ဂကအာဂုံတို့ရ်)

ဘိက္ခဝေ၊ အို ချစ်သားတို့။ ခေါ၊ စင်စစ်။ ဗြဟ္မစရိယဝါသာယ၊ မြတ်သော မဂ္ဂပဋိပဒါအကျင့်ကို ကျင့်သုံး၍နေခြင်းငှါ။ ကောဝ၊ တခု သာလျှင်ဖြစ်သော။ ခဏော စ၊ အခွင့်သည်၎င်း။ သမယော စ၊ အချိန် သမယသည်၎င်း။ အတ္ထိ၊ ထင်ရှားဖြစ်လာ၏။ ဝေ-ဖြင့် ရှစ်ပါးသော ခဏ တို့ကိုကား မဂ္ဂပဋိပဒါ ဝိပဿနာအကျင့်ကို ကျင့်ခွင့်မရနိုင်သောကြောင့် အကွာ အခွင့်မဟုတ်တဲ့ အခါရှစ်ပါးလို့ သိစေသည်။

လာဘာ ဝေါ ဘိက္ခဝေ သုလဒ္ဓံ ဝေါ ဘိက္ခဝေ ခဏော ဝေါ ပဋိလဒ္ဓေါ ဗြဟ္မစရိယဝါသာယ။

(သဋ္ဌာယတနသံယုတ်)

ဘိက္ခဝေ၊ အို ချစ်သားတို့။ ယေ ကွေမေ မနုဿာတ္တာ, ဗုဒ္ဓုပ္ပါဒ, သဒ္ဓါဓိ-ဂမာဒယော၊ အကြင်လူ၏အဖြစ် ဘုရားပွင့်တော်မူရာကာလ သဒ္ဓါတရား စသည်တို့ကို ရခြင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ လာဘာ၊ ထို လူ၏ အဖြစ်စသည်တို့ကို ရခြင်းတို့သည်။ ဝေါ၊ သင်ချစ်သားတို့အား။ ဒုဟော ဝတာ၊ သြော် ကောင်းလေစွတကား။

ဘိက္ခဝေ၊ အို ချစ်သားတို့။ ယဉ္စ မနုဿာတ္တံ၊ အကြင် လူ၏ အဖြစ်ကို လည်း။ ဝေါ၊ သင်တို့သည်၊ (ဝါ) သင်တို့အား။ သုလဒ္ဓံ၊ ကောင်းစွာ ရအပ်၏။ ကွဒံ၊ ဤသို့ လူ၏အဖြစ်ကို ကောင်းစွာရခြင်းသည်။ အဟော၊ သြော်-ကောင်းလေစွတကား။ ဝေါ၊ သင်ချစ်သားတို့သည်။ ဗြဟ္မစရိယ-ဝါသာယ၊ မြတ်ဖသောမဂ္ဂပဋိပဒါအကျင့်ကို ကျင့်သုံး၍နေခြင်းငှါ။ ခဏော၊ မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒနဝမခဏကို။ ပဋိလဒ္ဓေါ၊ ရအပ်ပြီ။

ဆိုလိုသည်မှာ မြတ်စွာဘုရား ဖြစ်ထွန်းပေါ်ပေါက်ရာ ဗုဒ္ဓပွါဒနဝမ အခွင့်အခါသည်ကား မြတ်သော မဂ္ဂပဋိပဒါဝိပဿနာအကျင့်ကို ကျင့်သုံး၍ နေထိုင်ခြင်း၏ အခွင့်ကောင်း,အခါကောင်း ဖြစ်တယ်၊ ဗုဒ္ဓပွါဒနဝမ ခဏသည်ကား ကမ္ဘာသခ်ျာ,သခ်ျ လွန်လေသော်လည်း တကြိမ်တခါ လောက်သာ တွေ့ကြရသောကြောင့် တွေ့ကြုံရန် အလွန်ခဲယဉ်းပါတယ်။ မြတ်စွာဘုရား ဖြစ်ထွန်းပေါ်ပေါက်ရန်မှာ ဗျာဒိတ် ရပြီးသည်နောက် လေးသခ်ျ, ရှစ်သခ်ျ, တဆဲခြောက်သခ်ျနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ဒါန, သီလစသော ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စရိယသုံးပါးတို့ကို ကိုယ်နှင့်အသက်တို့ကို မငဲ့ကွက်ဘဲ ရက်စက်စွာ စတုရင်္ဂဓိရိယဖြင့် အားထုတ်ကျင့်ကြံနိုင်မှ ဖြစ်ထွန်း ပေါ်ပေါက်နိုင်တယ်။ ကမ္ဘာကြီးတခုတခုတွင်လည်းသံဝဋ္ဋအသခ်ျယျကပ်,သံဝဋ္ဋဌာယီအသခ်ျ-ယျကပ်, ဝိဝဋ္ဋအသခ်ျယျကပ်, ဝိဝဋ္ဋဌာယီအသခ်ျယျကပ်လို့ လေးမျိုးရှိတယ်။

ထိုတွင် အသခ်ျယျကပ် တကပ်ဆိုသည်မှာ အလျားအနုံ တယူဇနာရှိသော ကျောက်တောင်ကို ဥပါသိကာမ၏ ပုခုံးထက်၌ တင်လျက်ရှိသော တဘက်ပုဝါဖြင့် အနှစ်တရာ-တထောင်ကြာမှ တကြိမ်သာ တို့ထိသော်လည်း ကုန်ခန်း၍သွားရသော ပမာဏလောက် ရှည်ကြာတယ်။ အသခ်ျယျကပ် လေးကပ်ပေါင်းကိုမှ ကမ္ဘာကြီးတခုလို့ ခေါ်ပါသတည်း။ ထို့ကြောင့် ဗုဒ္ဓပွါဒနဝမ အခွင့်အခါကား အလွန်တရာ တွေ့ကြုံရခဲလေသည်။ မြတ်စွာဘုရားပွင့်တော်မူရာ ဝိဝဋ္ဋအသခ်ျယျကပ်တွင်လည်း အန္တရကပ် ခြောက်ဆယ်လေးကပ် ရှိတယ်။ ထို အန္တရကပ်တို့တွင်လည်း အများဆုံး အန္တရကပ် ငါးကပ်သာ မြတ်စွာဘုရားပွင့်တော်မူရာ နဝမအခွင့်အခါ ဖြစ်နိုင်တယ်။

ငါးဆူပွင့်က ငါးကပ်, လေးဆူပွင့်က လေးကပ်, သုံးဆူပွင့်က သုံးကပ်, နှစ်ဆူပွင့်က နှစ်ကပ်, တဆူပွင့်က တကပ်သာ နဝမခဏ ဘုရားပွင့်တော်မူရာ အခွင့်အခါ ဖြစ်နိုင်ပါတယ်။ ကျန် အန္တရကပ်များ၌ မြတ်စွာဘုရားမပွင့်၊ မြတ်စွာဘုရားမှ ဆိတ်တဲ့ သုညကမ္ဘာသာ ဖြစ်ချေသည်။ ငါတို့ ဘဒ္ဒကမ္ဘာ၌ အန္တရကပ် ဆဲငါးကပ်အလွန်တွင် ကကုသန်ဘုရား ပွင့်တော်မူသည်။ အစဉ်အတိုင်း အန္တရကပ်အလွန်အလွန်တွင် ကောဏာဂုံ, ကဿပ, ဂေါတမဘုရားတို့ ပွင့်တော်မူကြသည်။ အန္တရကပ် နှစ်ဆယ်တွင် အရိ-

မေတ္တာယျဘုရား ပဋ္ဌင်တော်မူလတ္တံ့၊ ကျန် အန္တရကပ် လေးဆယ့်လေးကပ်၌ မြတ်စွာဘုရား မပဋ္ဌင်၊ မြတ်စွာဘုရားမှ ဆိတ်တဲ့ သည်ကမ္ဘာသာ ဖြစ်ချေသည်။

မြတ်စွာဘုရား ပဋ္ဌင်တော်မူရာ အန္တရကပ်ကား ဝါဒကဲ့ပြားလျက် ရှိ၏။ ဘဒ္ဒကမ္ဘာမှနောက် ကမ္ဘာတသိန်းလွန်မြောက်မှ မြတ်စွာဘုရား ပဋ္ဌင်တော်မူမည်။ ထိုကြောင့် မြတ်စွာဘုရား ပဋ္ဌင်တော်မူရာ ကာလကား တွေ့ရန် ခဲယဉ်းသည်။ ဘုရားပဋ္ဌင်တော်မူရာ အချိန်အခါလည်းဖြစ်, ကိလေသာ ငြိမ်းအေးရာ နိဗ္ဗာန်ဆောင်တတ် လေးပါးသောမဂ်ဉာဏ်သို့ ရောက်စေတတ်သော သစ္စာလေးပါးတရားကို ဟောကြားသော အခွင့်အခါ ဖြစ်သော်လည်း မိမိက ငရဲတွင်ကျနေ၍ စင်စစ် ဆင်းရဲဒုက္ခ အဝဝကို ခံစားကာ နေရသောကြောင့် မဂ္ဂပဋ္ဌိပဒါ ဝိပဿနာအကျင့်ကို ကျင့်ခွင့် မရနိုင်ချေ။ တိရစ္ဆာန်, ပြိတ္တာများလည်း ပဋ္ဌိသန္ဓေ, ဉာဏ်ပညာကကင်း ဆင်းရဲခြင်းနှင့်ပြည့်စုံသောကြောင့် မဂ္ဂပဋ္ဌိပဒါဝိပဿနာအကျင့်ကို ကျင့်ခွင့် မရနိုင်ချေ။

အသက်ရှည်ကြာစွာ နေရသော အသညသတ်, အရူပဗြဟ္မာများလည်း ရုပ်သက်သက်ချည်း, နာမ်သက်သက်ချည်းဖြစ်၍ ပရတောဃောသ-ပစ္စည်း မရနိုင်သောကြောင့် မဂ္ဂပဋ္ဌိပဒါဝိပဿနာအကျင့်ကို ကျင့်ခွင့်မရနိုင်ချေ။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့ မသွားလာ မနေထိုင်ရာ ပစ္စန္တရစ်အရပ်တွင်ဖြစ်ကြသော တောသားလူရိုင်းများလည်း ပရတောဃောသ-ပစ္စည်း သူတပါးထံမှတရားသံကို မနာခံရသောကြောင့် မဂ္ဂပဋ္ဌိပဒါဝိပဿနာအကျင့်ကို ကျင့်ခွင့် မရချေ။ မိစ္ဆာဒိဋ္ဌိအယူရှိသူသည် မြတ်စွာဘုရားပဋ္ဌင်တော်မူရာ အခါအခွင့် ကြုံကြိုက်လင့်သော်လည်း မိစ္ဆာဖောက်ပြား အယူမှားနေသောကြောင့် မဂ္ဂပဋ္ဌိပဒါဝိပဿနာအကျင့်ကို ကျင့်ခွင့်မရချေ။ ဒုပ္ပညာ ပညာမရှိသော ပုဂ္ဂိုလ်သည် သုဘာသိတ ကောင်းစွာ ဟောကြားအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို သိခြင်းငှါ မစွမ်းနိုင်သောကြောင့် ဘုရားပဋ္ဌင်တော်မူရာ အခွင့်အခါနှင့်တွေ့သော်လည်း မဂ္ဂပဋ္ဌိပဒါဝိပဿနာအကျင့်ကို ကျင့်ခွင့် မရနိုင်ချေ။ ပညဝန္တ ပညာရှိပုဂ္ဂိုလ်သည် သုဘာသိတ ကောင်းစွာ ဟောကြားအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်သော်လည်း ဘုရား

ပွင့်တော်မူရာ အခွင့်အခါနှင့် မတွေ့သောကြောင့် မဂ္ဂပဋိပဒါဝိပဿနာ အကျင့်ကို ကျင့်ခွင့်မရနိုင်ချေ။ ဤကား အကွာဏ မဂ္ဂပဋိပဒါဝိပဿနာကို ကျင့်ခွင့်မရသော အခါရှစ်ပါးတည်း။

ထို့ကြောင့် သာသနာတော်နှင့် တွေ့ကြုံခိုက် အားထုတ်လိုက်ကြပါ ဆိုလိုသည်။ နိဗ္ဗာန်ဆိုတာ အနီးကလေးပါ၊ မဝေးလှပါဘူး၊ ရသွားပါ လိမ့်မည်။ ကြုံကြိုက်ရခဲ့, အားထုတ်ရခဲပုံတို့ကို နခသိခကာဏကဇ္ဈာပမသုတ်တို့ဖြင့်လည်း မျော်ကြလေ။

ငတိပြိအ၊ ပမိဒုပ၊ ဤ ရှစ်ဝ၊ မှတ်ကြအကွာဏ။
မဂ္ဂပဋိပဒါ၊ ဝိပဿနာ၊ လျင်မြန်စွာ၊ ကျင့်ရာမရပါ။

ဣမ စေ နံ ဝိရာဓေတိ၊ သဒ္ဓမ္မဿ နိယာမကံ။
ဝါဏိဇော၀ အတိတဏ္ဍော၊ စိရတ္တံ အနုတပ္ပိဿတိ။

ဝါဏိဇော၊ ကုန်သည်သည်။ အတိတဏ္ဍော၊ လွန်ပြီးသော အကျိုး စီးပွါးရှိသည်။ (ဝါ) ယုတ်လျော့ပျက်ပြားမတိုးပွါးသော စည်းစိမ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ စိရတ္တံ၊ ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး။ အနုတပေယျ ဣဝ၊ အဖန်ဖန် စိုးရိမ်ကြောင့်ကြ ပူလောင်ရသကဲ့သို့။ တထာ၊ ထို့အတူ။ ဣမ၊ ဤ သာသနာတော်တွင်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား ခုနစ်ပါးကို။ နိယာမကံ၊ မြဲစေတတ်သော။ နံ အရိယမဂ္ဂံ၊ ထို အရိယာမဂ်ကို။ ကောစိ၊ တစုံတယောက်သော။ ပမတ္တစာရီ၊ မေ့မေ့လျော့လျော့ ပြုကျင့်လေ့ရှိသော အမျိုးသား-အမျိုးသမီးသည်။ ဣမံ ခဏံ၊ ဤ ဗုဒ္ဓုပ္ပါဒနဝမ အချိန်အခါကို။ လဘိတ္ဝာ၊ ရငြားသော်လည်း။ စေ ဝိရာဓေတိ၊ အကယ်၍ ချုတ်ယွင်းစေအံ့။ ဝါ၊ အကယ်၍ မပြီးစေအံ့။ အတိတဏ္ဍော၊ ယုတ်လျော့ပျက်ပြားသော အကျိုးစီးပွါးရှိသည်ဖြစ်၍။ စိရတ္တံ၊ ကြာမြင့်စွာသော နေ့ညဉ့်ကာလပတ်လုံး။ အနုတပ္ပိဿတိ၊ အဖန်ဖန် ပူပန်ရလတ္တံ့သတည်း။

ဆိုလိုသည်မှာ ဤမည်သော မြို့-နိဂုံး-ဇနပုဒ်တွင် ဥစ္စာဘဏ္ဍာအဖြာဖြာသော ရတနာတို့ ဖြစ်ထွန်းပေါ်ပေါက်ကာ နေတယ်လို့ ကြားရလျက် တယောက်သော ကုန်သည်သည် အရောင်းအဝယ်မသွား, အခြားသော ကုန်သည်တို့သာ ရောင်းဝယ်၍ ဥစ္စာဘဏ္ဍာရတနာတို့ကို ယူကြကုန်ရာ၏။ အရောင်းအဝယ်မသွား ဥစ္စာဘဏ္ဍာမရငြားသော ကုန်သည်သည် မျှားစွာ

သော နေ့ညဉ့်ပတ်လုံး နောင်တတဖန် ပူပန်ရသကဲ့သို့ ထိုအတူ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် အကျင့်မဟန်သောသူသည် ဗုဒ္ဓပွါဒနဝမအချိန်အခါကို ရငြားသော်လည်း တမင်တဖို့လ် လွဲချော်၍ သွားချေကဘဝသံသရာတွင် ဆင်းရဲဒုက္ခအဝဝနှင့် တွေ့ကြုံရမည်ဖြစ်သောကြောင့် အဖန်ဖန် စိုးရိမ်ပူဆွေး ငိုကြွေးရလတ္တံ့ဟု ဆိုလိုသည်။

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ၊
ဧဝမေဝ ခွါဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ ဘဝံ န ဝဏ္ဏေမိ။

ဘိက္ခဝေ၊ အိုချစ်သားတို့။ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ဂူထော၊ ကျင်ကြီးသည်။ ဒုဂ္ဂန္ဓော၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ သေယျထာပိ၊ ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊ အိုချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ ဧဝမေဝ၊ ပမာဆိုမူ ထို့အတူသာလျှင်။ ခေါ၊ စင်စစ်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသော။ ဘဝမ္ပိ၊ ဘဝကိုလည်း။ န ဝဏ္ဏေမိ၊ မချီးမွမ်း။

ဆိုလိုသည်မှာ အနည်းငယ်မျှသော ကျင်ကြီးသည် စက်ဆုပ်ရွံရှာဘွယ်သာ ဖြစ်သကဲ့သို့၊ ထို့အတူ ချစ်သား-ချစ်သမီးတို့ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ပြီးနောက် အနည်းငယ်ဖြစ်ကြရသော ဘုံဘဝ ရုပ်နာမ်သည်လည်း စက်ဆုပ်ရွံရှာဘွယ်သာ ဖြစ်ချေသည်။ ထို့ကြောင့် ကိစ္စတုံး, ဘဝတုံး ရဟန္တာအဖြစ်တိုင်အောင် အားထုတ်ပါ ဆိုလိုသည်။

တပေါင်းလပြည့် ဥတ္တရဖဂ္ဂုနီ နက္ခတ်နှင့်ယှဉ်သောအခါ သုဒ္ဓရိက-ပယာဂ ဗာဟုက မြစ်များတွင် ရေချိုးခဲ့သော် တန္ခစ်အတွက် ပြုမိလျက် ရှိသော မကောင်းမှုများ ကင်းစင်ကာ သွားသည်လို့ ယူသော သုဒ္ဓရိက ဘာရဒွါဇပုဏ္ဏား၏ မိစ္ဆာဒိဋ္ဌိအယူကို ပယ်နှုတ်ရန်။

သုဒ္ဓဿ ဧဝ သဒါ ဖဂ္ဂု၊ သုဒ္ဓသုပေါသထော သဒါ။
သုဒ္ဓဿ သုစိကမ္မဿ၊ သဒါ သမ္မဒ္ဓတေ ဝတံ၊ ဣဓေဝ သိနှာဟိ ဗြာဟ္မဏာ။
(ဝတ္တသုတ်)

သုဒ္ဓဿ၊ ကိလေသာမရှိ၍ စင်ကြယ်သောပုဂ္ဂိုလ်အား။ ဧဝ၊ စင်စစ်၊ သဒါ၊ အခါခပ်သိမ်း။ ဖဂ္ဂု၊ ဥတ္တရဖဂ္ဂုနီနက္ခတ်သည်။ ဟောတိ၊ ဖြစ်၏။

သုဒ္ဓဿ၊ အား။ သဒါ၊ အခါခပ်သိမ်း။ ဥပေါသထော၊ ဥပုသ်သုံးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သုဒ္ဓဿ၊ သော။ သုစိကမ္မဿ။ စင်ကြယ်သောကာယကံ စသည်တို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား။ သဒါ၊ အခါခပ်သိမ်း။ ဝတံ၊ မဂ္ဂပဋိပဒါအကျင့်သည်။ သမ္ပဇ္ဇတေ၊ ပြည့်စုံနိုင်၏။ ဗြာဟ္မဏ၊ သုန္ဒရိကဘာရဒ္ဒါဇပုဏ္ဏား။ ဣဓေဝ၊ ဤသာသနာတော်၌သာလျှင်။ သိနာဟိ၊ မဂ်ရေစင်ဖြင့် စင်ကြယ်အောင်သွန်းလောင်းလေလော့။

ဆိုလိုသည်မှာ စင်ကြယ်သော ကာယကံစသည်ရှိသော ပုဂ္ဂိုလ်အား အခါခပ်သိမ်း ဥတ္တရဖဂ္ဂုနီနက္ခတ်နှင့်ယှဉ်ခြင်း ဥပုသ်သုံးခြင်း မဂ္ဂပဋိပဒါအကျင့်ဖြစ်ကာ နေတယ်။ ဤသာသနာတော်တွင်သာ မဂ်ရေစင်ဖြင့် စင်ကြယ်အောင် သွန်းလောင်းပါလော၊ အခြားသောသာသနာမြစ်မျှားတွင် ဆေးကြောသုတ်သင် ရေစင်ချိုးသော်လည်း လောဘစသောကိလေသာ အညစ်အကြေးမှ မစင်ကြယ်နိုင်ပါ ဆိုလိုသည်။

သဒ္ဓါဒယော ဟိ ပဥ္စ ဓမ္မာ၊ ဗာဟိရသ္မိမ္ပိ ဟောန္တိ၊ ဝိပဿနာဉာဏံ သာသနသ္မိံ ယေဝ....(ပဋ္ဌာယတနသုတ်အဋ္ဌကထာ)

ဟိ၊ ထိုစကားသင့်စ့။ သဒ္ဓါဒယော၊ သဒ္ဓါအစရှိကုန်သော။ ပဥ္စ ဓမ္မာ၊ ငါးပါးသော တရားတို့သည်။ ဗာဟိရသ္မိမ္ပိ၊ သာသနာပဋ္ဌ ဘော်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ သာသနသ္မိံ-ယေဝ၊ အံ့ဘွယ်ရှစ်ဖြာ သာသနာဋ္ဌသာလျှင်။ ဟောတိ၊ ဖြစ်၏။

ဆိုလိုသည်မှာ သဒ္ဓါ, ရုစိ, အနုဿဝ, အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တိ, တရားငါးပါးတို့သည် သာသနာပမှာဖြစ်စေ သာသနာတော်တွင်းမှာဖြစ်စေ ရှိကြ၏။ ဝိပဿနာဉာဏ်ကား သာသနာတော်တွင်းသာ ရှိသည်ဆိုလိုသည်၊ အရှင်ဘုရား သာရိပုတ္တရာ ဤသာသနာတော်တွင် ဘယ်အလုပ်သည် အားထုတ်နိုင်ခဲပါသနည်းလို့ လျှောက်ထားသည်။ ငါ့ရှင် သာမဏေက ရဟန်းပြုရခြင်းသည် ခဲယဉ်းပါတယ်၊ ရဟန်းပြုရခြင်းထက် ဘာခဲယဉ်းပါသလဲ၊ အဘိရတိ မွေ့လျော်ပျော်ပိုက်စွာ နေနိုင်ရန် ခဲယဉ်းပါသည်။ သမထဝိပဿနာကျင့်သော ရဟန်းသည် ဘယ်မျှလောက်ကြာမှ ရဟန္တာဖြစ်ပါသနည်း၊ ငါ့ရှင် မကြာမြင့်မီ ရဟန္တာဖြစ်မည်၊ နစိရံ အာဝုဇသော၊ လို့မိန့်ကြားတော်မူသည်။ အားတက် အားကျဘွယ်ပင်၊

(သာမဏေကသံယုတ်၊)

သဗ္ဗညုမြတ်စွာဘုရားသည် ဂေါသိင်္ဂမည်သော အင်ကြင်း ဥယျာဉ် တောဝယ် ထင်ရှား ကျော်စောသော အသျှင်အာနန္ဒာ, ရှင်ရေဝတ, ရှင်အနုရုဒ္ဓါ, ရှင်မဟာကဿပ, ရှင်မဟာမောဂ္ဂလ္လာန်, ရှင်သာရိပုတ္တရာ စသော တပည့်ကျော်သံဃာတော်ပေါင်း တသောင်းတို့နှင့် သီတင်းသုံး နေတော်မူတယ်၊ ထိုအခါ ရှင်သာရိပုတ္တရာက စည်းဝေးရောက်လာသော ရှင်အာနန္ဒာစသော ပုဂ္ဂိုလ်တို့အား ဂေါသိင်္ဂမည်သော ဤအင်ကြင်း ဥယျာဉ်တောကို ဘယ်ဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည် တင့်တယ် တောက်ပစေနိုင်ပါသနည်းလို့ မေးတော်မူလေသည်။ ဗဟုသုတတေဒဂ်ရ ရှင်အာနန္ဒာသည် မိမိအစ္ဆာသယအား လျော်စွာ ဤသာသနာတော်တွင် သီတင်းသုံးဘော် ရဟန်းတို့သည် ဗဟုသုတ များသောအကြား အမြင် ရှိကြကုန်မူကား ဩဇာ ကောင်းလေစွဟု ကြံတော်မူသည်။ အကြောင်း မူကား ဗဟုသုတရှိသောပုဂ္ဂိုလ်သာ ကပ်ဝယ အကပ်ဝယ အပ်မအပ်၊ သာဝဇ္ဇ-အနဝဇ္ဇ အပြစ်ရှိမရှိ၊ ဂရုက လဟုက အာပတ်၊ သတေကိစ္ဆ အတေကိစ္ဆ ကုစားကောင်း မကုစားကောင်းများကို ထင်ရှားပိုင်နိုင်စွာ သိ၏။ သင်ယူ အပ်ပြီးသော မြတ်စွာဘုရားတရားတော်တို့ကို ဆင်ခြင်သော် ဤအရာ ဌာနတွင် သီလ၊ သမာဓိ၊ ပညာ၊ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဟောတော်မူ၏ဟု သိ၍ အရာအားလျော်စွာ သီလသမာဓိတို့ကို ဖြည့်ကျင့်ပြီးလျှင် ဝိပဿနာ အရာတွင် ဝိပဿနာတိုက်ကိုယူလျက် မဂ္ဂပဋိပဒါကို ပွါးများသော် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုနိုင်၏။ ထို့ကြောင့် အသျှင်သာရိပုတ္တရာ ဗဟုသုတရဟန်းသာ ဂေါသိင်္ဂမည်သော ဤ အင်ကြင်း ဥယျာဉ်တောကို တင့်တယ်စေနိုင်ရာပါတယ်ဘုရားလို့ ဖြေကြားလေသည်။

စျာနာဘိရတ ဧတဒဂ်ရ အသျှင်ရေဝတသည် မိမိအစ္ဆာသယအား လျော်စွာ ဤသာသနာတော်တွင် သီတင်းသုံးဘော်တို့သည် တယောက် ထီးတည်း ကိန်းအောင်းလျက် ကသိုဏ်းပရိကံကိုပြု၍ ရှစ်ပါးသောသမာ ပတ်တို့ကို ဖြစ်စေပြီးလျှင် စျာန်ပြဋ္ဌာန်းသော ဝိပဿနာကို ပွါးများလျက် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုနိုင်ကြကုန်မူကား ဩဇာ ကောင်းလေ စွဟု ကြံတော်မူသည်။ ထို့ကြောင့် အသျှင်သာရိပုတ္တရာ စျာနာဘိရတ ရဟန်းသာ ဂေါသိင်္ဂမည်သော ဤအင်ကြင်းဥယျာဉ်တောကို တင့်တယ်စေ နိုင်ရာပါတယ်ဘုရားလို့ ဖြေကြားလေသည်။

ဒိဗ္ဗစက္ခုက တေဒဂ်ရ ရှင်အနုရုဒ္ဓါသည် မိမိအစ္ဆာသယအားလျော်စွာ ဤသာသနာတော်တွင် သီတင်းသုံးဘော်တို့သည် အာလောကအရောင်အလင်းကို တိုးပွါးစေ၍ ဒိဗ္ဗစက္ခုဉာဏ်မျက်ရှုဖြင့် များစွာသောစကြဝဠာတို့၌ ပျောက်ကွယ်သေဆုံးကုန် မွေးဖွားကုန်သော သတ္တဝါတို့ကို ကြည့်ရှု၍ ဝဋ်ဘေးဖြင့် စိတ်ကို ထိတ်လန့်စေလျက် ဝိပဿနာကိုပွါးများသော် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်မူကား ဩဇာ ကောင်းလေစွတကား ထို့ကြောင့် အသျှင်ဘုရား သာရိပုတ္တရာ ဒိဗ္ဗစက္ခုက အဘိညာဉ်ရ ရဟန်းသာ ဂေါသိင်္ဂမည်သော ဤအင်ကြင်းဥယျာဉ်တောကို တင့်တယ်စေနိုင်ရုပါတယ်ဘုရားလို့ လျှောက်ကြားလေသည်။

ဓုတင်တေဒဂ်ရ ရှင်မဟာကဿပသည် မိမိအစ္ဆာသယအားလျော်စွာ ဤသာသနာတော်တွင် သီတင်းသုံးဘော်တို့သည် ဓုတင်္ဂဒရိုကုန်လျက် ဓုတင်၏ အစွမ်းအာနုဘော်ဖြင့် အကြောင်းနှင့်တကွသော တဏှာကို ညှိုးနွမ်းစေ၍ အမျိုးမျိုးသော ကိလေသာတို့ကို ခါတွန်လျက် ဝိပဿနာကို ပွါးများသည်ရှိသော် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြကုန်မူကား ဩဇာ ကောင်းလေစွတကား ထို့ကြောင့် အရှင်ဘုရား သာရိပုတ္တရာ ဓုတင်ကို ဆောက်တည်လျက် ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံသောရဟန်းသာ ဂေါသိင်္ဂမည်သော ဤအင်ကြင်းဥယျာဉ်တောကို တင့်တယ်စေနိုင်ပါတယ်ဘုရားလို့ လျှောက်ကြားလေသည်။

ဣဒ္ဓိတေဒဂ်ရ အသျှင်မဟာမောဂ္ဂလ္လာန်သည် မိမိအစ္ဆာသယအားလျော်စွာ ဤသာသနာတော်တွင် သီတင်းသုံးဘော်တို့သည် အဘိဓမ္မာကို ဆောင်လျက် နူးညံ့သိမ်မွေ့သော အရာဌာနတို့၌ ဉာဏ်ကိုစေလွှတ်၍ ဝိပဿနာကို ပွါးများသော် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုကုန်မူကား ဩဇာ ကောင်းလေစွတကား ထို့ကြောင့် အသျှင်ဘုရား သာရိပုတ္တရာ အဘိဓမ္မာဆောင် ဓမ္မကထိကရဟန်းသာ ဂေါသိင်္ဂမည်သော ဤအင်ကြင်းဥယျာဉ်တောကို တင့်တယ်စေနိုင်ရုပါတယ်ဘုရားလို့ လျှောက်ကြားလေသည်။

ထို့အခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် အသျှင်သာရိပုတ္တရာကို တပည့်တော်တို့ အသီးအသီး ထင်မြင်ယူဆပုံ လျှောက်ကြားပြီးပါပြီ၊ အသျှင်ဘုရား ဘယ်လို ယူဆပါသနည်းဟု လျှောက်ထားသည်ရှိသော် ပညာ

ဇေတဒဂ်ရ အသျင်သာရိပုတ္တရာသည် မိမိအစ္ဆာသယအားလျော်စွာ ဤသာသနာတော်တွင် ပညာရှိ သီတင်းသုံးဘော်တို့သည် စိတ်အလိုသို့ မလိုက်ကြကုန်ဘဲ စိတ်ကို မိမိအလိုဌ် ထားနိုင်လျက် စိတ်ကိုတုန်လှုပ် ချောက်ချားစေတတ်သော လောဘ, ဒေါသ·စသော ကိလေသာတို့ကို ဖျက်ဆီးပြီးလျှင် ဝိပဿနာကို ပွါးများခဲ့သော် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မျက်မှောက်ပြုနိုင်ကုန်မှုကား ဩဇာ ကောင်းလေစွဟု ကြံတော်မူသည်။ ထို့ကြောင့် ငါ့ရှင်တို့ စိတ်ကို မိမိအလိုဌ် ထားနိုင်သော ပညာရှိရဟန်းသာ ဂေါသိင်္ဂမည်သော ဤအင်ကြင်း ဥယျာဉ်တောကို တင့်တယ် စေနိုင်ရုပါတယ်လို့ လျှောက်ကြားလေသည်။

အသျင်သာရိပုတ္တရာ-စသော မထေရ်ကျော်တို့ အသီးအသီး မိမိတို့သဘောကျဝါဒကို ဖြေကြားပြီးသော် မြတ်စွာဘုရားထံသို့ လျှောက်ကြားရန် သွားကြသည်။ အသျင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဤပုံဝါဒအမျိုးမျိုးကို လျှောက်ထားပြီးသော် အသျင်မြတ်ဘုရား၊ မည်သည့်ပုဂ္ဂိုလ်၏ ဝါဒက အပြစ်ကင်း၍ သန့်ရှင်းခြင်းနှင့် ပြည့်စုံကာ အကောင်းဆုံးဖြစ်ပါသနည်းဘုရားလို့ လျှောက်ကြားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ချစ်သား သာရိပုတ္တရာ၊ အလုံးစုံသောပုဂ္ဂိုလ်တို့၏ ဝါဒသည် အကြောင်း ပရိယာယ်အားဖြင့် အပြစ်ကင်း၍ သန့်ရှင်းသောဝါဒချည်းပါဘဲ၊ သို့သော် ငါ့ဝါဒကို နားထောင်ကြဟု မိန့်တော်မူသည်။ မိန့်တော်မူပုံကား—

> ဣဓ သာရိပုတ္တ ဘိက္ခု ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္ဝာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာ "န တာဝဟံ ဣမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ၊ ယာဝ မေ နာနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိဿတီ"တိ၊ ဇဝရူပေန ဧဝါ သာရိပုတ္တ ဘိက္ခုနော ဂေါသိင်္ဂသာလဝနံ သောဘေယျာတိ—။
>
> (မဟာဂေါသိင်္ဂသုတ်)

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရာမှ ဖဲခွဲပြီးသော်။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားရာမှ နောက်အဘို့ဖြစ်သော ကာလ၌။ ပလ္လင်္ကံ၊

ထက်ဝယ်တင်ပလ္လင်ကို။ အာဘုဇိတ္ဝာ၊ ဖွဲ့ခွေ၍။ ကာယံ၊ အထက်ပိုင်းကိုယ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌပေတ္ဝာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်နေ၏။ ကိံမနသိကတ္ဝာ၊ ဘယ်ပုံ နှလုံးသွင်း၍။ နိသီဒတိ၊ ထိုင်နေသနည်း။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ အနုပါဒါယ၊ တဏှာ မာန ဒိဋ္ဌိ တို့ဖြင့် တစုံတခုသော အာရုံကို မယူမူ၍။ ယာဝ၊ အကြင်မျှလောက်သောကာလပတ်လုံး။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ န ဝိမုစ္စိသတိ၊ မလွတ်လတံ့။ အဟံ၊ ငါသည်။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဣမံ ပလ္လင်္ကံ၊ ဤ ထက်ဝယ်တင်ပလ္လင်ကို။ န ဘိန္ဒိဿာမိ၊ မဖျက်တော့အံ့။ ဣတိ မနသိကတ္ဝာ၊ ဤသို့ နှလုံးပိုက်၍။ နိသီဒတိ၊ ထိုင်နေ၏။ သာရိပုတ္တာ၊ သာရိပုတ္တရာ။ ခေါ၊ စင်စစ်။ ဧဝရူပေန၊ ဤသို့သဘောရှိသော။ ဘိက္ခုနာ၊ ရဟန်းဖြင့်။ ဂေါသိင်္ဂသာလဝနံ၊ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည်။ သောဘေယျ၊ တင့်တယ်ရာ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

မိန့်တော်မူလိုသည်မှာ သဗ္ဗညုမြတ်စွာဘုရားသည် နောင်အနာဂတ်အခါတွင် ဤပုံ ပဋိပတ်အကျင့်ကို ကျင့်လိုကြကုန်သော အမျိုးသား အမျိုးသမီးတို့သည် ဤသို့ ဆင်ခြင်ကြံဆ သဘောရကြလိမ့်မည်၊ ဆင်ခြင်ပုံမှာ မြတ်စွာဘုရားသည် မဟာဂေါသိင်္ဂသုတ်ကို ဟောတော်မူသည်ရှိသော် ချစ်သား သာရိပုတ္တရာ၊ ငါသည် အကြင်မျှလောက်သော ကာလပတ်လုံး ရဟန္တာ မဖြစ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ဤထက်ဝယ်ပလ္လင်ကို မဖျက်အံ့လို့ ဆောက်တည်လျက် အရိုး အကြော ကြွင်းခဲ့ငြားသော် ကြွင်းပစေ၊ အသွေး အသား ခန်းခြောက်ငြားသော် ခန်းခြောက်ပစေ၊ မဂ်ဖိုလ်ကို မရမမနေ အားထုတ်သော လုံ့လမျိုးဖြင့် အားထုတ်သော ရဟန်းသာ ဂေါသိင်္ဂမည်သော အင်ကြင်းတောကို တင့်တယ်စေနိုင်တယ်လို့ ဟောတော်မူသည်။ ငါတို့လည်း မြတ်စွာဘုရားအကြိုက် လိုက်၍ အားထုတ်ကုန်အံ့ဟု အောက်မေ့ကာ ဆွမ်းခံရာ မြို့ရွာမှ ဖဲခဲ့ကုန်ပြီးသော် ဆွမ်းစားရာမှ နောက်အဘို့ကာလတွင် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၍ မြဲမြံစွာ အားထုတ်ကုန်လျက် ရဟန္တာမဖြစ်သမျှ ကာလပတ်လုံး ဤတင်ပလ္လင်ကို မဖျက်ဘဲ၊ ရဟန်းတရား ဝိပဿနာမျှားကို အားထုတ်ထိုက်သည်လို့ အောက်မေ့ကြလိမ့်မည်။

ဤပုံ အောက်မေ့၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော အမျိုးသား အမျိုးသမီးတို့သည် တရက်နှစ်ရက်ဖြင့်သာလျှင် ဇာတိ, ဇရာ, မရဏ၏ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက် ပြုကြလိမ့်မည်ဟု မြင်တော်မူခဲ့သည်။ ဤပုံ နောင်လာနောက်သား လူအများကို ချီးမြှောက် ထောက်ပံ့လို၍ ပဋိပတ်အကျင့်တွင် မွန်မြတ်သော ကလျာဏပုထုဇဉ်ကို ပြုလျက် ရဟန္တာမဖြစ်သမျှ ကာလပတ်လုံး ဤတင်ပလ္လင်ကို မဖျက် အားထုတ်လျက်ရှိသော ကလျာဏ ပုထုဇဉ် အမျိုးသား အမျိုးသမီးသာ ဂေါသိင်္ဂမည်သော အင်ကြင်းဥယျာဉ်တောကို တင့်တယ် တောက်ပစေသည်လို့ မိန့်တော်မူလိုရင်းဖြစ်သည်။ အသျှင်သာရိပုတ္တရာ-စသော တပည့်များလည်း အလွန် ဝမ်းမြောက်ကြသတည်း။ ဤအဆုံးအမတော်ကို နှလုံးသွင်းပိုက် ထောင်နားစိုက်မိကြသော အမျိုးသား အမျိုးသမီးတို့သည် အမေကျော် ဒွေးတော် မလွမ်းကြဘဲ ယခုသာသနာ ယခုဘဝမှာပင် သာသနကိစ္စ အဝဝ ပြီးဆုံးအောင် အားထုတ်ကြလေ၊ အရိမေတ္တေယျသာသနာ မြော်ကာ မနေကြနှင့်တော့လို့ ဆိုလိုသည်။

ကာလကာရာမသုတ်၊ မဟာသစ္စကသုတ်တို့ကို ကြားနာရသော်လဲ သရဏကုံမျှ မတည်၊ ဝါသနာ ဘာဂီမျှသာဖြစ်သော သစ္စကပရိဗိုဇ်သည် သီဟိုဠ်ကျွန်းတွင် သာသနာတည်လာသော် နတ်ပြည်မှ စုတေ သေလွန်၍ ဒက္ခိဏာဂိရိကျောင်းတိုက်၏ ဆွမ်းခံရွာတွင် တဦးသော အမတ်မျိုးဝယ် ဖြစ်လေ၏။ ထို ဗုဒ္ဓရက္ခိတသတို့သားသည် ရှင်ပြုချိန် ရဟန်းတက်ချိန် အခါများတွင် ရှင်ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ယူပြီးလျှင် စာပေပို့ချလျက် ရဟန်းသံဃာပေါင်းများစွာကို အုပ်ချုပ်ကာ နေ၏။ ကာလ-ဗုဒ္ဓရက္ခိတ စာချဆရာတော်သည် အခါတပါး ရဟန်းသံဃာပေါင်းများစွာ ခြံရုံလျက် ဥပဇ္ဈာယ်ဆရာတော်ကို ဖူးမြော်ရန် သွားလေသည်။ ထိုအခါ ဥပဇ္ဈာယ်ဆရာတော်သည် အတူနေတပည့်ဖြစ်သော ဗုဒ္ဓရက္ခိတကို အချစ်တော်မဝင် အပြစ်တော်တင်အံ့မှာဘဲဟု အောက်မေ့၍ စာချဆရာတော် ပြုလုပ်ကာ တပည့်ပေါင်း များစွာနှင့် လာသော ဗုဒ္ဓရက္ခိတနှင့်အတူတက္ခ မျက်နှာချင်းဆိုင် ပြိုင်လျက် တခွန်းတပါဒမျှသောစကားကို မပြောဆို၍။ မိုင်တွေကာ နေတော်မူ၏။ ထို ဗုဒ္ဓရက္ခိတရဟန်းသည် မိုးသောက်ထနီးလင်းအားကြီးအခါတွင် စောစောထ၍ မထေရ်၏ထံသို့ သွားကာ ဆရာ

တော်သခင် အရှင်သူမြတ်ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော် ဂန္ဆမုရ သာသနာဝန် ကျေပွန်အောင် ဆောင်ရွက်ကာ အရှင်သူမြတ်ထံသို့ လာပါသည်။ ဘယ်အပြစ်အတွက် စိတ်ကွက်၍ စကား မိန့်ကြားတော် မမူပါသနည်းလို့ လျှောက်ကြားလေသည်။ ဥပဇ္ဈာယ် ဆရာတော်ဘုရားက—

တုံ့ အာဝုသော ဗုဒ္ဓရက္ခိတ ဇော်တကေနေဝ ပဗ္ဗဇ္ဇာကိစ္စံ မေ မတ္ထကံ ပတ်တန္တိ သည်ံ ကရောသိ။

ငါ့ရှင်ဗုဒ္ဓရက္ခိတ ဤမျှလောက် စာပေပို့ချတတ်ကာမျှဖြင့် ရဟန်းကိစ္စ အပြီး အဆုံးသို့ ရောက်ပြီ မှတ်ထင်သလောဟု မိန့်ကြားတော်မူချေသည်။ အရှင်ဘုရား၊ ဘယ်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရပါမည်နည်း ဘုရားလို့ လျှောက်ကြားလေသည်။ ငါ့ရှင် သင်ကား အခြံအရံ ရဟန်းအပေါင်းကို ပယ်စွန့်၍ တဏှာ, မာန, ဒိဋ္ဌိအတွက် အကျယ်ချဲ့လျက် ရှိသော ပပဉ္စများကို ဖြတ်တောက်ကာ စေတိယပဗ္ဗတ စေတိယတောင် ကျောင်းသို့ သွား၍ ရဟန်းတရား ဝိပဿနာများကို အားထုတ်လောဟု စေခိုင်းတော်မူသည်။ ဗုဒ္ဓရက္ခိတ တပည့်ရဟန်းသည် ဥပဇ္ဈာယ်ဆရာ အဆုံးအမတွင် တည်၍ ဝိပဿနာဘာဝနာကို ပွါးများလေသော် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်ကာသွားတော့၏။

ထို့နောင် စေတိယပဗ္ဗတ စေတိယတောင်ကျောင်းတွင် မင်းပူဇော်ခံ၍ ဘုန်းရှိသော ဆရာတော်ဖြစ်ကာ ရဟန်းသံဃာပေါင်း များစွာ ခြံရံ၍ သီတင်းသုံးကာ နေထိုင်တော်မူသတည်း။ ဤမထေရ်များကို ထောက်ဆ၍လည်း မြတ်စွာဘုရား အလိုကျ အားထုတ်သင့်လှ၏။

(မဟာသစ္စကသုတ် အဋ္ဌကထာ)

ပိဋကတ်သုံးပုံဆောင် အသျှင်ပေါဋ္ဌိလဆရာတော်သည် ခုနစ်ဆူသော မြတ်စွာဘုရားတို့၏ သာသနာတော်တွင် ငါးရာသော ရဟန်းတို့အား စာပေပို့ချကာ နေထိုင်ခဲ့၏။ သဗ္ဗညုမြတ်စွာဘုရားကား ဤပေါဋ္ဌိလ ရဟန်းအား မိမိ၏ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတို့၏ ကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအံ့ဟူသော စိတ်အကြံသော်မျှ မဖြစ်ချေ။ ထိတ်လန့်ကြောက်ရွံ့စေအံ့ဟု ကြံတော်မူသည်။ ထိုအခါ ကာလမှစ၍ ကိုယ်တော် မြတ်အား ခစားလုပ်ကျွေးရန်လာသော ပေါဋ္ဌိလကို ဇော်တုဆ ပေါဋ္ဌိလ၊

အချိန်နှီးသော ပေါဠိလ လာခဲ့လော့ဟူ၍၎င်း၊ နိသီဒ တုစ္ဆ ပေါဠိလ၊ အချိန်နှီးသော ပေါဠိလ ထိုင်လော့ဟူ၍၎င်း၊ သွားသောအခါကာလတွင်လည်း တုစ္ဆပေါဠိလော ဂတော၊ အချိန်နှီးသောပေါဠိလသည် ပြန်သွားချေပြီဟူ၍၎င်း မိန့်ကြားတော်မူသည်။ ပေါဠိလရဟန်းသည် ငါကား အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတို့ကို ဆောင်နိုင်၏။ ငါးရာသော ရဟန်းတို့အား စာပေပို့ချကာ နေ၏။ ထိုသို့ ကောင်းစွာ နေထိုင်ပါသော်လည်း သဗ္ဗညုမြတ်စွာဘုရားကား ငါ့ကို တုစ္ဆပေါဠိလ ဟူ၍သာ မပြတ် မိန့်တော်မူချေသည်။ ငါ့ကို မချွတ်ကေန် အမှန် စျာန်မဂ်စသော တရားတို့ မရှိသောကြောင့် တုစ္ဆပေါဠိလဟု မိန့်တော်မူတယ် အောက်မေ့လျက် ထိတ်လန့် ကြောက်ရွံကာ တောတောင်သို့ဝင်၍ ရဟန်းတရား ဝိပဿနာ များကို အားထုတ်ဦးမည်လို့ ကြံလေသည်။ ထို့နောင် ပေါဠိလဆရာတော်သည် သံဃာကော် သုံးကျိပ်ရှိသော တောကျောင်းသို့ သွား၍ ကမ္မဋ္ဌာန်း တောင်းရာ သံဃာထေရ်အမှူးရှိသော နှစ်ဆဲ့ကိုးပါးသော သံဃာဝေါတို့သည် ပေါဠိလ၏ မာနနှိမ်ကျ၍ သွားရန်အကျိုးငှါ အစဉ်အတိုင်း ပယ်ချလေသည်။ ခုနစ်နှစ်ရှယ် သာမဏေငယ်၏ အထံတွင် ကမ္မဋ္ဌာန်းတောင်း၍ အားထုတ်သော် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူသော ဩဝါဒာအဆုံးတွင် ပေါဠိလဆရာတော် ရဟန္တာဖြစ်တော်မူသတည်း။ နည်းယူအတုခိုးဘွယ်ပင်တည်း။

ရှင်အာနန္ဒာသည် ကလျာဏမိတ်ဆွဖြစ်သော သူတော်ကောင်းကို မှီရသော် ထက်ဝက်အကျိုးပြီးပါသည် လျှောက်ထားရာတွင် မြတ်စွာဘုရားက ချစ်သားအာနန္ဒာ ထက်ဝက်သာအကျိုးပြီးသည်မဟုတ်၊ အလုံးစုံအကုန်အကျိုးပြီးနိုင်ပါတယ်။ ခဲ့ဦးမည်။ ကလျာဏမိတ်ဆွဖြစ်သော ငါဘုရားကိုမှီ၍ ဇာတိဇရာမရဏတို့မှ မလွတ်ကင်းသော သတ္တဝါတို့သည် ဇာတိဇရာမရဏဘေးဆိုးတို့မှ လွတ်ကင်းကာ သွားကြချေပြီလို့ မိန့်ကြားတော်မူသည်။

ချစ်မြတ်နိုးလှစွာသော သားရာဟုလာအား မပြတ်သြဝါဒကို ပေးတော်မူရာတွင်လည်း ကလျာဏမိတ်ဖြစ်သော သူတော်ကောင်း အကြောင်းဥပနိဿယကို အစထား၍ မိန့်တော်မူသည်။

မိန့်ပုံကား—

မိတ္တော ဘဇဿု ကလျာဏော၊ ပန္ထဉ္စ သယနာသနံ။
ဝိဝိတ္တံ အာပနိဂ္ဃါသံ၊ မတ္တညူ ဟောတိ ဘောဇနေ။
စိဝရေ ပိဏ္ဍပါတေ စ၊ ပစ္စယေ သယနာသနေ။
ဧတေသု တဏှံ မာကာသိ၊ မာ လောကံ ပုနရာဂါမာတိ။

ရာဟုလ၊ သာဓုတော်ရာဟုလာ။ ကလျာဏော၊ သူတော်ကောင်းဖြစ်ကုန်သော။ မိတ္တော၊ အကျိုးစီးပွါးလိုလားသော မိတ်ဆွေခင်ပွန်းတို့ကို။ ဘဇဿု၊ မှီဝဲဆည်းကပ်လေလော။ ပန္ထံ၊ လူသူမနီး တောမြိုင်ကြီးဖြစ်၍ အစွန်အဖျားကျသော။ ဝိဝိတ္တံ၊ လူသူအများနှောက်ရှက်ခြင်းတို့မှကင်းဆိတ်သော။ အပ္ပနိဂ္ဃါသံ၊ ကြွေးကြော်အော်ဟစ်သံမရှိသော။ သယနာသနဉ္စ၊ ကျောင်းအိပ်ရာနေရာကိုလည်း။ ဘဇဿု၊ မှီဝဲဆည်းကပ်လေလော။ ဘောဇနေ၊ ဘောဇဉ်တွင်။ မတ္တညူ၊ အတိုင်းရှည်ကိုသိသည်။ ဟောဟိ၊ ဖြစ်လော။ စိဝရေ စ၊ သင်္ကန်းဌှေတွင်း။ ပိဏ္ဍပါတေ စ၊ ဆွမ်းဌှေတွင်း။ ပစ္စယေ စ၊ ဆေးပစ္စည်းဌှေတွင်း။ သယနာသနေ စ၊ ကျောင်းအိပ်ရာနေရာဌှေတွင်း။ ဣတိ၊ ဤသို့။ ဧတေသု၊ ဤပစ္စည်းဥစ္စာ အဖြာဖြာတို့ဌှေ။ တဏှံ၊ တပ်နှစ်သက်တဲ့တဏှာကို။ မာကာသိ၊ မပြုလေနဲ့။ လောကံ၊ ဖြစ်လွယ် ပျက်လွယ် လောကသုံးသွယ်ကို။ ပုန၊ တဘန်၊ မာ အာဂမ၊ မရောက်စေနဲ့၊ ဣတိ၊ ဤသို့။ ဩဝဒတိ၊ ဆိုဆုံးမတော်မူ၏။

ကလျာဏမိတ္တဖြစ်သော ကမ္မဋ္ဌာန်းဆရာကား သဗ္ဗညုမြတ်စွာဘုရား ထင်ရှားရှိသော် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းယူရခြင်းကား အလွန်သန့်ရှင်းကောင်းမွန်၏။ မြတ်စွာဘုရားမရှိသော် ရှစ်ကျိပ်သော မဟာသာဝက ခီဏာသဝ အနာဂါမ် သကဒါဂါမ် သောတာပန် စျာနလာဘီ ပုထုဇဉ် ပိဋကတ်သုံးပုံဆောင် နှစ်ပုံဆောင် တပုံဆောင် ကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းတို့တွင် အစဉ်အတိုင်း ရှေးရှေးသော ကမ္မဋ္ဌာန်းဆရာထံတွင် ကမ္မဋ္ဌာန်းယူရခြင်းကား ဒုလ္လန်သန့်ရှင်းကောင်းမွန်၏။ အခြို့သော ခီဏာသဝရဟန္တာ စသော ပုဂ္ဂိုလ်ထက် ဗဟုသုတ အကြွးအမြင်နှင့် ပြည့်စုံသော ကမ္မဋ္ဌာန်းဆရာထံတွင် ကမ္မဋ္ဌာန်းယူရခြင်းကား သာ၍ကောင်းမွန်၏။

အကြောင်းမှာ အခွါသော ရဟန္တာစသော ပုဂ္ဂိုလ်တို့သည် မိမိတို့ရောက်ဘူးရဘူးသော မဂ္ဂပဋိပဒါအကျင့်ကိုသာ ပြသနိုင်ကြ၏။ ဗဟုသုတနှင့်ပြည့်စုံသော ကမ္မဋ္ဌာန်းဆရာကား ထိုထိုဆရာများစွာသို့ ချဉ်းကပ်၍ သင်အံလေ့ကျက် ဆောင်ရွက်ခြင်း အဘန်ဘန် မေးမြန်းခြင်းတို့ကို စင်ကြယ်သန့်ရှင်းစေပြီးသောကြောင့် ဤမှထိုမှ ပါဠိတော်များကိုလည်း အကြောင်းယုတ္တိကိုလည်း မှတ်သားပြီးလျှင် သပွါယ သင့်လျော်မသင့်လျော်သော အရာဌာနကို ယှဉ်စေလျက် တောအုပ်တွင် သွားသောဆင်ပြောင်ကြီးကဲ့သို့ မြင့်မြတ်တဲ့မဂ္ဂပဋိပဒါဝိပဿနာလမ်းကို ပြလျက် ကမ္မဋ္ဌာန်းကို ဟောတော်မူလတံ့၊ ထိုကြောင့် ဗဟုသုတနှင့်ပြည့်စုံစွာ ကျမ်းဂန်တတ်မြောက်သော ကမ္မဋ္ဌာန်းဆရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းဆရာအား ဝတ်ကြီးဝတ်ငယ် ပြုလျက် ကမ္မဋ္ဌာန်းတောင်းယူရာသတည်း။

တသမာ ဧဝရူပံ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတ္တာ တာဒိ ဝတ္တာပဋိပတ္တိ ံ ကတ္တာ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ။ (ဝိသုဒ္ဓိမဂ်)

သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းကား ပရတောဃောသ ဘုရားစသော ကလျာဏမိတ်ဆွေထံမှ တရားသံကို နာယူခြင်း, ယောနိသောမနသိကာရ အသင့်အတင့်အားဖြင့်နှလုံးသွင်းခြင်း ဤနှစ်ပါးတည်း။

သီလာနုဂ္ဂဟိတ သီလဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း၊ သုတာနုဂ္ဂဟိတ အကြားအမြင်ဖြင့် ထောက်ပံ့ခြင်း၊ သာကစ္ဆာနုဂ္ဂဟိတ ဆွေးနွေးမေးမြန်းခြင်းဖြင့် ထောက်ပံ့ခြင်း၊ သမထာနုဂ္ဂဟိတ သမထဖြင့်ထောက်ပံ့ခြင်း၊ ဝိပဿနာနုဂ္ဂဟိတ ဝိပဿနာဖြင့်ချီးမြှောက်ထောက်ပံ့ခြင်း၊ ဤငါးမျိုးသော ထောက်ပံ့ခြင်းတို့ဖြင့် အထောက်အပံ့ခံရသော သမ္မာဒိဋ္ဌိသည် စေတော-ဝိမုတ္တိ ဟုဆိုအပ်သော ဖိုလ်ကို ပေါ်လာစေနိုင်၏။ စေတောဝိမုတ္တိဟုဆိုအပ်သော ဖိုလ်အကျိုးရှိ၏။ ပညာဝိမုတ္တိဟု ဆိုအပ်သော ဖိုလ်ကိုပေါ်လာစေနိုင်၏။ ပညာဝိမုတ္တိဟုဆိုအပ်သော ဖိုလ်အကျိုးရှိ၏။

ဤ စ စတုတ္ထဖလပညာ ပညာဝိမုတ္တိ နာမ၊ အဝသေသာ ဓမ္မာ စေတောဝိမုတ္တိတိ ဝေဒိတဗ္ဗာ၊ (မဟာဝေဒလ္လသုတ်အဋ္ဌကထာ)

ဧတာနိ အာနန္ဒ ရုက္ခမူလာနိ၊ ဧတာနိ သုညာဂါရာနိ၊ စျာယထ မာ ပမာဒတ္ထ မာ ပစ္ဆာဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ။ (မဟာဝဂ္ဂသံယုတ်အမ္ဗပါလိဝဂ်)

ချစ်သားအာနန္ဒာ၊ ဤသည်တို့ကား သစ်ပင်ရင်း ဆိတ်ငြိမ်ရာအရပ်တို့ပေတည်း။ ကိလေသာအမှိုက်ကို သမထဝိပဿနာဖြင့် မီးတိုက်ကြကုန်လော။ မမေ့မလျော့ မပေါ့ဆကြကုန်လင့်၊ နောက်ကာလတွင် နှလုံးမသာယာဖြစ်ကာ မနေကြလေလင့်၊ ဤကား ငါဘုရားတို့၏ သင်တို့အား ဆုံးမသြဝါဒပေးပုံတည်း။

မယုံ ဟိ ပဋိပတ္တိကထနမေဝ ဘာရော၊ ပဋိပတ္တိပူရဏံ ပန ကုလပုတ္တာနံ ဘာရောတိ ဒဿေတိ။ (ခန္ဓသံယုတ်)

အကျင့်ပဋိပတ်ကို ဟောပြောခြင်းသာ ငါဘုရားတာဝန်၊ အကျင့်ပဋိပတ်ကိုဖြည့်ကျင့်ခြင်းကား သင်အမျိုးသား အမျိုးသမီးတို့၏ တာဝန်၊ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်လိုက ကျင့်ကြံလေ ဆိုလိုသည်။

နိဒါန်းနှင့်တကွဥယျောဇဉ်ပြီး၏။

ပဏာမ

၁။ ဗုဒ္ဓသောမော လင်္ကတိဝ၊ မဂ္ဂဝါတစက္ကံ ဟန္ဒ္ဝာ။
တမံ ဣဓ ပဇာနံဝ၊ ပညာဘေဒံ သုဒုဒ္ဒသံ။
၂။ အဘိဝန္ဒိယ တဥ္စော၀၊ သာရိပုတ္တဥ္စ ဥတ္တမံ။
ယာစိတောဟံ ကရိဿာမိ၊ ထုန်းဘနာမေန ဓိမတာ။
၃။ သမ္မာဒိဋ္ဌာဒိဉာဏေန၊ မဟာဝိဟာရိကေန စ။
နိဿာယ ပါဋိညာယာဒိံ၊ နာနာဂန္ထေ ဝိပေက္ခိယ။
၄။ ဌပေန္တော ကပဓာအာပေ၊ ပညာမေဒိံ ယထာရုစိ။
နိဗ္ဗာနံ ပါပုဏတ္ထာယ၊ အဝိဇ္ဇာသမ္မုဇ္ဇောနံ ဝါ။
၅။ ဘမေန ဝါ ပမာဒေန၊ ခလိကံဓ ရစိယျတိ။
ယံ စေ ဒိဋ္ဌံ ဒယာဝန္တော၊ သဇ္ဇနာ သောဓယန္တု မေတိ။

ဗုဒ္ဓသောမော၊ မြတ်စွာဘုရားနှင့် တူသော လမင်းသည်။ တမံ၊ အရောင်ကွယ်ပျောက်၍ အမှောင်ကျရောက်ကာ နေသည်ကို။ ဟန္ဒ္ဝာ၊ အရောင်ဖြင့် ပယ်ဖျောက်၍ အလင်းသို့ရောက်စေလျက်။ ဣဓ၊ ဤ၌၊ ပဇာနံ၊ အဝိဇ္ဇာဖြင့် မဂ္ဂပဋိပဒါအကျင့်တွင် ပြင်းစွာတွေဝေ များဗိုလ်ခြေတို့အား။ ပညာဘေဒံ၊ ဝိပဿနာဉာဏ်ပညာအထူးဖြစ်သော။ သုဒုဒ္ဒသံ၊ အလွန်တွေ့မြင်နိုင်ခဲ ပွါးများကြည့်ရှုနိုင်ခဲ့သော။ မဂ္ဂဝါတစက္ကံ၊ တဝိဝိတက် လေယာဉ်ပျံစက်နှင့် အလားတူသော မဂ္ဂပဋိပဒါလမ်းအကျင့်ကို။ လင်္ကတိ၊ ထုတ်ဖော်ပြသ အလင်းရောင် ရစေတော်မူ၏။

၂။၃။ တဥ္စော၀ ဗုဒ္ဓသောမံ၊ လမင်းကဲ့သို့သော ထိုမြတ်စွာဘုရားကိုဌင်း။ ဥတ္တမံ၊ ကျော်စောသောသူတို့ထက် အထူးသဖြင့်ကျော်စောတော်မူသော။

သာရိပုတ္တာ၌၊ အသျှင်သာရိတ္တရာကိုဂုဏ်း။ အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တဟု ခေါ် ဘုရားတပည့်တော်သည်။ အဘိဝန္ဒိယ အဘိဝန္ဒာမိ၊ ဘယလာဘ စသည် ကင်းကွာ ရိသေစွာဖြင့် သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ အဘိဝန္ဒိယ အဘိဝန္ဒိတ္ဝာ၊ ရှိခိုးကန်တော့ပြီး၍။ သမ္မာဒိဋ္ဌာဒိဉာဏေန၊ ရုပ်နာမ်နှစ်ဖြာ ဟုတ်မှန်စွာကို အမှန်အကန်မြင်သိသော သမ္မာဒဿန စသား ဝိပဿနာဉာဏ်မြင်ထွားသော။ မဟာဝိဟာရိကေန စ၊ သဒ္ဓါကြည်ဖြူ အုတ်ကျောင်းကြီးကို ပေးလှူသည်လည်းဖြစ်သော။ ထွန်းဘနာမေန၊ ဦးထွန်းဘ အမည်ရှိသော။ ဓိမတာ၊ ပညာရှိ ဥပါသကာသည်။ ယာစိတော၊ ရိုသေညွတ်တွား တောင်းပန်ကာ ထားအပ်သည်ဖြစ်၍။ ဝါ၊ အတောင်းပန်ခံရသော။ အဟံ၊ ငါသည်။ ပါဠိညာယဒီ၊ ပါဠိတော်နည်းစသည်ကို။ နိဿာယ၊ အမှီပြု၍။ နာနာဂန္ထေပိ၊ အမျိုးမျိုးသောကျမ်းဂန်တို့ကိုလည်း။ ဝိပေက္ခိယ၊ ရှုကြည့်၍။

၄။ က-ကမ္မာပျက်ပုံတည်ပုံ၊ ပ-ပဋိသန္ဓေတည်နေပုံ ရုပ်နာမ်ဖြစ်ပုံ၊ ခ- ခတ်ကြီးလေးပါး၊အာ- အာကာသခတ်၊ ပေ- ပရမတ်ပညတ်တို့ကို။ ဌပေန္တော၊ ထည့်သွင်းတည်ထားလျက်။ အဝိဇ္ဇာသမ္မုဠှာနံဝ၊ အဝိဇ္ဇာဖြင့် မဂ္ဂပဋိပဒါတွင် ပြင်းစွာ တွေ့ဝေကုန်သော သူတို့အားသာလျှင်။ နိဗ္ဗာနံ၊ သီတိဘာဝ ငြိမ်းချမ်းအေးမြလှသော နိဗ္ဗာနဓာတ်သို့။ ပါပုဏတ္ထာယ၊ ရောက်ရန်အကျိုးငှာ။ ပညာမေဒီ၊ ဝိပဿနာ ဉာဏ်ပညာ အဆိစုဝေးရာဖြစ်သောကြောင့် ပညာမေဒီမည်သော ရှုဘုယ်ကျမ်းကို။ ယထာရုစိ၊ အဇ္ဈာသယသဘောကျအားလျော်စွာ။ ကရိဿာမိ၊ ပြုစီရင်ပေအံ့တည်း။

၅။ မေ မယာ၊ ငါသည်။ ဘမေန ဝါ၊ စိတ်မတည်ကြည် ပြန်လည်ကာ နေသောကြောင့်ဂုဏ်း။ ဣဓ၊ ပညာမေဒီမည်သော ဝိပဿနာကျမ်း၌။ ယံ၊ အကြင် အချက် အဓိပ္ပါယ်နက်ကို။ ခလိကံ၊ ချော်ချော်ချွတ်ချွတ် မှားမှားယွင်းယွင်း၊ ရစိယျတိ၊ စီရင်အပ်၏။ တံ၊ ထိုအချက် အဓိပ္ပါယ်နက်ကို။ စေ ဒိဋ္ဌံ၊ အကယ်၍ တွေ့မြင်အပ်သည်ဖြစ်အံ့။ ဧဝံ၊ ဤပုံ တွေ့မြင်ခဲ့သော်။ ဒယာဝန္တော၊ မေတ္တာသက်ဝင် လွန်ချစ်ခင်၍ ကြင်နာခြင်းရှိကုန်သော။ သဇ္ဇနာ၊ သူတော်ကောင်းတို့သည်။ သောဓယန္တု၊ သုံစွဲသင်ပြင်ဆင်ကြစေကုန်သတည်း။

ဤတို၊ ဤကား ပဏာမစသည်ကို ဆိုရာစကားရပ်အပြီးသတ်သတည်း။

သခ်ၤတန္ဒင့်အသခ်ၤတ

သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိ ပဒါနုပဒံ။
ဩကာသံ နာဓိဂစ္ဆိဿံ၊ သမ္မုဒ္ဓဿ သတိမတော။

အဟံ၊ နတ်ပြည်ခြောက်ထပ်၊ အုပ်စိုးလပ်သော ငါမာရ်နတ်သည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အနု၊ အမှတ်အသားပြု၍။ ပဒါနုပဒံ၊ အစခြေလှမ်း နောက်ခြေလှမ်းအဆင့်ဆင့်သို့။ ဗန္ဓိ ံ၊ ဖွဲ့ကာလိုက်ခဲ့ပြီ။ သတိမတော၊ အမှုအသစ် သတိလစ်တော်မမူသော။ သမ္မုဒ္ဓဿ၊ ကိုယ်တော်တိုင်သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားအား။ ဩကာသံ၊ အပြစ်တင်ခဲ့ မသင့်တင့်သော အရာကို၊ နာဓိဂစ္ဆိဿံ၊ ရှာမရခဲ့ချေ။

ဤသို့ဦးညွှတ်ကာ ထွက်ပြေးရှာသော မာရ်နတ်စကားနှင့်အညီ ဥတ္တရလုလင်မာရ်နတ်တို့ အထပ်ထပ်ခုနစ်လ ခုနစ်နှစ် အပြစ်ဖြစ်မည်ကိုလိုက်၍ ရှာဘွေ ကြည့်ရှုသော်လည်း အနုမြူမျှ ချွတ်ချော်သော ကိုယ်အမှုအရာ စသည်နှင့် အိမ်ယာတွင် မှီတွယ်ကာ ကြံစည်တဲ့ အကြံမျှကို သော်လည်း မတွေ့မြင်ရချေ။

စကြဝဠာနှင့် နိုင်းစာသော် စကြဝဠာကား အလွန်ကျဉ်းလှ၏။ ဘဝဂ်နှင့်နိုင်းစာသော် ဘဝဂ်ကား အလွန်နိမ့်၏။ ဂုဏ်တော်ကား အလွန်တင့်လျက်မြင့်မြတ်လှ၏။

ထို့ကြောင့် ကောင်းကင်ကဲ့သို့ အဆုံးမထင် ကျေးဇူးတော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော အာဏာဒေသနာ, ဝေါဟာရဒေသနာ, ပရမတ္ထဒေသနာ သုံးဖြာတို့တွင် မဘောက်မပြန် ဟုတ်မှန်သော ပရမတ်သဘောကို မျှားစွာ ဟောကြားရာဖြစ်တဲ့ ပရမတ္ထဒေသနာ အဝင်အပါ ယထာပရာဓသာသနာ, ယထာနုလောမသာသနာ, ယထာဓမ္မသာသနာ သုံးဖြာတို့တွင်လဲ သဘောတရားအားလျော်စွာ ဆုံးမရာဖြစ်တဲ့ ယထာဓမ္မသာသနာအဝင်အပါ အစစ်စွာသော ဓမ္မသင်္ကိပါဠိတော်တွင် သခ်ၤတာ ဓမ္မာ အသခ်ၤတာ ဓမ္မာဟူ၍ ဟောတော်မူတယ်။

သခ်ၤတာ၊ ကံစိတ်ဥတုအာဟာရအကြောင်းတရားတို့သည် ပေါင်းဆုံကာ ကောင်းစွာလာရောက်၍ ပြုပြင်စီရင်အပ်ကုန်သော။ ဓမ္မာ နိဿတ္တာနိဇ္ဇီဝ-သဘာဝါ၊ သတ္တာလည်းမဟုတ် ဇီဝလည်းမဟုတ်တဲ့သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အသခ်ၤတာ၊ ကံစိတ်ဥတုအာဟာရ အကြောင်းတရား တို့သည် ပေါင်းဆုံကာ ကောင်းစွာလာရောက်၍ မပြုပြင် မစီရင်အပ်ကုန် သော။ ဓမ္မာ နိဿတ္တာနိဇ္ဇီဝသဘာဝါ၊ သတ္တာလည်းမဟုတ် ဇီဝလည်း မဟုတ်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

ဆိုလိုသည်မှာ စိတ်စေတသိက်စသော သဘာဝ ရကောင်းသောတရား တို့ကို စုပုံလိုက်သော် သခ်ၤတ, အသခ်ၤတရယ်လို့ နှစ်ပုံသာ ရှိပါတယ်။ ထို့နှစ်ပါးတို့တွင် သခ်ၤတဆိုသည်မှာ စိတ်, စေတသိက်, ရုပ်ကိုပင် သခ်ၤတလို့ ဆိုသည်။

အကြောင်းကြောင့် ဖြစ်ပေါ်လာသော သခ်ၤတတရားမှန်က ပြုပြင် ကြရ စောင့်ရှောက်ကြရ အားထုတ်ကြရပါတယ်၊ ပြုပြင်စောင့်ရှောက် ကြရသည့်အတွက် တနေ့တမနက်မျှ ငြိမ်သက်စွာ မနေနိုင်ဘဲ အစာရှာ ထွက်ကြရ ချက်ကြရ ပြုတ်ကြရသောကြောင့် ဆင်းရဲ ပင်ပန်းလှတယ်၊ အစာရှာထွက်သည့်အခိုက်မှာပင် ဇာတိကဆိုက် ဇရာလိုက်၍ နှစ်ချိုက်စွာ သေပွဲဝင်ကြရတယ်၊ ဆင်းရဲဒုက္ခ အဝဝနှင့်လဲ တွေ့ကြုံရပါတယ်။

အနှုမြူဖုံးအချခံရသော (ဂျပန်ပြည်-နာဂါစကီမြို့)ကဲ့သို့ဌင်း ခဏခဏ ဗုံးချခံရသော ဗမာပြည်(မန္တလေးမြို့)ကဲ့သို့ဌင်း ကိုးကွယ် အားထား ပုံးအောင်းရာမထင် ဘေးကိုသာတွေ့မြင်၍ ကြောက်ဘွယ် ကောင်းလှပါ သတည်း။

သခ်ၤတ နိုင်ငံတွင် မဟာကမ္ဘာ ကြီးပေါင်း ရှစ်သောင်း လေးထောင် ကြာမြင့်အောင် နေနိုင်သောကြောင့် ကောင်း၏၊ ချမ်းသာ၏၊ မြင့်မြတ် လှ၏၊ နိဗ္ဗာန်ဘဲလို့ သမုတ်ကြရသော ဘုံထိပ်ဖျားမှ နေဝသညာနာသညာ-ယတနဗြဟ္မာကြီးမျှားသော်လဲ သက်တမ်းစေ့က ကွယ်ပျောက်သေဆုံးကြ ရပါတယ်။ သက်တန်းမစေ့မီလဲ အရူပဗြဟ္မာခေါ် နာမ်တရားမျှားမှာ လျင်မြန်စွာ လျှပ်စစ်ပျက်သည့်ပမာ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ခဏခဏ အနှိပ်စက်ခံရသောကြောင့် မကောင်းဆိုးဝါး ဒုက္ခမျှားသည်သာတည်း၊ သာယာခင်မင် နှစ်သက်ဘွယ် တကွက်မျှ မထွက်၊ အနိဋ္ဌအလိုမရှိအပ်တဲ့

သခ်ၤတတရား သက်သက်သာဖြစ်ချေသည်။ အသခ်ၤတစၢတ်၏ သရုပ်သဘော အဓိပ္ပါယ်များ ဤကျမ်း၏ အဆုံးတွင်ပါလာမည်။

သခ်ၤတနယ် သခ်ၤတလောကသည် သတ္တလောက, ဩကာသလောက, သခ်ၢိရလောကလို့ သုံးမျိုးရှိတယ်။ ထိုတွင် မျက်စေ့ နား စသော ဣန္ဒြေ တို့နှင့် စပ်ကာတည်နေတဲ့ ရုပ်နာမ်ခန္ဓာအစဉ်ကို သတ္တလောကလို့ခေါ်ဆိုတယ်၊ သတ္တနှင့် လောကတွင်လဲဘဲ အဆင်းစသော အာရုံတို့ဌ် ကပ်ငြိတွယ်တာတတ်သောကြောင့် ရုပ်နာမ်ခန္ဓာအစဉ်ကို သတ္တဝါလို့ ခေါ်ချသည်။ ကုသိုလ်အကုသိုလ်ကံတို့၏ အကျိုးများကို ကြည့်ရှုရာဖြစ်သောကြောင့် လောကလို့လဲ ခေါ်ရချသည်။ သတ္တနှင့်လောက နှစ်ဝစပ်လိုက်တော့ သတ္တလောကလို့ ခေါ်ပါတယ်။

သတ္တလောကဆိုသည်မှာ ဝေါဟာရအားဖြင့် အပါယ်ဘုံသူ-အပါယ်ဘုံသား သတ္တဝါအများနှင့် လူ,နတ်ဗြဟ္မာတို့ကို ခေါ်ပါသည်။ ဣန္ဒြေတို့နှင့် မစပ်ရှက် သက်သက်သော ရုပ်ကလာပ်ခန္ဓာအစဉ်ကို ဩကာသလောကလို့ ခေါ်ပါတယ်။

ဩကာသနှင့် လောကတွင်လဲဘဲ ဇင်္ဂမ သတ္တဝါ ထာဝရဝတ္ထုတို့၏ တည်ရာဖြစ်သောကြောင့် ဩကာသလို့ ခေါ်ရသည်။ ပရမ်းပတာ ပျောက်ကွယ် ပျက်စီးတတ်သောကြောင့် လောကလို့ ခေါ်ချသည်။ ဩကာသနှင့် လောက နှစ်ဝစပ်လိုက်တော့ ဩကာသလောကလို့ ခေါ်ပါတယ်။ ဩကာသလောကဆိုသည်မှာ ဝေါဟာရအားဖြင့် အပါယ်လေးဘုံ, လူဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့ကို ခေါ်သည်။

ဣန္ဒြေတို့နှင့် စပ်မစပ် နှစ်ရပ်သော ရုပ်, နာမ်, ခန္ဓာတို့ကို သခ်ၢိရလောကလို့ ခေါ်ပါတယ်။ သခ်ၢိရနှင့် လောကတွင်လဲဘဲ အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်သောကြောင့် သခ်ၢိရ၊ ပရမ်းပတာ ပျောက်ကွယ်ပျက်စီးတတ်သောကြောင့် လောကလို့ ခေါ်ချသည်။ သခ်ၢိရနှင့် လောကနှစ်ဝစပ်လိုက်တော့ သခ်ၢိရလောကလို့ ခေါ်ပါသည်။ သခ်ၢိရလောကဆိုသည်မှာ သတ္တဝါနှင့် ဘုံတို့ကို ခေါ်သည်။

(၁) အကြောင်းစပ်ကြ၊ သဘာဝ၊ မှတ်ပ သခ်ၤတာ။
(၂) အကြောင်းစပ်မရ၊ သဘာဝ၊ မှတ်ပ အသခ်ၤတသာ။
(၃) အသခ်ၤတာ၊ သဘာဝ၊ ငြိမ်းလှ နိဗ္ဗာန်သာ။
(၄) ဣန္ဒြေနှင့်စပ်၊ ခန္ဓာရုပ်၊ မှတ်အပ် သတ္တလောကသာ။
(၅) ဣန္ဒြေမစပ်၊ ခန္ဓာရုပ်၊ မှတ်အပ် သြကာသာ။
(၆) နှစ်ပါးခန္ဓာ၊ ပြုပြင်ရာ၊ မှတ်ပါ သခ်ၤါရလောကာ။

တခန်းပြီး၏။

သြကာသလောက သခ်ၤတဖြစ်ပုံ

ကမ္ဘာပျက်ပုံ

အကွပ်နှင့်အလားတူသော စကြဝဠာတောင်ဖြင့် ကာရန်ကာ ယူဇနာရှစ်သောင်းလေးထောင် အထက်သို့ဆောင်၍ စွင့်စွင့်မားမား မတ်ရပ်အားဖြင့် တည်ကာနေတဲ့ မြင်းမိုရ်တောင်ကို အလယ်ဗဟိုပြု၍ ယုဂန္ဓိရ်စသော တောင်ကြီးခုနစ်တောင် ဟိမဝန္တာတောင်တို့ဖြင့် ခြံရံကာ ကျွန်းကြီးလေးကျွန်း, ကျွန်းငယ်နှစ်ထောင် သမုဒ္ဒရာလေးစင်းတို့ဖြင့် တည်လာနေတဲ့ ယူဇနာတသန်းနှစ်သိန်း သုံးထောင်လေး ရာငါးဆယ် (၁၂၀၃၅၀) ပမာဏရှိသော အရပ်ဒေသကို တခုသော စကြဝဠာ ကမ္ဘာလောကဓာတ်လို့ ခေါ်ပါတယ်။ တခုသော ကမ္ဘာလောကဓာတ်တွင်လဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံ လူ, စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီဆိုတဲ့ ကာမသုဂတိခုနစ်ဘုံ ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန် သုံးဘုံစီ ဝေဟပ္ဖိုလ် အသညသတ်ဘုံ သုဒ္ဓါဝါသငါးဘုံ, အရူပလေးဘုံအားဖြင့် သုံးဆဲ့တဘုံတို့ တည်ရှိပါကုန်သတည်း။

သံဝဋ္ဋ သုံးမျိုး

ကမ္ဘာကြီး ပျောက်ကွယ် ပျက်စီးအံ့သောအခါ စကြဝဠာ ကမ္ဘာလောကဓာတ် ကုဋေတသိန်းရှိတဲ့ အာဏာခေတ်သည် တပြိုင်နက် အတူ

တကွ ပျက်စီး ပျောက်ကွယ်ပါတယ်။ တည်သောအခါလဲ စကြဝဠာ ကမ္ဘာ ကုဋ္ဌေတသိန်း တပြိုင်နက်အတူတကွ တည်လာပါတယ်။ သတ္တဝါတို့ အကုသိုလ်မူလ အကုသိုလ်ကံ အားကြီးသောအခါ စကြဝဠာ ကမ္ဘာ လောကဓာတ်များ ပျောက်ကွယ် ပျက်စီးရပါသတည်း။ ပျောက်ကွယ် ပျက်စီးသော ကမ္ဘာလောကဓာတ်သည် မီးကြောင့် ပျောက်ကွယ် ပျက်စီး သော တဇောသံဝဋ္ဋ ကမ္ဘာလောကဓာတ်, ရေကြောင့် ပျောက်ကွယ် ပျက်စီးသော အာပေါသံဝဋ္ဋ ကမ္ဘာလောကဓာတ်, လေကြောင့် ပျောက် ကွယ် ပျက်စီးသော ဝါယောသံဝဋ္ဋ ကမ္ဘာလောကဓာတ်ဟူ၍ သုံးမျိုး ရှိသည်။

ထိုတွင် တဇောသံဝဋ္ဋ ကမ္ဘာလောကဓာတ်ကို ပြဆိုမည်။ သဗ္ဗညူ မြတ်စွာဘုရားသည် အခါတပါး ဝေသာလီပြည် အမ္ဗပါလိ သရက်ဥယျာဉ် ဝယ် သီတင်းသုံးတော်မူလျက် အနိစ္စကမ္မဋ္ဌာန်း စီးဖြန်းပွါးများ အားထုတ် ကြသော ရဟန်းငါးရာတို့အား—

အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ အဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ အနဿာ-သိကာ ဘိက္ခဝေ သင်္ခါရာ၊ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါ-ရေသု နိဗ္ဗိန္ဒိတုံ အလံ ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ—လို့ ဟောတော်မူတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခါရာ၊ အကြောင်းကြောင့်ဖြစ်ကြရ သင်္ခါရ တရားဟူသမျှတို့သည်။ အနိစ္စာ၊ အကြောင်းအားလျော်စွာ ပေါ်လာကာ တိမ်တောင် တိမ်လိပ်သဘွယ် ပျောက်ကွယ် သေဆုံး၍ သွားသောကြောင့် အမြဲမရှိကုန်စွတကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခါရာ၊ တို့သည်။ အဓုဝါ၊ မြင်းမိုရ်တောင်ကဲ့သို့ ကြာမြင့်စွာ မတည်နိုင်သောကြောင့် မခိုင်မြဲကုန်စွ တကား။ ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ အနဿာသိကာ၊ အိပ်မက် အလား ဂန္ဓဗ္ဗနတ် မြို့မျှားကဲ့သို့ သာယာနှစ်သက်ဘွယ်မှ ကင်းသောကြောင့် သာယာနှစ်သက်ဘွယ်မရှိကုန်စွတကား။ ဘိက္ခဝေ၊ တို့။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတရားတို့၌။ ယာဝဉ္စ အတိဝိယ၊ အလွန်လျှင်။ နိဗ္ဗိန္ဒိတုံ၊ ငြီးငွေ့စက်ဆုပ်ခြင်းငှါ။ အလမေဝ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ် သည်သာတည်း။ ဝိရဇ္ဇိတုံ၊ တပ်ခြင်း ကင်းခြင်းငှါ။ အလမေဝ အလံ ဇေဝ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်သာတည်း။ ဝိမုစ္စိတုံ၊ လွတ်

အောင်ရုန်းခြင်းငှါ။ အလမေဝ အလံ ဇေ၊ သင့်လျော်လျောက်ပတ်ကောင်းမြတ်သည်သာတည်း။

ဆိုလိုသည်မှာ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတို့သည်၎င်း လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံနှင့် လူနတ်ဗြဟ္မာ သတ္တဝါတို့သည်၎င်း ချားရဟတ် စကြာပမာ လည်ကာနေသော်၎င်း လျှပ်စစ်ပမာ လျင်မြန်စွာ ဖြစ်ပျက်နေသောကြောင့်၎င်း အမြဲ မရှိခေျ။ မြင်းမိုရ်တောင်ပမာ ကြာမြင့်စွာ မတည်နိုင်သောကြောင့် ခိုင်လဲ့မခိုင်မြဲခေျ။ အိပ်မက်ပမာ နတ်တို့မြူးတူးပျော်ပါး ကစားရန် ဘန်ဆင်းချီထားအပ်သော နတ်မြို့ပမာ သာယာဘွယ်မှ ကင်းသောကြောင့် သာ့ယာနှစ်သက်ဘွယ်လဲ့ မဟုတ်ခေျ။ ထို့ကြောင့် ချစ်သားရဟန်းတို့၊ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံနှင့် လူနတ်ဗြဟ္မာ သတ္တဝါဟူသမျှတွင် လွန်စွာငြီးငွေ့မှုန်းထားကြရမယ်။ အချင်းချင်း တပ်နှစ်သက်ခြင်းလဲ့ ကင်းကြရမယ်လို့ မိန့်ကြားတော်မူပါတယ်။

မိုးဖျက်ဆီးသည့်အတွက် ကမ္ဘာကြီး ပျက်စီးအံ့သောအခါ အစစ္စာသာလျှင် ကမ္ဘာကြီးကို ဖျက်ဆီးအံ့သော မိုးကြိုးသည် ညို့ညို့မှိုင်းမှိုင်းအုံ့ဆိုင်း၍ ထကြွကာ ကုဋေတသိန်းသော စကြဝဠာ ကမ္ဘာအတွင်း တပြိုင်နက်ခြင်းအားဖြင့် ရွာသွန်း၍ လာတယ်။ လူတို့သည် ရှင်လန်းနှစ်သက် အားတက်သော စိတ်ရှိကြကုန်၍ မျိုးစေ့ဟူသမျှတို့ကို ဆောင်ယူကာ စိုက်ပျိုးကြဲချကြကုန်တယ်။ ကောက်စပါးတို့သည် နွားစားလောက်ကုန်သည်ရှိသော် မိုးကောင်းကင်၏ ဂဠာဘရဝ မြည်းမြဲတို့၏ အသံကဲ့သို့ လျှပ်စစ်တဝင်းဝင်းနှင့် မိုးခြိမ်းသံ မိုးထစ်သံ ပြင်းသော်လဲ့ မိုးရေတပေါက်မျှ မကျရောက်တော့ပါ၊ ဓမ္မကရိဏ် ရေစစ်တွင် ဆို့ပိတ်၍ထားအပ်သော ရေနှင့်တူကာ နေတယ်။ အနှစ်တထောင် တသောင်း တသိန်းတို့ကာလပတ်လုံး မိုးမရွာဘဲ အပြတ်ကြီးပြတ်စဲကာ နေသတည်း။ ထိုအခါ မိုးမရွာဘဲ မိုးကိုမှီ၍ အသက်မွေးကြသော သတ္တဝါတို့သည် စုတိပျက်ကြေ့ သေခဲ့သော် ဗြဟ္မာ့ပြည်တွင် ဖြစ်ကြပါတယ်။ အပွင့်အသီးကို မှီ၍ အသက်မွေးကြသော နတ်တို့သည်လည်း စုတိပျက်ကြေ့ သေခဲ့သော် ဗြဟ္မာ့ပြည်တွင် ဖြစ်ကြပါတယ်။

ကောလာဟလ ငါးမျိုး

ဤအရာဌာနတွင် သတ္တသူရိယောပမသုတ်၏ ရှေ့သွားဖြစ်သော ကောလာဟလမျှားကို ပြောကြားသင့်၏။ ကောလာဟလသည် ကပ္ပ, ဗုဒ္ဓ, စက္ကဝတ္တိ, မင်္ဂလ, မောနေယျ ကောလာဟလ-ဟူ၍ ငါးမျိုးရှိပါသည်။

ထိုတွင် ဤရက် ဤလ ဤနှစ်မှနောက် အနှစ်တသိန်းသို့ရောက်ခဲ့သော် ကမ္ဘာကြီး ပြိုကွဲပျက်စီးလိမ့်မယ်လို့ ကြွေးကြော်ခြင်းကို ကပ္ပကောလာဟလခေါ်တယ်။ အနှစ်တထောင်သို့ ရောက်ခဲ့သော် မြတ်စွာဘုရား ဖြစ်ထွန်းပေါ်ပေါက်လိမ့်မယ်လို့ ကြွေးကြော်ခြင်းကို ဗုဒ္ဓကောလာဟလ ခေါ်တယ်။ အနှစ်တရာသို့ရောက်ခဲ့သော် စကြဝတေးမင်းဖြစ်ထွန်း ပေါ်ပေါက်လိမ့်မယ်လို့ ကြွေးကြော်ခြင်းကို စက္ကဝတ္တိကောလာဟလ ခေါ်တယ်။ တဆဲ့နှစ်နှစ်သို့ ရောက်ခဲ့သော် မင်္ဂလာတရား သုံးဆဲ့ရှစ်ပါး ဖြစ်ထွန်း ပေါ်ပေါက်လိမ့်မယ်လို့ ကြွေးကြော်ခြင်းကို မင်္ဂလ ကောလာဟလ ခေါ်တယ်။ ခုနစ်နှစ်သို့ ရောက်ခဲ့သော် မောနေယျအကျင့် ကျင့်သောပုဂ္ဂိုလ် ဖြစ်ထွန်းပေါ်ပေါက်လိမ့်မယ်လို့ ကြွေးကြော်ခြင်းကို မောနေယျ ကောလာဟလလို့ ခေါ်ပါတယ်။

ကမ္ဘာပျက်နှင့် သက်ဆိုင်သော ကပ္ပကောလာဟလ ကြွေးကြော်ပုံမှာ.... ထိုသို့ မိုးမရွာဘဲ နေသောအခါ လောကဗျူဟာ ကာမာဝစရနတ်တို့သည် ဤရက် ဤလ ဤနှစ်မှနောက် အနှစ်တသိန်းသို့ ရောက်ခဲ့သော် ကမ္ဘာကြီး ပြိုကွဲပျက်စီးလိမ့်မယ်၊ မဟာပထဝီမြေကြီး မဟာသမုဒ္ဒရာ မြင်းမိုရ်တောင်များလည်း မီးလောင်ကျွမ်းကာ ခြောက်သွေ့ ပျက်စီး၍ ကုန်ကြလိမ့်မယ်။ ပဌမစျာန် သုံးဘုံကုန်အောင် ကမ္ဘာလောကကြီး ပျောက်ကွယ်ပျက်စီးလိမ့်မယ်၊ ထို့ကြောင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့

ကြကုန်တယ်။

ကြွေးကြော်ပုံကား လူနှင့်နတ်ပါ သတ္တဝါအပေါင်း အိုသူတော်ကောင်းတို့၊ ဤနှစ်မှနောက် အနှစ်တသိန်းသို့ ရောက်သောအခါ ကမ္ဘာလောကကြီး ပြိုကွဲပျက်စီးလိမ့်မယ်၊ မဟာပထဝီမြေကြီး မဟာသမုဒ္ဒရာ မြင်းမိုရ်တောင်များလည်း မီးလောင်ကျွမ်းကာ ခြောက်သွေ့ ပျက်စီး၍ ကုန်ကြလိမ့်မယ်။ ပဌမစျာန် သုံးဘုံကုန်အောင် ကမ္ဘာလောကကြီး ပျောက်ကွယ်ပျက်စီးလိမ့်မယ်၊ ထို့ကြောင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့

ဗြဟ္မစိုရ်တရား ပွါးများ အားထုတ်ကြပါကုန်၊ အမိ အဘတို့ကို လုပ်ကျေး ပြုစုကြပါကုန်၊ အသက်သိကွာ ဂုဏ် ဝါ ကြီးသော သူတို့ကို အရိုအသေ ပြုကြပါကုန်လို့ ကြွေးကြော်လာကြကုန်တယ်။

လူ ဘုမ္မစိုး နတ်တို့သည်လည်း လောကဗျူဟာနတ်တို့၏ တိုက်တွန်း စကားကို ကြားရ၍ များစွာသောအားဖြင့် ကြောက်ရွံ့ ထိတ်လန့်ကြကုန် တယ်။ အချင်းချင်း နှုးညံ့သိမ်မွေ့ အကျိုးတွေ့သော စိတ်ရှိကုန်သော ကြောင့် မေတ္တာစသော ဗြဟ္မစိုရ်တရား ကုသိုလ်များကို ပွါးများကာ နတ် ပြည်တွင် ဖြစ်ကုန်ကြတယ်။ နတ်ပြည်တွင် နတ်သုခဘုတ်ကို စားသောက် ကာ ချမ်းသာ ကောင်းမွန်စွာ တွေ့ရသော လေကိုယူရာတွင် ပရိစယ အလေ့အကျက် များလှသောကြောင့် ဝါယောကသိုဏ်းတွင် ပရိကံပြုကာ စျာန်ကို ရကြကုန်တယ်။ လူ ဘုမ္မစိုးနတ်မှတပါး ငါးလိပ် စသော အပါယ် သတ္တဝါဟူသမျှတို့သည်လည်း အပရာပရိယဝေဒနီယကံကြောင့် နတ်ပြည် သို့ရောက်ကာ ဗြဟ္မာပြည်လားကြပါကုန်တယ်။

အပရာပရိယဝေဒနီယကမ္မရဟိတော ဟိ သံသာရေ သံသရမာနော သတ္တော နာမ နတ္ထိ။ (ဝိသုဒ္ဓိမဂ်)

နိယတမိစ္ဆာအယူပါသောသူတို့ကား ကမ္မာဝျက်ရာ စကြဝဠာမှ ပြောင်း၍ အခြားသော စကြဝဠာတွင် အပါယ်ငရဲခံကြရသည်။ "နိယတမိစ္ဆာ ကမ္မာဝသုန် ကုန်လည်းမဆုံး နှလုံးလွဲဘောက် ရေထဲကျောက်သို့ မှား မှောက်သတ္တဝါ သူတို့မှာကား လွတ်ရာတခြား ပြောင်းကာသွားသည် လေးပါးပါယ်ရွာ ဘုံထဲတည်း"။ (လောကဝိဒူမော်ကွန်း)

၁။ ကပ္ပဗုဒ္ဓ၊ စက္ကဝတ္တိ၊ မှတ်ဘိမဂ်လာ၊ မောနေယျာ၊ ငါးဖြာ ကောလာဟလသာ။

၂။ တသိန်းတထောင်၊ တရာဆောင်၍၊ မှတ်အောင်ဆဲနှစ်၊ ခုနစ်နှစ်၊ မှတ်လစ်ဂဏန်းသာ။

မိုဃ်းမရွာဘဲ ကြာမြင့်စွာ အပြတ်ကြီး ပြတ်စဲခဲ့လေသော် သီးပြီးလျှင် သေရသော ပေပင်မျိုး, အပက အနှစ်ထည့်သော ထန်းပင် အုန်းပင်မျိုး, တောတွင် အကြီးဆုံးဖြစ်သော တောစိုးသစ်ပင်မျိုးတို့သည် ခြောက်သွေ့ ကာ သေဆုံး၍ သွားကြသတည်း။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားသည် အိုချစ်သား ရဟန်းတို့၊ သစ်ပင် တောတောင်တို့ ပျောက်ကွယ်သေဆုံးသော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင်ကြည့်ရှု နှလုံးပြုလျက် ပထဝီလွန်ကဲ့တဲ့ သစ်ပင် တောတောင်တည်းဟူသော ပထဝီကာယကို အနိစ္စလက္ခဏာ ထင်အောင်ရှုလိုက်ကြကွယ်တို့ လို့ မိန့်တော်မူကာ-

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ၊ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ အလံ ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ....လို့ ဟောတော်မူတယ်။

ဧဝံ အနိစ္စာ၊ ဤပုံ မမြဲကုန်စွတကား။ ဧဝံ အဓုဝါ၊ ဤပုံ မခိုင်မြဲကုန်စွတကား။ ဧဝံ အနဿာသိကာ၊ ဤပုံ သာယာနှစ်သက်ဘွယ်မှ ကင်းကုန်စွတကား။

ထူးရာကိုသာ မြန်မာပြန်လိုက်သည်။ အဓိပ္ပါယ်ရှေအတိုင်း ဟောပြောလေ။ ထိုသို့ မိုးယံးမရွာဘဲ အပြတ်ကြီးပြတ်စဲသည်မှ နောက်ကာလကြာမြင့်စွာသော ကာလကို လွန်သောအခါ နှစ်စင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍လာတယ်။ နှစ်စင်းမြောက် ကမ္ဘာဖျက်နေ ထင်ရှားစွာထွက်ပေါ်၍ နေခဲ့သော် ညည့် နေ့ အပိုင်းအခြား မထင်ရှားတော့ပါ။ နေတစင်းဝင်တစင်းထွက် အပူဆက်လျက် နေပါတယ်။ ကမ္ဘာလောက တခုလုံး နေရောင်ဖြင့်ဖုံး၍ အပူတုံးကြီးဖြစ်ကာနေတယ်၊ ထိုနေနှစ်စင်းတို့တွင် ပကတိနေထွက်ပေါ်၍လာခဲ့အခါ ကောင်းကင်တွင် တိမ်တိုက်မီးခိုး မီးလျှံတို့ ကူးသန်းယှက်တင်ကာ သွားလာ၍ နေကြတယ်။ ကမ္ဘာဖျက်နေ ထွက်ပေါ်လာတဲ့အခါ ကောင်းကင်တခုလုံးသည် တိမ်တိုက်မီးခိုး မီးလျှံတို့မှ ကင်းလျက် မှန်အပြင် မှန်အဝင်းကဲ့သို့ ညစ်ကြေးမထင် သန့်ရှင်းစင်ကြယ်စွာ နက်မှောင်၍ နေပါတယ်။

ထိုအခါ အပူရှိန် ဒီဂရီများလဲ ပြင်းထံပူလောင်လှသောကြောင့် ဂင်္ဂါယမုနာ အစိရဝတီ သရဘူ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ်မှတပါး အခြားသော မြစ်ငယ် ချောင်းငယ်မြောင်းငယ်တွင်ရှိသော ရေတို့သည် ခြောက်သွေ့ကာ ပျောက်ကွယ်သေဆုံး၍ သွားကြသတည်း။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားသည် အိုချစ်သားရဟန်းတို့၊ ရေအများတို့ ပျောက်ကွယ်သေဆုံးသော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင်

ကြည့်ရှု နှလုံးပြုလျက် အာပေါလွန်ကဲတဲ့ ရေအများတည်းဟူသော အာပေါကာယကို အနိစ္စလက္ခဏာ ထင်မြင်အောင် ရှုလိုက်ကြကွယ်တို့ လို့ မိန့်တော်မူကာ....

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ ။ပ။ အလံ ဝိမုစ္စိတုံ .... လို့ ဟောတော်မူတယ်။ အနက်အဓိပ္ပါယ်သိလေ။

ထိုသို့ နေနှစ်စင်းထွက်ပြီးသည်မှ နောက်ကာလ ကြာမြင့်စွာသော ကာလကို လွန်သောအခါ သုံးစင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍ လာတယ်။ သုံးစင်းမြောက် ကမ္ဘာဖျက်နေ ထင်ရှားစွာ ထွက်ပေါ်၍ နေခဲ့သော် နေတစင်းကထွက် တစင်းကမွန်းတဲ့ တစင်းကအုပ်ဖြစ်၍ နေတယ်။ ထိုအခါ အပူရှိန်ဒီဂရီများလဲ ရှေးကထက် ပြင်းထန်ပူလောင်လှသောကြောင့် ဂင်္ဂါယမုနာ အစီရဝတီ သရဘူ မဟီဆိုတဲ့ မြစ်ကြီးငါးသွယ် တွင်ရှိတဲ့ ရေတို့သည် ခြောက်သွေ့ကာ ပျောက်ကွယ်၍ သွားကြသတည်း။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အိုချစ်သားတို့၊ ရေအများတို့ ပျောက်ကွယ်သေဆုံးသော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင် ကြည့်ရှု နှလုံးပြုလျက် အာပေါလွန်ကဲတဲ့ ရေအများတည်းဟူသော အာပေါကာယကို အနိစ္စလက္ခဏာ ထင်မြင်အောင် ရှုလိုက်ကြကွယ်တို့ လို့ မိန့်တော်မူကာ ....

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ ။ပ။ အလံ ဝိမုစ္စိတုံ....လို့ ဟောတော်မူတယ်။ အနက်အဓိပ္ပါယ်သိလေ။

ထိုသို့ နေသုံးစင်းထွက်ပြီးသည်မှ နောက်ကာလ ကြာမြင့်စွာသော ကာလကိုလွန်သောအခါ လေးစင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍ လာတယ်၊ လေးစင်းမြောက် ကမ္ဘာဖျက်နေ ထင်ရှားစွာထွက်၍နေခဲ့သော် လေးအိမ်ရှိသော ရွာတွင် လေးပါးသောဆွမ်းခံရဟန်းတို့သည် တံခါးအစဉ်အားဖြင့် ရပ်တော်မူကုန်သကဲ့သို့ နေလေးစင်းတို့ ကောင်းကင်တွင် တည်ကာနေကြတယ်၊ ထိုအခါ အပူရှိန်ဒီဂရီများလဲ ရှေးကထက်ပြင်းထန်ပူလောင်လှသောကြောင့် မြစ်ကြီးငါးသွယ်တို့၏ အမှန်အစဖြစ်၍ စီးဆင်းရာအနောတတ်အိုင်, သီဟပပါတအိုင်, ရထကာရအိုင်, ကဏ္ဏမုဏ္ဍအိုင်, ကုဏာလအိုင်, ဆဒ္ဒန္တအိုင်, မန္ဒာကိနီအိုင်ဆိုတဲ့ အိုင်ကြီးခုနှစ်အိုင်တွင်ရှိတဲ့ ရေတို့သည် ခြောက်သွေ့ကာ ပျောက်ကွယ်သောအခြင်းအရာ အနိစ္စ

လက္ခဏာကို တွေ့မြင်ကြည့်ရှုနှလုံးပြုလျက် အာပေါလွန်ကဲတဲ့ ရေအများတည်းဟူသော အာပေါကာယကို အနိစ္စလက္ခဏာထင်မြင်အောင် ရှုလိုက်ကြကုယ်တို့ လို မိန့်တော်မူကာ ....

ဧဝံ အနိစ္စာ ဘိက္ခဝေ သခ်ၤရာ။ပ။ အလံ ဝိမုစ္စိတုံ-လို ဟောတော်မူတယ်။ အနက်အဓိပ္ပါယ်သိလေ။

ထိုသို့ နေလေးစင်းထွက်ပြီးသည်မှနောက် ကြာမြင့်စွာသော ကာလကို လွန်သောအခါ ငါးစင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍ လာတယ်။ ငါးစင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍နေခဲ့သော် ငါးအိမ်ရှိသော ရှာတွင် ငါးပါးသော ဆွမ်းခံရဟန်းတို့သည် တံခါးအစဉ်အားဖြင့် ရပ်တော်မူကုန်သကဲ့သို့ နေငါးစင်းတို့ ကောင်းကင်တွင် တည်ကာနေကြကုန်တယ်။ ထိုအခါ အပူရှိန်ဒီဂရီများလဲ ရှေးကထက် ပြင်းထန်ပူလောင်လှသော ကြောင့် မဟာသမုဒ္ဒရာဝယ် ရေတို့သည် ယူဇနာ တရာ,နှစ်ရာ စသည်ဖြင့် အောက်သို့ သက်ဆင်းလျှောကျ၍ သွားပါကုန်တယ်။ မဟာသမုဒ္ဒရာဝယ် ရေတို့သည် အစဉ်သဖြင့် လျှောကျ၍ ထန်းရှစ်ဆင့်,ခုနစ်ဆင့်,ခြောက်ဆင့်, ငါးဆင့်, လေးဆင့်, သုံးဆင့်, နှစ်ဆင့်, တဆင့်ခန့်သာ တည်ရှိပါကုန်တော့တယ်။ မဟာသမုဒ္ဒရာဝယ် ရေတို့သည် ခုနစ်ရပ်အနက် တည်နေသည်မှစ၍ ခြေဖမျက်မျှလောက်သာ တည်ရှိတော့တယ်။ မဟာသမုဒ္ဒရာတွင် ရေတို့သည် လက်ဆစ်စွတ်လောက်ရုံမျှ မရနိုင်ဘဲ ခြောက်သွေ့ကာ ပျောက်ကွယ်၍ သွားကြသတည်း။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အို ချစ်သားတို့.... ရေအများတို့ ပျောက်ကွယ်သော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင်ကြည့်ရှု နှလုံးပြုလျက် အာပေါလွန်ကဲတဲ့ ရေအများတည်းဟူသော အာပေါကာယကို အနိစ္စလက္ခဏာ ထင်မြင်အောင် ရှုလိုက်ကြကုယ်တို့ လို မိန့်တော်မူကာ—

ဧဝံ အနိစ္စာ ဘိက္ခဝေ သခ်ၤရာ။ပ။ အလံ ဝိမုစ္စိတုံ....လို ဟောကြားတော်မူတယ်။ အနက်အဓိပ္ပါယ်သိလေ။

ထိုသို့ နေငါးစင်း ထွက်ပြီးသည်မှနောက် ကြာမြင့်စွာသော ကာလကို လွန်မြောက်သောအခါ ခြောက်စင်းမြောက်ကမ္ဘာဖျက်နေ ထွက်ပေါ်၍လာပါတယ်။ ခြောက်စင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍နေခဲ့သော် မဟာပထဝီမြေကြီး မြင်းမိုရ်တောင်မင်းများသည် အခိုးတလူလူနှင့် အခိုးလွှတ်

ကာ နေကြတယ်။ ဥပမာ မီးထိုးစ,မီးရှို့စ ထုံးဖို အုတ်ဖို အိုးဖိုများ မီးခိုးလွှတ်ကာ နေသည်နှင့်တူသည် ဆိုလိုသည်။ စကြဝဠာ ကမ္ဘာကုဋေတသိန်း ဆိုဘဲ့ အာဏာခေတ်တခုလုံး တပြိုင်နက် အခိုးတို့ဖြင့် ဖုံးအုပ်ကာ အာဆီအစေးများ ခြောက်သွေ့၍ ပျောက်ကွယ်ကြပါသတည်း။ ဥပမာ ပိုးတောက်ပိုးစာဆယ်တဲ့ ကောက်ရိုးခြောက် ကောက်ရိုးဆွေးနှင့် တူသည် ဆိုလိုသည်။

ထိုအခါ သဗ္ဗညူ မြတ်စွာဘုရားသည် အို ချစ်သား ရဟန်းတို့၊ အာဆီအစေးများ ခြောက်သွေ့ကုန်ဆုံးသော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင်ကြည့်ရှု နှလုံးပြုလျက် အာပေါလွန်ကဲ့ဲ့ အဆီအစေးတည်းဟူသော အာပေါကာယကို အနိစ္စလက္ခဏာ ထင်မြင်အောင် ရှုလိုက်ကြကွယ် တို့ လို့ မိန့်တော်မူကာ——

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ။ပ။ အလံ ဝိမုစ္စိတုံ....လို့ ဟောတော်မူတယ်။ အနက်အဓိပ္ပါယ် သိလေ။

ထိုသို့ နေခြောက်စင်းထွက်ပြီးသည်နောက် ကြာမြင့်စွာသော ကာလကို လွန်မြောက်သောအခါ ခုနစ်စင်းမြောက်ကမ္ဘာဖျက်နေ ထွက်ပေါ်၍ လာတယ်။ ခုနစ်စင်းမြောက် ကမ္ဘာဖျက်နေ ထွက်ပေါ်၍နေခဲ့သော် စကြဝဠာ ကမ္ဘာကုဋေတသိန်းတွင် နေကုဋေခုနစ်သိန်း ထွက်ပေါ်၍နေခဲ့သော်ဟု ဆိုလိုသည်။ မဟာပထဝီမြေကြီး မြင်းမိုရ်တောင်မင်းများသည် တပြိုင်နက် တမဟုတ်ခြင်းအားဖြင့် မီးတောက်လောင်ကြတယ်။ စကြဝဠာကမ္ဘာ ကုဋေတသိန်းလုံး မီးဟုန်းဟုန်း တောက်လောင်၍ နေပါတယ်။

ယူဇနာ တရာနှစ်ရာ စသည်မြင့်တဲ့ မြင်းမိုရ်တောင်ထွဋ်များလဲ ကောင်းကင်တွင်သာ ကြွပြုတ်ကာ ပျောက်ကွယ်၍ သွားကြတယ်။ မီးတောက် မီးလျှံများသည် နတ်ပြည်ခြောက်ထပ်ကို လောင်ကျွမ်း၍ ပဌမစျာန်သုံးဘုံကုန်အောင် လောင်ကျွမ်းပါတယ်။

ထောပတ်ဆီကို လောင်ကျွမ်းသော မီးတောက်မီးလျှံကဲ့သို့ သင်္ခါရတရားဟူက အနုမြူမျှ ပြာမင်မျှမကျန်ရအောင် လောင်ကျွမ်း၍ ငြိမ်ကာသွားတယ်။ အောက်ကောင်းကင်နှင့်တကွ အထက်ကောင်းကင်သည် တစပ်တည်းမျှောင်ကြီးကျ၍ နေပါသတည်း။ ထိုအခါ ဥတုခေါ်မီး၏ အခိုက်

အတန့်သည် အနု,အရင့်,အလျှံလို့ သုံးမျိုးရှိတယ်။ ထိုတွင် ဥတုခေါ် မီးနှုမောတ်နှုသာ ကောင်းကင်နှင့် အမျှပြည့်ဝလျက် တည်ပါသတည်း။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အိုချစ်သားတို့၊ မဟာပထဝီမြေကြီးမြင်းမိုရ်တောင်တို့ ပျောက်ကွယ်သော အခြင်းအရာ အနိစ္စလက္ခဏာကို တွေ့မြင်ကြည့်ရှု နှလုံးပြုလျက် ပထဝီလွန်ကဲ့တဲ့ မဟာပထဝီမြေကြီးမြင်းမိုရ်တောင် ဘုံဗိမာန်တည်းဟူသော ပထဝီကာယကို အနိစ္စလက္ခဏာမြင်အောင် ရှုလိုက်ကွယ်တို့ လို့ မိန့်တော်မူကာ—

ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ ။ပ။ အလံ ဝိမုစ္စိတုံ....လို့ ဟောတော်မူတယ်။ အနက် အဓိပ္ပါယ်သိလေ။

အနိစ္စကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ကြသော ရဟန်းငါးရာတို့သည်လည်း အနိစ္စလက္ခဏာဒေသနာကို ကြားနာရသော် တရားနာလျက် ထိုနေရာတွင်သာ ဒေသနာသို့ အစဉ်လျှောက်သဖြင့် ဉာဏ်ကို စေလွှတ်ကာ ကိစ္စပြီး ရဟန္တာဖြစ်ကြပါသတည်း။

ကမ္ဘာကြီးပျက်စီးပျောက်ကွယ်ပုံကို ဤပုံဟောထားသော်လဲ သောတာပန်စသော အရိယာသာဝကမှတပါး အခြားသူတို့ ယုံကြည်ရန်ခဲယဉ်းလေသည်။ ကွန်မြူနစ်စသော အယူတပါး နှစ်သက်သူများတို့ကား ယုံကြည်နိုင်မည်မဟုတ်ချေ။ သို့သော် မသိမလိမ္မာသူတို့ အပြစ်သာဖြစ်ချေမည်။ အရေးယူစရာမဟုတ်။

အညတြ ဒိဋ္ဌပဒေဟီတိ ဒိဋ္ဌပဒေ သောတာပန္နေ အရိယသာဝကေ ဌပေတွာ ကော အညော သဒ္ဒဟိဿတီတိ အတ္ထော။ (အဂုံတ္တိုရ်)

အညတြ ဒိဋ္ဌပဒေဟီတိ၊ ဟူသည်ကား။ ဒိဋ္ဌပဒေ၊ မျက်မှောက်တွေ့မြင်ရသောသစ္စာလေးပါးရှိကုန်သော။ သောတာပန္နေ၊ သောတာပန်ဖြစ်ကုန်သော။ အရိယသာဝကေ၊ အရိယသာဝကတို့ကို။ ဌပေတွာ၊ ထား၍။ အညော၊ တပါးသော။ ကော၊ အဘယ်သူသည်။ သဒ္ဒဟိဿတိ၊ ယုံကြည်လတ္တံ့နည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ကမ္ဘာဖျက်မိုးကြိုးရွာသည်မှစ၍ ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကများအနုမြူမျှ ပြာမင်မျှမကျန်သည်တိုင်အောင် ကာလအတောအတွင်းကို သံဝဋ္ဋအသင်္ချေယျကပ်လို့ခေါ်တယ်။ ကမ္ဘာပျက်ပြီး ကမ္ဘာသစ်

မတည်ထောင်ခင်ကာလအတောအတွင်းကို သံဝဋ္ဋဘာယီအသင်္ခေါ်ယျကပ်လို့ ခေါ်တယ်။

ကမ္ဘာဖျက်မိုး၊ ရှာသွန်းဖြိုးစ၊ ကုန်ရလောင်စာ၊ ရှိသေးခါ၊ မှတ်ပါသံဝဋ္ဋာ။

လောင်မီးဓာတ်နု၊ တည်စပြုက၊ မိုးယိုးရွာချ၊ မှတ်ပသံဝဋ္ဋဘာယီကပ်သာ။

အသင်္ခေါ်ယျကပ်

အသင်္ခေါ်ယျကပ်တကပ်ဆိုသည်မှာ ဂဏန်းချ၍ ရေတွက်ကာမပြနိုင်ချေ၊ သို့ရာတွင် အလျားအနံအမြင့်အားဖြင့် တခဲနက် တယူဇနာရှိသော ကျောက်တောင်ကြီးကို ဥပါသိကာမ၏ ပခုံးထက်၌ တင်လျက်ရှိသော တံဘက်ဖြင့် အနှစ်တရာအနှစ်တရာကြာမှ တကြိမ်တကြိမ်တို့သော် ကုန်သွားရာလောက်သောပမာဏလောက်ကြာသည်လို့ ဟောတော်မူသည်။

ကမ္ဘာတည်ပုံ

ထို့သို့ အောက်ကောင်းကင်နှင့်တကွ အထက်ကောင်းကင် တစပ်တည်း မှောင်ကြီးကျ၍ နေသောအခါ ကာလအလွန်ကြာသော် ကမ္ဘာပြုမိုးကြီးသည် အစစွာ နှင်းပေါက်ကဲ့သို့ နုဖဲ့သေးနုတ်စွာ ရွာသွန်း၍လာတယ်။ အစဉ်သဖြင့် ကုမုဒြာကြာရိုးပမာဏမှစ၍ ထန်းလုံးပမာဏစသည်ကြီးထွားကုန်သော ရေလုံးမိုးပေါက်တို့ဖြင့် ရွာသွန်းကာလာတယ်။ မီးလောင်ကျွမ်းရာ ကုဋ္ဌေတသိန်းသော စကြဝဠာတိုက်အတွင်း ရေတို့ကို အပြည့်သွင်းလျက် မိုးတိတ်၍ ကွယ်ကာသွားတယ်။ လေတို့သည် ရေပြင်၏ အောက်မှၾကင်း နံရံဘေးမှၾကင်း ထွက်ပေါ်၍လာကာ စကြဝဠာကမ္ဘာကုဋ္ဌေတသိန်းလုံး အပြည့်ဖုံးလျက် တည်နေသော ထိုရေကို ပဒုမ္မာကြာရွက်တွင် တည်နေတဲ့ ရေပေါက်ကဲ့သို့ တခဲနက် ရေလုံး ရေခဲအပြင် ပြုလုပ်၍ ထားပါတယ်။

ဤသို့ လေတို့သည် တခဲနက်အပေါင်းပြုလုပ်အပ်သော ရေလုံးရေခဲအပြင်သည် အတန်ကြာသော် အောက်သို့လျှောကျသက်ဆင်း၍ သွားပါတယ်။ ရေလုံးရေခဲအပြင်သည် အောက်သို့ ရောက်ခဲ့လျှောကျခဲ့သော် ဗြဟ္မာပြည်တည်ရာဌာနတွင် ဥတုဆိုတဲ့ မီးနုဓာတ်နုအစုမ်းသတ္တိ သဘာဝဓမ္မနိယာမအစုမ်းသတ္တိတို့ကြောင့် ဗြဟ္မာပြည်တို့ တည်လာကြပါတယ်။

ဗြဟ္မာဘုံမျှားကို အကြောင်းကြောင့် ပေါ်လာရသောကြောင့် သန်းတဘုံသန်းတနယ်သာ၊ အသန်းတစောတ်မဟုတ်၊ သန်းတမှန်က ပျောက်ကွယ်သေဆုံးရလိမ့်မည်လို့ မှတ်သားစေလိုသည်။

ယာမာ တုသိတာစသော အထက်နတ်ပြည်လေးထပ်တို့ တည်ရာအရပ်တွင်လဲ နတ်ပြည်လေးထပ်တို့ တည်လာပါကုန်တယ်။ စတုမဟာရာဇ်တာဝတိံသာဘုံတို့မှာ မြင်းမိုရ်တောင်တည်းဟူသော မြေနှင့်စပ်လျက် တည်ရသောကြောင့် တည်လာခွင့်မရကြသေး၊ ရှေးကမ္ဘာတွင် မြေတည်ရာဌာနသို့ ရောက်က ဖြစ်ပေါ်လာသော ဗလဝလေတို့သည် အပေါက်ကို ပိတ်၍ ထားသောမမှကရိုဏ်ရေစစ်တွင် တည်သောရေကဲ့သို့ ရေလုံးရေခဲအပြင်ကို လှုပ်ရှားခြင်းမရှိရအောင် ဆို့ပိတ်၍ထားကြပါတယ်။ ရေချိုကုန်ခဲ့သော် အထက်အပြင်တွင် ချိုမြိန်ကောင်းမြတ်သော အဆင်းအနံ့အရသာနှင့် ပြည့်စုံသော ရသပထဝီ မြေဆီပေါ်လာပါတယ်။

ထိုရသပထဝီမြေဆီသည် ရေမျှားမပါ နို့ဂဏာ၏အထက်အပြင်တွင် မလိုင်အဆင်းသဏ္ဌာယ် နှစ်သက်ဘွယ်ကောင်းသော အဆင်းသဏ္ဌာန်လဲရှိတယ်။ မြေအပြင်တွင် ဖြူဖွေးသော မှိုညှင်းလေးမျှား ပေါက်နေဘိသကဲ့သို့ ဆိုလိုသည်။ ထိုအခါတွင် အာဘာဿရစသော အထက်ဗြဟ္မာ့ပြည်မှ စုတေ၍ ဤလူ့ဘုံတွင် ဥပပါတ်မိုးပေါ်ကျ ပုဂ္ဂိုလ်မျှားဖြစ်လာပါတယ်။ အထက်ထက်ဗြဟ္မာဘုံမှ မိုးပေါ်ကျ ထိုကမ္ဘာဦးသူ ကမ္ဘာဦးသားတို့သည် မိမိတို့အရောင်အဝါဖြင့် လှည့်လည်သွားလာကာ နေကြကုန်တယ်။

ကမ္ဘာဦးသူ ကမ္ဘာဦးသားတို့ကိုလည်း ဥပပါတ်ပဋိသန္ဓေကို ဖြစ်စေနိုင်တဲ့ ကံကြောင့်ဖြစ်ပေါ်ကာလာရသောကြောင့် သန်းတနယ်သား သန်းတပုဂ္ဂိုလ်သာ၊ အသန်းတစောတ်ဝင် ပုဂ္ဂိုလ်မဟုတ်၊ သန်းတနယ်သားမှန်က ပျောက်ကွယ်သေဆုံးရမည်လို့ မှတ်သားစေလိုသည်။ ထိုကမ္ဘာသူ ကမ္ဘာသားတို့သည် ရသပထဝီမြေဆီအရသာကို လျက်၍တဏှာနှိပ်စက်သောကြောင့် အလုပ်အလွှဲပြု၍ သုံးဆောင်ခြင်းငှါ အားထုတ်ကြကုန်တယ်။ ထိုအခါ ကမ္ဘာသူကမ္ဘာသားတို့ရဲ့ ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပကာသွားသောကြောင့် မှောင်ကြီးကျကာ နေတယ်။ ထိုကမ္ဘာသူ ကမ္ဘာသားတို့

သည် အမိုက်မှောင်ကြီးကို တွေ့ကြုံရသော် ကြောက်ရုံထိတ်လန့်၍ သွားကြတယ်၊ ထို့နောင်မှ ကမ္ဘာသူကမ္ဘာသားတို့၏ အမိုက်ကိုပယ်ဖျောက်၍ ရဲရင့်ခြင်းသို့ ရောက်စေလျက် ယူဇနာငါးဆယ် အဝန်းရှိသော နေမင်းသည် ထွက်ပေါ်၍ လာတယ်။ ထိုကမ္ဘာသူကမ္ဘာသားတို့သည် နေဝန်းနေမင်းကို မြင်ရသောအခါ အရောင်အလင်းကို ရကြကုန်ပြီ လို့ အလွန်ရွှင်လန်း ဝမ်းမြောက်ကြတယ်။ ကြောက်လန့်သော ငါတို့၏ အကြောက်ကို ပယ်ဖျောက်၍ ရဲရင့်ခြင်းသို့ ရောက်စေလျက်တည်ပေပြီ၊ ထို့ကြောင့် ရဲရင့်သည် ဖြစ်စေသတည်းလို့ နေဝန်း၏အမည်ကို သူရိယလို့ သမုတ်ကြတယ်။ ထိုအခါ နေဝန်း နေမင်းသည် နေ့အခါတွင် အရောင်အဝင်းထွန်းလင်းတောက်ပ၍ ဝင်သွားခဲ့သော် ငါတို့ရထားသော အရောင်အလင်းကား ပျောက်ကွယ်၍ သွားခဲ့ပြီဟု တဘန် ကြောက်လန့်ကြပြန်တယ်။ ကမ္ဘာသူ-ကမ္ဘာသားတို့အား အကယ်၍ တပါးသော အရောင်အလင်းကို ရကြပါမူ အော် ကောင်းလေစွဟု တောင့်တကြပြန်တယ်။ ကမ္ဘာသူ-ကမ္ဘာသားတို့သည် လဝန်းလမင်းကို မြင်ရသောအခါ အတိုင်းထက်အလွန် ရွှင်လန်းနှစ်သက်လျက် ငါတို့၏ အလိုဆန္ဒကို သိဘိသကဲ့သို့ ထွက်ပေပြီ၊ ထို့ကြောင့် အလိုဆန္ဒ ပြည့်ဝစေသတည်းလို့ လဝန်းလမင်း၏ အမည်ကို ဆန္ဒလို့ သမုတ်ကြတယ်။ ကာလအတော်ကြာသော် ဆန္ဒမှ ပြောင်း၍ စန္ဒဖြစ်ကာ သွားသတည်း။

ဤပုံ လနေနှစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာကုန်သော် နက္ခတ်ကြယ်တာရာတို့သည်လည်း ကောင်းကင်တွင် ထင်ရှားစွာဖြစ်ပေါ်လာကုန်တယ်။ ထိုအခါမှစ ညဉ့်ပဲနေ့ပဲလို့ ခေါ်ကြတယ်။ ရက် လ ဥတု နှစ်တို့လဲ ထင်ရှား၍ လာတယ်။ လနေနှစ်ပါးတို့ ထင်ရှားစွာထွက်ပေါ်၍လာရာ တပေါင်းလပြည့်နေ့တွင်သာ တပြိုင်နက်အားဖြင့် မြင်းမိုရ်တောင် စကြဝဠာတောင် ဟိမဝန္တာတောင် ကျွန်းကြီးလေးကျွန်း သမုဒ္ဒရာတို့လဲ ထင်ရှားပေါ်လာကုန်တယ်။

ဥပမာ ဆတ်ထမင်းကို ချက်သည်ရှိသော် တပြိုင်နက် အားဖြင့်သာ ရေပွက်တို့ ပေါ်ထွက်လာပါကုန်တယ်။ ပေါ်ထွက်လာရာတွင် အခ္ဆိုအရပ်က မိုမိုမောက်မောက် အခ္ဆိုအရပ်ကနိမ့်နိမ့် အခ္ဆိုအရပ်ကညီမျှစွာ ပေါ်လာကုန်သကဲ့သို့ ထိုအတူ မြင့်မောက်ရာအရပ်တွင် တောင်, ချိုင့်ဝှမ်းရာ

အရပ်တွင် သမုဒ္ဒရာ၊ ညီမျှရာအရပ်တွင် ကျွန်းကြီး လေးကျွန်းတို့ ပေါ်လာကုန်တယ်၊ ထိုအခါ ရသပထဝီ မြေဆီအရသာကို စားသောက်ကြကုန်သော ကမ္ဘာသူကမ္ဘာသားတို့တွင် အချို့က အဆင်းလှကြ ကုန်တယ်၊ အချို့က အရုပ်ဆိုးကြကုန်တယ်၊ ထိုနှစ်ယောက်တို့တွင် အဆင်းလှသူတို့က အဆင်းမလှ အရုပ်ဆိုးသူကို မထေမဲ့မြင် ပြုကြပါကုန်တယ်။

ထိုကမ္ဘာသူကမ္ဘာသားတို့ အချင်းချင်း မထေမဲ့မြင်ပြုခြင်း မရှိသေကြခြင်းကြောင့် ထိုရသပထဝီမြေဆီအရသာကွယ်ကာ သွားပါသတည်း။ ထိုနောင် ဘူမိပပ္ပဋ္ဌက မြေလွှာပေါ်ကာလာတယ်။ မြေလွှာဆိုသည်မှာ ချို့အောက်တွင် ပေါက်သောမိုပွင့်ကြီး၏ အထက်အချပ်အပြင်ကြီးကဲ့သို့ မြေဆီ၏တည်ရာ မြေလွှာကဲ့လျက် အလွှာအလွှာ အချပ်အချပ် ဖြစ်ကာနေသည်ကို ဆိုသည်။ အလွန်ချို့မြိန်ကောင်းမြတ်သော အရသာရှိပါတယ်။ ဘူမိပပ္ပဋ္ဌကမြေလွှာကို သုံးဆောင်စားသောက်ကြသော ကမ္ဘာသူကမ္ဘာသားတို့ အချင်းချင်းမရှိသေကြခြင်းကြောင့် မြေလွှာလည်းကွယ်ကာသွားသတည်း။ ထိုနောင် ပဒါလတာမည်သော နွယ်ချို့ပေါက်လာတယ်။ ပဒါလတာဆိုသည်မှာ မိုပွင့်ကြီးတွင် အရိုးတန်ကဲ့သို့ မြေလွှာအစိတ်စိတ်အမှုန်မှုန်ကဲ့လျက် အချောင်းအချောင်း ဖြစ်သွားသည်ကို နွယ်ချောင်းနှင့် တူသောကြောင့် ပဒါလတာ ကောင်းမွန်သောအရသာရှိကဲ့နွယ်ချို့ခေါ်ဆိုတယ်၊ ပဒါလတာနွယ်ချို့ကို သုံးဆောင် စားသောက်ကြသော ကမ္ဘာသူ ကမ္ဘာသားတို့ အချင်းချင်း မရှိသေကြခြင်းကြောင့် ပဒါလတာ နွယ်ချို့လည်း ကွယ်ကာသွားသတည်း။

ထို့နောင် ထင်းမီးဖြင့် မချက်ရ ဆန်ကဲ့ဖဲ့မပါ သန့်ရှင်းစင်ကြယ်စွာ ကောင်းသောအနံ့နှင့် ပြည့်စုံတဲ့ သလေးဆန်ပေါ်လာတယ်။ ထိုကမ္ဘာသူကမ္ဘာသားတို့သည် သလေးဆန်ကို အိုးတွင်ထည့်၍ ဧာတိပါသာဏကျောက်တွင် တင်ထားကြတယ်။ သူ့ အလိုအလျောက် မီးလှုံတောက်၍ သလေးဆန်ကို ကျက်အောင်ချက်ပါတယ်။ ထိုသလေး ထမင်းသည် မြတ်လေးပန်းသဘွယ် စင်ကြယ်ဖြူဖွေးသော အဆင်းရှိပါတယ်။

သလေးထမင်းကို ကြက်ဝက်စသော ဟင်းလျာနှင့် ရောစပ်ဘွယ်မရှိပါ၊ စားလိုရာအရသာ ထွက်ပေါ်၍လာတယ်။ ကြမ်းတမ်းသော သလေးထမင်းမျိုသွင်းကြရသော ကမ္ဘာသူကမ္ဘာသားတို့အား ထိုအခါမှစ၍ ကျင်ကြီး

ကျင်ငယ်ဖြစ်ပေါ်၍လာတယ်။ ပိုးစားတပုံ လောင်ကုန်ဝမ်းမီး ကျင်ကြီး တသွယ် ကျင်ငယ်တတန် ပွါးပြန်ရသ သွေးမံသ သွားကြငါးမျိုးတည်း၊ လက်ာနှင့်အညီ အစားကကြမ်း ဝမ်းမီးကပန်းသောကြောင့် လောင်ကျမ်း အောင်မတတ်နိုင်ဘဲ ကျင်ငယ် ကျင်ကြီးဖြစ်ကာနေတော့သည်ဆိုလိုသည်။ ရသပထဝီ၊ ဘူမိပပွဋ္ဌက၊ ပဒါလတာ၊ သုံးဆောင်ရာတွင်၊ အစာကနုသောကြောင့် ပိုးစားတဖုံ၊ လောင်ကုန်ဝမ်းမီး၊ ပွါးစီးရသ၊ သွေးမံသ၊ သွားကြသုံးမျိုးတည်းလို့ ဆိုရပေမည်။ ထိုအခါ ကမ္ဘာသူကမ္ဘာသား တို့အားကျင်ငယ်ကျင်ကြီးတို့ ထွက်သွားရန်အလို့ငှါ အမာဝတို့ ကဲ့အက်ကာထွက်ပေါ်လာကုန်တယ်။ ယောကျ်ားဖြစ်ခဲ့ဘူးသူအား ပုရိသဘာဝရုပ်, မိန်းမဖြစ်ခဲ့ဘူးသူအား ဣတ္ထိဘာဝရုပ် ပေါ်လာတယ်။ ထိုသို့ မိန်းမယောကျ်ားဖြစ်ကြရာတွင် ကြာမြင့်စွာအချင်းချင်း တစိမ့်စိမ့်ကြည့်ရှုခြင်းကြောင့် ကာမရာဂ ပူဒလောင်ထကြွ၍ လာတယ်။ ထိုအခါ မေးခိုက်ခိုက်တုန်တဲ့မေထုန်အမှုကို ပြုကြပါသတည်း။

ထိုသူတို့ မသူတော်တရားမှိဝဲငြားသောကြောင့် ပညာရှိတို့ ကဲ့ရဲ့နှိပ်စက်ကြရကား မသူတော်တရားကို ဖုံးကွယ်ရန် အိမ်ဆောက်ကြရတယ်။ ထိုကမ္ဘာသူကမ္ဘာသားတို့ အိမ်ယာတွင် အုပ်စိုး၍ နေကုန်သော် ပျင်းရိသောလူတယောက်၏ ဒိဋ္ဌာနုဂတိသို့ လိုက်လျက် ဆန်စပါးတို့ကိုသိုမှီးသိမ်းဆည်းကြတယ်။ ထိုအခါမှစ၍ ဆန်တွင် ဆန်ကဲ့ဖဲ့တို့ ပါလာတယ်။ ကောက်ရိတ်ရာအရပ်တွင်လဲ တဖန်မပေါက်ရောက်တော့ပါ။ ကမ္ဘာသူကမ္ဘာသားတို့သည် တိုင်ပင်စည်းဝေးကြကာ အမောင်တို့ လူတို့ဝယ် ယုတ်ညံ့သောတရား မကောင်းမှုအကုသိုလ်များ ထင်ရှားပေါ်လာကုန်ပြီ၊ ရှေးအခါငါတို့မနောမယစိတ် တောင့်တတိုင်းရကြတယ်လို့ ငြီးတွားကုန်တယ်။

ထို့နောင် ကိုယ့်လယ်သူလယ် ကိုယ့်မြေ သူ့မြေစသည်ဖြင့် ပိုင်းခြားမှတ်သားကြတယ်၊ ထိုအခါတယောက်သောလူသည် တပါးသောသူ၏အဘို့ဘာဂကို ခိုးယူတယ်။ ထိုခိုးသောသူကို ပစ္စည်းရှင်တို့က တကြိမ်နှစ်ကြိမ်ဟော သူခိုး မင်းဘာဘဲ ညာဘဲစသည်ဖြင့် တိုင်းထွာဆဲဆိုကြပါတယ်။ သုံးကြိမ်မြောက်တွင် လက်သီး ခဲတုတ်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကြတယ်။ ကမ္ဘာဦးသူ ကမ္ဘာဦးသားတို့သည် ဤပုံ အဒိန္နာဒါန် စသောကံငါးပါးကို လွန်ကြ။ ကြကုန်သော် စည်းဝေးကာတိုင်ပင်ကြတယ်။ တိုင်ပင်ပုံ—အမောင်

တို့၊ ငါတို့သည် ထူးချွန်ဘုန်းတန်း အလွန်ပွင့်လန်းသောသူကို နှိပ်ထိုက်သူကို နှိပ်ရန် နှင့်ထိုက်သူကို နှင့်ရန် မဟာသမ္မတခတ္တိယရာဇာလို့မင်းမြွောက်ကြကုန်ရာတယ်။ ငါတို့ကား ထိုမင်းအားသလေးစပါးတို့၏ ဆယ်ဘို့တဘို့, ဆယ်ခို့ငှတခို့ ဆက်သရာတယ်လို့ တိုင်ပင်ကြသည်။ ဤပုံ စည်းဝေးတိုင်ပင်စီစဉ်ဆုံးဖြတ်ကြသော လူအပေါင်းတို့တွင် ထိုစဉ်အခါ ငါတို့ဘုရားလောင်းသည် အလွန်လျင် ရှုချင်စဘွယ် တင့်တယ်သော အဆင်းကလဲရှိ, ပညာဘုန်းတန်ခိုးကလဲ ကြွယ်ဝသောကြောင့် နှိပ်ခြင်း, ချီးမြွောက်ခြင်းကို ပြုစွမ်းနိုင်သော ယောကျ်ားမြတ် အာဇာနည် ဖြစ်ပေသည်။ လူအပေါင်းတို့သည် ဘုရားအလောင်းသို့ ချဉ်းကပ်၍ မဟာသမ္မတခတ္တိယရာဇာဟု သမုတ်ကြ မင်းမြွောက်ကြပါသတည်း။

ထိုအခါမှစ၍ မနုမည်သော ကမ္ဘာဦးမင်းကို လူအများတို့ သမုတ်ကာ မင်းမြွောက်၍ ထာဝသောကြောင့် **မဟာသမ္မတ**, လယ်မြေတို့၏ အရှင်ဖြစ်သောကြောင့် **ခတ္တိယ**, ပြည်သူပြည်သားတို့ကို တရားသဖြင့် နှစ်သိမ့်စေတတ်သောကြောင့် **ဓမ္မရာဇာ**, အမည်သုံးဖြာဖြင့် ခေါ်ဝေါ်သမုတ်ပြောဆိုမှုကို ပြုလုပ်ကြတယ်။ ဗြာဟ္မဏ ပုဏ္ဏားမျိုး, ဝေဿ သူကြွယ်မျိုး, သုဒ္ဒ သူဆင်းရဲမျိုးလို့ အမျိုးလေးပါး ဖြစ်ထွန်းကာလာသတည်း။

မိုးရွာစမှ၊ လပေါ်က၊ မှတ်ပ ဝိဝဋ္ဋာ။
လပေါ်သည်က၊ မိုးဖျက်ချ၊ မှတ်ပ ဝိဝဋ္ဋဌာယိကပ်သာ။
ဥတုကြောင့်သာ၊ သြကာသာ၊ ဖြစ်ရာပျက်ရာ အကြောင်းပါ။

ပျက်ပြားကမ္ဘာ၊ မိုးကြိုးရွာ၍၊ မီးဝါလှို့ကဲ့၊ ငြိမ်းစဲပဌမ၊ သံဝဋ္ဋတည့်၊ ထိုမှတဖြိုး၊ ကပ်ပြုမိုးလျှင်၊ ရွာကြိုးကြွေးအိုင်၊ တိုင်အောင်ဒုတိယ၊ သံဝဋ္ဋ-ဌာယီ။ ထိုပြီတချိန်၊ ထိန်ထိန်ထွန်းလျက်၊ နေလထွက်အောင်၊ ပဉ်းတက်တတိယ၊ ထိုမှတဘန်၊ ရွာပြန်ဖျက်ဘိ၊ မိုးကြိုးရောက်ဆိုက်၊ တည့်ကြိုက်စတုတ္ထ၊ ဝိဝဋ္ဋဌာယီ၊ အညီအညီ၊ အပြိုအပြင်၊ အသင်္ခေ်ချည်း၊ ဝေးစည်းပေါင်းစု၊ တခုမဟာ၊ ကပ်ကမ္ဘာသည်၊ စိတ်ဖြာဝေဌ စုခဲ့တည်း။

(လောကဝိဒူ မော်ကွန်း)

ဥတုနိယာမ=ဥတုအစဉ်မ်းသတ္တိ, ဓမ္မနိယာမ=သဘာဝအစဉ်မ်းသတ္တိတို့ကြောင့် သြကာသလောက တည်လာပုံ, ပျောက်သွားပုံကို သိလေ။

သြကာသလောက သခ်ၤတနယ် သခ်ၤတခၵတ် ဖြစ်ပုံကို သိလေ။ မဟာပထဝီမြေကြီး မြင်းမိုရ်တောင်, စကြဝဠာတောင်များ သခ်ၤတလား, အသခ်ၤတလားလို့ မေးလျှင် သခ်ၤတပါလို့ ဖြေရမည်။ သခ်ၤတမှန်ကနိစ္စလား, အနိစ္စလား မေးသော် အနိစ္စလို့ ဖြေ၊ အနိစ္စမမြဲတဲ့တရားမှန်ကဒုက္ခအနတ္တာချည်းသာ မှတ်ရာသတည်း။ ရေနှင့် လေတို့ကြောင့် ကမ္ဘာပျက်ပုံနှင့် ကမ္ဘာတည်ပုံ အခြင်းအရာအကျယ်ကို အဂ္ဂညသုတ် ဝိသုဒ္ဓိမဂ် သာရတ္ထဒီကာ အဋ္ဌသာလိနီအဋ္ဌကထာတို့မှ ယူရာ၏။ ဘုံများနှင့် ကမ္ဘာဦးသားတို့ သခ်ၤတတရား ဖြစ်ပုံကို သိရှိရန်သာ လိုရင်းဖြစ်၍ မရေးတော့ပေ။

သတ္တလောကသခ်ၤတဖြစ်ပုံ

ယခုအခါ အကြောင်းကြောင့် ဖြစ်ပေါ်ကာလာရသောကြောင့် လူနတ်ဗြဟ္မာ သတ္တဝါခေါ် သတ္တလောက၏ သခ်ၤတတရား ဖြစ်ပုံကို ပြမည်။

ဂဗ္ဘာဝက္ကန္တိဝဋ္ဋသို့ ဟိ ဒဿိတေ ကထေတုမို့ သုခံ ဟောတိ၊ ပရံ အဝေဟေဓေတုမိုတိ သုခါဝေဟေနတ္ထံ ဣဒမာရဒ္ဓန္တိ ဝေဒိတဗ္ဗံ။

(တိကနိပါတ် အင်္ဂုတ္တိရ် အဋ္ဌကထာ)

ဟိ၊ ထိုစကားသင့်စ့။ ဂဗ္ဘာဝက္ကန္တိဝဋ္ဋသို့ ၊ အမိဝမ်းတွင်း သက်ရောက်တဲ့ ဝဋ်ဒုတရား ရုပ်နာမ်နှစ်ပါးကို။ ဒဿိတေ၊ ပြအပ်သည်ရှိသော်။ ကထေတုမို့၊ ပြောဟောခြင်းငှါလည်း။ သုခံ၊ လွယ်လင့်တကူသည်။ ဟောတိ၊ ဖြစ်၏။ ပရံ၊ သူတပါးကို။ အဝေဟေဓေတုမို့၊ သိစေခြင်းငှါလည်း။ သုခံ၊ လွယ်လင့်တကူသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သုခါဝေဟေနတ္ထံ၊ လွယ်လင့်တကူသိရန်အကျိုးငှါ။ ဣဒံ ဝစနံ၊ ဆန္နံ ဘိက္ခဝေ ဓာတူနံဟူသော ဤစကားကို။ အာရဒ္ဓံ၊ အားထုတ်အပ်၏။

ဆိုလိုသည်မှာ ရုပ်နာမ်ဓမ္မသဘာဝတို့ကို ပြဆိုသည်ရှိသော် အမိဝမ်းတွင်းသက်ဝင်ကိန်းအောင်းတဲ့ ဂဗ္ဘသေယျကပဋိသန္ဓေဖြင့် ရုပ်နာမ်ဓမ္မတို့ကို ပြဆိုခြင်းသည် ဟောပြောရန်လည်း လွယ်ကူလှ၏။ သူတပါးတို့ နားလည်ရန်လည်း လွယ်ကူလှ၏။ ထို့ကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေဖြင့် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောကတို့၏ အဖြစ်အပျက်ကို ပြရမည်ဆိုလိုသည်။

စတသော ဓေါ ဣမာ သာရိပုတ္တ ယောနိယော။ (မဟာသီဟနာဒသုတ်)

ယောနိသဒ္ဒါကား ခန္ဓာအစု, အကြောင်း, ပဿဝမဂ် သုံးပါးဟောရာတွင် ဤအရာ ခန္ဓာအစုဟောမှတ်၊ ဘဝတခုနှင့် ဘဝတခုကို စပ်ခြင်းပဋိသန္ဓေဆိုတဲ့ ယောနိတို့သည် အလ္လေ ဇာတာ အလ္လဇာနှင့်အညီ ဥတွင်ပေါက်ဖွားသော ပဋိသန္ဓေ, ဇလာဗုမို့ ဇာတာ ဇလာဗုဇာနှင့်အညီ အမိဝမ်းတွင်ပေါက်ဖွားသော ပဋိသန္ဓေ, သံသေဒေ ဇာတာ သံသေဒဇာနှင့်အညီ ငါးပုပ်သားပုပ် မုယောစပါးပုပ် ထောပတ်ဆီ စသည်တွင် ပေါက်ဖွားသော ပဋိသန္ဓေ, ဥပပါတိတွာ ဝိယ နိဗ္ဗတ္တာ အဘိနိဗ္ဗတ္တာတိ ဩပပါတိကာနှင့်အညီ ဥစသောအကြောင်းတို့နှင့် ကင်းလျက် ကောင်းကင်မှ ဆင်းသက်သကဲ့သို့ ပေါက်ဖွားသော ပဋိသန္ဓေလို့ လေးမျိုးရှိတယ်။ ထိုဘွင် အလ္လဇ ပုဂ္ဂိုလ်ဆိုသည်မှာ ကောန္တပုတ္တတိဿထေရ်ညီအစ်ကိုမျိုးကို ခေါ်သည်။ ဇလာဗုဇကား ထင်ရှားပါ၏၊ ဂဗ္ဘသေယျကလို့လဲ ခေါ်၏။ သံသေဒဇ ဆိုသည်မှာ ပေါက္ခရသာတိပုဏ္ဏား ပဒုမဝတီ အာသက်ာစသော မင်းသမီးမျိုးတို့ကို ခေါ်သည်။ ဩပပါတိကဆိုသည်မှာ စာတုမဟာရာဇ်နတ်မှစ၍ အထက်နတ်ဗြဟ္မာအချို့ လူ နိဗ္ဗာမတဏ္ဍိကပြိတ္တာ ငရဲတို့ကို ဆိုသည်။ ထိုတွင် ငရဲ နိဗ္ဗာမတဏ္ဍိကပြိတ္တာ နတ်ပြည် ဗြဟ္မာပြည်တို့၌ ဥပပါတ်ပဋိသန္ဓေနှင့်သာ တည်နေကြတယ်။ တိရစ္ဆာန် ပြိတ္တာ လူ ဘုမ္မစိုးနတ်တို့၌ ပဋိသန္ဓေလေးပါးနှင့် တည်နေကြတယ်။ ထိုလေးပါးတို့တွင် ရုပ်နာမ်နှစ်ပါးတို့ ဖြစ်ပေါ်လာပုံ ပျောက်ကွယ်သေဆုံးပုံကို ထင်ထင်ရှားရှား သိရှိရန် အလို့ငှါ ဇလာဗုဇစုတိ ပဋိသန္ဓေအစဉ်ဖြင့် ဟောပြရာသတည်း။

လွန်ပြီးသော အတိတ်ဘဝမှ သေခါနီးသော သတ္တဝါသည် မိမိသဘောအားဖြင့်ဂုဏ်းလုံ့လအားဖြင့်ဂုဏ်း အလွန်သေလမ်းသေပန်းပွင့်ကာနေတယ်။ သေမင်း၏ထံသို့ ပို့ဆောင်တတ်သော မာရဏန္တိကဝေဒနာလက်နက်တို့၏ ကျရောက်ထိခိုက်ခြင်းကို သည်းမခံနိုင်ဖြစ်ကာနေတယ်။ မချိမဆန့် စန့်တန့်တန့်ဖြစ်၍ နေသောသတ္တဝါအား အစဉ်သဖြင့် ခြောက်သွေ့သော ကိုယ်ရှိကာ နေတယ်၊ ဥပမာ နေပူ၌ ချထားအပ်သော စိမ်းသောထန်းရွက်သစ်ရွက်များ ခြောက်သွေ့ကာ သွားသကဲ့သို့ ဆိုလိုသည်။ မျက်စိ နား နှာခေါင်းစသော ဣန္ဒြေတို့ ချုပ်ကွယ်သေဆုံးခဲ့ပြီးနောက် ဟဒယဝတ္ထု တည်ရာအရပ်မျှတွင် ကာယိန္ဒြေ ဇီဝိတိန္ဒြေ မနိန္ဒြေသုံးပါးတို့သာ တည်ရှိပါတော့တယ်၊ ထိုခဏဝယ် ဝိညာဉ်သည် အနည်းငယ်မျှ ကြွင်းသော ဟဒယ

ဝတ္ထုကိုမှီ၍ ဂရုကံ, သမာသေဝိတကံ, အာသန္နကံ, ပုဗ္ဗကတကံလို့ဆိုတဲ့ အပရာပရိယဝေဒနိယကံတို့တွင် အဝိဇ္ဇာနုသယ အခြံအရံ, တဏှာနုသယ အကြောင်းခံရှိသော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံစွဲကာ စုတိကျသွားပါတယ်။ ယခုလူတို့အခေါ် အားဖြင့် သေပြီလို့ ဆိုကြသတည်း။ တဏှာသည် ဤပုံစုတိကျသွားသော ဝိညာဉ်နှင့် အလားတူသော ထိုဝိညာဉ်ကို အဝိဇ္ဇာတဏှာတို့ကို မဂ်ဖြင့်မပယ်ရသေး သမျှကာလပတ်လုံး အဝိဇ္ဇာသည် အဖြစ်ကိုဖုံးကွယ်ကာ ထားအပ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတွင် ညှတ်စေတယ်။ စုတိနှင့်နီး၍ ဇောဝိညာဉ်နှင့်ယှဉ်သော သခ်ါရဖဿစသော တရားတို့က ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတွင် တွန်းချပစ်ချလိုက်ကြတယ်။

တဏှာနှင့်သခ်ါရတရားတို့က ညှတ်စေကြပစ်ချလိုက်ကြသော ထိုဝိညာဉ်သည် ဘဝတပါး အတွင်ဘောနှင့်စပ်သော မှီရာဟဒယဝတ္ထုကို မှီတွယ်ရသည် ဖြစ်စေ မမှီဘွယ်ရသည်ဖြစ်စေ သက်သက်အာရမ္မဏ သမ္ပယုတ္တ ကမ္မပစ္စည်းတို့ကြောင့် အထင်အရှားဖြစ်ပေါ်ကာလာတယ်။ ဥပမာမြောင်းငယ်ကို ခုန်ကျော်လိုသော ယောကျ်ားသည် ဤမှာဘက်ကမ်း သစ်ပင်တွင် ချည်ထားသောမှီတွယ်ရာကြိုးကို ကိုင်ဘွယ်ရသည်ဖြစ်စေ မကိုင်တွယ်ရသည် ဖြစ်စေ မြေအပြင်တွင် မိမိအား အစွမ်းလုံးလတို့ဖြင့် တည်လာနိုင်သည်နှင့် တူသည် ဆိုလိုသည်။ ပဋိသန္ဓေထင်ရှားဖြစ်ပေါ်လာသောအခါ ဇလာပုဇ ဂဇ္ဇသေယျကဖြစ်၍ ဝတ္ထုဒသက ကာယဒသက ဘာဝဒသကတို့၏ အစွမ်းဖြင့် ကလာပ်သုံးစည်း ရုပ်ပေါင်းသုံးဆယ် ထင်ရှားဖြစ်ပေါ်ကာလာတယ်။ ထိုအခါမှာ ပဋိသန္ဓေဝိညာဉ်နှင့်တကွ ရုပ်ပေါင်းသုံးဆယ်ဆိုတဲ့ ရုပ်နာမ်နှစ်ပါး တရားမျှသာ ထင်ရှားပေါ်လာတယ်။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်းမိန်းမ အသက်တို့ ပေါ်လာသည်မဟုတ်ပါကုန်၊ အတိတ်အကြောင်းကြောင့် ရုပ်နာမ်သခ်ါရတို့ ပေါ်လာရာဘွင် သန္ဓတိအစဉ်သည် အရူပသန္ဓတိ=နာမ်တရားအစဉ်, ရူပသန္ဓတိ=ရုပ်တရားအစဉ်လို့ နှစ်မျိုးရှိတယ်။ ထိုတွင် နာမ်တရားအစဉ်ပေါ်လာပုံမှာ ပဋိသန္ဓေစိတ်ဖြစ်ပေါ်ပြီးနောက် ပဋိသန္ဓေဝိညာဉ်နှင့် တကွဖြစ်သော ဟဒယဝတ္ထုကို ပုရေဇာတပစ္စည်း အထောက်အပံ့ပြု၍ နှစ်ခုမြောက်ပဌမဘဝင်စိတ် ပေါ်ကာလာတယ်။ ထို့နောင် ပဌမဘဝင်စိတ်နှင့် တကွဖြစ်သော ဟဒယဝတ္ထုကို ပုရေဇာတပစ္စည်း

အထောက်အပံ့ပြု၍ သုံးခုမြောက်ဒုတိယဘဝင်စိတ် ဖြစ်ပေါ်ကာလတယ်။ ဤနည်းအတိုင်း အရာအားလျော်စွာ ဘဝင်စိတ်တို့ ၁၅-ကြိမ် ၁၆-ကြိမ် ဖြစ်ပေါ်ကာလတယ်။ ထို့နောင် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိလောဘ ဇောခုနစ်ကြိမ် ဘဝင်စိတ်များး ဖြစ်ပေါ်ကာလတယ်။ နာမ်တရား အစဉ်တွင် တခုသောစိတ်၏ အသက်ခေါ်တဲ့ ခဏတို့သည် ဥပါဒ်=ဖြစ်ပေါ်တဲ့ ခဏ,ဌိ=တည်တဲ့ခဏ,ဘင်=ပျက်တဲ့ခဏလို့ သုံးပါးရှိတယ်။ အလုံးစုံသော စိတ်ဟူသမျှသည် ဘင်ခဏမှာ ပျောက်ကွယ်သေဆုံးကြတယ်။ နာမ်တရား အစဉ်သည် တဘဝအတွင်းမှာ စုတိသို့ ကျရောက်က ချုပ်ကွယ်ကာ အစဉ်ပြတ်၍ သွားသတည်း။

ထိုအတိတ်ကံကြောင့်ဖြစ်သော ရုပ်အစဉ်သည် နေ့ညဉ့်အခါ အချိန်ရှိသမျှ ကာလပတ်လုံး ခဲစားအိပ်ပျော် မွေ့လျော်သော သူဟူသမျှတို့အား မြစ်ရေအယဉ်ဆီမီးအစဉ်ကဲ့သို့ ဖြစ်ကာနေတယ်။ ရူပသန္ဓတိ=ရုပ်တရား ဒ္ဂစဉ်သည်လည်း ကမ္မဇရူပသန္ဓတိ=ကံကြောင့်ဖြစ်သော ရုပ်တရားအစဉ်, ဥတုဇရူပသန္ဓတိ= ဥတုကြောင့်ဖြစ်သော ရုပ်တရားအစဉ်, စိတ္တဇ-ရူပသန္ဓတိ, စိတ်ကြောင့်ဖြစ်သော ရုပ်တရားအစဉ်, အာဟာရဇရူပ-သန္ဓတိ =အာဟာရ ကြောင့်ဖြစ်သော ရုပ်တရားအစဉ်လို့ လေးပါးရှိတယ်။ ထို လေးပါးတို့တွင် ကံကြောင့်ဖြစ်သော ရုပ်အစဉ် ဖြစ်ပုံ, ပျက်ပုံမှာ ပဋိသန္ဓေစသော စိတ်တို့၏ ခဏတိုင်း ခဏတိုင်းမှာ ကံကြောင့် ကမ္မဇရုပ်သစ်တို့ ပေါ်လာကြတယ်။ ထို ကမ္မဇရုပ်တို့တွင် ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်သည် ရုပ်တို့၏အသက်ကား စိတ္တက္ခဏ တဆဲ့ခုနစ်ကြိမ်, ခဏငယ် ငါးဆဲ့တကြိမ် အသက်ရှိသောကြောင့် ပဋိသန္ဓေမှစ၍ တဆဲ့ခုနစ်ကြိမ်မြောက်သော ဘဝင်စိတ်၏ ဘင်ခဏမှာ ချုပ်ကွယ်သေဆုံးရတယ်။

ဤသို့သောနည်းဖြင့် ပဋိသန္ဓေစိတ်၏ ဌိခဏမှစ၍ ခဏတိုင်းဖြစ်ကြသော ကမ္မဇရုပ်တို့သည်လည်း အသက်စေ့သောအခါ ပျောက်ကွယ်သေဆုံးကြပါတယ်။ စုတိစိတ်မှ နောက်ဆုတ်ပြန်၍ရသော် တဆဲ့ခုနစ်ကြိမ်မြောက်သော စိတ်၏ ဌိခဏမှစ၍ ကမ္မဇရုပ်သစ်များး မပေါ်လာတော့ပါ။ ကမ္မဇရုပ်ဟူသမျှတို့သည် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကွယ်ကာ အစဉ်ပြတ်စဲ၍ သွားကြသတည်း။ လူတို့ကား သေပြီဟူ၍ ငိုကြွေးကြပါသည်။

ဥတုကြောင့်ဖြစ်သော ရုပ်အစဉ် ဖြစ်ပုံ,ပျက်ပုံမှာ ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်သော တေဇောဓာတ်ဆိုတဲ့ ဥတုသည် ရုပ်၏ဌိတက္ခဏသာ အားကောင်းသောကြောင့် ပဋိသန္ဓေ၏ ဌိတက္ခဏ မိမိဌိသို့ရောက်သောအခါ ဥတုဇ ရုပ်ကလာပ်တို့ကို ဖြစ်စေတယ်။ ထိုနောင် ပဋိသန္ဓေ၏ ဌိတက္ခဏမှစ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ကြသော ကမ္မဇရုပ်တို့တွင် တေဇောဓာတ်ဆိုတဲ့ ဥတုသည် မိမိဌိသို့ ရောက်သောအခါ ဥတုဇရုပ်ကလာပ်တို့ကို ဖြစ်စေတယ်။ ကမ္မဇ ရုပ်အစဉ်ပြတ်ပြီး သေပြီးနောက် ဥတုကြောင့်ဖြစ်သော ရုပ်ရှစ်ခုတို့တွင် တေဇောဓာတ်ဆိုတဲ့ ဥတုကသာ သြဇာလျှင်ရှစ်ခုမြောက်ရှိ ရုပ်ရှစ်ခုတို့ကို ဆက်ခါဆက်ခါ ဖြစ်စေ၍နေပါတယ်။

ထို့ကြောင့် ကမ္မာပျက်သည်တိုင်အောင် ဥတုဇရုပ်တည်တယ်လို့ ဆိုကြသတည်း။

စိတ်ကြောင့်ဖြစ်သော ရုပ်အစဉ် ဖြစ်ပုံ,ပျက်ပုံမှာ အလုံးစုံသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာ၏ စုတိစိတ်, ဒွေပဉ္စဝိညာဉ်တဆယ်, အရူပစိတ် တဆဲ့ခြောက်ပါးသော စိတ်တို့ကိုကြဉ်၊ ကြွင်းသောစိတ် ဟူသမျှ တို့သည် ဥပါဒ်ခဏ၌သာ အားရှိကြသောကြောင့် ဥပါဒ်ခဏတိုင်းခဏတိုင်း စိတ္တဇရုပ်တို့ကို ဖြစ်စေတယ်၊ ပေါက်ဖွားစေတယ်။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း စိတ္တဇရုပ်များပါလာကြသည်လို့ ဆိုလိုသည်။ စိတ္တဇရုပ်များသည် စိတ္တက္ခဏ တဆဲ့ခုနစ်ကြိမ် ခဏငယ် ငါးဆဲ့တကြိမ်ခန့် ကာလကြာအောင် တည်နေ၍ ချုပ်ကွယ်ကာ သေဆုံးကြပါတယ်။ စုတိစိတ်နှင့်အတူဖြစ်သော စိတ္တဇရုပ်သည် စုတိနောင် စိတ္တက္ခဏ တဘဲ့ခြောက်ကြိမ်ခန့် ကာလကြာအောင် တည်နေ၍ ချုပ်ကွယ်ကာ သေဆုံးကြသတည်း။

ဥတုစိတ်တို့သည် အသံဖြစ်ဘို့ အချိန်ကျသောအခါ ပဋိသန္ဓေခဏမှ နောက်ကာလ သဒ္ဒနဝကကလာပ် အသံရုပ်ကို ဖြစ်စေတယ်။ အာဟာရဇ ရုပ်တို့၏ ဖြစ်ပုံ, ပျက်ပုံအစဉ်မှာ သြဇာသည် အမိစားသောက်သော အာဟာရဖြင့် ပို့ဆောင်ပေးသည့်နှယ် ဌိတက္ခဏတွင် တသတ္တာဟ, နှစ်သတ္တာဟကိုလွန်သော အခါ အာဟာရဇရုပ်ကို ဖြစ်စေတယ်။

ယကွသံယုတ်အဌကထာမှာမူ သူငယ်၏ချက်မှ ချက်ကြိုးသည် အမိဝမ်း အပြင်နှင့် စပ်ကာနေတယ်။ ထို ချက်ကြိုးမှာ ကြာရိုးကဲ့သို့ အပေါက်

အပေါက်ကလေးများ ပါလာတယ်။ ဩဇာသည် ချက်ကြိုးပေါက်ဖြင့် အာဟာရရည်များ စိမ့်ဝင်၍ ဦဿိုရောက်သောအခါ အာဟာရဇရုပ်ကို ဖြစ်စေတယ်၊ ဤသို့ ဆယ်လတိုင်တိုင် အမိဝမ်းတွင် တည်နေသော သူငယ်သည် မျတသည်ဟုလာသည်၊ ဤသို့သောနည်းဖြင့် အာဟာရဇရုပ်များ ပေါက်ဖွားကြပါတယ်။ အာဟာရဇရုပ်များ ဖြစ်သည့်ခဏမှစ၍ စိတ္တကွဇတဆဲ့ခုနစ်ကြိမ်ခန့် ကာလမျှ တည်နေ၍ ချုပ်ကွယ်သေဆုံးကြသတည်း။ ဤကား အဘိဓမ္မာနည်း ဖြစ်ပျက်ပုံတည်း။ အဆင့်ဆင့်ဆက်၍ ဖြစ်စေပုံကို အဋ္ဌကထာမှယူလေ။

သုတ္တန်နည်းအားဖြင့် ရုပ်ဓမ္မနာမ်ဓမ္မတို့ ဖြစ်ပျက်ပုံကား— ယက္ခသံယုတ်ဣန္ဒကဝဂ်မှာ ဣန္ဒကနတ်သား ဘုရားလျှောက်ကြားသော ဂါထာကား—

ရူပံ နု ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံ ဒုယံ ဝိန္ဒတိ မံ သရီရံ။
ကုတဿ အဋ္ဌယကနပိဏ္ဍမေတိ၊ ကထံ နုယံ သဇ္ဇတိ ဂဗ္ဘသ္မိ ံ။

ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ ရူပံ၊ ရုပ်တရားကို။ ဇီဝန္တိ၊ ပဋိသန္ဓေတွင်ဖွားမြင်လာ၍။ ဝဒန္တိ၊ ဟောကုန်အံ့။ ဇဝံ၊ ဤသို့ မဟောကုန် မယူကုန်သည်ရှိသော်။ ကထံ၊ ဘယ်ပုံ။ အယံ၊ ဤရုပ်တရားသည်။ ဣမံ သရီရံ၊ ဤခန္ဓာကိုယ်ကို။ ဝိန္ဒတိ နု၊ ရပါသတဲ့နည်း ဘုရား။ အဿ၊ ထိုရုပ်တရားအား။ ကုတော၊ အဘယ်အရပ်မှ။ အဋ္ဌိယကနပိဏ္ဍံ၊ သုံးရာသောအရိုး ကိုးရာသော သားတစ်သည်။ ဇတိ နု၊ လာရောက်ပါသတဲ့နည်း။ အယံ၊ ဤရုပ်တရားသည်။ ကထံ၊ ဘယ်သို့။ ဂဗ္ဘသ္မိ ံ၊ အမိဝမ်းတိုက်၌။ သဇ္ဇတိ နု၊ ကပ်ငြိတည်နေပါသတဲ့နည်း ဘုရား လို့ လျှောက်ထားလေသည်။

ဆိုလိုသည်မှာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင် ဣန္ဒကနတ်ဘီလူး၏ ဘုံဗိမာန်၌ နေတော်မူသောအခါ ပဋိလ် သတ္တဝါလို့ အယူရှိတဲ့ ဣန္ဒကနတ်ဘီလူးသည် သဗ္ဗညုမြတ်စွာဘုရားထံ ကူး၍ လျှောက်ကြားသည်မှာ—-

ဘုန်းတော်သခင် အရှင်ဘုရား၊အရှင်ဘုရားတို့သည် ပဋိလ် သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမ အသက်ဇီဝမဟုတ်လို့ အကယ်၍ ယူတော်မူကုန်ဟောတော်မူကုန်ပါသလော၊ ထိုသို့ ယူတော်မူကုန်သည်ရှိသော် ဤရုပ်နာမ်

နှစ်ပါး တရားအစုသည် ဘယ်ပုံ ဤကိုယ်ကြီးကို ရပါသနည်း။ ဤရုပ်နာမ် နှစ်ပါး တရားအစုအား သုံးရာသောအရိုး ကိုးရာသောသားတစ်တို့သည် အဘယ်မှ လာပါကုန်သနည်း။ ဤရုပ်နာမ်နှစ်ပါး တရားအစုသည် ဘယ်ပုံ အမိဝမ်းတိုက်၌ ကပ်ငြိတည်လာပါသနည်း ဘုရားလို့ လျှောက်ထားလေသည်ကုယ်တို့။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ဣန္ဒကနတ်ဘီလူးအား အမိဝမ်းတိုက်၌ တပြိုင်နက်ပေါ်လာသည်မဟုတ်၊ အစဉ်အတိုင်း ကြီးပွါးရပါတယ်ကုယ်-လို့ မိန့်ကြားလိုရကား—

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ။
ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရော။
လို့ ဟောတော်မူတယ်။

ပဌမံ၊ အစစ္စာသောပဋိသန္ဓေဝိညာဉ်နှင့်တကွ။ တိဿောတိ ဝါ၊ တိဿ ဟူ၍ဂုဏ်း။ ဖုဿောတိ ဝါ၊ ဖုဿဟူ၍ဂုဏ်း။ နာမံ၊ အမည်သည်။ နတ္ထိ၊ မရှိ။ ကလလံ၊ ထောပတ်ကြည်အဆင်း ဝါဝင်းသောကလလရေကြည်သည်။ ဟောတိ၊ ၏။ ကလလာ၊ ကလလရေကြည်မှ၊ သတ္တာဟစ္စယေန၊ ခုနစ်ရက်ကိုလွန်သဖြင့်။ အဗ္ဗုဒံ၊ သားဆေးရေအဆင်းရှိသောအမြှုပ်သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်မှ။ သတ္တာဟစ္စယေန၊ ဖြင့်။ ပေသိ၊ ကြွမ္ဘသောသလဲဖြူနှင့်တူသောသားတစ်သည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ-ပေသိ-တော၊ သားတစ်မှ။ သတ္တာဟစ္စယေန၊ သဖြင့်။ ဃနော၊ ကြက်ဥသဏ္ဌာန်မြင်ရပြန်သော အသားစိုင် အသားခဲသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဃနာ၊ အသားခဲမှ။ သတ္တာဟစ္စယေန၊ သဖြင့်။ ပသာခါ၊ သုံးဆဲ့ငါးရက်မြောက်သောအခါ လက်နှစ်ဘက်, ခြေနှစ်ဘက်, ဦးခေါင်းတို့ထွက်ပေါ်ရန်အလို့ငှါ ငါးမျိုးသော ခက်မအဖုတို့သည်။ ဇာယန္တိ၊ ဖြစ်ပေါ်ကုန်၏။ ဒ္ဒါစတ္တာလီသေ၊ လေးဆဲ့နှစ်ခုသော။ သတ္တာဟော၊ ခုနစ်ရက်၌။ ဝါ၊ ၂၉၄-ရက်၌။ ကေသာ စ၊ ဆံတို့သည်ဌင်း။ လောမာပိ စ၊ အမွေးတို့သည်

ၵင်း။ နခါပိ စ၊ လက်သည်း ခြေသည်းတို့သည်ၵင်း။ ဇာယန္တီ၊ ဖြစ်ပေါ်ကုန်၏။ အာဿ၊ ထိုသူငယ်၏။ မာတာ၊ အမိသည်။ ယံ အန္နဉ္စ၊ အကြင်ထမင်းကိုၵင်း။ ယံ ပါနဉ္စ၊ အကြင်အဖျော်ကိုၵင်း။ ယံ ဘောဇနဉ္စ၊ အကြင်ဘောဇဉ်ကိုၵင်း။ ဘုဉ္ဇတိ၊ စားသောက်၏။ မာတုကုစ္ဆိဂတော၊ အမိဝမ်းဦးတည်သော။ သော နရော၊ ထိုသူသည်။ တေန၊ ထိုရွှေရွှားသော အာဟာရဏ်ဖြင့်။ တတ္ထ၊ ထိုအမိဝမ်းဦး။ ယာပေတိ၊ မျှတ၏။

ဆိုလိုသည်မှာ ပဋိသန္ဓေဝိညာဉ်နှင့်တကွ ရုပ်ပေါင်းသုံးဆယ်တို့ ဖြစ်စအခါ ယောကျ်ားဘဲ မိန်းမဘဲလို့ မထင်ရှားသေးပါ။ တိဿ ဖုဿလို့လဲ အမည်မရကြသေးပါ။ စင်စစ်မှာ ဇာတိဥဏ္ဏမည်သော သား၏သုံးချောင်းသော အမွေးတို့ဖြင့် ကျစ်ထားသော ချည်ချောင်းကို ဆီဥထည့်ပြီးလျှင် အဖျားဦးတည်နေသော ဆီပေါက်ပမာဏလောက် ဝါဝင်းသော ကလလ ရေကြည် အစစ္ဓာတည်လာတယ်။ ခန္ဓဝိဘင်းအဋ္ဌကထာဦးကား ဇာတိဥဏ္ဏမည်သော သား၏တချောင်းသော အမွေးကို ကြည်လင်သော နှမ်းဆီဥထည့်၍ အမွေးဖျားဦး ကပ်ငြိတည်နေသော ဆီပေါက်ပမာဏလောက် ဝါဝင်းသော ကလလ ရေကြည် တည်လာသည်လို့ဆိုသည်။ ကလလ ရေကြည် ပမာဏမှာ ဝါဒအမျိုးမျိုးရှိပါတယ်။ ကလလ ရေကြည် မှနောက် ခုနစ်ရက်ကို လွန်မြောက်သောအခါ တိုးပွါးကြီးထွားလျက် သားဆေးရေ အဆင်းကဲ့သို့ အဆင်းရှိသော အမြှုပ်ဖြစ်ပေါ်လာပါတယ်။ ကလလ ရေကြည် အမည်သည် ကွယ်ပျောက်၍ အနိစ္စရောက်ကာ သွားတယ်။

အမြှုပ်ဖြစ်သည်မှနောက် ခုနစ်ရက်ကို လွန်မြောက်သောအခါ တိုးပွါးကြီးထွားလျက် ကြွမ်သောသလဲဖြူအဆင်းနှင့်တူသော အဆင်းရှိသော သားတစ်ပေါ်ကာလာတယ်။ အဗ္ဗုဒ အမည်သည် ကွယ်ပျောက်၍ အနိစ္စရောက်ကာသွားတယ်။ သားတစ်ဖြစ်သည်မှနောက် ခုနစ်ရက်မြောက်သော အခါ ကံကြောင့် ကြက်ဥသဏ္ဌာန်မြင်ရပြန်သော ဃနမည်သော အသားစိုင် အသားခဲ ပေါ်လာတယ်။ ပေသိ သားတစ်အမည် ကွယ်ပျောက်၍ အနိစ္စရောက်ကာ သွားပါတယ်။ အသားစိုင် အသားခဲ ဖြစ်သည်မှနောက် သုံးဆဲငါးရက် မြောက်သောအခါ ကံကြောင့် ဦးခေါင်းလက်ခြေတို့ ထွက်ပေါ်လာရန် အကျိုးငှါ ခက်မငါးခုတို့ ပေါ်လာကုန်တယ်။ ထို့ကြောင့်

ပဥ္စမေ ဘိက္ခဝေ သတ္တာဟေ ပဥ္စ ပီဋကာ သဏ္ဌာဟန္တိ ကမ္မတော-လ္ဟိ မိန့်တော်မူတယ်။

ဘိက္ခဝေ၊ အိုချစ်သားတို့။ ပဥ္စမေ သတ္တာဟေ၊ သုံးဆဲ့ငါးရက်မြောက် သောနေ့တွင်။ ကမ္မတော၊ ကံကြောင့်။ ပဥ္စ ပီဋကာ၊ ငါးခုသော ခက်မ အဖုတို့သည်။ သဏ္ဌာဟန္တိ၊ ပေါ်လာကုန်၏။ ကလလ ရေကြည်မှ နောက် ခုနစ်ဆဲ့ ခုနစ်ရက်မြောက်သောအခါ တဆဲ့တစ်သတ္တာဟ၌ မျက်စိ နား နှာခေါင်း လျှာ ဤလေးဖြာတို့ တပြိုင်နက်အားဖြင့် ပေါ်လာကုန် တယ်။

ဂဗ္ဘသေယျကာနံ ပန အဇ္ဈတ္တိကာယတနေသု မနာယတနကာယာ-ယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တတိ-ရတ္တိမ့်။ (ကထာဝတ္ထုအဋ္ဌကထာ)

ပန၊ အဘို့တပါးကား။ ဂဗ္ဘသေယျကာနံ၊ အမိဝမ်းတွင်ကိန်းအောင်း သောသတ္တဝါတို့အား။ အဇ္ဈတ္တိကာယတနေသု၊ အဇ္ဈတ္တိကာယတနခြောက် ပါးတို့တွင်။ မနာယတနကာယာယတနာနေဝ၊ မနာယတနကာယာယတန တို့သည်သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော စက္ခု သောတ ဃာန ဇိဝှါတို့သည်။ သတ္တသတ္တတိရတ္တိမ့်၊ ခုနစ်ဆဲ့ခုနစ်ညဉ့်မြောက်တွင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တဆဲ့တစ်သတ္တာဟမှ နောက်သတ္တာဟ ၂၉၄-ရက် မြောက်သောနေ့တွင် ဆံ, အမွေး, လက်သီး, ခြေသည်းတို့ပေါက်ရောက်ကာ လာတယ်။

နဝ ဝါ ဒသ ဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရိတ္ဝာ ဝိဇာယန္တိ-လ္ဟိ ဟောသောကြောင့် ကိုးလလွန် ဆယ်လရောက်က သူငယ်ဖွားကာလာ သတည်း။ ဤသို့အစဉ်သဖြင့် ကြီးပွါး၍အရိုးအသားတို့ တည်လာပုံကို ဟောတော်မူပါသတည်း။

တခြားစီဖြစ်ပုံချုပ်ကွယ်ပုံ၊ .... ဆံဖျားမှအောက် ခြေဖျားမှအထက် အရေဖြင့်ဖုံးအုပ်ကာ တည်နေသော ကိုယ်တခုလုံးဝယ် လေးပါးသော အကြောင်းကြောင့် ဖြစ်သောရုပ်တို့သည် မြစ်ရေအယဉ်ဆီမီးလျှံအစဉ်ကဲ့သို့ တခဲနက်တပေါင်းတည်း ဖြစ်ကာနေတယ်။ ထိုသို့ဖြစ်သော်လည်း အတူတကွ မဖြစ်ကြ မချုပ်ကြပါ။ ဥပမာ ကျင်နီ ကျင်နက်တို့ အုပ်လိုက်စီတက်သွား

သောအခါ အဝေးက တစပ်တည်း တသားတည်းကဲ့သို့ ထင်ကြရတယ်။ ထင်ကြရသော်လဲ တစပ်တည်း တသားတည်းကားမဟုတ်ကြပါ။ တကောင် တကောင်သောကျင်နီ ကျင်နက်၏ ဦးခေါင်းဝယ် တကောင်သောကျင်နီ ကျင်နက်၏ ခြေအလယ် ဦးခေါင်းများတည်ကာနေပါတယ်။ ဤသို့ထပ် လျက် ပြွမ်းလျက် ဆုံလျက် တည်ကာနေသကဲ့သို့ ထိုအတူ တကိုယ်လုံးဝယ် တခုသောရုပ်ဖြစ်ပေါ် သောခဏ တပါးသောရုပ်၏ ဖြစ်မှု တည်မှု ပျက်မှုတို့ ထပ်ကာ ပြွမ်းကာ ဆုံကာ နေကြတယ်လို့ ဆိုလိုသည်။ ဤသို့ တခြားစီ ဖြစ်ပုံ ပျောက်ကွယ်ပုံကို သိရှာသတည်း။

ထို့ကြောင့် ရှေးဆရာတို့ "အစအဆုံး ထိဆက်ကုံး ရှဲလုံးပမာ နာမ်ခန္ဓာ၊ ဆုံးလယ်စစ္ဓန်း ထပ်လျက်ပြွမ်း ကြိုးလွန်းပမာ ရုပ်ခန္ဓာ" လို့ဆိုကြတယ်။ ဤလေးပါးသော ရုပ်အစဉ်တို့တွင် ကမ္မဇရုပ်အစဉ်သည် အလုံးစုံသော ဘုံဘဝတို့၌ တပါးသောတိဇရုပ်တို့မှ အစစ္ဓာတည်လာဖြစ်လာတယ်။ သို့သော် တိဇရုပ်တို့၏ အထောက်အပံ့ကို မရက တည်တံ့ခြင်းငှါ မစွမ်းနိုင်ပါ။ တိဇရုပ်တို့သည်လည်း ကမ္မဇရုပ်အထောက်အပံ့ကို မရက တည်တံ့ခြင်းငှါ မစွမ်းနိုင်ပါ။ စင်စစ်မှာ ရုပ်အချင်းချင်းတို့ ထောက်ပံ့ခြင်းကိုရကုန်မှ အစဉ် မပျက်ဘဲ ဆက်လက်၍ တည်နိုင်ပါတယ်။ တနှစ် နှစ်နှစ်မှစ၍ အသက်ရာ ကျော်တိုင်အောင် သတ္တဝါတို့အား ဖြစ်ပေါ်ကာနေကြပါကုန်သတည်း။

ဥပမာ လေဟုန်သည်တိုက်လွှင့်အပ်သောကြောင့် အရပ်လေးမျက်နှာသို့ ပြေးသွားကုန်သော ကျ။စည်းတို့ကဲ့သို့ငင်း မဟာသမုဒ္ဒရာဝယ် လှိုင်းဟုန်သည် တိုက်လွှင့်အပ်သောကြောင့် မျောပါးလွှင့်သွားကုန်သော လှေဖောင်တို့ကဲ့သို့ငင်း အစဉ်မပျက်ဘဲ ဆက်လက်၍ တည်နိုင်ပါတယ်ဆိုလိုသည်။

အဏ်,ဇ,သံ,ဩ၊ လေးပါးဟော၊ မှတ်လောပဋိသန္ဓေသာ။

ငရဲနိဗ္ဗာ၊ ကြဉ်ပါဘုမ္မ၊ နတ်ဒေဝ၊ ဗြဟ္မာ့ဥပပါတ်သာပါ။

တိရစ္ဆာနာ၊ နိဗ္ဗာကြဉ်ပါ၊ ပြိတ္တာ,လူမျိုး၊ ဘုမ္မစိုး၊ ကပ်ရိုးယောနိလေးပါးသာ။

ပဋိသန္ဓေ၊ မှိလေဝတ္ထု၊ စဉ်တိုင်းရှု၍၊ ဖြစ်မှုဘဝင်၊ ဆက်သွားလျှင်၊ မှတ်ချင်နာမ်စဉ်တည်း။

ပဋိသန္ဓေ၊ ဌိခဏေမှ၊ စ၍ပလျှင်၊ ဖြစ်ကြဥတု၊ ရုပ်ဟုရှု၊ မှတ်မှုအစဉ်တည်း။

အစဘဝင်၊ ဥပါဒ်ခွင်၌၊ ပေါ်လျှင်စိတ္တဇ၊ ရုပ်ဖြစ်ကြ၊ မှတ်ရရုပ်စဉ်တည်း။

သြဇာနှံ့ရာ၊ ချိန်အခါ၊ ဖြစ်လာရုပ်စဉ်တည်း။

ခဏသုံးခု၊ စိတ်သက်ဟု၊ မှတ်ရှု ကာလတည်း။

တဆဲ့ခုနှစ်၊ စိတ်ကြိမ်ဖြစ်၊ မှတ်လစ် ရုပ်သက်တည်း။

ကလလမှာ၊ ရက်သတ္တာ၊ မှတ်ရာ ကြာသတည်း။

အဗ္ဗုဒမှာ၊ ရက်သတ္တာ၊ မှတ်ရာကြာသတည်း။

ပေသိသားတစ်၊ ရက်ခုနစ်၊ မှတ်ရစ်ကြာသတည်း။

ဃနအသား၊ သဏ္ဌာန်များကား၊ လုံးလျားပေါ်လာ၊ ရက်သတ္တာ၊ မှတ်ရာကြာသတည်း။

ပသာခမှာ၊ ခက်မဖြာ၊ ရက်မှာ အတူကြာသတည်း။

တဆဲ့ဘစ်သာ၊ သတ္တာဟာ၊ ပေါ်လာ စက္ခုစသည်တည်း။

လေးဆဲ့နှစ်မှာ၊ သတ္တာဟာ၊ ပေါ်လာ အမွေးစသည်တည်း။

ကိုးလလွန်ကာ၊ ဆယ်လမှာ၊ ဖွားရာသူငယ်တည်း။

တခင်းပြီး၏။

ဘဝတပါးသို့ ပြောင်းရွှေကာ သွားတယ်လို့ဆိုရသော ရုပ်နာမ်မှာ အတိတ်ဘဝမှ ပြောင်းရွှေ၍ လာသည်မဟုတ်ပါ၊ အတိတ်ဘဝမှ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ, ပစ်လွှတ်တတ်သောသခ်ါရ, ညွှတ်စေတတ်သော တဏှာ, ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံအကြောင်းတို့နှင့် ကင်း၍လည်း မပေါ်လာနိုင်ပါ။

ထင်ရှားစေအံ့။ မှန်စသည်သို့ ရှေးရှုတည့်တည့် ကြည့်သောမျက်နှာ, မျက်နှာရိပ်နှင့်တူပါတယ်။ ထင်လာသော မျက်နှာရိပ်သည်မျက်နှာနှင့်အတူ ဝင်လာသည်မဟုတ်၊ မျက်နှာအကြောင်းနှင့် ကင်း၍လည်း မပေါ်လာနိုင်သကဲ့သို့ ထိုအတူ ဘဝတပါးပြောင်းသွားတယ်ဆိုရသော ရုပ်နာမ်လည်း

အကြောင်းနှင့်ကင်း၍ မပေါ်လာနိုင်ပါဆိုလိုသည်။ ပဲ့တင်သံနှင့် မူလအသံ, ကူးယူသောဆီမီးနှင့်တပါးသောဆီမီး, တံဆိပ်ပုံနှင့် တံဆိပ်တုံးတို့ကိုလည်း ဥပမာပေး၍ ဟောပြရာသည်။ ထို့ကြောင့်

ပဋိဃောသော သဒ္ဒဟေတုကော၊ ပဒီပေါ ပဒီပန္တရာဒိဟေတုကော၊ မုဒ္ဒါ လဉ္ဆနဟေတုကာ၊ ဆာယာ အာဒါသာဒိအဘိမုခမုခါဒိဟေတုကာ-လို့ မိန့်၏။

ပဋိဃောသော၊ ပဲ့တင်သံသည်။ သဒ္ဒဟေတုကော၊ မူလအသံလျှင် အကြောင်းရှိ၏။ ပဒီပေါ၊ ကူးယူသောဆီမီးသည်။ ပဒီပန္တရာဒိဟေတုကော၊ ဆီမီးတပါးစသည်လျှင်အကြောင်းရှိ၏။ မုဒ္ဒါ၊ တံဆိပ်ပုံသည်။ လဉ္ဆနဟေ-တုကာ၊ တံဆိပ်တုံးလျှင်အကြောင်းရှိ၏။ ဆာယာ၊ အရိပ်သည်၊ အာဒါ-သာဒိအဘိမုခမုခါဒိဟေတုကာ၊ မှန်စသည်သို့ ရှေးရှုကြည့်သောမျက်နှာ စသည်လျှင် အကြောင်းရှိ၏။

ဤအရာမှာ "အတိတ်ဘဝကအကြောင်းနှင့်မကင်း" လို့ဆိုသောကြောင့် ကေတာ=အတ္တတ္တဖြစ်တယ်လို့ယူရပါသလော။ သို့မဟုတ် "အတိတ်ဘဝက ဘာမျှမလာ" လို့ ဆိုသောကြောင့် နာနတာ=တသီးတခြားစီဖြစ်တယ်လို့ ယူရပါသလောဟုမေးလာမူ အပြစ်မှာ— တူသည်လို့ ယူခဲ့သော် နာ ခီရ-တော ဒဓိသမ္ဘူတံ၊ နို့ရည်မှနို့ဓမ်းမဖြစ်နိုင်ရာပါ။ ထူးခြားတယ်လို့ယူခဲ့သော် နာ ခီရဿာဓိနော ဒဓိ သိယာ၊ နို့ရည်နှင့်စပ်သောနို့ဓမ်းလဲမဖြစ်နိုင်ရာပါ၊ နို့ရည်မှနို့ဓမ်းလဲ ဖြစ်နိုင်ပါတယ်။ နို့ရည်နှင့် စပ်သော နို့ဓမ်းလဲ ဖြစ်နိုင်ပါတယ်။ ထို့ကြောင့် ကေတာ=အတ္တတ္တလို့လဲမယူရာ၊ နာနတာ=တသီးတခြားလို့လဲ မယူရပါသတည်း။

ထင်ရှားစေအံ့။ တခုသော အစဉ်အားဖြင့် တူခြားသော်လဲ ဝိညာဉ် တပါး ပေါ်လာခြင်းကြောင့် ကေတာ=အတ္တတ္တလို့လဲမမှတ်ယူရာ၊ အစဉ် အားဖြင့်တူသောကြောင့် ဆီမီးကဲ့သို့ နာနတာ=တသီးတခြားလို့လဲမမှတ်ရာ၊ ခဏနှင့်စပ်သော ထိုဆီမီးလုံး၏ အစဉ်အားဖြင့်တူသည်ကို အကြောင်း ပြု၍သာ ထိုဆီမီးဘဲလို့ ဆိုရတယ်၊ လိုအပ်သောကိစ္စကိုလဲ ပြီးစေနိုင်တယ်၊ ထို့အတူ ပဋိသန္ဓေဝိညာဏ်နှင့် ရုပ်တရားတို့ ပေါ်လာရာမှာလည်း အစဉ် အားဖြင့် တူသည်ကို အကြောင်းပြု၍သာ ထိုရုပ် ထိုနာမ်ဘဲလို့ ခေါ်ဆိုရ သတည်း။ ဤအရာတွင် အဖြစ်မှာ— ကံစသောအကြောင်း, အကြောင်း

ကြောင့် ပေါ်လာသော ဝိညာဏ်ရုပ်တရားတို့ အမှန်အားဖြင့် တူခဲ့သော်
န မနုဿဂဘိတော၊ ဒေဝဂတိ သမ္ဘူတာတိ သိယာ၊ လူမှ နတ် မဖြစ်နိုင်
ရာ။ တသီးတခြားဖြစ်ခဲ့သော် ကံပြုသောပုဂ္ဂိုလ်အား အကျိုးမပေးနိုင်ရာ၊
နီသော သလေးစပါးမျိုးစေ့ စပါးနှံ ဤသို့စသော ဝေါဟာရသည်
မဖြစ်နိုင်ရာ၊ အသျှင်ဘုရား တပည့်တော်သည် ရှေးအခါ ရောဟိတဿ မည်
သော ရသေ့ဖြစ်ဘူးပါပြီ၊ ဤသို့စသော ဝေါဟာရလည်း မဖြစ်နိုင်ရာ။
ထို့ကြောင့် ဤအရာမှာ အစဉ်အားဖြင့် တူကုန်သော ကံစသောအကြောင်း,
အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတို့၌ ကေတာ=အတူတူလို့လဲ
မမှတ်ရာ။ နာနတာ=တသီးတခြားလို့လဲမမှတ်ရာသတည်း။ အမှန်အားဖြင့်
တူသောအဖြစ်ကို တားမြစ်ခြင်းကြောင့် "ချမ်းသာဆင်းရဲကို မိမိကိုယ်တိုင်
ပြုတယ်" လို့ယူသော မိစ္ဆာအယူကို တားမြစ်ပါတယ်။ တသီးတခြားအဖြစ်ကို
တားမြစ်ခြင်းကြောင့် "ချမ်းသာဆင်းရဲကို သူတပါးပြုတယ်" လို့ယူသော
မိစ္ဆာအယူကို တားမြစ်ပါတယ်။ ကံစသောအကြောင်း, အကြောင်းကြောင့်
ဖြစ်သော အကျိုးတရားတို့ကိုပြဆိုသဖြင့် "အကြောင်းနှင့်ကင်း၍ ဖြစ်တယ်"
လို့ယူသော အဓိစ္စသမုပ္ပန္နအယူကိုလည်း တားမြစ်ပါတယ်။

တ္ထေ စ ကေန္တကေတာပဋိသေဓေန သယံကတံ သုခံ ဒုက္ခန္တိ ဣမံ ဒိဋ္ဌိ
နိဝါရေတိ၊ ကေန္တနာနတာပဋိသေဓေန ပရံကတံ သုခံ ဒုက္ခန္တိ ဟေတု-
ဟေတုသမုပ္ပန္နတာဝစနေန အဓိစ္စသမုပ္ပန္နန္တိ ဣမံ ဒိဋ္ဌိ နိဝါရေတိ။

(မဟာဋီကာ)

စ၊ အကျိုးကား။ တ္ထေ၊ ဤအရာ၌။ ကေန္တကေတာပဋိသေဓေန၊ အမှန်
တူသောအဖြစ်ကို တားမြစ်ခြင်းကြောင့်။ သုခံ ဒုက္ခံ၊ ချမ်းသာဆင်းရဲကို။
သယံကတံ၊ ကိုယ်တိုင်ပြုအပ်၏။ ဣတိ ပဝတ္တံ၊ ဤသို့ဖြစ်သော။ ဣမံ ဒိဋ္ဌိ၊
ဤမိစ္ဆာအယူကို။ နိဝါရေတိ၊ တားမြစ်၏။ ကေန္တနာနတာပဋိသေဓေန၊
အမှန်ထူးသောအဖြစ်ကို တားမြစ်ခြင်းကြောင့်။ သုခံ ဒုက္ခံ၊ ကို။ ပရံကတံ၊
သူတပါးပြုအပ်၏။ ဣတိ ပဝတ္တံ၊ သော။ ဣမံ ဒိဋ္ဌိ၊ ကို။ နိဝါရေတိ၊ ၏။
ဟေတုဟေတုသမုပ္ပန္နတာဝစနေန၊ အကြောင်းအကျိုးကို ပြဆိုသဖြင့်။
အဓိစ္စသမုပ္ပန္နံ၊ အကြောင်းနှင့်ကင်း၍ဖြစ်၏။ ဣတိ ပဝတ္တံ၊ ဤသို့ဖြစ်သော။
ဣမံ ဒိဋ္ဌိ၊ ဤအယူကို။ နိဝါရေတိ၊ တားမြစ်၏။

(၁) အကြောင်းကြောင့်သာ၊ ပေါ်လာရာတွင်၊ နှစ်ဖြာရုပ်နာမ်၊ ဘဝထံ၊ ကပ်ပြန်ရောက်လာတည်း။

(၂) သတ္တဇီဝါ၊ တိတ်က သာ၊ ပြောင်းကာ မလာတည်း။

(၃) ကံသခ်ၤရ၊ တဏှာမ၍၊ ဝိသယကြောင့်၊ မထောင့်ပေါ်လာ၊ ရုပ်နာမ်မှာ၊ ကြောင်းမှာ မကင်းတည်း။

(၄) ဝိညာဉ်တပါး၊ဖြစ်ခဲ့ငြားလည်း၊ စဉ်ထားကြည့်မူ၊ အတူတူ၊ မှတ်ယူ ကေတွန်းတည်း။

(၅) ပဲ့တင်အရိပ်၊ တံဆိပ်ဆီမီး၊ ကြောင်းထိပြီးမှ၊ပေါ်လာရသို့၊ ဖြစ်က ဝိညာဉ်၊ အတူပင်၊ ဆင်ခြင်မှတ်လေတည်း။

(၆) ကြောင်းကျိုးနှစ်ဖြာ၊ ဖြစ်ခဲ့ရာတွင်၊ တူစွာယူထား၊ ရွှဲခဲ့ငြား၊ လူကား နတ်သာ၊ မဖြစ်ရာပါတည်း။

(၇) မတူယူထား၊ ဖြစ်ခဲ့ငြားသော်၊ ပြုထားသူအား၊ အကျိုးများ၊ ပေးငြားမရှိတည်း။

(၈) တူ, မတူဟု၊ မယူပြု၊ သင့်မှုအမှန်တည်း။

(၉) စင်စစ် တူဟု၊ တားမြစ်မှုကြောင့်၊ ကိုယ်ပြုချမ်းသာ၊ ဆင်းရဲပါဟု၊ မိစ္ဆာယူကား၊ ပယ်စွန့်ထား၊ မှတ်သားသိရှိလေတည်း။

(၁၀) စင်စစ်ထူးဟု၊ တားမြစ်မှုကြောင့်၊ သူပြုချမ်းသာ၊ ဆင်းရဲပါဟု၊ မိစ္ဆာယူကား၊ ပယ်စွန့်ထား၊ မှတ်သားသတိရှိလေတည်း။

(၁၁) အကြောင်းကြောင့်သာ၊ ကျိုးပေါ်တာကြောင့်၊ ကြောင်းမှာ ကင်းသော၊ အယူပြော၊ ပယ်လောမိစ္ဆာတည်း။

ဤပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ဘုံသုံးပါးအတွင်း ဖြစ်ဖြစ်သမျှ လောကသခ်ၤရဟူသမျှတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာရသော တရားချည်းဖြစ်၍ သခ်ၤတ အနတ္တတရားများသာ ဖြစ်ချေသည်လို့ ပြလိုရင်း ဖြစ်သတည်း။ ဝိညာဏဓာတ်ကို အခိုင်အမြဲမပျက်ဘဲတည်နေသော အတ္တလို့ အယူမှားသော သာတိရဟန်းအား "ချစ်သားသာတိ၊ ဝိညာဏဓာတ်လည်း အကြောင်းကြောင့် ပေါ်လာရသောတရားမျိုးဖြစ်၍ အတ္တမဟုတ် အနတ္တ" လို့ ဟောမှ မိစ္ဆာအယူကင်းကွာသွားပါတယ်။ အကြောင်းကြောင့် ပေါ်လာရသော တရားမျိုးမှန်က အတ္တမဟုတ် အနတ္တချည်းလို့ မှတ်ရာသတည်း။

သဗ္ဗညုမြတ်စွာဘုရားလည်း အနတ္တအယူ ယူတော်မူပါတယ်၊ ထို့ကြောင့် အဿဇိမထေရ်က တရားရှာသော ကောလိတအား—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော....လို့ ဘုရားအယူကိုဟောကြားပါတယ်။

ယေဓမ္မာ၊ အကြင်ခန္ဓာငါးပါး တရားအစုတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းကြောင့်ပေါ်ထွက်ကာ လာကုန်၏။ တေသံ၊ ထိုခန္ဓာငါးပါး တရားတို့၏။ ဟေတုံ၊ အကြောင်းကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ၊ ထို ဒုက္ခ,သမုဒယ သစ္စာနှစ်ပါးတို့၏။ ယော နိရောဓော၊ အကြင်မဖြစ်ဘဲချုပ်ငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဉ္စ နိရောဓံ၊ ထိုမဖြစ်ဘဲချုပ်ငြိမ်းခြင်းကိုလည်း။ တထာဂတော၊ သည်။ အာဟ၊ ၏။ မဟာသမဏော၊ ငါတို့ကျေးဇူးရှင်ရဟန်းကြီး ဂေါတမသည်။ ဧဝံဝါဒီ၊ ဤသို့အနတ္တအယူကို ဟောတော်မူလေ့ရှိ၏။

ဤသို့ ဘုရားအယူကိုကြားနာရသော် ကောလိတလည်း သောတာပန်ဖြစ်ကာ သွားပါသတည်း။

တခန်းပြီး၏။

မဟာဘုတ်ခေါ် ဓာတ်လေးပါး

ကတမံ တံ ရူပံ ပထဝီဓာတု၊ ယံ ကက္ခဋံ ခရဂတံ ကက္ခဋတ္တံ ကက္ခဋဘာဝေါ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒန္တံ ရူပံ ပထဝီဓာတု။ ကတမန္တံ ရူပံ အာပေါဓာတု၊ ယံ အာပေါ အာပေါဂတံ သိနေဟော သိနေဟဂတံ ပဗ္ဗနတ္တံ ရူပဿ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒန္တံ ရူပံ အာပေါဓာတု။ ကတမန္တံ ရူပံ တေဇော-ဓာတု၊ ယံ တေဇော တေဇောဂတံ ဥဏှ ဥဏှဂတံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒန္တံ ရူပံ တေဇောဓာတု။ ကတမန္တံ ရူပံ ဝါယောဓာတု၊ ယံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဥပါဒိဏ္ဏံ ဝါ အနုပါဒိဏ္ဏံ ဝါ၊ ဣဒန္တံ ရူပံ ဝါယောဓာတု။ (ဓမ္မသင်္ဂဏီ)

ပထဝီဓာတု၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ခက်မာတဲ့သဘော အမှုအရာ ဖြစ်သော။ တံ ရှုပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်နည်း။ အဇ္ဈတ္တံ ဝါ၊ နိယကဇ္ဈတ္တလဲဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓလဲဖြစ်သော။ ဥပါဒိဏ္ဏံ ဝါ၊ ကံကြောင့် ဖြစ်သည်သာလဲဖြစ်သော။ အနုပါဒိဏ္ဏံ ဝါ၊ စိတ်,ဥတု,အာဟာရ တို့ကြောင့် ဖြစ်သည်လဲဖြစ်သော။ ယံ ကဉ္စိ၊ အကြင်ခက်မာသော သဘောသည်ဂင်း။ ယံ ခရဂတံ၊ အကြင်ကြမ်းတမ်းသော သဘောသည် ဂင်း။ ယံ ကဉ္စိဒူတ္တံ၊ အကြင်ကြမ်းတမ်းသော အဖြစ်သည်ဂင်း။ ယံ ယော ကဉ္စိဒူဘာဝေါ၊ အကြင်ကြမ်းတမ်းသော အဖြစ်သည်ဂင်း၊ အတ္ထိ၊ ရှိ၏။ ဣဒန္တံ ရှုပံ၊ ဤရုပ်သည်။ ပထဝီဓာတု၊ ပထဝီဓာတ် မည်၏။

အာပေါဓာတု၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ဖွဲ့စည်းတဲ့ အမှုအရာဖြစ်သော။ တံ ရှုပံ၊ သည်။ ကတမံ၊ နည်း။ အဇ္ဈတ္တံ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဥပါဒိဏ္ဏံ ဝါ၊ သော။ အနုပါဒိဏ္ဏံ ဝါ၊ သော။ ယံ အာပေါ၊ အကြင် ဖွဲ့စည်းသော သဘောသည်ဂင်း။ ယံ အာပေါဂတံ၊ အကြင်ဖွဲ့စည်းသော သဘောသည်ဂင်း။ ယံ သိနေဟဂတံ၊ အကြင် အစေးသည်ဂင်း။ ရှုပဿ၊ ပထဝီ-စသော ရုပ်ကို။ ယံ ဗန္ဓနတ္တံ၊ အကြင်ဖွဲ့ပတ်သော အဖြစ်သည်ဂင်း။ အတ္ထိ၊ ရှိ၏။ ဣဒန္တံ ရှုပံ၊ ဤရုပ်သည်။ အာပေါဓာတု၊ အာပေါဓာတ် မည်၏။ တေဇောဓာတု၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သဘောအမှုအရာ ဖြစ်သော။ တံ ရှုပံ၊ သည်။ ကတမံ၊ နည်း။ အဇ္ဈတ္တံ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဥပါဒိဏ္ဏံ ဝါ၊ သော။ အနုပါဒိဏ္ဏံ ဝါ၊ သော။ ယံ တေဇော၊ အကြင်ပူတဲ့ သဘောအမှုအရာသည်ဂင်း။ ယံ တေဇောဂတံ၊ အကြင်ပူတဲ့ သဘောအမှုအရာသည်ဂင်း။ ယံ ဥဿ္မာ၊ အကြင်ပူနွေးသော အခြင်းအရာ သည်ဂင်း။ ယံ ဥဿ္မာဂတံ၊ အကြင်နွေးသော အခြင်းအရာသို့ ရောက်ခြင်း သည်ဂင်း။ အတ္ထိ၊ ရှိ၏။ ဣဒန္တံ ရှုပံ၊ ဤရုပ်သည်။ တေဇောဓာတု၊ တေဇောဓာတ် မည်၏။

ဝါယောဓာတု၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ထောက်ပံ့လှုပ်ရှားတဲ့ သဘော အမှုအရာဖြစ်သော။ တံ ရှုပံ၊ သည်။ ကတမံ၊ နည်း။ အဇ္ဈတ္တံ ဝါ၊ သော။ ဗဟိဒ္ဓါ ဝါ၊ သော။ ဥပါဒိဏ္ဏံ ဝါ၊ သော။ အနုပါဒိဏ္ဏံ ဝါ၊ သော။ ယံ ဝါယော၊ အကြင်ထောက်ပံ့တဲ့ သဘောအမှုအရာသည်ဂင်း။ ယံ ဝါယော-

ဂတံ၊ အကြင်ထောက်ပံ့တဲ့ သဘောအမူအရာသည်ဌင်း။ ရူပဿ၊ ပထဝီစသော ရုပ်ကို။ ယံ ထမ္ဘိတတ္တံ၊ အကြင်ထောက်ပံ့သော သဘောသည်ဌင်း။ အတ္ထိ၊ ရှိ၏။ ဣဒန္တံ ရူပံ၊ ဤရုပ်သည်။ ဝါယောဓာတု၊ ဝါယောဓာတ်မည်၏။ (ဓာတ်နက် ပြီး၏။)

ပထဝီ, အာပေါ, တေဇော, ဝါယောလို့ ဓာတ်ကြီးလေးပါးရှိတယ်၊ ထိုတွင် မြန်မာ၊ ခက်မာ ကြမ်းတမ်းတဲ့ သဘောကိုပင် သတ္တဝါ, အသက်မဟုတ်သောကြောင့် ပထဝီဓာတ်လို့ ခေါ်တယ်၊ မိမိတို့၏ ဦးခေါင်းကို ခေါက်ကြည့်၊ ခက်မာတဲ့သဘောကို တွေ့သိနိုင်ပါတယ်။ တွေ့သိရသော ခက်မာတဲ့သဘောကား ဦးခေါင်းမဟုတ်၊ ပရမတ်အစစ် မြေဓာတ် အနှစ်ပေတည်း။ ခက်မာတဲ့သဘောကို ဦးခေါင်းလို့ဆိုက ကျောက်,ခဲ,တုံး,တိုင်မျှားကို ဦးခေါင်းလို့ ဆိုရပေမည်၊ အခြားသော ကိုယ်အင်္ဂါကို စမ်းသပ်၍ကြည့်၊ အဆင့်ဆင့်မာတဲ့ နူးညံ့တဲ့သဘောမျှားကို တွေ့သိနိုင်ပါတယ်။ တွေ့သိရသောသဘောမျှားကား ပရမတ်စစ် မြေဓာတ်အနှစ်ပေတည်း။ ထို့ကြောင့် ဦးခေါင်းကိုယ်အင်္ဂါကား ပရမတ်မဟုတ်၊ အမည်ပညတ်သာလို့ မှတ်ရာ၏။ ခက်မာတဲ့သဘောကို သတ္တဝါ, အသက်မဟုတ် ဆိုသည်မှာ သတ္တဝါ, အသက်မှန်က နိဗ္ဗာန်ကဲ့သို့ ဖြစ်ပျက်ခြင်းမရှိ၍ အခိုင်အမြဲမပျက်ဘဲ တည်ရာ၏။ ထိုသို့ကားမဟုတ်၊ ဘောက်ပြန်ပျက်စီးလျက်သာ ရှိပေသည်။ ထို့ကြောင့် သတ္တဝါ, အသက်မဟုတ်လို့ ဆိုပါဝ,ယ်။

ဖွဲ့စည်းတဲ့သဘောဖွဲ့စည်းတဲ့အမူအရာကိုပင်သတ္တဝါ,အသက်မဟုတ်သောကြောင့် အာပေါဓာတ်လို့ ခေါ်တယ်။ ခန္ဓာကိုယ်တွင်ဖြစ်စေ ဗဟိဒ္ဓတွင်ဖြစ်စေ ဖွဲ့စည်းတဲ့သဘောကိုကား စမ်းသပ်၍ တွေ့သိရသည်မဟုတ်ချေ။ သို့သော် ပေါက်ပေါက်ဆုပ်တွင် ပေါက်ပေါက်ပွင့်ကလေးများ တဲ့စပ်လျက် အလုံးအခဲဖြစ်ကာ နေသည်ကိုထောက်ကြည့်သော် အဖွဲ့အစည်းကို ကြံဆ၍ သိရသကဲ့သို့ ထိုအတူ အလုံးအခဲပေါင်းတဲ့ကာ နေသည်ကိုတွေ့ရသောကြောင့် အဖွဲ့အစည်းပရမတ်အစစ် ရေဓာတ်အနှစ်ကို သိနိုင်ပါတယ်။

ပူနွေးတဲ့သဘော ပူနွေးတဲ့အမူအရာကိုပင် သတ္တဝါ, အသက် မဟုတ်သောကြောင့် တေဇောဓာတ်လို့ခေါ်တယ်။ ခန္ဓာကိုယ်တွင် စမ်းသပ်၍ကြည့်၊ ပူနွေးတဲ့သဘောကို တွေ့သိနိုင်တယ်။ တွေ့သိရသောပူနွေးတဲ့သဘောကား ကိုယ်အင်္ဂါမဟုတ်၊ ပရမတ်အစစ် မီးဓာတ်အနှစ်ပေတည်း။

ကိုယ်အင်္ဂါဟုတ်က ပူနွေးတဲ့သဘောကို တောင်းတွင်ထည့်၍ ပြည့်စေနိုင်ရာ၏၊ ပရမတ်အစစ် မီးဓာတ်အနှစ်ဖြစ်သောကြောင့် ယူမရဖြစ်ပါတယ်။

ထောက်ပံ့လှုပ်ရှားတဲ့သဘော ထောက်ပံ့လှုပ်ရှားတဲ့ အမှုအရာကိုပင် သတ္တဝါ, အသက်မဟုတ်သောကြောင့် ဝါယောဓာတ်လို့ခေါ်တယ်။ ခန္ဓာကိုယ်တွင် ကိုင်၍ကြည့်၊ တိုးဝှေ့တွန်းကန်ထောက်ပံ့ထားတဲ့သဘောကို တွေ့သိနိုင်ပါတယ်။ တွေ့သိရသော ထောက်ပံ့ဘဲ့သဘောကား ကိုယ်အင်္ဂါမဟုတ်၊ ပရမတ်အစစ် လေဓာတ်အနှစ်ပေတည်း။ လေထည့်သွင်းထားသော ဘောလုံးတွင် တိုးဝှေ့တွန်းကန်ပုံကဲ့သို့ တိုးဝှေ့တွန်းကန်ထောက်ထား ထောက်ပံ့ထားပုံကိုသိလေ၊ ကိုယ်အင်္ဂါဟုတ်က ထောက်ပံ့တဲ့သဘောကို တောင်းတွင်ထည့်၍ ပြည့်စေနိုင်ရာ၏။ ပရမတ်အစစ် လေဓာတ်အနှစ်ဖြစ်သောကြောင့် ယူမရဖြစ်ပါတယ်။

သဘာဝ

ဓာတ်ကြီးလေးပါးတို့မှာ ရေအကြည် မှန်အကြည်မှာ ထင်ပေါ်လာသော အရိပ်ကဲ့သို့ ကိုင်တွယ်စရာအလုံးအခဲခြင်္ဂါသဏ္ဌာန်လဲမရှိလို့ မှတ်ရာသည်၊ ပကတိမျက်စိဖြင့် မမြင်ကောင်းသော်လဲ ဘာဝနာပညာမျက်စိဖြင့် အရိပ်ကဲ့သို့ထင်ပေါ်လာသည်ကို တွေ့မြင်နိုင်ပါတယ်။ ပုဏ္ဏမထေရ်မြတ်သည် အရှင်အာနန္ဒာအား အရိပ်ကဲ့သို့ ထင်လာအောင် ပွါးရမည်လို့ ဆုံးမတော်မူပါသတည်း။

ခက်မာကြမ်းတမ်းတဲ့ သဘောဆိုတဲ့ ပထဝီသည် အကြောင်းထူးနှင့် တွေ့ကြုံက လျော့ကာယုတ်ကာသွားပါသည်။ အာပေါဓာတ်ကဲ့သို့ နူးညံ့ကာသွားပါတယ်။ ထို့ကြောင့် ပထဝီဓာတ်သည် ခက်မာပထဝီ, နူးညံ့ပထဝီလို့နှစ်မျိုးပြားတယ်။ဖွဲ့စည်းတဲ့သဘောဆိုတဲ့အာပေါဓာတ်သည်လည်းအယုတ်အလွန်အားဖြင့်ဖွဲ့စည်းအာပေါ,ယိုစီးအာပေါလို့နှစ်မျိုးပြားတယ်။ပူနွေးတဲ့သဘောဆိုတဲ့ တေဇောဓာတ်သည်လည်း အလွန်အယုတ်အားဖြင့် ပူတဲ့တေဇော, အေးတဲ့တေဇောလို့ နှစ်မျိုးပြားတယ်။ ထောက်ပံ့တဲ့သဘောဆိုတဲ့ဝါယောဓာတ်သည်လည်း အယုတ်အလွန်အားဖြင့် ထောက်ပံ့ဝါယော, လှုပ်ရှားဝါယောလို့ နှစ်မျိုးပြားတယ်။

နူးညံ့ခက်မာ၊ ကိရိယာ၊ နှစ်ဖြာမြေခဘတ်ပင်၊
ဖွဲ့စည်းစီးယို၊ နှစ်ပါးကို၊ ခေါ်ဆိုရေခဘတ်ပင်၊
ပူမှုအေးမှု၊ ဤနှစ်ခု၊ခေါ်မှုမီးခဘတ်ပင်၊
ထောက်ပံ့လှုပ်ရှား၊ ဤနှစ်ပါး၊ ခေါ်ငြားလေခဘတ်ပင်၊

ခန္ဓာကိုယ်မှာ ထမင်းလုံးကို နပ်မနပ်စမ်းသပ်၍ကြည့်သကဲ့သို့ နိစ္စနိမိတ် သဏ္ဌာနနိမိတ် အရိပ်အရောင်များကို မှုတ်လှင့်ပြီး စမ်းသပ်ကာကြည့်သော် ခက်မာကြမ်းတမ်းတဲ့သဘော နူးညံ့တဲ့သဘောအမှုအရာကို တွေ့က ပထဝီဘဲလို့မှတ်ပါ၊ ဦးခေါင်း ပေါင်စသည်မဟုတ်၊ သတိရှိစေ။

ပထဝီသည် အကြောင်းထူးနှင့် ပေါင်းမိက မာသည်ထက်မာ နူးညံ့သည်ထက်နူးညံ့၍ လာပါတယ်။ ခန္ဓာကိုယ်တွင် ဝဲပေ့းနှင်းကူခြောက်တို့စဲ့တဲ့နေရာမှာ တေဇောဝါယော မရောက်၍ ထူပြစ်ပြစ်ခပ်ကြမ်းကြမ်းနေသည်ကို ထောက်၍ သိရာ၏။ တေဇောဝါယောရောက်ခဲ့သော် အမာပျော့ပြီး အာပေါဓာတ်အလားရှိသောအခါ နူးညံ့ပထဝီ ဖြစ်ကာသွားပါတယ်၊ ဥပမာ ထန်းရေကို ကျိုချက်သောအခါ အလုံးအခဲဖြစ်ခဲ့သော် မာသည်ထက် မာကာ လာပါသည်။ ပထဝီလွန်တယ်လို့ ဆိုလိုသည်။ ထန်းလျက်ခဲကို မီးဖြင့်ကျိုသောအခါ အရည်ဖြစ်ခဲ့သော် နူးညံ့ပျော့ပျောင်း၍ လာသည်။ ပထဝီယုတ်သောကြောင့် အာပေါဓာတ်အလားရှိ၍ နူးညံ့ပထဝီဖြစ်ကာ သွားသည်ဆိုလိုသည်။ ပြောင်းလဲလွယ်သော ဖယောင်းချိပ်ထောပတ်သံပဒါးတို့ကိုပြ၍လဲ ဟောပြောနိုင်တယ်။

ပဋ္ဌရဏလက္ခဏာ၊ ယိုစီးတဲ့သဘောခေါ်တဲ့ အာပေါသည် လွန်သောအခါ ယိုစီးသည်ထက်ယိုစီးကာလာတယ်။ အာပေါလွန်တယ်လို့ ဆိုလိုသည်။ သေလောက်အောင် ဝမ်းရောဂါဖြစ်တဲ့ လူနာ နေပူကြီးခရီးခပ်ပြင်းပြင်း သွားသူတို့ကို ထောက်၍ သိရာ၏။ အာပေါသည် ယုတ်သောအခါ ပထဝီအလားရှိ၍ဖွဲ့စည်းအာပေါဖြစ်ကာသွားတယ်။ထန်းရေမှအလုံးအခဲဖြစ်သွားသည်ကိုဂင်း ချွေးမထွက်ဘဲ ရပ်စဲ၍ သွားသည်ကိုဂင်း ထောက်၍သိရာ၏။

ပူနွေးတဲ့သဘောခေါ်တဲ့ တေဇောဓာတ်သည် လွန်သောအခါ ပူသည်ထက်ပူကာလာတယ်။ ခန္ဓာကိုယ်မှာ ခပ်ပြင်းပြင်းဖျားသော ဒါဟဖျားကဲ့သို့ဂင်း လောင်မီးကဲ့သို့ဂင်း ကမ္ဘာဖျက်မီးကဲ့သို့ဂင်း လောင်စာသခါရ

တရားဟူသမျှတို့ကိုပြောမျှမကျန်ရအောင်လောင်ကျွမ်းနိုင်သည်ဆိုလိုသည်။ တေဇောယုတ်သောအခါ အာပေါဓာတ်အလားရှိ၍ အေးသည်ထက်အေးကာလာပါတယ်။ မိုးသီးများမှာ အအေးလွန်အပူယုတ်၍ ခဲကာနေသည်ဆိုလိုသည်။

ဝိတ္ထမ္ဘနလက္ခဏာ၊ ထောက်ပံ့တဲ့သဘောခေါ်တဲ့ ဝါယောဓာတ်သည်လွန်သောအခါ တလှုပ်လှုပ်တရွရွနေတယ်။ အစားအစာဖြတ်၍ သုံးရက်လောက်နေသောအခါ တကိုယ်လုံးလှုပ်လှုပ်ရွရွဖြစ်လာသည်ကိုဎင်း ဘာဝနာပွါး၍ သမာဓိအားကောင်းသောအခါ တကိုယ်လုံးမှာ လေ ထက္ခဲသောင်းကျန်းလာသည်ကိုဎင်း ကမ္မာဖျက်လေများသည် မီးစွမ်း ရေစွမ်းထက် လေစွမ်းထက်ဆိုးတဲ့အတိုင်း လောကသဒ်ါရတို့ကို ဘာမျှ မကျန်ရအောင် တိုက်လှဲ့ ဖျက်ဆီးနိုင်သည်ကိုဎင်း ထောက်၍ သိနိုင်သည် ဆိုလိုသည်။ ဝါယောဓာတ် ယုတ်သောအခါ ပထဝီအလားရှိ၍ ထောက်ပံ့ဝါယောဖြစ်သွားပါတယ်။ ဝါယောမရောက်တဲ့ အသားမာများကိုဎင်း လေဖြင့်ပြည့်တဲ့ ကြာရိုး သားရေအိတ်များကိုဎင်း ထောက်၍ သိနိုင်သည်ဆိုလိုသည်။

(၁) ပထဝီယုတ်၊ အာပေါရုပ်၊ အဟုတ်အလားတူ။
(၂) အာပေါယုတ်ရာ၊ ခက်မာသာ၊ မှုန်စ္ဓာအလားတူ။
(၃) တေဇောယုတ်က၊ အာပေါပ၊ ကြုံကြအလားတူ။
(၄) ဝါယောယုတ်ရာ၊ ခက်မာသာ၊ မှုန်စ္ဓာအလားတူ၊

ကြုံရည်ကို ကျိုချက်၍ ကြုံသကာခဲဖြစ်လာသောအခါ ယိုစီးအာပေါသည် ပထဝီဖြစ်လာပါသလားမေးမူ မဖြစ်နိုင်ပါ၊ လက္ခဏာသဘောကားတခြားစီဖြစ်ပါတယ်။ အာပေါယုတ်သော် ပထဝီအလားရှိ၏။ အရည်အခြင်းအရာကို စွန့်၍ လက္ခဏာကို မစွန့်၊ သဘောကား မပြောင်းနိုင်ပါ....(ဖြေ) အထည်ကိုယ်ဝတ္ထု တမျိုးတဖုံ ဖြစ်သွားခြင်း ဘာဝညထတ္တ,လက္ခဏာတမျိုးတဖုံဖြစ်သွားခြင်း လက္ခဏာညထတ္တ နှစ်မျိုးရှိတယ်။ နှစ်မျိုးတို့တွင် ဓာတ်လေးပါးတို့မှာ ဘာဝညထတ္တသာ ဖြစ်ကောင်းပါသည်။

စတုန္နံ မဟာဘူတာနံ ဘာဝညထတ္တမေဝ ဟောတိ၊ လက္ခဏညထတ္တံ နာမ နတ္ထိ၊ (အဋ္ဌသာလိနီ)

စတုန္နံ မဟာဘူတာနံ၊ လေးပါးသောမဟာဘုတ်တို့အား။ ဘာဝညထတ္တမေဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ လက္ခဏညထတ္တံ နာမ၊ လက္ခဏာ

တမျိုးတဖုံဖြစ်သွားသောမည်သည်။ နတ္ထိ၊ မရှိ။ တန်ခိုးအာဘိညာဉ်ရှင်များသော်လဲ လက္ခဏာသဘောကို ပြောင်းလဲရှေ့ရှားအောင် မတတ်နိုင်ပါ။ အထည်ကိုယ်ဝတ္ထုကိုသာ တမျိုးတဖုံပြောင်းလဲအောင် တတ်နိုင်သည်။

နှ ဟိ လက္ခဏညထတ္တံ ကေနစိ ကာတုံ သက္ကာ၊ ဘာဝညထတ္တမေဝ ဟိ ဣဒ္ဓိဝိသယော။ (မဟာဋီကာ)

ဟိ၊ ထိုစကားသင့်စ့။ ကေနစိ၊ တစုံတယောက်သော သိကြားဗြဟ္မာနတ်ဒေဝါသည်။ လက္ခဏညထတ္တံ၊ လက္ခဏာတမျိုးတဖုံဖြစ်သောအဖြစ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နှ သက္ကာ၊ မတတ်ကောင်း။ ဟိ၊ ထိုစကားသင့်စ့။ ဘာဝညထတ္တမေဝ၊ အထည်ကိုယ်ဝတ္ထု တမျိုးတဖုံဖြစ်သော အဖြစ်သည်သာလျှင်။ ဣဒ္ဓိဝိသယော၊ တန်ခိုးအာဘိညာဉ်အရာပေတည်း။

သဘာဝတရားမျိုးကို မည်သူမျှပြောင်းလဲအောင် မတတ်နိုင်ပါဆိုလိုသည်။ ပထဝီတေဇော ဝါယောဆိုတဲ့ ဓာတ်သုံးပါးတို့သည် တပေါင်းတည်း ထင်လာနိုင်ကြပါသလား၊ မထင်နိုင်ဘဲရှိကြပါသလား (မေး)

ထင်လာနိုင်ကြပါတယ် (ဖြေ)

တပေါင်းတည်း ကံဃယပသာဒကို ထိခိုက်နိုင်ပါသလား၊ မထိခိုက်နိုင်ဘဲရှိပါသလား (မေး)

ထိခိုက်နိုင်ပါတယ် (ဖြေ)

ကာယဝိညာဉ်သည် ဓာတ်သုံးပါးကို တပေါင်းတည်း အာရုံပြု၍ဖြစ်နိုင်သလား၊ မဖြစ်နိုင်ဘူးလား (မေး)

မဖြစ်နိုင်ပါ (ဖြေ)

မဖြစ်နိုင်ပုံ။ နှလုံးသွင်းသည်၏ အစွမ်းဖြင့်လဲ အာရုံပြုနိုင်တယ်။ ဓာတ်သဘာဝလွန်ကဲသည်၏ အစွမ်းဖြင့်လဲ အာရုံပြုနိုင်တယ်။

ခဲ့၍ပြမည်၊ ထမင်းလုံးကိုယူ၍ မာသလော နူးညံ့သလောလို့ စူးစမ်းခဲ့သော် နှလုံးသွင်းအားလျော်စွာ ပထဝီဓာတ်ကိုသာ တွေ့ပါတယ်။ တေဇော ဝါယောတို့ ရှိကားရှိ၏၊ မတွေ့ပါ၊ ရေပူဒဋ္ဌလက်ကိုထား၍ ကြည့်သောအခါ ကိုယ်ကိုလေအေးတိုက်သောအခါတို့ဌ တေဇော ဝါယောဓာတ်တို့ကို နှလုံးသွင်းအားလျော်စွာ တွေ့သိပုံကို ထောက်ပါဆိုလိုသည်။

ဦးခေါင်းဖြင့် တိုင်ကိုဒိုင်းလို့ တိုက်မိသောအခါ ဓာတ်သဘာဝလွန်ကဲသည်၏အစွမ်းဖြင့် ပထဝီဓာတ်ကိုသာ တွေ့ပါတယ်။ တေဇောဝါယောတို့ ရှိကားရှိ၏၊ မတွေ့ရပါ။ မီးကိုနှင်းမိသောအခါ နားရွက်ကို လေပြင်းပြင်း တိုက်ခပ်သောအခါတို့၌ တေဇောဝါယောဓာတ်တို့ကို တွေ့ရပုံသိလေ။

အာဘုဇီတဝသေန ဝါ ဟိ ဉဿဒဝသေန ဝါ အာရမ္မဏကရဏံ ဟောတိ။

ဟိ၊ ထိုစကားသင့်စ့။ အာဘုဇီတဝသေန ဝါ၊ နှလုံးသွင်း၏အစွမ်းဖြင့်ဂင်း။ ဉဿဒဝသေန ဝါ၊ ဓာတ်သဘာဝများသည်၏ အစွမ်းဖြင့်ဂင်း။ အာရမ္မဏကရဏံ၊ အာရုံကိုတွေ့ရသည်။ ဟောတိ၊ ၏။

စိတ်ကား အလိုအားဖြင့်ဂင်း အာရုံလွန်ကဲသောအားဖြင့်ဂင်း အာရုံပြောင်းကာယူနိုင်ပါတယ်။

ဒ္ဒိဟာကာရေဟိ အဇ္ဈာသယတော ဝါ ဝိသယာဓိမတ္တတော ဝါ။
(အဋ္ဌသာလိနီ)

အဇ္ဈာသယတော ဝါ၊ အလိုအားဖြင့်ဂင်း။ ဝိသယာဓိမတ္တတော ဝါ၊ အာရုံလွန်ကဲသောအားဖြင့်ဂင်း။ ဣတိ၊ ဤသို့။ ဒ္ဒိဟာကာရေဟိ၊ နှစ်ပါးသောအခြင်းအရာတို့ဖြင့်။ စိတ္တာဿ၊ စိတ်၏။ သင်္ခန္တိ၊ ပြောင်းလွှဲခြင်းသည်။ ဟောတိ၊ ၏။ ပထဝီသည် ကက္ခဠ=မာတဲ့ပထဝီ, မုဒုက=နူးညံ့တဲ့ ပထဝီ, သဏှ=သိမ်မွေ့တဲ့ ပထဝီ, ဖရုသ=ကြမ်းတဲ့ ပထဝီ, ဂရုက=လေးတဲ့ ပထဝီ, လဟုက=ပေါ့တဲ့ပထဝီလို့ ခြောက်မျိုးပြားတယ်။ ကျောက်ခဲ သံစသော ဝတ္ထုတို့ကို ထောက်ကြည့်၍ သိပါလေ။ ခြောက်မျိုးဟု ဆိုသော်လဲ သဘောအားဖြင့် ခက်မာတဲ့ ပထဝီတခုသာ ရှိတယ်။ ကြွင်းသော ပထဝီစုကား အယုတ်အလွန် အခြင်းအရာကို စဲ့၍သာ ပေါ်လာသည်။ ကြွင်းသော ဓာတ်များလည်း အတူတူပင် ဖြစ်သတည်း။

ဧတ္ထ စ ကက္ခဠံ မုဒုကံ, သဏှံ ဖရုသံ, ဂရုကံ လဟုကန္တိ ပဒေဟိ ပထဝီဓာတု ဧဝ ဘာဇိတာ။ (အဋ္ဌသာလိနီ)

တတ္ထ ပဌမံ လက္ခဏဝစနံ၊ သေသံ အာကာရဝစနံ။ (မူလဋီကာ)

စ၊ ဆက်၍ပြအံ့။ ဧတ္ထ၊ ဤနိဒ္ဒေသ၌။ ကက္ခဠံ၊ ပ၊ လဟုကန္တိ ပဒေဟိ၊ ကက္ခဠံ၊ ပ၊ လဟုကံဟူသောပုဒ်တို့ဖြင့်။ ပထဝီဓာတု ဧဝ၊ ပထဝီဓာတ်ကိုသာ လျှင်။ ဘာဇိတာ၊ ဝေဘန်အပ်၏။ တတ္ထ၊ ထိုခြောက်မျိုးတို့တွင်။ ပဌမံ၊

အစစ္ဓာသော ပထဝီသည်။ လက္ခဏဝစနံ၊ သဘောကိုပြသောစကားတည်း။ သေသံ၊ ကြွင်းသောပထဝီသည်။ အာကာရဝစနံ၊ အခြင်းအရာကိုပြသော စကားတည်း။

ဤတပရိညာအရာတွင် မှောင်ကြီးကျ၍ မသိဘဲ မနေရလေအောင် လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို အရအမိ အားထုတ်ထားသင့်သည်။ တရားဟူသမျှတွင် မလေ့လာနိုင်သော်လဲ အားထုတ်ပွါးမျှားမည့် ဓာတ် လေးပါးတွင် ဖြစ်စေ ခန္ဓာငါးပါးတွင် ဖြစ်စေ အားထုတ်ထားရမည်။ ရုပ်နာမ်နှစ်ပါး ဓာတ်လေးပါးမျှဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သတည်း။ ထို့ကြောင့် ဓာတ်လေးပါး၌ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကိုပြမည်။ ခက်မာကြမ်းတမ်းတဲ့သဘော ခက်မာကြမ်းတမ်းတဲ့အမှုအရာကို ပထဝီ ဓာတ်လို့ ခေါ်တယ်။ ထိုပထဝီဓာတ်သည် တည်ရာကိစ္စရှိသည်၊ ခံလင့်သကဲ့သို့သော အခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ ကြွင်းသော ဓာတ်သုံးပါးကြောင့် ပေါ်လာရသည်။ ယိုစီးတဲ့သဘော ယိုစီးတဲ့အမှုအရာကိုပင် အာပေါဓာတ်လို့ခေါ်တယ်။ ထိုအာပေါဓာတ်သည် တိုးပွါးစေခြင်းကိစ္စရှိသည်။ ပေါင်းစု၍ထားသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်လာသည်။ ကြွင်းသော ဓာတ်သုံးပါးကြောင့် ပေါ်လာရသည်။ ပူနွေးတဲ့သဘော ပူနွေးတဲ့အမှုအရာကိုပင် တေဇော ဓာတ်လို့ခေါ်တယ်။ ထိုတေဇောဓာတ်သည် ရင့်ကျက်စေခြင်းကိစ္စရှိသည်။ နူးညံ့သောအဖြစ်ကို ပေးသောအခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်လာသည်။ ထောက်ပံ့တဲ့သဘော ထောက်ပံ့တဲ့အမှုအရာကိုပင် ဝါယောဓာတ်လို့ခေါ်တယ်။ ထိုဝါယောဓာတ်သည် ရွေ့ရှားခြင်းကိစ္စရှိသည်။ ရွေ့သို့ဆောင်သော အခြင်းအရာအားဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ ကြွင်းသော ဓာတ်သုံးပါးကြောင့် ပေါ်ကာ လာရသည်။

ဆောင်လွယ်ရန်။ ။သဘောခက်မာ၊ တည်ရာကိစ္စ၊ ခံကခြင်းရာ၊ ကြွင်းဓာတ်မှာ၊ မှန်စွာ ပထဝီအကြောင်း။

ယိုစီးသဘော၊ ပွါးသောကိစ္စ၊ ပေါင်းကခြင်းရာ၊ ကြွင်းဓာတ်မှာ၊ မှန်စွာအာပေါ၏အကြောင်း။

ပူလောင်သဘော၊ ကျက်သောကိစ္စ၊ နူးကခြင်းရာ၊ ကြွင်းဓာတ်မှာ၊ မှန်စွာတေဇော၏အကြောင်း။

ထောက်ပံ့သဘော၊ ရွှေသောကိစ္စ၊ ဆောင်ကခြင်းရာ၊ ကြွင်းဓာတ်မှာ၊ မှန်စွာဝါယောဂ၏အကြောင်း။

ပထဝီသည် အဇ္ဈတ္တပထဝီ ဗဟိဒ္ဓပထဝီလို့ နှစ်မျိုးရှိ၏။ ထိုတွင် မိမိသန္တာန်တွင် ဖြစ်သော ပထဝီကို အဇ္ဈတ္တပထဝီလို့ခေါ်တယ်။ မိမိမှအပ ကွန်ပြူတို့နှင့် စပ်မစပ် နှစ်ရပ်သော ပထဝီကို ဗဟိဒ္ဓပထဝီလို့ခေါ်တယ်။ အာပေါ တေဇော ဝါယောတို့လည်း အဇ္ဈတ္တ ဗဟိဒ္ဓလို့ နှစ်ပါးစီရှိကြ၏။ ခန္ဓာကိုယ်မှာ မာတဲ့သဘော ခေါ်တဲ့ပထဝီမြေမှုန့်က တစိတ်သား ယိုစီးတဲ့သဘောခေါ်တဲ့ အာပေါရေက နှစ်ပြည်သားရှိပါတယ်။ တေဇောဝါယောတို့က အင်္ဂေအရှိန်အဟုန်သာ ရှိပါတယ်။

အာပေါရေကြောင့် ဖရိုဖရဲမကြဲဘဲ စုခဲ၍ အစိုင်အခဲသဏ္ဌာန် ဒြပ်တို့ဖြစ်သွားပါတယ်။ အာပေါရေက ပထဝီမြေမှုန့်အမှုအရာတို့ကို လွှင့်စင်မသွားနိုင်အောင် ဖွဲ့ပတ်ထားတယ်ဆိုလိုသည်။ အကြိတ်အခဲအဆန်အမာအထည်ဒြပ်တို့ဟူ၍ အနုမြူမျှ မရှိ၊ အမှုအရာအခြင်းအရာ ကြိယာ သက်သက်မျှသာ ဖြစ်ပါတယ်။ သို့ရာတွင် မိန်းမအဖြစ် ယောကျ်ားအဖြစ် အပေါင်းဒြပ်တို့ မြေမှုန့်ကို စုဝှေ့၍ ပေါ်လာတယ်ဆိုလိုသည်။ တေဇောအင်္ဂေ အပူက သနပ်သီးမှည့်အစေးကဲ့သို့ အစေးဖြစ်မသွားနိုင်အောင် စောင့်ထားတယ်။ တေဇောအင်္ဂေအပူကြောင့် မပုပ်မသိုးအဆင်းတိုးကာ လှပတင့်တယ်တယ်ဆိုလိုသည်။ ဝါယောလေက မယိုင်မလဲခိုင်မြဲအောင် ထောက်ထားတယ်၊ ဝါယောအထောက်အပံ့ကြောင့် မပြိုမကဲ့တည်မြဲကာ နေနိုင်တယ် ဆိုလိုသည်။ လေးပါးသောဓာတ်သဘာဝတရားတို့ကို တဏှာရှင်ဘုရင်က လူရုပ်ထုရန်ခိုင်းတော့ ကံပန်းပုသမားက လူရုပ်ထုလိုက်ပါတယ်။ ထို့ကြောင့် ရုပ်နာမ်နှစ်ပါးတရားတို့ကို လူဘဲနတ်ဘဲလို့ ခေါ်ကြပါတယ်။ စင်စစ်အမှန်မှာ လူရယ်နတ်ရယ်လို့မရှိ၊ ရုပ်နာမ်နှစ်ပါးသာရှိသည်။ ပထဝီသည် အာပေါအဖွဲ့ တေဇောအစောင့်အရှောက် ဝါယောအထောက်အပံ့ရကာ မလွှင့်မကြဲ အခဲကြီးဖြစ်သွားအောင် ပြုလုပ်ပါတယ်။

တေဇောသည် မြဲခိုင်တည်၍ အာပေါအဖွဲ့ ဝါယော အထောက်အပံ့ရကာ စောင့်ရှောက်ရင့်ကျက်စေပါတယ်၊ ဝါယောသည် မြဲခိုင်တည်၍ အာပေါအဖွဲ့ တေဇောအစောင့်အရှောက်ရကာ ထောက်ပံ့၍ထားပါတယ်။ ဥပမာ လယ်မြေထဲမှ တပိဿာလောက် မြေစိုင်ခဲကိုယူ၊ ချောညက်စွာ

ကြိတ်၍ အမှုန့်ပြုကာထား၊ သင့်တော်ရုံရေထည့်၍ မွေ့သော် အငွေ့အရှိန် အဟုန်လေများ ဝင်သောကြောင့် ချေညက်ကာ သွားပါလိမ့်မယ်။ ထို့အခါ လူရုပ်စီမံတတ်သူတယောက်က ပြုလုပ်စီမံခဲ့သော ယောကျ်ား-မိန်းမ ရုပ်ကလေးများ ဖြစ်သကဲ့သို့ မှတ်ရာသတည်း။

ဓာတ်လေးပါးတို့ကို မျက်လှည့်သည်နှင့်တူသောကြောင့် မဟာဘုတ်လို့ ခေါ်တယ်။ ဓာတ်လေးပါးဆိုတဲ့ မဟာဘုတ်သည် မိမိက ညှိုသော ယောကျ်ား-မိန်းမ, ဖြူသော ယောကျ်ား-မိန်းမ စသည်မဟုတ်ပါပဲ ညှိုသော မိန်းမစသည်ပြုလုပ်၍ ပြတတ်တယ်။ ဥပမာ မျက်လှည့်သည်ကား ပတ္တမြား မဟုတ်တဲ့ ရေကို ပတ္တမြားပြုလုပ်၍ ပြခြင်း, ရွှေမဟုတ်တဲ့ ခဲကို ရွှေလုပ်၍ ပြခြင်း, မိမိက ဘီလူးငှက် စသည်မဟုတ်ပါပဲ ဘီးလူးငှက် စသည်ပြုလုပ်၍ ပြခြင်းများနှင့် တူလှပါတယ် ဆိုလိုသည်။ ဓာတ်လေးပါးကို လှည့်ပတ်တတ်သော ဘီလူးမနှင့် တူသောကြောင့်လဲ မဟာဘုတ်လို့ ခေါ်တယ်။ ဓာတ်လေးပါးဆိုတဲ့ မဟာဘုတ်သည် လှပတင့်တယ်သော ယောကျ်း-မိန်းမသဏ္ဌာန် စသည်တို့ကိုပြ၍ မိမိမှာ မရဏဓာတ်က စားသောကြောင့် သမင်မွေးရင်း ကျားစားရင်း ဆိုတာလို ခဏခဏ ပျောက်ကွယ်သဆုံးရတဲ့ဘေးကို ဖုံးကွယ်လျက် လှည့်ပတ်ဖြားယောင်းတတ်တယ်။ ဥပမာ ဘီလူးမသည် အထူးထူးတပ်နှစ်သက်ဘွယ် တင့်တယ်သော အဆင်းသဏ္ဌာန် စသည်တို့ဖြင့် မိမိမှာ ကြောက်ဘွယ်ကောင်းသော အစွယ်ကြီး, မျက်လုံးကြီး, နှာခေါင်းကြီးတို့ကို ဖုံးကွယ်လျက် သတ္တဝါတို့ကို လှည့်ပတ်ဖြားယောင်းသည်နှင့် တူသည် ဆိုလိုသည်။

ကဋ္ဌမုခမြေ ပူတိမုခမြေ အဂ်ိမုခမြေ သတ္ထမုခမြေကြီး လေးကောင်တို့ကို ဥပမာပြု၍လဲ ဓာတ်လေးပါးတွင် ပထဝီ၏ ထင်းခြောင်းကဲ့သို့ ဖောက်ပြန်မှု အာပေါ၏ အပုပ်ပျော်၍ ယိုစီးမှု, တေဇော၏ လောင်ခြစ်မှု, ဝါယော၏ ဖြတ်သတ်မှုတို့ကို ဟောရာသတည်း။

သုတ္တန်နည်းအားဖြင့် ဓာတ်လေးပါး ဝေဘန်ပုံ

ခန္ဓာကိုယ်မှာ ကေသာ၊ ဆံ။ လောမာ၊ မွေးညှင်း။ နခါ၊ ခြေသည်း လက်သည်း။ ဒန္တာ၊ သွားရိုး။ တစော၊ အရေ။ မံသ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညှို့။ ဟဒယံ၊ နှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေးလ္ဘာ။ ပိဟကံ၊ အဖျဉ်း

ဆောင်းထပ်။ ပပ္ဖါသံ၊ အဆုတ်။ အန္တံ၊ အူမ။ အန္တဂုဏံ၊ ဘူသိမ် အူနှုံ။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက်။ ဤနှစ်ဆယ်တို့ကား မြေအစု မြေခဲပထဝီနှစ်တို့သာတည်း။ ပထဝီသည် သိလာ=ကျောက်မျိုးမြေ, ပံသု=ရုံမျိုးမြေလို နှစ်မျိုးရှိ၏။

ထိုနှစ်ပါးတို့တွင် နှစ်ဆယ်သော ခြေသည်း လက်သည်း, သုံးဆယ် နှစ်ခြောင်းသော သွားရိုး, သုံးရာသော အရိုး-ဤသုံးပါးတို့သည် သိလာကျောက်မျိုးမြေသာတည်း၊ ကြွင်းသောမြေတို့သည် ပံသုရုံမျိုးမြေသာတည်း။

ပိတ္တံ၊ သည်းခြေရည် သည်းခြေခဲ။ သေမ္ဟံ၊ သလိပ်ရည် သလိပ်ခဲ။ ပုဗ္ဗော၊ ပြည်ရည် ပြည်ခဲ။ လောဟိတံ၊ သွေးရည် သွေးခဲ။ သေဒေါ၊ ချွေးရည် ချွေးခဲ။ မေဒေါ၊ အဆီပြင် အဆီခဲ။ အဿု၊ မျက်ရည်ကြည် မျက်ရည်ခဲ။ ဝသာ၊ အဆီကြည်။ ခေလော၊ တံထွေးရည် တံတွေးခဲ။ သိင်္ဃာနိကာ၊ နှာရည်ကြည် နှာရည်ခဲ။ လသိကာ၊ အစေးလက်ဆီခြေဆီ။ မုတ္တံ၊ ကျင်ငယ်။ ဤဆယ့်နှစ်ပါးတို့သည်ကား အရည်အခဲအခဲ့အစေးအာပေါတို့သာတည်း။ အာပေါရေသည်လည်း မဓုရ=ရေချို, လောဏ=ရေငန်လို နှစ်မျိုးရှိ၏။ ထိုဘွင် ဤဆယ့်နှစ်ပါးသောရေတို့သည် ရေငန်တို့သာတည်း။

ဥဿာဝတေဇော=ကိုယ်ငွေ့ကမ္မဇဓာတ်မီး, သန္တာပတေဇော=ရက်ဆက်ရက်ခြားအတန်ဖျားသော အပျက်ဓာတ်မီး, ဇိရဏတေဇော=အိုရုပ်ပေါ်အောင် အမြဲလောင်သောဇိရဏဓာတ်မီး, ဒါဟတေဇော=အနေပျက်အောင် အကျက်ပူလောင်သော ဒါဟဓာတ်မီး, ပါစကတေဇော=ကျိုချက်တတ်သော ဓာတ်မီး၊ ဤငါးပါးတို့သည်ကား တေဇောမီးဓာတ်အစုတို့သာတည်း။

မီးတို့သည် အင်္ဂါရော=မီးဇာအထဲ အနှံ့စွဲ၍ လောင်သောမီး, ဇာလံ-=မီးတောက်မီးလျှံမီးလို့ နှစ်မျိုးရှိ၏။ ထိုတွင် ဤမီးတို့ကား အင်္ဂါရမီးတို့သာတည်း။

ဥဒ္ဓင်္မဝါယော=အထက်သို့ ဆန်တက်သောလေ, အဓောဂမဝါယော=အောက်သို့သက်သောလေ,ကုစ္ဆိသယဝါယော=ဝမ်းတွင်း၌ကိန်းသောလေ, ကောဋ္ဌာသယဝါယော = အူတွင်း၌ ကိန်းသောလေ, အင်္ဂမင်္ဂါနုသာရိဝါယော=အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေ, အဿာသဝါယော=

ဝင်သက်လေ,ပဿာသဝါယော=ထွက်သက်လေ၊ဤသည်တို့ကား လေဓာတ် ခြောက်ပါးတို့တည်း။ ထိုလေတို့သည် မန္ဒ=လေပြေလည့်ုင်းလေ, ဗလဝ= လေပြင်းမုန်တိုင်းလေလို့ နှစ်မျိုးရှိ၏။ ထိုတွင် အခ့ျိကား လေပြေ လည့်ုင်း အခ့ျိကား လေပြင်းမုန်တိုင်းတို့သာတည်း။ ဤသို့ခန္ဓာကိုယ်မှာ ဓာတ်မျ းသရုပ်အားဖြင့် ၄၂-ပါး ၄၃-ပါးရှိပါသတည်း။

၁။ ပ-ကားထကြွ၊ နံ့လှအာပေါ်၊ တေဇောညီမျှ၊ ဥပ်လှဝါယော၊ ဓာတ်သဘော၊ မှတ်လောပထဝီ ကာယတွင်သာ။

၂။ အာ-ကားထကြွ၊နံ့လှပပ၊ညီမျှတေဇော၊ ဝါယောဥပ်လှ၊ သဘာဝ၊ မှတ်ကြအာပေါ် ကာယတွင်သာပါ။

၃။ တေ-ဇောထကြွ၊ နံ့လှပပ၊ ဝါယလျစ်လျ။။ ဥပ်သူအာပေါ်၊ ဓာတ် သဘော၊ မှတ်လောတေဇော ကာယတွင်သာပါ။

၄။ ဝါ-ယောထကြွ၊ နံ့လှပပ၊ မီးကလျစ်လျ။။ ဥပ်သူအာပေါ်၊ ဓာတ် သဘော၊ မှတ်လော ဝါယော ကာယတွင်သာပါ။

ဓာတ်လေးပါးလွန်ကဲရာကို စဲ့၍ ပထဝီ အာပေါ် တေဇော ဝါယော ကာယလေးပါးတို့တွင် ဆံစသော ပထဝီကာယမှာ ခက်မာတဲ့သဘော ပထဝီကား ပေါ်လွင်ထင်ရှားသောဓာတ်, ယိုစီးတဲ့သဘော အာပေါ်ကား အနံ့ဓာတ်, ပူနွေးတဲ့သဘော တေဇောကား ညီမျသောဓာတ်, ထောက်ပံ့တဲ့ သဘော ဝါယောကား ဥပ်သောဓာတ် ဖြစ်ပါတယ်။ ကြွင်းသော ကာယ သုံးပါးတွင်လဲ ဓာတ်သဘောတို့ကို အောက်ပါလက်ံာဖြင့် မှတ်ရာသတည်း။

ပ္ဍါးပုံကား

မိမိကိုယ်မှ အပဖြစ်သော မြေကြီးခေါ် ပထဝီကာယအပေါင်းတွင် ခက်မာကြမ်းတမ်းတဲ့သဘောခေါ် ပထဝီကို ခင်မင်မက်မောသည်၏ အစ့ုမ်း ဖြင့် သာယာနှစ်သက်ရသော ငါ့ဉစ္စာလို့ဂုင်း မြတ်နိုးသည်၏ အစ့ုမ်းဖြင့် စိတ်ကြီးဝင်အထင်ကြီးရသော ငါလို့ဂုင်း မယူသကဲ့သို့ ထို့အတူ မိမိသန္တာန်မှာ တစ=အရေခေါ် ပထဝီကာယအပေါင်းတွင် အရေလို့ထင်ရသော သဏ္ဌာနနိမိတ် နိစ္စနိမိတ် အရိပ်အယောင်မျ ားကို ပယ်ခွါပြီး ကြမ်းတမ်းခက် မာတဲ့သဘောကို "နေတံ မမ၊ဤကြမ်းတမ်းခက်မာတဲ့ သဘောသည် ခင်မင် မက်မောသည်၏အစ့ုမ်းဖြင့် သာယာနှစ်သက်ရသော ငါ့ဉစ္စာမဟုတ်" လို့ အဖန်ဖန် ပ္ဍါးမျ ားရမည်။ "နေသောဟမသို့၊ ဤ ကြမ်းတမ်းခက်မာတဲ့

သဘောသည် မြတ်နိုးသည်၏ အစ္စမ်းဖြင့် စိတ်ကြီးဝင်အထင်ကြီးရသော ငါမဟုတ်"လို့ အဖန်ဖန်ပွါးမျှားရမည်။ "နှ မေသော အတ္တာ၊ ဤကြမ်းတမ်းခက်မာတဲ့သဘောသည် အခိုင်အမြဲမပျက်ဘဲ တည်နေနိုင်သော အတ္တမဟုတ်"လို့ အဖန်ဖန်ပွါးမျှားရမည်။ အချိန်အပိုင်းအခြား ရက်အပိုင်းအခြားထား၍ ပွါးမရောစေနှင့်၊ အရေရှိရာ တခုသော ဗိုက်အပြင်တွင် ဉာဏ်စိုက်ထားပါလေ၊ ဗဟိဒ္ဓပထဝီနှင့် အဇ္ဈတ္တပထဝီကို တထပ်တည်း တသားတည်းကျအောင် ပွါးမျှားပါလို့ တိုက်တွန်းသည်။

ဤသို့မြေကြီးနှင့် အလားတူသော ဘာဝနာကို ပွါးမျှားသော ယောဂီအား အလိုရှိအပ်တဲ့ ဣဋ္ဌအာရုံနှင့် တွေ့ကြုံသော်လဲ မသာယာမနှစ်သက်တော့ပါ၊အလိုမရှိအပ်တဲ့အနိဋ္ဌအာရုံနှင့် တွေ့ကြုံသော်လဲ စိတ်မဆိုးတော့ပါ။ သည်းခံနိုင်ပါတော့သည်။ တာဒိဘာဝလက္ခဏာနှင့် ပြည့်စုံမည်လို့ဆိုလို သည်။ ဥပမာမြေကြီးတွင် ကျင်ငယ်ကျင်ကြီးမှစ၍ မကောင်းတဲ့ဝတ္ထုတို့ကို စွန့်ထားကြပါတယ်၊ ထားသော်လဲ မြေကြီးက စိတ်မဆိုးပါ၊ ရွှေဥစ္စသော ကောင်းတဲ့ဝတ္ထုတို့ကို စွန့်ထားကြပါတယ်။ ထားသော်လဲ မြေကြီးက ငါ့ဥစ္စာလို့ မသာယာ မမက်မောသည်နှင့်တူတယ်လို့ ဆိုလိုသည်။ ထို့ကြောင့် ရာဟုလာအား "မြေရေလေမီး ဓာတ်ကြီးလေးပါးဘာဝနာကိုပွါးလော့" ဟု တိုက်တွန်းတော်မူပါသတည်း၊ ဤအရာဝယ် ဓာတ်တခုပွါးမျှားပုံကို ပြဆိုသဖြင့် ဓာတ်လေးပါးလုံး ပွါးမျှားတတ်ပါစေ။ (သတိပဋ္ဌာန်ဓာတုမနသိကာရပဗ္ဗလာပွါးမျှားနည်းကို နောက်မှရေးမည်ဖြစ်၍ မရေးတော့ပါ။)

ကဿပမြတ်စွာဘုရားသာသနာမှာ သာရဏီယဝတ် ဖြည့်ကျင့်သော ရဟန်းကတပါး ဘတ္တဂ္ဂဝတ်ဖြည့်ကျင့်သောရဟန်းကတပါး၊ ဤသို့ မိတ်ဆွေရဟန်းနှစ်ပါးအတူနေကြပါတယ်။ သာရဏီယဝတ်ဖြည့်ကျင့်သောရဟန်းက မိမိမိတ်ဆွေရဟန်းကို ငါ့ရှင်မလှူသောသူသည် အလှူရဲ့အကျိုးကို မခံစားရဘူး၊ မိမိရတဲ့ပစ္စည်းလေးပါးကို သူတပါးအား လှူဒါန်းပေးကမ်း၍ သုံးဆောင်ခြင်းငှါ သင့်ပါတယ်လို့ ပြောကြားပါတယ်၊ဘတ္တဂ္ဂဝတ်ဖြည့်ကျင့်သောရဟန်းက ငါ့ရှင် သင်ကားမသိ၊ သဒ္ဓါယုံကြည်၍ ပေးလှူအပ်သော ပစ္စည်းလေးပါးကို ဟိုပေးသည်ပေး ပေးခြင်းငှါမသင့်ပါ၊ မိမိ မျှလောက်ရုံကိုသာ ခံယူ၍ ဘတ္တဂ္ဂဝတ်ဖြည့်ကျင့်ခြင်းငှါ သင့်ပါတယ်လို့ ပြန်ပြောပါတယ်။ မိတ်ဆွေ အချင်းချင်း တပါးသြဝါဒ တပါးမလိုက်နာဘဲ မိမိတို့ဝါဒ

အတိုင်းသာ နေကြပါတယ်။ မိတ်ဆွေရဟန်းနှစ်ပါးတို့ မိမိကျင့်ဝတ်ကို မိမိဖြည့်ကျင့် အားထုတ်၍ ဘဝတပါးပြောင်းသွားခဲ့သော် ကာမာဝစရနတ်ပြည်မှာ ဖြစ်ကြပါတယ်။ ထိုနတ်သားနှစ်ယောက်တို့တွင် သာရဏီယဝတ်ဖြည့်ကျင့်သော ရဟန်းနတ်သားက မိတ်ဆွေနတ်သားကို နတ်တွင်ဖြစ်သော အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း အခြံအရံပေါများခြင်း အစိုးရခြင်းဆိုဘဲ့ အကျိုးငါးပါးတို့ဖြင့် သာလွန်ကာ လွှမ်းကာ အကျိုးပေးပါတယ်။ ဤသို့ မိတ်ဆွေရဟန်းနှစ်ပါးတို့သည် ကဿပမြတ်စွာဘုရားနှင့် ဂေါတမ မြတ်စွာဘုရားတို့ ကြားကာလပတ်လုံး လူပြည် နတ်ပြည်မှာ ကျင်လည်ကြ၍ ဂေါတမ မြတ်စွာဘုရားသာသနာမှာ သာဝတ္ထိပြည်တွင် ဖြစ်လာကြပါတယ်။ သာရဏီယဝတ်ဖြည့်ကျင့်သောရဟန်းသည် ကောသလမင်းကြီး၏ အဂ္ဂမဟေသီ တောင်ညာစံဒေဝီဝမ်းဝယ် ပဋိသန္ဓေတည်နေလာတယ်။

မိတ်ဆွေရဟန်းသည် အဂ္ဂမဟေသီ၏ အလုပ်အကျွေးအခြံအရံ မောင်းမမိသံ၏ ဝမ်းဝယ် ပဋိသန္ဓေတည်နေလာတယ်။ မိတ်ဆွေရဟန်းနှစ်ပါးတို့ တနေ့တည်းမှာပင် ဖွားကြပါသည်။ အမည်မှည့်အံ့သောနေ့ဝယ် မင်းသားကလေးနှစ်ယောက်တို့ကို ရေချိုးကာ အသရေရှိသော တိုက်ခန်းတွင် အိပ်စေ၍ မယ်တော်နှစ်ယောက်တို့အပါးမှာ ပူဇော်သက္ကာစီရင်ကာထားကြတယ်။ မင်းသားကလေးနှစ်ယောက်တို့တွင် သာရဏီယဝတ်ဖြည့်ကျင့်သော မင်းသားကလေးသည် မျက်စိဖြင့်ကြည့်၍ ကြီးစွာသောထီးဖြူကိုဎင်း ကောင်းစွာခင်းထားတဲ့ အသရေရှိသောအိပ်ရာနေရာကိုဎင်း တန်းဆာ ဆင်ထားတဲ့ နန်းတော်ကိုဎင်း မြင်ရသော် ငါတော့ တဦးသော မင်းမျိုးမှာ ဖြစ်ပြီလို့ သိသွားတယ်။ မင်းသားကလေးသည် ဘယ်ကံကို ပြုခဲ့၍ ဤမင်းမျိုးမှာဖြစ်ပါသလဲလို့ ဆင်ခြင်သော် သာရဏီယဝတ် ဖြည့်ကျင့်သောကြောင့် ဖြစ်တယ်လို့ သိကာသွားတယ်။ ငါ့မိတ်ဆွေသည် ဘယ်မှာဖြစ်ပါသလဲလို့ ဆင်ခြင်သော် ယုတ်နိမ့်သောအိပ်ရာတွင် အိပ်နေသည်ကို တွေ့ရတယ်။ ငါ့မိတ်ဆွေသည် ဘတ္တဂ္ဂဝတ်ကို ပြီးစေအံ့လို့ ပြောဆိုကာ ငါ့စကားကို နားမထောင်ခဲ့၊ ဤအခါ ဤနေရာတွင် ထိုမိတ်ဆွေကို နှိပ်ထိုက်တယ်လို့ အောက်မေ့လျက် "သမ္မ မမ ဝစနံ နာကာသိ၊ အိုမိတ်ဆွေသင်ကား ငါ့စကားကို မလိုက်နာခဲ့"လို့ ပြောကြားပါတယ်။ ထိုအခါ မောင်းမမိသံသား မင်းသားကလေးက "ဘယ်ပုံဖြစ်ပါသလဲ"လို့ ပြန်မေး

လိုက်တယ်။ သင်သည် ငါ၏စည်းစိမ်ကို ရှုကြည့်စမ်းလော၊ ငါသည် ထီးဖြူအောက်မှာ အသရေရှိစွာသော ပလ္လင်တွင် အိပ်စက်ကာ နေရတယ်မဟုတ်လော၊ သင့်မှာ အခင်းထက်ဝက်ယုတ်နိမ့်သော ညောင်စောင်းထက်တွင် အိပ်ကာ နေရတယ်မဟုတ်လောလို့ ပြောကြားလိုက်တယ်။ အိုမိတ်ဆွေ၊ မင်းကား ဤထီးဖြူတွေ့ပလ္လင်တွေ့ကို မှီ၍ ပုဆိုးကြမ်းဖြင့် ရစ်ပတ်ကာ ထားတဲ့ ထီးဖြူပလ္လင်တွေ့သည် ပထဝီဓာတုမတွေ့မေဝ၊ ပထဝီဓာတ်မျှသာ ဖြစ်ပါတယ်ကွာလို့ ချေပလိုက်တယ်။ ဘတ္တဂုဝတ်ဖြည့်ကျင့်သောရဟန်း ဓာတ်ပေါက်ကာနေသကဲ့သို့ ဓာတ်ပေါက်အောင် အားထုတ်ကြရမယ်ကွယ်တို့။

သောတာပန် သုမနမင်းကမီးကလေးသည် မောင်ကလေးနှစ်ယောက်တို့၏ စကားသံကြား၍ ငါ့မောင်တို့၏ အထံဝယ် တစုံတယောက်သော သူမျှမရှိလို့ အောက်မေ့ကာ မောင်တို့ထံသို့ သွားပါတယ်၊ တံခါးအနီးရပ်မိသော် ဓာတ်လို့ဆိုသောအသံကိုကြားရတယ်၊ ဤဓာတ်ဆိုသောအသံသည် အပမှာမရှိ၊ ငါ့မောင်မျိုးသည် ရဟန်းနတ်သားဖြစ်ကြလိမ့်မည်လို့ ကြံမိတယ်။

ငါသည် မောင်ကလေးနှစ်ယောက်တို့ ဤပုံပြောကြားကြတယ်လို့ မိဘတို့အား အကယ်၍ ပြောကြားခဲ့သော် "လူမဟုတ် ဘီလူး" လို့ဆိုကာ စွန့်ပြစ်စေကြလိမ့်မည်။ ဤအကြောင်းကို တပါးသူအား မပြောကြားပဲ ခမည်းတော်ဂေါတမမြတ်စွာဘုရားကိုသာ လျှောက်ကြားမည်လို့ အောက်မေ့ပါတယ်။ နံနက်စာစားပြီးသော် ခမည်းတော်မင်းကြီးသို့ ကပ်လျက် အသျှင်မင်းကြီး သမီးတော် မြတ်စွာဘုရားထံ အလုပ်အကျွေးသွားပါအုံလို့ သံတော်ဦးတင်လေသည်။ ခမည်းတော်မင်းကြီးကား ရထားငါးရာတို့ကို က,စေပါတယ်။ ထိုအခါ ဇမ္မူဒိပ်ကျွန်းဝယ် ဗိမ္မိသာရမင်း၏သမီး စုန္ဒီမည်သော မင်းသမီး, မနုဇ္ဇယသူဌေး၏သမီးဝိသာခါ, ကောသလမင်း၏သမီး သုမန မင်းသမီး ဤသတ္တိသမီးသုံးယောက်တို့သာ ငါးရာသောသတ္တိသမီးအခြံအရံတို့ဖြင့် ရထားငါးရာစီးကာ သွားနိုင်ကြပါတယ်။ သုမနမင်းသမီးသည် ရထားစီးကာ ပန်းနုံသာတို့ကိုယူ၍ ပုစ္ဆာမေးအုံဟု မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကာသွားပါတယ်။ သင့်တင့်လျောက်ပတ်စွာ ထိုင်ကာနေတဲ့သုမနမင်းသမီးသည် သဗ္ဗညုမြတ်စွာဘုရားအား "သဒ္ဓါသီလပညာအားဖြင့် တူမျှ

ကုန်သောတပည့်ရဟန်းနှစ်ပါးတို့ ရှိရာပါတယ်။ ထိုနှစ်ပါးတို့တွင် တပါးက လှူဒါန်းပေးကမ်းလေ့ရှိတယ်။ တပါးက လှူဒါန်းပေးကမ်းလေ့မရှိပါ။ ထိုနှစ်ပါးသောတပည့်တို့ နတ်အဖြစ်, လူရဟန်းအဖြစ်ကိုရခဲ့သော် ထူးခြားသောအကျိုးမျှားရှိပါသလော”ဟု လျှောက်ကြားပါတယ်။

ချစ်သမီးသုမန၊ လှူဒါန်းပေးကမ်းသောတပည့်က မလှူသောတပည့်ကို အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း အခြံအရံပေါများခြင်း အစိုးရခြင်းဆိုတဲ့ အကျိုးထူးတို့ဖြင့် သာကာ လွှမ်းကာ အကျိုးပေးနိုင်ပါတယ်။ ရဟန်းမှာတော့ အသျှင်ဘုရား၊ တပည့်တော်တို့၏ ဆွမ်းသင်္ကန်း ကျောင်း ဆေးပစ္စည်းလေးပါးတို့ကို သုံးဆောင်ဘဉ်းပေးတော်မူပါဘုရားလို့ တောင်းပန်မှသာ မျှားသောအားဖြင့် သုံးဆောင်ဘဉ်းပေးရတယ်။ သီတင်းသုံးဘော်အချင်းချင်းလည်း စိတ်နှလုံးကို တိုးပွါးစေတဲ့ကိုယ်နှုတ်မနော အမှုအရာတို့ဖြင့် ပြုလာပြောဆိုလာကြပါတယ်။ နှစ်သက်ဘွယ်သော လက်ဆောင်ပဏ္ဏာမျှားကိုလဲ ပို့ဆောင်လှူဒါန်းလာကြတယ်။ ဤသို့ မိန့်ကြားတော်မူပါသည်။ အသျှင်ဘုရား၊ အရဟာတ္တမဂ်အရဟာတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ရောက်တော့ ထူးခြားပါသေးသလား လို့ လျှောက်ထားပြန်တယ်။ ချစ်သမီးသုမန၊ အရဟာတ္တဖိုလ်ဝိမုတ္တိကိုတော့ ထူးခြားတယ်လို့ မဟောပါ။ ကိုရင်ကလေးရသောအရဟာတ္တဖိုလ်နှင့် ဝါခြောက်ဆယ်ရပြီး မထေရ်ကြီးတို့ရသော အရဟာတ္တဖိုလ်ကား အတူတူပင် ဖြစ်ပါတယ် လို့ မိန့်ကြားတော်မူသည်။ အသျှင်ဘုရား၊ အံ့ဘွယ်ကောင်းလှပါတယ်၊ မဖြစ်ဘူးမြဲ ဖြစ်လှပါတယ်၊ အလှူဒါနတို့ကို အတိုင်းထက်အလွန်လှူထိုက်ပြုထိုက်လှပါတယ်၊ ဒါနကုသိုလ်ကောင်းမှုတို့သည် ရဟန်းနတ်လူဖြစ်သော သူတို့အား ကျေးဇူးဥပကာရ များလှပါတယ် ဘုရားလို့ လျှောက်ထားသတည်း၊ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်—

အလံ ဟိ သုမနေ ဒါနာနိ ဒါတုံ အလံ ပုညာနိ ကာတုံ၊ ဒေဝဘူတသာပိ ဥပကာရာနိ ပုညာနိ၊ မနုဿဘူတသာပိ ဥပကာရာနိ ပုညာနိ၊ ပဗ္ဗဇိတသာပိ ဥပကာရာနိ ပုညာနိ—လို့ဟောတော်မူတယ်။

သုမနေ၊ ချစ်သမီးသုမန။ ဒါနာနိ၊ အလှူဒါနတို့ကို။ ဒါတုံ၊ ပေးလှူခြင်းငှါ။ အလံ ဟိ အလံ ဧဝ၊ သင့်လျော်လျောက်ပတ်ကောင်းမြတ်သည်သာတည်း။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ အလံ အလံ

၉၀၊ သင့်လျော်လျောက်ပတ်ကောင်းမြတ်သည်သာတည်း။ ပုညာနိ၊ကုသိုလ်ကောင်းမှုတို့သည်။ ဒေဝဘူတဿာပိ၊ နတ်ဖြစ်၍ ဖြစ်သောသူအား၊လည်း။ ဥပကာရာနိ၊ ကျေးဇူးများလှကုန်၏။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့သည်။ မနုဿဘူတဿာပိ၊ လူဖြစ်၍ဖြစ်သောသူအား၊လည်း။ ဥပကာရာနိ၊ ကျေးဇူးများလှကုန်၏။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့သည်။ ပဗ္ဗဇိတဿာပိ၊ ရဟန်းဖြစ်သောသူအား၊လည်း။ ဥပကာရာနိ၊ ကျေးဇူးများလှကုန်၏။ ဆိုလိုသည်မှာ မည်သူမဆို အလှူ၊ဒါနကုသိုလ်ပုညတို့ကို ပြုသင့်ပြုထိုက်လှတယ်၊ အကျိုးပေးများ ထူးခြားလှပါတယ်လို့ ဆိုလိုတယ်။

ဤဝတ္ထုများကို သက်သေသာဓကပြုသော် ဝိပဿနာ လမိုင်းမိသူများလဲ ကောက်ကျစ်စဉ်းလဲသောအဖို့သို့မပြေးဝင်သင့်ပါ၊ ပွါးသင့်ပွါးထိုက်တဲ့ ဒါနကုသိုလ်စသည်တို့ကို ပစ္စည်းအားရှိသလောက် သဒ္ဓါအားထား၍ ပွါးထိုက်လှပါသတည်း။

ဓာတ်လေးပါးခန်း ပြီး၏။

အာကာသဓာတ်ခန်း

အာကာသဓာတ်တည်းဟူသော မှန်ပြောင်းတပ်၍ ကြည့်ရှုနိုင်ရန် ခန္ဓာကိုယ်မှာ ရသင့်ရထိုက်သော ကလာပ်များကို အကျဉ်းနည်းဖြင့် ပြမည်။

ဝဏ္ဏော ဂန္ဓော ရသော သြဇာ၊ စတဿော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကသာတိ သမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကသာတိ သမ္မုတိ။

ဝဏ္ဏော စ၊ အဆင်းဂုဏ်း။ ဂန္ဓော စ၊ အနံ့ဂုဏ်း။ ရသော စ၊ အရသာဂုဏ်း။ သြဇာ စ၊ သြဇာဂုဏ်း။ စတဿော၊ လေးပါးကုန်သော။ ဓာတုယော စာပိ၊ ဓာတ်တို့ဂုဏ်း။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသော တရားတို့ ပေါင်းဆုံစုဝေးကာ တည်နေခြင်းကြောင့်။ ကသာတိ သမ္မုတိ၊ ဆံလို့ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေသံယေဝ၊ ထို ရှစ်မျိုးသော ဓာတ်တို့ကိုသာလျှင်။ ဝိနိဗ္ဘောဂါ၊ တသီးတခြားဝေဘန်ကာ ထားသောကြောင့်။ ကသာတိ သမ္မုတိ၊ ဆံလို့ခေါ်ဝေါ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ခန္ဓာကိုယ်ကို သုံးပိုင်းခွဲပုံ။ ။ ခန္ဓာကိုယ်မှာ ချက်မှ အောက်ပိုင်းကို ဟေဋ္ဌိမကာယ,ချက်မှ အထက်လည်မျိုတိုင်ရုံ မဇ္ဈိမကာယ,လည်မျိုအထက် ခေါင်းပိုင်းကို ဥပရိမကာယ သုံးမျိုးရှိတယ်။

အောက်ပိုင်းကိုယ်မှာ ၁-စိတ်ကြောင့်ဖြစ်တဲ့ အင္ဂကကလာပ်။ ၂-ဥတု ကြောင့်ဖြစ်တဲ့ အင္ဂကကလာပ်။ ၃-အာဟာရကြောင့်ဖြစ်တဲ့ အင္ဂက ကလာပ်။ ၄-ကာယဒသကကလာပ်။ ၅-ဘာဝဒသကကလာပ်၊ ဤသို့ ကလာပ်ငါးစည်း ရုပ်ပေါင်း ၄၄ ရှိတယ်။

အလယ်ပိုင်းကိုယ်မှာ ၁-စိတ်ဥတုအာဟာရတို့ကြောင့်ဖြစ်တဲ့ အင္ဂက ကလာပ် သုံးစည်း။ ၂-ကာယဒသက ဘာဝဒသက ဝတ္ထုဒသက ကလာပ် ၃၊ ဤသို့ ကလာပ် ခြောက်စည်း ရုပ်ပေါင်း ၅၄ ရှိတယ်။

အထက်ပိုင်းကိုယ်မှာ ၁-စိတ် ဥတု အာဟာရတို့ကြောင့်ဖြစ်တဲ့ အင္ဂက ကလာပ် သုံးစည်း။ ၂-ကာယဒသက ဘာဝဒသက စက္ခုဒသက သောတ ဒသက ဃာနဒသက ဇိဝှါဒသက၊ ဤသို့ ကလာပ် ကိုးစည်း ရုပ်ပေါင်း ရှစ် ဆဲ့လေး ရှိပါတယ်။ အင္ဂကကလာပ်ဆိုသည်ကား ရုပ်ရှစ်ခု အပေါင်းပင် တည်း၊ ဒသကကလာပ်ဆိုသည်ကား ရုပ်ဆယ်ခုအပေါင်းပင်တည်း။

ကလာပ်ဖွဲ့စည်းပုံ

၁။ မာတဲ့သဘော ဓာတ်အမှုအရာခေါ် ပထဝီ။

၂။ ယိုစီးတဲ့သဘောခေါ် အာပေါ။

၃။ ပူလောင်တဲ့သဘောခေါ် တေဇော။

၄။ ထောက်ပံ့တဲ့သဘောခေါ် ဝါယော။

၅။ မျက်စိအကြည်မှာ ထင်ပေါ်လာသော အမည်း အဖြူစသော အဆင်းခေါ် ရူပါရုံ။

၆။ နှာခေါင်းအကြည်မှာ ထင်လာသော အနံ့အမျိုးခေါ် ဂန္ဓာရုံ။

၇။ လျှာအကြည်မှာ ထင်လာသောအချိုအချဉ်စသော အရသာခေါ် ရသာရုံ။

၈။ မြေအဆီအစေး, ရေအဆီအစေးကဲ့သို့ အဆီအစေးခေါ် ကဗင်္ဂ-ကာရအာဟာရ။

ဤရုပ်ရှစ်ခုအပေါင်းကို အဋ္ဌကကလာပ် အခြားသော ရုပ်တို့နှင့် မရောမရှက် သက်သက်ရုပ်ရှစ်ခုအပေါင်းလို ခေါ်တယ်။ ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်ကာ လာ၍ အကြောင်းကိုစွဲပြီး အဋ္ဌကကလာပ် လေးပါးရှိသည်။ ရုပ်ရှစ်ခုအပေါင်းကို ကလာပ်မှုန့် ကလာပ်လုံးတခုလို ခေါ်ပါတယ်။ ပရမာဏုမြူပမာဏလောက် ရှိသည်လို ခေါ်ကြတယ်။

ဥပမာ ကောက်ညှင်းဆန်ကို ညက်စွာထောင်းပြီး အမှုန့်ပြုပါ၊ မုံ့မှုန့်တွင် ရေအသင့်တော်ရုံထည့်။ သမအောင်နယ်၍ ပေသီးလောက် လုံးထားပါ။ မုံ့လုံးအတွင်း ထန်းလျက်နှမ်းစေ့ကို ဌာပနာသွင်းပြီး ကျိုက်ကျိုက်ဆူသော ရေနွေးအိုးတွင်ထည့်၍ ပြုတ်ပါလေ၊ ကျက်ခဲ့သော် ပေါ်ကာလာပါလိမ့်မည်။ ထို့ကြောင့် မုံလုံးရေပေါ်လို့ခေါ်တဲ့ မုံလုံးကလေးနှင့် ရုပ်ကလာပ်တူပါတယ်။ တူပုံ မုံလုံးကလေးမှာ တည်ရာမှီရာဖြစ်တဲ့ နူးညံ့သော မုံမှုန့်များနှင့် ပထဝီတူပါသည်။ အလုံးကလေးဖြစ်အောင် ဖွဲ့စည်းထားတဲ့ ရေနှင့် အာပေါတူသည်။ တင်းတင်းပူနေသည်နှင့် တေဇောတူသည်။ တောင့်တောင့်တင်းတင်း အလုံးကလေးဖြစ်အောင် ထောက်ပံ့ထားသည်နှင့် ဝါယောတူသည်။ ဖြူသောအဆင်းနှင့် ဝဏ္ဏတူသည်။ ဆိမ့်ချိုသောအရသာနှင့် ရသတူသည်။ မုံလုံးကို လက်ဖြင့်ဖိနှိပ်လိုက်သော် ပေါက်ထွက်သော အဆီအစေးနှင့် ဩဇာတူသည်။

ရုပ်ရှစ်ခုတဲ့နေတဲ့ ကလာပ်ကလေးကို ဝဇီရစိန်မိုးကြိုးသွား မိုးကြိုးလက်နက်ဖြင့် ပစ်ခဲ့သော်လည်း တခြားစီကဲ့သွားအောင် မတတ်နိုင်ပါ။ ပေါ်လျှင်အတူ ပျောက်ကွယ်လျှင်အတူ သဘာဝအတိုင်း ဖြစ်ကြပါတယ်။ ထို့ကြောင့် ခဲ့မရတဲ့ အဝိနိဗ္ဘောဂရုပ်လို့ ခေါ်ဆိုပါသတည်း။

ခဲ့မရတဲ့ရုပ်ရှစ်ခုတွင် ကလာပ်တူ ကမ္မဇရုပ်ကိုးခုတို့ကို စောင့်ရှောက်တဲ့ သဘောခေါ်တဲ့ ဇီဝိတရုပ်, ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်ခြင်းငှါထိုက်သော မဟာဘုတ်တို့ကို ကြည်စေခြင်း သဘောခေါ်တဲ့ ကာယပသာဒရုပ်တို့ကို ထည့်။ ရုပ်ဆယ်ခုအပေါင်းကို ကာယဒသကကလာပ်လို့ ခေါ်သည်။

ခဲ့မရတဲ့ ရုပ်ရှစ်ခုနှင့် ဇီဝိတရုပ် ကိုးခုအပေါင်းတွင် ယောကျား-မိန်းမအားလျော်စွာ ယောကျား၏အဖြစ်ကို မှတ်ကြောင်းသဘောခေါ်တဲ့ ပုရိ

သိန္ဒြေရုပ် မိန်းမ၏အဖြစ်ကို မှတ်ကြောင်းသဘောခေါ်တဲ့ ဣတ္ထိန္ဒြေရုပ်တို့ကို ထည့်၊ ရုပ်ဆယ်ခုအပေါင်းကို ဘာဝဒသကကလာပ်လို့ ခေါ်သည်။

ရုပ်ကိုးခုအပေါင်းတွင် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာသဘောခေါ်တဲ့ဟဒယဝတ္ထုရုပ်ကိုထည့်၊ ရုပ်ဆယ်ခုအပေါင်းကို ဝတ္ထုဒသကကလာပ်လို့ ခေါ်သည်။ ရုပ်ကိုးခုအပေါင်းတွင် အဆင်းရုပါရုံ၏ ထိခိုက်ခြင်းငှါ ထိုက်သောမဟာဘုတ်တို့ကို ကြည့်စေခြင်းသဘောခေါ်တဲ့ စက္ခုပသာဒရုပ်ကိုထည့်၊ ရုပ်ဆယ်ခုအပေါင်းကို စက္ခုဒသကကလာပ်ခေါ်သည်။

ရုပ်ကိုးခုအပေါင်းတွင် အသံသဒ္ဒါရုံ၏ ထိခိုက်ခြင်းငှါထိုက်သောမဟာဘုတ်တို့ကို ကြည့်စေခြင်းသဘောခေါ်တဲ့ သောတပသာဒရုပ်ကိုထည့်၊ ရုပ်ဆယ်ခုအပေါင်းကို သောတဒသကကလာပ်ခေါ်သည်။

ရုပ်ကိုးခုအပေါင်းတွင် အနံ့ဂန္ဓာရုံ၏ ထိခိုက်ခြင်းငှါ ထိုက်သောမဟာဘုတ်တို့ကို ကြည့်စေခြင်းသဘောခေါ်တဲ့ ဃာနပသာဒရုပ်ကိုထည့်၊ ရုပ်ဆယ်ခုအပေါင်းကို ဃာနဒသကကလာပ်ခေါ်သည်။

ရုပ်ကိုးခုအပေါင်းတွင် အချို့အချဉ်စသောရသာရုံ၏ ထိခိုက်ခြင်းငှါ ထိုက်သောမဟာဘုတ်တို့ကို ကြည့်စေခြင်းသဘောခေါ်တဲ့ ဇိဝှါပသာဒရုပ်ကိုထည့်၊ ရုပ်ဆယ်ခုအပေါင်းကို ဇိဝှါဒသကကလာပ်ခေါ်သည်။

ဤကား ကိုယ်၌ရထိုက်သောရုပ်ကလာပ်တို့ကို ဖွဲ့စည်း၍ပြပုံတည်း။

ကလာပ်ပမာဏ။ ။ကလာပ်ပမာဏကိုပြပါမည်။ လက်သစ်ကို ခုနစ်စိတ်စိတ်သော် တစိတ်ကို တစပါး ခေါ်သည်၊ တစပါးကို ခုနစ်ပိုင်းပိုင်းသော် တပိုင်းကို တသန်းခေါ်သည်၊ တသန်းကို ခုနစ်ပိုင်းပိုင်းသော် တပိုင်းကို တလိက္ခခေါ်သည်၊ တလိက္ခကို သုံးဆဲ့ခြောက်ပိုင်း ပိုင်းသော် တပိုင်းကို ရထရေဏုမြူ ခေါ်သည်၊ ရထရေဏုမြူကို သုံးဆဲ့ခြောက်ပိုင်း ပိုင်းသော် တပိုင်းကို တဇ္ဇာရီမြူခေါ်သည်၊ တဇ္ဇာရီမြူကို သုံးဆဲ့ခြောက်ပိုင်း ပိုင်းသော် တပိုင်းကို အဏုမြူခေါ်သည်၊ အဏုမြူကို သုံးဆဲ့ခြောက်ပိုင်း ပိုင်းသော် တပိုင်းကို ပရမာဏုမြူခေါ်သည်။

ဟိုဟိုသည်သည် ကပ်လာတဲ့မြို့ကို ရထရေးဏ္ဍုမြို့၊ လှည်းမောင်းသွားရာ တို့မှာကဲ့တက်လှုင့်စင်သွားတဲ့မြို့ကို တဇ္ဇာရီမြို့၊ တံခါးပေါက်တံခါးကြား နံရံပေါက်နံရံကြားတို့မှ ဝင်ကာထွက်ကာသွားသော မြို့ကို အဏ္ဏုမြို့၊ ပက တိမျက်စိဖြင့် မမြင်ရ တန်ခိုးအဘိညာဉ်ဖြင့်သာ မြင်ရသောမြို့ကို ပရမာဏ္ဏုမြို့လို့ ခေါ်ပါတယ်။ ရုပ်ကလာပ်တခုခု၏ ပမာဏကို ဟောပြောသူနာယူသူတို့ သိလွယ်ရန်အလို့ငှါ ပရမာဏ္ဏုမြို့လောက်ရှိတယ်လို့ ဖွင့်ကြပါတယ်။ အမှန်မှာ ပရမတ်တရားကား အမူအရာမျှဖြစ်၍ ပရမာဏ္ဏုမြို့အောက် အလွန်သေးငယ်လှပါတယ်။ ခန္ဓာကိုယ်မှာ ရုပ်ကလာပ်တို့ အလွန်သေးငယ် လှ၍ ဓာတ်လေးပါးတို့မရှိသော နေရာကိုရှာ၍ မပြနိုင်ပါ၊ ထို့ကြောင့် ဘယ်နေရာမှာမဆို ပထဝီဓာတ်ကိုယူ၍ ပွါးများလျှင် နှလုံးသွင်းအား လျော်စွာ တွေ့နိုင်ပါသတည်း။ အခြားဓာတ်များကိုလည်း တွေ့နိုင်ပါ၏။

၁။ လက်သစ်ခုနစ်၊ တစိတ်ဖြစ်သော်၊ တစ်ခုစပါး၊ ခေါ်ဝေါ်ငြား၊ မှတ်သားပမာဏာ။
၂။ စပါးခုနစ်၊ တစိတ်တစ်၊ သန်းဖြစ်ပမာဏာ။
၃။ သန်းခုနစ်ဖြာ၊ တစိတ်သာ၊ မှတ်ရာတလိက္ခ။
၄။ လိက္ခတွင်ရောက်၊ သုံးဆဲ့ခြောက်စိတ်၊ တစိတ်လောက်သာ၊ ပမာဏာ၊ မှတ်ရာရထရေဏ္ဍုမြို့။
၅။ ရထမြို့တွင်၊ ထို့တူယှဉ်၊ မှတ်ချင် တဇ္ဇာမြို့။
၆။ တဇ္ဇာရီတွင်၊ ထို့တူယှဉ်၊ မှတ်ချင် အဏ္ဏုမြို့။
၇။ အဏ္ဏုမြို့တွင်၊ ထို့တူယှဉ်၊ မှတ်ချင် ပရမာဏ္ဏုမြို့။
၈။ ပရမာဏု၊ သဲမှုန့်ရှု၍၊ တခုကလာပ်၊ တိုင်းထွာအပ်၊ မှတ်အပ် ပမာဏသာတည်း။

အာကာသဓာတ်။ ။ကတမံ တံ ရူပံ အာကာသဓာတု၊ယော အာကာသော အာကာသဂတံ အဃံ အဃဂတံ ဝိဝရော ဝိဝရဂတံ အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ ရူပံ၊ ဣဒံ တံ အာကာသဓာတု။ (ဓမ္မသင်္ဂဏီ)

အာကာသဓာတု၊ အာကာသဓာတ်ဖြစ်သော။ တံ ရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်နည်း။ စတူဟိ မဟာဘူတေဟိ၊ လေးပါးသောမဟာဘူတ်တို့သည်။ အသမ္ဖုဋ္ဌံ၊ မတွေ့ထိအပ်သော။ ယော အာကာသော၊ အကြင်

ရေးခြစ်ဖျက်ဆီးလို့မရသော အကြင်ကောင်းကင်သည်။ ယံ အာကာသဂတံ၊ သည်။ ယံ အဃံ၊ အကြင်မထိခိုက်အပ်သောကောင်းကင်သည်။ ယံ အဃ-ဂတံ၊ သည်။ ယော ဝိဝရော၊ အကြင်အပေါက်သည်။ ယံ ဝိဝရဂတံ၊ သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ ရူပံ၊ ဤရုပ်သည်။ အာကာသဓာတု၊ အာကာသဓာတ် မည်၏။

အာကာသေန ပရိစ္ဆိန္နံ၊ ရူပံ ယာဝ ဝိဘူသိတံ။
တသ္မေဝံ အာဝိဘာဝတ္ထံ၊ တံ ပကာသေတိ နာယကော။

အာကာသေန၊ ရေးခြစ်ဖြတ်တောက် ထွင်းဖောက်ခြင်းဌာနမတတ် ကောင်းသော ကောင်းကင်ဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်သော။ ရူပံ၊ ရုပ်ကလာပ်သည်။ ယာဝ အတိ ဝိယ၊ အလွန်လျှင်။ ဝိဘူသိတံ၊ ထင်ရှား၏။ ဧဝံ၊ ဤသို့။ တသ္မာ၊ ထို့ရုပ်ကလာပ်ကို။ အာဝိဘာဝတ္ထံ၊ ထင်ထင်ရှားရှား ပြရန်အကျိုးငှါ။ နာယကော၊ သဗ္ဗညုမြတ်စွာဘုရားသည်။ တံ၊ ထိုအာကာသဓာတ်ကို။ ပကာသေတိ၊ ထင်ရှားပြတော်မူ၏။

ဆိုလိုသည်မှာ ရုပ်ကလာပ်များ၏ လက္ခဏာယာဉ်သုံးပါးတို့ကို ပိုင်ပိုင်နိုင်နိုင်သိရန်အလို့ငှါ အာကာသဓာတ်ဖြင့် ဖောက်၍ပြရမယ်လို့ဆိုလိုတယ်။

ရာဟုလ၊ ရာဟုလာ။ အာကာသော၊ ကောင်းကင်သည်။ ကတ္ထစိ၊ တစုံတခုသောသဘာဝတရားတွင်။ နု ပတိဋ္ဌိတော၊ မတည်။ ထို့ကြောင့် ချစ်သားရာဟုလာ။ အာကာသဓာတ်ကို လက္ခဏာယာဉ်တင်၍ မရှုရန် "ရာဟုလ အာကာသော နု ကတ္ထစိ ပတိဋ္ဌိတော"လို့ မိန့်၏။

ရုပ်ကလာပ်တခုနှင့် ရုပ်ကလာပ်တခုတို့ ပို့နှံ့စိမ့်ဝင်သွားခြင်းမရှိအောင် ပိုင်းခြားတဲ့ကောင်းကင်ကို သတ်ဝါ အသက်မဟုတ်သောကြောင့် အာကာသဓာတ်လို့ခေါ်တယ်။ အဇ္ဈာကာသကောင်းကင်ကဲ့သို့ ရေးခြစ်ဖြတ်တောက်ဖောက်ခဲ့လို့မရဟုဆိုလိုသည်။

အာကာသဓာတ်မှာ ပေါ်လာချည် ပျောက်သွားချည်ဖြစ်တဲ့ ဇာတိဓာတ်,မရဏဓာတ်လဲ မရှိပါ။ သဘောတရားမဟုတ်ဟု ဆိုလိုသည်။ အာကာသဓာတ်သည် အဇ္ဈတ္တအာကာသဓာတ် ဗဟိဒ္ဓအာကာသဓာတ်လို့ နှစ်မျိုး

ရှိတယ်။ ထိုနှစ်မျိုးတို့တွင် နားပေါက် နှာခေါင်းပေါက် ခံတွင်းပေါက်များကို အသားအသွေးတို့မှ လွတ်သောကြောင့် အဇ္ဈတ္တအာကာသဓာတ်လို့ခေါ်တယ်။

အရေပါးနှင့် အရေထူကြား အရေထူနှင့် အသားကြား စသည်တို့ကိုဂုဏ်းအရေမှာပင် တခုနှင့်တခုခြားနေသည်ကိုဂုဏ်း အဇ္ဈတ္တအာကာသဓာတ်လို့ခေါ်တယ်။ နံရံပေါက် တံခါးပေါက် ဂူပေါက် အိုးပေါက်စသည်များကို ဓာတ်ကြီးလေးပါးတို့ မတွေ့ထိအပ်သောကြောင့် ဗဟိဒ္ဓအာကာသဓာတ်လို့ခေါ်တယ်။ အာကာသသည် ပရိစ္ဆေဒါကာသ ကသိဏုဃ္ဃါဋိမာကာသ အဇဋာကာသလို့ သုံးမျိုးရှိတယ်။ ထိုသုံးမျိုးတို့တွင် ရုပ်ကလာပ်တခုနှင့် ရုပ်ကလာပ်တခုကို ပိုင်းခြားသော ကောင်းကင်ကို ပရိစ္ဆေဒါကာသ၊ ကသိဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါသဖြင့် ရအပ်သော ကောင်းကင်ကို ကသိဏုဃ္ဃါဋိမာကာသ၊ ရေးခြစ်မထင် အထက်ကောင်းကင်ကြီးကို အဇဋာကာသလို့ ခေါ်တယ်။ ထိုတွင် ဤအရာမှာ ကသိဏုဃ္ဃါဋိမာကာသကို မဟောပါ။ ရုပ်ကလာပ်တို့ကို ရောရှက်ခြင်းမရှိရအောင် ပိုင်းခြားကာထားတဲ့ အပေါက်ကို အာကာသဓာတ်လို့ ခေါ်တယ်။ ထိုအာကာသဓာတ်သည်ရုပ်ကလာပ်တို့၏ အဆုံးကို ထင်ရှားစွာပြခြင်းကိစ္စရှိသည်။ ရုပ်ကလာပ်ကို ပိုင်းခြားကာထားသည်လို့ ဉာဏ်အားထင်ပေါ်လာသည်။ တနည်းမှာ ပံ့ပိုးနှံ့၍တည်တာမပါ၊ အခေါင်းအပေါက်သာလို့ ထင်ပေါ်လာသည်။ ပိုင်းခြားကာထားအပ်သော ရုပ်ကလာပ်သာ အာကာသဓာတ်ပေါ်လာရန် အကြောင်းဖြစ်သည်။

ရုပ်ကိုပိုင်းခြား၊ သဘောမျှားနှင့်၊ စွန်းဖျားပြတာ၊ ကိစ္စသာတည်း၊ ပိုင်းသည်ထင်လာ၊ တနည်းမှာကား၊ နှံ့တာမပါ၊ ခေါင်းပေါက်သာဟု၊ ထင်လာပြုခဲ့၊ ပိုင်းတဲ့ရုပ်သာ၊ အကြောင်းမှာ၊ မှတ်ရာပဒဋ္ဌာန် ဆိုတဲ့ လက်ာဖြင့် မှတ်ရာသတည်း။

ခန္ဓာကိုယ်မှာ ပရမာဏုမြူပမာဏလောက်ရှိသော ရုပ်ကလာပ်တခု၏ အထက်အောက်ဘေးပတ်ပတ်လည်တွင် အာကာသအပေါက်ဝိုင်းလျက်နေတယ်။ အထက်ကောင်းကင်သို့ ပစ်တင်လိုက်သော သမ္ဘာရသီးလုံးကဲ့သို့ နေတယ်ဆိုလိုသည်။ ထို့ကြောင့် အာကာသဓာတ်သည် အပြိုင်ဖြစ်သော ရုပ်ကလာပ်တို့ကို မရောနှောရအောင်ပိုင်းခြားကာထားသည်။ ရှေနောက်

ဖြစ်သော ရုပ်ကလာပ်တို့၏ ဥပါဒ်စွန်းနှင့် ဘင်စွန်းကြားမှာလဲ ပိုင်းခြားကာထားသည်။ ကလာပ်တခုနှင့် ကလာပ်တခုထိကားထိ၏၊ ပုံ့နှံ့စိမ့်ဝင်၍ မသွားပါသတည်း။

အာကာသဓာတူတိ အသမ္ဖုဋ္ဌဓာတု၊ အသမ္ဖုဋ္ဌဓာတူတိ စတူဟိ မဟာ-ဘူတေဟိ အဗျာပိတဘာဝေါတိ အတ္ထော။ (မူလဋီကာ)

ယာယ ပရိစ္ဆိန္နေသု ရူပေသု ဣဒမိတော ဥဒ္ဓမဓော တိရိယန္တိ စ ဟောတိ။ (ဝိသုဒ္ဓိမဂ်ခန္ဓနိဒ္ဒေသ)

ယာယ ပရိစ္ဆိန္နေသူတိအာဒိနာ အာကာသဓာတုယာ တံတံကလာ-ပါနံ ကလာပန္တရေဟိ အသင်္ဂရကာရဏတံ ဒသေတိ။ (မဟာဋီကာ)

ပရိစ္ဆိန္နဝုတ္တိနိ ဟိ ဘူတာနိ။ (အနုဋီကာ)

အသမ္ဖုဋ္ဌဓာတု၊ မဟာဘုတ်တို့ဖြင့် မတွေ့မထိရသော ဓာတ်သည်။ အာကာသဓာတူတိ၊ အာကာသဓာတ်မည်၏။ အသမ္ဖုဋ္ဌဓာတူတိ၊ အသမ္ဖုဋ္ဌ-ဓာတု ဟူသည်ကား။ စတူဟိ မဟာဘူတေဟိ၊ လေးပါးသော မဟာဘုတ်တို့သည်။ အဗျာပိတဘာဝေါ၊ မပုံ့နှံ့အပ်သော အဖြစ်တည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ယာယ၊ အကြင်အာကာသဓာတ်ဖြင့်။ ပရိစ္ဆိန္နေသု၊ ပိုင်းခြားအပ်ကုန်သော။ ရူပေသု၊ ရုပ်ကလာပ်တို့တွင်။ ဣဒံ၊ ဤ အာကာသဓာတ်သည်။ ဣတော၊ ဤရုပ်ကလာပ်မှ။ ဥဒ္ဓံ၊ အထက်၌ဌင်း။ အဓော၊ အောက်၌ဌင်း။ တိရိယံ၊ ဘီလာ၌ဌင်း။ အတ္ထိ၊ ရှိ၏။ ဣတိ စ အတ္ထော၊ ဤသို့သော အနက် အဓိပ္ပါယ်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ယာယ ပရိစ္ဆိန္နေသူတိအာဒိနာ၊ ယာယ။ပ။သု ဤသို့စသော ပါဌ်ဖြင့်။ အာကာသဓာတုယာ၊ ၏။ တံတံကလာပါနံ၊ ထိုထို ရုပ်ကလာပ်တို့၏။ ကလာပန္တရေဟိ၊ ကလာပ်တပါးတို့နှင့်။ အသင်္ဂရကာရဏတံ၊ မရောရှက်ခြင်း၏ အကြောင်းဖြစ်သည်ကို။ ဒသေတိ၊ ပြ၏။ ဟိ၊ ထိုစကား သင့်စ့်။ ဘူတာနိ၊ မဟာဘုတ်တို့သည်။ ပရိစ္ဆိန္နဝုတ္တိနိ၊ ပိုင်းခြားအပ်သော ဖြစ်ခြင်းရှိကုန်၏။

ပကတိမျက်စိဖြင့် လူ, နွားး, မြင်း, ဆင်မှစ၍ အားလုံးသော သတ္တဝါသန္တာန်မှာ ဖြစ်စေ မြေ ရေ တော တောင်မှ စ၍ အားလုံးသော သက်မဲ့

ဝတ္ထုတို့မှာ ဖြစ်စေ အာဗဇ္ဇန အာပေါဓာတ်အဖွဲ့အစည်း ကြပ်တည်းလှသော ကြောင့် အပေါက်ကောင်းကင် ခြားသကဲ့သို့ မထင်နိုင်ပဲ တသားတည်း တခုတည်းကဲ့သို့သာ ထင်ကာမြင်ကာ နေကြရပါတယ်။ ထင်ကာ မြင်ကာ နေကြသော်လည်း လူတို့ရဲ့ကိုယ်ကို ချွေးအောင်းသောအခါမှာလှုပ် နေပူထဲတွင် ခပ်ပြင်းပြင်း ခရီးသွားသော အခါမှာလှုပ် ယိုစီး၍ ကျလာသော ချွေးများကို တွေ့ကြရသည်။ ချက်အထက်မှ နင်း၍ အပူထုတ်သောအခါ မှာလှုပ် ဘာဝနာပွါးစဉ်အခါမှာလှုပ် ပွါးပြီး ပက်လက်လှန်၍ အိပ်သော အခါမှာလှုပ် အပူရှိန်အခိုးအငွေ့များ ဆင်း၍သွားသည်ကိုလှုပ် တက်၍ လာသည်ကိုလှုပ် တွေ့ကြရပါသည်။ ထို့ကြောင့် အပေါက်ကောင်းကင်များ ခြားလျက် ခြားလျက်ရှိသည်လို့ ယုံကြည်ပါကုန်။

ဗဟိဒ္ဓမှာ ရှေကျွေးထားသော သံလုံး ဝါဝင်းကလေးများကို မီးဖြင့် ရှေ့တခြား,သံတခြား ကဲ့ထွက်သွားအောင် ကျို်ချက်သောအခါ ကဲ့ထွက် သွားသည်ကို တွေ့ကြပါတယ်။ ထို့ကြောင့် ကြပ်တည်းစွာပိတ်လှုသော သံလုံးမှာပင် အပေါက်ကောင်းကင်များ ရှိသည်လို့ ယုံကြည်ပါ။

နွားနို့နှင့် ရေကိုရောရှိ အိုးတွင်ထည့်ပြီး ကျို်ချက်ပါ၊ ကျို်ချက်ပြီး နွားနို့ ရေကို နဖြူကြီးဟူ၍ရင်း မရိုးဟူ၍ရဲ့ ခေါ်သော သစ်ပင်၏ သစ်ကိုင်းဖြင့် မွှေသော် နွားနို့တခြား ရေတခြား ဖြစ်သွားသည်ကို မြင်ရလိမ့်မည်။ ထို့ကြောင့် နွားနို့နှင့် ရေကြား အပေါက်ကောင်းကင် ခြားသည်လို့ ယုံကြည်ပါ။

ပဲကြီးများကို ရေစိမ်ကြည့်၊ ပွ၍ လာလိမ့်မည်။ ကျောက်ခဲများကို မီးတိုက်ကြည့်၊ကဲ့၍လာလိမ့်မည်၊ မဟာပထဝီမြေကြီးကို ရေလောင်းကြည့်၊ ဝင်၍သွားပါလိမ့်မည်။ ထို့ကြောင့် အာကာသဓာတ်သည် သက်ရှိသက်မဲ့ ဝတ္ထုတို့မှာ အမှန်ရှိသည်လို့ ယုံကြည်ပါရန်။

မှန်ပြောင်းဖြင့် ကြည့်ရှုပွါးများပုံ။ ။ခန္ဓာကိုယ်မှာ ကံ စိတ် ဥတု အာဟာရ အကြောင်းတို့ကြောင့် ဖြစ်တဲ့ပရမာဏုမြူ ဖွဲ့မှုန့် သဲမှုန့်ပမာဏ လောက်ရှိသော ရုပ်ကလာပ်များ ကောင်းကင်မှ နူဖွဲသေးနုတ်စွာ မိုးရွာဘိ သကဲ့သို့ ဖြစ်ပေါ်ကာနေပါတယ်။ ခဲစားမွေ့လျော်အိပ်ပျော်ကာနေသောသူ အပေါင်းမှာလည်း ဖြစ်လျက် ပျက်လျက်ပင် ရှိပါတယ်၊ ထို့သို့ ဖြစ်လျက် ရှိသော ရုပ်ကလာပ်များကို ရောရှက်စိမ့်ဝင်ခြင်း မရှိရအောင် ကြားမှ

အပေါက်ကောင်းကင်ကြီး တားဆီးပိုင်းခြားလျက် တားဆီးပိုင်းခြားလျက် ရှိတယ်လို့ နှလုံးသွင်း၊ နှလုံးသွင်းပြီးမှ နိုင်လောက်ရုံ ဦးခေါင်းအရပ်က ဖြစ်စေ တနေရာရာကဖြစ်စေ စ၍မြမှုန့်လောက်ပမာဏရှိသော ရုပ်ကလာပ်တို့ကို ကြားမှ အာကာသခြားလျက်ရှိတယ်လို့ အကြိမ်ကြိမ်အခါအခါ ပွါးများအားထုတ်ပါလေ၊ အာကာသမှန်ပြောင်းဖြင့် ရုပ်ကလာပ်တို့ကို အကြိမ်ကြိမ်အခါခါ ကြည့်ရှုပွါးများ အားထုတ်ဖန်များသော် ဃနလူရုပ်သဏ္ဌာန် အစိုင်အခဲဖြစ်၍ နေတဲ့ ရုပ်ကလာပ်များကွဲ၍ ကြေမှုပြီး အတွေ့ပျောက်ကွယ်သွားသည်ကို တွေ့မြင်ရလတ္တံ့၊ မန္တလေးမြို့မှ တောင်မြို့သို့ ကားမောင်းသွားစဉ် မှန်အတွင်းမှာ ထင်လာသော အရိပ်ကဲ့သို့ ရုပ်အဖြစ် အပျက်အမှုအရာမျှကို တွေ့မြင်ရပါလိမ့်မည်။ ကိုယ်တိုင်တွေ့လို သိလိုက အားထုတ်၍ ကြည့်ကြပါလေ။

အဇ္ဈတ္တဖြစ်သော မိမိကိုယ်မှာတွေ့ပြီး ပေါက်ပြီးမှ ဗဟိဒ္ဓရုပ်ကလာပ်တို့ကို ပွါးများသော် မဟာပထဝီမြေကြီး သမုဒ္ဒရာရေ မြင်းမိုရ်တောင် စကြဝဠာတောင်တို့သော်လည်း အကျိတ်အခဲ အဆန်အမာ ဒြပ်ကြီးများပါ ပျောက်ကွယ်၍ အရိပ်ပမာ အမှုအရာမျှကိုသာ မြင်ကြပါလတ္တံ့။

၁။ ကလာပ်တပါး၊ ဘုတ်တခြားနှင့်၊ ထိပါးခဲ့လည်း၊ နှံ့ရာမရ၊ ပိုင်းခြားပြ၊ မှတ်ပ အာကာသ။

၂။ တပါးကလာပ်၊ မရောအပ်၊ ပိုင်းဖြတ်အာကာသ။

၃။ အပေါက်ကိုသာ၊ ကြည့်ခဲ့ရာ၊ ထင်လာမှမှ ရှုရှုပ။

အာကာသဓာတ် ပြီး၏။

ပညတ်နှင့် ပရမတ်

သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတလက္ခဏံ။

လောကသမ္မုတိကာရဏံ၊ လောကဝေါဟာရအားဖြင့်သာ ဖြစ်ကြောင်းရှိသော။ သင်္ကေတဝစနံ၊ အမှတ်သင်္ကေတကို ဆိုသောစကားသည်။ ပရေသံ၊ သူတပါးတို့အား။ အဝိသံဝါဒနတော၊ မချွတ်ယွင်းစေတတ်သောကြောင့်။ သစ္စံ၊ မှန်ကန်၏။ ဓမ္မာနံ၊ တရားတို့၏။ ဘူတလက္ခဏံ၊ ဟုတ်မှန်သောသဘောဟုဆိုအပ်သောဖြစ်ကြောင်းရှိသော။ ပရမတ္ထဝစနံ၊ ပရမတ်

သဘောကိုဆိုသောစကားသည်။ တထတာယ၊ မဖောက်မပြန် ဟုတ်မှန်သည်၏ အဖြစ်ကြောင့်။ သစ္စံ၊ မှန်ကန်၏။

ဆိုလိုသည်မှာ သစ္စာသည် ပရတ္ထသစ္စာ=မဖောက်မပြန်ဟုတ်မှန်သောကြောင့်မြတ်သောသဘောကိုဆိုတဲ့သစ္စာ,သမ္မုတိသစ္စာ=လောကဝေါဟာရအားဖြင့်သာ သူတပါးအား မခွတ်ယှင်းစေသောကြောင့် သင်္ကေတကိုဆိုတဲ့သစ္စာ၊ ဤပုံ နှစ်မျိုးရှိပါတယ်။

ပုံစံ ၁။ မမြဲဘူးမကောင်းဘူး အလိုမလိုက်အစိုးမရဘူး ခန္ဓာအာယတနစသောစကား ကား ပရမတ္ထသစ္စာနည်းအားဖြင့် မဖောက်မပြန် ဟုတ်မှန်သောကြောင့် ပရမတ္ထသစ္စာမည်တယ်။

၂။ ပုဂ္ဂိုလ် သတ္တဝါ နတ် ဗြဟ္မာစသော စကားကား သမ္မုတိသစ္စာနည်းအားဖြင့် ဟုတ်မှန်သောကြောင့် သမ္မုတိသစ္စာမည်တယ်။

၃။ ထိုသို့ ဟုတ်မှန်၍နေသောကြောင့် ပုဂ္ဂိုလ် သတ္တဝါလို့ ဟောကြားသော မြတ်စွာဘုရားအား မုသာဝါဒမဖြစ်နိုင်ပါ။

ပညပေတိ ဒဿေတီတိ ပညတ္တိ၊ပညပေတိ ဌပေတီတိ ပညတ္တိ-ဟူသည်နှင့် အညီ ခန္ဓာဓာတ်စသောအမည်များ ပုဂ္ဂိုလ် သတ္တဝါ စသောအမည်များကို တရားသဘော ပုဂ္ဂိုလ် သတ္တဝါတို့ကို ပြတတ် ထားတတ်သောကြောင့် ပညတ်လို့ခေါ်ပါတယ်။ ပထဝီဓာတ်ဆိုသောအမည်လဲ ပညတ်ပဲ၊ သတ္တဝါဟူသော အမည်လဲ ပညတ်ပဲ၊ အမည်မှလွတ်သောသတ္တဝါ သဒ်ါရုမရှိလို့ဆိုလိုသည်။

ကေဓမ္မော သဗ္ဗဓမ္မေသု နိပတတိ၊ သဗ္ဗေ ဓမ္မာ ကေဓမ္မသ္မိံ နိပတန္တိ။

(ကထာဝတ္ထုအဋ္ဌကထာ)

ကေဓမ္မော၊ တခုသောပညတ်တရားသည်။ သဗ္ဗဓမ္မေသု၊ အလုံးစုံသော သဘာဝတရားတို့၌။ နိပတတိ၊ ကျ၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ သဘာဝတရားတို့သည်။ ကေဓမ္မသ္မိံ၊ တခုသောပညတ်တရား၌။ နိပတန္တိ၊ ကျကုန်၏။

ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော၊ အဝိပရီတဘာဝတော ဧဝ ပရမော ပဋ္ဌာနော ဝါ အတ္ထော ပရမတ္ထော။

အဝိပရီတော၊ မဖောက်မပြန် ဟုတ်မှန်သောကြောင့်။ ပရမော ဥတ္တမော၊ မြတ်သော။ အတ္ထော၊ သဘောတည်း။ ပရမတ္ထော၊ မြတ်သော

သဘော။ ဝါ၊ တနည်းကား။ အဝိပရိတဘာဝတော ဧဝ၊ မဖောက်မပြန်ဟုတ်မှန်သောကြောင့်သာလျှင်။ ပရမော ပဋ္ဌာနော၊ ပြဋ္ဌာန်းသော။ အတ္ထော၊ သဘောတည်း။ ပရမတ္ထော၊ ပြဋ္ဌာန်းသောသဘော။ သစ္စဘူတအဝိပရိတတို့အနက်တူသောကြောင့် အဝိပရိတဋ္ဌ မဖောက်မပြန်ဟုတ်မှန်သောလို့ ပြန်ဆိုသည်။

အဇ္ဈတ္တသန္တာန်မှာဖြစ်စေ ဗဟိဒ္ဓမှာဖြစ်စေ ပထဝီခေါ်တဲ့ မာတဲ့သဘော စသောသဘောမျှားကို မဖောက်မပြန်ဟုတ်မှန်စွာထင်ရှားရှိသည်ကို တွေ့ရသောကြောင့် ပရမတ် မြတ်သောသဘောလို့ဆိုလိုသည်။ ပညာပိ-ယတိတိပညတ္တိ-ဟူသည်နှင့်အညီ ပုဂ္ဂိုလ် သတ္တဝါမိန်းမ ယောကျ်ားစသော အမည်မျှားကို ယုန်ချိုလိပ်အမွေး ပုဇွန်သွေးလို ခေါ်သကဲ့သို့ ပရမတ္ထသစ္စာနည်းအားဖြင့် အဟုတ်ရှိ အမှန်ရှိမဟုတ်၊ ခေါ်ဝေါ်အပ်ကာမျှ ဖြစ်သောကြောင့် ပညတ်လို့ဆိုပါတယ်။

သမ္မုဟာဒိ ဉပါဒါယ လောကသင်္ကေတသိဒ္ဓါ ဝေါဟာရမတ္တတာ သမ္မု-တိသဘာဝေါ၊ ပထဝီဖဿာဒီနံ ကက္ခဋဖုသနာဒီလက္ခဏံ ပရမတ္ထ-သဘာဝေါ။ (နေတ္တိအဋ္ဌကထာ)

သမ္မုဟာဒိ၊ တရားတို့၏ အပေါင်းစသည်ကို။ ဉပါဒါယ၊ စွဲ၍။ လောကသင်္ကေတသိဒ္ဓါ၊ လောကအမှတ်ဖြင့်ထင်ရှားသော။ ဝေါဟာရ-မတ္တတာ၊ ခေါ်ဝေါ်အပ်ကာမျှသည်။ သမ္မုတိသဘာဝေါ၊ ပညတ်သဘောမည်၏။ ပထဝီဖဿာဒီနံ၊ ပထဝီဖဿစသော သဘောတရားတို့၏။ ကက္ခ-ဋဖုသနာဒီလက္ခဏံ၊ မာတဲ့သဘောမာတဲ့အမှုအရာ တွေ့တဲ့သဘော တွေ့တဲ့အမှုအရာ စသည်သည်။ ပရမတ္ထသဘာဝေါ၊ ပရမတ်သဘောမည်၏။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကိုစွဲ၍ သတ္တဝါ ပုဂ္ဂိုလ်လို့ ခေါ်ကြသည်။ ပထဝီစသောဓာတ်သဘာဝတို့ကို စွဲ၍ ဆံစသည်လို့ ခေါ်ကြသည်။

ပညတ်လေးမျိုး

ပညတ်သည် ပုဂ္ဂလပညတ်ပါဠိတော်လာ မျှားစွာရှိသော်လည်း ဝိပဿနာပွါးရာ ခုခံကာကွယ်သောပညတ်တို့ကို ရှင်း၍ပြမည်။

ပညတ်သည် သမ္မုဟပညတ်, ဝေါဟာရပညတ်, သဏ္ဌာနပညတ်, သန္တတိပညတ်လို့ လေးပါးရှိတယ်။

နာမ်ပဲ ရုပ်ပဲလို့ ဝေခွဲမဆုံးဖြတ်နိုင်သောကြောင့်ဂုဏ်း ရွှေနောက်မ ပျက်အဆက်ဆက်ဖြစ်၍နေသောအစဉ်၏ အစွမ်းဖြင့် တခုတည်းတယောက် တည်းလို့ ထင်ကာနေရသောသန္တတိ ဃန, သူကိစ္စသူသဘော၏ အစွမ်းဖြင့် အသီးအခြားဖြစ်ကာ နေသော ရုပ်နာမ်တရားတို့ကို ကိစ္စကိုဝေဘန်ကာ မကြည့်သောကြောင့် တခုတည်းတယောက်တည်းလို့ထင်ကာ နေရသော ကိစ္စဃန, သူအာရုံနှင့်သူအာရမ္မဏိကတရားတို့ တသီးတခြားစီဖြစ်ကာနေ သော ရုပ်နာမ်တရားတို့ကို အာရုံအာရမ္မဏိကကို ဝေဘန်ကာမကြည့်သော ကြောင့် တခုတည်း တယောက်တည်းလို့ ထင်ကာနေရသော အာရမ္မဏ-ဃနတို့ကို ကြေမွပျက်စီးအောင် မပြုခြင်းကြောင့်ဂုဏ်း ဝိပဿနာဘာဝနာ မှုနှင့် ကင်း၍ တရားအပေါင်းကိုစုံပြီး တခုတည်း တယောက်တည်းလို့ ယူသည်၏ အစွမ်းဖြင့် သတ္တဝါပဲလို့ ခေါ်သည်ကို သမ္မုဟပညတ်လို့ ဆိုပါတယ်။ သမ္မုဟပညတ်သည် ဆင့်ကာဆက်ကာသွားနိုင်သည်။

ဆက်ကာသွားပုံ။ ။အထည်ကိုယ် လက်ခြေဦးခေါင်း စသော အင်္ဂါ ကြီးငယ်တို့ သင့်တင့်ညီညွတ်စွာ ပေါင်းစု၍ နေကြသည်ကိုစုံ၍ ကာယော= ကိုယ်, သတ္တော=သတ္တဝါလို့ ခေါ်တယ်။ လက်ခြေစသော အင်္ဂါကြီးငယ် တို့ကို တခုစီတခုစီ နှုတ်ယူထားခဲ့သော် ကိုယ်လို့ ပြစရာ သတ္တဝါလို့ ပြစရာ မရှိတော့ပါ။

လက်ခြေစသော အင်္ဂါကြီးငယ်လည်း ဆံအမွေးစသော ကောဋ္ဌာသ တို့ကို တခုစီနှုတ်ယူထားခဲ့သော် လက်ခြေလို့ ပြစရာမရှိတော့ပါ။ ဆံအမွေး စသော ကောဋ္ဌာသလည်း မာတဲ့သဘော မာတဲ့အမှုအရာစသော ဓာတ် သဘာဝတို့ကို တခုစီနှုတ်ယူထားခဲ့သော် ဆံအမွေးလို့ ပြစရာမရှိတော့ပါ။

ဓာတ်သဘောဖြစ်တဲ့ ပရမတ်သဘောမျှားသာ ရှိပါတော့သတည်း၊ ဓာတ်သဘောမျှားကား အရုပ်တပါး ကာလတပါးသို့ ပြောင်းရွှေ့နှုတ်ယူ ခြင်းငှါမတတ်ကောင်းပါ။ ခဏငယ်မျှားရှိသောကြောင့် ပေါ်လာလိုက် ပျောက်သွားလိုက် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့်သာ အစဉ်မပြတ် ဖြစ်ကာနေပါတော့သည်။

နဟိ သခ်ါရာ ဒေသန္တရံ ဝါ ကာလန္တရံ ဝါ သက်မန္တိ ခဏိကဘာဝတော။ (ပဋ္ဌမကြိုဏ်အနု)

ဟိ၊ ထိုစကားသင့်စ္ဒ။ သခ်ါရာ၊ ရုပ်နာမ်နှစ်ဝသခ်ါရတို့သည်။ ခဏိကဘာဝတော၊ ခဏငယ်ရှိသည်၏အဖြစ်ကြောင့်။ ဒေသန္တရံ ဝါ၊ အရပ်တပါးသို့ဝင်း။ ကာလန္တရံ ဝါ၊ ကာလတပါးသို့ဝင်း။ နသက်မန္တိ၊ မပြောင်းရွေ့ကုန်။

ဖဆပလအသင်း ကွန်မြူနစ်အသင်း ရဟန်းသံဃာတော်အပေါင်းစသော အမည်များ ပညတ်မှ ပညတ်ဆက်ကာ ပေါ်လာသော သမူဟပညတ်များဖြစ်သည်။

ပထဝီကာယ အာပေါကာယ တေဇောကာယ ဝါယောကာယလို့ဟောတော်မူရာမှာ ပထဝီစသော တရားအပေါင်း၏ အဖြစ်ကြောင့် ဆံအမွေးစသော သသမ္ဘာရပထဝီများကို ကာယလို့ဆိုပါတယ်။ တနည်းရှေနောက်မပျက် အဆက်ဆက်ဖြစ်၍နေသောအစဉ်၏အစုမ်းဖြင့် ကိုယ်မှာများစွာဖြစ်ပေါ်နေသော လက္ခဏပထဝီကိုသာ အပေါင်း၏အစုမ်းဖြင့် ယူပြီး ကာယလို့ဆိုပါတယ်။

၁။ သဘောတရားအပေါင်းကို စုံကာမှိကာ ခေါ်ဆိုသောကြောင့် သမူဟပညတ်ကို ဥပါဒါပညတ်လို့လဲ ခေါ်နိုင်ပါတယ်။

၂။ နာမရူပမတ္တတာယ အဝိနိဗ္ဘိတတ္တာ သန္တာနာဒိဃနဘေဒဿ စ အကတတ္တာ အဘိနိဝေသေန ဝိနာ သမူဟကတ္တဂ္ဟဏဝေသေန သတ္တောတိ ပဝတ္တော သမူဟော သတ္တသမူဟော။

နာမရူပမတ္တတာယ၊ နာမ်ရုပ်မျှသာဖြစ်သည်ကို။ အဝိနိဗ္ဘိတတ္တာ စ၊ မဆုံးဖြတ်နိုင်သည်၏အဖြစ်ကြောင့်ဂုဏ်း။ သန္တာနာဒိဃနဘေဒဿ၊ အစဉ်စသည်တို့၏ အစုမ်းဖြင့်ဖြစ်သော အလုံးအခဲကို ဖြိုခွဲဖျက်ဆီးခြင်း၏။ အကတတ္တာ စ၊ မပြုအပ်သည်၏အဖြစ်ကြောင့်ဂုဏ်း။ အဘိနိဝေသေန၊ ဝိပဿနာဘာဝနာကို နှလုံးသွင်းခြင်းနှင့်။ ဝိနာ၊ ကင်း၍။ သမူဟကတ္တဂ္ဟဏဝေသေန၊ အပေါင်း၏အစုမ်းဖြင့် တယောက်တည်းလို့ယူသည်၏အစုမ်းဖြင့်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပဝတ္တော၊ ဖြစ်သော။ သမူဟော၊ အပေါင်းတည်း။ သတ္တသမူဟော၊ သတ္တဝါဟူ၍ဖြစ်သောအပေါင်း။

၃။ တရားအပေါင်းဖြစ်တဲ့ သတ္တဝါဝတ္ထုတို့ကို မှီကာ မောင်သန်းထွန်း, မကြည် စသည်ဖြင့် ခေါ်ဝေါ်ရုံမျှဖြစ်သော အမည်များကို ဝေါဟာရပညတ်လို့ ခေါ်ပါတယ်။

၄။ တသ္မာ ယေ စ ဓမ္မေ သမုဒိတေ ဥပါဒါယ ကေသာတိ သမ္မုတိ၊ တေသု ဝိသုံ ဝိသုံ ကတေသု နတ္ထိ ကေသာတိ သမ္မုတိ၊ ဝေါဟာရ-မတ္တန္တိ အတ္ထော။ (မဟာဋီကာ)

တသ္မာ၊ ထိုသို့သဘာဝဖြစ်သောကြောင့်။ သမုဒိတေ၊ အပေါင်းဖြစ်ကုန်သော။ ယေ စ ဓမ္မေ၊ အကြင်ပထဝီစသော ဓာတ်သဘာဝတို့ကို လည်း။ ဥပါဒါယ၊ စွဲ၍။ ကေသာတိ သမ္မုတိ၊ ဆံဟူ၍ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေသု၊ ထိုတရားအပေါင်းတို့ကို။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ကတေသု၊ ပြုအပ်ကုန်သည်ရှိသော်။ ကေသာတိ သမ္မုတိ၊ ဆံဟူ၍ခေါ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝေါဟာရမတ္တံ၊ ခေါ်ဝေါ်ရုံမျှသာတည်း။ ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

သမ္မုတိတိ သတ္တောတိ သမညာမတ္တမေဝ ဟောတိ။ (သံယုတ်အဋ္ဌကထာ)

သမ္မုတိတိ၊ ကား။ သတ္တောတိ၊ သတ္တဝါဟူ၍။ သမညာမတ္တမေဝ၊ အမည်မျှသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အသ္ဆင်သဏ္ဌာန်၏ အစွမ်းဖြင့် ခေါ်ဝေါ်အပ်ကာမျှ ထားအပ်ကာမျှသော အမည်ကို သဏ္ဌာနပညတ်လို့ ခေါ်ပါတယ်။ အဆင်းရှုပါရုံကိုပင် မပြားသော်လည်း ပြားသကဲ့သို့ ဆိုသောနည်းဥပစာမျိုးဖြင့် အသ္ဆင်သဏ္ဌာန်လို့ခေါ်သည်။

ပိန်တယ် ဝတယ် ရှည်တယ် တိုတယ် နိမ့်တယ် မြင့်တယ် သုံးထောင့်လေးထောင့်ဖြစ်တယ် စသည်၏အစွမ်းဖြင့် စုဝေးတည်နေသော ဘုတ်အပေါင်းကိုမှီ၍ အရှည် အတိုစသော အသ္ဆင်သဏ္ဌာန်အားဖြင့် ထင်ပေါ်လာသော အဆင်းအပေါင်းကို အသ္ဆင်သဏ္ဌာန်လို့ ခေါ်သည်။ နောက်နည်းဖြင့် ဝဏ္ဏာယတနပရမတ်စစ်ကို မယူ။ ထိုကြောင့် ကိသော-ပိန်သောပုဂ္ဂိုလ်၊ ထူလော-ဝသောပုဂ္ဂိုလ်ဆိုသော ပညတ်များသည် ရှေးနည်းအလို ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ နောက်နည်းအလို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဖြစ်သွားသည်လို့ မူလဋီကာမှာဆိုသည်။

သဏ္ဌာနဝသေန ပညာပနာ သဏ္ဌာနပညတ္တိ နာမ။ သဏ္ဌာနန္တိ ဝဏ္ဏာယဘာနမေဝ ပရိမဏ္ဍလာဒိသဏ္ဌာနဘူတံ။ တံ တံ နိဿာ-ယာတိ ဒီဃာဒိသန္နိဝေသံ ဘူတသမုဒါယံ နိဿာယ တထာ တထာ ဌိတန္တိ ဒီဃာဒိသန္နိဝေသေန ဌိတံ ဝဏ္ဏသမုဒါယဘူတံ ရူပါယတန-မေဝ ဒီဃာဒိဝေါဟာရေန ဘာသိတံ။ (မူလဋီကာ)

သဏ္ဌာနဝသေန၊ အသ္ဌင်သဏ္ဌာန်၏အစ္ဍမ်းဖြင့်။ ပညာပနာ၊ ခေါ်ဝေါ် အပ်ကာမျှသောအမည်ပညတ်သည်။ သဏ္ဌာနပညတ္တိ နာမ၊ သဏ္ဌာနပညတ်မည်၏။ ပရိမဏ္ဍလာဒိသဏ္ဌာနဘူတံ၊ အဝန်း စသည်တို့၏အစ္ဍမ်းဖြင့် အသ္ဌင်သဏ္ဌာန်ဖြစ်၍ဖြစ်သော။ ဝဏ္ဏာယတနမေဝ၊ အဆင်းဝဏ္ဏာယတနသည်သာလျှင်။ သဏ္ဌာနန္တိ-သဏ္ဌာနံ နာမ၊ သဏ္ဌာန် မည်၏။

တံ တံ နိဿာယာတိ၊ တံတံနိဿာယဟူသည်ကား။ ဒီဃာဒိသန္နိဝေသံ၊ အရှည်စသည်တို့၏အစ္ဍမ်းဖြင့် စုဝေးတည်နေသော။ ဘူတသမုဒါယံ၊ မာတ်လေးပါးအပေါင်းကို။ နိဿာယ၊ မှီ၍။ တထာ တထာ ဌိတန္တိ၊ တထာ တထာ ဌိတံဟူသည်ကား။ ဒီဃာဒိသန္နိဝေသေန၊ အရှည်စသော အသ္ဌင်သဏ္ဌာန်အားဖြင့်။ ဌိတံ၊ တည်လာသော။ ဝဏ္ဏသမုဒါယဘူတံ၊ အဆင်းအပေါင်းဖြစ်၍ဖြစ်သော။ ရူပါယတနမေဝ၊ အဆင်းရူပါရုံကိုသာလျှင်။ ဒီဃာဒိဝေါဟာရေန၊ အရှည်စသည်ဟူ၍ ခေါ်ခြင်းဖြင့်။ ဘာသိတံ၊ ဆိုအပ်၏။

ပုံစံကား ကိသော-ပိန်သောသတ္တဝါ၊ ထူလော-ဝသောသတ္တဝါ၊ ပရိမဏ္ဍ-လော-ဝန်းဝိုင်းသောကိုယ်၊ စတုရဿော-လေးထောင့်တိုင်၊ ဤသို့စသော အမည်မျှားကို အသ္ဌင်သဏ္ဌာန်ကို မှီကာခေါ်ရသောကြောင့် သဏ္ဌာန-ပညတ်လို့ ခေါ်တယ်။

ခန္ဓာကိုယ်မှာဖြစ်စေ ဗဟိဒ္ဓမှာဖြစ်စေ ရုပ်ဓမ္မနာမ်ဓမ္မတို့ တအုပ်တအုပ် တသုတ်တသုတ် တစုံတစုအနေဖြင့် ဖြစ်ပေါ်ကာ ပျောက်ကွယ်သေဆုံး၍ သွားသောအစဉ်ကို အာရုံမစိုက်မိကြသောကြောင့်ဌင်း ရုပ်သက်နာမ်သက်အတိုင်း ပေါ်လာကာ ဥပါဒ်ဌိဘင်ဆိုပျောက်ကွယ်သေဆုံးသွားသည်ကို အာရုံမစိုက်မိကြသောကြောင့်ဌင်း ပျောက်ကွယ်သေဆုံးမှုကို အာရုံမထားနိုင်ပဲ တဘဝမှာတခါဖြစ် တခါသေအနေမျိုးဖြင့် အသက်ရှစ်ဆယ်ရှိပြီ အသက်ကိုးဆယ်ရှိပြီ ဤသို့စသည်ဖြင့် ပြောဆိုသောအမည်ပညတ်ကို

သန္တတိပညတ်လို့ ခေါ်ပါတယ်။ ထို့ကြောင့် တဘဝအတွင်း ခဏခဏ သေဆုံးမှု အနိစ္စမျှားကို သန္တတိအစဉ်ဖြင့် ဖုံးကွယ်ကာထားတယ်လို့ ဆိုရပေသည်။

ရုပ်ပဲ နာမ်ပဲ၊ ဝေခွဲမနိုင်၊ မပိုင်ဆုံးဖြတ်၊ အစဉ်ထပ်၍၊ တရပ်ယောကျ်ား၊ အထင်မှား၊ မှတ်သားသန္တတိဃန၊

သဘောကိစ္စ၊ ထူးခြားကြလျက်၊ ကိစ္စပိုင်းခြား၊ မသိငြား၍၊ ယောကျ်ားတယောက်၊ အထင်မှောက်၊ မှတ်လောက်ကိစ္စဃန၊

အာရမ္မဏ်၊ အာရုံရှိတို့၊ ဖြစ်ဘိတုန်ငြား၊ အသိမှား၍၊ ယောကျ်ားတယောက်၊ အထင်မှောက်၊ မှတ်လောက် အာရမ္မဏ်ဃန။

ဝိပဿနာ ဘာဝနာအရာမှာ သန္တတိအနိစ္စကို ထိထိမိမိ တွေ့ရအောင် ရှုကြည့်ရပါတယ်။

ဘာဝနာရင့်သန်အားရှိ၍ သန္တတိအနိစ္စထင်ပေါ်လာသော် ခဏိကအနိစ္စမျှားကိုလဲ တွေ့မြင်ကာလာလိမ့်မည်။ ခန္ဓာကိုယ်မှာ တအုပ်တအုပ် တသုတ်တသုတ်ဆိုသည်မှာ အဆင်းရုပါရုံကို မြင်သောအခါ မျက်စိအကြည်တံခါးတွင်ပေါ်လာတဲ့ ရုပ်နာမ်အစဉ်မျှားသည် အသံသဒ္ဒါရုံကို ကြားသောအခါ ပျောက်ကွယ်၍ သွားပါပြီ၊ မရှိတော့ပါ။ အသံသဒ္ဒါရုံကို ကြားသောအခါ ပေါ်လာတဲ့ရုပ်နာမ်အစဉ်မျှားသည် အနံ့ဂန္ဓာရုံကို နမ်းရှုသောအခါ ပျောက်ကွယ်၍ သွားပါပြီ၊ မရှိတော့ပါ။ဤသို့ သူအာရုံနှင့် သူ့အာရမ္မဏ်ကသူဥတုအကြောင်းနှင့် သူအကျိုးတို့ ပေါ်လာလိုက် ပျောက်သွားလိုက်နေသည်မျှားကို တအုပ်တအုပ် တသုတ်တသုတ်လို့ ဆိုလိုတယ်။ အကြောင်းရှိသမျှနှင့် အကျိုးရှိသမျှ စပ်၍ပြနိုင်ပါသတည်း။ ဘာဝနာပွါးစဉ်ခန္ဓာကိုယ်မှာမီးတောက်မီးလျှံမျှား တသုတ်တသုတ်တက်၍ ပေါ်လာပြီး ပျောက်သွားသကဲ့သို့ဌင်း ဒီလို့ဌင်းဒီရေမျှားတက်လာပြီး ကျသွားသကဲ့သို့ဌင်း တသုတ်တသုတ် တက်လာပြီး ပျောက်သွားသည်ကို တွေ့ရပါလတဲ့၊ စုတိစိတ်ကဲ့သို့ အလုံးစုံသောစိတ် ဘင်အရောက်တွင် လောကသခ်ါရမျှား လူနတ်မျှား သေဆုံးပြီလို့ ပရမတ်သဘောအားဖြင့် ဆိုရပါတယ်။ ရုပ်ကလာပ်မျှားလဲ ဘင်ရောက်တိုင်းရောက်တိုင်း သေဆုံးကြပါသည်။

စိတ္တဘင်္ဂါ မတော လောကော လို့ဆိုပါတယ်။ စိတ္တဘင်္ဂါ၊ စုတိစိတ်ကဲ့သို့ စိတ်ဟူသမျှပျက်စီးခြင်းကြောင့်။ အယံ လောကော၊ ဤလူနတ်တွေသည်။

မတော၊ သေသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ နိရုဒ္ဓဿ၊ ချုပ်ပြီးသောစိတ်၏။ အပဋိသန္ဓိကတ္တာ၊ တဖန်ဆက်စပ်၍မပေါ်လာသည်၏ အဖြစ်ကြောင့်တည်း။

ပုံစံကား။ ။အသီတိကော၊ ရှစ်ဆယ်အသက်ရှည်သောသူ။ နဝုတိကော၊ ကိုးဆယ်အသက်ရှည်သောသူ။ မြေရေတောတောင်တိုင်စသော ဗဟိဒ္ဓမှာ ဥတုအကြောင်းခံတေဇောဓာတ်ဆိုတဲ့ ဥတုသည် ဥပါဒိန္နကရုပ်နှင့် ကင်းကာဥတုဇရုပ်ကိုဖြစ်စေနိုင်တယ်။ ယခုဖြစ်တဲ့ဥတုဇရုပ်တွင် ပါတဲ့ တေဇောဓာတ်ဥတုက သြဇာလျှင်ရှစ်ခုမြောက်ရှိသော ဥတုဇရုပ်ကိုဖြစ်စေပြန်တယ်။ ခုဖြစ်ဆဲဥတုဇရုပ်တွင်ပါတဲ့ တေဇောခေါ် ဥတုက သြဇာလျှင်ရှစ်ခုမြောက်ရှိသော ဥတုဇရုပ်ကိုဖြစ်စေပြန်တယ်။ ဤသို့အဆက်ဆက်ဖြစ်စေပြန်သဖြင့် ကမ္မာဝျက်သည့်တိုင်အောင် တည်ကာနေနိုင်တဲ့ အဖြစ်ကို တွေ့ရသဖြင့် ရုပ်သက်စေ့သောအခါ ပျောက်ကွယ်သေဆုံးမှုဘင်ကိုလဲ မြင်အောင်ကြည့်ရမည်။

ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂါပိ ဒိဋ္ဌောယေဝ ဟောတိ-လို့မိန့်၏။

ရူပဿ၊ ရုပ်တရား၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်းကို။ ဒိဋ္ဌာယ၊ မြင်အပ်သည်ရှိသော်။ တဿ၊ ထိုရုပ်တရား၏။ ဘင်္ဂါပိ၊ အပျက်သည်လည်း။ ဒိဋ္ဌောယေဝ၊ မြင်အပ်သည်သာ။ ဟောတိ၊ ဖြစ်၏။ ဗဟိဒ္ဓဝတ္ထုမှာ အစဉ်ဖြစ်ပုံပြလိုက်ပါတယ်။

ဥတုသမုဋ္ဌာနောယေဝ ဟိ ဥတု ဥပါဒိန္နကေန ဝိနာ ရူပံ သမုဋ္ဌာပေတိ။ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ ဥတုသမုဋ္ဌာနာ၊ တေဇောဓာတု ဌာနပ္ပတ္တာ အညံ သြဇဋ္ဌမကံ သမုဋ္ဌာပေတိ၊ တတြာပိ ဥတု အညန္တိ ဧဝံ ဒီဃမိုဿ အဒ္ဓါနံ အနုပါဒိန္နကပက္ခေ ဌတ္ဝာပိ ဥတုသမုဋ္ဌာနံ ပဝတ္တတိယေဝ။

(ဝိသုဒ္ဓိမဂ်)

ဟိ၊ ထိုစကားသင့်စ့။ ဥတုသမုဋ္ဌာနောယေဝ၊ ဥတုကြောင့် ဖြစ်သည်သာလျှင်ဖြစ်သော။ ဥတု၊ တေဇောဓာတ်ဆိုသည့်ဥတုသည်။ ဥပါဒိန္နကေန၊ ဥပါဒိန္နကရုပ်နှင့်။ ဝိနာ၊ ကင်း၍။ ရူပံ၊ ဥတုဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

ဥတုသမုဋ္ဌာနော၊ ဥတုကြောင့်ဖြစ်သော။ တေဇောဓာတု၊ တေဇော ဓာတ်သည်။ ဌာနပ္ပတ္တာ၊ ဌိသို့ရောက်သည်ရှိသော်။ အညံ၊ တပါးသော။ သြဇဋ္ဌမကံ၊ သြဇာလျှင် ရှစ်ခုမြောက်ရှိသော ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တတြာပိ။ ထိုဥတုဇရုပ်တွင်လည်း။ ဥတု၊ တေဇောဓာတ် ဥတုက။ အညံ၊ တပါးသော ဥတုဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဣတိ ဧဝံ၊ ဤသို့။ ဒီဃံ၊ ရှည်စွာသော။ အဒ္ဓါနမ်ပိ၊ ကာလပတ်လုံးလည်း။ အနုပါဒိန္နကပက္ခေ၊ ဗဟိဒ္ဓအဖို့၌။ ဌတ္ဝာပိ၊ တည်၍လည်း။ ယံ ဥတု-သမုဋ္ဌာနံ၊ အကြောင်ဥတုဇရုပ်သည်။ ပဝတ္တတိယေဝ၊ ဖြစ်သည်သာတည်း။ တံ၊ ထိုဥတုဇရုပ်သည်။ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ၊ ဥတုပစ္စယဥတု သမုဋ္ဌာန်ရုပ် မည်၏။

၁။ အပေါင်းစသည်၊ စုံမှတ်တည်၍၊ ဖြစ်သည်ဝေါဟာ၊ ပညတ် သာတည်း၊ တဖြာမာသော၊ တွဲထိသောနှင့်၊ သဘောကိုသာ၊ ဟုတ်မှန်စွာ၊ သိပါပရမတ်။

၂။ ပြောင်းလွှဲ၍ရ၊ ပညတ်ပကွယ်၊ ပြောင်းမရ၊ မှတ်ကြပရမတ်။

၃။ သဘာဝဒြပ်၊ ပေါင်းကိုဟပ်၊ စုံလတ်သမူဟ။

၄။ သဘောဝတ္ထု၊ အပေါင်းပြု၍၊ ခေါ်မှုဝေါ်ဟာ၊ အမည်မှာ၊ မှတ်ပါ ဝေါဟာရ။

၅။ မီးလှံရေယဉ်၊ တသွင်သွင်နှင့်၊ ဖြစ်စဉ်အတူ၊ ရုပ်နာမ်မူ၊ မှတ်ယူ သန္ဋတိ။

၆။ ဘုတ်လေးပါးသာ၊ ပေါင်းစုရာတွင်၊ ထင်လာပေါ်လာ၊ ခြင်းအရာ၊ မှတ်ပါသဏ္ဌာန။

ရှေးဆရာတို့ကား——

၇။ အဟုတ်ရှိလတ်၊ ပရမတ်၊ အဟုတ်မရှိ၊ ပညတ်သိ။

၈။ အများထင်မှတ်၊ အမျှင်ပြတ်မှ ပရမတ်။

၉။ တခုထင်မှတ်၊ မျှင်မပြတ်လျှင်၊ ပညတ်ပင်လို- မိန့်ဆိုကြ၏။

ပရမတ်နှင့် ပညတ်တို့သည် ဥဒေါင်းကြိုးကြောဌက်တို့ကဲ့သို့ အချင်းချင်း ဆန့်ကျင်ဖက်ဖြစ်၍ အားရှိရာက သာကာ ပေါ်ကာ ထင်ရှား၍လာပါတယ်။ ထို့ကြောင့် ရှေးဆရာတို့သည် ပရမတ်ပေါ်လျှင် ပညတ်ဝှက်တယ်၊ ပညတ်

ပေါ်လျှင် ပရမတ်ဝုတ်တယ်လို့ မိန့်ကြသည်၊ နိဗ္ဗာန်ကို သခ်ံတတရားနှင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့် သခ်ံတတရားကို သောက်ဆပြီး အမည် အမျိုးမျိုး ဟောတော်မူသကဲ့သို့ ထို့အတူ ပညတ်ကိုလည်း ပရမတ်ကို ထောက်ဆပြီး အမည်အမျိုးမျိုး ပေးနိုင်ပါတယ်။

ပရမတ်တရား သဘာဝ များသလောက် ပညတ်အမည် များနိုင်တယ်လို့ ဆိုလိုပါသည်။ သို့ရာကွင် အလုံးစုံသိမ်းကြုံးမိသော ပရမတ်ပညတ်ကို ပြဆို ပါမည်။

မဖောက်မပြန် ဟုတ်မှန်သောကြောင့် အဟုတ်ရှိ အမှန်ရှိတဲ့ သဘော ကို ပရမတ် မြတ်သောသဘောလို့ ဆိုပါတယ်။ ဖောက်ဖောက် ပြန်ပြန် မဟုတ်မှန်သောကြောင့် အဟုတ်ရှိ အမှန်ရှိ မဟုတ်တဲ့ အဘာဝကို ပညတ်လို့ ဆိုတယ်။

ရှင်းပြပါအုံ။ ။လူတို့နေရာ မဟာပထဝီမြေကြီးကို ပထဝီကာယ ပထဝီလွှန်ကဲတဲ့ရုပ်အပေါင်းလို့ ဟောပါတယ်၊ ရှေ့ငွေ့ကျောက်သံပတ္တမြား တို့ကိုလည်း ပထဝီကာယလို့လဲ ဟောပါတယ်။ ပထဝီကာယအမည်ဖြင့် ပြအပ်သော မာတဲ့သဘော မာတဲ့အမူအရာများကား အဟုတ်ရှိသည်ကို တွေ့ရသောကြောင့် ပရမတ်၊ ပထဝီကာယအမည်ကား အဟုတ်ရှိမဟုတ် သောကြောင့် ပညတ်။

ကမ္ဘာပျက်စီးသောအခါ ကျောက်မြေနှံမြေများ မီးလောင်သွားသော ကြောင့် ပြာမျှမင်မျှရှာမရ ပျောက်ကွယ်ပျက်စီးကြပါတယ်။ အစဉ်သဖြင့် ဖြစ်လိုက်ပျက်လိုက်နှင့် နေခဲ့တဲ့ မာတဲ့သဘော လွှန်ကဲသော ပထဝီကာယ ရုပ်အပေါင်းတို့ ပျောက်ကွယ်သွားသည်၊ ကောင်းကင်ဖြစ်သွားသည်ကို တွေ့ ရသောကြောင့် မာတဲ့သဘောများကား အဟုတ်ရှိတယ်လို့ ယုံကြည်ပါ။

သဘာဝကိုသိရန် ခေါ်ထားတဲ့ ပထဝီကာယအမည်ကိုကား နိစ္စအနိစ္စ မြဲမမြဲဘူးလို့ မဆိုရသောကြောင့် ပညတ်လို့ ယုံကြည်ပါ။ အကြောင်း ကြောင့်ဖြစ်တဲ့ပရမတ်သဘောမျိုးကား အနိစ္စ ဒုက္ခံ ဝိပရိဏာမဓမ္မံလို့ ဟောတဲ့ဒေသနာကို မလွှန်နိုင်ကြဘဲ ဖောက်ပြန် ပျက်စီးကြပါသည်။ အကြောင်းကင်းတဲ့နိဗ္ဗာန်ပရမတ်ကား နိစ္စဖြစ်၍ မဖောက်ပြန်မပျက်စီးပါ။

သဘောတရားမဟုတ်တဲ့ ပညတ်ကိုကား နိစ္စ အနိစ္စမဟုတ်သောကြောင့် ဖောက်ပြန်ပျက်စီးတတ်လို့လဲ မဆို၊ မဖောက်ပြန်မပျက်စီးဘူးလို့လဲ မဆို

ရပ၊။ ထို့ကြောင့် အဟုတ်ရှိတာ ပရမတ် အဟုတ်မရှိတာ ပညတ်လို့ မှတ်ထားပါ။

နောက်ဝိကပ်အလို့။ ။မဖောက်မပြန်ဟုတ်မှန်သောကြောင့် ပြဋ္ဌာန်းသောပရမတ်လို့ ဆိုရာမှာ ဝိပဿနာဘာဝနာ ပွါးများသောအရာမှာ သဏ္ဌာန၊ နိမိတ် နိစ္စနိမိတ် အရိပ်အရောင်ပညတ်များကို ပယ်ထုတ်ပြီး မာတဲ့သဘော စသောအမှုအရာကို တွေ့အောင်ဖမ်းရသောကြောင့် ယောဂီတို့အလိုရှိအပ်ရကား ပရမတ်ကို ပြဋ္ဌာန်းသောသဘောလို့ဆိုသည်။ သမ္မုတိပညတ်ကြိုက်သော ဝေနေယျတို့အား အလိုက်သင့်အစစ္စာ ပညတ်ကို ဟောသော်လဲ ပရမတ်ဆိုက်အောင် ဟောပြရပါတယ်။ သမ္မုတိပညတ်ကို အစထား၍ ဘာဝနာပွါးသော်လဲ ပညတ်ကွယ်ပြုတ်ပြီး ပရမတ်ကို ဖော်ထုတ်နိုင်မှ မဂ်ဖိုလ်ရကြပါတယ်။ ထို့ကြောင့် ပြဋ္ဌာန်းသောသဘောကို ပရမတ်လို့ ဆိုပါသည်။

အစဉ်အလာ သာသနာမှာ ရှေးဆရာအဆက်ဆက်တို့မှ ပေါ်ထွက်လာသော မဖောက်ပြန်တာ ပရမတ် ဖောက်ပြန်တာ ပညတ်လို့ ဆိုသောစကားလည်း သာမန်အားဖြင့် ပေါ့ပေါ့ဆဆထင်ရသော်လဲ အလွန်လေးနက်မှန်ကန်လှပါတယ်။

မှန်ကန်ပုံကား။ ။ပထဝီသည် လက္ခဏပထဝီ သဿမ္ဘာရပထဝီ နိမိတ္တပထဝီ ပထဝီဒေဝတာလို့ ပထဝီလေးမျိုးရှိတယ်။ မာတဲ့သဘောကို လက္ခဏပထဝီလို့ ခေါ်သည်။ အကျိတ်အခဲအဆန် အမာမပါ သဘောသက်သက်သာဖြစ်သော အမှုအရာတို့ သိန်းသန်းကုဋေစုပေါင်းမိမှ ပရမာဏုမြူ အဏုမြူလောက်မှစ၍ မြင်းမိုရ်တောင်လောက်ပေါ်လာတဲ့ အစိုင်အခဲကို သဿမ္ဘာရပထဝီခေါ်သည်။ ကသိုဏ်းဝန်းဖြစ်တဲ့ ပထဝီအာရုံကို နိမိတ္တပထဝီ၊ ပထဝီမည်သောနတ်ကို ပထဝီဒေဝတာလို့ ခေါ်သည်။

ထန်းလျက်ခဲကို မီးဖြင့်ကျိုချက်၍ ထန်းလျက်ရေဖြစ်လာသောအခါ မာမှုအဆင့်ဆင့်တို့ပျောက်ကွယ်သေဆုံးပြီး နူးညံ့မှုအဆင့်ဆင့်တို့ ပေါ်လာသည်ကို တွေ့ကြရပါတယ်။ ထိုအခါ အားယုတ်သောပထဝီဓာတ်သည် အာပေါဓာတ်နှင့်တူကာ သွားသည်။ အစိုင်အခဲအားဖြင့် တည်သောအခြင်းအရာကိုစွန့်၍ သဘောလက္ခဏာကို မစွန့်ပါ။ လက္ခဏာ ပြောင်းလဲသွားအောင် တန်ခိုးရှင်ဖြစ်တော်မူသော ဘုရားမှစ၍ မည်သည့်တန်ခိုးရှင်မှ

မတတ်နိုင်ပါ။ သဘာဝအားဖြင့် မှန်ကန်ခိုင်မြဲပါသည်။ ထန်းလျက်ခဲ ဖြစ်သော သသမ္ဘာရပညတ္တိပထဝီကား ထန်းလျက်ရေအဖြစ်သို့ ပြောင်းလဲကာ သွားပါသည်။ ရှေဒဂ်ါးမှ ရှေလက်ကောက် ရှေလက်ကောက်မှ ရှေလက်စုပ် စသည်ဖြင့် သသမ္ဘာရပထဝီပြောင်းသွားသည်ကို တွေ့နိုင်တယ်။

အညထတ္တ=တမျိုးတဖုံပြောင်းလဲ၍ သွားသောအဖြစ်သည် ဘာဝညထတ္တ လက္ခဏညထတ္တ ပသာဒညထတ္တလို့ သုံးမျိုးရှိတယ်။ ထိုသုံးမျိုးတို့တွင် အထည်ကို ဝတ္ထုပြောင်းလဲသွားသည်ကို ဘာဝညထတ္တ၊ သဘောလက္ခဏာပြောင်းလဲသည်ကို လက္ခဏညထတ္တ၊ ယုံကြည် ကြည်ညိုတဲ့ သဒ္ဓါတရား ပြောင်းလဲသည်ကို ပသာဒညထတ္တလို့ ခေါ်သည်။

အထည် ကိုယ်ဝတ္ထုကို ပြောင်းလဲအောင် တတ်နိုင်သည်။ သဘောလက္ခဏာကို ဘုရားသော်မှလည်း ပြောင်းလဲအောင် မတတ်နိုင်ချေ။ အရိယာတို့၏သဒ္ဓါတို့ကို မာရ်နတ်တို့သော်မှ ပြောင်းလဲအောင် မတတ်နိုင်။

နဟိ လက္ခဏညထတ္တံ ကေနစိ ကာတုံ သက္ကာ၊ ဘာဝညထတ္တမေဝ ဟိ ဣဒ္ဓိဝိသယော။ (ဝိသုဒ္ဓိမဂ်)

အဋ္ဌာနပရိကပ္ပသုတ်ဖြင့်လည်း ဆိုပြီးသော အဓိပ္ပါယ်ကို မှတ်ရာ၏။ သဘာဝတရားမပြောင်းလဲပဲ ခိုင်မြဲသည်ကို မဖောက်မပြန်လို့ ဆိုလိုပါတယ်။ အထည်ကိုယ်ဝတ္ထုများ ပြောင်းလဲသွားသည်ကို ဖောက်ပြန်တယ်လို့ ဆိုလိုသည်။ ဤအဓိပ္ပါယ်ကို ရည်၍ "ပြောင်းရွှေ့၍ရ၊ ပညတ်ပကွယ်၊ ပြောင်းမရ၊ မှတ်ကြပရမတ်"လို့ ရေးခဲ့သည်။

မဖောက်ပြန်တာ ပရမတ် ဖောက်ပြန်တာ ပညတ်လို့ ယူခဲ့သော် ဖောက်ပြန်တဲ့ရုပ်တရားကို ပရမတ်မဟုတ်ဆိုရာပါသလော-မေးစရာရှိသည်။ မေးတော့ ရုပ်ဖောက်ပြန်ဆိုသည်မှာ အအေး အပူစသော အကြောင်းနှင့် တွေ့ဆုံခြင်းကြောင့် အအေးရုပ်မှ အပူရုပ်, အပူရုပ်မှ အအေးရုပ်စသည်ဖြင့် အထည်ကိုယ်ပြောင်းလဲသည်ကိုပင် ရုပ္ပန=ဖောက်ပြန်တဲ့ရုပ်တရားလို့ ခေါ်သည်။ မိမိတို့ကိုယ်ခန္ဓာ ပြောင်းလဲဖောက်ပြန်နေသည်ကို ကြည့်ကြပါကုန်၊ တန်ခိုးရှင်များသော်မှ မဖောက်ပြန်အောင် တားဆီးနိုင်မည် မဟုတ်ပါ။ ထိုကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်၏ လည်ပင်းတော်မှ အိုနာကိုပြတဲ့ အရေးအကြောင်းကလေးများ ပေါ်လာသည်ကို တွေ့ရပါတယ်။

ရုပ်တရား၏ ဖောက်ပြန်တဲ့ ရုပ္ပနသဘောကို ဖောက်ပြန်တဲ့သဘောမှ မဖောက်ပြန်တဲ့ဖက်သို့ ပြောင်းလွှဲ၍ မရသောကြောင့် ပရမတ်ဆိုပါတယ်သို့ ဖြတော့၊

သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ စသည့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဝိကာရုပတ္တိ စ သီတာဒိသန္နိပါတေ ဝိသဒိသရုပုပ္ပတ္တိယေဝ။ ဝိကာရော ဟိ ရုပ္ပနန္တိ။ (မူလဋီကာ)

ဤပါဠိတော်ဋီကာတို့ကို ထောက်ဆ၍ ဝိပရိဏာမမမ္မ ဖောက်ပြန်ပျက်စီးပုံနှင့် ဝိကာရဖောက်ပြန်ပျက်စီးပုံခြင်း မတူထူးခြားကြောင်း သိကြလေ။

သီတေနပိ၊ အအေးကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဥဏှေနပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။

စ၊ ဝိကာရသို့ရောက်ပုံ သရုပ်ကိုထုတ်၍ပြအံ့။ ဝိကာရုပတ္တိ၊ ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်သည်ကား။ သီတာဒိသန္နိပါတေ၊ အအေးစသော အကြောင်းတို့ ပေါင်းဆုံကျရောက်ခြင်းကြောင့်။ ဝိသဒိသရုပုပ္ပတ္တိယေဝ၊ ရှေရုပ်အစဉ်နှင့်မတူ နောက်ရုပ်အစဉ်ပြောင်းလဲ၍ ဖြစ်ခြင်းသည်သာတည်း။

ဟိ သစ္စံ၊ မှန်၏။ ဝိကာရော၊ ဖောက်ပြန်ခြင်းသည်။ ရုပ္ပနံ၊ ရုပ္ပနမည်၏။ အနာဂါမ်လို့ ကျော်ကြားသော ရှေတောင်ကိုရင်ကြီး ရှင်တိကို့နွှိုယ်၏ တပည့်ဥပါသကာ တယောက်က လျှောက်ထားဘူးသည်မှာ အရှင်ဘုရား တပည့်တော်ကိုဏ်းက "ပရမတ်ဆိုတာ ဖောက်ပြန်ပျက်စီးသည်၊ ပညတ်ကား မဖောက်ပြန်မပျက်စီး" လို့ယူပါသည်။ တသာသနာလုံးက "ပရမတ်ဆိုတာ မဖောက်ပြန်ဘူး၊ ပညတ်ကား ဖောက်ပြန်တယ်" လို့ ယူကြပါသည်၊ အရှင်ဘုရား ဘယ်လိုသဘောကျပါသလဲ လျှောက်ထားခံရဘူးသည်။

ထိုအခါ ဥပါသကာအား "အမှန်ချည်းပါဘဲ" လို့ ဖြေကြားပြီး မှန်ပုံပြောပြခဲ့တယ်။ ဥပါသကာ တို့ဂိုဏ်းက အနိစ္စဒုက္ခဝိပရိဏာမမမ္မမျိုးကိုယူ၍ ဖောက်ပြန်ပျက်စီးတယ်လို့ ယူသောကြောင့် မှန်တန်သ၍ မှန်ပါတယ်။ ။ နိဗ္ဗာန်ကား နိစ္စမျိုးဖြစ်၍ မဖောက်ပြန်သောကြောင့် ပရမတ်မဟုတ်လို့ ဆိုရာရောက်ပါသည်။

တသာသနာလုံးက သဘောအမူအရာဖြစ်တဲ့ တရားသဘောမျှားကို တမျိုးတဖုံဖြစ်သွားအောင် ပြောင်းလဲ၍ မရသောကြောင့် "ပရမတ်ဆိုသည်မှာ မဖောက်ပြန်ဘူး" လို့ ယူကြပါတယ်။ ဝိပရိဏာမနှင့် ဝိကာရထူးခြားနေပါတယ်လို့ အဖြေပေးလိုက်တော့ ဥပါသကာ မလှုပ်တော့ဘူး၊ သဘောကျသွားဟန်တူ၏။

အခြို့သော ပုဂ္ဂိုလ်မျှားလဲ ရှေးပညာရှိတို့ စကားမှားလေဟန် ရေးမိတတ်ပါတယ်။ အနည်းငယ် ပမာဒလေခမှားတဲ့ နေရာလဲ မှားမပေါ့၊ သို့သော် အမှားကို အမှားလို့ပြန့်ငင်ရင် ကောင်းပါရဲ့၊ မမှားပဲနဲ့ မှားတယ် အမှန်ကြိုက်တယ် စသည်ဖြင့် ဝါဒထောင်ရင်တော့ သာသနာမှောက်တော့မယ်။

ပရမတ်သာရှိ၍ ပညတ်မရှိပုံကား။ ။တိုက်ကျောင်း တိုက်အိမ်လို့ ခေါ်ဝေါ်ရာမှာ သစ်သား သံ အုတ် ကျောက် အင်္ဂတေ သုပ်တို့ဖြင့် အချင်းချင်းထောက်ပံ့ကာ ကာရန်အပ်သော ကောင်းကင်ကို တိုက်ကျောင်းတိုက်အိမ်လို့ ခေါ်ပါသည်။ သစ်သံစသော အစိတ်အင်္ဂါတို့ကို ခွဲထားဝေဘန်လိုက်သည်ရှိသော် တိုက်ကျောင်း တိုက်အိမ်မရှိပါ၊ ကောင်းကင်သာရှိပါတော့သည်။ ထို့အတူ ဥပါဒါနက္ခန္ဓာငါးပါးတို့ အချင်းချင်းထောက်ပံ့တည်ကုန်သော်သာ ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်သည်။ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို တပါးစီ တပါးစီ ဝေဘန်ကြည့်ရှုခဲ့ထားလိုက်သည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါ မရှိတော့ပါ၊ ခန္ဓာငါးပါးသာရှိပါတော့သည်။ လက်ဆုပ်လို့ ခေါ်ဝေါ်ရာမှာ ဖြန့်ထားသောလက်ငါးချောင်းကို ကွေးဆုပ်လိုက်သည်ရှိသော် လက်ဆုပ်လို့ ခေါ်ရသည်။ တဖန် လက်ချောင်းတို့ကို ဆန့်လိုက်သည်ရှိသော် လက်ဆုပ် မရှိတော့ပါ။ လက်ချောင်းသာ ကျန်သကဲ့သို့ ထို့အတူ ဆံလို့ ခေါ်ဝေါ်ရာမှာ ပထဝီစသော ဓာတ်သဘာဝရှစ်ပါးတို့ အချင်းချင်းထောက်ပံ့တည်နေကုန်သော်သာ ဆံလို့ ခေါ်ရသည်။ ဓာတ်သဘာဝတို့ကို တပါးစီ တပါးစီ ဝေဘန်ကြည့်ရှုခဲ့ထားမှုကို ပြုခဲ့သော် ဆံမရှိတော့ပါ။ ဓာတ်သဘောရှစ်ပါးသာ ရှိတော့သည်။

စောင်း စစ်သည် မြို့ သစ်ပင်တို့ဖြင့်လဲ ပရမတ်သာရှိ၍ ပညတ်မရှိပုံကို သိရာသတည်း။

အဇ္ဈတ္တခန္ဓာကိုယ်မှာ ပရမတ် ပညတ်ခဲ့ပုံ ။ ။ ဘာဝနာပွါးအံ့သော ယောဂီသည် မိမိခန္ဓာကိုယ်ကို စေ့စေ့ကြည့်ကာ တိဿဟူသော အမည်သည်ကား ဝေါဟာရပညတ်၊ မာတဲ့သဘော မာတဲ့အမူအရာကား ပရမတ်လို့ ပရမတ်သို့ ဉာဏ်ရောက်အောင် နှလုံးသွင်း၊ အမည်အဆင်းသဏ္ဌာန်ဒြပ်ကြီးမျှားခုခံကာ မနေစေနှင့်။

ဓာတ်လေးပါးအပေါင်းကို မှီ၍ ထင်ပေါ်လာသော အရုပ်မြင့်တယ် ပုတယ် ဝတယ် ပိန်တယ်စသော အခြင်းအရာကား သဏ္ဌာနပညတ်၊ မာတဲ့သဘော မာတဲ့အမူအရာကား ပရမတ်လို့ နှစ်လုံးသွင်း။

ရုပ်ဓမ္မနာမ်ဓမ္မတို့ ရှေ့နောက်မပျက် အဆက်ဆက်ဖြစ်၍ နေသော အစဉ်ကား သန္တတိပညတ်၊ မာတဲ့သဘော မာတဲ့အမူအရာကား ပရမတ်လို့ နှလုံးသွင်း။

ဤသို့ ပညတ်တို့မှအသီးထုတ်၍ မုချဆတ်ဆတ် ပရမတ်ရောက်အောင် နှလုံးသွင်းပြီး ပွါးများအားထုတ်ပါလေ၊ ပထဝီဓာတ်ဖြင့်ပုံစံပြလိုက်သည်။

သဏ္ဌာန်အရာမှာ မိမိသဏ္ဌာန်ကို ကြည့်၍ ဆိုပါလေ။ ပွါးများဖန်များ၍ အဖြစ်အပျက်တွေ့သောအခါ ဃနများကြမှ၍ အစဉ်ပြတ်ကာ သွားပါလိမ့်သတည်း။

ပရမတ်ပညတ်ခန်းပြီး၏။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးယူပုံ

ပဋိသန္ဓေအခါမှစ၍ နာမ်အစဉ် ရုပ်အစဉ်ပြတ်သွားသည်တိုင်အောင် ဇလာဗုဇဥဇသေယျကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေဝိညာဉ်စသည်တို့နှင့် အတူ တကွဖြစ်သော ဖဿဝေဒနာ စသောတရားတို့ကို နာမ=နာမ်တရားလို့ ခေါ်တယ်။ ပဋိသန္ဓေအခါမှစ၍ ပထဝီ, အာပေါ, တေဇော, ဝါယောကြီးမှူးသော ရုပ်ကလာပ်တို့ကို ရုပ်တရားလို့ ခေါ်တယ်။

ထို့ကြောင့် ပညတ်နယ်က ပုဂ္ဂိုလ် သတ္တဝါလို့ ခေါ်တဲ့ အထည်ဒြပ်များမှာ ပရမတ်နယ်ကကြည့်သော် နာမ်ရုပ်နှစ်ပါးသာရှိတယ်လို့ မှတ်ရသတည်း။ ထို့တွင် ဆဲကိုင်တွယ်ထားရာအာရုံသို့ ညွှတ်ကိုင်းတတ် သိတတ်တဲ့

သဘောအမူအရာကို နာမ်တရားလို့ ခေါ်ဆိုတယ်။ မိမိတို့စိတ် မျောက်ကဲ့သို့ ဟိုရောက်သည်ရောက်ကစားနေသည်ကို ကြည့်၍ သိပါလေ။

ပုတ်သင်ကဲ့သို့ စိမ်းလာလိုက် ပြာလာလိုက် မဲခြောက်ကာသွားလိုက်နှင့် အမျိုးမျိုးပြောင်းလဲတာလို မာလာလိုက် ပျော့သွားလိုက် အေးသွားလိုက် ပူသွားလိုက် စသည်ဖြင့်အထည်ကိုယ်ပြောင်းလဲကာ ဖောက်ပြန်တဲ့ သဘောအမူအရာကို ရူပန=ရုပ်တရားလို့ ခေါ်တယ်။ မိမိတို့ခန္ဓာကိုယ်မှာ အအေးအပူစသော အကြောင်းထူးနှင့် တွေ့ဆုံခဲ့သော်၎င်း အရွယ်ကို ထောက်စာ၍ ကြည့်ခဲ့သော်၎င်း တမျိုးတဖုံပြောင်းလဲကာ ဖောက်ပြန်သည်ကိုသိပါလေ။ ခုနစ်ဆယ်ရွယ်အဘိုးကြီးများမှာ ဦးခေါင်းတုန်တုန် လှုပ်လှုပ်နှင့် မျက်စိနားစသော ကွန်ဒြိတို့ဖောက်ပြန်ကြသည်မှာ ထင်ရှားလှပါသတည်း။

သစ်ကိုင်းပမာ၊ ညွတ်ကိုင်းတာ၊ မှတ်ပါနာမ်တရား။

ပုတ်သင်ပမာ၊ ဘောက်ပြန်တာ၊ မှတ်ပါရုပ်တရား။

ဤကားအကျဉ်းမျှသာ။

ပဋိသန္ဓေ အခါမှစ၍ ဖြစ်သော ပထဝီ အာပေါ တေဇော ဝါယော ကြီးမှူးတဲ့ ရုပ်ကလာပ်တို့ကို ဖောက်ပြန်မှုအစု ရူပက္ခန္ဓာလို့ ခေါ်တယ်။

ပဋိသန္ဓေစိတ်မှစ၍ အားလုံးသော စိတ်ဝိညာဉ်ကို ဦးတိုက်သိမှုအစုဖြစ်သောကြောင့် ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်။ ပဋိသန္ဓေအခါမှစ၍ အားလုံးသော ဝေဒနာကို ခံစားမှုအစုဖြစ်သောကြောင့် ဝေဒနာက္ခန္ဓာလို့ ခေါ်တယ်။ အားလုံးသော သညာကို အမှတ်ပြု၍ သိမှုအစုဖြစ်သောကြောင့် သညာက္ခန္ဓာလို့ ခေါ်တယ်။ ဖဿစေတနာစသော တရားအပေါင်းကို ပြုပြင်စေ့ဆော်အားထုတ်မှုအစုဖြစ်သောကြောင့် သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်။

ရူပက္ခန္ဓာမှာ၊ ရူပ + ခန္ဓာလို့ခဲ့။
ရူပမေဝ ခန္ဓော ရူပက္ခန္ဓောလို့ပြု။

ရူပမေဝ၊ ဖောက်ပြန်တဲ့ သဘောဆိုတဲ့ ရုပ်သည်သာလျှင်။ ခန္ဓော ရာသိ၊အစုအမျိုးတည်း။ရူပက္ခန္ဓော၊ ဖောက်ပြန်တဲ့ သဘောသည်သာအစု။ ဆိုလိုသည်မှာ တိုက်ဒုက်စသည်တို့ဖြင့် ဝေဘန်ကာထား၏သော ရုပ်အမျိုးမျိုး

ကို တခုတည်းသော ရုပ္ပနလက္ခဏာ၌ ပေါင်းစု၍ ထားသောကြောင့် ရုပ်အစု ရူပက္ခန္ဓာလို့ ဆိုသည်။ ထို့အတူ ဝိညာဉ်အမျိုးမျိုးကို တခုတည်းသော ဝိဇာနနလက္ခဏာ၌ ပေါင်းစု၍ ထားသောကြောင့် ဝိညာဏက္ခန္ဓာလို့ ဆိုသည်။ ဝေဒနာအမျိုးမျိုးကို တခုတည်းသော ဝေဒယိတလက္ခဏာ၌ ပေါင်းစု၍ ထားသောကြောင့် ဝေဒနာက္ခန္ဓာလို့ ဆိုသည်။ စေတနာအမျိုးမျိုးကို တခုတည်းသော အဘိသင်္ခရဏလက္ခဏာ၌ ပေါင်းစု၍ ထားသောကြောင့် သင်္ခါရက္ခန္ဓာလို့ ခေါ်သည်။ ဝေဒနာနှင့် သညာတို့ကိုကား သံသရာရှည်ခြင်း၏ အကြောင်းထူးကို ပြရန်အကျိုးငှါ တသီးတခြား ခန္ဓာဖွဲ့ထားပါသည်။

ထင်ရှားစေအံ့။ ဝတ္ထုအာရုံကာမဂုဏ်လိုက်စားသောလူအပေါင်းတို့တွင် ကာမဂုဏ်အာရုံခံစားမှုအတွက် အမိနှင့်သား သားနှင့်အမိ မောင်နှင့်နှမ စသည်တို့လဲ ရန်ဖြစ်ကြ ရုံးရောက်ကြပါတယ်။ ခံစားမှုအတွက် တဏှာနှိပ်စက်၍ ရုံးသံသရာ ဝဋ်သံသရာရှည်ကြာကြသည်လို့ ဆိုလိုသည်။ အနိစ္စမျိုးဒုက္ခမျိုးဖြစ်တဲ့ သဘောတရားကို မဟုတ်မမှန်ဖောက်ပြန်တဲ့ အမှတ်သညာဖြင့် မှတ်စွဲထားသောသူအား တဏှာမာနဒိဋ္ဌိအလိုလိုက်ကြသဖြင့် သံသရာလက်စမသတ်နိုင်ရှည်ကြာ၍ နေပါတယ်။

အမှတ်မှားခြင်းကြောင့် အသိမှား အသိမှားသောကြောင့် အယူမှား အယူမှားသောကြောင့် သံသရာကျယ်အောင် အပါယ်လေးပါးအစာဖြစ်အောင် လုပ်ကြပါတယ်။ ထိုသို့ သံသရာရှည်ကြာခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝေဒနာသညာတို့ကို ခန္ဓာအသီးအခြားယူသည် ဆိုလိုသည်။

သင်္ခတတရားတို့ကို ပြုပြင်စီရင်ခြင်းကိစ္စသည် အားထုတ်တတ်သော စေတနာမှာ လွန်စွာအားကောင်းပါသည်။ ထို့ကြောင့် စေတနာကို ပြဋ္ဌာန်းသည်အတွက် သင်္ခါရက္ခန္ဓာလို့ ဟောသည်။

ရုပ္ပန စသောသဘောအထူးမှ ကင်းသော ဖဿစသောတရားတို့ကိုကား သင်္ခတတရားတို့ကို ပြုပြင်စီရင်ခြင်းကိစ္စတူသောကြောင့် သင်္ခါရက္ခန္ဓာအတွင်း သွင်း၍ဖွဲ့လိုက်သည်။

ဖုသနစသော သဘောတရားတို့ကို တသီးတခြားခန္ဓသဒ္ဒါသည် မဟောနိုင်၊ ထို့ကြောင့် ဖဿကွန္ဓာစသည်လို့ ဘုရားမဟောသတည်း။

ရူပက္ခန္ဓာဆိုသည်မှာ ဖောက်ပြန်မှု အစုအပေါင်းကို ဆိုလိုသည်။
ဝိညာဏက္ခန္ဓာဆိုသည်မှာ ဦးတိုက်သိမှု အစုအပေါင်းကို ဆိုလိုသည်။
ဝေဒနာက္ခန္ဓာဆိုသည်မှာ ခံစားမှု အစုအပေါင်းကို ဆိုလိုသည်။
သညာက္ခန္ဓာဆိုသည်မှာ အမှတ်ပြုသိမှု အစုအပေါင်းကို ဆိုလိုသည်။
သင်္ခါရက္ခန္ဓာဆိုသည်မှာ ပြုပြင်စီစဉ်အားထုတ်မှု အစုအပေါင်းကို ဆိုလိုသည်။

နာမက္ခန္ဓာလေးပါးတို့တွင် ပုဗ္ဗင်္ဂမရှေသွားပြဋ္ဌာန်းရာကိုစဲ့၍ ဝိညာဉ်ကို အစစွဲပြဆိုသည်။ ထင်ရှားပေါ်လွင်ရာကို အစထား၍ ဝေဒနာက္ခန္ဓာကို ပြသောအရာလည်း ရှိသည်။ ....ထင်ရှားစေအံ့။

ကိုယ်အင်္ဂါကြီးငယ်တခုခုတွင် ဓားထိမိ စူးရှမိသော် ကြမ်းတမ်းသော အတွေ့ဖောဋ္ဌဗ္ဗာရုံကို သိမှုပေါ်လာတယ်။ သိမှုပေါ်လာသော် ခံစားမှုမခံ မရပ်နိုင်မှု ပေါ်လာတယ်။ အမှတ်အသားထားမှုလဲ ပေါ်လာတယ်။

ပြုပြင်စီစဉ်အားထုတ်မှုလဲ ပေါ်လာတယ်။ ဤသို့ပေါ်လာရာတွင် မာမှု ယိုစီးမှု ပူလောင်မှု တောင့်တင်းမှုမျှားကား ရုပ်တရား သိမှုခံစားမှုစသည် တို့ကား နာမ်တရားလို့ ရုပ်နာမ်နှစ်ပါးကဲ့အောင် မှတ်ထားပါလေ၊ တုံးတိုင်တို့မှာ ဓားထိသော်လဲ သိမှုစသည်တို့ မပေါ်လာ။ ရုပ်သာဖြစ်၍ နာမ်မရှိသောကြောင့်ဖြစ်ပါသတည်း။

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဋ္ဌေဝပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။ (ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

ရူပံ၊ ရုပ်ကို။ ဖေဏပိဏ္ဍူပမံ၊ နေလေဝင်သောကြောင့် ဖရိုဖရဲပြိုကဲ့ပျက်စီးသောရေမြုပ်စိုင်နှင့်တူ၏ ဟူ၍။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်၏။ ဝေဒနာ၊ ဝေဒနာကို။ ပုဗ္ဗုဋ္ဌေဝပမာ၊ ခဏခဏပေါ်ထွက်၍ ခဏခဏကွယ်

ပျက်ရသော ရေပွက်နှင့်တူ၏ ဟူ၍။ ဒေသိတာ။ အပ်၏။ သညာ၊ ကို။ မရီစိကူပမာ၊ မြစ်သမုဒ္ဒရာဝယ် လိုင်းအဟုန်ကဲ့သို့ တလှပ်လှပ် တလှုပ်လှုပ်နှင့် ရေလိုထင်ရကာ ကွယ်မြုပ်၍ သွားသော တံလှပ်နှင့်တူ၏ဟူ၍။ ဒေသိတာ၊ အပ်၏။ သခ်ါရာ၊ သခ်ါရတရားတို့ကို။ ကဒလူပမာ၊ အဆင်းအမျိုးမျိုး အရွက်တိုးကာ ပေါင်းဖွဲ့၍နေသော ငှက်ပျောတုံးနှင့် တူကုန်၏ဟူ၍။ ဒေသိတာ၊ ကုန်၏။ ဝိညာဏ်၊ အသိဝိညာဉ်ကို။ မာယူပမာ၌၊ မျက်လှည့်မှော်အတတ်တို့ဖြင့် ပြအပ်သော အဆင်းသဏ္ဌာန်နှင့်တူ၏ဟူ၍ လည်း။ ဒေသိတံ၊ အပ်၏။

ဆိုလိုသည်မှာ—

၁။ ဂဂ်ါယမုနာစသော မြစ်မှရေအညစ်အကြေးများကို မှိတ်ယွယ်၍ အစစ္စာ ဇီးသီးမှည့်လောက် ရေမြုပ်စိုင်အခဲဖြစ်လာပြီး အစဉ်သဖြင့် သမုဒ္ဒရာသို့ ဆင်းသက်ခဲ့သော် တောင်ထွဋ်ခေါက်ရှိသော ရေမြုပ်စိုင်ကြီးများလဲ ဖြစ်ကာနေတတ်တယ်။ ရေမြုပ်စိုင်မှာ အပေါက်ကြီးငယ်လဲ ပါရှိတယ်။ များစွာသော အဆက်အစပ်လဲ ရှိတယ်။ ရေမြေစသော သတ္တဝါအပေါင်းတို့၏ နေရာအိမ်လဲ ဖြစ်ပါတယ်။

ရေမြုပ်စိုင်ကို အနှစ်အမာမရှိ၍ ပုဂံအိုးခွက်ပြုလုပ်လျက် သုံးဆောင်ခြင်းငှါ မဘတ်ကောင်းပါ။ သုံးဆောင်သော်လည်း အိုးခွက်ကိစ္စကို မဆောင်ရွက်နိုင်ပါ။ ပျော်ကွယ်ပျက်စီးခြင်းသို့ ရောက်ရပါတယ်။

ရေမြုပ်စိုင်သည် ဖြစ်ပေါ်စမှာလဲ ပျော်ကွယ်၍ သွားတတ်ပါတယ်။ အတန်ငယ်သွားပြီးသော်လဲ ပျော်ကွယ်တတ်ပါတယ်။ သမုဒ္ဒရာသို့ရောက်သော်ကား အမှန်ပျော်ကွယ်ပျက်စီး ရသည်သာတည်း။

ဂဂ်ါယမုနာအတွင်း စီးဆင်း၍လာသော ရေမြုပ်စိုင်ကြီးကို ပညာရှင်တဦးသည် ကြည့်ရှု၍နေရာ၏။ ကြည့်ရှု၍နေသော ပညာရှင်အား “အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် အနှစ်သာရမရှိ”ဟူ၍သာ ထင်ကာလာမည်။

ထို့အတူ ရုပ်တရားသည် ကလလရေကြည်ပမာဏမှစ၍ တလံလောက် တောင်ထွဋ်ခေါက်လောက် တယူဇနာ နှစ်ယူဇနာလောက်ကြီးကာ နေသည်များလဲရှိတယ်။ ခန္ဓာကိုယ်မှာအပေါက်ကြီးငယ်များလဲ ရှိတယ်။ များစွာသော

အဆက်အစပ်များလဲရှိတယ်။ ပိုးမျိုးရှစ်ဆယ်တို့၏ နေရာအိမ်, သားဖွားရာ ကျင်ငယ်ကျင်ကြီးစွန့်ရာအိမ်သာ, နာဖျားရာဆေးရုံ, သူသေစွန့်ပစ်ရာသင်း ချိုင်းများလဲဖြစ်ကာနေတယ်။ ရုပ်တရားကိုလည်း အမြဲတည်နေနိုင်တဲ့ နိစ္စနှစ် ကြာမြင့်စွာတည်နေနိုင်တဲ့ ဓုဝနှစ် ခိုင်မြဲတဲ့အတ္တနှစ်မှကင်းသော ကြောင့် နိစ္စဓုဝဟူ၍ၵင်း ငါ-ငါဉစွာဟူ၍ၵင်း စွဲယူခြင်းငှါမဖြစ်နိုင်ပါ၊ အမှောက်မှောက်အမှားမှား စွဲယူငြားသော်လည်း စွဲယူတိုင်းမလိုက်ပါပဲ ရေမြုပ်တိမ်တောင်တိမ်လိပ်သဖွယ် ပျောက်ကွယ်ပျက်စီးတဲ့ အနိစ္စသာ, ခဏခဏဇာတိဇရာမရဏမီးတို့ လောင်ကျမ်းသောကြောင့် ပင်ပန်းဆင်းရဲ လှတဲ့ ဒုက္ခသာ, ကိုယ့်အလိုမပါ တောင့်တ၍ မရရှာသောကြောင့် အတ္တ မဟုတ် အနတ္တသာ, ဆွဲမြဲယိုယွင်း အိုမင်းသောကြောင့် မတင့်မတယ် ရှုစဖွယ်အသုဘသာဖြစ်ပါတယ်။ ရုပ်တရားသည် ကလလရေကြည်အခိုက် အတန့်မှာလဲ ပျောက်ကွယ်ပျက်စီးနိုင်တယ်။ အမြုပ်သားတစ်စသော အခိုက်အတန့်မှာ မပျက်စီးသော်လဲ အသက်ကိုးဆယ် တရာရောက်က ပျောက်ကွယ်ပျက်စီးရတယ်၊ သမင်း၏ခံတွင်းမှာ မှန့်မှန့်ညက်ညက် ကြမ္ဘ ခြင်းသို့ရောက်သည်သာတည်း။ ရုပ်ကို ပညာဖြင့် ရှုကြည့်သောပညာ ရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာ ရမရှိ"လို့ ထင်ကာလာလိမ့်မည်။ ဘာဝနာပွါးသောအခါ ရေမြုပ်စိုင်၏ ပျောက်ကွယ်ပျက်စီးခြင်းထက် ရုပ်၏ပျောက်ကွယ်ပျက်စီးပုံ သိန်းသန်း ကုဋေမကမြန်လှသည်ကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့် မြတ်စွာဘုရားက "ရုပ်တရားကို ရေမြုပ်စိုင်နှင့်တူစွာရှုပါ"လို့ ဟောတော်မူရင်း ဖြစ်သတည်း။

တန်ဆောင်မုန်းလအခါ မိုးပေါက်ကြီးစွာရွာသွန်းခဲ့သော် မြစ်ရေအိုင် ရေကန်အပြင်တို့မှာ ရေအပြင်ရေပေါက်ရေအဝေး စုရုံးကာမို့ငုံနှင့်တူစွာ ပြု၍ ယူသောလေ။ ဤလေးပါးသောအကြောင်းကိုစဲ၍ ရေပွက်ပေါ်ကာ လာတယ်။

ရေပွက်ကိုယူကာ ခိုင်မြဲသောအနှစ်မရှိသောကြောင့် နေရာထိုင်ပျဉ် ပြုလုပ်၍ သုံးဆောင်ခြင်းငှါ မတတ်ကောင်း၊ ယူတိုင်းယူတိုင်းသော ရေပွက် သည် လက်ပေါ်မှာပျောက်ကွယ်ပျက်စီး၍ သွားမည်သာ၊ ရေပွက်သည် ကြာမြင့်စွာ မတည်နိုင်သောကြောင့် အကြောင်းနှင့်ပြည့်စုံက ပေါ်လာ လိုက် ပျောက်သွားလိုက် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် နေမည်။

ရေအိုင်ရေကန်အပြင်တို့မှာ ပေါ်ထွက်၍လာသော ရေပွက်ကိုရှုကြည့်၍ နေသောပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ" ဟူ၍သာ ထင်ကာမြင်ကာလာမည်။

ထို့အတူ ဝေဒနာသည် ဝတ္ထု, အာရုံ, ကိလေသာအစေး, အတွေ့ ထိခိုက်ခြင်း ဤအကြောင်းလေးပါးကို စွဲ၍ဖြစ်ပေါ်လာတယ်။ ဝေဒနာကိုလည်း နိစ္စ ဓုဝအတ္တာနှစ်ပါးတို့မှ ကင်းသောကြောင့် နိစ္စဓုဝဟူ၍ရင်း ငါ,ငါ့ဥစ္စာဟူ၍ ရင်း စွဲယူခြင်းငှါ မတတ်ကောင်းပါ။ အမှောက်မှောက်အမှားမှား စွဲယူငြားသော်လဲ စွဲယူတိုင်းမလိုက်ပါပဲ အနိစ္စ ဒုက္ခ အနတ္တ အသုဘသာ ဖြစ်သွားမည်။

ဝေဒနာသည် ကြာမြင့်စွာ မတတ်နိုင်၍ အကြောင်းပြည့်စုံက လက်ဖျစ်တတ်ခန့်ကာလမှာပင် ကုဋေတသိန်းလောက် အကြိမ်ပေါင်းများစွာ ဖြစ်ပျက်ကာနေနိုင်ပါသည်။ ဝေဒနာကို ပညာဖြင့်ကြည့်ရှုသောပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ"လို့ ထင်ကာ မြင်ကာသာလာမည်။

နွေလတို့၏အဆုံး ကဆုန်နယုန်လ မွန်းတည့်ချိန်အခါတို့မှာ ရှေးကရေနွားသော အင်းအိုင်အပြင် သဲသောင်ပြင်တို့၌ မိုးရွာရန်ရေခိုးတို့တက်၍ နေရောင်ခြည်နှင့် ပေါင်းဆုံမိသောအခါ ရေလို့ထင်မှတ်ရအောင် တံလှပ်ရောင်ပေါ်လာကာနေပါတယ်၊ ထိုတံလှပ်ရောင်သည် တုန်တုန်လှုပ်လှုပ်ဖြစ်၍ မြစ်သမုဒ္ဒရာတို့၌ လှိုင်းအဟုန်ကဲ့သို့ ထင်ရပါတယ်။

တံလှပ်ရောင်သည် လူအများကို ရေတို့ဖြင့်ပြည်ကာနေတဲ့ ရေအိုင်ကြီးပဲ မြစ်ကြီးပဲလို့ ယောင်ယမ်းမြည်တမ်းစေနိုင်ပါတယ်။ ထို့သို့ထင်စေသော်လဲ အနှစ်မရှိသောကြောင့် တံလှပ်ရောင်ကိုယူ၍ သောက်ခြင်းချိုးခြင်း ရေတံဂေါင်းရေအိုးကိုပြည့်စေခြင်းငှါ မတတ်ကောင်းပါ။ တံလှပ်ရောင်ကို ပညာဖြင့်ကြည့်ရှုသော ပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ"လို့ ထင်ကာမြင်ကာလာမည်။

ထို့အတူ ညှိတဲ့အဆင်း ရွှေတဲ့အဆင်း ဖြူတဲ့အဆင်းများကို အမှတ်ပြု၍ သိတဲ့သညာသည် အညိုအရွှေအဖြူအဆင်းများကို မှတ်သားရန် တုန်တုန်လှုပ်လှုပ်ဖြစ်ကာနေတယ်။ အညိုအရွှေအဖြူအဆင်းများကို လူအများအား နိစ္စ သုခ အတ္တ သုဘလို့ ယောင်ယမ်းမြည်တမ်းစေနိုင်တယ်။ အမှောက်မှောက်အမှားမှား ယောင်ယမ်းမြည်တမ်းငြားသော်လဲ ယောင်ယမ်းမြည်

တမ်းတိုင်း မလိုက်ပါပဲ အနှစ်မရှိသောကြောင့် အနိစ္စ ဒုက္ခ အနတ္တ အသုဘသာဖြစ်ကာသွားမည်။ သညာကို ပညာဖြင့် ရှုကြည့်သောပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ" လို့ ထင်ကာမြင်ကာလာမည်။ ထို့ကြောင့် မြတ်စွာဘုရားက "သညာကို တံလှပ်ရောင်နှင့်တူစွာ ရှုပါ" လို့ ဟောတော်မူရင်းဖြစ်သတည်း။

အနှစ်ကိုအလိုရှိသောယောကျ်ားတယောက်သည် ဓားမကို ကိုင်စဲ့ကာ တောသို့ဝင်သွားရာပါတယ်။ အတွင်းကအနှစ်မပါ အရွက်ဖူးချည်းသာဖြစ်သော ငှက်ပျောတုံးကြီးကို တွေ့ရပါတယ်။ ငှက်ပျောတုံးကြီးကား များစွာသော အရွက်ဖူးတို့ဖြင့် ပေါင်းစုကာနေပါတယ်။ တခုသောရွက်ဖူး၏ အဆင်းနှင့် တခုသောရွက်ဖူး၏ အဆင်းမတူပဲ သဘောအမျိုးမျိုးဖြစ်ကာနေတယ်။ အနှစ်ရှာသောယောကျ်ားသည် ငှက်ပျောတုံးကြီး၏ အရင်းအဖျားကို ပယ်ဖြတ်ပြီး ငှက်ပျောရွက်ဖူးတို့ကို တခုစီတခုစီ ခွါရာပါတယ်။ ခွါကြည့်သော် အနှစ်မဆိုထားနဲ့ အကာတောင်ရှာမရပါ။ ငှက်ပျောတုံးရွက်ဖူးမှ တစုံတခုယူ၍ အနှစ်မရှိသောကြောင့် အတွင်းထုပ်လျောက် ခေါင်လျောက် အခြင်စသည်ပြုလုပ်၍ ကျောင်းအိမ်ဆောက်ထားခြင်းငှါ မတတ်ကောင်းပါ။ ဆောက်ထားသော်လဲ နေထိုင်ရန်မဖြစ်နိုင်ပါ၊ ပျောက်ကွယ်ပျက်စီး၍သာ သွားပါမည်။ ငှက်ပျောတုံးကို ပညာဖြင့်ကြည့်ရှုသော ပညာရှင်အား "အလကားးပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ" လို့ ထင်ကာမြင်ကာလာမည်။

ထို့အတူ ဖဿစေတနာစသော တရားအပေါင်းကို သခ်ါရက္ခန္ဓာလို့ခေါ်တယ်။ ဖဿသဘောကားတမျိုး စေတနာစသော တရားတို့သဘောကား တမျိုးစီဖြစ်ကြ၍ အမျိုးမျိုးသောသဘောလက္ခဏာရှိပါတယ်။ ပြုပြင်စီစဉ်အားထုတ်တဲ့ သခ်ါရက္ခန္ဓာတို့ကို နိစ္စမုဝဟူ၍၎င်း ဂါ, ဂါဉစွာဟူ၍၎င်း စဲ့ယူခြင်းငှါမတတ်ကောင်းပါ။ အမှောက်မှောက်အမှားမှား စဲ့ယူကာထားသော်လဲ စဲ့ယူတိုင်းမလိုက်ပါပဲ အနိစ္စ ဒုက္ခ အနတ္တ အသုဘသာဖြစ်သွားရပါတယ်။

သခ်ါရက္ခန္ဓာကို ပညာဖြင့် ရှုကြည့်သော ပညာရှင်အား "အလကားးပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ" လို့ ထင်ကာမြင်ကာလာမည်။ ထို့ကြောင့် မြတ်စွာဘုရားက "သခ်ါရက္ခန္ဓာကို ငှက်ပျောတုံးနှင့်တူစွာရှုပါ" လို့ ဟောတော်မူရင်းဖြစ်သတည်း။

မျက်လှည့်မှော်ဆရာတို့သည် မျက်လှည့်အတတ် မှော်အတတ်တို့ဖြင့် ပြအပ်သော အဆင်းသဏ္ဌာန်ဒြဗ္ဗ ရှိပါတယ်။ ထိုမျက်လှည့် မှော်အတတ်တို့ဖြင့် ပြအပ်သောသဏ္ဌာန်ဒြဗ္ဗသည် အဟုတ်အမှန် မဟုတ်သောကြောင့် တိုတောင်းလျင်မြန်လှပါတယ်။ လူအများကို ရှင်ဥစသည်မဟုတ်ပဲ တစုံတခုသော ရေခဲများကို ရှေငွေ့ပလဲဟူ၍ မှတ်ယူစေနိုင်ပါတယ်။

မျက်လှည့်အတတ်ဖြင့် ပြထားသောအဆင်းသဏ္ဌာန်စသည်ကို ပညာဖြင့် ကြည့်ရှုသောပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ"လို့ ထင်ကာမြင်ကာလာမည်။ ထို့အတူ ဦးတိုက်သိတဲ့ အမူအရာ ဝိညာဉ်သည် မျက်လှည့်အတတ်ဖြင့် ပြထားသောအဆင်းသဏ္ဌာန် ဒြဗ္ဗထက်ပင် အလွန်တိုတောင်း လျင်မြန်လှပါတယ်။ မြစ်ကမ်းနားမှာ ကလေးများကစားတဲ့ စကြာကို လျင်မြန်သောကြောင့် တခုတည်းထင်ရဘိသကဲ့သို့ တခုတည်းသော စိတ်ဖြင့်သာ သတ္တဝါအများ သွားကာ လာကာ ရပ်ကာ ထိုင်ကာ နေကြဘိသကဲ့သို့ ထင်ရပေသည်။

သို့ရာတွင် သွားတဲ့ လာတဲ့ ရပ်တဲ့ ထိုင်တဲ့ စိတ်များကား တခြားစီပင် ဖြစ်ပါသည်။ တခုတည်းသောစိတ်ဖြင့်ပင် သွားလာရပ်ထိုင်ကာ နေဘိသကဲ့သို့ ယူမှားစေသည်။ ဝိညာဉ်ကို အနှစ်သာရမရှိသောကြောင့် နိစ္စဓုဝဟူ၍ ၎င်း ငါ,ငါ့ဥစ္စာဟူ၍၎င်း စွဲယူခြင်းငှါမတတ်ကောင်းပါ။ အမှောက်မှောက် အမှားမှား စွဲယူကာထားသော်လဲ စွဲယူတိုင်းမလိုက်ပါပဲ အနိစ္စ ဒုက္ခ အနတ္တ အသုဘသာဖြစ်သွားပါတယ်။ ဝိညာဉ်ကိုကြည့်ရှုသောပညာရှင်အား "အလကားပဲ အချည်းနှီးပဲ ဘာမျှသုံးမဖြစ် ဘာမျှအနှစ်သာရမရှိ"လို့ ထင်ကာမြင်ကာလာမည်။ ထို့ကြောင့် မြတ်စွာဘုရားက "ဝိညာဉ်ကိုမျက်လှည့် မှော်အတတ်တို့ဖြင့် ပြထားသော အဆင်းသဏ္ဌာန်နှင့် တူစွာရှုပါ"လို့ ဟောတော်မူရင်း ဖြစ်သတည်း။

ဤသို့ ရှုကြည့်ဖန်များသော ယောဂီသည် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတွင် စက်ဆုပ်ရုံရှာ မုန်းတီး၍သွားပါတော့တယ်။ ရုံရှာသော် မတပ်နှစ်သက် မသာယာတော့ပါ။ မသာယာသောကြောင့် အရဟတ္တမဂ်သို့ ဆိုက်ကာသွားပါတော့တယ်။ အရဟတ္တမဂ်ဆိုက်ခဲ့သော် အရဟတ္တဖိုလ် ပေါက်၍ ရဟန္တာဖြစ်ပါတော့သတည်း။

ခန္ဓာငါးပါးတို့၏ ဥပမာမျိုးမျှားကို သုတ္တန်ပါဠိတော်တို့မှာ မျှားစ့ဉာ ဟောထားလျက်ရှိပါ၏။ သို့ရာတွင် ကျယ်ဝန်းမည်ဖြစ်သောကြောင့် မရေးတော့ပေ။

လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ထုတ်ပြခြင်း

ရူပွနလက္ခဏ ရူပ၊ အနာရမ္မဏရသ၊ အပွဟေယျဘာဝပစ္စုပဋ္ဌာန်၊ ဝိညာဏပဒဋ္ဌာနံ။ (ဥဒါန်း)

ဖောက်ပြန်တဲ့သဘော ဖောက်ပြန်တဲ့အမူအရာကို ရူပ်တရားလို့ ခေါ်သည်။ ထိုရူပ်တရားသည် ဘယ်ဝတ္ထု ဘယ်အာရုံကိုမျှ အာရုံပြုခြင်း ကိစ္စမရှိ၊ ပယ်ရသောတရားမဟုတ် ဟူ၍ ဉာဏ်အား ရှေးရှုထင်လာသည်။ ဝိညာဉ်ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။

တနည်း။ ။ရူပွနလက္ခဏံ ရူပံ၊ ဝိကီရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။ (သမ္မောဟဝိနောဒနီ)

ဖောက်ပြန်တဲ့သဘော ဖောက်ပြန်တဲ့ အမူအရာကို ရူပ်တရားလို့ ခေါ်သည်။ ထိုရူပ်တရားသည် ဖရိုဖရဲ ပျံ့ကြဲခြင်းကိစ္စ ရှိသည်။ အဗျာကတတရားလို့ ဉာဏ်အား ရှေးရှု ထင်လာသည်။ ဝိညာဉ်လျှင် နီးစ့ဉာသော အကြောင်း ရှိသည်။

အနုဘဝနလက္ခဏာ ဝေဒနာ၊ ဝိသယရသသမ္ဖောဂရသာ၊ သုခဒုက္ခပစ္စုပဋ္ဌာနာ၊ ဖဿပဒဋ္ဌာနာ။ (ဥဒါန်း)

အာရုံကို ခံစားတဲ့သဘော ခံစားတဲ့အမူအရာကို ဝေဒနာလို့ခေါ်တယ်။ ထိုဝေဒနာသည် အာရုံ၏ အရသာကို သုံးဆောင်ခံစားခြင်းကိစ္စ ရှိသည်။ ချမ်းသာဆင်းရဲဟူ၍ ဉာဏ်အား ရှေးရှု ထင်လာသည်။ ဖဿ-ဟူသော အကြောင်းကြောင့် ပေါ်ကာလာသည်။

သညာ သဥ္ဇာနနလက္ခဏာ၊ တဒေဝေတဿိ ပုန သဥ္ဇာနနပစ္စယနိမိတ္တ-ကရဏရသာ၊ ယထာဂဟိတနိမိတ္တဝသေန အဘိနိဝေသကရဏပစ္စုပဋ္ဌာနာ၊ ယထာဥပဋ္ဌိတဝိသယပဒဋ္ဌာနာ။ (ဥဒါန်း)

အာရုံကို အမှတ်ပြု၍ သိတဲ့သဘောအမူအရာကို သညာလို့ ခေါ်သည်။ ထိုသညာသည် ယခု မြင်တွေ့ရသော ဝတ္ထုကား ဟို ရှေးက မြင်တွေ့ဘူးသော ဝတ္ထုပဲလို့ တဖန် အမှတ်ပြု၍ သိခြင်း၏ အကြောင်းဖြစ်တဲ့ အမှတ်နိမိတ်ကို ပြုခြင်းကိစ္စ ရှိသည်။

ယူတိုင်းသော အာရုံ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်းကို ပြုသည်ဟူ၍သာ ဉာဏ်အား ရှေးရှု ထင်လာသည်။ ထင်တိုင်းသော အာရုံကြောင့် ပေါ်ကာလာသည်။

တနည်း။ ။အစိရဋ္ဌာနပစ္စုပဋ္ဌာနာ ဝါ။

ကြာမြင့်စွာ မတည်ဟူ၍ ဉာဏ်အား ရှေးရှု ထင်လာသည်။ တဖန် အမှတ်ပြု၍ သိခြင်း၏ အကြောင်းဖြစ်တဲ့ အမှတ်နိမိတ်ပြုဆိုသည်မှာ သစ်လုံးစသည်တို့၌ သစ်ရွေသမား, လက်သမားစသည်တို့သည် မျဉ်းကြိုးဖြင့် အမှတ်နိမိတ်ပြုကာ သိကြ ဆောက်လုပ်ကြသကဲ့သို့ မှတ်ရာသည်။

ယူတိုင်းသော အာရုံ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်းကို ပြုတယ်လို့ ထင်လာသည် ဆိုသည်မှာ ဆင်ကို မြင်ဘူးသောသူကန်းကဲ့သို့ မှတ်ရာသည်။ သူကန်းမှာ သူယူထားသော အတိုင်းသာ သိနိုင်သည်။ အဆန်းတကြယ် မသိတတ်လို့ ဆိုလိုသည်။ အာရုံမှာ သက်ဝင်၍ ဖြစ်ခြင်း မရှိသောကြောင့် ကြာမြင့်စွာ မတည်နိုင်ဟူ၍ ဉာဏ်အား ရှေးရှု ထင်လာသည်။ လျှပ်စစ်ရောင်ကဲ့သို့ မှတ်ရာသည်။

ယူတိုင်းထင်တိုင်းသော အာရုံကြောင့် ပေါ်လာသည်ဆိုသည်မှာ လယ်တောဝယ် မြက်ဖြင့်ပြုလုပ်ကာထားသော ယောကျ်းရုပ်တို့၌ သားသမင်တို့အား ဖြစ်သော ယောကျ်းဟူသော အမှတ်သညာကဲ့သို့ မှတ်လေဆိုလိုသည်။ ဉာဏ်နှင့်ယှဉ်သောသညာကား ဉာဏ်သို့သာ အစဉ်လိုက်သည်။ ထို့ကြောင့် မှားသောအားဖြင့် နှလုံးသွင်းခြင်း ဖောက်ဖောက်ပြန်ပြန် ယူခြင်းကို မပြုတတ်ပါဆိုလိုသည်။ သမာဓိနှင့်ယှဉ်သော သညာလည်း ကြာမြင့်စွာ တည်နေနိုင်သည် ဆိုလိုသည်။

သခ်ါရာ အဘိသခ်ၤရဏလက္ခဏာ၊ အာယူဟနရသာ၊ ဝိပ္ဖါရပစ္စုပဋ္ဌာနာ၊ သေသခန္ဓတ္တယပဒဋ္ဌာနာ။ (ဥဒါန်း)

ပြုပြင်စီရင်တဲ့သဘောအမူအရာကို သခ်ါရက္ခန္ဓာလို့ခေါ်သည်။ ထိုသခ်ါရက္ခန္ဓာသည် အားထုတ်ခြင်းကိစ္စရှိသည်။ ပုံ့နှံ့သောအခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်လာသည်။ ကြွင်းသော ခန္ဓာသုံးပါးဟူသော အကြောင်းကြောင့် ပေါ်ကာလာသည်။

စေတနာ စေတယိတလက္ခဏာ၊ အာယူဟနရသာ၊ သံဝိဒဟန-
ပစ္စုပဋ္ဌာနာ၊ သေသခန္ဓတ္တယပဒဋ္ဌာနာ။ (အဋ္ဌသာလိနီ)

စေ့ဆော်အားထုတ်တဲ့အမူအရာသဘောကို စေတနာလို့ခေါ်သည်။ ထိုစေတနာသည် အားထုတ်ခြင်းကိစ္စရှိသည်။ စီရင်တတ်သည်လို့ ဉာဏ်အား ရှေးရှုထင်လာသည်။ ကြင်းသော ခန္ဓာသုံးပါးဟူသော အကြောင်းကြောင့် ပေါ်ကာလာသည်။

စေတနာကို လယ်ရှင်၏သဘောအားဖြင့် တည်ကာနေတယ်လို့ ဆိုရပေသည်။ လယ်ရှင်သည် လယ်ရိတ်သမားတို့ကို ခေါ်ယူ၍ ရိတ်ကြကွာလို့ ဆိုကာ တဖက်မှလယ်သို့ သက်ဆင်းသည်။ လယ်ရှင်သည် လယ်ရိတ်သမားများထက် နှစ်ဆပိုမို၍အားထုတ်ပါတယ်။ အပိုင်းအခြားပြုပြီး လယ်သမားတို့အား ထမင်း ဆေးလိပ် ကွမ်းယာစသော ပန်းနှံသာတို့ကို ပေးသည့်ပြင် လမ်းကိုလည်း ညီညွတ်အောင်ပြုပြင်တယ်။ ထို့ကြောင့် စေတနာကို လယ်ရှင်နှင့် တူတယ်လို့ မှတ်ယူရာသည်။

စိရင်တတ်တယ်လို့ ဉာဏ်အား ရှေးရှုထင်လာသည်ဆိုသည်မှာ မိမိကိစ္စသူတပါးကိစ္စကို ပြီးစေနိုင်သော တပည့်ကြီး လက်သမားကြီးတို့ကဲ့သို့ မှတ်ရာသည်။ တပည့်ကြီးသည် အဝေးမှလာသော ဆရာကိုမြင်ခဲ့သော် မိမိကိုယ်တိုင် သင်အံလျက် အခြားသောတပည့်ကလေးများကိုလဲ အတုလိုက်၍ သင်အံစေသည်နှင့် တူသည်ဆိုလိုသည်။

စိတ္တံ ဝိဇာနနလက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ၊ သန္ဒဟနပစ္စုပဋ္ဌာနံ၊ နာမရူပ-
ပဒဋ္ဌာနံ။ (အဋ္ဌသာလိနီ)

အာရုံကို ဦးထိုက်သိတဲ့သဘောအမူအရာကို စိတ်လို့ခေါ်သည်။ ထိုစိတ်သည် ရှေသွားခြင်းကိစ္စရှိသည်။ ရှေစိတ်နောက်စိတ် အခြားမရှိပဲ စပ်သည်ဖြစ်၍သာ ဉာဏ်အား ရှေးရှုထင်လာသည်။ နာမ်ရုပ်ဟူသောအကြောင်းကြောင့် ပေါ်ကာလာသည်။

စိတ်ကား ရှေသွားခြင်း ကိစ္စရှိသည်ဆိုသည်မှာ ဒွါရခြောက်ပါးတို့ဖြင့် မြင်ကြ ကြားကြ နံကြ လျက်ကြ တွေ့ကြ သိကြတဲ့ အာရုံခြောက်ပါးတို့ကို ဝိညာဉ်ဖြင့်သာ ရှေးဦးစွာသိသည်။ ထို့နောင်မှ အမှတ်ပြု၍ သိကြ ခံစား

ကြ ပြုပြင်အားထုတ်ကြပါသည်။ ထို့ကြောင့် ရှေသူ့းခြင်းကိစ္စရှိတယ်လို့ ဆိုလိုသည်။

တဟုန်းဟုန်းတပြောင်ပြောင် တောက်လောင်၍နေသော မီးတောက်ကြီးနှင့် အလားတူစွာ ရာဂဒေါသစသောမီးတဆဲ့တမီးတို့ဖြင့် တဟုန်းဟုန်းတပြောင်ပြောင် တောက်လောင်ကာနေတဲ့ ခန္ဓာငါးပါး တည်းဟူသော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမခေါ် မီးတောက်ကြီးရှိပါတယ်။ ဒီမီးတောက်ကြီးကို ဘယ်သူညှို့ထုန်းကာထားပါသလဲလို့ စဉ်းစားရမယ်။ စဉ်းစားကြံဆသောအခါ ဝဋ်ဘုံအတွင်း ရိုက်နှက်ခါသွင်းတဲ့ ကုသိုလ် အကုသိုလ်ကံဆိုတဲ့ မီးညှို့ထုန်းသမားကို တွေ့ရမယ်။ တွေ့တဲ့အခါ ဝဋ်ဆင်းရဲ ပွါးများအောင် အစာကျွေး၍ မွေးထားမလား, ဝဋ်ဆင်းရဲ ဇာတ်သိမ်း၍ ငြိမ်းအေးသွားအောင် သတ်ပစ်မလားလို့ မေးချင်တယ်။ သတ်ပစ်ချင်တယ် ဘုရားလို့ ပြောကြမှာပဲနော်။ သတ်လိုလျှင် ဘာလက်နက်နဲ့ ပစ်ခွင်းပြီး သတ်ရမလဲလို့ ရှာကြရလိမ့်မယ်။

ရှာကြတဲ့အခါ ကံကိုကုန်စေနိုင်တဲ့ (သဘာဝအားဖြင့် မကောင်းမကောင်းတဲ့အကျိုးကို ပေးတယ်လို့လဲ မဆိုရ, သဘာဝအားဖြင့်ကောင်းကောင်းတဲ့အကျိုးကို ပေးတယ်လို့လဲ မဆိုရတဲ့) အကဏ္ဍအသုက္က အကဏ္ဍ-အသုက္ကဝိပါကကံကို တွေ့ရလိမ့်မယ်ကွယ်တို့၊ ကံဆိုသည်မှာ မင်ဉာဏ်လေးပါးကို ဆိုပေသည်။ ပရိယာယ်အားဖြင့်တော့ ဒါနသီလဘာဝနာတို့ရဲ့ အတွင်းမှာ မဂ္ဂင် ဗောဇ္ဈင်ထိုက်တဲ့ သတိနှင့်ဉာဏ်ပညာကို "ကံကိုကုန်စေနိုင်တဲ့ကံ" လို့ဆိုရပေသည်။ မင်ဉာဏ်လေးပါး မဂ္ဂင် ဗောဇ္ဈင် လက်နက်များရအောင် ဘယ်တရားကို အားထုတ်မည်လဲ။

ဘာဝနာနည်းသုံးမျိုး

အကောင်းဆုံးနည်းအားဖြင့် ဘာဝနာတရားကို ပွါးများရလိမ့်မည်။ ဘာဝနာနည်းကား အကျယ်အားဖြင့် သမထပုဗ္ဗင်္ဂမဝိပဿနာနည်း ဝိပဿနာပုဗ္ဗင်္ဂမသမထနည်း ယုဂနဒ္ဓဝိပဿနာနည်းလို့သုံးမျိုးရှိတယ်။ ထို သုံးမျိုးတို့တွင် **သမထပုဗ္ဗင်္ဂမဝိပဿနာ**နည်းဆိုသည်မှာ အာနာပါနဓာတုမနသိကာရစသော သမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တပါးပါးကို ဥပစာရအပ္ပနာသမာဓိများရအောင် အစစွာအားထုတ်ရသည်။ ထို့နောင်မှ

ရုပ်နာမ်နှစ်ပါးကို သိမ်းဆည်းပွါးများခြင်းစသော နည်းကို သမထရှေ့သွား ရှိသော ဝိပဿနာနည်းလို့ ဆိုပါသည်။

ဝိပဿနာပုဗ္ဗင်္ဂမသမထနည်းဆိုသည်မှာ သမထကမ္မဋ္ဌာန်း များကို အစစ္စာ အားမထုတ်ပဲ ရုပ်နာမ်နှစ်ပါးကို သိမ်းဆည်း၍ ရုပ်နာမ်နှစ်ပါးတို့ အဖြစ်အပျက်များကို ရှုကြည့်ပွါးများရာတွင် သမာဓိတခါတည်းပါကာ လာသောနည်းကို ဝိပဿနာပုဗ္ဗင်္ဂမသမထနည်းလို့ဆိုသည်။

ယုဂနဒ္ဓဝိပဿနာနည်းဆိုသည်မှာ စျာန်ကိုရပြီးသော ယောဂီသည် ပဌမဈာန်ကို ဝင်စားလိုက် စျာန်မှထ၍ စျာန်စိတ်စျာန်အင်္ဂါတို့ကို "မမြဲဘူး မကောင်းဘူး အလိုမလိုက် အစိုးမရဘူး" လို့ ဝိပဿနာရှုလိုက် ဝိပဿနာရှု၍ ဒုတိယဈာန်ကိုဝင်စားလိုက် စျာန်မှထ၍ စျာန်စိတ်စျာန်အင်္ဂါသခ်ါရတရား တို့ကို ဝိပဿနာရှုလိုက် ဤသို့စသည်ဖြင့် ပွါးများသောနည်းကို ယုဂနဒ္ဓ ဝိပဿနာနည်းလို့ ဆိုလိုသည်။

သမထပုဗ္ဗင်္ဂမဝိပဿနာနည်းပွါးပုံ

ထိုနည်းသုံးပါးတို့တွင် သမထပုဗ္ဗင်္ဂမဝိပဿနာနည်းပွါးပုံကား မပွါးမီ ဆောင့်ကြောင့်ထိုင်၊ ဘုရားအားရှိခိုး လက်အုပ်ချီ၍ အတုလော၊ လောက သုံးခွင် ဘုံအပြင်ဝယ် ပြိုင်ယှဉ်သူကင်း အစိုးရခြင်းနှင့် ပြည့်စုံတော်မူသော။ မဟာကာရုဏိကော၊ ကြီးကျယ်များမြတ် သနားတတ်သော ကရုဏာချိတော် မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူသော မြတ်စွာဘုရားသည်။ မေ၊ သမထဝိပဿနာ အဖြာဖြာကို ရှုကြည့် ပွါးများသော တပည့်တော်၏။ သီသေ၊ ဦးခေါင်းထိပ်ထက်၌။ တိဋ္ဌတု၊ တည်နေကိန်းဝပ်တော်မူပါဘုရား။

ခန္ဓာကိုယ်ကိုကြည့်

အကြောင်းကြောင့် ထင်ရှားဖြစ်ပေါ်လာကာ လျှပ်စစ်ရောင်ပမာ လျင်မြန်စွာ ပျောက်ကွယ်သေဆုံးရသော ဤရုပ်နာမ်နှစ်ပါး တရားအစုတို့ ကို သဗ္ဗညုမြတ်စွာဘုရားအား သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ဘုရား၊ ကလျာဏ မိတ္တဖြစ်သော ဆရာသမားအားလည်း သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ဘုရား။

ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ခဏခဏ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်းဆိုးဝါးတဲ့ ဤရုပ်နာမ်နှစ်ပါး တရား

အစုတို့ကို သဗ္ဗညုမြတ်စွာဘုရားအား သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ အရှင်ဘုရား၊ ကလျာဏမိတ္တဖြစ်သော ဆရာသမားအားလည်း သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ အရှင်ဘုရား။

မအို မနာ မသေရန် တောင့်တလို့ မရ အနတ္တဖြစ်သော ဤ ရုပ် နာမ် နှစ်ပါး တရားအစုတို့ကို သဗ္ဗညုမြတ်စွာဘုရားအား သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ အရှင်ဘုရား၊ ကလျာဏမိတ္တဖြစ်သော ဆရာသမားအားလည်း သဒ္ဓါကြည်ဖြူ ပေးလှူပါ၏ အရှင်ဘုရား။

အပေါင်းအားဖြင့် ပဥ္စဒ္ဓကသိလံ သမာဒိယာမိ၊ ငါးပါးသော အင်္ဂါရှိသော သီလတော်မြတ်ကို ခံယူဆောက်တည်ပါ၏ ဘုရားဟူ၍ ဖြစ်စေ။

အဋ္ဌင်္ဂဒကသိလံ သမာဒိယာမိ၊ ရှစ်ပါးသော အင်္ဂါရှိသော သီလတော်မြတ်ကို ခံယူဆောက်တည်ပါ၏ ဘုရားဟူ၍ ဖြစ်စေ။

နဝင်္ဂဒကသိလံ သမာဒိယာမိ၊ ကိုးပါးသော အင်္ဂါရှိသော သီလတော်မြတ်ကို ခံယူဆောက်တည်ပါ၏ ဘုရားဟူ၍ ဖြစ်စေ။

ဒသင်္ဂဒကသိလံ သမာဒိယာမိ၊ ဆယ်ပါးသောအင်္ဂါရှိသော သီလတော်မြတ်ကို ခံယူ ဆောက်တည်ပါ၏ ဘုရားဟူ၍ ဖြစ်စေ။

အာဇီဝဋ္ဌမကသိလံ သမာဒိယာမိ၊ အာဇီဝလျှင် ရှစ်ခုမြောက်ရှိသော သီလတော်မြတ်ကို ဆောက်တည်ပါ၏ ဘုရားဟူ၍ ဖြစ်စေ ကိုက်နှစ်သက်ရာ သီလကို ခံယူပါ။

ထို့နောင် ဤသမထဝိပဿနာ အကျင့်ဖြင့် သစ္စာလေးပါးကို သိ၍ မဂ်ဖိုလ်ကို ရပါစေသတည်းလို့ တောင့်တရမည်။

တင်ပလ္လင်ခွေ၊ ဗုဒ္ဓါနုဿတိ-စသော စတုရာရက္ခတရား လေးပါးတို့တွင် အရဟံဂုဏ်တော်ကို ဖြစ်စေ မေတ္တာ-စသော ဘာဝနာကို ဖြစ်စေ တဆဲ့ ငါးမိနစ်လောက် ပွါးပါ။

အရဟံဂုဏ်တော် ပွါးပုံမှာ— ဤသိပတနမိဂဒါဝုံတောမှာ နတ်ဗြဟ္မာ အပေါင်းတို့နှင့် တကွ ပဥ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစက္ကာတရားကို ဟောတော်မူသော မြတ်စွာဘုရားကို အောက်မေ့၍—

အရဟံ၊ တထောင့်ငါးရာ ကိလေသာတို့ကို ပယ်ခွါခုတ်ဖြတ် သတ်တော်မူသော မြတ်စွာဘုရားလို့ဎင်း။

အရဟံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားလို့ဂုဏ်း အဖန်ဖန် ပွါးလေ။

မေတ္တာပွါးပုံ—အတ္တ, ပိယ, ဝေရီ, မဇ္ဈတ္တ ပုဂ္ဂိုလ်လေးမျိုးခဲ့။ ထိုတွင် မိမိကိုယ်ကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ, ဆင်းရဲအပေါင်းမှ ကင်းလွတ်ပါစေလို့ အကြိမ်ကြိမ်ပွါး။ မိမိအကျိုးစီးပွါး လိုလားသော ပိယပုဂ္ဂိုလ်များ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ, ဆင်းရဲအပေါင်းမှ ကင်းလွတ်ပါစေ၊ အလေးပြုထိုက်သော မိဘဆရာသမားတို့ရှိသော် မျက်နှာကိုကြည့်၍ ထင်မြင်အောင် ပွါးလေ။ မိမိအကျိုးစီးပွါး မလိုလားသော ရန်သူများကို မိမိအကျိုးစီးပွါး မလိုလားသော ဝေရီ ရန်သူများသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ, ဆင်းရဲအပေါင်းမှ ကင်းလွတ်ပါစေ၊ မုန်းချစ်မရ လျစ်လျူရှုရသော မဇ္ဈတ္တပုဂ္ဂိုလ်များသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ, ဆင်းရဲအပေါင်းမှ ကင်းလွတ်ပါစေလို့ အဖန်ဖန်ပွါး၊ တနေ့စီ ထား၍သော်လဲ ပွါးလေ။

ပရိဂ္ဂဟ-သိမ်းဆည်းပုံ ခြောက်ပါး

၁-ဓာတုပရိဂ္ဂဟ။ ၂-ရူပပရိဂ္ဂဟ။ ၃-အရူပပရိဂ္ဂဟ။ ၄-ပစ္စယပရိဂ္ဂဟ။ ၅-အင်္ဂါနပရိဂ္ဂဟ။ ၆-မဂ္ဂါမဂ္ဂပရိဂ္ဂဟ။ ဤ၆-ပါးကို အစဉ်အတိုင်း တခုပြီးမှ တခု ပွါးများအားထုတ်ပါလေ။

၁-ဓာတုပရိဂ္ဂဟ-ဓာတ်သိမ်းဆည်းပုံ

ဓာတုပရိဂ္ဂဟဆိုသည်မှာ ဓာတုမနသိကာရ ဓာတ်ကို နှလုံးသွင်းခြင်း စတုဓာတု၀ဝတ္ထာန် လေးပါးသောဓာတ်တို့ကို မှတ်သားပိုင်းခြားခြင်း ဓာတ်ကမ္မဋ္ဌာန်းကိုပင် ဆိုလိုပါသည်။ သတိပဋ္ဌာန်ပါဠိတော် ဓာတုမနသိ-ကာရပဗ္ဗ လာတဲ့အတိုင်း ပွါးရမည်။

ပွါးပုံကား—ခဲ့၍မရနိုင်တဲ့ ဓာတ်သဘော ရှစ်ခုတို့ကား ပကတိ မျက်စိဖြင့် မမြင်ကောင်း၊ ဒိဗ္ဗစက္ခု ဉာဏ်မျက်ရှုဖြင့်သာ မြင်ကောင်းတယ် ဆိုသောကြောင့် အမှုအရာ ကြီယာသက်သက်သာ ရှိပါတယ်။ ပရမာတ္ထမြို့ ပမာဏရှိသည်လို့ မိန့်ဆိုကြသည်။

ဓမ္မာနဉ္စိ သဘာ၀ဝိနိမုတ္တာ ကာစိ ကြိယာ နာမ နတ္ထိ။ (ဓမ္မသင်္ဂဏီ အနုဋ္ဌီကာ)

ဟိ၊ ထိုစကားသင့်စ့။ ဓမ္မာနံ၊ ပရမတ္ထတရားတို့အား။ သဘာဝဝိနိ-မုတ္တာ၊ သဘောမှ လွှတ်သော။ ကာစိ၊ တစုံတခုသော။ ကြိယာ နာမ၊ ကြိယာမည်သည်။ နတ္ထိ၊ မရှိ။

ထိုသို့ သေးငယ်လှသောကြောင့် ခန္ဓာကိုယ်မှာ ဓာတ်လေးပါးမှ လွှတ်တဲ့နေရာကို အပ်သွားထောက်၍ ပြစရာမရှိပါ၊ ဉာဏ်စိုက်၍ ပွါးတဲ့ နေရာမှာ နှလုံးသွင်းအားလျော်စ့ာ ဓာတ်တပါးပါးကို တွေ့နိုင်ပါတယ်။

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိ-ဟိတံ ဓာတုသော ပစ္စဝေက္ခတိ "အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု" တိ။

မြန်မာပြန် — ဣစ်သားရဟန်းတို့၊ တဖန် တနည်းကား ရဟန်းသည် သွား ရပ် ထိုင် လျောင်း လေးပါးပေါင်းသော ဣရိယာပုထ်တို့တွင် တခုခု အားဖြင့် တည်ကာနေတဲ့ ခန္ဓာကိုယ်ကို ဓာတ်ပဲလို့ ဆင်ခြင်ရမည်၊ ဆင်ခြင်ပုံကား — ဤ ခန္ဓာကိုယ်မှာ ပထဝီဓာတ်သာရှိသည် စသည်ဖြင့် ဆင်ခြင်ရာသတည်း။

ဓာတ်လေးပါးသရုပ်အဓိပ္ပါယ်တို့ကို ရေးခဲ့ပြီးဖြစ်၍ ပွါးပုံကိုသာပြအံ့၊ နိစ္စနိမိတ်အရိပ်အရောင် သဏ္ဌာန်နိမိတ်အရိပ်အရောင်များကို ပယ်ထားပြီး ခန္ဓာကိုယ်တနေရာရာမှာ ဉာဏ်စိုက်၍ ခန္ဓာကိုယ်မှာ ပထဝီဓာတ်သာရှိသည်၊ ငါမရှိလို့ အဖန်ဖန် နှလုံးသွင်း ပွါးများပါ။ ပယ်ထားဆိုသည်မှာ အရေးအသားသဏ္ဌာန်ဒြပ်များကို နှလုံးမသွင်းပါနှင့်ဆိုလိုသည်။ ပါဠိလို ၁၅-မိနစ်ပွါးပြီးသော် ခန္ဓာကိုယ်မှာ မာတဲ့သဘော မာတဲ့ အမှုအရာသာရှိသည်၊ ငါမရှိလို့ အဖန်ဖန် ပွါးများပါ။ နူးညံ့တဲ့သဘော နူးညံ့တဲ့အမှုအရာသာရှိသည်၊ ငါမရှိလို့လဲ ပွါးများပါ။ တသန့်တသန့် ပိုင်းခြား၍ ပွါးပါလေ၊ ဤကား မြန်မာလို ပွါးပုံတည်း။ ငါမရှိဆိုသဖြင့် ငါဥစ္စာမရှိလို့ ဆိုရာ ရောက်ပါသတည်း။

လူ့ကိစ္စကြီးငယ်ကို ပယ်ပြီး အားထုတ်သူများမှာ ညဉ့်သုံးပိုင်းပိုင်းပြီး အလယ်ပိုင်းလောက်သာအိပ်၍ နေ့ရောညရော လုံးရက်တိတိ အားထုတ်ပါလေ။ စိတ်ကို ဟိုမရောက် သည်မရောက် တနာရီလောက် ငြိမ်သက်စ့ာထားနိုင်လျှင် ဓာတ်ပဲလို့ထင်ကာ လာမည်၊ ယုတ်စ့အဆုံး တနာရီလောက် နေ့မှန်အချိန်ထား၍ အားထုတ်သွားနိုင်လျှင် သမာဓိအားကောင်း၍

အတော်ကြာသောအခါ ထင်လာပါလိမ့်မည်။ မထင်လာဘူးလို့ မအောက်မေ့ပါနှင့်။

အကျဉ်းရေးအံ့၊ အထက်နည်းမှီးပါ။

ခန္ဓာကိုယ်မှာ အာပေါဓာတ်သာရှိသည်၊ ငါမရှိလို့ ၁၅-မိနစ်လောက် ပွါးများပါ၊ ခန္ဓာကိုယ်မှာ ယိုစီးတဲ့သဘော ယိုစီးတဲ့အမူအရာသာ ရှိသည်၊ ငါမရှိ၊ ခန္ဓာကိုယ်မှာ ဖွဲ့စည်းတဲ့သဘော ဖွဲ့စည်းတဲ့အမူအရာသာ ရှိသည်၊ ငါမရှိ။ ။သုံးရက်တိတိ ပွါးများပါ။

ခန္ဓာကိုယ်မှာ တေဇောဓာတ်သာရှိသည်၊ ငါမရှိ၊ ခန္ဓာကိုယ်မှာ ပူတဲ့သဘော ပူတဲ့အမူအရာသာရှိသည်၊ ငါမရှိ၊ ခန္ဓာကိုယ်မှာ အေးတဲ့သဘော အေးတဲ့အမူအရာသာရှိသည်၊ ငါမရှိ။ ။သုံးရက်ပွါးများပါ။

ခန္ဓာကိုယ်မှာ ဝါယောဓာတ်သာရှိသည်၊ ငါမရှိလို့၊ ခန္ဓာကိုယ်မှာ ထောက်ပံ့တဲ့သဘော ထောက်ပံ့တဲ့အမူအရာသာရှိသည်၊ ငါမရှိလို့၊ ဤသို့ ဓာတ်တပါးတပါးကို သုံးရက်စီပွါးပြီးနောက် ဤနည်းအတိုင်း ဓာတ်တပါးတပါးကို တရက်စီပွါးများအားထုတ်ပါလေ။

ဤကဲ့သို့ အားထုတ်ရာတွင် သမာဓိအားကောင်းသော ယောဂီအား ဓာတ်သဘောအမူအရာများ မျက်စိဖြင့်မြင်ရသကဲ့သို့ မနောဒ္ဒါရမှာ ထင်ပေါ်လာပါလိမ့်မည်။ ပေါ်လာတဲ့ဓာတ်သဘောကို သုံးရက်လောက်ဆက်၍ အားထုတ်ပါ။ ထို့နောင် ကြွင်းသောဓာတ်များကို ဆက်၍ပွါးများပါ၊ ဓာတ်ပဲလို့ထင်ကာလာလိမ့်မည်။ သတ္တဝါဟူသောအမှတ်သညာ ပျောက်ကာ သွားပါလိမ့်မည်။ အဇ္ဈတ္တခန္ဓာကိုယ်မှာ ဓာတ်ထင်ပြီးနောက် မိမိမှ အပ ဗဟိဒ္ဓသန္တာန်မှာ အိမ်နံရံတိုက်နံရံများကိုဖြစ်စေ ပုဂ္ဂိုလ် သတ္တဝါများကိုဖြစ်စေ ဓာတ်လေးပါးအစဉ်အတိုင်း ပွါးများပါ။ မကြာမီထင်လာပါလိမ့်မည်။ ထင်ခဲ့သော် ဆွမ်းထမင်းများ သုံးဆောင်စားသောက်သောအခါ ဆင်ခြင်လျှင် ဓာတ်သဘောအမူအရာများကို ဓာတ်သဘောအမူအရာတပါးတွင် လောင်းချနေဘိသကဲ့သို့ ထင်ကာလာမည်။

ထို့သို့မဟုတ်မူ ပထဝီဓာတ်တလုံးကိုပင် မထင်မခြင်း ထင်လာအောင် ပွါးများပါ။ ပထဝီဓာတ်ထင်လာပြီးမှ ကြွင်းကျန်သောဓာတ်များကို ပွါးများပါ။ မကြာမီ ထင်လာပါလိမ့်မည်။

ဗဟိဒ္ဓသန္တာန်များကိုလဲ ပ္ဌါးများကြည့်ရှုပါလေ။ ထင်ကာမြင်ကာ လာပါလိမ့်မည်။ သဗ္ဗညုမြတ်စွာဘုရားကား ထင်ကောင်းထင်နိုင်၍သာ ဟောတော်မူသည်။ ကေန် ထင်လိမ့်မည်လို့ ယုံကြည်စွာအားထုတ်ပါ။ နောက်မဆုတ်ပါနှင့်လို့ တိုက်တွန်းသည်။

၂-ရူပပရိဂ္ဂဟ-ရုပ်ကို သိမ်းဆည်းပုံ

ဓာတ်လေးပါးအပေါင်းဟုဆိုအပ်သော ဤခန္ဓာကိုယ်သည် ရှေရုပ် အစဉ်နှင့် မတူ နောက်ရုပ်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ်နိုပ်စပ်အပ် သောကြောင့် ရုပ်တရားပေတည်း, ရုပ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်၊ အရဆောင်ပြီးနောက် သားမြတ်နှစ်လုံးရဲကြားမှာ ရုပ္ပနဝိကာရဖောက်ပြန်တဲ့ အမူအရာကို ဉာဏ်စိုက်ပြီး "ဓာတ်လေးပါး ဖောက်ပြန်တယ်, ဓာတ်လေးပါး ဖောက်ပြန်တယ်"လို့ အဖန်ဖန် ပ္ဌါးများအားထုတ်ပါလေ၊ ဓာတ်ထင်ခဲ့ပြီးလျှင် တရက်နှစ်ရက် အတွင်းမှာပင် အနည်းငယ် ဝမ်းမြောက်တဲ့ အားကြီးနှစ်သက်ဝမ်း မြောက်ကာလာတယ်။ အားကြီးဝမ်းမြောက်တဲ့ ကိုယ်စိတ်နှစ်ဖြာငြိမ်း အေး၍ လာတယ်။ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေး၍ လာတော့ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာ၍လာတယ်။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ လာတော့ စိတ်တည်ကြည်၍လာတယ်။ စိတ်တည်ကြည်၍လာတော့ အမှန်အကန် သဘာဝမြင်၍ လာတယ်ဆိုတဲ့အတိုင်း လက်ရုံးများပြုတ်၍ ရှေနားတွင် ဖောက်ပြန်သွားလာ၍ နေသည်ကို မြင်ရတတ်ပါတယ်။ ဦးခေါင်းများလဲ ပြုတ်၍ ဖောက်ပြန်သွားလာ၍ နေသည်ကိုမြင်ရတတ်ပါတယ်။ အားထုတ် သောယောဂီများသည် လက်ရုံးမှရှိပါသေးလားလို့ စမ်းသပ်ကာကြည့်ကြ သည်ကိုပင် တွေ့ရပါသည်။

လူသေကောင်များလဲ ပက်လက်ကြီးရှေနားတွင်ပေါ်ကာ ဖောက်ပြန် လျက်ပြနေသည်ကို တွေ့ရတတ်ပါသတည်း။ ဤကဲ့သို့ အဇ္ဈတ္တမှာ ထင်မြင် ခဲ့သော် သုံးရက်လောက်ဆက်ပြီးပ္ဌါးများပါ။ ထိုနောင် ဗဟိဒ္ဓမှာကြည့်၍ "ဓာတ်လေးပါး ဖောက်ပြန်တယ်, ဓာတ်လေးပါး ဖောက်ပြန်တယ်"လို့ ပ္ဌါးများအားထုတ်ပါလေ၊ ဗဟိဒ္ဓမှာလဲ ဖောက်ပြန်ပုံထင်မြင်၍ လာပါ လိမ့်မည်။

၃-အရူပပရိဂ္ဂဟ-နာမ်ကို သိမ်းဆည်းပုံ

ဤသို့ အဇ္ဈတ္တဗဟိဒ္ဓ ထင်မြင်ပြီးနောက် အရူပပရိဂ္ဂဟနာမ်တရားကို သိမ်းဆည်းပါ၊ အာရုံကို အာရုံပြု၍ ညွတ်တတ် ကိုင်းတတ် ရောက်သွားတတ်သော စိတ်စေတသိက်တရားတို့သည် အာရုံကိုအာရုံပြု၍ ညွတ်တတ် ကိုင်းတတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း, နာမ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။ အရဆောင်ပါ။

ထို့နောင်မှ သားမြတ်နှစ်လုံးရဲ့ကြားတွင် အပမှကြာဖူးသဏ္ဌာန် အတွင်းက ခဲသီးနှင့်တူစွာ နှလုံးဗူးရှိပါတယ်။ နှလုံးဗူးကို နှလုံးသွေးမှိကာနေပါတယ်၊ ဟဒယဝတ္ထုကို မှိကာဖြစ်တဲ့ နာမ်တရားကို နမနသဘောတွင် ဉာဏ်စိုက်ပြီး "ညွတ်တယ် သိတယ် ရောက်သွားတယ်"လို့ ပွါးများပါလေ၊ ဓာတ်ပေါက်ပြီး ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် မကြာမတင်ပဲ တိမ်များခွပ်သောအခါ ညိုညိုမှိုင်းမှိုင်း အခိုးကလေးတွေ့ ဝိုင်းလာပြီး ဝင်းကနဲ ပေါ်လာသကဲ့သို့ ထိုအတူ သားမြတ်ရှေနားမှာ ညိုညိုမှိုင်းမှိုင်း အခိုးကလေးတွေ့ ဝိုင်းလာပြီး ဝင်းကနဲ ဝင်းကနဲ ပေါ်လာသည်ကို တွေ့ရတတ်ပါတယ်။ ထို့နောင် ပစ္စယ-ပရိဂ္ဂဟ အကြောင်းကို သိမ်းဆည်းပွါးများအားထုတ်ပါလေ။

၄-ပစ္စယပရိဂ္ဂဟ-အကြောင်းကိုသိမ်းဆည်းပုံ

ဤရုပ်နာမ်နှစ်ပါး တရားအစုတို့သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ ဖဿ နာမ်ရုပ်ဟူဆိုအပ်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်ကာလာပေသည်, ဖြစ်ပေါ်ကာလာပေသည်၊ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်ကာလာသည်မဟုတ်။ အရဆောင်ပါ။

ခန္ဓာကိုယ်ကိုကြည့်၍ "ဤရုပ်နာမ်နှစ်ပါး တရားအစုတို့သည် အကြောင်းတို့ကြောင့် ပေါ်လာပေသည်, အကြောင်းတို့ကြောင့် ပေါ်လာပေသည်"၊ ဤသို့ အဖန်ဖန် ပွါးများအားထုတ်ပါလေ၊ ခန္ဓာကိုယ်မှာ အကြောင်းတရားအစဉ်နှင့် အကျိုးတရား အစဉ်နှစ်ပါးသာ ရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လို့ အသိဉာဏ်သန့်ရှင်း၍ လာပါလိမ့်မည်။ ထို့နောင် အဒ္ဓါနပရိဂ္ဂဟ ကာလသုံးပါးအားဖြင့် ထင်ရှားသိလွယ်မြင်လွယ်တဲ့ ရုပ်တရားကို လက္ခဏာ

ယာဉ်သုံးပါးတို့ဖြင့် သိမ်းဆည်းပွါးများပါလေ။ ရုပ်ရဲ့သဘောစသည်များကို ဆင်ခြင်ပါ။

၅-အဒ္ဓါနပရိဂ္ဂဟ-ကာလ သိမ်းဆည်းပုံ

ဤရုပ်တရားသည် ဖြစ်ပေါ်၍လာကာ အရိပ်သဖွယ် တိမ်တောင်သဖွယ် ပျောက်ကွယ် ပျက်စီးရသောကြောင့် အမြဲမရှိ အနိစ္စတကား၊

ဤရုပ်တရားသည် ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းဖြတ်အပ်သောကြောင့် အမြဲမရှိ အနိစ္စတကား။

ဤရုပ်တရားသည် စုတိဟု ဆိုအပ်သော ဘင်ကို မလွန်နိုင်သောကြောင့် အမြဲမရှိ အနိစ္စတကား။

ဤရုပ်တရားသည် ခဏခဏဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် မကောင်း၊ ဆင်းရဲ ပင်ပန်းလေစွတကား။

ဤရုပ်တရားသည် ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခတို့၏ တည်ရာဖြစ်သောကြောင့် မကောင်း၊ ဆင်းရဲ ပင်ပန်းလေစွတကား။

ဤရုပ်တရားသည် လောဘဒေါသစသော တဆဲ့တမီးတို့ဖြင့် လောင်ကျမ်း၍နေသောကြောင့် မကောင်း၊ ဆင်းရဲ ပင်ပန်း လေစွတကား။

ဤရုပ်တရားသည် မအိုမနာမသေရန် တောင့်တ၍မရသောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေစွတကား။

ဤရုပ်တရားသည် မိစ္ဆာယူမှုများ တိတ္ထိအများတို့သည် ကြံဆအပ်သော အမြဲတည်နေနိုင်သော ခိုင်မြဲသောအတ္တန္ဒစ်မှ ကင်းသောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေစွတကား။

ဤရုပ်တရားသည် အကြောင်းနှင့်စပ်၍ ဖြစ်ပေါ်ကာ လာရသောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေစွတကား။

ဤသို့ အနိစ္စ ဒုက္ခ အနတ္တ အကြောင်းများကို အရဆောင်ထားပါ။ ရင်ဝဆီမှ တအုပ်တအုပ် တသုတ်တသုတ် တက်လာသော အမှုအရာများကို ကြည့်ရှုပြီး "ယခုဖြစ်ဆဲရုပ်တရားသည် အမြဲမရှိ အနိစ္စ, ယခုဖြစ်ဆဲရုပ်တရားသည် အမြဲမရှိ အနိစ္စ"လို့ ပွါးများအားထုတ်ပါလေ။

ပွါးများအားထုတ်ခဲ့သော် တရက်နှစ်ရက်အတွင်းမှာပင် ဓာတ်ထင်ပြီးသောယောဂီသည် မီးလောင်ဖုံးကွဲသို့ အဖုအပိမ့်ကလေးများကို ထင်ရမြင်ရတတ်ပါတယ်။ ထို့နောက် အက်ကွဲ၍အရည်ယိုကျလာသည်ကို တွေ့ရတတ်

ပါတယ်။ မမြဲတဲ့သဘောကို ပစ္စက္ခမျက်မှောက်တွေ့မည်ဆိုလိုသည်။ နှစ်ရက်သုံးရက်ဆက်၍ ပွါးများပါ။ ထိုနောင် ဗဟိဒ္ဓရုပ်များကို ကြည့်၍လဲ ပွါးများပါလေ၊ ထင်ကာမြင်ကာလာပါလိမ့်မည်။ ထိုနောင် "အတိတ်ဘဝရုပ်လည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ"လို့ အနည်းငယ် ပွါးပါလေ။

ထိုနောင် "အနာဂတ်ဘဝရုပ်လည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ"လို့ အနည်းငယ်ပွါးပါလေ၊ ထိုနောင် ယခုဖြစ်ဆဲရုပ်တရားသည် မကောင်း၊ ဆင်းရဲ ပင်ပန်းလေစ့, မကောင်း၊ ဆင်းရဲပင်ပန်းလေစ့လို့ ပွါးများပါလေ။

ထိုနောင်"အတိတ်ဘဝရုပ်တရားလည်းမကောင်း၊ဆင်းရဲ ပင်ပန်းလေစ့၊ ဆင်းရဲပင်ပန်းလေစ့"လို့ အနည်းငယ်ပွါးများပါလေ။ ထို့နောင် "အနာဂတ်ဘဝရုပ်တရားလည်း မကောင်း၊ ဆင်းရဲပင်ပန်းလေစ့, ဆင်းရဲပင်ပန်းလေစ့"လို့ အနည်းငယ် ပွါးများပါလေ။

ထို့နောင် "ယခုဖြစ်ဆဲ ရုပ်တရားသည် တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တ"လို့ပွါးများပါလေ။ထို့နောင် "အတိတ်ဘဝ ရုပ်တရားလည်း တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တ"လို့ အနည်းငယ် ပွါးများပါလေ။ ထို့နောင် "အနာဂတ်ဘဝ ရုပ်တရားလည်း တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တ"လို့အနည်းငယ် ပွါးများပါလေ၊ ထို့နောင် မဂ္ဂါမဂ္ဂ-ပရိဂ္ဂဟနိဗ္ဗာန်သို့ သွားကြောင်း အကျင့်လမ်း ဟုတ်သည် အကျင့်လမ်း မဟုတ်သည်ကို သိမ်းဆည်းပါ။

၆-မဂ္ဂါမဂ္ဂပရိဂ္ဂဟ-မဂ် ဟုတ်-မဟုတ် သိမ်းဆည်းပုံ

မဂ္ဂါမဂ္ဂပရိဂ္ဂဟဆိုသည်မှာ ဘေးရန်မှမလွတ်သေးသော ဉဒယဗ္ဗယဉာဏ်ကိုပင် ဆိုလိုသည်။ ဉဒယဗ္ဗယဉာဏ်မှာ အကျဉ်းရှုနည်း, အကျယ်ရှုနည်းလို့ နှစ်မျိုးရှိပါတယ်။ ထို နှစ်မျိုးတို့တွင် တအုပ်တအုပ် တသုတ်တသုတ် တက်လာသော ရုပ်အမှုအရာ အသစ်ပေါ်လာသည်ကို ဉာဏ်နှင့်ကြည့်ပြီး "ဖြစ်သည်, ဖြစ်သည်"လို့ ဉဒယကို ကြည့်ရှုပွါးများပါလေ။ ထို့နောင် ရုပ်အမှုအရာ ပျောက်ကွယ်သေဆုံးသည်ကို ကြည့်ပြီး "ပျက်သည်, ပျက်သည်"လို့ ဝယကို ကြည့်ရှုပွါးများပါလေ။

ထိနောင် ရုပ်အမှုအရာ အသစ်ပေါ်လာသည်ကို "ဖြစ်သည်" ပျောက်ကွယ်သေဆုံးသည်ကို "ပျက်သည်"လို့ ဉဒယ,ဝယနှစ်ခုကို အပေါင်းအားဖြင့် ရှုကြည့်ပွါးများပါလေ၊ မရောပဲ တရက်စီအားဖြင့် ပွါးများပါ။ ဤသို့

အကြောင်းမသိမ်းဆည်းပဲ အဖြစ်အပျက်ကို ကြည့်ရှုပွါးများခြင်းကို အကျဉ်းရှုနည်းလို့ ဆိုသည်။ အကျယ်ရှုနည်းမှာ အကြောင်းကို သိမ်းဆည်း၍ အဖြစ်အပျက်ကိုပင် ရှုကြည့်ပွါးများရပါသည်။ အကြောင်းသိမ်းဆည်းပုံကား—

၁။ ဖောက်ပြန်မှုအစု ဖောက်ပြန်မှုအမှုအရာ အပေါင်းဖြစ်တဲ့ ရုပ်တရားသည် အဝိဇ္ဇာတရား ထင်ရှားရှိသောကြောင့် ဖြစ်ပေါ်ကာ လာပေသည်, ဖြစ်ပေါ်ကာ လာပေသည်။ ၂။ ဖောက်ပြန်(လ)သည် တဏှာတရား ထင်ရှားရှိသောကြောင့် ဖြစ်ပေါ်ကာ လာပေသည်, ဖြစ်ပေါ်ကာ လာပေသည်။ ၃။ ဖောက်ပြန်(လ)သည် ကံတရားထင်ရှားရှိသောကြောင့် ဖြစ်ပေါ်ကာလာပေသည်, ဖြစ်ပေါ်ကာလာပေသည်။ ၄။ ဖောက်ပြန်(လ)သည် အာဟာရတရား ထင်ရှားရှိသောကြောင့် ဖြစ်ပေါ်ကာလာပေသည်, ဖြစ်ပေါ်ကာ လာပေသည်။ ရုပ်အစု ရှုပကွန္ဓာ၏ အသစ်ဖြစ်ပေါ်မှုကို ကြည့်ရှုသော် ဥဒယကို ကြည့်ရှုသည် မည်တယ်။ ဤသို့ ရုပ်တရား၏ ဥဒယလက္ခဏာငါးပါးကို သိမ်းဆည်းရာ၏။

၁။ ဖောက်ပြန်မှုအစု ဖောက်ပြန်မှုအမှုအရာ အပေါင်းဖြစ်တဲ့ ရုပ်တရားသည် အဝိဇ္ဇာ ချုပ်ကွယ်သဆုံးကာ သွားသောကြောင့် ချုပ်ကွယ် သေဆုံးရပေသည်, ချုပ်ကွယ်သေဆုံးရပေသည်။

၂။ ဖောက်ပြန်(လ)သည် တဏှာတရား ချုပ်ကွယ်သေဆုံးကာ သွားသောကြောင့် ချုပ်ကွယ်သေဆုံးရပေသည်, ချုပ်ကွယ်သေဆုံးရပေသည်။

၃။ ဖောက်ပြန်(လ)သည် ကံတရား ချုပ်ကွယ်သေဆုံးကာ သွားသောကြောင့် ချုပ်ကွယ်သေဆုံးရပေသည်, ချုပ်ကွယ်သေဆုံးရပေသည်။

၄။ ဖောက်ပြန်(လ)သည် အာဟာရတရား ချုပ်ကွယ်သေဆုံးကာ သွားသောကြောင့် ချုပ်ကွယ်သေဆုံးရပေသည်, ချုပ်ကွယ် သေဆုံးရပေသည်။

ရုပ်အစု ရှုပကွန္ဓာ၏ ချုပ်ကွယ်သေဆုံးမှုကိုရှုသော် ဝယကို ရှုကြည့်သည် မည်တယ်။ ဤသို့ ရုပ်တရား၏ ဝယလက္ခဏာငါးပါးကို သိမ်းဆည်းရာ၏။ ထိုသို့ သိမ်းဆည်းပြီးနောက် တအုပ်တအုပ် တသုတ်တသုတ်

တက်လာသော ရုပ်တရား၏ ဖြစ်မှုပျက်မှုကို နောက်က နည်းအတိုင်း ရှုကြည့်ပွါးများပါလေ။ တအုပ်တအုပ် တသုတ်တသုတ်ဆိုသည်မှာ ဘာဝနာပွါး၍ သမာဓိအားရှိလာသောအခါ ဝမ်းထဲမှ ဝါယောလွန်ကဲသော ဝါယောကာယရုပ်အပေါင်းသည် ထကြွသောင်းကျန်းကာ အထက်တက်လိုက် အောက်ဆင်းလိုက် လက်ျာ လက်ဝဲ လယ်ကာနေလိုက် မီးထိုးထားသော ဟင်းချိုဒယ်အိုးမှာ ပွက်ဝေကာနေသကဲ့သို့ ပွက်ဝေကာနေလိုက် စသည်ဖြင့် အမျိုးမျိုးအဖုံဖုံတွေ့ရတတ်ပါတယ်။ ထို့ကြောင့် တအုပ်တအုပ် တသုတ်တသုတ်ကို ကြည့်ရှု၍ သန္ဓတိအနိစ္စကို ရှုပါဆိုလိုသည်။

ထိုသို့ ရှုကြည့်ပွါးများသောအခါ မကြာမတင်ပဲ ရုပ်တရားတို့၏ အဖြစ်အပျက်များကို မှန်အကြည် ရေအကြည်မှာထင်သော အရိပ်ကဲ့သို့ဌင်း တိမ်တောင် တိမ်လိပ်များတက်၍ပေါ်လာကာ ပျောက်ကွယ်သွားသကဲ့သို့ဌင်း မြစ်သမုဒ္ဒရာအပြင်တို့မှာ လှိုင်းကလေး လှိုင်းကြီးထကြွသည့်အတွက် လှုပ်လှုပ်ရှရှတက်ကြွ၍ တရိပ်ရိပ်နဲ့ဖြစ်ကာနေသည်ကို မြင်ရသကဲ့သို့ဌင်း နဲဖဲ့သေးနုတ်စွာ မိုးများရွာနေသည်ကို မြင်ရသကဲ့သို့ဌင်း မြင်တွေ့ရပါလိမ့်မည်။ ထိုသို့အဖြစ်အပျက်များတွေ့သောအခါ တဖြေးဖြေး မျက်နှာပေါ်မှာ ဝင်းလာလိုက် စိမ်းလာလိုက် အရောင်များပျောက်ကွယ်ကာသွားပါလိမ့်မည်။ ယောကျ်ားသဏ္ဌာန် ယောကျ်ားခြင်း မိန်းမသဏ္ဌာန် မိန်းမခြင်းများလည်း ပျောက်ကွယ်သွားပါတော့သတည်း။

အဖြစ်အပျက်များ အလွန်လျင်မြန်လျက် ဉာဏ်ထက်မြက်စူးရှ လျင်မြန်လာသောအခါ အသစ်ဖြစ်ပေါ်မှုဥဒယကိုဌင်း တည်နေမှု ဌီကိုဌင်း အစဉ်မပျက်အဆက်ဆက်ဖြစ်၍ နေသောအစဉ်ကိုဌင်း ယောကျ်ားသဏ္ဌာန် ယောကျ်ားအရိပ်အရောင် မိန်းမသဏ္ဌာန် မိန်းမအရိပ်အရောင်များကိုဌင်း ပယ်စွန့်၍ ခယဝယနိရောဓ ချုပ်ကွယ်သေပျောက်မှုဘင်ကိုသာ ရှုကြည့်သောဉာဏ် ပေါ်ကာလာပါလိမ့်မည်။

ဤမျလောက် ဝိပဿနာဉာဏ်တက်၍ ဝိပဿနာဉာဏ်ပေါက်ကာသွားခဲ့လျင် နောက်ဉာဏ်တို့မှာ နှလုံးသွင်းပြင်၍ ပွါးများရုံသာရှိပါတော့သတည်း။ ဉာဏ်စဉ်အဓိပ္ပါယ်ရောက်မှ အကျယ်ရေးမည်။

သမထကမ္မဋ္ဌာန်းအမျိုးမျိုးတို့တွင် တခုခုသောကမ္မဋ္ဌာန်းကို ဥပစာသမာဓိ အပ္ပနာသမာဓိများရအောင် အားထုတ်၍ ဝိပဿနာကူးသွားနိုင်

ပါတယ်။ အဒ္ဒိပုဋ္ဌ—အရိုးစုမှဖြစ်စေ အာနာပါန—ဝင်သက်ထွက်သက်မှ ဖြစ်စေ အသုဘမှဖြစ်စေ တက်သွားနိုင်သည် ဆိုလိုပါသည်။

ဤကား သမထပုဗ္ဗင်္ဂမဝိပဿနာနည်း ပွါးပုံအခန်းတည်း။

ဝိပဿနာပုဗ္ဗင်္ဂမသမထနည်းပွါးပုံ

ရုပ်သည် ပထဝီကာယ အာပေါကာယ တေဇောကာယ ဝါယောကာယ လေးမျိုးရှိပါတယ်။ ကာယဆိုသည်မှာ ဆံစသောပထဝီကို တရားအပေါင်း ဖြစ်သောကြောင့် ကာယလို့ဆိုပါတယ်။ ။တနည်း ရွှေနောက်အစဉ်အား ဖြင့် ဖြစ်လျက်နေသော လက္ခဏပထဝီကိုသာ အပေါင်း၏အဖြစ်ဖြင့် ယူ၍ ကာယလို့ဆိုပါတယ်။ ထိုလေးမျိုးတို့တွင် မာတဲ့သဘော မာတဲ့အမှုအရာ လွန်ကဲတဲ့ရုပ်အပေါင်းကို ပထဝီကာယလို့ဆိုသည်။ ယိုစီးတဲ့သဘော ယိုစီးတဲ့အမှုအရာ လွန်ကဲတဲ့ရုပ်အပေါင်းကို အာပေါကာယလို့ဆိုသည်။ ပူလောင်တဲ့ သဘော ပူလောင်တဲ့ အမှုအရာ လွန်ကဲတဲ့ ရုပ်အပေါင်းကို တေဇောကာယလို့ဆိုသည်။ ထောက်ပံ့လှုပ်ရှားတဲ့သဘော ထောက်ပံ့လှုပ်ရှားတဲ့အမှုအရာ လွန်ကဲတဲ့ ရုပ်အပေါင်းကို ဝါယောကာယလို့ဆိုသည်။ ကာယလေးပါးခေါ် ရုပ်သည် သဘာဝအလျောက် အမြဲတန်းဖြစ်ပျက်လျက် နေကြပါသည်။ သို့ရာတွင် အကြောင်းထူးအားလျော်စွာ လွန်လွန်ကဲကဲ ထင်ထင်ရှားရှား ပေါ် လာ၍ ပျောက်ကွယ်သွားသောကာယများလဲရှိသည်။

ထင်ရှားစေအံ့။ တကိုယ်လုံး ပူပူနွေးနွေးနေရာမှ အေးသွားလိုက် အေးရာမှ ပူသွားလိုက်နဲ့ တွေ့ကြရပါတယ်။ တရံတခါ လေးလေးလံလံဖြစ် ရာမှ ပေါ့ပါးသွားလိုက် ပေါ့ပါးရာမှ လေးလေးလံလံ ဖြစ်သွားလိုက်နဲ့လဲပဲ တွေ့ကြရပါတယ်။ ချွေးယိုစိမ်းရာမှ ချွေးတိတ်သွားလိုက် ချွေးတိတ်ရာမှ ချွေးယိုစိမ်းသွားလိုက်နဲ့လဲပဲ တွေ့ကြရပါတယ်။ တရံတခါ လေများထက္ခ သောင်းကျန်း၍ မြည်အော်တက်လာလိုက် ထိုးကျင့်တိုးဝှေ့လိုက် ငြိမ်သက် သွားလိုက်နဲ့ တွေ့ကြရပါတယ်။

ဤကဲ့သို့ အဖြစ်အပျက်များကို ကြည့်ရှု၍ ကာယလေးပါးကို ပိုင်းခြားဝေဘန်နိုင်ရမယ်။ ထိုနောင်ဖြစ်ပုံပျက်ပုံကြည့်၍ ရုပ်တရားများကို အမြဲမရှိ အနိစ္စ, ဇာတိမီး မရဏမီးခေါ် အဖြစ်အပျက်တို့ဖြင့် လောင်ကျမ်းအနှိပ်စက် ခံရသောကြောင့် မကောင်းဘူး ဒုက္ခ, တောင့်တ၍ မရသောကြောင့်အတ္တ

မဟုတ် အနတ္တ ဖောက်ပြန်ပျက်စီးကြသည်လို့ သိထားရမည်။ ဖဿကြိတ် ဝါးထားတဲ့အာရုံကို သိတဲ့သဘော သိတဲ့အမှုအရာစုကို သိမှုအစု ဝိညာဏက္ခန္ဓာ, မိမိနှင့်ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့ ဖဿမောဟသဒ္ဓါစသော သမ္ပယုတ်တရားတို့ကို အာရုံ၌ စီစဉ်တတ် အားထုတ်စေတတ်တဲ့ သဘော အားထုတ်စေတတ်တဲ့ အမှုအရာအစုကို အားထုတ်မှုအစု သခ်ါရက္ခန္ဓာလို့ သိထားနှင့်ရမည်။ နာမ်ခန္ဓာများရဲ့ အဖြစ်အပျက်ကြည့်ပြီး အနိစ္စ ဒုက္ခ အနတ္တပဲ ဖောက်ပြန်ပျက်စီးကြတာပဲလို့ သိထားရမည်။ ထိုသို့ သိထားပြီး နောက် ရုပ်တရား၌ ကြည့်ရှုပွါးများပုံကို ပြဆိုမည်။

သမထပုဗ္ဗင်္ဂမဝိပဿနာနည်းတွင် ရေးခဲ့သည့် ရှေ့အဖို့၌အားထုတ်နှလုံးသွင်းပုံကို အားထုတ်ပြီးနောက်ကာလ ၁၅-မိနစ်လောက်ကြာအောင် မေတ္တာပို့ပါ။ ထိုနောင် သားမြတ်နှစ်လုံးအလယ်တွင် အပမ္ပကြာဖူးသဏ္ဌာန် အတွင်းက ခဝဲသီးနှင့်တူစွာ နှလုံးဗူးရှိပါတယ်။ နှလုံးဗူးကိုမှီ၍ နှလုံးသွေးတည်ကာနေပါတယ်။ နှလုံးသွေးကိုမှီလျက် တည်နေသော ဟဒယဝတ္ထုမှ နာမ်အစဉ် ရုပ်အစဉ်များ တဖွားဖွားဖြစ်ကာနေပါတယ်။ ဖြစ်ပျက်လျက် နေသော ရုပ်အစဉ်တို့တွင် ဝါယောကာယ ထောက်ပံ့လှုပ်ရှားတဲ့သဘော ထောက်ပံ့လှုပ်ရှားတဲ့အမှုအရာလွန်ကဲတဲ့ ရုပ်အပေါင်းကို ဖြစ်ပျက်နေတယ်လို့ စိတ်မှာထားပြီး အနုမာန မျက်ရမ်းဆသောအားဖြင့် သားမြတ်နှစ်လုံး အလယ်ဉာဏ်စိုက်၍ ကြည့်နေပါ၊ သုံးရက်လောက်ကြာ၍ သမာဓိရသော အခါ လက်ညှိုးတဆစ်နှစ်ဆစ်လောက်လှုပ်ကာ နေသည်ကို တွေ့ဘိသကဲ့သို့ ရင်ဝမှာ လှုပ်လှုပ်ရွရွကလေး ပေါ်လာသည်ကို တွေ့ရပါမည်။

အရုပ်တပါးသို့ စိတ်ပို့လွှင့်ကာသွားလျှင် ရင်ဝလှုပ်လှုပ်ရွရွနေရာမှာပင် သတိနှင့်သမ္ပဇညတရား ကောင်းစွာထား၍ အလစ်မခံပဲ အဖြစ်အပျက်ကို ရှုနေပါ၊ အစမှာ ဝင်လေထွက်လေများ လွှမ်းကာသွား၍ ရှုမကောင်းတတ်ပါ၊ အတော်ကြာသော် တလှုပ်လှုပ်တရွရွဖြစ်တဲ့ ဝါယောကာယ များလာ၍ ဝင်ငလေထွက်လေ မထင်ရှားသော် ရှု၍ ကောင်းလာပါလိမ့်မည်။ ဝါယောကာယသည် အောက်ဆင်းလိုက် အထက်တက်လိုက်နဲ့ နေသည်ကိုတွေ့ရပါသည်၊ တခါတရံ ရင်ဝဆီမှတက်၍ နံစောင်မှဆင်းကာ လာသည်။ နံစောင်မှတက်၍ ရင်ဝဆီမှဆင်းကာလာသည်ကိုလဲ တွေ့ရတတ်ပါသည်။ လက်ျာရစ်လက်ဝဲရစ် စကြာကဲ့သို့ လယ်နေသည်များကိုလဲ တွေ့ရသည်။ ကြက်ခွပ်သကဲ့သို့ အထက်အောက်လေချင်းခွပ်ကာ နေသည်ကိုလဲ တွေ့ရ

သည်၊ ရှေသို့ဝါးလုံးတပြန်လောက် ဆဲ့ငင်သွားသောလေ နောက်သို့တွန်း ဝှေ့သွားသော လေများကိုလဲ တွေ့ရသည်။ အထက်သို့တက်သွားသောလေ အောက်သို့ဆင်းသွားသောလေတို့ကိုလည်း တွေ့ရသည်။ တခါတရံခုန်လျက် ဝင်းကနဲဖြစ်သွားသည်ကိုလဲ တွေ့ရသည်။ မိုးကြိုးများထစ်သကဲ့သို့ ကြောက်မက်ဖွယ်သော အသံများကိုလဲ ကြားရတတ်သည်။ ရှေရှင်ဝဆီမှ တက်၍ ဦးခေါင်းသို့ ကျော်ကာ နောက်သို့ ဆင်းသွားသည်ကိုဂျင်း နောက်ကျောမှ တက်၍ ဦးခေါင်းကိုကျော်ဆင်းသည်ကိုဂျင်း တွေ့ရတတ်သည်။ ဘာဝနာပွါးစဉ် အမူအရာများပေါ်ကာနေ၍ အိပ်မပျော်ပဲရှိတတ်သည်။ အိပ်မပျော်သော်လဲ အစားအသောက်မပျက်၍ ကျန်းမာလျက်ပင် ရှိသည်၊ မကြောက်ရပါ။ ဤကဲ့သို့ ဝါယောကာယ ထကြွသောင်းကျန်းကာ မွှေလျက်နေသည်ကို တွေ့ရတတ်သည်။

တခါတရံ တောင့်တင်းလေးလံလာတဲ့ ပထဝီကာယ, ပူပူနွေးနွေး အေးအေးရှိန်ရှိန် ပူလောင်လာတဲ့ တေဇောကာယ, ဖစ်ထိုင်းထိုင်းနဲ့ ချွေးယိုစီးကြလာတဲ့ အာပေါကာယကိုလဲ တွေ့ကြရပါတယ်။ သို့ရာတွင် ဝါယောကာယသာ များသောအားဖြင့် အစိုင်အခဲဃနကို ချေမှုန်းကာ ထကြွလျက်နေသည်ကို တွေ့ရပါသည်။ ထို့သို့ လေအမျိုးမျိုးထကြွစဉ်မှာပဲ မျက်ခုံးပေါ်မှာ တခါတရံ ဝင်းကနဲ ဝင်းကနဲ အရောင်ကလေးများ ထွက်ပေါ်လာသည်ကို တွေ့ရတတ်သည်။ ထို့နောင် မျက်နှာအပြင်မှာ တိမ်များခွပ်သကဲ့သို့ ညို့ညို့မှိုင်းမှိုင်း အခိုးများဝိုင်းတက်လာပြီး အလယ်မှ ဝင်းကနဲ စိမ်းကနဲ ပြာကနဲအရောင်များကိုလည်း တွေ့တတ်သည်။

ထို့နောင် အတော်ကြာသော် မျက်နှာအပြင်တခုလုံး ပြည့်မလောက် အခိုးများဝိုင်းတက်လာပြီး ဝင်းကနဲ စိမ်းကနဲအရောင်များ များသည်ထက် များလာသည်ကို တွေ့ရတတ်သည်။ မျက်နှာအပြင်မှာ လက်နှိပ်ဓာတ်မီးထိုး ထားသကဲ့သို့ ဝင်းကာနေသည်ကိုလဲ တွေ့ရတတ်သည်။ လဝန်းကဲ့သို့ အရောင်အဝန်းအဝိုင်းများ လယ်နေသည်ကိုလဲ တွေ့ရတတ်သည်။ ထို့နောင် ထိုင်ရာ တင်ပလွင်ခွေရာ ဒူးခေါင်းဆီမှစ၍ လှုပ်လှုပ်ရွရွတက်ကြွလာကာ တကိုယ်လုံးအနှံ့ အပြား တဖွားဖွားဖြစ်ပေါ်ကာ ပျောက်ကွယ်သေဆုံးကြသည်ကို တွေ့ရတတ်ပါတယ်။ တကိုယ်လုံးရဲ့ ရုပ်အဖြစ်အပျက်ကို မြင်ကာသွားပြီလို့ ဆိုလိုသည်။ တကိုယ်လုံးအဖြစ်အပျက်များကို တွေ့မြင်ခဲ့သော် အရောင်အဝါများကို အနည်းငယ် တခါတရံ တွေ့ရတော့သည်။ အတော်

ကြာသော် အရောင်အဝါမျှားကိုမတွေ့ရတော့ပေ။ ရုပ်အဖြစ်အပျက်ကိုသာ တွေ့ရလေသည်။ တောင်မြို့မှ မန္တလေးသို့ ပြေးသောကားအတွင်းမှာပါတဲ့ မှန်အပြင်မှာ ထင်လာသော အရိပ်ကဲ့သို့ တွေ့ရပေသည်။ မြစ်သမုဒ္ဒရာအတွင်းမှာ လှိုင်းကလေး လှိုင်းကြီးတို့ ထကြွကာနေသည်ကို တောင်ပေါ်မှ လှမ်း၍ကြည့်သော် တလှုပ်လှုပ်တရွရွနေသည်ကို မြင်ရသကဲ့သို့ တလှုပ်လှုပ် တရွရွနေသည်ကို တွေ့ရလေသည်။

တိမ်တောင်တိမ်လိပ်မျှားတက်လာသကဲ့သို့ ခပ်ပိတ်ပိတ်တက်လာသည်ကိုလည်း တွေ့ရတတ်ပေသည်။ ရုပ်သန္ဓါရအဖြစ်အပျက်မျှား လျင်မြန်၍လာတဲ့အခါ အသိဉာဏ်လဲအမှီလိုက်ကာ လျင်မြန်၍ စူးရှထက်မြက်လာသော် အသစ်ဖြစ်ပေါ်မှု ဥဒယ, တည်နေမှု ဌိ, အဆက်ဆက်မပျက်ဖြစ်သော အစဉ် ပဝတ္တ, ယောကျ်ားသဏ္ဌာန် ယောကျ်ားအရိပ်အရောင်စသော နိမိတ္တမျှားကို ပယ်စွန့်၍ ခယဝယနိရောဓ ပျောက်ကွယ်သဆုံးမှု ဘင်္ဂကိုသာ သိသောဉာဏ် ပေါ်လာတော့သည်။ ဥပမာ သဲကမ်းပါးကြီးမျှား မှုံကာနေသည်ကို မြင်ဘိသကဲ့သို့ဝင်း အလျင်အမြန် ခုတ်မောင်းသွားသော ရထားပေါ်မှ နေသူသည် တပြေးထဲပြေးကာနေသော မြေ သစ်ပင်မျှားကို မြင်ဘိသကဲ့သို့ဝင်း အပျက်ကိုသာ မြင်ကာနေတော့သည်။

ဤမျှလောက် ဝိပဿနာဉာဏ်တက်၍ ဝိပဿနာပေါက်ခဲ့လျှင် ရှေးဉာဏ်မျှားအတွက် နှလုံးသွင်းပြင်၍ အားထုတ်သွားရုံပဲ ရှိပါတော့သည်။ ကိုယ်ကလဲ လိုချင်မယ် အားလဲ ထုတ်မယ် ပါရမီလဲ ပြည့်ဝမယ်ဆိုလျှင် ယခုဘဝ ယခုသာသနာမှာ မဂ်ဖိုလ် ရနိုင်လတ့ံ၊ ယခု မရစေကာမူ နတ်ရွာရောက်တော့ ကာလကလဲ တယ်မဝေးကြသေး၊ အစားကောင်း နတ်သုခဘုတ်ကို စားရသည့်အတွက် ဉာဏ်ထက်မြက် စူးရှ၍လာပါမည်။ ဉာဏ်ထက်သောကြောင့် နေထွက်နေဝင် ကြည့်ရုံနှင့်ပဲ မဂ်ဖိုလ်ရနိုင်ပါတယ်။ ထို့ကြောင့် ဤသာသနာမှာပင် ကျွတ်တန်းဝင်နိုင်တယ် ဆိုလိုသည်။

တခန်းပြီး၏။

နာမရူပပရိစ္ဆေဒဉာဏ်အခန်း

ပဋိသန္ဓိဒါမဂ်ဝယ် အသိ လေးမျိုးရှိရာတွင်—

၁။ ဇာနာတီတိ သုတာနုသာရေန ဘာဝနာရမ္ဘဉာဏေန ဇာနာတိ။ သိရမည်ဆိုသည်မှာ ကြားနာအပ်သော ဒေသနာတော်သို့ အစဉ်

လျှောက်သဖြင့် ဘာဝနာကို အားထုတ်သော ဉာဏ်ဖြင့် ညှတ်တဲ့သိတဲ့သဘောမျှားကား နာမ်ပဲ, ဖောက်ပြန်တဲ့ ပြောင်းလဲသွားတဲ့ သဘောမျှားကား ရုပ်ပဲလို့ သိရမည်ဆိုသည်။

၂။ ပဿတီတိ ဉာတမေဝ စက္ခုနာ ဒိဋ္ဌံ ဝိယ ဟတ္ထတလေ အာမလကံ ဝိယ စ ဖုဋ္ဌံ ကတ္ဝာ ဉာဏေနေဝ ပဿတိ။

မြင်ရမည်ဆိုသည်မှာ သိပြီးသော နမန ရုပ္ပန-စသော သဘောကိုပင် မျက်စိဖြင့် မြင်တွေ့ရသော အဆင်းသဏ္ဌာန်ကို မြင်ဘိသကဲ့သို့ရင်း လက်ဝယ်တင်ထားသော ပတ္တမြားကို မြင်ဘိသကဲ့သို့ရင်း ထင်ရှားစွာ တွေ့သည်ကိုပြု၍ ဘာဝနာဉာဏ်ဖြင့်သာ မြင်ရမည်ဆိုသည်။

၃။ အညာသိတိ ဒိဋ္ဌမရိယာဒေနေဝ အာသေဝနံ ကရောန္တော ဉာဏေနေဝ ဇာနာတိ။

အပိုင်းအခြားအားဖြင့် သိရမည်ဆိုသည်မှာ သိမြင်ပြီးသော သဘောတရား အပိုင်းအခြားအားဖြင့်သာ အကြိမ်ကြိမ်အဖန်ဖန် ပွါးများ၍ ဘာဝနာဉာဏ်ဖြင့်သာ သိရမည်ဆိုသည်။

၄။ ပဋိဝိဇ္ဈတီတိ ဘာဝနာပါရိပူရိယာ နိဋ္ဌံ ပါပေန္တော ဉာဏေနေဝ ပဋိဝေဓံ ကရောတိ။

ထိုးထွင်းကာ သိရမည်ဆိုသည်မှာ ဘာဝနာ ပြည့်စုံခြင်းကြောင့် မဂ်ဖိုလ်တည်းဟူသော အပြီးအဆုံးသို့ ရောက်စေလျက် ဘာဝနာဉာဏ်ဖြင့်သာ သစ္စာလေးပါးကို ထိုးထွင်းကာ သိရမည်ဆိုသည်။

တနည်း။ ၁။ သလက္ခဏဝသေန ဝါ ဇာနာတိ။ ။ဇာနာတိဆိုသည်မှာ ဉာတတရားကို တပါးသောတရားနှင့် မဆက်ဆံ၊ အထူးမှန်ကန်သော မိမိသဘော၏ အစွမ်းဖြင့် သိရမည်ဆိုသည်။

၂။ သရသဝသေန ပဿတိ။ ။ပဿတိဆိုသည်မှာ ဉာတတရားကို ကိစ္စ၏အစွမ်းဖြင့် သိရမည်ဆိုသည်။

၃။ ပစ္စုပဋ္ဌာနဝသေန အညာတိ။ ။အညာတိဆိုသည်မှာ ဉာတတရား၏ ရှေးရှုထင်လာပုံကို ပစ္စုပဋ္ဌာန်၏အစွမ်းဖြင့် သိရမည်ဆိုသည်။

၄။ ပဒဋ္ဌာနဝသေန ပဋိဝေဓတိ။ ။ပဋိဝေဓတိဆိုသည်မှာ ပဒဋ္ဌာန်၏ အစွမ်းဖြင့် သိရမည်ဆိုသည်။ ဤကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့် ပုံတည်း။ ဤနှစ်မျိုးသော နည်းတို့တွင် ပဌမနည်းကို ဉာတ တီရဏ ပဟာန-ပရိညာသုံးပါးနှင့် စပ်လျက်ဖွင့်သည်။

ပရိညာ သုံးပါး

၁။ မူလပဏ္ဏာသအဋ္ဌကထာတွင်လဲ ဉာတပရိညာအရာတွင် ဓာတ်သဘော၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို သိရမည်မိန့်ဆို၏။

> တတ္ထ ကတမာ ဉာတပရိညာ၊ ပထဝီဓာတုံ ပဇာနာတိ "အယံ ပထဝီဓာတု အဇ္ဈတ္တိကာ၊ အယံ ဗာဟိရာ၊ ဣဒမသာ လက္ခဏံ၊ ဣမာနိ ရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနီ"တိ အယံ ဉာတပရိညာ။

အခြားသော အဋ္ဌကထာများမှာ ဉာတသိအပ်သောတရား နှင့်စပ်၍ လက္ခဏရသာဒိဝသေနလို ဖွင့်ဆိုလျက်ရှိကြသည်။ ထို့ကြောင့် အနိစ္စဒုက္ခ အနတ္တလို ဆုံးဖြတ်ပိုင်းခြားခြင်းငှါထိုက်သော ရုပ်ဝေဒနာစသော ခန္ဓာငါးပါး စက္ခုသောတစသော ဒွါရခြောက်ပါး ရူပါရုံသဒ္ဒါရုံစသော အာရုံခြောက်ပါး ဤသို့စသည်ဖြင့် အမည်အားဖြင့် နှစ်ဆဲ့သုံးပါး၊ အတိတ်စသောအပြားကို မဝေဘန်ဘဲ သာမန်သရုပ်အားဖြင့် တရာ့ကိုးဆဲ့နှစ်ပါးသော သမ္မသနူပဂတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိအောင် အားထုတ်ရာသတည်း။ ဥက္ကဋ္ဌ အကောင်းဆုံးနည်းအားဖြင့် ဆိုခြင်းသာ ဖြစ်ပါတယ်။

တိသော ဟိ ပရိညာ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ စ။ အနက် ။ ။ဟိ၊ ထိုစကားသင့်စ္ဥ။ ပရိညာ၊ ပိုင်းခြားရှုသိသော ဉာဏ်ပညာတို့သည်။ ဉာတပရိညာ စ၊ သိရမည့်တရားကို ပိုင်းခြားရှုသိတဲ့ ပရိညာဌင်း။ တီရဏပရိညာ စ၊ ရုပ်နာမ်ဓမ္မတို့၌ အနိစ္စ ဒုက္ခ အနတ္တတို့သာဟု ဆုံးဖြတ်ကာပိုင်းခြားရှု သိတဲ့ ပရိညာဌင်း။ ပဟာနပရိညာ စ၊ ရုပ်နာမ်ဓမ္မတို့၌ နိစ္စသညာစသည်တို့ကို ပယ်စွန့်သည်၏အစွမ်းဖြင့် ပိုင်းခြားရှုသိတဲ့ ပရိညာဌင်း။ ဣတိ၊ ဤသို့။ တိသော၊ သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုသုံးမျိုးသောပရိညာတို့တွင် ဖောက်ပြန်တဲ့သဘောကား ရုပ်တရားမာတဲ့သဘော ဖွဲ့စည်းတဲ့သဘောစသည်ကား ရုပ်တရား၊ ငါမဟုတ်။ အာရုံသို့ညွတ်တဲ့ ရောက်သွားတဲ့ သဘောကား နာမ်တရား၊ အာရုံကို ခံစားတဲ့သဘောကား ဝေဒနာ နာမ်တရား၊ ငါမဟုတ်၊ ဤပုံ ထိုထိုသဘာဝတရားတို့၏ အသီးအခြားဖြစ်သော သဘောကို မှတ်သားသည်၏အစွမ်းဖြင့် သိသောဉာဏ်ပညာကို ဉာတပရိညာဆိုပါတယ်။ ရုပ်နာမ်တရားတို့ကား မြဲလဲမမြဲ, ကောင်းလဲမကောင်း, အစိုးလဲမရ ဤသို့စသည်ဖြင့် ထိုထိုသဘာဝတရားတို့၏ အမျှားနှင့် ဆက်ဆံသောလက္ခဏာသို့တင်၍ သိသောဉာဏ်ပညာကို တီရဏပရိညာ ဆိုပါတယ်။ ရုပ်နာမ်နှစ်ပါး သဘာဝတရားတို့၌သာ နိစ္စသညာ စသည်တို့ကို ပယ်စွန့်သည်၏အစွမ်းဖြင့် သိသောဉာဏ်ပညာကို ပဟာနပရိညာ ဆိုပါတယ်။

ထိုသုံးပါးတို့တွင် ဉာတပရိညာ၏ ဖြစ်ရာဘုံကား နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့ဖြင့် သိရာအပိုင်းအခြားသည် ဉာတပရိညာ၏ ဖြစ်ရာဘုံပင်တည်း။ တီရဏပရိညာ၏ ဖြစ်ရာဘုံသော်ကား သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်နှစ်ပါးတို့ဖြင့် သိရာအပိုင်းအခြားသည် တီရဏပရိညာ၏ ဖြစ်ရာဘုံပင်တည်း။ ပဟာနပရိညာ၏ ဖြစ်ရာဘုံသော်ကား ဘင်္ဂါနုပဿနာကိုအစပြု၍ အထက်ဖြစ်သော ဝိပဿနာဉာဏ်တို့ဖြင့် ပယ်စွန့်အပ်သောတရားတို့ကို ပယ်စွန့်သည်၏ အစွမ်းဖြင့် သိရာအပိုင်းအခြားသည် ပဟာနပရိညာ၏ ဖြစ်ရာဘုံပင်တည်း။ ပရိညာသုံးပါးနှင့် စပ်သောအားဖြင့်သာ မဂ္ဂသစ္စာကို ပွါးများခြင်းကိစ္စ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ ပြီးစီးနိုင်သောကြောင့် သိသင့်သည်ကို သိထားထိုက်သတည်း။

၁။ ရုပ်နာမ်ပိုင်းခြား၊ သိငြားအကြောင်း၊ နှစ်ခုပေါင်း၊ မှတ်ကြောင်း ဉာတပရိညာ။

၂။ ဆုံးဖြတ်ပိုင်းခြား၊ ရှုငြားဖြစ်ပျက်၊ ဤနှစ်ချက်၊ မှတ်လျက်တီရဏပရိညာ။

၃။ နိစ္စသညာ၊ ပယ်စွန့်ကာသွား၊ ဉာဏ်များအထက်၊ အဆက်ဆက်၊ မှတ်ချက်ပဟာနပရိညာ။

ပရိညာကင်း၊ မဂ်ဖိုလ်ရှင်း၊ ရခြင်းနိဗ္ဗာန်မရှိတည်း။

လက္ခဏာသီး၊ သိမှတ်ပြီး၊ ဖြစ်ပြီးဉာတတည်း။
အများဆက်ဆံ၊ လက္ခဏံ၊ တင်ဟန်တီရဏာသာတည်း။
နိစ္စသညာ၊ ပယ်စွန့်ခွါ၊ ဖြစ်လာပဟာနသာတည်း။
ရုပ်နာမ်ပိုင်းခြား၊ သိငြားအကြောင်း၊ နှစ်ခုပေါင်း၊ မှတ်ကြောင်း
ဉာတတည်း။
ဆုံးဖြတ်ပိုင်းခြား၊ ရှုငြားဖြစ်ပျက်၊ ဤနှစ်ချက်၊ မှတ်လျက်တီရဏ
သာတည်း။
အပျက်ကိုရှု၊ အထက်စု၊ မှတ်မှုပဟာနသာတည်း။

မယ္ဒံ ဟိ ပဋိပတ္တိဂဏနမေဝ ဘာရော၊ ပဋိပတ္တိပူရဏံ ပန ကုလ-
ပုတ္တာနံ ဘာရောတိ ဒဿေတိ။

အကျင့်ပဋိပတ်ကို ဟောပြောခြင်းသာ ငါဘုရားတာဝန်ဖြစ်သည်၊ အကျင့်ပဋိပတ် ကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ကား သင်အမျိုးသားအမျိုးသမီးတို့၏ တာဝန်၊ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်လိုက ကျင့်ကြံကြိုးကုတ်အားထုတ်ကြလေ ဆိုလိုသည်။

ဝိသုဒ္ဓိခုနစ်ပါး

သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ ဤသို့ ဝိသုဒ္ဓိခုနစ်ပါး။

ထိုဝိသုဒ္ဓိတို့တွင် ငါးပါး ရှစ်ပါး ကိုးပါး ဆယ်ပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော သီလတို့တွင် တပါးပါးသော သီလကိုဆောက်တည်၍ မကျိုးမပေါက် မပျော်မက်မဲ့စေသည်ကို **သီလဝိသုဒ္ဓိ** သီလစင်ကြယ်ပြီဆိုသည်။

စတုဏ္ဍရက္ခ ကိုယ်စောင့်ကမ္မဋ္ဌာန်းစသော သမထကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို အားထုတ်ပွါးများ၍ ဥပစာရသမာဓိ အပ္ပနာသမာဓိတို့နှင့် ပြည့်စုံသည်ကို **စိတ္တဝိသုဒ္ဓိ** သမာဓိစင်ကြယ်ပြီ ဆိုသည်။

ဤကား ရုပ်, ဤကားနာမ် ဤပုံ ပိုင်းခြားကာ အမှန်သိသော ဉာဏ်ကို **ဒိဋ္ဌဝိသုဒ္ဓိ** အမြင် မှန်ကန်စင်ကြယ်ပြီ ဆိုသည်။

ဤရုပ်နာမ်နှစ်ပါးတို့၏အကြောင်းကို သိမ်းဆည်းကာ သိခြင်းကြောင့် ကာလသုံးပါးတို့၌ ယုံမှားခြင်းကို လွန်မြောက်၍တည်သောဉာဏ်ကို **ကင်္ခါ-ဝိတရဏဝိသုဒ္ဓိ** ယုံမှားခြင်းကို လွန်မြောက်သောဉာဏ် စင်ကြယ်ပြီဆိုသည်။

စိတ္တပစ္စယဥတုဇသြဘာသ စိတ်လျှင်အကြောင်းရှိသော ဥတုကြောင့်ဖြစ်သော အရောင်အလင်း သြဘာသ ပီတိ စသော တရားဆယ်ပါးသည် ဝိပဿနာ၏ညစ်နွမ်းကြောင်း ဘေးရန်တည်း၊ အရိယမဂ်သို့ရောက်ကြောင်း ပုဗ္ဗဘာဂ ရှေးအဖို့၌ဖြစ်သော မဂ်မဟုတ်၊ ဝိပဿနာ ညစ်နွမ်းကြောင်း ဥပက္ကိလေသမှလွတ်သော လမ်းစဉ်၌ကျရောက်သော ဝိပဿနာဉာဏ်ပညာသာ အရိယမဂ်ကိုရကြောင်း ပုဗ္ဗဘာဂ ရှေးအဖို့၌ဖြစ်သော မဂ်တည်း၊ ဤပုံ အရိယမဂ်သို့ရောက်ကြောင်း လမ်းမှန်သည် **မမှန်**သည်ကို ပိုင်းခြားသိမြင်၍ တည်သောဉာဏ်ကို **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** လမ်းမှန်သည် လမ်းမမှန်သည်ကို သိသောဉာဏ်အမြင်စင်ကြယ်ပြီဆိုသည်။

တဖန်သြဘာသစသော ညစ်နွမ်းကြောင်းတို့မှ လွတ်ကင်း၍ လမ်းမှန်လမ်းစဉ်ရောက်တဲ့ ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ဉာဏ်ရှစ်ပါးတို့၏အစွမ်းဖြင့် အထွတ်အထိပ်သို့ရောက်တဲ့ သိခါပတ္တဝိပဿနာဉာဏ် သစ္စာလေးပါးကို သိစွမ်းနိုင်သောကြောင့် သစ္စာနုလောမိက-အနုလောမဉာဏ် ဤဉာဏ်ကိုးပါးကို **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** အကျင့်ကိုသိသော ဉာဏ်အမြင် စင်ကြယ်သည် ဆိုသည်။ ။တနည်း စင်စစ်ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်သောကြောင့် သိခါပတ္တဖြစ်တဲ့ သင်္ခါ-ရုပေက္ခာဉာဏ် အနုလောမဉာဏ် နှစ်ပါးကို **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** အကျင့်ကိုသိသောဉာဏ် အမြင်စင်ကြယ်သည် ဆိုသည်။ ။တနည်း ဝုဋ္ဌာနဂါမိနိဝိပဿနာကို **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** ဆိုသည်။

ဂေါတြဘူဉာဏ်သည် မဂ်၏အာဝဇ္ဇန်းအရာတွင် တည်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတွင်မပါ၊ အကြောင်းကား အနိစ္စစသည်တို့၏ အစွမ်းဖြင့် ရုပ်နာမ်သင်္ခါရတို့ကို အာရုံမပြုသောကြောင့်တည်း။ ဉာဏ-ဒဿနဝိသုဒ္ဓိတွင်လည်း မပါ။ အကြောင်းကား နိဗ္ဗာန်ကို အာရုံပြုသော်လဲ ကိလေသာကို မပယ်သတ်နိုင်သောကြောင့်တည်း။ ဝိသုဒ္ဓိနှစ်ပါးတို့၏ အကြားတွင် ဝိသုဒ္ဓိလက္ခဏာ မပါသောကြောင့် အဗ္ဘောဟာရိကမျှသာ

ဖြစ်သတည်း။ ထိုသို့ဖြစ်သော်လဲ ဝုဋ္ဌာနဂါမိနိဝိပဿနာ၏ အဆုံးဖြစ်သော ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတွင် ပါဝင်သတည်း။

မဂ်စိတ်လေးပါးနှင့်ယှဉ်သော ဉာဏ်ပညာကို **ဉာဏဒဿနဝိသုဒ္ဓိ** မဂ် ဉာဏ် အမြင်စင်ကြယ်သည်ဆိုသည်။

ဝိသုဒ္ဓိခန်းပြီး၏။

ဒိဋ္ဌိအတွက်၊ အောက်နရက်၊ ကျချက်နာလှုပါ။

နာမေ စ ရူပေ စ ဣမေသု ခေါ ဘိက္ခဝေ ဒိဋ္ဌိ ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။ (အင်္ဂုတ္တိရ် ဒသကနိပါတ် မဟာဝဂ်)

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သည်။ ခေါ၊ စင်စစ်။ နာမေ စ၊ နာမ်တရား ၌ဌင်း။ ရူပေ စ၊ ရုပ်တရား၌ဌင်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌိ၊ နှစ်ပါးကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္မာ နိဗ္ဗိန္ဒမာနော၊ ကောင်းစွာ ငြီးငွေ့လျက်။ သမ္မာ ဝိရဇ္ဇမာနော၊ ကောင်းစွာ တပ်ခြင်းကင်းလျက်။ သမ္မာ ဝိမုစ္စမာ-နော၊ ကောင်းစွာ လွတ်လျက်။ သမ္မာ ပရိယန္တဒဿာဝီ၊ ကောင်းစွာ ဝဋ်ဆင်းရဲ၏ အဆုံးကိုမြင်လျက်။ သမ္မဒတ္ထံ၊ မဖောက်မပြန် မှန်ကန်သော နိဗ္ဗာန်သဘောကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့်သိ၍။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက် အတ္တဘောဌာသာလျှင်။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကရော၊ အဆုံးကို ပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။

တပည့်သာဝကတို့ ဓာတ်လေးပါးတို့တွင် တပါးပါးကို အာရုံပြု နှလုံး သွင်း ပွါးခဲ့သော် နိဗ္ဗာန်ရနိုင်ကြသည်။

သာဝကာ ဟိ စတုန္နံ ဓာတူနံ ကေဒေသမေဝ သမ္မသိတ္ဝာ နိဗ္ဗာန် ပါပုဏန္တိ။ (ပဏ္ဏာသ အဋ္ဌကထာ)

ထို့ကြောင့် ရုပ်နာမ်နှစ်ပါး, ဓာတ်လေးပါး, ခန္ဓာငါးပါးတို့ရဲ့ လက္ခဏာ ရသ စသည်များကို ရေးခဲ့သည်။ အရအမိ ဆောင်ထားပါ။

သတ္တဝါအများတို့သည် ရုပ်ပဲ နာမ်ပဲလို့ ဆုံးဖြတ် ပိုင်းခြားနိုင်တဲ့ အသိ ဉာဏ် အလင်းရောင်ကို မရနိုင်ကြသောကြောင့် ပုဂ္ဂိုလ် သတ္တဝါယောကျ်ား

မိန်းမလို့ မှောက်မှောက်မှားမှား စဲ့ယူကြပါတယ်။ မှောက်မှောက်မှားမှား စဲ့ယူထားသည့်အတွက် မယား, သား, နှမများဖက်ကျတော့ သွေးထွက်မတတ် မခံနိုင်၍ ဒုစရိုက်တရား မကောင်းမှုများပွါးများကာ ပစ္စုပ္ပန်ဘဝမှာပင် စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းစသော ဒုက္ခများကို တွေ့ရပြီး တမလွန်ဘဝမှာ အပါယ်ဘေးဖြင့် အနှိပ်စက်ခံရလေသည်။

အပရိညာတံ တဿာတိ ဝဒါမိ။ (ပဏ္ဏာသ အဋ္ဌကထာ)

တဿ၊ ထိုပုထုဇ္ဇဉ်သည်။ အပရိညာတံ၊ ရုပ်နာမ်နှစ်ပါး ဓာတ်လေးပါးကို ပိုင်းခြား၍ မသိအပ်။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ဟောဂ်။။

ရုပ်ပဲ နာမ်ပဲလို့ သိရခြင်းကား ငရဲမျိုးစေ့ ငရဲကြိုး ငရဲလွန်းဖြစ်တဲ့ သက္ကာယဒိဋ္ဌိမှ ကင်းကွာ၍ တရားအလင်းရောင်ဖြင့် သောကပရိဒေဝစသော ဆင်းရဲဒုက္ခများကို ပယ်ကာ အရဟတ္တဖိုလ် တိုင်အောင်သော အကျိုးများကို ပေးနိုင်ပါတယ်။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ နသောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

ယဿ၊ အကြင် ယောဂိအား။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအား ဖြင့်။ နာမရူပသ္မိံ၊ နာမ်ရုပ်နှစ်ပါး၌။ မမာယိတံ၊ တဏှာ မာန ဒိဋ္ဌိတို့၏ အစွမ်းဖြင့် အမှောက်မှောက်အမှားမှား မှတ်ထင်ခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာ စ-အသတိ ဇဝ၊ မရှိသော်သာလျှင်။ နသောစတိ၊ မစိုးရိမ်မပူဆွေးရသတည်း။ ဝေ၊ အကယ်မလွဲသဖြင့်။ သ-သော၊ ထို ယောဂီပုဂ္ဂိုလ်ကို။ ဘိက္ခူတိ၊ သံသရာဘေးကိုရှုလေ့ရှိသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။။

ပဉ္စဂ္ဂပုဏ္ဏား

အကြောင်းအရာကား သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဝယ် တနေ့သ၌ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်ခေါ် ဗုဒ္ဓစက္ခု ဉာဏ်မျက်ရှုဖြင့် ဝေနေယျသတ္တဝါများကို ကြည့်ရှုတော်မူသည်ရှိသော် လယ်မှအစစွာ အထွတ်အမြတ်ဖြစ်တဲ့ သလေးမုယောစပါးနှံတို့ကိုယူ၍ ယာဂုစီရင်ကာ လှူဒါန်းခြင်း=ခေတ္တဂ္ဂ, ကောက်စပါးတို့ကို ရိတ်ပြီးသော် အစုအပုံမှ

အထွတ်အမြတ်ကိုယူ၍လှူဒါန်းခြင်း=ရာသဂ္ဂ,စပါးစည့် စပါးကျီကြအတွင်း သွင်းပြီးသောစပါးမှ အထွတ်အမြတ်ကိုယူ၍ လှူဒါန်းခြင်း=ကောဋ္ဌဂ္ဂ, ထမင်းအိုးမှ အထွတ်အမြတ်ဖြစ်သော ဘောဇဉ်ကို ရောက်လာသော ရဟန်းတော်တို့အား လှူဒါန်း၍သုံးဆောင်ခြင်း=ကုမ္ဘဂ္ဂ, မိမိသုံးဆောင် စားသောက်မည့် ဘောဇဉ်မှ အထွတ်အမြတ်ဖြစ်သော ဘောဇဉ်ကို သံဃာတော်အား လှူဒါန်း၍သုံးဆောင်ခြင်း=ဘောဇနဂ္ဂ, ဤသို့ အထွတ် အမြတ်ငါးမျိုးကို လှူဒါန်းသည့်အတွက် ပဥ္စဂ္ဂဒါယကာလို့ ကျော်ကြား သော ပုဏ္ဏား ပုဏ္ဏေးမ ဇနီးမောင်နှံတို့၏ အိုးဌ်ထည့်ထွန်းထားသော မီးတောက်၏ တောက်ပခြင်းကဲ့သို့ သောတာပတ္တိမဂ်ဖိုလ်တည်းဟူသော မီးတောက်ကို မြင်တော်မူ၍ အလွန်စောစွာ ဂန္ဓကုဋ္ဌိသို့ ဝင်တော်မူသည်။

အမှာ။ ။ဓမ္မပဒအဋ္ဌကထာမှာမူ ခလဂ္ဂ=ကောက်နယ် တလင်းဦး, ဘဏ္ဍဂ္ဂ=ဘဏ္ဍာဦး,ပါတဂ္ဂ=ခွက်ဦးလို့ အမည်တမျိုးသုံးသည်။ ရဟန်းများ လည်း ပိတ်ထားသောတံခါးရှိသော ဂန္ဓကုဋ္ဌိတိုက်တော်ကိုမြင်ကြ၍ ယနေ့ မြတ်စွာဘုရားသည် ကိုယ်တော်တပါးတည်းသာ ဆွမ်းခံကြွတော်မူလိုတယ် လို့ သိကြကာ ဆွမ်းခံချိန်အခါ ဂန္ဓကုဋ္ဌိတိုက်တော်ကို လက်ျာရစ်ပြု၍ ဆွမ်းခံကြွသွားကြကုန်တယ်။ မြတ်စွာဘုရားလည်း ပဥ္စဂ္ဂဒါယကာပုဏ္ဏား ထမင်းစားချိန်အခါ ထွက်တော်မူ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူ သည်။ ဥပါသကာ ဥပါသိကာမများသည် မြတ်စွာဘုရားကိုမြင်တဲ့အခါ ယနေ့ ကျွတ်ထိုက်တဲ့ တစုံတယောက်သောသတ္တဝါရှိရာသည်၊ မြတ်စွာဘုရား သည် ကျွတ်ထိုက်သောသတ္တဝါကို ငဲ့ညှာ၍သာ ကိုယ်တော်တပါးတည်း ဆွမ်းခံကြွလာသည်ဖြစ်ရာသည်။

ထို့ကြောင့် မြတ်စွာဘုရားသို့ ပင့်ဖိတ်ရန် မကပ်ကြကုန်ပြီ၊ မြတ်စွာ ဘုရားလည်း အစဉ်သဖြင့် ကြွတော်မူလာသော် ပဥ္စဂ္ဂဒါယကာ၏ အိမ် တံခါးသို့ရောက်က ရပ်တော်မူကာနေသည်။ ထိုအခါ ပုဏ္ဏားသည် စားဖွယ် သောက်ဖွယ် ထမင်းဟင်းများကိုပြင်၍ ထိုင်ကာနေတယ်။ ပုဏ္ဏေးမသည် ခင်ပွန်းသည်အား ယုယစွာယပ်ခပ်၍ ထိုင်ကာနေတယ်။ ပုဏ္ဏေးမသည် မြတ်စွာဘုရားကိုမြင်က အကယ်၍ ခင်ပွန်းသည်များမြင်ကသွားခဲ့သည် ရှိသော် သပိတ်ကိုယူ၍ အလုံးစုံသော စားဖွယ်သောက်ဖွယ်ကို ပေးလှူ ရာတယ်။ ပေးလှူခဲ့က ငါ တဖန်ချက်ပြုတ်ရလိမ့်မည် အောက်မေ့၍

မကြည်ညိုခြင်း ဝန်တိုခြင်းတို့ဖြစ်စေလျက် ခင်ပွန်းသည်ပုဏ္ဏားမမြင်အောင် ထန်းရွက်ယပ်ဖြင့် ကာထားတယ်။ အတော်ဝန်တို မကြည်ညိုတဲ့ ပုဏ္ဏေးမပဲနော်။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိ၍ ကိုယ်ရောင်ကိုယ်ဝါ လှတ်တော်မူသည်၊ ပဥ္စဂ္ဂဒါယကာပုဏ္ဏားသည် ထိုအရောင်အဝါကို မြင်ကအကြောင်းကား အသို့နည်းလို့ ဦးခေါင်းကိုထောင်ကာ ကြည့်သော် တံခါး၌ဆွမ်းရပ်တော်မူသောမြတ်စွာဘုရားကို မြင်ကာသွားတယ်။ ပုဏ္ဏေးမလည်း ဤခင်ပွန်းသည်သည် မြတ်စွာဘုရားကို တွေ့မြင်ကာသွားပြီလို့ ယုတ်တရက် ယပ်ကိုချကာ မြတ်စွာဘုရားထံသို့ ကပ်၍ ငါးမျိုးသောတည်ခြင်းထိခြင်းဖြင့် ရှိခိုးကာနေတယ်။ မြတ်စွာဘုရားသည် ချဉ်းကပ်သောပုဏ္ဏေးမအား လျော်တဲ့ သဗ္ဗညော နာမရူပသို့ စသော ဤဂါထာကို ဟောတော်မူတယ်။ ပုဏ္ဏေးမသည် ဂါထာ၏အဆုံးမှာ သောတာပန်အရိယာဖြစ်ကာ သွားလေပြီ။

ပဥ္စဂ္ဂဒါယကာပုဏ္ဏားလည်း မြတ်စွာဘုရားကို အိမ်တွင်းသို့ပင့်၍ သီတင်းသုံး ထိုင်စေတော်မူလျက် အလှူရေစက်သွန်းချကာ မိမိဖို့ပြင်ထားသော စားဖွယ်သောက်ဖွယ်မျိုးကို ဆက်ကပ်လှူဒါန်းလေပြီ၊ အရှင်ဘုရား အရှင်မြတ်ဘုရားတို့သည် လောကသုံးခွင် ဘုံအပြင်မှာ မြတ်သောအလှူခံ ပုဂ္ဂိုလ်တို့ပါတည်း။ ရိုသေစွာတောင်းပန်ပါတယ်။ တပည့်တော်၏ အလုံးစုံသော စားဖွယ်သောက်ဖွယ်မျိုးကို အရှင်မြတ်ဘုရား၏ သပိတ်၌ ထည့်တော်မူပါကုန်လော့ဟု တောင်းပန်လျှောက်ထားတယ်။ မြတ်စွာဘုရားသည် ပုဏ္ဏားအား ခြီးမြှောက်ရန် အလှူခံ၍ သုံးဆောင်တော်မူပြီ၊ ဆွမ်းဘုဉ်းပေးတော်မူပြီးသော မြတ်စွာဘုရားသည် ပဥ္စဂ္ဂဒါယကာအား လျော်သော သဗ္ဗညော နာမရူပသို့ စသော ဤဂါထာကိုပင် ဟောတော်မူသည်။ ပဥ္စဂ္ဂဒါယကာပုဏ္ဏားလည်း ဂါထာ၏အဆုံးမှာ သောတာပန်အရိယာဖြစ်ကာသွားလေပြီကွယ်တို့။

အမှာ။ ။ဓမ္မပဒအဋ္ဌကထာမှာမူ ပုဏ္ဏေးမက တိုးတိုးကန်တော့ဆွမ်းလောင်းတဲ့အခါ မြတ်စွာဘုရားက ဇွတ်အတင်းခေါင်းတော်ကိုလှုပ်ကာ ရပ်တော်မူသည်ဟုလာသည်။ အမှန်ကိုကား ဆွမ်းခံကြွတဲ့အခါ ဖူးတွေ့ရသော် ဆုံးဖြတ်နိုင်ရာ၏။ သို့ရာတွင် သုတ္တန်ပါတ်လာစကားသည် မြတ်စွာ

ဘုရားဂုဏ်တော်နှင့် ထိုက်တန်လေသည်။ ပဥ္စဂ္ဂဒါယကာ ဇနီးမောင်နှံတို့ အရိယာဖြစ်ကြောင်းကား ကဿပမြတ်စွာဘုရားသာသနာမှာ ရုပ်သံနာမ်သံကို ကြားနာခဲ့ဘူးသောကြောင့် ဖြစ်တယ်လို့လာသည်။

ထို့ကြောင့် ယခုအခါ ဥပါသကာ ဥပါသိကာမမျှားလဲ ရုပ်နာမ်မျှားကို ရုပ်ပဲ နာမ်ပဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်အောင် အားထုတ်ရပါတယ်၊ ဂါထာဝယ် ဆိုလိုရင်းအဓိပ္ပါယ်မှာ ရုပ်နာမ်နှစ်ပါးဌ် နာမ်ပဲ ရုပ်ပဲလို့ မပိုင်နိုင်သောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမလို့ အသိမှောင်ကျ၍ အလင်းရောင်မရပဲ အသိမှောက်မှားတော့သည်။ အသိမှောက်မှားတော့ အမှတ်မှောက်မှားတော့သည်။ အမှတ်မှောက်မှားတော့ အယူမှောက်မှားတော့သည်။ မယားပဲ လင်ပဲ သားပဲ သမီးပဲလို့ အမှားကြီးမှားကြတော့ လင်သားသေတဲ့ ပဋ္ဌာစာရီ စိုးရိမ်ကြီးစွာနှင့် ဆင်းရဲဒုက္ခရောက်ပြီး ရူးသွားသကဲ့သို့ငင်း ကိသဂေါတမီသားကလေးသေလို့ ရူးသွားသကဲ့သို့ငင်း အရူးကြီးဖြစ်ကုန်တော့သည်။ ထို့ကြောင့် ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော့လို့ ဟောတော်မူသည်။ ဂါဟ, သညာစိတ္တဒိဋ္ဌိ ဝိပလ္လာသသုံးပါးတို့ဖြင့် မှောက်မှားကြသောသူတို့အား တဏှာမညနာ မာနမညနာ ဒိဋ္ဌိမညနာ၊ တဏှာဂါဟ မာနဂါဟ ဒိဋ္ဌိဂါဟ၊ တဏှာဘိနိဝေသ မာနာဘိနိဝေသ ဒိဋ္ဌာဘိနိဝေသ၊ တဏှာပရာမာသ မာနပရာမာသ ဒိဋ္ဌိပရာမာသ၊ အမှားကိုဖမ်းထားသောတရား ပြင်းစွာယူထားသော တရားတို့တွင် ဖောက်ပြန်တဲ့သဘော အမူအရာဖြစ်တဲ့ရုပ် ခံစားတဲ့သဘော အမူအရာဖြစ်တဲ့ ဝေဒနာစသော ခန္ဓာငါးပါးတို့တွင် တပါးပါးကိုငင်း ခန္ဓာငါးပါးအပေါင်းဖြစ်တဲ့ ကိုယ်ကိုငင်း တင့်တယ်လှသည် ချမ်းသာလှသည် လိမ္မာလှသည်လို့ မိန်းမယောကျ်ား သားသမီး စသည် ကိုငင်း တင့်တယ်လှသည် ချမ်းသာလှသည် လိမ္မာလှသည်လို့ ကြည့်ရှုသောပုထုဇ္ဇဉ်အား ချစ်ခင်စရာ စုံမက်စရာ နှစ်သက်မက်မောစရာလို့ တဏှာကျွေးစာ တဏှာရဲ့အဖမ်းခံရတော့သည်။ တဏှာကား ငါ့ဥစ္စာလို့ သိမ်းပိုက်ကာ ထားတော့သည်ဆိုလိုသည်။

ဥပမာ မီးအရောင်အဝါကို ချစ်ခင်စရာ နှစ်သက်မက်မောစရာလို့ တိုးဝင်သော ပိုးဖလံရဲ့ ယူကျုံးမရပျက်စီးရပုံနှင့် တူသည်မှတ်လော။

ခန္ဓာငါးပါးတို့တွင် တပါးပါးကိုဌင်း ခန္ဓာငါးပါး အပေါင်းဖြစ်တဲ့ ကိုယ်ကိုဌင်း မိန်းမ ယောကျ်ား စသည်ကိုဌင်း မြဲတယ်လို့အောက်မေ့မှထ်ထင်ကာ စည်းစိမ်ပဲ ပျော်စရာကြီးပဲလို့ ကြည့်ရှုသောပုထုဇဉ်အား စိတ်ကြီးဝင်အထင်ကြီးစရာလို့ မာနကျားစာ မာနရဲ့အဖမ်းခံရတော့သည်။ မာနကား ငါတကားလို့ တမ်းခွန်ဖျားကဲ့သို့ ထောင်လွှားတော့သည် ဆိုလိုသည်။

ဥပမာ မစင်ကျင်ကြီးဝယ်ဖြစ်တဲ့ ပိုးလောက်စသော သတ္တဝါတို့သည် မစင်ကျင်ကြီးခွဲ စည်းစိမ်ပဲ ပျော်စရာကြီးပဲလို့ စိတ်ထင်ကာစိတ်ကြီးဝင်အထင်ကြီး၍ ပျက်စီးကြပုံနှင့်တူသည်မှတ်လေ၊ ခန္ဓာငါးပါးတို့တွင် တပါးပါးကိုဌင်း ခန္ဓာငါးပါးအပေါင်းဖြစ်တဲ့ကိုယ်ကိုဌင်း ငါ-ငါ့ဥစ္စာလို့ ကြည့်ရှုသောပုထုဇဉ်အား ငါ့ကိုယ်လို့ ဒိဋ္ဌကျားစာ ဒိဋ္ဌရဲ့အဖမ်းခံရတော့သည်။ ဒိဋ္ဌကား ငါ့ကိုယ်လို့ သိမ်းပိုက်ကာထားတော့သည် ဆိုလိုသည်။ ဥပမာ မှန်အကြည် ရေအကြည်မှာ ထင်လာသော အရိပ်ကို ကိုယ်လို့ထင်ပုံနှင့်တူသည်မှတ်လေ။

သလဘသော အဂိုမို့ ဂူထာဒိ ဝိယ ဂူထသို့ အာဒါသေ ဝိယ ဗေဒန်သ။
(မူလပဏ္ဏာသပါဠိတော်)

သမ္မသန္နုပဂတရူးအလုံးစုံမှာပင် ဝိပလ္လာသဂါဟအာဘိနိဝေသတရူးများဖြစ်ပွါးနိုင်ပါသည်။

နာမ်ရုပ်တရူးနှစ်ပါးခွဲ နာမ်ပဲ ရုပ်ပဲလို့ ပိုင်နိုင်စွာသိသောကြောင့် တဏှာမာနဒိဋ္ဌကျားတို့ အစားလဲမခံရ၊ အစားမခံရသောကြောင့် မစိုးရိမ်မပူဆွေး အလွန်အားမြချမ်းသာလှသော ပုဂ္ဂိုလ်ကို "ဘေးကို ရှုလေ့ရှိတဲ့ရဟန်း"လို့ ခေါ်ရမယ်၊ ထို့ကြောင့် ရဟန်းလို့ အခေါ်ခံကြရအောင် ဝိပဿနာ အားထုတ်ကြပါကွယ်တို့လို့ တိုက်တွန်းသည်။

၁။ ဝိပလ္လာသ၊ မကင်းက၊ ရှုးကြသူသူငါ။

၂။ ရုပ်နာမ်လက္ခဏာ၊ သိခဲ့ရာ၊ ကင်းကွာဝိပလ္လာသသာ။

၃။ ရုပ်နာမ်ဟုသာ၊ မပိုင်တာကြောင့်၊ သတ္တာထင်မှား၊ ဂါဟပွါး၊ ကျငြားအပါယ်သာ။

၄။ ရုပ်နာမ်လက္ခဏာ၊ သိခဲ့ရာ၊ ကင်းကွာဝိပလ္လာသသာ။

၅။ အာရုံခြောက်ပါး၊ ငါ့ဟာကားငါ၊ ငါကားစဲ့ထား၊ မှတ်မှားသိမှာ၊ ပယ်ခွါထားမှ၊ ရုပ်ကားနာမ်သာ၊ ဖြစ်ပျက်တာမို့၊ တူစွာစစ်ဆေး၊ ခန္ဓာရေးကို၊ ရှုတွေးမြင်သော်၊ သူနော်ငါတို့၊နိဗ္ဗာန်သို့၊ မချို့အမြန် ရောက်လိမ့်မည်။

မြတ်စွာဘုရားသည် ရုပ်ကမ္မဋ္ဌာန်းကို အကျဉ်းအားဖြင့် နှလုံးသွင်းခြင်း အကျယ်အားဖြင့်နှလုံးသွင်းခြင်း လေးပါးသောစာတ်ကို ပိုင်းခြားမှတ်သား ခြင်းစသည်တို့၏ အစွမ်းအားဖြင့် ဟောတော်မူသည်။ အရူပနာမ်ကမ္မဋ္ဌာန်း ကိုကား ဖဿဝေဒနာဝိညာဉ်တို့၏အစွမ်းဖြင့် ဟောတော်မူသည်။ ခန္ဓာ ကိုယ်ကိုကြည့်၍ စာတ်လေးပါးအပေါင်းဟု ဆိုအပ်သော ဤခန္ဓာကိုယ်သည် ရှေးရုပ်အစဉ်နှင့်မတူ နောက်ရုပ်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ် နှိပ်စက်အပ်သောကြောင့် ရုပ်တရားပေတည်း, ရုပ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။ အစစ္စာတွေ့ဆုံကျရောက် သကဲ့သို့ ဖြစ်သော ဖဿကြိတ်ဝါး၍ ထားအပ်တဲ့ ရုပ်အာရုံသို့ညှတ်တတ် ကိုင်းတတ်ရောက်သွားတတ်သော စိတ်စေတသိက်တရားတို့သည် အာရုံသို့ ညှတ်တတ်ကိုင်းတတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း, နာမ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်။ အရဆောင်ပါ။ ပွါးပုံအခန်းမှ ပွါးနည်းအတိုင်း ပွါးပါလေ။

ဉာဏ်သုံးပါး

ဤအရာတွင် သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်လို့ သုံးမျိုးရှိတယ်။ ထိုတွင် ရှုပိနော မမှာ အရှုပိနော မမှာ စသောဒေသနာ တော်ကို ကြားနာရ၍ ရုပ်နာမ်တရားနှစ်ပါးမျှသာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လို့ သိတဲ့ အသိဉာဏ်ကို သုတမယဉာဏ်လို့ ခေါ်တယ်။

ရုပ်ပဲလို့သိတော့ ဘာ့ကြောင့်ရုပ်ခေါ် ရသလဲလို့ ကြံတဲ့အခါ ပုတ်သင်သည် တခါတရံစိမ်းကာနေသည်၊ တခါတရံမဲ့ပြာကာနေသည်။ ဤသို့ စိမ်းချည် ပြာချည် အမြဲမတည်ပဲ ဖောက်ပြန်သကဲ့သို့ ပူပူရှိန်ရှိန်ဖြစ်ရာမှ ချမ်းအေး လာလိုက် ချမ်းအေးရာမှ ပူပူရှိန်ရှိန်ဖြစ်လာလိုက် တောင့်တောင့်တင်းတင်း လေးလေး လံလံဖြစ်ရာမှ ပေါ့ပါးလျင်မြန်လာလိုက် ပေါ့ပါးလျင်မြန်စွာ ဖြစ်ရာမှ လေးလေး လံလံ ဖြစ်လာလိုက်၊ တောတောင်မျှားမှာ တခါတရံ

မိုးနှင့်ဝေး၍ မဲ့ပြာခြောက်သွေ့ကာနေလိုက် မိုးရေနှင့်တွေ့ဆုံ၍ စိမ်းညို ကာနေလိုက်၊ ဤသို့ အမျိုးမျိုးဖောက်ပြန်သောကြောင့် ရုပ်သာဖြစ်တယ်၊ သတ္တဝါမဟုတ်လို့ သိတဲ့ဉာဏ်ကို စိန္တာမယဉာဏ်လို့ခေါ်တယ်။

သမ္မာဒိဋ္ဌိမဂ္ဂင်၏ အကြောင်းဖြစ်တဲ့ သမ္မာသင်္ကပ္ပခေါ် ဝိတက်သည် ဉာဏ်ပညာနှင့် အလားတူနိုင်ပါတယ်၊ ဝိတက်ဖြင့် ခေါက်တီးနိုင်မှ ဉာဏ် ပညာဖြင့် ဖောက်တွင်းကာ သိနိုင်သည်ဆိုလိုသည်။ ပညာပဋိရူပကော ဟိ ဝိတက္ကော။ ။ဟိ၊ ထိုစကားသင့်စ့။ ဝိတက္ကော၊ ဝိတက်သည်။ ပညာ-ပဋိရူပကော၊ ပညာနှင့်တူ၏။

ဉာဏ်နှစ်ပါးတို့ဖြင့် သိပြီးသောရုပ်တရားကို "ဓာတ်လေးပါးဖောက်ပြန်သည်, ဓာတ်လေးပါးဖောက်ပြန်သည်"လို့ အကြိမ်ကြိမ် ပွါးများသော ယောဂီအား စိတ်တည်ကြည်တော့ အမှန်အကန် မြင်ရသည်ဆိုတဲ့အတိုင်း လက်ရုံးများ ဦးခေါင်းများပြုတ်၍ ဖောက်ပြန်ကာ သွားလာနေသည်ကို တွေ့ရတတ်တယ်။ ပြကေဘ့မျက်စိဖြင့် တစုံတခုသောဝတ္ထုကို မြင်သိသကဲ့သို့ မနောဒ္ဒါရမှာ ထင်ပေါ်လာသည်ဆိုလိုသည်။ ထိုအခါ သဘာဝအမှန်ကို သိတဲ့ဉာဏ်ကို ဘာဝနာမယဉာဏ်လို့ခေါ်ပါတယ်။

ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ အခန်းသုံးပါးတို့တွင် ဉာဏ်သုံးပါးတို့ဖြင့် အဘိညာတတရား၏ သဘောကိစ္စစသည်ကို သိမြင်ပြီးဖြစ်သောကြောင့် ဉာတပရိညာဖြစ်ကာသွားပါပြီ။

ပွါးများတဲ့ဘာဝနာကုသိုလ်တွင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ လောကီဖြစ်သော နိဗ္ဗာန်ရောက်ကြောင်းမဂ္ဂင်များလဲ ဖြစ်ကာသွားပြီ၊ မဂ္ဂင်တရားကိုယ်ရှစ်ပါးတို့တွင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝခေါ် အဓိသီလသိက္ခာ, သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိခေါ် အဓိစိတ္တ-သိက္ခာ, သမ္မာသင်္ကပ္ပ သမ္မာဒိဋ္ဌိခေါ် အဓိပညာသိက္ခာ သာသနာသုံးရပ်လဲ ဖြစ်ကာသွားပြီ။ သိက္ခာသုံးပါးပင် အစုဖြစ်သောကြောင့် သီလက္ခန္ဓ=သီလအစု, သမာဓိက္ခန္ဓ=သမာဓိအစု, ပညာက္ခန္ဓ=ပညာအစု သုံးပါးလဲဖြစ်ကာသွားပြီ။ ဝိဇ္ဇာနှင့်စရဏတရားနှစ်ပါးတို့တွင် အဓိပညာ-သိက္ခာခေါ် ဝိဇ္ဇာတရား, အဓိသီလ အဓိစိတ္တသိက္ခာခေါ် စရဏတရားဖြစ် ပွါးကာ သွားပြီ။

သတိပဋ္ဌာန်သမ္မပ္ပဓာန်စသော သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ-တရားများလဲ ဘာဝနာပွါးစဉ်မှာ တခါတည်းပါလာသောကြောင့် နိဗ္ဗာန်ရရန်အကြောင်း ကောင်းကောင်းကြီးပြည့်စုံပြီဆိုပါတယ်။

ဓာတ်လေးပါးတို့တွင် ပထဝီဓာတ်ကိုယူ၍ နှလုံးသွင်းပုံ

ခန္ဓာကိုယ်မှာ နိစ္စနိမိတ်အရိပ်အရောင် သဏ္ဌာနနိမိတ်အရိပ်အရောင် ဖြစ်တဲ့ အရေအသားတို့ကို နှလုံးမသွင်းပဲ မာတဲ့သဘော မာတဲ့အမူအရာဝယ် ဉာဏ်စိုက်ပြီး မာတဲ့သဘော မာတဲ့အမူအရာသည် ရှေးရှုပ်အစဉ်နှင့် မတူ နောက်ရှုပ်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ် နှိပ်စက်အပ်သောကြောင့် ရှုပ်တရားပေတည်း, ရှုပ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါငါသူတပါးယောကျ်ား မိန်းမ မဟုတ်။

မာတဲ့သဘော မာတဲ့အမူအရာဟုဆိုအပ်သော ရှုပ်တရားကို အာရုံပြု၍ ညွတ်တတ် ကိုင်းတတ် ရောက်သွားတတ်သော စိတ်စေတသိက်တရားတို့သည် အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်တရားပေတည်း, နာမ်တရားပေတည်း၊ ယောကျ်ား မိန်းမ မဟုတ်။ အရဆောင်ပါ။ ပွါးပုံအခန်းမှာလာတဲ့အတိုင်း ပွါးများလေ။

အစိတ်တပါးတည်းကိုယူ၍ နှလုံးသွင်းနိုင်သည်။ ကသဆံစသောသုံးဆဲ့နှစ်ပါးသော အဖို့အစု လေးဆဲ့နှစ်ပါးသောအဖို့အစုတို့တွင် တပါးပါးသော အဖို့အစုဥ်ရှိသော ဓာတ်သဘောများကိုယူ၍ နှလုံးသွင်းနိုင်သည်။

အပေါင်းအားဖြင့် သမ္မသန္နုပဂတရားဖြစ်သော လောကီစိတ်ရှစ်ဆဲ့တစ်စေတသိက်ငါးဆဲ့နှစ် နိဗ္ဗန္နရုပ်တဆဲ့ရှစ်တို့၏ သဘောသကန်များကို နားလည်သိရှိအောင် အားထုတ်ထားသင့်သည်။ အားထုတ်တဲ့ယောဂီသည် မိမိတို့ရတဲ့ ရုပ်နာမ်များကိုသာ ပွါးနိုင်ပါသည်။ သဘာဝမဟုတ်တဲ့ အနိဗ္ဗန္နရုပ်ဆယ်ခုကို သမ္မသန္နုပဂတရားမဟုတ်သောကြောင့် ပယ်ထားသည်။

လောကုတ္တရာစိတ်တို့ကိုလည်း သမ္မသန္နုပဂတရားမဟုတ်သောကြောင့် ပယ်ထားခဲ့သည်။ ပွါးများနိုင်ရာသာရေးပြပါသတည်း။

ခန္ဓာကိုယ်ဝယ် ပူပူနွေးနွေးဖြစ်တဲ့ တေဇောအတွေ့ကို အာရုံပြုသော ယောဂီအား ခန္ဓာကိုယ်ဝယ် အစစ္စာအာရုံနှင့် တွေ့ဆုံကျရောက်သကဲ့သို့ ဖြစ်သော သဘောသည် ဖဿဖြစ်တယ်၊ ဖဿကြိတ်ဝါး၍ထားအပ်သော

ပူတဲ့အာရုံကို ခံစားတဲ့သဘော ခံစားတဲ့အမှုအရာ ခံစားမှုသည် ဝေဒနာ ဖြစ်တယ်။ ပူတဲ့အာရုံကိုအမှတ်ပြု၍သိတဲ့သဘော သိတဲ့အမှုအရာ အမှတ် ပြု၍ သိမှုသည် သညာဖြစ်တယ်။ ပူတဲ့အာရုံဝယ် ယှဉ်ဖော်ယှဉ်ဖက် တရား တို့ကို အားထုတ်ပြုပြင်စီစဉ်တဲ့သဘော စီစဉ်တဲ့အမှုအရာ စီစဉ်အားထုတ် မှုသည် စေတနာဖြစ်တယ်။ ပူတဲ့အာရုံကို ဦးတိုက်သိတဲ့သဘော သိတဲ့အမှု အရာ ဦးတိုက်သိမှုသည် ဝိညာဉ်ဖြစ်တယ်။

ထိုငါးပါးတို့တွင် ပူပူနွေးနွေးဖြစ်တဲ့ တေဇောအတွေ့ကို ရူပက္ခန္ဓာ ခေါ်သည်။ ခံစားမှုကို ဝေဒနာက္ခန္ဓာခေါ်သည်။ အမှတ်ပြု၍ သိမှုကို သညာက္ခန္ဓာခေါ်သည်။ အတွေ့နှင့်တကွပြုပြင်အားထုတ်မှုကို သင်္ခါရက္ခန္ဓာ ခေါ်သည်။ ဦးတိုက်သိမှုကို ဝိညာဏက္ခန္ဓာခေါ်သည်။ ဖဿ၏အစွမ်းဖြင့် ခန္ဓာငါးပါးယူပုံတည်း။

အချိုပုဂ္ဂိုလ်အား အာရုံကိုခံစားတဲ့ ဝေဒနာထင်ထင်ရှားရှား ပေါ်လာ ပါသည်။ အချိုပုဂ္ဂိုလ်အား အာရုံကို ဦးတိုက်သိတဲ့ဝိညာဉ် ထင်ထင်ရှားရှား ပေါ်လာပါသည်။ ထင်ထင်ရှားရှားပေါ်လာသော်လဲ တပါးတည်း တကိုယ် တည်း ပေါ်လာသည်မဟုတ်ပါ။ ဖဿပဉ္စမကတရားများ အတူတကွအာရုံ ပြုကာ ပေါ်လာပြီး အတူတကွ ချုပ်ကွယ်သေဆုံးကြပါတယ်။

ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီ မြစ်ငါးသွယ်တို့မှ စီးလာသော ရေကို သမုဒ္ဒရာပင်လယ်ဝမှနေ၍ ဂင်္ဂါရေပဲ ယမုနာရေပဲစသည်ဖြင့် ခွဲထုတ်၍ယူခြင်းငှါ ခဲယဉ်းဘိသကဲ့သို့ သိကြားဗြဟ္မာ နတ်ဒေဝါတို့ ဝေဒနာပဲ သညာပဲစသည်ဖြင့် ခွဲထုတ်၍ယူခြင်းငှါမတတ်နိုင်ပါ။ အတုမရှိတဲ့ မြတ်စွာ ဘုရားသာ ထုတ်ဖော်၍ ဟောနိုင်ပါသည်။ အံ့ဩဘွယ်ကောင်းလေစွ တကား။ ပူပူနွေးနွေးသဘောကား ရုပ်တရား၊ ငါ သူတပါးမဟုတ်၊ ပူတယ် နွေးတယ်လို့ သိတဲ့သဘော ခံစားတဲ့သဘော အမှတ်ပြု၍ သိတဲ့သဘော အားထုတ်စီစဉ်တဲ့ သဘောတို့ကား နာမ်တရား၊ ငါ သူတပါးမဟုတ်လို့ ရုပ်နာမ်ကွဲပြီး ထင်မြင်လာအောင် အားထုတ်ပါလေ၊ နာမက္ခန္ဓာအပေါင်း အားဖြင့်ယူသည်။

ပူပူနွေးနွေးသဘောကား ရုပ်တရား၊ ငါ သူတပါးမဟုတ်၊ ပူနွေးတဲ့ အာရုံကို ခံစားတဲ့သဘောကား နာမ်တရား၊ ငါ သူတပါးမဟုတ်လို့ ရုပ်နာမ် ကွဲပါစေ။ ဤကား နာမ်ခန္ဓာတပါးသာယူသည်။ ဓာတ်လေးပါးနှင့်ဖြစ်စေ

ရူပကွန်ခွာနှင့်ဖြစ်စေ ရုပ်ကိုယူနိုင်သည်။ အစိတ်တပါးပါးနှင့်လည်း ယူနိုင်သည်။ နည်းရရုံရေးသည်။ သဘောတရားမျိုးကိုသိခဲ့သော် နှလုံးသွင်းနိုင်မည်။

၁။ နာမရူပဝိနိမုတ္တာ ဟိ ပဥ္စက္ခန္ဓာ၊ ပဥ္စက္ခန္ဓဝိနိမုတ္တံ ဝါ နာမရူပံ နတ္ထိ။ ရုပ်နာမ်မှလွဲတ်သော ခန္ဓာငါးပါးမရှိ၊ ခန္ဓာငါးပါးမှလွဲတ်သော နာမ်ရုပ်မရှိ လို့မိန့်ကြသည်။

၂။ ထို့ကြောင့် အရူပကမ္မဋ္ဌာန်းကို ဖဿဝေဒနာဝိညာဉ်တို့၏အစွမ်းဖြင့် ဟောတော်မူသတည်း။ ပဝတ္တိအခါ ဝတ္ထုဒ္ဒါရအာရုံတို့၌ ဖြစ်ကြသော ရုပ်နာမ်များကား ထင်ရှားလှပါတယ်။ ထို့ကြောင့် ထင်ရှားသောရုပ်နာမ်များကိုပြအံ့။

စက္ခုနာ ရူပံ ဒိဿာ—မျက်စိအကြည်ဖြင့် အဆင်းရူပါရုံကိုမြင်တဲ့အခါ စက္ခုပသာဒ အဆင်းရူပါရုံ စက္ခုဝိညာဉ်စိတ်သုံးပါးကို ကဲ့ကဲ့ပြားပြား ခြားနားစွာ သိထားရမည်။ ထိုသုံးပါးတို့တွင် သသမ္ဘာရမျက်စိတွင် အဖြူဝန်းဖြင့် ကာရံကာ မျက်ဝန်းနက်၏အလယ် ရှေးရှုတည့်တည့် ရပ်လာသူလူတို့၏ အရိပ်ပေါ်လာရာမှာ သန်းဦးခေါင်းလောက် မဟာဘုတ်တို့ကို ကြည်စေတဲ့ အကြည်ကွက်ကလေးရှိတယ်။ ဒီအကြည်ကွက်ကလေးကိုပဲ စက္ခုပသာဒဆိုသည်။ ပဲနောက်စေ့လောက် အကြည်ကွက်ကလေးရှိတယ် လို့လဲ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာမှာဆိုသည်။ လဲဝါဂွမ်း ခုနစ်လှာထပ်၍ ထားအပ်သော လဲဝါအစုဌ် ထည့်လောင်းသော ဆီသည် လဲဝါဂွမ်း ခုနစ်လှာကို စိမ့်ဝင်ဘိသကဲ့သို့ ထို့အတူ သန်းဦးခေါင်းလောက် စက္ခုအကြည်ကွက်သည် ကြက်သွန်ဥခွံများကဲ့သို့ ခုနစ်ထပ် ခုနစ်လှာရှိသော မျက်လုံးသားကို ကြည်လင်၍သွား၏။ မျက်လုံးအကြည်မှာ အဆင်းအမျိုးမျိုး ထင်လာသော် ဝိညာဉ်ပေါ်လာသည်။

ဥပမာ ဆေးတံခေတ်ထစဉ်အခါ လူများသည် အကြည်ကွက်ကလေးများ ပေါ်လာအောင် အရောင်တင်မှတ်ကျောက်ဖြင့် နာနာဖိနှိပ်၍ ပွတ်တိုက်လိုက်သောအခါ အကြည်အလင်းကွက်ကလေးပေါ်ကာလာတယ်။ ဆေးတံအကြည်ကွက်ကိုကြည့်သောအခါ မျက်နှာရိပ်ပေါ်လာသည်၊ လက်ပြလျှင် လက်ရိပ်ပေါ်လာသကဲ့သို့ မှတ်ရသည်။

အဆင်းအမျိုးမျိုးထိခိုက်ခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့ သဘောအမူအရာကို စက္ခုပသာဒ=မျက်စိအကြည် မျက်စိမှန် မျက်စိ

တံခါးလို့ ခေါ်တယ်။ တနည်း ကြည့်ရှုလိုတဲ့ ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမူအရာကို မျက်စိအကြည် မျက်စိမှန် မျက်စိတံခါးခေါ်သည်။ ထိုမျက်စိမှန် မျက်စိတံခါးသည် အဆင်းရူပါရုံတို့ကို ဆွဲဆောင်ခြင်းကိစ္စရှိသည်။ စက္ခုဝိညာဉ်အဆင်းကို မြင်သိမှု၏သာ တည်ရာဖြစ်တယ်လို့ ဉာဏ်အားရှေးရှုထင်လာသည်။ ကြည့်ရှုလိုတဲ့ရူပတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။ မျက်စိအကြည် မျက်စိမှန် မျက်စိတံခါးမှာ ထင်လာပေါ်လာတဲ့ သဘောအမူအရာကို ရူပါယတန=အဆင်း ရူပါရုံလို့ ခေါ်ပါတယ်။

ထိုအဆင်းရူပါရုံသည် စက္ခုဝိညာဉ်ဖြင့် သိမှု၏အာရုံဖြစ်ရခြင်း ကိစ္စရှိသည်။ စက္ခုဝိညာဉ် မြင်သိမှု၏သာ ကျက်စားရာအာရုံလို့ ဉာဏ်အားရှေးရှုထင်လာသည်။ လေးပါးသောမဟာဘုတ်ဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။

ဝဏ္ဏာယတနအဆင်းသည် အညို အရှေ အနီ အဖြူ အဝါ အပြာ အစိမ်းအရှည် အတို သုံးထောင့် လေးမြောင့်စသောအားဖြင့် များပြားလှသည်။ မျက်စိအကြည် ဝတ္ထုကိုမှီလျက် မျက်စိမှန်မှာ ထင်လာပေါ်လာတဲ့အဆင်းကို သိတဲ့အမူအရာကို စက္ခုဝိညာဉ်မြင်သိမှုလို့ခေါ်တယ်။ ထိုမြင်သိမှု စက္ခုဝိညာဉ်သည် အဆင်းရူပါရုံကိုသာ အာရုံပြုခြင်းကိစ္စရှိသည်။ အဆင်းရူပါရုံသို့ ရှေးရှုသောအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ အဆင်းရူပါရုံကို ဆင်ခြင်တဲ့ ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်သွားခြင်းကြောင့် ပေါ်ကာလာသည်။

ဒါရုဗီရိယဗာဟိယအား သင်သည် ဤသို့ဤပုံ သိကွာသုံးပါးကို ကျင့်လေ အားထုတ်လေ ဆုံးမတော်မူသည်ကား ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ....လို့ ဆုံးမတော်မူသည်။

မြင်ရသောအဆင်းရူပါရုံတွင် စက္ခုဒ္ဒါရဋ္ဌဖြစ်သော ဝိညာဉ်ဇောဖြင့် ငါအား မြင်ရသော ရူပါရုံသာဖြစ်လတ့ံ၊ ရူပါရုံကိုအကြောင်းပြု၍ လောဘ ဒေါသ မောဟများ မဖြစ်ရအောင် အားထုတ်ရမည်ဆိုလိုသည်။

ဤအရာတွင် ဒိဋ္ဌေအရကို မြင်အပ်သောရူပါရုံကို ကောက်ယူပါ။

ဒိဋ္ဌမတ္တံအရကိုလဲ မြင်ရသောရူပါရုံကိုပင် ကောက်ယူပါ။ ဒိဋ္ဌရဲကရိုဏ်း မြင်တဲ့တရားကိုကား စက္ခုဝိညာဉ်ကို ပုဗ္ဗင်္ဂမနှေသွားပြု၍ စက္ခုဒ္ဒါရဌ် ဖြစ်သော ဝိညာဉ်ဇောများကို ကောက်ယူပါ။

တနည်း မြင်အပ်သောအဆင်းရူပါရုံတွင် ငါအား မြင်သော စက္ခု ဝိညာဉ်အတိုင်းအရှည်ရှိသော စိတ်သာဖြစ်ရလတံ့၊ ရူပါရုံကို အကြောင်းပြု၍ လောဘ ဒေါသ မောဟများမဖြစ်ရအောင် အားထုတ်ရမယ် ဆိုလိုသည်။ စက္ခုဝိညာဉ်အတိုင်းအရှည်ဆိုသည်မှာ မြင်ရုံသာမြင်ရ မကျင်ရ မောင့်ကိုဆိုတာလို စက္ခုဝိညာဉ်သည် အဆင်းရူပါရုံကို မြင်ရုံသာမြင်၍ တပ်လဲမတပ် နှစ်သက်စိတ်လဲမဆို၊ တွေ့လဲမတွေ့ဝေတတ်ပါ။ ထိုသို့ လောဘစသော ကိလေသာမှ ကင်းသောကြောင့် စက္ခုဝိညာဉ်နှင့်အလားတူသော ဇောစိတ်ကိုသာ ဖြစ်စေအံ့လို့ ဆိုလိုသည်။ ။ဤအရာတွင် ဒိဋ္ဌေအရ မြင်အပ်သော ရူပါရုံကိုသာ ကောက်ယူပါ။ ဒိဋ္ဌမတ္တာနှစ်ပုဒ်တွင် ဒိဋ္ဌအရ မြင်သော စက္ခုဝိညာဉ်ကို ကောက်ယူပါ။ ဒိဋ္ဌမတ္တာအရ ဒိဋ္ဌမတ္တာ တောသောတိ ဒိဋ္ဌမတ္တံ ဝိဂြိဟ်ပြု၍ စက္ခုဝိညာဉ် အတိုင်းအရှည်ရှိသော ဇောစိတ်များကို ယူပါလေ။ အဓိပ္ပါယ်ပေါင်းလိုက်သော် မျက်စိအကြည်မှာ အဆင်းရူပါရုံနှင့် စက္ခုဝိညာဉ်မြင်သိကြီးမှူးသော ဇောစိတ်များ ဖြစ်ပွါးတယ်ဆိုလိုသည်။ လိုရင်းကောက်ယူသော် အဆင်းရူပါရုံနှင့် မြင်သိစက္ခုဝိညာဉ်ရသည်။ သို့ရာတွင် ဤအရာမှာ မျက်စိအကြည် မျက်စိမှန် မျက်စိပသာဒ အဆင်းရူပါရုံ မြင်သိစက္ခုဝိညာဉ်သုံးပါးလို့ မှတ်ထားပါ။

သုတေ သုတမတ္တံတွင် နားအကြည်နားမှန်သောတပသာဒအသံသဒ္ဒါရုံကြားသိမှု သောတဝိညာဉ်ဖြစ်ပွါးတယ်။

မုတေ မုတမတ္တံတွင် အာရုံနှင့်ပသာဒ တွေ့ထိရာတွင် ပေါ်လာသော ဂန္ဓာရုံ ဃာနဝိညာဉ် ရသာရုံ ဇိဝှါဝိညာဉ် ဖောဋ္ဌဗ္ဗာရုံ ကာယဝိညာဉ်တို့ကို မုတလို့ တဲ့ထားသည်။ ထို့ကြောင့် နှာခေါင်းအကြည် နှာခေါင်းမှန် ဃာနပသာဒ အနံ့ဂန္ဓာရုံ နံသိမှု ဃာနဝိညာဉ်, လျှာအကြည် လျှာမှန် ဇိဝှါပသာဒ ရသာရုံ စားသိမှု ဇိဝှါဝိညာဉ်, ကိုယ်အကြည် ကိုယ်မှန် ကာယပသာဒ အတွေ့ဖောဋ္ဌဗ္ဗာရုံ တွေ့သိမှု ကာယဝိညာဉ်၊ ဤသုံးမျိုးဖြစ်ပွါးတယ် မှတ်ရာသည်။

ဝိညာဇေ ဝိညာဇမတ္တံတွင် မနောဒွါရ မနောဒွါရာဝဇ္ဇန်းဖြင့် သိအပ်သော အာရုံခြောက်ပါး မနောဝိညာဉ်သုံးပါးဖြစ်ပွါးတယ်။

ဒိဋ္ဌေ ဒိဋ္ဌမတ္တံတွင် ဆိုပြီးအဓိပ္ပါယ်မျှားကိုမှီ၍ သိပါလေ။

ဤသို့ မြတ်စွာဘုရားသည် အကျဉ်းကြိုက်တဲ့ ဗာဟိယအား ဝိညာဉ်ခြောက်ပါး အာရုံခြောက်ပါးဖြစ်တဲ့ ဝိပဿနာအာရုံကို ဒိဋ္ဌစသော လေးပါးသော အစုတို့ဖြင့် ဝေဘန်၍ ဉာတပရိညာ တီရဏပရိညာ နှစ်ပါးကိုပြသည်။

ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ ဗာဟိယ န တေန။

ဗာဟိယ ဉာတပရိညာ တီရဏပရိညာတို့၌ တည်ပြီးသော သင့်အား သိအပ်သော တရားကိုသိပြီး လက္ခဏာရေးသုံးပါး ထင်ပြီးသောအခါ လောဘဖြင့် တပ်နှစ်သက်သော ရတ္တ, ဒေါသဖြင့် ပြစ်မှားသော ဒုဋ္ဌ, မောဟဖြင့် တွေဝေသော မူဠှပုဂ္ဂိုလ်မျှား မဖြစ်လတ္တံ၊ မြင်ရ ကြားရ နံရ စားရ တွေ့ရ သိရသော အာရုံခြောက်ပါးကိုစွဲ၍ လောဘ ဒေါသ မောဟ မျှား မဖြစ်ကြလတ္တံ့ ဆိုလိုသည်။

ယတော တွံ ဗာဟိယ န တေန၊ တတော တွံ ဗာဟိယ န တတ္ထ။

ဗာဟိယ သင်သည် အာရုံခြောက်ပါးကိုစွဲ၍ ရတ္တ ဒုဋ္ဌ မူဠှပုဂ္ဂိုလ်မျှား မဖြစ်သောအခါ မြင်ရ ကြားတွေ့ရ သိရတဲ့အာရုံခြောက်ပါးကို "တေံ မမ" ဤအာရုံကား ခင်မင်မက်မောသည်၏ အစွမ်းဖြင့် သာယာနှစ်သက်ရသော ငါ့ဥစ္စာလို့ မကပ်ငြိတော့ပါ၊ မသိမ်းပိုက်တော့ပါ။

"သေသောဟမသ္မိ" ဤ အာရုံကား မြတ်နိုးသည်၏အစွမ်းဖြင့် စိတ်ကြီးဝင်အထင်ကြီးရသော ငါလို့ တမ်းခွန်မျှားကဲ့သို့ ထောင်လွှားကာ မတည်တော့ပါ။

"သော မေ အတ္တာ" ဤအာရုံကား မပျက်မကဲ့ ခိုင်မြဲစွာတည်သော အတ္တလို့မှားသောအားဖြင့် မယူတော့ပါ။

ပသာဒဝိညာဉ်မျှားကိုလဲ ဤအတိုင်းမစွဲယူတော့ပါ။ ဤမျှသော စကားဖြင့် ပဟာနပရိညာကို အဆုံးသို့ရောက်စေလျက် ရဟန္တာဖြစ်ပုံကို ပြဆိုသည်။

ယတော တံ့ ဗာဟိယ နု တတ္ထ၊ တတော တံ့ ဗာဟိယ နေဝိဓ နု ဟုရံ် နု ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။

ချစ်သား ဗာဟိယ သင်သည် ရာဂစသောကိလေသာဖြင့် ဒိဋ္ဌစသော အာရုံခြောက်ပါး ဝိညာဉ်တရားတို့၌ တဏှာစဲ့ မာနစဲ့ ဒိဋ္ဌိစဲ့ မစဲ့ယူ၊ ဘေးရန် မရှိသောအခါ ပစ္စုပ္ပန်တမလွန်နှစ်တန်သော လောကတွင် မဖြစ်ရတော့ပြီ၊ ဤသို့ လောကမှာ မဖြစ်ခြင်းသာ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ၏ဆုံးရာ နိဗ္ဗာန်သို့ ရောက်သည်ဆိုလိုသည်။

ဤသို့ ဗာဟိယအား ဆုံးမတော်မူရာတွင် ပဌမပိုင်းဖြင့် ဉာတပရိညာ တီရဏပရိညာနှစ်ပါး ဖြစ်ပွါးအောင် အားထုတ်ရမည် ဆုံးမသည်။ အားထုတ်ပုံကားမပါ၊ ယတော ခေါ။ပ။ နု တေန-ဒုတိယပိုင်းဖြင့် ပဟာန ပရိညာအဆုံးသို့ရောက်၍ ရဟန္တာဖြစ်ပုံကို ပြတော်မူသည်။

ယတော တံ့ ဗာဟိယ နု တတ္ထ။ပ။ သာတိ·တတိယပိုင်းဖြင့် နိဗ္ဗာန် ရောက်သွားပုံကိုပြသည်။ ယခုအခါဥပါသကာ ဥပါသိကာမများတွင် အချို့ မျက်စိပေါက်ဖြင့် စကြံသွားကာ မြင်တယ် မြင်တယ် အားထုတ်ကြသည် တွေ့ရသည်။ ဤကဲ့သို့ အားထုတ်ရမည်ကို ပြလိုရင်းမဟုတ်။

ဉာတပရိညာ တီရဏပရိညာလာတဲ့ အစီအရင်အတိုင်းသာ အားထုတ် ရမည်ဖြစ်သည်။ ရူပပရိဂ္ဂဟ အရူပပရိဂ္ဂဟ ပစ္စယပရိဂ္ဂဟ အဒ္ဓါနပရိဂ္ဂဟ မဂ္ဂါမဂ္ဂပရိဂ္ဂဟ အစဉ်အတိုင်းသာ အားထုတ်သင့်သည်။ ရူပ်နာမ်နှစ်ပါးတွင် ထင်ရှားသိလွယ်တဲ့ ရူပ်ကို အစစွဲသိမ်းဆည်းပါ။ မျက်စိအကြည်အား ထင်လာပေါ်လာတဲ့ အညိုအရွှေစသော အဆင်းသဘော အမူအရာသည် ရှေးအစဉ်နှင့်မတူ နောက်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ်နိုပ်စက်အပ် သောကြောင့် ရူပ်တရားပေတည်း, ရူပ်တရားပေတည်း။ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမ မဟုတ်။ အရှဆောင်ပါ။ အဆင်းကိုအာရုံ ပြုကာကြည့်ပြီး မျက်စိအကြည်မှာ ထင်လာပေါ်လာတဲ့ သဘောသည် ဖောက်ပြန်သည် ဖောက်ပြန်သည်လို့ ပွါးပါ။

ကျောင်းအတွင်းမှာဖြစ်လျှင် နံရံကိုကြည့်၍ဖြစ်စေ ကောင်းကင်တိမ် တိုက်များကိုကြည့်၍ဖြစ်စေ တောတောင်သစ်ပင်များကို ကြည့်၍ဖြစ်စေ အားထုတ်ပါ။ အားထုတ်ဖန်များသော် သဏ္ဌာန်ဒြဗ်များပျောက်၍ မျက်စိ အကြည်မှာထင်လာတဲ့ သဘောများ ရိပ်ရိပ်လှစ်လှစ်နဲ့ နေသည်ကိုတွေ့ရ

လထုံ၊ စိတ်ကိုမျက်စိပေါက် မျက်စိတံခါးမှာ ထားလေ၊ လူများကိုကြည့်၍ ပွါးလျှင် ယောကျ်ားမိန်းမသညာကွယ်၍ သွားလတ့ံ။ ထို့နောင် မျက်စိအကြည်မျက်စိမှန်မှာထင်ပေါ်လာတဲ့ သဘော အဆင်းကိုမြင်သိသော သဘော အမူအရာသည် အာရုံသို့ညွတ်တတ် ကိုင်းတတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း, နာမ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်။ အရဆောင်ပါ။ အဆင်းကိုသိတဲ့ သဘောအမူအရာကို အာရုံပြုကာ မျက်စိအကြည်မှာဖြစ်စေ မနောအကြည်မှာဖြစ်စေ ဉာဏ်စိုက်ပြီး ညွတ်သည် သိသည် အာရုံပြုသည်, ညွတ်သည် သိသည် အာရုံပြုသည်လို့ ပွါးပါ။ ပွါးဖန်များသော် ပြိုးပြိုးပြက်ပြက် တလက်လက်နေတဲ့ နာမ်သဘောများကိုတွေ့မြင်ရလတ့ံ။

အရူပပရိဂ္ဂဟခန်း ပြီး၏။

ထို့နောင် ရုပ်နှင့်နာမ်ကို တပေါင်းတည်းမသိမ်းပဲ တခြားစီပဲသိမ်းပါ၊ သိလွယ်မည်၊ အဇ္ဈတ္တဖြစ်လျှင် မျက်စိအကြည် မျက်စိမှန်မှာထင်လာပေါ်လာတဲ့ သဘောအမူအရာသည် ကံစိတ်ဥတုအာဟာရဟု ဆိုအပ်သော အကြောင်းကြောင့်ပေါ်လာပေသည်, ပေါ်လာပေသည်၊ တန်ခိုးကြီးမား နတ်သကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်လာသည်မဟုတ်၊ မိမိမှအပ ဝိညာဉ်မဲ့ဗဟိဒ္ဓမှာဖြစ်လျှင် ဥတုဟုဆိုအပ်သောအကြောင်းကြောင့် လို့ ပြင်ဆိုပါ။ အရဆောင်။

မျက်စိအကြည်မှာ ထင်ပေါ်လာတဲ့သဘောအမူအရာသည် အကြောင်းကြောင့်ပေါ်လာသည်, အကြောင်းကြောင့်ပေါ်လာသည်လို့ ပွါးပါ။ အကြောင်းအကျိုးနှစ်ပါးသာရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါမရှိလို့ ထင်လာမည်။

နာမ်တရားအတွက် မျက်စိအကြည်မှာ ထင်လာ ပေါ်လာတဲ့သဘော အဆင်းကို မြင်သိသောသဘောအမူအရာသည် မျက်စိအကြည် အဆင်းရူပါရုံ နှလုံးသွင်း အာရောင်အလင်းဟု ဆိုအပ်သော အကြောင်းတို့ကြောင့် ပေါ်လာပေသည်, ပေါ်လာပေသည်၊ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်လာသည်မဟုတ်။ အရဆောင်။

အဆင်းကိုမြင်သိတဲ့ သဘောအမှုအရာသည် အကြောင်းကြောင့်ပေါ်လာပေသည့်, အကြောင်းကြောင့်ပေါ်လာပေသည်လို့ ပွါးပါ။ အကြောင်းအကျိုးသာရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါမရှိလို့ ထင်လာမည်။

ပစ္စယပရိဂ္ဂဟခန်း ပြီး၏။

ထို့နောင် အဆင်းကိုအာရုံပြုကာ ယခုဖြစ်ဆဲရုပ်တရားသည် အမြဲမရှိအနိစ္စ,အမြဲမရှိအနိစ္စလို့ ပွါးပါ၊ ပွါးဖန်များသော် မမြဲတဲ့သဘောကို တွေ့မြင်လတ်ံ့။ ထို့နောင် လွန်ပြီးအတိတ်ဘဝရုပ်လည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စလို့ အနည်းငယ်ပွါးပါ၊ အနာဂတ်ဘဝရုပ်လည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စလို့ ပွါးပါ၊ ကာလသုံးပါးဖြင့် အနိစ္စာနုပဿနာ ပွါးပုံတည်း။ ထို့နောင် အဆင်းကို အာရုံပြုကာ ယခုဖြစ်ဆဲ ရုပ်တရားသည် မကောင်းဆင်းရဲပင်ပန်းလှသည်, မကောင်း ဆင်းရဲ ပင်ပန်းလှသည်လို့ ပွါးပါ။ ထို့နောင် လွန်ပြီး အတိတ်ဘဝရုပ်လည်း မကောင်း ဆင်းရဲပင်ပန်းလှသည်, မကောင်း ဆင်းရဲပင်ပန်းလှသည်လို့ အနည်းငယ် ပွါးပါ။ ထို့နောင် အနာဂတ်ဘဝရုပ်လည်း မကောင်း ဆင်းရဲပင်ပန်းလှသည်, မကောင်း ဆင်းရဲပင်ပန်းလှသည်လို့ ပွါးပါ။ ကာလသုံးပါးဖြင့် ဒုက္ခာနုပဿနာ ပွါးပုံတည်း။ ထို့နောင် ယခုဖြစ်ဆဲ ရုပ်တရားသည် တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တလို့ ပွါးပါ။ လွန်ပြီး အတိတ်ဘဝ ရုပ်တရားလည်း တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တလို့ ပွါးပါ။ ထို့နောင် အနာဂတ်ဘဝ ရုပ်တရားလည်း တောင့်တ၍မရ အနတ္တ, တောင့်တ၍မရ အနတ္တလို့ ပွါးပါလေ။ ကာလသုံးပါးဖြင့် အနတ္တာနုပဿနာ ပွါးပုံတည်း။ နာမ်တရားကို ကာလသုံးပါးဖြင့် ပွါးပုံ မရေးတော့ပါ။

အဒ္ဓါနပရိဂ္ဂဟခန်း ပြီး၏။

မဂ္ဂါမဂ္ဂပရိဂ္ဂဟဆိုသည်မှာ ဉဒယဗ္ဗယဉာဏ်ကိုပင် ဆိုလိုသည်။ ဉဒယဗ္ဗယဉာဏ်မှာ အကျဉ်းရှုနည်း, အကျယ်ရှုနည်း နှစ်မျိုးရှိသည်။ အဒ္ဓါ သမယသန္တတိ ခဏပစ္စုပ္ပန် လေးမျိုးတို့တွင် သန္တတိ ပစ္စုပ္ပန်ဖြင့်သာ ရှုကြည့်ရသည်။ သန္တတိပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်တွင် မြင်လာသော် ခဏပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်လည်း ထင်မြင်ကာလာလိမ့်မည်။ မိမိသန္တာန်ဖြစ်သော

အဆင်းရူပါရုံကို ကြည့်ရှုသော် သွားခြင်းဣရိယာပုထ် ခြေလှမ်းဖြင့်သော်
ငင်း ခြေတလှမ်းတွင် ကြွ, ဆောင်, ချ အခိုက်အတန့် သုံးမျိုးတို့တွင်
တခုခုသော အခိုက်အတန့်ဖြင့်သော်ငင်း ပိုင်းခြားမှတ်သား၍ လှမ်းစကြွစ
အခိုက်အတန့်များမှာ 'ဖြစ်သည်, ဖြစ်သည်'လို ဥဒယကို ကြည့်ရှုပါ။ ခြေ
လှမ်းအဆုံးအချတွင် 'ပျက်သည်,ပျက်သည်'လို ဝယကို ကြည့်ရှုပါ၊ ထို့နောင်
ပေါင်း၍ 'ဖြစ်သည်, ပျက်သည်'လို ရှုကြည့်ပွါးများပါ။

ဝင်သက်ထွက်သက် အခိုက်အတန့်ဖြင့်သော်လည်း ပိုင်းခြား၍ ကြည့်ရှု
ပါ။ မျက်တောင် တန်းထားစဉ်, ခပ်စဉ် အခိုက်အတန့်ဖြင့်သော်လည်း
ပိုင်းခြား၍ ကြည့်ရှုပါ။ ဗဟိဒ္ဓမှာ ဖျာတနေရာစာလောက် တောတောင်
သစ်ပင်များကိုဖြစ်စေ တစုံတခုသော ဝတ္ထုကိုဖြစ်စေ ကြည့်၍ အဖြစ်
အပျက်များကို ရှုသွားနိုင်သည်။ စေးချိုအတွင်းမှာဖြစ်စေ ဉာဏ်ရှိလျှင်
ပွါးနိုင်ပါသည်။ ဤကား အကျဉ်းရှုနည်း။ အကျယ်ရှုနည်းမှာ သက်ရှိ
သက်မဲ့ ရုပ်ကို ကြည့်ရှု၍ ပွါးခန်းမှာ ရေးခဲ့တဲ့အတိုင်း ရသင့်သော
အကြောင်းကို သိမ်းဆည်း၍ အဖြစ်အပျက် ကြည့်ရှုပွါးများပါ။

မဂ္ဂါမဂ္ဂပရိဂ္ဂဟာခန်း ပြီး၏။

ရှေ့အဖို့များအတွက် အလွန်မခက်ခဲတော့ပါ။ သောတေန သဒ္ဒံ
သုတ္တာ—နားအကြည်ဖြင့် အသံသဒ္ဒါရုံတို့ ကြားတဲ့အခါ သောတပသာဒ
အသံသဒ္ဒါရုံ သောတဝိညာဉ် သုံးပါးကို ခြားနားစွာ သိထားရမည်။

ထိုသုံးပါးတို့တွင် သသမ္ဘာရ နားပေါက်အတွင်းမှာ လက်တဆစ်
လောက်နက်သော အရပ်တွင် ကြေးနီအဆင်းနှင့် တူစွာ နှီမြှုန်းသိမ်မွေ့
သော အမွေးနုကလေးတွေ ပေါက်ရာ နေရာရှိပါသည်။ အမွေးနုများက
နားပေါက်ကို လှည့်၍ပေါက်သောကြောင့် လက်စွပ်ကွင်းသဏ္ဌာန် တည်ရှိ
ပါတယ်။ ဤအမွေးနုများ ပေါက်ရာအရပ်တွင် သောတပသာဒနား
အကြည် တည်ရှိပါသည်။ ဓာတ်ကြီးလေးပါး၌ ကြည်ခြင်းအမှုအရာကလေး
မျှသာတည်း၊အသံအမျိုးမျိုးထိခိုက်ပေါ် လာခြင်းငှါထိုက်သော မဟာဘုတ်
တို့ကိုကြည်စေတဲ့ သဘောအမှုအရာကို သောတပသာဒ နားအကြည် နားမှန်

နားတံခါးလို့ ခေါ်တယ်။ တနည်း ကြားလို နာလိုတဲ့ သဒ္ဒတဏှာလျှင် အကြောင်းရင်းရှိတဲ့ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တို့ကို ကြည်စေတဲ့သဿအမှုအရာကို နားအကြည် နားမှန် နားတံခါးလို့ခေါ်တယ်။

ထို နားအကြည်သည် အသံသဒ္ဒါရုံတို့ကို ဆဲ့ဆောင်ခြင်းကိစ္စရှိသည်၊ သောတဝိညာဉ်အသံကို ကြားသိမှု၏သာ တည်ရာဖြစ်တယ်လို့ ဉာဏ်အားရှေးရှုထင်လာသည်။ ကြားလို နာလိုတဲ့ သဒ္ဒတဏှာလျှင်အကြောင်းရှိသော ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။

နားအကြည်မှာ ထင်လာပေါ်လာတဲ့သဘောအမှုအရာကို သဒ္ဒါယတန အသံလို့ခေါ်တယ်။ ထို အသံသဒ္ဒါရုံသည် သောတဝိညာဉ်ကြားသိမှု၏အာရုံဖြစ်ရခြင်း ကိစ္စရှိသည်၊ သောတဝိညာဉ် ကြားသိမှု၏သာ ကျက်စားရာအာရုံလို့ ဉာဏ်အားရှေးရှုထင်လာသည်။ လေးပါးသော မဟာဘုတ်ဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။ အသံသဒ္ဒါရုံသည် လူသံနွားသံ မြင်းသံ ဆင်သံ မိုးသံ လေသံ ရေသံ မြေသံ စည်သံ သီချင်းသံ တီးမှုတ်သံစသောအားဖြင့် မျိုးပြားလှသတည်း။

နားမှန်မှာ ထင်လာပေါ်လာတဲ့အသံ သဒ္ဒါရုံကို နားအကြည်ဝတ္ထုကို မှီလျက် သိတဲ့သဘော သိတဲ့အမှုအရာကို သောတဝိညာဉ်လို့ ခေါ်သည်။ ထို ကြားသိမှု သောတဝိညာဉ်သည် အသံသဒ္ဒါရုံကို နားအကြည်ဝတ္ထုကို မှီလျက်သိတဲ့သဘော သိတဲ့အမှုအရာကို အသံသဒ္ဒါရုံကို အာရုံပြုခြင်းကိစ္စရှိသည်။

အသံသဒ္ဒါရုံကို ရှေးရှုသောအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ အသံသဒ္ဒါရုံကိုဆင်ခြင်တဲ့ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်သွားခြင်းကြောင့် ပေါ်ကာလာရသည်။ နားအကြည်နှင့်အသံကား ရုပ်တရား, အသံကိုကြားသိတဲ့သဘောကား နာမ်တရားလို့ခဲ့ထားပါ။

ဃာနေန ဂန္ဓံ ဃာယိတ္ဝာ—နှာခေါင်းဖြင့် အနံ့ဂန္ဓာရုံကို နမ်းရှုသော အခါ ဃာနပသာဒ အနံ့ဂန္ဓာရုံ ဃာနဝိညာဉ်သုံးပါးကို ခြားနားစွာသိထားရမည်။ သသမ္ဘာရ နှာခေါင်းအပေါက်အတွင်းမှာ လက်တဆစ်လောက်

နက်သောအရပ်တွင် ဆိတ်ခွါသဏ္ဌာန်နှင့်တူသော အရပ်ရှိ၏။ ထိုအရပ်မှာ ဃာနပသာဒတည်ရှိသည်။

ဓာတ်ကြီးလေးပါး၌ ကြည်ခြင်းအမူအရာ ကလေးမျှသာတည်း။ အနံ့အမျိုးမျိုး ထိခိုက်ပေါ်လာခြင်းငှါထိုက်သော မဟာဘူတ်တို့ကို ကြည်စေတဲ့သဘော အမူအရာကို ဃာနပသာဒ နှာခေါင်းအကြည် နှာခေါင်းမှန် နှာခေါင်းတံခါးလို့ ခေါ်တယ်။ တနည်း နမ်းရှုလိုတဲ့ ဂန္ဓတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘူတ်တို့ကို ကြည်စေတဲ့သဘော အမူအရာကို ဃာနပသာဒ နှာခေါင်းအကြည် နှာခေါင်းမှန် နှာခေါင်းတံခါးလို့ ခေါ်တယ်။ ထို နှာခေါင်းအကြည်သည် အနံ့ဂန္ဓာရုံကို ဆွဲဆောင်ခြင်းကိစ္စရှိသည်၊ ဃာနဝိညာဉ်အနံ့ကို နံသိမှု၏သာ တည်ရာဖြစ်တယ်လို့ ဉာဏ်အား ရှေးရှုထင်လာသည်၊ နမ်းရှုလိုတဲ့ ဂန္ဓတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်တဲ့ မဟာဘူတ်ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။ နှာခေါင်းအကြည်မှာ ထင်လာပေါ်လာတဲ့ သဘောအမူအရာကို ဂန္ဓာယတန အနံ့ဂန္ဓာရုံလို့ ခေါ်တယ်။ ထို အနံ့ဂန္ဓာရုံသည် ဃာနဝိညာဉ် နံသိမှု၏ အာရုံဖြစ်ရခြင်း ကိစ္စရှိသည်။ ဃာနဝိညာဉ် နံသိမှု၏သာ ကျက်စားရာအာရုံလို့ ဉာဏ်အားရှေးရှုထင်လာသည်။ လေးပါးသော မဟာဘူတ်ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။

အနံ့ဂန္ဓာရုံသည် အမြစ်နံ့ အနှစ်နံ့ အခေါက်နံ့ အရွက်နံ့ အပွင့်နံ့ အသီးနံ့ စိမ်းသောအနံ့ အဆိပ်နံ့ ကောင်းသောအနံ့ မကောင်းသောအနံ့စသည်ဖြင့် များလှသတည်း။

နှာခေါင်းအကြည်မှာ ထင်လာ ပေါ်လာတဲ့ သဘော အမူအရာကို နှာခေါင်းအကြည်ဝတ္ထုကိုမှီလျက် သိတဲ့သဘောအမူအရာကို ဃာနဝိညာဉ် နံသိမှုလို့ခေါ်သည်။ ထို နံသိမှု ဃာနဝိညာဉ်သည် အနံ့ဂန္ဓာရုံကိုသာ အာရုံပြုခြင်းကိစ္စရှိသည်။ အနံ့ဂန္ဓာရုံကို ရှေးရှုသောအဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်လာသည်။ အနံ့ဂန္ဓာရုံကိုဆင်ခြင်သော ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်သွားခြင်းဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။

နှာခေါင်းအကြည်နှင့် အနံ့ဂန္ဓာရုံကား ရုပ်တရား, အနံ့ကိုနံသိတဲ့သဘောကား နာမ်တရားလို့ခဲ့ထားပါ။

ဇီဝှါယ ရသံ သာယိတ္ဝာ—လျှာအကြည်ဖြင့် အရသာကိုစားသိသော အခါ ဇီဝှါပသာဒလျှာအကြည် ရသာယတနရသာရုံ ဇီဝှါဝိညာဉ် စားသိမှု သုံးပါးကို ခြားနားစွာသိထားရမည်။

သသမ္ဘာရလျှာတွင် လျှာရင်း လျှာဖျား နံပါးတို့ကိုကြည့်၍ လျှာရဲ့ အထက်အပြင် အလယ်တည့်တည့်မှာ ပိုင်းဖြတ်ထားသောကြာရွက်ဖျား သဏ္ဌာန်ရှိသောအရပ်တွင် လျှာအကြည် ဇီဝှါပသာဒ တည်ကာနေသည်။ ဓာတ်ကြီးလေးပါးရဲ့ကြည်ခြင်းအမှုအရာကလေးမျှသာတည်း။

အရသာအမျိုးမျိုးထိခိုက်ပေါ်လာခြင်းငှါထို်က်သော မဟာဘုတ်တို့ကို ကြည်စေတဲ့ သဘောအမှုအရာကို ဇီဝှါပသာဒ လျှာအကြည် လျှာမှန် လျှာတံခါးလို့ ခေါ်တယ်။

တနည်း စားသောက်လိုတဲ့ ရသတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်တဲ့ မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမှုအရာကို ဇီဝှါပသာဒ လျှာအကြည် လျှာမှန် လျှာတံခါးလို့ခေါ်တယ်။ ထို့လျှာအကြည်သည် အချို့စသောရသာရုံကို ဆွဲဆောင်ခြင်းကိစ္စရှိသည်။

ဇီဝှါဝိညာဉ် အရသာကို စားသိမှု၏သာ တည်ရာဖြစ်တယ်လို့ ဉာဏ် အားရှေးရှုထင်လာသည်။ စားသောက်လိုတဲ့ ရသတဏှာလျှင် အကြောင်း ရှိသော ကံကြောင့်ဖြစ်တဲ့ မဟာဘုက်ဟူသောအကြောင်းကြောင့် ပေါ်ကာ လာရသည်။ လျှာအကြည်မှာထင်လာပေါ်လာတဲ့ သဘောအမှုအရာကို ရသာယတန ရသာရုံလို့ခေါ်သည်။ ထို့ရသာရုံသည် ဇီဝှါဝိညာဉ်စားသိမှု၏ သာ အာရုံဖြစ်ရခြင်းကိစ္စရှိသည်။ ဇီဝှါဝိညာဉ်စားသိမှု၏သာ ကျက်စားရာ အာရုံလို့ ဉာဏ်အားရှေးရှု ထင်လာသည်။ မဟာဘုတ်လေးပါးဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။ အချို့စသော ရသာရုံသည် အမြစ်ပင်စည် အခေါက် အရွက် အပွင့် အသီးတို့၏ အရသာ အချို အချဉ် အစပ် အငံ အဖန် အခါး အရသာ ကောင်း မကောင်းတဲ့အရသာ စသော အားဖြင့် များလှသတည်း။

လျှာအကြည်မှာထင်ပေါ်လာတဲ့ သဘောအမှုအရာကို လျှာအကြည် ဝတ္ထုကို မှီလျက် သိတဲ့သဘောအမှုအရာကို ဇီဝှါဝိညာဉ် စားသိမှုလို့ ခေါ်သည်။ ထိုစားသိမှုဇီဝှါဝိညာဉ်သည် ရသာရုံကိုသာ အာရုံပြုခြင်းကိစ္စ

ရှိသည်။ ရသာရုံကိုရှေးရှုသောအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ ရသာရုံကို ဆင်ခြင်မသော ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်သွားခြင်းဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။ လျှာအကြည်နှင့်ရသာရုံကား ရုပ်တရား, ရသာရုံကိုသိတဲ့သဘောကား နာမ်တရားလို ခဲ့ထားပါ။

ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတ္ဝာ—ကိုယ်အကြည်ဖြင့် အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသောအခါ ကာယပသာဒ ကိုယ်အကြည် ဖောဋ္ဌဗ္ဗာယတနအတွေ့ဖောဋ္ဌဗ္ဗာရုံ ကာယဝိညာဉ်တွေ့သိမှုသုံးပါးကို ခြားနားစွာသိထားရမည်။

ဆံအမွေး ခြေသည်း လက်သည်းဖျား ရင့်မာသောအရိုး ခြောက်သွေ့သောအရေပါစကခဝတ်မီး၏ တည်ရာတို့ကိုထား၍ ကြွင်းသောတကိုယ်လုံး ဝယ်ကာယကိုယ်အကြည် အပြည့်တည်ကာနေသည်၊ ဥပမာ လဲဝါဂ္ဂမ်းအပြင် လောင်းထည့်သောဆီပျံ့နှံ့ကာ စိမ့်ဝင်၍တည်သကဲ့သို့ ပျံ့နှံ့ကာတည်သည်ဆိုလိုသည်။

ဓာတ်ကြီးလေးပါး၌ ကြည်ခြင်းအမှုအရာကလေးမျှသာတည်း။ အတွေ့ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုး တွေ့ထိပေါ်လာခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့ သဘောအမှုအရာကို ကာယပသာဒ ကိုယ်အကြည် ကိုယ်မှန် ကိုယ်တံခါးလို ခေါ်သည်။

တနည်း တွေ့လိုတဲ့ ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမှုအရာကို ကာယပသာဒ ကိုယ်အကြည် ကိုယ်မှန် ကိုယ်တံခါးလို့ခေါ်သည်။ ထိုကိုယ်အကြည်သည် အတွေ့ဖောဋ္ဌဗ္ဗာရုံကို ဆဲ့ဆောင်ခြင်းကိစ္စရှိသည်။

ကာယဝိညာဉ် အတွေ့ကိုတွေ့သိမှု၏သာ တည်ရာဖြစ်တယ်လို့ ဉာဏ်အားရှေးရှုထင်လာသည်။ တွေ့ထိလိုတဲ့ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။

ကိုယ်အကြည်မှာထင်လာ ပေါ်လာတဲ့သဘောအမှုအရာကို ဖောဋ္ဌဗ္ဗာယတန အတွေ့ဖောဋ္ဌဗ္ဗာရုံလို့ ခေါ်သည်။ ထိုဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်တွေ့သိမှု၏ အာရုံဖြစ်ရခြင်းကိစ္စရှိသည်။ ကာယဝိညာဉ်တွေ့သိမှု၏သာ ကျက်စားရာအာရုံလို့ ဉာဏ်အားရှေးရှုထင်လာသည်။ မဟာဘုတ်လေးပါး

ဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။ ဖောဋ္ဌဗ္ဗာရုံသည် ပထဝီဖောဋ္ဌဗ္ဗ=မြေအတွေ့ တေဇောဖောဋ္ဌဗ္ဗ=မီးအတွေ့ ဝါယောဖောဋ္ဌဗ္ဗ=လေအတွေ့လို့ သုံးမျိုးရှိသည်။ ကိုယ်အကြည်မှာ ထင်လာပေါ်လာတဲ့ သဘောအမူအရာကို ကိုယ်အကြည်ဝတ္ထုကိုမှီလျက် တွေ့သိတဲ့ သဘောအမူအရာကို ကာယဝိညာဉ်တွေသိမှုလို့ ခေါ်သည်။

ထိုကာယဝိညာဉ်တွေသိမှုသည် ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုခြင်းကိစ္စရှိသည်။ ဖောဋ္ဌဗ္ဗာရုံကို ရှေးရှုသောအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်လာသည်။ ဖောဋ္ဌဗ္ဗာရုံကိုဆင်ခြင်သော ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်ခြင်းဟူသောအကြောင်းကြောင့် ပေါ်ကာလာရသည်။ ကိုယ်အကြည်နှင့် ဖောဋ္ဌဗ္ဗာရုံကား ရုပ်တရား, တွေ့သိမှုကား နာမ်တရားလို့ ခဲ့ထားပါ။

မနသာ မမှံ ဝိညာယ—မနောအကြည်ဖြင့် ဓမ္မာရုံကို သိသောအခါ မနောအကြည် သဘောဓမ္မာရုံ မနောဝိညာဉ် ဓမ္မာရုံကို ဦးတိုက်သိမှုသုံးပါးကို ခြားနားစွာ သိထားရမည်။ နှလုံးဗူး လိုဏ်အတွင်းမှာ နှလုံးသွေးခေါ် ဓာတ်မှန်ကလေးများ ရှိသည်၊ ဓာတ်မှန်ကိုမှီ၍ သွေး အလားရှိတဲ့ ဟဒယဝတ္ထု တည်ကာနေသည်။ ဟဒယဝတ္ထုကိုမှီ၍ ပဘဿရပြိုးပြိုးပြက်ပြက် အရောင်တလက်လက် ကြည်လင်သော မနောအကြည် တည်ကာနေသည်။ မနောအကြည်လို့ ခေါ်ရသော ဘဝင်စိတ်သည် အတိတ်ကံကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုသည်။ သဘောဓမ္မာရုံအမျိုးမျိုး ထင်လာ ပေါ်လာရာဖြစ်သော ကြည်လင်တောက်ပတဲ့ အမူအရာကို မနောအကြည်လို့ ခေါ်သည်။ ထို မနောအကြည်သည် သဘောဓမ္မာရုံကို ဆွဲဆောင်ခြင်း ကိစ္စရှိသည်။ မနောဝိညာဉ်သဘောကို ဦးတိုက်သိမှု၏သာ ဖြစ်ကြောင်းဖြစ်တယ်လို့ ဉာဏ်အား ရှေးရှုထင်လာသည်။ သခ်ါရ-ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။ မနောအကြည်မှာ ထင်လာ ပေါ်လာတဲ့ သဘောအမူအရာကို ဓမ္မာရုံလို့ ခေါ်သည်။

ထိုဓမ္မာရုံသည် မနောဝိညာဉ်၏ အာရုံဖြစ်ရခြင်း ကိစ္စရှိသည်။ မနောဝိညာဉ်၏သာ ကျက်စားရာအာရုံလို့ ဉာဏ်အား ရှေးရှု ထင်လာသည်။ ရသင့်ရထိုက်သော အကြောင်းကြောင့် ပေါ်ကာလာရသည်။ ဓမ္မာရုံကား ရုပ်ဓမ္မာရုံ နာမ်ဓမ္မာရုံ စသောအားဖြင့် များသောအပြားရှိသည်။ ခြောက်

ပါးသောအာရုံကို သိတဲ့သဘော သိတဲ့အမူအရာကို မနောဝိညာဉ်လို့ ခေါ်သည်။ ထို့မနောဝိညာဉ်သည် ခံလင့်သကဲ့သို့, စုံစမ်းသကဲ့သို့ ဖြစ်ခြင်း စသောကိစ္စ ရှိသည်။ ထို့သို့သောကိစ္စ အခြင်းအရာအားဖြင့် ဖြစ်၏ဟူ၍ ဉာဏ်အား ရှေးရှုထင်လာသည်။

ဟဒယဝတ္ထု-ဟူသော အကြောင်းကြောင့် ပေါ်ကာလာရသည်။ မနောအကြည်နှင့် မနောဝိညာဉ်ကား နာမ်တရား, ဓမ္မာရုံကား ရုပ်နာမ်နှစ်ပါး ရောကာနေသည်။ ရုပ်နာမ်နှစ်ပါးကဲ့အောင် ခွဲထားပါ။

၁။ ပုတ်သင်ပမာ၊ ဖောက်ပြန်တာ၊ မှတ်ပါ ရုပ်တရား။
၂။ ကြာပွတ်ပမာ၊ ညွတ်သွားတာ၊ မှတ်ပါ နာမ်တရား။
၃။ လှေနှင့်လှော်သူ၊ နှိုင်းယှဉ်ယူ၊ အတူ ရုပ်နာမ်မျှား။
၄။ သူဆွံ့သူကာဏ်း၊ ဝန်ကိုထမ်း၊ ယှဉ်စမ်း ရုပ်နာမ်မျှား။
၅။ မျက်စိ နား နှာ၊ လျှာ ကိုယ် မနော၊ ကြည်သဘော၊ မှတ်လော ဒွါရ ရုပ်တရား။
၆။ မနောကြည်မှာ၊ အထူးသာ၊ မှတ်ပါ နာမ်တရား။
၇။ အဆဲင်း အသံ၊ အနံ ရသ၊ တွေ့ဓမ္မ၊ မှတ်ကြအာရုံ ရုပ်တရား။
၈။ ဓမ္မအာရုံ၊ နှစ်ပါးဆုံ၊ မှတ်တုံ ရုပ်နာမ်မျှား။
၉။ မြင်ကြား နံလျက်၊ တွေ့သိချက်၊ ဆက်ဝိညာဉ်မျှား။
၁၀။ အာရုံရှေးရှု၊ မြင်သိမှု၊ မှတ်ရှု နာမ်တရား။
ကြားသိမှု-နံသိမှု-စားသိမှု-တွေ့သိမှု-ကြုံသိမှု။

ဒွါရအာရုံဝိညာဉ်မျှားကို အကျဉ်းချုပ်သည်။ မျက်စိအကြည် မျက်စိတံခါးမှ ပွါးပုံ ပွါးနည်းကိုမှီကာ ပွါးကြလေ။

စည်အပြင်တွင် စည်လက်ခတ်တုတ်နှင့် ရိုက်နှက်သောအခါ စည်သံမျှားထွက်ပေါ်ကာ လာပါတယ်။ စည်သံကား ရှေးက စည်အပြင်မှာ ရှိနှင့်သည်လည်း မဟုတ်၊ စည်သံမျှားစုပုံ၍ နေရာမှ လာရောက်သည်လဲမဟုတ်၊ အမှန်မှာ စည်အပြင်မှာ တုတ်နှင့် နှက်သည့်အတွက် စည်သံပေါ်ထွက်လာတယ်။ ပေါ်လာသော်လဲ မကြာခဏ ပျောက်ကွယ်သေဆုံးသည်ကို တွေ့ရသည်။ အသံကြားလိုလျှင် တဖန် စည်အပြင်မှာ တုတ်နှင့် နှက်ရပြန်ပါ

တယ်။ ထိုအတူ မျက်စိအကြည်စသော အကြည်တံခါးများတွင် အဆင်း စသောအာရုံတို့ ထင်လာ ထိလာမှသာလျှင် မြင်သိ စက္ခုဝိညာဉ် စသော နာမ်တရားတို့ ပေါ်ကာလာကြသည်။ မြင်သိစသော နာမ်တရားများကား မျက်စိအကြည်စသော ထံခါးများမှာ ရှေးကရှိနှင့်သည်လည်းမဟုတ်၊ စုပုံ၍ နေရာမှ လာရောက်သည်လဲမဟုတ်၊ အကြည်တံခါးများမှာ အာရုံတရား ထင်လာ ဝင်လာသည်ကို စွဲ၍သာ မြင်သိစသော ဝိညာဉ်တရားများ ဖြစ်ပေါ်ကာလာကြပါတယ်။ ဖြစ်လာကြသော်လဲ မကြာခဏပျောက်ကွယ် သေဆုံးကြသည်၊ အကြောင်းကြောင့် ပေါ်လာသောတရားမှန်က ပျောက် ကွယ်သေဆုံးကြရချေသည်။

ပစ္စယနိဗ္ဗတ္တံ ဟိ အနိရုဇ္ဈကံ နာမ နတ္ထိ—လို့ မိန့်သည်။

ဟိ၊ ထိုစကားသင့်စ့။ ပစ္စယနိဗ္ဗတ္တံ၊ အကြောင်းကြောင့်ဖြစ်သော တရားမည်သည်။ အနိရုဇ္ဈကံ နာမ၊ မချုပ်ကွယ်မသေဆုံးရသည်မည်သည်။ နတ္ထိ၊ မရှိ။ ။မြင်သိကြားသိလိုလျှင် တဖန်အာရုံရှိရာသွား၍ ကြည့်ကြ နားထောင်ကြရပြန်ပါတယ်။

သဘာဝဓာတ်တရား ဓာတ်သဘောရဲ့အကြောင်းအကျိုး အနိစ္စ လက္ခဏာစသည်ကို မသိတဲ့ ဗာလပုထုဇ္ဇဉ်များသာ ငါမြင်တယ် ငါကြား တယ် ငါနံတယ် ငါစားတယ်စသည်ဖြင့် အမှောက်မှောက်အမှားမှား အတွက်လို့ စွဲယူထားကြပါတယ်။

ဝိပဿနာဘာဝနာ ဉာဏ်ပညာနှင့် ပြည့်စုံသော ယောဂီများကား သဘာဝအမှန် အကြောင်းအကျိုးလက္ခဏာများကို သိသောကြောင့် ငါမြင်တယ်စသည်ဖြင့် မစွဲယူတော့ပဲ ဓာတ်သဘာဝများသည် အကြောင်း အားလျော်စွာ ပေါ်လာ၍ အကြောင်းကုန်သောအခါ ပျောက်ကွယ် သေဆုံးကြတယ်လို့သာ သိကြပါသတည်း။

၁။ သည်နေရာမှာဖြစ်ခိုက် ဟိုနေရာမှာမဖြစ်ဘူး၊ သည်ဒွါရမှာဖြစ်ခိုက် ဟိုဒွါရမှာမဖြစ်ဘူး၊ ထို့ကြောင့် မမြဲဘူး အနိစ္စတရားချည်းဖြစ်တယ် ဆိုလို သည်။

၂။ ဥပမာတွင် ဒွါရကား စည်အပြင်နှင့်တူသည်၊ အာရုံကား စည် လက်ခတ်တုတ်နှင့်တူသည်။ ဝိညာဉ်ကား အသံနှင့်တူသည်။

၁-ကြံရိုး, ကြံညှစ်ယန္တရားစက်, ကြံရည်။ ၂-နှမ်းစေ့, ကျည်ပေ့ဝ်, ဆုံ, နှမ်းဆီ။ ၃-မီးပုတ်ခဲ့, မီးပုတ်တံ့, မီး။ ၄-မီးခတ်သံ့, မီးခတ်ကျောက်, မီးပုင့်။ ၅-ကျန်းသားအပြင် မီးမှန်, မီးပုင့်စသော ဥပမာတို့ဖြင့်လဲ ဟောပြနိုင်သတည်း။

သုတ, စိန္တာ, ဘာဝနာ သုံးဖြာသောဉာဏ်တို့ဖြင့် ရုပ်သာ နာမ်သာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လို့ ရုပ်နာမ်ရဲ့သဘောကို အမှန်တကယ်ထင်မြင်ပြီးသော ယောဂီအား နာမရူပပရိစ္ဆေဒဉာဏ် ရူပါရူပပရိဂ္ဂဟ အပြီးအဆုံးသို့ရောက်ကာ ဓမ္မအာလင်းရောင်များ လင်းကာသွားတော့သည်။ ယာထာ-ဝဒဿန အမှန်အကန်မြင်ပြီးသော ယောဂီအား နာမရူပပရိစ္ဆေဒဉာဏ် ရူပါရူပပရိဂ္ဂဟ အပြီးအဆုံးသို့ရောက်ကာ ဓမ္မအာလင်းရောင်များ လင်းကာသွားတော့သည်။ ယာထာဝဒဿန=အမှန်အကန်မြင်ပြီလို့လဲခေါ်နိုင်သည်။ နာမရူပဝဝတ္ထာန=နာမ်ပဲရုပ်ပဲလို့ ပိုင်းခြားနိုင်ပြီလို့လဲ ခေါ်သည်။ သခ်ါရ်ပရိစ္ဆေဒ=သခ်ါရတရားတို့ကို ပိုင်းခြားနိုင်တယ်လို့လဲခေါ်သည်။

ရူပါရူပါနံ လက္ခဏာဒီဟိ ပရိစ္ဆိန္ဒိတ္ဝာ ဂဟဏံ ရူပါရူပပရိဂ္ဂဟော။ "နာမရူပမတ္တမေတံ၊ န အညော ကောစိ သတ္တာဒိကော"တိ ဝဝတ္ထာပနံ နာမရူပဝဝတ္ထာပနံ။ (မူလဋီကာ)

ရူပါရူပါနံ၊ ရုပ်နာမ်တရားတို့၏၊ ဝါ၊ ရုပ်နာမ်တရားတို့ကို။ လက္ခဏာ-ဒီဟိ၊ လက္ခဏာစသည်တို့ဖြင့်။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြား၍။ ဂဟဏံ၊ ယူခြင်းသိခြင်းသည်။ ရူပါရူပပရိဂ္ဂဟော၊ ရူပါရူပပရိဂ္ဂဟမည်၏။ ဧတံ၊ ဤခန္ဓာငါးပါး ယောကျ်ားမိန်းမများသည်။ နာမရူပမတ္တံ၊ နာမ်ရုပ်သာတည်း။ အညော၊ နာမ်ရုပ်မှတပါးသော။ ကောစိ၊ တစုံတခုသော။ သတ္တာဒိကော၊ သတ္တ ဇီဝစသည်သည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ ဝဝတ္ထာပနံ၊ ပိုင်းခြားမှတ်သားခြင်းသည်။ နာမရူပဝဝတ္ထာပနံ၊ နာမရူပဝဝတ္ထာပနမည်၏။

ပြဆိုခဲ့သောနည်းအရ ရုပ်ကိုပ္ဌါးများပြီး၍ နာမ်ကိုပ္ဌါးများသော ယောဂီအား သိမ်မွေ့လှသောကြောင့် နာမ်တရားမထင်လာ မပေါ်လာနိုင်သည်ဖြစ်ရာ၏။ ထိုအခါ ယောဂီသည် စိတ်ပျက်အားလျော့ခြင်းကို မပြုပဲ ရုပ်ကိုသာအဖန်ဖန်ပ္ဌါးရာ၏။ ရုပ်တရားသည် အဖန်ဖန်ပ္ဌါးသော ယောဂီအား လက်ပေါ်တင်ထားပတ္တမြားကဲ့သို့ ထင်ရှားစွာ ပေါ်လာပါ

လိမ့်မည်။ ရုပ်တရားကိုအာရုံပြုကြသော နာမ်တရားတို့လဲ အလိုလိုထင်ရှားမည်သာတည်း။

မှန်ကို အဖန်ဖန်ပွတ်တိုက်ရပါတယ်။ မှန်ကြည်လင်သောအခါ မျက်နှာရိပ်သန့်ရှင်းကြည်လင်စွာ ထင်ရှားကာ လာသကဲ့သို့ မှတ်ရာသည် ဆိုလိုသည်။

၁။ ဥပမာဥပမေယျတွင် မျက်စိအမြင်ရှိသော ယောကျ်ားကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကို သိရာသည်။ မျက်စိအမြင်ရှိသော သူ၏မျက်စိကဲ့သို့ ယောဂီ၏ ရုပ်နာမ်သိမ်းဆည်းသောဉာဏ်ကို သိရာသည်။ မှန်ကဲ့သို့ ရုပ်ကို သိမ်းဆည်းခြင်းကို သိရာသည်။ မျက်နှာရိပ်ကဲ့သို့ နာမ်ကို သိမ်းဆည်းခြင်းကို သိရာသည်။

မှန်မသန့်ရှင်းသောကာလကဲ့သို့ သိမ်းဆည်းသောရုပ်ကို မခွါထွက်နိုင်သောကာလ မသန့်ရှင်းသောကာလကို သိရာသည်။ မှန်မကြည်လင်သောအခါ မျက်နှာရိပ်မထင်ရှားသကဲ့သို့ ရုပ်ဓမ္မမစင်ကြယ်သောအခါ နာမ်တရားမထင်ရှားနိုင်သည်ကို သိရာသည်။ မှန်ကို အဖန်ဖန်ပွတ်တိုက်သကဲ့သို့ ရုပ်ကို အဖန်ဖန်ပွါးသည်ကို သိရာသည်။

ကောင်းစွာပွတ်တိုက်ပြီးသော် မှန်ဝယ်အလွန်ထင်ရှားစွာ မျက်နှာရိပ်ပေါ်လာသကဲ့သို့ ရုပ်ထင်ရှားခဲ့သော် နာမ်တရားထင်ရှားစွာ ပေါ်လာသည်ကို သိရာသတည်း။

ဆီဥပမာ, ရေ, ကြံ, ခိုးသူ, နွား, နို့ဓမ်း, ငါးဥပမာစသည်တို့ဖြင့် ပြ၍လဲ ဥပမာ ဥပမေယျနှိုးနှောရာသတည်း။

ဧဝံ အညာဟိပိ ဥစ္ဆုစောရကေဏဒဓိမစ္ဆာဒီဟိ ဥပမာဟိ အယမတ္ထော ပကာသေတဗ္ဗော။ (ဝိသုဒ္ဓိမဂ်)

ဧဝံ၊ ဤအတူ။ အညာဟိ၊ တပါးကုန်သော။ ဥစ္ဆုစောရကေဏဒဓိမစ္ဆာဒီဟိ၊ ကြံ ခိုးသူ နွား နို့ဓမ်း ငါးအစရှိကုန်သော။ ဥပမာဟိပိ၊ ဥပမာတို့ဖြင့်လည်း။ အယမတ္ထော အယံ အတ္ထော၊ ဤအနက်ကို။ ပကာသေတဗ္ဗော၊ ပြအပ်၏။

၂။ ခန္ဓာငါးပါး တေဘူမကတရား ယောကျ်ားမိန်းမမျှားကို သေတ္တာနှင့်တူသော ပန်းတောင်း ပန်းကလာပ်ကို သံလျက်ဖြင့် ထိုးကာဖွင့်လှစ်

သက့ဲသို့ဌင်း ထန်းဖုအစုံကို ဖောက်ခဲ့ကာ ဝေဘန်သက့ဲသို့ဌင်း ရုပ်ပဲ နာမ်ပဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လို့ ကဲ့ထုတ်သွားအောင် အားထုတ်ရာသတည်း။

၃။ ရုပ်ပဲ နာမ်ပဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ်လို့ ဉာဏ်ပိုင်ပြီးသော ယောဂီသည် တိဿ ဖုဿ ဦးမောင်ကြီး ဦးဘစိန် ဒေါ်ကြည် ဒေါ်ရီစသော လောကဝေါဟာရကို ပယ်နိုင်ရန်အကျိုးငှါငင်း ရုပ်နာမ်ပဲလို့ မဆုံးဖြတ်နိုင်သောကြောင့်ဌင်း သန္တတိဃနအစဉ်၏အစွမ်းဖြင့် ပေါင်းစုကာ ခဲ့နေတဲ့ သဏ္ဌာန်ဒြဗ်, သမူဟဃနအပေါင်း၏အစွမ်းဖြင့် ပေါင်းစုကာခဲ့နေတဲ့ သဏ္ဌာန်ဒြဗ်ကို မဖြတ်တောက်နိုင် မခေျမှုန်းနိုင်သောကြောင့်ဌင်း တယောက်တည်းပဲ တခုတည်းပဲလို့ ယူသည်၏အစွမ်းဖြင့် ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ယောကျ်ားပဲ မိန်းမပဲလို့ မှောက်မှောက်မှားမှား ပြင်းစွာတွေ့ဝေတဲ့ သတ္တသမ္မာဟကို ပယ်ရန်အကျိုးငှါငင်း ရုပ်ပဲ နာမ်ပဲလို့ သိသော ဓမ္မအလင်းရောင်၌ စိတ်ထားနိုင်ရန်အကျိုးငှါငင်း များစွာသော ပါဠိတော်တို့ဖြင့် နှိုးနှောတိုက်ဆိုင်ရပါတယ်။

ဝဇီရာ ဘိက္ခုနီ

နှိုးနှောတိုက်ဆိုင်ပုံကား ထိုအခါကာလ သမယတွင် ဝဇီရာမည်သော ရဟန်း မိန်းမသည် သာဝတ္ထိပြည် အနှဝနတော တခုသော သစ်ပင်ရင်းတွင် ချမ်းသာခံစားရန် နေထိုင်ပါတယ်။ ထိုအခါ မာရ်နတ်သားသည် ဝဇီရာမည်သော ရဟန်း မိန်းမအား သမာဓိမှ ဖျေလျော့စေလိုသည်ဖြစ်၍ ချဉ်းကပ်ကာ—

ကေနာယံ ပကတော သတ္တော၊ ကုဝံ သတ္တာသ ကာရကော။
ကုဝံ သတ္တော သမုပ္ပန္နော၊ ကုဝံ သတ္တော နိရုဇ္ဈတိ။
ဟူသော ဂါထာကို ရွတ်ဆိုသည်။

ကေန၊ အဘယ်သူသည်။ အယံ သတ္တော၊ ဤသတ္တဝါကို။ ပကတော၊ ပြုအပ်သနည်း။ ကုဝံ၊ အဘယ်သူသည်။ သတ္တာသ၊ သတ္တဝါကို။ ကာရကော၊ ပြုလုပ်တတ်သနည်း။ ကုဝံ၊ ကြောင့်။ သတ္တော၊ သတ္တဝါသည်။ သမုပ္ပန္နော၊ ဖြစ်ပေါ်လာသနည်း။ ကုဝံ၊ ကြောင့်။ သတ္တော၊ သည်။ နိရုဇ္ဈတိ၊ ချုပ်ကာသွားသတည်း။ ဒီပုံရွတ်ဆိုလာတယ်။

ထိုအခါ ဝဇီရာသည် မာရ်နတ်မှန်းသိ၍—

ကိ ံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသဒ်္ဓါရပုဉ္ဇောယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

စသောသုံးဂါထာကို ပြန်ကြားရွတ်ဆိုပါတယ်။

မာရ၊ မကောင်းဆိုးဝါး ယုတ်ညံ့ခြင်းအလွန်များတဲ့ ဟဲ့မာရ်နတ်။ တုံ၊ သင်မာရ်နတ်ကား။ သတ္တောတိ၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍။ ကိ ံ၊ အဘယ်ကြောင့်။ ပစ္စေသိ နု၊ ယုံကြည်ကာနေသနည်း။ တေ၊ သင်မာရ်နတ်အား။ ဒိဋ္ဌိဂတံ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမပဲလို့ ယူသော မှားသောအယူသည်။ အသိ နု၊ ဖြစ်ကာနေသည်မဟုတ်လော။ အယံ၊ သုံးဆဲ့နှစ်ကောဋ္ဌာသတလံမျှလောက်ရှိသော ခန္ဓာကိုယ်သည်။ သုဒ္ဓသဒ်္ဓါရပုဉ္ဇော၀၊ ပုဂ္ဂိုလ် သတ္တဝါမပါတဲ့သက်သက်သော ရုပ်နာမ်နှစ်ပါး တရားအစုသာတည်း။ ဏ္ဍ၊ ဤခန္ဓာကိုယ်၌။ သတ္တော၊ သတ္တဝါကို။ နု ဥပလဗ္ဘတိ၊ ရှာ၍မရအပ်။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။
ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဧတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

အင်္ဂသမ္ဘာရာ၊ လှည်းဝန်ရိုး လှည်းထမ်းပိုး လှည်းသံ လှည်းဘီန်းစသော အစိတ်အင်္ဂါတို့ လှည်းအသွင်, လှည်းသဏ္ဌာန် စုဝေးတည်နေခြင်းကြောင့်။ ရထော ဣတိ၊ ရထားဟူ၍။ သဒ္ဒေါ၊ ခေါ်ဆိုရသည်။ ဟောတိ ယထာပိ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ခန္ဓေသု၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်။ သန္တေသု၊ ဖြစ်ကုန်သည်ရှိသော်။ သတ္တောတိ၊ သတ္တဝါ ဟူ၍။ သမ္မုတိ၊ ခေါ်ဝေါ်ရုံမျှသည်။ ဟောတိ၊ ဖြစ်၏။

ဟိ၊ ထိုစကားသင့်စ့။ ဒုက္ခမေဝ၊ ဆင်းရဲဒုက္ခသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်ပေါ်ကာလာ၏။ ဒုက္ခံ၊ ဆင်းရဲဒုက္ခသည်။ တိဋ္ဌတိ စ၊ တည်လည်းတည်၏။ ဧတိ စ၊ ပျက်လည်းပျက်၏။ ဒုက္ခာ၊ ဆင်းရဲဒုက္ခကို။ အညတြ၊ ကြဉ်၍။ နု သမ္ဘောတိ၊ ဖြစ်ပေါ်သည်မဟုတ်။ ဒုက္ခာ၊ ဆင်းရဲဒုက္ခမှ။ အညံ၊ တပါးသောတရားသည်။ နု နိရုဇ္ဈတိ၊ သေသည်မဟုတ်။

ဆိုလိုသည်မှာ—ဤပါဠိတော်တို့ဖြင့် ရုပ်နာမ်နှစ်ပါး တရားအစုမျှသာ၊ ပုဂ္ဂိုလ် သတ္တဝါမရှိလို့ သိစေသည်။ လှည်းဝန်ရိုး လှည်းထမ်းပိုး လှည်ဘိန်း လှည်းသံစသော အစိတ်အင်္ဂါတို့ ရထားအသွင် ရထားသဏ္ဌာန် တည်နေသော်သာ ရထားလို့ ခေါ်ဝေါ်ကြရသည်။ တခုတခုအစိတ်ပြု၍ ကြည့်ရှုသည်ရှိသော် ရထားမရှိသကဲ့သို့ ထို့အတူ ရုပ်ဝေဒနာစသောခန္ဓာတို့ သတ္တဝါအသွင် သတ္တဝါသဏ္ဌာန် တည်နေကုန်သော်သာ သတ္တဝါယောကျ်ား မိန်းမလို့ခေါ်ဝေါ်ကြသည်။

ပရမတ်အားဖြင့် တခုတခုအစိတ်ပြု၍ ကြည့်ရှုသည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါ ငါ-ငါ့ဥစ္စာဟူ၍ ယူစရာမရှိ၊ ရုပ်နာမ်နှစ်ပါးမျှသာ ရှိသည်။ ဆင်းရဲအစုဖြစ်သော ရုပ်နာမ်သာ ဖြစ်ပေါ်ကာပျောက်ကွယ်၍သွားတယ်။ ဆင်းရဲအစုမှတပါး ပုဂ္ဂိုလ် သတ္တဝါဖြစ်သည် ပျက်သည်မရှိ။ ဤသို့ထင်မြင်သော ယောဂီ၏ အမြင်ကို ယထာဘူတဒဿန=အမှန်အကန် မြင်တယ်လို့ ဆိုရပေမည်။

ဓမ္မသေနာပတိ တရား စစ်သူကြီး ဖြစ်တော်မူသော ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား "ဓာတ်လေးပါးကား သတ္တဝါမဟုတ်" လို့ ဟောသည်ကား—

> သေယျထာပိ အာဝုသော ကဋ္ဌဉ္စ ပဋိစ္စ ဝလ္လိဉ္စ ပဋိစ္စ မတ္တိကဉ္စ ပဋိစ္စ တိဏဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော အဂါရန္တေ်ဝ သင်္ခံ ဂစ္ဆတိ၊ ဧဝမေဝ ခေါ အာဝုသော အဋ္ဌိဉ္စ ပဋိစ္စ နှာရုဉ္စ ပဋိစ္စ မံသဉ္စ ပဋိစ္စ စမ္မဉ္စ ပဋိစ္စ အာကာသော ပရိဝါရိတော ရူပန္တေ်ဝ သင်္ခံ ဂစ္ဆတိ။

အာဝုသော၊ ငါ့ရှင်တို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ကဋ္ဌဉ္စ၊ သစ်သား အဆောက်အဦးကိုလည်း။ ပဋိစ္စ၊ စဲ့၍။ ဝလ္လိဉ္စ၊ ဖွဲချည်ကြောင်းဖြစ်သောနွယ်ကိုလည်း။ ပဋိစ္စ၊ စဲ့၍။ မတ္တိကဉ္စ၊ လိမ်းကျံ ကြောင်းဖြစ်သော မြေညက်ကိုလည်း။ ပဋိစ္စ၊ စဲ့၍။ တိဏဉ္စ၊ မြက်ကိုလည်း။ ပဋိစ္စ၊ စဲ့၍။ ပရိဝါရိတော၊ အတွင်းအပ သစ်သားစသည်တို့ကို ခြံရံ၍ တည်သော။ အာကာသော၊ ကောင်းကင်သည်။ အဂါရန္တေ်ဝ၊ အိမ်ဟူ၍သာလျှင်။ သင်္ခံ၊ ခေါ်ဝေါ် အပ်သော အဖြစ်သို့။ ဂစ္ဆတိ ယထာ။ ရောက် သကဲ့သို့။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝမေဝ ခေါ၊ ပမာဆိုမူ ထို့အတူသာလျှင်။ အဋ္ဌိဉ္စ၊

သုံးရာသော အရိုးကိုလည်း။ ပဋိစ္စ၊ စဲ၍။ နှာရုံ စ၊ ကိုးရာသော အကြောကို လည်း။ ပဋိစ္စ၊ စဲ၍။ မံသဥ္စ၊ ကိုးရာသော သားတစ်ကိုလည်း။ ပဋိစ္စ၊ စဲ၍။ စမ္မဥ္စ၊ အရေကိုလည်း။ ပဋိစ္စ၊ စဲ၍။ ပရိဝါရိတော၊ အတွင်းအပအရိုး စသည်ကိုခြံရုံ၍တည်သော။ အာကာသော၊ ကောင်းကင်သည်။ ရူပန္တေဝ၊ ရုပ်ဟူ၍သာလျှင်၊ ဝါ၊ ကိုယ်ဟူ၍သာလျှင်။ သဒ်ံ၊ ခေါ်ဝေါ်အပ်သော အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

ဆိုလိုသည်မှာ—သစ်သား အုတ် ကျောက် အင်္ဂတေ သွတ် သံတို့ကို အကြောင်းပြု၍ အတွင်းအပကာရုံ၍ တည်သောကောင်းကင်ကို အုတ် ကျောင်း အုတ်တိုက် ခေါ်ဝေါ်ကြသည်။ သစ်သားစသည်တို့ကို တခုတခု အစိတ်ပြု၍ ကြည့်ရှုသည်ရှိသော် အုတ်ကျောင်း အုတ်တိုက် မရှိသကဲ့သို့ ထို့အတူ အရိုးစသည်တို့ကို အကြောင်းပြု၍ အတွင်းအပကာရုံအပ်သော ကောင်းကင်ကို ရုပ်လို့ခေါ်ကြ မင်းကိုယ် ပုဏ္ဏားကိုယ်လို့ ခေါ်ဝေါ်ကြသည်။ အရိုးစသည်တို့ကို တခုတခုအစိတ်ပြု၍ ကြည့်ရှုသည်ရှိသော် မင်းကိုယ် ပုဏ္ဏားကိုယ် စသည်မရှိ၊ ဓာတ်လေးပါး ရုပ်နာမ်နှစ်ပါးသာ ရှိပါတယ်လို့ ပြလိုသည်။

မုဋ္ဌိ၊ လက်ဆုပ်။ ဝိဏာ၊ စောင်း။ သေနာ၊ စစ်သည်။ နဂရ၊ မြို့။ ရုက္ခ၊ သစ်ပင်လို့ ခေါ်ဝေါ်ရာတို့ဖြင့်လဲ ဥပမာခိုင်း၍ သိရာသတည်း။ ဤကား အမှန်အကန်မြင်ပုံ ဓမ္မအလင်းရောင်ပေါ်ထွက်လာပုံတည်း။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမရှိတယ်လို့ ယူသော ပုဂ္ဂလဝါဒီပုဂ္ဂိုလ်တယောက်သည် သတ္တဝါမပျက်စီးမသေဆုံးလို့ ယူခဲ့သော် သဿတအယူကိုယူတယ်။ သတ္တဝါ ပျက်စီးသေဆုံးတယ်လို့ ယူခဲ့သော် ဥစ္ဆေဒအယူကိုယူတယ်။ သဿတအယူ ယူသောပုဂ္ဂိုလ်သည် တွန့်တိုဆုတ်နစ်သည်၊ ဥစ္ဆေဒအယူယူသောပုဂ္ဂိုလ် သည် အလွန်ပြေးသွားသည်။ ပညာမျက်စိအမြင်ရှိသောပုဂ္ဂိုလ်သာ အမှန် အကန်မြင်၍ သံသရာမှ လွတ်မြောက်ရန် အားထုတ်နိုင်လေသည်။

ဒီဟိ ဘိက္ခဝေ ဒိဋ္ဌဂတေဟိ ပရိယုဋ္ဌိတာ ဒေဝမနုဿာ ဩလီယန္တိ ဧကေ၊ အတိဓာဝန္တိ ဧကေ၊ စက္ခုမန္တော ပဿန္တိ....လို့ ဟောတော်မူသည်။

တွန့်တိုပုံကား။ ။နတ်လူတို့မည်သည် ဘဝ၌ မွေ့လျော်ပျော်ပိုက် စုံမက်နှစ်ခြိုက်ကြကုန်သည်၊ ပျော်ပိုက်နှစ်ခြိုက်သောနတ်လူတို့အား ဘဝ

ချုပ်ကွယ်သောပျောက်ရန် တရားစကားနာကြားရသည်ရှိသော် စိတ်မသက်ဝင် မကြည်လင်နိုင်၊ ပျင်းရိငြီးငွေ့၍ နေပါတယ်။ ဤကား တွန့်တိုပုံတည်း။

အလွန်ပြေးသွားပုံကား။ ။အခ္ခါသော နတ်လူတို့သည် ဘုံဘဝကို ငြီးငွေ့ကြ စက်ဆုပ်ကြ မုန်းတီးကြပါကုန်တယ်။ ဆို့ကြောင့် ဘဝပြတ်စဲခြင်းကို အလိုရှိကြသည်။ အိုနတ်လူအပေါင်းတို့ ဤအတ္တဘောသည် ခန္ဓာကိုယ်သေဆုံးသည်မှ နောက်ကာလ ပြတ်သွားတော့သာဘဲ။ သေသည်မှ နောက်ကာလ ဘာမျှမဖြစ်တော့ဘူး၊ ဤသို့မဖြစ်ပဲ ချုပ်ကွယ်၍ သွားခြင်းကသာ မွန်မြတ်ငြိမ်သက်ပါတယ် ဟုတ်မှန်လှပါတယ်လို့ ပြေးသွားသည်။ ဤကား ပြေးသွားပုံတည်း။

ဉာဏ်အမြင်ရှိပုံကား။ ။ချစ်သားရဟန်းတို့ ဤသာသနာတော်မှာ အခ္ခါသောယောဂီသည် ဟုတ်မှန်တဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဟုတ်မှန်တဲ့အတိုင်းဖြစ်ပျက်ကာ နေသည်ကိုမြင်ကြပါတယ်။ အမှန်အကန်ဖြစ်ကြသောကြောင့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ငြီးငွေ့ရန် ချုပ်ကွယ်သေပျောက်၍ သွားရန် တဖန်ဖြစ်ခြင်းမရှိပဲ ငြိမ်အေးသွားရန် ကျင့်ကြပါတယ်။ ဤကား အမှန်အကန်မြင်ပုံတည်း။

ငါ, ငါ့ဥစ္စာလို့ ယူခြင်း၏ တည်ရာဖြစ်တဲ့ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးယောကျ်ား မိန်းမ မရှိ၊ ရုပ်နာမ်မျှသာရှိသည်။ အတ္တမဟုတ် ရုပ်နာမ်မျှသာဖြစ်သော်လဲ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းစသော အမူအရာများဖြစ်ကာ နေပုံကား—

နာမ၌ ရူပ၌ ဣဓတ္ထိ သစ္စတော၊
န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။
သုညံ ဣဒံ ယန္တမိဝါဘိသင်္ခတံ၊
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌသာဒိသော—လို့ မိန့်သည်။

ဣဓ၊ ဤခန္ဓာကိုယ်၌။ သစ္စတော၊ အမှန်အကန်အားဖြင့်။ နာမ၌၊ နာမ်သည်ရင်း။ ရူပ၌၊ ရုပ်သည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤခန္ဓာကိုယ်၌။ သတ္တော စ၊ သတ္တဝါသည်ရင်း။ မနုဇော စ၊ လူသည်ရင်း၊ နဟိန ဝေ ဝိဇ္ဇတိ၊ မရှိသည်သာလျှင်တည်း။ သုညံ၊ ပုဂ္ဂိုလ်သတ္တဝါမဆိတ်သော။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ်နှစ်ပါးကို။ ယန္တမိဝ၊ ယန္တယားစက်ရုပ်ကဲ့သို့၊ ဝါ၊ ယမနေသားမင်းသားမင်းသမီးရုပ်မျှားကဲ့သို့။ အဘိသင်္ခတံ၊ ပြုပြင်စီရင်အပ်၏။ ဒုက္ခဿ၊

ဆင်းရဲဒုက္ခဖြစ်သော ရုပ်နာမ်၏။ နိစ္စာတုရတာယ၊ အမြဲကျင်နာသည်၏ အဖြစ်ကြောင့်။ ပုဥ္ဇော၊ အစုအပုံသာဖြစ်၏။ တိဏကဋ္ဌသာဒိသော၊ မြက်ခြောက်မြက်ဆွေးနှင့်တူ၏။

ဆိုလိုသည်မှာ သစ်ယန္တယားစက်ရုပ် ရုပ်သေးစင်ဝယ် ကပြသော မင်းသား မင်းသမီးရုပ်များသည် အသက်ဇီဝမရှိသောကြောင့် မသွားနိုင်မလာနိုင် မလှုပ်ရှားနိုင်ပါ၊ သို့ရာတွင် ချည်ထားသောကြိုးနှင့် စပ်ယှဉ်၍ ကနိုင် ခုန်နိုင် သွားနိုင် လာနိုင် သကဲ့သို့ ထင်ကြရပါတယ်။ ထိုအတူ နာမ်ရုပ် နှစ်ပါး တရားအစုသည် ပုဂ္ဂိုလ် သတ္တဝါ အသက်ဇီဝ မဟုတ်သောကြောင့် မသွားမလာ မထိုင်မရပ်နိုင်ငြားသော်လဲ အချင်းချင်း တခုနှင့်တခု အမှီပြု၍ သွားကာ လာကာ ရပ်ကာ ထိုင်ကာ နေတယ်လို့ ထင်ကြရသည်။ အမြဲကျင်နာကိုက်ခဲ ကုဋ္ဌနုနာကြီး စွဲသကဲ့သို့ ဖြစ်သောကြောင့် ဆင်းရဲတုံးဆင်းရဲအစုသာ ဖြစ်ပါတယ်။ အမြဲတည်နေနိုင်သော အတ္တနှစ်မှ ကင်းဆိတ်သောကြောင့် မြက်ခြောက်မြက်ဆွေး ထင်းခြောက် ထင်းဆွေးနှင့်တူပါတယ်လို့ ဆိုလိုသည်။

မြစ်ကမ်းတဖက်သို့ သွားလိုသော ယောကျ်ားသည် ဘာမျှမစီးယောကျ်ားတယောက်တည်းသာ ဆိုလျှင် ကမ်းတဖက်သို့ မရောက်နိုင်ပါ၊ လှေစီး၍သွားသော်သာ လူရောလှေပါ အချင်းချင်းအမှီပြု၍ ကမ်းတဖက်သို့ ရောက်သွားသကဲ့သို့ ထိုအတူ နာမ်တရားကိုမှီ၍ ရုပ်တရားပေါ်ကာလာရသည်။ ဝတ္ထုဒ္ဒါရအာရုံကို မှီ၍ နာမ်တရားပေါ်ကာ လာရသည်။ ဤသို့ အချင်းချင်း တပါးကိုတပါး မှီရမှ သွားလာထိုင်နေမှုကို ဆောင်ရွက်နိုင်ပါတယ်။ သူကာဏ်းနှင့် သူကျိုးတို့ တဦးကိုတဦးမှီ၍ အရပ်လေးမျက်နှာသို့သွားလာကာ အသက်မွေးကြ သကဲ့သို့လည်း မှတ်ရသတည်း။ ထို့ကြောင့်—

နံ သကေန ဗလေန ဇာယရေ၊
နာပိ သကေန ဗလေန တိဋ္ဌရေ။
ပရမမ္မဝသာနုဝတ္တိနော၊
ဇာယရေ သခ််တာ အတ္တဒုတ္ထလာ။ (ဝိသုဒ္ဓိမဂ်)

သကေန ဗလေန၊ မိမိအစွမ်းသတ္တိကြောင့်။ နံ ဇာယရေ၊ မပေါ်လာနိုင်ကုန်။ သကေန ဗလေန၊ မိမိအစွမ်းသတ္တိကြောင့်။ နာပိ တိဋ္ဌရေ၊

တည်ကာလဲမနေနိုင်ကုန်။ ပရဓမ္မဝသာနုဝတ်တိုနော၊ မိမိမှတပါးသော ဟောတု, ပစ္စယဟု ဆိုအပ်သောအကြောင်းတရားတို့၏ အစုမ်းသတ်သို့ အစဉ် လိုက်ကြကုန်၍။ သခ်ၤတာ၊ သခ်ၤတရားတို့သည်။ အတ္တဒုဗ္ဗလာ၊ မိမိကိုယ်တိုင် အားမရှိ၍ မစုမ်းနိုင်ကြကုန်ပဲ။ ဇာယရေ၊ ဖြစ်လာကုန်၏။

ဤသို့ "ရုပ်နာမ်နှစ်ပါးတို့သည် အကြောင်းတို့ကြောင့် ပေါ်ကာလာရသော တရားအစုမျှသာ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်"လို့ သက်ရှိသက်မဲ့ဝတ္ထု ဟူသမျှတို့၌ ထင်မြင်လာလျှင် အတ္တဒိဋ္ဌိကွယ်ပျောက်၍ နာမရူပပရိစ္ဆေဒ ဉာဏ်ပေါက်တော့ပါပြီ။ သတ္တဝါ သညာကို ပယ်ဖျောက်၍ ရုပ်ပဲနာမ်ပဲလို့ အမှန်အကန်မြင်ခြင်း အလင်းရောင်ရခြင်း ဒိဋ္ဌဝိသုဒ္ဓိကိစ္စလဲ ပြီးကာသွားပါပြီ။ လူတို့ခေါ်ဝေါ်သုံးစွဲတဲ့ တိဿ ဖုဿစသော အမည်ဝေါဟာရတို့ကို ပယ်ခွါနိုင်ပြီ။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၌ သတ္တဝါ အသက်လို့ စွဲလမ်းတဲ့ မိစ္ဆာဘိနိဝေသကိုလဲ ပယ်ခွါနိုင်ပြီ။ ဤမှာ ဖက်ကမ်းတည်းဟူသော ဝဋ်ဒုလည်း မထင်နိုင်၊ ထိုမှာ ဖက်ကမ်းတည်းဟူသော နိဗ္ဗာန်ကိုလည်း မြင်ခွင့်မရ၊ ဤဘဝမှ ဟိုဘဝ, ဟိုဘဝမှ ဤဘဝသို့ ပြေးသွားစေတတ် သော အတ္တဒိဋ္ဌိတည်းဟူသော ကြိုးပြတ်၍ လွတ်ငြိမ်းချမ်းသာခွင့်ရသွား ပြီလို့ ဆိုရမယ်။ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပယ်ဆိုရာတွင်—

၁။ နာမ်သာ ရုပ်သာ၊ သိခဲ့ရာ၊ ဉာဏ်မှာပိုင်းခြားတာ။
၂။ လောကဝေါဟာ၊ မည်သညာ၊ ပယ်တာအကျိုးပါ။
၃။ သတ္တဇီဝါ၊ စွဲမှားရာ၊ ပယ်တာအကျိုးပါ။
၄။ အတ္တဒိဋ္ဌိ၊ နှစ်ဆယ်ရှိ၊ မှတ်သိကင်းကွာပါ။
၅။ ဒိဋ္ဌိဟူက၊ မင်္ကိုပ၊ တားကြအမှန်ပါ။
၆။ နတ်ရွာကိုကား၊ မမြစ်တား၊ မှတ်သားအမှန်ပါ။
၇။ ဒိဋ္ဌိအတွက်၊ အောက်နရက်၊ ကျချက်နာလှပါ။

နာမရူပပရိစ္ဆေဒဉာဏ် အခန်းပြီး၏။

သက္ကာယဒိဋ္ဌိစုံပုံ

တိုင်တလုံးတွင် သံပြွန်လုံးအတွင်း ကြိုးသွင်း၍ ချည်ထားသောခွေးသည် တိုင်၏အနီးတွင် လှည့်လည်ပြေးသွားကာ နေရာတိသကဲ့သို့ ဝဋ်ဆင်းရဲတွင် ကျင်လည်သွားလာနေရသော ပုထုဇဉ်သည် သက္ကာယဒိဋ္ဌိတည်းဟူ

သော သံပြွန်လုံးတွင် တဏှာတည်းဟူသောကြိုးကို သွင်းကာ သက္ကာယတိုင်တည်းဟူသော ဘုံသုံးပါးတွင် ပြေးသွားကျင်လည်ကာနေကြ၏။ တိုင်အနီးတွင် ကျင်လည်ကာနေသော ခွေးသည် သံပြွန်လုံးကို ကြေမွသွားအောင် ကိုက်ဝါးဖြတ်တောက်နိုင်မှသာလျှင် ပြေးသွားကျင်လည်ရခြင်းမှ လွတ်ရသကဲ့သို့ ထို့အတူ ပုထုဇဉ်သည် သက္ကာယဒိဋ္ဌိတည်းဟူသော သံပြွန်လုံးကို မဂ္ဂင်တည်းဟူသောသွားဖြင့် ကိုက်ဝါး၍ တဏှာတည်းဟူသော ကြိုးကို ပြတ်သွားအောင် ဖြတ်တောက်နိုင်မှသာ ဘုံသုံးပါးတည်းဟူသော သက္ကာယတိုင်မှ ကျွတ်လွတ်၍ နိဗ္ဗာန်သို့ ဝင်ကာသွားနိုင်သတည်း။

ဥပမာ-ဥပမေယျ-ဟုက်ဆိုင်ပုံ—

ခွေး—သံပြွန်လုံး....ကြိုး....တိုင်၊

ပုထုဇဉ်—ဒိဋ္ဌိ—တဏှာ—သက္ကာယတိုင်။

သံပြွန်လုံးတည်းဟူသော သက္ကာယဒိဋ္ဌိကို ပါဠိတော်အရပ်ရပ်၌ ဟောတော်မူသည်ကား—

၁။ ရူပံ အတ္တာတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။

၂။ ဝေဒနံ အတ္တာတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။

၃။ သညံ အတ္တာတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ။

၄။ သင်္ခါရေ အတ္တာတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။

၅။ ဝိညာဏံ အတ္တာတော သမနုပဿတိ၊ ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ။

ရူပံ၊ ရုပ်ကို။ အတ္တာတော၊ ငါ-ငါကောင်ဟူ၍။ သမနုပဿတိ၊ အမှား အားဖြင့် ရှုကြည့်၏။ ဝါ၊ တမျိုးကား။ ရူပဝန္တံ၊ ရုပ်ရှိသော။ အတ္တာနံ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ငါ-ငါကောင် အတ္တကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ အတ္တနိ၊ ငါ-ငါကောင် အတ္တ၌။ ရူပံ၊ ရုပ်ကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ ရူပသ္မိံ၊ ရုပ်၌။ အတ္တာနံ၊ ငါ-ငါကောင်အတ္တကို။ သမနုပဿတိ၊ ရှု၏။

ပဌမအချက်၌ ရုပ်ကို ငါ-ငါကောင် စ်ယူထားသည်။ နောက်သုံးချက်၌ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို ငါ-ငါကောင် စ်ယူထားသည်။

ဝေဒနံ၊ ခံစားမှုအစုဝေဒနာကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ ဝေဒနာဝန္တံ၊ ဝေဒနာရှိသော။ အတ္တာနံ၊ ရုပ် သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ငါ-ငါကောင်ကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ အတ္တာနံ၊ ရုပ် သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ငါ-ငါကောင်အတ္တ၌။ ဝေဒနံ၊ ဝေဒနာကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ ဝေဒနာယ၊ ဝေဒနာ၌။ အတ္တာနံ၊ ငါ-ငါကောင်ကို။ သမနုပဿတိ၊ ရှု၏။

ပဌမအချက်၌ နာမ်တရားသက်သက်ကို ငါ-ငါကောင် စ်ယူထားသည်။ နောက်သုံးချက်၌ ရုပ် သညာ သင်္ခါရ ဝိညာဉ်တည်းဟူသော ရုပ်နာမ်နှစ်ပါးတို့ကို ငါ-ငါကောင် စ်ယူထားသည်။

သညံ၊ အမှတ်ပြု၍ သိမှုအစုသညာကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ သညာဝန္တံ၊ သညာရှိသော။ အတ္တာနံ၊ ရုပ် ဝေဒနာ သင်္ခါရ ဝိညာဉ်တည်းဟူသော ငါ-ငါကောင်အတ္တကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ အတ္တနိ၊ ရုပ် ဝေဒနာ သင်္ခါရ ဝိညာဉ်တည်းဟူသော ငါ-ငါကောင်အတ္တ၌။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ သညာယ၊ သညာ၌။ အတ္တာနံ၊ ငါ-ငါကောင်အတ္တကို။ သမနုပဿတိ၊ ရှု၏။

ပဌမ၌ နာမ်တရားသက်သက်ကို ငါ-ငါကောင် စ်ယူထားသည်။ နောက်သုံးချက်၌ ရုပ် ဝေဒနာ သင်္ခါရ ဝိညာဉ်တည်းဟူသော ရုပ်နာမ်နှစ်ပါးကို ငါ-ငါကောင်စ်ယူထားသည်။

သင်္ခါရေ၊ ပြုပြင်အားထုတ်တဲ့သင်္ခါရတို့ကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ သင်္ခါရဝန္တံ၊ သင်္ခါရရှိသော။ အတ္တာနံ၊ ရုပ် ဝေဒနာ သညာ ဝိညာဉ်တည်းဟူသောငါ-ငါကောင်အတ္တကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ အတ္တနိ၊ ရုပ် ဝေဒနာ သညာ ဝိညာဉ်တည်းဟူသော ငါ-ငါကောင် အတ္တ၌။ သင်္ခါရေ၊ သင်္ခါရကွန္ဓာတို့ကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ သင်္ခါရေသု၊ သင်္ခါရတို့၌။ အတ္တာနံ၊ အတ္တကို။ သမနုပဿတိ၊ ရှု၏။

ပဌမဌ္ဌ နာမ်တရားသက်သက်ကို ငါ-ငါကောင် စွဲယူထားသည်။ နောက် သုံးချက်ဌ္ဌ ရုပ် ဝေဒနာ သညာ ဝိညာဉ်တည်းဟူသော ရုပ်နာမ်နှစ်ပါးကို ငါ-ငါကောင် စွဲယူထားသည်။

ဝိညာဏံ၊ ဦးတိုက်သိမှု အစုဝိညာဉ်ကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ ဝိညာဏဝန္တံ၊ ဝိညာဉ်ရှိသော။ အတ္တာနံ၊ ရုပ် ဝေဒနာ သညာ သင်္ခါရတည်းဟူသော ငါ-ငါကောင်ကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ ကား။ အတ္တနိ၊ အတ္တဌ္ဌ။ ဝိညာဏံ၊ ဝိညာဉ်ကို။ သမနုပဿတိ၊ ရှု၏။ ဝါ၊ တမျိုးကား။ ဝိညာဏသ္မိံ၊ ဝိညာဉ်ဌ္ဌ။ အတ္တာနံ၊ အတ္တကို။ သမနုပဿတိ၊ ရှု၏။

ပဌမဌ္ဌ နာမ်တရားသက်သက်ကို ငါ-ငါကောင် စွဲယူထားသည်။ နောက် သုံးချက်ဌ္ဌ ရုပ် ဝေဒနာ သညာ သင်္ခါရတည်းဟူသော ရုပ်နာမ်နှစ်ပါးကို ငါ-ငါကောင် စွဲယူထားသည်။

ရုပ်သက်သက်ကို ငါ-ငါကောင် ယူသည်ကား တချက်ပါလာ၏။ နာမ် သက်သက်ကို ငါ-ငါကောင် ယူသည်ကား ခုနစ်ချက်ပါလာ၏။ ရုပ်နာမ် နှစ်ပါးကို ငါ-ငါကောင် ယူသည်ကား တဆဲ့နှစ်ချက်ပါလာ၏။ ပေါင်းခဲ့သော် နှစ်ဆယ် ဖြစ်သတည်း။

ထိုစကားရပ်တို့တွင် ရုပ်သည်ပင် ငါ-ငါကောင်၊ ငါ-ငါကောင်သည်ပင် ရုပ်လို့ စွဲယူခြင်းကား ရုပ်မှတခြားတပါး ငါ-ငါကောင် မရှိသောကြောင့် ရုပ်ပြတ်စဲခဲ့သော် ငါ-ငါကောင်လဲ ပြတ်စဲရကား ဥစ္ဆေဒဒိဋ္ဌိ=ဝိဘဝဒိဋ္ဌိ ဖြစ်သည်။

ထို့အတူ ကြွင်းနာမကွန္ဓာလေးပါးကို ငါ-ငါကောင် စွဲရာတွင်လဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ ပေါင်း ဥစ္ဆေဒဒိဋ္ဌိ ငါးပါး။ ကြွင်း တဆဲ့ငါးဌ္ဌာနတို့ဌ္ဌကား ခန္ဓာငါးပါးတို့မှ တခြားတပါး အတ္တ ငါ-ငါကောင်ရှိသောကြောင့် ခန္ဓာငါးပါးပြတ်စဲခဲ့သော်လဲ ငါ-ငါကောင် မပြတ်စဲပဲ ဆက်ကာနေရကား သဿတဒိဋ္ဌိ=ဘဝဒိဋ္ဌိဖြစ်သည်။

ရုပံ အတ္တတော၊ ရုပ်ကား ငါ့ကိုယ် ။

သိစေလိုရင်းကား ရုပ်ပဲ နာမ်ပဲ ရုပ်နာမ်ပဲ ခန္ဓာငါးပါးပဲလို့မသိ၊ ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးတို့၏ မြဲလဲမမြဲ ကောင်းလဲမကောင်း အလိုလဲမလိုက်

တင့်လဲမတင့်တယ်တဲ့ အချက်တို့ကိုလဲ မသိရှာသော ပုထုဇဉ်နှ လူဗာလသည် ရုပ်ခန္ဓာအစုမှတပါး ထမင်းချက်သူ ဇာထိုးသူ စာရေးတတ်သူ ငါ·ငါကောင် မရှိပဲ ငါထမင်းချက်သည် ငါစာရေးသည်စသည်ဖြင့် အလဲလဲ အမှားမှား ရုပ်ကိုပင် ငါ-ငါကောင်, ငါ-ငါကောင်ကိုပင် ရုပ်လို့ စဲယူထားသည် ဆိုလိုသည်။

ဥပမာ။ ။အစ်ံ စ ဝဏ္ဏဥ္ဇ အဒ္ဒယံ သမနုပဿတိ။ ။အ်စ်ံ စ၊ မီးတောက် မီးလျှံကိုဌင်း။ ဝဏ္ဏဥ္ဇ၊ အရောင်အလင်း အဆင်းကိုဌင်း။ အဒ္ဒယံ၊ နှစ်ခုမဟုတ် တခုတည်းပြုလုပ်၍။ သမနုပဿတိ၊ ရှုကြည့်၏။

ထွန်းညှိထားသော ဆီမီးမှာ မီးတောက်မီးလျှံနှင့် အရောင်အလင်း အဆင်းကို မီးတောက်သည်ပင် အရောင်အလင်း အဆင်းပဲ, အရောင် အလင်း အဆင်းသည်ပင်လျှင် မီးတောက်ပဲလို့ နှစ်ခုမဟုတ် တခုတည်း ပြုလုပ်၍ အနည်တွ ရှုနည်းအားဖြင့် ရှုသည်မှတ်လေ။

ရှုပဝန္ဆံ ဝါ အတ္တာနံ။ ။ငါ့မှာ ရုပ်ရှိယူရာ၌ ဆိုလိုရင်းမှာ အာရုံခြောက်ပါး ရုပ်တရားအများတို့ကို ခံစားမှုဝေဒနာ, အမှတ်ပြု၍ သိမှုသညာ, အား ထုတ်မှုသင်္ခါရ, ဦးတိုက်သိမှုဝိညာဉ်တို့ကို ငါ-ငါကောင်ဟု စဲယူပြီးသော် ငါ၏ အဆင်း အသံ အနံ့ အရသာ အတွေ့သဘောတို့သည်သာတည်းဟု ခံစားမှု ဝေဒနာစသော နာမ်တရားတို့ကို မဟုတ်မမှန်တဲ့ ငါ-ငါကောင် ပြုလုပ်၍ ငါ၏ အဆင်းအသံ စသည်တို့ဖြင့် ရုပ်ကို ငါပိုင်ပြုလုပ်၍ စဲယူကြသည်ဟု ဆိုလိုသည်။

ဥပမာ။ ။ဆာယာဝန္ဆံ ရုက္ခံ။ ။ဆာယာဝန္ဆံ၊ အရိပ်ရှိသော။ ရုက္ခံ၊ သစ်ပင်ကို။ သမနုပဿတိ၊ ရှုကြည့်၏။

အရိပ်ရှိသော သစ်ပင်မှာ အရိပ်ကားတခု သစ်ပင်ကားတခု ဤပုံနှစ်ခု ပြု၍ ရှုကြည့်သကဲ့သို့ ရုပ်ကားတခု ငါ-ငါ့ကိုယ်ကား တခုပြု၍ ငါ့ရုပ်ဟု ရုပ်ကိုငါပိုင်ပြု၍ အတ္တနိယ ရှုနည်းအားဖြင့် ရှုသည်မှတ်လေ။

အတ္တနိ ဝါ ရူပံ။ ။ငါ့ကိုယ်·ရုပ်တည်ယူရာ၌—

ဆိုလိုရင်းမှာ ရုပ်တရားအများတို့ကို ခံစားမှု ဝေဒနာ စသော နာမ်ခန္ဓာတို့ကို ငါ-ငါကောင်ဟု စဲယူပြီးသော် ငါ၌တည်သော အဆင်းလှသည် အသံကောင်းသည် စသည်တို့ဖြင့် ခံစားမှု ဝေဒနာစသော နာမ်တရား

တို့ကို မဟုတ်မမှန်တဲ့ ငါ-ငါကောင်ပြုလုပ်၍ ငါဌ်တည်သော အဆင်းအသံ စသည်တို့ဖြင့် ငါ-ငါကောင်ကို ရုပ်၏တည်ရာ ပြုလုပ်၍ စွဲယူကြသည် ဆိုလို သည်။

ဥပမာ။ ။ပုဗ္ဗမို့ ဂန္ဓံ။ ။ပုဗ္ဗမို့၊ ပန်းဌ်။ ဂန္ဓံ၊ အနံ့ကို။ သမနုပဿတိ၊ ရှုကြည့်၏။ ပန်းဌ် အနံ့တည်ရာတွင် ပန်းသည်ပင်အနံ့, အနံ့သည်ပင် ပန်းလို့ တခုတည်းမယူပဲ ပန်းဌ်တည်သောအနံ့လို့ ရှုသကဲ့သို့ နာမ်ခန္ဓာလေးပါး တို့ကို ငါ-ငါကောင်လို့ စွဲယူပြီးသော် ငါ-ငါ့ကိုယ်မှာ ရုပ်တည်ကာနေသည်လို့ အတ္တနိဿိတရှုနည်းအားဖြင့် ရှုသည်မှတ်လေ။

ရူပသ္မိံ ဝါ အတ္တာနံ။ ။ငါတည်ရုပ်တွင် ယူရာဌ် ဆိုလိုရင်းကား ရုပ် တရားအများတို့ကို ခံစားမှု ဝေဒနာစသော နာမ်ခန္ဓာတရားတို့ကို ငါ-ငါကောင်ဟု စွဲယူပြီးသော် ငါတည်ရာကား ရုပ်ပဲ, ငါတည်ရာကား အဆင်း အသံ စသည်တို့ပဲ စသည်တို့ဖြင့် ခံစားမှု ဝေဒနာ စသောနာမ်တရားတို့ကို မဟုတ်မမှန်တဲ့ ငါ-ငါကောင်ပြုလုပ်၍ ငါ့တည်ရာကားရုပ်ပဲ, ငါ့တည်ရာကား အဆင်းအသံစသည်တို့ပဲ စသည်တို့ဖြင့် ငါ-ငါကောင်ကို ရုပ်မှာတည်သည် ဟု စွဲယူကြသည် ဆိုလိုသည်။

ဥပမာ။ ။ကရဏ္ဍကေ မဏိံ။ ။ကရဏ္ဍကေ၊ ကြုတ်ဌ်။ မဏိံ၊ ပတ္တမြား ကို။ သမနုပဿတိ၊ ရှုကြည့်၏။ ကြုတ်ဌ် ပတ္တမြားတည်ရာတွင် ကြုတ်သည် ပင်ပတ္တမြား, ပတ္တမြားသည်ပင်ကြုတ်လို့ တခုတည်းမယူပဲ ကြုတ်ဌ်တည်သော ပတ္တမြားလို့ ရှုသကဲ့သို့ နာမ်ခန္ဓာလေးပါးတို့ကို ငါ-ငါကောင်လို့ စွဲယူပြီး သော် ငါ-ငါ့ကိုယ်ကား ရုပ်မှာ တည်နေသည်ဟု အတ္တာဓာရရှုနည်း အားဖြင့် ရှုသည်မှတ်လေ။ ထို့အတူ ကြွင်းသော နာမ်ခန္ဓာလေးပါး တို့ဌ်လည်း စွဲယူပုံအဓိပ္ပါယ်အကျယ်ကို နည်းမှီး၍ သိရာ၏။ အတ္တ၊ ငါ-ငါကောင်ဟု စွဲယူသောခန္ဓာသာ ထူးကြ၏။ အခ္ခါစာအုပ်တွင် "ရုပ်သည် ငါ, ငါသည်ရုပ်၊ ရုပ်မှာ ငါရှိသည်, ငါ့မှာ ရုပ်ရှိသည်"လို့ ရေးကြ၏။ ၎င်းအတိုင်း ဟောပြောကြသည်ကိုလည်း ကြားဘူး၏။ ဟောတော်မူလို ရင်း အဓိပ္ပါယ်နှင့် မကိုက်ညီသောကြောင့် မကောင်းလို့ မှတ်ရာ၏။ သင်္ကာယဒိဋ္ဌိကား မင်္ဂုလ်နီဗ္ဗာန်ကို တားမြစ်တတ်၏။ နတ်ရွာသုဂတိကို ကား မတားမြစ်တတ်ချေ။

၁။ **ရုပ်** ကား ငါ့ကို၊ ငါ့မှာရုပ်ရှိ၊ ငါ့ကိုရုပ်တည်၊ ငါတည်ရုပ်တွင်၊ ဤလေးစင်၊ ရုပ်တွင်စဲ့ကြ ဒိဋ္ဌပ။

၂။ **ဝေ** ကား ငါ့ကို၊ ငါ့မှာဝေရှိ၊ ငါ့ကိုဝေတည်၊ ငါတည်ဝေတွင်၊ ဤလေးစင်၊ ဝေတွင်စဲ့ကြ ဒိဋ္ဌပ။

၃။ **ညာ** ကား ငါ့ကို၊ ငါ့မှာညာရှိ၊ ငါ့ကိုညာတည်၊ ငါတည်ညာတွင်၊ ဤလေးစင်၊ ညာတွင်စဲ့ကြ ဒိဋ္ဌပ။

၄။ **သင်** ကား ငါ့ကို၊ ငါမှာသင်ရှိ၊ ငါ့ကိုသင်တည်၊ ငါတည်သင်တွင်၊ ဤလေးစင်၊ သင်တွင်စဲ့ကြ ဒိဋ္ဌပ။

၅။ **ဝိဉ်** ကား ငါ့ကို၊ ငါ့မှာဝိဉ်ရှိ၊ ငါ့ကိုဝိဉ်တည်၊ ငါတည်ဝိဉ်တွင်၊ ဤလေးစင်၊ ဝိဉ်တွင်စဲ့ကြ ဒိဋ္ဌပ။

၆။ ခန္ဓာငါးပါး၊ အတ္တထား၍၊ ပျက်ပြားသော်သာ၊ ပြတ်စဲကာ၊ ငါးဖြာဥစ္ဆေဒဒိဋ္ဌ။

၇။ ခန္ဓာနှင့်ငါ၊ တခြားသာဖြစ်၊ ဆက်ကာသစ်သော်၊ ဆဲ့ငါးနော်၊ မှတ်သော သဿတဒိဋ္ဌ။

၈။ ရုပ်သက်-သက်-တစ်၊ ခုနစ်နာမ်သက်၊ ရောလျက်ရုပ်နာမ်၊ ဆဲ့နှစ်ဖန်၊ မှတ်ဟန်ငါစဲ့ချက်။

၉။ ရူပံအတ္တာ၊ ငါစဲ့ပြ၊ စဲ့က ရုပ်သက်သက်။

၁၀။ ရုပ်မှာနောက်က၊ သုံးဝစဲ့လာ၊ နာမ်မှာဒုစ၊ လေးဝအစဲ့၊ ခုနစ်ပဲ၊ အစဲ့ နာမ်သက်သက်။

၁၁။ အကြွင်းစဲ့လာ၊ နာမ်များမှာတွင်၊ ရောကာရုပ်နာမ်၊ အစဲ့သန်၊ မှတ်ရန် ဆဲ့နှစ်ချက်။

၁၂။ ပေါင်း၍ကြည့်ကာ၊ နှစ်ဆယ်သာ၊ မှတ်ရာ သက္ကာယဒိဋ္ဌ။

သက္ကာယဒိဋ္ဌပုဒ်၌ သန္တ+ကာယ+ဒိဋ္ဌဟူ၍ သုံးပုဒ်ခဲ့။ ထိုသုံးပုဒ်တို့တွင် သန္တသည် ပူဇော်အပ်သည်ကိုဎင်း ထင်ရှားရှိသည်ကိုဎင်း ချီးမွမ်းအပ်သည်ကိုဎင်း မှန်ကန်သည်ကိုဎင်း သူတော်ကောင်းကိုဎင်း ပင်ပန်းခြင်းကိုဎင်း ငြိမ်းအေးခြင်းကိုဎင်း ပေါင်းခုနစ်နက်ကိုဟော၍ ဤအရာ၌ကား ဝိဇ္ဇမာနထင်ရှားရှိခြင်း အနက်ကိုသာ ဟော၏။ ကာယသည် ကိုယ်ကိုဎင်း အစုအပေါင်းကိုဎင်း ဟော၏။ ဤအရာ၌ကား ဥပါဒါန်တို့၏အာရုံဖြစ်သော

ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်ကို ဟော၏။ ရုပ်နာမ်နှစ်ပါး တရားတို့၏ အပေါင်းကိုလည်း ဟော၏။ သန္တေ၊ ကာယော သက္ကာယော ဟု ဝိုဂ္ဂိုဟ်ပြု။ သန္တေ၊ ပရမတ္ထအားဖြင့်ထင်ရှားရှိသော။ ကာယော၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်တည်း။ သက္ကာယော၊ ထင်ရှားရှိသော ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်း တည်းဟူသောကိုယ်။ တနည်း သန္တေ၊ ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ်နှစ်ပါးတို့၏ အပေါင်းတည်း။ သက္ကာယော၊ ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါးတို့၏အပေါင်း။ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးအပေါင်းကို သက္ကာယလို့ မိန့်တော်မူသည်။

ဒိဋ္ဌိသဒ္ဒါကား လဒ္ဓိအယူကိုဟော၏။ ဒဿနံ ဒိဋ္ဌိ၊ ဒိသဓာတ်-တိပစ္စည်း။ ဒဿနံ၊ ရှုကြည့်ခြင်း။ ဒိဋ္ဌိ၊ ရှုကြည့်ခြင်း၊ ဝါ၊ အယူ။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိဟု ဝိဂ္ဂိုဟ်ပြု။ သက္ကာယေ၊ ထင်ရှားရှိသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်၌။ ပဝတ္တာ၊ ဖြစ်သော။ ဒိဋ္ဌိ၊ မှားသောအယူတည်း။ သက္ကာယဒိဋ္ဌိ၊ ထင်ရှားရှိသော ကိုယ်၌ ဖြစ်သောအယူ။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိကား တပ္ပုံရိသ်သမာသ် ဝိဂ္ဂိုဟ်၊ သက္ကာယဒိဋ္ဌိကား သမာသ်ပုဒ်၊ သက္ကာယပုဒ်, ဒိဋ္ဌိပုဒ်၊ သက္ကာယ ဟူသော ရွှေပုဒ်အရကား ထင်ရှားရှိသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်သည် မုချရ၏။ ကိုယ်၏ဒိဋ္ဌိနှင့် ဌာနဌာနီအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန်သည် ဌာနူပစာရတ္ထ အားဖြင့် ရ၏။ သက္ကာယဒိဋ္ဌိပုဒ်လုံးအရကား ထိုမုချ ဌာနူပစာရတို့ဖြင့် မှတ်အပ်သော သက္ကာယဒိဋ္ဌိရ၏။ သက္ကာယဒိဋ္ဌိပုဒ်အရကား ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းဖြစ်တဲ့ ကိုယ်ဒြဗ်တည်းဟူသော အနက် ဟောင်းကို စွန့်၍ ဒိဋ္ဌိတည်းဟူသော အနက်သစ်ကို ဟောသောကြောင့် ဒိဋ္ဌိသာ ပဓာနအားဖြင့် ရတော့သည်ဆိုလိုသည်။

ဒိဋ္ဌိဖြင့် အမှောက်မှောက်အမှားမှား စွဲယူအပ်သော ငါ-ငါ့ဥစ္စာမြဲခြင်း ချမ်းသာခြင်း အလိုလိုက်ခြင်းစသောအခြင်းအရာတို့ကား ပရမတ်အားဖြင့် ထင်ရှားမရှိကုန်၊ စွဲလမ်းစရာ စွဲလမ်းခြင်း၏တည်ရာခန္ဓာငါးပါးသာ ပရမတ် အားဖြင့် ထင်ရှားရှိ၏။ ထို့ကြောင့် သန္တေ၊ ကာယော သက္ကာယောဟု သန္တဖြင့် ကာယကို အထူးပြုသည်။ တနည်း ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ ဟု

ဝိဂြိုဟ်ပြု။ ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်၌ဖြစ်သော မှားသော အယူ၊ သန္တိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ သန္တိ၊ ပရမတ်အားဖြင့် ထင်ရှားရှိသော။ ကာယဒိဋ္ဌိ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးအပေါင်းတည်းဟူသော ကိုယ်၌ဖြစ်သော မှားသောအယူတည်း။ သက္ကာယဒိဋ္ဌိ၊ ပရမတ် အာ၊ဖြင့် ထင်ရှားရှိသော ခန္ဓာကိုယ်၌ဖြစ်သော မှားသောအယူ" မှားသော အယူဟူသည် ပရမတ်အားဖြင့် ထင်ရှားရှိသော ဒိဋ္ဌိစေတသိက်ပင်တည်း။ မိမိအမှားမှား စွဲယူအပ်သော ငါ-ငါ့ဥစ္စာမြဲခြင်း ချမ်းသာခြင်း အလိုလိုက်ခြင်းစသော အခြင်းအရာသည်ကား ပရမတ်အားဖြင့် ထင်ရှားမရှိသကဲ့သို့ ထင်ရှားမရှိသည်မဟုတ်ဟု ပြခြင်းငှါ သန္တဖြင့် ဒိဋ္ဌိကို အထူးပြုသည်။

မြို့နေသူ လူအချို့တို့သည် မြတ်စွာဘုရားအား ဒိဋ္ဌိသာမရှိသည်မဟုတ်၊ သက္ကာယလည်းမရှိဟု ယူကြသည်။ အကြောင်းမှာ မြတ်စွာဘုရားသည် ဥပါဒါန်တရားလေးပါးတို့ကို ပယ်ပြီးသောကြောင့် စွဲလမ်းစရာခန္ဓာလည်း မရှိဟုယူကြ၏။ သက္ကာယပရိယာပန္န=သက္ကာ'ယဘုံတွင် အကျုံးဝင်သူ, သက္ကာယာတိက္ကန္တ=သက္ကာယဘုံကို လွန်မြောက်သူတို့တွင် သက္ကာယကို လွန်မြောက်ဘော်မူသောပုဂ္ဂိုလ်ဖြစ်ရကား မြတ်စွာဘုရားမှာ သက္ကာယမရှိဟု ယူကြ၏။

မြတ်စွာဘုရားအား သက္ကာယကား ရှိ၏၊ ဒိဋ္ဌိသာ မရှိဟု မှတ်ရာသတည်း။ အကြောင်းကား သက္ကာယဆိုသည်မှာ ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ ခန္ဓာငါးပါးပင်တည်း။ ဒဿနပဟာတဗ္ဗတိက်တွင် မဂ်လေးပါးတို့ဖြင့် ပယ်အပ်သောတရားကား အကုသိုလ် နာမကွန္ဓာကိလေသာတို့သာ ဖြစ်၏။ ရုပ် ကြွင်းသော နာမကွန္ဓာတို့ကို မပယ်ချေ။ သူတပါးတို့၏ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းစရာ ရုပ်ခန္ဓာကြီးကား အထင်အရှား ရှိ၏။ သက္ကာယကို လွန်မြောက်သည့် ဆိုသည်မှာ မစ္စုမာရ်, ခန္ဓမာရ်တို့ကို အမှန်အားဖြင့် အောင်ဆဲ မဟုတ်သေး၊ အောင်လှံဖြစ်သောကြောင့်သာ မာရ်ငါးပါးကို အောင်တော်မူသော မြတ်စွာဘုရားဆိုသကဲ့သို့ ထို့အတူ သက္ကာယတည်းဟူသောတိုင် ဘုံသုံးပါးကို အမှန်လွန်မြောက်လတ့ံ ဖြစ်သောကြောင့်သာ သက္ကာယကို လွန်မြောက်သည်ဟု ဆိုဘိ၏။ ထို့ကြောင့် သက္ကာယကား မြတ်စွာဘုရားအား ထင်ရှားရှိ၏ဟု ယုံမှားမရှိ မှတ်ရာသတည်း။

သက္ကာယဒိဋ္ဌကား ခြောက်ဆဲ့နှစ်မျိုးသော ဒိဋ္ဌတို့၏ အခြေမူလဖြစ်၏။ သာ ဟိ နေသံ မူလံ။ သက္ကာယဒိဋ္ဌ နှစ်ဆယ်ဆိုသည်မှာ ခန္ဓာငါးပါးကို စဲ့၍သာ ဟောတော်မူ၏။ အာရုံခြောက်ပါး, ဒွါရခြောက်ပါး, ဝိညာဉ် ခြောက်ပါးစသော သမ္မသန္နုပဂ တရားတို့ကို စဲ့မူကား များစွာ ပြားသတည်း။

ဘဝဋ္ဌ ဒိဋ္ဌံ ဝိဘဝဋ္ဌ ဒိဋ္ဌံ၊
ဇတံ ဒုယံ တက္ကိကာ နိဿိတာသေ။
တေသံ နိရောဓမ္မိ န ဟ'တ္ထိ ဉာဏံ၊
ယတ္ထာယံ လောကော ဝိပရိတသညီတိ။ (ပဋိသမ္ဘိဒါမဂ်)

တက္ကိကာ၊ ကြံကြံစည်စည် အမှန်မဟုတ်သည်ကို ဟောပြောတတ်သော အကြံသမားတို့သည်။ ဘဝံ၊ မြဲသော။ ဒိဋ္ဌံ စ၊ အယူကိုဌင်း။ ဝိဘဝံ၊ ပြတ်သော။ ဒိဋ္ဌံ စ၊ အယူကိုဌင်း။ ဇတံ ဒုယံ၊ ဤသဿတ ဥစ္ဆေဒအယူ နှစ်ခုအပေါင်းကို။ နိဿိတာသေ၊ မှီကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်။ နိဿိတာသေ၊ မှီကုန်သနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ တေသံ၊ ထို အကြံသမားတို့အား။ နိရောဓမ္မိ၊ ကေန်အစစ် ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်၌။ ဉာဏံ၊ အသိဉာဏ်သည်။ န အတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ နိဿိတာသေ၊ မှီကုန်၏။ ယတ္ထ နိရောဓေ၊ အကြင်နိဗ္ဗာန်၌။ အယံ လောကော၊ ဤလူနတ်ဗြဟ္မာ သတ္တဝါတွေသည်။ ဒုက္ခမိတိ၊ ချမ်းသာမဟုတ် ဆင်းရဲတာဟု။ ဝိပရိတသညီ၊ ဖောက်ပြန်စွာ မှတ်ထားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ နိရောဓမ္မိ၊ ထိုနိဗ္ဗာန်၌။ ဉာဏံ၊ အသိဉာဏ်သည်။ န ဟ'တ္ထိ၊ န ဟိ အတ္ထိ၊ မရှိသည်သာလျှင်တည်း။

သက္ကာယဒိဋ္ဌ နှစ်ဆယ်တို့သည် မဂ်ဖိုလ်ကို တားမြစ်တတ်ကုန်၏။ နတ် ရှာ သုဂတိကိုကား ကမ္မပထမြောက်သော ဒိဋ္ဌမဟုတ်သောကြောင့် မတား မြစ်တတ်ကုန်။ နိယတမိစ္ဆာဒိဋ္ဌ သုံးပါးသာ ကမ္မပထမြောက်သည်။ သက္ကာယ ဒိဋ္ဌရှိသော်လည်း သုဂတိဘဝသို့ ရောက်စေတတ်သော ကံတို့ ဖြစ်နိုင်, ပြီးနိုင်သောကြောင့်လဲ နတ်ရှာကို မတားမြစ်တတ်လို့ ဆိုသည်။ ဟုတ် လေစ့၊ ယခုအခါ ဥပါသကာ-ဥပါသိကာမတို့သည် တို့ဦးပဉ္စင်း, တို့ဆရာ, တို့တူသား, တို့ဦးကြီး, တို့ဒိဋ္ဌကို မှီကာ ဒါန သီလ ပြုကြ စောင့်ကြသူ များလှသည်။ ဒိဋ္ဌကား အမှန်နတ်ရှာသို့ မပို့ဆောင်နိုင်၊ ဥပနိဿယ

ပစ္စည်း အကြောင်းများကသာ နတ်ရွာသို့ ပို့ဆောင်နိုင်သည်။ ဤသို့ နတ်ရွာသို့ ရောက်သည်ကိုစဲ့၍ နတ်ရွာကို မတားမြစ်တတ်လို့ ဆိုလိုသည်။ အင်္ဂုတ္တိရ်ဒီဋ္ဌဝဂ် အဋ္ဌကထာတွင် နိယတမိစ္ဆာဒိဋ္ဌိ သုံးပါးသာ နတ်ရွာ မဂ် ဖိုလ် နိဗ္ဗာန်ကို တားမြစ်တတ်သည်။ သဿတ ဥစ္ဆေဒဟု ဆိုအပ်သော အယုတ်တရားနှစ်ပါးကို ယူတတ်သော မိစ္ဆာဒိဋ္ဌိကား မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ တားမြစ်တတ်သည်၊ နတ်ရွာကိုမတားမြစ်တတ်။ သက္ကာယဒိဋ္ဌိနှစ်ဆယ်သာ နတ်ရွာမဂ်ဖိုလ် နှစ်ပါးကို မတားမြစ်တတ်လို့ဆိုသော ရှေးဆရာတို့ဝါဒကို ပြလျက် ပယ်ထားသည်။ ဒိဋ္ဌိဟူသမျှတို့၏ မျိုးစေ့ဖြစ်သော သက္ကာယဒိဋ္ဌိကို အစထား၍ မိစ္ဆာဒိဋ္ဌိဟူသမျှ နတ်ရွာသို့ ပို့ဆောင်နိုင်သည်မရှိ။ ရေဋ္ဌသာ နစ်မြုပ်စေသည်လို့ မဟာအဋ္ဌကထာမှာ မိန့်ဆိုသည်လို့ပြသည်။ ရေဝယ်ကျသော ကျောက်စရစ် ကျောက်ခဲများ ပေါ်ရှိုးမရှိ၊ နစ်မြုတ်သည်သာ ဖြစ်သကဲ့သို့ ဖြစ်သည်လို့ ဥပမာဆောင်သည်။ ဤသို့ မဟာအဋ္ဌကထာမှာ မိန့်ဆိုသည်။ ပုဗ္ဗာစရိယဝါဒကို ပယ်ပြီးဖြစ်သောကြောင့် စိစစ်ရန်မလို၊ အထက်စကားရပ်များတွင် သက္ကာယဒိဋ္ဌိ နတ်ရွာကို မတားနှင့် နတ်ရွာ တားမြစ်တဲ့ စကား ဆန့်ကျင်လျက် ရှိသည်။ နတ်ရွာမတားပုံ ရေးခဲ့ပြီ။ နတ်ရွာတားမြစ်ပုံကား ဒိဋ္ဌိကား သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ အပြစ်နှင့် တကွ မကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိသော အကုသိုလ်တရား မျိုးဖြစ်၍ အပါယ်သို့သာ ကျစေနိုင်ရာသည်။ သက္ကာယဒိဋ္ဌိကား ကမ္မပထ မမြောက်သောကြောင့် ဒိဋ္ဌိကိုမှီ၍ ဒုစ္စရိုက်တရား အကုသိုလ်ကံများ ဖြစ်ပွါးက အပါယ်သို့သာ ကျစေနိုင်သည်။ ထို့ကြောင့် နတ်ရွာကို တားမြစ်သည်လို့ ယူလျှင် ညီညွတ်ပါမည်။

သက္ကာယဒိဋ္ဌိစဲ့ပုံ ပြီး၏။

ဘုရားရှင်တို့ တရားတော်ကို အလေးပြုပုံ

ဓမ္မဂရုနော ဟိ တထာဂတာ။ ။ဟိ၊ ထိုစကားသင့်စ္ဥ။ တထာဂတာ၊ မြတ်စွာဘုရားတို့သည်။ ဓမ္မဂရုနော၊ တရားတော်ကို အလေးပြုကြကုန်၏။ ဆိုလိုသည်မှာ သဗ္ဗညုမြတ်စွာဘုရားသည် မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှါ ကျင့်ကြံအားထုတ်ကြသော ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာ မများကို အလေးဂရု ပြုတော်မူသည်၊ မြတ်နိုးနှစ်သက်တော်မူသည်။

ပုဏ္ဏာထေရီမဝတ္ထု

ပုဏ္ဏေ ပုရေသိ သဒ္ဓမ္မံ၊ စန္ဒေါ ပန္နရသော ယထာ။
ပရိပုဏ္ဏာယ ပညာယ၊ ဒုက္ခဿန္တံ် ကရိဿသိ။

ပုဏ္ဏော၊ သဒ္ဓါပြည့်ဝ မယ်ပုဏ္ဏာ။ ပန္နရသော၊ ပန္နရသီ တိထီရက်စေ့ လပြည့်နေ့၌ ပေါ်ထွက်သော။ စန္ဒေါ၊ လသည်။ ပူရေတိ ယထာ၊ ပြည့်ပြည့်ဝင်းဝင်း ထွန်းလင်းတောက်ပသကဲ့သို့။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားရောင်ခြည်များကို။ ပူရေသိ၊ ပြည့်ပြည့်ဝဝ တောက်ပစေလော။ ပညာယ၊ ဝိပဿနာဉာဏ်ပညာသည်။ ပရိပုဏ္ဏာယ၊ ပြည့်ပြည့်ဝဝ တောက်ပသည် ရှိသော်။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တံ်၊ ဆုံးရာဖြစ်သောနိဗ္ဗာန်ကို။ တံ့၊ သင်သည်။ ကရိဿသိ၊ ပြုရလတံ့။

နှစ်သက်ပုံကား ငါတို့ရဲ့ ကျေးဇူးတော်ရှင် ဘခင် ရှင်တော်ဘုရားသည် ဝါဆိုကာနီးသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရဟန်းအပေါင်းခြံရုံလျက် ဒေသစာရီ ကြွချီတော်မူသည်။ ကောသလမင်းကြီး အနာထပိဏ်သူဌေးစသော ကျောင်းဒါယကာ ဂုဏ်ရှိအသရေရှိလူကြီး လူကောင်းတို့သည် မကြွပဲ သီတင်းသုံးနေထိုင်ရန် လျှောက်ထားသော်လဲ မရကြကုန်။ ထိုအခါ အနာထပိဏ်သူဌေးသည် အိမ်သို့ပြန်လာကာ စိတ်မကောင်းဖြစ်လျက် ထိုင်ကာနေတယ်။ မျက်နှာများ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်မရှိပဲ စိတ်ညစ်ကာနေတယ်လို့ ဆိုလိုတယ်။

ထိုအခါ ပုဏ္ဏာမည်သော ကျွန်မကလေးသည် အရှင်သူဌေးမင်းရှင်စိတ်မကောင်းဖြစ်ကာနေပါသလောလို့ အနာထပိဏ်သူဌေးကို မေးမြန်းရှာတယ်။ ပုဏ္ဏာရယ် အေးကွယ် မြတ်စွာဘုရားကို သီတင်းသုံးအောင် မပင့်ဆောင်နိုင်ပဲ ဖြစ်ကာနေတယ်ကွဲ၊ မြတ်စွာဘုရား အရပ်တပါးကြွသွားခဲ့သော် ဤဝါတွင်းသုံးလပတ်လုံး တရားလဲနာရမှာမဟုတ်၊ အလိုရှိတိုင်း အလှူလဲပေးရမှာမဟုတ်တော့ဘူးလို့ ကြံစည်တွေးတော စိတ်အိုက်ကာနေတယ်လို့ ပြန်ကြားပြောဆိုတယ်။ အရှင်သူဌေးမင်း ဘာမျှစိုးရိမ်ကြောင့်ကြတော်မမူပါနဲ့၊ ကျမမြတ်စွာဘုရားကို ရအောင် ပင့်ထားပမယ်လို့ ပြောကြားသည်။ ပုဏ္ဏာ အကယ်၍ မင်းပင့်ထားနိုင်ခဲ့သော် ကျွန်အရာမှ လွတ်စေလျက် သမီးအရာပေး၍ မြောက်စားတော်မူမည်လို့ ပြောဆိုတယ်။

ထိုအခါ ပုဏ္ဏမည်သော ကျွန်မကလေးသည် ယုတ်တရက်နှုတ်မဆက်နိုင်ပဲ ထသွားကာ မြတ်စွာဘုရားဓမ္မရင်းတွင် ဝပ်စင်းလျက် အို ဘကြီးဖုန်းဘုရား ဇေတဝန်ကျောင်းကြီးတွင် သီတင်းသုံးတော်မူပါ ဘုရားလို့ လျှောက်ထားတောင်းပန်တယ်။ သဒ္ဓါပြည့်ဝ မယ်ပုဏ္ဏ သူမျှားမှီကာ ကပ်ကာ အသက်မွေးရတဲ့ မင်းဟာ ငါ့အတွက် ဘာမျှားချက်ပြုတ်လျက် ကပ်နိုင်မှာလဲလို့ မိန့်တော်မူတယ်၊ အို ဘကြီးဖုန်းဘုရား တပည့်တော်မမှာ ပစ္စည်းလေးပါးမရှိတာ အသျှင်ဘုရားတို့လဲ အသိသားပဲ။ အသျှင်မြတ်ဘုရားတို့ အရပ်တပါး ကြွမသွားပဲ သီတင်းသုံးတော်မူပါက တပည့်မ သရဏကုံဆောက်တည်ရမယ် သီလစောင့်ရမယ် တရားနာရမယ် ဘာဝနာပွါးရမယ် ဘုရားလို့ လျှောက်ထားတော့ သဗ္ဗညုမြတ်စွာဘုရားက မယ်ပုဏ္ဏ ကောင်းစွ ကောင်းစွလို့ သာဓုခေါ်ပြီး ဇေတဝန်ကျောင်းတော်သို့သာဝင်ကြွသွားကာ နေတော်မူတယ်။ ဤသို့ မယ်ပုဏ္ဏ လျှောက်ထားပုံ မြတ်စွာဘုရားမိန့်ကြားပုံ စကားသည် သာဝတ္ထိမြို့မှာ အတော်ပျံ့နှံ့ကျော်ကြားကာ သွားတယ်။ အနာထပိဏ်သူဌေးသည် မယ်ပုဏ္ဏ မြတ်စွာဘုရားကို ပင့်ထားပြီဆိုတဲ့ စကားကိုကြားလျှင် ကျွန်အရာမှန်တော်၍ သမီးအရာထားကာ ခြီးမြောက်တော်မူပြီ။ မယ်ပုဏ္ဏာသည် မြတ်စွာဘုရားထံတွင် ခဏခဏ သီလယူ တရားနာကြားရသောအခါ လူ့ဘောင်မှာ ငြိုးငွေ့စေကဆုပ်ကာ လာတယ်။ အနာထပိဏ်သူဌေးထံ ခွင့်ပန်၍ ရဟန်းပြုကာသွားတယ်။ ပုဏ္ဏထေရီမသည် ရဟန်းဘဝနှင့် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားကာ သိပြီး, အကြောင်းမျှားကို သိမ်းဆည်းလျက် ဝိပဿနာဘာဝနာ ပွါးမျှားအားထုတ်ကာနေတယ်။ ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏထေရီမရဲ့ အားထုတ်တဲ့ ဝိပဿနာရှိတဲ့ အဖြစ်ကို သိတော်မူ၍ ပုဏ္ဏေ ပူရေသိ သဒ္ဓမ္မံ စသော ဩဘာသဂါထာကို ရောင်ခြည်တော်လွှတ်၍ ဟောတော်မူသည်။ ပုဏ္ဏထေရီမလဲ ဂါထာအဆုံးတွင် အရဟတ္တာမဂ် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်ကာ သွားတော့သည်။ သာသနာအလွန် ထင်ရှားကျော်ကြားသော ထေရီမဖြစ်ကာ သွားတော့သတည်း။

ဤသို့ မြတ်စွာဘုရားသည် ပစ္စည်းလေးပါးကို အလေးမထားပဲ တရားတော်ကိုသာ အလေးပြုတော်မူသည်။ မြတ်စွာဘုရားသည် တရားတော်ကို အလေးပြုသောကြောင့် ရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင် ထွက်ရာနေ့တွင် သုံးဂါဝုတ်ခရီးသို့ ခရီးကြိုဆိုလျက် ကြွသွားတော်မူသည်။ ယူဇနာ

သုံးရာအာလုန် ဝေးကွာသော ခရီးသို့ ကြွသွားတော်မူ၍ ဂင်္ဂါမြစ်ကမ်းနား တွင် တရားဟောကာ ပရိသတ်နှင့်တကွ မဟာကပ္ပိနမင်းကြီးကို အရဟတ္တ ဖိုလ်၌ တည်စေတော်မူသည်။ ဆွမ်းဘုဉ်းပေးတော်မူပြီးသည်မှ နောက် ကာလ လေးဆဲ့ငါးယူဇနာရှိသော ခရီးကို ကြွသွားတော်မူ၍ အိုးထိန်း သည်၏ နေအိမ်တွင် ညဉ့်သုံးယာမ်ပတ်လုံး တရားဟောတော်မူကာ ပုက္ကု သာတိမင်းကြီးကို အနာဂါမ်၌ တည်စေတော်မူသည်။ ဤသို့ တရားတော် ကို အလေးပြုသောကြောင့် အပင်အပန်းခံတော်မူသည်ကား မျှားလှခေ သည်။

ပစ္စယပရိဂ္ဂဟဉာဏ်အခန်း

ယခုအခါ ဥပါသကာ ဥပါသိကာမမျှားလည်း မြတ်စွာဘုရား အလို တော်ကျ မချွတ်မယွင်း သန့်ရှင်းစင်ကြယ်တဲ့ ဘာဝနာ အကျင့်မျှားကို အားထုတ်ပွါးမျှားသင့်လှပါတယ်။ ထင်မြင်ပြီး, တွေ့ကြုံပြီးသော ရုပ်နာမ် နှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းခြင်းကြောင့် ပစ္စုပ္ပန် အတိတ် အနာ ဂတ် ကာလသုံးရပ်တို့၌ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကို လွန်မြောက် ၍တည်သော ဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိလို့ ခေါ်တယ်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိရလိုသော ယောဂီသည် ရုပ်နာမ်နှစ်ပါး၏ ဟေတုအကြောင်း, ပစ္စယ အကြောင်းတို့ကို ရှာမှီးခြင်းကို ပြုရပါတယ်။ ဘယ်ပုံရှာမှီးခြင်းကို ပြုရှု ပါသလဲ၊ လိမ္မာသော ဆေးဆရာသည် အနာရောဂါကို တွေ့မြင်ခဲ့သော် အနာဖြစ်ကြောင်း သွေး သည်းခြေ လေ သလိပ်စသော သမုဋ္ဌာန်ကို ရှာ သကဲ့သို့ဂင်း သနားကရုဏာ လွန်စွာအားကြီးသော သူသည် မော်တော် ကား-ယာဉ်ရထားတို့ သွားလာရာ လမ်းဆုံလမ်းခွ လမ်းလေးမတွင် သနား စဖွယ် ပက်လက်အိပ်ကာနေသောသူငယ်ကို တွေ့မြင်ခဲ့သော် ဤသူငယ်ကား မည်သူ၏ ချစ်စဖွယ်သော သားငယ် ဖြစ်ပါလိမ့်မလဲလို့ သူငယ်၏ မိဘတို့ကို ရှာဖွေသကဲ့သို့ဂင်း ထို့အတူ အမှန်အကန် ဟုတ်မှန်စွာ ထင်မြင်ပြီးသော ရုပ်နာမ်မှာ ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခကို တွေ့ရသောကြောင့် အနာရောဂါနှင့်တူသော ရုပ်နာမ်၏ အနာဖြစ်ကြောင်းကဲ့သို့သော ဟေတု ပစ္စယအကြောင်းတို့ကို ရှာမှီးခြင်းကို ပြုရပါတယ်။ ရုပ်နာမ်နှစ်ပါး ထင် ရှားပြီးသော ယောဂီသည် အစစ္စာသာလျှင် ဤ ရုပ်နာမ် နှစ်ပါးကား အကြောင်းမရှိပဲ မဖြစ်တန်ရာ၊ အကြောင်းမရှိပဲ ဖြစ်ခဲ့သော် အလုံးစုံသော

တရားတို့ အကြောင်းမရှိချင်းတူကာ နေသောကြောင့် အလုံးစုံသော ဘုံဘဝ ပုဂ္ဂိုလ် သတ္တဝါတို့ သဏ္ဌာန် အတူတူချည်း တပုံတည်းသာ ဖြစ်ရပါတယ်။ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ, ခိုဒါ, ထာဝရ ဘုရားတို့ကြောင့် ဖြစ်တယ်ဆိုလျှင်လဲ ရုပ်နာမ်မှတပါး တန်ခိုးကြီးမား နတ်သိကြား စသည်မရှိရာ ရောက်ပါတယ်။ ရုပ်နာမ်ကိုသာ တန်ခိုးကြီးမား နတ်သိကြား စသည်လို့ ဆိုပြန်လျှင်လဲ ရုပ်နာမ်မှာ အကြောင်းမရှိရာ ရောက်ပါတယ်။ ထို့ကြောင့် ရုပ်နာမ်တွင် မသင့်လျော်မညီညွတ်တဲ့ ဟေတုအကြောင်းမှတပါး သင့်လျော်ညီညွတ်တဲ့ ဟေတုပစ္စယအကြောင်းတို့ ရှိသင့်ရာတယ်။ ထို အကြောင်းတို့ကား အာဘယ်နည်းလို့ ဆင်ခြင်မည်။ ရုပ်နာမ်နှစ်ပါးတွင် ရူပကာယကား ရုံ့ရင်းကြမ်းတမ်းသောကြောင့် သိမ်းဆည်းရာလွယ်သည်၊ ထင်ထင်ရှားရှား သိရသည်။ ထို့ကြောင့် ရူပကာယ၏ အကြောင်းကို အစစ္စာ သိမ်းဆည်းရမည်။ ရူပကာယတွင်လည်း နိဗ္ဗန္ဒ-ငြီးငွေ့စက်ဆုပ်ခြင်း, ဝိရာဂ-မသာယာခြင်းတို့၏ အကြောင်းဖြစ်သောကြောင့် ဝဋ္ဋာဘိရတိ-ဝဋ်၌၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းကို ပယ်ရန်အကျိုးငှါ ဇလာဗုဇဥဇသေယျကဖြစ်သော ရူပကာယ၏ ဟေတုပစ္စယအကြောင်းတို့ကို ရှာရမည်။

ဓာတ်လေးပါး အပေါင်းဟု ဆိုအပ်သော ဤခန္ဓာကိုယ်သည် အဝိဇ္ဇာတဏှာ ဥပါဒါန် ကံ အာဟာရ ဥတု စိတ်တို့ကြောင့် ဖြစ်ပေါ်ကာလာသည်။ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်ကာလာသည် မဟုတ်။

ဓာတ်လေးပါးအပေါင်းဟုဆိုအပ်သော ရူပကာယအာရုံကို အာရုံပြု၍ ညွတ်ကိုင်းတတ် ရောက်သွားတတ်သော သိမှုခံစားမှုစသော စိတ်စေတသိက်တို့သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဖဿ နာမ် ရုပ်ဟု ဆိုအပ်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်ကာလာသည်၊ တန်ခိုးကြီးမားနတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်ကာလာသည်မဟုတ်။

ဤရုပ်နာမ်နှစ်ပါး တရားအစုတို့သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ ဥတု စိတ် ဖဿ နာမ် ရုပ်တို့ကြောင့် ဖြစ်ပေါ်ကာလာသည်။ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရ

ဘုရားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်ကာလာသည်မဟုတ်။ ဤကား ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို တပေါင်းတည်း သိမ်းဆည်းပုံတည်း။ ပွါးများပုံအခန်းမှာ တပေါင်းတည်း ပွါးများခဲ့သည်။ တပါးစီလဲ ခဲ့၍ ပွါးနိုင်ပါသည်။ အောက်ကနည်းကို မှီ၍ ပွါးလေ။

ပဋိသန္ဓိဒါမင်္ဂါဠိတော်မှာ—ရူပကမ္မဋ္ဌာ၏အကြောင်းကို အဝိဇ္ဇာ တဏှာ ကံ အာဟာရ, ဝေဒနာ သညာ သင်္ခါရကမ္မဋ္ဌာ သုံးပါးတို့၏ အကြောင်းကို အဝိဇ္ဇာ တဏှာ ကံ ဖဿ, ဝိညာဏကမ္မဋ္ဌာ၏ အကြောင်းကို အဝိဇ္ဇာ တဏှာ ကံ နာမ် ရုပ်လို့သာ ထုတ်ပြတော်မူ၏။ သို့ရာတွင် အဝိဇ္ဇာစသော အတိတ် အကြောင်းသုံးပါးတွင် သဟကာရိကာရဏ=အတူတကွ ပြုလေ့ရှိသော အကြောင်း ဖြစ်သောကြောင့် ဥပါဒါန်ကို ထည့်သွင်းကာ ယူခဲ့သည်။ ပဝတ္တိအကြောင်းတို့တွင် ကဗဠီကာရာဟာရတို့ အားရှိသောကြောင့် ပါဠိတော်မှာ ဟောသည်။ ပဝတ္တိအကြောင်းချင်းတူသောကြောင့် ဥတုစိတ်တို့ကိုလည်း ယူခဲ့သည်။ ခန္ဓာငါးပါးကို အသီးအခြားယူ၍ ပွါးသောအခါ ဖြစ်စေ ဓာတ်သဘောတပါးပါးကို ယူ၍ ပွါးသောအခါဖြစ်စေ အကြောင်းကိုသိတဲ့ အလင်းရောင်များ ထွန်းလင်းတောက်ပကြပါစေ။ အဝိဇ္ဇာတဏှာ ဥပါဒါန်စသည်တို့ကြောင့် ရုပ်နာမ်ဖြစ်ပုံကား—

> အဝိဒ္ဒါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခ-
> ရောတိ၊ အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနေဉ္ဇာဘိ-
> သင်္ခါရမ္ပိ အဘိသင်္ခရောတိ။

ဘိက္ခဝေ၊ အိုရဟန်းတို့။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာမှောင်ကျ၍နေသော။ အဝိဒ္ဒါ၊ ပညာမဲ့သော ပုထုဇ္ဇဉ်သည်။ ပုညာဘိသင်္ခါရမ္ပိ၊ ပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုပြင်စီစဉ်၏။ အပုညာဘိသင်္ခါရမ္ပိ၊ အပုညာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ၏။ အာနေဉ္ဇာဘိသင်္ခါရမ္ပိ၊ စိတ္တသင်္ခါရဖြစ်၍ဖြစ်သော အာနေဉ္ဇာဘိသင်္ခါရကိုလည်း။ အဘိသင်္ခရောတိ၊ ပြုပြင်စီစဉ်၏။

> အဝိဒ္ဒါ ပရိတသတိ၊ ပရိတသိတော ဥပါဒိယတိ၊ တဿု-
> ပါဒါနပစ္စယာ ဘဝေါ။

အဝိဒ္ဒါ၊ အဝိဇ္ဇာ အလင်းရောင်မရသော သူသည်။ ပရိတသတိ၊ တပ်နှစ်သက်၏။ ပရိတသိတော၊ တပ်နှစ်သက်သူသည်။ ဥပါဒိယတိ၊ ပြင်းစွာ

စဲ့ယူ၏။ တဿ၊ ထိုပညာမဲ့သောသူအား။ ဥပါဒါနပစ္စယာ၊ ပြင်းစ့ဉာ စဲ့ယူသော အကြောင်းကြောင့်။ ဘဝေါ၊ ကမ္မဘဝသည်။ ဟောတိ၊ ၏။

အဝိဇ္ဇာနီဝရဏဿ ဘိက္ခဝေ ဗာလဿ တဏှာယ သမ္ပယုတ္တဿ ဧဝမယံ ကာယော သမုဒါဂတော။

ဘိက္ခဝေ၊ အိုရဟန်းတို့။ အဝိဇ္ဇာနီဝရဏဿ၊ အဝိဇ္ဇာနီဝရဏရှိသော။ တဏှာယ၊ တဏှာနှင့်။ သမ္ပယုတ္တဿ၊ ယှဉ်သော။ ဗာလဿ၊ သူမိုက်အား။ ဧဝံ၊ ဤသို့။ အဝိဇ္ဇာယ၊ သည်။ နိဝုတတ္တာ စ၊ ပိတ်ဖုံးအပ်သည်၏ အဖြစ်ကြောင့်ရင်း။ တဏှာယ၊ တဏှာနှင့်။ သမ္ပယုတ္တတ္တာ စ၊ ယှဉ်သည်၏အဖြစ်ကြောင့်ရင်း။ အယံ ကာယော၊ ဤခန္ဓာငါးပါး အပေါင်းဟုဆိုအပ်သော ဝိညာဉ်ပြဋ္ဌာန်းသောကိုယ်သည်။ သမုဒါဂတော၊ ဖြစ်၏။

အဝိဇ္ဇာ နှစ်မျိုး

ရသင့်ရထိုက်တဲ့ ဖြူစင်သောအကျင့်ကို မရနိုင်သော အဝိဇ္ဇာသည် အပ္ပဋိပတ္တိအဝိဇ္ဇာ မိစ္ဆာပဋိပတ္တိအဝိဇ္ဇာလို့ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ဒုက္ခသစ္စာစသော သစ္စာလေးပါးတို့၌ မသိတဲ့အဝိဇ္ဇာကို အပ္ပဋိပတ္တိအဝိဇ္ဇာ-လမ်းမှန်ကို မသိသောအဝိဇ္ဇာလို့ ခေါ်တယ်။ အသုဘ အနိစ္စ ဒုက္ခ အနတ္တာဖြစ်သော ရုပ်နာမ်တို့၌ သုဘ သုခစသည်ဖြင့် ဖောက်ဖောက်ပြန်ပြန် အနိုင်ကျင့်တဲ့အဝိဇ္ဇာကို မိစ္ဆာပဋိပတ္တိအဝိဇ္ဇာလို့ ခေါ်တယ်။ တနည်း ဒိဋ္ဌိမပါ သူချည်းသက်သက်သာဖြစ်သော အဝိဇ္ဇာကို အပ္ပဋိပတ္တိလို့ ခေါ်တယ်၊ ဒိဋ္ဌိနှင့်သာ အတူလာသော အဝိဇ္ဇာကို မိစ္ဆာပဋိပတ္တိလို့ ခေါ်တယ်။

အဝိဇ္ဇာကို မပယ်သတ်ရသေးသော ပုဂ္ဂိုလ်များသည် ဒုက္ခသစ္စာကို အမှန်အကန် မသိခြင်းကြောင့် သံသရာဝဋ်ဆင်းရဲကို ချမ်းသာတယ်လို့ မှတ်ယူကာ သံသရာဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော သုံးမျိုးသော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရကို ပြုကြသည်။

သမုဒယသစ္စာကို အမှန်အကန်မသိခြင်းကြောင့် သံသရာဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်တဲ့ တဏှာဖြင့် တင့်တယ်တယ် ချမ်းသာတယ် စသည်ဖြင့် တန်းဆာဆင်အပ်သော သုံးမျိုးသောသင်္ခါရတရားတို့ကို ချမ်းသာခြင်း၏ အကြောင်းလို့ မှတ်ထင်ကာပြုကြတယ်။

နိရောဓသစ္စာကို အမှန်အကန်မသိခြင်းကြောင့် ဝဋ်ဆင်းရဲ၏ချုပ်ငြိမ်းရာ မဟုတ်တဲ့ အသညသတ် အကနိဋ္ဌ အရူပဘုံဟူဆိုအပ်သော ဂတိအထူးဘုံအထူးကို ချုပ်ငြိမ်းရာလို့ မှတ်ထင်ကာ ဝဋ်ဆင်းရဲ၏ချုပ်ငြိမ်းရာကို တောင့်တလျက် သုံးမျိုးသောသခ်ါရကို ပြုကြတယ်။

မဂ္ဂသစ္စာကို အမှန်အကန်မသိခြင်းကြောင့် နိဗ္ဗာန်သို့ရောက်ကြောင်း မဟုတ်တဲ့ ယည ယဇ်ပူဇော်တဲ့ အကျင့်ကို မသေရခြင်း အကျိုးရှိတယ်လို့ မှတ်ထင်ကာ, အလွန်ပြုလုပ်နိုင်ခဲသော ပဥ္စာတပအကျင့်မျိုးကို နိဗ္ဗာန်ရောက်ကြောင်းလို့ မှတ်ထင်ကာ ယည, အမရတပအကျင့်ကို အကြောင်းပြုသဖြင့် သုံးမျိုးသောသခ်ါရကို ပြုကြတယ်။ ဤကား အပ္ပဋိပတ္တိအဝိဇ္ဇာဖြင့် ရုပ်နာမ်ကိုဖြစ်စေနိုင်တဲ့ ကံပေါ်လာပုံတည်း။

တယောက်သောပုဂ္ဂိုလ်သည် အထူးအားဖြင့် ပဋိသန္ဓေနေရေး အိုနာသေဘေးစသော အပြစ်များစွာတို့ဖြင့် ရောပြွမ်းတဲ့ ကံရဲ့အကျိုးဖြစ်သော ဝဋ်ဆင်းရဲ ရုပ်နာမ်ကို ချမ်းသာတယ်လို့ မှတ်ထင်ကာ ရုပ်နာမ်ဝဋ်ဆင်းရဲကို ရရန် ကာယကံ ဝစီကံ မနောကံဆိုတဲ့ ပုညာဘိသခ်ါရကို ပြုကြသည်။ ဥပမာ တောင်စွန်း တောင်ဖျား တောင်ထိပ်မှ ခုန်ချနိုင်လျှင် နတ်သမီးကညာကို ရလိမ့်မည်ဆိုစကားဖြင့် တောင်ထိပ်မှ ခုန်ချသော လူမိုက်ကဲ့သို့ မှတ်ရာသည်။ မွေလျော်ဖွယ် သာယာဖွယ်လို့ ယူကာထားသော လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တို့၏ အဆုံးဝယ် ပြင်းစွာပူလောင်ခြင်းကို ဖြစ်စေနိုင်တဲ့ အိုနာသေဘေးတို့ဖြင့် ဖောက်ပြန်ပျက်စီးပုံကိုၾကင်း မသိမမြင်သည့် ပိုးဖလံကဲ့သို့ၾကင်း ပျားဖြင့် လိမ်းကျံကာထားသော ဓားသွားသံလျက်သွားကို လျက်မှားသော အရသာမက်သော သတ္တဝါကဲ့သို့ၾကင်း အိပ်မက် နတ်တို့ဖန်ဆင်းထားတဲ့ ဂန္ဓဗ္ဗနတ်မြို့များကဲ့သို့ သာယာဖွယ်မရှိသောအဖြစ်ကိုၾကင်း မှတ်ရာသည်။

ဤဥပမာတွင် မွေလျော်ဖွယ်သာယာဖွယ်လို့ ယူထားသောကောင်းမှု၏ အကျိုး လူစည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်များကား မီးထိပ်မီးလျှံသန်လျက်သွားနှင့်တူသည်။ ဝဋ်ဆင်းရဲကိုဖြစ်စေတဲ့ ပုညာဘိသခ်ါရကံကား မီးထိပ်မီးလျှံကို တိုးဝင်ခြင်း သန်လျက်သွားကို လျက်သည်နှင့်တူသည်။ သံသရာဘေး အပါယ်ဘေးတို့ကိုမမြင်သောကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်ကိုမှီဝဲခြင်းစသည်တို့၌ ကောင်းတယ် ချမ်းသာတယ်လို့ မှတ်ထားခြင်းဖြင့်

၎င်း အဝိဇ္ဇာတဏှာ-စသော ကိလေသာတို့နှိပ်စက်ခြင်းဖြင့်၎င်း ကံသုံးမျိုး ဖြစ်တဲ့ အပုညာဘိသင်္ခါရကိုပြုကြသည်။ ဥပမာကား သူငယ်ကလေးသည် ကျင်ကြီးကို ကစားခြင်းကဲ့သို့၎င်း ကောဓ-အမျက်ထွက်ခြင်း အရတိ-မမွေ့လျော် မပျော်ပိုက်ခြင်းသည် နှိပ်စက်အပ်သောကြောင့် သေလိုတဲ့ ယောကျ်ား မိန်းမကား အဆိပ်ရည်ကို သောက်ခြင်း ခဲစားခြင်းပြုသကဲ့သို့၎င်း မှတ်ရာသည်။

အရူပဇြဟ္မာခေါ် အကျိုးနာမ်တရားတို့၌ ဖြစ်ခြင်း ပျက်ခြင်း တို့ဖြင့် ခဏခဏအနှိပ်စက်ခံရတဲ့ သင်္ခါရဒုက္ခ, အို နာ သေရေး ကြောက်ဖွယ်ဘေး တို့ဖြင့် ဖောက်ပြန်ပျက်စီးသော ဝိပရိဏာမဒုက္ခကို မသိမမြင်ကြသောကြောင့် မြဲတယ် ချမ်းသာတယ် နိဗ္ဗာန်ပဲလို့ ယူကာ စိတ္တသင်္ခါရဖြစ်သော အာနေဉ္စာဘိသင်္ခါရကံကို ပြုကြသည်။ ဥပမာ မျက်စိလယ်လမ်းမှားအရပ် မျက်နှာ၌ တွေ့ဝေငြားသောသူသည် ဘီးလှူးတို့နေရာမြို့ရွာသို့ ရှေးရှုသွားသည်နှင့်တူသည်လို့ မှတ်ရာသည်။ ဤကား မိစ္ဆာပဋိပတ္တိအဝိဇ္ဇာကြောင့် ရုပ်နာမ်ကိုဖြစ်စေနိုင်တဲ့ ကံပေါ်လာပုံတည်း။

ကံမပြုမီ အားမထုတ်မီ ကံရဲ့အကျိုး လူနတ်ဗြဟ္မာသတ္တဝါခေါ် ရုပ်နာမ်ခန္ဓာကို တောင်းတလိုချင် မက်မောခြင်းကို တဏှာလို့ခေါ်သည်။ တဏှာကား စုတိကျသွားသောဝိညာဉ်နှင့် အလားတူသော ထို ဝိညာဉ်ကို အဝိဇ္ဇာသည် ဖုံးကွယ်ကာထားအပ်တဲ့ အပြစ်ရှိသော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟုဆိုအပ်သော အာရုံတွင် ညွတ်စေပါတယ်၊ အာရုံပြုစေပါတယ်။ ဤသို့ ညွတ်စေခြင်းကိုပင် ကံရဲ့ အဖေါ်သဟဲဖြစ်၍ ရုပ်ကိုဖြစ်စေတယ် ဆိုလိုသည်။ အဝိဇ္ဇာနှင့်တဏှာနှစ်ပါးတို့တွင် အဝိဇ္ဇာကား ဒုက္ခအရာမှာ သံသရာဝဋ်ဆင်းရဲအကြောင်းဖြစ်တယ်။ တဏှာကား သုခအရာမှာ သံသရာဝဋ်ဆင်းရဲရဲ့ အကြောင်းဖြစ်တယ်။ လွန်ကဲရာကိုစဲ့၍ အကြောင်းအကျိုး အပြန်အလှန်ဖြစ်ကြတယ်။ ရှမ်းလူရိုင်းတို့သည် နွားမကြီးကို သတ်မည် ရှိရာ အရိုးနှင့်အသား တခြားစီဖြစ်သွားအောင် အဖန်ဖန် မီးပူတိုက်ကြ၏။ လက်ရိုက်တုတ်ဖြင့် ရိုက်နှက်ကြ၏။ ရေနွေးပူတိုက်ကြ၏။ ဝမ်းကျ၍ ဖူးဖူး ရောင်ကာ အရိုးမှ အသားလွတ်သောနွားမကို သတ်ကြပါတယ်။ ထိုသို့ သတ်ရာတွင် နွားမသည် အဝိဇ္ဇာမှောင်ကျ အလင်းရောင်မရသောကြောင့် ရေနွေးပူကို သောက်သကဲ့သို့ ထိုအတူ ပုထုဇဉ်သည် အဝိဇ္ဇာမှောင်ကျ

အလင်းရောင်မရသောကြောင့် အပါယ်လေးပါးသို့ ရောက်စေတတ်သော ကံကို ပြုကြပါတယ်။ နွားမသည် ရေနွေးကိုသောက်ရာတွင် အပြစ်ကို တွေ့မြင်၍ တဏှာ၏ အစွမ်းဖြင့် ရေအေးကို သောက်သကဲ့သို့ ထို့အတူ ပုထုဇဉ်သည် အဝိဇ္ဇာပါး ဉာဏ်ရောင်ကမျှားသောကြောင့် အပါယ်သို့ ကျရောက်စေတတ်သော ကံတွင် အပြစ်မြင်၍ တဏှာ၏ အစွမ်းဖြင့် နတ်ရွာသုဂတိသို့ ရောက်စေတတ်သော ကံကိုပြုကြသည်။

ဒုက္ခေ ဟိ အဝိဇ္ဇံ တဏှာ အနုဝတ္တတိ၊ သုခေ တဏှံ အဝိဇ္ဇာ·လို မိန့်ဆိုကြသည်။

ဟိ၊ ထိုစကားသင့်စ့။ ဒုက္ခေ၊ ဆင်းရဲဒုက္ခအရာတွင်။ တဏှာ၊ တပ်မက်မောတဲ့တဏှာသည်။ အဝိဇ္ဇံ၊ အဝိဇ္ဇာသို့။ အနုဝတ္တတိ၊ အစဉ်လိုက်၏။ သုခေ၊ ချမ်းသာသုခအရာတွင်။ အဝိဇ္ဇာ၊ မသိတဲ့အဝိဇ္ဇာသည်။ တဏှံ၊ တဏှာသို့။ အနုဝတ္တတိ၊ အစဉ်လိုက်၏။

မသိလို့ တပ်နှစ်သက်သည်၊ တပ်နှစ်သက်လို့ ပြင်းစ့ာစဲ့ယူသည်၊ ပြင်းစ့ာစဲ့ယူသော ဥပါဒါန်ကြောင့် ဘဝကိုဖြစ်စေတတ်သောကံကို အားထုတ်ကြပြုကြသည်။ ကံကား ပဋိသန္ဓေဝိညာဉ်နှင့် ရုပ်တရားကို ပေါ်လာစေသည် ဖြစ်စေသည်။ ကံမှအပ အမိအဘ သုက်သွေး အာဟာရစသော အကြောင်းတို့ တူမျှစ့ာရှိသော်လဲ နှစ်ယောက်သုံးယောက် စုံတဲ့ပေါက်ဖွားသော ညီအစ်ကို မောင်နှမတို့အယုတ်အမြတ်ကို တွေ့မြင်ရသောကြောင့် ကံကြောင့်သာ ရုပ်နာမ်ပေါ်လာသည်လို့ သိရာသတည်း။ ထိုအကြောင်းတို့တွင် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံအကြောင်းကြောင့်သာ ရုပ်နာမ် ပေါ်လာသည်လို့ သိရာသတည်း။

ထိုအကြောင်းတို့တွင် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံအကြောင်းမျှားကို ရုပ်နာမ်ကိုဖြစ်စေတတ်သောကြောင့် ဟေတုအကြောင်း ဇနကအကြောင်းလို့ ခေါ်သည်။ သို့ရာတွင် ကံကိုသာ မုချ ဇနကအကြောင်းဆိုရသည်။ အဝိဇ္ဇာစသော အကြောင်းသုံးပါးကိုကား အတူတကွ ပြုဖော်ပြုဖက် သဟကာရီကာရကအကြောင်း ဖြစ်သောကြောင့် ဇနကအကြောင်းလို့ ဆိုသည်။ အာဟာရ ဥတု စိတ်တို့ကိုကား အထောက်အပံ့ အကြောင်းဖြစ်သောကြောင့် ပစ္စယအကြောင်းလို့ ဆိုသည်၊ ဥပတ္ထမ္ဘကအကြောင်းလို့လဲ ဆိုသည်။ ဖဿ နာမ်ရုပ်တို့ကား နာမ်ခန္ဓာ လေးပါး နာမ်တရား၏

အကြောင်းများ ဖြစ်သည်။ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကား သား၏မိုရာအားကြီးစွာသော အမိနှင့်တူသည်။ ကံကား သားကိုဖြစ်စေသော အဘနှင့် တူသည်။ အာဟာရကား သူငယ်ကိုချိသော နို့ထိန်းနှင့်တူသည်လို့ မှတ်ရာသတည်း။

မာတ်လေးပါးကို ဆင်ခြင်ပြီး မာတ်လေးပါး အပေါင်းဟူဆိုအပ်သော ဖောက်ပြန်မှုအစု ဖောက်ပြန်မှုအမှုအရာ အပေါင်းဖြစ်တဲ့ ရူပက္ခန္ဓာသည် အဝိဇ္ဇာ တဏှာ ကံ အာဟာရဟူဆိုအပ်သော အကြောင်းကြောင့် ပေါ်လာပေသည်, ပေါ်လာပေသည်၊ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်လာသည်မဟုတ်။ အရဆောင်။ ။ရုပ်အစု ရူပက္ခန္ဓာသည် အကြောင်းကြောင့် ပေါ်လာသည်, အကြောင်းကြောင့် ပေါ်လာသည်လို့ ပွါးပါ။

အာရုံကို အာရုံပြု၍ ခံစားမှုအစု ခံစားမှု အမှုအရာ အပေါင်းဖြစ်တဲ့ ဝေဒနာက္ခန္ဓာသည် အဝိဇ္ဇာ တဏှာ ကံ ဖဿဟု ဆိုအပ်သော အကြောင်းကြောင့် ပေါ်ကာလာပေသည်, ပေါ်ကာလာပေသည်၊ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်ကာလာသည်မဟုတ်။ အရဆောင်။ ။ခံစားမှုအစု ခံစားမှု အမှုအရာအပေါင်းသည် အကြောင်းကြောင့် ပေါ်လာပေသည်, အကြောင်းကြောင့် ပေါ်လာပေသည်လို့ ပွါးပါ။

အာရုံကိုအာရုံပြုကာ အမှတ်ပြု၍ သိမှုအစု အမှတ်ပြု၍ သိမှုအမှုအရာ အပေါင်းဖြစ်တဲ့ သညာက္ခန္ဓာသည် အဝိဇ္ဇာ တဏှာ ကံ ဖဿဟု ဆိုအပ်သော အကြောင်းကြောင့် ပေါ်လာပေသည်, ပေါ်လာပေသည်၊ တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရ ဘုရားတို့ ဖန်ဆင်းသောကြောင့် ပေါ်လာသည် မဟုတ်။ အရဆောင်။ ။အမှတ်ပြုသိမှုအစု အမှတ်ပြုသိမှု အမှုအရာ အပေါင်းသည် အကြောင်းကြောင့် ပေါ်လာပေသည်, အကြောင်းကြောင့် ပေါ်လာပေသည်လို့ ပွါးများပါ။

အာရုံကို အာရုံပြုကာ ပြုပြင်အားထုတ်မှုအစု အားထုတ်မှု အမှုအရာ အပေါင်းဖြစ်တဲ့ သင်္ခါရက္ခန္ဓာသည် တန်ခိုးကြီးမား နတ်သိကြားနှင့် ပရမအတ္တခေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာပေသည် မဟုတ်။ အရဆောင်။ ။ပြုပြင်အားထုတ်မှုအစု

အားထုတ်မှု အမှုအရာ အပေါင်းသည် အကြောင်းကြောင့် ပေါ်လာပေသည့်, အကြောင်းကြောင့် ပေါ်လာပေသည်လို့ ပွါးများပါ။

အာရုံကိုအာရုံပြုကာ ဦးတိုက်သိမှုအစု ဦးတိုက်သိမှုအမှုအရာ အပေါင်းဖြစ်တဲ့ ဝိညာဏက္ခန္ဓာသည် အဝိဇ္ဇာ တဏှာ ကံ နာမ်ရုပ်ဟု ဆိုအပ်သော အကြောင်းကြောင့် ပေါ်လာပေသည့်, ပေါ်လာပေသည်၊ တန်ခိုးကြီးမားနတ်သိကြားနှင့် ပရမအတ္တဓေါ် ဗြဟ္မာ ခိုဒါ ထာဝရဘုရားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည် မဟုတ်။ အရဆောင်။ ။ဦးတိုက်သိမှုအစု ဦးတိုက်သိမှု အမှုအရာ အပေါင်းသည် အကြောင်းကြောင့် ပေါ်လာပေသည့်, အကြောင်းကြောင့် ပေါ်လာပေသည်လို့ ပွါးများပါ။

ဤကား ခန္ဓာငါးပါးကို အကြောင်းသိမ်းဆည်း၍ ပွါးပုံတည်း။ သိမ်းဆည်းတတ်အောင် ရေးသည်။

ပဝတ္တိအခါ အလွန်ထင်ရှား ပေါ်လွင်စွာဖြစ်သော နာမကာယ၏ အကြောင်း သိမ်းဆည်းပုံကို ပြအံ့။

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။မြင်သိမှု စက္ခုဝိညာဉ်သည် မျက်စိ အကြည်, အဆင်း, ရူပါရုံ အရောင်အလင်း, နှလုံးသွင်း မနသိကာရတို့ကြောင့် မျက်စိအကြည်မှာ ထင်လာတဲ့အဆင်းကို အာရုံပြု၍ ပေါ်ကာလာရသည်၊ နားအကြည် စသည်မှာ ထင်လာတဲ့ အာရုံကို အာရုံပြု၍ မြင်သိမှု မပေါ်လာနိုင်ပါ။ မြင်သိမှုအတွက် ပွါးခန်းမှာ အပြည့်အစုံရေးခဲ့ပြီ။ အဆင်းကို မြင်သိသောအခါ ခန္ဓာငါးပါးယှဉ်၍လည်း တပါးပါး၏ အကြောင်းကို သိမ်းဆည်းတတ်ပါစေ။ စက္ခုံ စ-ဌ် သမုစ္စည်း အနက်ရှိသော စ-သဒ္ဒါဖြင့် မိမိသန္တာန်ဝယ်ဖြစ်သော အာဝဇ္ဇန်းစသော အကြောင်းပစ္စည်းများကို သိမ်းကာ ယူနိုင်သည်၊ ရူပေ စ-ဌ် စ-သဒ္ဒါဖြင့် များသည်အားလျော်စွာ စက္ခုဝိညာဉ်အား ကျေးဇူးပြုတတ်သော အပ ဖြစ်သော အဆင်းရူပါရုံများကို သိမ်းကာ ယူသည်။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ။ကြားသိမှု သောတဝိညာဉ်သည် နားအကြည်, အသံ သဒ္ဒါရုံ, အပေါက် ဟင်းလင်းအာကာသ, နှလုံးသွင်း မနသိကာရတို့ကြောင့် နားအကြည်မှာ ထင်လာတဲ့ အသံကို အာရုံပြု၍ ပေါ်လာရသည်။ နားအကြည်စသော လေးပါးသော အကြောင်းတို့ကား အကြောင်းဟေတုသာတည်း၊ ကြားသိမှု သောတ

ဝိညာဉ်ကား အကျိုး ဟေတုသမုပ္ပန္န တရားသာတည်းလို့ ထင်လာအောင် ပွါးရာ၏။ အကြောင်းနှင့် အကျိုးသာ ဖြစ်သည်၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်လို့ ထင်လာအောင် ပွါးရာ၏။ နားအကြည်အသံသဒ္ဒါရုံတို့သည်ကား မဟာဘုတ်လေးပါးဟူသောအကြောင်းကြောင့် ပေါ်လာရသည်။ အဝိဇ္ဇာစသော အကြောင်းကြောင့်လဲ သိမ်းဆည်းနိုင်သည်။ အဆင်းရှုပါရုံဖြစ်သောအခါ ပွါးပုံရေးခဲ့သည့်နည်းမှီး၍ ပွါးပါလေ၊ ခန္ဓာငါးပါးကိုယူ၍ သိမ်းဆည်းတတ်ပါစေ။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ။နံသိမှုဃာနဝိညာဉ်သည် နှာခေါင်းအကြည် ,အနံ့ဂန္ဓာရုံ, လေဝါတ, နှလုံးသွင်းမနသိကာရတို့ကြောင့် နှာခေါင်းအကြည်မှာ ထင်လာတဲ့အနံ့ကို အာရုံပြု၍ ပေါ်လာရသည်။ ပွါးပုံနည်းကိုမှီး၍ ပွါးတတ်ရာ၏။

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ ။စားသိမှု ဇိဝှါဝိညာဉ်သည် လျှာအကြည်, ရသာရုံ, စိုစွတ်ခြင်းအာပ, နှလုံးသွင်းမနသိကာရတို့ကြောင့် လျှာအကြည်မှာ ထင်လာတဲ့အရသာကို အာရုံပြု၍ ပေါ်လာရသည်။ ပွါးပုံနည်းကိုမှီး၍ ပွါးတတ်ရာ၏၊ ခန္ဓာငါးပါးလည်း ယူတတ်စေ။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ။တွေ့ထိမှုကာယဝိညာဉ်သည် ကိုယ်အကြည်, အတွေ့ ဖောဋ္ဌဗ္ဗာရုံ, မာမှု ထဒ္ဓ, နှလုံးသွင်း မနသိကာရတို့ကြောင့် ကိုယ်အကြည်မှာ ထင်လာတဲ့အတွေ့ကို အာရုံပြု၍ ပေါ်ကာလာရသည်။ ပွါးတတ်စေ၊ ခန္ဓာငါးပါး ယူတတ်စေ။

မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ ။အထူးသိမှု မနောဝိညာဉ်သည် မနောအကြည်, သဘောဓမ္မာရုံ, ဟဒယဝတ္ထု, နှလုံးသွင်း မနသိကာရတို့ကြောင့် မနောအကြည်မှာ ထင်လာတဲ့ သဘောဓမ္မာရုံကို အာရုံပြု၍ ပေါ်ကာလာရသည်။ ပွါးတတ်စေ၊ ခန္ဓာငါးပါးယူတတ်စေ။ ဓာတုဝိဘင်းအလို အကြောင်းသိမ်းနည်းကိုကား ကျယ်မည်စိုး၍ မရေးတော့ပြီ။

ယုံမှားခြင်းတဆဲ့ခြောက်ပါးနှင့် ရှစ်ပါး

ဝိပဿကယောဂီသည် ဤနည်းအတိုင်း ပွါးများ၍ ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကြောင့် ဖြစ်ပေါ်လာပုံထင်မြင်သော် ဤရုပ်နာမ်နှစ်ပါးသည် ဤဘဝ ဤကာလမှာ အကြောင်းကြောင့် ပေါ်ကာလာရသကဲ့သို့

အတိတ်ဘဝ အတိတ်ကာလမှာလည်း အကြောင်းကြောင့် ပေါ်ရလေပြီ၊ အနာဂတ်ဘဝ အနာဂတ် ကာလမှာလည်း အကြောင်းကြောင့် ပေါ်ကာလာလတ္တံလို့ မြင်ကာသွားတော့သည်။ ဤပုံ တွေ့မြင်ကာသွားသော ဝိပဿကယောဂီသည် အတိတ်ခန္ဓာအစဉ် ခန္ဓာအစု၌ ယုံမှားခြင်းငါးပါး, အနာဂတ်ခန္ဓာအစဉ် ခန္ဓာအစု၌ ယုံမှားခြင်းငါးပါး, ပစ္စုပ္ပန်ခန္ဓာအစဉ် ခန္ဓာအစု၌ ယုံမှားခြင်းခြောက်ပါး ဤတဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့ကို ပယ်ဖျောက်၍ လွန်မြောက်ကာ သွားတော့သည်။ ဤကား အကြောင်းတရား အကျိုးတရားလို့ ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာသိမြင်သောကြောင့် လွန်မြောက်နိုင်သည် ဆိုလိုသည်။

အဟောသိ ံ နုခွါဟံ အတီတမဒ္ဓါနံ စ-သည်ဖြင့် နိဒါန၀ဂ္ဂသံယုတ် အာဟာရ၀ဂ်လာ တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကား ပုထုဇ္ဇဉ်သည် မြဲ၏ဟူသော အခြင်းအရာကိုဂင်း အကြောင်းကင်းကွာ ဖြစ်ရာ၏ဟူသော အခြင်းအရာကိုစွဲမှီ၍ဂင်း ငါသည် အတိတ်ဘဝက ဖြစ်ခဲ့ဘူးလေပြီလောလို့ ယုံမှားသံသယဖြစ်သည်။ ငါသည်အတိတ်ဘဝက မဖြစ်ခဲ့ဘူးလေပြီလောလို့ ယုံမှားသံသယဖြစ်သည်။ အကြောင်းကား အသို့နည်းလို့ မစိစစ် မမေးမြန်းရာ၊ ပုထုဇ္ဇဉ်ကား သူရူးကဲ့သို့ ဟုတ်ဟုတ်ငြားငြား ဖြစ်တတ်ပါတယ်။

"ကိ ံ ကာရဏန္တိ နု ၀တ္တုဗ္ဗံ၊ ဥမ္မတ္တကော ဝိယ ဗာလပုထုဇ္ဇနော ယထာ ၀ါ တထာ ၀ါ ပ၀တ္တတိ"လို့ မိန့်၏။

ကာရဏံ၊ အကြောင်းကား။ ကိ ံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ နု ၀တ္တုဗ္ဗံ၊ မစိစစ်အပ်။ ဥမ္မတ္တကော ဝိယ၊ သူရူးကဲ့သို့။ ဗာလပုထုဇ္ဇနော၊ ဗာလပုထုဇ္ဇဉ်သည်။ ယထာ ၀ါ တထာ ၀ါ၊ ဟုတ်ဟုတ်ငြားငြားသော အခြင်းအရာအားဖြင့်လည်း။ ပ၀တ္တတိ၊ ဖြစ်၏။

ငါသည် အတိတ်ဘဝက မင်း ပုဏ္ဏား သူကြွယ် သူဆင်းရဲမျိုးတို့တွင် တမျိုးမျိုးမှာ ဖြစ်ခဲ့ဘူးလေသလောလို့ ယုံမှားသည်။ ရဟန်း နတ်လူတို့တွင် မည်သူမည်၀ါ ဖြစ်ခဲ့ဘူးပါသနည်းလို့လဲ ယုံမှားနိုင်သည်။ ဤအရာ၀ယ် "ဇာတိလိင်္ဂပပတ္တိယော"လို့ လာသည်။ ထို့ကြောင့် အသွင်အပြင် မေ့းဖွားခြင်းတို့ကိုယူ၍လဲ ယုံမှားနိုင်သည်။

ငါသည် အတိတ်ဘဝက အရပ်မြင့်မြင့် ရှည်ရှည်ပဲ ဖြစ်ခဲ့ဘူးလေသလော၊ ပုပုနိမ့်နိမ့်ပဲ ဖြစ်ခဲ့ဘူးလေသလော၊ မျက်နှာသွယ်သွယ်ပဲ ဖြစ်ခဲ့ဘူး

လေသလော၊ မျက်နှာဝိုင်းဝိုင်းပဲ ဖြစ်ခဲ့ဘူးလေသလော စသည်ဖြင့် ယုံမှားသည်။ ဤအရာဝယ် "သဏ္ဌာနာကာရံ နိဿာယ" လို့ လာသည်။ ထို့ကြောင့် သဏ္ဌာန်ကိုယူ၍ ယုံမှားသည်။ ကေစိဆရာတို့ကား ဘယ်အကြောင်းကြောင့် ဖြစ်ခဲ့သနည်းလို့ အကြောင်းကိုယူ၍ ယုံမှားသည် ဆိုသည်။

ငါသည် အတိတ်ဘဝက ဇာတ်စသည်ကို မှီ၍ မင်းဖြစ်ပြီးမှ ပုဏ္ဏား ဖြစ်ခဲ့ဘူးလေသလော၊ နတ်ဖြစ်ပြီးမှ လူဖြစ်ခဲ့ဘူးလေသလော**လို့** အဆက်ဆက် အဆင့်ဆင့် ဖြစ်ပုံကို ယုံမှားသည်။ ဤအရာဝယ် "အတ္တာနော ပရမ္မုခံ ကဒ်တိ" လို့ လာသည်။ ထို့ကြောင့် အဆင့်ဆင့်ယုံမှားသည်။

အနာဂတ်ခန္ဓာအစဉ် ယုံမှားပုံကား အချို့ပုထုဇဉ်သည် အမြဲတည်နေနိုင်သော အခြင်းအရာကိုဂင်း ပြတ်စဲချုပ်ကွယ်ကာ သွားသော အခြင်းအရာကိုဂင်း အာရုံပြုကာ—

၁။ ငါကား အနာဂတ်ဘဝ ထင်ရှားဖြစ်လတ္တံ့လော**လို့** ယုံမှားသည်။

၂။ ငါကား အနာဂတ်ဘဝ ထင်ရှားမဖြစ်လတ္တံ့လော**လို့** ယုံမှားသည်။

၃။ ငါကား အနာဂတ်ဘဝ မင်း ပုဏ္ဏား သူကြွယ် သူဆင်းရဲမျိုးတို့တွင် တမျိုးမျိုးမှာ ဖြစ်လတ္တံ့လော**လို့** ယုံမှားသည်။

၄။ ငါကား အနာဂတ်ဘဝ အရပ်မြင့်မြင့် ရှည်ရှည်ပဲ ဖြစ်လတ္တံ့လော၊ ပုပုတိုတိုပဲ ဖြစ်လတ္တံ့လော၊ မျက်နှာသွယ်သွယ်ဝိုင်းဝိုင်းပဲ ဖြစ်လတ္တံ့လော စသည်ဖြင့် ယုံမှားသည်။

၅။ ငါကား အနာဂတ်ဘဝ မင်းဖြစ်ပြီး၍ ပုဏ္ဏားဖြစ်လတ္တံ့လော၊ နတ်ဖြစ်ပြီး၍ လူဖြစ်လတ္တံ့လော**လို့** ယုံမှားသည်။

ယခုဘဝ ပဋိသန္ဓေကို အစပြု၍ စုတိတိုင်အောင် ပစ္စုပ္ပန်ကာလကိုယူ၍ ပစ္စုပ္ပန်ခန္ဓာအစဉ် ခန္ဓာအစု၌ ယုံမှားပုံကား—

၁- ငါကား ငါဟုတ်ကဲ့လော**လို့** ယုံမှားသည်။ ၂- ငါကား ငါမဟုတ်ပဲခန္ဓာရှိသလော**လို့** ယုံမှားသည်။ ၃- ငါကား မင်းဖြစ်လျက် မင်းမှဟုတ်၏လော**လို့** ယုံမှားသည်၊ ငါကား ပုဏ္ဏားဖြစ်လျက် ပုဏ္ဏားမှ ဟုတ်၏လော**လို့** ယုံမှားသည်၊ ငါကား သူကြွယ်ဖြစ်လျက် သူကြွယ်မှ ဟုတ်၏လော**လို့** ယုံမှားသည်။ ၄- ကိုယ်အတွင်း၌ အမြဲတည်နေနိုင်သည့် ဇီဝရှိတယ်လို့ ယူကာ အသက်ဇီဝ တည်နေပုံ အခြင်းအရာကို စဲမှီ၍ ငါကား **အ**ရပ်မြင့်မြင့်

ရှည်ရှည်ပဲ ဖြစ်လေသလော်လို့ ယုံမှားသည်၊ ငါကား ပုပုတိုတိုပဲ ဖြစ်လေသလော်လို့ ယုံမှားသည်။ ၅. ငါကား ဘယ်ဘဝမှလာခဲ့သနည်းလို့ ယုံမှားသည်။ ၆. ငါကားဘယ်ဘဝသို့ သွားရမည်လဲလို့ ယုံမှားသည်။ ။ပစ္စုပ္ပန် ယုံမှားခြင်းခြောက်ပါးတို့တွင် ပဌမယုံမှားရာ၌ ယုံမှားပုံဝတ္ထု၊—

မိထွေး၏သားကား ကတုံး မိကြီး၏သားကား ရောင်ကြီးဗေဒင်နှင့်နေကြသည်။ မိကြီး၏သားကို ကတုံးရိတ်လိုက်ကြသောအခါ မိကြီးသားသည် ငါကား မိထွေးသားဖြစ်ကာ သွားရောသလားလို့ ယုံမှားသကဲ့သို့ ထိုအတူ ငါကား ငါဟုတ်ကဲ့လော်လို့ ယုံမှားသည်။

ဒုတိယယုံမှားရာဝယ် ယုံမှားပုံဝတ္ထု၊—

တယောက်သော ယောကျ်ားသည် ငါးဖမ်းသည်ရှိသော် ရေ၌ကြာမြင့်စွာတည်နေရသောကြောင့် အေးလှစွာသော မိမိပေါင်ကို ငါးလို့ မှတ်ထင်ကာ ကန်ကျောက်သကဲ့သို့ရင်း တယောက်သော ယောကျ်ားသည် သုသာန်အနီး လယ်ကွင်းကြီးတွင် လယ်စောင့်၍ နေသည်ရှိသော် ကြောက်ကြောက်ရုံ့ရုံ့နှင့် အိပ်ကာနေတယ်၊ ထိုသူသည် နိုးသောအခါ မိမိ၏ပုဆစ်ဒူးဝန်းတို့ကို ဘီလူးနှစ်ကောင်လို့ မှတ်ထင်၍ ပုတ်ခတ်သကဲ့သို့ရင်း ထိုအတူ ငါကား ငါမဟုတ်ပဲရှိသလော်လို့ ယုံမှားသည်။

သဏ္ဌာန်ကိုယုံမှားရာဝယ် ပစ္စုပ္ပန်သဏ္ဌာန်ကို ယုံမှားသူမရှိသောကြောင့် အတွင်းမှာ ဇီဝရှိတယ်လို့ယူကာ ဇီဝ၏သဏ္ဌာန်ကို ယုံမှားကြသည်။

သရီရသဏ္ဌာနံ ပန ပစ္စုပ္ပန္နံ အဇာနန္တော နာမ နတ္ထိ....လို့မိန့်၏။

ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ သရီရသဏ္ဌာနံ ပန၊ ကိုယ်သဏ္ဌာန်ကိုကား။ အဇာနန္တော နာမ၊ မသိသောသူမည်သည်။ နတ္ထိ၊ မရှိ။

ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို ထင်မြင်ပိုင်နိုင်ပြီးသောယောဂီသည် ဤတဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့ကိုရင်း ဘုရား,တရား,သံဃာရတနာသုံးပါး,သိက္ခာ၌ ယုံမှားခြင်း,ပုဗ္ဗန္တရှေအစွန်းရှေခန္ဓာအစဉ်၌ ယုံမှားခြင်း, အပရန္တနောက်အစွန်းနောက်ခန္ဓာအစဉ်၌ ယုံမှားခြင်း, ပုဗ္ဗန္တာပရန္တရှေနောက်အစွန်းရှေနောက်ခန္ဓာအစဉ်၌ ယုံမှားခြင်း (၀၂) ပစ္စုပ္ပန်ခန္ဓာအစဉ်၌ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး၌ ယုံမှားခြင်း ဤရှစ်ပါးသော ယုံမှားခြင်းတို့ကိုရင်း ပယ်ဖျောက်၍ လွန်မြောက်ကာ

တည်ပါတော့သည်။ ကထံကထိဘာဝ သို့လော သို့လော တွေးတော ယုံမှားခြင်းကို ပယ်နိုင်သည်ဆိုလိုသည်။

၁။ အတိတ်ကာလ၊ ငါဖြစ်ပြီလား၊ မဖြစ်လားနှင့်၊ ဇာတ်ကားဘယ် သို့၊ သဏ္ဌာန်ထို့တူ၊ ဖြစ်လို့ဆင်လာ၊ ဇာတ်တွင်သာ၊ မှတ်ပါယုံမှားတာ။

၂။ နာဂတ်ကာလ၊ ငါဖြစ်လဘုံလား၊ မဖြစ်လားနှင့်၊ ဇာတ်ကား ဘယ်သို့၊ သဏ္ဌာန်ထို့တူ၊ ဖြစ်လို့ဆင်လာ၊ ဇာတ်တွင်သာ၊ မှတ်ပါယုံမှားတာ။

၃။ ငါဟုတ်ကဲ့လား၊ မဟုတ်လားနှင့်၊ ဇာတ်ကားဘယ်သို့၊ သဏ္ဌာန် ထို့တူ၊ လာသူအရပ်၊ သွားလာရပ်နှင့်၊ ခြောက်ရပ်သက်၁၊ ပေါင်းခဲ့ရာ၊ မှတ်ပါသောဌာန။

၄။ ဇာတိလိင်္ဂ၊ သန္ဓေပြု၍၊ တကွယုံမှား၊ ဖြစ်ခဲ့ငြား၊ မှတ်သားကိုးနှ ခေါသာပါ။

၅။ ဒီဃ ရဿ၊ သြဒါတနှင့်၊ ကာလတို့မှာ၊ ကြည့်ရှုရာ၊ မှတ်ပါ ကထံ နှ ခေါ သာ။

၆။ မင်းဖြစ်လျက်သား၊ မင်းဖြစ်မှား၊ ယုံမှားဖြစ်ဆဲမှာ။

၇။ အတွင်းဇီဝ၊ ရှိလှအဟုတ်၊ အယူထုတ်၍၊ အဟုတ်သဏ္ဌာန်၊ ယုံမှားပြန်၊ မှန်ရန်ဖြစ်ဆဲမှာ။

၈။ ဘုရားတရား၊ သံဃာအားဖြင့်၊ တပါးသိကွာ၊ အစွန်းမှာသုံး၊ ကြောင်းကျိုးလုံး၌၊ မဆုံးယုံမှား၊ ဤရှစ်ပါး၊ မှတ်သားကခ်ါသာ။

တနည်း အချို့သော ယောဂီသည် နာမ်တရား၏ နှစ်မျိုးသော သာဓာရဏ = ဆက်ဆံသောအကြောင်း, အသာဓာရဏ = မဆက်ဆံသော အကြောင်းကို ကြည့်ရှုသည်။ ထိုနှစ်မျိုးသော အကြောင်းတို့တွင် စက္ခုဒ္ဒါရ မျက်စိအကြည်စသော တံခါးခြောက်ပါး အဆင်းရူပါရုံစသော အာရုံ ခြောက်ပါးတို့သည် နာမ်တရားဟူသမျှနှင့် ဆက်ဆံသော သာဓာရဏ အကြောင်းများဖြစ်သည်။

ယောနိသောမနသိကာရ = အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း, သဒ္ဓမ္မဿဝန = သူတော်ကောင်းတရားကို ကြားနာခြင်း, သပ္ပုရိသူပ-နိဿယ=သူတော်ကောင်းဟူသော မှီရာရှိခြင်း, စတုစက္ကသမ္ပတ္တိ=လေးပါး

သောစက်နှင့် ပြည့်စုံခြင်းမျှားသည် ကုသိုလ်နာမ်တရားနှင့်သာ ဆက်ဆံသောသာဓာရဏ အကြောင်းမျှားဖြစ်သည်။ အယောနိသောမနသိကာရ= မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း, သဒ္ဓမ္မာဿဝန = သူတော်ကောင်းတရားကို မကြားနာခြင်း, အသပ္ပုရိသူပနိဿယ=သူတော်ကောင်းဟူသော မှီရာမရှိခြင်း, စတုစက္ကဝိပတ္တိ=လေးပါးသောစက်နှင့် မပြည့်စုံခြင်းမျှားသည် အကုသိုလ်နာမ်တရားနှင့်သာ ဆက်ဆံသော အကြောင်းမျှားဖြစ်သည်။

ကံ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဂတိ ကာလစသော အကြောင်းမျှားသည် ဝိပါက်နာမ်နှင့် ဆက်ဆံသော အကြောင်းမျှားဖြစ်သည်။ ဘဝင် သန္ဓိရဏ ကာမကြိယာ အရဟတ္တဖိုလ်စသော အကြောင်းမျှားသည် ကြိယာနာမ်နှင့်သာ ဆက်ဆံသော အကြောင်းမျှားဖြစ်သည်။ တပါးသော နာမ်တရားမျှားနှင့် မဆက်ဆံသော အသာဓာရဏ အကြောင်းလို့ဆိုသည်။ ဘဝင်သည် ပဥ္စဒ္ဒါရ မနောဒ္ဒါရ အာဝဇ္ဇန်း ကြိယာတို့၏ အကြောင်းဖြစ်သည်။ သန္ဓိရဏသည် ဝုဋ္ဌော ကြိယာ၏ အကြောင်းဖြစ်သည်။ ကာမကြိယာသည် ထိုက်သည်အားလျော်စွာ ကာမကြိယာ မဟဂ္ဂုတ်ကြိယာတို့၏ အကြောင်းဖြစ်သည်။ အရဟတ္တဖိုလ်သည် အာဝဇ္ဇန်းကြဉ်သော အလုံးစုံသောကြိယာတို့၏ အကြောင်းဖြစ်သည်။ သိမ်းဆည်းပုံ ဆိုရိုးနှင့် ပွါးပုံကိုလည်း သိရာ၏။

ရုပ်တရား၏ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းလေးပါးကို ရှုကြည့်သည်။ ထိုလေးပါးတို့တွင် ချုပ်ကွယ်ပြီးသော အတိတ်ကံသည် ကမ္မဇရုပ်၏ အကြောင်းဖြစ်သည်။ ဖြစ်ဆဲစိတ်သည် စိတ္တဇရုပ်၏ အကြောင်းဖြစ်သည်။ ယှဉ်ဖက်စေတသိက်မျှားလည်း စိတ္တဇရုပ်ကို ဖြစ်စေနိုင်သည်။ တေဇောဓာတ်ဆိုတဲ့ ဥတုသည် မိမိဌီသို့ ရောက်သောခဏ ဥတုဇရုပ်၏ အကြောင်းဖြစ်သည်။ သြဇာသည် မိမိဌီသို့ ရောက်သောခဏ အာဟာရဇရုပ်၏ အကြောင်းဖြစ်သည်။ သိမ်းဆည်းပုံ ဆိုရိုးနှင့် ပွါးပုံကိုလည်း သိရာ၏။ ပွါးလဲပွါးမျှားအားထုတ်လေ။ နာမကာယ=နာမ်တရားအပေါင်း, ရူပကာယ=ရုပ်တရားအပေါင်းကို ယူပြီး အကြောင်းတရားမျှားကိုလည်း အပေါင်းအားဖြင့် ရှုကြည့်ပြီး ပွါးမျှားသော် လွယ်ကူရာ၏။ အစိတ် အစိတ် ရှုကြည့်ရန်ကား ပါရမီရှင်တို့၏ အရာသာတည်း။ မရှုကြည့်ပဲ အလို

အလျောက်ပေါ်လာရန်ကား မြင်းမိုရ်တောင်ကို အဆီညှစ်ထုတ်၍ ယူသည် ထက်ဝေးကွာလေ၏။ မဂ်ဖိုလ်ရရန်ကား နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်သာ လိုရင်းအချက်ကောင်းဖြစ်သည်။ ထိုကြောင့် "ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော" စသည်ဖြင့် ဟောသောအရာများ အလွန်များ၏။ အကြောင်းများကို အလွန်အကဲအားဖြင့် မပိုင်းခြားနိုင်သော်လဲ အဖြစ်အပျက်မြင်အောင် အားထုတ်ခြင်းသာ လိုရင်းဖြစ်သည်ဆိုလိုသည်။ အဋ္ဌကထာဆရာကား နည်းမျိုးစုံအောင် ပြတော်မူသည်။ ဤပုံ ပွါးများ၍ အကြောင်းအကျိုးကို တွေ့မြင်ကာသွားသော ဝိပဿက ယောဂီသည် တဆဲ့ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသော ယုံမှားခြင်းတို့ကို ပယ်ဖျောက်၍ လွန်မြောက်ကာသွားတော့သည်။

အခြို့သောယောဂီသည် ရုပ်နာမ်ဟုဆိုအပ်သော သင်္ခတ သင်္ခါရတရား တို့၏ ရင့်ရော်သည်ကိုဂုဏ်း ပျောက်ကွယ်သေဆုံးသည်ကိုဂုဏ်း တွေ့မြင်လျှင် ဤအိုခြင်းသေခြင်း ဇရာမရဏမည်သည် အသစ်ရမှု ဇာတိရှိလို့ပေါ်လာသည်၊ ဇာတိသည် အားထုတ်မှုဘဝရှိလို့ပေါ်လာသည်၊ ဘဝသည် ပြင်းစွာယူစွဲမှု ဥပါဒါန်ရှိလို့ ပေါ်လာသည်၊ ဥပါဒါန်သည် နှစ်သက်မှု တဏှာရှိလို့ ပေါ်လာသည်၊ တဏှာသည် ခံစားမှုဝေဒနာရှိလို့ ပေါ်လာသည်၊ ဝေဒနာသည် တွေ့ထိမှုဖဿရှိလို့ ပေါ်လာသည်၊ ဖဿသည် အကြည်ခြောက်ပါး အာယတနများရှိလို့ ပေါ်လာသည်၊ အကြည်ခြောက်ပါး အာယတနများသည် ညှတ်တဲ့ ဖောက်ပြန်တဲ့ နာမ်ရုပ်ရှိလို့ ပေါ်လာသည်၊ နာမ်ရုပ်သည် အထူးသိမှုဝိညာဉ်ရှိလို့ ပေါ်လာသည်၊ ဝိညာဉ်သည် ပြုပြင်မှုကံသင်္ခါရရှိလို့ ပေါ်လာသည်၊ သင်္ခါရသည် မသိမှုအဝိဇ္ဇာကြောင့် ပေါ်လာသည်။ ဤသို့ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်၏အစွမ်းဖြင့် ရုပ်နာမ်၏အကြောင်းကို ရှုကြည့်ပွါးများသည်။ ဤပုံ ပွါးများသော် အကြောင်းအကျိုးကို တွေ့မြင်ကာသွားသော ဝိပဿက ယောဂီသည် တဆဲ့ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသော ယုံမှားခြင်းတို့ကို ပယ်ဖျောက်၍ လွန်မြောက်ကာသွားတော့သည်။

အခြို့သော ယောဂီသည် မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရပေါ်လာသည်၊ ပြုပြင်အားထုတ်မှု ကံသင်္ခါရကြောင့် ဝိညာဉ်ပေါ်လာသည်၊ အထူးသိမှု ဝိညာဉ်ကြောင့် နာမ်ရုပ်ပေါ်လာသည်၊ ညှတ်တဲ့ ဖောက်ပြန်တဲ့ နာမ်ရုပ်ကြောင့် ခြောက်မျိုးသောအကြည်အာယတနပေါ်လာသည်၊ ခြောက်မျိုး

သောအာယတနကြောင့် ဖဿပေါ်လာသည်၊ တွေ့ထိမှု ဖဿကြောင့် ဝေဒနာပေါ်လာသည်၊ ခံစားမှုဝေဒနာကြောင့် တဏှာပေါ်လာသည်၊ တပ်နှစ်သက်မှုတဏှာကြောင့် ဥပါဒါန်ပေါ်လာသည်၊ ပြင်းစွဲစွဲယူမှုဥပါဒါန်ကြောင့် ဘဝပေါ်လာသည်၊ အားထုတ်မှုဘဝကြောင့် ဇာတိပေါ်လာသည်၊ ရုပ်နာမ်ရမှု ဇာတိကြောင့် အိုရ သေရတဲ့ ဇရာမရဏပေါ်လာသည်။ ဤသို့ အနုလုံ ပဋိစ္စသမုပ္ပါဒ်၏အစွမ်းဖြင့် ရုပ်နာမ်တို့၏ အကြောင်းကို ကြည့်ရှုသည်။ ဤပုံ ပွါးများသော် အကြောင်းအကျိုးကို တွေ့မြင်ကာသွားသော ဝိပဿက ယောဂီသည် တဆဲ့ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသော ယုံမှားခြင်းတို့ကို ပယ်ဖျောက်၍ လွန်မြောက်ကာ သွားတော့သည်။

အခြို့သောယောဂီသည် အတိတ်ဘဝမှ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဟူဆိုအပ်သော ကမ္မဝဋ်ကြောင့် ပစ္စုပ္ပန်ဘဝဝယ် ဝိညာဉ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဟူဆိုအပ်သော အကျိုး ရုပ်နာမ်တို့ ဖြစ်ပေါ်ကာလာရ၏။

အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝတို့ကား အကြောင်းကမ္မဝဋ်တို့ သာတည်း။ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကား အကျိုး ဝိပါကဝဋ်တို့သာတည်းလို အဖန်ဖန်ပွါးများရာ၏။ ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို ကမ္မဝဋ် ဝိပါကဝဋ်တို့၏အစွမ်းဖြင့်လဲ သိမ်းဆည်းရမည်ဆိုလိုသည်။ ဤသို့ ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းဖြင့် ရုပ် နာမ်နှစ်ပါးတို့၏ အကြောင်းကို ကြည့်ရှုသော ယောဂီအား အလုံးစုံသော ဘုံဘဝတို့၌ အကြောင်းနှင့်အကျိုး စပ်တဲ့သည်၏ အစွမ်းဖြင့် ဖြစ်ပေါ်ကာလာသော ရုပ်နာမ်မျှသာလို့ ထင်မြင်ကာ လာမည်၊ အကြောင်းတရားမှတပါး ပြုလုပ်တတ်သူ ကာရကပုဂ္ဂိုလ်မရှိလို့ ထင်မြင်ကာလာမည်။ အကျိုးတရား ဖြစ်ပွါးခြင်းမှတပါး အကျိုးခံစားတတ်သူ ပဋိသံဝေဒက ပုဂ္ဂိုလ် မရှိလို့ ထင်မြင်ကာလာမည်။ ပညာရှိတို့သည် အကြောင်းဖြစ်ပေါ်လာသော်သာ ကာရက, အကျိုး ဖြစ်ပေါ်လာသော်သာ **ပဋိသံဝေဒက**ဟူသော အမည်မျှဖြင့် ခေါ်ဝေါ်ကြသည်လို့ ဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာ ထင်မြင်ကာသွားတော့၏။ အကြောင်းကံသည် အကျိုးမှ ကင်းဆိတ်လေသည်။ အကျိုးတရားသည်လည်း အကြောင်းမှာ တည်ရှိသည် မဟုတ်၊ အကြောင်းကံကြောင့်သာ အကျိုးတရား ဖြစ်ပေါ်ကာ လာရသတည်း။ ကမ္မဝဋ်

ဝိပါကဝဋ်တို့၏ အစွမ်းဖြင့် အကြောင်းအကျိုး သိမ်းဆည်းသည်မှာ ကိလေသဝဋ်ကို ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းဖြင့် အကြောင်းအကျိုး သိမ်းဆည်းသည်မှာ ကိလေသဝဋ်ကို ကမ္မဝဋ်၏ အဖော်သဟဲ ဖြစ်သောကြောင့် ကမ္မဝဋ်၌ ထည့်၍ဆိုသည် မှတ်ရမည်။

ကမ္မသဟာယတ္တာ ကိလေသဝဋ်ံ ကမ္မဝဋ္ဋေ ပက္ခိပိတ္ဝာ ဝုတ္တံ ''ကမ္မဝဋ္ဋ-ဝိပါကဝဋ္ဋဝသေန'' တိ ဟု မိန့်၏။

ကိလေသဝဋ်ံ၊ ကို။ ကမ္မသဟာယတ္တာ၊ ကံနှင့်အတူတကွဖြစ်သောကြောင့်။ ကမ္မဝဋ္ဋေ၊ ကမ္မဝဋ်၌။ ပက္ခိပိတ္ဝာ၊ ထည့်၍။ ကမ္မဝဋ္ဋဝိပါကဝဋ္ဋ-ဝသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဝိပဿကယောဂီသည် ကံ ကံ၏အကျိုးကို အကုန်အစင် သိခြင်းငှါ မတတ်ကောင်း၊ တစိတ်တဒေသအားဖြင့်သာ သိစွမ်းနိုင်သည်။ အလုံးစုံ အကြောင်းအကျိုးကို မသိသော်လဲ ပစ္စယပရိဂ္ဂဟဉာဏ် ပြည့်စုံနိုင်သည်။ ထို့ကြောင့် ထိုက်သည်အားလျော်စွာ အကြောင်းကို သိမ်းဆည်းရာ၏။

နဟေတ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရဿတ္ထိ ကာရကော။။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။

တ္ထေ၊ ဤသတ္တလောက၌။ သံသာရဿ၊ သံသရာကို (ဝါ) ခန္ဓာအာယ-တနဓောတ်တို့၏ မပြတ်ဖြစ်ခြင်းကို။ ကာရကော၊ တည်ထောင်ဖန်ဆင်းတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်လည်းကောင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်လည်းကောင်း။ နဟိနဓေ အတ္ထိ၊ မရှိသည်သာလျှင်တည်း။ သုဒ္ဓ-ဓမ္မာ၊ သက်သက်သော ရုပ်နာမ်တရားတို့သည်။ ဟေတုသမ္ဘာရပစ္စယာ၊ ဟေတုသမူဟအကြောင်း ဟေတုပစ္စယအကြောင်းကြောင့်။ ပဝတ္တန္တိ၊ ဖြစ်ပေါ်ကာလာကုန်၏။

ဆိုလိုသည်မှာ ရုပ်နာမ်နှစ်ပါးသည် အကြောင်းအကျိုးနှစ်ပါးမျှသာ၊ သတ္တဝါသာမဟုတ်သည် ဇီဝသာမဟုတ်သည်မဟုတ်၊ တည်ထောင်ဖန်ဆင်းတတ်သူ ကာရက နတ် ဗြဟ္မာလည်းမရှိ၊ အကြောင်းနှင့် အကျိုးတရားမျှသာ ဖြစ်သည်လို့ ပြဆိုလိုသည်။ သို့ရာတွင် မသိမလိမ္မာသူ ပုထုဇဉ်တို့သည် ငါကား ပြုလုပ်တတ်သည် ခံစားတတ်သည် လိမ္မာသည် ဉာဏ်ရှိသည်လို့ ငါ ငါ့ကိုယ် အနေမျိုးဖြင့် ပြောဆိုကြ၏။ ဖောက်ဖောက်ပြန်ပြန် မှားမှား

ယွင်းယွင်း နှလုံးသွင်းအားဖြင့်လဲ မြဲတယ် ချမ်းသာတယ်စသည်ဖြင့် ပြော ဆိုကြ၏။ ပညာရှိတို့ကား အမည်ဝေါဟာရ အနေမျိုးဖြင့်သာ ခေါ်ဝေါ် ပြောဆိုကြ၏။ မှောက်မှောက်မှားမှား ဖောက်ပြန်ကာ မသွားတော့ပေ။

ဤသို့ ကမ္မဝင်္ဂ ဝိပါကဝင်္ဂတို့၏ အစွမ်းဖြင့် ရုပ်နာမ်နှစ်ပါးတို့၏ အ ကြောင်းကို သိမ်းဆည်း၍ ကာလသုံးပါး၌ ပယ်အပ်သော ဝိစိကိစ္ဆာရှိသော ယောဂီအား အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့သည် စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ထင်ရှားကာ လာပါလိမ့်မည်။

ဘယ်ပုံထင်ရှားကာ သိ၍လာမည်နည်း။ အတိတ်ဘဝက ကံဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကာလာကြသော ရုပ်နာမ် ခန္ဓာတို့သည် အတိတ်ဘဝမှာပင် ချုပ်ကွယ် သေဆုံးကြကုန်သည်။

အတိတ်ကံဟူသော အကြောင်းကြောင့် ဤဘဝမှာ တပါးသော ရုပ် နာမ် ခန္ဓာတို့ ဖြစ်ပေါ်ကာ လာကြကုန်သည်။ အတိတ်ဘဝမှ ဤဘဝသို့ ပြောင်းရွှေ့၍လာသော တစုံတခုသော တရားမျှလည်း မရှိ၊ ဤဘဝဝယ် ရရှိ၍နေသော ရုပ်နာမ် ခန္ဓာတို့သည် ချုပ်ကွယ် သေဆုံးကြကုန်လတ္တံ့။ အနာဂတ်ဘဝ၌ တပါးသော ရုပ်နာမ် ခန္ဓာတို့ ဖြစ်ပေါ်ကာ လာကြကုန် လတ္တံ့။ ဤဘဝမှ အနာဂတ်ဘဝသို့ တစုံတခုသော ရုပ်နာမ်တရားမျှ ပြောင်း ရွှေကာ မသွားလတ္တံ့လို့ ထင်ရှားကာ သိ၍လာမည်။

အတိတ်ဘဝက တစုံတခုသော တရားသည် ဤဘဝသို့ ပြောင်းရွှေကာ မလာ၊ ဤဘဝမှ တစုံတခုသောတရားသည် အနာဂတ်ဘဝသို့ ပြောင်းရွှေ့ ကာမသွား၊ အကြောင်းကြောင့်သာ မျိုးစေ့နှင့်တူသော အဘိသင်္ခါရ ပဋိသန္ဓေ ဝိညာဉ် ပေါ်ကာလာသည်။

ဥပမာ။ ဆရာ့ခံတွင်းဖြင့် ရွတ်ဘာသာ သရဇ္ဈာယ်ခြင်းသည် တပည့် ခံတွင်းသို့ ဝင်ကာမသွားပါ၊ ဆရာရွတ်ဘာသာခြင်းကြောင့် တပည့်အား ရွတ်ဘာသာခြင်း ဖြစ်ရသကဲ့သို့ရင်း စေတမန် သောက်အပ်သော မန္တရား ရေသည် ရောဂါရှိသောသူ၏ဝမ်းသို့ ဝင်ကာမသွားပါ၊ စေတမန် မန္တရား ရေကို သောက်ခြင်းကြောင့်သူနာမှာ ရောဂါ ပျောက်ငြိမ်းရသကဲ့သို့ရင်း မျက်နှာတွင် ဆင်ထားသောတန်းဆာသည် မှန်အပြင် မျက်နှာရိပ်သို့ ပါမသွားပါ၊ တန်းဆာကြောင့် မျက်နှာရိပ်မှာ တန်းဆာထင်လာ ပါလာ

သက့ဲသို့ဌင်း တခုသောဆီမီး၏ ဆီမီးလျှံသည် တပါးသော ဆီမီးဇာသို့ ပြောင်းရွှေကာ မသွားပါ၊ ထိုဆီမီးလျှံဟူသော အကြောင်းကြောင့် တပါးသော ဆီမီးဇာမှာ ဆီမီးလျှံ ဖြစ်သက့ဲသို့ဌင်း ထို့အတူ အတိတ် အကြောင်းများကြောင့် ပဋိသန္ဓေ ဝိညာဉ်ပေါ်ကာလာသည်။

"နာ စိတော ဂစ္ဆတိ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ" လို့ မိန့်၏။

ဣတော၊ ဤဘဝမှ။ ကိဉ္စိ၊ တစုံတခုသောတရား သည်။ နာ စ ဂစ္ဆတိ၊ ဘဝတပါးသို့ ပြောင်းမသွား။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေ ဝိညာဉ်သည်လည်း။ ဇာယတိ၊ အကြောင်းကြောင့် ပေါ်ကာလာ၏။

သရဇ္ဈာယ်ပေ၊ မန်းသောက်ရေနှင့်၊ ဆင်လေတန်းဆာ၊ မီးလျှံပါလျှင်၊ တူစွာယှဉ်၍၊ ပြောင်းဝင်မရှိ၊ အကြောင်းထိ၊ ပြောင်းသိ ဝိညာဉ်သာ။

ဤသို့ စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့် သိအပ်သော တေဘူမကတရား ရှိသော ယောဂီ၏ ပစ္စယပရိဂ္ဂဟဉာဏ်သည် အားအစွမ်းနှင့် ပြည့်စုံ၍ လာခဲ့သော် တဆဲ့ခြောက်ပါးသော ယုံမှားခြင်း, ရှစ်ပါးသောယုံမှားခြင်း, ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ပယ်နိုင် ခဲ့နိုင်တော့သတည်း။

ဤသို့ နည်းအမျိုးမျိုးတို့ဖြင့် ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို သိမ်းဆည်းခြင်းကြောင့် ကာလသုံးပါးတို့၌ ယုံမှားခြင်းကို လွန်မြောက်၍ တည်သောဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ**လို့ ခေါ်ဆိုပါတယ်။ **ဓမ္မဋ္ဌိတိဉာဏ်** အကျိုးတရားတို့၏ အကြောင်းကို သိသောဉာဏ်လို့လဲ ခေါ်ဆိုပါတယ်။ **ယထာဘူတဉာဏ်** ဟုတ်တိုင်းမှန်စွာ သဘာဝကို သိသောဉာဏ်လို့လဲ ခေါ်ဆိုပါတယ်။ **သမ္မာဒဿန** အမှန်အကန် တွေ့ရမြင်ရသည်လို့လဲ ခေါ်ဆိုပါတယ်။

ဝိပဿနာ အားထုတ်မည့် ပုဂ္ဂိုလ်များသည် ဉာတပရိညာ၌ အခန်းဖြစ်သော သဘာဝတရားနှင့် အကြောင်းများကို သိမ်းဆည်းကြည့်ရှု သိအောင်ပြုရပါတယ်။

ဆန္နမထေရ်သည် အကြောင်းတရားတို့ကို မသိမ်းဆည်းပဲ အားထုတ်မိ၍ ရုပ်နာမ်နှစ်ပါးတို့ သတ္တဇီဝမှ ကင်းဆိတ်သောအားဖြင့်ဌင်း တခုသော သဘောမှ တခုသောသဘော ကင်းကွာသောအားဖြင့်ဌင်း ထင်လာ

မြင်လာသောအခါ ငါ၏အတ္တကား ဘယ်မှာနည်းလို့ စိတ်ဆုတ်ယုတ်ကာ သွားရှာတယ်။ မိမိကိုယ်ကို ချောက်ကမ်းပါးကြီး၌ ကျရောက်ကာ သွားသကဲ့သို့ ထင်မြင်ကာ ပြင်းစွာပူလောင်ဆင်းရဲ၍ သွားရှာတယ်။ ထို့ကြောင့် အကြောင်းတရားတို့ကို သိမ်းဆည်းသင့်သည်။

စူဠသောတာပန်

ဤမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။

ပန၊ ထင်ထင်ရှားရှား အကျိုးများကို မိန့်အံ့။ ဤမိနာ ဉာဏေန၊ အကြောင်းကိုသိသော ဤပစ္စယပရိဂ္ဂဟဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာရှုသော ယောဂီသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော။ ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသော သုဂတိဘဝရှိသော။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ၏။

ဆိုလိုသည်မှာ ဤပုံ ပြဆိုခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် သမထဝိပဿနာ နှစ်ပါးတို့တွင် ဝိပဿနာဖြစ်ထို့ကြ်၏။ ဝိပဿနာ ဉာဏ်ဆယ်ပါးတွင် မပါဝင်သောကြောင့်လည်း ဝိပဿနာ အစစ်မဟုတ်၊ အလျော်အခြေ မူလသာဖြစ်၍ ဝိပဿနာဉာဏ်၏ ပရိကမ် ဥပစာအရာ၌တည်၏။ ဒါနမယ, သီလမယတို့ထက် လွန်စွာ ထက်မြက်၏။ မဂ်ဖိုလ်၏အခြေစင်စစ် အမှန်ဖြစ်၏။ ဤဉာဏ်နှစ်ပါးနှင့် ပြည့်စုံသော ယောဂီသည် ဝါတာတပ လေနေပူစသော ဘေးရန်များကို ထိုက်သည့်အားလျော်စွာ သည်းခံနိုင်၏။ နိဝါတ, နိမာန, ခန္တီ, သောရစ္စသော ဂုဏ်ကျေးဇူးအထူးကို ရ၏။

ဤသာသနာတော်ဝယ် မုချအားဖြင့် အရိယဖိုလ်ကိုရမှသာ သက်သာရာကို ရသည်မည်တယ်။ အရိယမဂ်ကို ရမှသာ ထောက်ရာ တည်ရာကိုရသည်မည်တယ်။ သို့သော် အကြောင်းတရားနှင့် အကျိုးတရားသာလို့ ထင်မြင်သိရှိသော ယောဂီသည် မဂ်ဖိုလ်ကို မရသေးသော်ငြားလည်း မဂ်ဖိုလ်ကို

ရရန် ပဋိပတ်အကျင့်မြတ်၌ တည်သောကြောင့် သက်သာရာထောက်ရာ တည်ရာကိုရသကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော-လို့ မိန့်ဆိုကြသည်။ ကခ်ီဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံသော ယောဂီသည် လောကီသီလသမာဓိပညာတို့နှင့် ပြည့်စုံသောကြောင့် မဂ်ဖိုလ်ကို မရသေးသော်လဲ သုဂတိဘုံသို့သာ သွားရာ လားရာ ရှိသောကြောင့် သောတာပန်ကဲ့သို့ဖြစ်ကာ သွားသည်။ထို့ကြောင့်"စုဋ္ဌသောတာပန္နော နာမ"လို့ မိန့်ဆိုကြသည်။

တနည်း နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ခန္ဓာအာယတနစသောတရားတို့ကို သဘောအားဖြင့်ရင်း မိမိကိစ္စအားဖြင့်ရင်း မှတ်နိုင်၍ သာသနာတော်ဝယ် တရားတော်နှင့်စပ်သောပါမောဇ္ဇဝမ်းမြောက်ခြင်းကို ရသောကြောင့် ရအပ်သောသက်သာရာရှိပါသည်။ ပစ္စယပရိဂ္ဂဟဉာဏ် ရုပ်နာမ်နှစ်ပါးတို့၏ အကြောင်းကို သိသောဉာဏ်ဖြင့် ပယ်နှုတ်အပ်ပြီးသော ဒိဋ္ဌိတည်းဟူသော ဆူး ဖျက်ဆီးအပ်ပြီးသော အဟေတုဝါဒ ဝိသမဟေတုဝါဒရှိသည်ဖြစ်၍ အကျိုးအားလျော်စွာသော အကြောင်းတို့ကြောင့် ရုပ်နာမ်တရားမျှသာ ဖြစ်သည်ကိုသိ၍ သာသနာတော်ဝယ် တည်သောသဒ္ဓါတရားရှိရကား ရအပ်သောထောက်ရာ တည်ရာ ရှိကာသွားပါတယ်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒုက္ခသစ္စာကိုသိသွားပါတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သမုဒယသစ္စာကို သိကာသွားပါတယ်။ ထိုဉာဏ်နှစ်ပါး၏နောက် အဖို့ဝယ် အနိစ္စမနသိကာရ စသောအစီအရင်ဖြင့် မဂ္ဂသစ္စာကိုသိကာ သွားပါတယ်။ ရုပ်နာမ်နှစ်ပါးဖြစ်ရာဝယ် အပြစ်ဆင်းရဲကို တွေ့မြင်သောကြောင့် ရုပ်နာမ်နှစ်ပါးကွယ်ပျောက်သွားရာ အပ္ပဝတ္တာနိရောဓ၌ ကေန်ညွတ်ကိုင်းသောအလိုအင္ဂါသယရှိကာ သွားပါတယ်။ ဤပုံ လောကီဉာဏ်ဖြင့်ပင် သစ္စာလေးပါးကိုသိသောကြောင့် အပါယ်သို့ကျရောက်ခြင်းမရှိမြဲသောသုဂတိဘဝရှိပါတယ်။ သောတာပန်အရာဝယ် ဖြစ်ထိုက်၍ စုဋ္ဌသောတာပန်ဖြစ်ကာ သွားပါတော့သည်။ ထို့ကြောင့် နိယတဂတိကော စုဋ္ဌ-သောတာပန္နော နာမ-လို့ မိန့်ဆိုသည်။

တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သဗ္ဗသော။
ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကခ်ီဝိတရဏတ္ထိကော။

တသ္မာ၊ ထိုသို့ဒုက္ခိုးမျှားလေသောကြောင့်၊ ကခ်ီဝိတရဏတ္ထိကော၊ ယုံမှားခြင်းမျှားကို လွန်မြောက်ခြင်းငှါအလိုရှိသော။ ဘိက္ခု၊ ယောဂီသည်။

သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သတော၊ သတိနှင့်ယှဉ်သောဉာဏ် ရှိသည်ဖြစ်၍။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယေ၊ အကြောင်းတို့ကို။ သဗ္ဗသော၊ ခပ်သိမ်းသောအပြားအားဖြင့်။ ပရိဂ္ဂဏှယျ၊ ပိုင်းခြား၍ ယူရာ၏။

၁။ အကြောင်းပိုင်းခြား၊ သိခဲ့ငြား၊ မှတ်သားပစ္စယပရိဂ္ဂဟာ။

၂။ ကြောင်းကိုပိုင်းခြား၊ ဉာဏ်စွမ်းကာ၊ နုတ်ငြားဒိဋ္ဌိကွာ။

၃။ အဟေတုပ၊ ဝိသမ၊ နှစ်ဝဒိဋ္ဌိကွာ။

၄။ အကြောင်းသိရာ၊ လက္ခဏာ၊ လွှန်စွာထင်၍လာ။

၅။ စူဠသောတာ၊ အရိယာ၊ ဖြစ်လာအမှန်ပါ။

သမ္မသနဉာဏ်အခန်း

စိတ္တာပစ္စယဥတုဇသြဘာသ=စိတ်လျှင်အကြောင်းရှိသော ဥတုကြောင့် ဖြစ်သော အရောင်အလင်း သြဘာသ ပီတိ စသောတရား ဆယ်ပါးသည် ဝိပဿနာ၏ ညစ်နွမ်းကြောင်းဘေးရန်တည်း၊ အရိယမဂ်သို့ရောက်ကြောင်း ပုဗ္ဗဘာဂ-ရှေအဖို၌ဖြစ်သောမဂ်မဟုတ်၊ ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဥပက္ကိလေသမှ လွတ်သောလမ်းအစဉ်၌ ကျရောက်သော ဝိပဿနာဉာဏ် ပညာသာ အရိယမဂ်ကိုရကြောင်း ပုဗ္ဗဘာဂ-ရှေအဖို၌ ဖြစ်သောမဂ်တည်း၊ ဤသို့အရိယမဂ်သို့ရောက်ကြောင်း လမ်းမှန်သည် လမ်းမမှန်သည်ကို ပိုင်းခြားသိမြင်၍ တည်သောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိလို့ ခေါ်ဆိုရပါတယ်။ ထိုဝိသုဒ္ဓိကို ပြီးစေလိုသော ယောဂီသည် ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်ပြီးသည်မှ နောက်ကာလ ဝိပဿနာတွင် အစအသစ်ဖြစ်ပေါ်မှု ဥဒယ, ပျောက်ကွယ်သေဆုံးမှု ဝယကို သိခြင်း၏ အကြောင်း အလွန် ကောင်းသော ဇမ္မုဒိပ်သုံး ဇမ္မုဒိပ်ခေါ် ကလာပသမ္မသနနည်း သိဟိုဠ်သုံး သီဟိုဠ်ခေါ် နယဝိပဿနာနည်းကို အစစ္စာ အားထုတ်ပုံးများရုပါတယ်။ အကြောင်းကား ဝိပဿနာပုံးမှ ဥဒယဗ္ဗယဉာဏ်ပေါ်လာနိုင်မည်၊ ဥဒယဗ္ဗယဉာဏ်ဖြစ်မှ သြဘာသစသော ဥပက္ကိလေသပေါ်လာနိုင်မည်၊ ထိုသို့ပေါ်လာကြမှ အကျင့်လမ်းမှန်သည် အကျင့်လမ်း [illegible]မမှန်သည်ကို

သိနိုင်ရာသောကြောင့်တည်း။ တနည်း ဉာတပရိညာ၏ ဖြစ်ရာဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၏ အခြေးမဲ့ တီရဏပရိညာဖြစ်သင့်ပါသည်။ တီရဏပရိညာဖြစ်သော်သာ မဂ္ဂါမဂ္ဂဉာဏ် ပေါ်လာရာသောကြောင့် ကလာပသမ္မသနနည်းကို အစစ္ဆာအားထုတ်ရာပါတယ်။ ကလာပသမ္မသနနည်းသည် တစုံတခုသော ဝိသုဒ္ဓိတွင် မပါဝင်ပါ၊ မပါဝင်ငြားသော်လဲ ပါဋိတော်တို့၌ တစိတ်အားဖြင့်ရင်း အလုံးစုံအားဖြင့်ရင်း ဟောကြားလျက်ရှိသည်။

အသျှင်သာရိပုတ္တရာသည် နေဝသညာနာသညာယတနသမာပတ်မှထ၍ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ၊ တေ ဓမ္မေ သမနုပဿတိ "ဧဝံ ကိရ မေ ဓမ္မာ အဟုတ္ဝာ သမ္ဖောန္တိ၊ ဟုတ္ဝာ ပဋိဝေန္တိ"လို့ သမ္မသနနည်းမှစ၍ အားထုတ်တော်မူ၏။

ယေ ဓမ္မာ၊ အကြင်ခန္ဓာငါးပါး တရားတို့သည်။ အတီတာ၊ လွန်ကုန်ပြီ။ နိရုဒ္ဓါ၊ ချုပ်ကွယ်ကုန်ပြီ။ ဝိပရိဏတာ၊ ဇရာမရဏဖြင့် ဖောက်ပြန်ပျက်စီးကုန်ပြီ။ တေ ဓမ္မေ၊ ထိုခန္ဓာငါးပါးတရားတို့ကို။ သမနုပဿတိ၊ ကောင်းစွာ အဖန်ဖန် ရှုကြည့်၏။ ဧဝံ၊ ဤရေပွက်လျှပ်စစ်ရောင်ပမာ အလားတူစွာ။ ဣမေ ဓမ္မာ၊ ဤသဘာဝတရားတို့သည်။ အဟုတ္ဝာ၊ ရှေးကမရှိခဲ့ပဲ။ သမ္ဖောန္တိ ကိရ၊ အကြောင်းကြောင့်ပေါ်လာကုန်သတဲ့။ ဟုတ္ဝာ၊ ပေါ်လာကာ။ ပဋိဝေန္တိ ကိရ၊ ပျောက်ပျက်ကာသွားကုန်သတဲ့။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာလဲ ဝိပဿနာအလုပ် အစစ္ဆာအားထုတ်သော ယောဂိတို့အား နှလုံးသွင်း လွယ်ကူစေရန် ဝိပဿနာ၏ အစဖြစ်သော ကလာပသမ္မသနနည်းကို "ယံကိဉ္စိ ရူပံ" စသည်ဖြင့် ဟောထားလျက်ရှိ၏။ ထို့ကြောင့်လဲပဲ သမ္မသနနည်းကို အစစ္ဆာအားထုတ်ရာပါတယ်။ အခု၌ဆရာတို့ကား သမ္မသနကိုမသုံးသပ်ပဲ ဝိပဿနာအစစ်ကို အားထုတ်ရမည်ဟု ဆို၏ကြသေး၏။

အနိစ္စံ အနိစ္စတော ဒက္ခုံ၊ ဒုက္ခမဒ္ဒက္ခု ဒုက္ခတော။
အနတ္တနိ အနတ္တာတိ၊ အသုဘံ အသုဘတဒ္ဒသုံ၊
သမ္မာဒိဋ္ဌိသမာဒါနာ၊ သဗ္ဗံ ဒုက္ခံ ဥပစ္စဂုံ။

ဘာဝနာ ၁၆—ပ-မ-၈-သ-၈

ယောဂိနော၊ ဝိပဿကယောဂိတို့သည်။ အနိစ္စံ၊ မမြဲတဲ့ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို (ဝါ) မမြဲတဲ့ဝတ္ထုဟူသမျှကို။ အနိစ္စတော၊ မမြဲဟူ၍။ ဒုက္ခံ၊ အမှန်အကန်မြင်ကုန်ပြီ။ ဒုက္ခံ၊ မကောင်းတဲ့ဝတ္ထုဟူသမျှကို။ အနိစ္စ-တော။ မမြဲဟူ၍၊ ဒုက္ခံ၊ အမှန်အကန်မြင်ကုန်ပြီ။ ဒုက္ခံ၊ မကောင်းတဲ့ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို (ဝါ) ဆင်းရဲပင်ပန်းတဲ့ ဝတ္ထုဟူသမျှကို။ ဒုက္ခတော။ မကောင်းဟူ၍။ အဒ္ဒက္ခု အဒ္ဒက္ခုံ၊ မြင်ကုန်ပြီ။ အနတ္တနိ၊ အတ္တမဟုတ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဌ်။ အနတ္တာတိ၊ အတ္တမဟုတ် အနတ္တဟူ၍။ အဒ္ဒသုံ၊ အမှန်အကန်မြင်ကုန်ပြီ။ အသုဘံ၊ မတင့်မတယ် စက်ဆုပ်ဖွယ်ကောင်းတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို (ဝါ) အသုဘဖြစ်သော ဝတ္ထုကို။ အသုဘတ-အသုဘတော၊ မတင့်မတယ် ရှုံစဖွယ်ဟူ၍။ အဒ္ဒသုံ၊ အမှန်အကန် မြင်ကုန်ပြီ။ သမ္မာဒိဋ္ဌိသမာဒါနာ၊ ယူအပ်သော အမှန်အကန်ကိုသိတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ရှိကုန်သည်ဖြစ်၍။ သဗ္ဗံ ဒုက္ခံ၊ အလုံးစုံသော ဝဋ်ဆင်းရဲဟူသမျှကို။ ဥပစ္စဂုံ၊ လွန်မြောက်ကာ သွားကြကုန်ပြီ။

ဝိပလ္လာသ သုံးပါး

ဖောက်ပြန် မှောက်မှားစွာ ယူကာထားတဲ့ ဝိပလ္လာသတရားတို့သည် သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသလို့ သုံးပါးရှိပါတယ်။ ထိုတွင် မြဲလဲမမြဲ ကောင်းလဲမကောင်း အစိုးလဲမရ မတင့်တယ် စက်ဆုပ်ဖွယ် ကောင်းတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့တွင် ဤပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမစသည်ကား (ဝါ) ဤဝတ္ထုကား မြဲတယ် ကောင်းတယ် ငါပိုင်အစိုးရတယ် တင့်တယ်လှပတယ်လို့ ဖောက်ပြန် မှောက်မှားစွာ မှတ်ထားတဲ့သဘောကို သညာဝိပလ္လာသခေါ်၏။ ဖောက်ပြန်မှောက်မှား စွာသိထားတဲ့သဘောကို စိတ္တဝိပလ္လာသခေါ်၏။ ဖောက်ပြန်မှောက်မှားစွာ စဲယူထားတဲ့သဘောကို ဒိဋ္ဌိဝိပလ္လာသခေါ်ပါတယ်။

ထိုသုံးမျိုးတို့တွင် သိမှုကိစ္စအားမရှိသောအရာတွင် ဒိဋ္ဌိမပါသော အကုသိုလ်သညာ၏ အားရှိသောအခါ သားသမင်ငယ်သည် လူရုပ်အသွင် ပြင်ဆင်၍ထားသော မြက်ရုပ်၌ လူယောကျ်ားပဲလို့ အထင်မှားဘိသကဲ့သို့ မှတ်မှားသော သညာဝိပလ္လာသ ဖြစ်ကာနေပါတယ်။ ဒိဋ္ဌိမပါသော အကုသိုလ်စိတ်၏ ကိစ္စအားကြီးသောအခါ မျက်လှည့်သည် ပြအပ်သောရေကို

ပတ္တမြားပဲလို့ ဆုံးဖြတ်ကာ သိထားဘိသကဲ့သို့ မှောက်မှားစွာသိထားသော စိတ္တဝိပလ္လာသဖြစ်ကာ နေပါတယ်။ ဒိဋ္ဌိနှင့်ယှဉ်သော စိတ်တို့၏ ဒိဋ္ဌိ၏ ကိစ္စအားကြီးသောအခါ ပန်းပဲဖို့တွင် ညှပ်ကြီးဖြင့် တစုံတခုသောဝတ္ထုကို စွဲစွဲမြဲမြဲကိုက်ယူထားဘိသကဲ့သို့ မှောက်မှားစွာ စွဲယူထားသော ဒိဋ္ဌိဝိပလ္လာသဖြစ်ကာ နေပါတယ်။ ထို့ကြောင့် အမှတ်အသား မှောက်မှားမှုထက် အသိမှောက်မှားမှုက ပြင်းထန်အားရှိသည်။ ထိုနှစ်ပါးထက် အယူမှောက်မှားမှုက ဗလဝပြင်းထန် အားရှိသည်။ ထိုသုံးပါးတို့တွင် သညာအမှတ်အသားမှောက်မှားမှုကား အာရုံထင်တိုင်းသာ ယူတတ်သောကြောင့် သူငယ်၏ ငွေအသပြာကို သိမှုနားလည်မှုနှင့် တူသည်၊ စိတ်အသိမှောက်မှားမှုကား သဘောလက္ခဏာ ကောင်းမကောင်းကို သိခြင်းသို့လည်းရောက်စေနိုင်သောကြောင့် ရှာသူရှာသား၏ ငွေအသပြာကို သိမှုနှင့် တူသည်၊ ဒိဋ္ဌိအယူမှောက်မှားမှုကား မှားသောအားဖြင့် စွဲယူတတ်သောကြောင့် ပန်းပဲသမား၏ ညှပ်ကြီးဖြင့် သံကို ကိုက်ယူ စွဲထားသည်နှင့်တူသည်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ရုပ်နာမ်ပဲလို့ မပိုင်သောကြောင့် ပုဂ္ဂိုလ် သတ္တဝါပဲလို့ အသိမှောင်ကျကာ အလင်းရောင်မရပဲ အသိမှောက်မှားတော့သည်၊ အသိမှောက်မှားတော့ အမှတ်မှောက်မှားတော့သည်၊ လင်မယား သားသမီးပဲလို့ မှောက်မှားစွာ ယူထားတော့ လင်သားသေတဲ့ပဋ္ဌာစာရီဟာ စိုးရိမ်ကြီးစွာနှင့် ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ငင်း သားကလေးသေတဲ့ ကိသာဂေါတမီဟာ စိုးရိမ်ကြီးစွာနှင့် ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့ငင်း စိုးရိမ်ကြီးစွာနှင့် ဆင်းရဲဒုက္ခ ရောက်ကြ၍ အရူးကြီးသာ ဖြစ်ကုန်တော့ပါသတည်း။ 'ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော' လို့ ဟောတော်မူ၏။

၁။ အနိစ္စ-စ၊ ဝိသယတွင်၊ နိစ္စထင်က၊ သားသမင်ငယ်၊ မြက်ရုပ်ဝယ်၊ ဟုတ်တယ်ယောကျ်ား အမှတ်မှား။

၂။ အနိစ္စ-စ၊ ဝိသယတွင်၊ နိစ္စဆုံးဖြတ်၊ အသိကပ်၍၊ ရေကို ပတ္တမြား၊ ဆုံးဖြတ်ထား၊ မှတ်သား အသိမှား။

၃။ အနိစ္စ-စ၊ ဝိသယတွင်၊ နိစ္စစွဲထား၊ ညှပ်ကြီးအားဖြင့်၊ ကိုက်ထား စွဲယူ၊ တူခဲ့မူ၊ မှတ်ယူ ဒိဋ္ဌိမှား။

ထို့အတူ ဒုက္ခ, အနတ္တ, အသုဘအာရုံတွင်လဲ သိပါလေ။

နိမိတ်စသည် လေးမျိုးစီ ခဲ့ပုံ

နိစ္စနိမိတ် အနိစ္စ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ၊ သုခနိမိတ် ဒုက္ခ ဒုက္ခလက္ခဏာ ဒုက္ခာနုပဿနာ၊ အတ္တနိမိတ် အနတ္တ အနတ္တလက္ခဏာ အနုတ္တာနုပဿနာတို့ကို သိရာ၏။ ထိုတွင် ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါး တို့ကို အမြဲတည်နေတယ်လို့ ထင်မြင်ရသော အရိပ်အရောင်ကို **နိစ္စနိမိတ်** လို့ ဆိုသည်။ အနိစ္စအချက်ကို ဉာဏ်အမြင်မပေါက်ကုန်သော သူတို့သည် အရိပ် အရောင်ကြီးကို အစဲ့ပြု၍ ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါးတို့ကို နိစ္စမြဲတယ်လို့ ထင်မှတ်စဲ့လမ်းကြကုန်၏။ ထို အရိပ်အရောင်သည် သဏ္ဌာနနိမိတ် အရိပ် အရောင်, သန္ဋတိနိမိတ် အရိပ်အရောင်လို့ နှစ်မျိုး အပြားရှိ၏။ ထိုတွင် ပရမာဏုမြူ,အဏုမြူတို့မှစ၍ မြင်းမိုရ်တောင် ပမာဏတိုင်အောင် လောကတွင် အကြီးအငယ်, အရှည်အတို, အဝန်းအလျား, အပါးအထူ စသည်ဖြင့် ထင်မြင်၍နေကြသော အထည်ဝတ္ထု ဒြဗ်သဏ္ဌာန် ဟူသမျှကို သဏ္ဌာန နိမိတ်လို့ ခေါ်သည်။ သန္ဋတိနိမိတ်သည် ကာလသန္ဋတိ, ဌာနသန္ဋတိလို့ နှစ်မျိုးရှိ၏။ ထိုတွင် အဏုမြူစသော ဝတ္ထုဒြဗ်, ပုဂ္ဂိုလ် သတ္တဝါစသော ဒြဗ်များသည် မပျက်မကဲ့ အမြဲတည်နေတယ်လို့ ထင်မြင်ကြရသည်ကို ကာလသန္ဋတိလို့ ခေါ်သည်။ အဏုမြူစသော ဝတ္ထုဒြဗ် ပုဂ္ဂိုလ် သတ္တဝါစသော ဤဝတ္ထုဒြဗ်များသည် လူပ်ရှား၏ ပြောင်းရွှေ့၏ ဤနေရာမှ ဟိုနေရာသို့ ရောက်၏လို့ ထင်မြင်ကြရသည်ကို ဌာနသန္ဋတိလို့ ခေါ်သည်။

ခက်မာမှု,ယိုစီးမှု,ပူနွေးမှု,ထောက်ပံ့လုပ်ချားမှုစသော ရုပ်ခန္ဓာ,အာရုံကို ခံစားမှု အမှတ်ပြု၍သိမှု ပြုပြင်စီစဉ်အားထုတ်မှု အထူးသိမှု မျက်စိအကြည် မှာ ထင်လာတဲ့ အဆင်းကိုမြင်သိမှု အသံကိုကြားသိမှု အနံ့ကိုနံသိမှု အရသာကို စားသိမှု အတွေ့ကို တွေ့ထိမှု အာရုံခြောက်ပါးကို ကြံသိမှု နာမ်ခန္ဓာတို့ကို ခဏခဏ ဖြစ်ပျက်ကာ မမြဲတတ်သောကြောင့် အနိစ္စ လို့ ခေါ်သည်။

ထို ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ ဖြစ်ပေါ်ကာ ပျောက်ကွယ် ကုန်ဆုံးသွားသော အခြင်းအရာ ရှာမတွေ့သော အခြင်းအရာကို ဤ ရုပ်နာမ်ခန္ဓာတို့ကား အနိစ္စတို့သာတည်း ဟူ၍ မုချမှတ်ကြောင်း ဆုံးဖြတ်ကြောင်း ဖြစ်သောကြောင့် **အနိစ္စလက္ခဏာ** လို့ ခေါ်သည်။

သံသရာဘဝအဆက်ဆက်တွင် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူသော နိစ္စနိမိတ်မျိုးတို့နှင့်သာ လွန်ခဲ့ကြရကုန်၏။ နိစ္စနိမိတ်မျိုး တို့ကား အဟုတ်ရှိတကယ်ရှိမဟုတ်၊ ကောင်းကင်ကို ရေပြင်လို့ ထင်ရသော သူရဲ၏ အလားကဲ့သို့ ဝိညာဉ်လှည့်စား၍ ထင်မြင်ရသော အထည်ဝတ္ထု အမှုကိရိယာတို့သာ အမှန်ဖြစ်ကုန်၏လို့ မသိကြကုန်၊ သာသနာတွင်း၌ ကြုံကြိုက်၍ ဝိပဿနာဘာဝနာ ပွါးများအားထုတ်မှုဖြင့် နိစ္စနိမိတ်မျိုးတို့ကို မဟုတ်မှန် အကုန်သိ၍ အနိစ္စမမှ အနိစ္စလက္ခဏာတို့ကိုသာ အဟုတ်**အမှန်** ရှိတယ်လို့ တွေ့မြင်သိသောဉာဏ်ကို **အနိစ္စာနုပဿနာ** လို့ ခေါ်သည်။

ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမစသော နိစ္စမျိုးတို့ကိုပင် သုခနိမိတ် သာယာဖွယ် တောင့်တဖွယ် အလိုရှိဖွယ်မျိုးလို့ ခေါ်သည်။ ပုဂ္ဂိုလ် သတ္တဝါဟူသော နိမိတ်သည် လောကတွင် ကြောက်ဖွယ် လန့်ဖွယ်မျိုး မဟုတ်၊ သာယာဖွယ် တောင့်တဖွယ်မျိုးသာ ဖြစ်တယ်။ ပုဂ္ဂိုလ် သတ္တဝါမျိုးတွင်လဲ လူထက်လူ နတ်ထက်နတ် ဗြဟ္မာထက်ဗြဟ္မာ အဆင့်ဆင့် မြင့်သထက်မြင့် မြတ်သထက်မြတ်သော ပုဂ္ဂိုလ် သတ္တဝါမျိုးမှာ သာယာဖွယ် တောင့်တဖွယ်များ သာ၍ထင်ရှား၏။

အသက်ရှည်ခြင်း အရွယ်ပျိုနုခြင်း အမှုအရာကြီးငယ် အထူးတင့်တယ်ခြင်း အလုံးစုံတို့သည် လောကတွင် ကြောက်ဖွယ်လန့်ဖွယ်မျိုးမဟုတ်ကုန်၊ သာယာဖွယ် တောင့်တဖွယ် အလိုရှိဖွယ်တို့သာတည်း။ ထို့ကြောင့် ခပ်သိမ်းသော နိစ္စနိမိတ်မျိုးတို့ကို **သုခနိမိတ်** မျိုးဟူ၍ ဆိုကြရပါတယ်။

အနိစ္စမျိုးစင်စစ်ဖြစ်ကုန်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို တနာရီတခဏမျှငြိမ်သက်စွာ တည်နေနိုင်သော သန္ဋိသုခမျိုးမဟုတ်၊ တနာရီအတွင်းမှာပင် အခါတခေါ်မက ဖြစ်မှုပျက်မှုတို့ဖြင့် အနှိပ်အစက်ခံရသောကြောင့် ဒုက္ခမျိုး စင်စစ်အမှန် ဖြစ်ပါကုန်တယ်။

ထိုရုပ်ခန္ဓာ နာမ်ခန္ဓာတို့ ခဏခဏဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောအခြင်းအရာကို "ဤရုပ်နာမ်ခန္ဓာတို့ကား ဒုက္ခတို့သာတည်း" ဟူ၍ မုချမှတ်ကြောင်း ဆုံးဖြတ်ကြောင်း ဖြစ်သောကြောင့် **ဒုက္ခလက္ခဏာ** လို့ ခေါ်သည်။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ခဏခဏဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်အစက်ခံရသော အခြင်းအရာ, ဖြစ်ချည် ပျက်ချည် ပေါ်လာချည်

ပျောက်သွားချည်နဲ့ နေတဲ့အခြင်းအရာတို့ကို တွေ့မြင်သဖြင့် တခဏမျှ ငြိမ်းချမ်းသာယာ ငြိမ်သက်စွာတည်နေနိုင်သော သန္တိသုခမျိုးမဟုတ်၊ ခဏခဏအမျိုးမျိုးပြောင်းလဲကာ အနှိပ်စက်ခံရသောဒုက္ခဓမ္မ ဒုက္ခလက္ခဏာမျိုးသာလို့ သိသောဉာဏ်ကို **ဒုက္ခာနုပဿနာ** လို့ ခေါ်သည်။

ဒုက္ခလက္ခဏာကို သေချာစွာ မြင်သိသော ဝိပဿနာဉာဏ်အလင်းပေါက်ခဲ့သည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါ ဗြဟ္မာ သိကြား နတ် လူမျိုးအစရှိသော နိစ္စနိမိတ် သုခနိမိတ်တို့ကိုပယ်နိုင်၏။ သာယာဖွယ်မဟုတ်တဲ့ ရုပ်နာမ်တရား နှစ်ပါးရှိရာတွင် အလိုရှိဖွယ်မဟုတ်တဲ့ ရုပ်တရားစုသည် နိစ္စနိမိတ်မဲ့သောအရိပ်အရောင်ပြ၍ သတ္တဝါတို့ကို မှောက်မှားစေတယ်။ အလိုရှိဖွယ်ဖြစ်တဲ့ ရုပ်နာမ်တရားစုကား နိစ္စနိမိတ်-မဲ့တဲ့အရိပ်အရောင်, သုခနိမိတ်-ကောင်းတဲ့ အရိပ်အရောင်, သုဘနိမိတ်-တင့်တယ်လှပတဲ့ အရိပ်အရောင်တို့ကိုပြ၍ သတ္တဝါတို့ကို မှောက်မှားစေတယ်။ အလိုရှိဖွယ်မဟုတ်တဲ့ ရုပ်နာမ်တရားစု၏ ဒုက္ခလက္ခဏာကား သတ္တဝါတို့အား ပကတိအားဖြင့် ပေါ်လွင်ထင်ရှား၏။

အလိုရှိဖွယ်မဟုတ်တဲ့ ရုပ်နာမ်တရားစုကို ဒုက္ခမျိုးဟူ၍ပင် သိကြ၏၊ တွေ့ကြုံရမည်ကို ကြောက်လန့်ကြ၏၊ လွတ်ကင်းအောင် ရှောင်ကွင်းကြကုန်၏။ အလိုရှိဖွယ်ဖြစ်တဲ့ ရုပ်နာမ်တရားစု၏ ဒုက္ခလက္ခဏာကား နက်နဲ၍ မြင်နိုင်ခဲလှ၏၊ သုခနိမိတ် သုဘနိမိတ်တို့က ဖုံးလွှမ်းလျက်ရှိ၏။ ထို့ကြောင့် ပကတိမြေစိုင်ခဲ မီးသွေးခဲတို့ကား ကြောက်စရာမကောင်းလှ၊ ရှေငွေပုလဲပတ္တမြားစသော ရတနာမျိုးတို့ကား ကြောက်စရာကောင်းလှသတည်း။

အနှစ်သာရရှိသောအရိပ်အရောင်, ခိုင်မြဲသောအရိပ်အရောင်, အထည်ခံအမာခံဖြစ်သောအရိပ်အရောင်, အလိုလိုက်တဲ့အရိပ်အရောင်များကို အတ္တနိမိတ်လို့ခေါ်သည်။ ပုထုဇဉ်တို့၏စိတ်မှာ ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ် သတ္တဝါတို့၏ အနှစ်အသား အရိပ်အရောင်လို့ ထင်လာကြကုန်၏။ ပုဂ္ဂိုလ် သတ္တဝါဌ္ဌိသော ရုပ်နာမ်များသည် ပုဂ္ဂိုလ်ကသွားလို့လျှင် ရုပ်နာမ်သွား၏၊ ရပ်လို့လျှင် ရုပ်နာမ်ရပ်၏ဟု ထင်မြင်ခြင်းကိုပင် အတ္တ-အရိပ်အရောင် ခေါ်သည်။

အနိစ္စမျိုး ဒုက္ခမျိုးဖြစ်သော ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးတို့ကိုပင် အနှစ်သာရ ရှာကြံမရသောကြောင့်ငင်း အလိုက္ခတောင့်တ၍ မရသောကြောင့်ငင်း **အနတ္တ** လို့ ခေါ်သည်။

ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ အနှစ်အသား မရှိတဲ့အခြင်းအရာ, တောင့်တ၍မရတဲ့အခြင်းအရာ, ကျင်နာကိုက်ခဲတဲ့အခြင်းအရာ, အကြောင်းနှင့်စပ်၍ ဖြစ်ပေါ်လာသောအခြင်းအရာတို့ကို ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကား အတ္တာမဟုတ်၊ အနတ္တာတို့သာတည်းဟူ၍ မုချမှတ်ကြောင်းဆုံးဖြတ်ကြောင်း ဖြစ်သောကြောင့် **အနတ္တလက္ခဏာ** လို့ ခေါ်သည်။

အနိစ္စမျိုး ဒုက္ခမျိုးဖြစ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏သဘော အသီးအသီးကိုငင်း ဓာတ်အသီးအခြားကိုငင်း ရုပ်ဓမ္မနာမ်ဓမ္မတို့၏ အသစ်ဖြစ်ပေါ်မှုဥဒယ, ပျောက်ကွယ်သဆုံးမှုဝယကိုငင်း သိမြင်သောဉာဏ်ကို **အနတ္တာနုပဿနာ** လို့ ခေါ်သည်။

အနိစ္စဉာဏ် အနတ္တဉာဏ် အမြင်သန့်သော ယောဂီသည် မိုးရိပ်တိမ်ရိပ်များသွားနေသည်ကို မြင်ရသကဲ့သို့ငင်း ညအခါမြစ်ငယ်စက်ရုံမှ ထွန်းထားတဲ့ဓာတ်မီးအရောင်အလင်းကို ပွင့်လာလိုက် မှိတ်သွားလိုက်နှင့် တွေ့မြင်ရသကဲ့သို့ငင်း ရုပ်ဓမ္မနာမ်ဓမ္မတို့၏ အဖြစ်အပျက်များကို လှစ်လှစ်နှင့်ဖြစ်ပျက်နေသည်ကိုငင်း ရိပ်ရိပ်နှင့် ဖြစ်ပျက်နေသည်ကိုငင်း တွေ့ရတော့သည်။ ထိုအခါ သဏ္ဌာနနိမိတ်အရိပ်အရောင်မျိုး သန္ဋတိနိမိတ် အရိပ်အရောင်မျိုး ဖြစ်တဲ့ နိစ္စအရိပ်အရောင်ကြီးတို့ ကင်းကွာကာသွားကြ၏။ အနိစ္စဓမ္မမျိုးတို့ကို နိစ္စဟူ၍ အနတ္တဓမ္မမျိုးတို့ကို အတ္တ·ဟူ၍ မထင်မြင် မမှောက်မှားကြတော့ကုန်၊ ဝိပလ္လာသတရားများလဲ ကင်းကွာကာ သွားကြတယ်လို့ ဆိုလိုသည်။

ကင်းကွာကာသွား၏ ဟုဆိုရသော်လဲ ဉာဏ်ရဲစွမ်းရည်သတ္တိအားလျော့စွာ ကင်းကွာသည်ယူလေ၊ သောတာပန်ပုဂ္ဂိုလ်သာ အမြစ်ပြုတ်အကုန်အစဉ်အားဖြင့် အနိစ္စဖြစ်သောဝတ္ထုတွင် နိစ္စသညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ, အနတ္တဖြစ်သောဝတ္ထုတွင် အတ္တသညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသ, ဒုက္ခဖြစ်သောဝတ္ထုတွင် သုခဒိဋ္ဌိဝိပလ္လာသ, အသုဘဝတ္ထုတွင် သုဘဒိဋ္ဌိဝိပလ္လာသ ဤရှစ်မျိုးသောမှောက်မှားမှုတို့ကိုသာ ပယ်နိုင်သည်၊ ကျင်းသောမှောက်မှားမှုတို့ကို အကုန်မပယ်နိုင်သေး။ သကဒါဂါမ်ပုဂ္ဂိုလ်လည်း သောတာပန်နှင့်တူစွာ ပယ်နိုင်၏။ အနာ-

ဂါမ်ပုဂ္ဂိုလ်သည် သောတာပန်ပယ်ပြီး ဝိပလ္လာသရှစ်ပါးနှင့် အသုဘဖြစ်သော၀တ္ထုတွင် သုဘသညာဝိပလ္လာသ စိတ္တဝိပလ္လာသပေါင်း ဆယ်ပါးသော မှောက်မှားမှုတို့ကို ပယ်နိုင်၏။ ရဟန္တာပုဂ္ဂိုလ်သည် အနာဂါမ်ပယ်ပြီးဆယ်ပါးနှင့် ဒုက္ခဖြစ်သော၀တ္ထုတွင် သုခသညာဝိပလ္လာသစိတ္တဝိပလ္လာသ ပေါင်းတဆဲ့နှစ်ပါးတို့ကို ပယ်နိုင်သတည်း။

၁။ အနိစ္စတွင်၊ နိစ္စဟုမှား၊ ပေါင်းသုံးပါး၊ ပယ်ငြားသောတာပန်။
၂။ အနတ္တတွင်၊ အတ္တဟုမှား၊ ပေါင်းသုံးပါး၊ ပယ်ငြားသောတာပန်။
၃။ ဒုက္ခာသုဘ၊ ထိုနှစ်၀တွင်၊ ဒီဋ္ဌိပင်၊ ပယ်ချင်သောတာပန်။
၄။ ပေါင်း၍ကြည့်ကာ၊ ရှစ်ပါးသာ၊ ပယ်တာသောတာပန်။
၅။ သောတာပန်နှယ်၊ ရှစ်ခုကွယ်၊ ပယ်တယ်သကဒါဂါမ်သာ။
၆။ အသုဘတွင်၊ သုဘဟုမှား၊ ရှေးနှစ်ပါး၊ ပယ်ငြားအနာဂါမ်။
၇။ ပေါင်း၍ကြည့်ရာ၊ ဆယ်ပါးသာ၊ ပယ်တာအနာဂါမ်။
၈။ ဒုက္ခစုတွင်၊ သုခဟုမှား၊ ရှေးနှစ်ပါး၊ ပယ်ငြားရဟန္တာ။
၉။ ပေါင်း၍ကြည့်ရာ၊ ဆဲ့နှစ်ဖြာ၊ ပယ်တာရဟန္တာ။

ယကွိဘီလူးမ-ဥပမာ

ယောကျ်ားတယောက်သည် အဝိဇ္ဇာ တဏှာနှိပ်စက်သဖြင့် ဘီလူးမနှင့် ဇနီးမောင်နှံ အဖြစ်ဖြင့် ဆက်ဆံကာ ကြင်ရာမယားပြုလုပ်၍ ပေါင်းသင်းကာနေတယ်။ ဘီလူးမဟူ၍ မသိရှာချေ။ ဇနီးသယ်ဖြစ်သော ဘီလူးမကား လူနှုံ့ လူအ လူ့ဗဟလဖြစ်သော ဤယောကျ်ားကား အိပ်ပျော်ကာနေပြီလို့သိခဲ့သော် ညဉ့်အခါ စိမ်းစိုသော သုသာန်သွား၍ လူသားကို ခဲစားလျက်နေတယ်။ လင်ယောကျ်ားသည် ဤမိန်းမကား ဘယ်သို့သွားလိမ့်မည်ဟု အစဉ်လိုက်၍ကြည့်သော် လူသားစားကာနေသည်ကို မြင်ကာသွားတယ်။ မိန်းမ၏ လူမိန်းမ မဟုတ် ဘီလူးမ၏အဖြစ်ကို သိခဲ့သော် ငါ့ကိုမခဲစားမီ မခဲစားခင် ပြေးသွားမှတော်မည် အောက်မေ့ကာ ကြောက်ကြောက်ရွံ့ရွံ့ အဟုန်ဖြင့် ပြေးသွားလျှင် ဘေးမရှိရာသို့ ရောက်ကာသွားတော့သည်။

ဤဥပမာဝယ် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို အမှောက်မှောက်အမှားမှား ဝိပလ္လာသများ ကွယ်ကာထားပြီး ငါ-ငါ့ဥစ္စာလို့ စွဲယူခြင်းသည်

ဘီလူးမနှင့် အတူတကွ အိမ်ထောင်ကျကာ လင်မယားပြုလုပ်ကာ နေသည်နှင့် တူပါတယ်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို လက္ခဏာယာဉ် သုံးပါးသို့တင်၍ ကြည့်ရှုဆင်ခြင် ပွါးများသော် ဓဝကန် အမှန် အနိစ္စ ဒုက္ခ အနတ္တပဲလို့ ထင်မြင်သိရှိခြင်းသည် သုသာန် သင်းချိုင်းဝယ် လူသားစားနေသည်ကို တွေ့မြင်က ဤမိန်းမကား ဘီလူးမတည်းလို့ သိသွားသူနှင့်တူပါသည်။

ဘယတုပဌာနဉာဏ် ဖြစ်ပေါ်လာခြင်းသည် ကြောက်လန့်သောကာလနှင့် တူပါတယ်၊ မုဉ္ဇတုကမျတာဉာဏ် ဖြစ်ပေါ်ကာ လာခြင်းသည် ထွက်ပြေးခြင်းငှါ အလိုရှိသောသူနှင့် တူပါသည်၊ ဂေါတြဘုဉာဏ် ပေါ်လာခြင်းသည် သုသာန်သင်းချိုင်းကို စွန့်သွားသည်နှင့် တူပါသည်၊ မဂ်ဉာဏ်ပေါ်လာခြင်းသည် အဟုန်ဖြင့် ပြေးသွားသည်နှင့် တူပါသည်၊ ဖိုလ်ဉာဏ်ပေါ်လာခြင်းသည် ဘေးမရှိရာအရပ်သို့ ရောက်သွားရသည်နှင့် တူပါသတည်း။

ကလာပသမ္မသနခေါ် နယဝိပဿနာဖြင့် အနိစ္စ ဒုက္ခ အနတ္တပဲလို့ ဆုံးဖြတ်ပိုင်းခြားခြင်းငှါထိုက်သော သမ္မသနူပဂတရားတို့သည် ရုပ်ဝေဒနာစသောအားဖြင့် ခန္ဓာငါးပါး,စက္ခု သောတစသောအားဖြင့် ဒွါရခြောက်ပါး, ရူပ သဒ္ဒစသော အာရုံခြောက်ပါး ဤသို့စသော အမည်အားဖြင့် နှစ်ဆဲ့သုံးပါးရှိကုန်၏။ အတိတ်စသည်ကို မဝေဘန်ပဲ သာမန်အားဖြင့် တရားကိုယ် ဆဲ့ရှစ်ပါး အပြားရှိကုန်၏။ သမ္မသနူပဂတရားတို့တွင် ဉာဏ်ဝမ္ပာထင်ရှားပေါ်လာ လွယ်ကူစွာ သိမ်းဆည်းနိုင်သောတရား၌သာ ဆုံးဖြတ်ပိုင်းခြား ပွါးများအားထုတ်ခြင်းကို ပြုရပါသည်။

ယေပိ စ သမ္မသနူပဂါ၊ တေသု ယေ ယဿ ပါကဋာ ဟောန္တိ၊ သုခေန ပရိဂ္ဂဟံ ဂစ္ဆန္တိ၊ တေသု တေန သမ္မသနံ အာရဘိတဗ္ဗံ။ (ဝိသုဒ္ဓိမဂ်)

ယေပိ စ၊ အကြင်တရားတို့သည်လည်း။ သမ္မသနူပဂါ၊ ဆုံးဖြတ်ပိုင်းခြားခြင်းငှါ သင့်လျော်ကုန်၏။ တေသု၊ ထိုတရားတို့တွင်။ ယေ၊ အကြင်တရားတို့သည်။ ယဿ၊ အကြင်ယောဂီအား။ ပါကဋာ၊ ဉာဏ်ဝအား ထင်ရှားပေါ်လာကုန်သည်။ ဟောန္တိ၊ ကုန်၏။ သုခေန၊ လွယ်လင့်တကူ။ ပရိဂ္ဂဟံ၊ သိမ်းဆည်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေန၊ ထိုယောဂီပုဂ္ဂိုလ်သည်။ တေသု၊ ထိုထင်ရှားပေါ်လာသော တရားတို့၌။ သမ္မသနံ၊ ဆုံးဖြတ် ပိုင်းခြားခြင်းကို။ အာရဘိတဗ္ဗံ၊ အားထုတ်သင့်၏။

ဝိပဿနာအလုပ် အစစ္စာအားထုတ်သော ယောဂီတို့အား နှလုံးသွင်း လွယ်ကူစေခြင်းငှါ အစစ္စာဟောထားသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကား—

ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ ။ပ။ အနန္တတော ဝဝတ္ထိတံ ဧကံ သမ္မသနံ-တည်း။

စကားပြင် အဓိပ္ပါယ်ကား အတိတ် အနာဂတ် ပစ္စုပ္ပန် အဏ္ဏတ္တ ဗဟိဒ္ဓ-စသောအားဖြင့် ရုပ်သည် တဆဲ့တပါး ရှိ၏။ "အလုံးစုံသော ရုပ်တရားကို မမြဲ"ဟူ၍ ပိုင်းခြားမှတ်သားလျှင် တခုသော သမ္မသန, "မကောင်းဘူး ဆင်းရဲပင်ပန်းလှသည်"ဟူ၍ ပိုင်းခြားမှတ်သားလျှင် တခုသော သမ္မသန, "တောင့်တ၍မရ အနတ္တ"လို့ ပိုင်းခြားလျှင် တခုသောသမ္မသန၊ ဤသို့ သမ္မသန သုံးသပ်ပွါးများနည်းသည် သုံးပါး ဖြစ်၏။ ဝေဒနာ-စသော နာမ်ခန္ဓာ လေးပါး၌လည်း ရူပက္ခန္ဓာနှင့်အတူ စကားပြင်ကို မှတ်ရာသတည်း။

ရုပ်ကို ကာလသုံးမျိုး ခွဲခြားပုံ

ရုပ်ကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဘဝတို့၌ ဖြစ်သောရုပ်လို့ ဘဝ အားဖြင့် သုံးတန် ပိုင်းခြားရာ၏။ တခုတခုသော ဘဝတွင်လည်း အတီတ သန္ဓတိ = အတိတ်အစဉ်, အနာဂတသန္ဓတိ = အနာဂတ်အစဉ်, ပစ္စုပ္ပန္န သန္ဓတိ=ပစ္စုပ္ပန်အစဉ် သုံးပါးတို့၌ဖြစ်သောရုပ်လို့ အစဉ် သန္ဓတိအားဖြင့် လည်းသုံးတန်ပိုင်းရာ၏။ အတီတသမယ=လွန်ပြီးအခါ,အနာဂတသမယ= လာလတံ့အခါ, ပစ္စုပ္ပန္နသမယ=ပစ္စုပ္ပန်အခါ သုံးပါးတို့၌ ဖြစ်သောရုပ်ကို သမယအခါအားဖြင့်လည်း သုံးတန် ပိုင်းရာ၏။ အတိတ်ခဏသုံးပါး, အနာဂတ်ခဏသုံးပါး, ပစ္စုပ္ပန်ခဏသုံးပါးတို့၌ ဖြစ်သောရုပ်ကို ခဏတ္တယ အားဖြင့် သုံးတန် ပိုင်းခြားရာ၏။ ဤသို့ ရုပ်ကို လေးပါးသောအပြား အားဖြင့် ကာလသုံးပါးကို မှတ်ရာသတည်း။

ရူပံ တာဝ အဒ္ဓါသန္တတိသမယခဏဝသေန စတုဓာ အတီတံ နာမ ဟောတိ၊ တထာ အနာဂတံ၊ ပစ္စုပ္ပန္နံ။ (ပဋိသမ္ဘိဒါမဂ်-စသည်)

ရူပံ၊ ရုပ်တရားသည်။ တာဝ၊ အစစ္စာ။ အဒ္ဓါသန္တတိသမယခဏဝသေန၊ ကာလ,အစဉ်,အခါ,ခဏတို့၏ အစွမ်းဖြင့်။ စတုဓာ၊ လေးပါးသော အပြား

အားဖြင့်။ အတိတံ နာမ၊ အတိတ်ရုပ်မည်သည်။ ဟောတိ၊ ၏။ တထာ၊ ထို့အတူ။ အနာဂတံ၊ အနာဂတ်ရုပ်မည်သည်။ ဟောတိ၊ ၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ရုပ်မည်သည်။ ဟောတိ၊ ၏။

တခုသော ဘဝတွင် ပဋိသန္ဓေမှ ရှေးဘဝ၌ဖြစ်သောရုပ်သည် အတိတ်ရုပ်၊ စုတိမှ နောက်ဘဝ၌ဖြစ်သော ရုပ်သည် အနာဂတ်ရုပ်၊ ပဋိသန္ဓေစုတိနှစ်ပါးတို့၏ အလယ်၌ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်ရုပ်၊ ဤသို့ ဘဝကာလအားဖြင့် ခဲ့ရာ၏။ ။ဘဝပြီး၏။

သဘောတူ အချမ်းအပူဟူသော တခုသောဥတုကြောင့် ဖြစ်သောရုပ်အချို့အချဉ်စသော တခုသောအာဟာရကြောင့် ဖြစ်သောရုပ်များကို ရှေ့နောက်ဖြစ်သော်လည်း ပစ္စုပ္ပန်အစဉ်ဖြစ်သော ရုပ်လို့ခေါ်ရ၏။ ထို့မှရှေ့နောက်၌ သဘောမတူသော ဥတုအာဟာရကြောင့်ဖြစ်သောရုပ်ကို အတိတ်အစဉ် အနာဂတ်အစဉ်တို့၌ဖြစ်သောရုပ်လို့ ခေါ်ရ၏။

သန္တတိဝသေန သဘာဂကေဥတုသမုဋ္ဌာနံ ကောဟာရသမုဋ္ဌာနဉ္စ ပုဗ္ဗာပရိယဘာဝေန ဝတ္တမာနံပိ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ ဝိသဘာဂဥတုအာဟာရသမုဋ္ဌာနံ အတီတံ၊ ပစ္ဆာ အနာဂတံ။
(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ စသည်)

သန္တတိဝသေန၊ အစဉ်၏ အစွမ်းဖြင့်။ သဘာဂကေဥတုသမုဋ္ဌာနံ၊ သဘောတူ တခုသောဥတုကြောင့်ဖြစ်သော။ ရူပဉ္စ၊ ရုပ်သည်၎င်း။ ကောဟာရသမုဋ္ဌာနံ၊ သဘောတူတခုသောအာဟာရကြောင့်ဖြစ်သော။ ရူပဉ္စ၊ ရုပ်သည်၎င်း။ ပုဗ္ဗာပရိယဘာဝေန၊ ရှေ့နောက်၏အဖြစ်ဖြင့်။ ဝတ္တမာနံပိ၊ ဖြစ်သော်လည်း။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တတော၊ ထိုပစ္စုပ္ပန်ရုပ်အစဉ်မှ။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဝိသဘာဂဥတုအာဟာရသမုဋ္ဌာနံ၊ သဘောမတူတခုသောဥတုအာဟာရကြောင့်ဖြစ်သောရုပ်သည်။ အတီတံ၊ အတိတအစဉ်၌ဖြစ်သောရုပ်မည်၏။ ပစ္ဆာ၊ နောက်ကာလ၌။ အနာဂတံ၊ အနာဂတ်အစဉ်၌ဖြစ်သောရုပ်မည်၏။

ဗဟိဒ္ဓဥတုကြောင့် ကိုယ်မှာ တနာရီလုံးလုံး အေးနေသောအခါ သဘောတူဥတုကြောင့်ဖြစ်တဲ့ အေးရုပ်အစဉ်ကို ပစ္စုပ္ပန်ရုပ်လို့ ခေါ်၏၊ တနာရီမှ ရှေးရုပ်ကို အတိတ်ရုပ်လို့ခေါ်၏၊ တနာရီမှ နောက်ရုပ်ကို အနာဂတ်ရုပ်လို့ ခေါ်၏။

သဘောတူအာဟာရကြောင့်ဖြစ်သော ရုပ်အစဉ်ပိုင်းပုံကိုလည်း သိရာ၏။ သဘာဂဥတုဆိုသည်မှာ အချမ်းသည် အချမ်းအချင်းချင်း အပူသည် အပူအချင်းချင်း မဆန့်ကျင်သည်ကို သဘောတူသည်ဆိုလိုသည်။

အချိုသည် အချိုအချင်းချင်း အချဉ်သည် အချဉ်အချင်းချင်း မဆန့်ကျင်သည်ကို သဘောတူသည်ဆိုလိုသည်။ အချမ်းနှင့်အပူ အပူနှင့်အချမ်းကား ဝိသဘာဂ = သဘောမတူ၊ အချိုနှင့်အချဉ် အချဉ်နှင့်အချိုကား ဝိသဘာဂ=သဘောမတူမှတ်ရာ၏။

တခုသောဝိထိ တခုသောဇော တခုသောသမာပတ်အစဉ်ကြောင့်ဖြစ်သောရုပ်ကို ပစ္စုပ္ပန်ရုပ်လို့ခေါ်တယ်၊ ထိုမှရှေ့နောက်ရုပ်ကို အတိတ်, အနာဂတ်ရုပ်လို့ ခေါ်တယ်။

စိတ္တဇကဝိထိကေဇဝနကေသမာပတ္တိသမုဋ္ဌာနံ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အတီတံ၊ ပစ္ဆာ အနာဂတံ။ (ပဋ္ဌာန်းမြန်မာအဋ္ဌကထာ စသည်)

စိတ္တဇကဝိထိကေဇဝနကေသမာပတ္တိသမုဋ္ဌာနံ၊ စိတ်ကြောင့် ဖြစ်သော တခုသောဝိထိ တခုသောဇော တခုသောသမာပတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည်။ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မည်၏။ တတော၊ ထိုမှ။ ပုဗ္ဗေ၊ ရှေးရုပ်သည်။ အတီတံ၊ အတိတ်မည်၏။ ပစ္ဆာ၊ နောက်ရုပ်သည်။ အနာဂတံ၊ အနာဂတ်ရုပ်မည်၏။

တခုသောဝိထိဆိုသည်မှာ ပဉ္စဒ္ဝါရဝိထိကိုဆိုသည်၊ တခုသောဇောဆိုသည်မှာ မနောဒ္ဝါရဝိထိကိုဆိုသည်။ ပဉ္စဒ္ဝါရဝိထိ ဆိုသည်မှာလည်း ပဉ္စဒ္ဝါရာဝဇ္ဇန်းမှ တဒါရုံတိုင်တခု ပဉ္စဒ္ဝါရာဝဇ္ဇန်းမှ သတ္တမဇောတိုင်တခု ဤသို့နှစ်မျိုးယူလေ၊ တနည်း တခုသောဝိထိဆိုသည်မှာ ပဉ္စဒ္ဝါရာဝဇ္ဇန်းမှစ၍ ဝုဋ္ဌောတိုင်အောင်ဖြစ်သော စိတ်အစဉ်ကိုဆိုသည်။ တခုသောဇောဆိုသည်မှာ ပဉ္စဒ္ဝါရမနောဒ္ဝါရဇောဝါရကိုဆိုသည်။

ကမ္မဇရုပ်တို့၏အစဉ်သန္ဓတိကိုကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ အသီးအခြားမယူအပ်၊ ဥတု အာဟာရ စိတ္တဇရုပ်တို့ကို ထောက်ပံ့သော အားဖြင့်သာ ကမ္မဇရုပ်၏အတိတ်စသည်ကို မှတ်ရာ၏။ အဘယ်ကြောင့် ကမ္မဇရုပ်၏ သန္ဓတိအစဉ်၏အစွမ်းဖြင့် အတိတ်စသည်ကို မယူအပ်သနည်း။

တခုသောဘဝကို ဖြစ်စေတတ်သော ကံ၏ သဘာဂ ဝိသဘာဂ အဖြစ် မရှိကောင်းသောကြောင့်လို ဖြေရာ၏။

ဘုရားသခင် ရွှေလက်ထက်တော်က လိုင်ပြန်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ သောရေယျထရ်စသည်တို့ကဲ့သို့ ကံ၏သဘာဂ ဝိသဘာဂ အဖြစ်ကို ရကောင်းသည်မဟုတ်ပါလော၊ အခါခပ်သိမ်းအလုံးစုံတို့၏ မရ အပ်သောကြောင့် မယူသည်ဟူပေ။

သော ပန နာ သဗ္ဗကာလိကောတိ ဂဟိတော။ (မဟာဋီကာ)
သန္တတိပြီး၏။

သမယ အချိန်အားဖြင့်ကား လက်ဖျစ်ဆယ်တွက် တခဏ, ဆယ်ခဏ တလယ ကျိနည်းအတိုင်းတက်၍ ခဏ, လယ, မုဟုတ္တ, ခဏမုဟုတ္တ, နံနက်, မွန်းတည့်, ညနေချမ်း, နေ့, ည အချိန်တို့၌ အစဉ်၏ အစွမ်းဖြင့်ဖြစ်သော ရုပ်ကို သမယပစ္စုပ္ပန်ရုပ်ဖြစ်သည်။ ထိုမှ ရှေးရုပ်ကို အတိတ်ရုပ်, နောက်ရုပ်ကို အနာဂတ်ရုပ်လို ခေါ်သည်။ အနုဋီကာဆရာတော်ကား သန္တတိကဲ့သို့ သမယကိုယူစေလို၏။

ဇတ္ထ စ သမယံ အနာမသိတ္ဌာဝ သန္တတိဝသေန, သန္တတိ ံ စ အနာမသိတ္ဌာဝ သမယဝသေန အတီတာဒိဝိဘာဂေါ ဝေဒိတဗ္ဗော။
(အနုဋီကာ)

စ အထူးကား။ ဇတ္ထ၊ ဤအတိတ်စသည်ကို ဝေဘန်ရာ၌။ သမယံ၊ အချိန်ကို။ အနာမသိတ္ဌာဝ၊ မသုံးသပ်မူ၍သာလျှင်။ သန္တတိဝသေန၊ အစဉ်၏အစွမ်းဖြင့်။ သန္တတိ ံ၊ အစဉ်ကို။ အနာမသိတ္ဌာဝ၊ မသုံးသပ်မူ၍သာလျှင်။ သမယဝသေန စ၊ သမယ၏ အစွမ်းဖြင့်လည်း။ အတီတာဒိဝိ-ဘာဂေါ၊ အတိတ်စသည်ကို ဝေဘန်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

တခဏအတွင်း၌ဖြစ်သောရုပ်ကို ပစ္စုပ္ပန်လို့ခေါ်သည်၊ ထိုမှ ရှေးရုပ်ကို အတိတ်ရုပ်, ထိုမှ နောက်ရုပ်ကို အနာဂတ်ရုပ်လို့ခေါ်သည်။ နည်းမြို့၍ သိရာ၏။ ။သမယပြီး၏။

ခဏအားဖြင့်ကား ဥပါဒ်ဌိဘင်ခဏသုံးပါး ရောက်ဆဲရုပ်သည် ပစ္စုပ္ပန်, ရှေ့ရုပ်သည်အတိတ်, နောက်ရုပ်သည်အနာဂတ်လို့ ပိုင်းခြားရာ၏။ ဥပါဒ်

ဆိုသည်မှာ သဘောတရားပေါ်လာသည်ကို ဥပါဒ်ဆိုသည်၊ ဌိ ဆိုသည်မှာ တည်နေသည်ကိုဆိုသည်၊ ဘင်ဆိုသည်မှာ ပျောက်ကွယ် သေဆုံးသည်ကို ဆိုသည်။ ။ခဏပြိုး၏။

တနည်းပြခြင်း

ဇနကသတ္တိရှိသော ထင်ရှားရှိဆဲ ပစ္စည်းတို့၏ ဥပ္ပါဒနကိစ္စ = ဖြစ်စေခြင်းကိစ္စ, ဥပတ္ထမ္ဘကသတ္တိရှိသော ထင်ရှားရှိဆဲပစ္စည်းတို့၏ ဥပတ္ထမ္ဘန-ကိစ္စ=ထောက်ပံ့ခြင်းကိစ္စရှိသောရုပ်ကို ပစ္စုပ္ပန်ရုပ်လို့ ခေါ်တယ်၊ ချုပ်ကွယ်ပြီးသော ဥပ္ပါဒနကိစ္စ ဥပတ္ထမ္ဘနကိစ္စရှိသောရုပ်ကို အတိတ်ရုပ်လို့ခေါ်သည်၊ နှစ်ပါးစုံသော ကိစ္စသို့ မရောက်သေးသော ရုပ်ကို အနာဂတ်ရုပ်လို့ ခေါ်သည်။

အတိက္ကန္တဟေတုပစ္စယကိစ္စံ အတီတံ၊ အနိဋ္ဌတဟေတုကိစ္စ-မနိဋ္ဌတပစ္စယကိစ္စံ ပစ္စုပ္ပန္နံ၊ ဥဘယကိစ္စမသမ္ပတ္တံ အနာဂတံ။
(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စသည်)

တနည်း မိမိကိစ္စခဏနှင့် ပြည့်စုံသောရုပ်ကို ပစ္စုပ္ပန်လို့ ခေါ်သည်၊ နောက်ရုပ်ကို အတိတ်, ရှေးရုပ်ကို အနာဂတ်လို့ ခေါ်သည်။

သကိစ္စက္ခဏေ ဝါ ပစ္စုပ္ပန္နံ၊ တတော ပုဗ္ဗေ အနာဂတံ၊ ပစ္ဆာ အတီတံ-လို့ မိန့်၏။

ရောက်ပြီးသည်ကိုနောက် မရောက်သေးသည်ကို ရှေ့လို့ ခေါ်သော မဂ္ဂင်မနည်းမျိုးဖြင့် ဆိုသတည်း။

မိမိသန္တာန်ဝယ် ဖြစ်သောရုပ်ကို အဇ္ဈတ္တရုပ်, မိမိမှအပ ဣန္ဒြေနှင့်စပ်မစပ် နှစ်ရပ်သော ရုပ်ကို ဗဟိဒ္ဓရုပ်၊ ထိခိုက်လို့ယူရသောရုပ်ကို သြဠာရိကရုပ်, ထိခိုက်လို့ မယူရသောရုပ်ကို သုခုမရုပ်၊ မုချအားဖြင့် အကုသလဝိပါက် ဖြစ်ရာရုပ်ကို ဟီနရုပ်, ကုသလဝိပါက်ဖြစ်ရာရုပ်ကို ပဏီတရုပ်၊ သုခုမရုပ်ကိုပင် အသိရခက်သောကြောင့် ဒူရေရုပ်, သြဠာရိကရုပ်ကိုပင် အသိရလွယ်သောကြောင့် သန္တိကေရုပ်လို့ခေါ်တယ်။ ဤကား ရုပ်တွင် ပစ္စုပ္ပန် အတိတ် အနာဂတ်-စသည် ခွဲပုံတည်း။

နာမ်ကို ကာလသုံးမျိုး ခွဲခြားပုံ

ဝေဒနာစသော နာမ်တရားတို့၌ အတိတ် အနာဂတ် ပစ္စုပ္ပန်-စသည် ဝေဘန်ပုံကို လျင်မြန်စွာ ဖြစ်ခြင်းရှိသော သန္ဋတိ,ခဏတို့၏ အစွမ်းဖြင့်သာ ဝေဘန်ရာ၏။ ခဲဖွယ် ဘောဇဉ်ကို တကြိမ်ဝါးမျိုခိုက်အတွင်း၌ ဖြစ်သော ဝေဒနာကို ပစ္စုပ္ပန်ဝေဒနာလို့ ခေါ်တယ်။ ထိုမှ ရှေဝေဒနာကို အတိတ်, နောက်ဝေဒနာကို အနာဂတ်လို့ ခေါ်တယ်၊ ထိုမှ ရှေဝေဒနာကို အတိတ်, နောက်ဝေဒနာကို အနာဂတ်လို့ခေါ်တယ်။ ကြွင်းသောနာမ်တရားတို့၌လည်း ဤနည်းဖြင့် အတူ သိရာသတည်း။ ပစ္စုပ္ပန် အတိတ် အနာဂတ်လို့ ခွဲခွဲရာ ခဏ၏အစွမ်းဖြင့် ခွဲသောစကားသာ မုချဖြစ်သည်၊ ကြွင်းသောစကားများကား ပရိယာယ်မျှသာ။ သန္ဋတိ=အစဉ်,သမယ=အချိန်တို့၏ အစွမ်းဖြင့်အတိတ်စသည်ကို ဝေဘန်ထားသော အရာသည် ဝိပဿကယောဂီတို့အား လွန်စွာ ကျေးဇူးများလှ၏။

သန္ဋတိသမယကထာ စေတ္ထ ဝိပဿကာနံ ဉပကာရတ္ထာယ အဋ္ဌကထာသု ကထိတာတိ ဒဋ္ဌဗ္ဗာ။ (သမ္မောအဋ္ဌကထာ)

စ၊ အဆူးကား။ တ္ထ၊ ဤ အတိတ်စသည်ကို ဝေဘန်ရာ၌။ သန္ဋတိသမယကထာ၊ အစဉ်စကား အချိန်စကားကို။ ဝိပဿကာနံ၊ ဝိပဿနာရှသော ယောဂီတို့အား။ ဉပကာရတ္ထာယ၊ ကျေးဇူးများရန်အကျိုးငှါ။ အဋ္ဌကထာသု၊ တို့၌။ ကထိတာ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ယောဂီ၏ဉာဏ်သည် ခဏအားဖြင့် ရုပ်နာမ်ကို မမှီနိုင်သောကြောင့် သန္ဋတိ,သမယတို့၏ အစွမ်းဖြင့်သာ ရုပ်နာမ်ကို ဝိပဿနာရှုရသတည်း။ ဝိပဿနာပွါးသောအခါ သန္ဋတိအစဉ်, သမယအချိန်အတွင်းတွင် တအုပ်တအုပ် တသုတ်တသုတ် တက်လာဖြစ်လာသော ရုပ်နာမ်များကို ခန္ဓာတခုလို့ ခေါ်ဆိုရ၏။ ဥပမာ လျင်မြန်စွာ ရစ်ဝိုင်းလိုက်သော မီးစက်ဝန်းစက်ဝိုင်းကို တခုသောစက်ဝန်း ခေါ်ရသကဲ့သို့ပင်း ထန်းရွက်စကြာမီးစကြာများကို တခုသောစကြာလို့ ခေါ်ရသကဲ့သို့ပင်း တခုသော ခန္ဓာလို့ ခေါ်ဆိုရ၏။

ကောသန္တိယံ ပန အတိတာနာဂတာ ခန္ဓာ ခဏပစ္ဆုပ္ပန္နဝေဂါနုပတိတတ္တာ အလာတကလာပစက္ကမိဝ တပ္ပဋိဗန္ဓာဝ ဟုတ္ဝာ ခါယန္တိ၊ တာဒိသံ-ပေတ္ထ ကောဘန္ဓလကွဏန္တိ ဒဋ္ဌဗ္ဗံ။ (ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်)

ပန၊ ဆိုဖွယ်အထူး မိန့်ဆိုဦးအံ့။ ကောသန္တိယံ၊ တခုသောသန္တိအစဉ်၌။ အတိတာနာဂတာ၊ အတိတ် အနာဂတ်ဖြစ်ကုန်သော။ ခန္ဓာ၊ ရုပ်နာမ်ခန္ဓာတို့သည်။ ခဏပစ္စုပ္ပန္နဝေဂါနုပတိတတ္တာ၊ ခဏပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်အဟုန်ဝယ် အလျော်ကျရောက်သည်၏ အဖြစ်ကြောင့်။ အလာတကလာပစက္ကမိဝ၊ မီးစဖြင့်ရစ်ဝိုင်းအပ်သော မီးစက်ဝန်းကဲ့သို့။ တပ္ပဋိဗန္ဓာဝ၊ ထိုပစ္စုပ္ပန် ရုပ်နာမ်နှင့် စပ်ကုန်သည်သာလျှင်။ ဟုတ္ဝာ၊ ကုန်၍။ ခါယန္တိ၊ ထင်ကုန်၏။ ဧတ္ထ၊ ဤဝိပဿနာပဉ်းများရာ၌။ တာဒိသမိဝ၊ ထိုသို့သဘောရှိသော အတိတ်အနာဂတ် ခန္ဓာကိုလည်း။ ကောဘန္ဓလကွဏန္တိ၊ တခုသောခန္ဓာလို့သာ မှတ်ရမည်ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှီ၍ နည်းရရုံမျှ ခန္ဓာငါးပါးကို ရေးအံ့။

အနုပဿနာသည် အနိစ္စသမ္မသန=မမြဲဘူးလို့ ဆုံးဖြတ်တဲ့ အနုပဿနာ, ဒုက္ခသမ္မသန=မကောင်းဘူးလို့ဆုံးဖြတ်တဲ့ အနုပဿနာ,အနတ္တသမ္မသန= အလိုမလိုက် အစိုးမရဘူးလို့ ဆုံးဖြတ်တဲ့ အနုပဿနာလို့ သုံးပါးရှိ၏။ ဆုံးဖြတ်ဆိုသည်မှာ ရှုကြည့်ပုံးများသည်ကိုပင် ဆိုလိုသည်။

ထိုအနုပဿနာ သုံးပါးတို့တွင် တပါးပါး၌ ဝါရတို့သည် လက္ခဏာယာဉ်သုံးပါးကို ကြည့်ရှုပုံးများသော လက္ခဏဝဝတ္ထာပနဝါရ, လက္ခဏာယာဉ်သုံးပါးတို့၏ အကြောင်းကို ပြောကြားသော ဟေတုဝါရ, ထင်ရှားသော သဘောကို မှတ်သောအားဖြင့် လက္ခဏာယာဉ် သုံးပါးတို့၏ အကြောင်းကို တည်စေသော ဟေတုပတိဋ္ဌာပနဝါရလို့ သုံးပါးရှိ၏။

အနိစ္စာနုပဿနာ

ထို သုံးမျိုးတွင် အနိစ္စလက္ခဏဝဝတ္ထာပနဝါရ၌ နိစ္စ, အနိစ္စ နှစ်မျိုး သိထားမှ အနိစ္စသဘော ထင်ထင်ရှားရှား ပေါ်လာမည်။ ထို့ကြောင့် အကျဉ်းမျှ ပြအံ့။

နိစ္စ မြဲသည်ဆိုသည်မှာ ဖြစ်ခြင်း,ပျက်ခြင်း ကင်းလျက် အခါခပ်သိမ်း တည်ရှိ၍ မိမိ၏ ပြကတော့သဘောကို မစွန့်ပဲ အနှစ်သဖွယ် အခိုင်အမာ ဖြစ်သော သဘောကို မြဲသည်လို့ ဆိုလိုသည်။ ပုတ်သင်သည် စိမ်းလာချည် မဲပြာလာချည် အမျိုးမျိုးပြောင်းလဲသကဲ့သို့ မပြောင်းလဲ မဖျောပြောင်းပါ ဆိုလိုသည်။

ကုန်ရ ကွယ်ရ ပျောက်ရ ပျက်ရ သေဆုံးကြသော ရုပ်နာမ်နှစ်ပါး, ခန္ဓာ ငါးပါး တရားအစုကို ပုထုဇဉ် လူသာမန်တို့ ဝိပလ္လာသ မကင်းကြ၍ မိစ္ဆာ ဉာဏ်ဖြင့် မျောက်မျောက်မှားမှား နိစ္စလို့ စွဲယူထားကြပါတယ်။ အဟုတ် အမှန်ကို သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူသော မြတ်စွာဘုရားကား မင်းတို့ နိစ္စလို့ ယူထားတဲ့ ရုပ်နာမ်ဓမ္မကား နာ နိစ္စံ အနိစ္စံ၊ မြဲတယ်လို့ ရှုသင့်သော တရား မဟုတ်သောကြောင့် အနိစ္စသာဖြစ်တယ်လို့ မိစ္ဆာဉာဏ်ကို ပယ်ခွါရန် အလို့ငှါ နာ မြစ်၍ ဟောတော်မူသည်။ နိစ္စံ၊ မြဲတယ်လို့ ရှုအပ်သော ရုပ်နာမ် တရားသည်။ နာ၊ မဟုတ်။ အနိစ္စံ၊ မြဲတယ်လို့ရှုအပ်သော ရုပ်နာမ်တရား မဟုတ် (ဝါ) မမြဲ။

အတီတတိုက်၏ အစွမ်းဖြင့်သာပြအံ့။ ။ခန္ဓာကိုယ်တွင်ရှိတဲ့ရုပ် အာရုံပြု၊ ယခုရှိဆဲ ရဆဲ ရုပ်တရားသည် စောင်းသံ လျှပ်စီး ရေ အရေးတို့ကဲ့သို့ ရှေးက မရှိပဲ အကြောင်းကြောင့် ပေါ်လာကာ ပျောက်ကွယ် သေဆုံးသွားသော အားဖြင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ လွန်လေပြီးအတိတ်ဘဝ ရုပ်တရားလည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ၊ လာလတ့ံ အနာဂတ်ဘဝ ရုပ်တရားလည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ ပွါးများပါ။ ပစ္စုပ္ပန်ဘဝရုပ်ကို ထင်လာအောင် နာနာပွါးပါ။ အတိတ် အနာဂတ် ရုပ်များကို လည်း တသီးတခြားစီ အနည်းငယ် ပွါးပါ။ ။ဤကား လက္ခဏဝဝတ္ထာ-ပန မှတ်ပုံတည်း။

ယခုဖြစ်ဆဲ ရဆဲ ရုပ်တရားသည် နောက်နောက်ဘဝ ကာလသို့ မလိုက်မပါ၊ ဖြစ်ရာဘဝကာလ၌သာ ကုန်ခန်းပျောက်ကွယ် သေဆုံးတတ်သောကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ၊ အတိတ်ဘဝ ရုပ်တရားလည်း ယခုဘဝကာလသို့ မလိုက်မပါ၊ အတိတ်ဘဝကာလ၌သာ ကုန်ခန်းပျောက်ကွယ် သေဆုံးတတ်သောကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ အနာဂတ်ဘဝ ရုပ်တရားလည်း အနာဂတ်ဘဝရုပ်တရားမှ တပါးသော

အနာဂတ်သို့ ပြောင်းရွှေ့ကာမသွား၊ ရောက်ဆဲ အနာဂတ်ဘဝမှာပင် ကုန်ခန်း ပျောက်ကွယ် သေဆုံးလတံ့ ဖြစ်သောကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ ဝါရအားလျော်စွာ ကျွန်အောင်ရေးသည်၊ ပွါးသောအခါ နောက်က နည်းအတိုင်းပွါးသော် ပြီးနိုင်သည်။ ။ဤကား ဟေတုဝါရ မှတ်ပုံတည်း။

အနိစ္စ၏ ပရိယာယ်ကို ပြရန်အကျိုးငှါငင်း အမျိုးမျိုးနှလုံးသွင်းပုံကို ပြရန်အကျိုးငှါငင်း အနိစ္စံ သခ်ၤတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ....လို့ ဟေတုပတိဋ္ဌာပနဝါရကို ပြတော်မူ၏။

၁။ ယခုရဆဲဖြစ်ဆဲရုပ်တရားသည် နှမ်းလှော်ရေပွက်ကဲ့သို့ပေါ်လာကာ ပျောက်ကွယ်သဆုံးတတ်သောကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။

၂။ ယခု (ပ) ဘင်စုတိဟူ ဆိုအပ်သော အဆုံးကို မလွန်နိုင်သော ကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။

၃။ ယခု(ပ)သည် အစစ္ဆာပေါ်လာပြီး အဆုံးသို့ ရောက်သောကြောင့် အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။

အတိတ်ဘဝရုပ်တရားလည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ အနာဂတ်ဘဝရုပ်တရားလည်း အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စ။ အထက်နည်းအတိုင်း မှီး၍ ပွါးများလေ။

ယခုဖြစ်ဆဲရုပ်တရားသည် အကြောင်းတရားတို့သည် ကောင်းစွာလာရောက်၍ ပြုပြင်စီရင်အပ်သောကြောင့် သခ်ၤတ, သခ်ၤတ။

ယခုဖြစ်ဆဲ ရဆဲရုပ်တရားသည် အကြောင်းတရားတို့ကိုစဲမှီ၍ အတူတကွ ဖြစ်ပေါ်ကာလာသောကြောင့် ပဋိစ္စသမုပ္ပန္နံ, ပဋိစ္စသမုပ္ပန္နံ။

ယခုရဆဲ ဖြစ်ဆဲသောရုပ်တရားသည် ကုန်ခန်းသောသဘောရှိသော ကြောင့် ခယဓမ္မ, ခယဓမ္မ။

ယခု (ပ) သည် ပျောက်ကွယ်ပျက်စီးသော သဘောရှိသောကြောင့် ဝယဓမ္မ, ဝယဓမ္မ။

ယခု (ပ) သည် သဘောကို လွန်သွားသောသဘောရှိသောကြောင့် ဝိရာဂဓမ္မ, ဝိရာဂဓမ္မ။

ယခု (ပ) သည် တဖန်ပြန်လည်ကာ ဖြစ်ပေါ်လာခြင်းမရှိပဲ ချုပ်ကွယ်ကာသွားသောသဘောရှိသောကြောင့် နိရောဓမမ္မ, နိရောဓမမ္မ။

အတိတ်ဘဝနှင့် အနာဂတ်ဘဝရုပ်မျှားကိုလည်း နောက်ကနည်းကိုမှီး၍ အနည်းငယ်စီပွါးလေ။ ။ဤကား ဟေတုပတိဋ္ဌာပနဝါရမှတ်ပုံတည်း။

သုံးတန်သောအစဉ်သန္ဓတိ သုံးတန်သောအခါသမယ သုံးတန်သော ခဏတို့၏ အစွမ်းဖြင့်လဲ ရုပ်ကိုသမ္မသနပွါးမျှားမှုပြုရာသတည်း။ နာမ်ခန္ဓာလေးပါးကိုကား သုံးတန်သောအစဉ်သန္ဓတိ သုံးတန်သော ခဏတို့၏ အစွမ်းဖြင့်သာ သမ္မသန ပွါးမျှားအားထုတ်မှုကို ပြုရာသတည်း။

ဒုက္ခာနုပဿနာ

ဒုက္ခာနုပဿနာတွင် ဒုက္ခလက္ခဏဝဝတ္ထာပနဝါရ၌လည်း သုခ ဒုက္ခ နှစ်မျိုးလုံးကိုသိထားမှ ဒုက္ခသဘော ထင်ထင်ရှားရှား ပေါ်လာမည်။ ထို့ကြောင့် အကျဉ်းမျှပြအံ့။

သုခချမ်းသာတယ် ဆိုသည်မှာ တလှုပ်လှုပ် တလှုက်လှုက် ယောက်ယက်ခပ် ဖြစ်ပျက်ချက်မရှိပဲ အာနှစ်သဖွယ် အခိုင်အမာ ငြိမ်သက်စွာ တည်နေတဲ့ ကြည်လင်မြေငြိမ်းချမ်းလှသော အမြုတေ သန္တိသဘောကို သုခ ချမ်းသာတယ်လို့ဆိုပါသည်။

လောကသုံးပါးတွင်ကား သုခဓာတ် မြေကြည်လင်မှု သောမနဿဓာတ် စိတ်တရှင်ရှင်ကြည်လင်ပျော်ပါးမှုကို သမ္မတ္တိ စည်းစိမ်ချမ်းသာကြီးကြယ်လှသည်လို့ ဆိုကြသည်။ သို့သော်လည်း သုခသောမနဿဓာတ်မျှားသည် မျက်စေ့တမှိတ် လျှပ်တပျက်ခန့်အတွင်းမှာပင် ခဏခဏပျောက်ကွယ်ပြောင်းလဲနိုင်သောကြောင့် သုခမဟုတ်၊ ဒုက္ခသာဖြစ်ချေသည်။

ဒုက္ခဆိုသည်မှာ စက်ဆုပ်ဖွယ်သောသားကို ဒုဂုတ္တလို့ ဆိုရဘိသကဲ့သို့ ၎င်း အချည်းနှီးသော ကောင်းကင်ကို ခံလို့ ဆိုရဘိသကဲ့သို့ဂုင်း ထို့အတူ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတရားအစုကို ကပ်ဆိုးကြီးသုံးပါး အပါယ်ဘေးကြီးလေးပါး ရန်သူမျိုးငါးပါး ဒဏ်ဆယ်ပါး ဥပဒ္ဒဝေါတဆဲ့ခြောက် နှစ်ဆဲ့ငါးပါးသောဘေး သုံးဆဲ့နှစ်ပါးသော ကမ္မကရဏ ကိုးဆဲ့ခြောက်ပါးသော ရောဂါ တထောင်ငါးရာကိလေသာဘေးဆိုး၏တည်ရာ ထိခိုက်တွေ့ကြုံရာ

ဖြစ်သောကြောင့်၎င်း ပညာဉာဏ်ပါး လူမိုက်မျှားတို့သည် ကြံဆအပ်သော ဓုဝနှစ် သုဘနှစ် အတ္တနှစ်မှကင်းသောကြောင့်၎င်း စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်၍ မကောင်း၊ ဆင်းရဲ ပင်ပန်းလှသည်လို့ဆိုလိုသည်။

တနည်း ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားအစုကို ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ခဏခဏ နှိပ်စက်ကြသောကြောင့်၎င်း တလှုပ်လှုပ် တလှုက်လှုက် ဖြစ်ပျက်လျက်နေသည်ကို တွေ့ရသောကြောင့်၎င်း ချမ်းသာ သုခဟူ၍ အဏုမြူမျှမရှိ၊ ဆင်းရဲအစု ဆင်းရဲအတိသာ ဖြစ်သည်ဟူ၍ ဆိုရပေမည်။

ယခုဖြစ်ဆဲရဆဲသောရုပ်တရားသည် စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်သော အားဖြင့် မကောင်း၊ ဆင်းရဲပင်ပန်းလေစွတကား။

တနည်း ယခု(ပ)ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ခဏခဏနှိပ်စက်ခံရသော အားဖြင့် မကောင်း၊ ဆင်းရဲ ပင်ပန်းလေစွတကား။

အတိတ်ဘဝရုပ်တရားလည်း မကောင်း၊ ဆင်းရဲ ပင်ပန်းလေစွတကား။ အနာဂတ်ဘဝရုပ်တရားလည်း မကောင်း၊ ဆင်းရဲလေစွ ပင်ပန်းလေစွတကား။ အတိတ်နှင့် အနာဂတ်ရုပ်ကို တသီးတခြားစီ အနည်းငယ်ရှုပါ။ ။ ဤကား လက္ခဏဝဝတ္ထာပနဝါရ မှတ်ပုံတည်း။

ယခု ရဆဲ ဖြစ်ဆဲ ရုပ်တရားသည် ထိတ်ဖွယ် လန့်ဖွယ် ကြောက်ဖွယ် ကောင်းသော ဇာတိဇရာ မရဏစသော ဘေးအမျိုးမျိုး အပြစ်အမျိုးမျိုးကို ဆောင်၍လာသောကြောင့် မကောင်း၊ ဆင်းရဲပင်ပန်းလေစွတကား။

အတိတ်ဘဝရုပ်တရားလည်း မကောင်း၊ ဆင်းရဲပင်ပန်းလေစွတကား။ အနာဂတ်ဘဝ ရုပ်တရားလည်း မကောင်း၊ ဆင်းရဲ ပင်ပန်းလေစွတကား။ ။ဤကား ဟေတုဝါရမှတ်ပုံတည်း။

အနတ္တာနုပဿနာ

ဟေတုပတိဋ္ဌာပနဝါရတွင် နောက်ဝါရနှစ်ပါး၌ အနုပဿနာ သုံးပါး ထူးခြားသကဲ့သို့ ထူးခြား၍မလာ၊ အတူသာဖြစ်သောကြောင့် ပါးပုံကို ရှေးအတိုင်းသာ မှတ်ရာ၏။

အနတ္တလက္ခဏဝဝတ္ထာပနဝါရ၌လည်း အတ္တ အနတ္တ နှစ်မျိုးလုံးကို သိထားမှ အနတ္တသဘော ထင်ထင်ရှားရှား ပေါ်လာမည်။ ထို့ကြောင့် အကျဉ်းမျှ ပြအံ့။

အတ္တဉ္ဆ ဘဝါဘဝံ ဓာဝဝန္တော ဇာတိဇရာမရဏာဒိဘေဒံ အနေကဝိဟိတံ သံသာရဒုက္ခံ အတတိ ဂစ္ဆတိ ပါပုဏာတိ အဓိဂစ္ဆတီတိ အတ္တာ-လို့ပြု၊ အတဓာတ် တ-ပစ္စည်း၊ ဘဝကြီးငယ် အသွယ်သွယ်သို့ ပြေးသွားသည် ရှိသော် ဇာတိ ဇရာ မရဏ-စသောအားဖြင့် များသောအပြားရှိသော သံသရာဝဋ်ဆင်းရဲသို့ ရောက်တတ် လျင်မြန်စွာသွားတတ်သော ပုဂ္ဂိုလ် သတ္တဝါကို အတ္တာလို့ ခေါ်သည်။

တနည်း သုခဒုက္ခံ အဒတိ ခါဒတီတိ အတ္တာ-ပြု၊ အဒဓာတ် တပစ္စည်း၊ ချမ်းသာဆင်းရဲကို စားတတ်, ဝါးတတ်တဲ့ ပုဂ္ဂိုလ် သတ္တဝါကိုပင် အတ္တာလို့ ဆိုသည်။

အတ္တာသည် အနက်အများ ဟောနိုင်သော်လည်း ဤအရာတွင် အားလုံးနှင့်ဆိုင်သောကိုယ်, မိမိနှင့်ဆိုင်သော အတ္တင်းကိုယ်, တိတ္ထိတို့ မိစ္ဆာယူမှုများ ဖောက်ပြန်သောအားဖြင့် ယူကာထားတဲ့ ပရမအတ္တာသဘော, အမှ=ငါ တို့ကို ဟောသည်။ အဘိဓာန် အနေကတ္ထဝဏ်မှာ ငါဟော မပါသော်လဲ ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ-ဥ် ယံ ရူပံ သော အဟံ၊ ယော အဟံ တံ ရူပန္တိ ရူပဥ္စ အတ္တာနဉ္စ အဒ္ဒယံ သမနုပဿတိ-ဟု ပဏ္ဏာသ အဋ္ဌကထာ စသည်တို့ဥ် ဖွင့်ဆိုသောကြောင့် အတ္တာသဒ္ဒါ ငါကိုလည်း ဟော သည်ဟုမှတ်ရာ၏။

၁။ ငါငါဆိုတာ၊ ဖြစ်ပျက်တာကင်း၊ မြဲတာ အနှစ်၊ ကြံတုံလစ်၊ မှတ်ရစ်ဝေါဟာရ။

၂။ ခန္ဓာငါးပါး၊ ဖြစ်ပျက်များမို့၊ နှစ်ကားမရှိ၊ မီးလောင်ဘိ၊ ဉာဏ်သိကြောက်စရာ။

၃။ အသက်ကောင်အသက်ခဲ၊ ဖျက်ခဲ့မရ၊ နိစ္စမြဲတည်၊ ကြံသည် ရှစ်မြောက်၊ တထောင့်အလုံး၊ အကုန်ချုံး၍၊ မဆုံးအရှင်၊ စီမံချင်၊ လူတွင်အစိုးရ။

၄။ ရုပ်နာမ်နှစ်ဝ၊ အတ္တဖြစ်က၊ ကျင်နာမရ၊ စိတ်သာချ၊ တောင်းတပါလာမည်။

၅။ ကိုက်ခဲနာကျင်၊ သို့ဖြစ်အင်ကြောင့်၊ လိုလျှင်မရ၊ အနတ္တာ၊ ဟုတ်စွအမှန်တည်း။

၆။ အနတ္တခန္ဓာ၊ မမြဲပါ၍၊ ဘယာအစစ်၊ ဒုက္ခဖြစ်သည်၊ အိုလစ်သေ ပြန်၊ ဖောက်ပြန်ပျက်စီး၊ ငါ့ကြည်ဥစ္စာ၊ မရှိတာကို၊ မြင်ကာ မုန်းသိ၊ ကင်းလွတ်ဘိ၊ ငြိမ်း၏နိဗ္ဗာန်ပြည်။

အတ္တသည် ဇီဝအတ္တ ပရမအတ္တလို့ နှစ်မျိုးရှိတယ်။ ထိုတွင် ဝိသေသိက ဒဿန,ချာယဒဿနကျမ်းတို့၌ သာမီ=သရီရ ကူန္ဒြိယစသည်တို့ကိုအစိုးရသူ ခန္ဓာအိမ်အရှင်ကို အတ္တလို့ ဖွင့်ဆို၏။

မိမံသာကျမ်း၌ ကာရက=မြင်ခြင်းကြားခြင်း စသောကိရိယာကိစ္စကို ပြီးစေတတ်သူပုဂ္ဂိုလ်ကတ္တားလို့ ဖွင့်ဆို၏။ ပဲကွပ်ပုဆိန် စသည်တို့ဖြင့် ဖြတ်ခြင်း ခဲခြင်းစသောကြိယာကို ပုဂ္ဂိုလ်ကတ္တားက ပြီးစေသကဲ့သို့ စက္ခု သောဟ စသောကရိဏ်းတို့ဖြင့် မြင်ခြင်း ကြားခြင်းစသောကြိယာကို အတ္တ ကတ္တားက ပြီးစေသည်ဆိုလိုသည်။

မိမံသာကျမ်း၌ ဝေဒကသုခဒုက္ခ=ချမ်းသာဆင်းရဲ ခံစားတတ်သူကို အတ္တလို့ဖွင့်ဆို၏။ ကျမ်းအာဃလုံးတို့၌ နိဝါသီ=ခန္ဓာအိမ်ပျက်စီးသော်လည်း မပျက်စီးပဲ အမြဲတည်နေသူကို အတ္တလို့ဖွင့်ဆို၏။

သယံဝသီ=သရီရ ကူန္ဒြိယစသည်တို့ကို မိမိအလိုသို့လိုက်စေ၍ မိမိကမ္မ တစုံတခု၏ အလိုသို့မလိုက်သူကို အတ္တလို့ ဖွင့်ဆို၏။

အဓိဋ္ဌာယက=ခန္ဓာအိမ်၏ အကြီးအကဲစိမံခန့်ခဲ့တတ်သူကို အတ္တလို့ ဖွင့်ဆို၏။ ထိုသို့ ထင်မှတ်ပြောဆိုအပ်သော အရာဟူသမျှကို ဇီဝအတ္တလို့ ဖွင့်ဆို၏။

အသာရကဋ္ဌေနာတိ အတ္တာ နိဝါသီ ကာရကော ဝေဒကော သယံ-ဝသီတိ ဧဝံ ပရိကပ္ပိတာဿ အတ္တသာရဿ အဘာဝေန-လို့ ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာတွင်ဖွင့်၏၊ ဝိသုဒ္ဓိမဂ်သမ္မာတို့၌လည်း ထို့အတူဖွင့်၏။

သာမိနိဝါသီကာရကဝေဒကာဓိဋ္ဌာယကဝိရဟိတတာယ သုညတော၊ သယဉ္စ အဿာမိဘာဝါဒိတာယ အနတ္တတော-လို့လဲ ဝိသုဒ္ဓိမဂ်တွင် ဖွင့်၏။

ထိုဇီဝအတ္တကို သက္ကဋဘာသာဟိန္ဒီဘာသာအလို 'အတ္မာ'လို့ခေါ်၏၊ အာရဗီဘာသာအလို'ရူဟ်'လို့ခေါ်၏၊ အင်္ဂလိပ်ဘာသာလို'ဆိုလ်'လို့ခေါ်၏၊ မြန်မာဘာသာအလို 'ဝိညာဏ်' ဟူ၍၎င်း 'လိပ်ပြာ' ဟူ၍၎င်း 'အသက်' ဟူ၍၎င်း ခေါ်၏။ ဇီဝအတ္တသည် သတ္တဝါအားလုံး၌ နှံ့၍တည်သော

ကြောင့် မိမိတည်ရာ သရီရကွန္ဒြိယတို့ကို အစိုးရ၏၊ မအိုမသေ အမြဲတည်နေ၏။

ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့က လောကကိုဖန်ဆင်းတတ်သူလို့ ထင်မှတ်ပြောဆိုအပ်သောအရာကို 'ပရမအတ္တ'လို့ ခေါ်သည်၊ ပရမအတ္တကို ဟိန္ဒီဘာသာ သက္ကဋဘာသာတို့အလို့ 'ဤရ' လို့ငင်း 'ပရမေရ' လို့ငင်း 'ပရမာတ္မာ' လို့ငင်း ခေါ်၏။ ပါဠိဘာသာအလို့ 'ဣဿရ ပရမိဿရ ပရမတ္တာ' လို့ခေါ်၏။ ပါရှင်ဘာသာအလို့ 'ခိုဒါ ခုဒါ' လို့ ခေါ်၏။ အာရဗီဘာသာအလို့ 'အလ္လာဟ်' လို့ ခေါ်၏။ အင်္ဂလိပ်ဘာသာအလို့ 'ဂေါ့ဒ်' လို့ ခေါ်၏။ မြန်မာဘာသာအလို့ 'ထာဝရဘုရား' လို့ ခေါ်၏။ ပရမအတ္တသည် တလောကလုံးဌဲ့နှံ့၍တည်သောကြောင့် အလုံးစုံသောလောကကို အစိုးရ၏၊ မအိုမသေအမြဲတည်နေ၏။ အရာခပ်သိမ်းကို သိတတ်သောဘုရားပေတည်းလို့ မိစ္ဆာဝါဒီတို့ ကြံဆကြ၏။ ပရမတ္ထအားဖြင့် တစုံတရာဘာမျှမဟုတ်လို့ ဆိုလိုသည်။

ဤသို့ မိစ္ဆာဝါဒီတက္ကိုတို့ကြံဆအပ်သော ဇီဝတ္တ, ပရမတ္တနှစ်မျိုးလုံးသည်ပင် ယုန်ချိုပုဇွန်သွေး လိပ်အမွေးဆိုသကဲ့သို့ သဘာဝရကောင်း ရှိကောင်းသောတရားမဟုတ်၊ ပညတ်မျှခေါ်ဝေါ်ပြောဆိုရုံမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် 'သဗ္ဗေ ဓမ္မာ အနတ္တာ' လို့ ဟောတော်မူ၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ခန္ဓာငါးတန်နိဗ္ဗာန်ပညတ်တရားတို့သည်။ အနတ္တာ၊ မအိုမသေ အမြဲနေနိုင်သော အတ္တ=ငါမဟုတ်ကုန်။

သဒ်္ဒါရာလို့ မဟောပဲ ဓမ္မာလို့ ဟောသည်ကား နိဗ္ဗာန်ပညတ်ပါထည့်သွင်း၍ ယူစေလို့၏ဟု ဖွင့်ကြ၏။

သဗ္ဗေ ဓမ္မာတိ နိဗ္ဗာနမ္ပိ အန္တောကတ္వာ ဝုတ္တာ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

တတ္ထ သဗ္ဗေ ဓမ္မာတိ ပဉ္စက္ခန္ဓာ ဧဝ ဘာသိတာ။ (ဓမ္မပဒ-အဋ္ဌ ဒု-၂၅၆)

အတ္တဝါရေ ကသိဏာဒိပဏ္ဏတ္တိသင်္ဂဟတ္ထံ သဒ်္ဒါရန္တိ အဝတ္ဝာဝ "ကိဉ္စိ ဓမ္မန္တိ" ဝုတ္တံ။ (ဥပရိအဋ္ဌ ၇၁)

အနိစ္စာ သဗ္ဗေ သဒ်္ဒါရာ၊ ဒုက္ခာနတ္တာ စ သဒ််တာ။
နိဗ္ဗာနဉ္ဉေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။
(ပရိဝါပါဠိတော် သမုဋ္ဌာနသီသ)

နိဗ္ဗာန်ကိုကား သဘောတရားမရှိသော ငါ-ငါကောင်မဟုတ်သော ကြောင့် အနတ္တာဆိုသည်၊ ပညတ်ကိုကား အတ္တ ငါ-ငါကောင်မှတပါး ဖြစ်သောကြောင့် အနတ္တာဆိုသည်။

အတ္တ=ငါ-ငါကောင်လို့စွဲယူကြသော အရာကို သဘာဝအားဖြင့် ဘာမျှ မရှိ၊ ပညတ်မျှသာ ဖြစ်သည်ဆိုသော်လည်း ဝိညာဏကွန္ဓာတပါးတည်း ဝေဒနာကွန္ဓာတပါးတည်းကိုဂုဏ်း စွဲယူရာရောက်၏၊ စွဲယူသော်လဲ အဟုတ် အမှန်မဟုတ်၊ သာတိမည်သော ရဟန်းသည် ဝိညာဉ်ကို မအို မသေ အမြဲတည်နေသော အတ္တလို့ စွဲယူမှား၏။

သစ္စကပရဗိုဇ်ကြီးသည် ခန္ဓာငါးပါးလုံးကိုပင် မအိုမသေ အမြဲတည်နေသော အတ္တလို့ စွဲယူမှား၏။

မိစ္ဆာယူသမား အညတိတ္ထိယများသည် သူရူးကဲ့သို့ ဟုတ်ဟုတ်ငြားငြား စွဲယူကာထားသောကြောင့်ဂုဏ်း ပရဝါဒီတို့၏ ဝါဒသည် သူရူး၏ တောင်းနှင့် တူသောကြောင့်ဂုဏ်း ပညတ်ကိုလည်း အတ္တ=ငါ-ငါကောင်လို့ စွဲယူကြ၏။ လူတို့၏ခန္ဓာကိုယ်ကိုလည်း အတ္တ=ငါ-ငါကောင်လို့ စွဲယူကြ၏။

ဣဓ ရူပကာယသီသေန မနုဿတ္တဘာဝံ အတ္တာတိ ဝဒတိ။
(သမ္မောဒနီကထာ)

ခန္ဓပဉ္စကံ တဒေကဒေသော ဝါ အတ္တဝါဒီဟိ အတ္တာတိ ပရိကပ္ပိ-
ယတိ။ (မဟာဋီကာ)

ဣဓ၊ ဤအရာဌာနတွင်။ ရူပကာယသီသေန၊ ရူပကာယအဦးပြုသဖြင့်။ မနုဿတ္တဘာဝံ၊ လူရဲ့အတ္တဘောကို။ အတ္တာတိ၊ ငါ-ငါကောင်ဟူ၍။ ဝဒတိ၊ ဆို၏။ ခန္ဓပဉ္စကံ ဝါ၊ ခန္ဓာငါးပါး အပေါင်းကိုဂုဏ်း။ တဒေကဒေသော ဝါ၊ ထို့ခန္ဓာတွင် အစိတ်အပိုင်းဖြစ်သော ခန္ဓာကိုဂုဏ်း။ အတ္တဝါဒီဟိ၊ အတ္တဝါဒီ ပုဂ္ဂိုလ်တို့သည်။ အတ္တာတိ၊ ငါကောင် ငါကောင်ဟူ၍။ ပရိကပ္ပိယတိ၊ ကြံဆ အပ်၏။

လောကီကျမ်းဆရာတို့ အတ္တ ငါ-ငါကောင်ကို ကာရက ဝေဒကစသည် ဖြင့် ယူကာထားကြသော်လည်း ပရမတ္ထသဘာဝကို ထုန်းပြတဲ့ ဝိဇ္ဇမာန ပညတ္တိသဒ္ဒါကို ဝိဂြိုဟ်ပြုရာတွင် ဝိတက္ကနံ ဝိတက္ကော လို့ ပြု၊ ကြံခြင်း ကြံယာဆိုသည်မှာ ဝိတက်ဟုဆိုအပ်သော မိမိ၏ အကြောင်းတို့ကြောင့်

ဖြစ်ပေါ်လာခြင်းမျှကိုသာ ဆိုသည်၊ ပြုလုပ်တတ် ခံစားတတ်သော ကာရက, ဝေဒကစသော အတ္တကောင်မဟုတ်ပါ၊ တောင့်တ၍ ရခြင်းမှ ကင်းသည်ကို ပြရခြင်း အကျိုးရှိ၏၊ တစုံဘရာ ဘာမျှ မပြုလုပ်တတ် မခံစားတတ်ဟု ဆိုလိုသည်။

ကတ္တုကရဏသာဓနဝိဂြိုဟ် ပြုဆိုခြင်းတို့ကား သဘာဝတရားမှတပါး ပုဂ္ဂလ ကတ္တား ကရိဏ်းမရှိ၊ သဘာဝတရားသာ ကတ္တား ကရိဏ်း ဖြစ်သည်လို့ ပြရခြင်း အကျိုးရှိ၏၊ ကတ္တား ကရိဏ်းတို့ဖြင့် သဘောတရားကို ထင်ရှားအောင် ပြသည်ဆိုလိုသည်။

တဿ ပန ဝသဝတ္တိဘာဝနိဝါရဏတ္ထံ ဝိတက္ကနံ ဝါတိ ဘာဝ-
နိဒ္ဒေသော။ (အဋ္ဌသာလိနီ မူလဋီကာ)

အနုဋီကာဌီကား အကျယ်ဖွင့်၏။ ထို့ကြောင့် မိစ္ဆာဝါဒီတို့၏ စွဲယူကြတဲ့ အတ္တ ငါ-ငါကောင်ကား ဘာမျှမဟုတ်လို့ ဆိုလိုသည်။

သဘာဝတရားမျှားတွင် သတ္တဝါ ဇီဝအတ္တမဟုတ်သည်ကို အနတ္တ၊ အနတ္တလက္ခဏသုတ်စသော သုတ္တန်ပါဠိတော် ဓမ္မသင်္ဂဏီစသော အဘိဓမ္မာပါဠိတော်တို့ဖြင့် ပယ်ထား၍ သိရာသတည်း။

နိယံဆရာမျှားလည်း ဘာဝဝစနတ်၊ ပရမတ်၊ ဆတ်ဆတ်ရအပ်စ္စာ။
ကတ္တုကရဏ၊ ပြုတုံက၊ မုချမယူရာ။

လို့ မိန့်ကြ၏။

မိစ္ဆာဝါဒီတို့ အမျိုးမျိုး ကြံဆ၍ယူကြသော မအို မသေ အခါခပ်သိမ်းတည်နေသော အတ္တအမျိုးမျိုးကိုကား ဟုတ်-မဟုတ် စိစစ်ဖွယ်မရှိ၊ လျစ်လျူရှုခြင်းကသာ ကောင်းမြတ်သော အကျင့်ဖြစ်သည်လို့ မူလဋီကာ မဟာဋီကာတို့၌ မိန့်ဆိုကြသောကြောင့် အရေးမယူ လျစ်လျူရှု၍ ထားရာသတည်း။

အနတ္တာ-ပုဒ်တွင်ကား နတ္ထိ အတ္တာ ဇေသာတိ အနတ္တာ·လို့ပြု။ ဇေသ၊ ဤ စကွာစသော ရုပ်နာမ်အား။ အတ္တာ၊ မိမိအလိုသို့ သူတပါးက လိုက်တဲ့သဘော သူတပါးအလိုသို့ မိမိက လိုက်တဲ့သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

ဆိုလိုသည်မှာ အဆင်းရှုပါရုံ၏ ထင်လာပေါ်လာရာဖြစ်တဲ့ မဟာဘုတ်ကို ကြည်စေတဲ့ စက္ခုသည် မိမိသဘောကိုဆောင်လျက် ဖြစ်ပျက်ကာ နေရသောကြောင့် မိမိအလိုသို့ သောတ-စသော တပါးသောရုပ်နာမ်က လိုက်တဲ့သဘော, သောတ-စသော တပါးသော ရုပ်နာမ်အလိုသို့ မိမိကလိုက်နိုင်တဲ့သဘောမရှိရကား အနတ္တာသာ ဖြစ်သည်ဆိုလိုသည်။

အကြောင်းကြောင့် ပေါ်လာရသော သင်္ခတ ရုပ်နာမ်များသည် ယခုပြတဲ့ အနတ္တာမျိုးသာ ဖြစ်သည်ဟု မှတ်ရာ၏။

ဤအနတ္တာဖြင့် သယံဝသီ-စသော အတ္တပရမတ္တများကို အတ္တာမဟုတ်လို့သိစေ၏။ ဤမြန်မာပြန်တွင် အတ္တာသည် သဘောကို ဟော၏။

နတ္ထိ တေဿ ဝသဝတ္တိကောတိ ဣမိနာ နတ္ထိ တေဿ အတ္တာတိ အနတ္တာ ဣမမတ္ထံ ဒဿေတိ။ (အနုဋီကာ)

အတ္တာသဒ္ဒါသည် ခန္ဓာငါးပါးအပေါင်းတည်းဟူသော အတ္တာဘောကိုယ်ကို ဟောတယ်လို့ ယူခဲ့အုံ၊ "အတ္တာ၊ မအိုမသေ အခါခပ်သိမ်း တည်နေသော ကိုယ်သည်။ နတ္ထိ၊ မရှိ" လို့ ပြန်ဆိုပါ။ စက္ခု-စသော သင်္ခတရုပ်နာမ်များသည် တလှုပ်လှုပ်တစ္ဆက်စ္ဆက် ဖြစ်ပျက်လျက် နေကြသောကြောင့် နိဝါသီ ကာရက ဝေဒက-စသော အမြဲတည်နေနိုင်တဲ့ ကိုယ်နှစ် မရှိရကား အတ္တာမဟုတ်၊ အနတ္တာသာဖြစ်သည် ဆိုလိုသည်။

အတ္တာသဒ္ဒါသည် ပရမတ္တာကို ဟောတယ်လို့ ယူခဲ့အုံ၊ "အတ္တာ၊ လောကကိုဖန်ဆင်းနိုင်သော ပရမတ္တာဘုရားသည်။ နတ္ထိ၊ မရှိလို့" ပြန်ဆိုပါ။ သင်္ခတ ရုပ်နာမ်များသည် ပရမတ္တ ဘုရားမဟုတ်၊ အနတ္တာသာဖြစ်သည် ဆိုလိုသည်။

အတ္တာသဒ္ဒါသည် အတ္တင်းကျ မိမိကိုယ်ကို ဟောတယ်လို့ ယူခဲ့အုံ၊ "အတ္တာ၊ မိမိကိုယ်သည်။ နတ္ထိ၊ မရှိလို့" ပြန်ဆိုပါ။ သင်္ခတ ရုပ်နာမ်များသည် အတ္တာမိမိကိုယ် မဟုတ်၊ အနတ္တာသာ ဖြစ်သည်ဆိုလိုပါသည်။ ဤအလို သင်္ခတရုပ်နာမ်များတွင် အနတ္တာ၊ အလိုလိုက်တဲ့သဘော တောင့်တလို့ရတဲ့သဘော မရှိ။

၁။ အနတ္တာ၊ မအိုမသေ အမြဲတည်နေသောကိုယ် မရှိ။

၂။ အနတ္တာ၊ မအိုမသေ အမြဲတည်နေသော ကို့ကိုယ် မရှိ။

၃။ အနတ္တာ၊ လောကကို ဖန်ဆင်းနိုင်သော ပရမတ္တဘုရား မရှိလို့ ပုတီးစိတ်ရာ၏။

တနည်း နာ အတ္တာ အနတ္တာလို့ ပြု၊ အတ္တမဟုတ်တဲ့ အနတ္တကို ကောက်ယူ။

နာပိ ဣဒံ ဝသဝတ္တကန္တိ ဣမိနာ ပန နာ အတ္တာတိ အနတ္တာ။

(အနုဋ္ဌီကာ)

အတ္တာ၊ ဒေးလိုလိုက်တဲ့သဘော, တောင့်တလို့ရတဲ့သဘောသည်။ နာ၊ မဟုတ်။ အနတ္တာ၊ မအိုမနာ မသေရန် တောင့်တလို့ရတဲ့သဘော မဟုတ်။

အတ္တာ၊ မအိုမသေ အမြဲတည်နေနိုင်သော ကိုယ်သည်။ နာ၊ မဟုတ်။ အနတ္တာ၊ ကိုယ် မဟုတ်။

အတ္တာ၊ ကိုဝ့်ကိုယ်သည်။ နာ၊ မဟုတ်။ အနတ္တာ၊ ကိုဝ့်ကိုယ် မဟုတ်။

အတ္တာ၊ လောကကိုဖန်ဆင်းနိုင်သော ပရမတ္တဘုရားသည်။ နာ၊ မဟုတ်။ အနတ္တာ၊ လောကကို ဖန်ဆင်းနိုင်သော ပရမတ္တဘုရားမဟုတ်။

အနတ္တာ မြန်မာပြန်ရာတွင် ယသတ်နှင့် မကိုယ်ရ၊ ဝသတ်နှင့် ကိုဝ်ရ မည်ဟု ရေးကြ၏။

အနတ္တာ၊ ငါ့ကိုဝ်ငါ့ကိုဝ်ဟု ပြောဆိုသမှု အတွင်းပြုထိုက်သော တရား မဟုတ်လို့ ပြန်ဆိုမှ မှန်သည်ဟုလည်း ရေးကြ၏။ သို့သော် မိစ္ဆာဝါဒီတို့ ပုံသေ မုချအားဖြင့် မိမိကိုယ်ကိုသာ အတ္တာလို့စွဲယူသည်မဟုတ်၊ အားလုံးနှင့်ဆိုင်သော ကိုယ်မှစ၍ စွဲလိုရာစွဲယူကြသောကြောင့် ယသတ်ကိုယ်လိုက ကိုယ်, ဝသတ်ကိုဝ်လိုက ကိုဝ် မှန်သည်လို့သာမှတ်ရာ၏။

ယခု ရဆ ဖြစ်ဆဲရုပ်တရားသည် တောင့်တ၍မရ အလိုကျမဟုတ်သော သဘောအားဖြင့် အနတ္တ, အနတ္တ။

ယခု(ပ)သည် မအိုမသေ အမြဲတည်နေနိုင်သော ကိုယ်မဟုတ်သော အားဖြင့် အနတ္တ, အနတ္တ။

ယခု(ပ)သည် မအိုမသေ အမြဲတည်နေနိုင်သော ကိုဝ့်ကိုယ် မဟုတ်သောအားဖြင့် အနတ္တ, အနတ္တ။

ယခု(ပ)သည် လောကကို ဖန်ဆင်းနိုင်သော ပရမတ္တဘုရားမဟုတ်သောအားဖြင့် အနတ္တ, အနတ္တ။

အတိတ်ဘဝရုပ်တရားလည်း အနတ္တ, အနတ္တ၊ အနာဂတ်ဘဝ ရုပ်တရားလည်း အနတ္တ, အနတ္တ။ ။ဤကား လက္ခဏဝဝတ္ထာပန မှတ်ပုံတည်း။

ယခုဖြစ်ဆဲရဆဲရုပ်တရားသည် မိစ္ဆာယူမှား တိတ္ထိများတို့သည် ကြုံဆအပ်သော မအိုမသေ အမြဲတည်နေနိုင်သော အတ္တန္နစ်မှကင်းသောကြောင့် အတ္တမဟုတ် အနတ္တ, အနတ္တ။

အတိတ်ဘဝရုပ်တရားလည်း အတ္တမဟုတ် အနတ္တ, အနတ္တ၊ အနာဂတ်ဘဝရုပ်တရားလည်း အတ္တမဟုတ် အနတ္တ, အနတ္တ။ ။ဤကား ဟေတုဝါရမှတ်ပုံတည်း။

ဟေတုပတိဋ္ဌာပနမှတ်ပုံကား ရှေးနည်းအတူတည်း။

အဇ္ဈတ္တစသော ရုပ်များတွင်လည်း သမ္မသန ဆုံးဖြတ်ပုဒ်းများမှုကို လေ့လာရာ၏။ နာမကွန္ဓာ လေးပါးတို့၌လည်း နည်းတူဆုံးဖြတ် ပုဒ်းများမှုကို လေ့လာရာ၏။

ရုပ်တဆဲ့တပါးတွင် ဝိပဿနာသုံးပါးစီဖြစ်၍ သမ္မသနဉာဏ် ၃၃-ပါး၊ နာမကွန္ဓာလေးပါးတွင်လည်း ၃၃-ပါးစီဖြစ်၍ ၁၃၂-ပါး၊ ပေါင်းသော် ၁၆၅-ပါးဖြစ်၏။ အပြားမဲ့ ခန္ဓာငါးပါးတွင် ၃-ပါးစီဖြစ်၍ ၁၅-ပါး၊ ပေါင်းသော် ၁၈၀-ဖြစ်၏။ အဘေဒကား ကေစိအလိုတည်း။

ဝါရအားဖြင့် မြောက်ပုဒ်းသည်ရှိသော် ရုပ်တဆဲ့တပါးတို့တွင် ပစ္စုပ္ပန်ရုပ် အနိစ္စာနုပဿနာတွင် ဝါရသုံးပါး, ဒုက္ခာနုပဿနာတွင် ဝါရသုံးပါး, အနတ္တာနုပဿနာတွင် ဝါရသုံးပါးဖြစ်၍ သမ္မသနဉာဏ် ၉-ပါးဖြစ်၏၊ ရုပ် ၁၁-ပါးကို ၉-ဖြင့်မြောက်ပုဒ်းသော် (၉၉) ပါးဖြစ်၏၊ ၉၉ ကိုခန္ဓာငါးပါးဖြင့် မြောက်ပုဒ်းသော် (၄၉၅)ပါးသော သမ္မသနဉာဏ်တို့သည် ဖြစ်ကုန်၏၊ ဒုါရခြောက်ပါး စသော သမ္မသနူပဂတရားတို့၌ မြောက်ပုဒ်းသော် များစွာ ပြားလေရာ၏။

၁။ တရာ့ခြောက်ဆယ်၊ ငါးခုကြွယ်၊ မှတ်ဖွယ်သမ္မသနဉာဏ်။

၂။ ကေစိဆရာ၊ ဆဲ့ငါးသာ၊ တိုးလာသမ္မသနဉာဏ်။

၃။ လေးရာ့ကိုးငါး၊ ဝါရပွါး၊ မှတ်သားသမ္မသနဉာဏ်။

၄။ ခန္ဓာဌ်သာ၊ ရေတွက်ရာ၊ ပေါ်လာသမ္မသနဉာဏ်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ပဋိစ္စသမုပ္ပါဒ်အနုလုံပဋိလုံတို့၏ အစွမ်းဖြင့် ဖြစ်သင့် ဖြစ်ထိုက်သောသမ္မသနဉာဏ်ကို ပရိယာယ်အားဖြင့် ဟောထား သော်လဲ ကလာပသမ္မသနဉာဏ်မဟုတ်၊ ဓမ္မဋ္ဌိတိဉာဏ်သာဖြစ်သောကြောင့် မဖော် ပြပေ။

(တော)လေးဆယ်

ဝိပဿကယောဂီအား ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တလို့ ဆုံးဖြတ်ပိုင်းခြား ပွါးများသော သမ္မသနဉာဏ် အားရှိ အားကောင်း၍ မြဲမြန်ခိုင်ခံ့ရန်အကျိုးငှါ ပဥ္စက္ခန္ဓေ အနိစ္စတောစသော တောလေးဆယ် ဘာဝနာလေးဆယ်တို့ကို ဘုန်းတော်ကြီးဘုရားဟော ကြားတော်မူသည်တို့တွင် အနိစ္စတော စသော အနိစ္စာနုပဿနာဆယ်ပါး, ဒုက္ခတော စသော ဒုက္ခာနုပဿနာ ၂၅-ပါး, ပရတော စသော အနတ္တာ-နုပဿနာငါးပါး၊ ဤလေးဆယ်သော အနုပဿနာတို့ဖြင့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို ဆုံးဖြတ်ပိုင်းခြား ပွါးများရာ၏။

အနိစ္စာနုပဿနာ (တော)ဆယ်ပါး

အနိစ္စတော ပလောကတော စလတော ပဘင်္ဂတော အဓုဝတော ဝိပရိဏာမဓမ္မတော အသာရကတော ဝိဘာဝတော သဉ်္ခတတော မရဏဓမ္မတော။

ဒုက္ခာနုပဿနာ (တော) နှစ်ဆဲငါးပါး

ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ဣတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော အတာဏတော အလေဏတော အသရဏတော အာဒီနဝတော အဃမူလတော ဝဓကတော သာသဝတော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော သောကဓမ္မတော ပရိဒေဝဓမ္မတော ဥပါယာသဓမ္မတော သံကိလေသိကဓမ္မတော။

အနတ္တာနုပဿနာ(တော)ငါးပါး

ပရတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော။
ဤကားပဋိသမ္ဘိဒါမဂ် ဝိသုဒ္ဓိမဂ် သမ္မသနဉဒ္ဒေသတို့၌ လာသော တောလေးဆယ်၊ နိဒ္ဒေသတို့၌ ထူးခြားချိလာ၏။

အနိစ္စာနုပဿနာ(တော)ဆယ်ပါးအနက်

ပဥ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ အနိစ္စတော၊ လျှပ်စစ်ရောင်ပမာပေါ်လာကာပျောက်ကွယ်၍ သွားသောကြောင့် မမြဲသောအားဖြင့်ဝင်း (၀၊) မမြဲဟူ၍ဝင်း (၀၊) ဥပါဒ်ဟုဆိုအပ်သောရှေအစွန်း ဘင်ဟုဆိုအပ်သောနောက်အစွန်းရှိသည်၏အဖြစ်ကြောင့် မမြဲသောအားဖြင့်ဝင်း။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြား၏ (၀၊) ရှုကြည့်၏။ ပလောကတော၊ ကြည့်ချိမကောင်း သနားကြောင်းဖြစ်သော နာခြင်း အိုခြင်း သေခြင်းတို့ဖြင့် ဗရုန်းဗတာလွန်စွာပျက်စီးသောအားဖြင့်ဝင်း ပျက်စီး၏ဟူ၍ဝင်း။ စလတော၊ ကြောက်လန့်ဖွယ်ကောင်းသော နာခြင်း အိုခြင်း သေခြင်းတို့ဖြင့်ဝင်း လာဘ်ရမရစသော အကြောင်းတို့ဖြင့်ဝင်း တုန်လှုပ်တတ်သောအားဖြင့်ဝင်း (၀၊) တုန်လှုပ်တတ်၏ဟူ၍ဝင်း။ ပဘင်္ဂတော၊ လုံ့လနှစ်ပါး သဘောအားဖြင့် ပျက်စီးတတ်သောအားဖြင့်ဝင်း (၀၊) ပျက်စီး၏ဟူ၍ဝင်း။ အဓုဝတော၊ သစ်သီးပမာ အလုံးစုံသော အခိုက်အတန့်တို့၌ ကျရောက် ပျက်စီးတတ်သည်၏ အဖြစ်ကြောင့် မမြဲသောအားဖြင့်ဝင်း (၀၊) မြင်းမိုရ်တောင်ပမာ ခိုင်မြဲစွာသော အနှစ်မရှိသောကြောင့် မမြဲသောအားဖြင့်ဝင်း (၀၊) ဟူ၍ဝင်း။ ဝိပရိဏာမဓမ္မတော၊ အိုခြင်းတထွေ သေခြင်းတဖြာ ဖောက်ပြန်ပျက်စီးရာသော သဘောအားဖြင့်ဝင်း (၀၊) သဘောရှိ၏ ဟူ၍ဝင်း။ အသာရကတော၊ ပျက်စီးလွယ်သော အကာပမာ အနှစ်အသား မပါသောအားဖြင့်ဝင်း (၀၊) အနှစ်အသားမပါဟူ၍ဝင်း။ ဝိဘဝတော၊ အဘန့်တူသော သဘာဝအကြောင်း၏ ပျက်စီးသောအားဖြင့်ဝင်း (၀၊) ပျက်စီး၏ ဟူ၍ဝင်း။ သဒ်တတော၊ ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းတို့သည် ရှေးရှုကောင်းစွာ ပြုပြင်စီရင်အပ်သောအားဖြင့်ဝင်း (၀၊) စီရင်အပ်၏ဟူ၍ဝင်း။ မရဏဓမ္မတော၊ စုတိပြတ်ကြွေ သေခြင်းသဘောအားဖြင့်

၎င်း (၀၂) သေသောသဘောရှိ၏ဟူ၍၎င်း။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြား၏။

ခန္ဓာငါးပါးနှင့်မြောက်သော် အနိစ္စာနုပဿနာ ငါးဆယ်ဖြစ်၏။

ဒုက္ခာနုပဿနာ (တော) နှစ်ဆဲ့ငါးပါး အနက်

ဒုက္ခတော၊ စက်ဆုပ်ဖွယ် အချိုးနှိုးဖြစ်၍မကောင်း ဆင်းရဲပင်ပန်းသော အားဖြင့်၎င်း။ (ဟူ၍အနက်မပြန်ဆိုတော့ပေ) ရောဂတော၊ ကျင်နာကိုက်ခဲရောဂါစဲ့သောအားဖြင့်၎င်း။ ဂဏ္ဍတော၊ ဒုက္ခဒုက္ခ သခ်ၤါရဒုက္ခ ဝိပရိဏာမဒုက္ခတည်းဟူသော ဆူးငြောင့်တို့ စူးဝင်တတ်သောကြောင့် ထွတ်မြင်းနာအိုင်းအမာအားဖြင့်၎င်း (၀၂) မစင်မကြယ် ရှုံစဖွယ်သော ကိလေသာတို့ယိုစီးကာ ကျနေသောကြောင့် ထွတ်မြင်းနာ အိုင်းအမာအားဖြင့်၎င်း (၀၂) ခန္ဓာငါးပါးကိုရခြင်း အိုခြင်း ပျက်စီးခြင်းတို့ဖြင့် ဖူးဖူးရောင်သော ကိုယ်၏ရင့်ကျက်သည်၏အစွမ်းဖြင့် ပျက်စီးတတ်သောကြောင့် ထွတ်မြင်းနာ အိုင်းအမာအားဖြင့်၎င်း။ သလ္လတော၊ နှိပ်စက်ခြင်းကိုပြုတတ် အတွင်း၌ ကျင်နာကိုက်ခဲခြင်းကို ပြုတတ်သဖြင့် နှုတ်ပစ်ရ ခက်ခဲသည်၏ အဖြစ်ကြောင့် စူးဝင်တတ်သော ငြောင့်အားဖြင့်၎င်း။ အဃတော၊ အရိယာတို့သည် မကောင်းမှုအကုသိုလ်ကဲ့သို့ ကဲ့ရဲ့အပ် သတ္တဝါတို့၏ အကျိုးစီးပွါးမဲ့ကို ဖြစ်စေတတ်သော မကောင်းမှုအကုသိုလ်၏တည်ရာဖြစ်၍ဖြစ်သောကြောင့် ဆင်းရဲပျက်စီးသော အားဖြင့်၎င်း။ အာဗာဓတော၊ မိမိအလိုအတိုင်း မဖြစ်နိုင်သောကြောင့် ပြင်းစွာနာသောအားဖြင့်၎င်း (၀၂) နာခြင်း၏ နီးစွာသော အကြောင်းဖြစ်သောကြောင့် ပြင်းစွာနာသောအားဖြင့်၎င်း။ ဤတိတော၊ များစွာသောပျက်စီးခြင်းကို ဆောင်ရွက်တတ်သော ဘေးရန်အားဖြင့်၎င်း။ ဥပဒ္ဒဝတော၊ ကပ်၍နှိပ်စက်တတ် အကျိုးမဲ့ကိုဖြစ်စေတတ်သော မင်းဒဏ်စသော ဘေးရန်အားဖြင့်၎င်း။ ဘယတော၊ ကြောက်မက်ဖွယ်ကောင်းသော မင်းဘေးအစရှိသော အလုံးစုံသော ဘေးအားဖြင့်၎င်း။ ဥပသဂ္ဂတော၊ ဆွေမျိုးပျက်စီးခြင်း စည်းစိမ်ပျက်စီးခြင်း စသည်တို့သည်၎င်း အစ္ဆတ္တသန္တာန်၀ယ် နှိပ်စက်တတ်သော ရာဂအစရှိသော ကိလေသာတို့သည်၎င်း ကပ်ရောက်တတ်သောကြောင့် ဘေးရန်နှင့်တူသောအားဖြင့်၎င်း။ အတာဏတော၊ စောင့်ရှောက်နိုင်ရာကို တောင့်တသဖြင့် ကပ်ရောက်

လာသောပုဂ္ဂိုလ်ကို မစောင့်ရှောက်နိုင်သောအားဖြင့်၎င်း။ အလေဏတော၊ အတွင်းအပန္နစ်ဝသောဘေးရန်တို့ကင်းသွားရန် ပုန်းအောင်းရာမရသော အားဖြင့်၎င်း။ အသရဏတော၊ ဇာတိဇရာဗျာဓိမရဏအစရှိသော ကြောက်မက်ဖွယ်သော ဘေးတို့ကို မပယ်သတ်နိုင်သောအားဖြင့်၎င်း။ အာဒီနဝတော၊ လွန်စွာဆင်းရဲသောလူဆင်းရဲနှင့်တူသောအားဖြင့်၎င်း။ အဃမူလတော၊ မကောင်းမှုအကုသိုလ်၏ အကြောင်းအားဖြင့်၎င်း။ ဝဓကတော၊ ဖြစ်စေအပ်သော အကျွမ်းဝင်ခြင်းကို သတ်တတ်သောအားဖြင့်၎င်း။ သာသဝတော၊ အာသဝေါတရားတို့၏ အာရုံဖြစ်သောအားဖြင့်၎င်း။ မာရာမိသတော၊ မစ္စုမာရ်ကိလေသမာရ်တို့၏ စားဘတ်ဝါးဘတ်ဖြစ်သော အားဖြင့်၎င်း။ ဇာတိဓမ္မတော၊ ကမ်းပါးချောက်ကြီးနှင့်တူ၍ ကြောက်လန့်စရာကောင်းသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကိုရသောသဘောအားဖြင့်၎င်း။ ဇရာဓမ္မတော၊ မီးတောင်ကြီးနှင့်တူ၍ ကြောက်လန့်စရာကောင်းသော သွားကျိုး ဆံဖြူ ရေမူတွန့်လိပ်ခြင်းဟုဆိုအပ်သော အိုခြင်းသဘောအားဖြင့်၎င်း။ ဗျာဓိဓမ္မတော၊ ကျင်နာကိုက်ခဲအနာရောဂါစွဲသောသဘောအားဖြင့်၎င်း။ သောကဓမ္မတော၊ ဆွေမျိုးပျက်စီးခြင်း စည်းစိမ်ပျက်စီးခြင်း စသည်တို့နှင့်၎င်း တစုံတခုသောဆင်းရဲဒုက္ခနှင့်၎င်း တွေ့ကြုံသောပုဂ္ဂိုလ်အား ထက်ဝန်းကျင် အတွင်းမှလှိုက်၍ စိုးရိမ်သောသဘောအားဖြင့်၎င်း။ ပရိဒေဝဓမ္မတော၊ ဆွေမျိုးပျက်စီးခြင်း (ပ)ပုဂ္ဂိုလ်အား ထက်ဝန်းကျင်မှ ပြင်းစွာရင်ကိုထု၍ ငိုကျွေးသောသဘောအားဖြင့်၎င်း။ ဥပါယာသဓမ္မတော၊ ဆွေမျိုးပျက်ခြင်း (ပ) ပုဂ္ဂိုလ်အားသက်ကြီးရွိုက်တငင်ပြင်းစွာပူလောင်ခြင်းဟု ဆိုအပ်သော သဘောအားဖြင့်၎င်း။ သံကိလေသိကဓမ္မတော၊ ပြင်းစွာပူလောင်စေတတ် နှိပ်စက်တတ်သော သံကိလေသာတရားတို့ကို ရထိုက်သောသဘောအားဖြင့်၎င်း။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြား၏ (၀၀) ရှုကြည့်၏။

ဒုက္ခဘာဝနာ (တော) နှစ်ဆဲ့ငါးပါးကို ခန္ဓာငါးပါးနှင့် မြောက်ပွါးသော် တရာနှစ်ဆဲ့ငါးပါးသောဘာဝနာတို့ဖြင့်လဲ ရှုကြည့်ရာ၏။

အနတ္တာနုပဿနာ(တော)ငါးပါးအနက်

ပရတော၊ နိစ္စသုခအတ္တစသည်တို့ဖြစ်ရန် တောင့်တသော်လဲ အလိုမလိုက်သောကြောင့် သူစိမ်းပြင်ပအားဖြင့်၎င်း (၀၀) မအိုမနာမသေစေရန်

စီမံခန့်ခွဲ၍မရသောကြောင့် သူစိမ်းပြင်ပအားဖြင့်ဝင်း။ ရိတ္တတော၊ မိစ္ဆာယူမှားတိတ္ထိအမျှားတို့ကြံစည်အပ်တိုင်းသော ခိုင်မြဲသောအဖြစ် တင့်တယ်သောအဖြစ် ချမ်းသာသောအဖြစ် အမြဲတည်နေနိုင်သော အဖြစ်တို့မှကင်းဆိတ်သောအားဖြင့်ဝင်း။ တုစ္ဆတော၊ နိစ္စနှစ်သုခနှစ်အတ္တနှစ်သုဘနှစ်တို့မှ ကင်းဆိတ်သောကြောင့် အချိုးနှိုးအားဖြင့်ဝင်း။ သုညတော၊ အရှင်ဖြစ်သော သာမိ,မအိုမသေအမြဲတည်နေနိုင်သော နိဝါသီ,ပြုလုပ်တတ်သောကာရက, ခံစားတတ်သော ဝေဒက, စီမံတတ်စီရင်တတ်သော အဓိဋ္ဌာယကတို့မှ ကင်းဆိတ်သောအားဖြင့်ဝင်း။ အနတ္တတော၊ ငါမဟုတ်သောအားဖြင့်ဝင်း (ဝါ) ပုဂ္ဂိုလ် သတ္တဝါမဟုတ်သောအားဖြင့်ဝင်း (ဝါ) သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယကဟူဆိုအပ်သော အတ္တမဟုတ်သောအားဖြင့်ဝင်း။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြား ရှုမှတ်ကာသွား၏။

အနတ္တာနုပဿနာ(တော) ငါးပါးကို ခန္ဓာငါးပါးတို့ဖြင့် မြောက်ပွါး၍ ၂၅-မျိုးသောအနတ္တာနုပဿနာတို့ဖြင့်လဲ ပွါးများအားထုတ်ပါလေ။

ဒုက္ခ၏အခြိုအရုံဖြစ်သော အသုဘာနုပဿနာ(တော)

အဇညတော ဒုဂ္ဂန္ဓတော ဇေဂုစ္ဆတော ပဋိကူလတော အဓဝတ္ထုနဟတတော ဝိရူပတော ဝိဂစ္ဆတော အသုစိတော အမနာပတော။

ပဉ္စက္ခန္ဓေ၊ ငါးပါးသောခန္ဓာတို့ကို။ အဇညတော၊ စိတ်နှလုံးကိုမတိုးပွါးစေသောအားဖြင့်ဝင်း (ဝါ) မတင့်တယ်သောအားဖြင့်ဝင်း။ ဒုဂ္ဂန္ဓတော၊ မကောင်းသောအနံ့အားဖြင့်ဝင်း။ ဇေဂုစ္ဆတော၊ စက်ဆုပ်ဖွယ်အားဖြင့်ဝင်း။ ပဋိကူလတော၊ ရုံရှာဖွယ်အားဖြင့်ဝင်း။ အဓဝတ္ထုနဟတတော၊ တန်းဆာမဆင်ပဲထားသဖြင့် တင့်တယ်သည်၏အဖြစ်ကို ပယ်ခြင်းငှါစွမ်းနိုင်သောအားဖြင့်ဝင်း (ဝါ) တန်းဆာဆင်သဖြင့်တင့်တယ်သည်ကို မသတ်နိုင်သောအားဖြင့်ဝင်း။ ဝိရူပတော၊ စိတ်မချမ်းသာလောက်အောင် အလှန်ဖောက်ပြန်သောအားဖြင့်ဝင်း။ ဝိဂစ္ဆတော၊ ကျင်ကြီးကို စွန့်သကဲ့သို့စွန့်အပ်သောအားဖြင့်ဝင်း။ အသုစိတော၊ မစင်မကြယ် ရှုစဖွယ်အားဖြင့်ဝင်း။ အမနာပတော၊ စိတ်နှလုံးကို မတိုးပွါးစေသောအားဖြင့်ဝင်း။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြား(ဝါ) ရှုကြည့်၏။

ဤသို့ဆုံးဖြတ်ပိုင်းခြားပုံဂါးမျာခြင်းကြောင့် ဉာဏ်ထက်သော တိက္ခိန္ဒြိယ-ပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် အသစ်အသစ်ပေါ်လာမှုဥဒယ, ပျောက်ကွယ်သေဆုံးမှုဝယကိုသိသောဉာဏ်ပေါ်လာလိမ့်မည်၊ ဥဒယဗ္ဗယဉာဏ်ပေါ်လာလျှင် နယဝိပဿနာပြည့်စုံပါတော့၏။

ဥဒယဗ္ဗယဉာဏုပ္ပတ္တိ ဟိ ဣမ နယဝိပဿနာယ သမ္မဒဇနန္တိ အဓိပ္ပေတံ။ (မဟာဋီကာ)

တောလေးဆယ်တို့ဖြင့် ပဋိးများအပ်သော အစီအရင်သည် အနုလောမ-ဉာဏ်တွင်သာ ပဋိးများအပ်သောအစီအရင်ဖြစ်ပါလျက် ဤအရာတွင် အဘယ့်ကြောင့် ပဋိးများရမည်လို့ ဆိုသနည်း။

ဤအခါကစ၍ ပဋိးများအားထုတ်အပ်သော အလေ့အကျင့်ရှိသော ပုဂ္ဂိုလ်အားသာလျှင် ကိစ္စကိုဆောင်ရွက်နိုင်ပါသည်၊ ထို့ကြောင့် ဤအရာတွင် ဆုံးဖြတ်ပဋိးများရမည်လို့ ဆိုလေသည်။

ဤမျှသောအစဉ်ဖြင့် တရားအပေါင်းတို့ကို ရုံးစု၍ နယအားဖြင့် ဆုံးဖြတ်ပိုင်းခြား ပဋိးများအားထုတ်ပုံ အစီအစဉ်သာ ဖြစ်သည်၊ အနုပဒဓမ္မ-ဝိပဿနာမဟုတ်၊ ဤပုံ နယဝိပဿနာဖြင့် ဆုံးဖြတ်ပဋိးများအားထုတ်မှုကို ပြုသော်လဲအဖြစ်အပျက်ကိုမမြင်နိုင်၊ နယဝိပဿနာမပြည့်စုံတဲ့ နုံသော ဣန္ဒြေရှိသောယောဂီသည် —

၁။ ခဏခဏဖြစ်ကြသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ အစစ္ဆာ အသစ်ဖြစ်ပေါ်မှု ဥဒယကို ရှုကြည့်ပြီးလျှင် ဥဒယကို လွှတ်ထားကာ ပျောက်ကွယ်သေဆုံးမှု ဘင်ကိုသာ ကြည့်ရှုရခြင်း။

၂။ ပျောက်ကွယ်သေဆုံးမှုကိုကြည့်ရှုသည်ရှိသော် ဝိပဿနာပေါ်လာအောင်အရိုအသေပြုရခြင်း။

၃။ ဝိပဿနာဉာဏ်ပေါ်လာအောင် မပြတ်ဖြစ်နေအောင် လွန်စွာအားထုတ်ရခြင်း။

၄။ အာဝါသအစရှိသောခုနစ်မျိုးသောသပ္ပါယတို့ကို မှီဝဲရခြင်း။

၅။ ဝိပဿနာသမာဓိဖြစ်ပုံအခြင်းအရာကို မှတ်ကာ သမာဓိအာရုံကို ယူရခြင်း။

၆။ ဘာဝနာစိတ်တွန့်တိုဆုတ်နစ်၍ ပျင်းရိသောအခါ ပီတိ ဝိရိယ-ဓမ္မဝိစယ သမ္ဗောဇ္ဈင်တို့ကို တိုးပွါးစေရခြင်း။

၇။ တုန်လှုပ်ပျံလွှင့်သောအခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို တိုးပွါးစေခြင်း။

၈။ ခွေးသေကောင် ကြိုးသေကောင်ပုပ်မျှားဌ ငဲ့ကွက်ခြင်းမရှိသကဲ့သို့ မစင်မကြယ် ရုံစဖွယ်သောမိမိကိုယ်ဌ မငဲ့ကွက်သောစိတ်ကို ဖြစ်စေရခြင်း ရန်သူဌ ငဲ့ကွက်ခြင်းမရှိသကဲ့သို့ မိမိအသက်ဌ မငဲ့ကွက်သောစိတ်ကိုဖြစ်စေရခြင်း ကိုယ်စိတ်နှစ်ပါးကို မငဲ့ကွက်ပဲ ဣန္ဒြေတို့ကို ထက်မြက်စေလျက် ဆင်းရဲဒုက္ခဟူသမျှကို သည်းခံကာ ဘာဝနာကိုဖြစ်စေရခြင်း။

၉။ အလိုရှိအပ်သောဘာဝနာမပြီးမီ မတွန့်တိုမဆုတ်နစ်ရခြင်း။

ဤကိုးမျိုးသော အခြင်းအရာတို့၏ အစွမ်းဖြင့် ဣန္ဒြေတို့ကို ထက်မြက်စေ၍ အသပ္ပါယတို့ကို ရှောင်ကြဉ်ကာ သပ္ပါယတို့ကို မှီဝဲလျက် ရုံခါရုပ်ကို ရူပသတ္တက, ရုံခါနာမ်ကို အရူပသတ္တကတို့၏ အစွမ်းဖြင့် ဆုံးဖြတ်ပိုင်းခြား ပွါးများရာသတည်း။

ဣန္ဒြေတို့ကို ထက်မြက်စေရာပါတယ်ဆိုသည်မှာ သိမ်မွေ့လှသောပုလဲသန္ဆာစိန်ကျောက်တို့ကို ဖောက်ထွင်းရာဝယ် အလွန်သိမ်မွေ့နူးညံ့လှသောစူးကို အလိုရှိရသကဲ့သို့ ထို့အတူ သိမ်မွေ့နူးညံ့လှသော ရုပ်နာမ်နှစ်ပါး အကြောင်းမျှားသိမ်းဆည်းရာတွင် ထက်မြက်လှသောဉာဏ်ကို အလိုရှိရာတယ်ဆိုလိုသည်။

ထိုရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ခယဝယ ကုန်ခန်းပျောက်ကွယ်သေဆုံးမှုကို ရှုကြည့်ရာတွင်လဲ ထက်သည်ထက် ထက်သောဉာဏ်ကို အလိုရှိရပါတယ်၊ ထားသွေးကျောက်ကောင်းကောင်းတွင် ထားသွား ပုဆိန်သွားတို့ကို ထက်မြက်စူးရှအောင် သွေးထားရသကဲ့သို့ ဣန္ဒြေတို့ကို ထက်မြက်ခြင်းသို့ ရောက်စေလျက် ဉာဏ်ကိုလွန်စွာထက်မြက်အောင် သွေးထားရာတယ်ဆိုလိုသည်။

ရူပါရူပဓမ္မာနံ အစ္စန္တဝိဓုရတာယ ကေစ္စံ အသမ္မသိတဗ္ဗတ္တာတထာ သမ္မသနဿ စ ဣဓ အနဓိပ္ပေတတ္တာ “ကာလေန ရူပံ သမ္မသိတဗ္ဗံ၊ ကာလေန အရူပ”န္တိ ဝုတ္တံ။ တတ္ထာပိ စ ရူပဿ ဩဠာရိကတာယ သုဝိညေယျတ္တာ ပဌမံ သမ္မသိတဗ္ဗတာ ဝုတ္တာ။

ရုပ်နာမ်နှစ်ပါးတရားတို့၏ ရုပ္ပနနမနသဘောအားဖြင့် အမှန်ဆန့်ကျင်သောကြောင့်၎င်း ရုပ်နှင့်နာမ်ကို တပေါင်းတည်းကြည့်ရှုပွါးများခြင်းကို ဤအရာတွင် အလိုမရှိအပ်သောကြောင့်၎င်း ရံခါရုပ်ကို ရံခါနာမ်ကို ပွါးများရမည်လို ဆိုခဲ့သည်။

ထိုရုပ်နာမ်နှစ်ပါးတို့တွင် ရုပ်ကား အလွန်ကြမ်းတမ်းထင်ရှားသောကြောင့် သိလွယ်ပါသည်၊ ထို့ကြောင့် ရုပ်ကို အစစ္ဓာ ပွါးများမှကိုပြုရာ၏။

ရုပ်ကို ဆုံးဖြတ်ပိုင်းခြား ပွါးများသော ယောဂီသည် ရုပ်၏ ဖြစ်ပေါ်ပုံကို ကြည့်ရှုရာသည်။ ကြည့်ရှုသောအခါ အစစ္ဓာ ပါဠိတော်နည်းကို အစဉ်မှီးသဖြင့် အနုမာန မျက်ယမ်းဆသောအားဖြင့် ရှုကြည့်ရာ၏။ အစစ္ဓာမျက်မှောက်ရုပ်ရဲ့ အဖြစ်အပျက်ကို မမြင်နိုင်သောကြောင့် ပါဠိတော်လာတိုင်း ကြားနာမှတ်သား၍ သိပြီးသောသုတမယဉာဏ်ဖြင့် မျက်ယမ်းဆ၍ အရမ်းပွါး ပွါးပါဆိုလိုသည်။ ထိုသို့ ပွါးများသည်မှ နောက်ကာလ အစဉ်သဖြင့် ဘာဝနာဉာဏ် ထက်သန်အားရှိလာသော် မျက်မှောက်ကိုယ်တွေ့တွေ့ရပါလိမ့်မည်။

> နိဗ္ဗတ္တိ ပဿိတဗ္ဗာတိ ပဌမံ တာဝ အာဂမာနုသာရတော အနုမာနဝသေန ဒဋ္ဌဗ္ဗာ၊ တတော ပရံ အနုက္ကမေန ဗလပ္ပတ္တော ဘာဝနာဉာဏော ပစ္စက္ခတောပိ ဒိဿတိ။ (မဟာဋီကာ)

နိဗ္ဗတ္တိ ပဿိတဗ္ဗာတိ၊ သည်ကား။ ပဌမံ တာဝ၊ အစစ္ဓာ။ အာဂမာနုသာရတော၊ ပါဠိတော်သို့ အစဉ်လျောက်သောအားဖြင့်။ အနုမာန်ဝသေန၊ မျက်ယမ်းဆသည်၏ အစွမ်းဖြင့်။ ဒဋ္ဌဗ္ဗာ၊ ကြည့်ရှုအပ်၏။ တတော၊ ထို့သို့ ကြည့်ရှုသည်မှ နောက်ကာလ၌။ အနုက္ကမေန၊ အစဉ်သဖြင့်။ ဘာဝနာဉာဏော၊ ဘာဝနာဉာဏ်သည်။ ဗလပ္ပတ္တော၊ အားအစွမ်းသို့ ရောက်သည်ရှိသော်။ ပစ္စက္ခတောပိ၊ မျက်မှောက်အားဖြင့်လည်း။ ဒိဿတိ၊ ထင်နိုင်၏။

ရုပ်ဖြစ်ပေါ်ပုံကို မြင်ခဲ့သော် ရုပ်နာမ်ဓမ္မဖြစ်ပေါ်ခြင်း၏ တိုတောင်းလျင်မြန်သော ကာလရှိခြင်း ပျောက်ကွယ်သေဆုံးမှု ဘင်ကိုလည်းမြင်မည်။

> ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂံပိ ဒိဋ္ဌောယေဝ ဟောတိ ဣတ္တရကာလတ္တာ ဓမ္မပဝတ္တိယာ။ (မဟာဋီကာ)

ရုပ်၏ဖြစ်ပေါ်ပုံကို ဘယ်ပုံရှုကြည့်ရမည်နည်း

ဤရုပ်တရားကား အဝိဇ္ဇာ တဏှာ ကံ အာဟာရဆိုတဲ့ လေးပါးသော အကြောင်းကြောင့် ဖြစ်ပေါ်လာ၏။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း ကလာပ်သုံးစီး ရုပ်ပေါင်း ဆုံးဆယ်စသော ကမ္မဇရုပ်အစဉ်တို့သည် ကံကြောင့် ဖြစ်ပေါ်လာကြကုန်၏၊ ဥတုဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်အစဉ်တို့သည်လည်း မိမိတို့ အကြောင်းများကြောင့် ဖြစ်သင့်သောခဏ၌ ဖြစ်ပေါ်လာကြကုန်၏။

ဤနာမ်တရားမည်သည်ကား ရှေးဘဝတုံင် အားထုတ်ခဲ့သောကံရဲ့စွမ်းရည်သတ္တိကြောင့် ပဋိသန္ဓေအခါတခုယုတ်နှစ်ဆယ်သော ပဋိသန္ဓေစိတ်များ ဖြစ်ပေါ်ကာလာ၏၊ ပဝတ္တိအခါ မျက်စေ့အကြည့်, အဆင်း ရူပါရုံ, အာလောက, မနသိကာရ အကြောင်းများကြောင့် စက္ခုဝိညာဉ်သည် ယှဉ်ဖက် စေတသိက်တို့နှင့်တကွ ဖြစ်ပေါ်ကာလာ၏။ ဤသို့ စသည်ဖြင့် ရုပ်နာမ်အစဉ်တို့၏ ဖြစ်ပေါ်ပုံကို ကြည့်ရှုရာ၏။

ဤသို့စသည်ဖြင့် ကြည့်ရှုပွါးများ၍ ဥဒယဗ္ဗယဉာဏ်ကိုရသောအစဉ်ဖြင့် အားထုတ်သော အခ္ခိုသောယောဂီသည် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာ ဖြစ်နိုင်၏။

ပဋိသန္ဓေတည်နေပုံ ရုပ်တို့ဖြစ်ပျက်ပုံကို ရေးခဲ့ပြီ ဖြစ်၍ အကျဉ်းသာ ရေးပြသည်၊ နှလုံးသွင်းနိုင်ရန် ခဲယဉ်းသောအရာဌာနဖြစ်၏။

ရူပသတ္တကရှုနည်း

တယောက်သောယောဂီသည် ရူပသတ္တက=ရုပ်တို့၌ ခုနစ်မျိုးသော အခြင်းအရာတို့ဖြင့် နှလုံးသွင်းခြင်းတို့၏အစွမ်းဖြင့် လက္ခဏာယာဉ်သုံးပါး သို့တင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို ဆုံးဖြတ်ပိုင်းခြား နှလုံးထား၍ ပွါးများရမည်။

ရူပသတ္တကရှုနည်းပြဂါထာကား

အာဒါနနိက္ခေပနတော၊ ဝယောဝုဒ္ဓတ္ထဂါမိတော။
အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ။

အာဒါနနိုက္ခေပနတော၊ ပဋိသန္ဓေစုတိအားဖြင့်ဂင်း။ ဝယောဝုဒ္ဓတ္ထ-ဂါမိတော၊ အရွယ်အားဖြင့်တိုးပွါးသောရုပ်၏ ပျောက်ကွယ်သေဆုံးခြင်းသို့ ရောက်သော အားဖြင့်ဂင်း။ အာဟာရတော စ။ အာဟာရဇရုပ်၏ အကြောင်းဖြစ်၍ ဖြစ်သော အာဟာရအားဖြင့်ဂင်း။ ဥတုတော စ၊ ဥတုဇရုပ်၏အကြောင်းဖြစ်၍ ဖြစ်သော ဥတုအားဖြင့်ဂင်း။ ကမ္မတော စာပိ၊ ကမ္မဇရုပ်၏အကြောင်းဖြစ်၍ ဖြစ်သော ကံအားဖြင့်ဂင်း။ စိတ္တတော စ၊ စိတ္တဇရုပ်၏အကြောင်းဖြစ်၍ ဖြစ်သော စိတ်အားဖြင့်ဂင်း။ ဓမ္မတာ-ရူပတော စ၊ ကံကိုမငဲ့ပဲ ရှေ့ငွေ့စိန်ကျောက်ရေမြေစသောအားဖြင့် ပြားသော အမျိုးမျိုးသော အဆင်းသဏ္ဌာန်ကိုဆောင်သော သဘာဝ အားဖြင့်ထင်ရှားသော ရုပ်အားဖြင့်ဂင်း။ ဣတိ၊ ဤသို့။ သတ္တ သတ္တ-ဓာ သတ္တဟိ အာကာရေဟိ၊ ခုနစ်မျိုးသောအခြင်းအရာတို့ဖြင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝိပဿတိ၊ ဆုံးဖြတ်ပိုင်းခြား နှလုံး၌ထားကာ ပွါးများရာ၏။

တိလက္ခဏံ၊ လက္ခဏာယဉ်သုံးပါးသို့။ အာရောပေတွာ၊ တင်၍။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝိပဿတိ၊ ဆုံးဖြတ်ပိုင်းခြား နှလုံးထားကာ ပွါးများရမည်။

ထို ခုနစ်ပါးတို့တွင် ပဋိသန္ဓေစုတိအားဖြင့် ရှုပုံကား....ပဋိသန္ဓေတည်နေသည်မှစ၍ စုတိ သေသည်တိုင်အောင် အတောအတွင်း၌ ဖြစ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနှစ်တရာဖြင့် ပိုင်းခြား၍ လက္ခဏာယဉ်သုံးပါးသို့တင်ရမည်။ တင်ပုံကား ခန္ဓာကိုယ်တွင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး သင်္ခါရတရားတို့ကို မြော်မှန်းကာကြည့်၍....

(၁) အသက်တရာအတွင်း၌ဖြစ်သော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် ဖြစ်ချည်ပျက်ချည် အစဉ်လည်၍ဖြစ်သောကြောင့် အမြဲမရှိ အနိစ္စပါတကား။

(၂) အသက်တရာအတွင်း၌ (ပ)တို့သည် သင်္ခါရအစဉ်၏ ရှေးအစဉ်နှင့် နောက်အစဉ်မတူသည်၏အဖြစ်ကြောင့် အမြဲမရှိ အနိစ္စပါတကား။

အသက် (ပ) တို့သည် အိုသေနှစ်ပါး နှိပ်စက်ငြားရ၍ ဖောက်ပြားသောသဘောရှိသောကြောင့် အမြဲမရှိ အနိစ္စတကား။

တရားတပါးတည်းဖြစ်သော်လည်း အခိုက်အတန့်ထူးသည်ကို အလိုရှိရာသည်၊ အကြောင်းကား ဖြစ်ပေါ်သော အခိုက်အတန့်သည်ပင် ပျောက်ကွယ်သေဆုံးသော အခိုက်အတန့်မဖြစ်နိုင်ဆိုလိုသည်။

အသက် (ပ)တို့သည် သဘောတရားကင်းကာသွားခြင်းကြောင့် အမြဲမရှိ အနိစ္စတကား။

(၃) အသက် (ပ)တို့သည် ခဏကာလ အခိုက်အတန့်မျှ မတည်နိုင်သောကြောင့် အမြဲမရှိ အနိစ္စတကား။

(၄) အသက်(ပ)တို့သည် မြဲတဲ့သဘောကို ပယ်သောကြောင့် အမြဲမရှိ အနိစ္စတကား။

(၁) အသက်(ပ)တို့သည် ဥပါဒ် ဇရာ ဘင်တို့၏ အစွမ်းဖြင့် (၀၂) ဖြစ်ခြင်း ရင့်ရော်ခြင်း ပျောက်ကွယ်သေဆုံးခြင်းတို့၏ အစွမ်းဖြင့် မပြတ်နှိပ်စက်ခံရသောကြောင့် မကောင်း၊ ဆင်းရဲပင်ပန်းလေစ့တကား။

(၂) အသက် (ပ)တို့သည် အနှိပ်စက်ခံရသော် သည်းခံနိုင်ခဲသောကြောင့် မကောင်း၊ ပင်ပန်းလေစ့တကား။

(၃) အသက် (ပ)တို့သည် ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ သံသာရဒုက္ခတို့၏ တည်ရာဖြစ်သောကြောင့် မကောင်း၊ ဆင်းရဲပင်ပန်းလေစ့တကား။

(၄) အသက် (ပ)တို့သည် ငြိမ်းချမ်း ဧမြဲချမ်းသာ သုခကို ပယ်သောကြောင့် မကောင်း၊ ဆင်းရဲ ပင်ပန်းလေစ့တကား။

(၁) အသက် (ပ)တို့သည် မအိုမသေ မနာရန် တောင့်တ၍ရသော အခြင်းအရာမှ ကင်းဆိတ်လေသောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေစ့တကား။

ဓမ္မိဿရမမ္မရာဇာ ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားအားသော်လည်း တစုံတခုသော သဘာဝဓမ္မက အလိုသို့လိုက်သည်မရှိ ဆိုလိုသည်။ (ကိုယ်ပိုင်ဥစ္စာမဟုတ်သည်ကိုပြ၏)

(၂) အသက် (ပ)တို့သည် အစိုးရသူ အရှင်ဖြစ်၍ ဖြစ်သော တစုံတယောက်သောသူ၏ မရှိခြင်းကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေစ့တကား။

(၃) အသက် (ပ)တို့သည် မအိုမနာမသေရန် တောင့်တ၍ရသော သဘောမရှိသောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေ့တကား။

(၄) အသက် (ပ)တို့သည် မိစ္ဆာယူမှား တိတ္ထိအများတို့ ကြံဆအပ်သော အတ္တကို ပယ်သောကြောင့် အတ္တမဟုတ်၊ အနတ္တဖြစ်လေ့တကား။

ဤသို့သခ်ါရတရားပေါ်တွင် သုတမယ စိန္တာမယဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အားလုံးသော သခ်ါရတရားနှင့် ဆက်ဆံသော သာမည လက္ခဏာကိုတင်၍ အနိစ္စ အနိစ္စလို့ ကြည့်ရှုပွါးများပါ၊ ဒုက္ခ ဒုက္ခ, အနတ္တ အနတ္တလို့ ကြည့်ရှုပွါးများပါဆိုလိုသည်။

အနိစ္စံ အနိစ္စံ ဒုက္ခံ ဒုက္ခံ အနတ္တာ အနတ္တာတိ ဘာဝိယတီတိ ဝုတ္တံ ဟောတိ။ (မဟာဋီကာ)

ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာသုံးပါးရဲ့ သဘောကိုပြရာတွင် ရူပံ အနိစ္စံ-ရုပ်အမြဲမရှိ၊ ဝေဒနာ အနိစ္စာ-ဝေဒနာအမြဲမရှိ၊ ဤသို့စသည်ဖြင့် အသီးအခြားသဘောလက္ခဏာများကို မှတ်သည်၏အစွမ်းဖြင့် ယူအပ်သော ရုပ်တွင် ပထဝီ,နာမ်တွင် ဝေဒနာစသောတရားတို့၏သာလျှင် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ သာမညလက္ခဏာကိုတင်၍ လက္ခဏာကို အာရုံပြုသော ဝိပဿနာဉာဏ်ပညာကို တီရဏပရိညာလို့ခေါ်တယ်။

ဤအရာတွင် သန့်ရှင်းစွာသိနိုင်ရန် (၁) ပစ္စတ္တလက္ခဏာ (၂) သာမညလက္ခဏာ (၃) အနိစ္စလက္ခဏာစသည်တို့ကို ရေးပြမည်။

ပစ္စတ္တလက္ခဏာ ဆိုသည်မှာ ရူပ=ရုပ်တရား၌ ရုပ္ပန-ဖောက်ပြန်တဲ့သဘော, ပထဝီ၌ ကက္ခဋ-ကြမ်းတမ်းတဲ့သဘော, နာမ=နာမ်တရား၌ နမန-ညွတ်ကိုင်းရောက်သွားတဲ့သဘော, ဝေဒနာ၌ ဝေဒယိတ-အာရုံကို ခံစားတဲ့သဘောများကို သဘောတခုနှင့်သဘောတခု လိုက်လျောခြင်းမရှိပဲ အသီးသီး ဆန့်ကျင်၍နေသောကြောင့် ပစ္စတ္တလက္ခဏာ = တသီးတခြားသော သဘောများသာ ဖြစ်သည် ဆိုလိုသည်။ သုံးမျိုးသော ဥပါဒ်ဌီဘင်ခဏာတို့လည်း သိနိုင်မှတ်နိုင်သော ကက္ခဋစသော ပစ္စတ္တလက္ခဏာတို့ကို **အသီး**သီးမြဲသောသဘောဖြစ်သောကြောင့် သဘောအားဖြင့် ထင်ရှားကုန်သည်ဖြစ်၍ သိနိုင်၏။

သာမညလက္ခဏာ ဆိုသည်မှာ ပျောက်ကွယ်သေဆုံးရတဲ့ အနိစ္စမမြဲတဲ့သဘော, သည်းမခံနိုင်အောင် ပူပန်ဆင်းရဲလှတဲ့ ဒုက္ခသဘော,

တောင့်တ၍မရတဲ့ အနတ္တသဘောမျှားကို အားလုံးသော သဘာဝဓမ္မတွင် တည်ရှိဆက်ဆံကာနေသောကြောင့် သာမညလက္ခဏာ = အားလုံးသော သဘာဝတရားနှင့်ဆက်ဆံသောသဘောလို့ ဆိုလိုသည်။ သာမညလက္ခဏာ တို့ကိုကား အားလုံးနှင့်ဆက်ဆံသော သဘောဖြစ်သောကြောင့် သဘော အားဖြင့် ထင်ထင်ရှားရှားဖြစ်၍ မသိနိုင်၊ ပျောက်ကွယ်သေဆုံးသော အခြင်းအရာ အနိစ္စလက္ခဏာ, အနှိပ်စက်ခံရသောအခြင်းအရာ ဒုက္ခလက္ခ ဏာ, တောင့်တ၍မရသော အခြင်းအရာ အနတ္တလက္ခဏာတို့ကို သိပြီးမှ သိရယူရသောကြောင့် ကောင်းစွာတင်ထားသော သဏ္ဌာန်ဝတ္ထုတို့ကို သိကုန်ယူကုန်သကဲ့သို့ သိကြရသည်။ ထို့ကြောင့် တင်ထားသောလက္ခဏာ လို့ ဆိုသည်။ ကြမ်းတမ်းခက်မာတဲ့သဘောကား ပထဝီရဲ့ ပစ္စတ္တလက္ခဏာ, အနိစ္စတာစသော သဘောကား ပထဝီရဲ့ သာမညလက္ခဏာ။

အနိစ္စလက္ခဏာ ဆိုသည်မှာ ဖြစ်ပေါ်လာကာ ပျောက်ကွယ် သေဆုံး သွားသော အခြင်းအရာကို အနိစ္စလက္ခဏာလို့ ဆိုသည်။ ထင်ရှားစေအံ့။ ပထဝီ မာတဲ့သဘောရဲ့ အခိုက်အတန့်တို့သည် ဥပါဒ-ဖြစ်ပေါ်တဲ့ အခိုက် အတန့်, ဌိ-တည်နေတဲ့ အခိုက်အတန့်, ဘင်္ဂ-ပျက်စီးသေဆုံးတဲ့ အခိုက်အတန့် လို့ သုံးမျိုးရှိရာတွင် ဖြစ်ပေါ်တဲ့ အခိုက်အတန့်၏ ဌိသို့ရောက်သောအခါ ရှာမတွေ့ရသောကြောင့် ပျောက်ကွယ်သေဆုံးသွားသော အခြင်းအရာကို သိနိုင်သည်။ ထိုအတူ တည်နေတဲ့အခိုက်အတန့် ပျောက်ကွယ်သေဆုံးသော အခိုက်အတန့်တို့၏ ထင်ရှားမတွေ့ရသော အခြင်းအရာမျှားကိုလည်း သိနိုင်သည်။ ၎င်းအခြင်းအရာမျှားကား သဘာဝတရားကိုမှီ၍ ပေါ်လာ တဲ့ တင်္ဆာပညတ်သာဖြစ်သည်၊ သဘာဝတရားမဟုတ်။

တနည်း ပျောက်ကွယ်သေဆုံးမှု ဘင်္ဂမရဏခေတ်ကိုပင် အနိစ္စလက္ခဏာ လို့ ဆိုသေး၏။ ဤအလိုသော် အနိစ္စနှင့် ဒုက္ခ, အနတ္တလက္ခဏာတူသည် မှတ်ရာ၏။ ကုန်သွားသောအခြင်းအရာ ရှာမတွေ့သော အခြင်းအရာမျှားကို တွေ့ရသဖြင့် ပထဝီစသော သဘာဝတရားမျှားကို မမြဲဘူးလို့ သိရသည်။ ထို့ကြောင့် အနိစ္စလို့ မှတ်ကြောင်းလက္ခဏာကို အနိစ္စလက္ခဏာလို့ဆိုသည်။ သဘာဝတရားရဲ့ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောအခြင်းအရာ ကို ဒုက္ခလက္ခဏာလို့ ဆိုသည်။ အလိုအတိုင်း တောင့်တတိုင်းမဖြစ်သော အခြင်းအရာကို အနတ္တလက္ခဏာလို့ဆိုသည်။

ဥပမာ လူမျိုးတရာ့တမျိုး ရှိရာတွင် လူတမျိုးနှင့်တမျိုး မတူကြ၊ သဘာဝအားဖြင့် ခြားနားကြသည်ကို ပစ္စတ္တလက္ခဏာ = ကိုယ့်သဘောနှင့် ကိုယ်ဖြစ်ကြသည်ဆိုသည်၊ လူမျိုးအားလုံးတို့ရဲ့ ပျောက်ကွယ် သေဆုံးမှုကို သာမညလက္ခဏာ=လူမျိုးအားလုံးနှင့် ဆက်ဆံသော သေခြင်းသဘောလို့ ဆိုသည်။ ပျောက်ကွယ် သေဆုံးသွားတဲ့ မိဘ သား သမီး မြေး မြစ်များ အိမ်တွင် မြို့တွင် ရှာမတွေ့သောအခြင်းအရာကို အနိစ္စလက္ခဏာ=မမြဲဘူးလို့ မှတ်ကြောင်းလက္ခဏာလို့ ဆိုသည်။ အားလုံးသောလူတို့နှင့် ဆက်ဆန်တဲ့ ပျောက်ကွယ်သေဆုံးတဲ့သဘောကို သဘောအမျိုးမျိုးရှိတဲ့ လူများပေါ်တင်၍ အနိစ္စ မမြဲဘူးလို့ ရှုရသည်။

ထို့ကြောင့် ပရမတ်လေးပါးမျှ မသိမမှတ်ဘူးကြသော တရုပ်ကုလား စစ်သားများသည်ပင် မမြဲသည်ကို သိကြ၏၊ သေတာ အဆန်းမဟုတ်ပါဟူ၍လည်း ပြောကြ၏။ ထို့အတူ ပထဝီမာတဲ့သဘောပေါ်တွင် အနိစ္စတာလို့ဌင်း မရဏမောတ်လို့ဌင်း ခေါ်တဲ့ ပျောက်ကွယ်သေဆုံးမှုကိုတင်၍ အနိစ္စလို့ ရှုပါဆိုလိုသည်။

ဤအဓိပ္ပါယ်ကိုရည်၍ "သာမညလက္ခဏံ အာရောပေတွာ"လို့ မိန့်သည်။ အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ပထဝီစသော သဘာဝတရားတို့ကို အနိစ္စစသည်ဖြင့် ရှုဖန်များသော် အနိစ္စစသည်ကိုသိသောဉာဏ်သည် ဖြစ်ပေါ်ကာ ပျောက်ကွယ်သေဆုံးသွားသောအခြင်းအရာစသည်ကိုလဲ မကင်းရာ မကင်းကြောင်းဖြစ်၍ သိကာသွားတော့သည်။

ဤအစဉ်ဖြင့် ပထဝီစသော သဘာဝတရားဟူသမျှ၌ အမြဲဖြစ်လျက် တည်လျက်ရှိသော အနိစ္စ ဒုက္ခ အနတ္တ သဘောများကို ရှေးကာလက ယောဂီသည် မသိမမှတ်ဘူးသော်လည်း သုတမယ စိန္တာမယဉာဏ်ဖြင့် သိလျက်မှတ်လျက် ဆုံးဖြတ်ပိုင်းခြားပုံများသော်သာ သာမညလက္ခဏာသုံးပါး သဘာဝတရား၌ထင်လာသည် ဆိုလိုသည်။ ပထဝီစသော သဘာဝတရားတွင် ဇာတိဇရတာ အနိစ္စတာဆိုတဲ့ လက္ခဏာရုပ်များရှိသည်။ ထို့တွင် အစိတ်ဖြစ်သော အနိစ္စတာ၏ မမြဲတဲ့သဘောကို အပေါင်းဖြစ်သော ပထဝီသဘောတရားပေါ်တွင် တင်၍ ရှုကြည့်သောကြောင့် "သမုဒ္ဒေါ မယာ ဒိဋ္ဌော"ကဲ့သို့ ကေဒေသူပစာသာဖြစ်သည် ဆိုလိုသည်။

ရူပဓမ္မေ နိရုဇ္ဈံ လက္ခဏတ္တယံ ပုဗ္ဗေ အတ္တနာ အသလ္လက္ခိတံ သလ္လက္ခေတ္ဝာ သမ္မသန္တော တံ တတ္ထ အာရောပေတီတိ ဝုစ္စတိ။
(မဟာဋီကာ)

ရူပဓမ္မေ၊ ရုပ်တရားဌ်။ နိရုဇ္ဈံ၊ အမြဲဖြစ်လျက်နေသော။ ပုဗ္ဗေ၊ ရှေးကာလက။ အတ္တနာ၊ မိမိဟုဆိုအပ်သောယောဂီသည်။ အသလ္လက္ခိတံ၊ မသိမမှတ်ဘူးသော။ လက္ခဏတ္တယံ၊ သာမညလက္ခဏာသုံးပါးကို။ သလ္လက္ခေတ္ဝာ၊ သုတစိန္တာမယဉာဏ်ဖြင့်သိမှတ်၍။ သမ္မသန္တော၊ ဆုံးဖြတ်ပိုင်းခြားပွါးများသည်ရှိသော် (ဝါ) သည်ကို။ တံ၊ ထိုသာမညလက္ခဏာသုံးပါးကို။ တတ္ထ၊ ထိုရုပ်တရားဌ်။ အာရောပေတီတိ၊ တင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။သာမညလက္ခဏာကို မတင်က အနိစ္စလို့ပင် မရှုနိုင်ရာ။

ဤသို့ရေးပြပြီးသော အဓိပ္ပါယ်ကို ထောက်ရှု၍၎င်း အဋ္ဌကထာတွင် လေးရွက်ခန့်မျှ တိလက္ခဏံ အာရောပေတွာ-ဆက်ကာလာသည်ကို ထောက်ရှု၍၎င်း အဋ္ဌကထာလာတိုင်း ရေးပြပြီးသည့်အတိုင်း ဘာဝနာမယဉာဏ်ဖြင့် အဖြစ်အပျက်ကို မျက်မှောက်မတွေ့ မသိမီက သုတမယ စိန္တာမယဉာဏ်နှစ်ပါးဖြင့် သဘာဝတရားပေါ်တွင် သာမညလက္ခဏာတင်၍ အနိစ္စ ဒုက္ခ အနတ္တလို့ ပွါးများသော်သာ လက္ခဏာရေးတင်၍ ပွါးများတယ်လို့ ဆိုရပေသည်။ ဤအဓိပ္ပါယ်ကို နိဿံသယ ယုံမှားမရှိ မှတ်ရာသည်။ အခု၌ ကျမ်းတွင်ယခုရေးပြခဲ့သည့် အဓိပ္ပါယ်ကို အားလုံးသော သာသနာ့ဝန်ထမ်းဆရာတို့ ယူကြသော်လဲ ကေစိ ထိုးထားကြ၏။ ၎င်းကျမ်းတွင် ရှုမှတ်ဆဲ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ဘာဝနာမယဉာဏ်ဖြင့် မျက်မှောက်တွေ့ရသောအခါ အနိစ္စ ဒုက္ခ အနတ္တဟူ၍ သိမြင်သဘောကျခြင်းသည် ပစ္စက္ခဉာဏ်ဖြင့် လက္ခဏာရေးတင်၍ ရှုခြင်းဖြစ်သည်ဆို၏။ ထိုသို့ရေးခြင်းသည် မိမိဝါဒနှင့် ကိုက်ညီအောင် ရေးခြင်းသာလို့ မှတ်ရာ၏။ အကြောင်းကား ဝိသုဒ္ဓိမဂ်ကိုမှီ၍ရေးသော စကားသာဖြစ်၏၊ ကိုယ်တိုင်သိ၍ရေးသော စကားမဟုတ်။ ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်း လက္ခဏာသုံးပါးတင်သော အခန်းအနားတွင် အဖြစ်အပျက်ကိုမြင်ပုံ တစိုးတစိမျှမပြသေး၊ လက္ခဏာသုံးပါးတင်သော သမ္မသနမှုပြုရမည်လာသောကြောင့် ကျမ်းဂန်နှင့်မညီလို့ မှတ်ရမည်။ ဤသို့ရေးပြခြင်းသည် အတွက်ကံသန ပရဝမ္ဘနတရားများကို မငဲ့ငြားပဲ အမှန်လိုလား သာသနာငဲ့သောအားဖြင့်သာ ရေးပြပါသတည်း။

ကာလအားလျော်စွာ ပဋိသန္ဓေနှင့်စုတိကြား အသက် (၈၀-၇၀)တို့ဖြင့်လည်း ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့ကို ပိုင်းခြားနိုင်သည့် တရားအားထုတ်သောယောဂီသည် မိမိရောက်တဲ့အသက်ဖြင့် ပိုင်းခြားသော် သာ၍ကောင်းရာ၏၊ လက္ခဏာရေးသုံးပါးကိုတင်၍ ကြည့်ရှုသော် အနိစ္စ ဒုက္ခ အနတ္တတည်းဟူသော အပေါက်သုံးပေါက် အပြစ်အနာအဆာတို့ကို တွေ့မြင်က အလုံးစုံသော ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့၌ ခင်မင်ငဲ့ညှာနှစ်သက်တဲ့ အာသာတဏှာမရှိပဲ ငြီးငွေ့ပြီး မုန်းတီး၍ လာပါလိမ့်မည်။

မုန်းတီးလာပုံဥပမာ

အမျိုးသမီးတယောက်သည် စျေးသို့သွားကာ ပိုးထည်ဆိုင်သို့ဝင်လျက် ကြည့်ရှုကာနေတယ်။ ဆိုင်ရှင်အမျိုးသမီးတဦးက သည်ယောထမီလုံချည်ကောင်းလှပါသည်၊ ဝယ်ပါလို့ပြုလျှင် စျေးဝယ်မည့်အမျိုးသမီးတဦးသည် ယုတ်တရက် ရှောင်တခင် လိုချင်နှစ်သက်၍ ယူအံ့လို ကြည့်ရှုလေသော် မကောင်းဆိုးဝါး စုတ်ပြတ်ကာသွားတဲ့ အပေါက်သုံးပေါက်တို့ကို တွေ့မြင်ကာ သွားပါတယ်။ ထိုအခါ အလိုမရှိ မနှစ်သက်ပါဆို၍ ယောထမီကို စွန့်ပစ်လေသကဲ့သို့ မှတ်ရာသည်။

ယော ပန အနိစ္စံ ဒုက္ခမနတ္တာတိ တီဏိ လက္ခဏာနိ သလ္လက္ခေတိ၊
တဿ ပဉ္ဉာန္ဓာ ကဏ္ဍော ဗန္ဓကုဏပံ ဝိယ ဟောန္တိ။

ယော ပန၊ အကြင်ယောဂီသည်ကား။ အနိစ္စံ ဒုက္ခမနတ္တာတိ၊ အနိစ္စ ဒုက္ခ အနတ္တဟူ၍။ တီဏိ လက္ခဏာနိ၊ သုံးမျိုးသောသာမညလက္ခဏာတို့ကို။ သလ္လက္ခေတိ၊ သိနိုင်မှတ်နိုင်၏။ တဿ၊ ထိုယောဂီအား။ ပဉ္ဉာန္ဓာ၊ ငါးမျိုးသောခန္ဓာတို့သည်။ ကဏ္ဍော၊ လည်ပင်း၌။ ဗန္ဓကုဏပံ ဝိယ၊ ဖဲ့ချည်သော အကောင်ပုပ်ကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရုပ်နာမ်ဓမ္မ သဘာဝများကို ဆုံးဖြတ်ပိုင်းခြား နှလုံး၌ထား၍ ပွါးများသောအခါ အစစ္စာ သာမညလက္ခဏာရေးသုံးပါးကိုတင်၍ ဝိပဿနာသုံးပါးကို အချိန်အလှည့်များပေး၍ ပွါးများရာသည်။ လက္ခဏာရေးသုံးပါး ဆုပ်နယ်သောအားဖြင့် ကြေမွမှု အနိစ္စလက္ခဏာစသည်တို့ ထင်ပေါ်လာနိုင်မည်။ ထို့ကြောင့် အနိစ္စ ဒုက္ခ အနတ္တလို့ ရှုမှုများကို အလှည့်ကျအားဖြင့် ကြိုးစား၍ ပွါးများနိုင်ကြပါစေ။

အနိစ္စာဒီသု ဟိ ယတ္ထ ကတ္ထစိ အဘိနိဝိသိတ္ဌာ ဣတရမ္ပိ လက္ခဏ-
ဒ္ဌယဉ္စ ဒဋ္ဌုံ ဝဋ္ဋတိ ဧဝ။

ဟိ၊ ထိုစကားသင့်စ္ဌ။ အနိစ္စာဒီသု၊ အနိစ္စစသည်တို့တဉ်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိ တစုံတခုသော သမ္မသနမ္ဟု၌။ အဘိနိဝိသိတ္ဌာ၊ နှလုံးသွင်းပွါး များ၍။ ဣတရမ္ပိ၊ နှလုံးသွင်းပွါးများသည်မှ တပါးလည်းဖြစ်သော။ လက္ခဏဒ္ဌယဉ္စ၊ လက္ခဏာနှစ်ခုအပေါင်းကိုလည်း။ ဒဋ္ဌုံ၊ ကြည့်ရှုခြင်းငှါ။ ဝဋ္ဋတိ ဧဝ၊ သင့်သည်သာတည်း။

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကို အချိန်အလှည့် ရက်အလှည့် ပေး၍ ပွါးများရာတွင် တပါးပါးကို မြင်လာ တွေ့လာသည် ရှိသော် ကြွင်းသော လက္ခဏာနှစ်ပါးတို့ကိုလည်း မြင်ရတွေ့ရပါတော့သည်။

အနတ္တာသညာတိ အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဧတေသု ဟိ တီသု လက္ခဏေသု ကေသဉ္စိ ဒိဋ္ဌေ ဣတရဒ္ဒယမ္ပိ ဒိဋ္ဌမေဝ ဟောတိ။

အနတ္တာသညာတိ၊ ဟူသည်ကား။ အနိစ္စလက္ခဏေ၊ ကို။ ဒိဋ္ဌေ၊ တွေ့မြင်ရသည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည် (ဝါ) ကို။ ဒိဋ္ဌမေဝ၊ တွေ့မြင်ရသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စ္ဌ။ တီသု၊ သုံးပါးကုန်သော။ ဧတေသု လက္ခဏေသု၊ ဤလက္ခဏာတို့တဉ်။ ကေသဉ္စိ၊ တခုသောလက္ခဏာကို။ ဒိဋ္ဌေ၊ တွေ့မြင်ရသည်ရှိသော်။ ဣတရဒ္ဒယံ၊ ဤမှ တပါးသော လက္ခဏာနှစ်ခုအပေါင်းသည် (ဝါ) ကို။ ဒိဋ္ဌမေဝ၊ တွေ့မြင်ရသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

အရွယ်အားဖြင့်တိုးပွါးသောရုပ်ကို ပျောက်ကွယ်သေဆုံးသောအားဖြင့် ရှုကြည့်ပုံကား—ဝိပဿကယောဂီသည် အသက်တရာတွင် ပဌမ မဇ္ဈိမ ပစ္ဆိမ လို့ အရွယ်သုံးမျိုးကို သိရာ၏။ ထိုတွင် အစသုံးဆဲ့သုံးနှစ်ကို ပဌမ၊ ထိုနောင် သုံးဆဲ့လေးနှစ်ကို ဒုတိယ၊ ထိုနောင် သုံးဆဲ့သုံးနှစ်ကို တတိယအရွယ်လို့ ခေါ်သည်။ ပဌမအရွယ်တွင်ဖြစ်သောရုပ်သည် မဇ္ဈိမအရွယ်သို့မရောက်ပဲ ပဌမအရွယ်တွင်သာ ပျောက်ကွယ်သေဆုံးရသောကြောင့် အမြဲမရှိ အနိစ္စတကား, ဒုက္ခတကား, အနတ္တတကားလို့ သာမညလက္ခဏာသို့ တင်ရမည်။ အနိစ္စလက္ခဏာသည်ပင် ဒုက္ခအနတ္တလက္ခဏာများ ဖြစ်နိုင်သောကြောင့်

တပေါင်းတည်းတင်ထားသည်၊ အောက်ကနည်းအတိုင်းခဲ့၍ တင်နိုင်သည်။ ပစ္စိမအရွယ်တွင် ဖြစ်သောရုပ်သည် သေရာတွင် ပျောက်ကွယ်သေဆုံး၍ သွားသောကြောင့် အမြဲမရှိ အနိစ္စတကား, ဒုက္ခတကား, အနတ္တတကားလို့ သာမညလက္ခဏာသို့တင်ရမည်၊ လက္ခဏာရေးတင်ပြီးသော် အနိစ္စ ဒုက္ခ အနတ္တတို့ကို ပွါးလေ။

တဖန်တနည်း ယောဂီသည် အသက်တရာအတွင်း ဖြစ်သောရုပ်ကိုပင် မန္ဒဒသက ဉာဏ်နုံ့နှေး၍ ကစားသော ဆယ်နှစ်အရွယ်, ခိဋ္ဌာဒသက ပျော်ပါးမြူးတူးခြင်းများသော နှစ်ဆယ်အရွယ်, ဝဏ္ဏဒသက တင့်တယ်လှပသော သုံးဆယ်ရွယ်, ဗလဒသက စွမ်းအားကောင်းသော လေးဆယ်ရွယ်, ပညာဒသက ဉာဏ်ပညာကောင်းသော ငါးဆယ်ရွယ်, ဟာနိဒသက အားတို့ဆုတ်ယုတ်ရာ ခြောက်ဆယ်ရွယ်, ပဗ္ဘာရဒသက ကိုယ်ရှေကို ကိုင်းညွတ်သော ခုနစ်ဆယ်ရွယ်, ဝင်္ကဒသက ထွန်ကိုင်းကဲ့သို့ ကောက်သော ရှစ်ဆယ်အရွယ်, မောမူဟဒသက ပြုသမျှမေ့လျော့သော ကိုးဆယ်အရွယ်, သယနဒသက အိပ်ရာထဲမှာသာနေရသော အသက်တရာအရွယ်၊ ဤသို့ ဆယ်မျိုးရှိသောအရွယ်ကို သိထားရမည်။ ပြဆိုခဲ့ပြီးသော နည်းအတိုင်း ဆယ်မျိုးသော ဒသကတို့၏ အစွမ်းဖြင့် တိုးပွါးသောရုပ်၏ ပျောက်ကွယ်သေဆုံးသောအားဖြင့် သာမညလက္ခဏာကို တင်၍ ဝိပဿနာပွါးပုံကို သိရာသတည်း။

တဖန်တနည်း အသက်တရာအတွင်း ဖြစ်သောရုပ်ကိုပင် ငါးနှစ်ငါးနှစ် ပိုင်းကာ နှစ်ဆယ်သော အဖို့အစုတို့ကိုပြု၍ သာမညလက္ခဏာသို့ တင်ပြီး ဝိပဿနာပွါးလေ။ တနည်း လေးနှစ်လေးနှစ်ပိုင်းကာ နှစ်ဆဲငါးပါးသော အဖို့အစုပြု၍လည်း ပွါးလေ။ တနည်း သုံးနှစ်သုံးနှစ်စီပိုင်းကာ သုံးဆဲ့သုံးပါးသော အဖို့အစုတို့ကိုပြု၍လည်း ပွါးလေ။ တနည်း တနှစ်တွင် ဝဿာန မိုးဥတု, ဟေမန္တ ဆောင်းဥတု, ဂိမှန္တ နွေဥတုလို့ ဥတုသုံးမျိုး ပိုင်းကာ သုံးမျိုးသောအဖို့အစု ပြု၍လဲ ပွါးလေ။ တနည်း ဝါခေါင်နှင့် တော်သလင်းဆိုတဲ့ ဝဿာနဥတု, သီတင်းကျွတ်နှင့် တန်ဆောင်မုန်းဆိုတဲ့ သရဒဥတု, နတ်တော် ပြာသိုဆိုတဲ့ ဟေမန္တဥတု, တပို့တဲ့နှင့် တပေါင်းဆိုတဲ့ သိသိရဥတု, တာဂူးနှင့် ကဆုန်ဆိုတဲ့ ဝသန္တဥတု, နယုန်နှင့် ဝါဆိုဆိုတဲ့ ဂိမှန္တဥတုလို့ ခြောက်မျိုးပိုင်းကာ ခြောက်မျိုးသောအဖို့အစု ပြု၍လည်း

ပ္ဒါးလေ။ တနည်း တလတ္ဒင် ဇုဏ္ဍပက္ခ လဆန်းပက္ခ ကာဠပက္ခ လက္ခယ် ပက္ခလို့ နှစ်စုပြု၍ ပ္ဒါးလေ။

တနည်း တနေ့တည်ဉ်တ္ဒင် ဒိဝ နေ့, ရတ္တိ ည၌လို့ ပိုင်းကာ နှစ်ဖို့ပြု၍လဲ ပ္ဒါးလေ။ တနည်း ပုဗ္ဗဏှ နံနက်အချိန်, မဇ္ဈန္ဟ မွန်းတည့်အချိန်, သာယန္ဟ ညနေအချိန်လို့ သုံးဖို့ပြု ပ္ဒါးလေ။ ပဌမယာမ ည၌ဦးယာမ်, မဇ္ဈိမယာမ ည၌လယ်ပိုင်း, ပစ္ဆိမယာမ သန်းခေါင်ယာမ်လို့ သုံးပိုင်းပိုင်းကာ ပ္ဒါးလေ။ တနည်း ရုပ်တ္ဒင် အဘိက္ကမ ရွှေသို့တက်တဲ့အပိုင်း, ပဋိက္ကမ နောက်သို့ ဆုတ်တဲ့အပိုင်း, အာလောကန ရွှေရှုတည့်တည့်ကြည့်တဲ့အပိုင်း, ဝိလောကန တစောင်းကြည့်တဲ့အပိုင်း, သမိဉ္ဇန ကွေးတဲ့အပိုင်း, ပသာရဏ ဆန့်တဲ့ အပိုင်းလို့ ခြောက်မျိုးပိုင်းကာ ပ္ဒါမျှားရာ၏။ တနည်း ခြေတလှမ်းတ္ဒင် ဉဒ္ဓရဏ မြေမှခြေကိုကြွခြင်း, အတိဟရဏ ခြေကို ရွှေသို့ဆောင်ခြင်း, ဝီတိဟရဏ သစ်ဝုတ်စသည် တည်လျက်ရှိသောခြေကို ရှောင်လွဲရာ နံပါးဖြင့် ဆောင်ခြင်း, (တနည်း တည်လျက်နေသောခြေသို့ ရောက်အောင် ဆောင်ခြင်းကို အတိဟရဏ, တည်လျက်နေသောခြေကို နောက်သို့ ဆောင်ခြင်းကို ဝိတိဟရဏလို့ မူလဋီကာတ္ဒင် အထူးပြသည်။) ဝေါဿဇနခြေကို အောက်သို့ စွန့်လွှတ်ခြင်း, သန္နိက္ခေပန မြေအပြင် ကြမ်းအပြင်တ္ဒင် ခြေကိုချထားခြင်း, သန္နိရုဇ္ဈန တဖန် ခြေကြွမည်အခါ ဖိနှိပ်၍ နင်းခြင်း ဤသို့ ခြောက်မျိုးပိုင်းကာ ကြည့်ရှုပ္ဒါးမျှားရာ၏။ ထိုခြောက်မျိုးသော အပိုင်း အခိုက်အတန့်တို့တ္ဒင် ဉဒ္ဓရဏ, အတိဟရဏ အခိုက်အတန့်မျှား၌ တဇော ဝါယော ဓာတ်သဘောတို့ လွှန်ကဲထင်ရှားကုန်၏၊ ပထဝီ အာပေါ ဓာတ်သဘောတို့ ကွယ်မြုပ်ကုန်၏။ ဝေါဿဇန, သန္နိက္ခေပန, သန္နိရုဇ္ဈန အခိုက်အတန့်တို့၌ ပထဝီ အာပေါ ဓာတ်သဘောတို့ လွှန်ကဲထင်ရှားကုန်၏၊ တဇော ဝါယော ဓာတ်သဘောတို့ ကွယ်မြုပ်ကုန်၏။ လက္ခဏာရေးတင်၍ ပ္ဒါးပုံကား—ဉဒ္ဓရဏ-ခြေကြွသော အခိုက်အတန့်၌ ဖြစ်သော ရုပ်တို့သည် အတိဟရဏ-ရွှေဆောင်သော အခိုက်အတန့်သို့ မရောက်မပါပဲ ခြေကြွခိုက်တ္ဒင်သာ ပျောက်ကွယ် သေဆုံးသောကြောင့် အမြဲမရှိ အနိစ္စ, ဒုက္ခ, အနတ္တတကားလို့ လက္ခဏာရေးတင်ပြီး ပ္ဒါးမျှားရမည်။ ကြွင်းသော အခိုက်အတန့်မျှားကိုလည်း ဤနည်းအတူ သိရာ၏။ စကြံ့သွားရာတ္ဒင် အစစ္ဒာ ခြေကြွ,ဆောင်,ချ သုံးမျိုးသောအခိုက်အတန့်မျှ

ကို နိုင်နင်းအောင်လေ့လာ၍ ပွါးများရမည်။ တဖြည်းဖြည်းမှ ခြောက်ချက်စေ့အောင် ဆက်၍ နှလုံးသွင်း ပွါးများပါလေ။

စကြံသွားရင်း ကြွတယ် ဆောင်တယ် ချတယ်လို့ ကြွတဲ့အခိုက်အတန့်များကို နိုင်နင်းအောင် မှတ်သားကာ နိုင်နင်းမှ လက္ခဏာရေးတင်၍ ပွါးများပါဆိုလိုသည်။ ခြောက်ချက်သော အခိုက်အတန့်တွင် ဖြစ်သော ရုပ်ကို ခြောက်မျိုး ခြောက်ပိုင်း ပိုင်းကာ ထိုထိုအပိုင်းတွင် ဖြစ်သော ရုပ်တရားတို့သည် ဖြစ်ခိုက်အပိုင်းမှ တပါးပါးသော အပိုင်းတွင်သာ တဆစ် တဆစ် တစပ် တစပ် တပိုင်း တပိုင်းဖြစ်ကာ လောလောပူသော အိုးကင်းတွင် ထည့်၍လှော်အပ်သော နှမ်းတို့ကဲ့သို့ တဖြစ်ဖြစ် တဖျောက်ဖျောက် ကဲ့ပေါက် ပျက်စီးကုန်သကဲ့သို့ တဖြစ်ဖြစ် တဖျောက်ဖျောက် ကဲ့ပေါက် ပျက်စီးတတ်သောကြောင့် အမြဲမရှိ အနိစ္စ, ဒုက္ခ, အနတ္တတို့တကားလို့ လက္ခဏာရေးတင်ပြီး ဤသို့ တပိုင်းတပိုင်း တစပ်တစပ်တွင်ဖြစ်သော ရုပ်နာမ်နှစ်ပါး သခ်ၤါရတရားတို့ကို ခြောက်ပိုင်းခြောက်ချက် မိအောင် ဖြစ်သော ရုပ်ဝိပဿနာရှုနိုင်သောယောဂီ၏ ရှုပသမ္မသနဉာဏ်သည် သိမ်မွေနူးညံ့၍ လာပါတော့သည်။

> ကွတိ တတ္ထ တတ္ထ ဥပ္ပန္နာ ကွတရံ ကွတရံ ကောဋ္ဌာသံ အပ္ပတ္ဝာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩမိ ဩမိ ဟုတ္ဝာ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ တဋ္ဋတဋ္ဋာယန္တာ သခ်ၤါရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စံ ဒုက္ခမနတ္တာတိ တဿဝံ ပဗ္ဗပဗ္ဗဂတေ သခ်ၤါရေ ဝိပဿတော ရူပသမ္မသနံ သုခုမံ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

မြန်မာလိုရေးပြီး အဓိပ္ပါယ်ထောက်ကာ သိပါ။ ပဗ္ဗံ ပဗ္ဗံ စသော စကားဖြင့် ဖြစ်ပေါ်ကာလာသောတရားတို့၏ ဖြစ်တဲ့အခိုက်အတန့်မှတပါးသော အခိုက်အတန့်သို့ ပြောင်းရွှေ့ကာ မသွားနိုင်သည်ကို သိစေသည်။ တဋ္ဋတဋ္ဋာယန္တာ-ဟူသောပါဠိဖြင့် ဖြစ်ကာလာသော တရားတို့၏ ဖြစ်ရာခဏတိုတောင်းလျင်မြန်လှသည်ကို သိစေသည်။

> ပဗ္ဗံ ပဗ္ဗံတိအာဒိ တေသံ ဓမ္မာနံ ကောဋ္ဌာသန္တရသင်္ကာဘာဝဒဿနံ၊တဋ္ဋတဋ္ဋာယန္တာတိ တဋ္ဋတဋ္ဋာယန္တိ ဝိယ၊ တေန နေသံ ပဝတ္တိက္ခဏသ ဂ္ဂတ္တရတံ ဒဿေတိ။ (မဟာဋီကာ)

လျင်မြန်ပုံ—

စိတ်စေတသိုက် တရားတို့သည် လက်ဖျစ်တတ်ုက် မျက်စိတမှိတ်ခန့် ကာလတွင် ကုဋေတသိန်းမက များပြားလှစွာ ဖြစ်ပေါ်ကာ ချုပ်ကွယ်သေဆုံး၍ သွားကြတယ်။ လျှပ်စစ်တပြက် လက်ဖျစ်တတ်ုက်ခန့် ကာလတွင် ဖြစ်တဲ့ ရုပ်ခမ္မကို စုပုံကာထား၍ ကြည့်သော် ကောသလထုံး တိုင်းသုံးမှတ်ခြင်း တင်းရှစ်ဆယ်ဝင်တဲ့ တရာကျော်လှည်းတို့ဖြင့် တိုက်ရတင်ရသော စပါးတင်းပေါင်း တသောင်းပုံပမာဏရှိတယ်လို့ ရှင်နာဂသိန် မိန့်ဆိုတော်မူသည်။

အစ္ဆရာသင်္ဃာတက္ခဏော အနေကကောဋိသတသဟဿာနိ
စိတ္တာနိ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ။

အစ္ဆရာသင်္ဃာတက္ခဏော၊ လက်ဖျစ်တတ်ုက်ခန့်ကာလအတွင်း။ အနေကကောဋိသတသဟဿာနိ၊ ကုဋေတသိန်းမက များပြားလှစွာကုန်သော။ စိတ္တာနိ၊ စိတ် စေတသိက်တို့သည်။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်ပေါ်လာကာ။ နိရုဇ္ဈန္တိ၊ ချုပ်ကွယ် သေဆုံးကြကုန်၏။

ခန္ဓဝိဘင်းအဋ္ဌကထာတွင် လာသည်။ ကောဋိသတသဟဿသင်္ခ်ျာလို့ လာရာမှာ မူလဋီကာဆရာက ကောဋိသတသဟဿ သင်္ခ်ျာသဒ္ဒါသည် ရေတွက်ကြောင်း ဂဏန်း အပိုင်းအခြားကို ပြသည်မဟုတ်၊ များပြားလှသည်ကို ပြသောစကားသာဖြစ်သည်လို့ ဆုံးဖြတ်တော်မူသည်။

ကောဋိသတသဟဿသင်္ခ်ျာတိ ဣဒံ န ဂဏနပရိစ္ဆေဒဒဿနံ၊
ဗဟုဘာဝဒဿနမေဝ ပနေတံ ဒဋ္ဌဗ္ဗံ။ (မူလဋီကာ)

ထို့ကြောင့် လက်ဖျစ်တတ်ုက်ခန့် ကာလတွင် ကုဋေတသိန်းမက များပြားလှစွာသော စိတ် စေတသိက်တို့ ချုပ်ကွယ်ကာ သေဆုံးကြသည်လို့ မှတ်ရာသည်။ ဒေသက သုဏန္ဒပုဂ္ဂိုလ်တို့ ဟောလွယ်နာယူလွယ်ရှိစေရန် အလို့ငှါ ကုဋေတသိန်းလို့ သင်္ခ်ျာတပ်ထားသည်။

လျှပ်စစ်တပြက်၊ လက်တတ်ုက်၌၊ ဖြစ်ပျက်အနေ၊ နာမ်ရုပ်သေတို့၊ ကုဋေတသိန်း၊ ရေကိန်းတမျှ၊ စုပုံရသော်၊ ကောသလထုံး၊ တိုင်းသုံးမှတ်ခြင်း၊ တင်းရှစ်ဆယ်ဝင်၊ အကြင်ခါဝေါ်၊ ရာကျော်လှည်းပေါင်း၊ တင်လောက်ကောင်းသား၊ တသောင်းပုံပြု၊ စပါးစုထက်၊ အထုများစွာ၊

မက, ရာဟု၊ ကျမ်းလာမဆိတ်၊ ဝိပရိတ်တည်း။ ။ဤ လက်ာဖြင့်လည်း လျင်မြန်တိုတောင်းပုံကို သိရာ၏။

ယောဂီအား သမ္မသနဉာဏ် နှုးညံ့သိမ်မွေ့ပုံ ဥပမာ

သစ်သား မီးရှူးတိုင်တို့ကိုသာ တွေ့မြင်ဘူး၍ ဆီမီးတိုင်ကို မမြင်ဘူးသော တောသား ယောကျ်ားတယောက်သည် မြို့သို့ရောက်ခဲ့သော် စေ့းအတွင်းဝယ် ညှိထွန်းထားသော ဆီမီးတိုင်ကို မြင်ကာသွားပါတယ်။ ထိုအခါ ယောကျ်ားတယောက်ကို အိုအဆွေ အလှန်တင့်တယ်လှပ၍ နှစ်သက်ဖွယ်ကောင်းလှသော ဤဝတ္ထုကို ဘာလို့ခေါ်ပါသလဲလို့ မေးမြန်းရှာတယ်။ သိပြီး ပါးနပ်လိမ္မာပြီးသော မြို့သားက အမောင် ပြောင်ပြောင် ဝင်းဝင်း ထွန်းလင်းတောက်ပသော ဤဝတ္ထုဝယ် လှပတင့်တယ် နှစ်သက်ဖွယ် ဘာရှိလိမ့်မည်၊ ဤဝတ္ထုကို ဆီမီးတိုင်လို့ ခေါ်ပါတယ်။ ဆီမီးဇာမျှး ကုန်သွားတော့ ဆီမီးလှို့၏ သွားရာလမ်းကိုပင် မတွေ့မမြင်ရလတ့ံလို့ ပြောပြပါတယ်။ အမောင် ယခုပြောခဲ့သော ဆီမီးလှို့ကား သိလွယ်လှပါသေးတယ်၊ ဆီမီးတိုင်ကို သုံးပိုင်းပိုင်းကာ သုံးခုမြောက် အပိုင်းတွင် တောက်လောင်သော မီးလှို့သည် တပါးသော အပိုင်းသို့ရောက်ကာ မသွားပဲ ချုပ်ကွယ်သေပျောက်၍ ငြိမ်းရလိမ့်မည်လို့ ပြောပြပါတယ်။ အမောင် ယခုပြောခဲ့သော ဆီမီးလှို့ကား သိလွယ်လှပါသေးတယ်၊ ထိုထက်အလွန် လက်တသစ်တသစ်ကြားတွင် လောင်စဲ့သော မီးလှို့သည် လည်းကောင်း လက်သစ်ဝက် လက်သစ်ဝက်ကြားတွင် လောင်စဲ့သော မီးလှို့သည်လည်းကောင်း ချည်ချောင်းတခုတခုတွင် လောင်စဲ့သော မီးလှို့သည်လည်းကောင်း ချည်မျှင်တခုတခုတွင် လောင်စဲ့သော မီးလှို့သည်လည်းကောင်း လောင်စဲ့ရာ လက်သစ်စသည်သို့ ရောက်ကာမသွားပဲ ချုပ်ကွယ်သေဆုံး၍ ငြိမ်းကာသွားပါလိမ့်မည်၊ ချည်မျှင်ကို လှတ်ထား၍ မီးတောက်မီးလှို့ မထင်ရှားနိုင်ပါလို့ ပြောပြပါတယ်။

ဤ ဥပမာဝယ် လိုရင်းနှီးနှောပုံကား ချည်မျှင်တခုတွင် လောင်စဲ့သော မီးလှို့သည် တပါးတခြားသော ချည်မျှင်သို့ ရောက်ကာမသွားပဲ ချုပ်ကွယ်သေဆုံး၍ ငြိမ်းရပါလိမ့်မည်လို့ မြို့သားအား အသိဉာဏ်ပေါ်လာသကဲ့သို့ ယောဂီအား အဘိက္ကမ-စသည်တို့၏ အစွမ်းဖြင့်ဌင်း ဥဒ္ဓရဏ-စသည်တို့၏

အစ္ဆမ်းဖြင့်ၜင်း ပိုင်းခြားအပ်သောရုပ်တ္ဥင် လက္ခဏာရေးတင်၍ ပ္ဂါးများ သော် အနိစ္စ-စသည်ကို သိမြင်ကာသ္ဥားသည်နှင့် တူသည်ဆိုလိုသည်။

အာဟာရတော၊ အာဟာရကြောင့်ဖြစ်သော ရုပ်အားဖြင့် ပ္ဂါးများပုံ—

အာဟာရဇရုပ်သည် **ဆာတ** ဆာလောင်မ့တ်သိပ်တဲ့ရုပ်, **သုဟိတ** အားရတင်းတိမ်တဲ့ရုပ်တို့၏ အစ္ဆမ်းဖြင့် ပြောင်းလဲ ချုပ်ကွယ်ပုံ ထင်ရှားလှပါတယ်။ ဆာလောင်မ့တ်သိပ်တဲ့ကာလတ္ဥင် ဖြစ်သောရုပ်သည် ညှိုးညှိုးနွမ်းနွမ်း ပင်ပင်ပန်းပန်း ရှိပါတယ်၊ မီးလောင်သစ်ငုတ်ကဲ့သို့ၜင်း မီးကျီးတောင်း၌ ပုံးအောင်းသော ကျီးကဲ့သို့ၜင်း အဆင်းသဏ္ဌာန် မကောင်းလှပါ။ အားရတင်းတိမ်သော ကာလတ္ဥင် ဖြစ်သောရုပ်သည် ပြည့်ဖြိုးတင့်တယ် နူးညံ့ဖွယ်ဖြစ်၍ သိမ်မွေ့လှပါတယ်။ **ယောဂီသည်** ဆာတ,သုဟိတရုပ်များ ပိုင်းခြားမှတ်သားကာ ဆာလောင်မ့တ်သိပ်တဲ့ ကာလတ္ဥင် ဖြစ်သော ရုပ်သည် အားရတင်းတိမ်ရာကာလသို့ ရောက်ကာ မသ္ဥားပဲ ဆာလောင်မ့တ်သိပ်သော ကာလတ္ဥင်ပင် ချုပ်ကွယ်သေဆုံးရသောကြောင့် အမြဲမရှိ အနိစ္စ, ဒုက္ခ, အနတ္တတကားလို့ သာမညလက္ခဏာရေးသို့တင်ရာ၏။ တင်ပြီးသော် အနိစ္စ-စသည်တို့ကို ပ္ဂါးလေ။

ဥတုတော၊ ဥတုကြောင့်ဖြစ်သော ရုပ်အားဖြင့် ပ္ဂါးပုံ—

ဥတုဇရုပ်သည် **သီတ** အေးတဲ့ဥတု, **ဥဏှ** ပူတဲ့ဥတုတို့၏ အစ္ဆမ်းဖြင့် ပြောင်းလဲ ချုပ်ကွယ်ပုံ ထင်ရှားလှပါတယ်။ အေးသောဥတုတ္ဥင်ဖြစ်သော ရုပ်သည် ပြည့်ဖြိုးတင့်တယ် သိမ်မွေ့လှယ်၍ ခင်တ္ဥယ်ဖွယ်နူးညံ့သော အတွေ့ရှိပါတယ်။ ပူသောဥတုတ္ဥင် ဖြစ်သောရုပ်သည် ညှိုးညှိုးနွမ်းနွမ်း ပင်ပင်ပန်းပန်းဖြစ်ကာ မတင့်တယ်၍ ရှုချင်ဖွယ်မကောင်းသော အဆင်းရှိပါတယ်။ **အကြွင်း**ကို သိရာ၏။

ကမ္မတော၊ ကံကြောင့်ဖြစ်သော ရုပ်အားဖြင့် ပ္ဂါးများပုံ—

ကမ္မဇရုပ်သည် အာယတနဒ္ဒါရတို့၏အစ္ဆမ်းဖြင့် ပြောင်းလဲ ချုပ်ကွယ်ပုံ ထင်ရှားလှပါတယ်။ မျက်စိအကြည် မှန်တံခါးတ္ဥင် **စက္ခုဒသက** စက္ခုလွန်ကဲသော ရုပ်ဆယ်ခုအပေါင်း, **ကာယဒသက** ကိုယ်အကြည်လွန်ကဲသော ရုပ်ဆယ်ခုအပေါင်း, **ဘာဝဒသက** ဘောလွန်ကဲသော ရုပ်ဆယ်ခုအပေါင်း တို့၏အစ္ဆမ်းဖြင့် ကမ္မဇရုပ်သုံးဆယ်၊ ကမ္မဇရုပ်ကို ကျော်ပုံတတ်သော

ဥတုဇ ဥတုကြောင့်ဖြစ်သော ရုပ်ရှစ်ခု, **အာဟာရဇ** အာဟာရကြောင့်ဖြစ်သော ရုပ်ရှစ်ခု, **စိတ္တဇ** စိတ်ကြောင့်ဖြစ်သော ရုပ်ရှစ်ခု ပေါင်းနှစ်ဆဲ့လေးပါး။ ဤငါးဆဲ့လေးပါးသောရုပ်တို့ ဖြစ်ကြပါတယ်။ သောတ ဃာန ဇိဝှါဒွါရ မှန်တံခါးတို့တွင်ဖြစ်သော ရုပ်ကိုလည်း ဒွါရရုပ်မျှားလဲလှယ်ကာ ထည့်သွင်း၍ ငါးဆဲ့လေးပါးစီရှိတယ်လို့ မှတ်ရသည်။ မနောအကြည် မှန်တံခါးတွင် ဝတ္ထုဒသက ကာယဒသက ဘာဝဒသကတို့၏ အစွမ်းဖြင့် ရုပ်ပေါင်းသုံးဆယ် ဥတုဇအာဟာရဇစိတ္တဇရုပ်တို့၏ အစွမ်းဖြင့် ရုပ်ပေါင်းနှစ်ဆယ်လေး၊ ဤသို့ငါးဆဲ့လေးပါးသောရုပ်တို့ ဖြစ်ကြပါတယ်။ အောက်ကနည်းကိုမှီး၍ ပွါးပုံကို သိရာ၏။

စိတ္တတော၊ စိတ်ကြောင့်ဖြစ်သောရုပ်အားဖြင့် ပွါးမျှားပုံ—

စိတ္တဇရုပ်သည် ဝမ်းမြောက်သောပုဂ္ဂိုလ် ဝမ်းနည်းတဲ့ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ပြောင်းလဲပုံ ထင်ရှားလှပါတယ်။ တနည်း ဝမ်းမြောက်တဲ့အခါ ဝမ်းနည်းတဲ့အခါတို့၏ အစွမ်းဖြင့်လဲ ထင်ရှားလှပါတယ်။ ဝမ်းမြောက်တဲ့ကာလအခါ ဝမ်းနည်းတဲ့အခါတို့၏ အစွမ်းဖြင့်လဲ ထင်ရှားလှပါတယ်။ ဝမ်းမြောက်တဲ့ကာလအခါတွင်ဖြစ်သော ရုပ်သည် ပြည့်ပြည့်ဖြိုးဖြိုး အသားတိုး၍ တင့်တယ်လှပပါတယ်။ ဝမ်းနည်းတဲ့ စိတ်မကောင်းတဲ့အခါကာလတွင် ဖြစ်သောရုပ်သည် ညှိုးညှိုး နွမ်းနွမ်း ပင်ပင် ပန်းပန်းဖြစ်ကာ မတင့်တယ်၍ ရှုချင်ဖွယ်မကောင်းသော အဆင်းရှိပါတယ်။ ယောဂီသည် သောမနဿိတ, ဒေါမနဿိတ ရုပ်နှစ်ပါးတို့ကို ပိုင်းခြားကာ ဝမ်းမြောက်ရာကာလတွင်ဖြစ်သောရုပ်သည် ဝမ်းနည်းစိတ် မကောင်းရာကာလသို့ ရောက်ကာ မသွားပဲ ဝမ်းမြောက်ရန်ကာလတွင်သာ ချုပ်ကွယ်သေဆုံးတတ်သောကြောင့် အမြဲမရှိ အနိစ္စ, ဒုက္ခ, အနတ္တတကားလို့ သာမည လက္ခဏာကိုတင်၍ပွါးလေ။

ဤသို့ စိတ္တဇရုပ်ကို သာမညလက္ခဏာသို့တင်ကာ ပွါးမျှားသောယောဂီ၏ကြာဏ်ဝအား ဇီဝိတိန္ဒြေသည်ရင်း သုခဒုက္ခဥပေက္ခာဝေဒနာတို့သည်ရင်း ဇီဝိတဝိညာဉ်မှတပါး ကြွင်းကျန်သော ရုပ်နာမ်တရားတို့သည်ရင်း ငါ-ငါကောင်နှင့်ရင်း အခါခပ်သိမ်းတည်နိုင်သောအဖြစ်နှင့်ရင်း မရောရှက်ပဲ တခုခုသော စိတ်နှင့်သာ တကွဖြစ်ကြကုန်၏။ အသက်ရှင်ရာ ခဏသည်

တကြိမ်သော စိတ္တက္ခဏသာ အသက်ရှိသောကြောင့် အလွန်တိုတောင်း လျင်မြန်လှသည်လို့ ထင်ရှားစွာပေါ်လာမည်။ ရှစ်သောင်းလေးထောင် မဟာကပ်ကြာအောင်တည်နေနိုင်သော နေဝသညာနာသညာယတနဗြဟ္မာ ကြီးတို့ သန္တာန်မှာသော်လဲ ဇီဝိတစသောတရားတို့သည် တခုသောစိတ်နှင့် အတူတကွဖြစ်ပေါ်လာကာ အတူတက္ခ သေဆုံးရသည်လို့ ထင်ရှားစွာ ပေါ်လာမည်။ သေသောသတ္တဝါစိတ်နှင့် အတူတက္ခ ချုပ်ပြီးသောခန္ဓာ ဖြစ်စေ ပဝတ္တိအခါ ထင်ရှားတည်ဆဲသော သတ္တဝါ၏ဘင်သို့ ရောက်ခြင်း ကြောင့် ချုပ်ဆဲခန္ဓာဖြစ်စေ ခန္ဓာအားလုံးသည် တဖန်ဆက်စပ်ကာ ပေါ်လာခြင်းမရှိသောကြောင့် ချုပ်ကွယ်သေဆုံးသည်၏အဖြစ်ဖြင့် အတူတူ ပဲလို့ ထင်ရှားပေါ်လာမည်။ သတ္တဝါတို့၏အသက်ကား တကြိမ်သော စိတ္တက္ခဏသာ အသက်ရှိသည်လို့ ထင်လာမည်ဆိုလိုသည်။ ချုပ်ကွယ်သေဆုံး ပြီးသော အတိတ်ခန္ဓာဖြစ်စေ ချုပ်ကွယ်သေဆုံးလတ္တံ့သော အနာဂတ် ခန္ဓာဖြစ်စေ ချုပ်ကွယ်သေဆုံးဆဲဖြစ်သော ပစ္စုပ္ပန်ခန္ဓာဖြစ်စေ ခန္ဓာအား လုံးတို့အား ပျောက်ကွယ်သေဆုံးခြင်းတည်းဟူသော အကြောင်းကြောင့် အထူးမရှိတော့ပါလို့ ထင်ရှားစွာပေါ်လာမည်။ မဖြစ်သောစိတ်ဖြင့် ဖြစ်ဆဲ မဟုတ်လို့ဆိုရသည်၊ ဖြစ်ဆဲသောစိတ်ဖြင့် အသက်ရှင်ဆဲလို့ ဆိုရသည်။ စိတ်ဟူသမျှ ချုပ်ကွယ်သေဆုံးခြင်းကြောင့် ကမ္ဘာသူ ကမ္ဘာသားသတ္တဝါ အများတို့ကို ပရမတ်သဘောအားဖြင့် စိတ်ချုပ်ကွယ်သေဆုံးတိုင်းသေဆုံး တိုင်း သေပြီလို့ ဆိုရသည်။ ဤသို့ ခဏခဏသေဆုံးကာ နေကြသော်လဲ ထင်ထင်ရှားရှားမှီရာနှင့်တကွသော စိတ်ဟူသမျှကို စွဲမှီ၍ တိသော ဇီဝတိ-တိသကား အသက်ရှင်လျက်ရှိသည်။ ဖုသော ဇီဝတိ-ဖုသကား အသက်ရှင်လျက်ရှိသည်။ ဤသို့ ပြောဆိုခြင်း၏တည်ရာသန္တာန၊ပညတ်ကား ဤအရာ တွင် ပရမတ်သဖွယ်ဖြစ်၍ လာတော့သည်၊ မုချမဟုတ်ဟူလို့။ နား-ဂေါတ္တံ နဇီရတိ လို့ဆရာများမိန့်ကြသည်။ နာမဂေါတ္တံ၊ အမည်အနွယ်ကား။ နဇီရတိ၊ မဆွေးမြေနိုင်။ ချုပ်ကွယ်သေဆုံးပြီးသော ရုပ်နာမ်နှစ်ပါး ခန္ဓာ ငါးပါးတို့ကို တစုံတခုသောအရပ်တွင် သိုမှီးသိမ်းဆည်း၍ မထားရတော့ပါ။ အမှန်မှာ ချုပ်ကွယ်သေဆုံးသော ရုပ်နာမ်တို့သည် လုံးဝမရှိခြင်းသို့သာ ရောက်သွားပါတော့သည်။ အနာဂတ်တွင် လာရောက်၍ ဖြစ်ဖို့ရန်စုပုံ ထားတဲ့ ရုပ်နာမ်လဲမရှိနိုင်ပါ။

ကကွဋဖုသနစသော သဘောမျှးတည်ဆဲဖြစ်၍ ပစ္စုပ္ပန်ရုပ်နာမ်တို့ သည်လည်း နာမကလာပ=နာမ်တရားအပေါင်း, ရူပကလာပ=ရုပ်တရား အပေါင်းရယ်လို ရှိရာတွင် အယုတ်ဆုံးအားဖြင့် စက္ခုဝိညာဏနာမကလာပ ဝယ် ဇာတိ ဇရာ မရဏ မီးသုံးပါးနှစ်လီဖြစ်၍ နှစ်ဆဲ့လေးပါးသော မီးတို့ တောက်လောင်လျက်နေသောကြောင့်၎င်း အဋ္ဌကရူပကလာပဝယ် ဇာတိ ဇရာ မရဏ မီးသုံးဖြာတို့နှင့်တကွ တေဇောမီးပါ နှစ်ဆဲ့ငါးမီးတို့ တောက် လောင်လျက်နေသောကြောင့်၎င်း ကြာမြင့်စွာမတည်နိုင်ရကား အပ်ဖျား ပွတ်ဆောက်ဖျားဝယ် ထိကာမျှဖြစ်သော် လိမ့်ကျကာသွားသကဲ့သို့၎င်း မြက်ဖျားတွင် ကျရောက်သောဆီးနှင်းပေါက်သည် နေရောင်ခြည်ရောက် သဖြင့် ကွယ်ပျောက်ပုံမြန်သကဲ့သို့၎င်း ရေတွင်တုတ်ဖြင့်ဆွဲထား အရေး အကြောင်းမျှး ကွယ်ပျောက်ပုံလျင်မြန်သကဲ့သို့၎င်း ထို့အတူ ဖြစ်ပေါ် လာကာ ပျောက်ကွယ်သေဆုံးပုံ လျင်မြန်လှသည်တို့ ထင်လာပေါ် လာမည်။

အနိစ္စာနုဂတာ ဘင်္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဗ္ဘ သာသပူပမာ။ (ဝိသုဒ္ဓိမဂ်)

ယေ ဓမ္မာ၊ အကြင်ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားအစုတို့သည်။ ဘင်္ဂါ၊ ပျောက်ကွယ်သေဆုံးကြကုန်၏။ တေ ဓမ္မာ၊ ထိုတရားအစုတို့သည်။ အနိစ္စာနုဂတာ၊ တစုံတခုသောအရပ်တွင် သိုမှီးသိမ်းဆည်းထားခြင်းသို့ မရောက်ကုန်။ အနာဂတေ၊ နောင်အခါတွင်။ ဝတ္တမာနတ္ထံ၊ လာရောက်၍ ဖြစ်ပေါ် ရန်အကျိုးငှါ။ ပုဉ္ဇော၊ အစုအပုံဖြစ်သောရုပ်နာမ်သည်။ နတ္ထိ၊ မရှိ။ ယေ ဓမ္မာ၊ အကြင်ရုပ်နာမ်နှစ်ပါး တရားအစုတို့သည်။ နိဗ္ဗတ္တာ၊ ဖြစ်ဆဲရဆဲဖြစ်ကုန်၏။ တေပိ၊ ထိုတရားအစုတို့သည်လည်း။ အာရဗ္ဘ၊ ပွတ်ဆောက်ဖျားအပ်ဖျားတွင်။ သာသပူပမာ၊ တင်ထားသော မုန်ညင်း စေ့နှင့်တူစွာ။ တိဋ္ဌန္တိ၊ ကာလမကြာ ခဏသာ တည်နိုင်ကြလေကုန်၏။

ရုပ်နာမ်နှစ်ပါး တရားအစုတို့မည်သည် အထက်ကောင်းကင်သို့ပစ်လွှတ် လိုက်သော ကျောက်ခဲစသည်တို့သည် မြေဝယ်ကျဖို့ရာ ရွေ့ရှုမလွဲနိုင်သကဲ့သို့ ဘင်သို့သာ ရွေ့ရှုကာနေကြပါတယ်။ ရှေးလွန်လေပြီးသော အတိတ်တရား တို့နှင့် မရောရှက်၊ သူချည်းသက်သက်သာ ပျက်စီးသောသဘောရှိကုန်၍ တည်နေကြပါတယ်။ လျှပ်စစ်ရောင်မျှးပေါ် လာကာ ပျောက်ကွယ်သွား သည်ကို မြင်ရသကဲ့သို့ မမြင်မတွေ့ရာအရပ်မှ အကြောင်းကြောင့် ဘွားကနဲ

ပေါ်လာကာ တစုံတခုသောအရပ်တွင် ကပ်ရောက်တည်နေခြင်းမရှိသောကြောင့် လုံးဝမရှိခြင်းသို့ ရောက်အောင် ချုပ်ကွယ်သေဆုံး၍ သွားကြပါတယ်လို့ ထင်လာပေါ်လာမည်။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။ (ဝိသုဒ္ဓိမဂ်)

အဒဿနတော၊ မမြင်မတွေ့ရာအရပ်မှ။ အာယန္တိ၊ လာရောက်ကာဖြစ်လာကြရကုန်၏။ ဘဂ္ဂါ ဘင်္ဂါပိ၊ ချုပ်ကွယ်သေဆုံးသော ရုပ်နာမ်တရားတို့သည်လည်း။ အဒဿနံ၊ တစုံတခုသောအရပ်တွင် ကပ်ရောက်ကာမတည်နိုင်သောကြောင့် လုံးဝမမြင်ရ မရှိခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ အာကာသေ၊ ရေးခြစ်မထင် ထက်ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ အရောင်တလက်လက် လျှပ်စစ်ပြက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ပေါ်လာရောက်လာကြကုန်၏။ ဝယန္တိ စ၊ ပျောက်ကွယ်သေဆုံးလည်း သေဆုံးကြကုန်၏။

ဓမ္မတာရူပတော၊ ဓမ္မတာရုပ်အားဖြင့် ပွါးပုံ—

ဝိဝဋ္ဋကမ္ဘာမှစ၍ ဣန္ဒြေမပါ အပမှာသာ ဖြစ်ပေါ်ကာလာကြတဲ့သံကြေး သလဲဖြူ သလဲမည်း ရွှေငွေစသောရတနာမျိုးကိုဂျင်း မြေတောင်သစ်ပင် တောတောင်တခွင်နှင့်ရေမျိုးကိုဂျင်း ဓမ္မ ဥတု ဗီဇ နိယာမသဘောဥတုမျိုးစေ့အစွမ်းသတ္တိတို့ဖြင့် ဖြစ်ပေါ်ကာ လာသောကြောင့် ဓမ္မတာရုပ်လို့ ခေါ်ဆိုတယ်။ ထိုဓမ္မတာရုပ်သည် ယောဂီအား အသောက-အကံ့ရ=သောကပင်ညွှန့် (၀၊) ပန်းသုံးညွှန့်စသည်တို့၏ အစွမ်းဖြင့် ပြောင်းလဲပုံထင်ရှားလှပါတယ်။ ပန်းသုံးညွှန့်သည် တနုရတ္တာ=အစစ္စာနိရောင်ရောင်အဆင်းရှိတယ်။ နှစ်ရက်သုံးရက်လွန်သောအခါ ဃနရတ္တာ=တခဲနက်နီသောအဆင်းရှိတယ်။ တဖန်နှစ်ရက်သုံးရက်လွန်သောအခါ မန္ဒရတ္တာ=ခပ်ပြေပြေနီသောအဆင်းရှိတယ်။ ထိုနောင် တရုဏပလ္လဝဝဏ္ဏာ=နုသောသစ်ရွက်ညွှန့်အဆင်းရှိတယ်၊ ထိုနောင် ပရိဏတပလ္လဝဝဏ္ဏာ=ရင့်သောသစ်ရွက်ညွှန့်အဆင်းရှိတယ်။ ထိုနောင် ဟရိတပဏ္ဏဝဏ္ဏာ=စိမ်းသောသစ်ရွက်ညွှန့်အဆင်းရှိတယ်။ ထိုနောင် နီလပဏ္ဏဝဏ္ဏာ=ညိုသောသစ်ရွက်အညွှန့်အဆင်းရှိတယ်၊ ညိုသောသစ်ရွက်အဆင်းရှိသောကာလမှစ၍ အဆင်း စသောအားဖြင့်

တူသောရုပ်အစဉ်သည် အကြောင်းအကျိုးအဆက်ဆက်ဖြင့် အစဉ်ဆက်၍ ဖြစ်သည်ရှိသော် တနှစ်မျှဖြင့် ဝါတာတာ ခြောက်သွေ့ကာလာသော သစ်ရွက်ဖြစ်၍ အညှာမှ ပြုတ်ကာ ကြွေကျပါတော့သည်။ ယောဂီသည် ပန်းသုံးညှန့်ရုပ်ကို အပိုင်းပိုင်း ပိုင်းကာ တနုရတ္တာ=နီရောင်ရှိသောကာလတွင် ဖြစ်သောရုပ်သည် ဃနရတ္တာ=တခဲနက်နီသော အဆင်းရှိသော ကာလသို့ ရောက်ကာမသွားပဲ နီရောင်ရောင်အဆင်းရှိသော ကာလမှာပင် ချုပ်ကွယ်သေဆုံးသောကြောင့် အမြဲမရှိ အနိစ္စ, ဒုက္ခ, အနတ္တတကားလို့ သာမည လက္ခဏာရေးသုံးပါးသို့ တင်၍ ပွါးများကြလေ။

ရူပသတ္တကတွင် ပွါးပုံပွါးနည်းပြီး၏။

ဝိပဿနာဉာဏ်ဆယ်ပါးသည် အစဉ်ငါးမျိုးဟောရိုးရှိရာတွင် ဒေဿနာအစဉ်အားဖြင့် ဟောထားသောကြောင့် ဒေဿနက္ကမဖြစ်သည်၊ ကျင့်စဉ်အားဖြင့် ဟောထားသောကြောင့် ပဋိပတ္တိက္ကမလဲဖြစ်သည်။ ပါရမီပြည့်ဝသောပုဂ္ဂိုလ်တို့အား ဉာဏ်အစဉ်အတိုင်း ဖြစ်ပေါ်ကာ သွားတတ်သောကြောင့် ပဝတ္တိက္ကမလဲ ဖြစ်သည်ဆိုဘိသကဲ့သို့ ရူပသတ္တကရှုနည်း ခုနစ်မျိုးကား တနည်းပွါးပြီးမှ တနည်းကိုပွါးရန် ဆိုထားသည်မဟုတ်သောကြောင့် ပဋိပတ္တိက္ကမပွါးစဉ် ကျင့်စဉ်အားဖြင့် ဆိုထားသည်မဟုတ်ပေ။ သို့ရာတွင် အာဒါနနိက္ခေပန-ပဋိသန္ဓေနှင့် စုတိတို့၏အတွင်း၌ဖြစ်သော ရုပ်ကိုယူ၍ ပွါးနည်းကား ကြဲလွန်းလှ၍ ယခုကာလ ယောဂီတို့ ပွါးရန်မသင့်လျော်ပေ။ ပါရမီရှင်တို့သာ နှလုံးသွင်းရန် ကောင်းသည်။ ဝယောဝုဒ္ဓတ္ထင်္မရှုနည်း အကြမ်းအနုနှစ်မျိုးတွင် အဘိက္ကမမှစ၍ ခြောက်ပိုင်း ဥဒ္ဓရဏမှစ၍ ခြောက်ပိုင်းတို့ကိုသာ ပိုင်းခြား၍ နှလုံးသွင်းပွါးများရန်ကောင်းသည်၊ ယခုကာလ ယောဂီတို့ ပွါးများရန် သင့်လျော်လှသည် ဆိုလိုသည်။

ဒီဃနခသုတ်လာရုပ်ကမ္မဋ္ဌာန်း

မစ္ဆိမပဏ္ဏာသဒီဃနခသုတ်တွင် ဟောတော်မူသော ရုပ်ကမ္မဋ္ဌာန်းကား

အယံ ခေါ ပနဂ္ဂိဝေဿန ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ သြဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒန-

ပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿိတဗ္ဗော။

မြန်မာ— "အဂ္ဂိဝေဿန အန္ဓယ်၌ဖြစ်သော အိုဒီဃနခပရဗိုဇ် ဖောက် ပြန်တဲ့သဘောရှိသော ခက်မာသောအမှုအရာ ဖွဲ့စည်းသောအမှုအရာ ပူနွေးသောအမှုအရာ ထောက်ပံ့တိုးဝှေ့ တွန်းကန်သောအမှုအရာ ဓာတ်လေးပါး အပေါင်းဖြစ်တဲ့ မိဘနှစ်ပါးတို့၏ သုက်သွေးကြောင့်ဖြစ်တဲ့ ထမင်းမုံ့ ငါးတို့ကို စား၍ ကြီးပွါးခဲ့ရတဲ့ ဖြစ်ပေါ်လာကာ ပျောက်ကွယ်ပျက်စီးရသော နှံသာရေ နှံသာပျောင်းတို့ဖြင့် လိမ်းကျံရသော ထက်ဝန်းကျင်မှနှိပ်နယ်၍ ပေးရသော ဒီပုံစောင့်ရှောက်ပြုပြင်၍ ပေးသော်လဲ ပျက်စီးရသောသဘော ဖရိဖရဲပြိုကွဲပျက်စီးရသောသဘောရှိသော ဒီကိုယ်ရုပ်တရားကိုဖြစ်ပေါ်လာကာ ပျောက်သွားသောကြောင့် အမြဲမရှိ အနိစ္စလို့ စသည်ဖြင့် ရှုရမည်" ဟု မိန့်ကြားတော်မူသည်။ ဒီပုံရှုကြည့်သောယောဂီအား ရုပ်မှာ တွယ်တာ ကပ်ငြိတဲ့တဏှာအစေးကို ပယ်သတ်ခြောက်သွေ့စေနိုင်သော အကျိုးရှိပါ တယ်။

ပွါးပုံ—ခက်မာတဲ့သဘောအမှုအရာ ဖွဲ့စည်းတဲ့သဘောအမှုအရာ ပူနွေးတဲ့သဘောအမှုအရာ ထောက်ပံ့တိုးဝှေ့တွန်းကန်တဲ့ သဘောအမှုအရာ ဓာတ်လေးပါးအပေါင်းဟုဆိုအပ်သော ဤခန္ဓာကိုယ်သည် ရှေးရုပ်အစဉ်နှင့် မတူ နောက်ရုပ်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ် နှိပ်စက်အပ်သော ကြောင့် ရုပ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်၊ ရူပပရိစ္ဆေဒဉာဏ်ဖြင့် အတ္တဒိဋ္ဌိကိုပယ်သည်။

ဒီရုပ်တရားသည် အဝိဇ္ဇာ တဏှာ ကံ အာဟာရဆိုအပ်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာပေသည်။ တန်ခိုးကြီးမားနတ်သိကြားတို့ကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိ ဝိသမ ဟေတုကဒိဋ္ဌိတို့ကို ပယ်သည်။

ခန္ဓာကိုယ် ရင်ချိုင့်အလယ်၏ အထက်နားတွင် ဉာဏ်စိုက်ထား၍ ဒီရုပ်တရားသည် ဖြစ်ပေါ်ကာပျောက်ကွယ်၍ သွားသောကြောင့် အမြဲမရှိ အနိစ္စလို့ပွါးပါလေ။ ဓာတ်တပါးတည်းကိုလည်းယူ၍ ပွါးနိုင်သည်၊ ဝေဒနာ

ကမ္မဋ္ဌာန်းကိုကား နာမ်ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဟောတော်မူသည်။ ဒီဃနခ သုတ်ကိုကြည့်ပါလေ။ အာဟာရဥတု ကံစိတ်တို့ကြောင့် ဖြစ်သော ရှုနည်း တို့ကား အခါခပ်သိမ်းမဖြစ်နိုင်၊ အခွင့်အခါကောင်းကြည့်ကာ ပွါးရမည် ဖြစ်သောကြောင့် အမြဲတန်း ရှုကြည့်ပွါးများရန်မလို၊ ရံခါအခွင့်ကြုံက ပွါးများရန် ပွါးများဖို့မလစ်ဟင်းရအောင် နည်းမျိုးစုံပြထားသည်။ ပါရမီ ရှင်တို့မှာကား ဘယ်နည်းမဆို အနည်းငယ်ကြည့်ရှုရုံ ပွါးရုံနှင့်ပင် အဖြစ် အပျက်ကိုမြင်ကာ ဉာဏ်စဉ်တက်၍ နိဗ္ဗာန်ဖက်သို့ ကူးသွားနိုင် ရဟန္တာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပွါးများပုံ နည်းမျိုးစုံအောင် ပြထားလျက် ရှိပါသည်၊ ဘယ်နည်းကား ပဋိပတ္တိက္ကမ, ဘယ်နည်းကား ဒေသနာက္ကမလို့ မဆိုသာချေ။ လက္ခဏာရေးသုံးပါးသို့တင်၍ မှတ်ရမည့်နည်း ချည်းသာ မှတ်လေ။

လှုနံထားထစ်ဆိုသကဲ့သို့ ရှုကြည့်ရမည်ဆိုလိုသည်မဟုတ်၊ နည်းအမျိုး မျိုးရှိ၍ သင့်လျော်သလိုထည့်သွင်းကာ ပွါးနိုင်သည်ကို အဋ္ဌကထာဆရာ ပြလိုရင်းဖြစ်သည်။ ရှုပသတ္တကနိဂုံးတွင် တိလက္ခဏံ အာရောပေတွာ သခ်ါရေ သမ္မသတိ တို့ကို ထောက်ဆ၍ နိဿံသယ ယုံမှားမရှိ မှတ်ကြလေ။

ဒုခ္ခါသော ဝိပဿနာရှုနည်းကျမ်းတွင် သော။ပ။ တိလက္ခဏံ အာရောပေတိ-ကို မြန်မာလိုပြန်ဆိုကာ အထက်ပါ စကားအစဉ်သည်လည်း ဒေသနာ အစဉ်မျှသာတည်း၊ ကျက်မှတ်၍ ရှုရမည်၊ ကျင့်စဉ်ကား မဟုတ် သေး(ပ) ပဋိပတ္တိက္ကမကျင့်စဉ်ကား ဤသို့တည်း စသည်ဖြင့် ရေးကာ ထား၏၊ ထိုသို့ ရေးခြင်းကား မနက်နဲမခက်ခဲလှသော အဓိပ္ပါယ်ကိုပင် မှန်တာမကြည့် လိုရာကြည့်လျက် အမှန်မမြင် အပြစ်တင်ကာသွားသည်လို့ မှတ်ရမည်။

အရူပသတ္တကရှုနည်းပြစကား

> ကလာပတော ယမကတော ခဏိကတော ပဋိပါဋိတော ဒိဋ္ဌဥဇ္ဇုကတော မာနသမုဇ္ဇုကတော နိကန္တိပရိယာဒါန-တောတိ။

ကလာပတော စ၊ အပေါင်းအားဖြင့်ငင်း။ ယမကတော စ၊ အစုံအား ဖြင့်ငင်း။ ခဏိကတော စ၊ ခဏနှင့်ယှဉ်သောအားဖြင့်ငင်း။ ပဋိပါဋိတော

စ၊ အစဉ်အားဖြင့်ငင်း။ ဒိဋ္ဌဉ္ဇုဂ္ဂါနုတော စ၊ ဒိဋ္ဌိကိုခွါသောအားဖြင့်ငင်း။ မာနသမုဂ္ဃါနုတော စ၊ မာနကိုကောင်းစွာ ခွါသတ်သောအားဖြင့်ငင်း။ ဣတိ၊ ဤသို့။ သတ္တဓာ သတ္တဟိ အာကာရေဟိ၊ ခုနစ်မျိုးသော အခြင်းအရာတို့ဖြင့်။ အရူပေသု၊ နာမ်တရားတို့၌။ တိလက္ခဏံ၊ လက္ခဏာသုံးပါးကို။ အာရောပေတွာ၊ တင်၍။ ပဋ္ဌာရေန၊ ဖြင့်။ ဝိပဿတိ၊ ဆုံးဖြတ်ပိုင်းခြားနှလုံးဌိတ်ဖြင့် ပွါးမျှားရမည်။ ထိုခုနစ်မျိုးတို့တွင်

ကလာပတော၊ နာမ်တရားအပေါင်းအားဖြင့် ပွါးမျှားပုံ—

ဤသာသနာတော်တွင် အခြို့သောယောဂိသည် ဆံစသော သုံးဆဲ့နှစ်မျိုးသော အဖိုအစုတို့တွင် ဆံစသော နှစ်ဆယ်သောအဖိုအစုကား ပထဝီကာယ=ပထဝီထင်ရှားသော ရုပ်အပေါင်းဖြစ်သည်။ ပိတ္တံ-သည်းခြေစသော တဆဲ့နှစ်ပါးသော အဖိုအစုကား အာပေါကာယ = အာပေါထင်ရှားသော ရုပ်အပေါင်းဖြစ်သည်။ ပါစကတေဇောစသော လေးပါးသောအဖိုအစုကား တေဇောကာယ=တေဇောထင်ရှားသော ရုပ်အပေါင်းဖြစ်သည်။ ဥဒ္ဓင်္မဝါယောစသော ခြောက်ပါးသောအဖိုအစုကား ဝါယောကာယ=ဝါယောထင်ရှားသော ရုပ်အပေါင်းဖြစ်သည်။ ထိုကာယလေးမျိုးတို့တွင် ကသာ ဆံပင်ပထဝီကာယကိုရည်မှန်း၍ သာမညလက္ခဏာတင်၍ ပွါးမျှားခဲ့သော် ပွါးမျှားတဲ့ ဖဿ ဝေဒနာ သညာ စေတနာ ဝိညာဉ်ဟူဆိုအပ်သော စိတ္တုပ္ပါဒ်ကို တဖန်လက္ခဏာရေးသို့တင်ကာ ပွါးမျှားကကလာပ-နာမ်တရားအပေါင်းအားဖြင့် ပွါးမျှားသည်မည်ပါတယ်။

ဖဿဝေဒနာစသော နာမ်တရားအပေါင်းဆိုသည်မှာ အတူတကွယှဉ်ဖော်ယှဉ်ဖက်စိတ္တုပ္ပါဒ်ကို ဆိုလိုသည်။ အဋ္ဌကထာတွင်ကား "ကသာအနိစ္စာ" စသည်ဖြင့် သာမာန်အားဖြင့်သာ ပြကာထား၏။ သို့ရာတွင် ကသာစသော ကောဋ္ဌာသကို ဓာတ်အားဖြင့် ဝေဘန်သော် ရုပ်ဓာတ်ပင်ဖြစ်၍ ဓာတ်သဘောထိအောင် ဝေဘန်ပြလိုက်သည်။ ဤကား ဝိသုဒ္ဓိကထာတွင်လာသောနည်းတည်း။

တနည်း အောက်ရှုပသတ္တကတွင် ခုနစ်မျိုးသော အရာဌာနတို့၌လာသော ရုပ်ကို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာသို့တင်ကာ ပွါးမျှားရာတွင် တဖန် ပွါးမျှားတဲ့ စိတ္တုပ္ပါဒ်ကို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတင်ကာ ပွါးမျှား

ပါက ကလာပ-နာမ်တရားအပေါင်းအားဖြင့် ပွါးများသည်မည်ပါတယ်။ ဤကား အရိယာဝံသတွင်လာသော နည်းတည်း။

ယခုပြဆိုခဲ့သော နှစ်မျိုးသောနည်းတို့တွင် နောက်နည်းကား သင့်တင့်လျောက်ပတ်ကောင်းမြတ်လှပေ၏။ ထို့ကြောင့် ကြင်းသော ယမက စသည်ဖြင့် ရှုပုံတို့ကိုလည်း အရိယာဝံသနည်းဖြင့်သာ ဝေဘန်မည်လို့ အဋ္ဌကထာဆရာမိန့်ဆိုသည်။ ယုတ္တတရ-သင့်တင့်လျောက်ပတ်ကောင်းမြတ်ရာဝယ် အကြောင်းကား နီးနီးနားနား အလွန်ထင်ရှားသော ဆုံးဖြတ်ပိုင်းခြား ပွါးများသည်ကိုယူကာ ဆုံးဖြတ်ပိုင်းခြားပွါးများသည်ဆိုသောကြောင့် ရူပသတ္တကတွင် ဆုံးဖြတ်ပိုင်းခြားပွါးများမှကား ရုပ်တရားများတွင် အလွန်အကဲ အစိုင်အခဲဖြစ်၍ တွဲလျက်နေသည်ကို အမှန့်မှန့်ကြမ္ဘအောင် ပြုတတ်ပါတယ်။ ထို့ကြမ္ဘလျက်ရှိသောရုပ်ကို အာရုံပြုတဲ့ စိတ္တုပ္ပါဒ်ကို ဆုံးဖြတ်ပိုင်းခြားပွါးများခြင်း၏ အလွန်အကဲနှင့်တကွ အနိစ္စစသော လက္ခဏာတို့ကို ထိုးထွင်း၍သိနိုင်ရန် ဖြစ်လွယ်သောကြောင့်ဂုင်း ယုတ္တတရဖြစ်ပါတယ်လို့ ဋီကာဆရာပြဆို၏။ ဝိသုဒ္ဓိကထာတွင်လာတဲ့ နည်းမသင့်ကြောင်းကား အသစ်ဖြစ်သော ကသာ ဆံစသော ကောဋ္ဌာသများကို အာရုံပြု၍ ပွါးများတဲ့ စိတ္တုပ္ပါဒ်ကို လက္ခဏာရေးတင်၍ မပွါးများသင့်၊ ပွါးများခဲ့သော် ကမ္မဋ္ဌာန်းအသစ်အသစ်သာဖြစ်ရာသောကြောင့် မသင့်လို့ အကြောင်းပြပါတယ်။

နာ ပန အပုဗ္ဗကေသာဒိသမ္မသနံ ကတ္ဝာ တဗ္ဘိသယံ ပဝတ္တိတံ၊
တထာ သတိကမ္မဋ္ဌာနံ နဝနဝမေဝ သိယာ။ (မဟာဋီကာ)

ဝိသုဒ္ဓိကထာတွင်လာသောနည်းအတိုင်း ကာယလေးမျိုးရှိရာတွင် တစုံတခုသောကာယကို အစစ္စာ ကြမ္ဘအောင်ပွါးများပြီးသော် တဖန်ကြမ္ဘပြီးသောရုပ်ကို ပွါးများတဲ့အခါ ပွါးများသောစိတ္တုပ္ပါဒ်ကို လက္ခဏာရေးတင်ပြီး ပွါးများပါက ကမ္မဋ္ဌာန်းအသစ်အသစ် မဖြစ်နိုင်သောကြောင့် သင့်တင့်ကောင်းမြတ်သောဝါဒလို့မှတ်ရာ၏။ အဋ္ဌကထာဆရာနှင့် ဆန့်ကျင်လျက်နေတကားဟူငြားအံ့။ မဆန့်ကျင်ပေ။ အကြောင်းကား ရူပသတ္တ-က လာရုပ်များကိုပွါးများခဲ့ရာမှ ကသာဆံစသော ကောဋ္ဌာသကိုပွါးများသောကြောင့်မသင့်လို့ ဆိုပေသည်၊ ဝိသုဒ္ဓိကထာ လာနည်းကိုမရှုကောင်း

မပ္ဂါးကောင်းသောကြောင့် ဆိုသည်မဟုတ်၊ ထို့ကြောင့် မဆန့်ကျင်လို့ မှတ်ရာ၏။

ယမကတော၊ အစုံအားဖြင့်ပ္ဂါးများပုံ—

ရူပသတ္တကာ လာခုနစ်မျိုးသောရုပ်ကို အသီးအသီး ပ္ဂါးများရာတွင် ဘဖန်ရုပ်ကိုပ္ဂါးများတဲ့ စိတ္တဇပ္ပါဒ်ကို လက္ခဏာရေးတင်ကာ ပ္ဂါးများပါက ယမကအားဖြင့် ပ္ဂါးများသည် မည်ပါတယ်။

ခဏိကတော၊ ခဏအားဖြင့်ပ္ဂါးများပုံ—

ရူပသတ္တကာ လာခုနစ်မျိုးသောရုပ်ကို အသီးအသီးပ္ဂါးများရာတွင် တဖန် ပ္ဂါးများတဲ့ ပဌမစိတ္တဇပ္ပါဒ်ကို ဒုတိယစိတ္တဇပ္ပါဒ်ဖြင့် ဒုတိယစိတ္တဇပ္ပါဒ်ကို တတိယစိတ္တဇပ္ပါဒ်ဖြင့် တတိယစိတ္တဇပ္ပါဒ်ကို စတုတ္ထစိတ္တဇပ္ပါဒ်ဖြင့် စတုတ္ထစိတ္တဇပ္ပါဒ်ကို လက္ခဏာရေးတင်ကာ ပဉ္စမစိတ္တဇပ္ပါဒ်ဖြင့် ပ္ဂါးများပါက ခဏိကအားဖြင့် ပ္ဂါးများသည်မည်ပါတယ်။ ဤသို့ ဆုံးဖြတ်ပိုင်းခြားပ္ဂါးများမှကို ဆုံးဖြတ်ပိုင်းခြားပ္ဂါးများတိုင်းသော စိတ္တဇပ္ပါဒ်ဟူသမျှကို ပ္ဂါးများသဖြင့် ထိုစိတ္တဇပ္ပါဒ်တို့၏ ခဏတ္တယမျှ တည်နိုင်ကြသည်ကို သိစေနိုင်သောကြောင့် ခဏိကသမ္မသနလို့ ဆိုပေသည်။

ပဋိပါဋိတော၊ အစဉ်အားဖြင့် ပ္ဂါးများပုံ—

ရူပသတ္တကာ လာခုနစ်မျိုးသော ရုပ်ကို အသီးအသီးပ္ဂါးများရာတွင် တဖန်ပ္ဂါးများတဲ့ ပဌမစိတ္တဇပ္ပါဒ်ကို လက္ခဏာရေးတင်ကာ ဒုတိယစိတ္တဇပ္ပါဒ်ဖြင့် ပ္ဂါးရပါတယ်။ ဤသို့အဆင့်အဆင့်ပ္ဂါးများသော် ဒသမ ဆယ်ကြိမ်မြောက် စိတ္တဇပ္ပါဒ်ဖြင့်ပ္ဂါးများပါက ပဋိပါဋိအစဉ်အားဖြင့် ပ္ဂါးများသည်မည်ပါတယ်။ ဆယ်ကြိမ်မြောက်သော စိတ္တဇပ္ပါဒ်ပ္ဂါးများရုံမျှဖြင့် ရုပ်တရားနာမ်တရားများတွင် အနိစ္စစသော လက္ခဏာများ ကောင်းစွာထင်ရှားကာ လာနိုင်ပါပြီ။ ထို့ကြောင့် ဆယ်ကြိမ်မြောက်သောစိတ်တွင် ရုပ်တန့်ပါလို့ မိန့်ဆိုသည်။ တဖန်ဆက်၍ ပ္ဂါးလိုသော် ရုပ်ကိုပ္ဂါးပြီးနောက် အဆင့်ဆင့် ဆယ်ကြိမ်မြောက် စိတ္တဇပ္ပါဒ်တိုင်အောင် ပ္ဂါးများကြည့်ရှုပါ ဆိုလိုသည်။ ဤ ဆုံးဖြတ် ပိုင်းခြားပ္ဂါးများမှုကိုကား လေးကြိမ်မက များလှစွာသော သမ္မသနမှုတို့အစဉ်အားဖြင့် ဖြစ်ပေါ်လာသောကြောင့် ပဋိပါဋိသမ္မသနလို့ ဆိုပေသည်။

ရူပသတ္တက အရူပသတ္တကတို့တွင် လာတဲ့အတိုင်း ရုပ်နာမ်များကို သိမ်းဆည်းပွါးများသောအခါ အစိုင်အခဲဖိုင်တဲ့၍ ထားဘိသကဲ့သို့ ယောကျ်ားမိန်းမစသော သဏ္ဌာန်နိမိတ် အရိပ်အရောင် သန္ဓတိနိမိတ် နိစ္စသုခအတ္တ အရိပ်အရောင်များကို ဘာဝနာဉာဏ်ဖြင့် မှတ်လွှင့်ကာ ခေါင်းတိုင်မှ မှတ်ထုတ်လိုက်သော မီးခိုးတိမ်ခိုးများ လွှင့်ပါးပျောက်ကွယ်ကာ သွားသည်ကို မြင်ရဘိသကဲ့သို့ဌင်း တဟုတ်ဟုတ် တသုတ်တသုတ်ဖြစ်၍တက်ကာ တောက်လောင်သော မီးတောက်မီးလုံများ လွှင့်ပါးပျောက်ကွယ်ကာ သွားသည်ကို မြင်ရဘိသကဲ့သို့ဌင်း ရုပ်နာမ်တရားတို့၏ ဖြစ်ပုံပျက်ပုံကို မြင်ခဲ့သိရှိခဲ့သော် ရုပ်နာမ်တရားနှစ်ပါးအစုမှတပါး ငါကောင် သူကောင်မည်သည်ကိုမှ မတွေ့မမြင်တော့ပါ။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးကို မတွေ့မမြင်သည်ကစပြီး သတ္တဝါဟူသော အမှတ်သညာ ကွာကာသွားပါတော့သည်။ မှောက်မှားတဲ့ သညာဝိပလ္လာသတရား ကင်းကွာကာသွားခြင်းကြောင့် အသိမှားအယူမှားများလည်း မဖြစ်တော့ပြီ ဆိုလိုပါသည်၊ အယူမှားမဖြစ်တော့ ဒိဋ္ဌိကွာသည်မည်ပါတယ်။

ဒိဋ္ဌိကွာသောစိတ်ဖြင့် သခ်ါရတရားတို့ကို သိမ်းဆည်းပွါးများသော ယောဂီအား အလိုမှား အထင်မှားတဲ့ ဒိဋ္ဌိအကြောင်းခံ အပယ်ခံရန် အကြောင်းဖြစ်တဲ့ မာနလည်းမဖြစ်တော့ပါ၊ မာနမဖြစ်တော့ မာနကွာသည် မည်ပါတယ်။

အထင်မှားတဲ့ မာနကိုပယ်သောစိတ်ဖြင့် သခ်ါရတရားတို့ကို သိမ်းဆည်းသောယောဂီအား တဏှာလည်း မဖြစ်တော့ပါ၊ တဏှာမည်သည် အလိုမှား အထင်မှားသော အာရုံတို့ဌ်သာ ဖြစ်တတ်သည်ဆိုလိုသည်၊ သိမ်မွေ့သော နိကန္တိကုန်သည်မည်ပါတယ်။ ထို့ကြောင့် မာန ဒိဋ္ဌိ နိကန္တိများကို ခွါသတ်ရန် တသီးအခြား သမ္မသနနည်းများကို မထားတော့ပါ ဆိုလိုသည်။ ဤကား ဝိသုဒ္ဓိကထာလာနည်းတည်း။

အရိယာဝံသအဋ္ဌကထာတွင်မူကား ဒိဋ္ဌိဉ္ဇါဋ္ဌန=ဒိဋ္ဌိကိုကွာအောင်ရှုတဲ့နည်း, မာနဉ္ဇါဋ္ဌန = မာနကိုကွာအောင်ရှုတဲ့နည်း, နိကန္တိပရိယာဒါန = တဏှာကုန်အောင် ရှုတဲ့နည်းရယ်လို သုံးမျိုးဝေဘန်ကာ ထားပါတယ်။ ထိုတွင် အဟံ ဝိပဿာမိ၊ ငါဝိပဿနာရှုတယ်။ မမ ဝိပဿနာ၊ ငါ့ဝိပဿ-

နာလို့ ယူသောယောဂီအား ငါပို့ဆောင်တယ်လို့မှတ်ထင်အပ်သော ဝိပဿနာ၏ အရှင် ငါ-ငါကောင်ကိုစွဲယူကာ ထားလျက်ရှိသောကြောင့် ဒိဋ္ဌိမကွာသေးပါ။ ဤအရာတွင် နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးဖြင့် ဒိဋ္ဌိကွာပြီး ကင်းပြီး မဟုတ်ပါလော့လို့ မေးရန် ရှိပါတယ်။ အဖြေကား မဂ်ဖြင့် အကြွင်းမဲ့ မသတ်မဖြတ်ရသေးသောကြောင့် နူးညံ့သိမ်မွေ့သော ဒိဋ္ဌိကျန်ရှိပါသေးတယ်။ ထို့ကြောင့်ဒိဋ္ဌိမကွာသေး ဆိုလိုပါတယ်။

> မဂ္ဂေန ပန အသမုဿိဋ္ဌိတတ္တာ အနောဠာရိကာယ စ ဒိဋ္ဌိယာ ဝသေနေဝံ ဝုတ္တံ။ (မဟာဋီကာ)
>
> "သခ်ၤါရာဝ သခ်ၤါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီ"တိ ဂဏှတော ပန ဒိဋ္ဌိဥဿိဋ္ဌနံ နာမ ဟောတိ။

မပြိုမကွဲ အမြဲမတည်နိုင်တဲ့ သခ်ၤါရတရားတို့သာ သခ်ၤါရတရားတို့ကို ဆုံးဖြတ်ပိုင်းခြား ပွါးများကြတယ်လို့ယူသော ယောဂီသည် ဒိဋ္ဌိကို ခွါထားသည် မည်ပါတယ်။ အစဉ်အားဖြင့် ဆုံးဖြတ်ပိုင်းခြား ပွါးများမှုကို လွှမ်းအားထုတ်သော ယောဂီအား အနတ္တာနုပဿနာ ထက်မြက်သန့်ရှင်း၍ လာတဲ့အခါ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာများလဲ အနတ္တာနုပဿနာသို့ လိုက်လျောကြပါတယ်။ ထိုအခါ ယောဂီသည် ဒိဋ္ဌိကို ခွါကာထားအပ်ပါတော့တယ်။ အလုံးစုံ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့သည် အတ္တဒိဋ္ဌိကြောင့်ပေါ်လာကြကုန်တော့၏။ အနတ္တာနုပဿနာလည်း အတ္တဒိဋ္ဌိနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်၏။ သို့ဟု ဝိပဿနာမိ၊ ကောင်းကောင်း ဝိပဿနာရှုနိုင်တယ်။ မနာပံ ဝိပဿနာမိ၊ စိတ်နှလုံးတိုးပွါး မြတ်နိုးသော အားဖြင့် ဝိပဿနာရှုနိုင်တယ်။ ဤသို့ အထင်ကြီးနှင့် ဝိပဿနာ ပွါးနိုင်ရှုနိုင်တယ်လို့ ယူသောယောဂီအား မာနမကွာသေးပါ။ ယခုခေတ်ယောဂီအား ဝိပဿနာရှု ရှုဘတ်ရုံမျှ တဖွားဖွားဖြစ်ပျက်နေသည်ကို မြင်ရရုံမျှဖြင့် ကိစ္စပြီးပြီအထင်ကြီးနှင့် ကိစ္စပြီးပြီလို့ ပြောသည်နှင့်တူသည် ဆိုလိုပါသည်။ မြတ်စွာဘုရား သာသနာတော်တွင် အရဟတ္တဖိုလ်ရမှ အမှန်အားဖြင့် ကိစ္စပြီးဆုံးပါတယ်။

> သာသနေ ပန အရဟတ္တဖလံ နိဋ္ဌာ၊ "သခ်ၤါရာဝ သခ်ၤါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီ"တိ ဂဏှတော ပန မာနသမုဿိတော နာမ ဟောတိ။

လျင်မြန်စွာ ဖြစ်ပေါ်ကာ ပျောက်ကွယ် သေဆုံးကြတဲ့ သန်ါရတို့သာ သန်ါရတရားတို့ကို ဆုံးဖြတ်ပိုင်းခြား ပွါးများကြတယ်လို့ ယူသောယောဂီသည် မာနကို ခွါထားသည်မည်ပါသည်။ ဆုံးဖြတ်ပိုင်းခြား ပွါးများလေ့လာအားထုတ်ရှာသော ယောဂီအား အနိစ္စာနုပဿနာ ထက်မြက်သန့်ရှင်း၍လာတဲ့အခါ တပါးတခြားသော ဝိပဿနာတို့လဲ အနိစ္စာနုပဿနာ ထက်မြက်သန့်ရှင်း၍လာတဲ့အခါ တပါးတခြားသော ဝိပဿနာတို့လဲ အနိစ္စာနုပဿနာသို့ လိုက်လျောကြပါတယ်။ ထိုအခါ ယောဂီသည် အထင်မှား အလိုမှားတဲ့ မာနကို ခွါထားအပ်ပါတော့တယ်။ မြဲတယ်လို့ ယူထားသော ဗကြဟ္မာကြီးအား ဤကိုယ် ဤဘုံ အလုံးစုံကား မြဲတယ် ခိုင်မြဲတယ် စသည်ဖြင့် အထင်ကြီး အမြင်ကြီးတဲ့ မာနဖြစ်သကဲ့သို့ မာနမဖြစ်တော့ပါ ဆိုလိုပါတယ်။ အနိစ္စာနုပဿနာကား နိစ္စအယူနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်ပါတယ်။ ဝိပဿိတုံ သက္ကောမိ၊ ဝိပဿနာရှုကြည့်ပွါးများရန် စွမ်းနိုင်တတ်နိုင်ပါတယ်။ တနေ့လုံးလုံး ဝိပဿနာ ရှုကြည့် ပွါးများလျက်သာ အချိန်အခါကို လွန်စေနိုင်ပါတယ်။ ဤသို့ စွမ်းနိုင်တဲ့ အစွမ်းသတ္တိဂုဏ်ထူးနှင့်ယှဉ်လျက် ဝိပဿနာကို သာယာသောယောဂီအား သိမ်မွေ့တဲ့ နိကန္တိတဏှာ မကွာသေးပါ။ ဝိပဿနာ ရှုကြည့်ပွါးစဉ် ဓမ္မရသာကို ကောင်းမှန်းသိရသောအခါ ဝိပဿနာရှုကြည့်မှုကို ဖြတ်မထားနိုင်၊ ခဏခဏဝိပဿနာရှုကြည့်လိုမှု ပေါ်လာသော် တဏှာမကုန်သေးလို့ ဆိုခွင့်ရှိသည်၊ ဆိုလိုပါသည်။

"သန်ါရာဝ သန်ါရေ ဝိပဿန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ သမ္မသန္တိ"တိ ဂဏှတော ပန နိကန္တိပရိယာဒါနံ နာမ ဟောတိ။

တလှုပ်လှုပ် တစွက်စွက် မငြိမ်သက်ပဲ ဖြစ်ပျက်လျက်ရှိ၍ မကောင်းဆိုးဝါးတဲ့ သန်ါရတရားတို့သည် မကောင်းဆိုးဝါးတဲ့ သန်ါရတရားတို့ကို ဆုံးဖြတ်ပိုင်းခြား ပွါးများရှုကြည့်တယ်လို့ ယူသောယောဂီသည် နိကန္တိတဏှာကို ခွါထားသည်မည်ပါတယ်။ ဆုံးဖြတ်ပိုင်းခြား ပွါးများလေ့လာသော ယောဂီအား ဒုက္ခာနုပဿနာ ထက်မြက်သန့်ရှင်း၍လာသောအခါ တပါးတခြားသော အနုပဿနာနှစ်ပါးတို့လဲ ဒုက္ခာနုပဿနာသို့ လိုက်လျောကြပါတယ်။ ကောင်းတယ် ချမ်းသာတယ်လို့ မှတ်ထင်ခဲ့လျှင် တဏှာအဖမ်းခံရမည် ဆိုလိုပါတယ်။ ဒုက္ခာနုပဿနာကား နိကန္တိတဏှာ၏ ဖြောင့်ဖြောင့်

ဆန့်ကျက်ဖက်ဖြစ်ပါတယ်။ ဤသို့ ပြဆိုခဲ့ပြီးသည့်အတိုင်း သုံးမျိုးသော အနုပဿနာတို့ကိုကိစ္စထူး၏အစွမ်းဖြင့် ဒိဋ္ဌ မာန တဏှာတို့ကို ခွါပယ်ထားကြပါတယ်။ ထို့ကြောင့် ဤဝိပဿနာများကား မိမိကိစ္စအရာတွင်သာ တည်ကြပါတယ်၊ ဝိပဿနာများ မိမိကိစ္စအရာတွင်သာ တည်ကြသောကြောင့် တသီးတခြား သမ္မသနဉာဏ်းများ မရှိပါ၊ မဆိုကောင်းလို ဆိုသည်။ ဤမျှသော စကားအစဉ်ဖြင့် ယောဂီသည် ရူပ အရူပ ကမ္မဋ္ဌာန်းများကို လေ့လာပွါးများပြီး ဖြစ်ပါတော့သည်။ ဤပုံ လေ့လာ ပွါးများပြီးသော ရူပ အရူပကမ္မဋ္ဌာန်းရှိတဲ့ ယောဂီသည် အထက် ဘင်္ဂါနုပဿနာမှစ၍ ပဟာနပရိညာ၏ အစွမ်းဖြင့် အလုံးစုံ သရုပ်ကိစ္စ မကြွင်းကျန်ရသော အားဖြင့် ဆိုရမည့် တဆဲ့ရှစ်ရပ်သော မဟာဝိပဿနာများ ရှိပါတယ်။ ဤတီရဏပရိညာအရာမှာ အစစ္စာ တဆဲ့ရှစ်ရပ်သော မဟာဝိပဿနာတို့တွင် အခြို့သောဝိပဿနာကိုသာ ရသည် သိသည်ဖြစ်၍ ရတဲ့ဝိပဿနာ၏ ဆန့်ကျင်ဖက် နိစ္စသညာ သုခသညာ အတ္တသညာတို့ကို ပယ်စွန့်ပါတယ်။

မဟာဝိပဿနာ တဆဲ့ရှစ်ပါး

၁။ အနိစ္စာနုပဿနာ အဘိညေယျာ။
၂။ ဒုက္ခာနုပဿနာ အဘိညေယျာ။
၃။ အနတ္တာနုပဿနာ အဘိညေယျာ။
၄။ နိဗ္ဗိဒါနုပဿနာ အဘိညေယျာ။
၅။ ဝိရာဂါနုပဿနာ အဘိညေယျာ။
၆။ နိရောဓာနုပဿနာ အဘိညေယျာ။
၇။ ပဋိနိဿဂ္ဂါနုပဿနာ အဘိညေယျာ။
၈။ ခယာနုပဿနာ အဘိညေယျာ။
၉။ ဝယာနုပဿနာ အဘိညေယျာ။
၁၀။ ဝိပရိဏာမာနုပဿနာ အဘိညေယျာ။
၁၁။ အနိမိတ္တာနုပဿနာ အဘိညေယျာ။
၁၂။ အပ္ပဏိဟိတာနုပဿနာ အဘိညေယျာ။
၁၃။ သုညတာနုပဿနာ အဘိညေယျာ။

၁၄။ အဓိပညာဓမ္မဝိပဿနာ အဘိညေယျာ။
၁၅။ ယထာဘူတညာဏဒဿနံ အဘိညေယျံ။
၁၆။ အာဒီနဝါနုပဿနာ အဘိညေယျာ။
၁၇။ ပဋိသင်္ခါနုပဿနာ အဘိညေယျာ။
၁၈။ ဝိဝဋ္ဋာနုပဿနာ အဘိညေယျာ။ (ပဋိသမ္ဘိဒါမဂ်ပါဠိ)

၁။ အနိစ္စာနုပဿနာ၊ ရုပ်နာမ်နှစ်ဝ သင်္ခါရတရားတို့ ဖြစ်ပေါ်လာကာ ပျောက်ကွယ်၍ သွားသောကြောင့် မမြဲဟူ၍ အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ အနိစ္စာနုပဿနာအရာတွင် ပါးပုံကို အောက်၌ရေးပြပြီးသော အစီအရင်ဖြင့် သိရာ၏၊ ၎င်းဖြင့် အမြဲတည်သည်ဟု မှတ်မှားသော နိစ္စသညာကိုပယ်၏။

၂။ ဒုက္ခာနုပဿနာ၊ ရုပ်နာမ်နှစ်ဝ သင်္ခါရတရားတို့ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ခဏခဏ အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲ ပင်ပန်းလှသည်ဟု အဖန်ဖန် ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ဒုက္ခာနုပဿနာ ပါးပုံကိုလည်း ထို့အတူသိရာ၏၊ ၎င်းဖြင့် ချမ်းသာသည်ဟု မှတ်မှားသော သုခသညာကိုပယ်၏။

၃။ အနတ္တာနုပဿနာ၊ အတ္တ ငါမဟုတ်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ အနတ္တာနုပဿနာကိုလည်း ထို့အတူသိရာ၏၊ ၎င်းဖြင့် အတ္တ ငါ သတ္တဝါဟု မှတ်မှားသော အတ္တသညာကိုပယ်၏။

၄။ နိဗ္ဗိဒါနုပဿနာ၊ တသေထဲသေ တပျောက်ထဲပျောက်၍နေသော ရုပ်နာမ်နှစ်ဝ သင်္ခါရတွင် ကြောက်စရာ လန့်စရာ အပြစ်အနာအဆာတွေ့ကို တွေ့ရသောကြောင့် သာယာနှစ်သက်စရာမဟုတ် ငြီးငွေ့ဖွယ် မုန်းဖွယ်တွေ့ဟု အဖန်ဖန် ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ပါးများပုံ--ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ကို နှစ်သက်စရာမဟုတ် ငြီးငွေ့ဖွယ် မုန်းဖွယ်တွေ့ဟု အဖန်ဖန်ရှုကြည့် ပါးများလေ၊ ၎င်းဖြင့် နှစ်သက်ခြင်းရှိသော နန္ဒီဟုဆိုအပ်သော တဏှာကို ပယ်၏။

၅။ ဝိရာဂါနုပဿနာ၊ ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ကို တပ်ခြင်းကင်းဖွယ်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ရုပ်နာမ်

နှစ်ဝ သခ်ါရတို့ကို တပ်ခြင်းကင်းဖွယ်ဟု ရှုကြည့်ပွါးများလေ၊ ၎င်းဖြင့် နှစ်သက်ခြင်းမရှိသော ရာဂဟုဆိုအပ်သော တဏှာကိုပယ်၏။

၆။ နိရောဓနုပဿနာ၊ ရုပ်နာမ်နှစ်ဝ သခ်ါရတို့ ချုပ်ကွယ်သဆုံးကာ သွားသည်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ရုပ်နာမ်နှစ်ဝ သခ်ါရတို့ကို ချုပ်ကွယ်သွားသည် ပျောက်သွားသည်ဟု အဖန်ဖန်ရှုကြည့်လေ၊ ၎င်းဖြင့် ရာဂဖြစ်ပေါ်လာခြင်း သမုဒယကိုပယ်၏။ တနည်း အပျက်ဘင်ကိုသာ မြင်နေသောကြောင့် ရုပ်နာမ်နှစ်ဝ သခ်ါရတရားတို့၏ သမုဒယဖြစ်ပေါ်မှုကို ပယ်၏။

၇။ ပဋိနိဿဂ္ဂါနုပဿနာ၊ ရုပ်နာမ်နှစ်ဝ သခ်ါရတို့ကို စွန့်လွှတ်ဖွယ်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ရုပ်နာမ်နှစ်ဝ သခ်ါရတို့ကို စွန့်လွှတ်ဖွယ် စွန့်လွှတ်ဖွယ်ဟု ရှုကြည့်ပွါးများလေ၊ ၎င်းဖြင့် အာဒါန-သခ်ံတအာရုံကို သိမ်းပိုက်ယူထားသည်ကို ပယ်၏။

၈။ ခယာနုပဿနာ၊ ပစ္စုပ္ပန်တဲ့တဲ့ဖြစ်သော ရူပက္ခန္ဓာစသော ခန္ဓာငါးပါးတို့၏ အပျက်ဘင်ကို ရှုကြည့်သော ဉာဏ်ပညာကိုဎင်း ထိုထို ရူပက္ခန္ဓာ စသည်တို့၏ ဘင်္ဂ-အပျက်ဘင်ကို ရှုကြည့်သည်၏ အခြားမဲ့တွင် ထိုထိုခန္ဓာတို့၏ အပျက်ဘင်ကို အာရုံပြုသော စိတ် စေတသိက်တို့၏ အပျက်ဘင်ကို ရှုကြည့်သော ဉာဏ်ပညာကိုဎင်း။ အဘိညေယျာ၊ ၏။ ဘဝဝနာ ပွါးများရာတွင် ပစ္စုပ္ပန် ခန္ဓာတို့၏ အပျက်ဘင်ကို ရှုကြည့်လိုက် အပျက်ဘင်ကို ရှုကြည့်သော စိတ် စေတသိက်တို့၏ အပျက်ဘင်ကို ရှုကြည့်လိုက် ဒီပုံ အဆင့်ဆင့် ရှုကြည့်ပွါးများရမည်၊ ၎င်းဖြင့် သမ္မဟ-အပေါင်း, သန္တတိ-အစဉ် ကိစ္စ အာရုံတို့၏အစွမ်းဖြင့် တခဲတည်း တပေါင်း တည်းဟု မှတ်မှားသော ဃနသညာကို ပယ်၏။

၉။ ဝယာနုပဿနာ၊ ပစ္စုပ္ပန်တဲ့တဲ့ဖြစ်သော ခန္ဓာတို့၏ အပျက်ဘင်ကို ရှုကြည့်သော အခြားမဲ့ကာလတွင် ပစ္စုပ္ပန် ခန္ဓာတို့၏ အပျက်ဘင်သို့ အစဉ်လျောက်သဖြင့် အတိတ်အနာဂတ် ခန္ဓာတို့၏ အပျက်ဘင်ကို ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ၎င်းဖြင့် သခ်ါရတရားတို့၏ အကျိုးငှါ အားထုတ်ခြင်း အာယူဟနကို ပယ်၏။

၁၀။ ဝိပရိဏာမာနုပဿနာ၊ အပျက်ဘင်ကို ရှုကြည့် နှလုံးသွင်းပြီးသည်၏ အခြားမဲ့ အလုံးစုံ အတိတ် အနာဂတ် ပစ္စုပ္ပန် ခန္ဓာတို့သည်

အိုခြင်းတထွေ့ သေခြင်းတဖြာ နှစ်ဖြာသော ဖောက်ပြန် ပျက်စီးခြင်းတို့ဖြင့် ဖောက်ပြန် ပျက်စီးကုန်၏ဟု အဖန်ဖန် ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန် ခန္ဓာတို့ကို ဖောက်ပြန်ပျက်စီးကုန်၏ဟု အဖန်ဖန်ရှုကြည့်ပွါးများလေ၊ ၎င်းဖြင့် ခိုင်မြဲ၏ဟု မှတ်မှားသော ဓုဝသညာကို ပယ်၏။

၁၁။ အနိမိတ္တာနုပဿနာ၊ မြဲ၏ဟူသော နိစ္စနိမိတ် အရိပ်အရောင်မှ ကင်းသည်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ နိစ္စနိမိတ် အရိပ်အရောင်မှကင်းသည်ဟု အဖန်ဖန်ရှုကြည့်လေ၊ ၎င်းဖြင့် မြဲ၏ဟူသော နိစ္စနိမိတ် အရိပ်အရောင်ကိုပယ်၏။

၁၂။ အပ္ပဏိဟိတာနုပဿနာ၊ ချမ်းသာကို တောင့်တဖွယ် မရှိဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ချမ်းသာသုခကို တောင့်တသော်လည်း ချမ်းသာသုခ မြူမျှမရှိသောကြောင့် ချမ်းသာသုခကို တောင့်တဖွယ်မရှိဟု အဖန်ဖန်ရှုကြည့်လေ၊ ၎င်းဖြင့် ချမ်းသာကို တောင့်တသောပဏိဓိကို ပယ်၏။

၁၃။ သုညတာနုပဿနာ၊ ငါ ပုဂ္ဂိုလ် သတ္တဝါတို့မှ ကင်းဆိတ်သည်ဟု အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ငါ ပုဂ္ဂိုလ် သတ္တဝါဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်စွန့်သည်၏ အစွမ်းဖြင့် အတ္တမှ ကင်းဆိတ်သည်ကို တွေ့မြင်ရသောကြောင့် ငါကောင် ပုဂ္ဂိုလ် သတ္တဝါမှ ကင်းကွာဆိတ်သုံးသည်ဟု အဖန်ဖန်ရှုကြည့်ပွါးများလေ၊ ၎င်းဖြင့် ငါကောင် ပုဂ္ဂိုလ် သတ္တဝါရှိသည်ဟု ယူမှားသော နှလုံးသွင်းခြင်း အဘိနိဝေသကို ပယ်၏။

၁၄။ အဓိပညာဓမ္မဝိပဿနာ၊ ဒီပုံ ရုပ်နာမ်နှစ်ဝ သခ်ါရတရားတို့၏ အပျက်ဘင်ကိုရှုကြည့်၍ ရှုကြည့်၍ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် အထူးမြင်သိသောယောဂီအား ရုပ်နာမ်နှစ်ဝသခ်ါရတို့သာ ပျက်ကြ သေကြသည်၊ တပါးသော ပုဂ္ဂိုလ်သတ္တဝါ မရှိဟု အပျက်ဘင်၏အစွမ်းဖြင့် ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိတ်သောအဖြစ်ကို ယူ၍ဖြစ်သော ဝိပဿနာကို။ အဘိညေယျာ၊ ၏။ အပျက်ဘင်၏အစွမ်းဖြင့် ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိတ်သော အဖြစ်ကိုယူ၍ ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိတ်သည်ဟု အဖန်ဖန်ရှုကြည့်လေ၊ ၎င်းဖြင့်

သာရာဒါနာဘိနိဝေသ- နိစ္စန္ဒစ် အတ္တန္ဒစ်ရှိသည်ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်၏။

၁၅။ ယထာဘူတဉာဏဒဿနံ၊ အပျက်ဘင်ကိုရှုကြည့်၍ ရှုကြည့်၍ ရုပ်နာမ်နှစ်ဝသခ်ါရတို့သည် ကြောက်ဖွယ်လန့်ဖွယ်ဖြစ်ကုန်၏ဟု မဖေဟက် မပြန် ဟုတ်တိုင်းမှန်စွာ မြင်သိသော ဉာဏ်ပညာကို။ အဘိညေယျ၊ ၏။ ရုပ်နာမ်နှစ်ဝသခ်ါရတို့သည် ငါ သူတပါး ယောကျ်ားမိန်းမ မဟုတ်ဟူ၍ငင်း ရုပ်နာမ်နှစ်ဝသခ်ါရတို့သည် ဟောတု ပစ္စယ အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်ဟူ၍ငင်း အဖန်ဖန်ရှုကြည့်ပွါးများပါလေ၊ ၎င်းဖြင့် သမ္မောဟာဘိနိဝေသ-ငါသည် အတိတ်ဘဝက ဖြစ်ခဲ့ပြီလော စသည်ဖြင့်၎င်း ရုပ်နာမ်လောကသည် တန်ခိုးကြီးမားနတ်သိကြားတို့ကြောင့် ဖြစ်သည် စသည်ဖြင့်၎င်း ပြင်းစွာတွေဝေသည်၏အစွမ်းဖြင့် မှားသော နှလုံးသွင်းခြင်းကိုပယ်၏။

၁၆။ အာဒီနဝါနုပဿနာ၊ အလုံးစုံသောဘုံဘဝစသည်တို့၌ ကြောက်လန့်စရာတွေ့ပါကလားဟု ထင်လာသော အနိစ္စ ဒုက္ခ အနတ္တ အသုဘတည်းဟူသော အပြစ်အနာအဆာတို့ကို အဖန်ဖန်ရှုကြည့်သော ဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ ရုပ်နာမ်နှစ်ဝသခ်ါရတို့ကို အပြစ်အနာအဆာတွေ့ပါကလားဟု အဖန်ဖန်ရှုကြည့်ပွါးများရမည်၊ ၎င်းဖြင့် အပြစ်အနာအဆာတို့ကို မမြင်သောကြောင့် ဒီရုပ်နာမ်နှစ်ဝသခ်ါရတို့ကို ကပ်ငြိတွယ်တာထိုက်သည်ဟု မှားသောနှလုံးသွင်းခြင်းကို ပယ်၏။

၁၇။ ပဋိသခ်ါနုပဿနာ၊ မြင်ပြီး ထင်ပြီး ပေါ်လာပြီးသော အနိစ္စ ဒုက္ခ အနတ္တတို့ကို တဖန်လွတ်ခြင်း၏ အကြောင်းကိုပြု၍ အဖန်ဖန်ရှုကြည့်သောဉာဏ်ပညာကို။ အဘိညေယျာ၊ ၏။ တဖန် ရုပ်နာမ်နှစ်ဝသခ်ါရတို့မှ လွတ်ခြင်း၏အကြောင်းကို ပြုရန်အကျိုးငှါ ဝိပဿနာခုနစ်ပါး မဟာဝိပဿနာတဆဲ့ရှစ်ပါး ဘာဝနာလေးဆယ်တို့ဖြင့် ကြည့်ရှုသွားအောင်ပွါးများပါလေ၊ ၎င်းဖြင့် အပ္ပဋိသခ်ဴ-တဖန်လွတ်ခြင်း၏ အကြောင်းကိုမပြုခြင်းကို ပယ်၏။

၁၈။ ဝိဝဋ္ဋာနုပဿနာ၊ အနုလောမဉာဏ်၏အစွမ်းဖြင့် ပေါ်လာသော ဂေါတြဘူဉာဏ်ကို။ အဘိညေယျံ၊ ၏။ ၎င်းဖြင့် ကာမယောဂအစရှိသော ကိလေသာ၏ဖြစ်ခြင်းကို ပယ်၏။

မဟာဝိပဿနာ တဆဲ့ရှစ်ပါး ပြီး၏။

ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်လှသော စင်ကြယ်သန့်ရှင်းသောရေကဲ့သို့ဌင်း မည်းညစ်ခြင်းမှ ကင်းသောကြောင့် စင်ကြယ်သန့်ရှင်းသောရွှေကဲ့သို့ဌင်း နိစ္စ သုခ အတ္တသညာ စသည်တို့ကို ပယ်သဖြင့် ကိလေသာအညစ်အကြေးမှကင်းဝေးသောကြောင့် သန့်ရှင်းစင်ကြယ်သော ဉာဏ်ရှိသောယောဂီသည် သမ္မသနဉာဏ်ရဲ့အထွဋ်အထိပ်သို့ ရောက်ကာသွားပါတော့ပြီ။

၁။ အနိစ္စသာ၊ ဆုံးဖြတ်ပါ၊ မှတ်ရာ သမ္မသနတည်း။

၂။ သင်္ခါရကား၊ အာရုံထား၍၊ ဖြစ်ငြားဉာဏ်မှာ၊ လက္ခဏာ၊ သိတာမကင်း၍ပါတည်း။

၃။ လက္ခဏာကား၊ သီးယူငြား၊ မှတ်သား တင့်လာပညတ်တည်း။

၄။ လက္ခဏာကား၊ ရုပ်နာမ်များကို၊ မှီငြံး၍သာ၊ အပြစ်ပါ၊ ပြောလာ တင့်လာပညတ်တည်း။

၅။ လက်၌ဆဲ့ထား၊ ကောင်ပုပ်လားသို့၊ စွန့်ငြားလက္ခဏာ၊ သင်္ခါရာ၊ ပြုရာ အာရုံတည်း။

၆။ သုံးပါးလက္ခဏာ၊ ရှုခဲ့ရာ၊ ထူးတာထင်၍လာ။

၇။ တခုထင်လာ၊ ကြွင်းနှစ်ဖြာ၊ ပေါ်ကာထင်၍လာ။

၈။ ထင်၍လာရာ၊ မင်္ကိုသာ၊ ရမ္မာအမှန်ပါ။

၉။ အဟံမမ၊ စွဲဂါဟ၊ ပယ်ချသမ္မသနသာ။

၁၀။ ရုပ်၌ရုံခါ၊ ရှုဘို့ရာ၊ မှတ်ပါ ခုနစ်သာ။

၁၁။ ပဋိစုတိ၊ အရှယ်ထည့်၍၊ သွင်းဘိအာဟာ၊ဥတုပါကွယ်၊ ကံမှာစိတ္တ၊ သဘာဝ၊ လှည့်ကြ ခုနစ်သာ။

၁၂။ နာမ်၌ရုံခါ၊ ရှုဘို့ရာ၊ မှတ်ပါ ခုနစ်သာ။

၁၃။ အပေါင်းအစုံ၊ ခဏတုံရှင့်၊ ထည့်ပုံအစဉ်၊ ပယ်လျင်ဒိဋ္ဌိ၊ မာနသိ၊ သွင်းဘိတဏှာ၊ အလှည့်သာ။

၁၄။ ရုပ်ကိုပွါးများ၊ နာမ်ကားလေးကြိမ်၊ ဆက်ခါချိန်၊ မမှိန်အစဉ်သာ။

၁၅။ ရုပ်ကိုပွါးများ၊ နာမ်ကားဆယ်ကြိမ်၊ ဆက်ခါချိန်၊ မမှိန်အစဉ်သာ။

သမ္မသနဉာဏ်အခန်း ပြီး၏။

ဥဒယဗ္ဗယဉာဏ်အခန်း

သားသေလင်ဆုံး စီးပွါးရှုံးသောကြောင့် အရှုးကြီးရှုး အနောက်ကြီး နောက်ရောက်မိရောက်ရာ ဂယောက်ဂယက် သွားလာကာနေသော ပဋ္ဌာစာရီသည် မြတ်စွာဘုရားတရားတော်နာရှု၍ သောတာပန်ဖြစ်ပြီးသော် မြတ်စွာဘုရားထံ ခွင့်ခံ၍ ရဟန်းပြုကာ နေရာတယ်။ ပဋ္ဌာစာရီထေရီမသည် တနေ့သောအခါ ရေအိုးဖြင့်ရေကိုယူ၍ ခြေတို့ကိုဆေးသော် သွန်းလောင်းအပ်သောရေအယဉ်သည် အတန်ငယ်သောအရပ်သို့ ရောက်သွားကာ ပြတ်စဲပျောက်ကွယ်ကာ သွားပါတယ်။ ထိုနောက်နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေအယဉ်သည်လည်း အစစ္စာရောက်သွားသော ရေအယဉ်ထက် အတော်ဝေးကွာသောအရပ်သို့ ရောက်သွားကာ ပြတ်စဲပျောက်ကွယ်၍ပင် သွားပါတယ်။ ထိုနောက် သုံးကြိမ်မြောက် သွန်းလောင်းအပ်သော ရေအယဉ်သည်လည်း နှစ်ကြိမ်မြောက်ရောက်သွားသော ရေအယဉ်ထက် အလွန်ဝေးကွာသောအရပ်သို့ ရောက်သွားကာ ပြတ်စဲပျောက်ကွယ်၍ပင် သွားပါတယ်။ ထို ပဋ္ဌာစာရီထေရီမသည် သုံးကြိမ်တိုင်တိုင် ပြတ်စဲပျောက်ကွယ်၍ပင်သွားသော ရေအာရုံကိုအာရုံပြု၍ အရှယ်ကိုသုံးပိုင်းပိုင်းကာ ဤသတ္တဝါများ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားအစုတို့သည် ငါအစစ္စာသွန်းလောင်းအပ်သော ရေအယဉ် ပြတ်စဲပျောက်ကွယ်ကာ သွားသကဲ့သို့ ပဌမအရှယ်တွင် ပျောက်ကွယ် သေဆုံးကြတယ်။ နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေအယဉ်ပြတ်စဲသကဲ့သို့ ဒုတိယအရှယ်တွင်လည်း ပျောက်ကွယ်သေဆုံးကြတယ်။ သုံးကြိမ်မြောက် သွန်းလောင်းအပ်သော ရေအယဉ် ပြတ်စဲပျောက်ကွယ်ကာ သွားသကဲ့သို့ တတိယအရှယ်တွင်လဲပဲ ပျောက်ကွယ်သေဆုံးကြတယ်လို့ ကြံစည်ကာနေတယ်။

ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်တွင် သီတင်းသုံးတော်မူလျက်ပင် ရောင်ခြည်တော်ကိုလွှတ်လျက် ပဋ္ဌာစာရီထေရီမ၏ မျက်မှောက်တွင်ရပ်တော်မူကာ တရားဟောတော်မူသကဲ့သို့ ပဋ္ဌာစာရီ သင်ကြံတဲ့အတိုင်း နှလုံးသွင်းတဲ့အတိုင်း ဟုတ်လှပေသည် မှန်လှပေသည်။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတရားတို့၏ အသစ်ပေါ်လာမှု ဥဒယ, ပျောက်ကွယ်သေဆုံးမှုဝယကို မတွေ့မမြင်ပဲ အနှစ်တရာ အသက်ရှည်ရာသောထက် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားစုတို့၏ အသစ်ပေါ်လာမှု ဥဒယ,

ပျောက်ကွယ်သေဆုံးမှု ဝယကို မြင်ကာ ထင်ကာ တနေ့တရက်တခဏမျှ သော်လဲ အသက်ရှည်ရခြင်းက မြတ်ပါသေးတယ်ကွဲလို့ မိန့်တော်မူကာ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဟူသောဂါထာကို ဟောတော်မူတယ်။ (ခမ္မပဒ)

ယော စ၊ အကြင်သူဌေးသူကြွယ်ကုန်သယ်လယ်လုပ်စသော ဒါယကာ ဒါယိကာမအပေါင်းသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါး တရားအစုတို့၏ အသစ်ဖြစ်ပေါ်မှု ဥဒယ, ပျောက်ကွယ်သေဆုံးမှု ဝယကို။ အပဿံ အပဿန္တော၊ မတ္တမမြင်ပဲ။ ဇီဝေ၊ အသက်ရှည်ရာ၏။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တရားအစုတို့၏ အသစ်ပေါ်လာမှုဥဒယ, ပျောက်ကွယ်သေဆုံးမှုဝယကို။ ပဿတော၊ ဘာဝနာပွါး လေ့လာသော အားဖြင့် တွေ့မြင်သောသူ၏။ တတော၊ ထိုအသက်တရာရှည်သောသူထက်။ ကောဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းကား။ သေယျော၊ မြတ်ပါသေးတယ်။

ဒေသနာတော်၏အဆုံးတွင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာမအဖြစ်သို့ရောက်ကာ သွားပါတော့သည်။ အားကျစရာကြီးများ မဟုတ်ဘူးလား၊ကွယ်တို့၊ ရဟန္တာကြီးများ မဖြစ်ချင်ကြဘူးလား၊ကွယ်တို့၊ ဖြစ်ချင်ကြလျှင် အားထုတ်ကြစမ်းပါလို့ တိုက်တွန်းချင်ပါတယ်။ တခဏလေးနဲ့ပဲ ဖြစ်သွားနိုင်ပါတယ်။ အထွဋ်အထိပ်ဖြစ်သော သမ္မသနဉာဏ်ကို ရပြီးနောက် ဥဒယဗ္ဗယဉာဏ်သို့ရောက်ရှိရန်အကျိုးငှါ အကျဉ်းအကျယ်ရှုနည်း ပွါးများနည်း နှစ်မျိုးတို့တွင် အကျဉ်းအားဖြင့် ဥဒယဗ္ဗယာနုပဿနာကို အစစွာအားထုတ်ရပါတယ်။

သခ်ဳံးပတော ဟိ အာရမ္ဘော အာဒိကမ္မိကဿ သုကရော။
(မဟာဋီကာ)

ဥဒယဗ္ဗယာနုပဿနာဉာဏ်ပြသုတ်ကား

ပစ္စုပ္ပန္နာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။
ပစ္စုပ္ပန္နာနံ၊ သန္တတိခဏနှစ်ဝတို့၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတရားတို့၏။ ဝိပရိဏာမာနုပဿနေ၊

ပျောက်ကွယ်သေဆုံးသည်ကိုအဖန်ဖန်ရှုရာ၌။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ အဖြစ်အပျက်တို့ကို အဖန်ဖန်ရှုရာတွင်။ ဉာဏ်၊ ပေါ်လာသောဉာဏ်မည်၏။

ဤတရားကိုကား ဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံးကြတယ်လို့ ဥဒယကိုယူ၍သော်လဲ ပျောက်ကွယ်သေဆုံးမှု၌သာ စိတ်ကို တည်ထားရပါတယ်။ ထို့ကြောင့် ဥဒယကိုရှုကြည့်တယ်လို့ မဆိုသော်လည်း 'ဥဒယ-ဝိပရိဏာမာနုပဿနေ'လို့ ဆိုရာရောက်ပါတယ်လို့ ဆိုသည်။ ဥဒယဗ္ဗယာနုပဿနာဉာဏ်ပြအနိစ္စတာသုတ်ကို ခန္ဓဝဂ္ဂသံယုတ်တွင်—

ကတိ ရူပံ၊ ကတိ ရူပဿ သမုဒယော၊ ကတိ ရူပဿ အတ္ထင်္ဂ-မော။ ကတိ ဝေဒနာ ။ပ။ ကတိ သဉ်ာ ။ပ။ ကတိ ဝိညာဏံ၊ ကတိ ဝိညာဏဿ သမုဒယော၊ ကတိ ဝိညာဏဿ အတ္ထင်္ဂမော။

ဟူ၍ ဟောတော်မူတယ်။ နိကာယ်အရပ်ရပ်တွင် အထပ်ထပ်ဟော လျက်ရှိတယ်။ ဤကား ရုပ်တရားကိုသိပြီး "ဤကား အသစ်ပေါ်လာမှု ဥဒယ, ပျောက်ကွယ်သေးဆုံးမှုဝယ" လို့ ထင်မြင်လာအောင် ရှုကြည့်ရမည် ဆိုလိုသည်။

မြတ်စွာဘုရားသည် ဥဒဗ္ဗယာနုပဿနာဘာဝနာကို ချစ်သားချစ်သမီး တို့ ပြိတ်မြက်ရိတ်သမား တောတွင်းသားယောကျ်ားသည် မြက်တို့ကိုရိတ် ကာ အဖျားတို့ကို ဆုတ်ကိုင်လျက် အညစ်အကြေး အရွဲ့အထွေးများကို အောက်သို့ခါကာ စွန့်ပစ်နိုင်သကဲ့သို့ ထို့အတူ ကြိမ်ဖန်များစွာလေ့လာပွါး များအပ်သော ဥဒယဗ္ဗယာနုပဿနာဘာဝနာသည် ကာမရာဂ ရူပရာဂ ဘဝရာဂ အဝိဇ္ဇာ မာန်မာနတို့ကို ပယ်သတ်ကာ ပစ်နိုင်တယ်လို့ ချီးမွမ်း တော်မူလေသည်။

ထို့ပြင် **ဒဿမပိဏ္ဍုပမာ** သရက်သီးအညှာတို့ရဲ့ ပေါင်းဆုံရာ သရက် ပေါင်းဆုံနှင့်တူတယ်၊ **ကူဋူပမာ** အခြင်တို့ရဲ့ ပေါင်းဆုံရာအထွဋ်နှင့်လဲ တူတယ်၊ **ကာဠာနုသာရိဂန္ဓူပမာ** အမြစ်အနှံတို့တွင် အကျော်နှင့်လဲ တူတယ်။ **လောဟိတစန္ဒနူပမာ** အနှစ်**အာ**နှံတို့တွင် အမွေးကြိုင်ဆုံးဖြစ်တဲ့ စန္ဒကူးနီနှင့်လဲပဲ တူတယ်။ **ဝဿိကူပမာ** ပန်းအနှံတို့တွင် အမွှေးကြိုင်ဆုံး ဖြစ်တဲ့ မြတ်လေးပန်းနှင့်လည်းတူပါတယ်။ ဤသို့စသော များစွာသော ဥပမာတို့ဖြင့် ချီးမွမ်းတော်မူလျက်ရှိ၏။

ဥဒါယီသည် မြတ်စွာဘုရားပေးသနားတော်မူသော ဣတိ ရူပံ-စသော အနိစ္စကမ္မဋ္ဌာန်းကိုပင် စီးဖြန်းတော်မူ၍ ရဟန္တာဖြစ်တော်မူသည်။ သမ္မ-သနဉာဏ်၏ ကမ်းတဖက်သို့ရောက်ပြီးသော ယောဂီသည် အနိစ္စစသော အားဖြင့် သင်္ခါရတရားများကို မြင်ပြီး သဘောကျပြီးသော် အဖြစ်အပျက်တို့ဖြင့် ပိုင်းခြား၍ အနိစ္စ စသောအားဖြင့် ပွါးများရန်အကျိုးငှါ ဟောအပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ်၏ နိဒ္ဒေသတွင်—

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမ-လက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ.... စသည်ဖြင့် ရူပက္ခန္ဓာကို အစထား၍ ဟောကြားတော်မူသည်။ (ပဋိသမ္ဘိဒါမဂ်)

ဇာတံ၊ ခဏတ္တယသမင်္ဂီဖြစ်သော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ၊ ထိုပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ သင်္ခတတရားကို မှတ်ကြောင်းဖြစ်သော အသစ်ပေါ်လာသော အခိုက်အတန့်သည်ပင်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ သင်္ခတတရားကိုမှတ်ကြောင်းဖြစ်တဲ့ ပျောက်ကွယ်သေဆုံးမှုဘင်သည်ပင်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ အဖန်ဖန်ရှုကြည့်ခြင်းသည်။ ဉာဏံ၊ ဉာဏ်မည်၏။

ဤအရာတွင် အသစ်ပေါ်လာမှုဥဒယ, ပျောက်ကွယ်သေဆုံးမှုဝယကိုသာ ပြသည်၊ ဌိမရှိသောကြောင့် မပြသလော။ ဥဒယဗ္ဗယဉာဏ်ကား အသစ်ပေါ်လာမှုဥဒယ, ပျောက်ကွယ်သေဆုံးမှုဝယကို ရှုကြည့်သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဥဒယဝယကိုသာ ပြသည်၊ ဌိမရှိသောကြောင့် မဟုတ်ဆိုလိုသည်။

ဥဒယဝယမတ္တဂ္ဂဟဏဉ္စေတ္ထ ဥဒယဗ္ဗယဒဿနဝသေနေဝ ဣမဿ ဉာဏဿ ပဝတ္တနတော၊ န ဌိတိက္ခဏဿ အဘာဝါ။ (မဟာဋီကာ)

သန္ဓတိခဏ နှစ်ဝသောပစ္စုပ္ပန်တရားတို့ကို မျက်မှောက်အားဖြင့် ယူနိုင်တွေ့နိုင်သောကြောင့် အလွန်ထင်ရှား၍ အသိရလွယ်သည်။ ထို့ကြောင့် ပစ္စုပ္ပန်တရားကို ရှုကြည့်ရမည် ဟောတော်မူသည်။ သမာဓိအားကောင်းတော့ ယထာဘူတဉာဏ်ဖြင့် မျက်မှောက်အမှန်အကန်မြင်ရတဲ့ အာရုံမျိုးမဟုတ်သေး၊ သမ္မသနဉာဏ်ဖြင့် လေ့လာပွါးများပြီးဖြစ်၍ ခန္ဓာကိုယ်တွင် တအုပ်တအုပ် တသုတ်တသုတ်ဖြစ်၍ ဖရိုဖရဲပြန့်ကြဲလျက် တက်လာသော

သန္ဓတိပစ္စုပ္ပန်ရုပ်၏ အသစ်ပေါ်လာတဲ့ အခိုက်အတန့်ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ ဝယတို့ကား ထင်ရှားပေါ်လွင်လှပါတယ်။ ထို့ကြောင့် ထင်ရှားတဲ့ ဥဒယဝယတို့ကို ကြည့်ရှုပွါးများပါလေ။ အတိတ်အနာဂတ်ရုပ်များကိုနှလုံးမသွင်းပါနှင့်ဦး။

သန္ဓတိပစ္စုပ္ပန်၏အစွမ်းဖြင့် ရုပ်နာမ်တရားနှစ်ပါးတို့ကို ဥဒယဝယအားဖြင့် နှလုံးသွင်းပွါးများသောယောဂိသည် အစဉ်သဖြင့် ဘာဝနာဉာဏ် ထက်သန်အားရှိသော် ဉာဏ်စူးရှထက်မြက်သန့်ရှင်း၍ လာသောကြောင့် ခဏအားဖြင့် အလွန်လျင်မြန်စွာ လက်ဝဲနံပါးတွင်၎င်း လက်ကောက်ဝတ်အရင်းတွင်၎င်း ခြေမျက်စိအောက်နားတွင်၎င်း တဒိတ်ဒိတ်တလှုပ်လှုပ်နှင့် သွေးလေများတိုးနေသည်ကို တွေ့ရဘိသကဲ့သို့ အဖြစ်အပျက်များကို တွေ့မြင်ကာလာပါလိမ့်မည်။

သန္ဓတိပစ္စုပ္ပန္နေ ခဏပစ္စုပ္ပန္နေ ဝါ ဓမ္မေ ဥဒယဗ္ဗယဒဿနာဘိနိဝေသော ကာတဗ္ဗော၊ နု အတီတာနာဂတေတိ ဝုတ္တံ "ပစ္စုပ္ပန္နာနံ ဓမ္မာန"န္တိ။ သန္ဓတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိကရောန္တဿ တိက္ခဝိသဒဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တိတိ။ (မဟာဋီကာ)

သန္ဓတိပစ္စုပ္ပန္နေ၊ သန္ဓတိပစ္စုပ္ပန်ဖြစ်သော။ ဓမ္မေ ဝါ၊ ရုပ်နာမ်တရားဦးဏှင်း။ ခဏပစ္စုပ္ပန္နေ၊ ခဏပစ္စုပ္ပန်ဖြစ်သော။ ဓမ္မေ ဝါ၊ ရုပ်နာမ်တရားဦးဏှင်း။ ဥဒယဗ္ဗယဒဿနာဘိနိဝေသော၊ အဖြစ်အပျက်ကို ရှုသည်၏အစွမ်းဖြင့် နှလုံးသွင်းခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အတီတာနာဂတေ၊ အတိတ် အနာဂတ်ဖြစ်သော ရုပ်နာမ်တရားဦး။ နု ကာတဗ္ဗော၊ မပြုအပ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္စုပ္ပန္နာနံ ဓမ္မာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဟောအပ်၏။ ဟိ၊ ထိုစကားသင့်စွာ။ သန္ဓတိဝသေန၊ အစဉ်၏အစွမ်းအားဖြင့်။ ရူပါရူပဓမ္မေ၊ ရုပ်နာမ်တရားတို့ကို။ ဥဒယတော စ၊ အသစ်ပေါ်လာမှုဥဒယအားဖြင့်၎င်း။ ဝယတော စ၊ ပျောက်ကွယ်သေဆုံးမှု ဝယအားဖြင့်၎င်း။ မနသိကရောန္တဿ၊ နှလုံးသွင်းသောယောဂိအား။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဘာဝနာယ၊ ဘာဝနာ၏။ ဗလပ္ပတ္တကာလေ၊ အားအစွမ်းသို့ရောက်သောအခါကာလ၌။ ဉာဏဿ၊ ဉာဏ်၏။ တိက္ခဝိသဒဘာဝပ္ပတ္တိယာ၊

ထက်မြက်သည်၏အဖြစ် သန့်ရှင်းစင်ကြယ်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်။ ခဏတော၊ ခဏအားဖြင့်။ ဥဒယဗ္ဗယာ၊ အဖြစ်အပျက်တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ပဋိများပုံ—တအုပ်အုပ် တသုတ်သုတ်တက်လာသော သန္ဓတိပစ္စုပ္ပန်ရုပ်၏ အသစ်ပေါ်လာတဲ့ အခိုက်အတန့်ဥဒယကို ဖြစ်သည်ဖြစ်သည်လို့ တသီးတခြား နှစ်ရက်သုံးရက်ကြည့်ရှုပဋိပါ။ ထို့နောက် ပျောက်ကွယ်သေဆုံးတဲ့ အခိုက်အတန့်ဘင်ကို ပျက်သည်လို့ရင်း ပျောက်သွားသည် ပျောက်သွားသည်ဟူ၍ရင်း နှစ်ရက်သုံးရက်ကြည့်၍ ပဋိများပါ။ ထို့နောက် ဖြစ်သည် ဖြစ်သည် ပျက်သည် ပျက်သည်ဟူ၍ရင်း ပေါ်လာသည် ပျောက်သွားသည်လို့ရင်း ဥဒယဝယကို ကြည့်ရှုပဋိများပါလေ၊ သန္ဓတိပစ္စုပ္ပန်ကို သိရှိရန် အဓိပ္ပါယ်များကို ရေးခဲ့ပြီး အရာအားလျော်စွာ ကြည့်ရှုပဋိတတ်ကြစေ။

ဤပါဠိတော်နည်းအတိုင်း ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ သဒ်တရားလို့ မှတ်ကြောင်းဖြစ်တဲ့ အသစ်ပေါ်လာမှုအခိုက်အတန့်ကို ဥဒယ, ပျောက်ကွယ်သေဆုံးမှုအခိုက်အတန့်ကို ဝယလို့ ရှုကြည့်ဖန်များသော ယောဂီသည် ဤပုံ သိမြင်ကာလာမည်။

သိမြင်လာရာတွင် ဥပမာ—စောင်းသမားယောကျ်ားတယောက်သည် စောင်းတီးရာမှ ရှေးကာလတွင် အစုလိုက်အပုံလိုက်မရှိ ပေါ်ထွက်လာသောအသံသည် စုပုံထားရာမှ လာရောက်သည်လဲမဟုတ်၊ ချုပ်ကွယ်သေဆုံးသောအသံကား အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာသို့ ပြေးသွားသည်မရှိ၊ ချုပ်ကွယ်ပျောက်ဆုံးသွားသောအသံသည် တစုံတခုသောအရပ်တွင် အစုလိုက်အပုံလိုက် တည်နေနိုင်သည်မဟုတ်၊ အမှန်စင်စစ်မှာတော့ စောင်း, စောင်းတီးကြောင်းတုတ်,စောင်းသမား၌ လုံးလဝိရိယများကို အကြောင်းပြု၍ ရှေးကထင်ရှားမရှိပဲ ထင်ရှားပေါ်လာကာ ပျောက်ကွယ်၍သွားတာပဲလို့ သိသကဲ့သို့ ထို့အတူ ဝိပဿကယောဂီသည် ရုပ်နာမ်တရားကား အသစ်ပေါ်လာရာမှ ရှေးကာလတွင် အစုလိုက်အပုံလိုက်မရှိ၊ အသစ်ပေါ်လာသော ရုပ်နာမ်တရားသည် စုပုံထားရာမှ လာရောက်သည်လဲမဟုတ်၊ ချုပ်ကွယ်သေဆုံးသော ရုပ်နာမ်တရားကား အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာသို့

ပြေးသည်မရှိ၊ ချုပ်ကွယ်သေဆုံးပြီးသော ရုပ်နာမ်တရားသည် တစုံတခု သောအရပ်တွင် အစုလိုက် အပုံလိုက်တည်နေနိုင်သည်မဟုတ်၊ အမှန်စင်စစ် မှာတော့ ‘‘သဗ္ဗေပိ ရူပါရူပိနော ဓမ္မာ အဟုတ္ဝာ သမ္ဘောန္တိ၊ ဟုတ္ဝာ ပဋို-ဓေန္တိ-အလုံးစုံသော ရုပ်နာမ်နှစ်ပါး တရားအစုတို့သည်လည်း ရှေးက ထင်ရှားမရှိကုန်ပဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ ဖဿ နာမ်ရုပ်ဟု ဆိုအပ်သော ဟေတုပစ္စယအကြောင်းများကြောင့် ထင်ရှားစွာဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံးကြတာပဲ’’လို့ သိမြင်ကာ သွားပါတော့သတည်း။

လျှပ်စစ်ရောင်သည် ဝင်းကနဲလင်းပြောင် အရောင်လာကာ တခဏချင်း အတွင်းသာ ပျောက်ကွယ်သွားသည်ကို မြင်သိရသည်နှင့်လဲပဲ တူပါသည်။ ဥက္ကာပါတ=ဥက္ကာကျခြင်း ဥပါတ်ပျံခြင်းသည် ဝင်းကနဲအရောင်လင်းကာ ပျံသွားကွယ်ပျောက်သည်ကို မြင်သိရသည်နှင့်လဲပဲ တူပါတယ်။

ထို့အတူ ဝေဒနာစသော နာမကွန္ဓာလေးပါးတို့၌လဲ ပွါးများကြွယ်ရှုပုံ မြင်သိပုံကို သိရာသတည်း။

ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ (ဝေဒနာ ဥဒယဗ္ဗယကမ္မဋ္ဌာန်း)

‘‘ဧဝံ ကိရ မေ ဝေဒနာ အဟုတ္ဝာ သမ္ဘောတိ၊ ဟုတ္ဝာ ပဋိဝေတိ-ဤပုံ ငါ့အား အာရုံကိုခံစားတယ်၊ ကောင်းတယ် မကောင်းဘူး ကောင်းမ ကောင်းလို့ မဆိုရတဲ့ဝေဒနာ ရှေးကထင်ရှားမရှိပဲ ထင်ထင်ရှားရှား ဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံး၍ သွားတာပဲ’’လို့ သိကာလာသတဲ့။ ဤကား ပွါးများသော် သိလာပုံတည်း။

ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ (သညာ ဥဒယဗ္ဗယကမ္မဋ္ဌာန်း)

‘‘ဧဝံ ကိရ မေ သညာ အဟုတ္ဝာ သမ္ဘောတိ၊ ဟုတ္ဝာ ပဋိဝေတိ-ဤပုံ ငါ့အား အာရုံကို အမှတ်ပြု၍သိတဲ့ သညာသည် ရှေးကထင်ရှားမရှိပဲ ထင်ထင်ရှားရှားဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံး၍ သွားတာပဲ’’လို့ သိကာလာသတဲ့။

ကွတိ သခ်ါရာ၊ ကွတိ သခ်ါရာနံ သမုဒယော၊ ကွတိ သခ်ါရာနံ အတ္ထင်္ဂ-မော။ (သခ်ါရဥဒယဗ္ဗယကမ္မဋ္ဌာန်း)

"ဧဝံ ကိရ မေ သခ်ါရာ အဟုတ္ဝာ သမ္ဘောန္တိ၊ ဟုတ္ဝာ ပဋိဝေန္တိ-ဤပုံ ငါ့အား ပြုပြင်စီစဉ်အားထုတ်တဲ့ သခ်ါရတရားတို့သည် ရှေးကထင်ထင် ရှားရှားမရှိပဲ ထင်ထင်ရှားရှားဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံး၍ သွားတာပဲ"လို သိကာလာသတဲ့။

ကွတိ ဝိညာဏံ၊ ကွတိ ဝိညာဏဿ သမုဒယော၊ ကွတိ ဝိညာဏဿ အတ္ထင်္ဂမော။ (ဝိညာဏဥဒယဗ္ဗယကမ္မဋ္ဌာန်း)

"ဧဝံ ကိရ မေ ဝိညာဏံ အဟုတ္ဝာ သမ္ဘောတိ၊ ဟုတ္ဝာ ပဋိဝေတိ-ဤပုံ ငါ့အား အာရုံကို အထူးသိတဲ့ ဝိညာဉ်သည် ရှေးကထင်ထင်ရှားရှားမရှိပဲ ထင်ထင်ရှားရှား ဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံး၍ သွားတာပဲ"လို သိကာလာသတဲ့။ ဤကား ခဏအားဖြင့် အကျဉ်းရှု၍ သိမြင်ပုံတည်း။

ဤသို့ အကျဉ်းအားဖြင့် အသစ်ပေါ်လာတဲ့ ရှေးအစွန်းဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ နောက်အစွန်းဝယကို နှလုံးသွင်း၍ ပွါးများပြီးသောအခါ တဖန်ဝိဘင်းဝယ် အဝိဇ္ဇာသမုဒယာ ရူပသမုဒယော-စသည်ဖြင့် အကျယ် ဟောထားတဲ့ အကြောင်းအားဖြင့် နှလုံးသွင်း၍ ခန္ဓာငါးပါးတို့၏ အဖြစ် အပျက် အကျယ်ရှုနည်းကို ပွါးရာ၏။ ဝိပဿကယောဂီသည် အစစ္စာ အကြောင်း အရဟတ္တမဂ်ဖြင့် မပယ်သတ်ရသေးသည့်အတွက် အကျိုးခန္ဓာ တို့ ဖြစ်ပေါ်လာနိုင်ခြင်း, အကြောင်းတရားတို့ကို အရဟတ္တမဂ်ဖြင့် ပယ် သတ်ထားသည့်အတွက် အကျိုးခန္ဓာတို့ ဖြစ်ပေါ်မလာနိုင်ခြင်းတို့ကို နှလုံး သွင်းပြီး၍ ဝိပဿနာရှုသောကာလ အဝိဇ္ဇာစသောအကြောင်းတရားတို့ကို ပယ်ထားကာ ဖြစ်ပျက်လျက်နေသော ခန္ဓာတို့ကိုသာယူ၍ ခန္ဓာငါးပါးတို့၏ အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ဝယတို့ကို ရှုကြည့် ပွါးများရသတည်း။

နှလုံးသွင်းပွါးများပုံ— ဖောက်ပြန်တဲ့သဘော ဖောက်ပြန်တဲ့ အမှု အရာ ရုပ်အစုရူပက္ခန္ဓာသည် အဝိဇ္ဇာတရားထင်ရှားရှိခြင်းကြောင့် ဖြစ်ပေါ် လာနိုင်သည်။ ဖောက်ပြန်တဲ့ (ပ) တဏှာတရား ထင်ရှားရှိသောကြောင့် ဖြစ် (ပ) နိုင်သည်။ ဖောက်ပြန်ဘဲ့ (ပ) ကံတရား ထင်ရှားရှိခြင်းကြောင့်

ဖြစ်ပေါ်ကာလာနိုင်တယ်။ ဖောက်ပြန်တဲ့ (ပ) အာဟာရတရား ထင်ရှားရှိခြင်းကြောင့် ဖြစ်ပေါ်ကာလာနိုင်သည်၊ သန်တတရားကို မှတ်ကြောင်း အသစ်ပေါ်လာတဲ့ အခိုက်အတန့်ဥပါဒ်ကို ကြည့်ရှုသည်ရှိသော် ဥဒယကို ကြည့်ရှုသည်မည်တယ်။ ဤသို့ အကြောင်းကြောင့် အကျိုးခန္ဓာတို့ဖြစ်ပေါ်လာနိုင်တဲ့ နိဗ္ဗတ္တိလက္ခဏာဝါးပါးကို နှလုံးသွင်းရာ၏။

ဖောက်ပြန်တဲ့သဘော ဖောက်ပြန်တဲ့အမူအရာ ရုပ်အစုရှုပက္ခန္ဓာသည် အဝိဇ္ဇာတရား ချုပ်ကွယ်ကာသွားသဖြင့် ထင်ရှားမရှိခြင်းကြောင့် ဖြစ်ပေါ်ကာမလာနိုင်ပဲရှိသည်။ ဖောက်ပြန် (ပ) တဏှာတရားချုပ်ကွယ်ကာသွားသဖြင့် ထင်ရှားမရှိခြင်းကြောင့် (ပ) ရှိသည်။ ဖောက်ပြန် (ပ) ကံတရားချုပ်ကွယ်ကာ သွားသဖြင့် ထင်ရှားမရှိခြင်းကြောင့် (ပ) ရှိသည်။ ဖောက်ပြန် (ပ) သည် အာဟာရထင်ရှားမရှိခြင်းကြောင့် ဖြစ်ပေါ်ကာမလာနိုင်ပဲရှိသည်။ သန်တတရားကို မှတ်ကြောင်းပျောယ်ကွယ်သေဆုံးတဲ့ ဘင်ကို ကြည့်ရှုသည်ရှိသော် ဝယကိုကြည့်ရှုသည်မည်တယ်။ ဤသို့ အကြောင်းတို့ချုပ်ကွယ်သေဆုံးခြင်းကြောင့် အကျိုးခန္ဓာတို့ဖြစ်ပေါ်မလာနိုင်တဲ့ ဝိပရိဏာမလက္ခဏာဝါးပါးကို နှလုံးသွင်းရာ၏။ ဤသို့ ရူပက္ခန္ဓာတွင် လက္ခဏာဆယ်ပါးဖြစ်သည်။

ပ္ဌါးများသောအခါ အကြောင်းတရားတို့ကို လွှတ်ထားပြီး အကျဉ်းနည်းအတိုင်းပ္ဌါးများပါလေ။ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ သုံးပါးတို့၏ အကြောင်းတရားတို့ကို နှလုံးသွင်းရာတွင် အာဟာရအကြောင်းပယ်ကာ ဖဿထည့်၍ နှလုံးသွင်းပ္ဌါးများပါလေ။

ဝိညာဏက္ခန္ဓာ၏အကြောင်းကို နှလုံးသွင်းရာတွင် အာဟာရအကြောင်းပယ်ကာ နာမ်ရုပ်ထည့်၍ နှလုံးသွင်းပ္ဌါးများပါလေ။ ဤသို့ ပ္ဌါးများသော် ခန္ဓာငါးပါး ငါးပါးလျှင် လက္ခဏာဆယ်ပါးစီဖြစ်၍ လက္ခဏာငါးဆယ်ဖြစ်သည်။ အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဖဿ နာမ်ရုပ်ဆိုတဲ့ အကြောင်းတို့ကို ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ဥဒယဝယကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာလို့ခေါ်သည်။

ဝိပဿကယောဂိသည် ထိုလက္ခဏာငါးဆယ်တို့နှင့် စပ်သောအားဖြင့် ဇဝံပိ ရူပဿ ဥဒယော-ဤသို့ ဤပုံလည်း အကြောင်းတရားများကြောင့်

အကျိုးရှုပက္ခန္ဓာဖြစ်ပေါ်ကာ မလာနိုင်ပဲရှိသည်။ ဤသို့အကြောင်းအား ဖြင့် အကျယ်နှလုံးသွင်းပွါးများရမည်။ ဧဝံပိ ရှုပံ ဥဒေတိ-ဤသို့ဤပုံလည်း ရှုပက္ခန္ဓာ ဖြစ်ပေါ်ကာ လာသည်။ ဧဝံပိ ရှုပံ ဝေတိ-ဤသို့ဤပုံလည်း ရှုပက္ခန္ဓာချုပ်ကွယ်သေဆုံးကာသွားသည်။ ဤသို့ဓာအားဖြင့် အကျယ် နှလုံးသွင်းပွါးများရမည်။

နိဗ္ဗတ္တိလက္ခဏာ ဝိပရိဏာမလက္ခဏာတို့ကို ရှုကြည့်သောယောဂိသည် ကံစိတ်ဥတု အာဟာရဟု ဆိုအပ်သောအကြောင်းကြောင့် ဖြစ်သော စတုသမုဋ္ဌာနိကရုပ်၏ အဖြစ်အပျက်ကို ဓာအားဖြင့် အကျယ်နှလုံးသွင်းသည် ဆိုလိုသည်။ ဤသို့ နှလုံးသွင်းပွါးများသောယောဂိအား ရုပ်နာမ်ဓမ္မတို့၏ အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ ဝယကို သိသော ဉဒ-ယဗ္ဗယဉာဏ် ဖြစ်ပေါ်ကာလာသည်ရှိသော် လယ်ပြင်တွင်ဆင်ပြေးသွား သည်ကို မြင်ရဘိသကဲ့သို့ဌင်း ညစ်ကြေးမတင် သန့်ရှင်းစင်သော ကောင်းကင်တွင် လနေများထွက်ပေါ်ကာနေသည်ကိုမြင်ရဘိသကဲ့သို့ဌင်း အဖြစ်အပျက်တို့ အလွန်ထင်ရှားစွာ ပေါ်လာကုန်ပါတော့သည်။ "ဣတိ ကိရိမေ ဓမ္မာ အဟုတ္ဝာ သမ္ဘောန္တိ၊ ဟုတ္ဝာ ပဋိဝေန္တိ-ဤသို့ဤပုံ ဤတရား တို့သည် ရှေးကထင်ရှားမရှိကုန်ပဲ ထင်ရှားဖြစ်ပေါ်လာကာ ပျောက်ကွယ် သေဆုံးကြတယ်" လို့ အသိဉာဏ်အလွန်သန့်ရှင်း၍ လာတော့သည် ဆိုလို သည်။

နာမက္ခန္ဓာများရဲ့အဖြစ်အပျက်ကို ရှုကြည့်ပွါးများရာတွင် ကေစိဆရာ တို့ကား နာမ်ခန္ဓာတို့ရဲ့ အဖြစ်အပျက်ကို ကာလအစဉ်တို့၏ အစွမ်းဖြင့်သာ ရှုကြည့်ရမည်၊ ဓာ၏အစွမ်းဖြင့် မရှုကြည့်ရ၊ ဤသို့ဆိုကြသည်လို့ မဟာ-ဋီကာတွင် ပြသည်။ ကေစိဆရာတို့အလိုဆိုသော် ဓာအားဖြင့် အဖြစ် အပျက်ကိုမမြင်နိုင်ရာသောကြောင့် မသင့်လို့ဆိုလိုသည်။ အပရေဆရာတို့ ကား ပစ္စယအကြောင်းအားဖြင့် အဖြစ်အပျက်ကိုကြည့်ရှုသော် အတိတ် အနာဂတ် ပစ္စုပ္ပန်လို့ မဝေဘန်မပိုင်းခြားပဲ တပေါင်းတည်းအားဖြင့် အဝိဇ္ဇာ စသောအကြောင်းများကြောင့် ဝေဒနာဖြစ်ပေါ်လာနိုင်တဲ့အခွင့် ကို ကြည့်ရှုရသည်၊ အသစ်ပေါ်လာတဲ့အခိုက်အတန့် ဥပါဒ်ကိုမကြည့်ရှုရ။ အဝိဇ္ဇာစသောအကြောင်းတရားထင်ရှားမရှိသော် ဝေဒနာမဖြစ်ပေါ်လာ

နိုင်တဲ့ အခွင့်ကို ကြည့်ရှုရသည်၊ ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို မကြည့်ရှုရ၊ ခဏအားဖြင့် အဖြစ်အပျက်ကို ကြည့်ရှုသည်ရှိသော် ပစ္စုပ္ပန်ခဏတွေ့ယရုပ်နာမ်တို့၏ အသစ်ပေါ်လာတဲ့အခိုက်အတန့်ဥပါဒ်ကိုရင်း ပျောက်ကွယ်သေဆုံးတဲ့ ဘင်ကိုရင်း ကြည့်ရှုရမည်ဟုဆိုကြ၏။ ထိုအပရေဆိုသောစကား သည် သင့်တင့်ကေန်မှန်လှသည်ဟု မဟာဋီကာတွင်ပြ၏။ အကြောင်းကား သန္တတိအစဉ်၏အစွမ်းဖြင့် ရုပ်နာမ်တရားတို့ကို အသစ်ဖြစ်ပေါ်တဲ့ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ဝယအားဖြင့် နှလုံးသွင်းပွါးများသောယောဂီအားအစဉ်သဖြင့် ဘာဝနာဉာဏ်ထက်သန်အားရှိသောအခါ ဉာဏ်၏ထက်မြက်သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ခဏအားဖြင့် အဖြစ်အပျက်တို့ ထင်လာနိုင်သောကြောင့်တည်းလို့ အကြောင်းပြလေသည်။

မဟာဋီကာ၌လာသော ကေစိဝါဒကို သမာနဝါဒ, အပရေဝါဒကို ကေစိဝါဒပြုလုပ်လျက် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတွင် ပြဆိုလျက်ရှိသည်။ မဟာဋီကာကေစိဝါဒတွင် နာမ်ခန္ဓာတို့၏အဖြစ်အပျက်ကို ကာလအစဉ်တို့၏အစွမ်းဖြင့်သာ ကြည့်ရှုရမည်၊ ခဏအားဖြင့် မကြည့်ရှုရဆိုသည်မှာ နာမ်ခန္ဓာတို့၏ ချုပ်ကွယ်သေဆုံးခြင်း၏ အလွန်လျင်မြန်လှသောကြောင့်ရင်း နာမ်ခန္ဓာထက်ကြာမြင့်စွာတည်နိုင်သောရုပ်ခန္ဓာတို့၏ ချုပ်ကွယ်သေဆုံးခြင်း၏ အလွန်လျင်မြန်လှသောကြောင့်ရင်း နာမ်ခန္ဓာထက် ကြာမြင့်စွာတည်နိုင်သောရုပ်ခန္ဓာကို ရှုရာတွင် အာဒိကမ္မိကပုဂ္ဂိုလ်အား ခဏအားဖြင့် ရှုကြည့်သိမ်းဆည်းရန်မဖြစ်နိုင်၍ သန္တတိအစဉ်၏အစွမ်းဖြင့် ရှုကြည့်ရမည်ဆိုသောကြောင့်ရင်း ဒီလက်ချောင်းမျှားဖြင့်ပင် ဒီလက်ချောင်းတို့ထိခြင်းငှါ မတတ်ကောင်းသကဲ့သို့ ဒီစိတ်တခုတည်းဖြင့် ဒီစိတ်တခု၏ ဥပါဒ်ဌီဘင်မျှားကို သိခြင်းငှါမတတ်ကောင်းသောကြောင့်ရင်း နှစ်ခုသော စိတ်တို့သည် တချိန်တည်းသော ခဏတွင် အကယ်၍ဖြစ်စွမ်းနိုင်ခဲ့လျှင် တခုသောစိတ်၏ ဥပါဒ်ဌီဘင်အခိုက်အတန့်တို့ကို အသိဒိအခြားမြင်စွမ်းနိုင်ပါ၏၊ ထိုသို့ကား နှစ်ခုသုံးခုစိတ်ဝေဒနာသညာစသော နာမ်တရားတို့ တချိန်တည်းသော ခဏတွင် မဖြစ်နိုင်ကြ၊ တခုတခုသော စိတ်ဝေဒနာစသော နာမ်တရားသာ ဖြစ်နိုင်သောကြောင့်ရင်း အဆက်ဆဲက် ဖြစ်ပျက်လျက်နေသော နာမ်တရားတို့၏ အဖြစ်အပျက်ကို ခဏအားဖြင့် အစစွာ

မရှုကြည့်ရလို့ ယူစေလိုသည်။ သန္တတိအစဉ်၏အစွမ်းဖြင့် ရှုကြည့်ပွါးများဖန်များ၍ အဖြစ်အပျက် ဥဒယဝယတို့ ထင်လာပေါ်လာကုန်သော် ခဏအား‌ဖြင့်လဲ ရှုကြည့်ပွါးများနိုင်ပါသည်။ ထို့ကြောင့် အရှုပသတ္တကပဋိပါဋိ-ရှုနည်းတွင် ပဌမဝိပဿနာရှုတဲ့စိတ်ကို ဒုတိယဝိပဿနာစိတ်ဖြင့် ဝိပဿနာရှုနိုင်တယ်စသည်ဖြင့် ဆယ်ကြိမ်သောဝိပဿနာစိတ်ကို တဆဲ့တကြိမ်သော ဝိပဿနာစိတ်ဖြင့် ဝိပဿနာရှုနိုင်ကြောင်းကို ဆိုထားလေသည်။ ဆယ်ကြိမ်မြောက်သော ဝိပဿနာစိတ်ကို ဆုံးဖြတ်ပိုင်းခြား ပွါးများသည်ရှိသော် ရှုပအရှုပကမ္မဋ္ဌာန်းများ လေ့လာပွါးများပြီး ဖြစ်နိုင်သောကြောင့် ဆယ်ကြိမ်သောစိတ်တွင်သာ ရပ်တန့်ထားရမည်။ ထိုနောင် တဖန်ရုပ်ကို သိမ်းဆည်း၍ ဆယ်ကြိမ်သော ဝိပဿနာစိတ်တိုင်အောင် ဆက်ကာဆက်ကာ ပွါးများနိုင်သည်ဆိုသည်။

ဝိပဿနာပွါးများအားထုတ်၍ မဂ်ရောက် ဖိုလ်ရောက်သောအရိယာပုဂ္ဂိုလ်များသည် ဝိပဿနာအစဉ်ဖြင့် တနေ့လုံးသော်လည်း ရှေးရှေးဝိပဿနာစိတ်များကို နောက်စိတ်ဖြင့် ဝိပဿနာရှုကြည့်ပွါးများကာ နေတော်မူနိုင်ကြသည်။ အသျှင်သာရိပုတ္တရာသည် ပဌမစျာန်သမာပတ်ကို ဝင်စားတော်မူရာတွင် ဝိတက်ဝိစာရ စသောတဆဲ့ခြောက်ပါးသောတရားတို့ကို ဝတ္ထုနှင့်အာရုံကို သိမ်းဆည်းပြီးကြည့်ရှုဆင်ခြင်သော် အာရုံသို့ရှေးရှုတင်တဲ့သဘော ဝိတက်ဖြစ်ပေါ်ကာနေတယ်လို့သိ၏။ အာရုံကို တရစ်ဝဲဝဲနှင့် အမြဲလိုသုံးသပ်တဲ့သဘော ဝိစာရဖြစ်ပေါ်ကာနေတယ်လို့သိ၏။ ဦးတိုက်သိတဲ့သဘော ဝိညာဏ်ဖြစ်ပေါ်ကာနေတယ်လို့ သိ၏။ ခံစားတဲ့သဘော ဝေဒနာဖြစ်ပေါ်ကာနေတယ်လို့ သိ၏။ ဤသို့စသည်ဖြင့် ဓမ္မဝဝတ္ထာနဉာဏ်ဖြစ်ကာနေသည်။ ဝိဒိတာ ဥပဓိဇ္ဇန္တိ - ဝိတက်စသောတရားတို့၏ အသစ်ဖြစ်ပေါ်တဲ့ အခိုက်အတန့်ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာအား အသစ်ဖြစ်ပေါ်တဲ့အခိုက်အတန့်တို့ ထင်ထင်ရှားရှားပေါ်လာကုန်သည်။ ဝိဒိတာ ဥပဋ္ဌဟန္တိ - တည်နေတဲ့အခိုက်အတန့်ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာအား တည်ကုန်သော်လည်း ထင်ထင်ရှားရှားတည်လာကုန်သည်။ ဝိဒိတာ အဘ္ဘတ္ထံ ဂစ္ဆန္တိ-ပျောက်ကွယ်သေဆုံးတဲ့ အခိုက်အတန့်ကို ဆင်ခြင်သော အရှင်သာရိပုတ္တရာအား ပျောက်ကွယ်သေဆုံးကုန်သော်လဲ ထင်ထင်ရှားရှားဖြစ်၍ ချုပ်ကွယ်သေဆုံးကုန်သည်။ ထိုအခါ အရှင်သာရိပုတ္တရာ

သည် အဟုတ္တာ သမ္ဘောန္တိ- ဝိတက်ဝိစာရ စသောတရားတို့သည် ရှေးက ထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်ကာလာကြတယ်လို့ သိမြင်ကာ သုံးတော့၏။ ဟုတ္တာ ပဋိဝေန္တိ-ထင်ထင်ရှားရှားဖြစ်ပေါ်လာကာ ပျောက်ကွယ်သေဆုံးကြတယ်လို့ သိမြင်ကာသုံးတော့၏။ ဥဒယဝယနှစ်မျိုးတို့တွင် တမျိုးမျိုးကို ရှုကြည့်က တမျိုးတည်းပင် ထင်လာနိုင်သည်လို့ အနုပဒသုတ်တွင် ဟောလျက်ရှိ၏။ ထို့ကြောင့် ခဏအားဖြင့် မရှုကြည့်ရဆိုသည်မှာ လုံးဝ ခဏအားဖြင့် မရှုကြည့်ကောင်းလို့ ဆိုသည်မဟုတ်ဟု နိဿံသယယုံမှားမရှိ မှတ်ရာသတည်း။

မဟာဋီကာအပရေဝါဒတွင် ပစ္စယအကြောင်းအားဖြင့် အဖြစ်အပျက်ကိုရှုကြည့်သော် ဖြစ်ပေါ်လာနိုင်ခွင့်ကိုသာ ရှုကြည့်နိုင် ယူနိုင်သည်၊ ချုပ်ကွယ်ခွင့်ကိုသာ ရှုကြည့်နိုင် ယူနိုင်သည်။ အသစ်ဖြစ်ပေါ်လာတဲ့ အခိုက်အတန့် ဥပါဒ်, ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို မရှုနိုင် မယူနိုင်၊ ခဏအားဖြင့် အဖြစ်အပျက်ကို ရှုကြည့်မှ ပစ္စုပ္ပန်နာမကွန္ဓာတို့၏ အသစ်ပေါ်လာတဲ့ အခိုက်အတန့်ဥပါဒ်, ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို ရှုနိုင် ယူနိုင်သည်ဆိုသည်။ သင့်ခြင်း၏အကြောင်းယူတို့ကား ဝိပဿကယောဂီသည် အစစ္ဓာအကြောင်းအားဖြင့် အဖြစ်အပျက်ကိုနှလုံးသွင်းလျက် အကြောင်းအရာတို့ကို ပယ်ထားပြီး ဖြစ်ပျက်လျက်ရှိသော ခန္ဓာတို့ကိုယူကာ ခန္ဓာတို့၏ အဖြစ်အပျက်ကို အကြောင်းအားဖြင့် ရှုကြည့်သည်ကို အရင်းခံအကြောင်းပြု၍ ခဏအားဖြင့်လည်း ရှုကြည့်နိုင်သောကြောင့်တည်းလို့ အသင့်ယူတို့ပြ၏။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတွင် ၎င်းဝါဒကို ကေစိထိုးခြင်း၏ အကြောင်းကား ဝိပဿကယောဂီသည် အစစ္ဓာ အကြောင်းအားဖြင့် အဖြစ်အပျက်ကို နှလုံးသွင်းလျက် ဝိပဿနာရှုသောကာလ အကြောင်းတရားတို့ကိုပယ်ထားပြီး ဖြစ်ပျက်လျက်ရှိသော ခန္ဓာတို့ကို ယူကာ ထိုခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုကြည့်လေသည်။ ထိုသို့ရှုကြည့်သောယောဂီအား အကြောင်းအားဖြင့်လည်း အဖြစ်အပျက်ရှုကြည့်ခြင်း ခဏအားဖြင့်လည်း ရှုကြည့်ခြင်း ဖြစ်နိုင်သောကြောင့်တည်းလို့ အကြောင်းပြကာ ပစ္စယအကြောင်းအားဖြင့် ဥပါဒ်ဘင်ကိုမယူနိုင် မရှုနိုင်ဆိုသောဝါဒကို ကေစိထိုး၍ ဤသို့အကြောင်းပြ၍ သင့်မသင့်လုကြရာတွင် အကျဉ်းရှုနည်းကား ခန္ဓာငါးပါးတို့၏ အကြောင်းကို နှလုံးမသွင်းပဲ ဥဒယဝယကိုသာ ရှုကြည့်၏၊

အကျယ်ရှုနည်းကား ခန္ဓာငါးပါးတို့၏ အကြောင်းကို နှလုံးသွင်းရုံသာ သွင်း၍ ပွါးများသောကာလ အကြောင်းကိုပယ်ထားပြီး ဥဒယဝယကိုသာ ရှုကြည့်၏။ ဤကားအထူးတည်း။

ထို့ကြောင့် အကြောင်းကိုလွှတ်ထားပြီး ပွါးများသောအခါ သန္ဋတိပစ္စုပ္ပန်ခန္ဓာတို့၏ ဥဒယဝယကိုရှုကြည့်ဖန်များသော် ခဏအားဖြင့်အဖြစ် အပျက်ကို မြင်နိုင်သည်ချည်းဖြစ်သောကြောင့် အကြောင်းအားဖြင့် ဖြစ်နိုင် ပျက်နိုင်ခွင့်ကို တွေ့မြင်နိုင်သည်။ ခဏအားဖြင့် အဖြစ်အပျက်ကို အကျယ် ရှုသည်မည်ကြောင်းကိုသာ ပြ၏၊ မုချပြသည်မဟုတ်။ အကြောင်းကား ပွါးသောအခါ အကြောင်းကိုလွှတ်ထားရမည်ဆိုသည်ကို ထောက်ဆသော အားဖြင့်တည်း။ ဤသို့ယူသော်ကား ကေစိ,အပရေဝါဒများ ညီညွတ်၍ သွားရာသတည်း။

ဣတိ ကိရိမေ ဓမ္မာ အဟုတ္ဝာ သမ္ဗောန္တိ၊ ဟုတ္ဝာ ပဋိဝေန္တိ။....ဟူသော စကားကို နယဒဿန နည်းပြ၏ အစွမ်းဖြင့်သာ ပြဆို၏။ ထို့ကြောင့် ယောဂီသည် အစစ္ဝာ ပစ္စုပ္ပန်တရားတို့၏အဖြစ် ဥဒယ, အပျက်ဝယကိုမြင်ခဲ့သော် နောက်အခါ အတိတ်ကဖြစ်ခဲ့သော ရုပ်နာမ်များလဲ ဒီပစ္စုပ္ပန်ရုပ်လို ပေါ်လာကာ ပျောက်ကွယ်သေဆုံးကြတာပဲ၊ ခဏခဏအဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံကြရတာပဲ၊ အခါခပ်သိမ်း အမြဲတည်နေနိုင်တဲ့ အတ္တနှစ်မရှိကြပဲ တကားလို့ မြင်ကာသွားအောင်ကြည့်ရမည်။ အနာဂတ်ဖြစ်လတ့ံရုပ်နာမ်များကိုလဲ ဒီပစ္စုပ္ပန်လိုပဲလို့ မြင်အောင်ကြည့်ရမည်ဆိုလိုသည်။

နယဒဿနဝသေန ဝါ ဧဝံ ဝုတ္တံ။ ပဌမဋ္ဌိ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိဿွာ အထ အတီတာနာဂတေ နယံ နေတိ။ (မဟာဋီကာ)

ဝါ၊ တနည်းကား။ နယဒဿနဝသေန၊ နည်းပြ၏အစွမ်းဖြင့်။ ဧဝံ၊ ဤသို့"ဣတိ ကိရိမေ ဓမ္မာ အဟုတ္ဝာ သမ္ဗောန္တိ၊ဟုတ္ဝာ ပဋိဝေန္တိ"ဟူ၍။ဝုတ္တံ၊ မိန့်အပ်၏။ ဟိ၊ ထိုစကားသင့်စ့။ ပဌမံ၊ အစစ္ဝာ။ ပစ္စုပ္ပန္နဓမ္မာနံ၊ တို့၏။ ဥဒယဗ္ဗယံ၊ အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ ဝယကို။ ဒိဿွာ၊ ထင်မြင်ခဲ့သော်။ အထ၊ ထိုမှ နောက်ကာလ၌။ အတီတာနာဂတေ၊ အတိတ် အနာဂတ်၌၊ နယံ၊ သိသင့်သောနည်းကို၊ နေတိ၊ ဆောင်ရမည်။

ဤပုံ ဤနည်းအတိုင်း အကြောင်းခဏနှစ်ဝသောအဖို့အားဖြင့် ရုပ်နာမ် နှစ်ပါး ခန္ဓာငါးပါးတို့၏ အသစ်ပေါ်လာတဲ့အခိုက်အတန့် ဥဒယ, ပျောက်

ကွယ်သေဆုံးတဲ့ ဝယအခိုက်အတန့်ကို ရှုကြည့်ပုံးများတဲ့ ယောဂီအား သစ္စာလေးပါး, အနုလုံ ပဋိစ္စသမုပ္ပါဒ်, ပဋိလုံ ပဋိစ္စသမုပ္ပါဒ်, ကေတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဧဝံဓမ္မတာနည်း, နည်းလေးပါး, အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးတို့သည် ထင်ရှားပေါ်လာပါကုန် တော့တယ်။

ခဲ့၍ထင်ရှားစေမည်။ ဤသို့ အကြောင်းခဏ နှစ်ဝသောအဖို့အားဖြင့် ဥဒယ, ဝယကို ရှုကြည့်သော ယောဂီအား အကြောင်းခဏ နှစ်ဝတို့တွင် အကြောင်းအားဖြင့် ဥဒယကို ကြည့်ရှုသော် ဇနက ဖြစ်စေတတ်သော အဝိဇ္ဇာစသော အကြောင်းကို သိရသောကြောင့် အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ ထင်ရှားကာ လာပါတယ်။ ခဏအားဖြင့် အပြစ်ကိုရှုကြည့်သော် ဇာတိဒုက္ခကို သိရသောကြောင့် ဒုက္ခသစ္စာထင်ရှားကာလာပါတယ်။ သမုဒ္ဒါ မယာ ဒိဋ္ဌော ကဲ့သို့ ကေဒေသူပစာမှတ်လေ။ အကြောင်းအားဖြင့် ပျောက်ကွယ် သေဆုံးသည်ကို ရှုကြည့်သော် အကျိုးတရားတို့ မဖြစ်နိုင် မပေါ်လာနိုင်သည်ကို သိရသောကြောင့် နိရောဓသစ္စာ ထင်ရှားကာ လာပါတယ်။ ခဏအားဖြင့် ပျောက်ကွယ် သေဆုံးသည်ကို ရှုကြည့်သော် မရဏဒုက္ခ သေခြင်းဆင်းရဲကို သိရသောကြောင့် ဒုက္ခသစ္စာ ထင်ရှားကာ လာပါတယ်။ အကြောင်းခဏ နှစ်ဝသောအဖို့အားဖြင့် အဖြစ် အပျက်ကို ရှုကြည့်ရာတွင် တရားကိုယ်ကား ပြင်းစွာတွေဝေတဲ့ မောဟ၏ ဆန့်ကျင်ဖက် အမောဟပညာစေတသိက်သာတည်း။ တနည်း ဉာဏ်ပညာ ပြဋ္ဌာန်းသော ဝိတက်စသော တရားအစုသာတည်း။ ထို တရားအစုကား နိဗ္ဗာန်အားလျော်သောကြောင့် လောကီမဂ္ဂင်သာဖြစ်၏။ ဥဒယဗ္ဗယအဖြစ် အပျက်ကိုရှုကြည့်၍ အဝိဇ္ဇာမောဟကို ပယ်သတ်နိုင်တဲ့သဘောကို သိစေသောကြောင့် မဂ္ဂသစ္စာထင်ရှားကာ လာပါတယ်။ တဒင်္ဂ၏အစွမ်းဖြင့် ပယ်သတ်နိုင်သည် ဆိုလိုတယ်။ တနည်း သမ္မာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်သည် အရိယာမဂ်၏ အကြောင်းဖြစ်သောကြောင့် ပြင်းစွာမတွေဝေသော သဘောရှိရကား မိမိမဂ္ဂသစ္စာဖြစ်သည်ကို ပြနိုင်တယ်လို့လဲဆိုရ၏။ ဆိမိုး ကဲ့သို့ ဆိုလိုသည်။ ထို့ကြောင့် မဂ္ဂသစ္စာထင်ရှားကာ လာပါတယ်။

၁။ အကြောင်းခဏ၊ ဤနှစ်ဝ၊ ပြားကြ ဥဒယဗ္ဗယာ။
၂။ ကြောင်းဖြစ်ရှုရာ၊ အဝိဇ္ဇာ၊ ပေါ်လာသမုဒယသာ။

၃။ ကြောင်းပျက်ရူရာ၊ ကျိုးမလာ၊ ပေါ်လာနိုင်ရောဓာ။
၄။ ခဏဖြစ်ရှာ၊ ဇာတ်ဒုက္ခာ၊ ပေါ်လာဒုက္ခသာ။
၅။ ခဏပျက်ရှာ၊ သေဒုက္ခာ၊ ပေါ်လာဒုက္ခသာ။
၆။ အမှောင်ကိုပယ်၊ ဆိမီးနှယ်၊ မှတ်ဖွယ်ဥဒယဗွယာ။
၇။ သမ္မာဒိဋ္ဌိ၊ ခေါ်တွင်ဘိ။ မှတ်သိမဂ္ဂသစ္စာသာ။
ဤကားသစ္စာလေးပါးထင်ပုံတည်း။

ဝိပဿကယောဂီအား ပစ္စုယအကြောင်းအားဖြင့် ဥဒယကိုရှုကြည့်သည်ရှိသော် အဝိဇ္ဇာ-အမှန်မသိတဲ့တရားထင်ရှားရှိလျှင် သခ်ါရတရား ထင်ရှားဖြစ်ပေါ်ကာလာသည်။ သခ်ါရထင်ရှားရှိလျှင် ဝိညာဉ်ထင်ရှားဖြစ်ပေါ်ကာလာသည်။ ဤသို့စသည်ဖြင့် အကြောင်းနှင့်အကျိုးကို သိရှိရသောကြောင့် အနုလုံပဋိစ္စသမုပ္ပါဒ် ထင်ရှားပေါ်လာပါတယ်။ အကြောင်းအားဖြင့် ပျောက်ကွယ်သေဆုံးတဲ့ အခိုက်အတန့်ကို ရှုကြည့်သည်ရှိသော် အဝိဇ္ဇာ-အမှန်မသိတဲ့တရား ချုပ်ကွယ်ကာသွားသောကြောင့် သခ်ါရ-ပြုပြင်စီစဉ်အားထုတ်တဲ့တရား ဖြစ်ပေါ်ကာ မလာပဲရှိသည်။ သခ်ါရ-ပြုပြင်စီစဉ်အားထုတ်တဲ့တရား ချုပ်ကွယ်ကာသွားသောကြောင့် ဝိညာဉ်-ပဋိသန္ဓေမျိုးစေ့နှင့်အလားတူသော ဝိညာဉ်ဖြစ်ပေါ်ကာ မလာပဲရှိသည်။ ဤသို့စသည်ဖြင့် အကြောင်းနှင့်အကျိုး ချုပ်ကွယ်သွားသည်ကို သိရသောကြောင့် ပဋိလုံပဋိစ္စသမုပ္ပါဒ် ထင်ရှားပေါ်ကာလာပါတယ်။ ခဏအားဖြင့် အဖြစ်အပျက်ကို ရှုကြည့်သည်ရှိသော် သခ်ဓတလက္ခဏာကို သိစေသောကြောင့် အကြောင်းကိုစဲ၍ ဖြစ်တဲ့အကျိုး ပဋိစ္စသမုပ္ပန္နတရားတို့ ထင်ရှားပေါ်လာပါတယ်။

၁။ ကြောင်းဖြစ်ရူရာ၊ ကျိုးပေါ်လာ၊ မှတ်ပါပဋိစ္စအနုလုံသာ။
၂။ ကြောင်းပျက်ရူရာ၊ ကျိုးမလာ၊ မှတ်ပါ ပဋိစ္စပဋိလုံသာ။
၃။ ခဏဖြစ်ပျက်၊ ရူတချက်၊ ပေါ်ထွက်သခ်ဓတာ။
ဥဒယဗွယဝန္တော ဟိ သခ်ဓတာ၊ တေ စ ပဋိစ္စသမုပ္ပန္နာ။

ဟိ၊ ထိုစကားသင့်စ့။ သခ်ဓတာ၊ သခ်ါရတရားတို့သည်။ ဥဒယဗွယဝန္တော၊ ဖြစ်ပျက်လျက်ရှိကုန်၏။ တေ စ၊ ထိုသခ်ဓတ တရားတို့သည်လည်း။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္နတရားတို့သာတည်း။
ဤကား ပဋိစ္စသမုပ္ပါဒ်ပေါ်လာပုံတည်း။

ပစ္စယအကြောင်းအားဖြင့် အသစ်ပေါ်လာတဲ့အခိုက်အတန့် ဥဒယကို ရှုကြည့်သည်ရှိသော် အကြောင်းနှင့်အကျိုးစပ်သဖြင့် ခန္ဓာအစဉ်၏မပျက်သည်ကို သိရသောကြောင့် တယောက်တည်းပဲလို့ ထင်ရသောကေတ္တာနည်း ထင်ရှားစွာ ပေါ်လာပါတယ်။ ထိုအခါ တဘဝတုံးလျှင် ဆုံးကရော ပျက်ကရောလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိကို ကောင်းစွာပယ်နိုင် စွန့်နိုင်ပါတယ်။ ခဏအားဖြင့် ဥဒယကို ကြည့်ရှုသည်ရှိသော် အသစ်အသစ်သော တရားတို့ ဖြစ်ပေါ်လာသည်ကိုတွေ့ရသောကြောင့် အမျိုးမျိုးသော သတ္တဝါတွေ့ပဲလို့ ထင်ရသော နာနတ္တနည်းထင်ရှားစွာပေါ်လာပါတယ်။ ထိုအခါ မပျက်မကွဲ့ခိုင်မြဲစွာတည်နေတယ်လို့ ယူတဲ့သဿတဒိဋ္ဌိကို ကောင်းစွာ ပယ်စွန့်နိုင်ပါတယ်။ ပစ္စယအကြောင်းအားဖြင့် အဖြစ်အပျက်ကို ကြည့်ရှုသည်ရှိသော် တရားတို့၏အလိုမလိုက်တဲ့သဘောကို သိရသောကြောင့် ကြောင့်ကြပျာပါရကင်းလျက်ဖြစ်ပေါ်ကာလာတယ်လို့ ထင်ရသောအဗျာပါရနည်း ထင်ရှားစွာဖြစ်ပေါ်လာပါတယ်။ ထိုအခါ ငါ-ငါ့ကိုယ်လို့ယူတဲ့ အတ္တဒိဋ္ဌိကို ပယ်စွန့်နိုင်ပါတယ်။ အကြောင်းအားဖြင့် အသစ်ဖြစ်ပေါ်လာတဲ့ ဥဒယကိုကြည့်ရှုသည်ရှိသော် အကျိုးပေါ်လာသည်ကိုသိရသောကြောင့် ဤပုံ အကြောင်းကြောင့် အကျိုးဖြစ်ပေါ်လာရတဲ့သဘော ဧဝံဓမ္မတာနည်း ထင်ရှားစွာဖြစ်ပေါ်လာပါတယ်။

၁။ ကြောင်းဖြစ်ရှုရာ၊ ကေတ္တာ၊ ပယ်ခွါဥစ္ဆေဒဒိဋ္ဌိ။
၂။ ခဏဖြစ်ရှုရာ၊ နာနတ္တာ၊ ပယ်ခွါသဿတဒိဋ္ဌိ။
၃။ ကြောင်းဖြစ်ပျက်ရှုရာ၊ အဗျာပါ၊ ပယ်ခွါအတ္တဒိဋ္ဌိသာ။
၄။ ကြောင်းဖြစ်ရှုရာ၊ ဓမ္မတာ၊ ပယ်ခွါအကြိယသာပါ။

ဤကားနည်းပေါ်လာပုံတည်း။

ပစ္စယအကြောင်းအားဖြင့် ဥဒယကိုကြည့်ရှုသည်ရှိသော် သဘာဝတရားတို့၏ အားထုတ်ခြင်း မရှိသောအဖြစ် အကြောင်းနှင့် စပ်သောကြောင့် ပေါ်ကာလာရသောအဖြစ်ကို သိရသောကြောင့် အနတ္တလက္ခဏာထင်ရှားစွာပေါ်လာပါတယ်။ ခဏအားဖြင့် အဖြစ်အပျက်ကို ရှုကြည့်သည်ရှိသော် ဖြစ်ပေါ်လာကာ ချုပ်ကွယ်သေဆုံးသည်ကိုသိရသောကြောင့်ရင်း ခဏတွယ်၏ ရှေးအဖို့နောက်အဖို့မှ ကင်းဆိတ်သည်ကိုသိရသောကြောင့်ရင်း အနိစ္စ

လက္ခဏာထင်ရှားစွာပေါ်လာပါတယ်။ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ခဏခဏ နှိပ်စက်အပ်သည်ကို သိရသောကြောင့် ဒုက္ခလက္ခဏာလည်း ထင်ရှားစွာပေါ်လာပါတယ်။ အဖြစ်အပျက်တို့ဖြင့် ပိုင်းခြားအပ်သည်ကို သိရသောကြောင့် သဘာဝလက္ခဏာလည်း ထင်ရှားစွာပေါ်လာပါတယ်။ အသစ်ဖြစ်ပေါ်တဲ့ခဏတွင်ဝယမရှိ, ပျောက်ကွယ်သေဆုံးတဲ့ခဏတွင်လည်း ဥဒယမရှိသည်ကို သိရသောကြောင့် သဘာဝလက္ခဏာတွင် သန်တလက္ခဏာ၏ အခိုက်အတန့်အဖြစ်မျှသည်လည်း ထင်ရှားစွာပေါ်လာပါတယ်။

၁။ ကြောင်းဖြစ်ရှရာ၊ အနတ္တာ၊ ထင်ကာလာလိမ့်မည်။

၂။ ခဏဖြစ်ပျက်၊ ရှုလျက်သာ၊ ဒုက္ခာနိစ္စာ၊ ထင်ကာလာလိမ့်မည်။

၃။ ဖြစ်ခြင်း ပျက်ခြင်း၊ ပိုင်းခြားခြင်းဖြင့်၊ ထင်လင်းသဘော၊ ဉာဏ်မှာပြော၊ ပေါလောပေါ်သည်သာ။

၄။ ဖြစ်မှုပျက်မှု၊ ဤနှစ်ခု၊ ထင်မှုတခုသာ။

ဤကားလက္ခဏာနှင့် သဘာဝထင်လာပုံတည်း။

ဤရေးပြခဲ့သည့်အတိုင်းသာလျှင် ထင်ရှားစွာ ပေါ်လာသော သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်တရား, နည်းနာ, လက္ခဏာများကို တွေ့မြင်သော ဝိပဿကယောဂီအား ဇဝံ ကိရ နာမိမေ ဓမ္မာ အနုပုန္နပုဗ္ဗာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ နိရုဇ္ဈန္တိ—အေး ဒါလိုပဲ ဤ ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့သည် ရှေးကထင်ရှားမရှိကုန်ပဲ ဖြစ်ပေါ်လာကြကုန်တယ်။ ဖြစ်ဆဲခဏတွင်ယ ရုပ်နာမ်တို့သည် ချုပ်ကွယ်သေဆုံးကြကုန်တယ်။ ထို့ကြောင့် အခါခပ်သိမ်း အသစ်အသစ်တို့သာ ဖြစ်၍ သခ်ါရတရားတို့ ထင်လာကုန်သတဲ့။ အခါခပ်သိမ်း အသစ်အသစ်ဖြစ်၍သာ ထင်လာကြသည်မဟုတ်သေး။ နေရောင်ခြည်တောက်သဖြင့် လျင်မြန်စွာ ပျောက်ရသော ဆီးနှင်းပေါက်ကဲ့သို့ရင်း ဝင်းကနဲ လင်းလနဲ လျင်မြန်စွာ ပေါ်လာ၍ လျင်မြန်စွာ ပျောက်ကွယ်တဲ့ လျှပ်စစ်ရောင်တို့ကဲ့သို့ရင်း တိုတောင်းလျင်မြန်သော ကာလလည်း ရှိကြကုန်သည်ဟု ထင်လာကုန်သတဲ့။ ဆေးဝါးမန္တယားတို့ဖြင့် စီရင်အပ်တဲ့ မျက်လှည့်အတတ်ဖြင့် ပြအပ်သော ပတ္တမြား တံလှပ်ရောင် အိပ်မက် အဝန်း သဏ္ဌာန်ဖြင့် ဆွဲငင်အပ်သော မီးစ စက်ဝန်း ဂန္ဓဗ္ဗနတ်မြို့ ရေမြူပ် ငှက်

ပျော်တုံး လက်ပံတုံး စသည်တို့ကဲ့သို့ အနှစ်သာရမရှိဟူ၍လဲ ထင်လာကုန်သတဲ့။

ဇာတံ ရူပံ ပစ္စုပ္ပန်-ဣသို့ စသော ပါဠိတော်နည်းကို မှီး၍ဂုင်း ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန်-ဣသို့ စသော ပါဠိတော်နည်းကို မှီး၍ဂုင်း ဥဒယဗ္ဗယဉာဏ် ပေါ်လာသည်တိုင်အောင် အားထုတ်အပ်သော ဣဘာဝနာအစဉ်ဖြင့် ဝိပဿနာယောဂီသည် ဝယမမ္မမေဝ ဥပပဇ္ဇတိ-ပျောက်ကွယ် သေဆုံးတတ်တဲ့ သဘောတရားသာ ဖြစ်ပေါ်ကာလာတယ်။ ဥပပန္နဥ္စ ဝယံ ဥပေတိ-ဖြစ်ပေါ်လာတဲ့ တရားသည်လည်း ပျောက်ကွယ် သေဆုံးခြင်းသို့ ရောက်ရတယ်လို့ ဣသို့ ဥဒယနှင့်ဝယကို မျက်မှောက်တွေ့သိသော အခြင်းအရာအားဖြင့် ငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်းကာသိ၍ တည်သောကြောင့် ဥဒယဗ္ဗယာနုပဿနာမည်သော တရုဏဝိပဿနာဉာဏ်ကို အစစ္စာ ရကာသွားပါတော့တယ်။ အပျော့စား အည့်စားယောဂီ မဟုတ်တော့ပါ ဆိုလိုသည်။ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓ-ဓမ္မံ-ဟူသော ပါဠိတော်နှင့်အညီ အဖြစ်အပျက်ကို တွေ့မြင်ကာ သွားပြီလို့လဲ ဆိုရ၏။

> တွော၀တာနေန 'ဝယဓမ္မမေဝ ဥပပဇ္ဇတိ၊ ဥပပန္နဥ္စ ဝယံ ဥပေတိ' တိ ဣမိနာ အာကာရေန သမပညာသ လက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဒ္ဝိတံ ဥဒယဗ္ဗယာနုပဿနံ နာမ ပဌမံ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ၊ ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ခံ ဂစ္ဆတိ။

တွော၀တာ၊ ဣမိမ္မသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ အနေန၊ ဣယောဂီသည်။ ဝယဓမ္မမေဝ၊ ပျောက်ကွယ်သေဆုံးတတ်တဲ့ ရုပ်နာမ်သဘောတရားသည်သာလျှင်။ ဥပပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဥပပန္နဥ္စ၊ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်သဘောတရားသည်လည်း။ ဝယံ၊ ပျောက်ကွယ်သေဆုံးခြင်းသို့။ ဥပေတိ၊ ရောက်ရ၏။ ဣတိ ဣမိနာ အာကာရေန၊ ဣသို့သော အခြင်းအရာအားဖြင့်။ သမပညာသ လက္ခဏာနိ၊ အမျှငါးဆယ်သော လက္ခဏာတို့ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းကာသိ၍။ ဒ္ဝိတံ၊ တည်သော။ ဥဒယဗ္ဗယာနုပဿနံ နာမ၊ ဥဒယဗ္ဗယာနုပဿနာမည်သော။ ပဌမံ၊ အစစ္စာ။ တရုဏဝိပဿနာဉာဏံ၊ တရုဏဝိပဿနာသည် (၀၊) ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယဿ၊ အကြင် တရုဏဝိပဿနာဉာဏ်ကို။

အဓိဂမာ၊ ရခြင်းကြောင့်။ အာရဒ္ဓဝိပဿကောတိ၊ ဟူ၍။ သခ်ံ၊ ရေတွက်အပ်သောအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။။

ထိုအခါ ဥဒယဗ္ဗယာနုပဿနာဟူ ဆိုအပ်သော တရုဏဝိပဿနာ၏ အစွမ်းဖြင့် လွန်စွာအားထုတ်တဲ့ ဝိပဿနာရှိသော ယောဂီအား ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်တဲ့ ဆယ်မျိုးသော ဝိပဿနာ ညစ်နွမ်းကြောင်း တရားတို့ပေါ်လာတတ်ပါကုန်တယ်။ နိဗ္ဗိဒါနုပဿနာစသော ဗလဝဝိပဿနာ၏ အခိုက်အတန့်တွင် မပေါ်လာနိုင်လို့ ဆိုလိုသည်။ ဝိပဿနာညစ်နွမ်းကြောင်း ဥပက္ကိလေသ တရားတို့သည် ဖြစ်ပေါ်လာတတ်ကြသော်လဲ မဂ်ဖိုလ်ဆိုက်ရောက်ပြီးသော အရိယာသာဝကအားလုံး သီလဝိပတ္တိစသည်တို့၏ အစွမ်းဖြင့် ဟုတ်ဟုတ်ခြောင်းခြောင်း ပျက်ပြားခြင်း အကျင့်ရှိသော သူအားလုံး ဝိပဿနာအားထုတ်သော် အပြီးအဆုံးသို့ မရောက်မီ ချထားသော ကမ္မဋ္ဌာန်းရှိသော သူအားလုံး ပျင်းရိခြင်းကြောင့် ဘဝနာကို အားမထုတ်သော ပုဂ္ဂိုလ်အားလုံး ဖြစ်ပေါ်ကာ မလာတတ်ကြပေ။ ကျင့်ကြံကြိုးကုတ် လွန်စွာအားထုတ်သော အာရဒ္ဓဝိပဿက အမျိုးကောင်းသားအား ဖြစ်ပေါ်ကာ လာကြသည်သာတည်း။ ဥပက္ကိလေသတရား မဖြစ်ပေါ်ခဲ့ခြောင်းသော် အကျင့်လမ်းမှန်သည်ကို သိသောဉာဏ်၏ သာလျှင် ဖြစ်ပေါ်ကာ မလာနိုင်ရာသောကြောင့် ဖြစ်ပေါ်ကာလာသည် ချည်းလို့ ဆိုလိုသည်။

ဥပပဇ္ဇန္တီယေဝ နာ နုပပဇ္ဇန္တီ၊ အညထာ မဂ္ဂါမဂ္ဂဉာဏသေဝ
အသမ္ဘဝတော။ (မဟာဋီကာ)

ထိုသို့ မှုချအနေမျိုးဖြင့် ဆိုထားလျက်ရှိသော်လဲ အရှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတွင် သီတင်းသုံးနေတော်မူသော အခါ အရှင်အာနန္ဒာက ငါ့ရှင်တို့ ငါ၏ထံမှောက် လာရောက်ကြသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် မိမိတို့ရတဲ့ အရဟတ္တဖိုလ်ကို ပဋိပဒါအကျင့်လေးပါး မဂ်လေးပါးတို့ဖြင့်ရင်း ထိုလေးပါးတို့တွင် တပါးပါးဖြင့်ရင်း ရကြောင်းကို လျှောက်ထားကြတယ်လို့ မိန့်ကြားရာတွင် ပဋိပဒါလေးပါးကား ဓမ္မာနုစ္ဆဝပုဗ္ဗင်္ဂမမဂ်ခေါ် ပဋိပဒါ,သမထပုဗ္ဗင်္ဂမမဂ်ခေါ် ပဋိပဒါ,ဝိပဿနာပုဗ္ဗင်္ဂမမဂ်ခေါ် ပဋိပဒါ,ယုဂနန္ဓပုဗ္ဗင်္ဂမမဂ်ခေါ် ပဋိပဒါလို့လေးမျိုးပြား၏။။ ထိုတို့တွင် ဓမ္မာနုစ္ဆဝပုဗ္ဗင်္ဂမ=သြဘာသစိတ္တပစ္စယဥတုသမုဋ္ဌာန

ကိုယ်ရောင် ဝိပဿနာဉာဏ်စသော ဥပက္ကိလေသတရားတို့၌ မင်္ဂုလ် နိဗ္ဗာန်ပဲလို့ တုန်လှုပ် ပြန့်လွင့်ခြင်းကြောင့် ဖောက်ပြန် စဲယူထားသော စိတ်ရှေသွားရှိသော ပဋိပဒါဆိုသည်မှာ ဥပက္ကိလေသတရားကို အစစ္စာ မင်္ဂုလ် နိဗ္ဗာန်ပဲလို့ စဲယူမိသော်လဲ နောက်အဖို့တွင် ဩဘာသစသော ဘေးရန်တို့ကို ပယ်ခွါ၍ ဝိပဿနာအာရုံတို့တွင်သာ စိတ်တည်လာ ငြိမ်သက်လာသော အခါ သောတာပတ္တိမဂ်ကို ရ၍ ကြွင်းသောမင်္ဂုလ်သုံးပါးကိုလည်း ဝိပဿနာသက်သက်တို့ဖြင့်သာ ရောက်လျက် စျာန်အဘိညာဏ် သမာပတ်တို့မှ ဆိတ်သောကြောင့် ခြောက်သွေ့သော ဝိပဿနာရှိသော ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ဓမ္မုဒ္ဓစ္စပုဗ္ဗင်္ဂမပဋိပဒါလို့ ဆိုသည်။ သမထ-ပုဗ္ဗင်္ဂမပဋိပဒါဆိုသည်မှာ ဓမ္မုဒ္ဓစ္စကြောင့် ဖောက်ပြန်စ့ဲယူ၍ တုန်လှုပ်သော ပုဂ္ဂိုလ် မတုန်လှုပ်သောပုဂ္ဂိုလ် နှစ်ဦးလုံးကိုပင် ကျင့်နည်းအတိုင်း ကျင့်၍ အရဟတ္တဖိုလ်သို့ ရောက်သည်ကို သမထပုဗ္ဗင်္ဂမပဋိပဒါလို့ဆိုသည်။ ကြွင်း ပဋိပဒါများကို ဤနည်းအတိုင်း သိလေ။

ဝိပဿကယောဂီတိုင်းကို ဥပက္ကိလေသတရားများ မနှိပ်စက်နိုင်ပါ ဆိုလိုသည်။ ထိုသို့ယူခဲ့သော် ဝိသုဒ္ဓိမဂ်မဟာဋီကာတို့နှင့် ဆန့်ကျင်သည် မဟုတ်လော။ မဆန့်ကျင်ပေ၊ အကြောင်းကား ပညာနုံ့၍ ဥပက္ကိလေသတရား အနှိပ်စက်ခံရမည့် ပုဂ္ဂိုလ်ကိုသာရည်၍ အဋ္ဌကထာဋီကာတွင်ဆိုသောကြောင့်တည်း။ အဓိပ္ပါယ် အကျယ်သိလိုမူ ပဋိသမ္ဘိဒါမဂ် ယုဂနဒ္ဓဝဂ် ပါဠိတော်, အဂ်ုတ္တိရ်စတုက္ကနိပါတ် ပဋိပဒါဝဂ်တို့ကို ကြည့်လေ။

ဥပက္ကိလေသတရား ဆယ်ပါး, ဆဲ့တပါး

ဖြစ်ပေါ်လာတတ်သော ဥပက္ကိလေသတရားကား ၁။ ဩဘာသ။ ၂။ ဉာဏ။ ၃။ ပီတိ။ ၄။ ပဿဒ္ဓိ။ ၅။ သုခ။ ၆။ အဓိမောက္ခ။ ၇။ ပဂ္ဂဟ။ ၈။ ဥပဋ္ဌာန။ ၉။ ဥပေက္ခာ။ ၁၀။ နိကန္တိ၊ ဤသို့ ဆယ်ပါးတည်း။

ထိုဆယ်ပါးတို့တွင် ဝိပဿနာစိတ်ကြောင့် မိမိသန္တာန်တွင် စိတ္တပစ္စယဥတုဇဝဏ္ဏရုပ်ခေါ် ဩဘာသအရောင်အလင်း ထင်ပေါ်လာသည်ရှိသော် ဝိပဿကယောဂီသည် ဤနေ့ ဤရက် ဤအချိန်ကာလမှ ရှေကာလတွင် ငါ့အား ယခုလို တွေ့မြင်ရတဲ့ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပသော အရောင်အလင်း မပေါ်လာဘူးသေး၊ ငါတော့ ဇဝကန် အမှန်

မဂ်ဖိုလ်နိဗ္ဗာန်မဟုတ်တဲ့ အရောင်အလင်း သြဘာသကို မဂ်ဖိုလ်နိဗ္ဗာန်ပဲလို့ စွဲယူကာ နေတော့၏။ မဂ်ဖိုလ်နိဗ္ဗာန်ပဲလို့ စွဲယူမိသော **ယောဂီအား** ဝိပဿနာလမ်းစဉ် ချတ်ချော်၍ သွားပါတယ်။

ထိုဝိပဿကယောဂီသည် မိမိအားထုတ်နေက၌ ဝိပဿနာကမ္မဋ္ဌာန်းကို ပယ်စွန့်ကာ အရောင်အလင်း သြဘာသကိုသာ သာယာကပ်ငြိနေပါတော့တယ်။ အရောင်အလင်း သြဘာသကား ယောဂီ၏ကိုယ်တွင် တည်လျက်သာ ပြိုးပြိုးပြက် တလက်လက်အရောင်ထွက်ကာ နေပါတယ်။ ကိုယ်ကိုလှုတ်၍ တပါးသော အရပ်ဒေသသို့လဲ ဉာဏ်အစွမ်း အာနုဘော်ကြောင့် ထက်ဝန်း ကျင်မှဖြာလျက် ပို့နှံ့ကာသွားပါတယ်။ ဝိပဿကယောဂီသာ အရောင်အလင်းကိုငဲ့း အရောင်အလင်းပို့နှံ့ရာ အရပ်တွင်ရှိတဲ့ ပန်းအမျိုးမျိုး ရေအိုးမှစ၍ အလုံးစုံသောဝတ္ထုများကိုငဲ့း မြင်နိုင်ပါတယ်။ မြင်တဲ့အခါ မျက်စိဖြင့် မြင်နိုင်သလား မနောစိတ်ဖြင့် မြင်နိုင်သလား စိစစ်သော် ဒိဗ္ဗစက္ခုအဘိညာဉ်ရ ပုဂ္ဂိုလ်ကဲ့သို့ မနောစိတ်ဖြင့်သာ မြင်သည်လို့ ယူသင့်သည် ဆိုသည်။

ဒိဗ္ဗစက္ခုလောဘိနော ဝိယ တံ မနောဝိညာဏဝိညေယျမေဝါတိ ဝုတ္တံ ဝိယ ဒိဿတိ။

ဒိဗ္ဗစက္ခုလောဘိနော၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရသော ပုဂ္ဂိုလ်သည်။ ရူပံ၊ ဒုရုပဋိစ္ဆန္နေ သဏ္ဌာသုခုမဖြစ်သော ရူပါရုံကို။ မနောဝိညာဏဝိညေယျ-မေဝ၊ မနောဝိညာဉ်ဖြင့် သိအပ်သည်သာလျှင်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ တံ၊ ထို ထင်လာပေါ်လာသော အရောင်အလင်းနှင့်တကွ အရောင်အလင်း ပို့နှံ့ရာ အရပ်တွင်ရှိသော ဝတ္ထုဟူသမျှကို။ မနောဝိညာဏဝိညေယျမေဝ၊ မနောဝိညာဉ်ဖြင့် သိအပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝိယ၊ ဆိုအပ်သကဲ့သို့။ ဒိဿတိ၊ ထင်၏။

ထိုသို့ဆိုသော်လည်း သမထအရောင်အလင်း ဝိပဿနာအရောင်အလင်းနှစ်မျိုးရှိရာတွင် အာနာပါနာနုဿတိသမထကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်သောအခါတွင်ငဲ့း အနာထပိဏ်သူဌေး ဘုရားကို အာရုံပြု၍ ညဉ့်အခါသွားရာတွင်ငဲ့း ထင်ပေါ်လာသောအရောင်ကို သမထအရောင်အလင်းဆိုသည်။ ယခုအခါ အရောင်ကိုကား ဝိပဿနာ အရောင်အလင်းဆိုသည်။ အချို့အာနာပါန အားထုတ်သော ယောဂီတို့ ထင်လာသော

အရောင်ဝတ္ထုများကို မျက်စိဖွင့်လျက်တွေ့ရသည်ကို ထောက်သောကြောင့်
၎င်း အနာထပိဏ်သူဌေး ညဉ့်အခါတွင် အရောင်အလင်းကို မှီ၍ ခရီး
သွားလာနိုင်သည်ကို ထောက်သောကြောင့်၎င်း အနည်းငယ် တခါတရံ
စက္ခုဝိညေယျ မျက်စိဖြင့်မြင်နိုင်သည်။ များသောအားဖြင့် မနော
ဝိညေယျ စိတ်မနောဖြင့်သာ မြင်နိုင်သည်လို့ ယူရာသတည်း။

ထို့အရောင်အလင်း သြဘာသကား အခြို့သော ရဟန်းအား
တင်ပလ္လင်ခွေရာ အရပ်မျက်နှာသာ လင်းစေ ဝင်းစေလျက် ပေါ်လာပါတယ်။
အခြို့သော ရဟန်းအား တိုက်ခန်း အတွင်းကိုရော်၊ အပြင်ကိုရော်၊
တကျောင်းလုံးကိုရော်၊ တဂါဝုတ် ယူဇနာဝက် တယူဇနာ နှစ်ယူဇနာ
သုံးယူဇနာ အရပ်ကိုရော်၊ လင်းစေ ဝင်းစေလျက် ပေါ်လာပါတယ်။
သဗ္ဗညုမြတ်စွာဘုရားအား တသောင်းသော စက္ကဝဠာ လောကဓာတ်ကို
လင်းစေ ဝင်းစေလျက် ပေါ်လာနိုင်ပါတယ်။ ထင်ပေါ်လာရာတွင် မတူ
ကဲ့ပြား ထူးခြားရာ၌ ဝတ္ထုကား—

စိတ္တလတောင်ဝယ် နှစ်ခုသောနံရံအကာတို့ဖြင့် ကာရံပိုင်းခြားအပ်တဲ့
ကျောင်းတကျောင်း၏ အတွင်းတွင် ဝိပဿကယောဂီမထေရ်နှစ်ပါးတို့
သီတင်းသုံးကာ နေကြတယ်။ ထိုနေ့ကား လကွယ်ပက္ခ ဥပုသ်နေ့ဖြစ်၍
မိုးတိမ်များအုပ်ကာ နေပါတယ်။ ညဉ့်အဖို့တွင် အင်္ဂါလေးပါးနှင့် ပြည့်စုံ
သော မှောင်ကြီးကျကာ နေပါတယ်။ ထိုအခါ တပါးသောမထေရ်က
အရှင်ဘုရား တပည့်တော်အား ယခုအခါ စေတီယင်ပြင် မြတ်သော
နေရာတွင် ငါးမျိုးသော အဆင်းရှိသော ပန်းတို့ဖြင့် ထင်ရမြင်ရပါတယ်လို့
လျှောက်ထားလေသည်။ တပါးသော မထေရ်က ထိုရဟန်းကို ပြန်ကာ
ပြောဆိုတယ်။ အဘယ်ပုံပြောဆိုသလဲ။ ငါ့ရှင် သင်ကား မအံ့လောက်
သည်ကို ပြောကြားလာတယ်၊ ယခုအခါ ငါ့အား မဟာသမုဒ္ဒရာ တယူ
ဇနာလောက်အရပ်တွင် ငါးလိပ်တို့ သွားလာနေထိုင်သည်ကို မြင်ရပါသည်
ဟု ပြောကြားလေသည်။ ဤဝိပဿနာညစ်နွမ်းကြောင်းကား များသော
အားဖြင့် သမထဝိပဿနာ နှစ်ဖြာရသော ပုဂ္ဂိုလ်အား ဖြစ်တတ်ပါတယ်။
သမထဝိပဿနာ စုံလင်စွာရရှိသော ပုဂ္ဂိုလ်သည်ကား သမာပတ်ဖြင့်
ခွါထားအပ်သော ကိလေသာတို့ မဖြစ်မပေါ်လာခြင်းကြောင့် ငါကား
ရဟန္တာပဲလို့ စိတ်ဖြစ်ကာ နေတတ်ပါတယ်။ စိတ်ဖြစ်ပုံ ဝတ္ထုကား—

တလင်္ကရအရပ်တွင် သီတင်းသုံးသော ရှင်ဓမ္မဒိန္နမထေရ်ကား မဟာဓိဏာသဝ ပဋိသမ္ဘိဒါပတ္တိဖြစ်၍ မျှားစွာသော ရဟန်းအပေါင်းအား အဆုံးအမ ဩဝါဒပေးကာ နေသတဲ့၊ ရှင်ဓမ္မဒိန္နမထေရ်သည် တနေ့သ၌ နေ့သန့်ရာအရပ်တွင် နေထိုင်လျက် ငါတို့ရဲ့ဆရာ ဥစ္စဝါလိကဝါသီ မဟာနာဂမထေရ်ကြီးအား ရဟန်းကိစ္စ ပြီးဆုံးပြီလော မပြီးဆုံးပဲ ရှိသေးသလောလို့ ဆင်ခြင်သော် ပုထုဇဉ် ရဟန်းအဖြစ်ကိုသာ မြင်တွေ့ပါတယ်။ အကယ်၍ ငါမသွားခဲ့သော် တို့ဆရာ မဟာနာဂမထေရ်ကြီးသည် ပုထုဇဉ် ဘဝနှင့်ပင် ပြန်တော်မူလတံ့သည်ကိုသိ၍ တန်ခိုးဖြင့် ကောင်းကင်သို့ ပြန်တက်ကာ နေ့သန့်ရာအရပ်တွင် သီတင်းသုံးသော မဟာနာဂမထေရ်ကြီး၏ အနီးအနားတွင် သက်ဆင်းပြီး ရှိခိုးကာ ဝတ်ပြုလျက် သင့်တင့်လျောက်ပတ်စွာ ထိုင်ကာနေတယ်၊ ငါ့ရှင်ဓမ္မဒိန္န အခါမဲ့ အကာလအခါ အဘယ်ကြောင့် လာသလဲဟု မိန့်လေသော် အရှင်ဘုရား ပုစ္ဆာပြဿနာ မေးရန် လာပါတယ်ဘုရားလို့ လျှောက်ထားလေ၏။ ငါ့ရှင် မေးလိုက မေးတော့လော့၊ သိလျှင်ဖြေအံ့ဟု မိန့်လေသော် ပုစ္ဆာပြဿနာ တထောင်ကို မေးလေ၏။ မထေရ်သည် မေးတိုင်း မေးတိုင်းသော ပုစ္ဆာပြဿနာကို သန့်ရှင်းစင်ကြယ်စွာ ဖြေဆို၏။ ထိုနောင် အရှင်ဘုရား အရှင်ဘုရားတို့၏ ဉာဏ်သည် အလွန်ထက်မြက်ပါပေစ့၊ အရှင်ဘုရားတို့သည် ဘယ်အခါကာလက ဤမက်ဖိုလ်တရားကို ရအပ်ပါသနည်းလို့ လျှောက်ထားလေသော် ငါ့ရှင် ဤနှစ်မှ အနှစ်ခြောက်ဆယ်မြောက်တွင် ရအပ်ပါသည်လို့ မိန့်ကြားလေ၏။ အရှင်ဘုရား အရှင်ဘုရားတို့ သမာဓိကို သုံးဆောင်ဘူးပါကုန်၏လော့လို့ လျှောက်ကြားတယ်။ ငါ့ရှင် ဤကိစ္စကား ဝန်မလေးပါလို့ အမိန့်ရှိတယ်။ အရှင်ဘုရား အကယ်၍ ဝန်မလေးက ဆင်တကောင်ကို ဖန်ဆင်းတော်မူပါဟု လျှောက်ထားတယ်။ မဟာနာဂမထေရ်ကြီးသည် တကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်ကြီးကို ဖန်ဆင်းလေ၏။ အရှင်ဘုရား ယခုအခါ ဤဆင်ဖြူတော်ကြီးသည် မတုန်လှုပ်သော နားရွက်ဖြန့်ထားသော အမြီးနှင့် ခံတွင်းတွင် နှာမောင်းကို စိုက်လျက် ကြောက်မက်ဖွယ် ကြိုးကြာသံကဲ့သို့သော အသံကိုပြုကာ အရှင်ဘုရားထံသို့ ရှေးရှုပြေးလာပုံ ဖန်ဆင်းတော်မူပါဘုရားလို့ လျှောက်ထားတယ်။ မဟာနာဂမထေရ်ကြီးသည် လျှောက်ထားပုံအတိုင်း ဖန်ဆင်းတော်မူ၍ အဟုန်

ဖြင့် ပြေးလာသော ဆင်၏ ကြောက်မက်ဖွယ်သော အခြင်းအရာကို တွေ့မြင်ရသော် ထ၍ပြေးခြင်းငှါ အားထုတ်တယ်။ ထိုအခါ ရှင်ဓမ္မဒိန္နမထေရ်သည် လက်ကိုဆန့်ကာ သင်္ဘန်းနားတို့ကို ဆွဲလျက် အရှင်ဘုရား ခီဏာသဝကုန်ပြီးသော အာသဝေါရှိသော ရဟန္တာပုဂ္ဂိုလ်အား ကြောက်ရွံ့ခြင်းမည်သည် ရှိပါသေးသလော့လို့ မဟာနာဂမထေရ်ကြီးအား လျှောက်ကြားတယ်။ ထိုအခါကာလ မဟာနာဂမထေရ်သည် မိမိ၏ ပုထုဇဉ်အဖြစ်ကို သိခဲ့သော် ငါ့ရှင်ဓမ္မဒိန္နသင်ကား ငါ၏ မှီခိုရာ အားထားရာ ပြုလုပ်ပါဆို၍ ခြေရင်းတွင် ဆောင့်ကြောင့်ထိုင်ကာ နေတယ်။ အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ မှီခိုအားထားရာ ဖြစ်အံ့ဟူ၍သာ လာခဲ့ပါသည်၊ ကြောင့်ကြတော်မမူပါလင့်ဟု လျှောက်ထားကာ ကမ္မဋ္ဌာန်းတရား ဟောကြားတော့တယ်။ မဟာနာဂမထေရ်ကြီးသည် ကမ္မဋ္ဌာန်းကို ယူ၍ စင်္ကြံကြွလေသော် တတိယခြေလှမ်းတွင် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်သွားသည်။ ဤသို့သဘောရှိသော ရဟန်းတို့သည် သြဘာသ အရောင်အလင်းကြောင့် တုန်လှုပ်ချောက်ချားကြပါတယ်။ ထိုသို့ ဝိပဿနာ ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် သြဘာသ အရောင်အလင်းကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ သမထဝိပဿနာ နှစ်ဖြာ၏အစွမ်းဖြင့် ခွါအပ်ပြီးသော ကိလေသာရှိသောကြောင့် အမြဲလွန်စွာ အားထုတ်တော်မူကြသော မဟာဒတ္တကိုယ်တော်ကြီးနှင့် စူဠသုမနကိုယ်တော်ကြီး နှစ်ပါးတို့လဲ တုန်လှုပ် ချောက်ချားကြပါသေးတယ်။ ၎င်းကိုယ်တော်ကြီး နှစ်ပါးတို့ဝတ္ထုကို မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ် နံပါတ်(၁၇၃)တွင် ကြည့်လေ။ သြဘာသစိတ္တပစ္စယဥတုဇ အရောင်အလင်းနှင့်စပ်၍ ဆိုင်ရာဥပက္ကိလေသတရားတို့ကို ယောဂီတို့ စိတ်နှလုံးကောင်းစွာ ထား၍ ပွါးများနိုင်ကြရန်အလို့ငှါ ရေးထည့်မည်။

သဗ္ဗညုမြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါ နန္ဒိယ ကိမိလ ရဟန်းသူတော်ကောင်း သုံးပါးတို့ တရားအားထုတ်၍နေရာ ပါစီနဝံသဒါယပါလကလောဏကာရရွာ၏ အရှေ့ဝါးတောသို့ ကြွသွားတော်မူတယ်။ သဗ္ဗညုမြတ်စွာဘုရားသည် ရောက်သောကာလ ချစ်သားအနုရုဒ္ဓါ နန္ဒိယ ကိမိလတို့ကိုယ်နှင့်အသက်မငဲ့ကွက်ပဲ နိဗ္ဗာန်သို့စေလွှတ်ကာ တရားအားထုတ်လျက်နေသော သင်တို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်

လွန်မြတ်သော စျာန်မဂ်ဖိုလ်တရားရကြရဲ့လားလို့ မိန့်တော်မူတယ်။ အရှင် သူမြတ်ဘုရား ဤတောဤတောင်တွင် တရားအားထုတ်လျက်နေကြသော တပည့်တော်များသည် ပရိကမ်သမာဓိကြောင့် ပေါ်လာတဲ့ ဩဘာသ အရောင်အလင်းကို ကောင်းစွာတွေ့သိကြရပါတယ်။ ဒိဗ္ဗစက္ခုဉာဏ်မျက်ရှု ဖြင့် အဆင်းများကိုလဲ တွေ့သိကြရပါတယ်။ တပည့်တော် တွေ့သိရတဲ့ အရောင်အလင်း အဆင်းများ မကြာမကြာ ကွယ်ပျောက် သွားခြင်း၏ အကြောင်းကိုလည်း မသိကြပါကုန်ဘုရားလို့ လျှောက်ထားကြတယ်။ ချစ်သားအနုရုဒ္ဓါတို့ သင်တို့ကား ကွယ်ပျောက်သွားခြင်း၏ အကြောင်းကို သိသင့်တယ်။ သင်တို့သာမဟုတ် ငါဘုရားလဲပဲ ဘုရားလောင်းဘဝ တရား အားထုတ်စဉ် ဆဲ့တမျိုးသော ဥပက္ကိလေသတရားတို့ အနှိပ်စက်ခံရဘူးတယ် လို့ မိန့်ကြားတယ်။ ဆဲ့တမျိုးသော ဥပက္ကိလေသတရားတို့ကား အရောင် အလင်း ပျောက်ကွယ်ခြင်း အကြောင်းကိုရှာသော် ငါဘုရားအား အထူး ထူးသော အာရုံတွင် ယုံမှားတဲ့သဘော မဆုံးဖြတ်နိုင်တဲ့ အခြင်းအရာ ဝိစိကိစ္ဆာ ဖြစ်ပေါ်ကာလာတယ်။ ယုံမှားခြင်းကြောင့် ငါ၏သမာဓိလဲ ရွေ့လျှောကာ သွားတယ်။ သမာဓိ ရွေ့လျှောခဲ့သော် အရောင်အလင်းနှင့် အဆင်းများလဲ ကွယ်ပျောက်ကာ သွား၏။ ငါသည် တဖန်ယုံမှားခြင်း ဝိစိကိစ္ဆာ မဖြစ်နိုင်အောင် အားထုတ်ခဲ့သော် ဩဘာသ အရောင်အလင်း နှင့် အဆင်းများကိုလဲ တွေ့ရပြန်တယ်၊ ထို့အတူ တဖန် အရောင်အလင်း ပျောက်ကွယ်၍ သွားပြန်တယ်။ ပျောက်ကွယ်ခြင်းရဲ့ အကြောင်းကို ရှာသော် ငါဘုရားအား ကမ္မဋ္ဌာန်းအာရုံကို နှလုံးမသွင်းမိခြင်း အမနသိ-ကာရ ဖြစ်ပေါ်လာတယ်။ နှလုံးမသွင်းမိခြင်းကြောင့် ငါ၏ သမာဓိလဲ လျှောကျသွားတယ်။ သမာဓိ လျှောကျခဲ့သော် အရောင်အလင်းနှင့် အဆင်းများလဲ ပျောက်ကာသွားပါတယ်။ တဖန် ငါဘုရားသည် ယုံမှား ခြင်း ဝိစိကိစ္ဆာနှင့် နှလုံးမသွင်းမိခြင်း အမနသိကာရ မဖြစ်နိုင်အောင် အားထုတ်အံ့လို့ အားထုတ်ခဲ့သော် အရောင်အလင်းနှင့် အဆင်းများကိုလဲ တွေ့သိရပြန်တယ်။ နောက် ဥပက္ကိလေသတရားများ ဖြစ်ပေါ်လာပုံ အားထုတ်ပုံကို ဤနည်းအတိုင်း သိပါလေ။ ထို့နောင် တရားအားထုတ်စဉ် အားမထုတ်ချင်တဲ့သဘော ဆုတ်နစ်တဲ့အခြင်းအရာ ထိနနှင့် ငိုက်ချင်တဲ့ သဘော တွန့်တိုတဲ့ အခြင်းအရာ မိဒ္ဓ ဖြစ်ပေါ်ကာ လာပါတယ်။ ပျင်းရိ ခြင်း ငိုက်မျဉ်းခြင်း ဖြစ်ကာနေတယ် လို့ ဆိုလိုသည်။ ထိုနောင် ဟိမဝန္တာ

တောသို့ ရှေးရှုအရောင်အလင်းကို ပွါးစေသော် ဒါနောဘီလူး ရက္ခိုဿ်ဘီလူးမျှားကို တွေ့မြင်သောအခါ ကိုယ်ခက်ထရော်ရှိခြင်း ဒုနည်းငယ်ကြောက်ရွံ့ခြင်း ဆမ္ဘီတတ္တ ဖြစ်ပေါ်ကာလာတယ်။ ထို့နောင် ပြင်းစွာကြောက်ရွံ့ခြင်း ဥပ္ပိလဖြစ်ပေါ်လာတယ်။ ရှေ့အိုးတလုံးကို ရှာဖွေသောယောကျ်ားအား ငါးလုံးတပြိုင်နက် တွေ့မြင်သောအခါ ကြီးစွာကြောက်ရွံ့ခြင်း ဖြစ်သကဲ့သို့ မှတ်ရာသည်။ ထို့နောင် တဖန် လုံ့လဝီရိယကို လွန်စွာအားထုတ်ခြင်းကြောင့် ပြင်းစွာကြောက်ရွံ့ခြင်း ဥပ္ပိလဖြစ်ပေါ်ကာလာတယ်။ လုံ့လကို လျှော့ချသော် ကောင်းအုံလို အောက်မေ့၍ ဝီရိယကို လျှော့ချတဲ့အခါ ကိုယ်ကြမ်းတမ်းစွာ ပျင်းရိ၍လာတဲ့ ဒုဋ္ဌုလ္လ ဖြစ်ပေါ်ကာလာတယ်။ အောက်မေ့၍ တဖန်လုံ့လကို အားထုတ်သောပုဂ္ဂိုလ်အား လွန်စွာအားထုတ်တဲ့ ဝီရိယ ဖြစ်ပေါ်လာပါတယ်။ ဥပမာ—ယောကျ်းတယောက်သည် လက်နှစ်ဖက်တို့ဖြင့် ငုံးကို ကြပ်ကြပ်တဲ့တဲ့ ဆုပ်ကိုင်ထားရာတွင် ငုံးသည် လက်တွင်းမှာပင် သေရသကဲ့သို့ ထို့အတူ လွန်စွာအားထုတ်ခြင်းကြောင့်လဲ သမာဓိရွှေလျှောကာ သွားတတ်ပါတယ်။ ထို့နောင် လုံ့လဝီရိယကို လွန်စွာအားထုတ်သော ငါ့အား ဤသို့ တုန်လှုပ်ခြင်းဖြစ်ခဲ့တယ် အောက်မေ့၍ တဖန် လုံ့လဝီရိယကို လျှော့ချလိုက်သောအခါ အလွန်တန့်တိုသော ဝီရိယ ဖြစ်ပေါ်လာတယ်။ ဥပမာ—ယောကျ်းတယောက်သည် ငုံးကို လျှော့၍ ဖမ်း၍ထားရာတွင် ငုံးသည် လက်အတွင်းမှ ပုံသွားသကဲ့သို့ ထို့အတူ လုံ့လဝီရိယ လျှော့ခြင်းကြောင့်လဲ သမာဓိရွှေလျှောကာ သွားတတ်ပါသည်။ ထို့နောင် နတ်ပြည်သို့ ရှေးရှု အရောင်အလင်းကို တိုးပွါးစေသော် နတ်အပေါင်းတို့ကို မြင်တွေ့ရသောအခါ၊ မက်မောလိုချင်တဲ့တဏှာ ဖြစ်ပေါ်ကာလာတယ်။ တဏှာဖြစ်ခြင်းကြောင့်လဲ သမာဓိရွှေလျှောကာ သွားတတ်တယ်။ ထို့နောင် နတ်ပြည် ရံခါလူပြည် ရံခါ လူပြည်သို့ ရှေးရှု အရောင်အလင်းကို တိုးပွါးစေသော် အမျိုးမျိုးအဖုံဖုံသော အဆင်းတို့ကို နှလုံးသွင်း တွေ့ရသောအခါ နာနတ္တာသည်ာ ဖြစ်ပေါ်လာပါတယ်။ နာနတ္တာသည်ာ ဖြစ်ပေါ်လာခြင်းကြောင့်လဲ သမာဓိရွှေလျှောသွားတတ်ပါတယ်။ ထို့နောင် အမျိုးမျိုးသော အဆင်းတို့ကို နှလုံးသွင်းသော ငါ့အား နာနတ္တာသည်ာ ဖြစ်ပေါ်လာတယ် အောက်မေ့၍ တမျိုးတဖုံသော အဆင်းအာရုံကို နှလုံးသွင်းအုံလို နှလုံးသွင်းသောအခါ အလွန်ရှေးရှု ကြံစိအပ် တွေးတောအပ်တဲ့ အတိုနိဇ္ဈာယိတတ္တာ

အဆင်း ဖြစ်ပေါ်ခြင်းကြောင့်လည်း သမာဓိ လျှော့သွားတတ်ပါတယ်။ ချစ်သား အနုရုဒ္ဓါတို့ ငါဘုရားသည် ဝိစိကိစ္ဆာ, အမနသိကာရ, ထိန, မိဒ္ဓ, ဆမ္ဘိတတ္တ, ဥပ္ပိလ, ဒုဋ္ဌုလ္လ, အစ္စာရဒ္ဓဝိရိယ, အတိလီနဝိရိယ, အဘိဇပ္ပါ-နာနတ္တသညာ, အတိနိဗ္ဗာယိတတ္တ ဤတဆဲ့တပါးသော တရားတို့ကို စိတ်ညစ်နှမ်းကြောင်း စိတ်မှေးမှိန် သေးသိမ်ကြောင်း ဥပက္ကိလေသပဲလို့ သိခဲ့သော် ပယ်စွန့်ကာ တရားအားထုတ်ခဲ့ဘူးသည်ကွယ်တို့လို့ မိန့်တော် မူသည်။

ထို့ကြောင့် တရားအားထုတ်ကြရာတွင် လောကီဝိဇ္ဇာအင်္ဂါယသမားတို့ မီးနေမီးထားမကျမ်းကျင်၍ ဝိဇ္ဇာမထိုရ်နိုင်သကဲ့သို့ ထို့အတူ အရိယာဝိဇ္ဇာ ဝိပဿနာသမားတို့လဲ စိတ်နေစိတ်ထား မလိမ္မာမကျမ်းကျင်ကြ၍ မင်္ဂါလ် နိဗ္ဗာန်ရသူနည်းပါးလေသည်။ ယုံကြည်တဲ့သဒ္ဓါတရားနှင့် အသိဉာဏ်ပညာ ကို ညီမျှစေရပါတယ်။ သဒ္ဓါလွန်တော့ တဏှာဖြစ်တဲ့အဖြစ် ရောက်တတ် သည်၊ ပညာလွန်တော့လဲ ကောက်ကျစ်စဉ်းလဲတတ်သောအဖို့သို့ ပြေးဝင် တတ်သည်။ လုံ့လဝိရိယနှင့် တည်ကြည်တဲ့သမာဓိကို ညီမျှစေရတယ်၊ ဝီရိယလွန်တော့ ဥဒ္ဓစ္စဖြစ်သည်၊ မငြိမ်မသက် တုန်လှုပ်လျက် ပျံ့လွင့်ကာ နေသည်ဆိုလိုသည်။ သမာဓိလွန်တော့ ထိနမိဒ္ဓဖြစ်သည်၊ ပျင်းရိခြင်း ငိုက်မျဉ်းခြင်းဖြစ်ကာ နေသည်ဆိုလိုသည်။ ထို့ကြောင့် မလျော့မတင်း စောင်းကြိုးညှဉ်းဘိသကဲ့သို့ ဝီရိယနှင့် သမာဓိကိုမျှစေလျက် အားထုတ်ကာ သွားပါလို့တိုက်တွန်းပါတယ်။

မဖော်ပြရသေးတဲ့ ဝိပဿနာညစ်နှမ်းကြောင်း ဥပက္ကိလေသတရားတို့ကို ဖော်ပြမည်၊ ရုပ်နာမ်နှစ်ပါးတရားတို့၏ အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ ဝယကို ဤသို့ဤပုံလဲ အသစ်ပေါ်လာတယ် ဤသို့ ဤပုံလဲ ပျောက်ကွယ်သေဆုံးတယ်လို့ ဥဒယဝယကို သိသော ဥဒယဗ္ဗယ ဉာဏ်အပြီးအဆုံးသို့ ရောက်သောယောဂီအား အလွန်လျင်မြန် ထက်မြက် စူးရှ သန့်ရှင်းစင်ကြယ်လှသော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပါတယ်။ သီကြားမင်းသည် ပစ်လွှတ်အပ်သော ဝဇီရ စိန်သွားမိုးကြိုးလက်နက်များ သည် အဆီးအတားမရှိ စူးရှဖောက်ထွင်းကာ သွားသည်နှင့်တူသည်ဆိုလို သည်။ ဒက်ဒက်နှင့် နာရီစက်သံစသည်များကို စူးစိုက်၍နားထောင်သည့် အခါ အာရုံတပါးသို့ ပျံ့လွင့်ကာမသွားပဲ နားထောင်လို့ကောင်းသကဲ့သို့

အလှူန်လျင်မြန်တဲ့ အဖြစ်အပျက်များ အမှိုလိုက်လျက် အသိကောင်းကာ နေတဲ့အခါ ဝိပဿနာဉာဏ်ကိုပင် မဂ်ဖိုလ်ပဲလို့ စွဲယူကာသွားတတ်ပါတယ်။ ထိုသို့ ဝိပဿနာဉာဏ် ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိပဿနာဉာဏ်ကိုပင် ဥပက္ကိလေသတပါးလို့ ဆိုရပေသည်။ ဉာဏ်လျှင်အာရုံရှိသော သိမ်မွေ့လှစ္စာသော ဥဒ္ဓစ္စသဟဂုတ် မောဟမူလောဘမူ စိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်ပဲလို့ အထင်မှားကာ တုန်လှုပ်၍သွားတတ်သည်။ မာလိန်တိုင် ဖျားတွင် နားလာသော ဝင်းဝင်းလုံးလုံး ပင်လယ်စုံးကို စုံးမှန်းမသိသော ကြောင့် ဝမ်းမြောက်သာယာမိသော သဘော်သား ပြုန်းတီးပျက်ပြားသကဲ့သို့ ဝိပဿနာလမ်းမှား၍ သွားတတ်သည်ဆိုလိုသည်။ ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ အဖြစ်အပျက်တို့ကို ရှုကြည့်ပွါးများ၍ လွန်စွာအချိုးကျ ကောင်းမွန်လှသော ဝိပဿကဃောဂိအား ဝိပဿနာဉာဏ်နှင့်ယှဉ်တဲ့လျက် နှစ်သက်ဝမ်းမြောက်တဲ့သဘော ကိုယ်စိတ်နှစ်ပါးကို တိုးတက်ကြီးပွါးစေနိုင်တဲ့ ပီတိဖြစ်ပေါ်လာတတ်ပါတယ်။ ထိုပီတိသည် ကျောအပြင်မှစ၍ တကိုယ်လုံးတွင် ဘာများဖြစ်သလဲလို့ ကြည့်ရှုရလောက်အောင် ဖြန်းဖြန်းဖြန်းဖြန်းနှင့် ကြက်သီးမွေးညှင်းများထအောင် ခုဒ္ဒကာပီတိမျိုးအနေနှင့် ပေါ်လာကာ ပျောက်ကွယ်၍ သွားတတ်တယ်။ ထို့ထက်အလွန် အားကောင်းအားရှိခဲ့သော် ခဏခဏ လျှပ်စစ်ရောင်ဖြစ်ပျက်လျက်နေသည်ကို တွေ့ရဘိသကဲ့သို့ ၎င်း ဖွင့်တုံပိတ်တုံပြုလုပ်လျက်ရှိသော ဓာတ်မီးလုံးရဲ့ အဆင်းကို တွေ့ရဘိသကဲ့သို့၎င်း တကိုယ်လုံးတွင် ခဏခဏရိုးရိုးရှရှကြွလျက်နှင့် နှစ်သိမ့်ဝမ်းမြောက်လာအောင် ခဏိကာပီတိမျိုးအနေနဲ့ ပေါ်လာကာပျောက်ကွယ်၍ သွားတတ်သည်၊ ထို့ထက် အလွန်အားရှိအားကောင်းခဲ့သော် လှိုင်းအဟုန်သည် သမုဒ္ဒရာကမ်းသို့ တက်လာကာ တက်လာကာ လျှောကျ၍ ပျောက်ကွယ်ကာသွားသကဲ့သို့၎င်း ငှက်ဖျားတက်၍ကျကာ သွားသကဲ့သို့ ၎င်း တကိုယ်လုံးကို တက်၍ တက်၍ ကျကာသွားသော ဩက္ကန္တိကာပီတိမျိုးအနေနဲ့ ပေါ်လာကာ ပျောက်ကွယ်၍သွားတတ်သည်။ ထို့ထက်အလွန် အားရှိ အားကောင်းခဲ့သော် ကိုယ်ကိုအထက်သို့ ပုံတက်စေလျက် ကောင်းကင်တွင် လေယာဉ်ပုံကဲ့သို့ ပုံသွားစေနိုင်တဲ့ ဥဇ္ဇဂါပီတိမျိုး ဖြစ်ပေါ်လာကာ ပျောက်ကွယ်၍ ပျောက်ကွယ်၍ သွားတတ်သည်။ သီဟိုဠ်ကျန်းတွင် ပုဏ္ဏဝလ္လိကဝါသီ မဟာတိဿမထေရ်သည် ဘုရားလျှင် အာရုံရှိသော ပီတိအဟုန်ကြောင့် ကောင်းကင်တွင် ပုံတက်ကာ မဟာစေတီပြင်မှာ တည်ဘူးသည်။

ဂိရိကဏ္ဍကကျောင်း၏ဆွမ်းခံရွာ ဝတ္တဂါလကရွာတွင် အမျိုးသမီးတဦး သည်လည်း ဘုရားလျှင်အာရုံရှိသော ဥဇ္ဇဂါပိတိအဟုန်ကြောင့် ရပ်လျက် ထိုင်လျက်နေသည်ကိုမျှ မသိတော့ပဲ တွေ့သော ဘုရားအာရုံဖြင့်သာ ကောင်းကင်သို့ပျံတက်၍ စေတီယင်ပြင်မှာတည်ဘူးသည်။ ယခုခေတ်တွင် ဝိပဿနာအားထုတ်စဉ် ဝိပဿကယောဂီတို့ တလံခန့်အထက်သို့တက်သွား တယ်လို့ ထင်ရခြင်း ကြမ်းနှင့်တင်ပါး တလံခန့်ကွာအောင် အထက်သို့တက် နေခြင်းတို့ကိုတွေ့ရသော် ဥဇ္ဇဂါပိတိအဟုန်ကြောင့်သာ တက်နိုင်သည်လို့ မှတ်ရာ၏။ ထို့ထက်အလွန် အားကောင်းအားရှိခဲ့သော် လေတို့ဖြင့်ပြည့် သော လေခေါင်းအုံးကဲ့သို့ရင်း ရေတို့ဖြင့်ပြည့်လျှံနေသော မိတ္ထိလာ ရေကန်ကြီးကဲ့သို့ရင်း တကိုယ်လုံးပြည့်လျှမ်း ဆီထိသောဝါဂွမ်းပမာ နှံ့ဖြာ သော ဖရဏာပီတိဖြစ်ပေါ်ကာ ပျောက်ကွယ်၍ သွားတတ်လေသည်။ အဖြစ်အပျက်ကို အဖန်ဖန်ပွါးများ ဝိပဿနာလမ်းစဉ်များတွင် အစဉ် အတိုင်းငါးမျိုးသော ပီတိတို့ဖြစ်ပေါ်ကာလာတတ်သည်။ အထွဋ်အထိပ်သို့ ရောက်သော ဥဒယဗ္ဗယဉာဏ်နှင့်တော့ ဖရဏာပီတိပေါ်လာနိုင်တယ်လို့ မဟာဋီကာမှာဆိုသည်။ ပီတိရဲစွမ်းရည်သတ္တိအဟုန်ကြောင့် ကိုယ်အထက် သို့ပျံတက်သွားခြင်း မျက်ရည်ယိုငိုကြွေးတတ်ခြင်း တခါတခါမေ့၍နေဘိ သကဲ့သို့ နှစ်နှစ်သိမ့်သိမ့်တစိမ့်စိမ့်ဖြစ်ကာ လစ်၍နေခြင်းများ ဖြစ်တတ် လေသည်။ နှစ်သိမ့်ဝမ်းမြောက်ရတဲ့ ပီတိအမျိုးမျိုးကိုပင် မဂ်ပဲဖိုလ်ပဲလို့ စွဲယူကာ တုန်လှုပ်၍ သွားတတ်သည်။ ထိုသို့ဝိပဿနာညစ်နွှမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ပီတိကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ အဖြစ်အပျက်ကို ရှုကြည့်ပွါးများခိုက် သိခိုက် အားရနှစ်သိမ့်တစိမ့်စိမ့် ဝမ်းမြောက်တဲ့ ပီတိ အားရှိအားကြီးခဲ့သော် တုန်လှုပ် ပူပန်ခြင်းမှ ကင်းသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းဒေးကာသွားတဲ့ဖက်သို့ ကူးကာ သွားတော့သည်။ ထို့ကြောင့် ဝိပဿနာနှင့်ယှဉ်တဲ့ ပဿဒ္ဓိတရားဖြစ်ပေါ် ကာလာ၏။ ထိုအခါ ညဉ့်သန့်ရာအရပ်များတွင် ဝိပဿနာပွါးလျက် နေထိုင်သော ယောဂီ၏ကိုယ်စိတ်တို့မှာ ဥဒ္ဓစ္စသော ကိလေသာတို့မှ ကင်းသောကြောင့် တုန်လှုပ် ပူပန်ခြင်း မရှိသဖြင့် ငြိမ်းအေးကာနေ၏။ ထိနမိဒ္ဓသော ဆန့်ကျင်ဖက်ကိလေသာတို့မှ ကင်းသောကြောင့် ပျင်းရိ ငိုက်မျဉ်းခြင်း လေးလံထိုင်းမှိုင်းခြင်းမရှိသဖြင့် ပေါ့ပါးသွက်လက်ကာနေ၏။ ဒိဋ္ဌိမာနစသော ဆန့်ကျင်ဖက် ကိလေသာတို့မှ ကင်းသောကြောင့်

ကြမ်းတမ်းခြင်းမရှိသဖြင့် နူးညံ့ပျော့ပြောင်းကာနေ၏။ ကြင်းသောဆန့်ကျင်ဖက်နိဝရဏတရားတို့မှ ကင်းသောကြောင့် ဝိပဿနာအားထုတ်ရန် မခဲ့သောအဖြစ် မကောင်းသောအဖြစ်မရှိသဖြင့် ဝိပဿနာအားထုတ်လို့ လွန်စွာကောင်းကာ နေ၏။ ကြည်ညိုဖွယ်ဝတ္ထုများကို ကြည်ညိုနိုင်တယ်။ အကျိုးစီးပွါးဆောင်ရွက်ရာတွင် အမြဲဆောင်ရွက်နိုင်တယ်။ လှော်ပြီးဦးပြီးသဖြင့် ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်သောရွှေသည် လိုရာတန်းဆာပြုလုပ်ခြင်းငှါ ကောင်းသကဲ့သို့ ဝိပဿနာအားထုတ်လို့ လွန်စွာကောင်း၍ နေတော့သည်။ အသဒ္ဓိယစသော ဆန့်ကျင်ဖက်ကိလေသာတို့မှကင်းဖောကြောင့် ကိုယ်စိတ်နှစ်ဖြာကျင်နာခြင်းမရှိသဖြင့် အလွန်သန့်ရှင်းစင်ကြယ်စွာ ကောင်းသည်ထက်ကောင်းကာနေ၏။ မာယာသာဌေယျ စသော ဆန့်ကျင်ဖက်ကိလေသာတို့မှ ကင်းသောကြောင့် ကောက်ကျစ်ခြင်းမရှိသဖြင့် လွန်စွာဖြောင့်မတ်ကာနေ၏။ ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုကြည့်ရှုပွါးများ၍ နေစဉ် ယောဂီ၏ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးနူးညံ့စွာ ပေါ့ပါးကာလာ၍ ဝိပဿနာအားထုတ်မှုတွင် ခန့်ငြားသန့်ရှင်းစင်ကြယ်စွာ ဖြောင့်မတ်၍ လာတဲ့အခါ ဘုရားအလောင်းများမှာတော့ ညောင်းညာကိုက်ခဲခြင်းမရှိပဲ တနေ့လုံးသော်ငင်း တညဉ့်လုံးသော်ငင်း ကမ္မဋ္ဌာန်းထိုင်၍ နေတော်မူနိုင်၏၊ ယခုအခါ ယောဂီများမှာတော့ တနာရီနှစ်နာရီညောင်းညာကိုက်ခဲခြင်းမရှိပဲ နေနိုင်ကြ၏။ ဝိပဿကယောဂီပုဂ္ဂိုလ်သည် အလွန်လျင်မြန်သိမ်မွေ့လှတဲ့ အဖြစ်အပျက်များကို ရှုကြည့်ပွါးများ၍ နေတဲ့အခါ တဲ့ဖက်ပဿဒ္ဓိစသောတရားခြောက်ပါးတို့ ခြီးမြှောက်အပ်သော ကိုယ်စိတ်ရှိသော် လူစည်းစိမ်လူချမ်းသာ နတ်စည်းစိမ်နတ်ချမ်းသာကို လွန်ကာသွားသောကြောင့် သာမန်လူစားတို့ မခံစားရတဲ့ အမာနုသိမည်သော ဓမ္မရတိ ဓမ္မရသာကို ခံစားရတော့သည်။

ဓာတ်ကမ္မဋ္ဌာန်းစီးဖြန်းပွါးများ၍ ဓာတ်ပေါက်တဲ့ ကိုရင်ကလေးတပါးက ထင်မြင်လာတဲ့ ဓာတ်သဘောကို ကြည့်ရှု၍နေရခြင်းသည် ဘယ်အရသာနှင့်မျှမတူလို့ လျှောက်ထားဘူး၏။ ဟုတ်ပေရာ၏၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်တော်မူ၍—

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ယခုတာ ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။
ပါမောဇ္ဇဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။ (ဓမ္မပဒပါဠိတော်)

သုညာဂါရံ၊ လူသူမနှော စိတ်ငြိမ်သောတောကျောင်းသို့ (ဝါ) နိစ္စ အဖြစ် စသည်မှ ဆိတ်သောကြောင့်ဂုဏ်း သုခဟူသောမှီရာရှိသောကြောင့် ဂုဏ်း သုညာဂါရအမည်ရသော ဝိပဿနာသို့။ ပဝိဋ္ဌဿ၊ ဝင်ကာနေသော။ သမ္မာ၊ အသင့်အာဒေါ်ဖြင့်။ ဓမ္မံ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို။ ဝိပဿတော၊ အဖြစ်အပျက်ကိုရှုလျက်။ သန္တစိတ္တဿ၊ မလှုပ်မရွက်ငြိမ်သက်သော စိတ်ရှိသော။ ဘိက္ခုနော၊ သံသရာကို ဘေးဟုရှုလေ့ရှိသော ယောဂီအား။ အမာနုသီ၊ ဝိပဿနာကိုအားမထုတ်တဲ့ လူတို့၏အရာမဟုတ်သောကြောင့် သာမန်လူစားတို့မခံစားရသော။ ရတိ၊ ဝိပဿနာနှင့်ယှဉ်တဲ့လျက် ပီတိသုခဟုဆိုအပ်သော မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယတော ယတော၊ အကြင်အကြင်အခါကာလ၌။ ခန္ဓာနံ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ ဆုံးဖြတ်ပိုင်းခြားပွါးများ၏။ တတော တတော၊ ထိုထိုအခါ ကာလ၌။ အမတံ၊ စုတိပျက်ကြေသေရခြင်းမရှိသောနိဗ္ဗာန်ကို။ ဝိဇာနတံ၊ အာရုံပြုသောအားဖြင့် သိကုန်သောပညာရှိတို့အား။ ယံ ပီတိပါမောဇ္ဇံ၊ အကြင်နှစ်သက်ဝမ်းမြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ပီတိပါမောဇ္ဇံ၊ ထိုနှစ်သက်ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ ပါမောဇ္ဇဗဟုလော။ များသောဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ ဗုဒ္ဓသာသနေ၊ အံ့ဖွယ်ရှစ်ဖြာ မြတ်စွာဘုရား သာသနာတော်တွင်။ ပသန္နော၊ ကြည်ညိုသော။ ဘိက္ခု၊ ရဟန်းသည်။ သန္တံ၊ ငြိမ်းအေးသော။ သင်္ခါရူပသမံ၊ သင်္ခါရတရားတို့၏ ငြိမ်းအေးရာဖြစ်သော။ သုခံ၊ ကောင်းမြတ်လှသော။ ပဒံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို။ အဓိဂစ္ဆေ၊ ရရာသတည်း။

ဤပုံ ဝိပဿကယောဂီအား အမာနုသီမည်သော ဓမ္မရတိ ဓမ္မရသာကို ခံစားလျက် လဟုတာ မုဒုတာစသော တရားတို့နှင့် ယှဉ်တဲ့ကာ ပဿဒ္ဓိတရား ဖြစ်ပေါ်လာပါတယ်။ ကိုယ်စိတ်နှစ်ပါးတွင် ကာယဖြင့် ရုပကာယနာမကာယ နှစ်ပါးလုံးယူလို့ မဟာဋီကာတွင် ဆိုသည်။ မလှုပ်မယှက်

ငြိမ်သက်လှတဲ့ ပဿဒ္ဓိတရားမျိုးကိုပင် မဂ်ဖိုလ်ပဲလို့ စဲယူကာ တုန်လှုပ်တတ်၏။ ထိုသို့ ဝိပဿနာ ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ပဿဒ္ဓိကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ ထိုသို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေး ပေါ့ပါး ခန့်ညားနူးညံ့စွာ သန့်ရှင်းစင်ကြယ်၍ ဖြောင့်မတ်ခြင်း မျှားခဲ့သော် ဝိပဿနာစိတ်နှင့်ယှဉ်တဲ့ သမ္မယုတ်တရားတို့ကို တိုးပွါး စည်ကားစေနိုင်သော စိတ်နှလုံး ချမ်းမြေ့အေးချမ်းတဲ့ စေတသိကသုခ ဖက်သို့ ကူးသွားတော့သည်။ ဝိပဿနာနှင့်ယှဉ်တဲ့ သုခဖြစ်ပေါ်လာ၏။ ထိုသို့ အလွန်လျင်မြန်တဲ့ အဖြစ်အပျက်များကို ရှုကြည့်ပွါးများ၍နေစဉ် ဝိပဿနာသုခသည် ဖြစ်စေအပ်သော အလွန်မွန်မြတ်တဲ့ ရုပ်တို့ဖြင့် တကိုယ်လုံး ထက်ဝန်းကျင်မှဖြာ၍ ပို့နှံ့ကာ တိုးပွါး၍တည်သောကြောင့် တကိုယ်လုံး စမ်းရေများ စိမ့်ဘိသကဲ့သို့ စိုစွတ်လျက် အလွန်မွန်မြတ်တဲ့ ချမ်းသာ ဖြစ်ပေါ်ကာ လာတတ်ပါတယ်။ ဤပုံ ဖြစ်ပေါ်လာတဲ့ စေတသိကသုခကိုပင် မဂ်ဖိုလ်ပဲဟု စဲယူကာ နေတတ်ကြ၏။ အကြောင်း ဖြစ်ပေါ်ကာလာသောကြောင့် ဝိပဿနာသုခကိုပင် ဥပက္ကိလေသဟု ဆိုရပေသည်။ ထိုသို့ အလွန်လျင်မြန်တဲ့ အဖြစ်အပျက်များကို ရှုကြည့်ပွါးများ၍ နေစဉ် ယောဂီအား ကိလေသာတည်းဟူသော ရုံးညွှန်အညစ်အကြေးမှကင်းသောကြောင့် စိတ် စေတသိက်တို့ကို လွှန်စွာကြည်လင်စေတတ်သော ဝိပဿနာနှင့်ယှဉ်တဲ့ ယုံကြည်ခြင်းသဒ္ဓါတရား အားကြီးစွာ ဖြစ်ပေါ်လာတတ်ပါတယ်။ သဒ္ဓါတရားဆိုသော်လည်း ပဿာဒါဓိမောက္ခကို ဆိုလိုသည်။ ဝိပဿနာအားထုတ်စဉ် ပဿာဒါဓိမောက္ခဖြစ်ခိုက်ကြုံလျှင် ကိုယ်စိတ်နှစ်ဖြာ အလွန်ကြည်လင်စွာ ဖြစ်၍နေ၏။ ကံ ကံ၏အကျိုးနှင့် ရတနာသုံးပါးဂုဏ်ကျေးဇူးများကို တိုး၍ ကြည်ညိုလာတတ်ကြကုန်၏။ ထိုသို့ ဝိပဿနာညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် အဓိမောက္ခကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။

ထိုသို့ အလွန်လျင်မြန်တဲ့ အဖြစ်အပျက်များကို ရှုကြည့်ပွါးများ၍ နေစဉ် ယောဂီအား ရှေးကာလတွင် အားထုတ်ခဲ့သော ဘဝနာ၏ စွမ်းရည် သတ္တိကြောင့် လွှန်စွာလည်း ကြောင့်ကြစိုက်၍ အားမထုတ်၊ လုံ့လဝီရိယ လျှော့ချ၍လဲမထား၊ မတင်းမလျှော့ စောင်းကြိုးကို ညှိသကဲ့သို့ ဇင်း အလွန်ညီမျှ၍ ကောင်းစွာ ချီးမြှောက်အပ်သော ဝိပဿနာနှင့်

ယှဉ်တဲ့ ဝီရိယဖြစ်ပေါ်လာပါတယ်။ အလွန်အချိုးကျသော ဝီရိယဖြစ်၍ နေသောအခါ အာရုံ အာရမ္မဏိက အဖြစ်အပျက်နှင့် အသိဉာဏ်တို့ ထပ်မံ ဟပ်မိလျက်သာ နေသည်ဟု ထင်ရပေ၏။ ထိုသို့ ဝိပဿနာညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝီရိယကိုပင် ဥပက္ကိလေသလို့ ဆိုရပေသည်။ ထိုသို့ အလွန်လျင်မြန်သော အဖြစ်အပျက်များကို ရှုကြည့်ပွါးများ၍ နေ့စဉ် ယောဂီအား အာရုံတွင် ကောင်းစွာထင်လာ တည်လာ၍ မြင်းမိုရ် တောင်မင်းနှင့်တူစွာ ဝိပဿနာနှင့်ယှဉ်တဲ့သတိ ဖြစ်ပေါ်လာတတ်ပါတယ်။ ထိုသို့ ဖြစ်ပေါ်လာတဲ့အခါ သတိသည် အလိုအလျောက် အာရုံသို့ရောက်၍ တည်ကာနေ၏။ ဝိပဿကယောဂီသည် အလိုရှိတဲ့အာရုံကို တွေ့ရသောအခါ စိုက်စိုက်မတ်မတ် တန့်ရပ်၍သာ ကြည့်ရှုကာ နေတတ်၏။ အာရုံကို မမှေ့ မလွှတ် မချွတ်သည်ဖြစ်၍ သတိထင်လာတော့သည် ဆိုလိုသည်။ ဤပုံ ဖြစ်ပေါ်လာတဲ့ သတိကိုပင် မဂ်ဖိုလ်ပဲလို့ စွဲယူကာ နေတတ်၏။ ထိုသို့ ဝိပဿနာ ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် သတိကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာနှစ်ပါးကို ဥပေက္ခာခေါ်သည်လို့ ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆို၏။ အဂုံတို့ရိသတ္တပုရိသဂတိသုတ်တွင်—

> ''နော စဿ နော စ မေ သိယာ၊ န ဘဝိဿတိ န မေ ဘဝိဿတိ၊ ယဒတ္ထိ ယံ ဘူတံ တံ ပဇဟာမီ''တိ ဥပေက္ခံ ပဋိလဘတိ။ သော ဘဝေ န ရဇ္ဇတိ၊ သမ္ဘဝေ န ရဇ္ဇတိ-

စသည်ဖြင့် ကျင့်ပုံကို ဟောတော်မူ၏။

မြန်မာပြန်။ အတိတ်ဘဝတွင် ကိုယ်ခန္ဓာကိုဖြစ်စေနိုင်တဲ့ စေတနာကံ မရှိခဲ့သော် ယခုဘဝတွင် ငါ့မှာ ဤကိုယ်ခန္ဓာ ဖြစ်ပေါ်ကာ မလာနိုင်ရာ၊ ယခုဘဝတွင် လာလတံ့ကိုယ်ခန္ဓာကို ဖြစ်စေနိုင်တဲ့ကံ မဖြစ်ခဲ့သော် လာလတံ့ဘဝတွင် ငါ့မှာ ကိုယ်ခန္ဓာ မဖြစ်ပေါ်လတံ့၊ ထင်ရှားဖြစ်ပေါ်ဆဲ ရုပ်နာမ်ခန္ဓာတွင် အဖြစ်အပျက်ကို တွေ့မြင်သောကြောင့် ပြင်းစွာ တပ်နှစ်သက် ခင်မင်တွယ်တာ ငဲ့ညှာတဲ့ ဆန္ဒရာဂကို ပယ်စွန့်နိုင်သဖြင့် ထင်ရှားဖြစ်ပေါ်ဆဲ ရုပ်နာမ်ခန္ဓာကိုလည်း ပယ်စွန့်နိုင်၏။ ထို့ကြောင့် ဝိပဿနာရှုမှုတွင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို မြဲသလော မမြဲသလော

ဟူ၍၎င်း ကောင်းသလော မကောင်းပဲရှိသလောဟူ၍၎င်း ခိုင်မြဲတည်တံ့နိုင်သလော မခိုင်ပဲ ပြိုကဲ့နိုင်သလောဟူ၍၎င်း မတွေးတော မဆင်ခြင် မစုံစမ်းရတော့ပဲ လက္ခဏာယာဉ်သုံးပါးကို အချိုးကျစွာ မြင်လာ၍ တုန်လှုပ်ပူပန်ခြင်း ပျင်းရိထိုင်းမှိုင်းခြင်း မရှိသဖြင့် သင့်သလို ရှုကြည့် ပွါးများနိုင်တဲ့ ဝိပဿနုပေက္ခာကို ရတော့သည်။ ဝိပဿနုပေက္ခာကိုရတဲ့ ယောဂီသည် အတိတ် အနာဂတ်ဘဝ ရုပ်နာမ် ခန္ဓာများတွင်လဲ မတပ်နှစ်သက်တော့ပါ ဆိုလိုသည်။

ဝိပဿနုပေက္ခာသည် ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် အဆင့်ဆင့်အားဖြင့် မြင့်၍လာ၏။ ခုနစ်ယောက်သော အရိယာဖြစ်ရန် ကျင့်စဉ်လမ်းတွင် ရုပ်နာမ်နှစ်ပါးတို့၏ အဖြစ်အပျက်ကို မျက်မှောက် ပစ္စက္ခဉာဏ်ဖြင့် တွေ့သိအောင် အားကြိုးမာန်တက် အားထုတ်ရမည်။ အဖြစ်အပျက် တွေ့မြင်ကာမတ္တာဖြင့် ဝိပဿနုပေက္ခာမပေါ်လာသေး၊ အရှိန်ကောင်းကောင်းရ၍ ကျေပြန်လှအောင် အားထုတ်နိုင်မှ ဝိပဿနုပေက္ခာ ရရှိနိုင်မည်၊ ကြိုးစားအားထုတ်လေ။ ဤသုတ်တွင် ကား အရိယာပုဂ္ဂိုလ် ခုနစ်ယောက် အရိယာ ဖြစ်နိုင်ရန် အကျင့်ကို ဟောသောကြောင့် ဘေးရန် အန္ဒောက်အရှက် နှိပ်စက်ချက်မရှိပဲ အရိယာဖြစ်တော်မူကြသည်။ ဝိပဿနုပေက္ခာကား စူဠဋ္ဌသောတာပန်သည် အပါယ်တံခါး ပိတ်၏ဟု ဆိုသော်လည်း မုချမယူရသကဲ့သို့ တွယ်တာငဲ့ညှာသာယာတဲ့တဏှာ အနှိပ်စက်ခံရသော် မဂ်ဖိုလ်ရ၍ အရိယာအဖြစ်သို့ မရောက်စေနိုင်ပါ။ ဝိပဿနာတွင် သာယာ၍နေသော ယောဂီကား မဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်သို့ မရောက်နိုင်ပါ ဆိုလိုသည်။ လင်မယား သားသမီး ဘုံ ဗိမာန် ကျောင်း ကန် အလုပ်အကျွေးတို့ကို ငဲ့ညှာတွယ်တာ သာယာ၍နေသော ယောဂီကား နိဗ္ဗာန်ရောက်လိမ့်မည်ဟုပင် ပြောဆိုဖို့ မဟုတ်တော့ပေ။ ဥပရိပဏ္ဏာသ အာနေဉ္ဇသပ္ပါယသုတ်တွင်လဲ ဝိပဿနုပေက္ခာကို ဟောလျက်ရှိ၏။ ဝိပဿနုပေက္ခာ ဆိုသည်မှာ ဉာဏ် ဥပဇ္ဈတိလို့ ဝိပဿနာဉာဏ် ပေါ်လာပြီဖြစ်သောကြောင့် ဝိပဿနာဉာဏ်ကို ထပ်၍ယူခဲ့သော် ပုနရုတ္တိဒေါသ တဖန်ထပ်၍ဆိုတဲ့အပြစ် ရောက်စရာရှိ၏။ ထို့ကြောင့် တတြမေဇ္ဈတ္တုပေက္ခာကို ကောက်ယူကြလို့ ရှေးဆရာတို့ ဆိုကြ၏။ ထိုသို့ တတြမဇ္ဈတ္တုပေက္ခာကို ကောက်ယူခဲ့သည်ရှိသော် ပုနရုတ္တိဒေါသလဲ မသင့်

နိုင်၊ တတိယစျာန် အဖွင့်နှင့်လည်း ညီမည်လို့ ဆိုသည်။ ထိုသို့ ရှေးဆရာတို့ ဆိုသော်လဲ မဟာနာမ အဋ္ဌကထာဆရာကား ယုဂနद္ဓကထာ ရှင်သာရိပုတ္တရာဟောရာ ဣန္ဒြေငါးပါးရှိသည်တွင် ပညာ သဒ္ဓါ ဝီရိယ သတိ ဣန္ဒြေလေးပါးကိုသာယူ၍ သမာဓိန္ဒြေကိုမယူပဲ နေခြင်းငှါမသင့်၊ ယုဂနद္ဓအစုံဖွဲ့သည်၏ အစွမ်းဖြင့်လည်း သမာဓိန္ဒြေကို ယူထိုက်ပြထိုက်သည်။ ထို့ကြောင့် အညီအမျှဖြစ်သော သမာဓိကို တဖန် ဝိပဿနာစိတ်ကို အာရုံ၌ ကောင်းစွာ တိတိမတ်မတ် စိုက်ထားရာတွင် ကြောင့်ကြဗျာပါရ အားမစိုက်ရပဲ ငြိမ်သက်စွာ ထားနိုင်သဖြင့် ဥပေက္ခာဆိုသည်လို့ ဖွင့်ပြ၏။ အဂ်ုတ္တိုရ်ဉပရိပဏ္ဍာသပါဠိတော်တို့တွင် လာတဲ့ဝိပဿနုပေက္ခာကား ဉာဏ်ပညာပင် ဖြစ်၏။ ဝိသုဒ္ဓိမဂ် အဋ္ဌသာလိနီ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ တတိယစျာန် အဖွင့် ဥပေက္ခာဆယ်ပါး ဖွင့်ပြရာတွင် ဝိပဿနုပေက္ခာနှင့် သခ်ါရုပေက္ခာ နှစ်ပါးကိုကား ဉာဏ်ပညာ တပါးတည်းကိုပင် မြဲသလော မမြဲသလော စုံစမ်းရာတွင် လျစ်လျူရှုခြင်း ကိစ္စနှစ်မျိုးဖြင့် နှစ်ပါးဟောထားသည်လို့ မိန့်ကြ၏။ လျစ်လျူရှုခြင်းကိစ္စဆိုသည်မှာ မြဲသလော မမြဲပဲရှိသလော မစုံစမ်းတော့ပဲ မမြဲဘူးလို့ ဉာဏ်စိုက်ကာ နေတော့သည်။ သခ်ါရတရားတို့ကို ငါ-ငါ့ဉစ္စာလို့ မယူတော့ပဲ လျစ်လျူရှုကာ နေနိုင်တော့သည် ဆိုလိုသည်။ ဥဒယဗ္ဗယဉာဏ်မှစ၍ ပေါ်လာတဲ့ ဝိပဿနုပေက္ခာ၏ အားမဲ့ အားရှိသော စွမ်းရည်သတ္တိကို စဲ့၍ နှစ်မျိုး ပြားထားသော အရာဖြစ်သောကြောင့် ကောင်းမြတ်လှ၏။ ဤ ဥပက္ခိလေသ ဆယ်ပါးအရာတွင်လဲ နှစ်မျိုးသော ကိစ္စ၏ အစွမ်းဖြင့် ဉာဏ်ပညာတပါးတည်းကိုပင် "ဉာဏံ ဥပ္ပဇ္ဇတိ၊ ဥပေက္ခာ ဥပ္ပဇ္ဇတိ" လို့ နှစ်မျိုး ဟောသည် ယူခဲ့သော် ပုနရုတ္တိဒေါသ မရောက်နိုင်ရာ၊ သို့ရာတွင် ဝိပဿနုပေက္ခာအရာတွင် ဉာဏ်ပညာ၏ အနုအရင့် နှစ်မျိုးပြားနိုင်သကဲ့သို့ ဥပက္ခိလေသအရာတွင် မဂ်ဖိုလ်ပဲလို့ စဲ့ယူနိုင်လောက်အောင် ကောင်းရမည်ချည်း ဖြစ်သောကြောင့် အစွမ်းသတ္တိတူရကား နှစ်မျိုးပြား၍ မဟောတန်ရာ၊ ဉာဏ်ကိုပင် ဝိပဿနုပေက္ခာ, ဝိပဿနုပေက္ခာကိုပင် ဉာဏ်လို့ ဟောရာ၏။ ထို့ကြောင့် မဟာနာမအဋ္ဌကထာရဲ့ အယူဝါဒသာ ကောင်းသည်ဟူ၍ ယူရာသတည်း။ သို့သော် ကြိုက်နှစ်သက်ရာ ယူကြလေ။

ဥပေက္ခာတွင် ဝိပဿနုပေက္ခာဆိုသည်မှာ မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ယှဉ်တဲ့စေတနာတည်း။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာအလို ဥပေက္ခာဆိုသည်မှာ

သမာဓိတည်း၊ ဝိပဿကယောဂီသည် အဖြစ်အပျက်များကို ရှုကြည့်ပုံများဖန် များ၍ အသားကျသောအခါ အဖြစ်အပျက်အာရုံတို့ကောင်းသည်ထက် ကောင်းစွာ ပေါ်လာပါတယ်။ အိပ်တော့အုံလို့ အိပ်ရာတွင် အဖြစ်အပျက်အာရုံနှင့် အသိဉာဏ်တို့ ထင်လျက် ပေါ်လျက် ရှိသောကြောင့် အိပ်မပျော်နိုင် ရှိကြ၏။ ရှေးဟောင်း ဝိပဿကယောဂီများကို အိပ်မပျော်သော် နာဖျားတတ်ပါသလားလို့ မေးကြရ၏။ အိပ်မပျော်ခြင်းကြောင့် မျက်တွင်းဟောက်ခြင်း, အနာရောဂါဖြစ်ခြင်း မရှိပေ။ အရဟံ-စသော ဘုရားဂုဏ်တော်များကို အာရုံပြုအုံလို့ အာရုံပြုသော်လဲ အဖြစ်အပျက်များထင်လျက်ပေါ်လျက်နေသည်ကိုသာ တွေ့ရ၏၊ ထိုသို့ဝိပဿနာ ကောင်းမွန်ချောမောနေရာတက္ကဖြစ်ပေါ်သောအခါ သခ်ါရတရား၌ အဖြစ်အပျက်များကို ဆင်ခြင်လိုက် နှလုံးသွင်းလိုက်သော် အဖြစ်အပျက်များ ခဏမကြာပေါ်လာပြီး ရုံဖန်ရုံခါ အာရုံမပြုမိပဲ လျစ်လျူရှု၍နေသော်လဲ ကောင်းမြဲတိုင်းကောင်း ပေါ်မြဲတိုင်း ပေါ်ကာနေသည်ကို တွေ့ရတတ်၏။ ထိုအခါမျိုးတွင် ယောဂီအား သိကြားမင်း၏ ဝဇီရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ထက်မြက်စူးရှသော အာဝဇ္ဇနုပေက္ခာ ဖြစ်ပေါ်လာ၏။ အာဝဇ္ဇန်းထက်မြက်သောကြောင့် နှလုံးသွင်းလိုက်တိုင်း အာရုံတို့တည့်တည့်မတ်မတ် ဖြောင့်တန်းစွာ ပေါ်လာသော် အာဝဇ္ဇန်းနောက်လိုက် ဝိပဿနာဉာဏ်လည်း မီးလှံတဝင်းဝင်းနဲ့ ပူပြင်းတဲ့ သန်လျက်သွား၏ ထက်မြက်ခြင်းကဲ့သို့ ထက်မြက်စူးရှ သန့်ရှင်းစင်ကြယ်လှ၏။ သမ္မာညတဉာဏ်၏ရှေက အာဝဇ္ဇန်း ထက်မြက်လှသောကြောင့် သမ္မာညတဉာဏ်၏အစွမ်း ထက်မြက်ပုံ ကဲ့သို့ မှတ်လေ။ ထိုအခါမျိုးတွင် ယောဂီအား သခ်ါရတရားတို့၏ အဖြစ်အပျက်ကို ဆင်ခြင်တွေးတော၍ မနေရပဲ အဖြစ်အပျက်ကို မြင်တွေ့ကာ သွားနိုင်တဲ့ ဝိပဿနုပေက္ခာပေါ်လာ၏။ ဤပုံဖြစ်ပေါ်လာတဲ့ ဉာဏ်ပညာ စေတနာ မျိုးကိုပင် မဂ်ဖိုဝ်ပဲလို့ စွဲယူကာ နေတတ်၏။ထိုသို့ ဝိပဿနာ ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် ပညာစေတနာခေါ် ဥပေက္ခာကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ ဤကားဉာဏ်ပညာကိုပင် ယူသော ဆရာတို့ အလိုတည်း။

အဖြစ်အပျက် အာရုံတို့ ကောင်းစွာ ပေါ်လာသောအခါ ပုံလွှင့်လွှပ်ရှားတဲ့အဖို့ ပျင်းရိ ထိုင်းမှိုင်းတဲ့အဖို့သို့ မကျရောက်ပဲ တည့်မတ်

ညီမျစ္စာ ပေါ်လာတဲ့ သမာဓိသည် တဖန် အဖြစ်အပျက် အာရုံတွင် ဝိပဿနာဉာဏ်ကို ကောင်းစွာစိုက်ထားရာ ကြောင့်ကြဗျာပါရ အားမစိုက်ရပဲ သင့်သလိုထားနိုင်ပါတယ်။ လေငြိမ်ရာတွင် ဆီမီးလျှံသည် မတုန်မလှုပ် အရောင်ဖြင့် အုပ်ကာ တောက်ပ၍နေဘိသကဲ့သို့ ဝိပဿကယောဂီသည် မတုန်မလှုပ် သမာဓိဖြင့်အုပ်ကာ အဖြစ်အပျက်ကို ရှုကြည့်၍ အလွန် ကောင်းကာ နေတော့သည်ဆိုလိုသည်။ ဤပုံ ဖြစ်ပေါ်လာတဲ့ သမာဓိကိုပင် မဂ်ဖိုလ်ပဲလို့ စွဲယူကာ နေတတ်၏။ ထိုသို့ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့် သမာဓိခေါ် ဥပေက္ခာကိုပင် ဥပက္ကိလေသလို့ ဆိုပေသည်။ ဤကား မဟာနာမ မထေရ်၏ အလိုတည်း။ ကြိုက်နှစ်သက်ရာ ယူကြလေ။

ဆွမ်းချက်တဲ့အခါမှာ ထမင်းအိုးတွင် ထမင်းရေပွက်များ ပွက်ထလာလိုက် ပျောက်ကွယ်သွားလိုက်နှင့် ပေါ်လာချည် ပျောက်ကွယ်သွားလိုက်ချည် နေသည့်ထမင်းရေပွက်ကို တွေ့မြင်ရဘိသကဲ့သို့ ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကို ရှုကြည့်ပွါးများ၍နေစဉ် စိတ္တပစ္စယ ဥတုဇအရောင်အဝါတို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်ထားသဖြင့် ရှုကြည့်၍ ကောင်းမွန်လှစွာသော ဝိပဿနာတွင် ငဲ့ညှာတွယ်တာ မက်မောလျက် သိမ်မွေ့ငြိမ်သက်လှစွာသော နိကန္တိတဏှာ ဖြစ်ပေါ်ကာလာတတ်ပါတယ်။ ထိုအခါ ယောဂီပုဂ္ဂိုလ်တို့ကား ကိလေသာဟူ၍ပင် မသိနိုင်အောင် ငြိမ်သက်စွာပေါ်နေ၏။ ဝိပဿနာရှုကြည့်ရာတွင် ကောင်းလွန်း အဆင်ပြေလွန်းလို့ ပျော်လိုက်နှစ်ခြိုက်သာယာလွန်းတဲ့ သဘောကို ဓမ္မရတိ ဓမ္မအရသာကို ခံစားကာ နေသည်ဟူ၍ ထင်မှတ်ကြ၏။

ငါ့မှာ ယခုလို မွေ့လျော်ပျော်ပိုက်တဲ့ ဘာဝနာဖြင့် မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်မှု မဖြစ်ပေါ် ဘူးသေး၊ ငါတော့ ဝေကန် အမှန်မဂ်ဖိုလ်ရကာနေပြီလို့ မဂ်ဖိုလ်မဟုတ်တဲ့ သိမ်မွေ့တဲ့ တဏှာကိုပင် မဂ်ဖိုလ်လို့ စွဲယူကာ နေတတ်ပါတယ်။ ဤပုံ ဖြစ်ပေါ်တဲ့ နိကန္တိတဏှာကိုကား ဝိပဿနာညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သောကြောင့်ၵင်း မိမိကိုယ်တိုင်က ညစ်နွမ်းတဲ့ကိလေသာဖြစ်သောကြောင့်ၵင်း ဥပက္ကိလေသလို့ ဆိုသည်။ သြဘာသအရောင်အလင်းတွင် သာယာနှစ်သက်၍ နေဘိသကဲ့သို့ ဉာဏ်ပီတိစသော ဥပက္ကိလေသတရားများတွင်လဲ သာယာနှစ်သက်၍ နေပုံကို သိပါလေ။ သြဘာသစသော ကိုးမျိုးသော တရားတို့ကို ဝိပဿနာညစ်နွမ်းကြောင်းလို့ မုချပုံသေ

မယူရာ၊ ဘေးရန်အန္ဒုပ်စက် လွှတ်နိုင်တဲ့ ဝိပဿနုပေက္ခာ ရှိရာသက်သို့ အန္ဒုပ်စက်လွှတ်တဲ့ သြဘာသ-စသော တရားမျှားလည်း ရှိရာသည်။ နိကန္တိတဏှာကား ကြမ်းကြမ်းနုနု ဝိပဿနာညစ်နွမ်းကြောင်းသာ ဖြစ်ရာသည်။ သို့ရာတွင် သိမ်မွေ့လှစွာသော တဏှာကိုသာ ဥပက္ကိလေသလို့ မိန့်ဆို၏။ ကြမ်းတမ်းတဲ့ တဏှာကို မင်္ဂုလ်ပဲလို့ စွဲရန်မရှိသောကြောင့် ဥပက္ကိလေသလို့ မဆိုသည်မှတ်လေ။ သြဘာသ-စသော ဥပက္ကိလေသတရား တို့သည် တရားကိုယ်ဝတ္ထု၏ အစွမ်းဖြင့် ဆယ်ပါး, စွဲယူကိုက်စားတတ်သော ဒိဋ္ဌိ မာန တဏှာ ဂါဟတို့၏ အစွမ်းဖြင့် သုံးဆယ် ရှိကြပါတယ်။

ခွဲယူပုံ – ဝိပဿနာပွါးစဉ် အရောင်အလင်းများဖြာထွက်၍ ပေါ်လာရာတွင် "ငါ့တွင် အရောင်အလင်းရှိသည်၊ အရောင်အလင်းကား ငါ၊ ငါသည်ပင် အရောင်အလင်းဖြစ်သည်"လို့ ယူခဲ့သော် ဒိဋ္ဌိကျားစား ခံရတော့သည်။ "ငါမို့ နှစ်သက်ဖွယ်ကောင်းတဲ့ အရောင်အလင်းကို ရတယ်"လို့ သူများနဲ့မတူ ဂုဏ်ယူ၍ စွဲမိခဲ့သော် မာနကျားစား ခံရတော့တယ်။ အရောင်အလင်း သြဘာသကို သာယာလျက် "သာယာဖွယ် နှစ်သက်ဖွယ်ပဲ"လို့ စွဲယူခဲ့သော် တဏှာကျားစား ခံရတော့သည်။

မညမာနောတိ မာနေန အသ္မီတိ တဏှာယ မမာတိ ဒိဋ္ဌိယာ အဟန္တိ မညမာနော။

မညမာနောတိ၊ ကား။ မာနေန၊ သူများနဲ့မတူ ဂုဏ်ယူကာ ငါတကား ဟု ထောင်လွှားသော မာနဖြင့်။ အသ္မီ၊ ငါ ဖြစ်တယ်။ ဣတိ၊ ဤသို့။ မညမာနော၊ အထင်မှားလျက်။ ဂဏှာတိ၊ စွဲယူ၏။ တဏှာယ၊ သာယာမက်မောသော တဏှာဖြင့်။ မမ၊ ငါပိုင်ဖြစ်တယ်။ ဣတိ၊ သို့။ ဂဏှာတိ၊ ၏။ ဒိဋ္ဌိယာ၊ မှားသော အယူဖြင့်။ အဟံ၊ ငါဖြစ်တယ်။ ဣတိ၊ ဤသို့။ မညမာနော၊ အ ထင်မှားလျက်။ ဂဏှာတိ၊ စွဲယူ၏။

ဤကား စွဲယူပုံအထူး ဉာဏ်ပညာစသော ကိုးပါးသော တရားတို့တွင်လဲ သုံးပါးသုံးပါး ဂါဟပြားကြ၍ ဂါဟ၏အစွမ်းဖြင့် သုံးဆယ်သော ဥပက္ကိလေသတို့ ဖြစ်လာတယ်။ သြဘာသစသော ကိုးပါးသော တရားတို့ကား ပြိုင်၍လဲ ဖြစ်ပေါ်တတ်ကြ၏။ နှစ်ပါး, သုံးပါး စသည်တွဲ၍လည်း ဖြစ်ပေါ်တတ်၏။ အသီးအခြား တပါးစီလဲ ဖြစ်နေတတ်၏။ တရားတို့ကို ဆင်ခြင်မှုကား တခုစီသာ ဆင်ခြင်နိုင်၏။

နဝါပိ ဟိ ဥပက္ကိလေသာ ကေကွဲကေပိ ဥပ္ပဇ္ဇန္တိ၊ ပစ္စဝေက္ခဏာ ပန ဝိသုံ ဝိသုံ ဟောတိ။ (မဟာဋီကာ)

ဆရာနည်းမကျ မလိမ္မာလှသော ယောဂီသည် အရောင်အလင်း ဩဘာသစသော တရားတို့၌ ဂါဟ ကျားဝင်ကာ စားထားသောကြောင့် တုန်လှုပ်ကာ နေပါတယ်၊ တုန်လှုပ်ပုံ–အရောင်အဆင်းကို "ဧတံ မမ၊ ဤ အရောင်အလင်းကား ခင်မင်မက်မောသည်၏ အစွမ်းဖြင့် သာယာနှစ်သက်ရသော ငါ့ဥစ္စာပဲ"လို့လဲ တုန်လှုပ်ပါတယ်၊ "ဧသောဟမသ္မိ၊ ဤ အရောင်အလင်းကား မြတ်နိုးသည်၏ အစွမ်းဖြင့် စိတ်ကြီးဝင် အထင်ကြီးရသော ငါဖြစ်တယ်"လို့လဲ တုန်လှုပ်ပါတယ်။ "ဧသော မေ အတ္တာ၊ ဤ အရောင်အလင်းကား မိစ္ဆာယူမှား တိတ္ထိအမျှားတို့သည် ကြံဆအပ်သော အမြဲအခါခပ်သိမ်း တည်နေနိုင်သော အတ္တဖြစ်တယ်"လို့လဲ တုန်လှုပ်ပါတယ်။ ကြွင်းသော ဥပက္ကိလေသတရားတို့၌လဲ တုန်လှုပ်ပုံကို ဤနည်းအတိုင်း သိလေ၊ ဆရာထံ နည်းခံ၍ သိပြီး လိမ္မာပြီးသော ယောဂီကား အရောင်အလင်းဩဘာသကို ထင်ရှားစွာပေါ်လာကာ ပျောက်ကွယ် ပျောက်ကွယ် သွားသည်ကိုသာတွေ့ရသောကြောင့် မမြဲတဲ့သဘောပါကလားလို့ ရှုကြည့်ကာ နေ၏။ ပေါ်လာလို့က် ပျောက်သွားလို့က်နဲ့ ခဏခဏ အဖြစ်အပျက်တို့ဖြင့် အနှိပ်စက်ခံနေရသည်ကို တွေ့ရသောကြောင့် မကောင်းတဲ့သဘောပင်ပန်းဆင်းရဲတဲ့ သဘောပါကလားလို့ ရှုကြည့်ကာနေ၏။ ကြွင်းသော ဥပက္ကိလေသတို့၌လည်း ဤနည်းအတိုင်း ရှုကြည့်ကာ သွား၏။ ထို့အသိ အလိမ္မာဉာဏ်ပညာနှင့်ပြည့်စုံသော ယောဂီသည် ဩဘာသစသော တရားတို့၌ ဂါဟ ကျားစားမခံရသောကြောင့် အရောင်အလင်း ဩဘာသကို "နေတံ မမ၊ ဤ အရောင်အလင်းကား ခင်မင်မက်မောသည်၏ အစွမ်းဖြင့် သာယာနှစ်သက်ရသော ငါ့ ဥစ္စာ မဟုတ်"လို့ ရှုကြည့်ကာ မတုန်လှုပ်တော့ပါ၊ "နေသောဟမသ္မိ၊ ဤ အရောင်အလင်းကား မြတ်နိုးသည်၏ အစွမ်းဖြင့် စိတ်ကြီးဝင် အထင်ကြီးရသော ငါမဟုတ်"လို့ ရှုကြည့်ကာ မတုန်လှုပ်တော့ပါ၊ "နမေသော အတ္တာ၊ ဤအရောင်အလင်းကား မိစ္ဆာယူမှား တိတ္ထိမျှားတို့သည် ကြံဆအပ်သော အမြဲတည်နေနိုင်သော အတ္တမဟုတ်၊ အနတ္တ"လို့ ရှုကာ မတုန်လှုပ်တော့ပါ၊ ကြွင်းသော ဥပက္ကိလေသတရားတို့၌လည်း မတုန်လှုပ်ပုံကို ဤနည်းအတိုင်း သိရာ၏။

ဤ အဓိပ္ပါယ်ကိုရည်၍—
ဣမာနိ ဒသ ဌာနာနိ၊ ပညာ ယဿ ပရိစိတာ။
ဓမ္မဒ္ဒစ္စကုသလော ဟောတိ၊ န စ ဝိက္ခေပံ ဂစ္ဆတိ။

ယဿ ယောဂိနော၊ အကြင်ယောဂီသည်။ ဒသ၊ ဆယ်ပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤသြဘာသစသော အကြောင်းအရာတို့ကို။ ပညာယ၊ ညစ်နွမ်းကြောင်း ဥပက္ကိလေသမှ လွတ်သောဉာဏ်ပညာဖြင့်။ ပရိစိတာ-ပရိစိတာနိ၊ အဖန်ဖန်ပွါးများအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုဝိပဿနာက ယောဂီသည်။ ဓမ္မဒ္ဒစ္စကုသလော၊ သြဘာသစသော တရားတို့ကို မဂ်ဖိုလ်ပဲလို့ နှလုံးသွင်းခြင်းကြောင့် ပို့လွှင့်သော ဓမ္မဒ္ဒစ္စအရာတွင် လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ ဝိက္ခေပံ၊ ပို့လွှင့်ခြင်းသို့။ န စ ဂစ္ဆတိ၊ ရောက်လည်း မရောက်။

ရှေ့တွင်ဆိုခဲ့ပြီးသော ဆိုလိုရင်း အဓိပ္ပါယ်ကိုသာလျှင် ပရိယာယ်တမျှဖြင့် ထင်စွာပြုလို၍—

ဝိက္ခိပတိ စေဝ ကိလိဿတိ စ၊ စဝတိ စိတ္တဘာဝနာ။
ဝိက္ခိပတိ န ကိလိဿတိ၊ ဘာဝနာ ပရိဟာယတိ။
ဝိက္ခိပတိ န ကိလိဿတိ၊ ဘာဝနာ န ပရိဟာယတိ။
န စ ဝိက္ခိပတေ စိတ္တံ န ကိလိဿတိ၊ န စဝတိ စိတ္တဘာဝနာ။
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

မန္ဒပညော၊ နုံသောဉာဏ်ပညာရှိသော ယောဂီသည်။ ဝိက္ခိပတိ စေဝ၊ အရောင်အလင်း သြဘာသစသည်တို့၌ ပို့လဲပို့လွှင့်၏။ ကိလိဿတိ စ၊ တဏှာ မာန ဒိဋ္ဌိတို့သည် ပုဂ္ဂိုလ်ဉာဉ် ညစ်နွမ်းစေအပ် နှိပ်လည်း နှိပ်စက်အပ်၏။ တဿ၊ ထိုနုံသောဉာဏ်ပညာရှိသော ယောဂီ၏။ စိတ္တဘာဝနာ၊ စိတ်ကိုတိုးပွါးစေတဲ့ ဝိပဿနာဉာဏ်ပညာသည်။ စဝတိ၊ လျော့ကျ၏။

မတ္ထိမပညော၊ အလတ်ဉာဏ်ပညာရှိသောယောဂီသည်။ ဝိက္ခိပတိ၊ ပို့လွှင့်ရုံသာ ပို့လွှင့်၏။ န ကိလိဿတိ၊ အနှိပ်စက်မခံရ။ တဿ၊ ထိုအလတ်ဉာဏ်ပညာရှိသောယောဂီအား။ ဘာဝနာ၊ ဝိပဿနာဉာဏ်ပညာသည်။ အဓိမာနိကတ္တာ၊ မဂ်ဖိုလ်ရပြီလို့ လွန်စွာမှတ်ထင်သော အဓိမာနရှိသောကြောင့်။ ပရိဟာယတိ။ ယုတ်လျော့၏။

တိက္ခပညော၊ ထက်မြက်သော ဉာဏ်ပညာရှိသောယောဂီသည်။ ဝိက္ခိ-ပတိ၊ ပုံ့လွှင့်ကား ပုံ့လွှင့်၏။ နှ ကိလိဿတိ၊ အနှိပ်စက်မခံရ။ တဿ၊ ထိုထက်သော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်၏။ ဘာဝနာ၊ သည်။ အဓိမာန-ဝိက္ခေပံ၊ အဓိမာနအတွက်ပုံ့လွှင့်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ နှ ပရိဟာ-ယတိ၊ မဆုတ်ယုတ်။

အတိတိက္ခပညဿ၊ အလွန်ထက်သော ဉာဏ်ပညာရှိသောယောဂီ၏။ စိတ္တံ၊ စိတ်သည်။ နှ စ ဝိက္ခိပတေ၊ ပုံ့လဲမပုံ့လွှင့်။ နှ ကိလိဿတိ၊ အနှိပ်စက်လည်းမခံရ။ တဿ၊ ထိုအလွန်ထက်သော ဉာဏ်ပညာရှိသောယောဂီ၏။ စိတ္တဘာဝနာ၊ စိတ်ကိုတိုးပွါးစေတဲ့ ဝိပဿနာဘာဝနာဉာဏ်ပညာသည်။ နှ စဝတိ၊ မရှေ့လျော့။ ဝိက္ခေပကိလေသာဘာဝေန၊ ပုံ့လွှင့်ခြင်း နှိပ်စက်ခြင်းမရှိခြင်းကြောင့်။ ယထာဌာနေ၊ တည်တိုင်းသောအရာ၌။ တိဋ္ဌတိ၊ တည်၏။

ဆိုလိုသည်မှာ ယောဂီသည် မန္ဒပညာ မဇ္ဈိမပညာ တိက္ခပညာ အတိတိက္ခပညာပုဂ္ဂိုလ်ရယ်လို့ လေးမျိုးရှိပါတယ်။ ထိုတွင်မန္ဒပညာနဲ့သော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည် သြဘာသစသော ဝိပဿနာညစ်နွမ်းကြောင်းတရားတို့၌ ပုံ့လွှင့်ခြင်းသို့လဲ ရောက်ကာနေတတ်တယ်၊ ကိလေသာတို့အနှိပ်စက်လဲခံရတတ်တယ်။ ထိုသို့ပုံ့လွှင့်တုန်လှုပ်ကာ နေသောကြောင့် ဝိပဿနာဘာဝနာမျှားရွှေ့လျောကာ သွားပါတော့တယ်။

မဇ္ဈိမပညာ အလတ်ဉာဏ်ပညာရှိသော ယောဂီသည် ပုံ့လွှင့်ခြင်းသို့သာ ရောက်ကာသွားတတ်၏၊ ကိလေသာတို့အနှိပ်စက်ကား မခံရပါ၊ သို့ရာတွင် မဂ်ဖိုလ်ရကာနေပြီလို့ မှတ်ထင်ကာနေတတ်ပါတယ်။ ထိုသို့ မဂ်ဖိုလ်ရကာ ရောက်ကာနေပြီလို့ မှတ်ထင်သောကြောင့် ဝိပဿနာဘာဝနာဆုတ်ယုတ်ကာသွားပါတော့တယ်။

တိက္ခပညာ ထက်သောဉာဏ်ပညာရှိသောယောဂီသည် ပုံ့လွှင့်ခြင်းသို့သာရောက်၏၊ ကိလေသာတို့ဖြင့် အနှိပ်စက်မခံရ၊ မဂ်ဖိုလ်ရကာနေပြီလို့ အထင်ကြီး၍ နေခဲ့သော်လည်း အဓိမာနကိုပယ်စွန့်၍ တရားအားထုတ်ကာသွားတတ်ပါတယ်။ ထို့ကြောင့် ဝိပဿနာဘာဝနာမဆုတ်ယုတ် မပျက်စီးတော့ပါ။

အတိတ်ကမ္ဘာပည် အလွန်ထက်မြက်သော ဉာဏ်ပညာရှိသောယောဂီသည် ပို့လွှင့်ခြင်းသို့လည်းမရောက်၊ ဒိဋ္ဌမာနတဏှာကိလေသာတို့ဖြင့်လဲ အနှိပ်စက်မခံရ။ ထို့ကြောင့် ဝိပဿနာဘာဝနာ ပြည့်စုံကာသွားပါတော့တယ်လို့ ဆိုလိုသည်။

ဤသို့သော အဓိပ္ပါယ်မျှားကို ထောက်ဆသော် ဝိပဿကယောဂီ ပုဂ္ဂိုလ်တိုင်းကို ဥပက္ကိလေသတရားတို့က မနှိပ်စက်ပါဆိုလိုသည်။ ပို့လွှင့်ခြင်းကိလေသာ နှိပ်စက်ခြင်းမှ ကင်းသောကြောင့် ပျင်းရိထိုင်းမှိုင်းခြင်းမှရင်း ပို့လွှင့်ခြင်းကြောင့် တုန်တုန်လှုပ်လှုပ်ဖြစ်ခြင်းမှရင်း ကင်းသော ဝိပဿကယောဂီသည် ဥပက္ကိလေသချုံ အရှုပ်အထွေးကို ဖြေရှင်းလျက် အရောင်အလင်း ဩဘာသစသောတရားတို့ကား မဂ်ဖိုလ်နိဗ္ဗာန်ရရန် လမ်းမှန်မဟုတ်၊ ဥပက္ကိလေသမှလွှတ်၍ ဝိပဿနာလမ်းစဉ်တွင်တည်သော ဝိပဿနာဉာဏ်သာ မဂ်ဖိုလ် နိဗ္ဗာန်ရရန်လမ်းမှန်တည်း။ ဤသို့ အကျင့်လမ်းမှန် ဟုတ်သည်မဟုတ်သည်ကို ပိုင်းခြားမှတ်သားနိုင်ပါတယ်။ ဤပုံ လမ်းမှန် ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားမှတ်သားကာ တည်သော ဝိပဿကယောဂီ၏ ဥဒယဗ္ဗယဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိလို့ ခေါ်ဆိုပါတယ်။

ဝိပဿကယောဂီသည် ဤမျှသောကျင့်စဉ် အားထုတ်စဉ်ဖြင့် သစ္စာလေးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားကာ သိ၍သွားပါတော့တယ်။ သိပုံ— ဒိဋ္ဌဝိသုဒ္ဓိနာမ်ရုပ်နှစ်ပါးကို ပိုင်းခြားကာသိသော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒုက္ခသစ္စာကိုသိပါတယ်။ ကခ်ါဝိတရဏဝိသုဒ္ဓိတွင် နာမ်ရုပ်နှစ်ပါးတို့၏ အကြောင်းကိုသိသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သမုဒယသစ္စာကို သိနိုင်ပါတယ်။ ဥဒယဗ္ဗယဉာဏ်တွင် ခဏအားဖြင့် အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သွားဆုံးတဲ့ ဝယကို ရှုသဖြင့် ဒုက္ခသစ္စာကို သိပါတယ်။ ပစ္စယအကြောင်းအားဖြင့် အသစ်ပေါ်လာတဲ့ ဥဒယကို ရှုကြည့်သဖြင့် သမုဒယသစ္စာကိုသိပါတယ်။ ပစ္စယ အကြောင်းအားဖြင့် ပျောက်ကွယ်သေဆုံးတဲ့ ဝယကို ရှုကြည့်သဖြင့် နိရောဓသစ္စာကို သိပါတယ်။ အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့ဝယကို ရှုကြည့်ခြင်းကား လောကီမဂ်သာဖြစ်တယ်၊ ဤသို့ ပြင်းစွာတွေ့ဝေတဲ့ မောဟကို ပယ်ဖျောက်နိုင်သဖြင့်ရင်း မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတွင် အကျင့်လမ်းမှန်သည်ကို ဆုံးဖြတ်ပိုင်းခြား

နိုင်သဖြင့်ရင်း မဂ္ဂသစ္စာကိုသိပါတယ်။ ဤသို့ လောကီဉာဏ်ဖြင့် သစ္စာလေးပါးကိုသိကာ သွားပါတော့သတည်း။

၁။ အကျဉ်းအကျယ်၊ နည်းနှစ်သွယ်၊ မှတ်ဖွယ်ဥဒယဗ္ဗယာ။
၂။ ခန္ဓာငါးပါး၊ ဖြစ်ပျက်များ၊ ရှုငြားအကျဉ်းသာ။
၃။ အသိးအခြား၊ ယူခဲ့ငြား၊ မှတ်သားဆယ်ပါးပါ။
၄။ အ,တ,ကံ,အာ၊ နာမ်ရုပ်ပါ၊ ဖဿာလက္ခဏာ။
၅။ အကြောင်းခြောက်ပါး၊ ဖြစ်ပျက်များ၊ မှတ်သားလက္ခဏာ။
၆။ ဖြစ်ပျက်နှစ်မှာ၊ သခ်ံတာ၊ မှတ်ရာလက္ခဏာ။
၇။ အာဟာဖဿ၊ နာမ်ရုပ်ပ၊ လဲကြအသီးသာ။
၈။ လေးပါး လေးပါး၊ အကြောင်းများ၊ ရငြားခန္ဓာမှာ။
၉။ ရူပက္ခန္ဓာ၊ ဥဒယာ၊ ရှုရာငါးမျိုးဖြာ။
၁၀။ ရူပက္ခန္ဓာ၊ ဝယမှာ၊ ရှုရာငါးမျိုးဖြာ။
၁၁။ ကြွင်းခန္ဓာမှာ၊ ဤနည်းသာ၊ မှတ်ရာဆယ်မျိုးပါ။
၁၂။ လမ်းမှန်ပိုင်းခြား၊ ဉာဏ်ထားသွားဖြင့်၊ လမ်းမှားသညာ၊ ဖြတ်တောက်ရှာ၊ မှတ်ပါ အကျိုးသာ။
၁၃။ ရွေစွန်းရှုမူ၊ ဥစ္ဆေယူ၊ စွန့်သူ အကျိုးသာ။
၁၄။ နောက်စွန်းရှုက၊ သဿတ၊ စွန့်ကြ အကျိုးသာ။
၁၅။ ဒု,သ,မင်္ဂပါ၊ လေးသစ္စာ၊ ဉာဏ်မှာ ပေါက်ခဲ့ပါ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်ခန်းပြီး၏။

ဝိပဿက ယောဂီသည် တဖန် သြဘာသစသော ညစ်နွမ်းကြောင်းတို့မှ လွတ်ကင်း၍ လမ်းမှန်လမ်းစဉ်ကျရောက်တဲ့ ဥဒယဗ္ဗယဉာဏ်မှစပြီး သခ်ါရုပေက္ခာဉာဏ်တိုင်အောင် ဉာဏ်ရှစ်ပါးတို့၏အစွမ်းဖြင့် အထွဋ်အထိပ်သို့ရောက်တဲ့ သိခါပတ္တဝိပဿနာဉာဏ် သစ္စာလေးပါးကို သိစွမ်းနိုင်သောကြောင့် သစ္စာနုလောမိက အနုလောမဉာဏ် ဤဉာဏ်ကိုးပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်တယ်။ တနည်း စင်စစ် ဝိပဿနာ၏ အထွဋ်အထိပ်သို့ရောက်သောကြောင့် သိခါပတ္တဖြစ်တဲ့ သခ်ါရုပေက္ခာဉာဏ် အနုလောမဉာဏ်နှစ်ပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ခေါ်ဆိုပါတယ်။ တနည်း ဝုဋ္ဌာန

ဂါမိနိဝိပသနာကို ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိခေါ် ဆိုပါတယ်။ ၎င်းပဋိပဒါ-ဉာဏဒဿနဝိသုဒ္ဓိကို ပြီးစေခြင်းငှါ ညစ်နွမ်းခြင်းမှ လွတ်ကင်းသော ကြောင့် လမ်းမှန်လမ်းစဉ်ကျရောက်တဲ့ ဥဒယဗ္ဗယဉာဏ်မှစ၍ ကိုးပါးသော ဉာဏ်တို့၌ လုံးလကြိုးကုတ် အားထုတ်၍ပွါးများခြင်းအမှုကို ပြုရာသတည်း။ ဥဒယဗ္ဗယဉာဏ်သည် ညစ်နွမ်းကြောင်းဥပက္ကိလေသတို့ အနှိပ်စက်ခံရသော ဥဒယဗ္ဗယဉာဏ်,ဥပက္ကိလေသတို့ မနှိပ်စက်နိုင်သော ဥဒယဗ္ဗယဉာဏ် နှစ်မျိုး ရှိသည်။ ဥဒယဗ္ဗယဉာဏ်ကို တဖန်ပြန်၍ အားထုတ်ရသည်မှာ အကျင့် လမ်းမှန်သည်ကို သိသည်မှနောက်ကာလတွင်ဖြစ်တဲ့ ဥဒယဗ္ဗယဉာဏ်သည် ထက်မြက်သန့်ရှင်းသော်လဲ အရောင်အလင်း သြဘာသစသောတရားတို့၌ ဒိဋ္ဌိ မာန တဏှာ ကိလေသာတို့ ဝင်ကာနှိပ်စက်သောကြောင့် ဝိပဿနာ လမ်းစဉ် ချော်လဲ၍သွားပါသည်။ ထို့ကြောင့် ဉာဏ်သွားတုံးကာ လက္ခဏာယာဉ်သုံးပါးကို မှတ်ခြင်းငှါ မစွမ်းနိုင်တော့ပါ။

ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်သာ အနှိပ်စက်ခံရခြင်းမှ လွတ်သောကြောင့် ဉာဏ်သွား ထက်မြက်သန့်ရှင်းကာ လက္ခဏာယာဉ်သုံးပါးကို မှတ်နိုင်ရန် အကျိုးငှါ တဖန်ပြန်၍ ဥဒယဗ္ဗယဉာဏ်ကို အားထုတ်ရမည် ဆိုလိုသည်။

(၁) ယခုရေးပြတဲ့ အဓိပ္ပါယ်အတိုင်း ဝိပဿက ပုဂ္ဂိုလ်တို့ မုချ အား ထုတ်သွားရသည်လို့ မမှတ်နှင့်၊ အကြောင်းကား ဥဒယဗ္ဗယ ဉာဏ်တိုင်း လမ်းချော်၍ မသွားသောကြောင့်တည်း။

(၂) ဥဒယဗ္ဗယဉာဏ်သည် နုတဲ့အခိုက်အတန့်, ရင့်တဲ့ အားရှိ အား ကောင်းတဲ့အခိုက်အတန့် နှစ်မျိုးရှိတယ်။ ထိုတွင် နုတဲ့အခိုက် အတန့် ဥဒယဗ္ဗယဉာဏ်သည် တိဂဏ္ဌပရိညာတွင် တည်၏။ အားကျိတဲ့အခိုက်အတန့် ဥဒယဗ္ဗယဉာဏ်သည် ပဟာနပရိညာတွင် တည်၏။ ဥဒယဗ္ဗယဉာဏ်မည်သည် အဖြစ်အပျက်ကိုသာ မြင်နိုင်၏၊ လက္ခဏာယာဉ်သုံးပါးကို မမြင်နိုင်၊ အနိစ္စတာဒစသော လက္ခဏာယာဉ်သုံးပါးကို ဘယ်ပုံမှတ်နိုင်ပါသလဲ....မေး။

ဥဒယဗ္ဗယဉာဏ်သည် တိုက်ရိုက်တဲ့တိုးအားဖြင့် မမှတ်နိုင်၊ ကာရဏ အကြောင်းအားဖြင့် မှတ်သည်။ ခဲ့ဦးမည်၊ ဘာဝနာပွါးရာတွင် မိုးဖွဲသေးနုပ်

စဉ် ရှာသောအခါ ကြယ်ပွင့်နှင့်တူစဉ် မိုးပေါက်ကလေးများကို ပွင့်လာချည်ပျောက်သွားချည်တွေ့ရဘိသကဲ့သို့ ပေါ်တက်လာလိုက် ပျောက်သွားလိုက်နဲ့ ရုပ်နာမ်တရား၏ အဖြစ်အပျက်ကို တွေ့မြင်ခဲ့သော် ပေါ်လာကာ ပျောက်ကွယ်သွားသော အနိစ္စလက္ခဏာထင်ရှားစွာဖြစ်၍ ထင်လာပါတယ်။ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် တလှုပ်လှုပ်တစ်စက်စက် မငြိမ်မသက် အနှိပ်စက်ခံရသော ဒုက္ခလက္ခဏာလဲ ထင်ရှားစွာဖြစ်၍ထင်လာပါတယ်။ တက်တုံကျတုံဖြစ်ပျက်ပုံကို လုံးစုံတောင့်တ ဘာမျှမရသော အနတ္တလက္ခဏာ ထင်ရှားစွာဖြစ်၍ လာပါတယ်။ ထို့ကြောင့် အကြောင်း၏အဖြစ်ဖြင့် လက္ခဏာယာဉ်သုံးပါးကို အာရုံပြုကာ ပိုင်းခြားမှတ်သားနိုင်ပါတယ်။ မုချတိုက်ရိုက်အားဖြင့် မမှတ်နိုင်ဆိုလိုသည်။ ကာရကူပစာလို့ဆိုသည်။

"ဥဒယဗ္ဗယဉာဏံ လက္ခဏတ္တယဝိသယံ ဟောတိ" တိ။ ဥဒယဝယေ ပန ပဋိဝိဒ္ဓေ အနိစ္စလက္ခဏံ ပါကဋံ ဟုတ္ဝာ ဥပဋ္ဌာတိ။ တတော "ယဒနိစ္စံ၊ တံ ဒုက္ခံ။ ယံ ဒုက္ခံ တဒနတ္တာ" တိ ဣတရလက္ခဏမ်ိဳ။ အထ ဝါ ဥဒယဗ္ဗယဂ္ဂဟဏေန ဟုတ္ဝာ အဘာဝါကာရော, အဘိဏှသမ္ပဋိပီဠနာကာရော, အဝသဝတ္တနာကာရော စ ဝိဘူတတရော ဟောတီတိ ကာရဏဘာဝေန ဥဒယဗ္ဗယဉာဏယောဂဿ လက္ခဏတ္တယသလ္လက္ခဏတ္ထတာ ဝေဒိတဗ္ဗာ။ (မဟာဋီကာ)

အဖြစ်အပျက်ကို တွေ့မြင်က လက္ခဏာယာဉ်သုံးပါးတို့ ထင်ပေါ်လာကြောင်းကို နှစ်နည်းပြ၏။ ပရိယာယ်ကဲ့၍ အဓိပ္ပါယ်တမျိုးတည်းဖြစ်သောကြောင့် တမျိုးသာမြန်မာအဓိပ္ပါယ်ယူထားသည်၊ ပါဠိကိုကား သဘောကျလှ၍ အကုန်ထည့်ထားသည်။

သဘောတရား သစ်တတရားများကို မှတ်ကြောင်းဇာတိဇရာမရဏတည်းဟူသော အနိစ္စလက္ခဏာထင်ရှားဖြစ်ပေါ်လာကာ ပျောက်ကွယ်သွားခြင်းမရှိခြင်းဆိုတဲ့ အခြင်းအရာ အထူးဖောက်ပြန်သောအမူအရာ အနိစ္စလက္ခဏာနှစ်ပါးသည် (၀၊) မုချကေန္တအားဖြင့် မရဏတည်းဟူသော အနိစ္စလက္ခဏာသည် သစ်တတရားတို့၏ သဘာဝဖြစ်ပျက်ကြသည်ကို မသိခြင်း နှလုံးမသွင်းခြင်းကြောင့် သန္တတိပညတ်ဖြင့် ဖုံးကွယ်ကာထားသဖြင့် မထင်ရှားမပေါ်လွယ်ပဲ တိမ်မြုပ်ကာနေ၏။ အနိစ္စလက္ခဏာဆိုသည်မှာ

မရဏဓာတ် ပျောက်ကွယ်သေဆုံးတဲ့ ဘင်ကို ပထဝီဓာတ်ကား မမြဲဘူး အနိစ္စလို့ သိကြောင်း မှတ်ကြောင်းဖြစ်သောကြောင့် အနိစ္စလက္ခဏာလို့ ဆိုသည်။ ဇာတိဇရာနှင့် ဟုတ္တာအဘာဝဝါကာရတို့ကိုလည်း မမြဲဘူးလို့သိရသည့်အတွက် အနိစ္စလက္ခဏာဆိုသည်မှတ်လေ။

အခ္ခါသော ပုထုဇ္ဇဉ် ကလျာဏပုထုဇ္ဇဉ်တို့ သဘာဝခဏအားဖြင့် တခုစီ တခြားစီဖြစ်၍ ဖန်ချောင်းရေအစဉ်ကဲ့သို့ရင်း ဆီမီးလျှံအစဉ်ကဲ့သို့ရင်း စီတန်းလျက် အဆင့်ဆင့်တက်သွားသော ခြအစဉ် ပုရွက်ဆိတ်အစဉ် ကျင်နီအစဉ်ကဲ့သို့ရင်း အဆင့်ဆင့်သဘာဝတရားတခုပြီးမှတခု အစဉ်ပြု၍ ဖြစ်ပျက်နေသော်လဲ ရုပ်နာမ်ဓမ္မသဘာဝတို့ကို မကြားမနာရဘူး ဥပါဒ်ဌီဘင်ကိုလဲ နားဝမှာ လေသံမျှမသန်းရဘူးသည့်အတွက် ဥဒယဝယအဖြစ်အပျက်တို့ကို နှလုံးမသွင်းနိုင်ကြ မသိကြ၊ နှလုံးမသွင်းနိုင်ကြသောကြောင့် တဘဝတခါဖြစ် တခါသေအနေမျိုးနဲ့ သမ္မုတိအနိစ္စ ခွေးသိဝက်သိအသေမျိုးကိုသာ သိကြ၏။ အန္ဓပုထုဇ္ဇဉ်တို့အား ဥဒယဝယ ပရမတ္ထခဏကို မသိကြနှလုံးမသွင်းကြသောကြောင့် ယောကျ်ားမိန်းမအစဉ်တည်းဟူသော သန္ဓတိ ပညတ် အိမ် ယာ မြေ ရေ ရွှေ ငွေ အစဉ်တည်းဟူသော သန္ဓတိ-ပညတ်က လက်ဖျစ်တတ်ခန့်ကာလတွင် ကုဋ္ဌေတသိန်းမက များပြားလှတဲ့ သဘာဝတရားတို့ကို မရဏဓာတ်ဘင်ကျားက အမြဲကိုက်စားသောကြောင့် ကုန်ခန်းကာသွားတဲ့ အနိစ္စလက္ခဏာကို မသိမမြင်အောင် ဖုံးကွယ်ကာထားကြ၏။ သမင်မွေးရင်း ကျားစားရင်းဆိုတာလို ပေါ်လာသမျှဓာတ်သဘာဝတို့ အကုန်ပျောက်ကွယ်ရသည်သာတည်း။ အနိစ္စလက္ခဏာကို မသိမထင်မမြင်ကြသည့်အတွက် အန္ဓပုထုဇ္ဇဉ်တို့ မယားပဲ သားသမီးပဲ အိမ်ယာရွှေငွေပဲလို့ မှောက်မှားကာနေကြ၏။ မယားစသည်တို့အတွက် လောဘဒေါသဆွက်၍ ဒုစရိုက်သုစရိုက်ပွါးများကာ နေကြပါတယ်။ အန္ဓပုထုဇ္ဇဉ်တို့ကိုယ်တိုင်လဲ ငါတယောက်တည်းသာလို့ စွဲယူပြီး အာရုံကို နှလုံးသွင်းတာ မြင်တာ ကြားတာ ခံယူတာ စုံစမ်းတာ အဆင့်ဆင့်ခံစားတာတို့ကို အစဉ်မဖြတ်တောက်နိုင်ပဲ ဆင်ခြင်တာလဲငါပဲ မြင်တာကြားတာလဲငါပဲ ခံယူတာလဲငါပဲစသည်ဖြင့် ငါတည်းဟူသောအတ္တက သဘာဝတရားအားလုံးကို ငါပဲလို့ စွဲယူကာမှောက်မှားကြပါတော့တယ်။ မြင်သိ ကြားသိ နံသိ စားသိ ထိုသိ ကြုံသိတို့ကို သဘောတရားတခြားစီဖြစ်သော်လဲ

လုံးထွေးရစ်ပတ် အစဉ်အမျှင်ကိုမဖြတ်ထားနိုင်ပဲ ငါမြင်တယ် ငါကြား တယ် စသည်ဖြင့် ငါတည်းဟူသောအတွက သဘာဝတရားအားလုံးကို ငါပဲလို့စွဲယူကာ မှောက်မှားကြပါတော့တယ်၊ အစဉ်မဖြတ်တောက်နိုင်တဲ့ အတွက် တယောက်တခုတည်းအထင်မှားကာ စွဲလမ်းကြသည်ကား သဘာ ဝနှင့် လောကဝေါဟာရ မျှားသလောက် မှောက်မှား စွဲလမ်းနိုင်ပါတယ်၊ ခဲ့၍ သိကြလေ။ အခြို့သောကလျာဏပုထုဇဉ်တို့လဲ ရုပ်နာမ်နှစ်ပါး သဘာဝ ဓမ္မမျှားတွင်မက အဘိဓမ္မာခုနစ်ကျမ်းပဋ္ဌာန်းကုန်အောင် သင်ဘူးပို့ချဘူး၍ ရူပသန္ဓတိပဋိသန္ဓေဝိညာဉ်နှင့်အတူတက္ခ တပြိုင်တည်း တချိန်တည်း အစ စွဲဖြစ်ပေါ်လာတဲ့ ကမ္မဇရုပ်အစဉ်ပဋိသန္ဓေစိတ်တွင် ဌီခဏမှစ၍ဖြစ်ပေါ်တဲ့ ဥတုဇရုပ်အစဉ် ပဋိသန္ဓေနောင် ပဌမဘဝင်ဥပါဒ်ခဏမှစ၍ ဖြစ်ပေါ်လာတဲ့ စိတ္တဇရုပ်အစဉ် ဩဇာပို့နှံ့ရာမှအစပြု၍ ဖြစ်ပေါ်လာတဲ့ အာဟာရဇရုပ် အစဉ် ဤသို့ရုပ်အစဉ်လေးမျိုး ပဋိသန္ဓေဝိညာဉ်တို့နောင် ပဌမဘဝင် ထို့ နောင် ဒုတိယဘဝင် ဤသို့စသည်ဖြင့် ဖြစ်ပေါ်လာတဲ့နာမ်တရားအစဉ် ဤ အစဉ်မျှားကို အသေအချာသိကြ၏။ အစဉ်မျှားကိုသိရုံမက ပဋိသန္ဓေ ဝိညာဉ်သည် ဥပါဒ်ဌီဘင်ခဏ သုံးခုပြည့်သောအခါ ချုပ်ကွယ်သေဆုံးကာ သွား၏။ ရှေ့ခဏမျှားတွင် ရှာမရတော့ပါ။ ပဌမဘဝင် ဒုတိယဘဝင်စသော နာမ်တရားတို့လည်း အစဉ်မပြတ်သမျှကာလပတ်လုံး ဖြစ်ပေါ်လာကာ ခဏသုံးချက် ပြည့်တက်သောအခါ ချုပ်ကွယ်သေဆုံးကာသွားကြသည်လို့လဲ သိကြ၏။ ပဋိသန္ဓေစိတ်နှင့် အတူအကွဖြစ်တဲ့ ကမ္မဇရုပ်တို့လည်း ရုပ်သက် ကား စိတ္တက္ခဏ တဆဲ့ခုနစ်ချက် အသက်ရှိသောကြောင့် ပဋိသန္ဓေနောင် တဆဲ့ခုနစ်ကြိမ်မြောက်သော ဘဝင်စိတ်၏ဘင်ခဏတွင် ချုပ်ကွယ် သေဆုံး ကြ၏။ အခြားသောရုပ်မျှားလဲ စိတ္တက္ခဏတဆဲ့ခုနစ်ကြိမ် ခဏငယ် ငါးဆဲ့ တကြိမ် အသက်စေ့သောအခါ ချုပ်ကွယ်သေဆုံးကြတာပဲလို့ သိကားသိကြ ၏။ သို့သော် အခြို့ကား စာအုပ်တွင် ခံတွင်းတွင် ပြောဆိုဖို့လောက်သာ အသုံးကျသည်ထင်ကြ၏။ အခြို့ကား အဇ္ဈတ္တဗဟိဒ္ဓနှစ်ဝသောသန္တာန်မျှား တွင် ရုပ်နာမ်ဓမ္မတို့ ဖြစ်ပျက်ကာနေကြတယ်လို့ သိကားသိကြ၏။ သိခဲ့ငြား သော်လည်း ဘာဝနာမပွါး အဖြစ်အပျက်ကို နှလုံးဥာဏ်မထားခြင်းကြောင့် အခြို့သောကလျာဏပုထုဇဉ်အား သန္တတိပညတ်အမျိုးမျိုးက အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာတဲ့ သဘာဝဓမ္မအမျိုးမျိုးရဲ့ ပျောက်ကွယ်သေ ဆုံးကာသွားသော အနိစ္စလက္ခဏာကို မထင်မမြင်နိုင်အောင် ဖုံးကွယ်ကာ

ချထားပါတယ်။ သန္တာန်တိပညတ်အမျိုးမျိုးက ဖုံးကွယ်ကာထားသောကြောင့် အနိစ္စလက္ခဏာကို မမြင်မထင်သော ကလျာဏပုထုဇ္ဇဉ်လဲ သဘာဝခဏအားဖြင့် အမျိုးမျိုးအဖုံဖုံသော သဘာဝတရားတို့ကို တယောက်တည်း တခုတည်းထင်မှတ်ကာ ပုဂ္ဂိုလ် သတ္တဝါပဲ ယောကျ်ား မိန်းမပဲ ငါပဲ သူပဲလို့ မှောက်မှားကာ စွဲယူပါတော့တယ်။ ငါ့လင် ငါ့မယား ငါ့သား ငါ့သမီး ငါ့ကျောင်း ငါ့ကန် ငါ့ဗိမာန်လို့ စွဲယူကာနေတော့သည်။ ။ဤကား သန္တတိ ပညတ်က အနိစ္စလက္ခဏာကို ဖုံးကွယ်၍ ထားပုံတည်း။

အခု၌သောကလျာဏပုထုဇ္ဇဉ်ကား သဘာဝခဏအားဖြင့် တခြားစီတခုစီဖြစ်သော ရုပ်နာမ်ဓမ္မတို့ကို သုတစိန္တာနှစ်ဖြာသော ဉာဏ်တို့ဖြင့် သိလဲ သိ၏။ ကြံစည်လဲကြံစည်ခဲ့ဘူး၏။ အခု၌ကား ပရိယတ်မကျမ်းကျင် ပဋိပတ်တွင်လိုလား၍ ဆရာ့ထံမှ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ဓာတ်လေးပါး သဘောသကန်ကိစ္စ အခြင်းအရာ အကြောင်းတို့နှင့်တကွ သင်ယူမှတ်သားရပါသည်။ ပရိယတ်မကျမ်းကျင် ကျမ်းကျင် ကလျာဏပုထုဇ္ဇဉ် ဟူသမျှတို့ကလျာဏမိတ္တ မိတ်ဆွေကောင်း ဆရာသမားကောင်းထံ နည်းခံ၍ သမထဝိပဿနာနှစ်ဖြာသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ကြပါတယ်။ အားထုတ်တဲ့အခါ ဘာဝနာရင့်သန်အားရှိ၍ ရုပ်ဓမ္မတို့ တသုတ်တသုတ် တအုပ်တအုပ် တက်လာကာ အသစ်ပေါ်လာတဲ့ ဥဒယ, ချုပ်ကွယ်သေဆုံးတဲ့ ဝယတို့ကို မျက်မှောက်ပစ္စက္ခ တွေ့သိကြပါတယ်။ ထို့ထက် ဘာဝနာထက်သန်အားရှိသော် သုံးလေးရက် အစာဖြတ်ထားသော ခန္ဓာကိုယ်တွင် ဒိပ်ဒိပ် ဒိပ်ဒိပ်နဲ့ လျင်မြန်စွာ သွေးလေမျှားတိုး၍ ကျသည်ကို တွေ့ရဘိသကဲ့သို့ လှုပ်လှုပ်လှုပ်လှုပ် ရိပ်ရိပ်နှင့် ရုပ်ဓမ္မတို့၏ ဥဒယဝယအစွန်းတို့ကို မျက်မှောက်ပစ္စက္ခတွေ့သိကြရပါတယ်။ ထို့ထက် ဘာဝနာထက်သန်အားရှိလာသော် ခက်မာတဲ့သဘောကား ပထဝီ၊ ဖွဲ့ထားတဲ့သဘောကား အာပေါပဲ၊ပူလောင်တဲ့သဘောကား တေဇောပဲ၊ ထောက်ပံ့လှုပ်ရှားတဲ့သဘောကား ဝါယောပဲလို့ တခုတခုသော တရားကိုလဲ ပိုင်းခြားကာသိနိုင်ကြ၏။ တခုတည်းသော တရားတွင်လည်း ပထဝီ ခက်မာတဲ့ သဘောပေါ်လာတဲ့ အခိုက်အတန့်ကား ဥပါဒ် ဌီ ဘင်မဟုတ်။ တည်နေတဲ့အခိုက်အတန့်ကား ဌီပဲ၊ ဥပါဒ်ဘင်မဟုတ်။ ဤသို့ ဥပါဒ်ဌီဘင် အခိုက်အတန့်များကိုလဲ တသီးတခြားစီ ပိုင်းခြားကာသိကြ၏။ ဤသို့ ရုပ်ကို အကြမ်းအနုအကဲ့ အစိပ်အားဖြင့် ဥပါဒ်ဌီဘင်

တသီးတခြား ကွဲထွက်သွားအောင် သိကာလာတော့သည်။ ဖရိုဖရဲ ပုံ့ကြဲ ကာဖောက်ပြန်တဲ့ ရုပ္ပနသဘော ရုပ်တရားကို အာရုံပြုတဲ့ ညွတ်သွား ရောက်သွားတဲ့ နာမ်တရားကိုလဲ အာရုံသို့ ရောက်ရောက်သွားတဲ့သဘော သိသိပြီးသွားတဲ့ သဘောကား နာမ်တရားပဲ၊ နာမ်တရားတွင်လဲ အာရုံနှင့် အစစ္စာ တွေ့ကြုံကြရသကဲ့သို့ဖြစ်သော သဘောကား ဖဿပဲ၊ အာရုံကို ခံစားတဲ့သဘောကား ဝေဒနာပဲ၊ အမှတ်ပြု၍ သိတဲ့သဘောကား သညာပဲ၊ အားထုတ်တဲ့သဘော ပြုပြင်စီစဉ်တဲ့သဘောကား စေတနာပဲ၊ ဦးတိုက်သိတဲ့ သဘောကား ဝိညာဉ်ပဲ၊ အာရုံသို့ ရှေးရှုတင်ကာ ကြံစည်တွေးတောတဲ့ သဘော ခေါက်တီးတဲ့သဘောကား ဝိတက်ပဲ၊ အမှန်အကန်မဖောက်မပြန် မြင်သိတဲ့သဘောကား သမ္မာဒိဋ္ဌိဉာဏ်ပညာပဲလို့ တခုတခုသော တရားကို အပိုင်းပိုင်းပြတ်အောင်ပိုင်းခြားကာ ဝိပဿနာဉာဏ်ဖြင့် သိကာသွားတော့ ဖဿစသောနာမ်တရားများတွင်လဲ ပေါ်လာတဲ့အခိုက်အတန့် တည်နေတဲ့ အခိုက်အတန့် ပျောက်ကွယ်သေဆုံးတဲ့ အခိုက်အတန့်များကို ဥပါဒ်အခိုက် အတန့်တွင် ဌီ ဘင်မရှိ၊ ဌီတွင် ဥပါဒ် ဘင်မရှိ စသည်ဖြင့် အပိုင်းပိုင်း ဖြတ် လျက် အချက်ကျစွာ သိကာလာပါ၏။ သွားရာ စားရာ သောက်ရာ ထိုင်နေ ရာများတွင်လဲ မျက်စိအကြည် မျက်စိမှန်မှာ ထင်လာတိုက်လာတဲ့ သဘော ကား အဆင်းရုပါရုံပဲ၊ ရုပါရုံကို ဆင်ခြင်တဲ့သဘောကား အာဝဇ္ဇန်းပဲ၊ မြင် သိတဲ့သဘောကား စက္ခုဝိညာဉ်ပဲ၊ ခံယူတဲ့သဘောကား သမ္ပဋိစ္ဆိုင်းပဲ၊ စုံစမ်းတဲ့သဘောကား သန္တီရဏပဲ၊ မှတ်တဲ့သဘောကား ဝုဋ္ဌေပဲ၊ အဆင့် ဆင့်ခံစားတဲ့သဘောကား ဇောပဲ၊ ဤသို့ စသည်ဖြင့် သူသဘောနှင့် သူ ဓာတ်အပိုင်းပိုင်းဖြတ်လျက် ထင်ကာမြင်ကာ သွားပါတော့၏။ တခုသော နာမ်တရားတွင်လဲ ဥပါဒ် ဌီ ဘင် အခိုက်အတန့်တို့ကို တသီးတခြားစီ ကွဲလျက် ခွဲခြားကာ သိ၍သွားပါ၏။ ထိုသို့သိသောကြောင့် မြင်သိတာ ကြားသိတာ နံသိတာ စားသိတာ တွေ့သိတာ ကြံသိတာတို့ကို ငါတယောက် ထည်းကသိတယ်လို့ မယူတော့ပဲ သူသဘောနှင့် သူဓာတ်အကြောင်းတပ်၍ ဖြတ်ခနဲပေါ်လာကာ ချုပ်ကွယ် သေဆုံးကြတာပဲလို့ သိကာသွားတော့၏။ မိန်းမယောကျ်ားစသည်တို့ကို မြင်တယ် မိန်းမသံ ယောကျ်ားသံတို့ကို ကြား တယ်မယူဆတော့ပဲ သူအကြည်ဓာတ်နှင့်သူ မှန်မှာ ပေါ်လာတဲ့ အာရုံဓာတ် များပဲလို့ တသီးတခြားစီ သိကာသွားတော့၏။ ဤသို့ သိကာသွားသော ဝိပဿကယောဂီသည် အသစ်ပေါ်လာတဲ့ ဥဒယ, ပျောက်ကွယ်သေဆုံးတဲ့

ဝယတို့ကို ပစ္စက္ခမျက်မှောက်အားဖြင့် သိမြင်ကာလာသောကြောင့် သူ သဘောနှင့် သူဓာတ်အပိုင်းပိုင်း အစဉ်ပြတ်လျက် ထင်လာသည်ရှိသော် အနိစ္စလက္ခဏာကို ဟုတ်တိုင်းမှန်စွာ ထင်မြင်ရပါတော့၏။ အနိစ္စလက္ခ ဏာကို ထင်မြင်ရသော် တယောက်တည်းပဲ တခုတည်းပဲ၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်မလို့ မစဲ့ယူတော့ပါ။ ပုဂ္ဂိုလ် သတ္တဝါအတွက် ကိလေသာ စွဲက်၍ မပျက်တော့ပါ။ ဒုစရိုက်များလဲ ပါးရှားး၍ ငြိမ်းအေးကာ သွားပါ တော့သတည်း။ ။ သန္တတိပညတ် အစဉ်ပြတ်၍ အနိစ္စလက္ခဏာထင်ပုံ တည်း။

ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတ္ဝာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ်)

ပန၊ လက္ခဏာထင်ပုံကိုပြအံ့။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပရိဂ္ဂဟေ-တ္ဝာ၊ ပိုင်းခြားကာယူ၍ သိ၍။ သန္တတိယာ၊ အဆက်ဆက် ဖြစ်ပျက်လျက် နေသောအစဉ်ကို။ ဝိကောပိတာယ၊ ဉာဏ်သွင်း၍ ဖြတ်တောက်ခြင်းကို ပြုအပ်သည်ရှိသော်။ အနိစ္စလက္ခဏံ၊ သည်။ ယာထာဝသရသတော၊ ဟုတ်တိုင်းမှန်စွာ မိမိသဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။

နာ ဟိ သမ္မဒေဝ ဥဒယဗ္ဗယံ သလ္လက္ခေန္တသ္သ ဓမ္မာ သမ္မန္န-ဘာဝေန ဥပဋ္ဌဟန္တိ၊ အထ ခေါ အယောသလာကာ ဝိယ အသမ္မန္နဘာဝေနာတိ သုဋ္ဌုတရံ အနိစ္စလက္ခဏံ ပါကဋံ ဟောတိ။
(မဟာဋီကာ)

အခြို့သောပုဂ္ဂိုလ်သည် ရုပ်နာမ်ဓမ္မတို့ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပြတ် ခဏခဏ အနှိပ်စက်ခံရသည်ကို မသိခြင်း နှလုံးမပါးခြင်းကြောင့် သွား ရပ် ထိုင် လျောင်း လေးပါးအပေါင်းဖြစ်သော ကျရိယာပုထ်တွင် ထိုင်သောခဏ ညောင်းညာဝုံကျင် ပူပင်ညှိုးနွမ်း ပင်းပန်းလှသောကြောင့် လျောင်းတဲ့ အခါလျောင်း, ရပ်တဲ့အခါရပ်, သွားတဲ့အခါသွားလိုက်ပါတယ်။ ထိုသူသည် ပင်ပန်းဆင်းရဲတဲ့ဒုက္ခ ကွယ်ပျောက်၍ နေသာထိုင်သာ ချမ်းသာသုခသို့ ရောက်သော်လဲ သွားခြင်းစသော ကျရိယာပုထ်က ဖုံးကွယ်ကာထားသော ကြောင့် အမေ အဘ အော်တ ရလောက်အောင် ကျင်နာကိုက်ခဲ ဆင်းရဲ ပင်ပန်းလှတဲ့ ဒုက္ခ ဒုက္ခဝေဒနာဓာတ် ခံစားကာနေတယ်လို့ မသိကြ၊ ဒုက္ခ ဝေဒနာကဲ့သို့ပင် အတ္တဘောအတွင်း ဖြစ်ပျက်ခြင်းတို့ဖြင့် ထိုးကျင့် နှိပ်စက်

တဲ့သဘောကို သခ်ၤါရဓာတ်ပဲလို့လဲ မသိကြ၊ သခ်ၤါရဒုက္ခကား သခ်ၤတတရား ဟူသမျှတွင် မြင်မြင်သမျှ သက်ရှိသက်မဲ့ ဝတ္ထုဟူသမျှတွင် အနှံ့ ပျံ့နှံ့ကာ တည်၏။ နေသာထိုင်သာ ချမ်းသာသုခ ရှိရာမှ တဖန် ကျင်နာကိုက်ခဲ ဆင်းရဲပင်ပန်းလာသောအခါ ဝိပရိဏာမဒုက္ခဓာတ် ခံစားတယ်လို့လဲ မသိကြ၊ ထိုပုဂ္ဂိုလ်သည် ငါ့ကွယ် ညောင်းညာလိုက်တာ ထုံလိုက်ကျင်လိုက်တာ ဆင်းရဲပင်ပန်းလိုက်တာလို့ သိ၏။ ဤရိယာပုထ်တို့က ဤသို့စသော ပုဂ္ဂိုလ် များအား ဒုက္ခလက္ခဏာ ဆင်းရဲပင်ပန်းလှတယ်လို့ သိမှတ်ကြောင်း ဖြစ်တဲ့ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပြတ်ခဏခဏ နှိပ်စက်သော အခြင်းအရာကို မသိအောင် ဖုံးကွယ်ကာချထားပါတယ်။ ။ဤကား ဤရိယာပုထ်က ဒုက္ခလက္ခဏာကို ဖုံးကွယ်ပုံတည်း။

အခြို့သော ဝိပဿကယောဂီသည် ရုပ်နာမ် ခန္ဓာဓမ္မတို့ မပြတ်ခဏခဏ အနှိပ်စက်ခံရသည်ကို သိကြ နှလုံးသွင်းကြသောကြောင့် ရိပ်ရိပ် လှုပ်လှုပ်နဲ့ ပေါ်လာချည် ပျောက်သွားချည်ဖြစ်တဲ့ ဥဒယဝယကို ပစ္စက္ခမျက်မှောက် တွေ့ကြ၏။ ဘာဝနာပွါးစဉ် အဖြစ်အပျက် တွေ့သိသောအခါ ဩဇာ ရုပ်နာမ်ဓမ္မတို့ကား တလှုပ်လှုပ် တစ့ုက်စ့ုက် ဖြစ်ပျက်လျက်နေသောကြောင့် မကောင်းဆိုးဝါး ဆင်းရဲပင်ပန်းတဲ့သဘောတွေပါတကား လို့ သခ်ၤါရဒုက္ခကို သဘောကျ၏။ ကျင်နာကိုက်ခဲ ဆင်းရဲပင်ပန်းတဲ့ ဒုက္ခ ဒုက္ခဝေဒနာဓာတ် ခံစားသည်ကိုလဲ သဘောကျ၏။ နေသာထိုင်သာ ချမ်းသာသုခမှ ကျင်နာကိုက်ခဲ ဆင်းရဲပင်ပန်းလာသောအခါ ပေါ်လာတဲ့ ဝိပရိဏာမဒုက္ခကိုလဲ သဘောကျ၏။ သံသရာဝဋ်ဆင်းရဲကိုလည်း သဘောကျကာသွား၏။ မျက်စိပေါက် နားပေါက်စသော အပေါက်ခြောက်ပေါက်တို့မှ ထွက်ချည် ဝင်ချည် ဖြစ်ပျက်သည်နှင့် အတည်မကျ ဝဋ်ဒုက္ခတို့ကိုလည်း သဘောကျ ၏။ ဤသို့သဘောရှိသော ယောဂီအား အဖြစ်အပျက်ကို နှလုံးသွင်းလျက် ဤရိယာပုထ်ကို ခွဲဖျက်သည်ရှိသော် ဒုက္ခလက္ခဏာများ ဟုတ်မှန် တိုင်းသော သဘောအားဖြင့် ထင်ပေါ်လာပါတော့သည်။ ဤရိယာပုထ်ခွဲ ဆိုသည်မှာ တခုတည်းသော ဤရိယာပုထ်ကို မပြောင်းလဲပဲ ထားခြင်း ပင်တည်း။

အဘိဏှသမ္ပဋိပီဠနံ မနသိ ကတ္ဝာ ဤရိယာပထေ ဥဿါဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိမဂ်)

အဘိဏှသမ္ပဒိပိဋ္ဌနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ် ခဏခဏနှိပ်စက်ခြင်းကို။ မနသိကတွာ၊ နှလုံးသွင်းဆင်ခြင်၍။ ဣရိယာပထေ၊ ဣရိယာပုထ်တွင် ပေါ်လာတဲ့ ဆင်းရဲဒုက္ခကို ဖုံးကွယ်ကာထားသည်ကို။ ဥဿဒိုတေ၊ ခွဲလှီးစ်သည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ မဖောက်မပြန် ဟုတ်မှန်တိုင်းသော မိမိသဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ ။ဤကား ဒုက္ခလက္ခဏာ ထင်ရှားပုံတည်း။

ဃန အစိုင်အခဲ ဖိုင်တွဲ၍ထားဘိသကဲ့သို့သော အလုံးအခဲသည် သမူဟ, သန္ဓတိ,ကိစ္စ,အာရမ္မဏဃနတို့၏ အစုမ်းဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် သမူဟဃနသည် သဘာဝခဏတို့၏ အစုမ်းဖြင့် တသီးတခြားစီ ဖြစ်သော်လဲ အချင်းချင်းထောက်ပံ့လျက် အပေါင်း၏ အဖြစ်ဖြင့် တည်ကုန်သော ရုပ်နာမ်တရားတို့ကို ဖောက်ပြန်တဲ့ ရုပ္ပနသဘောကား ရုပ်တရား၊ နာမ်မဟုတ်၊ အာရုံသို့ညွတ်တဲ့ ရောက်သွားတဲ့ သိတဲ့သဘောကား နာမ်တရား၊ ရုပ်မဟုတ်၊ ရုပ်နာမ်နှစ်ပါးသာ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ရုပ်နာမ်နှစ်ပါးလဲ အကြောင်းကြောင့် ပေါ်လာတဲ့ သဘောမျှသာတည်း။ ဤသို့ သခ်ါရတရားတို့ကို ကြေမွအောင် မချေဆုန်းသည့်အတွက် တယောက်တည်း တခုတည်းပဲ ပုဂ္ဂိုလ် သတ္တဝါပဲလို့ အမှောက်မှောက် အမှားမှား ယူထားသော ပုဂ္ဂိုလ်အား အကြောင်းနှင့်စပ်ကာ ပေါ်လာရသောကြောင့် အလိုမလိုက်တဲ့ အခြင်းအရာ အနတ္တလက္ခဏာကို ဖုံးကွယ်ကာ ကားချ၍ ထားပါတယ်။ ရုပ်တွင်လဲ ကြမ်းတဲ့ နုတဲ့သဘောကား ပထဝီပဲ၊ ဖွဲ့ပတ်တဲ့ ယိုစီးတဲ့သဘောကား အာပေါပဲ၊ ပူတဲ့ အေးတဲ့သဘောကား တေဇောပဲ၊ ထောက်ပံ့ လှုပ်ရှားတဲ့သဘောကား ဝါယောပဲ၊ ဤသို့ ရုပ်ကို တသီးတခြား စီပြု၍ၾင်း အစစ္စာ အာရုံနှင့် တွေ့ဆုံကျရောက်သကဲ့သို့ ဖြစ်တဲ့သဘောကား ဖဿတည်း၊ ခံစားတဲ့သဘောကား ဝေဒနာတည်း၊ အမှတ်ပြု၍ သိတဲ့ သဘောကား သညာတည်း၊ ပြုပြင်စီစဉ် အားထုတ်တဲ့ သဘောကား စေတနာတည်း၊ ဦးတိုက် သိတဲ့သဘောကား ဝိညာဉ်တည်း၊ ဤသို့ နာမ်တရားကို တသီးတခြားပြု၍ၾင်း ဤကား ရုပ်နာမ်မျှသာ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ရုပ်နာမ်နှစ်ပါးလဲ အကြောင်းကြောင့် ပေါ်လာတဲ့သဘောတရားမျှသာတည်း၊ ဤသို့ သခ်ါရတရားတို့ကို ကြေမွအောင် မချေဆုန်းသည့်အတွက် သမူဟဃနကား အနတ္တလက္ခဏာကို ဖုံးကွယ် ကားချထား

ပါတယ်။ ရှေစကား ကျဉ်းလှ၍ နည်းရအောင် အကျယ်ခဲ့ပြုသည်။ ထို့ထက် အကျယ်ခဲ့၍ သိလေဦး။ ။ဤကား ဃနပညတ်က အနတ္တလက္ခဏာကို ဖုံးကွယ်ပုံတည်း။

ဝိပဿကယောဂီသည် သုတ စိန္တာ နှစ်ဖြာသောဉာဏ်တို့ဖြင့် အချင်းချင်း ထောက်ပုံလျက် အပေါင်း၏ အဖြစ်ဖြင့် တည်ကုန်သော ရုပ်နာမ် တရားတို့ကို ဖရိုဖရဲ ပုံ့ကြဲတဲ့သဘောကား ရုပ်တရား၊ နာမ်မဟုတ်၊ အာရုံသို့ ညွတ်တဲ့ ရောက်သွားတဲ့ သိတဲ့သဘောကား နာမ်တရား၊ ရုပ်တရား မဟုတ်၊ ဤသို့ တသီးတခြားစီ ခွဲခြားလျက် သိ၏။ ကြမ်းတဲ့ နုတဲ့သဘောကား ပထဝီ၊ အာပေါ-စသည် မဟုတ်၊ ဤသို့ စသည်ဖြင့် တသီးတခြားစီ ခွဲခြားလျက် သိ၏။ အာရုံကို တွေးတော ကြံစည်တဲ့သဘော ခေါက်တီးတဲ့သဘောကား သမ္မာသင်္ကပ္ပ ဝိတက်ပဲ၊အမှန်အကန် မဖောက်မပြန် မြင်သိတဲ့သဘောကား သမ္မာဒိဋ္ဌိဉာဏ်ပညာပဲ၊ ဤသို့ စသည်ဖြင့် တသီးတခြားစီ ခွဲခြားလျက်သိ၏။ ဘဝနာပ္ပါးစဉ် လျင်မြန်လှသော အဖြစ်အပျက်ကို ပစ္စက္ခမျက်မှောက်အားဖြင့် တွေ့မြင်သောအခါ ဩဇာ တလှုပ်လှုပ် တရှုရှု ဖြစ်ပျက်ကြသောကြောင့် မဖြစ်ပေါ် မဲ့ပျောက်ကွယ်ရန် တောင့်တလို့မရ အနတ္တပဲလို့ သဘောကျ၏။

ဤကဲ့သို့ သိမြင်သော ဝိပဿကယောဂီအား သမ္မဟဃနပညတ်က အလိုမလိုက်ပဲ အခြင်းအရာ အနတ္တလက္ခဏာကိုဂင်း အထည်ခံ အမာခံ အနှစ်အသားမရ အနတ္တလက္ခဏာကိုဂင်း ဖုံးကွယ်ကာ မထားနိုင်ပါ၊ တယောက်တည်း တခုတည်းယူကာ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမပဲလို့ မခွဲယူတော့ပါ ဆိုလိုသည်။

သမ္မဟဃနကို ကြေမွအောင် ချေဆွဖြိုးဖြစ်၍ တောင့်တ၍ မရတဲ့ အခြင်းအရာ အနတ္တလက္ခဏာသည် သဘာဝပင်ကိုယ်ရင်းအတိုင်း ထင်လာပါတော့သည်၊ မျက်စိပေါက်စသော အပေါက်ခြောက်ပေါက်တို့မှ ထွက်ချည် ဝင်ချည် ဖြစ်ပျက်သည်နှင့် အတည်မကျ အနတ္တကိုလည်း သဘောကျလေ။ ။ဤကား သမ္မဟဃန ကဲ့ပျက်ပုံတည်း။

သန္ဋတိဃနကား သန္ဋတိပညတ်နှင့် အသံထားကဲ့၍ သဘောအားဖြင့် လွန်စွာ မထူးခြားပါ။ အနတ္တသံပါအောင် ရေးပြရခြင်း နှလုံးသွင်းရခြင်း သာ ကွာခြားပါသည်၊ ထို့ကြောင့် မရေးတော့ပါ။

ကိစ္စဃနသည် ရုပ်နာမ်ခန္ဓာ၀ မမှဟူသမျှတို့၏ သူ့ကိစ္စနှင့်သူ တသီး တခြားစီ ဆောင်ရွက်ကာ ချုပ်ကွယ် သေဆုံးကြသော်လဲ တယောက် တည်းယူကာ ပြုလုပ်ခံစားတယ်၊ ဓာတ်သဘာ၀ တသီးတခြား တကွဲတပြားစီ ဖြစ်သည်ကို မသိခြင်း နှလုံးမသွင်း မပွါးများခြင်းကြောင့် သူခံစား တတ်တယ်စသည်ဖြင့် စွဲယူသောပုဂ္ဂိုလ်အား အနတ္တလက္ခဏာကို ဖုံးကွယ် ကားချ ထားပါတယ်။ ။ဤကား ဖုံးကွယ်ပုံတည်း။

ဝိပဿကယောဂီသည် တည်ရာဖြစ်ခြင်းကား မာတဲ့သဘောပထ၀ီရဲ့ ကိစ္စ ပထ၀ီရဲ့အလုပ်ပဲ၊ အာပေါစသည်ကိစ္စမဟုတ်၊ တိုးပွါးခြင်းကား ဖွဲ့ထားတဲ့သဘော အာပေါရဲ့ကိစ္စ၊ ပထ၀ီစသည်ရဲ့ကိစ္စမဟုတ်၊ ရင့်ကျက်ခြင်း ကား ပူလောင်တဲ့သဘော တေဇောရဲ့ကိစ္စ၊ ပထ၀ီစသည်ရဲ့ကိစ္စမဟုတ်၊ ဤသို့ရုပ်ဓာတ်သဘာ၀ဟူသမျှတို့ကို ကိစ္စအလုပ်အသီးထုတ်လျက် တခုစီ ချုပ်ကွယ်သေဆုံးကြသည်ကိုသိ၏။ ပုဂ္ဂိုလ် သတ္တ၀ါ ငါ သူတပါး ယောကျား မိန်းမရဲ့ ဟူ၍လဲ သဘောကျ၏။ အာရုံနှင့်စိတ် ထိခိုက် တွေ့ဆုံခြင်းကား ဖုံသနသဘောရှိသော ဖဿရဲ့ကိစ္စ ဖဿရဲ့ အလုပ်ပဲ၊ ဝေဒနာစသည်ရဲ့ကိစ္စမဟုတ်၊ ခံစားခြင်းကား ဝေဒယိတသဘောရှိသော ဝေဒနာရဲ့ကိစ္စ၊ ဖဿစသည်ရဲ့ကိစ္စမဟုတ်၊ တဖန်အမှတ်ပြု၍ သိခြင်းကား သဉ္ဇာနနသဘောရှိသောသညာရဲ့ကိစ္စ၊ ဝေဒနာစသည်ရဲ့ကိစ္စမဟုတ်၊ ဤသို့ နာမ်ဓာတ်သဘာ၀ဟူသမျှတို့ကို ကိစ္စအလုပ်အသီးထုတ်လျက် တခုစီချုပ် ကွယ်သေဆုံးကြသည်ကို သိ၏။ ပုဂ္ဂိုလ် သတ္တ၀ါ ငါ သူတပါး ယောကျား မိန်းမရဲ့ အလုပ်မဟုတ်ဟူ၍လဲ သဘောကျ၏။ မျက်စိပေါက်စသောဒွါရ ခြောက်ပါးတွင်လဲ မျက်စိဖြင့် မိန်းမယောကျားစသည်ကို မြင်ရာတွင် အဖြူအညိုစသော အဆင်းကိုသာ အာရုံပြုခြင်းကား အဆင်းကိုသိတဲ့ သဘော စက္ခုဝိညာဉ်ရဲ့ကိစ္စအလုပ်သာ၊ သမ္ပဋိစ္ဆိုင်းစသော၀ိညာဉ်၏ကိစ္စ အလုပ်မဟုတ်၊မိန်းမယောကျားရဲ့အဆင်းကိုသိခြင်းမဟုတ်ဟူ၍လဲ သဘော ကျ၏။ မြင်သိစက္ခုဝိညာဉ်၏ အာရုံဖြစ်ရခြင်း အဲသိခံရခြင်းကား မျက်စိ မှန်တွင်ထင်ပေါ်လာဘဲ့သဘော အဆင်းရူပါရုံ၏ကိစ္စအလုပ်ပဲ၊ သဒ္ဒါရုံ စသောအာရုံများ၏ ကိစ္စမဟုတ်၊ မိန်းမယောကျား ပုဂ္ဂိုလ်သတ္တ၀ါစသော ၀တ္ထုဒြပ်တို့၏ ကိစ္စအလုပ်မဟုတ်ယူ၍လဲ သဘောကျ၏။ အဆင်းရူပါရုံကို ဆွဲဆောင်ခြင်းကား စက္ခုအကြည်မျက်စိမှန်၏ ကိစ္စအလုပ်သာ၊ သောတ စသော အကြည်မှန်များ၏ အလုပ်မဟုတ်၊ မိန်းမ ယောကျားစသော

ပုဂ္ဂိုလ်သတ္တဝါရဲ့ အလုပ်ကိစ္စမဟုတ်ဟူ၍လဲ သဘောကျ၏။ ကိစ္စဃနသည် ဤပုံ ဓာတ်သဘာဝဟူသမျှတို့ကို သူ့ဓာတ်နှင့် သူ့ကိစ္စပိုင်းခြားကာပြလျက် ဉာဏ်စူးရှကာ တွေ့ထိသောယောဂီအား အနတ္တလက္ခဏာကို ဖုံးကွယ်ကာ မထားနိုင်ပါ၊ ယောဂီသည် သူ့ဓာတ်နှင့် သူ့ကိစ္စ အသိပိုင်လှသောကြောင့် ကိစ္စဃနကြေမှုကာ အနတ္တလက္ခဏာ သူ့ပင်ကိုယ်သဘောရင်းအတိုင်း ထင်လာ ပေါ်လာသည်ကို တွေ့ရသဖြင့် ငါမြင်တယ် မိန်းမယောကျ်ားကို မြင်တယ် တွေ့တယ်စသည်ဖြင့် မစဲတော့ပါဆိုလိုသည်။ ။ဤကား ကိစ္စဃနကြေမှု၍ အနတ္တလက္ခဏာ ထင်ပုံတည်း။

အာရမ္မဏဃနသည် ရုပ်နာမ်နှစ်ဝ မမှဟူသမျှတို့၏ သူ့အာရုံနှင့် သူ့အာရမ္မဏိက တသီးတခြားစီဆောင်ရွက်ကာ ချုပ်ကွယ်သေဆုံးကြသော်လဲ ဓာတ်သဘာဝတသီးတခြား တကဲ့တပြားစီဖြစ်သည်ကို မသိခြင်း နှလုံးမသွင်းမပွါးများခြင်းကြောင့် တယောက်တည်းယူကာ ငါမြင် ငါကြား ငါနံတယ်စသည်ဖြင့်ရင်း မြင်ရတာမိန်းမပဲ စသည်ဖြင့်ရင်း ယူသောပုဂ္ဂိုလ်အား အနတ္တလက္ခဏာကို ဖုံးကွယ်ကားချထားသည်မည်ပါတယ်။ ။ဤကား အာရမ္မဏဃန ဖုံးကွယ်ပုံတည်း။

ဝိပဿကယောဂီသည် မျက်စိဖြင့် မိန်းမယောကျ်ားစသော ဝတ္ထုကို တွေ့မြင်သောအခါ မျက်စိတွင်ထင်လာတာဟာ အဆင်းရူပါရုံပဲ၊ သဒ္ဒါရုံ စသည်မဟုတ်၊ အဆင်းရူပါရုံကို မြင်သိတာဟာ စက္ခုဝိညာဉ်ပဲ၊ သောတဝိညာဉ်စသည်မဟုတ်၊ အဆင်းရူပါရုံလဲ ရုပ်တရား၊ နာမ်တရားမဟုတ်၊ မြင်သိစက္ခုဝိညာဉ်လဲ နာမ်တရား၊ ရုပ်တရားမဟုတ်၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်နှစ်ပါး တရားအစုမျှသာတည်း၊ မြင်သိတာ ငါမဟုတ်၊ မြင်ရတာလဲ မိန်းမစသည် မဟုတ်ဟူ၍လဲ သဘောကျ၏။ အသံကြား အနံ့နံ့ အစာစား အတွေ့တွေ့ ကြုံသိသောအခါမျှားတွင်လဲ သူ့အာရုံ သူ့အကြောင်းနှင့် သူ့အာရမ္မဏိကအကျိုးဓာတ် သဘောမျှသာ ဖြစ်ပေါ်ကာ လာကြသတည်း။ ကြားသိတာ စသည်လဲငါမဟုတ်၊ ကြားရတာစသည်လဲ မိန်းမသံ ယောကျ်ားသံ စသည်မဟုတ်ဟူ၍လဲ သဘောကျ၏။။

အာရမ္မဏဃနသည် ဤသို့ဓာတ်သဘာဝဟူသမျှတို့ကို သူ့အာရုံနှင့် သူ့အာရမ္မဏိက ပိုင်းခြားကာပြလျက် ဉာဏ်စူးရှကာတွေ့သိသောယောဂီ

အား အနတ္တလက္ခဏာကို ဖုံးကွယ်ကာ မထားနိုင်ပေ၊ ယောဂီသည် သူ့အာရုံနှင့် သူ့အာရမ္မဏိကအသိပိုင်လှသောကြောင့် အာရမ္မဏဃနကြမ္ဘကာ အနတ္တလက္ခဏာ သူ့ပင်ကိုယ်သဘောရအတိုင်း ထင်ပေါ်လာသည်ကို တွေ့ရသဖြင့် ငါမြင်တယ် ငါကြားတယ်စသည်ဖြင့်ရင်း မိန်းမပဲ မိန်းမအသံ မိန်းမအနံ့စသည်ဖြင့်ရင်း မစဲယူတော့ပါ ဆိုလိုသည်။ ။ဤကား အာရမ္မဏ-ဃန ကြမ္ဘ၍ အနတ္တလက္ခဏာထင်ပုံတည်း။

နာနာဓာတုယော ဝိနိဘုဇိတ္ဘာ ဃနဝိနိဗ္ဘောဂေ ကတေ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

နာနာဓာတုယော၊ အမျိုးမျိုးသောဓာတ်သဘောတို့ကို။ ဝိနိဘုဇိတ္ဘာ၊ တသီးတခြားစီပြု၍။ ဃနဝိနိဗ္ဘောဂေ၊ သမ္ဘဟသန္ဓတိကိစ္စအာရမ္မဏတို့၏ အစွမ်းဖြင့် အတုံးအခဲကြကဲ့သည်ကို။ ကတေ၊ ပြုအပ်ပြီးသည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်တိုင်း မှန်စွာမိမိသဘောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်ပေါ်ကာလာ၏။

ယာ ဟေသာ အညမညူပတ္ထဒ္ဓေသု သမုဒိတေသု ရူပါရူပဓမ္မေ-သု ကေတ္တာဘိနိဝေသဝသေန အပရိမဒ္ဒိတသခ်ါရေဟိ ဂယှမာနာ **သမ္ဘဟဃနတာ**, တထာ တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဋိနိယတဘာဝေ ဧကတော ဂယှမာနာ **ကိစ္စဃနတာ**, တထာ သာရမ္မဏဓမ္မာနံ သတိပိ အာရမ္မဏကရဏဘောဒေ ဧက-တော ဂယှမာနာ **အာရမ္မဏဃနတာ စ**၊ တာသု-ဓာတူသု ဉာဏေန ဝိနိဗ္ဘုဇိတ္ဘာ ဝိနိဗ္ဘုဇိတ္ဘာ ဒိဿမာနာ ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏပိဏ္ဍော ဝိယ ဝိလယံ ဂစ္ဆန္တီ၊ "ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဧတေ ဓမ္မမတ္တာ"တိ အနတ္တလက္ခဏံ ပါကဋဘာဝံ ဟောတိ။

ဟိ၊ မထင်မရှားး ထိုစကားထင်ရှားစေဦးအံ့။ အညမညူပတ္ထဒ္ဓေသု၊ အပေါင်းဖြစ်ကုန်သော။ ရူပါရူပဓမ္မေသူ၊ ရုပ်နာမ်တရားတို့၌။ ကေတ္တာဘိနိဝေသဝသေန၊ တယောက်တည်း တခုတည်းပဲလို့မှားသောအားဖြင့် စဲယူသည်၏အစွမ်းဖြင့်။ အပရိမဒ္ဒိတသခ်ါရေဟိ၊ ကြမ္ဘအောင် မချဆွရကုန်သေးသော သခ်ါရတရားရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဂယှမာနာ၊အမှောက်မှောက် အမှားမှား စဲယူကာထားသော။ ယာ သော သမ္ဘဟဃနတာ စ၊ အကြင်

အပေါင်း၏အစွမ်းဖြင့် အတုံးအခဲသည်ရင်း။ ထထာ၊ ထိုမှတပါး။ တေသံ တေသံ ဓမ္မာနံ၊ ထိုထို ဓမ္မသဘာဝတို့၏၊ ကိစ္စဘေဒဿ၊ ကိစ္စအားဖြင့် တကဲ့တပြားဖြစ်သည်ကို။ ပဋိနိယတဘာဝေ၊ တသီးတခြားသိအပ် ဆောင်အပ်သော အဖြစ်သည်။ သတိပိ၊ ရှိလျက်လည်း။ ကေတော၊ တပေါင်းတည်း။ ဂယှမာနာ၊ ယူအပ်သော၊ ယာ သော ကိစ္စဃနတာ စ။ အကြင်ကိစ္စ၏အစွမ်းဖြင့် အတုံးအခဲသည်ရင်း။ တထာ၊ ထိုမှတပါး။ သာရမ္မဏဓမ္မာနံ၊ အာရုံအာရမ္မဏိက တရားတို့၏။ အာရမ္မဏကရဏဘေဒေ၊ အာရုံပြု၏အစွမ်းဖြင့် တသီးတခြားသည်။ သတိပိ၊ ဖြစ်လျက်လည်း။ ကေတော၊ တပေါင်းတည်း။ ဂယှမာနာ၊ ယူအပ်သော။ ယာ သော အာရမ္မဏဃနတာ စ၊ အကြင်အာရုံ၏အစွမ်းဖြင့် အတုံးအခဲသည်ရင်း။ အတ္ထိ၊ ရှိ၏။ တာသု ဓာတူသု၊ ထိုဓာတ် သဘာဝ တရားတို့၌။ ဉာဏေန၊ ဉာဏ်ဖြင့်။ ဝိနိဗ္ဘုဇိတ္ဝာ ဝိနိဗ္ဘုဇိတ္ဝာ၊ အသီးသီးခွဲခြားဝေဘန်၍။ ဒိဿမာနာ၊ မြင်ရထင်ကြသော သခါရတရားတို့သည်။ ဟတ္ထေန၊ လက်ဖြင့်။ ပရိမဇ္ဇိယမာနေ၊ သုံးသပ်ကိုင်တွယ်အပ်သော။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြုပ်စိုင်ကဲ့သို့။ ဝိလယံ၊ ကြေမွခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ ဧတေ၊ ဤသခါရတရားတို့သည်။ သုညာ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကုန်။ ဓမ္မမတ္တာ၊ ရုပ်နာမ်နှစ်ပါး တရားအစုတို့သာတည်း။ ဣတိ၊ ဤသို့။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ ပါကဋ္ဌ-တရံ၊ အလွန်ထင်ရှားသည်။ ဟောတိ၊ ၏။

စိန်နားဌောင်း ပုတီး လက်ကောက်ကြိုးစသော အဝတ်တန်းဆာဆင်ထားစရာမျှားသည် ရုပ်နာမ်ဓမ္မသဘာဝတို့ကို မသိမဆင်ခြင်အဝိဇ္ဇာတဏှာယှဉ်သောသူအား မကောင်းတဲ့ အနှံ့ စက်ဆုပ်ရွံရှာဖွယ်မျှားကို နှလုံးမထားသောကြောင့် အသုဘလက္ခဏာ မတင့်တယ်ရွံစဖွယ်ပဲလို့ သိမှတ်ကြောင်းဖြစ်တဲ့ အသုဘလက္ခဏာကို ဖုံးကွယ်ကာထားပါတယ်။ ကောင်းခြင်းငါးဖြာ ပြည့်စုံရှာသော ယောကျ်ား မိန်းမတို့ကို လူလောက်လဲမက နတ်လောက်လဲမလှဆိုဘိသကဲ့သို့ လူတွင် လူမော် လူကျော် လူလှလို့ ထင်ကာနေ၏။ ထန်းလဗတ် နတ်ရုပ်ထင်ဆိုတာလို နတ်သမီး နတ်သားကလေးမျှားထင်မှတ်ကာ နေတော့သည် ဆိုလိုသည်။ တန်းဆာက အသုဘလက္ခဏာကို ကွယ်ထားပုံတည်း။

စိန်နားခေါင်း စိန်နားကပ်စသော တန်ဆာများသည် ရုပ်နာမ်နှစ်ဝ ဓမ္မဟူသမျှတို့ကို ဆင်ခြင်နှလုံးထား အဝိဇ္ဇာတဏှာက ပါးသောကြောင့် အတ္တင်းကလဲပုပ် ပြင်ကလဲစက်ဆုပ်ဖွယ်ရာ ကိုးဖြာသောဒွါရ အဝဝတို့မှ မစင်မကြယ်ရှုံစဖွယ်တို့ဖြင့် ယိုစီးကာ အမြဲကျနေတဲ့ ခန္ဓာကိုယ်ကိုတွေ့မြင်ရ၏။ တန်ဆာအမျိုးမျိုးတို့ဖြင့် ချယ်လယ်မှန်းမံ၍ ထားသော်လဲ မစင်အိုးကြီးကို အပမှ ပန်းချီဆေးချယ်ထားဘိသကဲ့သို့ ထင်မြင်သောယောဂီအား မျက်စိမှ မျက်ချေး နားမှ နားဖာချေး နှာခေါင်းမှ နှပ်ချေး ခံတွင်းမှ တံထွေး သလိပ် ခွဲခန်း ဝစ္စမဂ်မှ ကျင်ကြီး ပဿာဝမဂ်မှ ကျင်ငယ် ဥတုသွေး တကိုယ်လုံးမှ ချေးအညစ်အကြေးများကိုသာ ဆင်ခြင်နှလုံးထား စိတ်မှာပျံ့းသောကြောင့် အသုဘလက္ခဏာ မတင့်တယ်မဖွယ်ရာ စက်ဆုပ်ဖွယ်သာဟူ၍ သိမှတ်ကြောင်းဖြစ်တဲ့ အသုဘလက္ခဏာကို ဖုံးကွယ်ကာ မထားနိုင်ပါ။ အဆိပ်သီးသော သစ်ပင်နှင့်တူစွာ ဆင်းရဲအစုံသာ ဖြစ်၍ မတင့်တယ် မကောင်းပါကလားဟူသော အသုဘလက္ခဏာ ထင်ရှားစွာ ပေါ်လာပါတယ် ဟူ၍သာ ဆိုလိုသည်။

အလ္လဓမ္မပရိစ္ဆန္နော၊ နဝဒ္ဒါရော မဟာဝဏော။
သမန္တတော ပဿရတိ၊ အသုစိ ပုတိဂန္ဓိယော။

အလ္လစမ္မပရိစ္ဆန္နော၊ စုံစုတ်သော အရေတို့ဖြင့် ဖုံးအုပ်ထားသော။ နဝဒ္ဒါရော၊ ကိုးပေါက်·ကိုးဝ ကိုးဒွါရရှိတဲ့ ခန္ဓာကိုယ်သည်။ မဟာဝဏော၊ အရေတွေတစုံစုံနှင့် ယိုကျသော အိုင်းအမာ အနာကြီးနှင့်တူသည်ဖြစ်၍။ အသုစိ၊ မစင်မကြယ်ရှုံစဖွယ်။ ပုတိဂန္ဓိယော၊ အပုပ်အနံ့တို့ဖြင့် တကြိုင်ကြိုင် လှိုင်လျက်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဿရတိ၊ ယိုစီးကာကျနေ၏။ အသုဘလက္ခဏာထင်ပုံတည်း။

၁။ အနိစ္စရှု၊ ဖုံးကွယ်ပြု၊ သိမှုအစဉ်သာ။
၂။ ဒုက္ခဟူရှု၊ ဖုံးကွယ်ပြု၊ သိမှုကျရိယာ။
၃။ အနတ္တရှု၊ ဖုံးကွယ်ပြု၊ သိမှုဃနသာ။
၄။ ရုပ်ပဲနာမ်ပဲ၊ ဝေခွဲမနိုင်၊ မပိုင်ဆုံးဖြတ်၊ အစဉ်ထပ်၍၊ တရုပ် ယောကျား၊ အထင်မှား၊ မှတ်သားသန္တတိဃန။

၅။ သဘောကိစ္စ၊ ထူးခြားကြလျက်၊ ကိစ္စပိုင်းခြား၊ မသိငြားရှိ၊
ယောကျ်းတယောက်၊ အထင်မှောက်၊မှတ်လောက်ကိစ္စဃန။
၆။ အာရမ္မကို၊အာရုံရှိတို့၊ ဖြစ်ဘိတုံငြား၊ အသိမှားရှိ၊ ယောကျ်း
တယောက်၊ အထင်မှောက်၊ မှတ်လောက်အာရမ္မကဃန။
၇။ အသုဘရှု၊ ဖုံးကွယ်ပြု၊ သိမှုတန်းဆာသာ။
၈။ ဖြစ်ပျက်ကိုရှု၊ အစဉ်ထု၊ ထင်မှုအနိစ္စာ။
၉။ နှိပ်စက်ကိုရှု၊ မပြောင်းမှု၊ ထင်မှုဒုက္ခသာ။
၁၀။ ဓာတ်သီးသီးရှု၊ ဃနထု၊ ထင်မှုအနတ္တာ။
၁၁။ တန်ဆာချွတ်ထား၊ ရှုခဲ့ငြား၊ ထင်ရှားအသုဘာ။
၁၂။ အနိစ္စထင်၊ မာနစင်၊ ကျိုးပင်မှတ်ခဲ့ပါ။
၁၃။ ဒုက္ခဟုထင်၊ တဏှာစင်၊ ကျိုးပင်မှတ်ခဲ့ပါ။
၁၄။ အနတ္တထင်၊ ဒိဋ္ဌစင်၊ ကျိုးပင်မှတ်ခဲ့ပါ။
၁၅။ အသုဘထင်၊ ရာဂစင်၊ ကျိုးပင်မှတ်ခဲ့ပါ။

အနိစ္စလက္ခဏာစသော ဤလက္ခဏာသုံးပါးတို့ကိုကား သဘောတရား မျိုးမဟုတ်သောကြောင့် ခန္ဓာဟူ၍လဲမဆို၊ ခန္ဓာတို့နှင့်ကင်း၍ မသိနိုင်သောကြောင့် ခန္ဓာမှ အလွတ်ဟူ၍လဲ မဆိုနိုင်၊ အမှန်မှာ ခန္ဓာတို့ကိုမှီ၍ ဝေါဟာရနှင့်စပ်သောအားဖြင့် ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးတို့၏ အပြစ် အာဒီနဝကို ထင်ရှားစွာ ဖော်ပြရန်အကြောင်းထူးဖြစ်တဲ့ တဇ္ဇာပညတ် အထူးဟူ၍သာ ခေါ်ဆိုကြရသတည်း။

ခန္ဓေ ပန ဥပါဒါယ ဝေါဟာရဝသေန လဇ္ဇမာနာ တဒါဒိ-
နဝဝိဘာဝနာယ ဝိသေသကာရဏဘူတာ တဇ္ဇာပညတ္တိဝိသေ-
သာတိ ဝေဒိတဗ္ဗာ။

ပန၊ အဟုတ်သော်ကား။ ခန္ဓေ၊ ရုပ်နာမ်ခန္ဓာတို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ဝေါဟာရဝသေန၊ ဝေါဟာရနှင့်စပ်သောအားဖြင့်။ လဇ္ဇမာနာ၊ ရအပ်တဲ့။ တဒါဒိနဝဝိဘာဝနာယ၊ ထိုခန္ဓာငါးပါးတို့၏အပြစ်ကိုထင်စွာပြရန်အလို့ငှါ။ ဝိသေသကာရဏဘူတာ၊ ထူးသောအကြောင်းဖြစ်တဲ့။ တဇ္ဇာပညတ္တိဝိသေ-သာတိ၊ တဇ္ဇာပညတ်အထူးဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

လက္ခဏာကား၊ ရုပ်နာမ်များကို၊ မှီငြား၍သာ၊ အပြစ်ပါ၊ ပြောလာတင့်သာပည်တ်သာ။

ဝိပဿကယောဂီသည် ထိုအလုံးစုံသော အနိစ္စ အနိစ္စလက္ခဏာ စသည် ကိုလည်း ညစ်နွမ်းကြောင်း ဥပက္ကိလေသမှလွတ်သောကြောင့် လမ်းစဉ် လမ်းမှန်ကျရောက်တဲ့ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ဟုတ်မှန်တိုင်း မိမိ သဘောအားဖြင့် မှတ်သားပိုင်းခြားနိုင်ပါတော့တယ်။ ဥဒယဗ္ဗယာ-နုပဿနာခေါ်ဆိုသည်မှာ မုချစကားမဟုတ်၊ အကျိုးရဲ့အမည်ကိုအကြောင်း တွင်တင်၍ ဖလူပစာအားဖြင့် ခေါ်ဆိုသောစကားသာဖြစ်သည်၊ ဥဒယဗ္ဗယ ဉာဏ်သည် လက္ခဏာများကို မုချတိုက်ရိုက်အာရုံမပြုနိုင်ပါ၊ ဥဒယဗ္ဗယဉာဏ် ရရန် အကြောင်းဖြစ်တဲ့ လက္ခဏာများကို အာရုံပြုသောဝိပဿနာဉာဏ် ကိုသာ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်ဆိုပေသည်။ ဥဒယဗ္ဗယဉာဏ် ထက်သန် အားရှိအောင် ပြုလိုတဲ့ ယောဂီသည် လက္ခဏာယာဉ်သုံးပါးကို ပိုင်းခြား မှတ်သားခြင်းကိုသာ ပြုရာပါတယ်။

လက္ခဏာယာဉ်သုံးပါးကို ပိုင်းခြားမှတ်သားခြင်းကား ဥဒယဗ္ဗယဉာဏ်ရဲ့ ပရိကမ်နှင့်တူသောကြောင့် သင့်မြတ်ပေ၏။ ကြွင်းသောဉာဏ်များတွင်လဲ ကျိန်းအတိုင်းမှတ်လေ၊ လက္ခဏာယာဉ်သုံးပါးပိုင်းခြားမှတ်သားရမည် ဆိုသည်မှာ သမ္မသနဉာဏ်အရာမှာကဲ့သို့ သာမညလက္ခဏာတင်၍ ရှုကြည့် ရမည်မဟုတ်၊ ထင်ပေါ်လာပြီးသော လက္ခဏာများကို ကြည့်ရှု၍သာ အနိစ္စအနိစ္စစသည်ဖြင့် ပိုင်းခြားမှတ်သားလိုက်ပါ ဆိုလိုသည်။

ဥဒယဗ္ဗယဉာဏံ ပန တိက္ခံ ဝိသဒဉ္စ ကာတုကာမေန လက္ခဏတ္တယတီရဏမေဝ ကာတဗ္ဗံ။ ပရိကမ္မသဒိသဉ္ဥတံ တဿ၊ သေ နယော သေသဉာဏေသုပိတိ။ (မဟာဋီကာ)

ပန၊ မှာထားခဲ့ဦးမည်။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယဉာဏ်ကို။ တိက္ခဉ္စ၊ ထက်မြက်သည်ကိုဂင်း။ ဝိသဒဉ္စ၊ သန့်ရှင်းသည်ကိုဂင်း။ ကာတုကာမေန၊ ပြုလိုသော ယောဂီသည်။ လက္ခဏတ္တယတီရဏမေဝ၊ လက္ခဏာသုံးပါး ပိုင်းခြားမှတ်သားခြင်းကိုသာလျှင်။ ကာတဗ္ဗံ၊ ပြုရမည်။ ဟိ၊ သင့်စ့။ ဧတံ၊ ဤသို့ပိုင်းခြားမှတ်သားခြင်းသည်။ တဿ၊ ထိုဥဒယဗ္ဗယဉာဏ်၏။ ပရိကမ္မသဒိသံ၊ ပရိကမ်နှင့်တူ၏။ သေသဉာဏေသုပိ၊ ကြွင်းသောဉာဏ်

တို့၌လည်း။ သေ နယော၊ ဤသည်ပင်သိကြောင်းနည်းတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဝိပဿကယောဂီသည် ဤပုံအနိစ္စ အနိစ္စလက္ခဏာ စသည်တို့ကို ကောင်းစွာပိုင်ပိုင်မှတ်သားနိုင်လျက် သြော် အနိစ္စ အနိစ္စ မမြဲ မမြဲဟူ၍၎င်း သြော် ဒုက္ခ ဒုက္ခ မကောင်း မကောင်းဟူ၍၎င်း သြော် အနတ္တ အနတ္တ အနှစ်အသားမရ အနတ္တဟူ၍၎င်း ရုပ်နာမ်နှစ်ပါးခန္ဓာငါးပါးတရားတို့ကို နှိုင်းချိန်ဆုံးဖြတ်ပုံးများမှတ်သားစဉ် ဉဒယဗ္ဗယဉာဏ်ထက်သန်အားရှိ၍ လာပါတယ်။ ဘာဝနာကိုအလေ့အလာပြုဖန်များသောကြောင့် ဉဒယဗ္ဗယဉာဏ်ထက်သန်အားရှိ၍ လာပါတယ်။ ပုံလွှဲတုန်လှုပ်ခြင်း မရှိသောကြောင့် လေ့လာအပ်သောဘာဝနာလည်း အာရုံတွင် စိုက်ထားသကဲ့သို့ တည်ကာနေပါတယ်။ ထိုသို့ ဉဒယဗ္ဗယဉာဏ်ထက်သန်အားရှိသောကြောင့် လွန်စွာဆူပွက်နေတဲ့ ဟင်းချိုဒယ်အိုးမှ ပွက်ပွက်ထနေတဲ့ ရေပွက်ကဲ့သို့ ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့ လျင်လျင်မြန်မြန် ထင်ပေါ်လာကြပါကုန်တယ်၊ ဉာဏ်ကလဲထက်မြက်အားရှိ သင်္ခါရတရားတို့ကလဲ လျင်လျင်မြန်မြန်ထင်လာကြသောအခါ အသစ်ပေါ်လာတဲ့ ဉဒယကို ရှုကြည့်ခြင်းကား သင်္ခတတရားတို့၏ ချုပ်ကွယ်သေဆုံးခြင်းကို တွေ့ရ၏။ ချုပ်ကွယ်သေဆုံးခြင်းမှာ ကြောက်လန့်ဖွယ် အပြစ်အနာအဆာ မုန်းတီးစရာ ပါလာသောကြောင့် ချုပ်ကွယ်သေဆုံးခြင်းကို ရှုကြည့်ခြင်းသာ အကျိုးရှိပါတယ်လို့ သိကာလာ၏။ ထိုအခါ ဝိပဿကယောဂီသည် အသစ်ပေါ်လာတဲ့ ဥပါဒ်ကိုမတွေ့မမြင်တော့ပေ။ တည်နေတဲ့အခိုက်အတန့်ဌီခေါ် ဇရာကို၎င်း မြစ်ရေချောင်းရေကဲ့သို့ တသွင်သွင်ဖြစ်လျှင်ပျက်တုံ အကြောင်းဆုံကာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်အစဉ်ပဝတ္တကို၎င်း အပေါင်းအစဉ်တို့၏ အစွမ်းဖြင့် တယောက်တည်းယူကာ ယောကျ်ား မိန်းမ စသော သင်္ခါရနိမိတ် အရိပ် အရောင်ကို၎င်း မတွေ့ရတော့ပေ။ ယောဂီရဲ့ ဉာဏ်သည် ချုပ်ကွယ်သေဆုံးမှုဘင်ကိုသာ အာရုံပြုကာနေတော့၏။ ဉဒယကိုလွှတ်၍ ဝယကို နှလုံးသွင်းသော ကာလတွင် ဤပုံဖြစ်ပေါ်လာကာ ဤပုံရုပ်နာမ်နှစ်ပါး သင်္ခါရတရားများသည် စက်ဆုပ်ဖွယ် ချုပ်ကွယ်သေဆုံးလေ့တကားလို့ ရှုကြည့်သောယောဂီအား ဘင်္ဂါနုပဿနာဉာဏ် ဖြစ်ပေါ်လာတဲ့ ဝိပဿနာဉာဏ် ဖြစ်ပေါ်ကာလာပါတယ်။ ဤကား ဉဒယဗ္ဗယဉာဏ်မှ ဘင်္ဂဉာဏ် ကူးပြောင်းပုံတည်း။

တဿ "ဧဝံ ဥပ္ပဇ္ဇိတ္ဝာ ဧဝံ နာမ သခ်ါရဂတံ နိရုဇ္ဈတီ"တိ ပဿတော ကေသ့ိ ဌာနေ ဘဂ်ါနုပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိမဂ်)

ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်ကို တွေ့မြင်ရသောကြောင့် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဆိုတဲ့ အတ္တကောင် ကွယ်ပျောက်၏။ ကွယ်ပျောက်သော်လဲ တခါတရံ သခ်ါရနိမိတ်အရိပ်အရောင်များ ထင်မြင်လျက်ရှိသောကြောင့် လွန်စွာမထင်ရှားပေ။ ဘင်္ဂဉာဏ်ဖြင့် ချုပ်ကွယ်သေဆုံးမှုဘင်ကို တွေ့မြင်ရသောကြောင့် အတ္တကောင် ကွယ်ပျောက်ခြင်းကား သခ်ါရနိမိတ် အရိပ် အရောင်များကင်းကာ လွန်စွာ ထင်ရှားပေ၏။

သခ်ါရေဟိ ဥဒယဗ္ဗယပရိစ္ဆိန္နတ္တာ သနိမိတ္တသန္တာနာ ဝိယ ခါယန္တိ။
(ပဋိသမ္ဘိဒါမဂ်)

ဟိ၊ ထိုစကားသင့်စ့။ သခ်ါရာ၊ ရုပ်နာမ်နှစ်ဝ သခ်ါရတို့သည်။ ဥဒယဗ္ဗယ-ပရိစ္ဆိန္နတ္တာ၊ အဖြစ်အပျက်တို့ဖြင့် ပိုင်းဖြတ်အပ်သည်၏ အဖြစ်ကြောင့်။ သနိမိတ္တသန္တာနာ ဝိယ၊ သခ်ါရနိမိတ် အရိပ်အရောင်တို့ဖြင့်တကွသော သန္တာန်တို့ကဲ့သို့။ ခါယန္တိ၊ ထင်ကုန်၏။

ဥဒယဗ္ဗယဘင်္ဂဒဿနာနံ အနိစ္စာရမ္မဏတ္တာ တပ္ပဋိပက္ခဿ အတ္တဿ အဘာဝေါ ပရိယာယတောဝ ဟိ ပါကဋော ဟောတိ။
(ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ)

ဟိ၊ ထိုစကားသင့်စ့။ ဥဒယဗ္ဗယဘင်္ဂဒဿနာနံ၊ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်တို့၏။ အနိစ္စာရမ္မဏတ္တာ၊ အနိစ္စကို အာရုံပြုသည်၏ အဖြစ်ကြောင့်။ တပ္ပဋိပက္ခဿ၊ ထို အနိစ္စ၏ ဆန့်ကျင်ဖက်ဖြစ်သော။ အတ္တဿ၊ အတ္တ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ပရိယာယတော ဧဝ၊ ပရိယာယ်အားဖြင့်သာလျှင်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

ငါးရာသော ဝိပဿကရဟန်းတို့သည် မြတ်စ့ာဘုရားထံတွင် ကမ္မဋ္ဌာန်းကိုယူကာ တောသို့ဝင်၍ ဝိပဿနာပွါးများအားထုတ်ကြပါတယ်။ မမေ့မလျော့သော ရဟန်းငါးရာတို့သည် ကမ္မဋ္ဌာန်းအထူးကို ယူဦးအံ့ဟူ၍ မြတ်စ့ာဘုရားထံသို့ ပြန်လာကြပြန်ပါတယ်။ လမ်းခရီးအကြားတွင် မရီစိတံလှုပ်ရောင် ကမ္မဋ္ဌာန်းကိုပွါးများလျက်သာ ပြန်လာကြပါတယ်။ ထို ရဟန်း

ငါးရာတို့ ကျောင်းသို့ ဝင်သောခဏတွင် မိုးရွာလာပါတယ်။ ရဟန်းငါးရာတို့သည် ထိုထိုတိုက်ကျောင်းပြာသာဒ်ဦးမှာ ရပ်ကြလျက် လေဟုန်ကြောင့် ထွက်ပေါ်လာကာ ပျော်ပျက်သွားသော ရေပွက်တို့ကို မြင်ကြပါတယ်။ ထိုအခါ ငါတို့ရဲ့ခန္ဓာကိုယ်အတ္တဘောလည်း ဖြစ်ပေါ်လာကာ ပျော်ပျက်သွားသောကြောင့် ရေပွက်နှင့်တူလေစွတကားလို့ ရှုကြည့်ပွါးများကာနေကြပါတယ်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဂန္ဓကုဋီတိုက်တွင် သီတင်းသုံးတော်မူလျက်သာ ရောင်ခြည်တော်လွှတ်၍—

ယထာ ပုပ္ဖုဋ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဆိုတဲ့ ဂါထာကိုဟောတော်မူတယ်။

(ဓမ္မပဒ)

ပုပ္ဖုဋ္ဌကံ၊ ရေပွက်ကို။ ပဿေ ယထာ၊ တွေ့မြင်ရသကဲ့သို့ၥင်း။ မရီစိကံ၊ တံလျှပ်ရောင်ကို။ ပဿေ ယထာ၊ တွေ့မြင်ရသကဲ့သို့ၥင်း။ ဧဝံ၊ ပမာဆိုမူထိုအတူ။ လောကံ၊ ပျော်ပျက်သွားတဲ့ ခန္ဓာစသော လောကကို။ အဝေက္ခန္တံ၊ ရှုကြည့်ပွါးများလျက်နေတဲ့ ယောဂီကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မတွေ့မမြင်နိုင်တကား။

ဒေသနာအဆုံးတွင် ရဟန်းငါးရာတို့ရပ်လျက် အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်၍ ရဟန္တာ ဖြစ်ကြပါကုန်တော့သတည်း။

ဥဒယဗ္ဗယဉာဏ်အခန်း ပြီး၏။

ဘင်္ဂဉာဏ်ပေါ်လာပုံအခန်း

ကထံ အာရမ္မဏံ ပဋိသင်္ခါဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ? ရူပါရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဝာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ကထံ၊ ဘယ်ပုံ။ အာရမ္မဏံ၊ ရူပကွန္ဒာအစ ဇရာမရဏအဆုံးရှိသော အာရုံကို။ ပဋိသင်္ခါဘင်္ဂါနုပဿနေ၊ ပျော်ကွယ် သေဆုံးတယ်လို့ သိသော ဉာဏ်ပညာ၏ ပျော်ကွယ်သေဆုံးတဲ့ ဘင်ကို နောက်ထပ်တဖန် ရှုကြည့်ရာတွင်။ ယာ ပညာ၊ အကြင်အသိဉာဏ်ပညာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဉာဏ်ပညာကို။ ဝိပဿနေဉာဏံ၊ ဝိပဿနာရှုကြည့်ရာတွင် ဉာဏ်ပညာ

ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ရူပါရမ္မဏတာ၊ ရုပ်ကိုအာရုံပြုသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ပေါ်လာကာ။ ဘိဇ္ဇတိ၊ ပျောက်ကွယ်သဆုံး၏။ (တနည်း) ရူပါရမ္မဏတာ၊ ရုပ်တရားဌ္ဌလို ပြန်ဆိုပါ။ ။ရူပါရမ္မဏတာတိ ဝါ ဘုမ္မတ္ထေ ပစ္စတ္တဝစနံ။ (မဟာဋီကာ)

တံ အာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသင်္ခါ၊ ပျောက်ကွယ်သေဆုံးတယ်လို့ သိခဲ့ပြီးသော်။ တဿ စိတ္တဿ၊ သမ္မယုတ်နှင့်တကွဖြစ်သော ထိုဝိပဿနာ စိတ်၏။ ဘင်္ဂံ၊ ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို။ အနုပဿတိ၊ အဖန်ဖန် ရှုကြည့်ပွါးများ၏။

ဖရိဖရဲ ပုံကြဲလျက် ဖောက်ပြန် ပျက်စီးတဲ့ရုပ်၏ ချုပ်ကွယ်သေဆုံးသည်ကို ရှုရာတွင် ရှုကြည့်ပွါးများသောစိတ်၏ ချုပ်ကွယ်သေဆုံးတဲ့ဘင်ကို တွေ့မြင်ပွါးများသောဉာဏ်ကို ဘင်္ဂါနုပဿနာဉာဏ် ပျောက်ကွယ်သေဆုံးသည်ကို ရှုကြည့်ရာတွင် အထွင်္အထပ်သို့ရောက်သော ဝိပဿနာဉာဏ်လို့ ဆိုလိုသည်။

ဘင်္ဂဉာဏ်ကား အာရုံနှင့် အာရမ္မဏိက နှစ်ဝသောရုပ်နာမ်၏ ချုပ်ကွယ်သေဆုံးတဲ့ဘင်ကို တွေ့မြင်ကာသာ့ားပါတယ်။ "ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ" လို့ ရှေးဆရာတို့ မိန့်ကြ၏။ ဉာတဉ္စ၊ သိအပ်တဲ့အာရုံကိုဌင်း။ ဉာဏဉ္စ၊ သိတတ်တဲ့ဉာဏ်ကိုဌင်း။ ဣတိ၊ ဤသို့။ ဥဘောပိ၊ နှစ်မျိုးသော အာရုံအာရမ္မဏိက တရားတို့ကိုလဲ။ ဝိပဿတိ၊ အပျက်မြင်အောင်ရှုကြည့်၏။ ဉာဏဝိဘင်း သတ္တကတွင် ခုနစ်ကြိမ်တိုင်အောင် ရှေ့အာရုံများကို နောက်ဉာဏ်အဆက်ဆက်ဖြင့် ရှုလျက်ပွါးနိုင်ကြောင်း ဟောလျက်ရှိ၏။ ပဋိဝိပဿနာလို့ ခေါ်ကြသည်။

ဤသို့ နှစ်ချက်နှစ်ချက် ဆက်လျက် ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို ရှုနိုင်ခဲ့သည်ရှိသော် ဘင်္ဂါနုပဿနာ လေ့လာပွါးများပြီဖြစ်၏။ အာရုံလဲလှန်စွာထင်ရှား၍ လာပါတယ်။ အမျိုးမျိုးသော အခြင်းအရာတို့ဖြင့် အဖန်ဖန်ရှု ဆိုသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ, နိဗ္ဗိဒ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂါနုပဿနာ ခုနစ်မျိုးတို့ဖြင့် ရှုကြည့်ပွါးများသည်ကို ဆိုလိုသည်။

ခန္ဓာငါးပါးမှစ၍ ဇရာမရဏတိုင်အောင် ဝိပဿနာခုနစ်မျိုးတို့ဖြင့် ယှဉ်တွဲလျက် ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဘင်္ဂဉာဏ်ဖြစ်ပုံအကျယ် ဟောပြ၏။ အနိစ္စာနုပဿနာစသော ခုနစ်ပါးဖြင့် ရှုကြည့်ရာတွင် သန်္ဓတတရား

မှာ ကောင်ိုဆိုတဲ့ ဥပါဒ် ဌီ ဘင် အစ္စန်းအပိုင်းအခြား သုံးပါး လက္ခဏာ များရှိ၏။ သို့ရာတွင် ဇာတိဇရာ အခိုက်အတန့် နှစ်ပါးတို့၌ အနိစ္စလက္ခဏာ လွန်စွာမထင်ရှားပါ။ ပျောက်ကွယ်သေဆုံးတဲ့ ဝယအခိုက်အတန့်တွင်သာ အနိစ္စလက္ခဏာ လွန်စွာထင်ရှားပါတယ်။ ထို့ကြောင့် ဘင်္ဂါနုပဿနာယောဂီသည် အဆုံးစွန်အပိုင်းဖြစ်တဲ့ မရဏဘင်္ဂကို ရှုကြည့်ပွါးများသည်။ ထို့သို့ ရှုကြည့်ပွါးများသော်လဲ ကလာပသမ္မသနည်းမှာကဲ့သို့ အနုမာန မျက်ယမ်း ဆကာ မှန်းဆသောအားဖြင့် ရှုကြည့်ပွါးများသည်မဟုတ်။ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်ကဲ့သို့ ဥဒယဝယနှစ်ပါးကို ရှုကြည့်သည်လည်းမဟုတ်၊ အမှန်စင်စစ်မှာ ဥဒယဗ္ဗယဉာဏ်၏ အစွမ်း အာနုဘော်ကြောင့် ပစ္စက္ခ မျက်မှောက် တွေ့ရကုန်သော အဖြစ်အပျက်တို့တွင် ဥဒယကိုလွှတ်ကာ ဝယကိုရှုကြည့်သည်၏ အစွမ်းဖြင့်သာ အနိစ္စတော အနုပဿတိ-အနိစ္စလို့ အဖန်ဖန်ရှုတယ် ဆိုလိုသည်။ ဤသို့ရှုကြည့်သော ပုဂ္ဂိုလ်အား နိစ္စအယူ အမြင်မျှမရှိတော့ပါ။ ထို့ကြောင့် "နော နိစ္စတော"လို့ မိန့်ပါတယ်။

ပွါးများပုံ—

ဘာဝနာပွါးများရာတွင် မျက်စိမှိတ် အာရုံပြုလိုက်ရုံနဲ့ လျင်မြန်စွာ ပေါ်လာတဲ့ အဖြစ်အပျက်တို့ကွင် အဖြစ်ကိုလွှတ်ကာ ဝယကိုသာ ရှုကြည့်ပွါးများ၍ နေ့စဉ် ပျက်တယ်ပျက်တယ်လို့ နှလုံးသွင်းနိုင်သည်။ အနိစ္စ အနိစ္စ မမြဲ မမြဲလို့လဲ အာရုံပြုနိုင်သည်။ ထို့နောင် အနိစ္စဖြစ်သော သင်္ခတသည်ပင် ဒုက္ခဖြစ်သောကြောင့် ဒုက္ခ ဒုက္ခ မကောင်းမကောင်းလို့လဲ ရှုနိုင်သည်။ ထို့နောင် အနိစ္စ ဒုက္ခဖြစ်သော သင်္ခတသည်ပင် အနတ္တဖြစ်သောကြောင့် အနတ္တ အနတ္တ အနှစ်အသားမရ အနတ္တလို့လဲ ရှုနိုင်သည်။ ကမ္မဋ္ဌာန်း တထိုင်အတွင်းမှာ ဆက်ရက်မရှုပဲ တထိုင်စီဖြစ်စေ တနေ့စီဖြစ်စေ ရှုသွားပါလေ။ မြဲလဲမမြဲ, ဆွေးမြေသောကြောင့် ကောင်းလဲမကောင်း, အနှစ် အသားမရသောကြောင့် ခိုင်လဲမခိုင်မြဲတဲ့ သင်္ခတတရားတခုခုကို "ဧတံ မမ၊ ဤရုပ်တရားကား ငါ့ဥစ္စာပဲ"လို့ တဏှာ၏အစွမ်းဖြင့် မတပ်စဲနိုင်ပါ။ "ဧသော မေ အတ္တာ၊ ဤရုပ်တရားကား ငါကောင်ပဲ"လို့ ဒိဋ္ဌိ၏အစွမ်းဖြင့် စဲယူကာ မတပ်စဲနိုင်ပါ။ တပ်စဲနှစ်သက်စရာ မဟုတ်သော တရားတွင် မတပ်စဲတော့ပါ။ ထို့ကြောင့် ဘင်္ဂါနုပဿနာ၏ အစွမ်းအာနုဘော်ဖြင့် အနိစ္စ ဒုက္ခ အနတ္တပဲလို့ လက်ဝါးပြင်ဝယ် တင်ကာထားသော ပတ္တမြား

ကဲ့သို့ တွေ့မြင်သဘောကျခဲ့သော် တွေ့မြင်သဘောကျသော သခ်ါရတရား တွင် ငြီးငွေ့စက်ဆုပ်ကာသွားပါတယ်။ မမက်မောသဖြင့် တပ်ခြင်းလဲကင်း၍ သွားပါတယ်။ ထို့ကြောင့် မျက်မှောက်တွေ့ရသော၀ယ ပျောက်ကွယ်သေဆုံးတဲ့ ဘင်စုန်းကို ငြီးငွေ့ဖွယ် ငြီးငွေ့ဖွယ်လို့လဲ ရှုနိုင်တယ်။ တပ်နှစ်သက်ဖွယ်မဟုတ် တပ်နှစ်သက်ဖွယ်မဟုတ်လို့လဲ ရှုနိုင်တယ်။ ဤပုံ မတပ်နှစ်သက်သော ယောဂီသည် လောကီဉာဏ်ဖြင့်သာ ရာဂသမုဒယတဏှာကို ချုပ်ကွယ်စေတယ်။ တဏှာမဖြစ်တော့ပါဆိုလိုသည်။ တနည်း ဤပုံ တပ်ခြင်းကင်းသောယောဂီသည် မျက်မှောက်၀ယကို တွေ့မြင်ရသော ပစ္စုပ္ပန်သခ်ါရတရားတွင် ရာဂကိုချုပ်ငြိမ်းစေသကဲ့သို့ အတိတ်အနာဂတ် တရားတွင်လဲ အနုယဉ်ဏ်၏ အစွမ်းဖြင့် အလားတူ ရာဂကို ချုပ်ငြိမ်းစေပါတယ်။ အတိတ်အနာဂတ်တရားများလဲ ယခုတွေ့ရသော ပစ္စုပ္ပန်တရားလို ပျောက်ကွယ်သေဆုံးကြသည်ချည်းပဲလို့ သိကာသွားသောကြောင့် ရာဂမပေါ်လာပဲ ချုပ်သွားတယ်ဆိုလိုသည်။ ထို့ကြောင့် ရာဂချုပ်ကွယ်တယ် ရာဂချုပ်ကွယ်တယ်လို့လဲ ရှုကြည့်နိုင်သည်။ ဤပုံ ကျင့်သောယောဂီသည် တဒင်္ဂ၏အစွမ်းဖြင့် ခန္ဓမာရ် အဘိသခ်ါရမာရ်တို့နှင့်တကွ ကိလေသမာရ်ကို ပယ်စွန့်နိုင်ပါတယ်။ ထို့ကြောင့် ပယ်စွန့်တယ် ပယ်စွန့်တယ်လို့လဲ ရှုကြည့်နိုင်သည်။ သခ်ါတတရားတွင် ဇာတိ ဇရာ မရဏစသော အပြစ်အနာ အဆာ မုန်းတီးစရာတို့ကို တွေ့ရသောကြောင့် အပြစ်ကကင်း ငြိမ်းအေးခြင်းဂုဏ်နှင့် ပြည့်စုံတဲ့ နိဗ္ဗာန်သို့ ညွတ်သဖြင့် ပြေးဝင်ကာသွားပါတယ်။ ထို့ကြောင့် ပြေးဝင်တယ် ပြေးဝင်တယ်လို့လဲ ရှုနိုင်သည်။ ပဋိနိဿဂ္ဂကား ပရိစ္စာဂပဋိ-နိဿဂ္ဂ ပက္ခန္ဒနပဋိနိဿဂ္ဂနှစ်မျိုးရှိ၏။ ဝိပဿနာခုနစ်ပါးဖြင့်ကား နိစ္စသုခ အတ္တသညာသုံးပါး နန္ဒီရာဂသမုဒယ အာဒါနတို့ကို အစဉ်အတိုင်း ပယ်ကာသွားသည်။ ထို့တွင် ထင်ရှားပေါ်လွင် အလွန်လိုချင်တောင့်တခြင်းကို အာဒါနခေါ်ကြတယ်။ ဤကား ဝိပဿနာခုနစ်မျိုးဖြင့် ပစ္စက္ခ မျက်မှောက်တွေ့ရသော ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို ရှုကြည့်ပုံးများ ပုံတည်း။

ကေစိဆရာကား အနိစ္စာနုပဿနာစသော ဝိပဿနာခုနစ်မျိုးဖြင့် တသီးတခြား ရှုကြည့်ရန်မလို၊ ဝယ အပျက်ကို ရှုကြည့်ပုံးများခြင်းဖြင့်ပင် ဝိပဿနာခုနစ်ပါးအတွက် ရှုကြည့်ချက် အလုံးစုံ ပြီးတော့သည်ဆို၏။ မဟာဋီကာဆရာကား ကေစိ၀ါဒသည် ဘင်္ဂဉာဏ် ထက်သန်အားရှိ၍

အထွဋ်အထိပ်သို့ရောက်က သင့်မြတ်ပါ၏။ သို့ရာတွင် ဥဒယဗ္ဗယဉာဏ်နှစ်မျိုး ရှိသကဲ့သို့ ဘင်္ဂဉာဏ်လည်း ရှေးအဖို့တွင် နုတဲ့ဘင်္ဂဉာဏ် နောက်အဖို့တွင် အားရှိ အားကောင်းတဲ့ ဘင်္ဂဉာဏ်နှစ်မျိုးရှိရာ၏။ ထိုတွင် ရှေအဖို့ နုစဉ် အမျိုးမျိုးသော အမှုအရာတို့ဖြင့် ပြည့်မ်းသော ဝိပဿနာရှုပုံကို အလိုရှိရမည်သာတည်း။ ဝယ အပျက်ကို ရှုကြည့်ပွါးများခြင်းဖြင့် ကိစ္စပြီးတယ်ယူခဲ့သော် အနိစ္စတော အနုပဿတိ-စသော ပါဠိတော်သည်ဌင်း အနေကေဟိ အာကာရေဟိ-စသော အဋ္ဌကထာသည်ဌင်း ဆန့်ကျင်၍ သွားရာ၏။ ထို့ကြောင့် မကောင်းလို့ပြ၏။ မိမိကား ဥဒယဗ္ဗယဉာဏ်အရာတွင် ခဏအားဖြင့် ဒုက္ခဖြစ်အပျက်ကို ရှုရုံနဲ့ အနိစ္စ ဒုက္ခ လက္ခဏာနှစ်ပါး ထင်ရှားပေါ်လာ၏။ ပစ္စယအကြောင်းအားဖြင့် ဥဒယအဖြစ်ကို ရှုရုံနဲ့ အနိစ္စ ဒုက္ခ လက္ခဏာနှစ်ပါး ထင်ရှားပေါ်လာ၏။ ပစ္စယအကြောင်းအားဖြင့် ဥဒယအဖြစ်ကို ရှုရုံနဲ့ အနတ္တလက္ခဏာ ထင်ရှားပေါ်လာ၏လို့ မိန့်ဆိုသော အဋ္ဌကထာကို ထောက်ဆသောကြောင့်ဌင်း ဘာဝနာလေးဆယ်တွင် အနိစ္စ ဒုက္ခ အနတ္တာနုပဿနာ သုံးပါးမှတပါးသော ဝိပဿနာအမျိုးမျိုးတို့သည် ဝိပဿနာသုံးပါးတွင် အတွင်းဝင်၏လို့ မိန့်ဆိုသည်ကို ထောက်ဆသော ကြောင့်ဌင်း ဘင်္ဂါနုပဿနာ၏ စွမ်းရည်သတ္တိအတွက် ပေါ်ထွက်လာသော အကျိုးများကို ပြလို၍သာ အနိစ္စတော အနုပဿတိ-စသော ဝိပဿနာခုနစ်မျိုးကို ဟောတော်မူ၏။ ဤသို့ယူသော် ကေစိဝါဒသင့်မြတ်ရာ၏။ ဝယ အပျက်ဘင်္ဂကို မျက်မှောက်တွေ့ပြီး ဖြစ်သောကြောင့် ပျက်တယ်ပျောက်တယ်လို့ နှလုံးသွင်း ဝိပဿနာခုနစ်မျိုးနဲ့ ရေးပြခဲ့ပြီးသည့် အတိုင်းပဲ နှလုံးသွင်းသွင်း လိုရာကိစ္စပြီးမည်ချည်းသာတည်း။ ထို့ကြောင့် အလိုရှိသလို နှလုံးသွင်း ပွါးကြပါလေ။

၉ ဝ

ဝတ္ထုသကမနာ စေဝ၊ ပညာယ စ ဝဝဋ္ဌနာ။
အာဝဇ္ဇနာ ဗလဇ္ဇော၊ ပဋိသင်္ခါဝိပဿနာ။

မြန်မာပြန်အဓိပ္ပါယ်။ ။ရုပ်စသော အာရုံတွင် တခုခု၏ ချုပ်ကွယ်သေဆုံးတဲ့ဘင်္ဂကို ရှုကြည့်သိမြင်ခဲ့ပြီးသော် တဖန် ရှုကြည့်သော ဝိပဿနာစိတ်၏လည်း ချုပ်ကွယ်သေဆုံးတဲ့ဘင်္ဂကို ရှုကြည့်လိုသဖြင့် ရှေအာရုံတခုမှ နောက်အာရုံတခုသို့ ပြောင်းရွှေ့နိုင်ခြင်း, ဥဒယကိုလွှတ်၍ ဝယတွင်သာ ဝိပဿနာဉာဏ်ပညာကို တည်ထားနိုင်ခြင်း, ရုပ်စသော အာရုံတို့တွင်

တခုခု၏ ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို ရှုကြည့်သိမြင်ခဲ့ပြီးသော် တဖန် ဝိပဿနာစိတ်၏ ချုပ်ကွယ်သေဆုံးတဲ့ဘင်ကို ရှုကြည့် သိရှိရန် အခြားမဲ့၌သာလျှင် နှလုံးသွင်း ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ပြည့်စုံခြင်း၊ ဤသို့အင်္ဂါသုံးတန်နှင့် ပြည့်စုံသော ဘင်္ဂဥာဏ်ကို ပဋိသန္ဓေဝိပဿနာလို့ ခေါ်ပါတယ်။

အာရမ္မဏအန္ဒယေန၊ ဥဘော ကေဝဝတ္ထုနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏဝိပဿနာ။

အဓိပ္ပါယ်။ မျက်မှောက် ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို တွေ့မြင်ရသော အာရုံသို့ အစဉ်လျောက်သဖြင့် ယခုတွေ့ရသော ပစ္စုပ္ပန်အာရုံသည် ချုပ်ကွယ်သေဆုံးသကဲ့သို့ ထို့အတူ အတိတ်ကာလတွင်လဲ သန္ဓိရတရားသည် နှမ်းလှော်ရေပွက်ကဲ့သို့ ပျက်ပျက်ပျောက်ပျောက် သွားလေပြီ။ အနာဂတ်ကာလတွင်လဲ ပျက်ပျက်ပျောက်ပျောက်သွားလတံ့။ ဤသို့ ဒိဋ္ဌအဒိဋ္ဌသန္ဓိရတရားတို့ကို ပျက်ပျက်ပျောက်ပျောက်သွားတဲ့ တခုတည်းသော သဘောအားဖြင့် ပိုင်းခြားမှတ်သားနိုင်ခြင်း, ပစ္စုပ္ပန် အတိတ် အနာဂတ် သံသရာတခုလုံး ပျောက်ပျက်သွားသည်ကိုသာ တွေ့ရတော့သည် ဆိုလို သည်။ ဘာတွေ့တွေ့ အပျက်ကိုသာ တွေ့ရတော့၏၊ ပျောက်ပျောက် ပျက်ပျက်သွားသော ချုပ်ကွယ်သေဆုံးတဲ့ ဘင်တွင်သာ အလေးဂရု ကြောင့်ကြပြု၍ နှလုံးသွင်းခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဘင်္ဂဥာဏ်ကို ဝယလက္ခဏဝိပဿနာ ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို သိမှတ် ကြောင်းဖြစ်တဲ့ ဝိပဿနာလို့ ခေါ်ပါတယ်။

သံဝိဇ္ဇမာနမှိ ဝိသုဒ္ဓဒဿနော၊ တဒန္တယံ နေတိ အတီတနာဂတေ။
သဗ္ဗေပိ သန္ဓိရဂတာ ပလောကိနော၊ ဥဿာဝဗိန္ဒု။ သုရိယေဝ ဥဂ္ဂတေ။
(ပေါရာဏဂါထာ)

သံဝိဇ္ဇမာနမှိ၊ မျက်မှောက်တွေ့ရသော ပစ္စုပ္ပန်တရားတွင်။ ဝိသုဒ္ဓဒဿနော၊ အလွန်သန့်ရှင်းစင်ကြယ်စွာ အပျက်ကိုမြင်သော ယောဂိသည်။ အတီတနာဂတေ စ၊ အတိတ်အနာဂတ်တရားတွင်လည်း။ တဒန္တယံ၊ ပစ္စုပ္ပန်သန္ဓိရတရားတွင် အပျက်ကိုမြင်တဲ့ ထိုဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်သောဉာဏ်ကို။ နေတိ၊ ဆောင်၏ (ဝါ) ဖြစ်စေ၏။ သုရိယေ၊ နေသည်။ ဥဂ္ဂတေ၊ တက်လတ်သည်ရှိသော်။ ဥဿာဝဗိန္ဒု။၊ ဆီးနှင်းပေါက်တို့သည်။ ပလုဇ္ဇန္တိ ဣဝ၊ ပျောက်ပျက်ကာ သွားကုန်သကဲ့သို့။ သဗ္ဗေပိ၊ သံသရာတခုလုံး ပျောက်ပျက်သွားသည်ကိုသာ တွေ့ရတော့သည် ဆိုလို သည်။ ဘာတွေ့တွေ့ အပျက်ကိုသာ တွေ့ရတော့၏၊ ပျောက်ပျောက် ပျက်ပျက်သွားသော ချုပ်ကွယ်သေဆုံးတဲ့ ဘင်တွင်သာ အလေးဂရု ကြောင့်ကြပြု၍ နှလုံးသွင်းခြင်း၊ ဤသို့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ဘင်္ဂဥာဏ်ကို ဝယလက္ခဏဝိပဿနာ ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို သိမှတ် ကြောင်းဖြစ်တဲ့ ဝိပဿနာလို့ ခေါ်ပါတယ်။

အလုံးစုံလည်းဖြစ်ကုန်သော။ သခ်ါရဂတာ၊ သခ်ါရတရားဟူသမျှတို့သည်။ ပလောကိနော၊ ပျောက်ကွယ်သေဆုံးကြကုန်၏။

"အာရမ္မဏဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ။
သုညတော စ ဥပဋ္ဌာနံ၊ အဓိပညာဝိပဿနာ"။

အဓိပ္ပါယ်။ ရုပ်နာမ်ဝေဒနာစသော အာရုံတို့တွင် တခုခုသော အာရုံကိုသိရခြင်း, အာရုံရဲ့ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကိုသိပြီးသော် သေဆုံးတဲ့ဘင်ကိုသိသော ဝိပဿနာစိတ်၏ သေဆုံးတဲ့ဘင်ကို တဖန်သိခြင်း, အာရုံနှင့် အာရမ္မဏိကနှစ်ဝသော ရုပ်နာမ်၏ ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို နှစ်ထပ်ကျော့ တွေ့မြင်ရှုကြည့်သော ယောဂီအား ရုပ်နာမ်နှစ်ဝသခ်ါရတို့သာ ချုပ်ကွယ်သေဆုံးကြတယ်လို့ သုညအားဖြင့် ထင်လာခြင်း၊ ဤသို့ အဂ်ါသုံးတန်နှင့် ပြည့်စုံသော ဘင်္ဂဉာဏ်ကို အဓိပညာ ဝိပဿနာလို့ ခေါ်ပါတယ်။

ရုပ်နာမ်ရဲ့ အကြောင်းများကို မသိမ်းဆည်းခဲ့သော် ငါရဲ့ကိုယ်ကောင်ကြီး ဘယ်ရောက်သွားပါလိမ့်မလဲလို့ ဝမ်းနဲပက်လက် စိတ်ချောက်ချားလျက် တုန်လှုပ်ကာ သွားတတ်သည်။ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ အတ္တကွယ်ပျောက်ပုံ ထင်ရှားလှ၏။ ဘင်္ဂါနုပဿနာ သိခဲစ့ာသောကြောင့် ဘင်္ဂဉာဏ်ရဲ့ သဘာဝကို ရှေးနှစ်ပါဒဖြင့် ထင်ရှားပြ၏။ နှစ်ထပ်ကျော့ ဘင်ကိုရှုခြင်းကား သခ်ါရတရားတို့ရဲ့ တောင်းတလို့မရ အနတ္တလက္ခဏာကို ထင်စေမြင်စေနိုင်ပါတယ်။ ဤ အဓိပ္ပါယ်ကို နောက်နှစ်ပါဒဖြင့် ပြတယ်လို့ မဟာဋီကာတွင် မိန့်ဆို၏။

ခန္ဓာ နိရုဇ္ဈန္တိ နု စတ္ထိ အညော၊
ခန္ဓာန ဘေဒေါ မရဏန္တိ ဝုစ္စတိ။
တေသံ ခယံ ပဿတိ အပ္ပမတ္တော၊
မဏိ်ဝ ဝိဇ္ဈံ ဝဇိရေန ယောနိသော။ (ပေါရာဏဂါထာ)

ခန္ဓာ၊ ရုပ်နာမ်ခန္ဓာတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကွယ်သေဆုံးကြကုန်၏။ အညော၊ ရုပ်နာမ်မှတပါးသော ငါကောင်မည်သည်။ နု စတ္ထိ၊ ရှိလည်းမရှိ။ ခန္ဓာနံ၊ တို့၏။ ဘေဒေါ၊ ပျောက်ကွယ်သေဆုံးခြင်းကို။ မရဏန္တိ၊ သေတယ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝဇိရေန၊ စိန်ဖြင့်။ မဏိ်၊ ပတ္တမြားကို။ ဝိဇ္ဈံ

ဝိဇ္ဈန္တော၊ သွေးသော ကျောက်သွေးသမားသည်။ ယောနိသော၊ သင့်သော အကြောင်းဖြင့်။ မဏိသ၊ ပတ္တမြား၏။ ဆိဒ္ဓမေဝ၊ အပေါက်ကိုသာလျှင်။ ပဿတိ ယထာ၊ ရှုကြည့်သကဲ့သို့။ ဝဏ္ဏာဒိ ံ၊ အဆင်းစသည်ကို။ န ပဿတိ ယထာ၊ မရှုကြည့်သကဲ့သို့။ တထာ၊ ထို့အတူ။ အပ္ပမတ္တော၊ မမေ့မလျော့သော ယောဂီသည်။ တေသံ၊ ထိုရုပ်နာမ်ခန္ဓာတို့၏။ ခယံ ခယမေဝ၊ ကုန်ကွယ်ကာသွားတဲ့ဘင်ကိုသာ။ ပဿတိ၊ ရှုကြည့်၏။ သခ်ါရေ၊ တို့ကို။ န ပဿတိ၊ မရှုကြည့်။

အဓိပ္ပါယ်။ သုညအားဖြင့် ထင်လာသည်ရှိသော် ရုပ်နာမ် ခန္ဓာသာ ချုပ်ကွယ်သေဆုံးကြတယ်၊ ရုပ်နာမ်မှတပါး ငါ·ငါကောင်လဲမရှိ၊ ရုပ်နာမ် ခန္ဓာရဲ့ ကုန်ပျောက်သွားခြင်းကို သေတယ်ခေါ်ကြတယ်လို့ သဘောကျကာသွား၏။ ကျောက်သွေးသမားသည် ပတ္တမြား၏ အပေါက်အနာအဆာကိုသာ ကြည့်သကဲ့သို့ ထို့အတူ ယောဂီသည် ရုပ်နာမ်ခန္ဓာရဲ့ အပျက်ကိုသာ ကြည့်တော့သည် ဆိုလိုသည်။

ကုသလော တီသု အနုပဿနာသု၊
စတသော စ ဝိပဿနာသု။
တယော ဥပဋ္ဌာနေ ကုသလတာ၊
နာနာဒိဋ္ဌီသု န ကမ္မတိ။

အဓိပ္ပါယ်။ သုံးမျိုးသော အနိစ္စာနုပဿနာစသော အရာတွင်ဉာဏ်လေးမျိုးသော နိဗ္ဗိဒါနုပဿနာစသောအရာတွင်ဉာဏ်း နှိုင်နင်းလိမ္မာသော ယောဂီသည် ခယဝယဂဲ ဘယပဲ သုညပဲလို့ ထင်မြင်ရာတွင် အချိုးကျလိမ္မာလှသောကြောင့် သဿတဒိဋ္ဌိစသော အမျိုးမျိုးသောအယူတို့ကြောင့် မတုန်လှုပ်တော့ပါ။

ခယဘယသုညပဲလို့ ထင်သည်ဆိုသည်မှာ အနိစ္စ ဒုက္ခ အနတ္တပဲလို့ ထင်သည်ကိုပင် ဆိုသည်။ ဤပုံတုန်လှုပ်ခြင်းမရှိ ပကတိအမြင်သန့်သော ယောဂီသည် စိုစွတ်လျက် အစိမ်းသက်သက်ဖြစ်သော ကွဲစဲမြေအိုး၏ အကွဲအပျက်ကိုသာ တွေ့ရဘိသကဲ့သို့ဌင်း ဖရိုဖရဲပုံကြဲသော နူးညံ့သိမ်မွေ့တဲ့မြူ၏ပျောက်ကွယ်ပျက်စီးသည်ကိုသာ တွေ့ရဘိသကဲ့သို့ဌင်း လှော်အပ်သော နှမ်းတို့၏ ဖျစ်ဖျစ်ဖျောက်ဖျောက် ကွဲပျောက်သည်ကိုသာ တွေ့ရဘိသကဲ့သို့

၎င်း ကာလပျက်စဉ် မီးလောင်သော မန္တလေးမြို့၏ ပျောက်ကွယ်သည်ကိုသာ တွေ့ရဘိသကဲ့၎င်း မချုပ်သေးတဲ့ ရုပ်နာမ်သာ ချုပ်ကွယ်ကာသွားတယ်၊ မပျက်သေးတဲ့ ရုပ်နာမ်သာ ပျက်ကာသွားတယ်လို့ နှလုံးသွင်းသဖြင့် ရုပ်နာမ်နှစ်ဝ သခ်ါရတို့၏ ပျောက်ပျောက်ပျက်ပျက်သွားတဲ့ဘင်ကိုသာ တွေ့မြင်တော့၏၊ ဥပါဒ်ဌိပဝတ္တသခ်ါရနိမိတ် အရိပ်အရောင်မျှားကို မတွေ့တော့ပါ ဆိုလိုသည်။

အိုးဥပမာကို သဘာဝချင်း လိုက်လျောခြင်းမရှိသဖြင့် အလွန်ဝေးကွာသည်ကို ပြရန်ဆို၏၊ မြူဥပမာကို အချင်းချင်း ရောစပ်ခြင်းမရှိသည်ကို ပြရန်ဆို၏၊ နှမ်းဥပမာကို ခဏခဏပျောက်ကွယ်သေဆုံးကြသည်ကို ပြရန်ဆို၏။ ဤသို့ ခဲခြားရှုမှတ်လေ။

> ဧတ္ထ စ ဒုဗ္ဗလဘာဇနူပမာ သရသတိဒူရတာဒဿနတ္ထံ, ဝိပ္ပကိရိယမာနသုခုမရဇူပမာ အညမညံ အသမ္မန္ဓတာဒဿနတ္ထံ, ဘင်္ဂိယမာနတိလူပမာ ခဏေ ခဏေ ဘိင်္ဂနကဘာဝဒဿနတ္ထန္တိ ဒဋ္ဌဗ္ဗာ။ (မဟာဋီကာ)

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤဘင်္ဂဉာဏ်အရာ၌။ ဒုဗ္ဗလဘာဇနူပမာ၊ အားနည်းသော အိုးဥပမာကို။ သရသတိဒူရတာဒဿနတ္ထံ၊ သဘော ချင်းချင်း အလွန်အမင်း ဝေးကွာသည်ကိုပြရန်အကျိုးငှါ။ ဝိပ္ပကိရိယမာန-သုခုမရဇူပမာ၊ ဖရိုဖရဲပွဲ့ကြဲသော နူးညံ့သိမ်မွေ့သော မြူဥပမာကို။ အညမညံ၊ အချင်းချင်း။ အသမ္မန္ဓတာဒဿနတ္ထံ၊ မဆက်စပ်သော အဖြစ်ကိုပြရန် အကျိုးငှါ။ ဘင်္ဂိယမာနတိလူပမာ၊ လှော်အပ်သော နှမ်းဥပမာကို။ ခဏေ ခဏေ၊ ခဏခဏ။ ဘိင်္ဂနကဘာဝဒဿနတ္ထံ၊ ပျောက်ကွယ်သေဆုံးသော အဖြစ်ကိုပြရန်အကျိုးငှါ။ ဝုတ္တာ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မတ်အပ်၏။

ပျောက်ပျောက်ပျက်ပျက်သွားတဲ့ဘင်ကိုသာ မြင်သောယောဂီသည် သြော် ရုပ်နာမ်နှစ်ဝသခ်ါရတို့ ခုလိုပျောက်ပျောက်ပျက်ပျက် သွားကြတာပဲ ရှကြည့်ကာ နေပါတယ်။ ဤပုံ ရုပ်နာမ်နှစ်ဝသခ်ါရတို့ ပျောက်ပျောက်ပျက်ပျက်သွားကြတယ်လို့ မပြတ်ရှုကြည့်ပွါးများတဲ့ ယောဂီရဲ့ ဘင်္ဂဉာဏ်သည် အကျိုးရှစ်မျိုးတို့ဖြင့် ခြံရံကာထားသောကြောင့် အားရှိအားကောင်း၍ လာပါတော့သတည်း။

ရှစ်မျိုးသောအကျိုးကား

၁။ ဘဝဒိဋ္ဌပ္ပဟာနံ၊ သဿတဒိဋ္ဌိကိုပယ်နိုင်ခြင်း။

၂။ ဇိဝိတနိကန္တိပရိစ္စာဂေါ၊ အသက်တွင် ငဲ့ကွက်ညှာတာတဲ့ နိကန္တိကို ပယ်စွန့်နိုင်ခြင်း။

၃။ သဒါယုတ္တပယုတ္တတာ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘာဝနာကို လုန်စွာအားထုတ်နိုင်ခြင်း။

၄။ ဝိသုဒ္ဓါဇီဝတာ၊ အလိုဆိုးမှ ဝေးသောကြောင့် စင်ကြယ်စွာ အသက်မွေးနိုင်ခြင်း။

၅။ ဥဿုက္ကပဟာနံ၊ လုန်စွာထိတ်လန့်သောကြောင့် ကိစ္စကြီးငယ် ဟူသမျှတို့၌ အားမထုတ်နိုင်ခြင်း။

၆။ ဝိဂတဘယတာ၊ မိမိတွင် ချစ်ခြင်းမရှိသောကြောင့် ဘာမျှ မကြောက်တော့ခြင်း။

၇။ ခန္ဓီသောရစ္စပဋိလာဘော၊ အနိစ္စလက္ခဏာကို တွေ့မြင်သော ကြောင့် သည်းခံနိုင်ခြင်း သုစရိုက်တရားတွင် မွေ့လျော် ပျော်ပိုက်နှစ်ခြိုက်သော အဖြစ်ရခြင်း။

၈။ အရတိရတိသဟနတာ၊ အဓိကုသိုလ်တွင် မမွေ့လျော်ခြင်း အာရုံ ငါးပါး ကာမဂုဏ်တရားတွင် မွေ့လျော်ခြင်းကို သည်းခံနိုင်ခြင်း။

ဤကား အကျိုးရှစ်ပါးတည်း။

ဣမာနိ အဋ္ဌဂုဏမုတ္တမာနိ၊
ဒိသွာ တဟိံ သမ္မသတေ ပုနပ္ပုနံ။
အာဒိတ္တစေလသိရသူပမော မုနိ၊
ဘင်္ဂါနုပဿီ အမတဿ ပတ္တိယာ။ (ပေါရာဏဂါထာ)

ဘင်္ဂါနုပဿီ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏ ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကို ရှုလေ့ရှိသော။ အာဒိတ္တစေလသိရသူပမော၊ မီးတိုဖြင့် တပြောင် ပြောင်တောက်လောင်သော ပုဆိုးဦးခေါင်းရှိသူနှင့် အလားတူသော။ မုနိ၊ ရဟန်းသည်။ ဣမာနိ အဋ္ဌဂုဏမုတ္တမာနိ၊ ဤရှစ်မျိုးသော မြတ်သောဂုဏ်ကျေးဇူးတို့ကို။ ဒိသွာ၊ တွေ့မြင်ရ၍။ အမတဿ၊ စုတိ

ပြတ်ကြေ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှါ။ တဟိံ၊ ထိုဘင်္ဂါနုပဿနာဉ်၌။ ပုနပ္ပုနံ၊ အဖန်ဖန်။ သမ္မသတော၊ ဆုံးဖြတ်ပိုင်းခြားမှတ်သားရမည်။

၁။ ရုပ်နာမ်နှစ်ဝ၊ အပျက်ပ၊ ရှုကြဘင်္ဂသာ။

၂။ ပတ္တမြားကျောက်၊ အသားကောက်၊ ပျက်ပေါက်ကြည့်ပမာ။

၃။ အပျက်ထင်လာ၊ အကျိုးမှာ၊ ပယ်ကာ သဿတာ။

၄။ မှုကြီးမှုငယ်၊ ကြောက်မက်ဖွယ်ပယ်၊ ရလွယ်ခန္ဓိ၊ အရတိ၊ ရတိ သည်းခံတာ။

၅။ သဿတပယ်၊ သက်ကွယ်မငဲ့၊ တကယ့်လုလွ၊ စင်ကြယ်ကြ၊ ရှစ်ဝအကျိုးလာ။

ဘင်္ဂဉာဏ်အခန်း ပြီး၏။

ဘယဉာဏအခန်း

ဘင်္ဂဉာဏ် ထက်သန်အားရှိ၍ အထွဋ်အထိပ်သို့ ရောက်သောအခါ ဝိပဿကယောဂီသည် ရုပ်နာမ်နှစ်ဝသဒ်္ဓါရတို့၏ ကုန်ပျောက်ပျက်စီးတဲ့နိရောဓ ချုပ်ကွယ်သေဆုံးခြင်းကို နှလုံးသွင်းလျက် အဖန်ဖန်ပွါးများအားထုတ်စဉ် ကာမရူပအရူပတည်းဟူသော ဘုံဘဝတို့၌ ပျောက်ပျက်ကုန်ဆုံးလျက်သာ မျက်မှောက်တွေ့မြင်ရသောသဒ်္ဓါရတရားတို့သည် ကြောက်ဖွယ်လန့်ဖွယ်ကြီးဖြစ်၍ ထင်မြင်လာပါတော့တယ်။

ဥပမာ ချမ်းချမ်းသာသာ ကြည်လင်စွာနှင့် အသက်မွေးနိုင်ပါလျက် ကြောက်လန့်တတ်သော ယောကျ်ားသည် ခြင်္သေ့သစ်ကျား သားရဲဝံအောင်း မွေးဆောင်းစွယ်ပြူး ဘီလူးရက္ခိုသ် နွားမိုက် ခွေးကြမ်း မုန်ပြင်းသောဆင် အဆိပ်လျင်မြွေဆိုး မိုးကြိုးစက်ကွင်း သင်းချိုင်းစစ်ပွဲ အလျှံမစဲသော ရှားမီးခဲအစုကိုတွေ့၍ မိုင်မေ့ဝေနောက် သေမတတ်ကြောက်ခြင်းဖြစ်သကဲ့သို့ မှတ်ရာသည်။

အတိတ်ရုပ်နာမ်တို့ ချုပ်ကွယ်သေဆုံးကြကုန်ပြီ၊ သန္တတိပစ္စုပ္ပန်ရုပ်နာမ်တို့ ချုပ်ကွယ်သေဆုံးကြကုန်ဆဲ၊ အနာဂတ်ရုပ်နာမ်တို့လည်း ဤပုံအတိုင်းသာ

ချုပ်ကွယ်သေဆုံးကြကုန်လတ္တံ့လို ရှုကြည့်သောယောဂီအား အပျက်ဘင်ကိုမျက်မှောက်တွေ့ရသောကြောင့် သခ်ါရတရားတို့ ကြောက်ဖွယ်လန့်ဖွယ်အားဖြင့်ထင်လာသော ခဏဝယ် ကြောက်ဖွယ်လန့်ဖွယ်ပဲလို့ ထင်လာတဲ့အာရုံကို သိသောဘယဉာဏ်ပေါ်လာပါတယ်။ ဘယဉာဏ်ပေါ်လာရာတွင် ဥပမာ တယောက်သောအမျိုးသမီးမှာ ရာဇဝတ်ပြစ်ဒဏ်သင့်သော သားသုံးယောက်တို့ရှိကြပါတယ်။ နရသေဋ္ဌနင်းပြည်ရှင်မင်းက သားသုံးယောက်တို့၏ ဦးခေါင်းကိုဖြတ်၍ အသေသတ်ရန် အမိန့်ပေးထားပါတယ်။ မိခင်သည် မင်းပြစ်မင်းဒဏ်ရောက်သော သားသုံးယောက်တို့နှင့်တကွ သုသာန်သင်းချိုင်းဝသို့ လိုက်ပါကာသွားပါတယ်။

သုသာန်သို့ရောက်သောအခါ ရာဇဝတ်သားတို့သည် သားကြီး၏ ဦးခေါင်းကိုဖြတ်၍ အသေသတ်ပြီး သားလတ်၏ဦးခေါင်းကို ဖြတ်လျက် အသေသတ်တုန်းဖြစ်ပါတယ်။ မိခင်သည်သေပြီး သေဆဲဖြစ်သော သားကြီး သားလတ်တို့၏ ဦးခေါင်းကိုတွေ့မြင်ရသည်ရှိသော် ဤသားငယ်လည်း သားကြီးသားလတ်အတူသာ သေရပါလတ္တံ့လို အောက်မေ့ကာ သားငယ်တွင် တွယ်တာငဲ့ညှာမှုကို စွန့်ပစ်ပါတော့သတည်း။

နိဒါန်းနှောပုံကား—ယောဂီ၏ အတိတ်ရုပ်နာမ်သခ်ါရတို့၏ ချုပ်ကွယ်သေဆုံးခြင်းကို မြင်ရခြင်းသည် မိခင်၏ သားကြီး ဦးခေါင်းပြတ်ကြွေသေသည်ကို တွေ့ရသည်နှင့်တူ၏။

သန္ဓတိပစ္စုပ္ပန်ရုပ်နာမ်တို့၏ ချုပ်ကွယ်သေဆုံးခြင်းကို မြင်ရခြင်းသည် သားလတ်၏ ဦးခေါင်းပြတ်ဆဲ သေပဲ့ဝင်သည်ကို တွေ့ရသည်နှင့်တူ၏။

အနာဂတ် ရုပ်နာမ်တို့သည်လည်း ချုပ်ကွယ်သေဆုံးကြကုန်လတ္တံ့လို ချုပ်ကွယ်သေဆုံးခြင်းကိုမြင်ရခြင်းသည် ဤသားငယ်သည်လည်း သားကြီးသားလတ်အတူသေရတော့မည်လို့ အောက်မေ့ကာ သားငယ်တွင် တွယ်တာငဲ့ညှာမှုကို စွန့်ပစ်သည်နှင့် တူပါသတည်း။

မိခင်အား သားတို့ ဦးခေါင်းပြတ်ကြွေသေသည်ကို တွေ့ရသည်ရှိသော် ကြောက်လန့်ခြင်းဖြစ်သကဲ့သို့ ထို့အတူ ယောဂီအား ကာလသုံးပါးတွင် ရုပ်နာမ်သခ်ါရတို့ချုပ်ကွယ်သေဆုံးသည်ကို မျက်မှောက်တွေ့ရသည်ရှိသော် ကြောက်လန့်ကာသွားတော့သည်ဆိုလိုသည်။

သားကိုးယောက်သေပြီး၍ လက်ရှိသေဆဲဖြစ်သော ဒသမသားကိုမြင်၍ ဝမ်းတွင်းရှိတဲ့ ကောဒသမသားတွင် ချစ်ခြင်းကင်းသော သားမတင်သော ပုတိပဇာမိန်းမကဲ့သို့လည်း မှတ်ရာသတည်း။

ဘယဉာဏ်သည် ကြောက်တတ်သလား၊ မကြောက်တတ်ဘူးလားလို့မေး။ မကြောက်တတ်ပါလို့ ဖြေ။ မကြောက်ပုံ အတိတ်ရုပ်နာမ်သန်ါရတို့သည် ချုပ်ကွယ်သေဆုံးကြကုန်ပြီ၊ သန္ဋတိပစ္စုပ္ပန်ရုပ်နာမ်တို့လည်း ချုပ်ကွယ်သေဆုံးကြကုန်ဆဲ၊ အနာဂတ်ရုပ်နာမ်တို့လည်း ချုပ်ကွယ်သေဆုံးကြကုန်လတ္တံ့လို့ ဆုံးဖြတ်မှတ်သားသိရှုရုံမျှသာတည်း။

ကြောက်ဆိုသည်မှာ ပဋိဃစိတ္တုပ္ပါဒ်နှင့်စပ်သဖြင့် နှလုံးမသာယာကြောက်လန့်စွာ ဖြစ်သည်ကိုဆိုသည်၊ ဉာဏ်ကား ကြောက်သင့်ကြောက်ထိုက်သောဝတ္ထုအာရုံကို ကြောက်စရာ လန့်စရာကောင်းတယ်လို့ အမှန်အကန်သိရုံသာတည်း။

ပဋိဃစိတ္တုပ္ပါဒဝသေန ဟိ ဘာယနံ၊ ဉာဏံ ပန ဘာယိ-
တဗ္ဗဝတ္ထုံ ဘာယိတဗ္ဗန္တိ ယာထာဝတော ဇာနာတိ။ (မဟာဋီကာ)

အဟုတ်အမှန်သိရာတွင် ဥပမာကား မျက်စိအမြင်ရှိတဲ့ ယောကျ်ားသည် မြို့တံခါးတွင် မီးကျီးတွင်းကြီး သုံးခုတို့ကို တွေ့မြင်ရသော် ကိုယ်တိုင်ကား မကြောက်၊ သို့သော် ထိုသူအား ဤမီးကျီးတွင်းသုံးခုတွင် ကျရောက်သမျှသော လူမြင်းနွားဆင်ကျား စသော သတ္တဝါအားလုံးတို့သည် ဆင်းရဲကြီးစွာဝေဒနာကိုခံစားကြ ပင်ပန်းကြလိမ့်မည်လို့ အမှန်အကန်သိသကဲ့သို့ ၎င်း မျက်စိအမြင်ရှိတဲ့ ယောကျ်ားသည် အစဉ်အားဖြင့် စိုက်ထောင်တည်နေတဲ့ ရှား,သံ,ရွှေငြောင့်တံကျင်သုံးခုတို့ကို တွေ့မြင်ရသော် ကိုယ်တိုင်ကား မကြောက်၊ သို့သော် ထိုသူအား ဤငြောင့်တံကျင်သုံးခုတွင် စူးဝင်ကျရောက်တဲ့ လူမြင်းနွားဆင်ကျား စသော သတ္တဝါ အားလုံးတို့သည် ဆင်းရဲကြီးစွာ ဝေဒနာကို ခံစားကြ ပင်ပန်းကြမည်ကို အမှန်အကန်သိသကဲ့သို့၎င်း ထိုနှင့်မခြားအလားတူစွာ ဘယဉာဏ်ကား မီးကျီးတွင်းသုံးခု ငြောင့်တံကျင်သုံးခုနှင့် အလားတူစွာ ကာမရုပ အရုပဘုံဘဝတွင် အတိတ်ရုပ်နာမ်တို့ ချုပ်ကွယ်သေဆုံးကြကုန်ပြီ၊ သန္ဋတိပစ္စုပ္ပန်ရုပ်နာမ်တို့ ချုပ်ကွယ်သေဆုံးကြကုန်ဆဲ၊ အနာဂတ်ရုပ်နာမ်တို့ချုပ်ကွယ် သေဆုံးကြကုန်လတ္တံ့လို့ အမှန်အကန်သိကာ သွားပါတယ်။

ဒုစရိုက်တရားတို့၏ အပါယ်သံသရာဘေး အကျိုးအပြစ်တို့ကို သိမြင်သော ယောကျ်ားသည် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်းစသော အကုသိုလ်ကံတို့ကို ပြုလုပ်လွန်ကြူးရန် ကြောက်ရွံ့သဖြင့် ပျော်ပျော်ရွှင်ရွှင် သာယာစွာမနေချင်ပဲ ညှိုးငယ်စွာနေဘိသကဲ့သို့ ထို့အတူ ရုပ်နာမ်ဟူသမျှတို့၏ ချုပ်ကွယ်သေဆုံးတဲ့ ဘင်ကိုမျက်မှောက်တွေ့ရသော ဝိပဿနာယောဂီသည် တွေ့မြင်သမျှသင်္ခါရတို့၏ အပျက်ကိုသာ တွေ့မြင်သောကြောင့် ဘုံဘဝတွင်ဖြစ်ရမည်ကို ကြောက်ရွံ့သဖြင့် ပျော်ပျော်ရွှင်ရွှင်မနေချင်ပဲ အားငယ်၍ညှိုးနွမ်းကာ နေတော့သည်။ ဘာစီးပွါးကိုမျှမလိုချင် မလုပ်မကိုင်ချင် လောကတွင်မပျော်ရွှင်နိုင်ပဲ ကြောက်စံသဖြင့် အားငယ်သကဲ့သို့ နေထိုင်သောယောဂီများကိုလည်း တွေ့ရသတည်း။

နှလုံးသွင်းပွါးများပုံ

ရုပ်နာမ်နှစ်ဝသင်္ခါရတို့ ပျောက်ကွယ်ပျက်စီးခြင်းသို့ရောက်၍ ကြောက်လန့်ဖွယ်အားဖြင့် ထင်လာရာတွင် ဘာဝနာပွါးစဉ်တွင်၎င်း သွားရင်းလာရင်း နေထိုင်ရင်းတွင်၎င်း မျက်မှောက်တွေ့ရသောအပျက်ဘင်ကို ဩဇာအနှံစွ အနှံစွ မမြဲမမြဲလို့ နှလုံးသွင်းသော ယောဂီအား သင်္ခါရတရားတို့၏ အပျက်ဘင်ကိုသာ တွေ့ရသောကြောင့် သင်္ခါရနိမိတ် အရိပ်အရောင်များသည် ကြောက်ဖွယ်လန့်ဖွယ်အားဖြင့် ထင်လာ၏၊ နိမိတ်အရိပ်အရောင်များသည် သင်္ခါရမှ မလွတ်နိုင်သောကြောင့် သင်္ခါရပဲလို့ အဋ္ဌကထာတွင် ဖွင့်ဆိုသည်။

ဩဇာ ဒုက္ခ ဒုက္ခ မကောင်းမကောင်း ဆင်းရဲပင်ပန်းတယ်လို့နှလုံးသွင်းသော ယောဂီအား "ချမ်းသာတယ်၊ ကောင်းတယ်"လို့ ခေါ်ဆိုသမုတ်ကြသော ရူပ အရူပဘဝတွင်ဖြစ်သော ရုပ်နာမ်အစဉ်၏သော်လဲ သင်္ခါရဒုက္ခဖြင့် ခဏ ခဏ အနှိပ်စက်ခံရသည်ကို တွေ့မြင်ရသောကြောင့် ပဝတ္တရုပ်နာမ်အစဉ်သည် ကြောက်ဖွယ်လန့်ဖွယ်အားဖြင့် ထင်လာ၏။

အနှစ်အသား မရ အနတ္တဟူ၍၎င်း တောင့်တလို့မရ အနတ္တဟူ၍၎င်း နှလုံးသွင်းသောယောဂီအား အရှင်ကောင် ကြီးစိုးတဲ့ အကောင်ကိုမတွေ့ရတော့ပဲ အတွင်ငါငါကောင်မှကင်းဆိတ်တဲ့ ပရမတ်အမှုအရာ ကြိယာကိုသာ တွေ့ရသောကြောင့် နိမိတ္တပဝတ္တနှစ်ပါးစုံတို့သည် ကြောက်ဖွယ်လန့်ဖွယ်အားဖြင့် ထင်လာ၏။

ကြောက်မက်ဖွယ်ကောင်းတဲ့ ရှာဆိုးကုန်းရွာပျက်ကြီးကို တွေ့ရဘိသကဲ့သို့ဌင်း မြူးထူးပျော်ပါးကစားရန် နတ်တို့ဖန်ဆင်းထားသော ဂန္ဓဗ္ဗနတ်မြို့ကို တွေ့ရဘိသကဲ့သို့ဌင်း တွေ့ရတော့သည်ဆိုလိုသည်။

အနိစ္စတော မနသိကရောတော နိမိတ္တံ ဘယတော ဥပဋ္ဌာတိ၊
ဒုက္ခတော မနသိကရောတော ပဝတ္တံ ဘယတော ဥပဋ္ဌာတိ၊
အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စ ဘယတော ဥပဋ္ဌာတိ။ (ပဋိသမ္ဘိဒါမဂ်)

၁။ ခြင်္သေ့သစ်ကျား၊ တွေ့ကြောက်လားသို့၊ မမှားရုပ်နာဝ်၊ ကြောက်ခဲ့ပြန်၊ မှတ်ရန်ဘယဉာဏ်။
၂။ အနိစ္စမှာ၊ နိမိတ္တာ၊ ဘယာထင်၍လာ။
၃။ ဒုက္ခရူရာ၊ ပဝတ္တာ၊ ဘယာထင်၍လာ။
၄။ အနတ္တမှာ၊ နှစ်ပါးသာ၊ ဘယာထင်၍လာ။
၅။ ကြောက်ဖွယ်ရူငြား၊ ဉာဏ်ခားသွားဖြင့်၊ မှတ်မှားချမ်းသာ၊ အဘယာ၊ ပယ်ခွါအကျိုးပါ။

အစွဲ(ဂါဟ)သုံးမျိုးပြုတ်ခြင်း

ဘယတုပဋ္ဌာနဉာဏ်ကို ကြိမ်ဖန်များစွာ လေ့လာပွါးများသောယောဂီအား သုံးမျိုးသောဘုံဘဝ လေးမျိုးသောယောနိ ငါးမျိုးသောဂတိ ခုနစ်မျိုးသောဝိညာဏဌိတိ သတ္တာဝါသဘုံကိုးဝတ္ထင် သာယာနှစ်သက်ဖွယ် စည်းစိမ်မဟုတ်တဲ့ ဥပါဒ, ပဝတ္တ-စသော အပြစ်ဆင်းရဲ စွဲလျက်ချည်းဖြစ်သောကြောင့် တောင့်တ၍မရ အနတ္တမှ စောင့်ရှောက်ရာ ပုန်းအောင်းရာ ထွက်ပြေးရာ ကိုးကွယ်ရာ ရှာမတွေ့တော့ပါ၊ အလုံးစုံသော ဘုံဘဝ သန်ါရတွင် တခုသော သန်ါရ ယောကျိုးမိန်းမတွင်သော်လဲ ငါ့အိမ် ငါ့ယာ ငါ့ဥစ္စာဟူ၍ဌင်း ငါ့လင် ငါ့မယား ငါ့သား ငါ့သမီးဟူ၍ဌင်း တောင့်တသာယာမှု မရှိတော့ပါ။

"နေတံ မမ၊ လုံးဝဥဿုံ အလုံးစုံသော ရုပ်နာမ်သန်ါရကား ခင်မင်မက်မောသည်၏ အစွမ်းဖြင့် သာယာနှစ်သက်ရသော ငါ့ဥစ္စာမဟုတ်"လို့ တဏှာစွဲပြုတ်ကာ သွားပါတော့သည်။ တဏှာစွဲပြုတ်သဖြင့်" နေသောဟာ

မသို့၊ လုံးဝဉဿုံ အလုံးစုံသော သခ်ၤါရကား မြတ်နိုးသည်၏ အစ္စမ်းဖြင့် စိတ်ကြီးဝင် အထင်ကြီးရသော ငါမဟုတ်"လို့ မာနစွဲလည်း ပြုတ်ကာ သွားတော့သည်၊ "နု မေ သော အတ္တာ၊ လုံးဝဉဿုံ အလုံးစုံသော သခ်ၤါရကား တောင့်တလို့မရ အနတ္တ အနှစ်အသားမရ အနတ္တ"လို့ ဒိဋ္ဌိ စွဲလည်းပြုတ်ကာသွားတော့သည်။

ဂါဟစွဲသုံးမျိုး ပြုတ်ခြင်း၏အကြောင်း

ဘုံသုံးတန်ကို အလှျံကင်းစဲ မီးကျီးခဲတွင် မီးကျီးခဲအစုပမာ ဓာတ် လေးပါးကို တောင့်တခိုင်မာခြင်း ပွပွတက်လျက် ယိုစီးထွက်ခြင်း ပူလောင် ပိုင်းဖြတ်ခြင်း ဆင်းရဲဒုက္ခအဝဝကို ပေးတတ်သောကြောင့် ကဋ္ဌမုခ,ပုတိမုခ, အဂ်ိမုခ, သတ္ထမုခ အဆိပ်ထန်ပြင်း မြေကြီးလေးစင်းပမာ ငါးထွေသော ခန္ဓာကို ခန္ဓာတပါးပျက်က အချင်းချင်း ထောက်ရာတည်ရာမရ သတ်ဖြတ် ကြသောကြောင့် သန်လျက်မိုးထား သူသတ်ယောကျ်ားပမာ မျက်စိအစ ရှိသော အတွင်းအာယတန ခြောက်ပါးကို အတ္တ,အတ္တနိယ ငါ-ငါပိုင်ဥစ္စာ မှ ကင်းဆိတ်သောကြောင့် ထမင်းအစာရှာကာမရ သုညဂါမ ရွာဆိုးကုန်း ပမာ အဆင်းရှုပါရုံစသော အပအာယတနခြောက်ပါးကို ရွာဖျက်သမား ခိုးသူများကဲ့သို့ တိုက်ဖျက်တတ်သောကြောင့် ဂါမဃာတက ခိုးသားပမာ ဝိညာဏဋ္ဌိတိသတ္တာဝါသတို့ကို တဆဲ့တမီးတို့ဖြင့် ညီးညီးပြောင်ပြောင် တောက်လောင်နေသည့်ပမာ ရုပ်နာမ်ခန္ဓာ သခ်ၤါရတို့ ဘင်္ဂါနုပဿနာ၏ အစ္စမ်းဖြင့် ဂဏ္ဍရောဂါ သလ္လာဗာဓ အဃပမာ သက်သာရာမရှိ သမ္ပတ္တိ ကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုသာလို့ ထင်လာသော ကြောင့် ဂါဟစွဲသုံးမျိုး ငုပ်လျှိုး၍ သွားပါတော့သတည်း။

ဘယဉာဏ်အခန်း ပြီး၏။

အာဒီနဝဉာဏ်အခန်း

အာဒီနဝအပြစ်အစုသာဖြစ်၍ထင်ပုံ--

အသက်ရှည်စွာ ချမ်းသာပါလျက် ကြောက်လန့်တတ်သော ယောကျ်ား သည် သားရဲနေသော ရှိုချောင်တောတောင်ကျားအောင်းသောဂူဟောင်း

မိကျောင်းရက္ခိုသ် သိမ်းပိုက်သောရေကန် သန်လျက်စွဲကိုင်ကာ ခေါင်းကို ခွဲမည့်ရန်သူ အဆိပ်ထည့်ခတ် အလွန်မြတ်သောထမင်း ခိုးသူအောင်းတဲ့ လမ်းဟောင်း မီးဝင်းဝင်းပြောင်ပြောင် တောက်လောင်သောအိမ် စစ်သည် နှစ်ဖက်တို့ပြိုင်လျက် စစ်တိုက်ရာစစ်မြေပြင်သို့ ရောက်ခဲ့သော် ထိတ်လန့် ကြောက်ရွံ့ နောက်သို့တွန့်ကာ ဆုံ့အစ့ာလျက် ထက်ဝန်းကျင်မှ အပြစ် အာဒီနဝကိုသာ တွေ့မြင်ရသကဲ့သို့ ထို့အတူ ဝိပဿကယောဂီသည် ဘင်္ဂါ-နုပဿနာ၏ အစွမ်းဖြင့် ရုပ်နာမ်နှစ်ဝ သခ်ါရတို့ ကြောက်လန့်ဖွယ်အားဖြင့် ထင်လာကုန်သည်ရှိသော် ထက်ဝန်းကျင်မှ ဆင်းရဲပင်ပန်းလှသောကြောင့် သာယာဖွယ်မဟုတ် ပျက်စီးခြင်းအဆုံးရှိသောကြောင့် စည်းစိမ်မဟုတ်တဲ့ ကြီးစွာသောအနာအဆာ အပြစ်အာဒီနဝကိုသာ တွေ့မြင်၏၊ ထို့အခါ ဤပုံ အပြစ်အာဒီနဝ တွေ့ရသောယောဂီအား အာဒီနဝဉာဏ် ဖြစ်ပေါ်ကာ လာပါတယ်။

အာဒီနဝဉာဏ်တဆဲ့ငါးပါး

အာဒီနဝဉာဏ်ကို ဉာဏ်တဆဲ့ငါးပါး ဝါရတဆဲ့နှစ်ပါး ဝတ္ထုအာရုံ ဆယ်ပါးတို့ဖြင့် တန်းဆာဆင်လျက်ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဟောတော်မူ၏။ ။ဟောပုံကား—

ကထံ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ပဝတ္တံ ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ နိမိတ္တံ ဘယန္တိ ။ပ။ အာယူဟနာ ဘယန္တိ ။ပ။ ပဋိသန္ဓိ ဘယန္တိ။ပ။ ဂတိ ဘယန္တိ ။ပ။ နိဗ္ဗတ္တိ ဘယန္တိ ။ပ။ ဥပပတ္တိ ဘယန္တိ ။ပ။ ဇာတိ ဘယန္တိ ။ပ။ ဇရာ ဘယန္တိ ။ပ။ ဗျာဓိ ဘယန္တိ ။ပ။ မရဏံ ဘယန္တိ ။ပ။ သောကော ဘယန္တိ ။ပ။ ပရိဒေဝေါ ဘယန္တိ ။ပ။ ဥပါယာသော ဘယန္တိ ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ။

ကထံ၊ ဘယ်ပုံ။ ဘယတုပဋ္ဌာနေ၊ ကြောက်လန့်ဖွယ် ထင်ပေါ်လာသောအာရုံတွင်။ ပညာ၊ သိသောဉာဏ်ပညာသည်။ အာဒီနဝေ၊ အပြစ်ဆင်းရဲ ဒုက္ခထဲတွင်။ ဉာဏံ၊ သိသောဉာဏ်မည်သနည်း။ ဥပ္ပါဒေါ၊ အတိတ်ကံကြောင့် ပစ္စုပ္ပန်ဘဝတွင် ရုပ်နာမ်သခ်ါရတို့ ဖြစ်ပေါ်

လာခြင်းသည်။ ဘယံ၊ ကြောက်လန့်ဖွယ်သော ဝတ္ထုအာရုံတည်း။ ဣတိ၊ ဤသို့ (ဝါ) ဤသို့သောအကြောင်းကြောင့်။ ဘယတုပဋ္ဌာနေ၊ ကြောက်လန့်ဖွယ်ထင်လာသော အာရုံ၌။ ပညာ၊ သိသောဉာဏ်ပညာသည်။ အာဒီနဝေ၊ အပြစ်ဆင်းရဲ ဒုက္ခထဲတွင်။ ဉာဏံ၊ သိသောဉာဏ်မည်၏။ ပဝတ္တံ၊ ဤဘဝ ပဝတ္တိအခါတွင် ရုပ်နာမ်တရားတို့၏ ဖြစ်စဉ်သည်။ နိမိတ္တံ၊ သန်္ခါရနိမိတ် အရိပ်အရောင်သည်။ အာယူဟနာ၊ အနာဂတ်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်တဲ့ကံသည်။ ပဋိသန္ဓိ၊ အနာဂတ်ဘဝ ပဋိသန္ဓေသည်။ ဂတိ၊ သွားလာအပ်သောဂတိသည်။ နိဗ္ဗတ္တိ၊ ခန္ဓာတို့၏ဖြစ်ခြင်းသည်။ ဥပပတ္တိ၊ သမာပန္န ဥပပန္နဖြစ်သော ဝိပါက်၏ဖြစ်ခြင်းသည်။ ဇာတိ၊ ဘဝကြောင့် ဖြစ်တဲ့ ဇာတိသည်။ ဇရာ၊ တခုသောဘဝတွင် အကျုံးဝင်တဲ့ ခန္ဓာအစဉ်၏ ဟောင်းနွမ်းခြင်းသည်။ သောကော၊ စိတ်ပြင်းစွာပူလောင်ခြင်းသည်။ ပရိဒေဝေါ၊ မျက်ရည်စက်စက် ငိုကြွေးလျက် ယောင်ယမ်းမြည်တမ်းခြင်းသည်။ ဥပါယာသော၊ လွန်မင်းစွာ စိတ်ဆင်းရဲခြင်းကြောင့် ပြင်းစွာပူလောင်ခြင်းသည်။ ထူးရာကိုသာ မြန်မာပြန်ဆိုသည်၊ အကြွင်း သိပါလေ။

အဓိပ္ပါယ်—ပစ္စုပ္ပန်ဘဝတွင် ရုပ်နာမ်သင်္ခါရတို့ အစစ္စာထင်ရှားဖြစ်ပေါ်လာတဲ့ ဥပါဒ်သည် မီးတဆဲ့တမီးဖြင့် တောက်လောင်သောကြောင့် ကြောက်လန့်စရာ အာရုံပဲလို့ သိသော ဘယတုပဋ္ဌာနဉာဏ်သည်ပင် အပြစ်ထင်လာတဲ့အခါ အပြစ်ဆင်းရဲကိုသိသော အာဒီနဝဉာဏ် ဖြစ်လာသည်။ ပဝတ္တိအခါ ရုပ်နာမ်နှစ်ဝ သင်္ခါရတို့ အဆက်ဆက် မပျက်ဖြစ်တဲ့ အစဉ်ပဝတ္တာသည် မီးတဆဲ့တမီးတို့ဖြင့် တောက်လောင်သောကြောင့် ကြောက်လန့်စရာ အာရုံပဲလို့ သိသော ဘယတုပဋ္ဌာနဉာဏ်သည်ပင် အပြစ်ထင်လာတဲ့အခါ အပြစ်ဆင်းရဲကိုသိသော အာဒီနဝဉာဏ်ဖြစ်လာသည်။

လုံးလုံးလျားလျား ပေါင်းရှိတည်ဟန် သဏ္ဌာန်အကောင်အထည်ဖြင့်ကဲ့သို့ သိအပ်သော သင်္ခါရနိမိတ် အရိပ်အရောင် ဟူသမျှသည် ကိလေသာမီးတို့ဖြင့် အနှိပ်စက်ခံရခြင်း၏ အကြောင်းဖြစ်သောကြောင့် ကြောက်လန့်စရာအာရုံပဲလို့ သိသော ဘယတုပဋ္ဌာနဉာဏ်သည်ပင် အပြစ်ထင်လာတဲ့အခါ အပြစ်ဆင်းရဲကိုသိသော အာဒီနဝဉာဏ် ဖြစ်လာသည်။

နောင်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သောကံသည် ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သောကြောင့် ကြောက်လန့်စရာ အာရုံပဲလို့ သိသော

ဘယတုပဋ္ဌာနဉာဏ်သည်ပင် အပြစ်ထင်လာတဲ့အခါ အပြစ်ဆင်းရဲကို သိသော အာဒီနဝဉာဏ်ဖြစ်လာသည်။

နောင်ဘဝ ပဋိသန္ဓေဝိညာဉ်သည် ဝဋ်မျိုးစေ့နှင့် တူသောကြောင့် ကြောက်လန့်စရာ အာရုံပဲလို့သိသော ဘယတုပဋ္ဌာနဉာဏ်သည်ပင် အပြစ်ထင်လာတဲ့အခါ အပြစ်ဆင်းရဲကိုသိသော အာဒီနဝဉာဏ် ဖြစ်လာသည်။

ဂတိ နိဗ္ဗတ္တိစသော အာရုံဆယ်မျိုးနှင့် တဲ့၍လည်း အာဒီနဝဉာဏ်ဆယ်မျိုး ပေါ်လာပုံကို သိလေ။ ပေါင်း အာဒီနဝဉာဏ် ၁၅-ပါး။ ထိုတဆဲ့တပါး သောအာရုံတို့တွင် ဥပပါဒစသော ငါးမျိုးတို့ကိုသာ အာဒီနဝဉာဏ်၏အာရုံအဖြစ်ဖြင့် ပြဆို၏၊ ကြွင်းသောအာရုံတို့ကိုကား ဥပပါဒစသော ငါးမျိုးတို့၏ ပရိယာယ်၏အစွမ်းဖြင့် ပြဆိုကုန်၏။ နိဗ္ဗတ္တိ ဇာတိဟူသော ဤအာရုံနှစ်ခုအပေါင်းကား ဥပပါဒနှင့် ပဋိသန္ဓေ၏ ပရိယာယ်သာတည်း။ ဂတိ ဥပပတ္တိ ဤနှစ်ခုကား ပဝတ္တ၏ ပရိယာယ်သာတည်း၊ ဇရာစသည်တို့ကား နိမိတ္တ၏ ပရိယာယ်တို့သာတည်း။ ထို့ကြောင့်—

ဥပပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

လို့ ဟောတော်မူ၏။

ဥပပါဒဉ္စ၊ ဥပါဒ်ကိုငင်း။ ပဝတ္တဉ္စ၊ ပဝတ္တကိုငင်း။ နိမိတ္တဉ္စ၊ ကိုငင်း။ အာယူဟနဉ္စ၊ အာယူဟနကိုငင်း။ ပဋိသန္ဓိံ စ၊ ကိုငင်း။ ဒုက္ခန္တိ၊ အပြစ်ဆင်းရဲ ဒုက္ခပဲလို့။ ပဿတိ၊ ရှုကြည့်၏။ အာဒီနဝေ၊ အပြစ်ဆင်းရဲ ဝတ္ထုထဲတွင်။ ဣဒံ ဉာဏံ၊ အာရုံငါးပါးကိုသိတဲ့ ဤဉာဏ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အနှယအားဖြင့် ပြအပ်သော အာဒီနဝဉာဏ်၏ ဗျတိရိတ်ဆန့်ကျင်ဖက်အားဖြင့် သန္တိပဒဉာဏ်ကို ဟော၏။ တနည်း ဘယတုပဋ္ဌာနဉာဏ်ဖြင့် အပြစ်အာဒီနဝကို တွေ့ရသောကြောင့် ထိပ်လန့်တုန်လှုပ်သော စိတ်နှလုံးရှိသော ယောဂီတို့အား ဘေးမဲ့ရာ အပြစ်ကင်းရာ နိဗ္ဗာန်လည်းရှိပါတယ်လို့ ဝမ်းမြောက်စွာ သက်သာရာကို ရရန်အကျိုးငှါလည်း သန္တိပဒဉာဏ်ကို ဟော၏။ တနည်း ဘယတုပဋ္ဌာနဉာဏ်၏ အစွမ်းဖြင့် ပေါ်လာသော အာဒီနဝဉာဏ်၏ အကျိုးအာနိသံသကို ပြရန်အကျိုးငှါလည်း သန္တိပဒဉာဏ်ကို ဟော၏။

အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ၊ အပ္ပဝတ္တံ ခေမန္တိ သန္တိ-
ပဒေ ဉာဏံ ။ပ။ အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ ။

ဤကား ဟောပုံတည်း။

အနုပ္ပါဒေါ၊ ဥပါဒ်ဇာတိ မရှိရာဖြစ်သော နိဗ္ဗာန်သည်။ ခေမံ၊ ဘေး မရှိသောကြောင့် ငြိမ်းအေး၏။ ဣတိ၊ ဤပုံ ဤသို့သော အကြောင်း ကြောင့်။ သန္တိပဒေ၊ ငြိမ်းအေးသောနိဗ္ဗာန်အဖို့၌။ ဉာဏံ၊ သိသောဉာဏ် သည်။ ဟောတိ၊ ဖြစ်၏။

ရုပ်နာမ်ခန္ဓာ၀ သင်္ခါရတို့ အစစ္စာဖြစ်ပေါ်လာခြင်းကို ကြောက်လန့် ဖွယ် အပြစ်အနာအဆာပဲလို့ ထင်ရုံသိရုံမျှဖြင့် နိဗ္ဗာန်ကို မျက်မှောက် မတွေ့ရသေးခေျ၊ သို့သော် သူတော်သူမြတ်ထံမှတဆင့် နာခံယူဘူးသည်၏ အစွမ်းဖြင့် နိဗ္ဗာန် နိဗ္ဗာန်ရဲသဘောကို အာရုံပြုကာ သိနိုင်ပါတယ်။ ထို့ကြောင့် သန္တိပဒဉာဏ်ကို ဟော၏။

အနုဿဝ၀သေနာပိ ဟိ သန္တိပဒန္တိ နာမမတ်တံ ဂဟေတ္ဝာ
ဥပ္ပန္နံ ဉာဏံပိ သန္တိပဒေ ဉာဏန္တိ ဝုတ္တံ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ဟိ၊ ထို့စကားသင့်စ့။ အနုဿဝ၀သေနာပိ၊ တဆင့်ကြားသည်၏ အစွမ်းဖြင့်လည်း။ သန္တိပဒန္တိ နာမမတ်တံ၊ သန္တိပဒဟူသောအမည်မျှကို။ ဂဟေတ္ဝာ၊ ယူ၍။ ဥပ္ပန္နံ၊ ဖြစ်သော။ ဉာဏံပိ၊ ဉာဏ်ကိုလည်း။ သန္တိပဒေ-ဉာဏန္တိ၊ သန္တိပဒဉာဏ်ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ။နည်းမှီး၍ ကြွင်းသော အာရုံနှင့်တကွ ဉာဏ်များတွင် အနက်ပေးပုံနှင့်တကွ အဓိပ္ပါယ်သိလေ။

သန္တိပဒဉာဏ်တဆဲ့ငါးပါး

သန္တိပဒဉာဏ်အရာတွင်လည်း အနုပ္ပါဒစသော ရှေငါးပုဒ်တို့ကိုသာ သန္တိပဒဉာဏ်၏ ဝတ္ထုအာရုံအဖြစ်ဖြင့် ဟောအပ်ကုန်၏၊ ကြွင်းဝတ္ထုအာရုံ တို့ကိုကား ရှေးနည်းအတိုင်းသိလေ။ ထို့ကြောင့်—

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနံ အပ္ပဋိသန္ဓိံ၊ ဉာဏံ သန္တိပဒေ ဣဒံ။

လို့ ဟောတော်မူ၏။

အနုပ္ပါဒဥ္စ၊ ဥပါဒ်မရှိရာနိဗ္ဗာန်ကိုလည်း။ အပ္ပဝတ္တဥ္စ၊ အပ္ပဝတ္တကိုလည်း။ အနိမိတ္တဥ္စ၊ အနိမိတ္တကိုလည်း။ အနာယူဟနဥ္စ၊ အနာယူဟနကိုလည်း။

အပ္ပဋိသန္ဓိ စ၊ အပ္ပဋိသန္ဓိကိုဂုင်း။ သုခန္တိ၊ သုခဟူ၍။ ပဿတိ၊ မြင်၏။ သန္တိပဒေ၊ ငြိမ်းအေးချမ်းသာဝင်္ခကင်းရာဖြစ်သောနိဗ္ဗာန်၌။ ဣဒံ ညာဏံ၊ ဤမှန်းဆကာသိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ရုပ်နာမ်နှစ်ဝသခ်ါရတို့ ဖြစ်ပေါ်လာသောပဝတ္တိတွင် သာယာနှစ်သက်ဖွယ် စည်းစိမ်မဟုတ်တဲ့ အပြစ်အာဒီနဝကို တွေ့မြင်ခဲ့သော် တွေ့မြင်သည်၏ အခြားမဲ့၌သာလျှင် ရုပ်နာမ်နှစ်ဝသခ်ါရဆုတ်နစ်ရာ နိဝတ္တိနိဗ္ဗာန်တွင် အကျိုးအာနိသင်ကိုမြင်၍ လျင်မြန်စွာဝိပဿနာကို အားထုတ်ကုန်သော သူတို့၏အစွမ်းဖြင့် တတိယယမကဝါရကို ဟောတော်မူ၏။

ဥပ္ပါဒေါ ဘယံ, အနုပ္ပါဒေါ ခေမန္တိ သန္တိပဒေ ဉာဏံ၊ ပဝတ္တံ ဘယံ, အပ္ပဝတ္တံ ခေမန္တိ သန္တိပဒေ ဉာဏံ ။ပ။ ဥပါယာသော ဘယံ, အနုပါယာသော ခေမန္တိ သန္တိပဒေ ဉာဏံ။ ဤကား ဟောပုံတည်း။

ဥပ္ပါဒေါ၊ အသစ်ဖြစ်ပေါ်လာတဲ့ ဥပါဒ်သည်။ ဘယံ၊ ကြောက်လန့်ဖွယ် အာရုံတည်း။ အနုပ္ပါဒေါ၊ ဥပါဒ်မရှိရာနိဗ္ဗာန်သည်။ ခေမံ၊ ဘေးမရှိသော ကြောင့် ငြိမ်းအေး၏။ ဣတိ၊ ဤပုံ (ဝါ) ဤသို့သောအကြောင်းကြောင့်။ သန္တိပဒေ၊ ငြိမ်းအေးချမ်းသာဝင်္ခကင်းရာဖြစ်သောနိဗ္ဗာန်၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဥပ္ပါဒရုပ်နာမ်ကား ကြောက်လန့်ဖွယ်အာရုံတည်း၊ အနုပ္ပါဒနိဗ္ဗာန်ကား ငြိမ်းအေးချမ်းသာ ဝင်္ခကင်းရာတည်း။

ဤပုံ ပဝတ္တိတွင် အပြစ်မြင်သည်၏အခြားမဲ့၌သာ နိဝတ္တိနိဗ္ဗာန်တွင် အကျိုးကိုမြင်၍ လျင်မြန်စွာ ဝိပဿနာအားထုတ်ကြသောယောဂီတို့အား သန္တိပဒဉာဏ်ပေါ်လာသည်၊ ကြွင်းအာရုံနှင့် သန္တိပဒဉာဏ်ပေါ်လာပုံကို သိလေ။ ဤကား ယမကဝါရတည်း၊ ဘယနှင့်ခေမတွင် သုံးဝါရဖြစ်၏၊ ဘယဖြစ်တဲ့ ရုပ်နာမ်နှစ်ဝသခ်ါရသည်အမှန်ဒုက္ခဖြစ်သည်ချည်းပဲ၊ ထို့ကြောင့် ဒုက္ခနှင့်သုခတို့တွင် သုံးဝါရဟော၏။

ဒုက္ခဖြစ်တဲ့ ရုပ်နာမ်နှစ်ဝသခ်ါရသည် ဝဋ္ဋာမိသ, လောကာမိသ, ကိလေသာမိသတို့မှ မလွတ်သောကြောင့် သာမိသဖြစ်သည်ချည်းသာတည်း၊ အာမိသ ဆိုသည်မှာ သတ္တဝါတို့ကိလေသာတို့ဖြင့် ကိုင်တွယ်သုံးသပ်အပ်

သုံးဆောင်စားသောက်အပ်သော လောကီခန္ဓာငါးပါးကိုခေါ်ဆို၏၊ အာမိသသည်လည်း ဝဋ္ဋာမိသ, လောကာမိသ, ကိလေသာမိသ ၃ မျိုးရှိ၏။

ထိုတွင် လောကီခန္ဓာငါးပါးကို ဝဋ္ဋာမိသ, အာရုံငါးပါး ကာမဂုဏ်တရားကို လောကာမိသ, ကိလေသာဆယ်ပါးကို ကိလေသာမိသခေါ်ဆို၏၊ ထို့ကြောင့် သာမိသနှင့် နိရာမိသတွင် သုံးဝါရဟော၏။

သာမိသဖြစ်တဲ့ ရုပ်နာမ်နှစ်ဝသခ်ါရသည် သခ်ါရမျှသာတည်း၊ ဤအရာတွင် "သာ" ဆိုသောမြန်မာစကားဖြင့် နိဗ္ဗာန်နှင့်မစပ်ဆိုင်လို ပြ၏၊ "မျှ" ဆိုသောမြန်မာစကားဖြင့် သခ်ါရတရားဟူသမျှ မယူရလိုပြ၏၊ ထို့ကြောင့် သခ်ါရနှင့်နိဗ္ဗာနတွင် သုံးဝါရဟော၏၊ ဟောပုံပါဠိကို ပဋိသမ္ဘိဒါမဂ်မှ ယူလေ။

ဘယဖြစ်တဲ့ ရုပ်နာမ်နှစ်ဝသခ်ါရသည် ဒုက္ခသာမိသ သခ်ါရသဘောရှိသည်သာတည်း၊ ထို့ကြောင့် ဝါရကိုးပါးကိုဆက်၍ဟော၏၊ ထိုသို့ တူခဲ့သော် ဘယစသော လေးမျိုးတို့တွင် တမျိုးမျိုးဖြင့်သာ လိုအပ်သော အနက်အဓိပ္ပါယ်ပြီးစီးလျက် ဘယ်ပုံဘယ်နည်းအားဖြင့် လေးမျိုးလုံးကို ယူ၍ ဟောတော်မူပါသနည်း။

ဤသို့ သဘာဝအတူဖြစ်နိုင်သော်လဲ ကြောက်လန့်ဖွယ်သော အခြင်းအရာ ဆင်းရဲပင်ပန်းသောအခြင်းအရာ ကိလေသာတို့ဖြင့် စားဖတ်ဝါးဖတ်ဖြစ်သောအခြင်းအရာ ပြုပြင်စီရင်ရသော အခြင်းအရာအထူးတို့ဖြင့် ဉာဏ်အထူးကိုပြရန် မိန့်ဆိုပါ၏။

ဧဝံ သန္တေပိ ဘယာကာရေန ဒုက္ခာကာရေန သာမိသာကာရေန သခ်ါရာကာရေနာတိ ဧဝံ အာကာရနာနတ္တတော ပဝတ္တိဝသေနေတ္ထ နာနတ္တံ ဝေဒိတဗ္ဗံ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ထိုဉာဏ်တို့တွင် ကြောက်လန့်ဖွယ်အမူအရာအားဖြင့် ဖြစ်တဲ့ဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်, ဤမှတပါး သုံးမျိုးသောအခြင်းအရာအားဖြင့် ဖြစ်တဲ့ဉာဏ်ကို အာဒီနဝဉာဏ်လို ခွဲခြားမှတ်လေ။

တတ္ထ ဘယာကာရေန ပဝတ္တံ ဉာဏံ ဘယတုပဋ္ဌာနဉာဏံ၊ ဣတရာကာရဝသေန ပဝတ္တံ အာဒီနဝဉာဏန္တိ ဒဋ္ဌဗ္ဗံ။ (မဟာဋီကာ)

အာဒီနဝဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်သိသော ဝိပဿနာယောဂီသည် ဥပါဒစသောအာရုံဝတ္ထုရှိသော အာဒီနဝဉာဏ်ငါးပါး အနုပါဒစသော အာရုံ

ဝတ္ထုရှိသော သန္ဓိပဒဉာဏ်ငါးပါး ဤဆယ်ပါးတို့ကို ထိုးထွင်းကာသိလာပါတယ်၊ အာဒီနဝ သန္ဓိပဒ နှစ်ဝသောဉာဏ်တို့၌ လိမ္မာသဖြင့်ပဝတ္တိ ဖြစ်တဲ့ရုပ်နာမ်ကို အမှန်အကန် မြင်ရ ထင်ရ သည်ရှိသော် ထို၏ဆန့်ကျင်ဖက် နိဗ္ဗာန်လည်း ကောင်းစွာ ဆုံးဖြတ်အပ်သည်ဖြစ်၍သာ ထင်လာ၏၊ ထို့ကြောင့် ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒစသော အယူ အမျိုးမျိုးတို့ အတွက် တုန်လှုပ်ချက်မရှိပါတော့သတည်း။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္ဓိပဒေ၊ ဒသဉာဏေ ပဇာနာတိ။
ဒ္ဝိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒီဋ္ဌီသု န ကမ္ပတိ။

ဣဒံ အာဒီနဝေဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဉ္စဋ္ဌာနေသု၊ ငါးမျိုးသော အာရုံဝတ္ထုတို့၌။ ဇာယတိ၊ ဖြစ်၏။ သန္ဓိပဒေ၊ သန္ဓိပဒဉာဏ်သည်။ ပဉ္စဋ္ဌာနေ၊ ငါးမျိုးသောအာရုံဝတ္ထု၌။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒသဉာဏေ၊ ဆယ်မျိုးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ဒ္ဝိန္နံ ဉာဏာနံ၊ နှစ်မျိုးသောဉာဏ်တို့၌။ ကုသလတာ၊ လိမ္မာသည်၏အဖြစ်ဖြင့်။ နာနာ-ဒီဋ္ဌီသု၊ အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်။

ရတိုင်းသောအာရုံဝတ္ထု၏ အစွမ်းဖြင့် အာဒီနဝဉာဏ်တဆဲ့ငါးပါး၊ ထို့အတူ သန္ဓိပဒဉာဏ်တဆဲ့ငါးပါး။ ၁-ဘယ၊ ၂-ဓေမ၊ ၃-ယမကသုံးဝါရ။ ၁-ဒုက္ခ၊ ၂-သုခ၊ ၃-ယမကသုံးဝါရ။ ၁-သာမိသ၊ ၂-နိရာမိသ၊ ၃-ယမကသုံးဝါရ။ ၁-သင်္ခါရ၊ ၂-နိဗ္ဗာန၊ ၃-ယမကသုံးဝါရ။ ပေါင်းဝါရတဆဲ့နှစ်ပါး လိုရင်းအာရုံဝတ္ထု၏အစွမ်းဖြင့် အာဒီနဝဉာဏ်ငါးပါး ထို့အတူ သန္ဓိပဒဉာဏ် ငါးပါး ပေါင်းဆယ်ပါးဖြစ်သတည်း။

ပုံးပုံ

အာဒီနဝဉာဏ်အရာတွင် မျက်မှောက်ပစ္စက္ခတွေ့မြင်ရသော ရုပ်နာမ် နှစ်ဝ သင်္ခါရအပျက်တို့ကို ဒုက္ခာကာရထင်လာသောအခါ ဆင်းရဲတယ်၊ မကောင်း မကောင်းလို့ နှလုံးသွင်းကြည့်ရှုလေ၊ သာမိသာကာရထင်လာသောအခါ စားဖွယ် စားဖွယ် အစာ အစာလို့ နှလုံးသွင်းကြည့်ရှုလေ၊

သခ်ၤါရာကာရထင်လာသောအခါ ပြုပြင်ဖွယ် ပြုပြင်ဖွယ်လို့ နှလုံးသွင်းကြည့်ရှုလေ။

ကြီးကျယ်ရောဂါ၊ စွဲကပ်ရာတွင်၊ ကျင်နာသည့်လား၊ ရုပ်နာမ်များတွင်၊ အပြစ်မြင်၊ မှတ်လျှင်အာဒီနဝဉာဏ်။
ဥပါဒစ၊ အာရုံပ၊ ငါးဝအာဒီနဝဉာဏ်။
အနုပ္ပါဒ၊ အာရုံပ၊ ငါးဝသန္တိပဒဉာဏ်။
အပြစ်မြင်ရာ၊ နှစ်သက်တာ၊ ပယ်ခွါအကျိုးမှန်။

အာဒီနဝဉာဏ်အခန်းပြီး၏။

နိဗ္ဗိဒါနုပဿနာဉာဏ်အခန်း

ဤပုံ ရုပ်နာမ်နှစ်ဝသခ်ၤါရတို့ကို အပြစ်ဆင်းရဲခံရသဲ့၍ ပင်ပန်းဆင်းရဲသောအားဖြင့် ကောင်းစွာတွေ့မြင်သော ဝိပဿကယောဂီသည် အလုံးစုံသော ဘုံဘဝတွင် ကြောက်လန့်စရာ အပျက်ကြီးပျက်ကာနေတဲ့ သခ်ၤါရတရားတွင် ငြီးငွေ့စက်ဆုပ်အမြင်ယုတ်ကာ တွန့်ဆုတ်၍လာပါတယ်၊ မမွေ့လျော်နိုင် မပျော်ပိုက်နိုင်ဖြစ်ကာလာပါတယ် ဆိုလိုသည်၊ အနုဿဝ=တဆင့်ကြားဘူး မှတ်ဘူးသည်၏အစွမ်းဖြင့် နိဗ္ဗာန်သို့သာ ညွှတ်သောစိတ်ရှိကာနေ၏၊ ထိုအခါ ယောဂီအား နိဗ္ဗိဒါနုပဿနာဉာဏ်ဖြစ်ပေါ်ကာလာ၏။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးလျက် လက္ခဏတ္တယဝတ္ထုသုံးခုကို အသီးအသီးအားထုတ်ဘူးကုန်သော ရဟန်းငါးရာတို့အား နိဗ္ဗိဒါနုပဿနာဖြစ်ပုံကို....

သဗ္ဗေ သခ်ၤါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေ သခ်ၤါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ....

လို့ဟောတော်မူ၏။

ဒေသနာတော်၏ အဆုံးတွင် ရဟန်းအားလုံးတို့သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်၍ ရဟန္တာအဖြစ်သို့ရောက်ကြကုန်သတည်း၊ ရောက်လာသောပရိသတ်တို့အားလည်း မျှားစ္ဆာကျေးဇူးမျှား၏။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သခ်ါရာ၊ အကြောင်းကြောင့်ဖြစ်ကြရတောဘူမကသခ်ါရတရားဟူသမျှတို့သည်။ အနိစ္စာ၊ ဖြစ်ပေါ်လာကာပျောက်ကွယ်သေဆုံးကြကုန်သောကြောင့် အမြဲမရှိကြလေကုန်။ ဇာတိ၊ ဤသို့။ ယဒါ၊ အကြင်အခါကာလ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုကြည့်၏။ အထ၊ ထို့ဒယပ္ပယဉာဏ်စသည်တို့ဖြစ်သည်မှ နောက်တွင်။ ဒုက္ခေ၊ ကြောက်လန့်ဖွယ်ထင်မြင်ပြီးသော တောဘူမက ခန္ဓာငါးပါးတွင်။ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိဒါဉာဏ်ကိုရ၏၊ ငြီးငွေ့စက်ဆုပ် အမြင်ယုတ်ကာ တွန့်ဆုတ်၍လာပါ၏။ သေ သော၊ ဤနိဗ္ဗိဒါနုပဿနာဉာဏ်သည်။ ဝိသုဒ္ဓိယာ၊ ဘေးရန်အညစ်အကြေးတို့မှ စင်ကြယ်သောနိဗ္ဗာန်၏။ မဂ္ဂေါ၊ ရောက်ရန်အကြောင်း လမ်းကောင်းပေတည်း။

ဒုက္ခာ၊ ခဏဘင်္ဂနိုပ်စက်ခံရသောကြောင့် မကောင်းကုန် ဆင်းရဲပင်ပန်းလှကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဓမ္မာ၊ တောဘူမက ခန္ဓာငါးပါးတို့သည်။ အနတ္တာ၊ မအိုမသေရန်တောင့်တလို့မရ အနတ္တသာဖြစ်ကုန်၏။

သဗ္ဗေ ဓမ္မာတိ ပဥ္စက္ခန္ဓာ ဧဝ အဓိပ္ပေတာ။ (ဓမ္မပဒအဋ္ဌကထာ)

ဥပမာ....ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသော စိတ္တကူဋ္ဌ တောင်ခြေတွင် မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်သော ရွှေဟင်္သာမင်းသည် မစင်မကြယ်ရုံစဖွယ် စက္ကာလရွာအထွက် တံစိုးပွက်အိုင်၌ မမွေ့လျော်မပျော်ပိုက်နိုင်၊ အနဝတတ်, သီဟပပါတစသော အိုင်ခုနစ်အိုင်တို့၌သာ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်သကဲ့သို့ ထို့အတူ ဤဝိပဿကယောဂီသည်လည်း ကောင်းစွာအပြစ်ထင်မြင်ပြီးသော သခ်ါရတွင် မမွေ့လျော်မပျော်ပိုက်နိုင်ပါ၊ ဘာဝနာရတိနှင့် ပြည့်စုံသောကြောင့် ဝိပဿနာခုနစ်ပါးတို့၌သာ မွေ့လျော်ပါတော့တယ်။

ရွှေချိုင့်လှောင်အိမ်တွင် ထည့်သွင်း၍ထားအပ်သော ခြင်္သေ့မင်းသည် မမွေ့လျော်မပျော်ပိုက်နိုင်၊ ယူဇနာသုံးထောင်ပြန့်ကျယ်သော ဟိမဝန္တာ

တောတွင်သာ မမွေလျော်ပျော်ပိုက်နှစ်ခြိုက်သကဲ့သို့ ထို့အတူ ဤဝိပဿကယောဂီသည်လည်း လူနတ်ဗြဟ္မာသုံးဖြာသောသုဂတိတွင်သော်လဲ မမွေ့လျော် မပျော်ပိုက်နိုင်၊ ဝိပဿနာသုံးပါးတို့၌သာ မွေ့လျော်ပါတော့တယ်။

တနည်း ဥပမာ — တကိုယ်လုံး ဆွတ်ဆွတ်ဖြူသော လက်ခြေသားမြီးနှာမောင်းစည်ပေါင်းအိမ်ဆိုတဲ့ အင်္ဂါခုနစ်ပါးတို့ဖြင့် မြေဝယ်ထိထားအလွန်ခန့်ငြားသော ဆဒ္ဒန်ဆင်မင်းသည် မြို့၏အလယ် အလွန်တင့်တယ်သောအရပ်တွင် မမွေ့လျော်မပျော်ပိုက်နိုင်၊ ဟိမဝန္တာတော ဆဒ္ဒန်အိုင်တွင်သာ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်သကဲ့သို့ ထို့အတူ ဤဝိပဿကယောဂီသည်လည်း ရုပ်နာမ်နှစ်ဝသန်ဓါရတွင် မမွေ့လျော် မပျော်ပိုက်နိုင်ပါ။ အနုပ္ပါဒေါ ခေမံစသောနည်းဖြင့် အနုမာန မျက်ယမ်းဆသောအားဖြင့် ပေါ်လာတဲ့ ငြိမ်းအေးသော ဘေးကင်းရာနိဗ္ဗာန်တွင်သာ မွေ့လျော်ပျော်ပိုက်ပါတော့တယ်၊ နိဗ္ဗာန်ကို မြော်မှန်းတောင့်တလိုချင်လှ၍ စိတ်ရောက်ကာ နေတော့သည် ဆိုလိုသည်။

ဤမျှသောကျင့်စဉ်ဖြစ်စဉ်ဖြင့် ယောဂီအား နိဗ္ဗိဒါနုပဿနာဉာဏ်ဖြစ်ကာ သွားပါသတည်း။ "ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေ ဉာဏံ၊ ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ" လို့ ဟောတော်မူသောကြောင့် တဉာဏ်တည်းကဲ့သို့ ဟောကာ ထားသော်လည်း အခိုက်အတန့်အထူး အခြင်းအရာအထူးအားဖြင့် သုံးမျိုးပြားသတည်း။

၁။ ချိုင့်တွင်လျောင်ကျား၊ ကြက်တူရွေးသို့၊ ပျော်ရေးမရှိ၊ နိဗ္ဗာန်ထိသာ၊ ပျော်ဘိရှာ၊ တူစွာနိဗ္ဗိဒါ။

၂။ ငြိုးငွေ့ရှုငြား၊ မွေ့လျော်မှား၊ ပယ်ထားအကျိုးပါ။

နိဗ္ဗိဒါဉာဏ်အခန်းပြီး၏။

မုဉ္စိတုကမ္မတာဉာဏ်အခန်း

ဝိပဿကယောဂီသည် ရုပ်နာမ်နှစ်ဝသန်ဓါရတို့ကို နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့စက်ဆုပ်အမြင်ယုတ်ကာ တွန့်ဆုတ်သဖြင့် မမွေ့လျော်နိုင် မပျော်ပိုက်နိုင်ဖြစ်လျက် ဘုံဘဝယောနိဂတိဝိညာဏဋ္ဌိတိ သတ္တာဝါသဘုံကိုးဝတွင် တပျက်

ထဲပျက် တသေထဲသေ တပျောက်ထဲပျောက်ကုန်သော သန်ဓါရတို့တွင် တခုသောသန်ဓါရ၌သော်လဲ မကပ်ငြိမဖွဲ့မိတော့ပါ၊ ရုပ်နာမ်နှစ်ဝသန်ဓါရကို စွန့်လွှတ်လိုပါတော့၏။။

ဘုံဘဝ ဆိုတာ ကာမရုပအရုပဘုံဘဝကို ဆိုသည်၊ **ယောနိ** ဆိုတာ အဏ္ဍဇ=ဥတွင် ပေါက်ဖွားသောသတ္တဝါမျိုး, ဇလာဗုဇ=အမိဝမ်းတွင် ပေါက်ဖွားသောသတ္တဝါမျိုး, သံသေဒဇ=အညှိတွင်ပေါက်ဖွားသောသတ္တဝါမျိုး, ဩပပါတိက=ကောင်းကင်မှ ကျရောက်သကဲ့သို့ ပေါ်လာသောသတ္တဝါမျိုးကို ဆိုသည်။

သံသေဒဇသတ္တဝါသည် ပဒုမဝတီ အာသက်ဝမင်းသမီးများကဲ့သို့ အစစ္စာ ငယ်ရာမှ ပဒုမ္မာကြာတိုက်စသည်ကိုမှီ၍ ကြီးပွါးရ၏၊ ဩပပါတိကသတ္တဝါကား ဖြစ်ရာဖြစ်ရာဘုံဒေသတွင် ကိုယ်ပမာဏလောက်ရှိလျက် တဆဲခြောက်နှစ်အရွယ် အလွန်တင့်တယ်သော ကိုယ်အင်္ဂါဖြင့် အစစ္စာဖြစ်ပေါ်လာ၏။ ဤကား သံသေဒဇဩပပါတိက အထူးတည်း။

ဂတိ ဆိုတာ ဖြစ်ရာဘုံဘဝနှင့် ခန္ဓာငါးပါးကို ဆို၏၊ ဂတိသည် နိရယဂတိ တိရစ္ဆာနဂတိ ပေတဂတိ မနုဿဂတိ ဒေဝဂတိလို့ ငါးမျိုးရှိ၏၊ အသုရကာယ်ကို ပေတဂတိတွင်သွင်း၍ ယူသည်၊ ဗြဟ္မာကို ဒေဝဂတိတွင်သွင်း၍ ယူသည်။

ဝိညာဏဋ္ဌိတိ ဆိုသည်မှာ ၁-လူနှင့်ခြောက်ထပ်သော နတ်ပြည်ကနတ်, ပိယက်ရမာတာစသော ဝေမာနိကပြိတ္တာတို့ကို ကိုယ်ကလဲ့ ထူးခြားပဋိသန္ဓေသည်ဂကလဲ့ ကဲ့ပြားသောကြောင့် နာနတ္တကာယ နာနတ္တသညီဆိုသည်၊ ၂-ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မပုရောဟိတာ မဟာဗြဟ္မာတို့ကို ကိုယ်ကတော့ထူးခြား ပဋိသန္ဓေသည်ဂက မကဲ့ပြားသောကြောင့် နာနတ္တကာယ ကေတ္တသညီဆိုသည်၊ အပါယ်လေးဘုံသားတို့ကိုလည်း ထို့အတူ ကိုယ်ကတော့ ထူးခြား ပဋိသန္ဓေသည်ဂက မကဲ့ပြားသောကြောင့် နာနတ္တကာယ ကေတ္တသညီဆိုသည်၊ ၃-ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာဗြဟ္မာတို့ကို ကိုယ်ကလဲ့မထူးခြား ပဋိသန္ဓေသည်ဂက ထူးခြားသောကြောင့် ဧကတ္တကာယ နာနတ္တသညီဆိုသည်၊ ၄-ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏ္ဏာဗြဟ္မာတို့ကို ကိုယ်ကလဲ့မထူးခြား ပဋိသန္ဓေသည်ဂကလဲ့ တူငြား

သောကြောင့် ကောင်းကောင်းသည်ဖြစ်သည်၊ ၅-အာကာသာနဉ္စာယတနဖြာမှာကို ပဋိမဝိညာဏဋ္ဌိတိဆိုသည်၊ ၆-ဝိညာဏဉ္စာယတနဖြာမှာကို ဒုတိယဝိညာဏဋ္ဌိတိဆိုသည်၊ ၇-အာကိဉ္စညာယတနဖြာမှာကို သတ္တမဝိညာဏဋ္ဌိတိဆိုသည်။

ဤခုနစ်ပါးကိုပင် ဝိညာဏဋ္ဌိတိဆိုသတည်း။ ထိုတွင် ဝေဟပ္ဖုလ်ဖြာမှာကို စတုတ္ထဝိညာဏဋ္ဌိတိတွင်သွင်း၍ ယူမရ၊ အသညသတ်ဖြာမှာကို ပဋိသန္ဓေဝိညာဉ်မရှိသောကြောင့် ဝိညာဏဋ္ဌိတိတွင်သွင်း၍ မယူရ၊ သုဒ္ဓါဝါသဖြာမှာတို့ကို မြတ်စွာဘုရား၏ ခန္ဓာဝါရနှင့်တူသောကြောင့် ဝိညာဏဋ္ဌိတိသတ္တာဝါသတွင် သွင်း၍ မယူရ။

မဟာသီဝမထေရ်ကား နာဂါ ပန သော သာရိပုတ္တ စသောပါဠိတော်ကို ကိုး၍ "သုဒ္ဓါဝါသဖြာမှာတို့ကို ဝိညာဏဋ္ဌိတိသတ္တာဝါသတွင် သွင်း၍ ယူကြ"လို့မိန့်၏၊ ဆရာ့ဆရာများလည်း ခွင့်ပြုကြ၏၊ နေဝသညာနာသညာယတနဖြာမှာကို ဝိညာဏဋ္ဌိတိတွင် သွင်း၍မဟော။

သတ္တာဝါသ ဆိုသည်မှာ ဝိညာဏဋ္ဌိတိခုနစ်မျိုးတွင် အသညသတ် ပဋိသတ္တာဝါသ, နေဝသညာနာသညာယတန နဝမသတ္တာဝါသနှစ်မျိုးကို ထည့်သော် ပေါင်းကိုးပါးကို သတ္တာဝါသဆိုသည်။

ရုပ်နာမ်နှစ်ဝ သခ်ါရတို့ ကြောက်လန့်ဖွယ်ရာ အပြစ်အနာမုန်းစရာဖြစ်၍ ထင်လာသောအခါ လွတ်လိုပုံ—

ပိုက်ကွန်အတွင်း သွင်းမိသောငါး မြေ၏ခံတွင်း သွင်းမိသောဘဝ်းချိုင့်တွင် သွင်းလှောင်ထားသော ကြက်ကောင်နှင့် ကျောက်ကွင်းအတွင်း သွင်းမိသောသမင် မြေအလမွှာယ်သမား လက်ဝယ်ရောက်သွားသောမြွေရှုံ့ဝက် ရှုံ့အိုင်တွင် ကျံနစ်၍နေသော ဆင်ပြောင်ကြီး ဂဠုန်ဖမ်းထားသော နဂါးများနှင့် ရာဟုခံတွင်း ဝင်တုန်လျှင်းသော လမင်း ရန်သူဝိုင်းထားမင်းယောကျ်ားများသည် လွတ်ခြင်းငှါအလိုရှိသကဲ့သို့ ထို့အတူ ရုပ်နာမ်နှစ်ဝ သခ်ါရတွင် အပြစ်အနာအဆာ မုန်းစရာကိုသာ တွေ့မြင်သော ယောဂီရဲစိတ်သည် ရုပ်နာမ်နှစ်ဝ သခ်ါရကို စွန့်လွှတ်လိုပါ၏၊ ထိုအခါ ဤပုံ ရုပ်နာမ်နှစ်ဝသခ်ါရတွင် အာလယတဏှာကင်းကွာလျက် သခ်ါရဟူသမျှ စွန့်လွှတ်လိုသော ယောဂီအား မုဉ္စိတုကမ္မတာဉာဏ်ဖြစ်ကာ လာပါသတည်း။

ကြောက်ဖွယ်ဖြစ်၍ ထင်လာသော သခ်ၤါရကို ကြောက်ဖွယ် ကြောက်ဖွယ်လို့ ရှုကြည့်, ကြီးစွာသောအပြစ်ဖြစ်၍ ထင်လာသောသခ်ၤါရကို အပြစ်မြင်တယ် အပြစ်မြင်တယ်လို့ ရှုကြည့်, မုန်းဖွယ်ငြီးငွေ့ဖွယ်ဖြစ်၍ ထင်လာသော သခ်ၤါရကို မုန်းတယ် မုန်းတယ်လို့ ရှုကြည့်, မျှားစွာသော အပြစ်မြင်သောကြောင့် လွတ်ချင်လျှင် လွတ်ချင်တယ် လွတ်ချင်တယ်လို့ ရှုကြည့်, ဘယအားဖြင့် ထင်သည်ကို အနိစ္စ ဒုက္ခ အနတ္တ နှလုံးသွင်းနိုင်သကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တလို့ နှလုံးသွင်းနိုင်တယ်။

၁။ ရန်သူဝိုင်းထား၊ မင်းယောကျ်ားမှာ၊ လွတ်ငြားလိုချင်၊ အတူပင်၊ မှတ်လျှင် မုဥ္ဇတုဉာဏ်ပါ။

၂။ လွတ်လိုဉာဏ်သွား၊ မလွတ်မှား၊ ဖယ်ရှားအကျိုးပါ။

မုဥ္ဇတုကမ္မတာဉာဏ်အခန်း ပြီး၏။

ပဋိသခ်ၤါဉာဏ်အခန်း

ဤပုံအလုံးစုံသော ဘုံဘဝယောနိဂတိဝိညာဏဌိတိသတ္တာဝါသဘုံကိုးဝတ္ထင် ပစ္စက္ခဉာဏ်မျက်မှောက်အားဖြင့် တွေ့ရတဲ့ တပျက်ထဲပျက် တသေထဲသေ တပျောက်ထဲပျောက်၍နေသော ရုပ်နာမ်နှစ်ဝ သခ်ၤါရတို့ကို စွန့်လွှတ်လိုသော ဝိပဿကယောဂီသည် စွန့်လွှတ်ခြင်း၏ အကြောင်းနှင့် ပြည့်စုံရန် အကျိုးငှါ တဖန် ထိုရုပ်နာမ်နှစ်ဝ သခ်ၤါရတို့ကိုပင် ပဋိသခ်ၤါနုပဿနာဉာဏ်ဖြင့် လက္ခဏာသုံးပါးသို့တင်၍ ဝိပဿနာ ရှုကြည့်၏။ (မှတ်ဖွယ်)

တဖန် ထိုသခ်ၤါရတို့ကိုပင် လက္ခဏာသုံးပါးတင်၍ ရှုကြည့်ရမည်ဆိုရာတွင် အနည်းငယ်လွတ်ခြင်း, အလွန်အကဲနှင့်တကွ လွတ်ခြင်းတို့တွင် ပဋိသခ်ၤါနုပဿနာဉာဏ်ဖြင့်သာ အလွန်အကဲနှင့်တကွ လွတ်ခြင်းဖြစ်နိုင်၏။

လက္ခဏာသုံးပါးတင်၍ သခ်ၤါရတရားတို့ကို သိမ်းဆည်းရှုကြည့်ခြင်းကို ရှေးကလည်း ဝေဘန်ပြုဘူးပြီ, မနှိုင်းချိန် မဆုံးဖြတ်ဘူးသော ရုပ်နာမ်သခ်ၤါရရယ်လို့လဲ မရှိပြီ၊ အဖန်ဖန်ရှုကြည့်ခြင်းအရာ အနုပဿနာသစ်လဲ ရှိနိုင်၏၊ ထို့ကြောင့် တဖန် ထိုသခ်ၤါရတို့ကိုပင် လက္ခဏာတင်၍ ပဋိသခ်ၤါနုပဿနာဉာဏ်ဖြင့် ရှုလေဆိုသည်။

လက္ခဏာသုံးပါးတင်ဆိုသည်မှာ သမ္မသနဉာဏ်အရာတွင် အနိစ္စ, ဒုက္ခ, အနတ္တပဲလို့ သိရှိရန်တင်သကဲ့သို့ တင်ရသည်မဟုတ်၊ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်တို့ဖြင့် ပစ္စက္ခမျက်မှောက်တွေ့ရတဲ့ မိုးကုတ်ကျောက်သေးလုံးကလေးများ စီထားရာတွင် အဝေးမှ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်သော အရောင်ကလေးများကို မြင်တွေ့ရဘိသကဲ့သို့ဂုင်း ကမ်းပါးကြီးများ ပြိုကျရာတွင် ဆီးတားလို့မရ ပြိုကျပြေးဆင်းသည်ကိုသာ တွေ့ရဘိသကဲ့သို့ဂုင်း ကိုယ်ခန္ဓာတခုလုံးတွင် ကြေမွလျက် အမူအရာ ကိရိယာမျှသာ လျင်မြန်စွာ ပျောက်ကွယ်သေဆုံး အပျက်တုံးဖြစ်၍ အနိစ္စလက္ခဏာဆယ်ပါး, ဒုက္ခလက္ခဏာ နှစ်ဆဲငါးပါး, အနတ္တလက္ခဏာ ငါးပါး ပေါင်း ဘာဝနာလေးဆယ်, တောလေးဆယ်တို့ဖြင့် နှလုံးသွင်း ကြည့်ရှုသည်ကို လက္ခဏာသုံးပါးတင်၍ ကြည့်ရှုတယ်လို့ မှတ်ရမည်။

နှလုံးသွင်းကြည့်ရှုပုံ

မျက်မှောက်တွေ့ရတဲ့ တပျက်ထဲပျက် တသေထဲသေ တပျောက်ထဲပျောက်၍နေသော ရုပ်နာမ်သဒ္ဓါရတို့ကို စုတိဘင်ဟုဆိုအပ်သော မရဏဓာတ်ကို မလွန်နိုင်သောကြောင့် အမြဲမရှိ အနိစ္စတကား၊ ကြာမြင့်စွာ မတည်ရ အခိုက်အတန့်မျှသာ ဖြစ်သောကြောင့် အမြဲမရှိ အနိစ္စပါတကား။

ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်ခဏခဏ အနှိပ်စက်ခံရသောကြောင့် မကောင်း၊ ဆင်းရဲပင်ပန်းလှပါတကား၊ သည်းခံရခက် ဒုက္ခတက်သောကြောင့် မကောင်း၊ ဆင်းရဲ ပင်ပန်းလှပါတကား၊ ဒုက္ခ ဒုက္ခ, သဒ္ဓါရဒုက္ခ, ဝိပရိဏာမဒုက္ခတို့၏ တည်ရာဖြစ်သောကြောင့် မကောင်း၊ ဆင်းရဲပင်ပန်းလှတကား။ ဤပုံ နှလုံးသွင်းရမည်။

စိတ်နှလုံးမတိုးပွါး ဆုတ်ယုတ်ကာသွားသောကြောင့် မတင့်တယ် ရွံစဖွယ် အသုဘတကား၊ ဓိ-ထို့ စက်ဆုပ်ရွံရှာအပ်သောကြောင့် မတင့်တယ် ရွံစဖွယ် အသုဘတကား၊ တန်းဆာမဆင်ပဲ ထားသဖြင့် မတင့်တယ် ရွံစဖွယ် အသုဘတကား၊ ဤပုံ နှလုံးသွင်းရမည်။

အလိုမကျ ပြင်ပသူစိမ်းနှင့်တူသောကြောင့် အတ္တမဟုတ် အနတ္တတကား၊ အနှစ်အသားမပါ အခွံအကာနှင့်တူသောကြောင့် အတ္တမဟုတ်

အနတ္တတကား၊ အစိုးရသူ ပိုင်ဆိုင်သူမဟုတ်သောကြောင့် အတ္တမဟုတ် အနတ္တတကား။ ဤပုံနှလုံးသွင်းရမည်။

ဤသို့ နှလုံးသွင်းကြည့်ရှုသောယောဂီသည် လက္ခဏာသုံးပါးတင်၍ ရုပ်နာမ်နှစ်ဝသခ်ါရတို့ကို သိမ်းဆည်းကြည့်ရှုသည် မည်ပါတော့သတည်း။

မေး။ ဤ ပုံ ဘယ်အကျိုးငှါ တဖန်သိမ်းဆည်းရပါသနည်း။

ဖြေ။ နှိပ်နယ်ခြင်း၏ အကြောင်းပြည့်စုံရန် သိမ်းဆည်းရပါသည်။

ဥပမာ—ငါးထောင်ထားသော ယောကျ်ား တံငါသားတယောက်သည် ငါးတို့ကိုဖမ်းအံ့လို့ ဆောင်းမြုံးကိုယူကာ ရေတွင် ပစ်ချလိုက်ပါတယ်၊ ငါးထောင်သမားထိုယောကျ်ားသည် ဆောင်းပေါက်တွင်းတွင် လက်ကို သွင်းကာ ရေမြွေဟောက်ကို ဆုပ်ကိုင်မိလျက် ဝမ်းသာနှစ်ခြိုက် ငါးကို နှိုက်မိပြီဟု ကြည့်ရှု၏၊ ကြည့်ရှုသော် လည်ရေးသုံးဆင့်ကိုမြင်သဖြင့် အလွန် ကြောက်လန့် အဖြစ်အံ့လျက် မကိုင်မတွယ် လွှတ်ချင်တယ်လို့ လက်မှအသာ ဖြေကာ ချပ္ပတ် ပစ်လွှတ်တက်ပြေး၍ မြွေဘေးမှ ငါလွှတ်ခဲ့လေပြီလို့ လာခဲ့ရာ လမ်းကို ဝမ်းမြောက်လည်လှည့် ပြန်ကာကြည့်လျက် ရပ်မိ၏။

ဥပမာ နှီးနှောတို့က်ဆိုင်ပုံကား—ငါးဖမ်းသမား တံငါသား၏ ငါးပဲလို့ ရေမြွေဟောက်၏ လည်ကိုကိုင်ဆွဲကာ နှစ်သက် ဝမ်းမြောက်သောကာလကဲ့သို့ ဤဝိပဿကယောဂီ၏လည်း အစကအတ္တဘောကိုရ၍ နှစ်သက်သောကာလကိုသိရာသည်၊ ထိုတံငါသား၏ ဆောင်းပေါက်ဝ ဦးခေါင်းကို ထုတ်လျက် လည်ရေးသုံးဆင့်ကို တွေ့မြင်သောကာလကဲ့သို့ ဤဝိပဿကယောဂီလည်း အတုံးအခဲ အလုံးကဲ့အောင် နှလုံးသွင်းလျက် ရုပ်နာမ်နှစ်ဝသခ်ါရတွင် လက္ခဏာသုံးပါး တွေ့မြင်ကာသွားသောကာလကို သိရာသည်။ ထိုတံငါသားအား ကြောက်ရွံ့သော ကာလကဲ့သို့ ဤ ဝိပဿကယောဂီအားလည်း ဘယတုပဒ္ဒဝနဉာဏ် ဖြစ်ပေါ်ရာကာလကို သိရာသည်၊ ငါးဖမ်းသမား ထိုတံငါသားအား အပြစ်ကို မြင်သကဲ့သို့ အာဒီနဝဉာဏ် ဖြစ်ပေါ်ရာကာလကို သိရာသည်၊ ဖမ်းယူခြင်းတွင် ငြီးငွေ့စက်ဆုပ်သကဲ့သို့ နိဗ္ဗိဒါနုပဿနာဉာဏ် ပေါ်ရာကာလကို သိရာသည်၊ မြွေကိုစွန့်လွှတ်ခြင်းငှါ အလို ရှိသကဲ့သို့ မုဉ္စိတုကမျတာဉာဏ် ဖြစ်ရာကာလကို သိရာသည်၊ လွှတ်ခြင်း၏ အကြောင်းကိုပြုသကဲ့သို့ ပဋိသခ်ါနုပဿနာဉာဏ် ဖြစ်ရာကာလကို သိရာ

သည်၊ ငါးဖမ်းသမား ထိုယောကျ်ားသည် မြေကိုပုတ်ခတ်ကာ အားမရှိ အောင် ပြု၏၊ ပြန်လည်၍ကိုက်ခဲခြင်းငှါ မစွမ်းနိုင်သောအဖြစ်သို့ ရောက် စေလျက် ကောင်းစွာလွတ်သဖြင့်လွတ်လိုက်သကဲ့သို့ ထို့အတူ ဤဝိပဿက ယောဂီသည်လည်း ရုပ်နာမ်နှစ်ဝသဒ္ဓါရတို့ကို လက္ခဏာယာဉ်သုံးပါးသို့ တင်သဖြင့် နှိပ်နယ်သုံးသပ်ကာ အားမရှိအောင်ပြု၏၊ တဖန် နိစ္စသုခ သုဘအတ္တအခြင်းအရာ ထင်ပေါ်မလာနိုင်အောင်ပြုလျက် ကောင်းစွာ လွတ်သဖြင့် ကင်းလွတ်တော့သတည်း။

ဤမျှသော ကျင့်စဉ်အားထုတ်စဉ်ဖြင့် ယောဂီအား ပဋိသန္ဓေဉာဏ် ဖြစ်ကာသွားပြီ၊ ပစ္စက္ခမျက်မှောက် တွေ့ရသော ရုပ်နာမ်နှစ်ဝ သဒ္ဓါရတို့ အပျက် ဘင်္ဂနိရောဓကို အာရုံပြုကာ အနိစ္စ-အနိစ္စ မမြဲ-မမြဲလို့ နှလုံးစွဲသော ယောဂီအား သဒ္ဓါရနိမိတ် အရိပ်အရောင်ကို သိတဲ့ဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ပဋိသန္ဓေဉာဏ် ဖြစ်တယ်လို့ ဆိုလိုသည်။

ဒုက္ခ-ဒုက္ခ မကောင်း-မကောင်းလို့ နှလုံးသွင်းသော ယောဂီအား ကောင်းတယ် ချမ်းသာတယ်လို့ သမုတ်ကြတဲ့ ပဝတ္တရုပ်နာမ်နှစ်ဝ သဒ္ဓါရ တို့၏ အဆက်ဆက်မပျက်ဖြစ်နေသော အစဉ်ကိုသိတဲ့ဉာဏ် ဖြစ်ပေါ်လာပါ တယ်၊ အနတ္တ-အနတ္တ တောင့်တလို့မရ အနတ္တ အနှစ်အသားမရ အနတ္တလို့ နှလုံးသွင်းသော ယောဂီအား နိမိတ်နှင့် ပဝတ္တနှစ်ပါးစုံကို သိတဲ့ဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ပဋိသန္ဓေဉာဏ် ဖြစ်တယ်လို့ ဆိုလိုတယ်။ ထို့ကြောင့်

> "အနိစ္စတော မနသိကရောတော နိမိတ္တံ ပဋိသန္ဓေဉာဏံ ဥပ္ပဇ္ဇတိ၊ ဒုက္ခတော မနသိကရောတော ပဝတ္တံ ပဋိသန္ဓေဉာဏံ ဥပ္ပဇ္ဇတိ"—

လို့ ရှင်သာရိပုတ္တရာ ဟောတော်မူ၏၊ ဤဒေသနာတော်ကို ထောက်ဆ သောအားဖြင့် မျက်မှောက်တွေ့ရတဲ့ အပျက် ဘင်္ဂနိရောဓကို အနိစ္စ-အနိစ္စ စသည်ဖြင့် နှလုံးသွင်းပုံးများရမည်။ ဤအဓိပ္ပါယ်ကို ယုံမှားမရှိ မှတ်ရာ သတည်း။ အခြို့ကား အနိစ္စအနိစ္စလို့ နှလုံးမသွင်းရလို့ ဆိုကြသေး၏။

၁။ မြေမှုန့်လွတ်ကြောင်း၊ အရှာကောင်း၍၊ တူကြောင်းတဖန်၊ ရှုခဲ့ပြန်၊ မှတ်ဟန် ပဋိသန္ဓေဉာဏ်။

၂။ အနိစ္စမှာ၊ နိမိတ္တာ၊ သိလာပဋိသန္ဓေဉာဏ်။

၃။ ဒုက္ခရှုရာ၊ ပဝတ္တာ၊ သိလာ ပဋိသခ်ီဘာဏ်။
အနတ္တမှာ၊ နှစ်ပါးသာ၊ သိလာ ပဋိသခ်ံဘာဏ်။

ပဋိသခ်ံဘာဏ်အခန်း ပြီး၏။

သခ်ံဓရပေက္ခာဉာဏ်အခန်း

ပဋိသခ်ီနုပဿနာဉာဏ်သည် ရုပ်နာမ်နှစ်ဝသခ်ီရတို့၏ အနိစ္စဒုက္ခ အနတ္တအခြင်းအရာတို့ကို ပိုင်းခြားကာ သိသည်၏အစွမ်းဖြင့် ဖြစ်ပေါ်လာ၏၊ သို့ရာတွင် အနတ္တအခြင်းအရာကို ပိုင်းခြား၍သိခြင်းသာလို့ရင်း ဖြစ်၏၊ ထိုကြောင့် "သဗ္ဗေ သခ်ါရာ သုညာ"လို့ သုညတာနုပဿနာကို ဆက်ကာပဲ့ါးရမည်။

ပဲ့ါးပုံ—သဗ္ဗေ၊ အလုံးစုံကုန်သော။ သခ်ံဓရာ၊ ရုပ်နာမ်သခ်ံဓရတို့သည်။ သုညာ၊ နိစ္စသုခသုဘဓုဝန္ဒစ် မရှိသောကြောင့် ဆိတ်သုဉ်းကြကုန်စုတကား။ လက်အဘွင်းတွင် ရွှေငွေပုလဲကိုင်ဆွဲကာမထား လက်ဆုပ်ထားသည်ကို တုန်ဆွမ့ဉ် အချိန်နှီးသော လက်ဆုပ်လို့ခေါ်ရသကဲ့သို့ ထို့အတူ သခ်ံဓရတရား များးတွင် နိစ္စဓုဝန္ဒစ်ကို မတွေ့ရသောကြောင့် အချိန်နှီးသော သခ်ံဓရ-အတ္တာမဟုတ် အနတ္တာဖြစ်သော သခ်ံဓရလို့ ဆိုရမည်၊ မျက်မှောက်တွေ့ရတဲ့ အပျက် ဘင် နိရောဓကို အာရုံပြုလျက် အနှစ်အသားမရ အနတ္တလို့ နှလုံးသွင်းလေ။ သုညတာနုပဿနာ အနတ္တာနုပဿနာ အားကြီးစွာ မြဲမြန်ခိုင်ခံ့၍ လာရန်အကျိုးငှါ သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ ဟူသော ဒိဋ္ဌကောဋ္ဌိက ရှုနည်းဖြင့် နှလုံးသွင်းရမည်။

ဣဒံ၊ ဤရုပ်နာမ် သခ်ံဓရသည်။ အတ္တေန ဝါ၊ ငါ-ငါကောင်မှုငှင်း။ အတ္တနိယေန ဝါ၊ ငါပိုင်ဥစ္စာ ပရိက္ခရာအဖြစ်မှုငှင်း။ သုညံ၊ ရုပ်နာမ်တွင် ရှာမတွေ့သောကြောင့် ဆိတ်သုဉ်းလေစွတကား။ လှစ်လှစ်ရိပ်ရိပ်နဲ့ လျင်မြန်စွာ ပျောက်ကွယ်သေဆုံးတဲ့ ရုပ်နာမ်သခ်ါရကိုသာ တွေ့ရသောကြောင့် မျက်မှောက်အားဖြင့်ငှင်း မျက်ယမ်းဆသောအားဖြင့်ငှင်း ဉာဏ်စက္ခုဖြင့် ကြည့်ရှုသော်လဲ အတ္တာ ငါ ငါကောင် ငါ့ကိုယ် မတွေ့မမြင်နိုင်ချေ၊ ငါ ငါကောင်ရဲ့ ချမ်းသာ ဆင်းရဲ အမြဲခံစားစရာ ကိုယ်ပိုင်ဖြစ်တဲ့တပါးသော သတ္တဝါသခ်ါရကိုလည်း မတွေ့ရချေ။

မျက်မှောက်တွေ့ရတဲ့အပျက် ဘင်နိရောဓကို တောင့်တလို့မရ အနတ္တလို့ နှလုံးသွင်းကြည့်ရှုလေ၊ အနတ္တနိယ ကိုယ်ပိုင်ဥစ္စာမဟုတ်လို့လဲ ကြည့်ရှုလေ၊ သို့ရာတွင် ငါကောင်မဟုတ်သည်ကို သဘောပိုင်လျှင် ငါ့ဥစ္စာမဟုတ်ပုံကိုလဲ သဘောပိုင်နိုင်သောကြောင့် အနတ္တကိုသာ များစွာနှလုံးသွင်းရာသတည်း။

သုညတာနုပဿနာ အားကြီးစွာထက်မြက်သန့်ရှင်း၍ လာရန်အကျိုးငှါ နာဟံ ကုစနိ, ကဿစိ ကိဉ္စနတသ္မိံ , နစ မမ ကုစနိ, ကိသ္မိံစိ ကိဉ္စနံ နတ္ထိ ဟူသော စတုကောဋိက ရှုကြည့်နည်းကိုလည်း နှလုံးသွင်းရမည်။

ဥပရိပဏ္ဏာသ စတုက္ကအင်္ဂုတ္တိရ်....ပါဠိတော်များတွင် ကိဉ္စနံ နတ္ထိဟူ၍ ရှိ၏၊ ဝိသုဒ္ဓိမဂ် ဥဒါန်းအဋ္ဌကထာများတွင် ကိဉ္စနတတ္ထိဟူ၍လဲ ရှိ၏၊ သီဟိုဠ်မူယိုးဒယားမူတို့ တချို့ကဲ့လျက်ရှိတတ်၏။

၁။ ကုစနိ၊ အချို့သောအရပ်ကာလတွင် (ဝါ)အချို့သော အဇ္ဈတ္တ-ဗဟိဒ္ဓတွင်။ အဟံ အတ္တာနံ၊ မအို့မသေအမြဲတည်နေနိုင်တဲ့ ငါကောင်ကို။ န ပဿတိ၊ မတွေ့မမြင်ရ။ ကဿစိ၊ တစုံတယောက်သောတပါးသောသူ၏။

၂။ ကိဉ္စနတသ္မိံ၊ စိုးရိမ်ကြောင့်ကြဖွယ်၏ အဖြစ်၌။ ဥပနေတဗ္ဗံ၊ ကပ်ဆောင်သင့်သော။ အတ္တနော၊ မိမိ၏။ အတ္တာနံ၊ ငါကောင်ကို။ န ပဿတိ၊ မတွေ့မမြင်ရ။

၃။ ကုစနိ၊ အချို့သောအရပ်ကာလတွင်။ ပရဿ စ၊ သူတပါး၏လည်း။ အတ္တာနံ၊ ငါကောင်ကို။ န ပဿတိ၊ မတွေ့မမြင်ရ။ (မမ နောက်ဝါကျသို့ပို့ထားသည်) ပရဿ၊ သူတပါး၏။ အတ္တာ၊ ငါကောင်သည်။ ကိသ္မိဉ္စိ၊ အချို့သောအရပ်ကာလတွင်။ မမ၊ ငါ၏။ ကိဉ္စနံ ကိဉ္စနဘာဝေ၊ စိုးရိမ်ကြောင့်ကြဖွယ်၏ အဖြစ်၌။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ န ပဿတိ၊ မတွေ့မမြင်ရ။ အဋ္ဌကထာဖွင့်ပုံအတိုင်း ပြန်ဆိုသည်။

ကိဉ္စနတ္တသ္မိံ လို့သံယုဂ် တ္တပစ္စည်းနှင့်ရှိသော် ကိဉ္စနဘာဝေ သံဝဏ္ဏနာနှင့် ကိုက်ညီလျှ၍ အလွန်ကောင်းရာ၏။ သို့သော် ယခုစာအုပ်များတွင် မရှိ၊ သဘောကျရာယူလေ။ ကုစနိ ကုစိ ကိသ္မိံစိပုဒ်များအနက်တူ ပရိယာယ်ဖြစ်သောကြောင့် အနက်တူပြန်ဆိုသည်၊ ကိဉ္စနသဒ္ဒါကား ပလိဗောဓအနက်ကိုဟော၏၊ အပွမတ္တက အနည်းငယ် ဟောလည်းရှိ၏။

နာဟံ ကုစနိ ဖြင့် မျှောက်မျှောက်မှားမှား ဝိပလ္လာသ ကုယ်ကာထား သောကြောင့် ငါ ငါကောင်ရှိတယ်လို့ စွဲယူကြသော်လည်း ဘယ်အရပ် ဘယ်ဒေသတွင်မျှ ငါကောင်ရှာမရ၊ အတိတ်ကလဲ ငါကောင်မရှိ၊ ယခုလဲ ငါကောင်ရှာမရ၊ အနာဂတ်တွင်လည်း ငါကောင်ရှိရမည်မဟုတ်၊ ရုပ်ထဲတွင်လဲ ငါကောင်ရှာမရ၊ နာမ်တရားတွင်လဲ ငါကောင်ရှာမတွေ့သည်ကို သိစေ၏။ အဇ္ဈတ္တဗဟိဒ္ဓနှစ်ဝသော သန္တာန်တွင်လဲ ငါကောင်မရှိသည်ကို သိစေ၏။ ငါ့မှာ ငါကောင် အတ္တမရှိလို့ ရှုလေ။

ဘာဝနာပွါးရာတွင်၎င်း သွားလာရာ နေထိုင်ရာတွင်၎င်း ရုပ်နာမ်နှစ်ဝ သခ်ါရတို့သာ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကြကာ လျင်မြန်စွာ ပျောက်ကွယ်သေဆုံးကြတာပဲလို့ မျက်မှောက် ပစ္စက္ခအားဖြင့် တွေ့မြင် ကြည့်ရှုရှုနေသော ယောဂီအား ငါဟူ၍ ငဲ့ကွက်ကြောင့်ကြ စိုးရိမ်ရစရာ အနည်းငယ်မျှမရှိတော့ပါလို့ သဘောကျလာလိမ့်မည်။

ကဿစိ ကိဉ္စနတသ္မိ ဖြင့် မိမိရဲ့ငါကောင် အတ္တကို သား သမီး မြေး မြစ်ပဲ ဟူ၍၎င်း အမိ အဘ-ဘကြီး ဘထွေး အရီး ကြီးတော် ဟူ၍၎င်း ကိုယ်ပိုင် ဥစ္စာ ပရိက္ခရာဟူ၍၎င်း သူများရဲ့ငဲ့ကွက်ကြောင့်ကြ စိုးရိမ်စရာအနည်းငယ် မျှမရှိသည်ကို သိစေ၏၊ မိမိရဲ့ငါကောင်အတ္တသည် သူများ၏ စိုးရိမ်ကြောင့် ကြစရာ ဥစ္စာမဟုတ်လို့ရှုလေ။

နစ ကုစနိ ဖြင့် သူများရဲ့ငါကောင်အတ္တကို ဘယ်အရပ် ဘယ်ကာလ တွင်မျှ မတွေ့မမြင်ရာကိုသိစေ၏၊ သူများမှာလဲ ငါကောင်အတ္တမဟုတ်ဟု ရှုလေ။

မမ ကိဿိ စိ ကိဉ္စနံ နတ္ထိ ဖြင့် ဘယ်အရပ်ဒေသတွင်မျှ သူများရဲ့ ငါကောင်အတ္တသည် ငါရဲ့ ငဲ့ကွက်ကြောင့်ကြစိုးရိမ်စရာဥစ္စာ မဟုတ်သည်ကို သိစေ၏။ သူများရဲ့ ငါကောင်အတ္တသည် ငါရဲ့ ကြောင့်ကြစရာမဟုတ်လို့ ရှုလေ၊ ရုပ်နာမ်သခ်ါရတွင် ငါ ငါ့ဥစ္စာဟူ၍၎င်း သူတပါး သူတပါးဥစ္စာဟူ၍ ၎င်း တစုံတခု အနည်းငယ်မျှ ကြည့်ရှုစိုးရိမ်စရာမဟုတ်ပါ။

အဟုတ်အမှန်သော်ကား ရုပ်နာမ် သခ်ါရတို့သာ အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာကာ လျင်မြန်စွာ ပျောက်ကွယ် သေဆုံးကြတယ်လို့ တွေ့မြင်သဘောကျအောင် ရှုကြည့်ရမည်ဆိုလိုသည်။ဤကားပိဏ္ဍတ္ထတည်း။

ရုပ်နာမ်နှစ်ဝ သဘာဝနှင့့် အကြောင်းလက္ခဏာ မသိမမြင် မတွေ့ရှာသော လူ့ဗဟုသုတ ငါ့လင်-ငါ့မယား ငါ့သား-ငါ့သမီး ငါ့အိမ်-ငါ့ယာ ငါ့ဥစ္စာဟူ၍ရင်း ငါ့ကျောင်း-ငါ့ကန် ငါ့ဗိမာန်ဟူ၍ရင်း မှောက်မှောက်မှားမှားစဲ့ယူကာထားသည့်အတွက် ဝတ္ထုကာမတို့ကို ရှာမှီးစောင့်ရှောက်ရခြင်း ကိစ္စကရဏီယအစ့မ်းဖြင့့်ရင်း ငဲ့ကွက်ကြောင့့်ကြ စိုးရိမ်ပူစရာအဖြာဖြာလို့ယူသည်၏ အစ့မ်းဖြင့့်ရင်း ဆင်းရဲပင်ပန်းကာနေကြပါတယ်၊ ထို့ကြောင့့် အတ္တ-ငါကောင် ပျောက်အောင်ကြိုးစား၍ရှုလေ။

ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာပိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။ (ဓမ္မပဒ)

မေ၊ ငါ့အား။ ပုတ္တာ၊ သားသမီးတို့သည်။ အတ္ထိ၊ ရှိကုန်၏။ မေ၊ ငါ့အား။ ဓနံ၊ ကိုယ်ပိုင်ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ မှောက်မှောက်မှားမှား ယူကာထားသောကြောင့်။ ဗာလော၊ လူ့ဗဟုသုတသည်။ ဝိဟညတိ၊ ပင်ပန်းဆင်းရဲရသတည်း။ အတ္တနော၊ မိမိအား။ အတ္တာပိ၊ မအို့မသေ အမြဲနေရသော ငါကောင် အတ္တသည်လည်း။ နတ္ထိ၊ မရှိ။ ပုတ္တာ၊ သားသမီးတို့သည်၊ ကုတော၊ အဘယ်မှာရှိနိုင်ရအုံ့နည်း။ ဓနံ၊ ကိုယ်ပိုင်ဥစ္စာသည်။ ကုတော၊ အဘယ်မှာရှိနိုင်ပါတော့အုံ့နည်း။

အတ္တ ငါကောင်မရှိပုံကို သဘောကျလေ။ ထို့မှတပါး ခြောက်ပါး ရှစ်ပါး ဆယ်ပါး တဆဲ့နှစ်ပါး လေးဆဲ့နှစ်ပါးသောအခြင်းအရာ အာကာရတို့ဖြင့့် အနှစ်အသားမရ အနတ္တရှုပုံကို အကျယ်ရေးသင့်သော်လဲ အကျဉ်းမျှဖြင့်ပင် မင်္ဂိုလ်ရရန် ကိစ္စပြီးနိုင်သောကြောင့့် မရေးတော့ပေ။

ရေမြုပ်-ရေပွက်

ကျွန်တော့ ကြက်ဆူနှင့့် ရေသဖန်း ရေခတက်ပင်ဖြူ အနှစ်မပါအကာသာဟူဘိသကဲ့သို့ ထို့အတူ ရုပ်နာမ်နှစ်ဝသခ်ၤါရနှင့့် ခန္ဓာစသောလောကကို အလိုမပါအခြင်းအရာကိုမှတ်သည်၏အစ့မ်းဖြင့့်ရင်း အနှစ်အသားမရအကာမျှသာဖြစ်သော သခ်ၤါရကို ရှုကြည့်သည်၏အစ့မ်းဖြင့့်ရင်း အတ္တမဟုတ် အနတ္တဖြစ်ပုံကို သဘောကျခဲ့သော် သေမင်းမမြင်နိုင်ပါ။

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(သုတ္တနိပါတ် စူဠနိဒ္ဒေသ)

မောဃရာဇ၊ မောဃရာဇမည်သော ပုဏ္ဏားလုလင်။ သဒါ၊ အခါခပ် သိမ်း။ သတော၊ သတိနှင့်ယှဉ်သော ဉာဏ်ရှိသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဥဟစ္စ၊ ပယ်နုတ်ဖြတ်တောက်၍။ လောကံ၊ လျှပ်စစ်ပမာ လျင်မြန်စွာ ပျောက်ကွယ်ပျက်စီးတတ်သော ခန္ဓာစသော လောကကို။ သုညတော၊ အတ္တမှကင်းဆိတ်သောအားဖြင့်။ အဝေက္ခဿု၊ ရှုကြည့်လေ။ ဧဝံ၊ ဤပုံ ရှုကြည့်သည်ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်နိုင်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤပုံ။ လောကံ၊ ခန္ဓာစသောလောကကို။ အဝေက္ခန္တံ၊ ရှုကြည့်လျက် အတ္တပျောက်သော ယောဂီကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မတွေ့နိုင်ပါသတည်း။

သေမင်းမမြင်နိုင်ဆိုသည်မှာ ဗလဝဝိပဿနာ၏အစွမ်းဖြင့် လက်ဖျစ် တတ်ခန့်ကာလတွင် ကုဋေတသိန်းမက ခဏိကအားဖြင့် ပျောက်ကွယ် သေဆုံးတဲ့ ရုပ်နာမ်သေတို့ကို မျက်မှောက်တွေ့ရသည်အတွက် ကြောက်လန့် ခြင်းမရှိသည်ကိုလည်း ဘာဝနာအစဉ်တက်၍ အရဟတ္တမဂ် အရဟတ္တဖိုလ် ဆိုက်ရောက်သော် တဖန်မသေကြရသည်ကိုလည်း ရည်မှန်း၍ သေမင်းမတွေ့ နိုင်ဆိုပါတယ်။ ဝိပဿက ယောဂီသည် ပဋိသန္ဓေနုပဿနာဉာဏ်ဖြင့် အဝ သဝတ္ထုနာကာရကိုမှတ်သည်၏အစွမ်းဖြင့်လည်း သုညတသင်္ခါရကို အဖန်ဖန် ရှုသည်၏အစွမ်းဖြင့်လည်း ရုပ်နာမ်နှစ်ဝသင်္ခါရနှင့် ခန္ဓာစသောလောကကို သုညတအားဖြင့် ကြည့်ရှုပြီးသော် သုံးမျိုးသောအနုပဿနာ၏ အစွမ်း ဖြင့်သာ ရုပ်နာမ်နှစ်ဝသင်္ခါရတို့ကို တဖန်ကြည့်ရှုပွါးများ၏။

ကြည့်ရှုပွါးများ သိမ်းဆည်းဖန်များခဲ့သော် လျစ်လျူ မရှုနိုင်သည့် အတွက် သင်္ခါရပျက်ကိုမှီ၍ ဖြစ်လတံ့သောကြောက်လန့်ခြင်းဘယ, သင်္ခါရ တိုးတက်ပြည့်စုံလျက်ရှိသည်ကိုမှီ၍ ဖြစ်လတံ့သော နှစ်သက်ခြင်းပီတိကို ပယ်စွန့်လျက် ရုပ်နာမ်နှစ်ဝသင်္ခါရတွင် လျစ်လျူရှု၍နေတော့၏။ ဘယ တုပဋ္ဌာန၏အစွမ်းဖြင့် ကြောက်လန့်စရာပဲလို့ သိရသောဘေး သမ္မသန-ဉဒယဗ္ဗယတို့၏ အစွမ်းဖြင့် နှစ်သက်ခြင်း နန္ဒီတရားကို ပယ်စွန့်၍ လုံးဝ

သူညတအားဖြင့် တွေ့မြင်ခဲ့သော် ဘယနဒ္ဒီအတွက် နှောင့်ယှက်ချက် မရှိသင့်သလို ရှုကြည့်နိုင်တော့သည် ဆိုလိုသည်။ ဂါဟ ကျွေးမကိုက်စားနိုင်သဖြင့် လျစ်လျူရှုနိုင်သောကြောင့် ငါ-ငါ့ဥစ္စာလို့မစဲယူတော့ပါ။

ဝိပဿကယောဂီလျစ်လျူရှုပုံဥပမာ

ယောကျွေးတယောက်အား စိတ်တိုင်းကျနှစ်သက်လှသော ဇနီးသယ်မယားတယောက်ရှိပါတယ်။ ထိုယောကျွေးသည် နှစ်ကိုယ်ခြား လေသွားသည်ကိုပင် ဝေးသည်ထင်သောအခါမျိုးဖြစ်၍ တခဏမျှသော်လဲ စိတ်တိုင်းကျနှစ်သက်လှသော မယားနှင့်ကင်း၍ မနေနိုင်ပါ။ အလွန်လျှင် ချစ်မြတ်နိုး ကြင်နာယုယကာ နေပါတယ်။

ထိုလင်ယောကျွေးသည် မိမိမှတပါးအခြားသော ယောကျွေးနှင့်အတူ တကွ ရပ်လျက် ထိုင်လျက် စကားပြော ရယ်ရွှင်လျက် မိတ်ဆက်ကာ နေသော မိမိမယားကို တွေ့မြင်ရသော် စိတ်ဆိုးစိတ်ပျက် အမျက်ထွက်လျက် အလွန်ပင်ပန်း ဆင်းရဲစွာ နေပါတယ်။

ထိုယောကျွေးသည် တခါတရံ မိမိမယားတွင် အပြစ်မြင်၍ ကွာလိုစွန့်လိုသောကြောင့် ထိုမိန်းမ ထိုမယားကို စွန့်လွှတ်ရပါတယ်။ မိမိမယားဟူ၍ မစဲယူ မမှတ်သားတော့ပါ။ ထိုသို့ စွန့်ပစ်ကွာရှင်းပြီးသော အခါမှစ၍ တစုံတယောက်သော ယောကျွေးနှင့် အတူတကွ မသင့်တင့်မှု တစုံတခုပြုလျက် နေသည်ကို တွေ့မြင်ရငြားသော်လဲ စိတ်ဆိုးစိတ်ပျက် အမျက်ထွက်လျက် အလွန်ဆင်းရဲပင်ပန်းကာ မနေတော့ပါ။ အမှန်မှာ ငါ့မယားပဲလို့ အစဲမရှိသောကြောင့် လျစ်လျူရှုကာ နေနိုင်ပါတယ်။

ထို့အတူ ဤဝိပဿကယောဂီသည်လည်း ရုပ်နာမ်နှစ်ဝသခ်ါရနှင့် ခန္ဓာစသော လောကတို့မှ လွှတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ပဋိသခ်ါနုပဿနာဉာဏ်ဖြင့် ရုပ်နာမ်နှစ်ဝ သခ်ါရတို့ကို တဖန်ကြည့်ရှုပွါးများ သိမ်းဆည်းကာ သွားခဲ့သော် ငါ-ငါ့ဥစ္စာဟူ၍ ယူစရာ ရှာမတွေ့တော့ပါ။ ငါ-ငါပိုင်ဥစ္စာကို မတွေ့မမြင်ခဲ့သော် ကြောက်လန့်ခြင်း ဘေးကိုဂင်း, နှစ်သက်ခြင်း နန္ဒီတရားကိုဂင်း ပယ်စွန့်၍ ရုပ်နာမ်သခ်ါရနှင့် ခန္ဓာစသောလောကတွင် လျစ်လျူရှုကာ နေနိုင်ပါတော့တယ်။

မုဠ်ဆိတုကမျတာဉာဏ်မှ အထက် သခ်ါရုပေက္ခာဉာဏ် ဖြစ်သည်တိုင်အောင် အတောအတွင်းဖြစ်တဲ့ ဝိပဿနာကို ပဋိသခ်ါနုပဿနာလို့သာ ဆိုရမည်။

မုဠ်ဆိတုကာမတာယ ဥဒ္ဓံ ယာဝ သခ်ါရုပေက္ခာဉာဏံ ဥပ္ပဇ္ဇတိ၊ တာဝ ပဝတ္တာ ဝိပဿနာ ပဋိသခ်ါနုပဿနာ ဇဝါတိ အာဟ "ပဋိသခ်ါနုပဿနာယ သခ်ါရေ ပရိဂ္ဂဏ္ဟန္တော"တိ။ (မဟာဋီကာ)

ဤပုံ တွေ့မြင်သော ဝိပဿကယောဂီ၏ စိတ်သည် အလုံးစုံသော ဘုံဘဝမှ ပုန်းအောင်းကာ နေလို၏၊ ထွက်သွားလို၏၊ ဘုံဘဝ ဟူသမျှတွင် တွန့်တိုဆုတ်နစ် မကပ်ရစ်ပဲ လွှတ်မြောက်လို၏၊ အသင့်အားဖြင့် ရှုနိုင်သည် ဖြစ်၍ငင်း စက်ဆုပ်ရုံရှာဖွယ်ဖြစ်၍ငင်း တည်ကာ နေပါတော့သတည်း။

ဥပမာ — အနည်းငယ်မျှ အောက်သို့ညွတ်တဲ့ ပဒုမ္မာကြာရွက်တွင် ရေပေါက်တို့သည် တွန့်လိပ်၍ ကျကုန် မတည်နိုင်ကုန်သကဲ့သို့ငင်း ကြက်တောင် အကြောတုံး အကြောပိုင်းမျှားသည် မီးနှင့်တွေ့ထိသော် တွန့်လိပ်ကောက်ကွေး၍ သွားသကဲ့သို့ငင်း ထို့အတူ ဝိပဿကယောဂီရဲ့ စိတ်သည် အလုံးစုံသော ဘုံဘဝမှ ပုန်းအောင်းကာ ထွက်သွားကာနေလို၏၊ ဘုံဘဝ ဟူသမျှတွင် တွန့်တိုဆုတ်နစ် မကပ်ရစ်ပဲ လွှတ်မြောက်လို၏၊ အသင့်အားဖြင့် ရှု၍တည်နိုင်ပါတယ်၊ ထို့အခါ ဝိပဿကယောဂီအား သခ်ါရုပေက္ခာဉာဏ် ဖြစ်ပေါ်ကာ လာပါတော့သည်။

သခ်ါရုပေက္ခာဉာဏ်၏ ထက်မြက်သန့်ရှင်း ရဲရင့်ခြင်းနှင့် ပြည့်စုံသောကြောင့် ရုပ်နာမ်နှစ်ဝ သခ်ါရတွင် လျစ်လျူရှုခြင်းကိစ္စ ပြီးခဲ့သော် ထို သခ်ါရုပေက္ခာဉာဏ်သည် အကြိမ်များစွာဖြစ်လျက် ရင့်ကျက်ခြင်းသို့ ရောက်သဖြင့် အနုလောမဉာဏ်၏ အကြောင်းအဖြစ်သို့ရောက်ကာ ငြိမ်းကလဲ ငြိမ်းအေး ချမ်းသာ, မင်္ဂိုလ်တို့ အာရုံပြုလျက် ရောက်လဲရောက်အပ်သောကြောင့် သန္တိပဒမည်သော နိဗ္ဗာန်ကို အာယ်၍ တွေ့မြင်အံ့၊ တွေ့မြင်ခဲ့သော် အဆက်ဆက် မပျက်ဖြစ်လျက် လည်ကာနေတဲ့ ရုပ်နာမ်သခ်ါရတို့ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာ ပြေးဝင်ပါတော့တယ်၊ နိဗ္ဗာန်ကိုအာယ်၍ မတွေ့မမြင်ခဲ့သော် အဖန်ဖန် ရုပ်နာမ်သခ်ါရကိုသာ အာရုံပြုကာ နေပါတယ်။

သခ်ၤါရုပေက္ခာဉာဏ်ကား နိဗ္ဗာန်ကို မမြင်နိုင်ပါ၊ သို့ရာတွင် အနုလောမ ဉာဏ် ဂေါတြဘူဉာဏ်တို့နှင့် အတူတကွ သခ်ၤါရုပေက္ခာဉာဏ်ကို တဉာဏ် တည်းပြု၍ ကတ္တာနည်းအားဖြင့် နိဗ္ဗာန်ကို မြင်တယ်လို့ ဆိုလိုက်သည်။

တယိဒံ ဣဓ ဉာဏံ အနုလောမဂေါတြဘုဉာဏေဟိ သဒ္ဓိံ ဧကတ္တံ နေတ္ဝာ ဝုတ္တံ ဧကတ္တနယဝသေန။ (မဟာဋီကာ)

သမုဒ္ဒရာကို ကူးကုန်သော သဘော်သား တုန်ကင်းသမားတို့ ဆောင်ယူကာသွားတဲ့ အရပ်မျက်နှာကိုသိသော ဒိသာကာကကျီးကဲ့သို့ မှတ်ရာ၏။ ကျီးဆိုသော်လဲ ဥပလက္ခဏမျှသာ၊ အခြားသော အရပ်မျက်နှာကိုသိတဲ့ ငှက်များကိုလည်း ဆောင်ယူကာ သွားကြသည်။

သမုဒ္ဒရာကို ကူးကုန်သော ကုန်သည်တို့သည် သဘော်ဘုန်ကင်းတွင် တက်စီးကြကုန်သည်ရှိသော် ဒိသာကာကကျီးကို ဆောင်ယူကာ သွားကြပါတယ်။

ထိုကုန်သည်တို့သည် သဘော်ဘုန်ကင်းကား လေတိုက်လွှင့်အပ်သောကြောင့် အရပ်တပါးသို့ လွှင့်ကာသွားပါတယ်။၊ ကမ်းမမြင် လမ်းမမြင်ဖြစ်၍ သွားပါတယ်။ ထိုအခါ ဒိသာကာကကျီးကို လွှတ်ကြပါတယ်။ ထို ဒိသာကာကကျီးသည် လင်းယဉ်တိုင်ဖျားမှ ကောင်းကင်ကို ပျံတက်ကာ အရပ်လေးမျက်နှာ အထောင့်မျက်နှာတို့သို့ လှည့်လည်ကြည့်ရှုလျက် ကမ်းကိုမြင်ခဲ့သော် ကမ်းသို့သာ ရှေးရှုကာ ပျံကာသွားပါတယ်။ ကမ်းကို မတွေ့မြင်ခဲ့သော် အဖန်ဖန်လာ၍ လင်းယဉ်တိုင်ဖျား နားကာ နေဘိသကဲ့သို့ ထို့အတူ သခ်ၤါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို ငြိမ်းအေး ချမ်းမြ အတိသုခတည်းလို့ အကယ်၍ တွေ့မြင်ခဲ့သော် အဆက်ဆက်မပျက် ဖြစ်လျက်လည်ကာနေတဲ့ ရုပ်နာမ်သခ်ၤါရကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာ ပြေးဝင်ကာသွားတယ်။ နိဗ္ဗာန်ကို မတွေ့မမြင်ခဲ့သော် အဖန်ဖန် ရုပ်နာမ်သခ်ၤါရကို အာရုံပြုလျက်သာ ဖြစ်ကာ နေ၏။

ထို ဝိပဿနာဉာဏ်သည် သုပ္ပဂ္ဂ မန်း စကောဖျားတွင် ဆင့်၍ကျန်ရစ်တဲ့ အလွန်နူးညံ့ သိမ်မွေ့သော မုံညက်ကဲ့သို့ဂင်း ဝါဖန်လေးဖြင့် အဖန်ဖန် ဝါစေ့ကို ခါထုတ်၍ ပယ်အပ်ပြီး နူးညံ့သိမ်မွေ့သောလဲ (မို့) ဝါဂွမ်းကဲ့သို့

ၚင်း အထူးထူး အပြားပြားအားဖြင့် ရုပ်နာမ်သင်္ခါရတို့ကို သိမ်းဆည်းကြည့်ရှုပွါးများကာ လာခဲ့သော် ကြောက်လန့်ခြင်း ဘေးကိုၚင်း နှစ်သက်ခြင်း နန္ဒီတရားကိုၚင်း ပယ်စွန့်လျက် သင်္ခါရနှင့် လက္ခဏာတို့ကို စုံစမ်းရာတွင် လျစ်လျူရှုနိုင်၍ သုံးမျိုးသော အနုပဿနာ၏ အစွမ်းဖြင့်တည်ကာနေတယ်။

အထွဋ်အထိပ်သို့ရောက်သော ဝိပဿနာသည် အပြားတပါး မရနိုင်သောကြောင့် သုံးမျိုးသော ဝိပဿနာ၏ အစွမ်းဖြင့်သာ တည်ကာနေတော့သည် ဆိုလိုသည်။ ဝိမောက္ခမုခခေါ် သုံးမျိုးသော အနုပဿနာတို့တွင် အနိစ္စလို နှလုံးသွင်း ကြည့်ရှုသော ယောဂီအား ရုပ်နာမ်သင်္ခါရတို့ကုန်ခန်း ကွယ်ပျောက်သော အခြင်းအရာအားဖြင့် ထင်ပေါ်လာပါတယ်။ ဝိပဿနာရှုစဉ် အကုန်ပျက်ကိုသာ တွေ့ကာနေတော့သည် ဆိုလိုသည်။

ဒုက္ခ မကောင်းဘူးလို့ နှလုံးသွင်းကြည့်ရှုသော ယောဂီအား ရုပ်နာမ်သင်္ခါရတို့ ကြောက်လန့်ဖွယ်သော အခြင်းအရာအားဖြင့် ထင်လာပါကုန်တယ်။ ဝိပဿနာရှုစဉ် ကြောက်လန့်စရာတွေပဲလို့သိကာ နေတော့သည် ဆိုလိုသည်။

အနတ္တ အနှစ်အသားမရ အနတ္တလို့ နှလုံးသွင်းကြည့်ရှုသော ယောဂီအား ရုပ်နာမ်သင်္ခါရတို့ အတ္တ သတ္တဝါ ကွယ်ပျောက် အနတ္တပေါက်သော အခြင်းအရာအားဖြင့် ထင်လာပါကုန်တယ်၊ ချောက်ကမ်းပါးတွင် ကျရောက်၍ အတ္တ ပုဂ္ဂိုလ် ကွယ်ပျောက်သကဲ့သို့ သတ္တဝါရှာမရပဲ ဖြစ်ကာနေတော့သည် ဆိုလိုသည်။

အနိစ္စတော မနသိကရောတော ခယတော သင်္ခါရာ ဥပဋ္ဌဟန္တိ၊ ဒုက္ခတော မနသိကရောတော ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ၊ အနတ္တတော မနသိကရောတော သုညတော ဥပဋ္ဌဟန္တိ။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

သမ္မသနဉာဏ်ဖြင့် လက္ခဏာသုံးပါးကို နှိုင်းချိန်ပိုင်းခြားနိုင်တယ်၊ ဥဒယဗ္ဗယဉာဏ်ဖြင့် ဆုံးဖြတ်ပိုင်းခြား ကိုယ်တွေ့ဖြစ်ကာသွားတယ်၊ ဘင်္ဂဉာဏ်စသည်တို့၏အစွမ်းဖြင့် ထင်ရှားစွာတွေ့မြင်၍ သွားတယ်၊ သင်္ခါရုပေက္ခာ

အနုလောမ နှစ်ပါးတို့၏ အစွမ်းဖြင့် ကိုယ်ထိလက်ရောက် အမြင်ပေါက်၍ တွေ့မြင်ကာ သွားပါတယ်၊ တွေ့လိုက အားထုတ်ကြည့်ကြလေ။

ဝိမောက္ခမုခအဖြစ်သို့ရောက်လျက် ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ပိုင်းခြားဝေဘန်ရန် အကြောင်းဖြစ်တဲ့ ထိုသခ်ၤါရုပေက္ခာဉာဏ်သည် မုဉ္ဇတု ကမျတာဉာဏ် ပဋိသခ်ၤါဉာဏ် နှစ်ပါးနှင့် သဘောအားဖြင့် တူ၏။

ဤသခ်ၤါရုပေက္ခာဉာဏ် တခုတည်းကပင် သုံးမျိုးသောအမည်ကိုရ၏။ ရှေးအဖို့တွင် နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့စက်ဆုပ် အမြင်ယုတ်ကာ တွန့်ဆုတ်သောယောဂီအား ဥပါဒ ပဝတ္တစသော ရုပ်နာမ် သခ်ၤါရတွင် တပ်နှစ်သက်တဲ့ ဆန္ဒရာဂကို ပယ်စွန့်ခြင်းငှါ အလိုရှိတဲ့ ဉာဏ်အခိုက်အတန့်ကို မုဉ္ဇတု ကမျတာဉာဏ်ဆိုတယ်၊ အလယ်တွင် စွန့်လွှတ်ခြင်း၏ အကြောင်းကို ပြုနိုင်ရန်အကျိုးငှါ အဖန်ဖန် ရှုကြည့်ပွါးများတဲ့ ဉာဏ်အခိုက်အတန့်ကို ပဋိသခ်ၤါဉာဏ်ဆိုတယ်၊ အာလယတဏှာ ကင်းကွာသဖြင့် ငဲ့ညှာခြင်းကို စွန့်လွှတ်သည်၏ အစွမ်းဖြင့် စွန့်လွှတ်၍ အဆုံးတွင် နိဗ္ဗာန်သို့ မပြေးဝင်နိုင်သေးသမျှ ကာလပတ်လုံး သခ်ၤါရကို စုံစမ်းဆင်ခြင်ရာတွင်လည်း လျစ်လျူရှုသည်၏ အစွမ်းဖြင့် ပေါ်လာသော ဉာဏ်အစဉ်ကို သန္ဋိဋ္ဌနာသခ်ၤါရုပေက္ခာဉာဏ် ဆိုပါတယ်။

ယာ စ မုဉ္ဇတုကမျတာ, ယာ စ ပဋိသခ်ၤါနုပဿနာ, ယာ စ သခ်ၤါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ-ဟူသော ပါဠိတော်ထောက်ဆ၍လည်း ဉာဏ်သုံးပါးကို တဉာဏ်တည်းပင်လို့မှတ်ရာတယ်။

ဤပုံ သခ်ၤါရုပေက္ခာဉာဏ်ကိုရသော ဝိပဿကယောဂီ၏ ဝိပဿနာသည် အထွဋ်အထိပ်သို့ရောက်ကာ မဂ်ကိုရနိုင်တဲ့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်သွားပါတယ်။

သခ်ၤါရုပေက္ခာဉာဏ် အနုလောမဉာဏ် ဂေါတြဘူဉာဏ်သုံးပါးကို သိခါ-ပတ်တဝိပဿနာဟူ၍၎င်း, ဝုဋ္ဌာနဂါမိနီဝိပဿနာဟူ၍၎င်း ခေါ်ဆို၏။

သိခါပတ္တာ ဝိပဿနာတိ ဝါ ဝုဋ္ဌာနဂါမိနီတိ ဝါ သခ်ၤါရုပေက္ခာ-ဉာဏတ္တယဿေဝ ဧတံ နာမံ။ (ဝိသုဒ္ဓိမဂ်)

ဗဟိဒ္ဓတွင် ဝိပဿနာ၏အာရုံဖြစ်တဲ့ နှလုံးသွင်း ပွါးများအပ်သော ခန္ဓာငါးပါးမှၚင်း အဇ္ဈတ္တတွင် မိစ္ဆာဒိဋ္ဌိ ကိလေသာ ခန္ဓာမှၚင်း ထသော အရိယာမဂ်ကို ဝုဋ္ဌာနလို့ဆိုသည်။ ထဆိုသည်မှာ ထိုမိစ္ဆာဒိဋ္ဌိ ကိလေသာ ခန္ဓာငါးပါးတို့ကို အာရုံမပြုခြင်း နောင်တဖန်ဖြစ်ရန် အခွင့်မပေးခြင်းကို ထတယ်လို့ ဆိုသည်။

ဝုဋ္ဌဟန္တူ နေသံ အာရမ္မဏာကရဏံ အာယတိံ အနုပ္ပတ္တိ-
ဓမ္မတာပါဒနဋ္ဌေန။ (မဟာဋီကာ)

စ၊ လိုရင်းအချုပ်အဓိပ္ပါယ်ကိုပြဦးအံ့။ နေသံ၊ ထိုသက္ကာယဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသစသား ကိလေသာများနှင့်ခန္ဓာငါးပါးတို့ကို။ အာရမ္မဏာကရဏဋ္ဌေ၊ အာရုံမပြုခြင်းသည်လည်းကောင်း။ အာယတိံ၊ နောင်အခါတွင်။ အနုပ္ပတ္တိဓမ္မတာပါဒနဋ္ဌေ၊ မဖြစ်ခြင်းသဘောသို့ရောက်စေခြင်းသည်လည်းကောင်း။ ဝုဋ္ဌဟနံ၊ ထသည်မည်ပါသတည်း။

တဓေယျာက်သော ဝိပဿကယောဂီသည် ရုပ်ပဲနာမ်ပဲလို့ လက္ခဏရသပစ္စုပဋ္ဌာန်တို့နှင့်တကွ ပိုင်းခြားလျက်သိသည်မှစ၍ အကြောင်းသိမ်းဆည်းကာ ရုပ်နာမ်သဒ်ါရတို့ကို လက္ခဏာသုံးပါးသို့တင်၍ အနိစ္စ အနိစ္စ မမြဲ မမြဲလို့ ရှုကြည့်ပွါးများ၏၊ သို့ရာတွင် အနိစ္စာနုပဿနာအားထုတ်ကာမျှဖြင့် မဂ်သို့မရောက်နိုင်ပါ၊ ထို့ကြောင့် ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာကိုလဲ အားထုတ်ပွါးများကြရသည်။

ဤပုံ ဝိပဿနာသုံးပါးလုံး အားထုတ်ပွါးများသော ယောဂီအားအနိစ္စာနုပဿနာအားထုတ်စဉ် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အခြားမဲ့ မဂ်ကိုရအုံ့၊ ဤယောဂီသည် အနိစ္စပဲလို့ နှလုံးသွင်းပွါးများ၍ အနိစ္စအားဖြင့် မဂ်ကိုရသည်မည်ပါတယ်၊ အနိစ္စာနုပဿနာအားထုတ်စဉ် ဒုက္ခာနုပဿနာအားထုတ်သောအခါ မဂ်ကိုရအုံ့၊ ဤယောဂီသည် အနိစ္စပဲလို့ နှလုံးသွင်းပွါးများ၍ ဒုက္ခအားဖြင့် မဂ်ကိုရသည်မည်ပါတယ်၊ အနိစ္စာနုပဿနာအားထုတ်စဉ် အနတ္တာနုပဿနာ အားထုတ်သောအခါ မဂ်ကိုရအုံ့၊ ဤယောဂီသည် အနိစ္စပဲလို့ နှလုံးသွင်းပွါးများ၍ အနတ္တအားဖြင့် မဂ်ကိုရသည်မည်ပါတယ်။

အနိစ္စတော အဘိနိဝိသိတ္ဌာ အနိစ္စတော ဝုဋ္ဌာတိ၊ အနိစ္စတော အဘိနိဝိသိတ္ဌာ ဒုက္ခတော အနတ္တတော ဝုဋ္ဌာတိ။

လို့ ဟောတော်မူ၏။

ဒုက္ခတော အဘိနိဝိသိတ္ဌာ ဒုက္ခတော အနိစ္စတော အနတ္တတော ဝုဋ္ဌာတိ တွင်လဲ ဆိုလိုရင်းကို နည်းမြှီးချိသိလေ၊ ဒုက္ခ ဒုက္ခ မကောင်း မကောင်း ဆင်းရဲတယ် ဆင်းရဲတယ်လို့သာ အစထားလျက် ကြည့်ရှုပုံးများခြင်းသာ ထူး၏။

အနတ္တတော အဘိနိဝိသိတ္ဌာ အနတ္တတော အနိစ္စတော ဒုက္ခတော ဝုဋ္ဌာတိ တွင်လဲ အဓိပ္ပါယ်ကိုသိလေ၊ အနတ္တ အနတ္တ တောင့်တလို့မရ အနတ္တ အနတ္တလို့ အစထားလျက် ကြည့်ရှုပုံးများခြင်းသာထူး၏။

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်တွင် အနိစ္စလို့ နှလုံးသွင်းကြည့်ရှုသောယောဂီ၏ ဝိပဿနာစိတ်သည် သခ်ၤါရနိမိတ်အရိပ်အရောင်တွင် အပြစ်မြင်သဖြင့် အတွယ်အတာမကပ်ငြိသောကြောင့် သခ်ၤါရနိမိတ်အရိပ်အရောင်မှ ထသည်မည်ပါတယ်၊ သခ်ၤါရနိမိတ် အရိပ်အရောင်ကင်းရာ အေးမြစွာသော နိဗ္ဗာန်တွင် ညွတ်သွားရောက်သွားသဖြင့် ပြေးဝင်ကာသွားပါတယ်။

ဒုက္ခလို့ နှလုံးသွင်းကြည့်ရှုသောယောဂီ၏ ဝိပဿနာစိတ်သည် အဆက်ဆက် မပျက်ဖြစ်လျက်နေသော ရုပ်နာမ်သခ်ၤါရတွင် အပြစ်မြင်သဖြင့် မတွယ်တာ မကပ်ငြိသောကြောင့် ပဝတ္ထာ အဆက်ဆက်မပျက်ဖြစ်သော ရုပ်နာမ်အစဉ်မှ ထသည်မည်ပါတယ်၊ ပဝတ္ထာရုပ်နာမ်အစဉ်ကင်းရာ အေးမြစွာသော နိဗ္ဗာန်တွင် ညွတ်သွား ရောက်သွားသဖြင့် ပြေးဝင်ကာသွားပါတယ်။

အနတ္တလို့ နှလုံးသွင်းကြည့်ရှုသောယောဂီ၏ ဝိပဿနာစိတ်သည် နိမိတ်ပဝတ္ထာနှစ်ပါးတွင် အပြစ်မြင်သဖြင့် မတွယ်တာ မကပ်ငြိသောကြောင့် နိမိတ်ပဝတ္ထာ နှစ်ဝသောရုပ်နာမ်သခ်ၤါရမှ ထသည်မည်ပါတယ်၊ နိမိတ်ပဝတ္ထာနှစ်ဝကင်းရာ အေးမြစွာသော နိဗ္ဗာန်တွင် ညွတ်သွား ရောက်သွားသဖြင့် ပြေးဝင်ကာသွားပါတယ်။ ထဆိုသည်မှာ အာရုံမပြုပဲနေသည်ကိုဆိုလိုသည်။

အနိစ္စတော မနသိကရောတော နိမိတ္တာ စိတ္တံ ဝုဋ္ဌာတိ၊ အနိမိတ္တေ စိတ္တံ ပက္ခန္ဒတိ၊ ဒုက္ခတော မနသိကရောတော ပဝတ္ထာ

စိတ်ဆံ့ ဝုဋ္ဌာတိ၊ အပ္ပဝတ္တေ စိတ်ဆံ့ ပက္ခန္ဒတိ၊ အနတ္တတော မနသိ-ကရောတော နိမိတ္တာ စ ပဝတ္တာ စ စိတ်ဆံ့ ဝုဋ္ဌာတိ၊ အနိမိတ္တေ အပ္ပဝတ္တေ နိရောဓေ နိဗ္ဗာနဓာတုယာ စိတ်ဆံ့ ပက္ခန္ဒတိ၊

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

လင်းနို့ဥပမာ

ဤအရာတွင် ဘယ, အာဒီနဝ, နိဗ္ဗိန္ဒဆိုတဲ့ ရှေးဥာဏ်သုံးပါး ဂေါတြဘူ စသော နောက်ဥာဏ်တို့နှင့်အတူတက္က ဤဝုဋ္ဌာနဂါမိနီဝိပဿနာကို ထင်ရှား စွာသိရန်အလို့ငှါ ဝဂ္ဂုလိ လင်းနို့ဥပမာကို ပြမည်။

လင်းနို့ကား ငါးသည် အပ္ပင့်အသီးကို ကိုက်စားအံ့လို့ အောက်မေ့လျက် သစ်ကိုင်းငါးခုရှိသော သစ်မည်စည်ပင်တွင် နားနေပါတယ်၊ ထိုလင်းနို့သည် တခုသောသစ်ကိုင်းကို ရှာဖွေကြည့်ရှုသော် ထိုသစ်ကိုင်းတွင် ဆွတ်ခူးကိုက်စားရန် ကောင်းတဲ့ တစုံတခုသော အပ္ပင့်အသီးကို မတွေ့ရခဲ့၊ ကျန်သစ်ကိုင်းများကို ရှာဖွေကြည့်ရှုသော်လည်း မတွေ့ရခဲ့၊ ထိုလင်းနို့သည် ဤသစ်ပင်တွင် ကိုက်စားရန် ကောင်းတဲ့တစုံတခုသော အပ္ပင့်အသီးမရှိလို့ အောက်မေ့လျက် ထိုသစ်ပင်တွင် တွယ်တာမှုကို စွန့်၍ ဖြောင့်မတ်သောသစ်ကိုင်းသို့ တက်ကာ သစ်ပင်ခွကြားဖြင့် ဦးခေါင်းကိုထုတ်လျက် မြော်ကြည့်ပြီး ကောင်းကင်တွင် ပျံသန်း၍ အသီးသီးသောသစ်ပင်တွင် နားကာနေတယ်။

ဤဥပမာဝယ် ယောဂီပုဂ္ဂိုလ်ကား လင်းနို့နှင့်တူ၏၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကား သစ်ကိုင်းငါးခုရှိသော သစ်မည်စည်ပင်နှင့်တူ၏၊ ယောဂီ၏ ရုပ်နာမ်သင်္ခါရတွင် ပုဂ္ဂိုလ်သတ္တဝါပဲလို့ မှားသောအားဖြင့် နှလုံးသွင်းခြင်းသည် လင်းနို့နားနေသည်နှင့်တူ၏၊ ရူပက္ခန္ဓာကို ဆုံးဖြတ်ပိုင်းခြား ပွါးများကြည့်ရှုသော ယောဂီ၏ ထိုရူပက္ခန္ဓာတွင် နှစ်သက်ခင်မင်အာလွန်လိုချင်စရာကောင်းတဲ့ နိစ္စ သုခ သုဘ အတ္တနှစ်ကို ရှာမတွေ့သော် ကြွင်းသောခန္ဓာများကို ဆုံးဖြတ်ပိုင်းခြား ပွါးများခြင်းသည် တခုသော သစ်ကိုင်းကို ရှာဖွေကြည့်ရှုသော လင်းနို့၏ ထိုသစ်ကိုင်းတွင် ဆွတ်ခူး ကိုက်စားရန် ကောင်းတဲ့ အပ္ပင့်အသီးကို မတွေ့ခဲ့သော် ကြွင်းသော

သစ်ကိုင်းမျှားကို ရှာဖွေကြည့်ရှုသည်နှင့်တူ၏၊ ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတွင်လည်း လက္ခဏာသုံးပါးကို မျက်မှောက်တွေ့ရသဖြင့် ငြိုးငွေ့စက်ဆုပ်သော ယောဂီအား မုဉ္ဇတုကမျှတာစသော ဉာဏ်သုံးပါး ပေါ်လာ၏၊ ပေါ်လာခြင်းသည် ဤသစ်ပင်ကား အသီးမရှိလို့ တွေ့မြင်သောလင်းနို့၏ သစ်ပင်တွင် တွယ်တာငဲ့ညှာတဲ့ အာလယကို စွန့်သည်နှင့်တူ၏၊ ယောဂီအား အနုလောမဉာဏ် ပေါ်လာခြင်းသည် လင်းနို့၏ ဖြောင့်မတ်သောသစ်ကိုင်း၏ အထက်သို့ တက်သွားသည်နှင့်တူ၏၊ ဂေါတြ-ဘူဉာဏ်ပေါ်လာခြင်းသည် ဦးခေါင်းကိုထုတ်လျက် အထက်သို့မြော်ကြည့်သည်နှင့်တူ၏၊ မဂ်ဉာဏ်ပေါ်လာခြင်းသည် ကောင်းကင်တွင် ပျံသွားသည်နှင့်တူ၏၊ ဖိုလ်ဉာဏ်ပေါ်လာခြင်းသည် တပါးသော အသီးသီးသော သစ်ပင်တွင် နားနေသည်နှင့်တူ၏။

အဆိပ်သောက်မိသောယောကျ်ားသည် ထွန့်ထွန့်လူးလှိမ့်၍ ဆင်းရဲပင်ပန်းသောကြောင့် အဆိပ်ပြေဆေး ဖျော်ဆေးကို တောင့်တဘိသကဲ့သို့ ထို့အတူ ကိလေသာဆိပ် ထိပ်အရောက်တက်သော ယောဂီသည် ဆင်းရဲဒုက္ခ အာဒီနဝကို တွေ့မြင်ရသောကြောင့် အဆိပ်ကိလေသာပျောက်ကင်းရာသော နိဗ္ဗာန်တည်းဟူသောဆေးကို တောင့်တသတည်း။

ဤပုံ ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ ဝိပဿကယောဂီသည် ဤမျှသော အကျင့်အစဉ်ဖြင့် ခင်မင်တွယ်တာ ငဲ့ညှာစရာမတွေ့သောကြောင့် တဏှာ၏ အစွမ်းဖြင့် အလုံးစုံသော ဘုံဘဝ စည်းစိမ်ဟူသမျှကို မလိုချင်တော့ပါ၊ မခင်မင် မလိုချင် အလွန်ပင်တွန့်တိုဆုတ်နစ်သော စိတ်ရှိသောကြောင့် ပဋိလိနစရ မည်သောပုဂ္ဂိုလ် ဖြစ်ကာသွားပါတယ်။

ပဋိလိနစရဿ ဘိက္ခုနော၊ ဘဇမာနဿ ဝိဝိတ္တမာသနံ။
သာမဂ္ဂိယမာဟု တဿ တံ၊ ယော အတ္တာနံ ဘဝနေ န ဒဿယေ။

ဝိဝိတ်တံ၊ ကာယစိတ္တ နှစ်ဝသော ဝိဝေကကိုရသောကြောင့် ဆိတ်ငြိမ်သော။ အာသနံ၊ နေရာကို။ ဘဇမာနော၊ မှီဝဲဆည်းကပ်သော။ ပဋိလိန-စရော၊ ဟဋ္ဌန့်တိုဆုတ်နစ်သည်၏အစွမ်းဖြင့် ပျင်းရိကာနေသော။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဘဝနေ၊ ဘုံသုံးပါး တွင်။ န ဒဿယေ၊ ဖြစ်သည်၏ အစွမ်းဖြင့် မပြရာ။ ဝိဝိတ်တံ၊ သော။ အာသနံ၊

ကို။ ဘဇမာနဿ၊ သေဝ။ ပဋိလဒ်နစရဿ၊ သေဝ။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ တံ အဒဿနံ၊ ထိုမပြခြင်းကို။ သာမဂ္ဂိယံ၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်၏ ဟူ၍။ ဗုဒ္ဓါဒယော၊ ဘုရားစသော အရိယာသူတော်ကောင်းတို့သည်။ အာဟု၊ မိန့်တော်မူကြကုန်၏။

၁။ ရုပ်နာမ်စုမှာ၊ ပုဂ္ဂလာဂင်း၊ မြင်တာရှင်းက၊ လက္ခဏာယာဉ်၊ ရှုထင်မြင်သော်၊ ပြစ်မြင်လျစ်လျူ။၊ ဖြစ်ခဲ့မူ၊ မှတ်ယူသခ်ါရု ပေကွာ။

၂။ စွန့်ကာပစ်ထား၊ ချစ်မယားကို၊ ငဲ့ငြားမရှိ၊ လျစ်လျူ။ဘိ၊ တူဘိဉပေက္ခာဉာဏ်သာ။

၃။ ဉပေက္ခာကား၊ ဉာဏ်ထားသွားဖြင့်၊ ကြောက်အားနှစ်သက်၊ ဤနှစ်ချက်၊ ပယ်ဖျက်အကျိုးပါ။

သခ်ါရုပေက္ခာဉာဏ်အခန်းပြီး၏။

အနုလောမဉာဏ်အခန်း

၁။ သခ်ါရုပေက္ခာဉာဏ်ကို လေ့လာပွါးများ အားထုတ်ဖန်များသော ယောဂီအား ရတနာသုံးပါးတွင် ကြည်ညိုသည်ဖြစ်၍ ဖြစ်သောဆုံးဖြတ်ခြင်းသဒ္ဓါအားကြီးကာ လာပါတယ်။

၂။ မတွန့်တိုမဆုတ်နစ်၍ အလွန်ထက်သည်၏အဖြစ်ကြောင့် ဆန့်ကျင်ဖက်ကို ပယ်စွမ်းနိုင်တဲ့ ဝီရိယဖြစ်ကာ နေပါတယ်။

၃။ အလွန်ထက်မြက်သည်၏ အဖြစ်ကြောင့် အာရုံတွင် စိုက်ထားဘိသကဲ့သို့ ကောင်းစွာထင်သော သတိဖြစ်ကာ နေပါတယ်။

၄။ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်းတို့၏ လွန်ကဲသည်၏အဖြစ်ကြောင့် စိတ်သည် အာရုံတွင် စိုက်ထားဘိသကဲ့သို့ တည်ကာ နေပါတယ်။

၅။ သခ်ါရုပေက္ခာဉာဏ်သည် အနုလောမဉာဏ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ခြင်းဌါ စွမ်းနိုင်သောကြောင့် ထက်မြက်သော တန်ခိုးရှိ၍လာပါတယ်။

၆။ သင်္ခါရတရားတို့ကို စုံစမ်းဆင်ခြင်ခြင်းတွင်လည်း လျှစ်လျူရှုစွမ်းနိုင်တဲ့ သင်္ခါရုပေက္ခာဉာဏ်ပညာဖြစ်ကာ နေပါတယ်။

ယခုအခါ အရိယမဂ်ပေါ်ထွက်ဖြစ်ပေါ်လတ်လို့ ဆိုသင့်သောကာလ သင်္ခါရုပေက္ခာဉာဏ်သည် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောကတို့၏ သာမညလက္ခဏာသုံးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ အနိစ္စာနုပဿနာစသော သုံးပါးတို့တွင် တပါးပါးဖြင့် သဒိသာနုပဿနာဇော နှစ်ကြိမ်သုံးကြိမ် စောလိုလတ်သော် ဘဝင်္ဂစလန, ဘဝဂုံပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ငေးခုတို့တွင် တခုခုသည် ဇောခုနစ်ကြိမ်, ထိုနောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်ကာချုပ်၏။ တပါးပါးဆိုသည်မှာ အနိစ္စကိုအာရုံပြု၍ဖြစ်စေ ဒုက္ခနှင့်အနတ္တကို အာရုံပြု၍ဖြစ်စေ တခုတည်းသောအာရုံကိုသာ အာရုံပြု၍ မဂ်၏ရှေ့အဖို့တွင် နှစ်ကြိမ်သုံးကြိမ် ထပ်လျက် ဇောဝီထိကျသည်။ အနိစ္စာနုပဿနာဝီထိဖြစ်လျှင်လဲ နှစ်ကြိမ်သုံးကြိမ် ဒုက္ခနှင့်အနတ္တာနုပဿနာမျှားဖြစ်လျှင်လဲ နှစ်ကြိမ်သုံးကြိမ် ထပ်၍ကျသည်ကိုဆိုသည်။ ၎င်းဇောဝီထိကို အားကောင်း၍လာရန် အာရုံတူ ဇောတူ ထပ်၍ကျသောကြောင့် သဒိသာနုပဿနာဇောလို့ ခေါ်ဆို၏။ တဒါရုံမကျနိုင်သော အရာဆယ်မျိုးတို့တွင် ဝုဋ္ဌာနဂါမိနီဗလဝဝိပဿနာလည်း ပါဝင်သောကြောင့် တဒါရုံမကျပဲရှိ၏။ သင်္ခါရုပေက္ခာဝုဋ္ဌာနဂါမိနီသဒိသာနုပဿနာဇောဝီထိနောင် ဘဝင်၏အခြားမဲ့ သင်္ခါရုပေက္ခာသဒိသာနုပဿနာဇောပြုခဲ့တဲ့အာရုံကိုပင် အာရုံပြု၍ အနုလုံဇောမျှားစောလိုလတ်သော် ဘဝင်္ဂစလန, ဘဝဂုံပစ္ဆေဒ, မနောဒ္ဒါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်,ဖိုလ်, ဖိုလ်, ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်ကာချုပ်၏၊ ဤကား မစ္ဆိမပည အလယ်အလတ်ဉာဏ်ပညာရှိသောပုဂ္ဂိုလ်အား မဂ်ဝီထိကျပုံတည်း။

မဟာပည ထက်မြက်ကြီးထွားသော ဉာဏ်ပညာရှိသောပုဂ္ဂိုလ်အားရှေ့နည်းအတိုင်းပင် အနုလုံနှစ်ကြိမ် ဂေါတြဘူ မဂ် ဖိုလ်သုံးကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်ကာ ချုပ်၏၊ မန္ဒပည နုံနှေးသောဉာဏ်ပညာရှိသောပုဂ္ဂိုလ်အား အနုလုံလေးကြိမ် ဂေါတြဘူ မဂ် ဖိုလ်တကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်ကာချုပ်၏။

ထိုဝီထိတွင် မနောဒ္ဒါရာဝဇ္ဇန်းသည် ဝိပဿနာ၏ အာရုံဖြစ်တဲ့ ရုပ်နာမ်နှစ်ဝ သင်္ခါရတွင် တပါးပါး၏ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောပြုခဲ့ရင်း

လက္ခဏာကို အာရုံပြုလျက် ချုပ်ကွယ်ကာသွား၏။ ပဌမဇော အနုလောမ ဉာဏ်သည် အာဝဇ္ဇန်းပြုတဲ့အာရုံကိုပင် အာရုံပြုလျက် ထူထပ်ကြီးမား သစ္စာလေးပါးကို ဖုံးကွယ်ကာထားတဲ့ အမိုက်မှောင်များကို ပယ်ဖျောက်၍ လက္ခဏာသုံးပါးကို လွန်စွာထင်ရှားစေလျက် ချုပ်ကွယ်သွားလေ၏။

ဒုတိယဇောအနုလောမဉာဏ်သည် အထောက်အပံ့ရသောကြောင့် ထက်မြက်ရဲရင့် တန်ခိုးပွင့်လျက် ထိုအာရုံကိုပင် အာရုံပြုကာ အလယ်အလတ် သစ္စာကို ဖုံးလွှမ်းတတ်သော အမိုက်မှောင်ကို ပယ်ဖျောက်၍ လက္ခဏာသုံးပါးကို လွန်စွာထင်ရှားစေလျက် ချုပ်ကွယ်ကာသွား၏။

တတိယဇော အနုလောမဉာဏ်သည်လည်း အထောက်အပံ့ရသောကြောင့် အလွန်ထက်မြက်ရဲရင့် တန်ခိုးပွင့်လျက် ထိုအာရုံကိုပင် အာရုံပြုကာ နူးညံ့သိမ်မွေ့တဲ့သစ္စာကို ဖုံးလွှမ်းလေ့ရှိသော အမိုက်မှောင်ကို အကုန်ပယ်ဖျောက်၍ လက္ခဏာသုံးပါးကို လွန်စွာထင်ရှားစေလျက် ချုပ်ကွယ်သွား၏။

ဂေါတြဘူဉာဏ်သည် အနုလောမဉာဏ်၏အခြားမဲ့နိဗ္ဗာန်ကို အာရုံပြုလျက် ချုပ်ကွယ်သွား၏။ မဂ်ဉာဏ်သည် ဂေါတြဘူ၏အခြားမဲ့ အနုသယကိလေသာကို ပယ်သတ်လျက် တကြိမ်ဖြစ်ပေါ်၍ ချုပ်ကွယ်သွား၏။ ဖိုလ်ဉာဏ်များသည် မဂ်၏အခြားမဲ့ အနုသယကိလေသာမီးပူကို ငြိမ်းအေးစေလျက် ဖြစ်ပေါ်ကာ ချုပ်ကွယ်သွား၏။ ဘဝင်များသည် ပြုနေကျ အာရုံကိုပင် အာရုံပြုကာ ချုပ်ကွယ်၍သွားသတည်း။

ထိုဇောတို့တွင် ပဌမဇောကို မဂ်ကိုပြုပြင်တဲ့ပရိကံဇောလို့ ခေါ်၏၊ ဇောတွင်ပါတဲ့ဉာဏ်ပညာကို အောက်ဉာဏ်နှင့် အထက်ဗောဓိပက္ခိယတရားတို့အား လျော်စွာသိတဲ့ အနုလောမဉာဏ်လို့ခေါ်၏။ ဒုတိယဇောကို မဂ်အနီးတွင်ဖြစ်တဲ့ ဥပစာဇောလို့ ခေါ်၏၊ ဇောတွင်ပါတဲ့ဉာဏ်ပညာကို အောက်အထက်တရားတို့အား လျော်စွာသိတဲ့ အနုလောမဉာဏ်လို့ခေါ်၏။ တတိယဇောကို အောက်အထက်တရားတို့အား လျော်စွာဖြစ်တဲ့ အနုလုံဇောလို့ ခေါ်၏၊ ဇောတွင်ပါတဲ့ဉာဏ်ပညာကို အောက်အထက်တရားတို့အား လျော်စွာသိတဲ့ အနုလောမဉာဏ်လို့ခေါ်၏။

ရှစ်မ်းနှိုင်သော ခန္ဓိမည်တဲ့ အနုလောမိကဝိပဿနာဉာဏ်သည် မုဒုကခန္ဓိ မဇ္ဈိမခန္ဓိ တိက္ခခန္ဓိလို့ သုံးမျိုးရှိ၏။ ထိုထွင် ကလာပသမ္မသနအစ

ဥဒယဗ္ဗယဉာဏ်အဆုံးရှိသော ခန္ဓာကို **မုဒုကခန္ဓာ** ခေါ်တယ်၊ ဘင်္ဂဉာဏ်အစ သခ်ၤါရုပေက္ခာဉာဏ်အဆုံးရှိသော ခန္ဓာကို **မဇ္ဈိမခန္ဓာ**လို့ ခေါ်တယ်၊ ယင်း အနုလောမဉာဏ်ကို **တိက္ခာနုလောမိကခန္ဓာ**လို့ ခေါ်သတည်း။

ဤကား သဘောကို ခဲခြမ်းစိတ်ဖြာသောအားဖြင့် ပရိကံဥပစာအနုလုံလို့ အမည်ပေးသတည်း၊ ၎င်းဇောသုံးခုကို ခဲခြမ်းခြင်းမပြု၊ သာမန်အားဖြင့် ကြည့်ရှုသော်ကား အာသေဝနဇောချည်းပဲလို့ ခေါ်နိုင်၏။ ပရိကံဇောချည်းပဲ ဥပစာဇောချည်းပဲ အနုလုံဇောချည်းပဲလို့လဲ ခေါ်နိုင်၏။

အနုလောမဉာဏ်သည် ဘယ်ပုံလျှင်စ္စာဖြစ်သနည်းဟူမူ အနုလောမဉာဏ်သည် ဟုတ်မှန်စွာလက္ခဏာယာဉ်သုံးပါးကို ပိုင်းခြားပွါးများခြင်းရှိသောကြောင့် ဥဒယဗ္ဗယဉာဏ်စသော ရှေးဉာဏ်ရှစ်ပါးတို့အား လျှင်စ္စာဖြစ်၏၊ ပြင်းစွာတွေ့ဝေခြင်း သမ္မောဟစသောကိလေသာများကို ပယ်ဖျက်နိုင်သောကြောင့် မဂ်တွင် သုံးဆဲခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့အား လျှင်စ္စာဖြစ်၏။

ခဲ့ဦးမည်....ထိုအနုလောမဉာဏ်သည် ရုပ်နာမ်သခ်ၤါရတို့ကို အနိစ္စလက္ခဏာစသည်တို့၏အစွမ်းဖြင့် အာရုံပြုကာဖြစ်သောကြောင့် ဥဒယဗ္ဗယဉာဏ်ကား ဥဒယဝယရှိသောတရားတို့၏သာ အဖြစ်အပျက်တို့ကို တွေ့မြင်လေ့စွတကားလို့ ဥဒယဗ္ဗယဉာဏ်အားဎင်း ဘင်္ဂဉာဏ်ကား ပျောက်ကွယ်သေဆုံးတဲ့ဘင်ရှိသောတရားတို့၏သာ ပျောက်ကွယ်သေဆုံးတဲ့ဘင်ကို တွေ့မြင်လေ့စွတကားလို့ ဘင်္ဂဉာဏ်အားဎင်း ဘယဉာဏ်ကား ကြောက်လန့်ဖွယ်ကောင်းသော တရားတို့၌သာ ကြောက်လန့်ဖွယ်ပဲလို့ ဆိုးဖြတ်ပိုင်းခြားသိကာသွားလေ့စွတကားလို့ ဘယဉာဏ်အားဎင်း အာဒီနဝဉာဏ်ကား ဇာတိဇရာဗျာဓိမရဏစသော အပြစ်ရှိသောတရားတို့၌သာ အပြစ်မြင်လေ့စွတကားလို့ အာဒီနဝဉာဏ်အားဎင်း နိဗ္ဗိဒါဉာဏ်ကား ငြီးငွေ့စက်ဆုပ်သင့်သောတရားတို့၌သာ ငြီးငွေ့စက်ဆုပ်လေ့စွတကားလို့ နိဗ္ဗိဒါဉာဏ်အားဎင်း မုဉ္ဇတုကမျှတာဉာဏ်ကား စွန့်လွှတ်သင့်သောတရားတို့၌သာ စွန့်လွှတ်လေ့စွတကားလို့ မုဉ္ဇတုကမျှတာဉာဏ်အားဎင်း ပဋိသခ်ၤါဉာဏ်ကား ဝေဘန်ကြည့်ရှုသင့် ပွါးများသင့်သောတရားတို့၌သာ တဖန်ကြည့်ရှုပွါးများလေ့စွတကားလို့ ပဋိသခ်ၤါဉာဏ်အားဎင်း သခ်ၤါရုပေက္ခာဉာဏ်ကား လျစ်လျူရှုသင့်သောတရားတို့၌သာ လျစ်လျူရှုလေ့စွတကားလို့ သခ်ၤါရုပေက္ခာ

ဉာဏ်အားဌင်း လျော်စေ၏။ ဤပုံသဘောအားဖြင့် ပြောဆိုဘိသကဲ့သို့ ဥဒယဗ္ဗယစသော ရှေးဉာဏ်ရှစ်ပါးတို့အား သမ္မသနကိစ္စခြင်းတူသော ကြောင့် လျော်စေသတည်း။

အနုလောမဉာဏ်၏ ကြမ်းတမ်းသည်ထက်ကြမ်းတမ်းသော ကိလေသာကို ပယ်ခွါနိုင်သောအကျင့်ဖြင့် ရောက်ကြရသောကြောင့် မဂ်တွင် သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့အား လျော်စေသည်။

ဥပမာ—တရားနှင့်အညီ အုပ်ချုပ်သော ဓမ္မိကရာဇာသည် တရားဆုံးဖြတ်ရာရုံးတွင် စံတော်မူလျက် တရားဝန်ကြီးတို့၏ ဆုံးဖြတ်ပုံကို ကြားနာ၍ ဂတိလိုက်စားခြင်းမှ ကင်းကြသဖြင့် လျစ်လျူရှုကာ ဤအတိုင်းသာ ဆုံးဖြတ်ကြလို့ အမိန့်ပေးလျက် ဝမ်းမြောက်စွာ တရားဝန်ကြီးရှစ်ယောက်တို့၏ အဆုံးအဖြတ်အားဌင်း ရှေးဟောင်းမင်းသုံးတရားဥပဒေအားဌင်း လျော်စေပါတယ်။

ဥပမာတွင် အနုလောမဉာဏ်ကား မင်းနှင့်တူ၏၊ ဥဒယဗ္ဗယစသော ဉာဏ်ရှစ်ပါးတို့ကား အမတ်ကြီးရှစ်ယောက်တို့နှင့်တူ၏၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကား ရှေးဟောင်းမင်းတို့သုံးသော တရားဥပဒေနှင့်တူ၏၊ ဓမ္မိကရာဇာသည် ဤပုံဆုံးဖြတ်ကြလို့ အမိန့်ပေးလျက် ဝန်ကြီးတို့၏အဆုံးအဖြတ်အားဌင်း ရှေးဟောင်းမင်းသုံးတရားဥပဒေအားဌင်း လျော်စေသကဲ့သို့ ထို့အတူ ဤအနုလောမဉာဏ်သည် ရုပ်နာမ်နှစ်ဝသခ်ါရတို့၏ အနိစ္စလက္ခဏာစသည်တို့ကို အာရုံပြုလျက် ဖြစ်ပေါ်လာသော ဥဒယဗ္ဗယစသော ရှေးဉာဏ်ရှစ်ပါးတို့အား လျော်စွာဖြစ်ခြင်းကို အဦးပြုသဖြင့် မဂ်တွင် သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့အားလည်း လျော်စေသတည်း၊ ထို့ကြောင့် ယင်းအနုလောမဉာဏ်ကို သစ္စာနုလောမိကဉာဏ်လို့ ခေါ်ဆို၏။ ဤအနုလောမဉာဏ်ကား သခ်ါရကို အာရုံပြုတဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာတွင် အဆုံးဖြစ်၏၊ ဂေါတြဘူဉာဏ်ကား နိဗ္ဗာန်ကို အာရုံပြုတဲ့ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးဖြစ်၏။

ဝုဋ္ဌာနဂါမိနီအရာတွင် တွေ့ဝေခြင်းမရှိရန် အကျိုးငှါ ပါဠိတော်တွင် လာသော အမည်တို့ကို သိထားသင့်၏၊ ထို့ကြောင့်ပြမည်။

ဝုဋ္ဌာနဂါမိနီဝိပဿနာကို သဋ္ဌာယတနဝိဘင်္ဂသုတ်တွင် အတမ္မယတာ, အလဂဒ္ဒသုတ်တွင် နိဗ္ဗိဒါ, သုသိမသုတ်တွင် ဓမ္မဋ္ဌိတိဉာဏ်, ပေါဋ္ဌပါဒသုတ်

တဉ် သညဂ္ဂ, ဒသုတ္တရသုတ်တဉ် ပါရိသုဒ္ဓိပဓာနိယင်္, ပဋိသမ္ဘိဒါမဂ်တဉ် မုဋ္ဌိတုကမျတာ ပဋိသင်္ခါနုပဿနာ သင်္ခါရုပေက္ခာ, ရထဝိနီတသုတ်တဉ် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ပဋ္ဌာန်းတဉ် အနုလုံ ဂေါတြဘူ ဝေါဒါန်လို့ အသီး အသီး အမည်လွဲလျက် ဟောကာထား၏။

ဣတိ နေကေဟိ နာမေဟိ၊ ကိတ္တိတာ ယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။
ဝုဋ္ဌာတုကာမော သံသာရ၊ ဒုက္ခပင်္ဂာ မဟဋ္ဌယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။

ဣတိ၊ ဤသို့။ အနေကေဟိ၊ များစွာကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ သန္တာ၊ ငြိမ်းအေးသော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော။ ဝုဋ္ဌာနဂါမိနီ၊ အရိယမဂ်သို့ ရောက်စေနိုင်သော။ ယာ ဝိပဿနာ၊ အကြင်ဝိပဿနာကို။ ကိတ္တိတာ၊ ဟောကြား အပ်၏။ မဟဋ္ဌယာ၊ များစွာကြောက်လန့်ဖွယ်ကောင်းသော။ သံသာရ-ဒုက္ခပင်္ဂာ၊ သံသရာဝဋ်ဆင်းရဲတည်းဟူသော ရုံးညှန့်ရုံးပုက်မှု။ ဝုဋ္ဌာတုကာမော၊ ထခြင်းငှါအလိုရှိသော။ ပဏ္ဍိတဇာတိကော၊ ပညာရှိသော သဘောရှိသော ယောဂီသည်။ တတ္ထ၊ ထို ဝိပဿနာဘာဝနာ၌။ သတတံ၊ အမြဲ (ဝါ) မပြတ်။ ယောဂံ၊ ဘာဝနာကိုအားထုတ်ခြင်းကို။ ကရေယျ၊ ပြုရာသတည်း။

၁။ ရှေးညာဏ်နောက်ဆင့်၊ ဗေဒမိနှင့်၊ သင့်တင့်အနုလောမညာဏ်။
၂။ သစ္စာနုလောမိက၊ အမည်ရ၊ မှတ်ပအနုလောမညာဏ်။
၃။ အနုလောမ၊ ညာဏ်စွမ်းပြသည်၊ ဓမ္မဋ္ဌိတိ၊ နိဗ္ဗာန်ထိ၊ ဆန့်ရှိပယ်လိုက်ပြန်။

အနုလောမညာဏ်အခန်းပြီး၏။

ဂေါတြဘူဥာဏ်အခန်း

အနုလောမညာဏ်၏ အခြားမဲ့တဉ်ဖြစ်တဲ့ ဤဂေါတြဘူဥာဏ်သည် မဂ်၏ အာဝဇ္ဇန်းအရာတဉ်တည်သောကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိတဉ်မပါ၊

အကြောင်းကား အနိစ္စ စသည်တို့၏အစွမ်းဖြင့် ရုပ်နာမ်သင်္ခါရတို့ကို အာရုံမပြုသောကြောင့်တည်း၊ ဉာဏဒဿနဝိသုဒ္ဓိတွင်လဲမပါ၊ အကြောင်းကား နိဗ္ဗာန်ကိုအာရုံပြုသော်လဲ ကိလေသာကိုမပယ်သတ်နိုင်သောကြောင့်တည်း။

ဝိသုဒ္ဓိနှစ်ပါးတို့၏ အကြားတွင် ဝိသုဒ္ဓိလက္ခဏာ မပါသောကြောင့် မပြောပလောက်တဲ့ အဖွေဟာရိကမျှသာဖြစ်သတည်း၊ ထိုသို့ဖြစ်သော်လဲ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးဖြစ်သောကြောင့် ဝိပဿနာတွင်ပါဝင်၏၊ ထို့ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတွင် ပါဝင်တယ်မှတ်ရာ၏။

မင်္ဂလာစိတ်လေးပါးနှင့်ယှဉ်သော ဉာဏ်ပညာကို ဉာဏဒဿနဝိသုဒ္ဓိခေါ်ပါတယ်။ ထိုတွင် သောတာပတ္တိမဂ်ဉာဏ်ကို အစစ္စာရလိုရောက်လိုသော ဝိပဿကယောဂီသည် အနုလောမဉာဏ်အဆုံးရှိသောဝိပဿနာကို အားထုတ်ပုံးမျှားရပါတယ်။

ဤပုံ အနုလောမဉာဏ်ရပြီးသော ယောဂီပုဂ္ဂိုလ်၏စိတ်သည် အနုလောမဉာဏ်တို့က မိမိတို့အစွမ်းသတ္တိအားလျော်စွာ ထူထပ်ကြီးမား သစ္စာလေးပါးကို ဖုံးကွယ်ကာထားတဲ့ အမိုက်မှောင်ကို ပယ်ဖျောက်လှုင့်တင်ကုန်စင်စေပြီးသော် ရုပ်နာမ်နှစ်ဝ သင်္ခါရနှင့် ခန္ဓာစသောလောကတွင် မပြေးဝင် မတည်ချင်သည်ဖြစ်၍ မကပ်ငြိမဖဲ့မိ အလိုမရှိတော့ပါ။ ပဒုမ္မာကြာရွက်တွင် ရေသည်တွန့်လိမ့်ပြန်လည်ကာ ကျသွားသကဲ့သို့ ရုပ်နာမ်နှစ်ဝ သင်္ခါရမှ တွန့်လိမ့်ပြန်လည်ကာ ကျသွားပါတယ်။

အလုံးစုံသောသင်္ခါရနိမိတ်အရိပ်အရောင်နှင့် အဆက်ဆက်မပျက်ဖြစ်၍နေသော ပဝတ္တရုပ်နာမ်အစဉ်မျှားကိုလည်း ကြောက်စရာလန့်စရာဘေးရန်အန္ဒောက်အယှက် ပလိဗောဓကြီးဟူ၍သာ ထင်ကာနေ၏။

ထိုအခါ ယောဂီအား နိမိတ်ပဝတ္တနှစ်ဝအာရုံ အလုံးစုံသည် ဘေးရန်အန္ဒောက်အယှက် ပလိဗောဓဟူ၍သာ ထင်မြင်လာသည်ရှိသော် နှစ်ကြိမ်သုံးကြိမ်သော အနုလောမဉာဏ်၏အဆုံးဝယ် နိမိတ်ပဝတ္တနှစ်ဝအာရုံအလုံးစုံသော သင်္ခါရမှ ကင်းရာ ငြိမ်းအေးချမ်းမြေ့လှစ်ဘွားသော နိဗ္ဗာန်ကို အာရုံပြုတဲ့ ဂေါတြဘူဉာဏ်သည် ပုထုဇဉ်တို့၏အနွယ်တည်ရာဘုံကို လွန်လျက် အရိယာတို့၏ အနွယ်တည်ရာဘုံသို့ ရောက်ကာ ဝိပဿနာတွင် အထွဋ်အထိပ် ဦးခေါင်းသဖွယ်ဖြစ်၍ တဖန်ပြန်ဖြစ်ခြင်းမရှိပဲ တကြိမ်တည်းသာ ဖြစ်ပေါ်လာသတည်း။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဂေါတြဘူဥာဏ်ပေါ် လာပုံကို ဥပ္ပါဒံ အဘိ-ဘုယျတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါ သဒ္ဓါရနိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘု။
(အတိက္ကမနဝါရ)

အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ (အနုပဝိသနဝါရ)

ဥပ္ပါဒံ အဘိဘုယျိတ္ဝာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါ-သဒ္ဓါရနိမိတ္တံ အဘိဘုယျိတ္ဝာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။
(ယမကဝါရ)

ဥပ္ပါဒါ ဝုဋ္ဌာတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါသဒ္ဓါရနိမိတ္တာ ဝုဋ္ဌာတီတိ ဂေါတြဘု။ (ဝုဋ္ဌာနဝါရ)

အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ (အနုပဝိသနဝါရ)

ဥပ္ပါဒါ ဝုဋ္ဌဟိတ္ဝာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါသဒ္ဓါရ-နိမိတ္တာ ဝုဋ္ဌဟိတ္ဝာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ (ယမကဝါရ)

ဥပ္ပါဒါ ဝိဝဋ္ဋိတ္ဝာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါသဒ္ဓါရ-နိမိတ္တာ ဝိဝဋ္ဋိတ္ဝာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ ဤသို့ အကျယ်ဟောဏ်။

ဥပ္ပါဒါ ဝိဝဋ္ဋတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါသဒ္ဓါရနိမိတ္တာ ဝိဝဋ္ဋတီတိ ဂေါတြဘု။ (ပရမ္မုခဝါရ)

အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ (အနုပဝိသနဝါရ)

ဥပ္ပါဒါ ဝိဝဋ္ဋိတ္ဝာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။ပ။ ဗဟိဒ္ဓါသဒ္ဓါရ-နိမိတ္တာ ဝိဝဋ္ဋိတ္ဝာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု။ (ယမကဝါရ) ဤသို့ အကျယ်ဟောဏ်။

ဥပ္ပါဒံ၊ ဖြစ်ပေါ်ဆဲ ရုပ်နာမ်ကို။ အဘိဘုယျတိ၊ နှိပ်စက်တတ်၏။ (နှိပ်စက်ဆိုသည်မှာ အာရုံမပြုပဲ လွန်သွားသည်ကို ဆိုသည်) ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

ဗဟိဒ္ဓါသဒ္ဓါရနိမိတ္တံ၊ မိမိသန္တာန်တွင်ဖြစ်တဲ့ အကုသိုလ် ခန္ဓာကိုယ်မှ အပဖြစ်၍ဖြစ်သော သဒ္ဓါရနိမိတ်ကို (ဝါ) နိဗ္ဗာန်မှ အပဖြစ်၍ဖြစ်သော

သခ်ၤါရနိမိတ်ကို။ အဘိဘုယျတိ၊ နှိပ်စက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။ ။အလယ်တွင် ပဝတ္တ နိမိတ္တ အာယူဟန ပဋိသန္ဓိ-စသော ကံပုဒ်တဆဲ့လေးခုကို မြုပ်ထားသည်၊ ကံပုဒ်တို့ကိုလည်း ဖော်၍သိရာ၏။

ပကၠန္ဒတိ၊ ပြေးဝင်ကာနေ၏။ ဝုဋ္ဌာတိ၊ သခ်ၤါရနိမိတ်မှ ကင်းလျက် အထက်နိဗ္ဗာန်တွင် တည်၏။ ဝိဝဋ္ဋတိ၊ မျက်နှာလွှဲကာ နေ၏။ ။ထူးရာကို မြန်မာပြန်ထားသည်။

အဓိပ္ပါယ်အကျဉ်းကား....ပဌမဝါရဖြင့် ဂေါတြဘူကား ပုထုဇဉ် အခိုက်အတန့်တွင်ဖြစ်တဲ့ ရုပ်နာမ်သခ်ၤါရကို အာရုံမပြုပဲ လွန်လျက် ပေါ်ပေါက်လာတယ်လို့ ပြ၏၊ ဒုတိယဝါရဖြင့် ဂေါတြဘူကား ဥပ္ပါဒပဝတ္တ-စသည် ကင်းရာ ငြိမ်းအေးစ္စာသော နိဗ္ဗာန်သို့ ပြေးဝင်ကာ အာရုံပြုလျက် ပေါ်လာတယ်လို့ ပြ၏၊ တတိယဝါရဖြင့် အပဖြစ်၍ဖြစ်တဲ့ ရုပ်နာမ်နှစ်ဝ သခ်ၤါရနိမိတ်ကို အာရုံမပြုပဲ လွန်လျက် ဆင်းရဲဒုက္ခအဝဝတို့ကင်းရာ ငြိမ်းအေးစ္စာသောနိဗ္ဗာန်သို့ ပြေးဝင်ကာအာရုံပြုလျက် ပေါ်လာတယ်လို့ ပြ၏။

ထို့ကြောင့် ဘာဝနာပဉ်းစဉ် မျက်မှောက်တွေ့တဲ့ အပျက်ဘင်လက္ခဏာယာဉ်များကိုမတွေ့တဲ့ ငြိမ်းအေးချမ်းသာ ငြိမ်သက်စ္စာသော နိဗ္ဗာန်ကို အာရုံပြုကာနေသည်လို့ ဆိုလိုသည်၊ ဝုဋ္ဌာနဝိဝဋ္ဋနဝါရတို့ဖြင့်လည်း သခ်ၤါရနိမိတ်မှကင်းလျက် အထက်နိဗ္ဗာန်တွင် တည်နေပုံ ဥပ္ပါဒ-စသော ရုပ်နာမ်နှစ်ဝ သခ်ၤါရတို့ကို မျက်နှာလွှဲလျက် နိဗ္ဗာန်တွင် ဖြစ်နေပုံသိကြလေ။

ဂေါတြဘူနှစ်မျိုးအထူး

ဂေါတြဘူသည် မဂ်ရှေ့ ဂေါတြဘူ, ဖိုလ်ရှေ့ ဂေါတြဘူ နှစ်မျိုးရှိ၏။ ထိုတွင် မဂ်လေးပါး၏ရှေ့က ဂေါတြဘူသာ နိဗ္ဗာန်ကိုအာရုံပြု၏၊ ဖိုလ်လေးပါး၏ရှေ့က ဂေါတြဘူကား ရုပ်နာမ်နှစ်ဝ သခ်ၤါရကို အာရုံပြု၏။

ဝီထိတွင် အာဝဇ္ဇန်းတခုတည်းဖြင့် အနုလုံဂေါတြဘူတို့ တသီးတခြားစီ အာရုံပြုရာတွင် ဥပမာ ရေမြောင်းကြီးကို ခုန်ကျော်၍ ဟိုမှာဖက်တွင် တည်လိုသော ယောကျ်ားသည် လျင်မြန်သောအဟုန်ဖြင့် ပြေးသွားကာ မြောင်း၏ သည်ဖက်ကမ်း သစ်ပင်တွင် ချည်ထားတဲ့ ကြိုးတောင်ဝှေး

များကို ကိုင်ဆဲ့၍ ခုန်လွှားလိုက်သည်ရှိသော် ဟိုမှာဖက်ကမ်းသို့ ညွှတ်သွားသော ကိုယ်ရှိသည်ဖြစ်၍ တဖက်ကမ်းပေါ် သို့ ရောက်က ကြိုး တောင့်ဝှေးတို့ကို လွှတ်၍ ကုန်တုန်လှုပ်လှုပ်ဖြစ်ကာ တဖက်ကမ်းတွင်ကျလျက် တဖြည်းဖြည်း တည်နေသကဲ့သို့ ထို့အတူ ဤဝိပဿကယောဂီသည်လည်း အလုံးစုံသော ဘုံဘဝဝင်္ဂဒုက္ခတို့၏ တဖက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်တွင် တည်လိုရောက်လိုသည်ရှိသော် ဥဒယဗ္ဗယာနုပဿနာ စသည်ဖြင့် လျင်မြန်စွာပြေးသွား၍ အတွင်ဘော တည်းဟူသော သစ်ပင်တွင် ရုပ်အစု ရူပက္ခန္ဓာ တည်းဟူသော ကြိုး-ဝေဒနာစသော နာမ်ခန္ဓာလေးပါးတို့တွင် တပါးပါး တည်းဟူသော တောင့်ဝှေးတို့၏ အနိစ္စစသော လက္ခဏာသုံးပါးတို့တွင် တပါးပါးကို အနုလောမဉာဏ်ကိုဖြစ်စေသော အာဝဇ္ဇန်းဖြင့် ကိုင်ဆဲ့အာရုံပြု၍ ပဌမအနုလောမဉာဏ်ဖြင့် အာဝဇ္ဇန်းကိုင်ဆဲ့တဲ့ လက္ခဏာကို အာရုံပြု၍ မလွှတ်ပဲသာလျှင် ခုန်လွှားလိုက်သည်ရှိသော် ဒုတိယ အနုလောမဉာဏ်ဖြင့် နိဗ္ဗာန်သို့ညွှတ်ကိုင်းရောက်သွားသောစိတ်ရှိသည်ဖြစ်၍ တတိယအနုလောမဉာဏ်ဖြင့် ယခုရတော့ ရောက်တော့မည့် နိဗ္ဗာန်၏အနီးသို့ ရောက်ခဲ့က ထို့ခန္ဓာစသော လောကရဲ့လက္ခဏာအာရုံကိုလွှတ်ထား၍ ဂေါတြဘူစိတ်ဖြင့် အလုံးစုံသော ဘုံဘဝဝင်္ဂဒုက္ခတို့၏ တဖက်ကမ်းသဖွယ် တင့်တယ်လှစွာသော နိဗ္ဗာန်တွင် တည်ကာနေ၏၊ မျက်မှောက်ပစ္စက္ခ မတွေ့ဘူး မရောက်ဘူးသောကြောင့် နိဗ္ဗာန်အာရုံသစ်တွင် တုန်တုန်လှုပ်လှုပ် ဖြစ်ကာနေ၏၊ ထို့နောင် မဂ်ဉာဏ်ပေါ်လာမှ အားရှိသောကြောင့် ကောင်းစွာ တည်နိုင်တော့သတည်း။

အနုလုံနှင့် ဂေါတြဘူ အစွမ်းသတ္တိချင်းမတူပုံ

အနုလုံ ဂေါတြဘူနှစ်ပါးတို့တွင် အနုလောမဉာဏ်သည် သစ္စာလေးပါးကို ဖုံးကွယ်ကာထားတဲ့ ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်ပါတယ်၊ နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်ချေ။ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုခြင်းငှါ စွမ်းနိုင်ပါတယ်၊ ကိလေသာအမိုက်မှောင်ကိုကား ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်ချေ။

အနုလုံနှင့် ဂေါတြဘူတို့ အစွမ်းသတ္တိကိစ္စထူးရာတွင် ဥပမာ—မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားတယောက်သည် နက္ခတ်နှင့်လ ယှဉ်ကြတိုက်ကြသည်ကို အချိန်အရပ်နှစ်ပါးမှတ်ကာ သိလို၍ ညဉ့်အဖို့ဝယ် ပြင်သို့

ထုက်လျက် အထက်ကောင်းကင်တွင် လကို မြော်ကြည့်လိုက်ပါတယ်၊ ထိုယောကျ်ားသည် ကောင်းကင်တွင် တိမ်တိုက်တိမ်လှာတို့ဖြင့် ဖုံးကွယ်ကာ ထားသောကြောင့် လကို မမြင်ရပါ၊ ထိုအခါ တကြိမ်သောလေသည် ထကြွတိုက်ခိုက်လာသော် ထူထပ်သော တိမ်တိုက်တိမ်လှာကြီးတို့ကို လွင့်စင်စေ၏၊ ထို့နောင် တကြိမ်ထကြွတိုက်လွှင့်လာသော် အလယ်အလတ် ကောင်းကင်တွင် ကပ်၍နေသော တိမ်တိုက်တိမ်လှာတို့ကို လွင့်စင်စေ၏၊ ထို့နောင် တကြိမ်ထကြွတိုက်လွှင့်လာသော် နှူးညံ့သိမ်မွေ့ တိမ်တိုက်တိမ်လှာ ဟူသမျှကို လွင့်စင်စေ၏၊ ထိုကြည့်ရှုသော ယောကျ်ားသည် ထို့နောင်မှ လကို ကြည့်ရှုသော် ကောင်းကင်တွင် တိမ်တိုက်တိမ်လှာများ စင်ကြယ်ကာ သွားသောကြောင့် နက္ခတ်နှင့်လ ယှဉ်ကြတိုက်ကြသည်ကို တွေ့မြင်ကာ သွားပါသတည်း။

ဥပမာတွင် သုံးမျိုးသောကိလေသာတည်းဟူသော အမိုက်မှောင်သည် သုံးမျိုးသော တိမ်တိုက်တိမ်လှာတို့နှင့်တူ၏၊ အနုလောမဉာဏ်သုံးပါးတို့ သည် သုံးမျိုးသောလေကြမ်းတို့နှင့် တူကုန်၏၊ ဂေါတြဘူဉာဏ်သည် မျက်စိ အမြင်ရှိသော ယောကျ်ားနှင့်တူ၏၊ နိဗ္ဗာန်သည် လနှင့်တူ၏၊ တပါးပါးသော အနုလောမဉာဏ်၏ ကိလေသာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက် ခြင်းသည် တကြိမ်တကြိမ်သောလေ၏ တိမ်တိုက်တိမ်လှာကို ဖျက်ဆီး ခြင်းနှင့် တူ၏၊ ဂေါတြဘူဉာဏ်၏ စင်ကြယ်စွာသောနိဗ္ဗာန်ကို မြင်ခြင်း သည် ယောကျ်ား၏စင်ကြယ်စွာသော လကို မြင်ခြင်းနှင့်တူ၏။

သုံးမျိုးသောလေကြမ်းတို့သည် တိမ်တိုက်တိမ်လှာတို့ကိုသာ ဖျက်ဆီး ခြင်းငှါ စွမ်းနိုင်ကုန်၏၊ လကိုကား မြင်ခြင်းငှါ မစွမ်းနိုင်ကုန်သကဲ့သို့ ထို့အတူ အနုလောမဉာဏ်တို့သည် ကိလေသာတည်းဟူသော အမိုက်မှောင် ကိုသာ ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကုန်၏၊ နိဗ္ဗာန်ကိုကား အာရုံပြုခြင်းငှါ မစွမ်းနိုင်ကုန်၊ ကြည့်ရှုသော ထိုယောကျ်ားသည် လကိုသာ မြင်ခြင်းငှါ စွမ်းနိုင်၏၊ တိမ်တိုက်တိမ်လှာတို့ကို ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ကုန်သကဲ့သို့ ထို့အတူ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ မြင်ခြင်းငှါ စွမ်းနိုင်၏၊ ကိလေသာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ချေ။ ထို့ကြောင့် ဂေါတြဘူဉာဏ်ကို မဂ်၏အာဝဇ္ဇန်းဟူ၍ ခေါ်ဆိုပါတယ်။ ဂေါတြဘူဉာဏ်သည် အာဝဇ္ဇန်းကင်းသော်လည်း အာဝဇ္ဇန်းအရာတွင်

တည်၍ ငါကဲ့သို့ သခ်ါရတို့ကို မျက်ကွယ်ပြုလျက် နိဗ္ဗာန်ကို အာရုံပြုကာ ဖြစ်လှည့်လေ့လို့ အမှတ်ပေးသကဲ့သို့ဖြစ်၍ ချုပ်ကွယ်သွားလေသတည်း။

ဂေါတြဘူဉာဏ်အခန်း ပြီး၏။

မင်ဉာဏ်အခန်း

မင်ဉာဏ်အဆင့်ဆင့်ပေါ်လာပုံ

မင်ဉာဏ်သည်လည်း ဂေါတြဘူဉာဏ်ပေးတဲ့ အမှတ်သညာကို မလွှတ်ပဲ သာလျှင် ဂေါတြဘူဉာဏ်သို့ အစဉ်လိုက်လျက် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း လောဘအမှုန်းရှိသော သမုဒယသစ္စာကို ဖောက်ခဲ့ဖျက်ဆီးနိုင်ခြင်း မဂ္ဂသစ္စာကိုပွါးများနိုင်ခြင်း နိရောဓသစ္စာကို မျက်မှောက်ပစ္စက္ခတွေ့ရခြင်း ဤလေးပါးသောကိစ္စတို့ကို တပြိုင်နက်ပြီးစေလျက် ဖြစ်ပေါ်ကာလာ၏။ ဆီမီးသည် ဆီမီးစာကို လောင်ကျွမ်းခြင်း အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း အရောင်အလင်းကို ပြခြင်း ဆီအစေးကို ကုန်စေခြင်း ဤလေးပါးသော ကိစ္စတို့ကို တပြိုင်နက်သောခဏတွင် ပြီးစေသကဲ့သို့ ပေါ်လာသည် ဆိုလိုသည်။

မင်ဉာဏ်ပေါ်လာရာတွင် ဥပမာ

လေးသမားတယောက်သည် ရှစ်ဥသဘလောက်သော အရပ်တွင် ပိတောက်နှစ် ပျဉ်ချပ်တရာကို စက်ယန္တရား၌ ဆင်တပ်ကာထားစေလျက် အဝတ်ဖြင့် မျက်နှာကို ဖုံးအုပ်ကာ မြားတင်သောလေးကို ကိုင်ဆွဲ၍ အိုးထိန်းစက်နှင့်တူသော စက်ယန္တရားရှေ့မှာ ရပ်ကာနေတယ်၊ ယောကျ်ားတယောက်က စက်ယန္တရားကိုလည်စေ၍ ပျဉ်ချပ်သည် လေးသမား၏ ရှေ့တည့်တည့်ရောက်လာသောအခါ တုတ်ဖြင့်အမှတ်သညာကို ပေးလိုက်ပါတယ်၊ လေးသမားသည် တုတ်ဖြင့်ပေးတဲ့ အမှတ်သညာကို မလွှတ်ပဲ သာလျှင် လေးဖြင့်မြားကိုပစ်၍ ပျဉ်ချပ်တရာကို ပေါက်ကွဲစေပါတယ်။

ဥပမာတွင် ဂေါတြဘူဉာဏ်သည် တုတ်ဖြင့် အမှတ်သညာပေးသည်နှင့် တူ၏၊ မင်ဉာဏ်သည် လေးသမားနှင့်တူ၏၊ မင်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက် လောဘအမှုန်းရှိသော သမုဒယသစ္စာကို ဖောက်ခဲ့ဖျက်ဆီးခြင်းသည် လေးသမား၏တုတ်ဖြင့် ပေးတဲ့အမှတ်သညာကို မလွှတ်ပဲသာလျှင် ပျဉ်ချပ်တရာကို ဖောက်ခဲ့စေသည်နှင့်တူ၏။

တနည်း မင်ဉာဏ်ပေါ်လာပုံ—မျက်စိအမြင်နှင့် ပြည့်စုံသောယောကျ်ား သည် ညဉ့်မှောင်မိုက်သောအခါ လျှပ်စစ်ပြက်သောခဏတွင် ဝတ္ထုအထည် ကိုယ်အဆင်းအမျိုးမျိုးကို မြင်တွေ့ရဘိသကဲ့သို့ ထို့အတူ ဝိပဿကယောဂီ သည် ဖြစ်ပျက်နေတဲ့ရုပ်နာမ်ဟာ ဒုက္ခသစ္စာပဲ ဒုက္ခသစ္စာရဲ့ အကြောင်း တဏှာဟာ သမုဒယသစ္စာပဲ ဒုက္ခသမုဒယနှစ်ပါးတို့၏ ချုပ်ငြိမ်းရာ မင်္ဂုလ် ၏အာရုံဟာ နိဗ္ဗာန်ရောဓသစ္စာပဲ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ဟာ မဂ္ဂသစ္စာပဲ ဤသို့ အမှန်အကန်တွေ့မြင်ကာသွားပါတယ်။

ဤအရာတွင် နှိုးနှောတိုက်ဆိုင်ပုံကား—ဝိပဿကယောဂီသည် မျက်စိ အမြင်ရှိသော ယောကျ်ားနှင့် တူ၏၊ သောတာပတ္တိမဂ် သတ်အပ်သော အနုသယကိလေသာတို့သည် အမိုက်မှောင်တို့နှင့် တူကုန်၏၊ သောတာပတ္တိ မင်္ဂုလ်ပေါ်လာခြင်းသည် လျှပ်စစ်ရောင်ပြက်သည်နှင့် တူ၏၊ သောတာပတ္တိ မင်္ဂုလ်ခဏတွင် နိဗ္ဗာန်ကို ပစ္စက္ခမျက်မှောက်တွေ့မြင်ရခြင်းသည် မျက်စိအမြင် ရှိသောယောကျ်း၏ လျှပ်စစ်ပြက်သောခဏတွင် အဆင်းအမျိုးမျိုးကို မြင်ရသည်နှင့်တူ၏။

သကဒါဂါမိမဂ်သတ်အပ်သော အနုသယကိလေသာတို့သည် တဖန် အမိုက်မှောင်လွှမ်းလာသည်နှင့် တူကုန်၏။ သကဒါဂါမိ မင်္ဂုလ်ပေါ်လာ ခြင်းသည် တဖန်လျှပ်စစ်ရောင်ပြက်သည်နှင့်တူ၏၊ သကဒါဂါမိမဂ်ခဏတွင် နိဗ္ဗာန်ကို ပစ္စက္ခမျက်မှောက် တွေ့မြင်ရခြင်းသည် မျက်စိအမြင်ရှိသော ယောကျ်း၏ လျှပ်စစ်ရောင်ပြက်သောခဏတွင် ထက်ဝန်းကျင်မှ အဆင်းအမျိုးမျိုးကို မြင်ရသည်နှင့်တူ၏။

အနာဂါမိမဂ်သတ်အပ်သော ကိလေသာတို့သည် တဖန် အမိုက်မှောင် လွှမ်းလာသည်နှင့်တူကုန်၏၊ အနာဂါမိမဂ်ဉာဏ် ပေါ်လာခြင်းသည် တဖန် လျှပ်စစ်ရောင်ပြက်သည်နှင့်တူ၏၊ အနာဂါမိမဂ်ခဏတွင် နိဗ္ဗာန်ကို ပစ္စက္ခ မျက်မှောက် တွေ့မြင်ရခြင်းသည် မျက်စိအမြင်ရှိသော ယောကျ်း၏ လျှပ်စစ်ရောင်ပြက်သောခဏတွင် ထက်ဝန်းကျင်မှ အဆင်းအမျိုးမျိုးကို မြင်ရသည်နှင့်တူ၏။

ယခုရေးသားပြခဲ့တဲ့မင်္ဂုလ်ပုဂ္ဂိုလ်သုံးယောက်ကို လျှပ်စစ်ရောင်နှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်မျှးလို့ဆိုသတည်း။

အံ့ယံ ဝုစ္စတိ ဘိက္ခဝေ ဝိဇ္ဇူပမစိတ္တော ပဂ္ဂလော။ (အင်္ဂုတ္တိုရ်)

အရဟတ္တမဂ် သတ်အပ်သော ကိလေသာတို့သည် ပတ္တမြား မိုးကုတ် ကျောက်များ၏ အဆစ်အမျက် အဖုနှင့်တူကုန်၏၊ အရဟတ္တမဂ်ဉာဏ်ပေါ်လာခြင်းသည် စိန်နှင့်တူ၏၊ အရဟတ္တမဂ်ဖြင့် သတ်အပ်သော ကိလေသာတို့၏ အကြွင်းမရှိသဖြင့် တဖန်မပေါ်လာခြင်းသည် စိန်သွားဖြင့် တိုက်အပ်ဖောက်အပ်သော ကျောက်အဖု၏ တဖန် ပြည့်မလာခြင်းနှင့်တူ၏။ ယင်း အရဟတ္တမဂ်ပုဂ္ဂိုလ်ကို စိန်သွားနှင့်တူသောစိတ်ရှိသော ပုဂ္ဂိုလ်ဟူ၍ဆိုရသတည်း။

အယံ ဝုစ္စတိ ဘိက္ခဝေ ဝဇိရူပမစိတ္တော ပုဂ္ဂလော။ (အင်္ဂုတ္တိုရ်)

သော တေဟိ ဓမ္မေဟိ စိတ္တံ ပတိဋ္ဌာပေတိ၊ သော တေဟိ ဓမ္မေဟိ စိတ္တံ ပတိဋ္ဌာပေတ္ဝာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာန"န္တိ။ (မဇ္ဈိမပဏ္ဏာသ မဟာမာလုက္ယ)

သော၊ ထို ဝိပဿကယောဂီသည်။ တေဟိ ဓမ္မေဟိ၊ လက္ခဏာယာဉ် သုံးပါးကို မျက်မှောက်အားဖြင့်တွေ့ရသောကြောင့် ထို ရုပ်နာမ်နှစ်ဝ ခန္ဓာစသော လောကတို့မှ။ စိတ္တံ၊ စိတ်ကို။ ပတိဋ္ဌာပေတိ၊ ကင်းလွတ်စေ၏။ သော၊ ထို ယောဂီသည်။ တေဟိ ဓမ္မေဟိ၊ ထိုတို့မှ။ စိတ္တံ၊ စိတ်ကို။ ပတိဋ္ဌာပေတိ၊ ကင်းလွတ်စေ၏။ သော၊ ထို ယောဂီသည်။ တေဟိ ဓမ္မေဟိ၊ ထိုတို့မှ။ စိတ္တံ၊ စိတ်ကို။ ပတိဋ္ဌာပေတ္ဝာ၊ ကင်းလွတ်စေ၍။ အမတာယ၊ စုတိပြတ်ကြွေသေခြင်းမရှိသော။ ဓာတုယာ၊ ပရမသန္တိ အလွန်ငြိမ်းအေးဘိသော နိဗ္ဗာန ဓာတ်တွင်။ စိတ္တံ၊ စိတ်သည်။ ဥပသံဟရတိ၊ ဉာဏ်ဖြင့်အကျိုးကိုတွေ့မြင်၍ သက်ဝင်ကာနေ၏။ ကိံ၊ ဘယ်ပုံ။ ဥပသံဟရတ်၊ နေဘိသနည်း။ သဗ္ဗသင်္ခါရသမထော၊ ရုပ်နာမ်နှစ်ဝသင်္ခါရအားလုံးတို့ငြိမ်းအေးရာဖြစ်သော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ ခန္ဓ ကိလေသ အဘိသင်္ခါရ ကာမူပဓိလေးပါး ရှိသည်ကို စွန့်လွှတ်ရာဖြစ်သော။ တဏှာက္ခယော၊ တဏှာကုန်ရာဖြစ်သော။ ဝိရာဂေါ၊ ရာဂကိုလွန်ရာဖြစ်သော။ နိရောဓော၊ ချုပ်ရာဖြစ်သော။ ယဒိဒံ နိဗ္ဗာနံ၊ အကြွင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်အေးမြ၏။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ ရောင့်ရဲရာမဟုတ်

သောကြောင့် မှန်မြတ်၏။ ကုတိ၊ ဤသို့။ ဥပသံဟရတိ၊ ဉာဏ်ဖြင့်အကျိုး
ကို တွေ့မြင်၍ သက်ဝင်ကာနေ၏။

ပဋိဝါပေတိတိ နိဗ္ဗာနဝသေန (သီဟိုဠ်မူ)

ပဋိဝါပေတိတိ မောစေတိ အာပနေတိလို့ ဖွင့်၏။
စိတ္တံ ပတိဋ္ဌာပေတိတိ စိတ္တံ ပဋိသမ္မာဒေတိ မောစေတိ အာပနေတိ။
(ပဏ္ဏာသအဋ္ဌကထာ)

ဆိုလိုသည်မှာ ဝိပဿကယောဂီသည် ရုပ်နာမ်ခန္ဓာငါးရပ်နှင့် ခန္ဓာ
စသောလောကတို့ကို အနိစ္စလက္ခဏာဆယ်ပါး ဒုက္ခလက္ခဏာနှစ်ဆဲငါးပါး
အနတ္တလက္ခဏာငါးပါးတို့ဖြင့် ကြည့်ရှုပွါးများ၍ ပျောက်ကွယ်သေဆုံးတဲ့
ဘင်ကို မျက်မှောက်ပစ္စက္ခအားဖြင့် တွေ့မြင်ရသည်ရှိသော် အလျင်အမြန်
ရထားကို ခုတ်မောင်းရာတွင် ရထားပေါ်မှ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပြေးသွားတယ်
လို့ထင်သော မြေပြင်သစ်ပင်များကဲ့သို့ ဘာဝနာဉာဏ်ဖြင့် တွေ့မြင်ကာ
သွားတော့သည် ဆိုလိုသည်။

ထိုအခါ ဝိပဿနာစိတ်သည် ရုပ်နာမ်သင်္ခါရတို့မှ လွှတ်ကင်းလျက် ဤ
နိဗ္ဗာန်ကား ငြိမ်သက်အေးမြမှန်မြတ်လှတယ်လို့ ကြားနာရဘူးသည်၏
အစွမ်းဖြင့် အသင်္ခတဓာတ် မြတ်လှတဲ့နိဗ္ဗာန်တွင် ဝင်ရောက်ကာ သွားပါ
တယ်၊ မဂ်စိတ်ကား နိဗ္ဗာန်ကိုအာရုံပြုသည်၏အစွမ်းဖြင့်သာ ဤနိဗ္ဗာန်ကား
ငြိမ်သက်အေးမြ မှန်မြတ်လှတယ်လို့ကား မရွတ်ဆိုပါ၊ အမှန်မှာ ငြိမ်သက်
အေးမြ မှန်မြတ်လှသော အခြင်းအရာအားဖြင့်သာ ထိုနိဗ္ဗာန်ကို မျက်
မှောက်ပြုကာသိလျက် အသင်္ခတဓာတ်မြတ်လှတဲ့ နိဗ္ဗာန်တွင် ဝင်ရောက်ကာ
သွားပါတယ်၊ မဂ်စိတ်ကား ဘာဝနာပွါးစဉ် ပစ္စက္ခမျက်မှောက်တွေ့ရသော
အပျက်ဘင်ကိုလွှတ်လျက် နိဗ္ဗာန်ကို ငြိမ်သက်အေးမြ မှန်မြတ်လှသော
အခြင်းအရာအားဖြင့် မျက်မှောက်ထိုးထွင်းကာသိလျက် အသင်္ခတဓာတ်
မြတ်လှတဲ့နိဗ္ဗာန်တွင် ဝင်ရောက်ကာနေသည် ဆိုလိုသည်။

ဥပသံဟရတီတိ ဝိပဿနာစိတ္တံ တာဝ သဝနသေန ထုတိ-
ဝသေန ပရိယတ္တိဝသေန ပဋိတ္တိဝသေန စေတံ သန္တံ နိဗ္ဗာနန္တိ စေတံ
အသင်္ခတာယ အမတာယ ဓာတုယာ ဥပသံဟရတိ၊ မဂ္ဂစိတ္တံ နိဗ္ဗာန်

အာရမ္မကရဏဝသေနေဝ တေံ သန္တံ တေံ ပဏီတန္တိ နဲ ဧဝံ ဝဒတိ၊ ဣမိနာ ပန အာကာရေန တံ ပဋိဝဇ္ဈန္တော တတ္ထ စိတ္တံ ဥပသံဟရတီတိ အတ္ထော။ (မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ)

ဥပသံဟရတီတိ၊ ဟူသည်ကား၊ ဝိပဿနာစိတ္တံ၊ ဝိပဿနာစိတ်သည်။ တာဝဝ၊ အစစ္ဆာ။ သဝနဝသေန၊ ကြားနာရသည်၏အစွမ်းဖြင့်ဂုဏ်း။ ထုတ်-ဝသေန၊ ချီးမွမ်းသည်၏အစွမ်းဖြင့်ဂုဏ်း။ ပညတ္တိဝသေန၊ အမည်အမျိုး၏ အစွမ်းဖြင့်ဂုဏ်း။ တေံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်အေးမြမွန်မြတ်လျှ၏၊ ဣတိ ဧဝံ၊ ဤသို့။ အသင်္ခတာယ၊ အကြောင်းတရားတို့သည် မပြုမပြင် မစီရင်အပ်သော။ အမတာယ၊ စုတိပြတ်ကြွေသေခြင်းမရှိသော။ ဓာတုယာ၊ ဓာတ်တွင်။ ဥပသံဟရတိ၊ ဉာဏ်ဖြင့် အကျိုးအာနိသံသကို တွေ့ရ၍ သက်ရောက်ကာ နေ၏။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မကရဏဝသေနေဝ၊ အာရုံပြုသည်၏ အစွမ်းဖြင့်သာလျှင်။ တေံ၊ ဤနိဗ္ဗာန်ကား။ သန္တံ၊ ငြိမ်သက်အေးမြလျှ၏။ တေံ၊ ဤနိဗ္ဗာန်ကား၊ ပဏီတံ၊ မရောင့်ရဲနိုင်သောကြောင့် မွန်မြတ်လျှ၏။ ဣတိ ဧဝံ၊ ဤသို့။ နဝဒတိ၊ ဆိုကားမဆို။ ပန၊ အမှန်အားဖြင့်သော်ကား။ ဣမိနာ အာကာရေန၊ ငြိမ်သက်အေးမြ မွန်မြတ်လှသော အခြင်းအရာအားဖြင့်။ တံ၊ ထို နိဗ္ဗာန်ကို။ ပဋိဝဇ္ဈန္တော၊ ထိုးထွင်းကာသိလျက်။ တတ္ထ၊ ထိုနိဗ္ဗာန်တွင်။ စိတ္တံ၊ မဂ်စိတ်သည်။ ဥပသံဟရတိ၊ သက်ရောက်ကာနေ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုရင်းဖြစ်သော အဓိပ္ပါယ်တည်း။

မှာထားချက်။ ။ပရိညာသုံးပါးတွင် ဉာတပရိညာကို အစစ္ဆာထားလျက် ဟောကြားသည်ကို ထောက်ဆ၍ဂုဏ်း ဤပါဠိအဋ္ဌကထာများကို ထောက်ဆ၍ဂုဏ်း သုတမယဉာဏ် စိန္တာမယဉာဏ်နှစ်ပါးလည်း အလွန် အရေးကြီးလှသည်။ ထို့ကြောင့် ဘာဝနာမပွါးမီ ရှေးအဖို့က အယုတ်ဆုံး အားဖြင့် ရုပ်နာမ်နှစ်ပါး ဓာတ်လေးပါး ခန္ဓာငါးပါးတို့၏ သဘောသဘာဝနှင့် အသင်္ခတဓာတ် နိဗ္ဗာန်ပြည်မြတ်၏သဘောကို ကျနစွာနား လည်အောင် အားထုတ်ထားသင့်သည်။ အဘိဓမ္မာပိဋကတ် နှံ့စပ်အောင် အားမထုတ်နိုင်သော်လဲ နာမ်ရုပ်နှစ်ပါးသဘောများကို အသေအချာသိ၍ အားထုတ်ပွါးများက နိဗ္ဗာန်ရနိုင်ကြောင်းကို အမေးအဖြေပြု၍ ဟောထား၏။

နာမေ စ ရူပေ စ ဣမေသု ခေါ ဘိက္ခဝေ ဒ္ဒိသု ဓမ္မေသု ဘိက္ခု သမ္မာ နိဗ္ဗိန္ဒမာနော သမ္မာ ဝိရဇ္ဇမာနော သမ္မာ ဝိမုစ္စမာနော သမ္မာ ပရိယန္တဒဿာဝီ သမ္မဒတ္ထံ အဘိသမေစ္စ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။ (အင်္ဂုတ္တိုရ်ဒသကနိပါတ်ပါဠိတော်)

ဘိက္ခဝေ၊ အိုရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ ခေါ၊ စင်စစ်။ နာမေ စ၊ နာမ်တရား၌ရင်း။ ရူပေ စ၊ ရုပ်တရား၌ရင်း။ ဣတိ၊ ဤသို့။ ဒ္ဒိသု၊ နှစ်ပါး ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ သမ္မာ၊ သင့်သောအကြောင်းအားဖြင့်။ နိဗ္ဗိန္ဒမာနော၊ နိဗ္ဗိဒါနုပဿနာဉာဏ်ဖြင့် ငြီးငွေ့လျက်။ သမ္မာ၊ သင့်သော အကြောင်းအားဖြင့်။ ဝိရဇ္ဇမာနော၊ ဝိရာဂါနုပဿနာဖြင့် တပ်ခြင်းကင်းလျက်။ သမ္မာ၊ သင့်သောအကြောင်းအားဖြင့်။ ဝိမုစ္စမာနော၊ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် လွတ်ခြင်း၏အကြောင်းကိုပြု၍ လွတ်လျက် (ဝါ) အဓိမောက္ခ၏အာစုံမ်းဖြင့် ဆုံးဖြတ်ခြင်းကိုပြုလျက်။ သမ္မာ၊သင့်သောအကြောင်းအားဖြင့်။ ပရိယန္တဒဿာဝီ၊ အဖြစ်အပျက်ဆိုတဲ့ ရှေးအစွန်း နောက်အစွန်းကိုမြင်လျက်။ သမ္မဒတ္ထံ၊ မဖောက်မပြန် ဟုတ်မှန်သောသဘောကို။ အဘိသမေစ္စ၊ ဉာဏ်ဖြင့် ရှေ့ရှုကောင်းစွာသိ၍။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲ၏။ အန္တကရော၊ ဆုံးရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။

မဂ်ဉာဏ်ကိုကား သခ်ါရနိမိတ်ကင်းရာ မြတ်လှစွာသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့် သခ်ါရနိမိတ်အရိပ်အရောင်မှ ထတယ်၊ သမုဒယသစ္စာကိလေသာကို သတ်တန်သရွေ့ အကြွင်းမဲ့သတ်တတ်သောကြောင့် ပဝတ္တမှလဲထတယ်။ ထို့ကြောင့် မဂ်ဉာဏ်လေးပါးကို ဒုဘတောဝုဋ္ဌာနတရားလို့ဆိုသည်။

စတ္တာရိ မဂ္ဂဉာဏာနိ အနိမိတ္တာရမ္မဏတ္တာ နိမိတ္တတော ဝုဋ္ဌဟန္တိ၊ သမုဒယဿ သမုစ္ဆိန္နနတော ပဝတ္တာ ဝုဋ္ဌဟန္တီတိ ဒုဘတော ဝုဋ္ဌာနာနိ ဟောန္တိ။

လို့ ဟောတော်မူ၏။

မဟာဝဂ္ဂသံယုတ်ပါဠိတော် ဓမ္မစက္ကပ္ပဝတ္တနသုတ်စသော ပါဠိတော်တို့မှာ မဂ်ဉာဏ်ဖြစ်ပေါ်ပုံကို—

“ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ‘ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မ’န္တိ” စသည်ဖြင့် ဟောကြား၏။

ဣမသို့ စ ပန ဝေယျာကရဏသို့၊ ဂါထာမဖက် စုဏ္ဏိယ သက်သက်ဖြစ်သော ဤပါဠိတော်ကို။ ဘည်မာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍညအား။ ဝိရဇံ၊ သဿတ-ဒိဋ္ဌိကို ပယ်သောကြောင့် ကင်းသောမြူရှိထသော (ဝါ) သောတာပတ္တိမဂ်သည် ပယ်အပ်သော ကိလေသာတည်းဟူသော မြူမရှိသောကြောင့် ကင်းသောမြူရှိထသော။ ဝိတမလံ၊ ဥစ္ဆေဒဒိဋ္ဌိကိုပယ်သောကြောင့် ကင်းသော အညစ်အကြေးရှိထသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဟု ဆိုအပ်သော ဓမ္မစက္ခုသည် (ဝါ) ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမထင် တရားအစုမျှကိုသာ မြင်သောဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ကိ ံ၊ အဘယ်သို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်သနည်း။ ယံကိဉ္စိ၊ အလုံးစုံသော ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကသည်။ သမုဒယဓမ္မံ၊ ဖြစ်ပေါ်လာခြင်းသဘောရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုခန္ဓာစသော လောကသည်။ နိရောဓဓမ္မံ၊ ချုပ်ကွယ်သေဆုံးခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

မဂ်ဉာဏ်ဖြစ်ပေါ်လာသော် နိဗ္ဗာန်ကို ပစ္စက္ခမျက်မှောက်အားဖြင့် အာရုံပြုလျက် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကကို အသမ္မောဟ-ပဋိဝေဓ မတွေ့မဝေ ထိုးထွင်း၍သိခြင်းကိစ္စ၏အစွမ်းဖြင့် ထိုးထွင်းကာသိလျက်ဖြစ်ပေါ်လာသည်၊ နိရောဓချုပ်ကွယ်သေဆုံးတဲ့ အပျက်ဘင်ကို အာရုံပြုလျက် ဖြစ်ပေါ်ကာလာသည်မဟုတ်ချေ။

ဓမ္မစက္ခုန္တိ ဇ္ဈေ သောတာပတ္တိမဂ္ဂဿ အဓိပ္ပေတော၊ တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓ-ဓမ္မ"န္တိ အာဟ။ တဥ္စိ နိရောဓံ အာရမ္မဏံ ကတ္ဝာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။ (ဥဒါန်းအဋ္ဌကထာ)

ဓမ္မစက္ခုန္တိ ဇ္ဈေ၊ ဓမ္မစက္ခုံဟူသော ဤပါဠိ၌။ သောတာပတ္တိ-မဂ္ဂေါ၊ သောတာပတ္တိမဂ်ကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တဿ၊ ထိုသောတာပတ္တိမဂ်၏။ ဥပ္ပတ္တိအာကာရဒဿနတ္ထံ၊ ဖြစ်ပုံအခြင်းအရာကို ပြခြင်းငှါ။ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓဓမ္မန္တိ၊ ဟူ၍။ အာဟ၊ မိန့်ဆိုတော်မူ၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုမဂ်ဉာဏ်သည်။ နိရောဓံ၊ နိဗ္ဗာန်

ကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ ကိစ္စဝသေန၊ အသမ္မောဟပဋိဝေဓ ကိစ္စ၏အစွမ်းဖြင့်။ ဧဝံ၊ ဤပုံ။ သဗ္ဗသခ်ံတံ၊ အလုံးစုံသော ရုပ်နာမ်သခ်ါရ ကို။ ပဋိဝိဇ္ဈန္တံ၊ ထိုးထွင်းကာသိလျက်။ ဥပပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မဂ်ဉာဏ်ကား နိဗ္ဗာန်ကိုသာ အာရုံပြု၏၊ သခ်ံတတရားကို အာရုံမပြုချေ၊ သို့ရာတွင် သခ်ံတတရားမှန်က ပျောက်ကွယ်သေဆုံးကြသည်ချည်းပဲလို့ အသမ္မောဟပဋိဝေဓကိစ္စ၏ အစွမ်းဖြင့် ထိုးထွင်းသိလျက် ပေါ်လာသည် ဆိုလိုသည်။

ပဟာနပဋိဝေဓကိစ္စ၏ အစွမ်းဖြင့် အကြောင်းသမုဒယသစ္စာကိုလဲ သိလျက် ပေါ်လာသည်ဆိုနိုင်၏၊ ဘာဝနာပဋိဝေဓကိစ္စ၏အစွမ်းဖြင့် မဂ္ဂ-သစ္စာ မဇ္ဈိမပဋိပဒါအကျင့်ကိုလဲ သိလျက် ပေါ်လာသည်ဆိုနိုင်၏၊ သစ္ဆိ-ကြိယ ပဋိဝေဓကိစ္စ အာရမ္မဏကရဏ၏ အစွမ်းဖြင့် နိရောဓသစ္စာနိဗ္ဗာန်ကိုလဲ သိလျက် ပေါ်လာသည်ဆိုနိုင်သည်။

ဒီဃနခ, အာသီဝိသူပမ, အမ္မဠုစသောသုတ်များတွင်လဲ သောတာပတ္တိ မဂ်ကို ဓမ္မစက္ခုံ-ဗြဟ္မာယုသုတ်တွင် အောက်မဂ်သုံးပါးကို ဓမ္မစက္ခု-စူဠ-ရာဟုလောဝါဒသုတ်တွင် မဂ်လေးပါးကို ဓမ္မစက္ခုလို့ ဟောတော်မူ၏။

> ဘမိတမို့ စက္ကယန္တေ ဌိတော နရော အညဒိန္နသညာယ ဥသုပါတေ ဖလကသတံ အပေက္ခမာနော ယထာ ဝိဇ္ဈေ၊ ဧဝမိဓ မဂ္ဂဉာဏံ ဂေါတြဘုနော ဒိန္နသညမဝိဟာယ နိဗ္ဗာနေ ဝတ္တန္တံ လော-ဘက္ခန္ဓာဒိကေ ပဒါလေတိ။

ဘမိတမို့၊ ချာချာလည်သော။ စက္ကယန္တေ၊ စက်ယန္တရားတွင်။ ဌိတော၊ တည်သော။ နရော၊ ထိုလေးသမားသည်။ အညဒိန္နသညာယ၊ တပါး သူသည် ပေးအပ်သောအမှတ်သညာဖြင့်။ ဖလကသတံ၊ ပျဉ်ချပ်တရာကို။ အပေက္ခမာနော၊ ကြည့်ရှုလျက်။ ဥသုပါတေ၊ မြားကိုပစ်သဖြင့်။ ဝိဇ္ဈေ ယထာ၊ ဖောက်ခဲ့ရာသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဣဓ၊ ဤအရာတွင်။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်သည်။ ဂေါတြဘုနော၊ ဂေါတြဘူသည်။ ဒိန္နသညံ၊ ပေးအပ်သောအမှတ်ကို။ အဝိဟာယ၊ မစွန့်မူ၍။ နိဗ္ဗာနေ၊ နိဗ္ဗာန်တွင်။ ဝတ္တန္တံ၊ အာရုံပြုကာဖြစ်လျက်။ လောဘက္ခန္ဓာဒိကေ၊ လောဘအစုစသည် တို့ကို။ ပဒါလေတိ၊ ဖောက်ခဲ့ဖျက်ဆီး၏။

သံသာရဒုက္ခဇလဓိ ံ သောသယတိ၊ ပိဒဟတိ ဒုဂ္ဂတိဒ္ဒါရံ၊
ကုရုတေ စ အရိယမနိနံ်၊ မိစ္ဆာမဂ္ဂဉ္စ ပဇဟတိ။

စ၊ သည်သာမကသေး။ သံသာရဒုက္ခဇလဓိ ံ၊ သံသရာဝဋ်ဆင်းရဲတည်း ဟူသော ရေကို။ သောသယတိ၊ ခြောက်သွေ့စေနိုင်၏။ ဒုဂ္ဂတိဒ္ဒါရံ၊ အပါယ်လေးပါး ဒုဂ္ဂတိတံခါးကို။ ပိဒဟတိ၊ ပိတ်နိုင်၏။ အရိယမနိနံ်၊ သဒ္ဓါသီလသုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပတည်းဟူသော အရိယဥစ္စာခုနစ်ဖြာရှိသည်ကို။ ကုရုတေ၊ ပြုနိုင်၏။ မိစ္ဆာမဂ္ဂဉ္စ၊ မိစ္ဆာမဂ်ကိုလည်း။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။

ဝေရဘယာနိ သမယတေ၊ကရောတိ နာထသ ဩရသသုတတ္တံ၊
အညေ စ အနေကသတေ၊ အာနိသံသေ ဒဒါတိ ဉာဏမိဒံ။

ဣဒံ ဉာဏံ၊ ဤမဂ်ဉာဏ်သည်။ ဝေရဘယာနိ၊ ငါးမျိုးသောရန် နှစ်ဆဲ့ငါးပါးသောဘေးကြီးတို့ကို။ သမယတေ၊ ငြိမ်းအေးစေနိုင်၏။ နာထသ၊ မြတ်စွာဘုရား၏။ ဩရသသုတတ္တံ၊ ရှေရှင်တော်နှစ် သားတော်စစ်အဖြစ်ကို။ ကရောတိ၊ ပြုနိုင်၏။ အညေ၊ တပါးကုန်သော။ အနေကသတေ၊ အရာမကများစွာကုန်သော။ အာနိသံသေ စ၊ အကျိုးတို့ကိုလည်း။ ဒဒါတိ၊ ပေးနိုင်၏။

သောတာပတ္တိမဂ်နှင့် ယှဉ်သောဉာဏ်ကို သောတာပတ္တိမဂ်ဉာဏ် ဆိုရသတည်း၊ ဤမဂ်ဉာဏ်၏အခြားမဲ့တွင် နှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကုန်၏၊ မဂ်၏အခြားမဲ့တွင် ဖိုလ်ဖြစ်ပေါ်လာသော် သောတာပန်ခေါ်တဲ့ နှစ်ယောက်မြောက် အရိယာပုဂ္ဂိုလ် ဖြစ်ပေါ်လာပါတယ်။

ထိုသောတာပန်သည် နတ်မင်းလူမင်းတို့၏ စည်းစိမ်စသည်တို့ဖြင့် လွန်စွာမွေ့လျော်ကာနေခြင်းသော်လဲ ခုနစ်ကြိမ်သာ လူဘုံနတ်ဘုံတွင် ကျင်လည်၍ သံသရာဝဋ်ဆင်းရဲ၏အဆုံးကို ပြုနိုင်၏။

ဖလသမာဓိကို အခြားသမာဓိနှင့် မတူ အပါယ်ဟူသည်တို့မှ မုချကင်းလွတ်ရသောကြောင့် "သမာဓိမာနန္တရိကညမာဟု" ချီးမွမ်းတော်မူ၏။ အာနန္တရိက်၊ မဂ်၏အခြားမဲ့တွင်ဖြစ်သော ဖိုလ်၌ယှဉ်သော။ သမာဓိ ံ၊ သမာဓိကို။ အညံ၊ အခြားသမာဓိနှင့်မတူထူးခြား အကျိုးများ၏ဟူ၍။

အာဟု၊ ဟောတော်မူကုန်၏။ ဖိုလ်နှင့်ယှဉ်သော ဉာဏ်ကို ဖိုလ်ဉာဏ်ဟု ဆိုသည်။

သောတာပန်ပုဂ္ဂိုလ်သည် ပါရမီအားလျော်စွာ အရိယာဖြစ်ရာ ထိုနေရာတွင်၎င်း အခြားတပါးသောနေရာတွင်၎င်း ကာမရာဂဗျာပါဒတို့ သိမ်မွေ့နူးညံ့၍ သွားရန် သကဒါဂါမိမဂ်ကိုရရန် အလို့ငှါ သဒ္ဓါ ပညာ ဝီရိယ သမာဓိ အညိုညှိလျက် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောကတို့၏ ဥဒယဝယ အဖြစ်အပျက်ကိုကြည့်ရှုဆင်ခြင် စိတ်နှလုံးတွင်ထားလျက် ဉာဏ်ဖြင့်ဆုံးဖြတ်ပိုင်းခြား ပွါးများ၏။ သောတာပန်ပုဂ္ဂိုလ်အား ဝိပဿနာရှုမှုတွင် ပုတုဇ္ဇဉ်ကဲ့သို့ ဉာဏ်အမြင် မရှုပ်ထွေးတော့ပေ။ အကြောင်းကား လက္ခဏာယာဉ်သုံးပါးကို ပိုင်းခြားကာ ထင်မြင်ကြပြီးသောကြောင့်တည်း။

ဤပုံ ပွါးများသောပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ်မှစ၍ ဘင်္ဂဉာဏ်တိုင်အောင် ဗလဝဝိပဿနာဖြင့် ရုပ်နာမ်သင်္ခါရတို့၏ ပျောက်ကွယ်သေဆုံးတဲ့ မရဏမောတ်သဘောကို မျက်စိဖြင့် တွေ့မြင်ရဘိသကဲ့သို့ ဝိပဿနာဉာဏ် မျက်စိဖြင့် တွေ့မြင်တော့၏။

ထို့နောင် မီးလျှံမီးတောက် ပျောက်ပျက်ချုပ်ကွယ်လျက်နေသည်ကိုသာ တွေ့ရဘိသကဲ့သို့ ချုပ်ကွယ်သေဆုံးတဲ့အပျက်ဘင်္ဂကို တွေ့မြင်ရသောကြောင့် ကြောက်လန့်ငြီးငွေ့ အပြစ်ကိုသာ တွေ့မြင်တော့၏၊ ထို့နောင် ဘုံသုံးပါးတွင် ခိုကိုးရာမမြင် လွတ်ချင်သည်အတွက် လွတ်ကြောင်းကို ပြုလျက် ငါငါ၏ဥစ္စာဟူ၍ ယူစရာဘာမျှမတွေ့တော့ပဲ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ဆိုက်လေ၏၊ ထို့နောင် သင်္ခါရုပေက္ခာအဆုံး ဝုဋ္ဌာနဂါမိနီဝိပဿနာတွင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောက၏ လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝဂုံပစ္ဆေဒ မနောဒ္ဓါရာဝဇ္ဇန်း အနုလုံ အနုလုံ အနုလုံ ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ဖိုလ် ထို့နောင်တွင် ဘဝင်ကျကာ သွား၏၊ ဤဝိထိတွင် သကဒါဂါမိမဂ်နှင့်ယှဉ်သော ဉာဏ်ကို သကဒါဂါမိမဂ်ဉာဏ်ဆိုရသတည်း။ ကြွင်းအဓိပ္ပါယ်သိလေ။

ဤသကဒါဂါမိမဂ်ဉာဏ်၏ အခြားမဲ့တွင် နှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကုန်၏၊ မဂ်၏အခြားမဲ့တွင် ဖိုလ်ဖြစ်ပေါ်လာသော် သကဒါဂါမ်ခေါ်တဲ့ လေးယောက်မြောက် အရိယာပုဂ္ဂိုလ်ဖြစ်ပေါ်လာပါ

တယ်။ ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည် တကြိမ်သာ ဤလူ့ဘုံသို့လာပြီး သံသရာဝဋ်ဆင်းရဲ၏အဆုံးကို ပြုစုမ်းနိုင်ပါတယ်။ သကဒါဂါမိဖိုလ်နှင့်ယှဉ်သော ဉာဏ်ကို သကဒါဂါမိဖိုလ်ဉာဏ်ခေါ်ရသတည်း။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ပါရမီအားလျော်စွာ သကဒါဂါမ်ဖြစ်ရာထိုနေရာတွင်၎င်း အခြားတပါးသောနေရာတွင်၎င်း ကာမရာဂဗျာပါဒကို အကြွင်းမရှိ ပယ်နိုင်ရန် အနာဂါမိမဂ်ကိုရရန်အကျိုးငှါ သဒ္ဓါနှင့်ပညာဝီရိယနှင့်သမာဓိ အစုံညီလျက် ရုပ်နာမ်သင်္ခါရနှင့်ခန္ဓာစသောလောကတို့၏ ဥဒယဝယအဖြစ်အပျက်ကို ကြည့်ရှုဆင်ခြင်စိတ်နှလုံးတွင်ထားလျက် ဉာဏ်ဖြင့် ဆုံးဖြတ်ပိုင်းခြားပွါးများရသည်၊ ပွါးများဖန်များသော် ဉာဏ်စဉ်တက်၍ သင်္ခါရုပေက္ခာ၏အဆုံး ဝုဋ္ဌာနဂါမိနိဝ်ဝပဿနာတွင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောကတို့၏ လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန ဘဝင်္ဂုပဋ္ဆေဒ မနောဒ္ဒါရာဝဇ္ဇန်း အနုလုံ အနုလုံ အနုလုံ ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ထို့နောင် ဘဝင်ကျကာသွား၏။ ဤဝီထိတွင် အနာဂါမိမဂ်နှင့်ယှဉ်သော ဉာဏ်ကို အနာဂါမိမဂ်ဉာဏ်ဆိုရသတည်း။ ကြွင်းအဓိပ္ပါယ်များကိုသိလေ။

ဤအနာဂါမိမဂ်၏အခြားမဲ့တွင် နှစ်ကြိမ်သုံးကြိမ်သော ဖိုလ်စိတ်တို့ဖြစ်ပေါ်လာကုန်၏၊ မဂ်၏အခြားမဲ့တွင် ဖိုလ်ဖြစ်လာသော် အနာဂါမ်ခေါ်တဲ့ ခြောက်ယောက်မြောက် အရိယာဖြစ်ပေါ်လာပါတယ်၊ ထိုအနာဂါမ်သည် ပဋိသန္ဓေ၏အစွမ်းဖြင့် ဤလူ့ဘုံသို့ ပြန်မလာတော့ပဲ သုဒ္ဓါဝါသဘုံတွင်သာ ပရိနိဗ္ဗာန်စံ၍ ဝဋ်၏အဆုံးကို ပြုရသတည်း။ အနာဂါမိဖိုလ်နှင့်ယှဉ်သောဉာဏ်ကို အနာဂါမိဖိုလ်ဉာဏ်လို့ ခေါ်ရသတည်း။

အနာဂါမ်ပုဂ္ဂိုလ်သည် ပါရမီအားလျော်စွာ အနာဂါမ်ဖြစ်ရာ ထိုနေရာတွင်၎င်း အခြားတပါးသောနေရာတွင်၎င်း ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့ကို အကြွင်းမရှိ ပယ်နိုင်ရန် အရဟတ္တမဂ်ကိုရရန်အကျိုးငှါ သဒ္ဓါနှင့်ပညာဝီရိယနှင့်သမာဓိ အစုံညီလျက် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတို့၏ ဥဒယဝယ အဖြစ်အပျက်ကို ကြည့်ရှုဆင်ခြင်စိတ်နှလုံးတွင်ထားလျက် ဉာဏ်ဖြင့်ဆုံးဖြတ်ပိုင်းခြားပွါးများ၏၊ ပွါးများဖန်များသော် ဉာဏ်စဉ်တက်၍ သင်္ခါရုပေက္ခာ၏အဆုံး ဝုဋ္ဌာနဂါမိနိဝ်ဝပဿနာတွင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသောလောကတို့၏ လက္ခဏာရေးသုံးပါး

တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္စလန ဘဝင်္ဂုပစ္ဆေဒ မနောဒ္ဒါရာဝဇ္ဇန်း အနုလုံ အနုလုံ အနုလုံ ဝေါဒါန် မဂ် ဖိုလ် ဖိုလ် ထို့နောင် ဘဝင်ကျကာသွား၏။ ဤဝိထိတွင် အရဟာတ္တမဂ်နှင့်ယှဉ်သောဉာဏ်ကို အရဟာတ္တမဂ်ဉာဏ်လို့ ခေါ်သတည်း။ ကြွင်းသောအဓိပ္ပါယ်မျှားကို သိလေ။

ဤအရဟာတ္တမဂ်ဉာဏ်၏ အခြားမဲ့တွင် နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာကုန်၏၊ မဂ်၏အခြားမဲ့တွင် ဖိုလ်ဖြစ်ပေါ်လာသော် နတ်နှင့် တကွသော လောကတွင် မြတ်တဲ့အလှူကိုခံထိုက်သော ကုန်ပြီးသော ဆယ်ပါးသော ဘဝသံယောဇဉ်ရှိသော ရှစ်ယောက်မြောက် မဟာခီဏာသဝ ရဟန္တာပုဂ္ဂိုလ် ဖြစ်ပေါ်လာပါတယ်။

အရဟာ နာမ အဌမော အရိယပုဂ္ဂလော ဟောတိ မဟာ-ခီဏာသဝေါ အန္တိမဒေဟာဓာရီ ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မာဒညာ ဝိမုတ္တော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယ္ယော။

အရဟာ နာမ၊ ပူဇော်အထူးကိုခံထိုက်သည်မည်သော။ အန္တိမဒေဟာဓာရီ၊ ဘုံသုံးပါးတွင်အဆုံးဖြစ်သော ခန္ဓာကိုယ်ကိုဆောင်သော။ ဩဟိတ-ဘာရော၊ ချထားပယ်စွန့်ပြီးသော ခန္ဓကိလေသ အဘိသင်္ခါရဝန်ရှိထသော။ အနုပ္ပတ္တသဒတ္ထော၊ အရဟာတ္တဖိုလ်သို့ အစဉ်ရောက်ပြီးသော။ ပရိက္ခီဏဘဝ-သံယောဇနော၊ ကုန်ပြီးသော ဆယ်ပါးသော ဘဝသံယောဇဉ်ရှိထသော။ သမ္မာ၊ ကောင်းစွာ။ အညာ-အညာယ၊ ခန္ဓာစသော လောကကို မဂ်ဉာဏ်နှင့်တကွသော ဝိပဿနာဉာဏ်ဖြင့်သိ၍။ ဝိမုတ္တော၊ လွတ်ပြီးသော။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လောကတွင်။ အဂ္ဂဒက္ခိ-ဏေယ္ယော၊ မြတ်သော အလှူကိုခံထိုက်သော။ အဌမော၊ ချစ်ယောက်မြောက်သော။ အရိယပုဂ္ဂလော၊ အရိယပုဂ္ဂိုလ်ဖြစ်သော။ မဟာခီဏာ-သဝေါ၊ ပူဇော်အပ် မြတ်သော ရဟန္တာပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

အရဟာတ္တဖိုလ်နှင့် ယှဉ်သောဉာဏ်ကို အရဟာတ္တဖလဉာဏ်လို့ ခေါ်ရသတည်း။ ဝိသုဒ္ဓိ ခုနစ်ပါးတွင် မဂ်ဉာဏ်လေးပါးတွင်ရှိသော ဉာဏ်ကို ဉာဏဒဿနဝိသုဒ္ဓိဆို၏။

မဂ်ဉာဏ်အခန်း ပြီး၏။

ပစ္စဝေက္ခဏာဉာဏ်အခန်း

ဝိမုတ္တာသို့ ဝိမုတ္တမျှတိ ဉာဏံ အဟောသိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ။

(ဘယဘေရဝသုတ်)

ဝိမုတ္တာသို့၊ ဥပက္ကိလေသမှလွတ်ပြီးသောဖိုလ်၌ (ဝါ) ဥပက္ကိလေသမှလွတ်ပြီးသောစိတ်၌ (ဝါ) ဥပက္ကိလေသမှလွတ်ပြီးသောအဖြစ်၌။ အဟံ၊ ငါသည်။ ဝိမုတ္တော၊ လွတ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ ဆင်ခြင်လျက်သိသောဉာဏ်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဇာတိ၊ ခန္ဓာတပါး လေးငါးပါးဖြစ်သောဇာတိသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ္ဂဗြဟ္မစရိယကို။ ဝုသိတံ၊ သုံးအပ်နေအပ်ပြီ။ ကရဏီယံ၊ တဆဲ့ခြောက်ပါးသော မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣဒါနိ၊ ယခုအခါ၌။ အပရံ ပုန၊ တဖန်။ ဣတ္ထတ္တာယ၊ ဤတဆဲ့ခြောက်ပါးသော မဂ်ကိစ္စအကျိုးငှါ (ဝါ) ဤကိလေသာကို သတ်ရန်အကျိုးငှါ။ မဂ္ဂဘာဝနာကိစ္စံ၊ မဂ္ဂင်ကိုပွါးများဖွယ်ကိစ္စသည်။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိ။ ဝါ၊ တနည်းကား။ ဣတ္ထတ္တာယ၊ ဤယခုဖြစ်ဆဲခန္ဓာအစဉ်မှ။ အပရံ၊ တပါးသောခန္ဓာအစဉ်သည်။ မေ၊ ငါ့အား။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အဗ္ဘညာသိ၊ သိပြီ။

ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော် ကိလေသာတို့နှင့်ကင်း၍ မဆင်ခြင်နိုင်သောကြောင့် ဝိမုတ္တာသို့တွင် သွင်းယူ၍ ပယ်အပ်သော ကိလေသာကို ဆင်ခြင်သည်ကိုယူလေ၊ လက္ခဏာဟာရနည်းအားဖြင့် မပယ်အပ်သေးတဲ့ကိလေသာဆင်ခြင်သည်ကိုလည်းယူလေ။ ထို့ကြောင့် သဋ္ဌိဟ်တွင်–

“မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ”....မိန့်၏။

ပဏ္ဍိတော၊ မဂ်ဖိုလ်ဆိုက်ရောက်ပြီးသော ပညာရှိသည်။ မဂ္ဂံ စ၊ မဂ်ကို၎င်း။ ဖလဉ္စ၊ ဖိုလ်ကို၎င်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကို၎င်း။ ပစ္စဝေက္ခတိ။ ဆင်ခြင်၏။ ဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့ကို၎င်း။ သေသေ၊ ကြွင်းကုန်သော။ ကိလေသေ စ၊ ကိလေသာတို့ကို၎င်း။

ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်သည်လည်းရှိ၏။ နှ ပစ္စဝေက္ခတိ ဝါ၊ မဆင်ခြင်သည်လည်းရှိ၏။

ပညာရှိတဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့တွင် သောတာပန်အား မဂ်ဖိုလ်ရသော မဂ္ဂဝီထိ၏ အခြားမဲ့တွင် မိမိရတဲ့ မဂ်ကို ဆင်ခြင်လိုလတ်သော် ဘဝင် ဘဝင်္ဂစလန ဘဝဂုံပစ္ဆေဒ မနောဒ္ဒါရာ-ဝဇ္ဇန်း မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော ခုနစ်ကြိမ် ထို့နောင် ဘဝင်ကျကာ သွားသတည်း။ ထို့နောင် ဖိုလ်ဆင်ခြင်သည့် နှစ်ဝီထိ နိဗ္ဗာန်ဆင်ခြင်သည့် တဝီထိ ပယ်ပြီးကိလေသာကြွင်းကိလေသာတို့ကို ဆင်ခြင်သည့် နှစ်ဝီထိ၊ ဤသို့ သောတာပန်အား ငါးဝီထိကျ၏။ သကဒါဂါမ် အနာဂါမ်တို့အားလည်း ငါးဝီထိစီကျ၏၊ ရဟန္တာအား ကြွင်းကိလေသာ မရှိသောကြောင့် လေးဝီထိသာကျ၏။

ပစ္စဝေက္ခဏာဝီထိတို့သည် ပေါင်းသော် တဆဲ့ကိုးဝီထိ ဖြစ်ကုန်၏၊ ပစ္စဝေက္ခဏာဉာဏ်ဇောတွင် ပါသောဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ် ဆိုရသတည်း၊ ဤ အရေအတွက် အပိုင်းအခြားကား အလွန်အားဖြင့် ပိုင်းခြားတဲ့ ဥက္ကဋ္ဌ ပရိစ္ဆေဒတည်း၊ သေက္ခပုဂ္ဂိုလ်တို့ကား ပယ်ပြီးနှင့် မပယ်ရသေးတဲ့ ကိလေသာတို့ကို မဆင်ခြင်သည်လည်း ရှိသေး၏။

ဥက္ကဋ္ဌပရိစ္ဆေဒေါယေဝ စေသော၊ ပဟီနာဝသိဋ္ဌကိလေသ-
ပေစ္စဝေက္ခဏံ သေက္ခာနံ ဟောတိ ဝါ နှ ဝါ။
(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ပစ္စဝေက္ခဏာဝီထိ တဆဲ့ကိုးဝီထိဆိုသည်မှာ မဂ်ဖိုလ်နိဗ္ဗာန် ပယ်ပြီးမပယ်ရသေး ကိလေသာ ငါးမျိုးကိုသာ ရည်၍ဆိုသည်မှတ်၊ ခုနစ်ပါးသော သေက္ခအရိယာတို့အား မိမိတို့အား အတန်းအစားအားလျော်စွာ ကျင့်သုံးပြီး မဂ္ဂဖြဟ္မစရိယကို ဆင်ခြင်သောဝီထိ မဂ်ကိစ္စ တဆဲ့ခြောက်မျိုးတို့တွင် ပြုလုပ်ပြီးမဂ်ကိစ္စကို ဆင်ခြင်သောဝီထိ လွတ်ပြီးဘုံဘဝကို ဆင်ခြင်သော ဝီထိ မဂ်ဖိုလ်တွင်ပါသော မဂ္ဂင် ဗောဇ္ဈင်စသော တရားတို့ကို ဆင်ခြင်သောဝီထိစသည်ဖြင့် များစွာ ကျကောင်း ဖြစ်ကောင်း၏၊ ပဋိသမ္ဘိဒါမဂ် ပေစ္စဝေက္ခဏာဉာဏနိဒ္ဒေသကိုကြည့်လေ။

သာသနေ ပန အရဟတ္တဖလံ နိဋ္ဌာ-ဆိုသောကြောင့် ကိစ္စကား မပြီးကြသေး၊ ရဟန္တာပုဂ္ဂိုလ်ကား ပြီးပြီးသော မဂ္ဂဗြဟ္မစရိယကိစ္စတို့ကို ဆင်ခြင်ကာသိ၏။။

အမြစ်ပြုတ် ကျွတ်လွတ်သေဆုံးသော သစ်ပင်ကဲ့သို့ရင်း လောင်စာ မရှိသော မီးကဲ့သို့ရင်း အဆုံးဖြစ်သောဝိညာဉ် ချုပ်ကွယ်ခဲ့သော ယခုရဆဲ ဖြစ်သော ခန္ဓာအစဉ်မှတပါးသော ခန္ဓာအစဉ် မရှိပြီလို့ ဆင်ခြင်ကာသိနိုင်၏။။

ငါးမျိုးသော ဆင်ခြင်ခြင်းတို့တွင် ဉာဏ်စဉ်များကို ဥပပတ္တိက္ကမဖြစ်စဉ် ပဋိပတ္တိက္ကမကျင့်စဉ်အားဖြင့် ဟောထားသောကြောင့်ရင်း ကိလေသာ ပယ်ခြင်းကိုသာ အလွန်အကဲပြု၍ မဂ္ဂပဋိပတ္တိကို ဟောထားသောကြောင့်ရင်း ကိလေသပစ္စဝေက္ခဏာ ကိလေသာကို ဆင်ခြင်ခြင်းကို အစစ္စာဆင်ခြင်သည် မှတ်ရာ၏လို့ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတွင် မိန့်၏။။

ကိလေသာ ဆင်ခြင်ခြင်း မရှိသောကြောင့် သကဒါဂါမ်ဖြစ်သော မဟာနာမ်မင်းသည် လောဘ ဒေါသ မောဟကိလေသာတို့ကို အကြွင်းမရှိ ပယ်ပြီးပြီလို့ မှတ်ထင်ကာနေ၏၊ ငါ့မှာ မပယ်ရသေးသော ကိလေသာလည်း ရှိသေးသည်ဟူ၍ သိ၏၊ မပယ်ရသေးတဲ့ ကိလေသာကို အကြောင်းပြုပြီး ပယ်ပြီးကိလေသာကို သိလို့၍ "ကော သု နာမ မေ ဓမ္မော အဇ္ဈတ္တံ အပဟီနော"-စသည်ဖြင့် လျှောက်ထား၏၊ ဘုန်းတော်သခင် အရှင်သူမြတ် ဘုရား တခါတရံ လောဘ ဒေါသ မောဟတရားတို့က တပည့်တော်၏ စိတ်ကို ညစ်နွမ်းကုန်စေလျက် တည်လာပါတယ်၊ တပည့်တော် မပယ်ရသေးတဲ့ ကိလေသာကား အဘယ်ကိလေသာ ဖြစ်ပါသတုံးလို့ လျှောက်ထားတယ်။

ဤသို့ မေးရာတွင် အရိယာသာဝကအား ဤပုံ ယုံမှားခြင်းမဖြစ်နိုင်ပါသလား? ဖြစ်နိုင်ပါတယ်လို့ဖြေ။

အကြောင်းကား ဤကိလေသာကို သောတာပတ္တိမဂ်က ပယ်တယ် သကဒါဂါမိမဂ်ကပယ်သတ်တယ် စသည်ဖြင့် အမည်ပညတ်ကို မသိမလိမ္မာခဲ့သောကြောင့်တည်း။

တသ္မာ ပဏ္ဍိတ္တိယာ အကောဝိဒတ္တာ။ (နှုဋ္ဌဒုက္ခက္ခန္ဓသုတ်အဋ္ဌကထာ)

အရိယသာဝကအား ပစ္စဝေက္ခဏာဇော မစောပါသလား မေးရန် သင့်သည်။ စောကားစော၏၊ အလုံးစုံသော ပုဂ္ဂိုလ်တို့အား အပြည့်အစုံ အကုန်မစော၊ တခု နှစ်ခုသော ပစ္စဝေက္ခဏာဇော စောခြင်းလဲ ရှိကောင်း ရကောင်း၏လို့ဖြေ။

ဣမာသု ပန ပဥ္စသု ပစ္စဝေက္ခဏာသု ကေ ဝါ ဒ္ဝေ ဝါ နော လဒ္ဓုံ န ဝဋ္ဋန္တိ။ (မူလပဏ္ဏာသအဋ္ဌကထာ)

ပန၊ နိဂုံးချုပ်စကား မိန့်ကြားခဲ့ဦးအံ့။ ပဥ္စသု၊ ငါးမျိုးကုန်သော။ ဣမာသု ပေစ္စဝေက္ခဏာသု၊ ဤပေစ္စဝေက္ခဏာဇောတို့တွင်။ ကေ ဝါ၊ တခုသော ပေစ္စဝေက္ခဏာဇောကိုငင်း။ ဒ္ဝေ ဝါ၊ နှစ်ခုသော ပစ္စဝေက္ခဏာဇော တို့ကိုငင်း။ လဒ္ဓုံ၊ ရခြင်းငှါ။ နော န ဝဋ္ဋန္တိ၊ ဖြစ်သင့်ကုန်၏။

ဤသို့ မေးလျှောက်သော သကဒါဂါမ် မဟာနာမ်အား ဝိစိကိစ္ဆာ မကင်းပါသလောလို့ ယုံမှားရန်ရှိသည်၊ သို့သော် ဗုဒ္ဓေ ကခ်ံတိ-စသော ရှစ်ပါးသော ယုံမှားခြင်း တဆဲ့ခြောက်ပါးသော ယုံမှားခြင်းတွင် မပါသောကြောင့် ဝိစိကိစ္ဆာကား ကင်း၏၊ ဤကိလေသာကား ဘယ်ပုံဖြစ်ပါသလဲလို့ အာရုံကို ယုံမှားသောကြောင့် ကခ်ံါသန္ဒေဟသာဖြစ်သည်။

ကိ ံ နု ခေါ ဣဒန္တိ အာရမ္မဏံ ကခ်ံနတော ကခ်ံါ။

သောတာပန်စသော အရိယာတို့သည် ဂေါတြဘူ မဂ် ဖိုလ် သခ်ါရတို့၏ အပျက်ဘင်ကို မျက်နှာလွှဲကာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အနည်းငယ်သောကာလတွင် အရိယာ ဖြစ်ခဲ့သော်လည်း လူအ အိပ်မက်သကဲ့သို့ တောင် မြောက်လေးပါး မပြောနိုင်သကဲ့သို့ မဟုတ်ချေ၊ မိမိတို့အား အရိယာအဖြစ် အရိယာဂုဏ်ကျေးဇူးများကို ယုံမှားမရှိ သိကြသည်သာ တည်း။

အလုံးစုံသော အရိယာတို့အား ရအပ်သောအရိယာမဂ်တရား ရခြင်း၏ အကြောင်း ဝိပဿနာဖြင့် ပယ်အပ်သော ကိလေသာ ရရာကာလ အရပ် ဒေသမျှားသည် ထင်ထင်ရှားရှား ဖြစ်ပေါ်ကာသွားသတည်း။

သဗ္ဗေသံ ဟိ အတ္တနာ အဓိဂတဓမ္မော ပါကဋော ဟောတိ။
(ဥပရိပဏ္ဏာသဆဗ္ဗိသောဓနသုတ်အဋ္ဌကထာ)

ဟိ၊ ထိုစကားသင့်စ့။ သဗ္ဗေသံ၊ အလုံးစုံသော အရိယာတို့အား။ အတ္တနာ၊ မိမိသည်။ အဓိဂတဓမ္မော၊ ရအပ်သောတရားသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

သောတာပန်စသော အရိယာသာဝကသည် မဂ်ဖိုလ်နိဗ္ဗာန် ပယ်ပြီး မပယ်ရသေးတဲ့ ကိလေသာတို့ကို ဆင်ခြင်ကာ သိသောကြောင့် လွန်စ့ာ ဝမ်းမြောက်လျက် အရိယာတို့၏ ဂုဏ်ကိုသိရာတွင် ယုံမှားကင်းကြသည် သာတည်း၊ ထို့ကြောင့် သောတာပန်စသော အရိယာသာဝကတို့အား ငါသကဒါဂါမ် အနာဂါမ်စသည်ဖြင့် လွန်စ့ာအထင်ကြီးတဲ့ အဓိမာန မဖြစ်ကြတော့ပေ။

သော ဟိ မဂ္ဂဖလနိဗ္ဗာနပဟီနကိလေသာဝသိဋ္ဌကိလေသပစ္စဝေက္ခဏေန သဉ္ဇာတသောမနဿော အရိယဂုဏပဋိဝေဓေနိက္ကခေါ်၊ တသ္မာ သောတာပန္နာဒီနံ အဟံ သကဒါဂါမိတိအာဒိဝေသန မာနော နုပ္ပဇ္ဇတိ။ (သမ္မောအဋ္ဌကထာ)

ရှင်မဟာမောဂ္ဂလာန်သည် ဗြဟ္မာပြည်တွင် တိဿဗြဟ္မာကို "ကတမေသာနံ ခေါ တိဿ ဒေဝါနံ ဧဝံ ဉာဏံ ဟောတိ "သောတာပန္နာ နာမ အဝိနိပါတဓမ္မာ နိယတာ သမ္မောဓိပရာယဏာ"တိ၊ တိဿ အဘယ်သို့သော နတ်တို့အား သောတာပန်တို့မည်သည် အပါယ်လေးပါးတွင် အလိုက်ငး်လျက် ပျက်စီး၍ ကျခြင်း မရှိကုန်၊ မြဲသောသုဂတိဘဝရှိကုန်၏၊ အထက်မဂ်သုံးပါးသို့သာ ရောက်ရာလမ်း ရှိကုန်၏လို့ သိတဲ့ဉာဏ်ဖြစ်ပါသလဲ"လို့ မေးမြန်းတယ်။

ဘုရား တရား သံဃာ ရတနာသုံးပါးတွင် မတုန်မလှုပ် ကြည်ညိုသော အဝေစ္စပ္ပသာဒ အရိယကန္တ အရိယာတို့ နှစ်သက်ဖွယ်သော ငါးပါးသီလနှင့် ပြည့်စုံသော စာတုမဟာရာဇ် တာဝတိံသာစသော နတ်သားခြောက်ဦးတို့အား "သောတာပန္နာ နာမ အဝိနိပါတဓမ္မာ နိယတာ သမ္မောဓိပရာယဏာလို့ အသိဉာဏ်ဖြစ်ပါတယ်"လို့ လျှောက်ကြားလေသည်။ (ဆက်က နိပါတ်အဂ်ုတ္တိရ်ဒေဝတာဝဂ်တွင်လာ၏။)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသောအခါ "အရိဋ္ဌ သင် ဘယ်ပုံ အာနာပါနဿတိဘာဝနာကို ပွါးပါသလဲ"လို့ မိန့်တော်မူ၏။ ထိုအခါ အရိဋ္ဌသည် "အတီတေသု မေ ဘန္တေ ကာမေသု ကာမစ္ဆန္ဒော ပဟီနော၊ အနာဂတေသု မေ ဘန္တေ ကာမေသု ကာမစ္ဆန္ဒော ပဟီနော၊ အဇ္ဈတ္တံ ဗဟိဒ္ဓါ စ ဓမ္မေသု ပဋိဃသညာ သုပ္ပဋိ-ဝိနီတာ"လို့ လျှောက်ကြားလျက် အာနာပါနဿတိ ပွါးပုံကို လျှောက်ထားပါတယ်။

"အရှင်ဘုရား တပည့်တော်သည် အတိတ် အနာဂတ်အာရုံ ကာမဂုဏ် ငါးပါးတွင် လွန်စွာတပ်တဲ့ ကာမစ္ဆန္ဒကို ပယ်ပြီးပါပြီ၊ အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ဝ သော အာယတန ဆဲ့နှစ်ပါး ဝတ္ထုဟူသမျှ တရားတို့၌ ပဋိဃသညာကို ကောင်းစွာ ပယ်သတ်အပ်ပါပြီ"လို့ လျှောက်ထားသည်၊ ဤလျှောက်ထားပုံဖြင့် မိမိ၏ အနာဂါမ်အဖြစ်ကို လျှောက်ကြားသည်ဆိုလိုသည်။

ဣမိနာ အတ္တနော အနာဂါမိမဂ္ဂံ ကထေတိ၊
(အာနာပါနသံယုတ်ကေဓမ္မဝဂ်)

ဤဒေသနာတော်များကို ထောက်ဆသော် အရိယာပုဂ္ဂိုလ်များ ဆင်ခြင်က မိမိတို့အရိယာအဖြစ် ပယ်ပြီးကိလေသာတို့ကို သိကြသည်ချည်း ပဲလို့ နိဿံသယ ယုံမှားမရှိ မှတ်ရာ၏၊ အဘိညာဉ်ရက အထက်ထက် ပုဂ္ဂိုလ်တို့၏ စိတ်ကိုထား၍ အောက်အောက် ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း သိနိုင်ကြ၏။

သောတာပန်အကြောင်း

အဝေစ္စပ္ပသာဒ=ရတနာသုံးပါးတွင် မတုန်မလှုပ် ကြည်ညိုခြင်း, အရိယ ကန္တသီလ=အရိယာတို့ အသက်တမျှ နှစ်သက်ကြသော ငါးပါးသီလနှင့် ပြည့်စုံက သောတာပန်လို့ သိကြသည် ဆိုရာတွင် ၎င်းအင်္ဂါလေးပါးကိုပင် သောတာပန်ဟူ၍ သိကြောင်းကြည့်ကြောင်း သောတာပတ္တိယင်္ဂမုန်ကြောင်းလို့ မိန့်တော်မူ၏။

တမျိုးတဖုံ ပြောင်းလဲ၍ သွားသော အညထတ္တမည်သည် ပသာဒညထတ္တ, ဘာဝညထတ္တ, ဂတိအညထတ္တ, လက္ခဏညထတ္တ, ဝိပရိဏာမညထတ္တ ရယ်လို့ မျှားစွာအပြားရှိ၏။

ထို့တွင် သောတာပန် အရိယာသာဝကအား သဒ္ဓါဓိမောက္ခတရား စွဲမြဲသောကြောင့် ပသာဒညထတ္တာ=ကြည်ညိုတဲ့ သဒ္ဓါတရားပြောင်းလဲ၍ မသွားနိုင်၊ သုဂတိဘုံဘဝ မြဲသောကြောင့် ဂတိအညထတ္တာ=နိရယဂတိစသော အပါယဂတိသို့ ပြောင်းလဲ၍ မသွားနိုင်၊ အရိယကန္တသီလမြဲသောကြောင့် သီလအညထတ္တာ=သီလပျက်စီးကာ ပြောင်းလဲ၍ မသွားနိုင်။

သောတာပန်ရဲ့ သဒ္ဓါတရား ပယ်ရှားမရနိုင်ပုံ

အယံ ဝုစ္စတိ ဘိက္ခဝေ အာကာရဝတီ သဒ္ဓါ ဒဿနမူလိကာ ဒဋ္ဌာ အသံဟာရိယာ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ။

(မူလပဏ္ဏာသဓိမံသကသုတ်)

ချစ်သားရဟန်းတို့ သဘောကိုစုံစမ်းပြီး ကြည်ညိုသော ဤသဒ္ဓါတရားကို အကြောင်းကို ရှာမှီး၍ ယူအပ်သောအပြားရှိသောကြောင့် သောတာပတ္တိမဂ်တည်းဟူသော အမြစ်တွယ်ပြီး သဒ္ဓါတရားဟူ၍ ဆိုရပေသည်။ သဒ္ဓါတရား အမြစ်တွယ်ကာသွားသဖြင့် ခိုင်ခဲ့သောကြောင့် လောကတွင် တန်ခိုးကြီးမား နတ်သိကြားနှင့် ဗြဟ္မာများမှစ၍ တစုံတယောက်သော သူမျှ ပယ်ရှားတုန်လှုပ်ခြင်းငှါ မတတ်ကောင်းချေ။

အဝေစ္စပသာဒတေဒဂ်ရ သူရမုဋ္ဌဝတ္ထု

သူရမုဋ္ဌသည် မြတ်စွာဘုရား တရားတော်ကို ကြားနာရသောကြောင့် သောတာပန်ဖြစ်ကာ အိမ်သို့ပြန်လာတယ်၊ ထိုအခါ မာရ်နတ်သည် သုံးဆဲ့နှစ်ပါးသော လက္ခဏာတို့ဖြင့် တန်းဆာဆင်လျက် တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ကောင်းသော မြတ်စွာဘုရားဟန် ဖန်ဆင်းလျက် သူရမုဋ္ဌ၏ အိမ်တံခါးတွင် ရပ်ကာ မြတ်စွာဘုရားကြွလာတော်မူသည်လို့ သတင်းကြားလိုက်သည်၊ သူရမုဋ္ဌကား ငါကား မကြာခဏ ခုကာလကလေးတွင် မြတ်စွာဘုရားထံမှ တရားနာ၍ ပြန်ခဲ့သည်၊ ဘာအကြောင်းများရှိပါလိမ့် မလဲလို့ ကြံစည်ကာ ချဉ်းကပ်လျက် မြတ်စွာဘုရားအမှတ်ဖြင့် ရှိခိုးကာနေ၏။ မာရ်နတ်ဘုရားကား သူရမုဋ္ဌ သင်အား ငါဘုရားသည် "ရူပံ အနိစ္စံ၊ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ အနိစ္စံ" လို့ အဆောတလျင် မဆင်ခြင်မိပဲ

ဟောခဲ့မိ၏။ ထို့ကြောင့် "သင်သည် ရူပံ နိစ္စံ၊ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ နိစ္စံလို့ ပြင်ကာ မှတ်ယူပါလို့"မိန့်ဆို၏။ သူရမုဋ္ဌသည် မြတ်စွာဘုရား တို့မည်သည် အဆောတလျင်မဆင်ခြင်ပဲ မျက်ကွယ်ပြု၍ တစုံတခုသော တရားကိုမျှ ဟောရိုးမရှိကြ၊ ထို့ကြောင့် ပြောင်းလွှဲ၍ မှတ်ယူရမည်ဟူသော ဤစကားကား အကြောင်းယုတ္တိမရှိသော စကားသာတည်း၊ အမှန် ဤမာရ်နတ်သည် ငါအား နှိပ်စက်ရန်လာသည်ဖြစ်လိမ့်မည်လို့ ကြံစည်မိ၏။ ထို့နောင်မှ သင် မာရ်နတ်မဟုတ်လော်လို့ ပြောဆို၏။ မာရ်နတ်သည် လိမ်ညာ၍ ပြောခြင်းငှါ မတတ်ကောင်းသောကြောင့် မာရ်နတ်ဖြစ်ပါသည်လို့ အမှန်ဝန်ခံရလေ၏။ သင် ဘယ်အကျိုးငှါ လာခဲ့ပါသလဲလို့ တဖန် မေးမြန်းသော် သင်၏ သဒ္ဓါတရားကို လှုပ်ရှားဖျက်ဆီးခြင်းငှါ လာပါတယ်လို့ ပြောဆို၏။

ယုတ်ညံ့သော ဟေ့မာရ်နတ် သင်လို မာရ်နတ်တယောက်ထည်းကို ထားဘိဦး၊ မာရ်နတ်ပေါင်းတရာ တထောင်လာ၍ လှုပ်ရှားစေသော်လဲ ငါရဲ့သဒ္ဓါတရားကို လှုပ်ရှားဖျက်ဆီးခြင်းငှါ စွမ်းနိုင်လိမ့်မည်မဟုတ်ချေ။ မဂ်ဖြင့်လာသော သဒ္ဓါတရားမည်သည် ကျောက်မြေတွင်တည်သော မြင်းမိုရ်တောင်ကဲ့သို့ လှုပ်ရှား၍ မရနိုင်ချေ၊ သင်ကား ငါ၏အိမ်တံခါးတွင် ရပ်တည်ကာ နေသဖြင့် ဘာအကျိုးမျှ ရှိမည်မဟုတ်လို့ ပြောဆိုကာ လက်ဖျောက်တီး၍ နှင်ထုတ်၏။ မာရ်နတ်လည်း ရပ်တည်ခြင်းငှါ မစွမ်းနိုင်၍ အိမ်တံခါးဝတွင် ကွယ်ပျောက်ကာ သွားရသတည်း။

အင်္ဂုတ္တိုရ်တေဒဂ္ဂဝဂ်တွင် 'သူရဗန္ဓ' ဟူ၍၎င်း 'သူရအမုဋ္ဌ' ဟူ၍၎င်း အမည် ဝါဒကဲ့နှင့် ၎င်းဝတ္ထုကိုပင် ထုတ်ကာပြ၏။

သုပ္ပဗုဒ္ဓဝတ္ထု

သုပ္ပဗုဒ္ဓမည်သော လူဆင်းရဲငမဲ့သည် မြတ်စွာဘုရားတရားပွဲတွင် ပရိသတ်အစုန်အဖျားက နေလျက် တရားနာသော် သောတာပန်ဖြစ်လေ၏၊ မိမိရတဲ့ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား လျှောက်ကြားလိုသော်လည်း ပရိသတ်အလယ်သို့ မဝင်ဝံ့ ရှိလေ၏၊ လူအများမြတ်စွာဘုရားကို ရှိခိုးပူဇော်ကန်တော့၍ ပြန်သွားကြသောကာလ မြတ်စွာဘုရားကျောင်းတော်သို့ ကြွသွားခဲ့သော် သုပ္ပဗုဒ္ဓလဲ ကျောင်းတော်သို့ လိုက်ပါကာ သွားလေ၏၊

သုပ္ပဗုဒ္ဓလိုက်သွားသော ထိုခဏတွင် သိကြားမင်းသည် သုပ္ပဗုဒ္ဓမည်သော ဤလူနာကား မိမိရတဲ့ ဂုဏ်ကျေးဇူးကို ထင်ရှားစွာ ပြလိုတယ်ဟု သိ၍ စုံစမ်းလျက် အို သုပ္ပဗုဒ္ဓ သင်ကား လူဆင်းရဲ လူငမဲ့ပဲ၊ ငါကား သင်အား အတိုင်းမသိသော ဥစ္စာရတနာကို ပေးမယ်၊ ဘုရားကား ဘုရားမဟုတ်၊ တရားလဲ တရားမဟုတ်၊ သံဃာလဲ သံဃာမဟုတ်၊ ငါ့အား ဘုရား တရား သံဃာ ရတနာသုံးပါးဖြင့် အလိုမရှိလို ပြောဆိုပါဟူသော ဤစကားကို ပြောကြားလာတယ်၊ ထိုအခါ သုပ္ပဗုဒ္ဓက သိကြားမင်းကို သင်ကား မည်သူ မည်ဝါဖြစ်သလဲဟု မေးလေ၏။ ငါကား သိကြားမင်းပါလို့ ပြန်ပြော၏။ အချက် အကြောက် ကင်းမဲ့ အမြင်မတဲ့ပဲ့ အိုသိကြား၊ ဤပုံမပြောကောင်း မဆိုကောင်းသည်ကို တိုက်တွန်းပြောဆိုသော သင်ကား ငါနှင့် အတူတက္ခ စကားပြောရန်မလို၊ သင်ကား ငါ့ကို လူဆင်းရဲလို့ အဘယ်ကြောင့်ဆိုရသလဲ၊ အမှန်မှာ ငါကား လောကသုံးပါး မြတ်ဘုရား၏ ရှေရင် တော်နှစ် သားတော်စစ်ဖြစ်သည်မဟုတ်ပါလော၊ ငါကား လူဆင်းရဲလဲ မဟုတ်၊ ချမ်းသာကိုရသည်ဖြစ်၍ လွန်ကဲသောချမ်းသာဖြင့် များစွာဥစ္စာ ရှိတဲ့ သူဌေးကြီးပါလို့ ပြောဆိုလို၍

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိသြတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊ ပညာ ဇဝ သတ္တမံ ဓနံ။
ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ —

ဟူသောဂါထာကို ရွတ်ပြလိုက်တယ်။

ဣတ္ထိယာ ဝါ၊ မိန်းမလည်းဖြစ်သော။ ပုရိသဿ ဝါ၊ ယောကျ်ားလည်းဖြစ်သော။ ယဿ၊ အကြင်သူအား။ သဒ္ဓါဓနဉ္စ၊ သဒ္ဓါဥစ္စာဂုဏ်း။ သီလဓနဉ္စ၊ သီလဥစ္စာဂုဏ်း။ ဟိရိသြတ္တပ္ပိယံ၊ ဟိရိသြတ္တပ္ပဟုဆိုအပ်သော။ ဓနဉ္စ၊ ဥစ္စာဂုဏ်း။ သုတဓနဉ္စ၊ သုတဥစ္စာဂုဏ်း။ စာဂေါ စ၊ စာဂဥစ္စာဂုဏ်း။ ဇဝ၊ စင်စစ်။ သတ္တမံ၊ ခုနစ်ခုမြောက်သော။ ဓနဉ္စ၊ ဥစ္စာဂုဏ်း။ ဣတိ၊ ဤသို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ ဓနာ၊ ဤဥစ္စာတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တံ၊ ထိုဥစ္စာခုနစ်ပါးကြွယ်ဝသူကို။ အဒလိဒ္ဒေါတိ၊ သူဆင်းရဲမဟုတ် သူဌေးကြီးဟူ၍။ အာဟု၊ ဟောတော်မူကုန်၏။ တဿ၊ ထိုသူဌေး

ကြီး၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းကား။ အမောဃံ၊ အချိန်နှီးမဟုတ်သည် သာတည်း။

သိကြားမင်းသည် သုပ္ပဗုဒ္ဓ၏ စကားကြားသိရသော် လမ်းခရီး အကြားတွင် သုပ္ပဗုဒ္ဓကို ထားခဲ့၍ မြတ်စွာဘုရားထံမှောက် ရောက်အောင် သွားကာ ပြောဆိုသမျှညှဉ့် စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ကြားပါတယ်၊ ထိုအခါ မြတ်စွာဘုရားသည် အိုသိကြားမင်း မင့်လိုသိကြား တရာ တထောင်ပင် သွား၍ သုပ္ပဗုဒ္ဓကို ဘုရားကား ဘုရားမဟုတ်၊ တရားလဲ တရားမဟုတ်၊ သံဃာလဲ သံဃာမဟုတ်လို့ ပြောဆိုစေခြင်းငှါ မတတ်နိုင်ရာပါလို့ မိန့်တော်မူ၏။ သုပ္ပဗုဒ္ဓလည်း မြတ်စွာဘုရားထံမှောက် အရောက် သွား၍ ပြောဆိုသမျှညှဉ့် ထိုစကားအလုံးစုံကို လျှောက်ထားသတည်း။

(ဥဒါန်း သက္ကသံသုတ် ဓမ္မပဒဋ္ဌင်္ဂလာ၏)

ဓနဉ္ဇာနိပုဏ္ဏားမဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဘာရဒ္ဒါဇပုဏ္ဏား၏ ဇနီးသည်ဓနဉ္ဇာနိပုဏ္ဏားမသည် ဘုရား တရား သံဃာ ရတနာသုံးပါးတွင် လွန်စွာကြည်ညိုတဲ့သဒ္ဓါနှင့် ပြည့်စုံပါတယ်။ အခါတပါး ဓနဉ္ဇာနိပုဏ္ဏားမသည် ခင်ပွန်းသည်ဘာရဒ္ဒါဇပုဏ္ဏားဖို့ ထမင်းကိုကပ်ဆောင်စဉ် ချော်ချွတ်ကာ ခလုတ်တိုက်မိသော် နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသောဥဒါန်းကို သုံးကြိမ်တိုင်တိုင် ဝမ်းမြောက်စွာရွတ်ဆိုပါတယ်။

ဥဒါန်းကိုရွတ်ဆိုရခြင်း၏ အကြောင်းကား ဘာရဒ္ဒါဇပုဏ္ဏားသည် သာသနာတော်မှတပါး အခြားသောအယူကိုယူသောမိစ္ဆာဒိဋ္ဌိဖြစ်၍ ဗုဒ္ဓါဗုဒ္ဓါ စသောရတနာသုံးပါး ရွတ်ဆိုသံမျှားကို ကြားရသော် နားကို ပိတ်ကာထားသတဲ့၊ ကြမ်းကမ်းခက်ထန် ရှားဉတ်တိုဟန်လဲရှိသတဲ့၊ ဓနဉ္ဇာနိပုဏ္ဏားမကား သောတာပန်အရိယသာဝိကာမ ဖြစ်ပါတယ်၊ ဘာရဒ္ဒါဇပုဏ္ဏား အလှူကိုပေးခဲ့ငြားသော် ငါးရာသောပုဏ္ဏားတို့အား ရေမရှိသော နွံဃနာဆွမ်းကို ပေးလှူပါတယ်။ ဓနဉ္ဇာနိပုဏ္ဏားမကား ဘုရားအမှူးရှိသော သံဃာတော်အား အထူးထူးသော အရသာတို့ဖြင့် ပြည့်မ်းသော ဆွမ်းကို ပေးလှူပါတယ်။ ဓနဉ္ဇာနိအရိယသာဝိကာမသည် ခင်ပွန်းသည်

ပုဏ္ဏားအလှူရှင်နေ့တွင် အလိုလိုက်ကာ ဝန်မတိုရှာသောကြောင့် မိမိလက်ဖြင့် လုပ်ကျွေးပြုစုပါတယ်။ ဘာရဒ္ဒါဇပုဏ္ဏားသည် ဇနီးသည်ဓနဥ္ဇာနီ၏ အလှူရှင်နေ့တွင် အိမ်မှ နံနက်စောစွာသာလျှင် တွက်ကာပြေးရှာတယ်၊ ကောင်းသောနှလုံးသွင်း ကောင်းသောအလိုရှိတဲ့ အရိယသာဝိကာမကလေးမို့ သည်းခံနိုင်ရှာပေတယ်၊ သာမံမိန်းမမျိုးသာဆိုရင်တော့ ခဏခဏတွဲ၍ သတ်ကာနေကြမှာပဲနော်၊ ထိုသို့ဆန့်ကျင်ဖက်ဖြစ်ကာ နေကြရာတွင် တနေ့သောအခါ ဘာရဒ္ဒါဇပုဏ္ဏားသည် ဓနဥ္ဇာနီပုဏ္ဏေးမကို အသိမပေးပဲ ငါးရာသောပုဏ္ဏားတို့ကို ဖိတ်ကြား၍ ပုဏ္ဏေးမအား ပြောကြားတယ်။ ပြောကြားပုံမှာ ရှင်မ မနက်ဖြန် ငါတို့အိမ်တွင် ငါးရာသောပုဏ္ဏားတို့ ဆွမ်းစားကြွလာလိမ့်မယ်ကွယ်လို့ ပြောကြားတယ်။

ဇနီးသယ်က ကျမ ဘယ်ကိစ္စကို ပြုလုပ်ဆောင်ရွက်ရမလဲလို့ မေးမြန်းရှာတယ်။ မင်းဆောင်ရွက်စရာ ဘာမျှ ကိစ္စမရှိပါ၊ ချက်ပြုတ် ဖုတ်ကင် စီရင်လုပ်ကျွေးမှုကို သူတပါးတို့ ပြုကြပါလိမ့်မယ်၊ ပြောပြချင်တာကတော့ မင်းဟာ ရပ် ထိုင် ချောင်းဆိုး ချေတဲ့အခါမျိုးမှာ နမော ဗုဒ္ဓဿလို့ ဦးပြည်းရဟန်းအား ရှိခိုးပူဇော်မှုကို နက်ဖြန် တနေ့တရက်မျှ မပြုပါနဲ့ကွယ်၊ ထို နမော ဗုဒ္ဓဿ ဆိုသောစကားကို ကြားရသော် ပုဏ္ဏားတို့ ဝမ်းမြောက်ကြမည် မဟုတ်ပါ၊ မင်းဟာ ငါ့ကို ဆရာပုဏ္ဏားတို့နှင့် ခွဲမပစ်ပါနှင့်ကွာလို့ ပြောပြလေတယ်။ ဓနဥ္ဇာနီပုဏ္ဏေးမက ရှင့်ဟာရှင် ပုဏ္ဏား နတ်သိကြားတို့နှင့်ကဲ့ကဲ့ မတတ်နိုင်ဘူး၊ ကျမတော့ မြတ်စွာဘုရားကို အမှတ်ရက ရှိခိုးပူဇော်ခြင်းကို မပြုပဲနေခြင်းငှါ မတတ်နိုင်ပါလို့ ပြန်ပြောရှာတယ်။ ရှင်မမြို့ နိုဂုံး ရှာ ဇနပုဒ်များတွင် အစစွာတံခါးကိုသော်လဲ ပိတ်ထားနိုင်ကြပါတယ်။ မင်းဟာ လက်နှစ်သစ်လောက်မျှသော ခံတွင်းကို ဆွမ်းကျွေးရာကာလကလေးမျှ ပိတ်ဆို့၍ထားခြင်းငှါ မတတ်နိုင်ဘူးလားလို့ ငေါက်ငန်းပြောဆိုတယ်။

ဘာရဒ္ဒါဇပုဏ္ဏားသည် ဤပုံ အဖန်ဖန်ပြောပြသော်လဲ တားမြစ်ခြင်းငှါ မတတ်နိုင်သော် ဦးခေါင်းရင်းတွင် ဆွဲ၍ထားသော သန်လျက်သွားကိုယူ၍ ရှင်မ မင်းနက်ဖြန် ပုဏ္ဏားတို့သိတင်းသုံးနေထိုင်စဉ် ဦးပြည်းရဟန်းကို ရှိခိုးပူဇော်သော် မင့်ကို ဤသန်လျက်ဖြင့် ဝါးမျှစ်ဝါးညှောက်ကို ချိုးဘီသကဲ့

သို့ ခန္ဓာကိုယ်ကို ခြေဖျားမှ ဆံဖျားတိုင်အောင် အပိုင်းအပိုင်းဖြတ်ကာ ဖြတ်တောက်၍ ပစ်မည်လို့ ပြောလိုရကား—

ဣမိနာ မဏ္ဍလဂ္ဂေန၊ ပါဒတော ယာဝ မတ္ထကာ။
ကလီရမိဝ ဆေတ္တာမိ၊ ယဒိ မိစ္ဆံ နု ကာဟသိ - လို့ ရှုတ်ဆိုတယ်။

ဘောတိ၊ အိုရှင်မ။ တုံ၊ မင်းသည်။ မိစ္ဆံ၊ ငါ့အလိုကို။ ယဒိ နု ကာဟသိ၊ အကယ်၍ မလိုက်နာခဲ့အုံ့။ ဧဝံ၊ ဤသို့ ငါ့စကား နားမထောင်ခဲ့သော်။ ကလီရုံ၊ ဝါးမျစ်ဝါးညှောက်ကို။ ဆိန္ဒတိ ဣဝ၊ ဖြတ်ချိုးကာ ပစ်သကဲ့သို့။ တံ၊ မင်းကိုယ်ကို။ ဣမိနာ မဏ္ဍလဂ္ဂေန၊ ဤသံလျက်သွားဖြင့်။ ပါဒတော၊ ခြေမှစ၍။ ကေသမတ္ထကာ၊ ထိပ်တိုင်အောင်။ ဆေတ္တာမိ၊ အပိုင်းအပိုင်းပြတ်အောင် ဖြတ်၍ပစ်ရမည်။

ခင်ဗျန်းသည် ဘာရဒ္ဒါဇပုဏ္ဏားက မင်းဟာ ငါ့စကားကို နားထောင်လျှင်ထောင်၊ နားမထောင်ပဲ ထော်လော်ကန့်လန့်လုပ်က ဤသန်လျက်ဖြင့် မင့်ကို အပိုင်းအပိုင်းပြတ်အောင် ဖြတ်တောက်ပစ်မည်လို့ ဓနဥ္ဇာနီပုဏ္ဏေးမအား ခြိမ်းခြောက်လိုက်သည် ဆိုလိုသည်။

မြေကြီးကဲ့သို့ တုန်လှုပ်ခြင်းမရှိ၊ မြင်းမိုရ်တောင်ကဲ့သို့ ပြန်လည်ခြင်းမရှိ၊ ပကတိတည်ကြည်သော ဓနဥ္ဇာနီအရိယသာဝိကာမသည် ဘာရဒ္ဒါဇပုဏ္ဏားလူငနွားကို အို အသက်သခင် ရှင်ချစ်လင် ရှင်ဟာ ကျမ၏ ကိုယ်အင်္ဂါကြီးငယ်ကို အလိုရှိသလို ပိုင်းချင်လျှင်ပိုင်း, ဖြတ်ချင်လျှင် ဖြတ်တော့၊ ကျမကား ဗုဒ္ဓမြတ်စွာသာသနာမှ ရှောင်ကြဉ်ကာ နေလိမ့်မည် မဟုတ်စသည်ဖြင့် ကြုံးဝါးလိုရကား—

သစေ မေ အင်္ဂမင်္ဂါနိ၊ ကာမံ ဆေတ္တသိ ဗြာဟ္မဏ။
နေဝါဟံ ဝိရမိဿာမိ၊ ဗုဒ္ဓသေဋ္ဌဿ သာသနာ။

စသော ဓနဥ္ဇာနီအရိယသာဝိကာမ၏ ကြုံးဝါးခြင်းမည်သည်ကို ကြုံးဝါးလျက် ဂါထာဝါးရာတို့ကို ရှုတ်ဆိုကာ ပြန်၍ကြုံးဝါးလိုက်တယ်။

ဗြာဟ္မဏ၊ အသက်သခင်ရှင်ချစ်လင်။ တုံ၊ သင်ရှင်သည်။ မေ၊ ကျမ၏။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ ကာမံ၊ ရှင်အလိုအတိုင်း။ သစေ

ဆေဇ္ဇသိ၊ အကယ်၍ ဖြတ်တောက်လိုက ဖြတ်တောက်တော့။ အဟံ၊ ကျမကား။ ဗုဒ္ဓသေဋ္ဌဿ၊ လောကသုံးခွင် ဘုံအပြင်ဝယ် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနာ၊ သိက္ခာသုံးဖြာ သာသနာမှ။ နေဝ ဝိရမိဿာမိ၊ မရှောင်ကြဉ်နိုင်သည်သာတည်း။

အိုဘာရဒ္ဒါဇ သင့်အလိုအတိုင်း ပြုချင်သလိုပြုတော့၊ ကျမတော့ နမော ဗုဒ္ဓဿကို မရွတ်ဆိုပဲ မနေနိုင်ပါလို့ ပြန်ကြိမ်းလိုက်သည်။ ဘာရဒ္ဒါဇပုဏ္ဏားသည် ဇနီးသယ်မနဉ္ဇာနီကို ကိုင်တွယ်သုံးသပ် သတ်ဖြတ်ခြင်းငှါ မစွမ်းနိုင်ရကား ရှင်မ မင်းအလိုရှိသလို ပြုပါတော့ဟု ပြောဆိုလက်လျှော့ကာ သန်လျက်ကို အိမ်တွင်းသို့ သွင်းလိုက်ရာရသတည်း။ အရိယသာဝိကာမရဲ့ သဒ္ဓါတရားသည် သေဘေးဖြင့် ခြိမ်းခြောက်သော်လဲ ပျောက်လွင့် ပျက်စီးခြင်း မရှိတော့ပါ ဆိုလိုသည်။ (ဗြာဟ္မဏသံယုတ်မှ)

သီလတမျိုးတဖုံ မပြောင်းလဲပုံ

သီလညထတ္တာ=သီလ တမျိုးတဖုံ ပြောင်းလဲ၍ မသွားဘူးဆိုသည်မှာ အရိယကန္တာ=အရိယာတို့ အသက်တမျှ အလိုရှိကြသော အခက္ကာ အဆိဒ္ဒ စသောဂုဏ်တို့နှင့်ပြည့်စုံသော ငါးပါးသီလနှင့် ပြည့်စုံခြင်းကိုပင် ဆိုသည်။ ပရိပုဏ္ဏပါရိသုဒ္ဓိ ပြည့်ခြင်းလို့လဲ ဆိုနိုင်သည်၊ ဘဝတပါးသို့ ရောက်သွားသော အရိယသာဝကကို ဒေရှင်သည် ကျင်နီကျင်နက်နှင့် ခြတို့ကိုသတ်၍ စကြဝဠာတိုက်တွင် စကြဝတေးမင်း ပြုလုပ်ပါလို့ ပြောလာစေကာမူ ထို အရိယသာဝကသည် မိမိ၏ အရိယာအဖြစ်ကို မသိသော်လဲ သူတပါး အသက်ကို မသတ်သည်သာတည်း။

ထိုမှတပါး အရိယသာဝကကို သင်သည် ဤသူကို သတ်လျှင်သတ်၊ အကယ်၍ မသတ်က သင့်ဦးခေါင်းကို ဖြတ်မည်လို့ ပြောလာစေကာမူ ထို အရိယသာဝကသည် မိမိ၏ ဦးခေါင်းကိုသာ အဖြတ်ခံရာ၏၊ ထိုသူကို မသတ်ရာသတည်း။

ဤ အဓိပ္ပါယ်ကို—ကိ ံ ပန အရိယသာဝကော အညံ ဇီဝိတာ ဝေါရောပေယျာတိ စသည်ဖြင့် အမေးထုတ်လျက် ဖြေကြားထားသည်။

(ပဏ်ဗဟုဓာတုကသုတ်အဖွင့် ဉာဏဝိဘင်းအဖွင့်တွင်လည်း လာ၏။)

သောတာပတ္တိယင်္ဂတရား

သပ္ပုရိသသံသေဝ= သူတော်ကောင်းကို မှီဝဲခြင်း, သဒ္ဓမ္မသဝန=သူတော်ကောင်းတရားကို နာခြင်း, ယောနိသောမနသိကာရ=သဘောတရားအားလျော်စွာ အသင့်အတင့် နှုးလုံသွင်းခြင်း, ဓမ္မာနုဓမ္မပဋိပတ္တိ=နိဗ္ဗာန်သို့ရောက်စေတတ်သော ဒါနသီလဘာဝနာတို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်း၊ ဤလေးပါးတို့ကို သောတာပတ္တိဖိုလ်စသော ဖိုလ်လေးပါးတို့ကို ရရန် အကြောင်းဖြစ်သောကြောင့် သောတာပတ္တိယင်္ဂတရားလို့ ခေါ်သည်။ သောတာပတ္တိအင်္ဂါထွာယ အင်္ဂန္တိ သောတာပတ္တိယင်္ဂလို့ ဝိဂြိုဟ်ပြု။

အဝေစ္စပ္ပသာဒ သုံးပါးနှင့် အရိယကန္တဂါးပါးသီလ ဤလေးပါးနှင့် ပြည့်စုံခြင်းကို သောတာပန်ဟု ပြောဆိုကြောင်း ဖြစ်သောကြောင့် သောတာပတ္တိယင်္ဂတရားဟူ၍ ဟောတော်မူ၏။ သောတာပတ္တိယာ အင်္ဂန္တိ သောတာပတ္တိယင်္ဂလို့ ဝိဂြိုဟ်ပြုလေ။

မဟာပရိနိဗ္ဗာနသုတ် သောတာပတ္တိသံယုတ်တို့၌ "ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ"လို့ ဝန်ခံကာ ဂုဏ်းလေးပါးကိုပင် သောတာပန်ကိုကြည့်ကြောင်း ဓမ္မာဒါသ=တရားမှန်ဟူ၍လည်း ဟောတော်မူ၏။

သံယုတ်တွင် မှန်လေးပါးတရားကိုပင် ပရိယာယ်တို့ဖြင့် တန်းဆာဆင်ကာ ကျယ်ဝန်းစွာ ဟောတော်မူ၏။ အင်္ဂုတ္တိရ်ပဉ္စကနိပါတ် ဥပါသကဝဂ်တွင် ဂုဏ်းလေးပါးကိုပင် အာဘိစေတသိက, ဒိဋ္ဌဓမ္မသုခဝိဟာရ မျက်မှောက်ဘဝတွင် မြတ်သောစိတ်ကိုမှီလျက် ချမ်းသာစွာနေထိုင်ခြင်း လေးပါးဟူ၍လဲ ဟောသေး၏။

သောတာပန်ဖြစ်ရခြင်းအကျိုး

သစ္စာလေးပါးကို သိရခြင်း သောတာပန်ဖြစ်ရခြင်းအကျိုးကား ချစ်သားတို့ ငါဘုရားလက်သည်းခဲ့ပေါ်တွင် တင်ထားတဲ့ မြေမှုန့်နဲ့ မဟာပထဝီမြေကြီးနှစ်မျိုးတို့တွင် ဘယ်မြေကများ၍ ဘယ်မြေက နည်းပါသလဲလို့ မေးတော်မူတယ်။

ထိုအခါ ရဟန်းတို့က အသျှင်သူမြတ်ဘုရား မဟာပထဝီမြေကြီးကများလှပါတယ်၊ လက်သည်းခဲ့ပေါ်တင်ထားတဲ့ မြေမှုန့်ကား မဟာပထဝီ

မြေကြီးကို တထောင် တသောင်း တသိန်းစိတ်သော်လဲ တစိတ်ကိုမျှ မမှီနိုင်ပါ၊ နည်းလှပါသည်ဘုရားလို့ လျှောက်ကြားကြတယ်။ ထိုအခါ မြတ်စွာဘုရားသည်—

ဧဝမေဝ ခေါ ဘိက္ခဝေ အရိယသာဝကဿ ဒိဋ္ဌိသမ္ပန္နဿ ပဂ္ဂလဿ အဘိသမေတာဝိနော ဧတဒေဝ ဗဟုတရံ ဒုက္ခံ ယဒိဒံ ပရိက္ခီဏံ ပရိယာဒိန္နံ၊ အပ္ပမတ္တကံ အဝသိဋ္ဌံ။

စသည်ဖြင့် အဘိသမယသံယုတ်၌ ဟောတော်မူ၏။

မြန်မာပြန်—ချစ်သားရဟန်းတို့ ဤ ဥပမာအတူသာ သစ္စာလေးပါး သိပြီးသော သောတာပန်အား ဘဝများစွာ သံသရာတွင် ကုန်ဆုံးပြီးသော ဆင်းရဲဒုက္ခကသာ များလှပါတယ်။ ခုနစ်ဘဝအတွင်း ကြွင်းသောဒုက္ခကား အနည်းငယ်မျှသာတည်း။

ဤသို့ သစ္စာလေးပါးကို သိရခြင်း သောတာပန်ဖြစ်ရခြင်း၏ အကျိုးတို့ကို ဥပမာအမျိုးမျိုးပေး၍ ဟောတော်မူပါတယ်။

ဧဝံ မဟတ္ထိယော ခေါ ဘိက္ခဝေ ဓမ္မာဘိသမယော၊ ဧဝံ မဟတ္ထိယော ဓမ္မစက္ခုပဋိလာဘော။

ဈာနသံယုတ် အဘိသမယဝဂ်တွင်လဲ ဤနည်းအတိုင်း ဟောတော်မူ၏။ မဟာကရုဏာတော် အားကြီးတော်မူလှပေစ့။ သောတာပန်သည် သဒ္ဓမ္မနိယတ=သူတော်ကောင်းတရားမြဲစွဲခြင်း, အပရိဟာနဓမ္မ=မယုတ်လျော့သောတရားရှိခြင်း, ဒုက္ခံ နော ဟောတိ=ဘဝအပိုင်းအခြားကို ပြုပြီးသောကြောင့် ဆင်းရဲမဖြစ်နိုင်ခြင်း, ပုထုဇဉ်တို့နှင့် မဆက်ဆံသောဉာဏ်နှင့် ပြည့်စုံခြင်း, သံသရာဝဋ်၏ ဟေတုအကြောင်းတို့ကို ကောင်းစွာတွေ့မြင်ခြင်း, ဟေတုသမုပ္ပန္နာ = အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတို့ကို ကောင်းစွာတွေ့မြင်ခြင်း၊ ဤခြောက်ပါးသော အကျိုးတို့နှင့် ပြည့်စုံ၏။

ဣမေ ခေါ ဘိက္ခဝေ ဆ အာနိသံသာ သောတာပတ္တိဖလသစ္ဆိကိရိယာယ-အဂ်ုတ္တိရ်ဆက္ကအာနိသံသဝဂ် အမြွက်မျှထုတ်ပြသည်။ သီတိဝဂ်တွင်လဲ အကျိုးများကို ဟောထားသည်။ သောတာပန်သည် ရုပ်နာမ်သဒ်ါရနှင့် ခန္ဓာစသော လောကကို နိစ္စ မြဲတယ်၊ သုခ ကောင်းတယ် ချမ်းသာတယ်၊ အတ္တ တောင့်တလို့ရတယ် စသည်ဖြင့် ကပ်ရောက်စွဲယူရန် အကြောင်းမရှိတော့ပါလို့—

ယံ ဒိဋ္ဌိသမ္ပယုတ္တော ပုဂ္ဂလော ကိဉ္စိ သင်္ခါရံ နိစ္စတော ဥပဂစ္ဆတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ ပဇာနာတိ-စသည်ဖြင့် ဉာဏဝိဘင်းတွင် ဟောတော်မူ၏။

မဟာပေစ္စဝေက္ခဏာဉာဏ် ခုနစ်ပါး

ကောသမ္မိယသုတ်တွင် လာသော သောတာပန်၏ မဟာပစ္စဝေက္ခဏာဉာဏ်ခုနစ်ပါး။ ။ချစ်သားရဟန်းတို့ ဤသာသနာတော်တွင် သောတာပန်ရဟန်းသည် တောတောင်သစ်ပင်ရင်း ဆိပ်ငြိမ်ရာသို့ ကပ်လျက် ဤပုံဆင်ခြင်တယ်။

ငါသည် ထင်ကြသောင်းကျန်းကြောင်းဖြစ်သော အကြင်နိဝရဏငါးပါး ဣဓလောက ပရလောက နှစ်ဝသော စိန္တာ တွေးတောကြံစည်မှုကို လေ့လာခြင်း အချင်းချင်းနှုတ်လုံထိုးလျက် ခိုက်ရန်ဖြစ်ကာ ငြင်းခုံခြင်းတို့ဖြင့် ထင်ကြသောင်းကျန်းသော စိတ်ရှိသောကြောင့် ဟုတ်မှန်စွာ သစ္စာလေးပါးကို မသိရာ၊ ငါ၏ အဇ္ဈတ္တသန္တာန်တွင် မပယ်ရသေးတဲ့ ထိုသောင်းကျန်းမှုများ ရှိလေသလားလို့ ဆင်ခြင်သည်။

ထိုအခါ သောတာပန်သည် ငါ၏ အဇ္ဈတ္တသန္တာန်တွင် သစ္စာလေးပါးကို ဟုတ်မှန်စွာ မသိနိုင်ရန် ထင်ကြသောင်းကျန်းမှုများ မရှိတော့ပြီ၊ ငါကား သစ္စာလေးပါးကို သိနိုင်ရန် စိတ်ကိုကောင်းစွာထားပြီးပြီလို့ သိကာသွားပါတယ်။

ဣဒမသ္မ ပဌမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။

အသ္မာ၊ ဤသောတာပန်ပုဂ္ဂိုလ်သည်။ ပဌမံ၊ အစစွာ။ အရိယံ၊ အရိယာတို့၏ ဥစ္စာဖြစ်သော။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ပုထုဇ္ဇနေဟိ၊ ပုထုဇ္ဇဉ်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသော။ ဣဒံ ဉာဏံ၊ ဤပစ္စဝေက္ခဏာဉာဏ်သည်။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ၏။

တဖန် သောတာပန်သည် မင်္ဂလာနှင့်အတူတကွဖြစ်သော ဤသမ္မာဒိဋ္ဌိကို ပွါးများသောကြောင့် ငါ၏ စိတ်တွင် တည်ကြည်မှုသမာဓိကိုရ၏လော၊ ကိလေသာ၏ငြိမ်းအေးမှုကို ရ၏လောလို့ ဆင်ခြင်တယ်။ ထိုအခါ သောတာပန်သည် ဤသမ္မာဒိဋ္ဌိကို ပွါးများသောကြောင့် ငါ၏စိတ်တွင် သမာဓိကို ရတယ်၊ ကိလေသာ၏ငြိမ်းအေးမှုကို ရတယ်လို့ သိကာသွားပါတယ်။

ဣဒမဿ ဒုတိယံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။ဒုတိယံ၊ နှစ်ခုမြောက် သောတာပန်သည်။

တဖန် ငါ့မှာ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ပြည့်စုံတယ်၊ ဤသာသနာမှာအပတ္တင် မဂ္ဂသမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော တပါးသော ရဟန်းပုဏ္ဏားရှိရဲလားလို့ ဆင်ခြင်တယ်၊ ထိုအခါ သောတာပန်သည် ငါကဲ့သို့ ဤသာသနာမှ အပတ္တင် မဂ္ဂသမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော တပါးသော ရဟန်းပုဏ္ဏားမရှိလို့ သိကာသ့ဉားပါတယ်။

ဣဒမဿ တတိယံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။တတိယံ၊ သုံးခုမြောက်သော သောတာပန်သည်။

တဖန် သောတာပန်မည်သည် အကြင်သဘောနှင့် ပြည့်စုံတယ်၊ ငါ့မှာလဲ ထိုသဘောရှိရဲ့လောဟု ဆင်ခြင်တယ်။ သဘောဆိုသည်မှာ သူငယ်ကလေးသည် လက်ခြေတို့ဖြင့် မီးကျီးခဲကို ကိုင်မိ နင်းမိသော် ရုတ်တရက် ရှောင်တခင်သာလျှင် ယုတ်သိမ်းကာသ့ဉားရသကဲ့သို့ ထို့အတူ သောတာပန် ရဟန်းသည် ကုဋိကာရသိက္ခာပုဒ်နှင့်တူသော ဂရုကအာပတ် သဟသေယျသိက္ခာပုဒ်နှင့်တူသော လဟုကအာပတ်တို့တွင် တခုခုသော အစိတ္တကအာပတ်သို့ ရောက်ခဲ့သော်လဲ အဆောတလျင် ရှောင်တခင်သာ မြတ်စ္စာဘုရားသီတင်းသုံးဖော်မျှားတွင် ထင်ရှားစ့ဉာပြုပါတယ်၊ ထင်ရှားစ့ဉာ ပြုပြီးသော် နောင်အနာဂတ်တွင် စောင့်စည်းရှောင်ကြဉ်ပါတယ်။ ဤသို့ပြုခြင်းကိုပင် သဘောဓမ္မတာဆိုလိုသည်။ ထိုအခါ သောတာပန်သည် အခြားသော သောတာပန်သဘောကဲ့သို့ ငါ့မှာလဲ ထိုသဘောဓမ္မတာရှိတယ်လို့ သိကာသ့ဉားပါတယ်။

ဣဒမဿ စတုတ္ထံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။စတုတ္ထံ၊ လေးခုမြောက်သော သောတာပန်သည်။

တဖန် သောတာပန်မည်သည် အကြင်သဘောနှင့်ပြည့်စုံတယ်၊ ငါ့မှာလဲ ထိုသဘောရှိရဲ့လောဟု ဆင်ခြင်တယ်၊ သဘောဆိုသည်မှာ သားငယ်အမိနွားမကြီးသည် မြက်ကိုမွေ့နှောက်၍ စားတယ်၊ သားငယ်ကိုလည်း စ့ဉာကာ

အရပ်တပါးသို့ မသွားပဲ ခေါင်းထောင်ကာ ကြည့်သကဲ့သို့ ထို့အတူ သောတာပန်သည် သီတင်းသုံးဖော်တို့၏ ဥစ္စကမ္မ=သက်န်းချုပ်ခြင်း သက်န်းဆိုးခြင်းစသောအမှု အဝစကမ္မ=ခြေဆေးခြင်း ဆီလိမ်းကျံခြင်း စသောအမှုကို လွန်စွာပြုလုပ် အားထုတ်ဆောင်ရွက်သော်လဲ သီကွာသုံးပါးတွင် လွန်စွာတောင့်တစိတ် ပြင်းထန်လှသည်သာ ဖြစ်ပါတယ်။ ဤသို့ အယုတ်အမြတ်အလတ်မရွေး ကိစ္စကြီးငယ်တို့ကို အားထုတ်ဆောင်ရွက်သော်လဲ သီကွာသုံးပါးတွင် လွန်စွာအလိုရှိခြင်းကိုပင် သဘောမမွတာဟုဆိုလိုသည်၊ ထို့အခါ သောတာပန်သည် အခြားသော သောတာပန်သဘောကဲ့သို့ ငါ့မှာလဲ ထိုသဘောမမွတာ ရှိကာသွားတယ်လို့ သိကာသွားတယ်။

ဣဒမသ္မ ပဉ္စမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။ပဉ္စမံ၊ ငါးကြိမ်မြောက်သော သောတာပန်သည်။

တဖန် သောတာပန်မည်သည် အကြင်အားနှင့် ပြည့်စုံ၏၊ ငါ့မှာလဲ ထိုသောတာပန် အားရှိရဲလားဟု ဆင်ခြင်တယ်။ ဗလအား ဆိုသည်မှာ သောတာပန်သည် မြတ်စွာဘုရားတရားတော်ကို နာကြားရသော် အနည်းငယ်မျှသော ပုံ့လှုံ့ခြင်းကိုမပြုပဲ အိပ်ခြင်း ငိုက်မျဉ်းခြင်း စကားပြောဆို၍လဲ မနေပဲ အမြိုက်သုဓာဘုတ်ကို သုံးဆောင်စားသောက်သော် ရောင့်ရဲတင်းတိမ်ခြင်းမရှိသကဲ့သို့ အလိုရှိသည်ဖြစ်၍ တရားနာရာတွင် နေအရုဏ်တက်သော်လဲ တရားနာလျက်ပင်တည်း၊ ဤသဘောကိုပင် ဓမ္မတာဟုဆိုလိုသည်။ ထို့အခါ သောတာပန်သည် အခြားသောတာပန်အားကဲ့သို့ ငါ့မှာလဲ ထိုသောတာပန် အားရှိတယ်လို့ သိကာသွားတယ်။

ဣဒမသ္မ ဆဋ္ဌံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။ဆဋ္ဌံ၊ ခြောက်ခုမြောက်သော သောတာပန်သည်။

တဖန် သောတာပန်မည်သည် အကြင်အားနှင့်ပြည့်စုံ၏၊ ငါ့မှာလဲ သောတာပန် အားရှိရဲလားဟု ဆင်ခြင်တယ်၊ ဗလအား ဆိုသည်မှာ သောတာပန်သည် မြတ်စွာဘုရား တရားတော်ကို ကြားနာရသော် အတ္ထဝေဒ မတုန်မလှုပ် ကြည်ညိုသော သဒ္ဓါတရားကို အာရုံပြုကာဝမ်းမြောက်ခြင်း သောမနဿ သောမနဿနှင့်ယှဉ်သော ဉာဏ်ဓမ္မဝေဒဓမ္မခေါ်

မတုန်မလှုပ် ကြည်ညိုသောသဒ္ဓါတရားကို အာရုံပြုကာ ဝမ်းမြောက်ခြင်း သောမနဿ သောမနဿနှင့်ယှဉ်သောဉာဏ်အတ္ထဓမ္မ အတ္ထဓမ္မတို့၏အကျိုး ဖြစ်သော ဝေဒကို ဆင်ခြင်လျက်ဖြစ်သော ပါမောဇ္ဇကို ရခြင်းကိုပင် သဘောမမှတာဆိုလိုသည်။

တနည်း အဝေစ္ဆပ္ပသာဒကို ဆင်ခြင်သောသူအား ဖြစ်သောဝမ်းမြောက်ခြင်း သောမနဿ သောမနဿနှင့်ယှဉ်သောဉာဏ်ကို အတ္ထဝေဒ၊ အဝေစ္ဆပသာဒ၏အကြောင်းဖြစ်သော ကိလေသာကို ပယ်ခြင်းကိုဆင်ခြင်သောသူအား ဖြစ်သောဝမ်းမြောက်ခြင်း သောမနဿ သောမနဿနှင့်ယှဉ်သောဉာဏ်ကို အတ္ထဝေဒ အဝေစ္ဆပသာဒ၏ အကြောင်းဖြစ်သော ကိလေသာကို ပယ်ခြင်းကို ဆင်ခြင်သောသူအား ဖြစ်သောဝမ်းမြောက်ခြင်း သောမနဿ သောမနဿနှင့်ယှဉ်သောဉာဏ်ကို ဓမ္မဝေဒဆိုသေး၏။ ထိုအခါ သောတာပန်သည် အခြားသော သောတာပန် အားကဲ့သို့ ငါ့မှာလဲ ထိုသောတာပန် အားရှိတယ်လို့သိကာ သွားပါတယ်။

ဣဒမဿ သတ္တမံ ဉာဏံ အဓိဂတံ ဟောတိ အရိယံ လောကုတ္တရံ အသာဓာရဏံ ပုထုဇ္ဇနေဟိ။ ။သတ္တမံ၊ ခုနစ်ခု မြောက်သော။

ဧဝံ သတ္တဂ်သမန္နာဂတော ခေါ ဘိက္ခဝေ အရိယသာဝကော သောတာပတ္တိဖလသမန္နာဂတော ဟောတိ။

ချစ်သားတို့ အမှန်မှာ ဤအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော အရိယသာဝကသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံတော့သည်ဆိုလိုသည်။

သောတာပန်သုံးမျိုး

ပုဂ္ဂလပညတ်စသော ပါဠိတော်များတွင် ကတမော စ ပုဂ္ဂလော သတ္တက္ခတ္တုပရမောစသည်ဖြင့် အရိယာပုဂ္ဂိုလ်များကို ဝေဘန်ကာ ဟောသော်လဲ ပါဠိကိုထုတ်မပြပဲ အဓိပ္ပါယ်ကိုသာပြမည်။

သတ္တက္ခတ္တုပရမသောတာပန်

သတ္တက္ခတ္တုံ၂ ပရမော ဧတဿာတိ သတ္တက္ခတ္တုပရမော-နှင့်အညီ-ဧတဿ၊ ထိုသူအား။ သတ္တက္ခတ္တုံ၂၊ ခုနစ်ကြိမ်။ ပရမော၊ အလွန်ဘဝတွင်

ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသည်။ သတ္တကမ္မတ္တုပရမော၊ ၏။

သောတာပန်သည် သတ္တကမ္မတ္တုပရမ, ကောလံကောလ, ကေဝိဇ်ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင် သတ္တကမ္မတ္တုပရမသည် လူ့ပြည်တွင်သာ ခုနစ်ကြိမ် ကျင်လည်၍ ရဟန္တာဖြစ်သော သတ္တကမ္မတ္တုပရမ, နတ်ပြည်တွင်သာ ခုနစ်ကြိမ်ကျင်လည်၍ ရဟန္တာဖြစ်သော သတ္တကမ္မတ္တုပရမ, လူ့ပြည်နတ်ပြည် ရောနှောသော ဘဝတွင်သာ ခုနစ်ကြိမ်ကျင်လည်၍ ရဟန္တာဖြစ်သော သတ္တကမ္မတ္တုပရမလို့ သုံးမျိုးရှိ၏။ ထို သုံးယောက်တို့တွင် ဘုံဘဝရောနှော သောအားဖြင့် မိဿကသတ္တကမ္မတ္တုပရမကိုသာ "သော သတ္တကမ္မတ္တံ၊ ဒေဝေ စ မနုဿေ စ သန္ဓာဝိတ္ထာ သံသရိတ္ထာ ဒုက္ခဿန္တံ ကရောတိ" ပါဠိတော်တွင် ယူရမည်လို့ အဋ္ဌကထာပြဆို၏။

မိဿကသတ္တကမ္မတ္တုပရမဆိုရာတွင်လဲ ဈာန်နှင့်အထက် မဂ္ဂဝိပဿနာ၏ အစွမ်းအာနုဘော်ကို မငဲ့ပဲ ဤကာမဘုံတွင်သာ ဈာန်ကင်းသော သုက္ခဝိပဿကဈာန်မှ လျှောကျတဲ့ သောတာပန်ကို ယူလေ။

တယောပိ ဣမေ သောတာပန္နာ ကာမဘဝေသေန ဝုတ္တာ၊
ရူပါရူပဘဝေ ပန ဗဟုကာပိ ပဋိသန္ဓိယော ဂဏ္ဍန္တိ။

(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

အဋ္ဌမံ ဘဝန္တိ ကာမဘဝေ အဋ္ဌမံ ပဋိသန္ဓိံ။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ရူပအာရူပဘုံတွင်မူကား များစွာသော ပဋိသန္ဓေတို့ကို ယူကာ နေနိုင်သည် ဆိုလိုသည်။ ကာမသုဂတိခုနစ်ဘုံတွင်သာ ခုနစ်ကြိမ်သော ဘဝအောက် အယုတ် တခုခုသောဘဝတွင်ငင်း ဤဘဝတွင်ငင်း အထက်မဂ်ကို ရသော သောတာပန်တို့အား ထိုသို့သော ဖြစ်ပုံအထူးသည် အထက်မဂ္ဂဝိပဿနာ၏အစွမ်းဖြင့် ပေါ်လာသည်၊ ယခုပစ္စုပ္ပန်ဘဝတွင် ဈာန်ကို ရ၍ ဗြဟ္မာ့ပြည်သို့ လားကြသွားကြသော သောတာပန်တို့အားငင်း ခုနစ်ကြိမ်သောဘဝတို့တွင် တခုခုသောဘဝ သိကြား အနာထပိဏ် ဝိသာခါ စသော ဥပါသကာ ဥပါသိကာမတို့ကဲ့သို့ ဈာန်ကိုရ၍ လားကြသွားကြသော သောတာပန်တို့အားငင်း ဗြဟ္မာ့ပြည်တွင်သာ သောတာပတ္တိမဂ်ကို ရ၍ ဗြဟ္မာ့ပြည်တွင်သာ ပရိနိဗ္ဗာန်စံကြသော သောတာပန်တို့အားငင်း ထိုသို့သော ဖြစ်ပုံအထူးသည် မဟဂ္ဂတ်ဈာန်၏အစွမ်းဖြင့် ပေါ်လာသည်။

ဣတော သတ္တာ တတော သတ္တာ၊သံသာရာနိ စတုဒ္ဒသ။ (ဇနဝသဘသုတ်)

ဣတော၊ ဤလူဘုံတွင်။ သတ္တာ၊ ခုနစ်ကြိမ်ကုန်သော။ သံသာရာနိ၊ ကျင်လည်သောဘဝတို့ရင်း။ တတော၊ ထိုနတ်ဘဝတွင်။ သတ္တာ၊ ခုနစ်ပါး ကုန်သော။ သံသာရာနိ၊ တို့ရင်း။ ဣတိ၊ ဤသို့။ စတုဒ္ဒသ၊ တဆဲ့လေးဘဝ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သစေ ဥဒါယိ အာနန္ဒော အဝီတရာဂေါ ကာလံ ကရေယ္ယ၊ တေန စိတ္တပသာဒေန သတ္တက္ခတ္တုံ ဒေဝေသု ဒေဝရဇ္ဇံ ကရေယ္ယ၊ သတ္တက္ခတ္တုံ ဣမသ္မိံ ယေဝ ဇမ္ဗုဒီပေ မဟာရဇ္ဇံ ကရေယ္ယ၊ အပိ စ ခေါ ဥဒါယိ အာနန္ဒော ဒိဋ္ဌေဝ ဓမ္မေ ပရိနိဗ္ဗာယိဿတိ။
(တိကနိပါတ်အင်္ဂုတ္တိရ်)

မြန်မာပြန်။ ဥဒါယိ အာနန္ဒာကား ရဟန္တာမဖြစ်ပဲ အကယ်၍ ပြန်တော်မူခဲ့သော် ထိုသို့ စိတ်ကြည်ညိုခြင်းကြောင့် ခုနစ်ကြိမ် နတ်ပြည်တွင် နတ်မင်းဖြစ်ရ၏၊ ခုနစ်ကြိမ် ဇမ္ဗူဒိပ်တွင်သာ မင်းကြီးဖြစ်ရ၏။ ဥဒါယိ အာနန္ဒာကား မင်းဖြစ်ခွင့်ရှိသော်လဲ ယခုဘဝတွင် ပရိနိဗ္ဗာန်စံရလိမ့်မည်။

ဤပါဠိတော်များကို ထောက်ဆ၍ ဒေဝ စ ဖြင့် ကာမဘဝတွင် ခုနစ်ကြိမ် ဥပပါတ် ပဋိသန္ဓေ, သတ္တက္ခတ္တုံ မနုဿ စ ဖြင့် ခုနစ်ကြိမ် ဂဗ္ဘသေယျကပဋိသန္ဓေနေတယ်လို့ ယူသော ကေစိဆရာတို့က သတ္တက္ခတ္တု ပရမသောတာပန်အား ကာမဘုံတွင် တဆဲ့လေးကြိမ် ပဋိသန္ဓေနေတယ်လို့ ယူကြ၏။ ထိုသို့ ဆိုသော်လဲ ဝိဘင်းအဋ္ဌာနသုတ်များတွင်—

အဋ္ဌာနမေတံ အနဝကာသော၊ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေယ္ယ၊ နေတံ ဌာနံ ဝိဇ္ဇတိ·ဟူ၍ဂင်း

အဂ်ုတ္တိရ် ဆက္ကနိပါတ်တွင်—

အဘဗ္ဗော ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အဋ္ဌမံ ဘဝံ နိဗ္ဗတ္တေတုံ·ဟူ၍ဂင်း

စူဠနိဒ္ဒေသအဇိတပဉ္ဉာတွင်—

သောတာပတ္တိမဂ္ဂဉာဏေန အဘိသင်္ခါရဝိညာဏဿ နိရောဓေန သတ္တာဘဝေ ဌပေဘ့ဂ္ဂာ အနုမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယ္ယုံ

နာမဥ္စ ရူပဥ္စ၊ ဇတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိ-
ပဿမ္ဘန္တိ ဟူ၍ဂင်း

ခိုင်ခန့်စွာ ဟောကြားတော်မူသောကြောင့် သတ္တက္ခတ္တုပရမအား ကာမဘုံ
တွင် ခုနစ်ကြိမ်သာ ပဋိသန္ဓေနေတယ်လို့ယူရာသတည်း။

ဇနဝသဘသုတ် တိကနိပါတ်ပါဠိတော်တို့ကိုကား သူအကြောင်း
သူပရိယာယ် အဓိပ္ပါယ်လာတဲ့ ဒေသနာမျိုးသာ ဖြစ်တယ်ယူရာ၏။

ကောလံကောလသောတာပန်

ကုလတော ကုလံ ဂစ္ဆတိတိ ကောလံကောလော-ပြု၍ ယော၊ သည်။ ကုလတော၊ ဘဝတခုမှ။ ကုလံ၊ ဘဝတခုသို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော၊ သည်။ ကောလံကောလော၊ ကောလံ-ကောလမည်၏။

နှစ်ခုမြောက်သော ဘဝမှစ၍ ခြောက်ခုမြောက်သော ဘဝတိုင်အောင် နတ်လူရောနှောသည်၏ အစွမ်းဖြင့် ကျင်လည်ကာ ပရိနိဗ္ဗာန်ပြုသော သောတာပန်ကို ကောလံကောလသောတာပန်ဆို၏။ "ဒွေ ဝါ တိက္ခတ္တုံ ဝါ" ဟူသော ဒေသနာသည် ဒေသနာအမြွက်မျှသာ။

ကေဝဋ္ဋိသောတာပန်

ကေ ဝိဇံ ယဿာတိ ကေဝဋ္ဋိ-ပြု။ ။ယဿ၊ အကြောင်သောတာပန်အား။ ကေ၊ တခုသော။ ဝိဇံ၊ ခန္ဓာတည်းဟူသောမျိုးစေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ ကေဝဋ္ဋိ၊ ကေဝဋ္ဋိမည်၏။

သောတာပန်ဖြစ်ပြီးနောက် တဘဝတွင်သာ ကျင်လည်၍ ပရိနိဗ္ဗာန်ပြုသော သောတာပန်ကို ကေဝဋ္ဋိသောတာပန်ဆို၏။ လူဘဝဖြစ်စေ နတ်ဘဝဖြစ်စေ တဘဝသာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံသည် ဆိုလိုသည်။ "မာနုသကံ ဘဝံ" ဟူသော ဤစကားလည်း ဒေသနာအမြွက်မျှသာ။

သကဒါဂါမ် အကြောင်း
သကဒါဂါမ်ခြောက်မျိုး

သကိံ ဒေဝ ပဋိသန္ဓိဝသေန ကာမဘဝံ အာဂစ္ဆတိတိ သကဒါဂါမီ။ ယော၊ အကြောင်အရိယာသည်။ သကိံ ဒေဝ၊ တကြိမ်သာ။ ပဋိသန္ဓိ-ဝသေန၊ ပဋိသန္ဓေ၏အစွမ်းဖြင့်။ ကာမဘဝံ၊ ကာမဘုံသို့။ အာဂစ္ဆတိ၊

လာတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ သကဒါဂါမီ၊ သကဒါဂါမ်မည်၏။

သကဒါဂါမ်သည် ဣမ ပတ္ထာ ဣမ ပရိနိဗ္ဗာယီ=ဤလူ့ဘုံတွင် သကဒါဂါမိဖိုလ်ကိုရပြီးလျှင် ဤလူဘုံတွင် ပရိနိဗ္ဗာန်စံသူ, ဣမ ပတ္ထာ တတ္ထ ပရိနိဗ္ဗာယီ=ဤလူ့ဘုံတွင် သကဒါဂါမိဖိုလ်ကို ရပြီးလျှင် ထိုနတ်ဘုံတွင် ပရိနိဗ္ဗာန်စံသူ, တတ္ထ ပတ္ထာ တတ္ထ ပရိနိဗ္ဗာယီ=ထိုနတ်ဘုံတွင် သကဒါဂါမိဖိုလ်ကိုရပြီးလျှင် ထိုနတ်ဘုံတွင် ပရိနိဗ္ဗာန်စံသူ, တတ္ထ ပတ္ထာ ဣမ ပရိနိဗ္ဗာယီ=ထိုနတ်ဘုံတွင် သကဒါဂါမိဖိုလ်ကိုရပြီးလျှင် ဤလူ့ဘုံတွင် ပရိနိဗ္ဗာန်စံသူ, ဣမ ပတ္ထာ တတ္ထ နိဗ္ဗတ္တိတ္ဝာ ဣမ ပရိနိဗ္ဗာယီ=ဤလူ့ဘုံတွင် သကဒါဂါမိဖိုလ်ရပြီးလျှင် ထိုနတ်ပြည်တွင်ဖြစ်၍ ဤလူ့ဘုံတွင် ပရိနိဗ္ဗာန်စံသူ ဟူ၍ ငါးမျိုးရှိ၏။ ထိုတွင် ငါးယောက်မြောက်သော ဤပုဂ္ဂိုလ်ကိုသာ သကိဒေဝ ဣမံ လောကံ စသော ပါဠိတွင် ယူရမည်။ ကြွင်းသောပုဂ္ဂိုလ် တို့ကား သကဒါဂါမိသဒ္ဒါ၏ အစ္ဈမ်းသတ္တိ အတ္ထာပတ္တိနည်းမျိုးဖြင့် ယူနိုင်၏။

မဟာပရိနိဗ္ဗာနသုတ် မဟာဝဂ္ဂသံယုတ်အဋ္ဌကထာတို့၌ကား တတ္ထ ပတ္ထာ ဣမ နိဗ္ဗတ္တိတ္ဝာ တတ္ထ ပရိနိဗ္ဗာယီ=ထိုနတ်ဘုံတွင် သကဒါဂါမိဖိုလ်ကိုရပြီးလျှင် ဤလူ့ဘုံတွင် ဖြစ်၍ ထိုနတ်ဘုံတွင် ပရိနိဗ္ဗာန်စံသူ ခြောက်ယောက်မြောက်ပုဂ္ဂိုလ်ကိုလည်း ယူရမည်လို ပြသေး၏။ ပုဂ္ဂလပညတ်အဋ္ဌကထာတွင်မူကား ဣမံ လောကံတွင် ဤလူ့လောကကို ယူရမည်ဟူ၍ဂင်း အထူးမပြ သာမညသာတ္ထရ၏။ ထို့ကြောင့် အလားတူ ခြောက်ယောက်မြောက်သော ပုဂ္ဂိုလ်ကို သင်းယူ၍ ကာမာဝစရလောကကိုသာ ယူစေတော်မူလိုသည်လို မှတ်ရာသတည်း။

သို့မှသာ ဂင်္ဂါရေနှင့် ယမုနာရေ ရောကာသွားသကဲ့သို့ ညီညွတ်ကာ သွားမည်၊ ဗျာန်၏အစ္ဈမ်းအာနုဘော်ကင်းသူ သကဒါဂါမ်ကိုသာ ပြဆို၏။

အနာဂါမ်အကြောင်း

သကိဒေဝ ဣမံ လောကံ အာဂန္ဆာ ပဋိသန္ဓိဝသေန ဣမံ ကာမလောကံ နာ အာဂစ္ဆတီတိ အနာဂါမီ-ပြု။ ။ယော၊ အကြင်သူသည်။

သကိဒေဝ-သကိ ဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤကာမလောကသို့။ အာဂန္ဆာ၊ လာ၍။ ဣမံ ကာမလောကံ၊ ဤကာမဘုံသို့။ ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ၏အစွမ်းဖြင့်။ န အာဂစ္ဆတိ၊ မလာတတ်။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ အနာဂါမီ၊ အနာဂါမ်မည်၏။ ငါးမျိုးသော သြရမ္ဘာဂိယသံယောဇဉ်တို့ကို ပယ်သောကြောင့် ပဋိသန္ဓေ၏အစွမ်းဖြင့် ဤကာမဘုံသို့ မလာတော့ပဲ သုဒ္ဓါဝါသပြဟ္မာဘုံတွင်သာ ပရိနိဗ္ဗာန်စံရာရှိသော အရိယာကို အနာဂါမ်ဟုဆိုလိုသည်။

အနာဂါမ်ငါးမျိုး

ထိုအနာဂါမ်သည် အန္တရာပရိနိဗ္ဗာယီ ဥပဟစ္စပရိနိဗ္ဗာယီ အသင်္ခါရပရိနိဗ္ဗာယီ သသင်္ခါရပရိနိဗ္ဗာယီ ဥဒ္ဓံသောတအကနိဋ္ဌဂါမီဟူ၍ ငါးမျိုးရှိ၏။ ထိုငါးမျိုးတို့တွင် အန္တရာပရိနိဗ္ဗာယီသည် ဖြစ်သည်၏အခြားမဲ့တွင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုဖြစ်စေ၍ ပရိနိဗ္ဗာန်စံသော အန္တရာပရိနိဗ္ဗာယီ, သက်တန်းအလယ်သို့မရောက်မီ ပရိနိဗ္ဗာန်စံသော အန္တရာပရိနိဗ္ဗာယီ, သက်ဘန်းအလယ်သို့ရောက်ကာမှ ပရိနိဗ္ဗာန်စံသော အန္တရာပရိနိဗ္ဗာယီ သုံးမျိုးရှိ၏။ သုဒ္ဓါဝါသဘုံအားလျော်စွာ သက်တန်းအလယ်ကိုလွန်၍ တခုခုသော ကမ္ဘာအရာတွင် ပရိနိဗ္ဗာန်စံသော အနာဂါမ်ကို ဥပဟစ္စပရိနိဗ္ဗာယီခေါ်ဆို၏။ သင်္ခါရပယောပကင်းလျက် လွန်စွာအားထုတ်ခြင်းကိုမပြုပဲ ပရိနိဗ္ဗာန်စံသော အနာဂါမ်ကို အသင်္ခါရပရိနိဗ္ဗာယီခေါ်ဆို၏။ သင်္ခါရနှင့်မကင်းမူ၍ လွန်စွာအားထုတ်ခြင်းပြုကာ နိဗ္ဗာန်စံသော အနာဂါမ်ကို သသင်္ခါရပရိနိဗ္ဗာယီ ခေါ်၏။ အထက်ဘုံတွင် ရောက်အပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်လဲရှိ အကနိဋ္ဌဘုံသို့ရောက်လဲ ရောက်ရသော အနာဂါမ်ကို ဥဒ္ဓံသောတအကနိဋ္ဌဂါမီခေါ်ဆို၏၊ ဤအနာဂါမ်သည် အဝိဟာစသော သုဒ္ဓါဝါသလေးဘုံတွင် ဖြစ်ခဲ့ပြီး၍ အကနိဋ္ဌဘုံသို့သွားကာ ပရိနိဗ္ဗာန်စံသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီ, အဝိဟာစသော သုဒ္ဓါဝါသသုံးဘုံတွင် ဖြစ်ခဲ့ပြီး၍ သုဒဿီဘုံသို့သွားကာ ပရိနိဗ္ဗာန်စံသော ဥဒ္ဓံသောတနအကနိဋ္ဌဂါမီ, ဤကာမဘုံမှ အကနိဋ္ဌဘုံသို့သာ သွား၍ ပရိနိဗ္ဗာန်စံသော နဥဒ္ဓံသောတအကနိဋ္ဌဂါမီ, အဝိဟာစသော သုဒ္ဓါဝါသလေးဘုံတို့တွင် တဘုံဘုံမှာ ပရိနိဗ္ဗာန်စံသော နဥဒ္ဓံသောတနအကနိဋ္ဌဂါမီ

ဟူ၍ လေးမျိုးရှိ၏။ ဤလေးမျိုးသော အနာဂါမ်အပြားကိုကား သုဒ္ဓါဝါသဘုံကိုစွဲမှီ၍သာ ဆိုပေသည်။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရူပရာဂ အရူပရာဂတို့ကို မပယ်ရသေးသောကြောင့် ကြွင်းသော ရူပအရူပဘုံများတွင်လဲ ဖြစ်နိုင်ကြသည်၊ သုဒ္ဓါဝါသဘုံတွင် ဖြစ်ကြသော အနာဂါမ်တို့ကား တခြားဘုံတွင် မဖြစ်ကြတော့ပြီ။

အနာဂါမိနော ပန ရူပရာဂါရူပရာဂါနံ အပ္ပဟီနတ္တာ အာကာခ်-မာနာ သေသရူပါရူပဘဝေသုပိ နိဗ္ဗတ္တန္တိ၊ သုဒ္ဓါဝါသေ နိဗ္ဗတ္တာ ပန အညတ္ထ နိဗ္ဗတ္တန္တိ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ရဟန္တာအကြောင်း

အရဃော ဟနိ ဝိဟနိတိ အရဟာ။ ယော၊ သည်။ အရဃော၊ ကိလေသာ တည်းဟူသော ရန်သူတို့ကို။ ဟနိ ဝိဟနိ၊ ဖျက်ဆီးသတ်တော်မူပြီ။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုအရိယာသည်။ အရဟာ၊ အရဟာမည်တော်မူ၏။ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာကိလေသာတို့ကို အကြွင်းမရှိ ပယ်နိုင်သော အရိယာကို အရဟာ=ရဟန္တာပုဂ္ဂိုလ် ခေါ်ဆို၏။

အရိယာ ကိုးဆဲ့ခြောက်ယောက်

သောတာပန်ကား နှစ်ဆဲ့လေး, သကဒါဂါမ်ကား တဆဲ့နှစ်, အနာဂါမ်ကား လေးဆဲ့ရှစ်, အရဟာ ရဟန္တာကား တဆဲ့နှစ်၊ ဤသို့ အရိယာကိုးဆဲ့ခြောက်ယောက်ရှိတယ်လို့ အဋ္ဌကထာများတွင် မိန့်ဆိုကြ၏။

သတ္တက္ခတ္တုပရမ, ကောလံကောလ, ဧကဗီဇီ သုံးယောက်ကို သဒ္ဓါဓိမုတ္တပညာဓိမုတ္တနှစ်နှင့်မြောက်သော် ခြောက်ယောက်၊ ၎င်းကို ပဋိပဒါလေးပါးနှင့် မြောက်သော် သောတာပန် နှစ်ဆဲ့လေးယောက်ဖြစ်၏။

သကဒါဂါမ်ကို သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ သုံးပါးနှင့်မြောက်သော် သုံးယောက်၊ ၎င်းကို ပဋိပဒါလေးပါးနှင့် မြောက်သော် သကဒါဂါမ် တကျိပ်နှစ်ယောက်ဖြစ်၏။

အနာဂါမ်လေးဆဲ့ရှစ်ယောက်ကား အဝိဟာဘုံတွင် အန္တရာပရိနိဗ္ဗာယီသုံး,ဥပဟစ္စပရိနိဗ္ဗာယီတစ်,ဥဒ္ဓံသောတအကနိဋ္ဌဂါမီတစ်ပေါင်းငါးယောက်၊

ၚင်းကို အသခ်ါရပရိနိဗ္ဗာယီ သသခ်ါရပရိနိဗ္ဗာယီ နှစ်နှင့်မြောက်သော် အနာဂါမ်တဆယ်၊ ထို့အတူ အတပ္ပါ သုဒဿာ သုဒဿီဘုံများတွင်လဲ တဆယ်စီ ပေါင်းလေးဆယ်၊ အကနိဋ္ဌဘုံတွင် ဥဒ္ဓံသောတမရှိ၍ အနာဂါမ် ပေါင်းသော် အနာဂါမ် လေးဆဲ့ရှစ်ယောက် ဖြစ်သတည်း။

အရဟာ=ရဟန္တာကို ဝိမောက္ခသုံးပါးနှင့်မြောက်သော် သုံးယောက်၊ ၚင်းကို ပဋိပဒါလေးပါးနှင့်မြောက်သော် ရဟန္တာတကျိပ်နှစ်ယောက်ဖြစ်၏။ အားလုံးပေါင်းသော် ကိုးဆဲ့ခြောက်ယောက် ဖြစ်သတည်း။

အရိယာတရာ့ရှစ်ယောက်ရေတွက်ပုံ

ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ ရတနသုတ်လာ အရိယာတရာ့ရှစ်ယောက် ရေတွက်ပုံကား သတ္တက္ခတ္တုပရမ ကောလံကောလ ဧကဗီဇီ သောတာပန်သုံးယောက်၊ ကာမ ရူပ အရူပဘုံတွင် သကဒါဂါမိဖိုလ်ကို ရသော သကဒါဂါမ်သုံးယောက်၊ ၚင်းခြောက်ယောက်ကို ပဋိပဒါလေးပါးနှင့် မြောက်သော် အရိယာနှစ်ဆဲ့လေးယောက်၊ အဝိဟာဘုံတွင် အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, အသခ်ါရပရိနိဗ္ဗာယီ, သသခ်ါရပရိနိဗ္ဗာယီ, ဥဒ္ဓံသောတအကနိဋ္ဌဂါမီ ပေါင်းအနာဂါမ် ငါးယောက်၊ ထို့အတူ အတပ္ပါ သုဒဿာ သုဒဿီဘုံများတွင် ငါးယောက်စီ၊ အကနိဋ္ဌဘုံတွင် ဥဒ္ဓံသောတကြည် အနာဂါမ်လေးယောက်၊ ပေါင်းသော် အနာဂါမ် နှစ်ဆဲ့လေးယောက်၊ သုက္ခဝိပဿက သမထယာနိက ရဟန္တာနှစ်ယောက် မဂ္ဂဋ္ဌာန်လေးယောက်၊ အားလုံးပေါင်းသော် ငါးဆဲ့လေးယောက်၊ ၚင်းကို သဒ္ဓါဓိမုတ္တ ပညာဓိမုတ္တ နှစ်ပါးနှင့်မြောက်သော် အရိယာတရာ့ရှစ်ယောက် ဖြစ်သတည်း။ ဤပုံသုတ္တနိပါတ် အဋ္ဌကထာတွင် ရေတွက်ကာ ပြသေး၏။

မဂ်အသီးသီးပယ်အပ်သောကိလေသာများ

ဤမဂ်က ဤကိလေသာကို ပယ်သည်၊ ဤပုဂ္ဂိုလ်က ဤကိလေသာကို ပယ်သည်၊ ဤသို့ပိုင်းခြား၍ သိရန်အကျိုးငှါ ရေးပြမည်။

သောတာပတ္တိမဂ္ဂေန သက္ကာယဒိဋ္ဌိစိကိစ္ဆာသီလဗ္ဗတပရာ-
မာသော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော အတ္တနော စိတ္တသ
ဥပက္ကိလေသာ သမူ သမုစ္ဆိန္နာ ဟောန္တိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

မြန်မာပြန်။ သောတာပတ္တိမဂ်က မိမိစိတ်ကို ညစ်နွမ်းစေတတ်သော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ ကိလေသာသံယောဇဉ်များကို အကြွင်းမဲ့သတ်ပစ်သည်။ ကေဋ္ဌ=တယောက် သောပုဂ္ဂိုလ် တခုသော စိတ်၌ တည်သော တရားသည် — ပဟာနေကဋ္ဌ= ပယ်အပ်သည်၏အစုမ်းဖြင့် တယောက်သောပုဂ္ဂိုလ်တွင်တည်သော တရား, သဟဇေကဋ္ဌ = အတူတကွ ဖြစ်သည်၏အစုမ်းဖြင့် တခုသောစိတ်တွင် တည်သော တရား၊ ဤသို့ နှစ်ပါးရှိ၏။

ထို့တွင် ဒိဋ္ဌိ ကိလေသာကို အကြွင်းမဲ့ ပယ်သတ်သော သောတာပတ္တိမဂ်က ကြွင်းအပါယ်သို့ ကျရောက်စေတတ်သော လောဘ ဒေါသစသော ကိလေသာကိုးပါးတို့ကို ဒိဋ္ဌိနှင့်အတူတကွ ပဟာနေကဋ္ဌဖြစ်၍ ပယ်သတ်သည်၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုကို ပယ်သတ်သော သောတာပတ္တိမဂ်က ဒိဋ္ဌိနှင့်အတူတကွဖြစ်သော လောဘ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ထိန မိဒ္ဓတို့ကိုလည်း သဟဇေကဋ္ဌဖြစ်၍ ပယ်သတ်သည်။ အကြွင်းကို နည်းတူသိလေ။

သောတာပတ္တိမဂ္ဂေါ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသာ ဒိဋ္ဌာနုသယာ ဝိစိကိစ္ဆာနုသယာ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ (၎င်း)

မြန်မာပြန်။ သောတာပတ္တိမဂ်သည် သြရမ္ဘာဂိယ အောက်အဖို့တွင် ကျရောက်စေတတ်သော သက္ကာယဒိဋ္ဌိစသော ကိလေသာသံယောဇဉ်မှုၚင်း ဒိဋ္ဌိဝိစိကိစ္ဆာ နောက်လိုက်ဖြစ်ကြသော ကိလေသာရှစ်ပါး တထောင့်ငါးရာ ကိလေသာအမျိုးတို့မှုၚင်း အပါယ်ခန္ဓာတို့မှုၚင်း ကျွတ်လွတ်သွားတော့၏၊ နိဗ္ဗာန်မှအပ အလုံးစုံသော သင်္ခါရနိမိတ် အရိပ်အရောင်မှလဲ ထမြောက်၍ သွားတော့သည်။

သကဒါဂါမိမဂ္ဂေန သြဠာရိကံ ကာမရာဂသံယောဇနံ ပဋိဃသံယောဇနံ သြဠာရိကော ကာမရာဂါနုသယော ပဋိဃာနုသယော အတ္တနော စိတ္တသ ဥပက္ကိလေသာ သမ္မာ သမုစ္ဆိန္နာ ဟောန္တိ။ (၎င်း)

သကဒါဂါမိမဂ်က မိမိစိတ်ကို ညစ်နွမ်းစေတတ်သော ရုန့်ရင်းကြမ်းတမ်းတဲ့ ကာမရာဂ ပဋိဃသံယောဇဉ် ကာမရာဂါနုသယ ပဋိဃာနုသယ ကိလေသာသံယောဇဉ်တို့ကို အကြွင်းမဲ့ သတ်ပစ်သည်။

သကဒါဂါမိမဂ္ဂါ သြဠာရိကာ ကာမရာဂသညောဇနာ ပဋိဃ-သညောဇနာ သြဠာရိကာ ကာမရာဂါနုသယာ ပဋိဃာနုသယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ (၎င်း)

သကဒါဂါမိမဂ်သည် ရုန့်ရင်းကြမ်းတမ်းတဲ့ ကာမရာဂါနုသယ ပဋိဃာနုသယနှစ်ပါး ထိုနောက်သို့ အစဉ်လိုက်သော ကိလေသာ ကာမသုဂတိဘုံ ခန္ဓာတစိတ်မှ ကျုတ်လွှတ်ကာ သွားတော့၏၊ နိဗ္ဗာန်မှအပ အလုံးစုံသော သင်္ခါရနိမိတ် အရိပ်အရောင်မှလဲ ထမြောက်၍ သွားတော့၏။

အနာဂါမိမဂ္ဂေန အနုသဟဂတံ ကာမရာဂသညောဇနံ ပဋိဃ-သညောဇနံ အနုသဟဂတော ကာမရာဂါနုသယော ပဋိဃာ-နုသယော အတ္တနော စိတ္တသ ဥပက္ကိလေသာ သမ္မာ သမုစ္ဆိန္နာ ဟောန္တိ။ (၎င်း)

အနာဂါမိမဂ်က မိမိစိတ်ကို ညစ်နွမ်းစေတတ်သော ကာမရာဂါနုသယ ပဋိဃာနုသယနှစ်ပါးကို အကြွင်းမဲ့ သတ်ပစ်သည်။

အနာဂါမိမဂ္ဂါ အနုသဟဂတာ ကာမရာဂသညောဇနာ ပဋိဃ-သညောဇနာ အနုသဟဂတာ ကာမရာဂါနုသယာ ပဋိဃာနုသယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ (၎င်း)

အနာဂါမိမဂ်သည် သိမ်မွေ့ နူးညံ့သော ကာမရာဂါနုသယ ပဋိဃာနုသယနှစ်ပါး ထိုနောက်သို့ အစဉ်လိုက်သော ကိလေသာကာမ ခန္ဓာမှ လုံးဝ ကျုတ်လွှတ်ကာသွားတော့၏၊ နိဗ္ဗာန်မှအပ အလုံးစုံသော သင်္ခါရနိမိတ် အရိပ်အရောင်မှ ထမြောက်သွားတော့၏။

အရဟတ္တမဂ္ဂေန ရူပရာဂေါ အရူပရာဂေါ မာနော ဥဒ္ဓစ္စံ အဝိဇ္ဇာ မာနာနုသယော ဘဝရာဂါနုသယော အဝိဇ္ဇာနုသယော အတ္တနော စိတ္တသ ဥပက္ကိလေသာ သမ္မာ သမုစ္ဆိန္နာ ဟောန္တိ။ (၎င်း)

အရဟတ္တမဂ်က ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ ကိလေသာသံယောဇဉ်တို့ကို အကြွင်းမဲ့ သတ်ပစ်သည်။

အရဟတ္တမဂ္ဂါ ရူပရာဂါ အရူပရာဂါ မာနာ ဥဒ္ဓစ္စာ အဝိဇ္ဇာယ မာနာနုသယာ ဘဝရာဂါနုသယာ အဝိဇ္ဇာနုသယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။ (၎င်း)

အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယမှၢင်း ထိုနောက်သို့ အစဉ်လိုက်သော ကိလေသာ အလုံးစုံသောဘုံခန္ဓာမှၢင်း ကျတ်ကာသွားတော့၏၊ နိဗ္ဗာန်မှ အပ အလုံးစုံသော သင်္ခါရနိမိတ် အရိပ်အရောင်မှ ထမြောက်၍သွားတော့သတည်း။

မဂ်အနုသယပယ်သည်ဆိုရာ၌ ဥပမာ

မဂ္ဂဉာန်ပုဂ္ဂိုလ်၏မဂ်သည် အနုသယ ကိလေသာ သံယောဇဉ်များကို ပယ်သတ်သည်ဆိုရာတွင် အတိတ်ချုပ်ကွယ်ပြီး ကိလေသာတို့ကို ပယ်သတ်သလော၊ သို့မဟုတ် အနာဂတ်နှင့် ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်သတ်သလော မေးရန်ရှိသည်၊ အတိတ်ကိလေသာကို ပယ်သတ်တယ်ဆိုက မရှိတဲ့ကိလေသာကို ပယ်သတ်တယ်ဆိုရာရောက်တယ်၊ ထို့ကြောင့် အတိတ်ကိလေသာကို ပယ်သတ်သည်မဟုတ်။ အနာဂတ် ကိလေသာကို ပယ်သတ်တယ်ဆိုက ပစ္စုပ္ပန်၏အဖြစ်ဖြင့် ထင်ရှားစွာ မဖြစ်တဲ့ မရှိတဲ့ ကိလေသာကို ပယ်သတ်တယ်ဆိုရာရောက်တယ်။ ထို့ကြောင့် အနာဂတ် ကိလေသာကိုလည်း ပယ်သတ်သည်မဟုတ်။ ပစ္စုပ္ပန်ကိလေသာကို ပယ်သတ်တယ်ဆိုက တပ်နှစ်သက်သောသူသည် ရာဂကိုပယ်တယ် အမျက်ထွက် ဒေါသကြီးသောသူသည် ဒေါသကို ပယ်တယ်ဆိုရာရောက်သောကြောင့် မဂ္ဂဘာဝနာလဲ့ကိလေသာနှင့်ယှဉ်တဲ့ အတူဖြစ်ရာရောက်တယ်၊ ထို့ကြောင့် ပစ္စုပ္ပန်ကိလေသာကိုလည်း ပယ်သတ်သည်မဟုတ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိလေသာတို့ကို မပယ်သတ်နိုင်က မဂ္ဂဘာဝနာလဲမဖြစ်၊ ဓမ္မာဘိသမယသစ္စဲာလေးပါးကို ထိုးထွင်း၍ သိခြင်းလဲမရှိမှတ်ရာပါသလော မေးရန်ရှိ၏။

မဂ္ဂဘာဝနာလဲဖြစ်တယ်၊ ဓမ္မာဘိသမယ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းလဲရှိတယ်၊ ရှိပုံကား တယောက်သောယောကျ်ားသည် အသက်ငယ်ရွယ်နုနယ်လှ၍ အသီးမသီးသေးတဲ့ သရက်ပင်၏အမြစ်ကို ခုတ်လှဲး၍ ထားပါတယ်၊ ထိုသို့ အမြစ်ကိုခုတ်လှဲး၍ပစ်သောကြောင့် သရက်ပင်သည်

အသီး သီးနိုင်သော စွမ်းရည်သတ္တိရှိသော်လဲ အသီး မသီးနိုင်ပဲ မသီးတော့ပဲ ဖြစ်သကဲ့သို့ ထို့အတူ ပစ္စုပ္ပန်ဘဝတွင် ဥပပါဒ ပဝတ္တ နိမိတ္တ အာယူဟန ရုပ်နာမ်ခန္ဓာတွင် အနုပဿနာ သုံးပါးဖြင့် အပြစ်ထင်မြင် မခင်မင်လှသော ကြောင့် အနုပါဒ အပဝတ္တ အနိမိတ္တ အနာယူဟနဖြစ်သော နိဗ္ဗာန်တွင် မဂ်စိတ်ပြေးဝင် တည်နေပါတယ်၊ ထို့နိဗ္ဗာန်တွင် မဂ်စိတ်ပြေးဝင်ကာ တည်နေသောကြောင့် ဥပပါဒ ပဝတ္တ နိမိတ္တ အာယူဟန ရုပ်နာမ်ခန္ဓာတို့သည် ကိလေသာသီး မသီးပဲ ဖြစ်သွားပါတယ်။

ဤပုံ ကိလေသာသီးတို့၏ အကြောင်းမျိုးစေ့ဖြစ်သော ရုပ်နာမ်ခန္ဓာ အစဉ်မဖြစ်ပဲ ချုပ်ကွယ်ခြင်းကြောင့် အနာဂတ်ခန္ဓာဝဋ်ဒုက္ခ၏ အကြောင်း ဖြစ်သော ကိလေသာတို့မဖြစ်ပဲ ချုပ်ကွယ်ကာသွားပါသည်။ ဤပုံအနာဂတ် ခန္ဓာ ဝဋ်ဒုက္ခ၏ အကြောင်းဖြစ်သော ကိလေသာတို့ ချုပ်ကွယ်သဆုံး ခြင်းကြောင့် အနာဂတ်ခန္ဓာ ဝဋ်ဒုက္ခလဲ ချုပ်ကွယ်သဆုံးသွားတော့သည်။

ဤပုံ ကိလေသာကို ပယ်သတ်ခြင်း၏ ထင်ရှားရှိသောကြောင့်သာ အတ္ထိ မဂ္ဂင်္ဂဝနာ၊ မဂ္ဂင်္ဂဝနာလဲ ထင်ရှားရှိသည်။ အတ္ထိ ဖလသစ္ဆိ-ကိရိယာ၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်းလဲ ထင်ရှားရှိသည်။ အတ္ထိ ကိလေ-သပ္ပဟာနံ၊ ကိလေသာကို ပယ်သတ်ခြင်းလဲ ထင်ရှားရှိသည်။ အတ္ထိ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိခြင်းလဲ ထင်ရှား ရှိသတည်း။ ဤကား အရှင်သာရိပုတ္တရာဟောပုံတည်း။

တနည်း မြေကောင်းရေကောင်းရာအရပ်တွင် ငယ်ငယ်ရွယ်ရွယ်နုနယ် သော သရက်ပင်သည် သရက်သီး သီးကာ နေပါတယ်။ လူတို့သည် သရက် ပင်၏ သရက်သီးကို သုံးဆောင်စားသောက်ကြပါကုန်တယ်၊ ကြွင်းကျန် သော သရက်သီးများကိုလဲ တောင်းအပြည့်ထည့်၍ ယူသွားကြပါကုန်တယ်၊ ထို့အခါ တယောက်သောယောကျ်ားသည် ထိုသရက်ပင်ကို ပုဆိန် လှဲသွား တို့ဖြင့် တိုက်ဖြတ်ပစ်ပါတယ်။ ထိုယောကျ်ားသည် သရက်ပင်၏ကြွက်ပြီး သရက်သီးတို့ကို ဖျက်ဆီးသည်မဟုတ်၊ မသီးသေးတဲ့ အနာဂတ်သရက်သီး တို့ကိုလဲ ဖျက်ဆီးသည်မဟုတ်၊ ဖျက်ဆီးသောအခါ မရှိတဲ့ ပစ္စုပ္ပန်သရက်သီး တို့ကိုလဲ ဖျက်ဆီးသည်မဟုတ်၊ သရက်ပင်ကို အကယ်၍ မတိုက်မဖြတ်ခဲ့သော် မြေအဆီအစေး ရေအဆီအစေးများကိုမှီ၍ သီးမည့်သရက်သီးကိုသာ ဖျက်ဆီးသည်။ ထို့သရက်သီးတို့ကား ထင်ရှားစွာ မပေါ်လာပဲဖြစ်၍

ထင်ရှားစွာမပေါ်လာပဲ ဖြစ်ကုန်သည်သာတည်း။ ထို့အတူ မင်္ဂသည် အတိတ်အနာဂတ် ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်တယ်လို့လဲ မဆို၊ မပယ်စွန့်ဘူးလို့လဲ မဆို၊ မဂ္ဂဘာဝနာဖြင့် ပိုင်းခြားကာ မသိအပ်သော ပစ္စုပ္ပန်ရုပ်နာမ်ခန္ဓာတွင် အကြင်ကိလေသာတို့ ဖြစ်ပေါ်ကာလာရာ၏၊ ထိုကိလေသာတို့ မဂ္ဂဘာဝနာဖြင့် ပစ္စုပ္ပန်ရုပ်နာမ်ခန္ဓာတို့ကို ပိုင်းခြားကာ သိပြီး ဖြစ်သောကြောင့် ထင်ရှားစွာ မပေါ်လာပဲ ဖြစ်ကုန်၍သာ မပေါ်လာပဲ နေကြပါကုန်တယ်။

သားသမီးနှစ်ယောက် ဖွားမြင်ပြီးသော မိန်းမ၏ တဖန်သားမဖွားရန် လင်ကို စွန့်၍ ရဟန်းပြုသွားခြင်း,အနာဂတ်ရောဂါစဲ့ကပ်လတံ့သောသူအား ရောဂါပျောက်ငြိမ်းရန် ဆေးသောက်ခြင်းတို့ဖြင့်လဲ ဤအဓိပ္ပါယ်ကို ထင်စွာသိနိုင်သည်။

ဥပါဒါန်၏ အာရုံဖြစ်သော ငါးပါးသောခန္ဓာတို့ကို ဝိပဿနာဖြစ်ရာဘုံ ဘူမိလို့ခေါ်ဆိုတယ်၊ ထိုဘူမိမည်သော ခန္ဓာငါးပါးတို့သည် အတိတ်အနာဂတ် ပစ္စုပ္ပန်လို့ သုံးပါးရှိတယ်၊ ဘူမိတွင် သင့်လျော်သောအကြောင်းကိုရက ဖြစ်မည့်ဟန် ကိန်းအောင်းနေသော ကိလေသာတို့ကိုကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ မဆိုသင့်ပေ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတို့ဥ်ကိန်းအောင်းသော အနုသယကိလေသာတို့ကို မပယ်ခဲ့။ ဝိပဿနာ၏ ဖြစ်ရာ ထိုထိုဘုံခန္ဓာတို့တွင် မင်္ဂဖြင့် အကြင်းမဲ့မသတ်ရသေးသော ကိလေသာတို့ကို ဘူမိလဒ္ဓပ္ပန္နခေါ်ဆိုတယ်။

> တာသု တာသု ဘူမီသု အသမုဿိတဂတာ ကိလေသာ ဘူမိ-လဒ္ဓပ္ပန္နာတိ သင်္ခံ ဂစ္ဆန္တိ။ (အင်္ဂုတ္တိရ်အဋ္ဌကထာ)

ဝိပဿနာ၏ဖြစ်ရာဘုံခေါ် ခန္ဓာငါးပါးရှိသော ဘူမိလဒ္ဓကိလေသာတို့ကိုသာ ပယ်သတ်သည်၊ ဘူမိလဒ္ဓကိလေသာတို့ကိုကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူ၍ မဆိုရခဲ့၊ ဘူမိလဒ္ဓပ္ပန္နဟူ၍သာ ဆိုရပေသည်။

> အဋ္ဌကထာယံ ပန ဧတေန ကိံ ဒီပိတံ ဟောတိ၊ ဘူမိလဒ္ဓါနံ ကိလေသာနံ ပဟာနံ ဒီပိတံ ဟောတိ၊ ဘူမိလဒ္ဓါ ပန ကိံ အတီတာ အနာဂတာ ဥဒါဟု ပစ္စုပ္ပန္နာတိ ဘူမိလဒ္ဓပ္ပန္နာယေဝ နာမ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)

ဘူမိလဒ္ဓုပ္ပန္နံ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နံ အဝိက္ခမ္ဘိတုပ္ပန္နံ အသမုဏ္ဍါတိတုပ္ပန္နန္တိ စတုဗ္ဗိဓံ မဂ္ဂဝဇ္ဈံ။ (သမ္မောအဋ္ဌကထာ)

ဘူမိလဒ္ဓုပ္ပန္နံ၊ ရအပ်သော ဝိပဿနာ၏ ဖြစ်ရာဘုံဘဝတွင် ဖြစ်မည့်ကိလေသာဌင်း။အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္နံ၊အာရုံကိုပြင်းစွဲစွဲယူသောကြောင့် ဖြစ်မည့်ကိလေသာဌင်း။ အဝိက္ခမ္ဘိတုပ္ပန္နံ၊ သမာပတ်ဖြင့် မခွါရသေးသောကြောင့် ဖြစ်မည့်ကိလေသာဌင်း။ အသမုဏ္ဍါတိတုပ္ပန္နံ၊ မဂ်ဖြင့်မသတ်ရသေးသောကြောင့် ဖြစ်မည့်ကိလေသာဌင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော ကိလေသာကို။ မဂ္ဂဝဇ္ဈံ၊ မဂ်သည် သတ်အပ်၏။

အရိယာဟုတ်မဟုတ်စုံစမ်းပုံအခန်း

ဤသာသနာတော်တွင် တစုံတယောက်သော ယောဂီမျှားသည် စျာန်မဂ်ဖိုလ်တရားကို ရပါတယ်လို့ ပြောဆိုအံ့၊ ထိုသူကို သူပြောစကားဖြင့် ပူဇော်မှုကိုမပြုရသေး၊ အကြောင်းကား သီလကလဲစင်ကြယ် ယုံမှားခြင်းကိုလဲလွန်မြောက် ရုပ်နာမ်သဒ်ါရနှင့် ခန္ဓာစသောလောကတွင် လက္ခဏာယာဉ်ထင်မြင်ပြီးသော အာရဒ္ဓဝိပဿက အားထုတ်အပ်သော ဝိပဿနာရှိသော ယောဂီအား အစစ်အမှန်အားဖြင့် မဂ်ဖိုလ်ကို မရငြားသေးသော်လဲ မဂ်ဖိုလ်ရကာနေပြီလို့ လွန်စွာမှတ်ထင်တဲ့ အဓိမာနဖြစ်နေတတ်ပါတယ်။

သုဒ္ဓသမထလာဘီ=သက်သက်သမထကိုရသော ယောဂီသည်ဌင်း သုဒ္ဓဝိပဿနာလာဘီ=သက်သက်ဝိပဿနာကိုရသော ယောဂီသည်ဌင်း အဓိမာနဖြစ်သော်လဲ အနှစ်တဆယ် နှစ်ဆယ်အတွင်း ကိလေသာဆက်ကာဖြစ်သည်ကို မတွေ့ရခြင်းကြောင့် ငါကား သောတာပန်ပဲ စသည်ဖြင့် အကြားတွင်သာ မှတ်ထင်ကာနေတတ်ပါတယ်။

သမထဝိပဿနာနှစ်ဖြာကိုရသော ယောဂီသည် သမာဓိအစွမ်းဖြင့် ကိလေသာကိုခွါကာထားတယ်၊ ဝိပဿနာ၏အစွမ်းဖြင့် ရုပ်နာမ်သဒ်ါရတွင် အပြစ်ထင်မြင်ကာ နေတယ်၊ ထို့ကြောင့် အနှစ်ခြောက်ဆယ် ရှစ်ဆယ်အတွင်း ကိလေသာဆက်ကာဖြစ်သည်ကို မတွေ့ရ၍ ငါကား ရဟန္တာပဲလို့ အဆုံးတွင်သာ မှတ်ထင်ကာနေတတ်ပါတယ်။

ရှေတုမျှားလဲ ရှေစစ်နှင့်မခြား တသားတည်းတူကာ နေတတ်တယ်၊ ထို့ကြောင့် ရှေစစ်မစစ် ရှေမှန်မမှန် သိရှိရန်အလို့ငှါ မှတ်ကျောက်တင်၍

ကြည့်ခြင်း ကျိုချက်ဖြတ်တောက်၍ ကြည့်ခြင်းဖြင့် သုတ်သင်ရာသကဲ့သို့ ထို့အတူ အရိယာဖြစ်တယ်လို့ ပြောကြားလာသူကို ခြောက်မျိုးသောဌာနတို့ဖြင့် သုတ်သင်မေးမြန်းရာသတည်း။

မေမြန်းစိစစ်ပုံ။ ကိ ံ တေ အဓိဂတံ၊ ငါ့ရှင် သင်ကား စျာန်ဝိမောက္ခ သမာဓိ သမာပတ် စသည်တို့တွင် အဘယ်တရားကို ရသလဲဟု ဤပုံ ရသောတရားကိုမေး။

တရားထူးရသော ပုဂ္ဂိုလ်အား မိမိရတဲ့တရား ထင်ရှားလှသောကြောင့် ကျွန်ုပ်ကား ဤမည်သောတရားကို ရပါတယ်လို့ဖြေဆိုရာ၏။

ထို့နောင်မှ ကိန္တိ တေ အဓိဂတံ၊ ငါ့ရှင် သင်သည် အနိစ္စလက္ခဏာ စသည်တို့တွင် ဘယ်လက္ခဏာကို ပွါးများအားထုတ်ကာ ဘယ်ပုံရအပ်ပါသလဲဟု ဤပုံ ရခြင်းအကြောင်းကိုမေး။ ရုပ်နာမ်နှစ်ပါး အင္ဂါတ္တဇဟိဒ္ဓတရားတို့တွင် အဘယ်တရားကို ပွါးများအားထုတ်စဉ်ရပါသလဲလို့ မေးနိုင်သည်။

နှလုံးသွင်း ပွါးများသော ပုဂ္ဂိုလ်အား မိမိနှလုံးသွင်း ပွါးများသော တရားထင်ရှားလှသောကြောင့် ကျွန်ုပ်ကား ဤမည်သောတရားတို့၌ နှလုံးသွင်းပွါးများပါတယ်လို့ ဖြေဆိုရာ၏။

ထို့နောင် ကဒါ တေ အဓိဂတံ၊ ငါ့ရှင်သည် နံနက်မွန်းတည့်ချိန် ညနေချမ်းအခါတို့တွင် ဘယ်အချိန်ဘယ်ကာလတွင် ရအပ်ပါသလဲဟု ဤပုံ ရရာကာလကိုမေး။

တရားထူးရသောပုဂ္ဂိုလ်အား မိမိရရာကာလ ထင်ရှားလှသောကြောင့် ကျွန်ုပ်ကား ဤမည်သောကာလတွင် ရအပ်ပါသည်လို့ ဖြေဆိုရာ၏။

ထို့နောင်မှ ကတ္ထ တေ အဓိဂတံ၊ ငါ့ရှင် သင်သည် နေ့သန့်ရာညဉ့်သန့်ရာ အရပ်စသည်တို့တွင် ဘယ်အရပ်တွင် ရအပ်သလဲဟု ဤပုံ ရရာအရပ်ကိုမေး။

တရားထူးရသောပုဂ္ဂိုလ်အား မိမိရရာအရပ်ထင်ရှားလတ်သောကြောင့် ကျွန်ုပ်ကား ဤမည်သောအရပ်တွင် ရအပ်ပါသည်လို့ဖြေဆိုရာ၏။

ထို့နောင်မှ ကတမေ တေ ကိလေသာ ပဟီနာ၊ ငါ့ရှင် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်သလော၊ သို့မဟုတ်

ဒုတိယမဂ်စသည်တို့ဖြင့် ပယ်အပ်သော ကိလေသာတို့ကို ပယ်သလော၊ သင်ပယ်အပ်သော ကိလေသာတို့ကား အဘယ်ကိလေသာတို့လဲဟု ဤပုံပယ်အပ်သော ကိလေသာကိုမေး။

တရားထူးကို ရသောပုဂ္ဂိုလ်အား ပယ်အပ်သောကိလေသာထင်ရှားရာသောကြောင့် ကျွန်ုပ်ကား ဤမည်သောကိလေသာတို့ကို ပယ်အပ်ပါသည်ဟု ဖြေဆိုရာ၏။

ပယ်အပ်သော ကိလေသာ ထင်ရှားရာသည်ဆိုသော စကားကဲ့သို့ ယေဘုယျသာတည်း၊ မဟာနာမ်မည်သော သကဒါဂါမ်သာကိုဝင်အား ပယ်အပ်သောကိလေသာမထင်ရှားသည်လည်း ရှိပေသေး၏။

ထို့နောင်မှ ကတမေသံ တုံ ဓမ္မာနံ လာဘီ၊ ငါ့ရှင် သင်ကား မဂ်ဖိုလ်လေးပါးတရားတို့တွင် အဘယ်မည်သော မဂ်ဖိုလ်တရားတို့ကို ရပါသလဲဟု ဤပုံ ရအပ်သောတရားကိုမေး။

တရားထူးကိုရသော ပုဂ္ဂိုလ်အား မိမိရအပ်သောတရား ထင်ရှားလှသောကြောင့် ကျွန်ုပ်ကား ဤမည်သောမဂ်ဖိုလ်တရားကို ရအပ်ပါတယ်ဟု ဖြေဆိုရာ၏။

ဤပုံဖြေကြားတတ်ကာမျှဖြင့်သော်လည်း အရိယာလို့ဝန်ခံသော ထိုသူ၏ စကားကို မယုံကြည်ရသေး၊ ဗဟုဿုတပညာ ပြည့်စုံကြွယ်ဝသော ပညာရှင်တို့သည် သင်အံ့လေ့ကျက် ဆောင်ရွက်မေးမြန်းခြင်းတွင် လိမ္မာကြ၍ ဤခြောက်မျိုးသော အမေးတို့ကို ဖြေဆိုနိုင်ကြသည်သာတည်း။

အရိယာလို့ ဝန်ခံသောပုဂ္ဂိုလ်၏ မဂ်ဖိုလ်လာကြောင်း မဂ်ဖိုလ်ကို ရကြောင်းဖြစ်သော အကျင့်အာဂမနပဋိပဒါကို မေးစိစစ်ရာ၏။ အာဂမန-ပဋိပဒါမစင်ကြယ်ခဲ့သော် ဤအကျင့်ဖြင့် မဂ်ဖိုလ်ကို မရနိုင်ပါလို့ပယ်ရာ၏။

အာဂမနပဋိပဒါကား သီလမျှမလုံခြုံ တွေ့ကရအာရုံတွင် စိတ်ပြေးပြီး ရုပ်နာမ်နှင့် အဝေးကြီးဝေး၍ ငါစွဲကမန် တဏှာကစွဲလျက် မာနခဲမပြေက မဂ်ဖိုလ်မရနိုင်ပါ၊ ထို့ကြောင့် ပယ်ရမည်ဟုဆိုလိုသည်။

အာဂမနပဋိပဒါ စင်ကြယ်ခဲ့သော် ကြာမြင့်စွာသော နေ့ လ နှစ်တို့ ပတ်လုံး သီကွာသုံးပါးတွင် မမေ့မလျော့ပဲ ဇာဂရိယာနုယောဂနှင့် ပြည့်စုံ

ရာ၏။ ပစ္စည်းလေးပါး လူအသုံးအဆောင်များတွင် မကပ်ငြိမတွယ်တာပဲ ကောင်းကင်တွင် လက်နှင့်တူသော နေထိုင်ခြင်းသည် ထင်ရှားရာ၏။

အာဂမနပဋိပဒါနှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်၏ ဖြေဆိုခြင်းကား ပဋိပဒါကျင့်ပုံ အားထုတ်ပုံနှင့် ညီညွတ်ပါပေတယ်၊ ဥပမာ ဂင်္ဂါရေသည် ယမုနာရေနှင့် ညီညွတ်သမျှ သူ့းဘိသက္ခဲသို့ ထို့အတူ မြတ်စွာဘုရားသာဝကတို့အား ဟောကြားအပ်သော နိဗ္ဗာနဂါမိနိပဋိပဒါသည် ညီညွတ်ကာ သွားပါသတည်း။

အပိ စ ခေါ တေ္တကေနာပိ သက္ကာရော နု ကာတဗ္ဗော၊ ကသ္မာ? ကေစ္စဿ ဟိ ပုထုဇ္ဇနဿာပိ သတော ခီဏာသဝပဋိပတ္တိသဒိသာ ပဋိပဒါ ဟောတိ၊ တသ္မာ သော ဘိက္ခု တေဟိ တေဟိ ဥပါ-ယေဟိ ဥတ္တာသေတဗ္ဗော။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ)

မြန်မာပြန်။ အမှန်မှာ ဤပုံ အဖြေပဋိပဒါညီညွတ်ပါသော်လဲ ပုဏ္ဏော် သက္ကာရ မပြုကြရသေး၊ အကြောင်းမှာ သူတော်ကောင်းဖြစ်သော အခြို့သော ပုထုဇဉ်အားသော်လဲ ရဟန္တာပုဂ္ဂိုလ်၏ အကျင့်နှင့်တူသော အကျင့်ဖြစ်ပေါ်ကာ နေတတ်သောကြောင့်တည်း။

ထိုအရိယာလို့ ဝန်ခံသောပုဂ္ဂိုလ်ကို ထိုထိုသို့သောအကြောင်းဥပါယ်တမျည်တို့ဖြင့် စုံစမ်းကာ ကြည့်ရမည်ဟုဆိုလိုသည်။

အဋ္ဌကထာကျမ်းများတွင် ကိစ္စပြီးပြီး ရဟန္တာလို့ ထင်ကာနေသော မဟာနာဂမထေရ်ကြီး စသောပုဂ္ဂိုလ်အားထင်း စန္ဒမုခတိဿမင်းလက်ထက်တွင် မဟာဝိဟာရကျောင်းတိုက်ဝယ် ဒုဗ္ဘလစက္ခု မျက်စိဝိုးဝါးကွယ်ကာ သွားသော သံဃာထေရ်ရဟန္တာပုဂ္ဂိုလ်ကြီးအားထင်း စုံစမ်းပုံကိုရေးပြကာထား၏။

သောတာပန် သကဒါဂါမ် ထင်ကာနေသော ပုဂ္ဂိုလ်တို့အားထင်း သောတာပန် သကဒါဂါမ်အစစ်ဖြစ်နေသော ပုဂ္ဂိုလ်တို့အားထင်း စုံစမ်းပုံအကြောင်းအရာကို မတွေ့ရခဲ့။ သို့သော် သောတာပန်တို့ သဒ္ဓါတရားမြဲပုံ သီလမြဲပုံအကြောင်းအရာကို သူရမဋ္ဌ သုပဗုဒ္ဓ ဓနဥ္ဇာနီ ဝတ္ထုတို့ဖြင့် ပြလျက်ရှိလေ၏။

သောတာပန်ဟု ဝန်ခံသောပုဂ္ဂိုလ်အား ဟုတ် မဟုတ် မှန် မမှန်ကို သိရှိရန် ကြိုးကြာငှက်အား နွားနို့နှင့်ရေရော၍ တိုက်သော် နွားနို့သာ ဝင်၍ ရေမဝင်သကဲ့သို့ သေရည်သေရက်နှင့် ဘီလပ်ရည်ကို ရောစပ်၍ တိုက်သော် ဘီလပ်ရည်သာဝင်၍ သေအရက်မဝင်ပဲ နေရာ၏။ ဤပုံစံမှ်း၍ ကြည့်သော် သေအရက်မဝင်ပဲ နေက သောတာပန်လို့ ဆိုးဖြတ်ရာ၏။

တနည်း သောတာပန်လို့ ဝန်ခံသော ပုဂ္ဂိုလ်အား သင်ကိုးကွယ်သော ဘုရားကား ဘုရားမဟုတ် တရားလဲ တရားမဟုတ် သံဃာလဲ သံဃာမဟုတ် ဟု ပြောဆိုရမည်၊ မပြောဆိုပဲနေက ကျင်စက်နှင့်တို့ ရေနွေးပူနှင့်လောင်း၍ ကြည့်ရာ၏။ သေရမတတ် ဆင်းရဲဒုက္ခတွေ့ရသော်လည်း ဘုရားကား ဘုရား မဟုတ် စသည်ဖြင့် မပြောဆိုပဲ နေက သောတာပန်လို့ ဆိုးဖြတ်ရာ၏။

ကြမ်းပိုး,သန်း,ခြင်တို့တွင် တကောင်ကောင်ကိုသတ်၊ မသတ်က သင့်ကို သန်လျက်နှင့် ပိုင်းဖြတ်၍ အသေသတ်မည်လို့ ခြိမ်းခြောက်ပြောဆို စုံစမ်းသော် မသတ်ပဲနေနိုင်ပါက သောတာပန်လို့ ဆိုးဖြတ်ရာ၏။ သာမာဝတီ ခုဇ္ဇုတ္တုရာတို့ သောတာပန်ဖြစ်ခဲ့သော် သူ့အသက်သတ်ခြင်း ခိုးယူခြင်းမှ ရှောင်ကြဉ်သည်ကို မျှော်လေ။ သာမန်လူမျှားသိရှိဖို့သာ စုံစမ်းရမည်၊ သောတာပန် အစစ်ကိုယ်တိုင်ကား ငါသောတာပန်ပဲလို့ အမှန်အကန် သိရာ၏။

သောတာပန်စမ်းနည်းကား ကိလေသာအနည်းငယ်သာ ကုန်ခန်းသော ကြောင့် ကြမ်းလှသည်၊ ဒီဃဘာဏကအဘယထေရ်သည် ပိဏ္ဍပါတိက-မထေရ်ကို ခီဏာသဝရဟန္တာ ဟုတ် မဟုတ် အမှန်ကိုထုတ်၍ မသိနိုင်သော ကြောင့် ရဟန်းငယ်တပါးအား အမှတ်သညာပေးထားပါတယ်။ ထိုရဟန်း သည် ကလျာဏီမြစ်ဝဆိပ်တွင် ရေချိုးကာနေသော ပိဏ္ဍပါတိကမထေရ်၏ ခြေတို့ကို ရေအတွင်းငုပ်သွင်းကာ ကိုင်ဆွဲလိုက်ပါတယ်။ ပိဏ္ဍပါတိကမထေရ် သည် မိချောင်းလို့ မှတ်ထင်ကာ ကြောက်လန့်ရှာ၍ ပြင်းစွာသောအသံ ကို အော်ဟစ်မိတယ်၊ ထိုအခါ ပိဏ္ဍပါတိကမထေရ်ကို ပုထုဇဉ်ပဲလို့ သိကြရ ပါသတည်း။

စန္ဒမုခတိဿမင်း လက်ထက်တွင် မဟာဝိဟာရကျောင်းတိုက်ကြီးဝယ် ဒုဗ္ဗလစက္ခုကခီဏာသဝသံဃာ့ထေရ်တပါး သီတင်းသုံးကာ နေပါတယ်။ စန္ဒမုခတိဿမင်းသည် သံဃာ့မထေရ်ကို ခီဏာသဝရဟန္တာဟုတ်မဟုတ်

အမှန်ကိုထုတ်၍ သိလိုသောကြောင့် ရဟန်းတို့ဆုမ်းခံကြွသွားစဉ် အသံတိတ်ကာ ငြိမ်သက်စွာဖြင့် ကပ်လျက် မြေပေးမြေဟောက်ပေါက်သကဲ့သို့ ခြေတို့ကို ကိုင်ဆဲလိုက်ပါတယ်။ သံဃာ့မထေရ်ကြီးသည် ကျောက်တိုင်ကဲ့သို့ တုန်လှုပ်ခြင်းမရှိပဲ ဖြစ်၍နေရာတွင် မည်သူမည်ဝါလဲလို့ မေးလိုက်တယ်၊ အသျှင်ဘုရား တပည့်တိသပါဘုရားလို့ လျှောက်ကြားတယ်၊ တိသ ငါတို့ အား ကောင်းသော အနုံပျံလှိုင်ကာနေတယ်လို့ မိန့်ကြားတယ်၊ ဤပုံ ရဟန္တာ ပုဂ္ဂိုလ်အား ကြောက်ရွံ့ခြင်းမရှိဖြစ်လေသည်။

ဝသဘမင်းလည်း မထေရ်တပါးကို ခီဏာသဝ ရဟန္တာဟုတ်မဟုတ် အမှန်ထုတ်၍ သိရှိလိုသော် အိမ်တွင် ထိုင်စေတော်မူလျက် မထေရ်အနီး အနားတွင် ဇီးသီး ဖျော်ရည်ကို ဆုပ်နယ်စေတယ်။ မဟာထေရ်အား တံထွေးများလှုပ်ကြွ သရဉ်ကျလျက်ဖြစ်ကာ နေတယ်၊ ထို့နောင်မှ မထေရ်၏ ပုထုဇဉ်အဖြစ်သည် ထင်ရှားလေသတည်း။

ခီဏာသဝမည်သော ရဟန္တာပုဂ္ဂိုလ်မည်သည် ရသတဏှာပယ်ခွါပြီးဖြစ်ပါသည်။ နတ်တွင်ဖြစ်သောအရသာ၌သော်လဲ တွယ်တာနှစ်သက်စုံမက် ချက်မရှိတော့ပါ။ ထို့ကြောင့် ဤသို့သောအကြောင်း ဥပါယ်တမျည်တို့ဖြင့် စုံစမ်းကြည့်ရှုသော် ကိစ္စပြီးပုဂ္ဂိုလ်အား ကြောက်လန့်ခြင်းတွယ်တာနှစ်သက်ခြင်းကို တွေ့သိက သင်ကား ရဟန္တာမဟုတ်လို့ ပယ်ရာသတည်း။

သစေ ပန အဘီရူ အဆမ္ဘီ အနုတြာသီ ဟုတ္ဝာ သိဟော ဝိယ နိသီဒတိ၊ ဒိဗ္ဗာရမ္မဏေပိ နိကန္တိံ နာ ဇနေတိ၊ အယံ ဘိက္ခု သမ္ဗုဒ္ဓ-ဝေယျာကရဏော သမဏ္ဍရာဇရာဇမဟာမတ္တာဒီဟိ ပေသိတံ သက္ကာရံ အရဟတိ။

ပန၊ အဟုတ်အမှန်ထုတ်ပြန်၍ မိန့်ကြားမည်။ အဘီရူ၊ ကြောက်ရွံ့ခြင်းမရှိသည်။ အဆမ္ဘီ၊ ကိုယ်ခက်မာခြင်းမရှိသည်။ အနုတြာသီ၊ ထိတ်လန့်ခြင်းမရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သိဟော ဝိယ၊ ခြင်္သေ့ကဲ့သို့။ သစေ နိသီဒတိ၊ အကယ်၍ နေနိုင်အံ့။ ဒိဗ္ဗာရမ္မဏေပိ၊ နတ်အာရုံ၌သော်လဲ။ နိကန္တိံ၊ တပ်နှစ်သက်ခြင်း တဏှာကို။ နာ ဇနေတိ၊ မဖြစ်စေ။ အယံ ဘိက္ခု၊ ဤယောဂီရဟန်းသည်။ သမ္ဗုဒ္ဓဝေယျာကရဏော၊ ပြည့်စုံသောဖြကြားခြင်းရှိသည်ဖြစ်၍။ သမဏ္ဍာ၊ ထက်ဝန်းကျင်မှ၊ ရာဇရာဇမဟာမတ္တာဒီဟိ၊

မင်း မင်း၏ အမတ်ကြီး စသည်တို့သည်။ ပေသိတံ၊ စေလွှတ်အပ်သော။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ အရဟတိ၊ ခံယူထိုက်သတည်း။

ကြောက်လန့်ခြင်း နှစ်သက်ခြင်းကင်းသော ရဟန္တာပုဂ္ဂိုလ်အား ပူဇော်ရမည်ဟုဆိုလိုသည်။ အနာဂါမ်, ရဟန္တာသိဖို့ရန်ကား လွယ်ကူလှ၏။

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

နမော မဟာကာရုဏိကဿ။

နိဗ္ဗာနာနုပဿနာအခန်း

ဖလသမာပတ်ဝင်စားဟန်

အရိယာသာဝကအား ဖလသမာပတ်အရာတွင် ဖြစ်ပုံအခြင်းအရာကို သိရန်အကျိုးငှါ အမေးပဥ္ဆာ အဖြေဝိသဇ္ဇနာတို့ကို မှတ်ထားရမည်။

၁။ ဖလသမာပတ်ဆိုသည်မှာ ဘာကိုခေါ်သလဲ-မေး။

၁။ အရိယာဖိုလ်၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်တွင် ရောက်သွားတဲ့ အခြင်းအရာအားဖြင့် ဖိုလ်စိတ္တုပ္ပါဒ် ဖြစ်နေသည်ကို ဖလသမာပတ်ဟု ခေါ်ပါတယ်-ဖြေ။

၂။ အဘယ်ပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ကို ဝင်စားကြပါသလဲ-မေး။

၂။ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရတဲ့ ဖိုလ်ကိုသာ ဝင်စားနိုင်ကြပါတယ်-ဖြေ။

၃။ အဘယ်အကျိုးငှါ ဖလသမာပတ်ကို ဝင်စားကြပါသလဲ-မေး။

၃။ မင်းသည် မင်းစည်းစိမ်ချမ်းသာကို ခံစားဘိသကဲ့သို့ရင်း နတ်သည် နတ်စည်းစိမ်ချမ်းသာကို ခံစားဘိသကဲ့သို့ရင်း ထို့အတူ အရိယာပုဂ္ဂိုလ်တို့သည် လောကုတ္တရာစည်းစိမ်ချမ်းသာ ခံစားရန်အကျိုးငှါ ကာလအပိုင်းအခြားပြု၍ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏတွင် ဖလသမာပတ်ကို ဝင်စားကြပါတယ်-ဖြေ။

၄။ ဘယ်ပုံဖလသမာပတ်ကို ဝင်စားခြင်းဖြစ်ပါသလဲ-မေး။

၄။ သမာပတ်ဝင်စားလိုသော အရိယာသာဝကသည် အစစ္ဘာဆိတ်ငြိမ်ရာအရပ်တွင် တပါးတည်းတည်း ကိန်းအောင်းလျက် လသည် ဤအရပ်သို့ရောက်သော် ထအံ့ဟူ၍ဂင်း နေသည် ဤအရပ်သို့ရောက်သော် ထအံ့ဟူ၍ဂင်း နှစ်နာရီ သုံးနာရီကြာအောင် ဖိုလ်ဝင်စားကာ နေမည်ဟူ၍ဂင်း

ကာလအပိုင်းအခြားကို မှတ်ထားပြီးလျှင် ဖိုလ်စိတ္တုပ္ပါဒ်ကိုသာ ဖြစ်စေအံ့လို့ စိတ်ကို ဆောက်တည်ရ၏၊ စိတ်ကို ညွှတ်စေရ၏။

ထို့နောင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတို့ကို မိမိနှလုံးသွင်းပွါးများဘူးသည်အားလျော်စွာ အသစ်ပေါ်လာမှုဒုက္ခ ပျောက်ကွယ်သေးဆုံးမှုဝယကို ကြည့်ရှုပွါးများရမည်။ ပွါးများခဲ့သော် မကြာမတင် ဆောလျင်စွာ ရုပ်နာမ်သင်္ခါရအာရုံကို ဘာဝနာဉာဏ်ဖြင့် တွေ့ထိကာ တွေ့ထိကာ ဘင်္ဂါနုပဿနာမည်သော ဝိပဿနာဉာဏ်ဖြင့် လက်ပေါ်တင်ထား ပတ္တာမြားကို တွေ့မြင်ရဘိသကဲ့သို့ အပျက်ဘင်ချုပ်ကွယ်သေဆုံးမှုကိုသာမြင်ကာနေတော့၏။ လက္ခဏာယာဉ်သုံးပါးလည်း အတိုင်းထက်အလွန် ထင်ရှားပေါ်လွင်၍ ကိုယ်တွေ့ဖြစ်ကာ နေတော့၏။ ဝိပဿနာသုံးပါးလည်း အလိုအလျောက်ပေါ်ပေါက်ကာ ပြီးစီး၍ နေတော့၏။

ထို့နောင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတွင် ကြောက်မက်ဖွယ်ထင် အပြစ်မြင်၍ မလိုချင် မခင်မင်ပဲ နိဗ္ဗာန်သို့သာ ပြေးဝင်ကာ နေတော့၏။

ထို့နောင် ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတို့မှ အာလယကင်းကွာ လွတ်လိုရှာသောကြောင့် တဖန်လွတ်ခြင်း၏ အကြောင်းကို ရရန် လက္ခဏာယာဉ်သုံးပါးအလွန်ခန့်ညားစွာ ရှုကြည့်ပွါးများလျက် ငါငါဉစွာ မထင် သိမ်းပိုက်စရာမမြင်တော့ပဲ အလုံးစုံသော ဘုံဘဝ ရုပ်နာမ်သင်္ခါရတို့ကို လျစ်လျူရှုကာ နေတော့၏။

ထို့နောင် ဖလသမာပတ္တိဝိထိဖိုလ်စိတ္တုပ္ပါဒ်များ အဆက်ဆက်ဖြစ်လျက် နေလိုလတ်သော် ဘဝင်္ဂစလန ဘဝဂုံပစ္ဆေဒ မနောဒ္ဒါရာဝဇ္ဇန်း မဒ္ဒတိက္ခအာဝေလျော်စွာ ဂေါတြဘူခေါ်ရတဲ့ အနုလုံဇောလေးကြိမ် သုံးကြိမ် ဖိုလ်ဇောအကြိမ်များစွာဖြစ်၍ ဘဝင်ကျကာ သွားသတည်း။

ဌင်းဇောများ မဂ်ရရန်အားထုတ်သော ဝိပဿနာဇောကဲ့သို့မဟုတ်၊ အကြွင်းမဲ့ပယ်သတ်ဖြတ်ရန် ကိလေသာမရှိသောကြောင့် အလွန်သိမ်မွေ့ညက်ညောစွာ ဖြစ်ပေါ်ကာလာ၏။ ဌင်းဝီထိတွင် ဘဝင်များသည် ကံကမ္မနိမိတ်ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကာနေ၏။ မနောဒ္ဒါရာဝဇ္ဇန်း ဂေါတြဘူခေါ် အနုလုံဇောများသည် ရုပ်နာမ်နှစ်ဝ သင်္ခါရနှင့်

ခန္ဓာစသော လောကကို အာရုံပြုကာနေ၏၊ ဖုံလွှမ်းတတ်သော ဖိုလ်စိတ္တုပ္ပါဒ်များသည် နိဗ္ဗာန်ကိုသာ အာရုံပြုကာနေ၏၊ မဂ္ဂဝီထိမှာကဲ့သို့ နိဗ္ဗာန်ကို အာရုံပြုတဲ့ ဂေါတြဘူဉာဏ်မပေါ်လာတော့ပေ။

ဝိဟာရန္ဒစ်မျိုး

ဝိပဿနာဝိဟာရ=ဝိပဿနာဇောများဖြင့် နေခြင်း, ဖလသမာပတ်ဝိဟာရ=ဖလသမာပတ်ဇောများဖြင့်နေခြင်း နှစ်မျိုးရှိပါတယ်။ ထို့တွင် ဖိုလ်ဇောများရှေ့တွင် ဝိပဿနာဇောဖြင့် နေခြင်းကို ဝိပဿနာဝိဟာရလို့ ခေါ်ဆိုပါတယ်။ ဖိုလ်ဇောများဖြင့် အကြိမ်များစွာ နိဗ္ဗာန်ကို အာရုံပြု၍ နေခြင်းကို ဖလသမာပတ်ဝိဟာရလို့ ခေါ်ဆိုပါတယ်။

ဤပုံ ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကကို အာရုံမပြု မျက်ကွယ်လုခြင်း, နိဗ္ဗာနဓာတ်ကိုသာ ရှေးရှုရောက်လုအာရုံပြုကြခြင်း ဤနှစ်ပါးတို့ကို ဝလဉ္ဇနဖလသမာပတ်ကို ဝင်စားခြင်း၏ အကြောင်းအင်္ဂါလို့ ခေါ်ဆိုပါတယ်။

ဖိုလ်စိတ္တုပ္ပါဒ်များ နိဗ္ဗာန်ကိုအာရုံပြုကာ နေသည်ကိုပင် ဖိုလ်ဝင်စားကာ ဖလသမာပတ်ချမ်းသာကို ခံစားနေတယ်လို့ ဆိုလိုပါတယ်။

> ဒွေ ဓေါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတောဝိမုတ္တိယာ သမာပတ္တိယာ သဗ္ဗနိမိတ္တာနဉ္စ အမနသိကာရော, အနိမိတ္တာယ စ ဓာတုယာ မနသိကာရောတိ။ (မဟာဝေဒလ္လသုတ်)

အာဝုသော၊ ငါ့ရှင်မဟာကောဋ္ဌိက။ ဓေါ၊ စင်စစ်။ အနိမိတ္တာယ၊ ရုပ်ဝေဒနာ စသောသင်္ခါရနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တဖြစ်သော။ စေတောဝိမုတ္တိယာ၊ သမာဓိဖြင့် ရာဂမှလွတ်ရာဖြစ်သော။ သမာပတ္တိယာ၊ ဝလဉ္ဇနဖလသမာပတ်၏။ သဗ္ဗနိမိတ္တာနံ၊ ရုပ်ဝေဒနာစသော အလုံးစုံသော အာရုံတို့ကို။ အမနသိကာရော၊ နှလုံးမသွင်းခြင်းငင်း။ အနိမိတ္တာယ၊ အလုံးစုံသော သင်္ခါရနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တဖြစ်သော။ ဓာတုယာ၊ တစုံတခုသောအကြောင်းတရားတို့သည် မပြုမပြင်မစီရင်အပ်သောကြောင့် အသင်္ခတနိဗ္ဗာနဓာတ်ကို။ မနသိကာရော စ၊ ဖလသမာပတ်နှင့်တကွဖြစ်သော နှလုံးသွင်းခြင်းဖြင့် နှလုံးသွင်းခြင်းငင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်မျိုးကုန်သော။ ပစ္စယာ၊ အကြောင်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။

သမာပတ်တိုတိ စ လောကုတ္တရဖလဘူတာ စိတ္တစေတသိကာ စမ္မာ။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ-၃၅)

ဤပုံ ဖလသမာပတ်ကို ဝင်စားတယ်လို ဖြေရာ၏။

၅။ ဘယ်ပုံ ဝလဉ္ဇနဖလသမာပတ်တည်ကာ နေပါသလဲ-မေး။

၅။ ရုပ်နာမ်သင်္ခါရအာရုံကို မျက်နှာလွှဲလုအာရုံမပြုခြင်း, အသင်္ခတ-နိဗ္ဗာနဓာတ်ကို ရှေးရှုအာရုံတွေ့ဆုံကာနေခြင်း, ဖလသမာပတ်ကို ဝင်စားသည်မှ ရှေးကာလတွင် နံနက်ရှစ်နာရီမှ တဆဲ့နှစ်နာရီသို့ ရောက်သော် သမာပတ်မှ ထအံ့လို ပိုင်းခြားခြင်း စသည်အားလျော်စွာ အပိုင်းအခြားကာလသို့ မရောက်သေးသမျှကာလပတ်လုံး တည်နေခြင်း ဤသုံးပါးသော အကြောင်းအင်္ဂါတို့ဖြင့် ဝလဉ္ဇနဖလသမာပတ် တည်ကာနေပါသည်။ ဤပုံဖြေရာ၏။

တယော ခဝါ အာဝုသော ပစ္စယာ အနိမိတ္တာယ စေတော-ဝိမုတ္တိယာ ဌိတိယာ သဗ္ဗနိမိတ္တာနဉ္စ အမနသိကာရော, အနိမိတ္တာယ စ မာတုယာ မနသိကာရော ပုဗ္ဗေ စ အဘိသင်္ခါရောတိ။ (ဎင်း)

အာဝုသော၊ ငါ့ရှင် မဟာကောဋ္ဌိက။ ခဝါ၊ စင်စစ်။ အနိမိတ္တာယ၊ အနိမိတ္တဖြစ်သော။ စေတောဝိမုတ္တိယာ၊ သမာဓိဖြင့်ရာဂမှလွတ်ရာဖြစ်သော ဝလဉ္ဇနဖလသမာပတ်၏။ ဌိတိယာ၊ တည်ခြင်း၏။ သဗ္ဗနိမိတ္တာနံ၊ ရုပ်ဝေဒနာစသော အလုံးစုံသောသင်္ခါရအာရုံတို့ကို။ အမနသိကာရော စ၊ နှလုံးမသွင်းခြင်းဎင်း။ အနိမိတ္တာယ၊ အနိမိတ္တဖြစ်သော။ မာတုယာ၊ အသင်္ခတ-နိဗ္ဗာနဓာတ်ကို။ မနသိကာရော စ၊ နှလုံးသွင်းခြင်းဎင်း။ ပုဗ္ဗေ၊ မဝင်စားမီရှေးကာလတွင်၊ အဘိသင်္ခါရော စ၊ နေလ ဤအရုပ်သို့ရောက်သော် ထအံ့ဟူ၍ ကာလကို ပိုင်းခြားမှတ်သား ပြုပြင်စီရင်ခြင်းဎင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ပစ္စယာ၊ အကြောင်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။

စန္ဒေ ဝါ သူရိယေ ဝါ တေ္ထကံ ဌာနဂတေ ဝုဋ္ဌဟိဿာမီတိ ကာလဝဝမိဂ္ဂဟဏဝသေန သမာပဇ္ဇနံစိတ္တဿ အဘိသင်္ခရဏံ အဘိသင်္ခါရော။ (မဟာဋ္ဌိကာ)

၆။ ဘယ်ပုံ ဖလသမာပတ်ကို ဝင်စားခြင်းမှ ထပါသလဲ- မေး။

၆။ ရုပ်ဝေဒနာစသော အလုံးစုံသော သင်္ခါရအာရုံကို အာရုံပြုခြင်း, အသင်္ခတနိဗ္ဗာနမဂ်တ်ကို အာရုံမပြုခြင်း, ဘဝင်၏သာ ကံ် ကမ္မနိမိတ် ဂတိနိမိတ်အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြုနေခြင်းကိုပင် ဝင်စားခြင်းမှ ထတယ်လို့ ဆိုပါတယ်။ ဤပုံဖြေ။

ဒွေ ခေါ် အာဝုသော ပစ္စယာ အနိမိတ္တာယ စေတော-ဝိမုတ္တိယာ ဝုဋ္ဌာနာယ သဗ္ဗနိမိတ္တာနဉ္စ မနသိကာရော, အနိမိတ္တာယ စ မာတုယာ အမနသိကာရောတိ။

တမ္မပဏ္ဏိသီဟိုဠ်ကျန်းတွင် ရှေးမင်းများလက်ထက် ပိဂ်လဗုဒ္ဓရက္ခိတ မထေရ်သည် ဥတ္တရခေါ်တဲ့ ရွာကို မှီ၍ သီတင်းသုံးကာ နေပါတယ်။ ထိုရွာသည် အိမ်ခြေလူနေ ခုနစ်ရာရှိပါတယ်။ မထေရ် သမာပတ်မဝင်စားဘူးသော တခုသောအိမ်တံခါးမျှမရှိချေ၊ အလှန်အံ့ဖွယ်ကောင်းပါပေသည်၊ အားကျစရာပေပဲ။

သင်ကိုမပြု၊ နိဗ္ဗာန်ရှု၊ မှတ်မှုသမာပတ်အင်္ဂါ။

သင်ကိုမပြု၊ နိဗ္ဗာန်ရှု၍၊ မြင်မှုသင်္ခါ၊ သုံးပါးမှာ၊ မှတ်ရာဌိတိအင်္ဂါသာ။

သင်ကိုကားပြု၊ မရှုနိဗ္ဗာန်၊ ဤနှစ်တန်၊ မှတ်ရန်ဝုဋ္ဌာနအင်္ဂါ။

ဝိပဿနာ၊ ဘာဝနာ၊ ရမှာချမ်းသာ နိဗ္ဗာန်ပါ။

အရိယာမဂ်၏ အာကျိုးဖြစ်တဲ့ သာမညဖိုလ် ဖလသမာပတ် ချမ်းသာသည်ကား ကိလေသာတည်းဟူသောပူလောင်ခြင်းမှ အလုံးစုံငြိမ်းအေးပြီးဖြစ်ပါတယ်။ နိဗ္ဗာန်ကို အာရုံပြုကာ နေသောကြောင့် တင့်လဲတင့်တယ်လှပါတယ်။ ပျို့အန်ပြီးသော တဏှာဆိုတဲ့ လောကာမိသရှိသောကြောင့် ငြိမ်သက်မှုန်မြတ်လှပါတယ်။ သဘာဝနှင့်ပြည့်စုံ၍ စင်လဲစင်ကြယ် ချိုမြိန်ကောင်းမြတ်သည်ထက် အလွန်ချိုမြိန် ကောင်းမြတ်သော အတုမရှိတဲ့ အမြိုက်နိဗ္ဗာန်ချမ်းသာနှင့်လဲ ရောနှောမိကာ နေပါတယ်။ ပျားရည်တို့ဖြင့် တရဲရဲအရည်ခဲ၍ နေသောပျားလဘို့ကဲ့သို့ အလွန်ချိုမြိန် ကောင်းမြတ်လှသည်ဟု ဆိုလိုသည်။

ဝလဥ္ဇနဖလသမာပတ်၏ အနှစ်အသားအတုမရှိတဲ့ ချမ်းသာသုခများ ကို ပညာ ဘာဝနာ ဝိပဿနာကို ပွါးမှ အားထုတ်နိုင်မှသာ ပညာရှိသူတော် ကောင်းများ ခံစားစံစားကြရပါသတည်း။ ထို့ကြောင့် မတွေ့ကြုံဘူး မခံစားမစံစားရဘူးတဲ့ ဖလသမာပတ်ချမ်းသာကို ခံစားနိုင်ရန် ဝိပဿနာ ဘာဝနာကို အားထုတ်စမ်းပါလို့ တိုက်တွန်းပါသည်။

တံ သုခံ တဿ အရိယဿ၊ ရသဘူတမနုတ္တရံ။
ဖလဿ ပညံ ဘာဝေတ္ဝာ၊ ယသ္မာ ဝိန္ဒတိ ပဏ္ဍိတော။

အရိယဿ၊ မြတ်သော။ တဿ ဖလဿ၊ ထိုသာမညဖိုလ်၏ (ဝါ) ထိုဖလသမာပတ်၏။ ရသဘူတံ၊ အနှစ်အသားဖြစ်၍။ အနုတ္တရံ၊ အတူ မရှိတဲ့။ တံ သုခံ၊ ထိုအမြိုက်နိဗ္ဗာန်နှင့် ရောနေတဲ့ချမ်းသာသုခကို။ ပညံ၊ ပညာဘာဝနာ ဝိပဿနာကို။ ဘာဝေတ္ဝာ၊ ပွါး၍။ ပဏ္ဍိတော၊ ပညာ ရှိသည်။ ယသ္မာ၊ အကြောင်းကြောင့်။ ဝိန္ဒတိ၊ ရနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ပရိသတ်အပေါင်းတို့သည်။ အာရမ္ဘထ၊ အားတုတ်ကြ ကုန်လော့။

ဣဓ ပနာနန္ဒ ဘိက္ခု ဧဝံသညီ ဟောတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာန"န္တိ။

အာနန္ဒ၊ အိုအာနန္ဒာ။ ဘိက္ခု၊ ရဟန်းသည်။ ဣဓ ပန၊ ဤသာသနာ တော်၌ကား။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသောသင်္ခါရတို့ငြိမ်းအေးရာ ဖြစ်သော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံသောဥပဓိတို့ကိုစွန့်လွှတ်ရာ ဖြစ်သော။ တဏှာက္ခယော၊ တဏှာ၏ကုန်ရာဖြစ်သော။ ဝိရာဂေါ၊ ရာဂ ကင်းရာဖြစ်သော။ နိရောဓော၊ ချုပ်ငြိမ်းရာဖြစ်သော။ ယဒိဒံ ယံ ဣဒံ နိဗ္ဗာနံ၊ အကြောင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်းသက်အေးမြချမ်းသာလှ၏။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်ကောင်းစွချမ်းသာလှ၏။ ဣတိ ဧဝံ၊ ဤသို့။ သညီ၊ အမှတ် သညာရှိသည်။ ဟောတိ၊ ဖြစ်၏။

ဧတံ သန္တံ ဧတံ ပဏီတန္တိ် သန္တံ သန္တန်ိ အပ္ပေတ္ဝာ နိသိန္နဿ ဒိဝသမ့ပိ စိတ္တုပ္ပါဒေါ သန္တံ သန္တံတ္ဝေ ပဝတ္တတိ၊ ပဏီတံ ပဏီတန္တိ် အပ္ပေတ္ဝာ နိသိန္နဿ ဒိဝသမ့ပိ စိတ္တုပ္ပါဒေါ ပဏီတံ ပဏီတံတ္ဝေ ပဝတ္တတိ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထောတိ နိဗ္ဗာနံ နိဗ္ဗာနန်တိ် အပ္ပေတ္ဝာ နိသိန္နဿ ဒိဝသမ့ပိ စိတ္တုပ္ပါဒေါ နိဗ္ဗာနံ နိဗ္ဗာနံတ္ဝေ ပဝတ္တတိတိ သဗ္ဗမေတံ ဖလသမာပတ္တိသမာဓိ် သန္ဓာယ ဝုတ္တံ။

(ဒသကအင်္ဂုတ္တိရ်အဋ္ဌကထာ နံပါတ် ၂၇၀)

သဗ္ဗသင်္ခါရသမထောတိ၊ အလုံးစုံသောသင်္ခါရတရားတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်ဟူ၍။ ယဒိဒံ ယံ ဣဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်အေးမြကောင်းမွန်စွတကား။ ဧတံ နိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်ချမ်းမြ ငြိမ်သက်လှတကား။ ဣတိ၊ ဤသို့။ သန္တံ သန္တန်ိ၊ ငြိမ်သက်အေးမြ ငြိမ်သက်အေးမြချမ်းသာစွ တကားဟူ၍။ အပ္ပေတ္ဝာ၊ ဖြစ်စေ၍။ နိသိန္နဿ၊ နေသောအရိယာသာဝကအား။ ဒိဝသမ့ပိ၊ တနေ့လုံးသော်လဲ။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ဖြစ်ခြင်းသည်။ သန္တံ သန္တံတ္ဝေ သန္တံ သန္တံ ဣတိ ဧဝ၊ ငြိမ်သက်အေးမြချမ်းသာစွ ငြိမ်သက်အေးမြ ချမ်းသာစွဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ပဏီတံ ပဏီတန်ိ၊ မွန်မြတ်ချမ်းမြ ငြိမ်သက်လှတကား မွန်မြတ်ချမ်းမြ ငြိမ်သက်လှတကားဟူ၍။ အပ္ပေတ္ဝာ၊ ဖြစ်စေ၍။ နိသိန္နဿ၊ နေသောအရိယာသာဝကအား။ ဒိဝသမ့ပိ၊ တနေ့လုံးသော်လည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ဖြစ်ခြင်းသည်။ ပဏီတံ ပဏီတံတ္ဝေ၊ ပဏီတံ ပဏီတံ ဣတိ ဧဝ၊ မွန်မြတ်ချမ်းမြငြိမ်သက်လှတကား မွန်မြတ်ချမ်းမြငြိမ်သက်လှတကားဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ နိဗ္ဗာနံ နိဗ္ဗာနန်တိ်၊ နိဗ္ဗာန် နိဗ္ဗာန်ဟူ၍။ အပ္ပေတ္ဝာ၊ ဖြစ်စေ၍။ နိသိန္နဿ၊ ထိုင်နေသောအရိယာသာဝကအား။ ဒိဝသမ့ပိ၊ တနေ့ပတ်လုံးသော်လည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်ဖြစ်ခြင်းသည်။ နိဗ္ဗာနံ နိဗ္ဗာနံတ္ဝေ နိဗ္ဗာနံ နိဗ္ဗာနံ ဣတိ ဧဝ၊ နိဗ္ဗာန်နိဗ္ဗာန်ဟူ၍သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သဗ္ဗမ့ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ ဝစနံ၊ ဤစကားကို။ ဖလသမာပတ္တိသမာဓိ်၊ ဖလသမာပတ်သမာဓိကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။

အသခ််တဓာတ်မှန်မြတ်နိဗ္ဗာန်

သခ််တာ ဓမ္မာ အသခ််တာ ဓမ္မာ နှစ်ပုဒ်တို့တွင် သခ််တတရားတို့ကို ပြဆိုရေးသားပြီး၍ အသခ််တတရားကို ရေးသားပြဆိုမည်။

ပစ္စယေဟိ သမာဂန္ဆာ ကတာတိ သခ််တာ-ဟူသည်နှင့်အညီ ဇနက ဥပတ္ထမ္ဘကအကြောင်းတို့သည် ပေါင်းဆုံကာ လာရောက်၍ ပြုပြင်စီရင်အပ်သောတရားတို့ကို သခ််တလို့ခေါ်ဆိုတယ်၊ နှ သခ််တာတိ အသခ််တာ ဟူသည်နှင့်အညီ ဟေတုပစ္စယကြောင်းနှစ်ဝတို့ ပြုမှုမရှိ သန္တိအပစ္စယ နိဗ္ဗာန်ကို အသခ််တလို့ခေါ်ဆိုတယ်။

သခ််တဓာတ်နှင့် ဆန့်ကျင်ဖက်ဖြစ်သော အသခ််တဓာတ်, သခ််တတရား မှတပါး အသခ််တတရား၊ သခ််တနှင့် လုံးဝမတူ ထူးခြားကဲပြားသော တရားလို့ ဆိုလိုသည်။

ကတမေ ဓမ္မာ အသခ််တာ၊ နိဗ္ဗာနံ၊ ဣမေ ဓမ္မာ အသခ််တာ။
(ဓမ္မသင်္ဂဏီ)

တတ္ထ ကတမာ အသခ််တာ ဓာတု၊ ရာဂကွဓော ဒေါသကွဓော မောဟကွဓော၊ အယံ ဝုစ္စတိ အသခ််တာ ဓာတု။
(ဓာတုဝိဘင်း)

ယော ခေါ အာဝုသော ရာဂကွဓော ဒေါသကွဓော မောဟကွဓော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ။ (ဇမ္မုခါဒကသံယုတ်)

နိဗ္ဗာနပုဒ်တွင် နိဝါနဟုခဲ့၊ ဝိနတိ သံသိဗ္ဗတီတိ ဝါနံ-လို့ ပြု။ ဘဝတခု နှင့် ဘဝတခု အကျိုးနှင့်အကြောင်း ကံကို ချုပ်စပ်ဖွဲ့ယှက်လွှတ်ထုတ်၍ မသွားအောင် ချည်နှောင်တတ်တဲ့တဏှာကို ဝါနဟုခေါ်သည်၊ လူ့ဘုံ နတ်ဘုံစသည်တို့ကို အထွေထွေအထူးထူး အတတ်ကြွေးသောတဏှာကိုလည်း ဝါနဟုခေါ်သည်။ ပိယသာတရုပ်နှစ်ဝတို့သို့ ပြေးသွားတတ်သော တဏှာကိုလည်း ဝါနဟုခေါ်သည်။ နိက္ခန္တံ ဝါနတောတိ နိဗ္ဗာန်-လို့ပြု။ ဝါနတဏှာ အုပ်ချုပ်ရာမှ ထုတ်သွားလွှတ်သွားသော သန္တိပဒ သီတိဘာဝ အလုံးစုံသောဝဋ်ဆင်းရဲမှ စင်စစ်ငြိမ်းချမ်းအေးမြကောင်းမြတ်လှတဲ့ ပရမတ် သဘောတခုကို နိဗ္ဗာန်လို့ ဆိုပါတယ်။

တနည်း နတ္ထိ ဇေတ္ထ ဝါနန္တိ နိဗ္ဗာနံ-လို့ ပြု။ ဝါနတဏှာမရှိရာဖြစ်သော သီတိဘာဝဓာတ်သားတခုကို နိဗ္ဗာန်လို့ ဆိုပါတယ်။

တနည်း ဣမသ္မိံ အဓိဂတေ ဝါနဿ အဘာဝေါတိ နိဗ္ဗာနံ-လို့ပြု။ သီတိဘာဝဓာတ်နှစ် ဓာတ်သားကို ပဋိဝေဓဉာဏ်ဖြင့် ပစ္စက္ခ မျက်မှောက် တွေ့မြင်ရရှိခဲ့သော် ဝါနတဏှာ မဖြစ်ရာဖြစ်တဲ့ သီတိဘာဝဓာတ်တခုကို နိဗ္ဗာန်လို့ဆိုသည်၊ ၎င်းပါဠိတော်အဋ္ဌကထာများကို ထောက်ဆ၍ နိဗ္ဗာန်ဆိုသည်မှာ သန်တရုပ်နာမ်များကဲ့သို့ ဖြစ်လွယ်ပျက်လွယ်မနှစ်သက်ဖွယ် အကာမဟုတ်၊ အနှစ်အမတေကဲ့သို့ ထုခေျမရ ပျက်စီးခြင်းကင်းပ၍ တောင့်တကြသော သန္တိဘာဝ သန္တိသုခ ပရမတ် ဓာတ်နှစ်တခုကို နိဗ္ဗာန်လို့ ဆိုလိုသည်၊ အဘာဝမတ္တ ဘာမျှမရှိခြင်း ပညတ်မျှကို နိဗ္ဗာန်ဆိုသည် မဟုတ်။

နိစ္စဘာဝတော သေဋ္ဌဘာဝတော စ သဘာဝဓမ္မေသု သာရန္တိ ဓမ္မသာရံ။

ထိုသန္တိဘာဝ သန္တိသုခနိဗ္ဗာနဓာတ်သည် ကာလအရပ်မျက်နှာ အရပ် ဒေသ အချိန်သမယပုဂ္ဂိုလ်သန္တာန်မရွေး ဘယ်ကာလစသည်မှာမဆို အခါ ခပ်သိမ်း တည်ရှိ၏။ မဂ္ဂင်ပဋိပဒါဖြင့် မဂ်ဖိုလ်ကိုရအောင် ကျင့်နိုင် အား ထုတ်နိုင်က နိဗ္ဗာန်ကိုရကြသောကြောင့်သာ အခါခပ်သိမ်း တည်ရှိတယ် ဆိုလိုသည်။

ပထဝီစသော သဒ်တတရားများကဲ့သို့ တွေ့ရသောကြောင့် တည်ရှိတယ် ဆိုသည်မဟုတ်၊ ငြိမ်းချမ်းအေးမြ ကောင်းမြတ်လှသည်ဆိုသည်မှာ စကြ ဝဠာ ကမ္ဘာလောကဓာတ်တခုလုံး မီးဟုန်းဟုန်းတောက်ရာမှ ငြိမ်းချမ်း အေးမြ သွားဘိသကဲ့သို့ အလုံးစုံသော ဝဋ်ဆင်းရဲ လောင်မီးထဲမှ ငြိမ်းအေး ချမ်းမြ ကောင်းမြတ်လှတဲ့ ဓာတ်နှစ်ဓာတ်သားတခုလို့ ဆိုလိုသည်။

သဒါ အတ္ထိ နိဗ္ဗာနံ။ (ကထာဝတ္ထု)

သဗ္ဗညုမြတ်စွာဘုရားသည် ရုပ်နာမ်ခန္ဓာကား အကြောင်းရှိတဲ့ သဟေ တုကတရား, ရုပ်နာမ်သန်ဓါရ၏ ငြိမ်းအေးရာနိဗ္ဗာန်ကား အဟေတုက တရားလို့ ဟောကြားရာတွင် အကယ်၍ နိဗ္ဗာန်ကား အကြောင်းမရှိတဲ့

တရားမှန်က ပရမတ္ထအားဖြင့် ထင်ရှားမရှိလို့ ယုံမှားသံသယ ကြုံတွေ့ကြသော ရဟန်းတို့၏ အကြုံကို သိတော်မူ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိပုံကို သိစေရန် ဥဒါန်းကြွေးသည်ကား—

အတ္ထိ ဘိက္ခဝေ အဇ္ဈတ် အဘူတံ် အကတံ် အသခ်ံတံ်—စသည်ဖြင့် ဥဒါန်းကြွေးတော်မူသည်။

ဘိက္ခဝေ၊ အိုရဟန်းတို့။ အဇ္ဈတ်၊ ဟောတုပစ္စယကြောင်းနှစ်ဝတို့ကြောင့် မဖြစ်သော။ အဘူတံ်၊ ကိုယ်တိုင်ထင်ရှားမဖြစ်ငြားသော။ အကတံ်၊ တစုံတခုသောအကြောင်းသည် မပြုအပ်သော။ အသခ်ံတံ်၊ သခ်ံတသဘော သခ်ံတလက္ခဏာမှကင်းသော။ နိဗ္ဗာနံ၊ သန္တိလက္ခဏာရှိသော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

အိုရဟန်းတို့ အဇ္ဈတ အဘူတ အကတ အသခ်ံတလို့ ခေါ်ဆိုတဲ့ နိဗ္ဗာန်ကား ပရမတ်အားဖြင့် အမှန်ရှိပါတယ်။ အကယ်၍ ဤသာသနာတွင် နိဗ္ဗာန်တရား မရှိခဲ့ငြားသော် သခ်ံတလောက သခ်ံတနယ်မှကျတ်လွှတ်ရာ မထင်ရှားနိုင်ပါ၊ အသခ်ံတနိဗ္ဗာန် ထင်ရှားရှိသောကြောင့်သာ သခ်ံတလောက သခ်ံတနယ်မှ ကျတ်လွှတ်ရာ ထင်ရှားရှိပါတယ်လို့ ဥဒါန်းကြွေးတော်မူသည်။

အသခ်ံတဖြင့် အဝိဇ္ဇာတဏှာစတဲ့ မျှားစွဲသောအ**ကြောင်း**တို့ မပြုမပြင် မစီရင်အပ်တဲ့ နိဗ္ဗာန်လို့ သိစေပါတယ်၊ တခုခုသော အကြောင်းတော့ပြုကာထားတယ်လို့ ယုံမှားရန်ရှိသောကြောင့် **အကတ**ဖြင့် တစုံတခုသော အကြောင်းမျှ မပြုပြင်ရတဲ့နိဗ္ဗာန်လို့ သိစေပါတယ်၊ အကြောင်းကင်းသော် ကိုယ်တိုင်ဖြစ်တဲ့ နိဗ္ဗာန်လို့ ယုံမှားရန်ရှိသောကြောင့် **အဘူတ**ဖြင့် ကိုယ်တိုင်လဲ မဖြစ်တဲ့နိဗ္ဗာန်လို့ သိစေပါတယ်။ **အဇ္ဈတ**ဖြင့် နိဗ္ဗာန်၏ အသခ်ံတ အကတ အဘူတ အဖြစ်သည် အချင်းခပ်သိမ်း ဇာတိသဘောမှ ကင်းသောကြောင့် အဇ္ဈတသာဖြစ်သည်လို့ သိစေပါတယ်။ လေးပုဒ်တို့ဖြင့် နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်လို့ပြဆိုသတည်း။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သော တရားစကားဖြင့် နိဗ္ဗာန်၏အကျိုး အာနိသံသပစ္စည်းကိုပြ၍ ဥဒါန်းကြွေးတော်မူသည်ကား—

အတ္ထိ ဘိက္ခဝေ တဒါယတနံ။ပ။ အပ္ပတိဋ္ဌံ အပ္ပဝတ္ထံ အနာ-
ရမ္မဏမေဝ၊ တံ ဧသေဝန္တော ဒုက္ခဿာတိ။

ဘိက္ခဝေ၊ တို့။ တဒါယတနံ၊ မင်္ဂိုလ်တို့၏ အာရုံ တွေ့ဆုံရသော ထို အကြောင်းနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ပ။ တံ၊ ထိုနိဗ္ဗာန်သည်။ အပ္ပတိဋ္ဌံ ဝေ၊ နာမ်သဘာဝ ကြောင်းကင်းလှ၍ တစုံတခုသော သခ်ၤတနယ် သခ်ၤတ လောကတွင် မတည်သည်သာတည်း။ အပ္ပဝတ္ထံ ဝေ၊ ပဝတ္ထကင်း ဆန့်ကျင် ခြင်းကြောင့် အပ္ပဝတ္ထမည်သည်သာတည်း။ အနာရမ္မဏမေဝ၊ အာရုံကင်း ရှင်း အထောက်အပံ့ကို မငဲ့ခြင်းကြောင့် အနာရမ္မဏ မည်သည်သာတည်း။ ဧသေဝ ဧသော ဝေ၊ အပ္ပတိဋ္ဌံ အပ္ပဝတ္ထံ·စသည်ဖြင့် ချီးမွမ်းအပ်သော ဤ နိဗ္ဗာန်သည်သာ။ ဒုက္ခဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲ၏။ အန္တော၊ ဆုံးရာ အမှန် ပြည်နိဗ္ဗာန်ပေတည်း။

ဆိုလိုသည်မှာ အဆင်းရှုပါရုံသည် စက္ခုဝိညာဉ်၏ မြင်သိရန် အာရမ္မဏ ပစ္စည်း ဖြစ်သကဲ့သို့ ထို့အတူ နိဗ္ဗာန်သည် မင်္ဂဏ်ဖိုလ်ဉာဏ်တို့၏ မျက် မှောက်ပြုရန် အကြောင်းကင်းသော်လည်း အာရမ္မဏပစ္စည်း ဖြစ်သေး၏။ ထို့ကြောင့် အာရုံအကြောင်းဖြစ်တဲ့ နိဗ္ဗာန်ပရမတ်မှန်အားဖြင့် ကောန် ရှိပါတယ်လို့ ရဟန်းတို့အား သိစေ၏။

ဓမ္မန္ဒယ=တရားတော်အားအလျော်ဖြစ်သင့်ပုံကား – သခ်ၤတတရားရှိက ဆန့်ကျင်ဖက် အသခ်ၤတတရားလည်း ရှိနိုင်သည်၊ ဆင်းရဲဒုက္ခရှိလျှင် ချမ်း သာသုခရှိနိုင်သကဲ့သို့ ဘဝရှိလျှင် ဝိဘဝလည်း ရှိရမည်။ ဥဏှ အပူရှိလျှင် သီတလအအေး ရှိရသကဲ့သို့ မီးသုံးပါးရှိလျှင် မီးငြိမ်းရာနိဗ္ဗာန်လည်း ရှိရ မည်၊ ပါပမကောင်းမှုရှိလျှင် ကလျာဏကောင်းမှုလည်း ရှိရသကဲ့သို့ ဇာတိ ရှိလျှင် အဇာတိလည်း ရှိရမည်။

နိဗ္ဗာန်နှင့် ဆန့်ကျင်သောတရားတို့ကိုပယ်စွန့်သဖြင့် နိဗ္ဗာန်၏ သဘာဝ ထင်ရှားပုံကား—သခ်ၤတတရားတွင် သခ်ၤတနှင့် ဆန့်ကျင်တဲ့ နိဗ္ဗာန်မရှိနိုင်၊ နိဗ္ဗာန်တွင်လဲ သခ်ၤတတရား မရှိနိုင်၊ သခ်ၤတနှင့် အသခ်ၤတတို့ ပေါင်းဆုံ နှီးနှော၍ မရခေျ၊ ထင်ရှားစေအံ့၊ နိဗ္ဗာန်တွင် သတ္တဝါ မဟုတ်တဲ့ ခက်မာ ကြမ်းတမ်းတဲ့သဘော ပထဝီဓာတ်ကို မတွေ့ရခေျ၊ ဓာတ်လေးပါး ဥပါဒါ

ရုပ်မျှားနှင့် ပဥ္စဝေါကာရ, ဧကဝေါကာရ ဘုံဘဝတို့ကို မတွေ့နိုင်ချေ၊ အရှုပ ဘုံဘဝနှင့်စပ်သော နာမ်တရားတို့ကိုလည်း မတွေ့နိုင်ချေ။ ပစ္စုပ္ပန်လောက တမလွန်လောကလည်း မရှိချေ။ အမိုက်မှောင်ကျစရာရုပ်ကင်းကွာသောကြောင့် အမိုက်မှောင်တို့ကို ပယ်ဖျောက်ရန် လနေနှစ်ပါးလည်း မရှိချေ။ "နဉဘော စန္ဒိမသူရိယာ"ဟူသော ပါဠိဖြင့် နိဗ္ဗာန်တွင် သောက်ရှူးကြယ်ရောင်ကဲ့သို့ ပြောင်ပြောင်ဝင်းဝင်း အရောင်လင်းကာနေတဲ့သဘောကို ပြသည်။

ဣမိနာ အာလောကသဘာဝတံယေဝ ဒဿေတိ။ (ဥဒါန်းအဋ္ဌကထာ)

အထက်ပါစကားဖြင့် သခ်ၤတတရားအားလုံးနှင့် ဆန့်ကျင်တဲ့ အသခ်ၤတဓာတ်သဘောကို နိဗ္ဗာန်ပဲလို့ ပြသည်။

ပထဝီအာဒိသဗ္ဗာ သခ်ၤတဓမ္မဝိဓုရသဘာဝါ ယာ အသခ်ၤတာ ဓာတု၊ တံ နိဗ္ဗာနံ။

အိုချစ်သားတို့.... ငါဘုရားသည် သုံးပါးသောလောက ဘုံဘဝတွင် အကြောင်းအားလျော်စွာ ရုပ်နာမ်ဓမ္မ တရားအစုမျှသာ ဖြစ်ကြသောကြောင့် တစုံတခုသောဘုံဘဝမှ တစုံတယောက်သောသူ၏ လာခြင်း သွားခြင်း တည်နေခြင်း ရွှေ့လျောခြင်း ဖြစ်ပေါ်လာခြင်းကို မဟောသကဲ့သို့ ထို့အတူ နိဗ္ဗာန်တွင်လဲ တစုံတခုသော ဘုံဘဝမှလာခြင်းစသည်ကို မဟော၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုရုံသာတည်း။

မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်သည် အပွတိဋ္ဌ အပွဝတ္တ အနာရမ္မဏသာတည်း၊ ဤနိဗ္ဗာန်သာ အလုံးစုံသော ဝဋ်ဆင်းရဲတို့၏ ဆုံးရာအမှန် ပြည်နိဗ္ဗာန်တည်း။ တသ္မာ ဒုက္ခဿ အန္တောတိ အယမေဝ တဿသဘာဝေါတိ ဒဿေတိ။

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ ရဟန်းတို့အား နိဗ္ဗာန်နှင့်စပ်သောတရားစကားဖြင့် အလုံးစုံသောဝဋ်ဆင်းရဲ ငြိမ်းအေးခြင်း၏အကြောင်း အလွန်ကောင်းသော အမတမဟာနိဗ္ဗာန်၏ အစွမ်းအာနုဘော်ပြရန် ဥဒါန်းကြွေးတော်မူသည်ကား—

ဒုဒ္ဒသံ အနတံ နာမ၊ န ဟိ သစ္စံ သုဒဿနံ။
ပဠိဝိဒ္ဓါ တဏှာ ဇာနတောဝ၊ ပဿတော နတ္ထိ ကိဉ္စနံ။

သစ္စံ၊ နိဗ္ဗာန်သည်။ ဒုဒ္ဒသံ၊ ပါရမီ ဘုန်းသမ္ဘာ ဉာဏ်ပညာမရှိသော သူတို့သည် မြင်နိုင်ခဲ၏။ အနတံ နာမ၊ တဏှာကင်းကွာ မရှိရာဖြစ်သော ကြောင့် အနတမည်၏။ ဟိ၊ ထိုစကားကို ထင်ရှားစေမည်။ သစ္စံ၊ နိဗ္ဗာန်သည်။ သုဒဿနံ၊ လွယ်လွယ်နှင့် တွေ့မြင်ရသော တရားသည်။ န၊ မဟုတ်။ တဏှာ၊ သမုဒယသစ္စာတဏှာကို။ ပဠိဝိဒ္ဓါ၊ ထိုးထွင်း၍သိအပ်ပြီ။ ဇာန-တော ပဿတော၊ သစ္စာလေးပါးကို တွေ့မြင်သော ရဟန္တာအား။ ကိဉ္စနံ၊ စိုးရိမ်ကြောင့်ကြဖွယ်သည်။ နတ္ထိ၊ မရှိ။

ဆိုလိုသည်မှာ နိဗ္ဗာန်ကား သဘာဝအားဖြင့်လည်း နက်နဲအလွန် သိမ်မွေ့နူးညံ့သော သဘောလဲရှိသောကြောင့် ပါရမီဘုန်းသမ္ဘာဉာဏ်ပညာ မရှိသူတို့ တွေ့နိုင်ရန်ခဲယဉ်းလေသည်။ ဟုတ်မှန်စွ။

တဥ္ဉိ တေ မာဂဏ္ဍိယ အရိယံ ပညာစက္ခု နတ္ထိ၊ ယေန တုံ အာရောဂျံ ဇာနေယျာသိ နိဗ္ဗာနမိဿိ ပဿေယျာသိ-လို့ မိန့်တော်မူသည်။

မာဂဏ္ဍိယ၊ အို့မာဂဏ္ဍိ။ တုံ၊ သင်သည်။ ယေန ပညာစက္ခုနာ၊ အကြင်ပညာစက္ခု ဉာဏ်မျက်ရှုဖြင့်။ အာရောဂျံ၊ အနာရောဂါမရှိသော အဖြစ်ကို။ ဇာနေယျာသိ၊ သိနိုင်ရာ၏။ နိဗ္ဗာနမိဿိ၊ နိဗ္ဗာန်ကိုလည်း။ ပဿေယျာသိ၊ မြင်နိုင်ရာ၏။ အရိယံ၊ သန့်ရှင်းသော။ တဥ္ဉိ ပညာစက္ခု၊ ထို ပညာစက္ခုသည်သာ။ တေ၊ သင်အား။ နတ္ထိ၊ မရှိ။

နိဗ္ဗာန်ကို မြင်နိုင်တွေ့နိုင်သော ဉာဏ်ပညာရှိသူသာ တွေ့နိုင်မြင်နိုင် သည်ဟု ဆိုလိုသည်။ တဏှာကင်းကွာ ငြိမ်းအေးစွာသော သဘောမှန်ရှိတဲ့ နိဗ္ဗာန်ကို လွယ်လွယ်နှင့် မတွေ့မြင်နိုင်ချေ။ သစ္စာလေးပါးကို အဟုတ် အမှန် အရိယာမဂ်ဉာဏ်ဖြင့် တွေ့သိသော ရဟန္တာအား ဘုံဘဝစသည်တွင် ခင်မင်တွယ်တာ တဏှာမရှိတော့ပါ၊ တဏှာမရှိသော် ကိလေသဝဋ် ချုပ် ကွယ်သေဆုံးတော့သည်၊ ကမ္မဝဋ်မရှိသော် ဝိပါကဝဋ် ချုပ်ကွယ်သေဆုံး တော့သည်၊ ဝဋ်သုံးပါးမှကင်းလွတ်သော် ကိဉ္စနစိုးစဉ်း ကြောင့်ကြဘာမျှ မရှိတော့ပါဟု ဆိုလိုသည်။

သဗ္ဗညူမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ နိဗ္ဗာန်၏ မျှားစွာသော အခြင်းအရာတို့ဖြင့် ပြမ်းလျက် တပါးသောတရားတို့နှင့် မဆက်ဆံတဲ့ အစွမ်းအာနုဘော်ကို ပြတော်မူသည်၊ နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းကိုကား ဟောတော်မမူချေ။ ဘယ်ပုံကျင့်သော် နိဗ္ဗာန်ကို ရကြမည်လဲလို့ ကြံစည်သော ရဟန်းတို့အား နိဗ္ဗာန်ရကြောင်း ပဋိပဒါနှင့် တကွ နိဗ္ဗာန်၏ အစွမ်းအာနုဘော်ပြရန် ဥဒါန်းကြူးတော်မူသည်ကား—

နိဿိတဿ စလိတံ၊ အနိဿိတဿ စလိတံ နတ္ထိ၊ စလိတေ အသတိ ပဿဒ္ဓိ၊ ပဿဒ္ဓိယာ သတိ နတိ န ဟောတိ၊ နတိယာ အသတိ အာဂတိဂတိ န ဟောတိ၊ အာဂတိဂတိယာ အသတိ စုတူပပါတော န ဟောတိ၊ စုတူပပါတေ အသတိ နေဝိဓ နဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။

အဓိပ္ပါယ်ကိုသာ ပြန်ဆိုမည်—

ရုပ်နာမ်သင်္ခါရနှင့် ခန္ဓာစသော လောကတွင် (၀၊) ခြွေရုံလင်မယား သမီးသားနှင့် စပါးရွှေငွေ စည်းစိမ်တွေတွင် တဏှာကိုမှီသော ပုဂ္ဂိုလ်အား ဇတံ မမ၊ ဤ ခြွေရုံလင်မယား သမီးသားကား ခင်မင်မက်မောသည်၏ အစွမ်းဖြင့် သာယာနှစ်သက်ရတဲ့ ငါ့ဥစ္စာပဲလို့ တဏှာကျားကိုက်ထားသောကြောင့် တုန်လှုပ်သည်။

ဧသော မေ အတ္တာ၊ ဤရုပ်နာမ် သင်္ခါရကား မအိုမနာ မသေရန် တောင့်တလို့ရ,စီမံလို့ရ ငါ့အတ္တပဲလို့ ဒိဋ္ဌိကျားကိုက်စားထားသောကြောင့် တုန်လှုပ်သည်။

ထင်စေဦးအုံ့။ တဏှာမကင်း ပုဂ္ဂိုလ်ဖျင်းသည် သုခသောမနဿစာတ်တို့ကိုရရှိခဲ့သော် သုခသောမနဿစာတ်တို့ကို လွှမ်းမိုးနှိပ်စက်၍နေခြင်းငှါ မစွမ်းနိုင်က မမ ဝေဒနာ၊ ငါ၏ဝေဒနာ,ငါ၏မယားစသည်ဖြင့် တဏှာကျားကိုက်စားထားသောကြောင့် ကုသိုလ်စိတ်အစဉ်ဖြစ်ခြင်းမှ တုန်လှုပ်ချောက်ချား ချော်ချွတ်ကာ သွားတော့သည်။ အဟံ ဝေဒယာမိ၊ ငါ ခံစား,စံစားတယ် စသည်ဖြင့် ဒိဋ္ဌိကျား ကိုက်စားထားသောကြောင့် ကုသိုလ်စိတ်

အစဉ်ဖြစ်ခြင်းမှ တုန်လှုပ်ချောက်ချား ချော်ချွတ်ကာ သွားတော့သည်ဟု ဆိုလိုသည်။

သမထဝိပဿနာ နှစ်ဖြာတို့ဖြင့် တဏှာဒိဋ္ဌိတို့ကိုခွါလျက် အနုပဿနာသုံးပါးတို့၏အစွမ်းဖြင့် ရုပ်နာမ်သင်္ခါရတို့ကို ဆုံးဖြတ်ပိုင်းခြားရာတွင် ဝိသုဒ္ဓိပဋိပဒါကို ကျင့်ကာ နေသောပုဂ္ဂိုလ်အား တဏှာဒိဋ္ဌိကျား ပြေးသွားသောအားဖြင့် ကုသိုလ်စိတ်အစဉ်ဖြစ်ခြင်းမှ မတုန်လှုပ် မချောက်ချားတော့ပေ။ ကုသိုလ်စိတ် အစဉ်ဆက်ကာ ဖြစ်နေတော့သည်ဟု ဆိုလိုသည်၊ တဏှာဒိဋ္ဌိအာဘက် တုန်လှုပ်ချက်မရှိခဲ့သော် မဂ်ဖိုလ်ရရန် လမ်းမှန်ကျတဲ့ဝိပဿနာကို အားထုတ်ကာနေသောယောဂီအား ဝိပဿနာနှင့်တကွဖြစ်သော ကိုယ်စိတ်တို့ကိုချုပ်ချယ်ချောက်ချား တုန်လှုပ်ကာသွားအောင်ပြုတတ်သော ကိလေသာတို့ကိုငြိမ်းအေးစေလျက် ပဿဒ္ဓိတရားထင်ရှားဖြစ်ပွါးခဲ့သော မဂ္ဂင် ပဋိပဒါအဆင့်ဆင့်ဖြင့် ကိလေသာကို ကုန်စေသောယောဂီအား အရဟတ္တမဂ်ခဏတွင် တဏှာကြွင်းတဏှာကျန်မရှိ ကုန်ခမ်းဘိတော့၏၊ တဏှာကြွင်းတဏှာကျန်မရှိသော် ပဋိသန္ဓေ၏အစွမ်းဖြင့် ဤဘုံဘဝသို့ မလာနိုင်တော့ချေ။ စုတိပြတ်ကြွေ သေသည်၏အစွမ်းဖြင့် ဤဘုံဘဝမှ တမလွန်လောကသို့ မသွားတော့ချေ။ သွားလာခြင်းမရှိခဲ့သော် စုတိပဋိသန္ဓေ မရှိတော့ချေ။ စုတိပဋိသန္ဓေမရှိခဲ့သော် ဤပစ္စုပ္ပန်လောက ဘုံဘဝတွင်လဲ မဖြစ်တော့ချေ၊ တမလွန်လောက ဘုံဘဝတွင်လဲ မဖြစ်တော့ချေ၊ ဤဘုံဘဝ လောကများတွင် မဖြစ်ပေါ်ခြင်းကသာ ကိလေသာဆင်းရဲ, သံသရာဝဋ်ဆင်းရဲ၏ ဆုံးရာနိဗ္ဗာန်သဘောတည်းလို့ သိစေလိုသတည်း။

သဗ္ဗညုမြတ်စွာဘုရားသည် ဗာဟိယမထေရ်၏ ပရိနိဗ္ဗာန်စံသောအဖြစ်ကိုငုံး ရဟန္တာပုဂ္ဂိုလ်တို့ လားရာနိဗ္ဗာန်တည်းသော ဂတိကို လူအများတို့သိနိုင်ခဲသော အဖြစ်ကိုငုံး အကြောင်းပြု၍ ဥဒါန်းကြွေးတော်မူသည်ကား-

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။
န တတ္ထ သုက္ကာ ဇောတန္တိ၊ အာဒိစ္စော နပ္ပကာသတိ။
န တတ္ထ စန္ဒိမာ ဘာတိ၊ တမော တတ္ထ န ဝိဇ္ဇတိ။
(ဥဒါန်းပေါဓိဝဂ်)

ယတ္ထ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ အာပေါ စ၊ ဖွဲ့စည်းတဲ့သဘောသည်ဎင်း။ ပထဝီ စ၊ ခက်မာကြမ်းတမ်းတဲ့သဘောသည်ဎင်း။ တေဇော စ၊ ပူလောင်တဲ့သဘောသည်ဎင်း။ ဝါယော စ၊ ထောက်ပံ့လှုပ်ရှားတဲ့သဘောသည်ဎင်း။ န ဂါဓတိ၊ မတည်နိုင်။ တတ္ထ၊ ထိုနိဗ္ဗာန်၌။ သုက္ကာ၊ ဖြူစင်သော နက္ခတ်ကြယ်တာရာတို့သည်။ န ဇောတန္တိ၊ မတောက်ပနိုင်ကုန်။ အာဒိစ္စော၊ နေမင်းသည်။ နပ္ပကာသတိ၊ မထင်ရှား။ တတ္ထ၊ ထိုနိဗ္ဗာန်၌။ စန္ဒိမာ၊ လသည်။ န ဘာတိ၊ မတောက်ပနိုင်။ တတ္ထ၊ ထိုနိဗ္ဗာန်၌။ တမော၊ အမိုက်မှောင်သည်။ န ဝိဇ္ဇတိ၊ မရှိ။

ဆိုလိုသည်မှာ အသင်္ခတသဘောရှိသောနိဗ္ဗာန်တွင် သင်္ခတအရိပ်အမြွက် အနည်းငယ်မျှ မသက်ရောက်နိုင်သောကြောင့် ပထဝီ,အာပေါစသော ဓာတ်လေးပါး မတည်နိုင်ချေ၊ ဖြူစင်သန့်ရှင်း အရောင်တောက်ပခြင်းရှိသော နက္ခတ်ကြယ်တာရာတို့လည်း မထွန်းပနိုင်ချေ။ သုံးကျန်းလင်းခိုက် တကျန်းမိုက်အောင် အရောင်ကို ဆောင်နိုင်တဲ့ နေမင်းလည်း မတောက်ပနိုင်တော့ချေ။ အေးမြကြည်လင် ပျော်ရွှင်စရာကောင်းတဲ့ လမင်းလည်း မတင့်တယ်မတောက်ပနိုင်ချေ။ နေရောင်လရောင် ထွန်းပြောင်ကာ မတည်သော်လဲ လောကန္တရိက် ငရဲကဲ့သို့ မှောင်အတိကျကာနေသည်မဟုတ်၊ မိမိသဘောအားဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပလျက် တည်နေသည်ဟု ဆိုလိုသတည်း။

ရဟန္တာ၏ လားရာပြဂါထာ

ဝိညာဏသ နိရောဓေန၊ တဏှာက္ခယဝိမုတ္တိနော။
ပဇ္ဇောတသ္သေဝ နိဗ္ဗာနံ၊ ဝိမောက္ခော ဟောတိ စေတသော။
(တိကနိပါတ် သမဏဝဂ် အဂုံတ္တိရ်)

တဏှာက္ခယဝိမုတ္တိနော၊ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား။ စရိမကဝိညာဏသ၊ အဆုံးဖြစ်သော စုတိဝိညာဉ်၏။ နိရောဓေန၊ ချုပ်ကွယ်သေဆုံးခြင်းကြောင့်။ ပဇ္ဇောတသ္သ၊ ဆီမီး၏။ နိဗ္ဗာနံ ဣဝ၊ ငြိမ်းအေးခြင်းကဲ့သို့။ စေတသော၊ ဝင်္ခမျိုးစေ့နှင့်တူသော ပဋိသန္ဓေဝိညာဉ်စိတ်၏။ ဝိမောက္ခော၊ လွတ်ခြင်း မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဆိုလိုသည်မှာ ဘုရားပစ္စေကဗုဒ္ဓါဒီဏာသဝရဟန္တာတို့အား အဆုံးဖြစ်တဲ့ စုတိဝိညာဉ် သေဆုံးချုပ်ကွယ်ခြင်းကြောင့် တဟုန်းဟုန်း တပြောင်ပြောင် တောက်လောင်သောမီး၏ ငြိမ်းခြင်းကဲ့သို့ ဝဋ်မျိုးစေ့ဖြစ်သော ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်မလာနိုင်ပဲ သီတိဘာဝ ငြိမ်းချမ်းအေးမြ ကောင်းမွန်လှသော နိဗ္ဗာန်ဓာတ် ဆိုက်သွားတော့ချေသည်။ သခ်ၤတနယ် သခ်ၤတလောကတွင် သွားရာလားရာအရပ် မထင်ရှားတော့ပါ၊ ခေါ်ဝေါ်ပြောဆို စရာ အမည်မရှိသောအဖြစ်သို့ ရောက်သွားတော့သည်ဟု ဆိုလိုသတည်း။

တဏှာက္ခယဝိမုတ္တိနော ဟိ ဒီဏာသဝဿ စရိမကဝိညာဏ-
နိရောဓေန ပရိနိဗ္ဗာနံ ဝိယ စေတသော ဝိမောက္ခော ဟောတိ၊
န ဂတဋ္ဌာနံ ပညာယတိ၊ အပဏ္ဏကတ္တိကဘာဝူပဂမောယေဝ
ဟောတီတိ အတ္ထော။ (အဋ္ဌကထာ)

မိမိဖြစ်ရာ ပဌမစျာန်ဘုံမှတပါး ဝဋ်ဆင်းရဲမှု ကျွတ်လွတ်ထွက်မြောက်ရာ နိဿရဏဓာတ်မရှိတော့ပြီ၊ ပဌမစျာန်ဘုံကိုပင် နိဗ္ဗာန်ပဲလို့ သဿတဒိဋ္ဌိအယူရှိသော ဗကဗြဟ္မာကြီးအား အကြောင်းနှင့်တကွ နိဗ္ဗာန်ပြ၍ ချွတ်တော်မူသည်ကား—

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ တံ ပထဝိယာ
ပထဝဋ္ဌေန အနနုဘူတံ။ (ဗြဟ္မနိမန္တနိယသုတ်)

ဝိညာဏံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် အထူးပစ္စက္ခသိရသော။ အနိဒဿနံ၊ ပကတိမျက်စိဖြင့် မမြင်အပ်သော။ အနန္တံ၊ ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဥပါဒ်စွန်း ဘင်စွန်းမရှိသော။ သဗ္ဗတောပဘံ၊ အလုံးစုံမှတောက်ပသော အရောင်ရှိသော။ တံ နိဗ္ဗာနံ၊ ထို နိဗ္ဗာန်ကို။ ပထဝိယာ၊ ပထဝီ၏။ ပထဝဋ္ဌေန၊ ခက်မာကြမ်းတမ်းတဲ့သဘောအားဖြင့်။ အနနုဘူတံ၊ မခံစားအပ်။

နိဗ္ဗာန်ပြ လေးပုဒ်တို့ဘင် **သဗ္ဗတောပဘံ** ဖြင့် နိဗ္ဗာန်တွင် နေလအရောင်တို့ ကင်းပသော်လဲ ပကတိသဘောအားဖြင့် ကြည်လင်တောက်ပ အေးမြသော အရောင်ရှိပါတယ်လို့ ပြ၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် တွေ့သောအခါ သောက်ရှူးကြယ်ရောင်ကို တွေ့ရဘိသကဲ့သို့ တွေ့ရသည်ဟု ဆိုလိုသည်။

သဗ္ဗတောပဘန္တိ သဗ္ဗသော ပဘာသမွန္နံ။ နိဗ္ဗာနတော ဟိ အညော ဓမ္မော သပဘာတရော ဝါ ဇောတိဝန္တတရော ဝါ ပရိသုဒ္ဓတရော ဝါ ပဏီတရော ဝါ နတ္ထိ။

သဗ္ဗတောပဘန္တိ၊ ဟူသည်ကား။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ ပဘာသမွန္နံ၊ အရောင်နှင့်ပြည့်စုံ၏။ ဟိ၊ ထိုစကားသင့်စ္။ နိဗ္ဗာနတော၊ နိဗ္ဗာန်မှ။ သပဘာတရော ဝါ၊ တောက်ပသောတရားတို့ထက် အထူးအားဖြင့် တောက်ပသည်လည်းဖြစ်သော။ ပရိသုဒ္ဓတရော ဝါ၊ စင်ကြယ်သောတရားတို့ထက် အထူးအားဖြင့် စင်ကြယ်သည်လည်းဖြစ်သော။ ပဏီတရော ဝါ၊ ဖြူစင်သောတရားတို့ထက် အထူးအားဖြင့် ဖြူစင်သည်လည်းဖြစ်သော။ အညော၊ တပါးသော။ ဓမ္မော၊ တရားသည်။ နတ္ထိ၊ မရှိ။

တနည်း **သဗ္ဗတောပဘံ** ဖြင့် အရပ်မျက်နှာဟူသမျှတို့တွင် နိဗ္ဗာန်မတည်မရှိရာ တစုံတခုသော အရပ်မျက်နှာမျှမရှိ၊ အရပ်မျက်နှာ ဟူသမျှတွင် နိဗ္ဗာန်တည်ရှိသည်လို့ပြ၏။

တနည်း **သဗ္ဗတောပဘံ** ဖြင့် မဟာသမုဒ္ဒရာတွင် သက်ဆင်းရာဆိပ်ကမ်းသည် အလိုရှိရာအရပ်မှ ဆိပ်ကမ်းဖြစ်ရသကဲ့သို့ နိဗ္ဗာန်တွင် ဝင်ရာဆိပ်ကမ်းကမ္မဋ္ဌာန်းကား သုံးဆဲ့ရှစ်မျိုးသော ကမ္မဋ္ဌာန်းတို့တွင် အလိုရှိရာကမ္မဋ္ဌာန်းဆိပ်ကမ်းဖြစ်၍ ဝင်နိုင်တယ်လို့ပြထား၏။ အဋ္ဌကထာမှယူလေ၊ သန်တသဘောမှ ကျွတ်လွတ်ပြီး နိဗ္ဗာန်ကို ပထဝီစသော သက္ကာယ သန်တသဘောဖြင့် မခံစားနိုင် မစီမံနိုင်ပါလို့ ပြတော်မူလိုရင်း ဖြစ်သတည်း။

သန္တိလက္ခဏံ နိဗ္ဗာနံ အစ္စုတိရသံ အနိမိတ္တပစ္စုပဋ္ဌာနံ။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်းအေးချမ်းမြ ကောင်းမြတ်လှသော သဘောရှိ၏။ အစ္စုတိရသံ၊ ရွှေလျှောပြောင်းရွှေခြင်းကိစ္စမရှိ (ဝါ) မိမိသဘောကို မစွန့်ခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊ သင်္ခါရနိမိတ် အရိပ်အရောင် ပုံဆောင်သဏ္ဌာန်မှ ကင်းရှင်း၍ သန့်ရှင်းစွာ ဉာဏ်အား ရွေးရှုထင်လာ၏။

သန္တိသုခ လေးမျိုး

သန္တိသုခ သန္တိလက္ခဏာသည် ဒိဋ္ဌဓမ္မသမ္ပတ်သန္တိသုခ ဝိပဿနာတဒင်္ဂ-သန္တိသုခ စျာနဝိက္ခမ္ဘနသန္တိသုခ နိဗ္ဗာနအစ္စန္တသန္တိသုခဟု လေးမျိုးရှိတယ်။

ထို လေးမျိုးတို့တွင် ဒိဋ္ဌဂတသမ္မုတိသန္တိသုခဆိုသည်ကား လူမင်းနတ်မင်း လူသူဥစ္စာ နတ်သူဥစ္စာစသောသူတို့ အလိုရှိအပ် နှစ်သက်အပ်တဲ့ ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်မျိုးတို့ကိုရ၍သော်၎င်း အိမ်ယာ ဝင်းခြံ ဘုံဗိမာန် နှင့် လင်ရုံမယား သမီးသားစသော ခြွေရုံဥစ္စာ အဖြာဖြာတို့ကို ရသော်၎င်း ကြည့်ရှုခံစား စသည်မျှားကြောင့် ကိုယ်စိတ်ကြည်စွ ပျော်ရွှင်ကြသောအခါ ကာမချမ်းသာ ကာမအတွက် ငြိမ်းအေးချက်သုခ သောမနဿစေတ်တို့ ပေါ်လာပါသည်။ ၎င်းသုခ သောမနဿစေတ်ကိုပင် သဘာဝမထင်နိုင်ပဲ အတ္တဒိဋ္ဌကိုစွဲ၍ သမုတ်ပြောဆိုကြသော သန္တိသုခလို့ဆိုသတည်း။

သမ္မတ္တိစည်းစိမ်ချမ်းသာခေါ် သုခသောမနဿစေတ်မျှားသည် လျှပ်စီး ရောင်ပမာ ကြာမြင့်စွာမတည်နိုင်ပဲ ပျောက်ကွယ်သေဆုံးကြရပါတယ်။ စည်းစိမ်ချမ်းသာ သုခ သောမနဿစေတ် အဖြာဖြာတို့သည် မိုးမဆုံး မြေမဆုံး ဆိုတာလို အဆုံးအပိုင်းအခြားမရှိပဲ ဣစ္ဆိတာလာဘ အလိုရှိတိုင်း တောင့်တတိုင်းမရတဲ့ အာသာဒုက္ခကို တိုးပွါးစေကြသည်သာတည်း။

မန္တလေးရန်ကုန် အလုံးစုံသောမြို့ရွာနိုဂုံးဟူသမျှတို့၌ တိုက်တာမိုးမြေ ရွှေငွေစပါး မယားသားတည်းဟူသော ရတနာစည်းစိမ် တထိန်ထိန် တောက်ပချမ်းသာလှသော သူဥစ္စာသူကြွယ်တယောက်ရှိပါတယ်။ ထိုသူဥစ္စာ သူကြွယ်မှာ အမြဲကျင်နာကိုက်ခဲ အနာရောဂါကြီး စွဲကပ်၍နေပါတယ်၊ အခါခပ်သိမ်း ကိုက်ခဲလှချည့် ကျင်နာလှချည့်နဲ့ အော်တ၍သာနေရှာတယ်၊ ကိုယ်စိတ်ကြည်စွ ပျော်ရွှင်ကြရန် ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကို မခံစား မစံစားနိုင်တော့ချေ။ ကိုယ်စိတ်ညှိုးစွ ဆင်းရဲဒုက္ခသာခံစံရလေ၏၊ ထို့ကြောင့် ကာမချမ်းသာခေါ် သုခသောမနဿစေတ်တို့ကို အကြောင်း အမြွက်အားဖြင့် နိဗ္ဗာန်ကဲ့သို့ ငြိမ်းချမ်းအေးမြ ကောင်းမြတ်လှ၏လို့ ဆိုရသော်လည်း မုချစင်စစ် ကောန်အမှန်အားဖြင့် ဆင်းရဲဒုက္ခ ပင်ပန်းရသည်သာဖြစ်သတည်း။

ဝိပဿနာတဒင်္သန္တိသုခဆိုသည်ကား ဝိပဿနာဉာဏ်သြဇာတက်၍ အဖြစ်အပျက်ကို သိလျက် ပေါ်လာသည်မှ စ၍ အထက် ဉာဏ်မျှား တိုင်အောင် ဝီရိယနှင့်သမာဓိ ညီမျှစွာရှိ၍ ဝိပဿနာချိန်မိသောအခါ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်မျှားတွင် နေထိုင်သော ဝိပဿကယောဂီ၏

ကိုယ်စိတ်တို့မှာ ငြိမ်းအေးပေါ့ပါး နူးညံ့စွာ ခန့်ညားလျက် သန့်ရှင်း စင်ကြယ်စွာ ဖြောင့်မတ်တည့်မတ်၍ လာပါကုန်တယ်။ ထိုအခါတွင် ဝိပဿက ယောဂီသည် ပဿဒ္ဓိစသား ခြောက်ပါးသောတရားတို့ဖြင့် ချီးမြှောက် တိုးပွါး စိုစွတ်ငြားသော ကိုယ်စိတ်ရှိသည်ဖြင့်၍ လူနှင့်သိကြား ဘုန်းရှိသူ များသော်မှ မခံစားနိုင် မစံစားနိုင်သော အမာနုသီမည်သော ဓမ္မရတိ ဓမ္မရသာကို ခံစားရလေသည်။ ထိုစဉ်အခါ ဝိပဿကယောဂီအား အလွန် မွန်မြတ်သော ရွှင်တို့ဖြင့် တကိုယ်လုံးကို စိုစွတ်တိုးပွါးစေလျက် ဝိပဿနာ စိတ်နှင့်ယှဉ်တဲ့ သောမနဿသုခဓာတ် ပေါ်လာသည်။ ၎င်းသောမနဿ သုခဓာတ်ကိုပင် သဘာဝမထင်နိုင်ပဲ အခိုက်အတန့်ကိုစဲ့၍ တဒင်္သန္တိသုခလို့ ဆိုသတည်း။ တဒင်္သန္တိသုခခေါ် သောမနဿဓာတ်သည် ရေပွက်ပမာ ကြာမြင့်စွာ မတည်နိုင်ပဲ လျင်မြန်စွာ ပျောက်ကွယ် သေဆုံးရပါတယ်။ သောမနဿဓာတ်သည် ဣစ္ဆိတာလာဘ အလိုရှိတိုင်း တောင့်တတိုင်း မရတဲ့ အာသာဒုက္ခကို တိုးပွါးစေသည်သာတည်း၊ တရံတခါ သဒ္ဓါ ပညာ ဝီရိယ သမာဓိ ညီမျှစွာမရှိ၍ ဥစ္စဒ္ဓ ထိန မိဒ္ဓ ဒိဋ္ဌိမာနစသော ကိလေသာတရားတို့က နှောက်ယှက် နှိပ်စက်ကြသောကြောင့် ဝိပဿက ယောဂီ၏ ကိုယ်စိတ်တို့မှာ ပူလောင်လေစွ ကြမ်းတမ်းကြ၍ သောမနဿ သုခဓာတ် ပျောက်ကွယ်သေဆုံးကာ ကိုယ်စိတ်ပန်းစွ ဆင်းရဲဒုက္ခကိုသာ ခံစံရလေ၏။ ထို့ကြောင့် ဝိပဿနာချမ်းသာခေါ် သောမနဿဓာတ်ကို အကြောင်းအမြွက်အားဖြင့် နိဗ္ဗာန်ကဲ့သို့ ငြိမ်းချမ်းအေးမြ ကောင်းမြတ်လှ၏ ဆိုရသော်လဲ မုချစင်စစ် ကောန်အမှန်အားဖြင့် ဆဲင်းရဲဒုက္ခပင်ပန်းရသည်သာဖြစ်သတည်း။

ဈာနဝိက္ခမ္ဘနသန္တိသုခဆိုသည်ကား ဝိတက်ဝိစာရ ပီတိသုခစိတ္တေကဂ္ဂ-တာတို့နှင့် တကွဖြစ်သော ပဌမဈာန်ကို ဝင်စား၍နေသော ပုဂ္ဂိုလ်အား နီဝရဏဝတ္ထုကာမကိလေသကာမတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်စွန့် ထားသောကြောင့် ဈာန်စိတ်နှင့်ယှဉ်တဲ့ သုခဓာတ်ပေါ်လာပါတယ်၊ ၎င်းသုခဓာတ်ကိုပင် သဘာဝမထင်နိုင်ပဲ ခဏခဏစွဲထားသည်ကို အစဲ့ပြု၍ ဝိက္ခမ္ဘနသန္တိသုခခေါ် သုခဓာတ်သည် ရေတွင်ဆဲ့ထား အရေးအကြောင်း များကဲ့သို့ ကြာမြင့်စွာ မတည်ငြားပဲ ပျောက်ကွယ်သေဆုံးရပါတယ်။ ဈာန်ချမ်းသာခေါ် သုခဓာတ်သည် ဣစ္ဆိတာလာဘအလိုရှိတိုင်းမရတဲ့

အာသာဒုက္ခကို တိုးပွါးစေသည်သာတည်း။ တရံတခါ စျာန်ချမ်းသာနှင့်နေသောပုဂ္ဂိုလ်အား ဝတ္ထုကာမ ကိလေသကာမတို့ကို မှီလျက် စိတ်မနောတွင် ဟိုဟိုသည်သည် ကာမအာရုံဆီသို့ အောက်မေ့အမှတ်ရ သညာမနသိကာရတို့ တဖွားဖွားပေါ်လာကုန်၏။ စျာန်ချမ်းသာနှင့် နေသောပုဂ္ဂိုလ်အား ကာမစ္ဆန္ဒစသော နိဝရဏပိုးကိုက်ထိုးတော့၏။ ကာမစ္ဆန္ဒစသော အဟိဝါတရောဂါကျရောက်ကာ သွားလေ၏။

ကိုရင်ကလေးစျာန်တော်တော်ကစား ကာဏ်းမနှင့်ညားလိမ့်မည် ဆရာမထေရ်၏မိန့်စကား နားဝမှာမကြား စျာန်ကြိုးပြတ်သွားသော ကိုရင်ကလေး ယူကြုံးမရ ငိုပွဲချရသည်ကိုၾကင်း အလမ္မုသာနတ်သမီး နိဋ္ဌိနိကာမင်းသမီးတို့ အဖျက်ဆီးခံရသောကြောင့် စျာန်ကြိုးပြတ်သွား ရှင်ကျသီသိဂ်ရသေ့များ ယူကြုံးမရငိုပွဲချရသည်ကိုၾကင်း မျော်ကြည့်လေ၊ ထို့ကြောင့် စျာန်ချမ်းသာခေါ် သုခဓာတ်ကို အကြောင်းအမြွက်အားဖြင့် နိဗ္ဗာန်ကဲ့သို့ ငြိမ်းအေးချမ်းမြကောင်းမြတ်လှ၏ဟုဆိုရသော်လဲ မုချစင်စစ် ကောန်အမှန်အားဖြင့် ဆင်းရဲဒုက္ခပင်ပန်းရသည်သာ ဖြစ်သတည်း။

ပီတိသုခ စိတ္တေကဂ္ဂတာနှင့်တကွဖြစ်သော ဒုတိယစျာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား စိတ်မနောတွင် ဝိတက်နှင့်တကွသော သညာမနသိကာရတို့ တဖွားဖွား နှောက်ယှက် နှိပ်စက်လာပါကုန်တယ်။ သုခစိတ္တေကဂ္ဂတာနှင့် တကွဖြစ်သော တတိယစျာန်ကိုဝင်စားသော ပုဂ္ဂိုလ်အား စိတ်မနောတွင် ပီတိနှင့်တကွဖြစ်သော သညာမနသိကာရတို့ တဖွားဖွားနှောက်ယှက် နှိပ်စက်လာပါကုန်တယ်၊ ဥပေက္ခာစိတ္တေကဂ္ဂတာနှင့်တကွဖြစ်သော စတုတ္ထစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်အား စိတ်မနောတွင် သုခနှင့်တကွဖြစ်သော သညာမနသိကာရတို့ တဖွားဖွားနှောက်ယှက် နှိပ်စက်လာပါကုန်တယ်၊ ဥပေက္ခာစိတ္တေကဂ္ဂတာနှင့် တကွဖြစ်သော အာကာသာနဉ္စာယတနသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား စိတ်မနောတွင် ရုပ်နှင့်တကွဖြစ်သော သညာမနသိကာရတို့ တဖွားဖွား နှောက်ယှက်နှိပ်စက်လာပါကုန်တယ်။ ဥပေက္ခာစိတ္တေကဂ္ဂတာနှင့် တကွဖြစ်သော ဝိညာဏဉ္စာယတနသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား စိတ်မနောတွင် အာကာသာနဉ္စာယတနစျာန်နှင့်တကွဖြစ်သော သညာမနသိကာရတို့ တဖွားဖွား နှောက်ယှက်နှိပ်စက်

လာပါကုန်တယ်။ ဥပေက္ခာစိတ်တွေကဂုတာနှင့် တကွဖြစ်သော နေဝသညာ-နာသညာယတနသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်အား စိတ်မနောတွင် အာကိဉ္စညာယတနနှင့်တကွဖြစ်သော သညာမနသိကာရတို့ တဖွားဖွား နှောက်ယှက်နှိပ်စက်လာပါကုန်တယ်။ အကြင်းအဓိပ္ပါယ်များကို ပဌမစျာန်အရာတွင် ဆိုပြီးသည်ကိုမှီ၍ သိလေ။ ယံကိဉ္စိ ဝေဒယိတမိဒမေတ္ထ ဒုက္ခဿလို့ ဟောတော်မူ၏။ ဇတ္ထ၊ ဤသခ်တတရားတွင်။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝေဒယိတံ၊ ခံစားသော အခြင်းအရာအားဖြင့် ဖြစ်သောဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤခံစားသော အခြင်းအရာအားဖြင့် ဖြစ်သော ဝေဒနာသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခသည်။ ဟောတိ၊ ဖြစ်၏။ ၎င်းသုတ်တို့ကား သခ်တတရားမှန်က စုတိဟုဆိုအပ်သော အဆုံးကို မလွန်နိုင်သောကြောင့် ဒုက္ခလို့ ဟောတော်မူသတည်း။

အရှင်သာရိပုတ္တရာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသောအခါ ရဟန်းတို့ကို ငါ့ရှင်တို့ ဤနိဗ္ဗာန်သည်ကား ငြိမ်သက်အေးမြချမ်းသာလှပါတယ်လို့ မိန့်ဆို၏။ ထိုအခါ ကာဠုဒါယိမထေရ်သည် အရှင်ဘုရား သာရိပုတ္တရာ နိဗ္ဗာန်တွင် ခံစားမှုဝေဒနာမှမရှိပဲ ချမ်းသာသုခဘယ်မှာရနိုင်ပါ့မလဲလို့ လျှောက်ထားသည်။ ငါ့ရှင် ခံစားမှုဝေဒနာမရှိရာ နိဗ္ဗာန်ကိုပင် ငြိမ်းချမ်းအေးမြ ကောင်းမြတ်လှတယ်လို့ သိရမည်၊ အကြောင်းကား အနှောက်အယှက်ဘေးရန်ကင်း၍ အခါခပ်သိမ်း အမြဲတည်နေသောကြောင့်တည်း။

တေဒေဝ ဧတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံလို့ မိန့်ကြားတော်မူသည်။

အာဝုသော၊ ငါ့ရှင်။ ဇတ္ထ၊ ဤနိဗ္ဗာန်၌။ ယံ ဝေဒယိတံ၊ အကြင်ခံစားသော အခြင်းအရာအားဖြင့်ဖြစ်သော ဝေဒနာသည်။ နတ္ထိ၊ မရှိ။ တေဒေဝ၊ ဤခံစားမှုဝေဒနာမရှိခြင်းသည်သာလျှင်။ ဇတ္ထ၊ ဤနိဗ္ဗာန်၌။ ဧခါ၊ အမှန်အားဖြင့်။ သုခံ၊ ငြိမ်းအေးချမ်းမြကောင်းမြတ်လှသတည်း။ ဤအဝေဒယိတသုခကိုပင် ဖြစ်ပျက်ချက်မရှိ အခါခပ်သိမ်း တည်ဘိသောကြောင့် နိဗ္ဗာန်၏ အစွန်စွဲသုခ စင်စစ်ကောင်းလှ ငြိမ်းချမ်းအေးမြသော ချမ်းသာသုခဆိုရသတည်း။

အစ္စုတိရသ ဇ္ဈလ္လာ ပြောင်းဇ္ဈလ်ခြင်းမရှိတဲ့ ကိစ္စဆိုသည်မှာ ကာမသုခ-ကာမဂုဏ်ချမ်းသာ စျာနသုခ-စျာန်ချမ်းသာများသည် အမြဲမတည်ချာချာလည်အောင် ပျက်စီးပျောက်ကွယ်ကြသကဲ့သို့မဟုတ်ပဲ သန္တိလက္ခဏာ ငြိမ်းချမ်းအေးမြ ကောင်းမြတ်လှတဲ့သဘောကို ဘယ်အခါမှမစွန့်ပဲ အမြဲတည်နေသည်ဟုဆိုလိုသည်၊ ဖောက်ပြန်ချိုယွင်းချက်လည်း မရှိချေ။

အနိမိတ္တပစ္စုပဋ္ဌာန်ဆိုသည်မှာ သခ်ါရတို့သည် ရုပ်နာမ်နှစ်ဝေးကွာလှသော သာမန်လူစားကိုမဆိုထားဘိ ရုပ်နာမ်နှစ်ဝကြမ္မလှ၍ အဖြစ်အပျက်ကို မြင်ကာနေသော ဝိပဿကယောဂီအားသော်လည်း မိန်းမသဏ္ဌာန် မိန်းမအရိပ်အရောင် ယောကျ်ားသဏ္ဌာန် ယောကျ်ားအရိပ်အရောင် လက်ခြေသဏ္ဌာန် လက်ခြေ အရိပ်အရောင်စသည်တို့ကို ပြလျက်ထင်ပေါ်လာကုန်၏၊ သို့သော် နိဗ္ဗာန်မှာကား နိစ္စသုခအတ္တနိမိတ် အရိပ်အရောင်တို့မှ ကင်းရှင်းသောကြောင့် ကိလေသာအနာရောဂါတို့ ထကြွစရာ မျက်နှာလက်ခြေစသော သဏ္ဌာနနိမိတ်အရိပ်တို့မထင်လာချေ။ မိမိရဲ့အစ္စန္တသန္တိသုခ စင်စစ် ငြိမ်းချမ်းအေးမြတဲ့ သဘောကိုပြလျက်သာ အမြဲတည်ကာ နေတော့သည်ဟုဆိုလိုသည်။

သုခနှစ်မျိုး

သုခသည် ဝေဒယိတသုခ, သန္တိသုခလို့ နှစ်မျိုးရှိတယ်၊ ထို နှစ်မျိုးတို့တွင် အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို တိုးပွါးစေတတ်တဲ့ အဆင်း အသံ အနံ့ ရသ အတွေ့ ဓမ္မတို့ကိုရရှိသော်ငင်း အိမ်ယာဝင်းခြံ ဘုံဗိမာန်နှင့် ခြံရံလင်မယား သမီးသား စပါးဧရေငွေ့ စည်းစိမ်တွေကို ရရှိသော်ငင်း ခံစားသည်၏အစွမ်းဖြင့် ကိုယ်စိတ်ကြည်စွဲ ပျော်ရွှင်ကြသောအခါ ဖြစ်ပေါ်လာတဲ့ သုခသောမနဿဓာတ်ကိုပင် ဝေဒယိတသုခလို့ဆိုပါတယ်။

ဝေဒယိကသုခကား ကာမသုခမှစ၍ နေဝသညာနာသညာယတန စျာနသုခတိုင်အောင် ပြား၍ များလေ၏။ ထို ဝေဒယိကသုခများကား ခဏခဏပျောက်ကွယ်သေဆုံးကြသောကြောင့်ရင်း ကြည့်ပြီးလျှင် ကြည့်ချင်ခြင်း ကြားပြီးလျှင် ကြားချင်ခြင်း စားပြီးလျှင် စားချင်ခြင်းစသော အာသာဒုက္ခကိုတိုးပွါးစေနိုင်သောကြောင့်ရင်း တောင့်တလိုချင်တိုင်းရလျှင်ရ မရပဲရှိခဲ့သော် ကိုယ်စိတ်နှလုံး ယူကြုံးမရပင်ပန်းကြပြီးလျှင် မရဏသေပဲ

ဝင်နွဲ့ရသောကြောင့်၎င်း ချမ်းသာစစ် ချမ်းသာမှန် ကောန်မဟုတ်ချေ၊ ဆင်းရဲဒုက္ခ အစစ်အမှန်သာတည်း၊ ဆင်းရဲဒုက္ခ အစစ်အမှန်ဖြစ်သော်လဲ ဝိဇ္ဇာဉာဏ်ပါး အဝိဇ္ဇာတဏှာ ဓာတ်ပွါးသူတို့မှာ ထိတ်လန့်ကြောက်ရွံ့လောက်အောင် ဆင်းရဲဒုက္ခ မထင်ရှားလှချေ။ သူထက်ငါအလုအယက် ဂုဏ်ပြိုင်လျက် သက်စွန့်ကြိုးပမ်း အမှုထမ်းရှာဖွေ၍ ခံစားကြသည်သာတည်း။

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ သူတော်မြတ်တို့ မဂ္ဂဘာဝနာ ပဋိပဒါဖြင့် အဝိဇ္ဇာတဏှာ သံသရာဝဋ်မြစ် နှစ်မျှာနှစ်လှာကို ဖြတ်တောက်ခုတ်စင်းပြီးလျှင် အဆုံးစွန်သော စုတိဝိညာဉ်သေဆုံးချုပ်ကွယ်ပြီးနောက် သစ်တသဘောနှင့် လုံးဝမတူ အလွန်ထူးခြား ငြိမ်းချမ်းအေးမြကာသွားသော သီတိဘာဝသန္တိလက္ခဏာကို ရတော်မူကြပါတယ်။ ကိလေသာဆင်းရဲဝဋ်ဆင်းရဲတို့၏ကုန်ဆုံးရာစင်စစ် ငြိမ်းချမ်းအေးမြချမ်းသာလှတဲ့ သုခဓာတ်ကိုပင် သန္တိသုခအဝေဒယိတသုခလို့ ခေါ်ဆိုပါတယ်။ ၎င်းအဝေဒယိတသုခနိဗ္ဗာန်ကို ဝိဇ္ဇာဉာဏ်လင်းအလောဘသွင်း၍ အေးမြခြင်းရှိသော သူတော်စင် သူတော်မြတ်တို့သာ အလိုရှိကြ တောင့်တကြ၏၊ ကိုယ်နှင့်အသက်မငဲ့ကွက်ပဲ ရက်စက်စွာကျင့်ကြံအားထုတ်၍ ယူကြသည်သာတည်း။

ကာမသုခ နေကွမ္မသုခခဲ့ကြရာတွင် ကာမစ္ဆန္ဒနီဝရဏမှ ထွက်၍ တောဖက်အလောဘဖက်သို့ လုယက်ကာတက်သည်မှစ၍ စျာန်ချမ်းသာများကို နေကွမ္မသုခလို့ဆိုပါတယ်။ ကာမအနှောက်အယှက် ကင်းကွာလျက် ချမ်းသာဖက်သို့သာရောက်ရှိကာ နေကြသောကြောင့် ချမ်းသာသုခဟု ဆိုရ၏။ လောကတွင် လူအများတို့သည် ကိုယ်တိုင်မထွက်နိုင်သော်လဲ ငါးဖြာအာရုံကာမဂုဏ်မှထွက်၍ ရဟန်းဘောင်သို့တက်လျှင် သားသမီးများကိုဖြစ်စေ သူတပါးကိုဖြစ်စေ အလွန်သဘောကျ နှစ်သက်ကြသည်ကို တွေ့ရ၏။ အရှင်ဘုရား လူ့ဘောင်မကောင်းဘူးဘုရား မထွက်ကြနဲ့လို့လဲ လျှောက်ကြ၏။ ဒါလောက်တောင် မကောင်းမှန်းသိရင် ကိုယ်တိုင်ထွက်ပါလား လျှောက်ထားနေရသေးလားလို့အောက်မေ့မိ၏။ သို့သော် အဝိဇ္ဇာဓာတ်မဲ့ တဏှာဓာတ်ပုပ်စိုးအုပ်ကာနေသူတို့ ကာမမှထွက်၍ ရဟန်းဘောင်တက်ရမည်ဆိုလျှင် တီကိုဆားနှင့် တို့ထိသကဲ့သို့ တွန့်လိမ်ကာသွားကြောက်ရွံ့ငြား၏။ ထို့ကြောင့် ပဗ္ဗဇိတဘာဝေါ ဒုလ္လဘောလို့ ဟောပေသား၊ပဲ။

ဝေဒယိတသုခလမ်း သန္တိသုခလမ်းဟု နှစ်လမ်းရှိရာတွင် အဝိဇ္ဇာဓာတ်မဲတက္ခာဓာတ်ပုပ်စိုးအုပ်ကာနေသော ဗာလပုထုဇ္ဇဉ်တို့သည် ကျိုးလင်းတနှင့် ယင်မမဲရိုင်းတို့သည် နွားသေ ခွေးသေ အပုပ် အစပ် အညှီအဟောက်တို့ကို သာလိုက်လံရှာဖွေ၍ ကိုက်စားဝိုင်းအုံနားနေကြကုန်သကဲ့သို့ ထို့အတူ ကာမဂုဏ်စွမ်းပြအာရုံခြောက်ဝတို့ကိုသာ လိုက်လံရှာဖွေ၍ သုံးဆောင်ခံစားကြကုန်၏။ သန္တိသုခလမ်းကိုကား ပတ္တာမြားကိုတွေ့လျက် မြက်ကိုသာ စားသွားသော တောသမင်နှင့် တူကုန်၏။ ခွေးရူး ဝက်ရူးပြန်သူတို့သည် ရေအေးရေကြည်ကို ကြောက်ရွံ့တုန်လှုပ်ဘိသကဲ့သို့ ငြိမ်းအေးကြည်စ္ဆ ချမ်းမြေ့လှသော သန္တိသုခကို ကြောက်ရွံ့တုန်လှုပ်ကြကုန်၏။ သည်းခြေပျက်နာ စဲကပ်ကာနေသူတို့သည် ချိုမြိန်ရသကောင်းမှန်လှသော ပျားရည်ကို အခါးကြီးထင်၍ စားသုံးကာ မဝင်သကဲ့သို့ သန္တိသုခကို တူးခါးကြီးထင်လတ် အပူမှတ်၍ မကပ်ဝံ့ကြလေကုန်၊ ယခုကာလ ရဟန်းဖြစ်ပြီး လူထွက်ကြီးနှင့် ရှေးခါကာလ မဟိဒ္ဓိကမဟာနုဘာဝ ကြီးစွာသော တန်ခိုးအစွမ်း အာနုဘော်ရှိလျက် မက္ကဋဟတ္ထသဒိသလူထွက်ကြီးတို့ သန္တိသုခလမ်းသို့ မတိုးဝံ့မဝင်ဝံ့၍ ဆုံးရှုံးပျက်စီးကြသည်ကို မျှော်ရှုကြလေ။

ဝိဇ္ဇာစိန်ရောင် အေးအောင်ကြည်စ္ဆ အလောဘဓာတ်သား ပတ္တာမြားအုပ်စိုး သူတော်မျိုးတို့သည် ပျားပိတုန်းလိပ်ပြာ အဖြာဖြာတို့သည် ပန်းရနံ့ ပန်းပွင့်မျိုးစုံတွင် တရစ်ဝဲဝဲ ပုံမစဲပဲ အလဲအလှယ်အားဖြင့် စုတ်ယူစားသုံးကြကုန်ဘိသကဲ့သို့ ထို့အတူ ပူလောင်ဆိုးစ္ဆ ဝဋ်ဒုက္ခမှ ငြိမ်းစ္ဆအမှန် ကောန်အေးမြ ချမ်းသာလှသော သန္တိသုခကိုသာ မရအရရှာကြံ၍ နေကြကုန်၏။

ဝေဒယိတသုခလမ်းတွင် ထီးနန်းစည်းစိမ် မတိမ်းနိုင်ငံ မိဿံမောင်းမအဝဝရွှေငွေ့ ဥစ္စာတော့ကို မီးသွေးမီးခဲ ပြာတနဲမျှ စွန့်ကြဲတော်မူချေ၏။ ရဋ္ဌပါလ သတို့သားနှင့် သုမေဓာရှင်ရသေ့ ဝေဿန္တရာမင်းတို့ကို ထောက်ရှုမျှော်လေ။

ကြံစည်တွေးတော၍ မသိနိုင်ရာ အလွန်သိမ်မွေ့စွာသော အတက္ကာဝစရမည်သော နိဗ္ဗာန်ကို ကျော့ကွင်းထောင်သမား တိတ္ထိအမျှားတို့သည်

မာရ်မင်း၏ဝင်္ဂတွင်းမှ မလွတ်ကင်းကြပဲ ဘဝရာဂနှိပ်စက်ကြသောကြောင့် ရအုံလို့မှတ်ထင်ဟောပြောကြသော်လဲ ဤကား နိဗ္ဗာန်ပဲလို့ အမှန်မသိနိုင်ကြချေ။ လူအများတို့သည် မိုးတိမ်တို့ဖြင့် ဖုံးကွယ်ကာထားသော လမင်းကို မမြင်နိုင်သကဲ့သို့ အဝိဇ္ဇာဖုံးကွယ်ကာထားသောကြောင့် မျှောင်ကြိုးအတိုက်ခံ၍ မမြင်ရချေ။ မိမိအနီးအနား ဆံစသော ကောဋ္ဌာသများတွင် ဆုံးဖြတ်ပိုင်းခြားပွါးများက ရသင့်သော အနီးကလေးတွင် တည်နေတဲ့ နိဗ္ဗာန်ကိုသော်လဲ မဂ္ဂင်တရား သစ္စာလေးပါးတွင် သတိညံ့ဖျင်း ဉာဏ်ပညာကင်းသော သတ္တဝါတို့သည် မတွေ့မမြင်နိုင်ချေ။

ပဋိဝေဓဉာဏ်မှန်ပြောင်း အလွန်ကောင်းသော ရဟန္တာအရှင် သူတော်စင်တို့သာ သစ္စာလေးပါးမသိခင် အစမထင်သောသံသရာတွင် အိပ်မက်တွင်မျှ မတွေ့မြင်မခံစားဘူးတဲ့ ကိလေသာမီးပူမှုၵင်း သံသရာဝဋ်ဆင်းရဲမှုၵင်း လွတ်ကင်းသောကြောင့် စင်စစ်ငြိမ်းချမ်း အေးမြ အလွန် မွန်မြတ်လှတဲ့ အတိပဏီတနိဗ္ဗာန်ကို အရဟတ္တဖိုလ်ဉာဏ်ဖြင့် အမှန်သိ၍ ကိလေသခန္ဓ နှစ်ဝနိဗ္ဗာန် စံတော်မူကြကုန်တယ်၊ အရိယာအရှင် သူတော်စင်တို့ကို ထား၍ မည်သူမည်ဝါ နတ်ဗြဟ္မာသည် အတိဒုဒ္ဒသအလွန်တွေ့မြင်နိုင်ခဲသော နိဗ္ဗာန်ကို ကောင်းစွာပိုင်ပိုင် ဘယ်မှာသိနိုင်မလဲလို့ ဆိုလိုသည်။

သစ္စဉာဏ်သည် အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်ဟူ၍ နှစ်မျိုးရှိရာတွင် ပဋိဝေဓဉာဏ်အရာသာ ဖြစ်သည်။ ကလျာဏပုထုဇ္ဇဉ်သည် ဘုရားအစရှိသော ကလျာဏမိတ္တဆရာကောင်းတို့ကို အမှီရ၍ ခန္ဓာအာယတနဓာတ် သစ္စာအဖြာဖြာတို့ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားပြီး ပွါးများခဲ့သော် အနုသဝ အဆင့်ကြားနာခဲ့သောကြောင့် လောကီအနုဗောဓဉာဏ်ဖြင့် နိဗ္ဗာန်နှင့်မဂ္ဂင်များကို သိနိုင်ပါသေးတယ်။ ဘုရားပစ္စေကဗုဒ္ဓါမှတပါး အဂ္ဂသာဝကစသည်များသော်လဲ ကလျာဏမိတ္တထံမှ တရားသံကိုမကြားနာရပဲ ပဋိဝေဓဉာဏ်ကို မရနိုင်ကြချေ။ အနုဗောဓဉာဏ်ရမှ ပဋိဝေဓဉာဏ် ဖြစ်နိုင်သည်ဟု ဆိုလိုသည်။

ဒုဝိဓဉ္စိ သစ္စဉာဏံ အနုဗောဓဉာဏဉ္စ ပဋိဝေဓဉာဏဉ္စ။ တတ္ထ အနုဗောဓဉာဏံ လောကိယံ အနုသဝါဒိဝသေန နိရောဓေ မဂ္ဂေ စ ပဝတ္တတိ၊ ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတ္ဝာ ကိစ္စတော စတ္တာရိပိ သစ္စာနိ ပဋိဝိဇ္ဈတိ။

နိဗ္ဗာနဓာတ်နှစ်မျိုး

နိဗ္ဗာနဓာတ်သည် သန္ဓိလက္ခဏာသိတိဘာဝအားဖြင့် တပါးဖြစ်သော်လဲ ကာရဏပရိယာယအကြောင်းအမြွက်အားဖြင့် သဥပါဒိသေသ အနုပါဒိသေသနိဗ္ဗာနဓာတ်လို့ နှစ်ပါးရှိတယ်၊ ထိုတွင် တဏှာဒိဋ္ဌိဟိ ဖလဘာဝေန ဥပါဒိယတိတိ ဥပါဒိပြု၍ တဏှာဒိဋ္ဌိတို့သည် အကျိုး၏အဖြစ်ဖြင့် ပြင်းစွာစဲယူအပ်သော ခန္ဓာငါးပါးအပေါင်းကို ကောက်ယူ။ တနည်း ဥပါဒိယတေအဟံ မမာတိ ဘုသံ ဂဏှိယတိတိ ဥပါဒိပြု၍ ငါငါ့ဥစ္စာလို့ ဒိဋ္ဌိတဏှာတို့ဖြင့် ပြင်းစွာစဲယူအပ်သော ခန္ဓာငါးပါးအပေါင်းကို ကောက်ယူ။ ဥပါဒိယေဝသေသောတိ ဥပါဒိသေသောပြု၊ အလုံးစုံအားဖြင့် ပယ်အပ်ပြီးသောကံကိလေသာတို့မှ ကြွင်းသောခန္ဓာငါးပါးကိုသာ ကောက်ယူ။

သဟ ဥပါဒိသေသေန ဝတ္တတိတိ သဥပါဒိသေသောပြု၊ ကြွင်းသော ခန္ဓာငါးပါးနှင့်တကွဖြစ်သော နိဗ္ဗာနဓာတ်ကို ကောက်ယူ။

သဥပါဒိသေသာ စ သာ နိဗ္ဗာနဓာတု စာတိ သဥပါဒိသေသနိဗ္ဗာနဓာတုပြု၊ သဥပါဒိသေသနိဗ္ဗာနဓာတ်ကို ကောက်ယူ။

ရဟန်းကိစ္စပြီးဆုံးပြီးသော ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့၏ သန္ဓာန်ဝယ် အရဟတ္တမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ရာဂ ဒေါသ မောဟတို့နောင် တဖန်ဖြစ်ပေါ်လာခြင်းမရှိပဲ ကုန်ဆုံးသွားခြင်းကို သဥပါဒိသေသနိဗ္ဗာနဓာတ်ဆိုက်သွားပြီဟု ဆိုလိုသည်။

နတ္ထိ ဥပါဒိ သေသော ဇတ္ထာတိ အနုပါဒိသေသာပြု၊ ကြွင်းသော ခန္ဓာငါးပါး မရှိရာဖြစ်သော နိဗ္ဗာနဓာတ်ကိုယူ။

အနုပါဒိသေသာ စ သာ နိဗ္ဗာနဓာတု စာတိ အနုပါဒိသေသနိဗ္ဗာနဓာတုပြု၊ ခန္ဓာငါးပါးအကြွင်းမရှိသော နိဗ္ဗာနဓာတ်ကို ကောက်ယူ။

ရဟန္တာပုဂ္ဂိုလ်တို့အား အဆုံးဖြစ်သော စုတိဝိညာဉ်ချုပ်ကွယ်သေဆုံးခြင်းကြောင့် တဖန်ဝဋ်ဒုက္ခကြီးစွန့်အလားတူသော ပဋိသန္ဓေဝိညာဉ်ဖြစ်ပေါ်မလာပဲ ငြိမ်းအေးချသွားလတ္တံ့သည်ကို အနုပါဒိသေသနိဗ္ဗာန်သို့ဆိုက်သွားပြီဟု ဆိုလိုသည်။

ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာ ဒွေ၊ သဥပါဒိ-
သေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။
(ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ တို့။ နိဗ္ဗာနဓာတုယော၊ နိဗ္ဗာနဓာတ်တို့သည်။ ဣမာ ဒွေ၊ ဤနှစ်ပါးတို့ပင်တည်း။ ကတမာ ဒွေ၊ ဘယ်နှစ်ပါးတို့နည်း။ သဥပါဒိသေသာ၊ ခန္ဓာငါးပါးအကြွင်းမရှိသော။ နိဗ္ဗာနဓာတု စ၊ ငြိမ်းအေးသော သဘောဌင်း။ အနုပါဒိသေသာ၊ ခန္ဓာငါးပါးအကြွင်းမရှိသော။ နိဗ္ဗာနဓာတု စ၊ ငြိမ်းအေးသောသဘောဌင်း။ ဣမာ ဒွေ၊ ဤနှစ်ပါးတို့ပင်တည်း။ ဤသုတ်ဝယ် သဥပါဒိသေသနိဗ္ဗာန်ကို ဥက္ကဋ္ဌနည်း ခန္ဓာကြွင်းအား‌ဖြင့် ဟောတော်မူ၏။ ထိုနှစ်မျိုးတို့တွင် သဥပါဒိသေသနိဗ္ဗာန်ကိုပင် ကိလေသ နိဗ္ဗာန် ဒိဋ္ဌဓမ္မိကနိဗ္ဗာန်ဟူ၍လည်း ဟောတော်မူသေး၏။

အနုပါဒိသေသနိဗ္ဗာန်ကိုကား ခန္ဓနိဗ္ဗာန် သမ္မရာယိကနိဗ္ဗာန်ဟူ၍လည်း ဟောတော်မူ၏။

ကော ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ သဥပါဒိသေသာ ဘဝ-
နေတ္တိသင်္ခ်ယာ၊ အနုပါဒိသေသာ ပန သမ္မရာယိကာ။ (ဣတိဝုတ်)

ဟိ၊ သင့်စ္ဘ။ သဥပါဒိသေသာ၊ သဥပါဒိသေသဖြစ်သော။ ဘဝနေတ္တိ-သင်္ခ်ယာ၊ ဘဝကိုဆောင်တတ်သော တဏှာ၏ကုန်ရာဖြစ်သော။ ဧကာ ဓာတု၊ တခုသောနိဗ္ဗာနဓာတ်သည်။ ဒိဋ္ဌဓမ္မိကာ၊ ဤအတ္တဘောဌ်ဖြစ်သော နိဗ္ဗာန်မည်၏။ အနုပါဒိသေသာ ပန၊ အနုပါဒိသေသနိဗ္ဗာန်ကား။ သမ္မရာ-ယိကာ၊ တမလွန်ဘဝဌ်ဖြစ်သော နိဗ္ဗာန်မည်၏။

ကိလေသနိဗ္ဗာန်သုံးမျိုး

ထိုတွင် ကိလေသနိဗ္ဗာန်သည် ဝိပဿနာစျာန်မဂ်တို့၏ အစွမ်းဖြင့် တဒင်္ဂကိလေသနိဗ္ဗာန်,ဝိက္ခမ္ဘနကိလေသနိဗ္ဗာန်, သမုစ္ဆေဒကိလေသနိဗ္ဗာန်လို့ သုံးမျိုးပြားသေးတယ် မှတ်ရာ၏။

ယမို့ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော၊
ယေ တေဒညာယ ပဒံ အသင်္ခ်တံ။
ဝိမုတ္တစိတ္တာ ဘဝနေတ္တိသင်္ခ်ယာ၊
တေ ဓမ္မသာရာဓိဂမာ ခယေ ရတာ။
ပဟံသု တေ သဗ္ဗဘဝါနိ တာဒိနော။

ယမို့၊ အကြင်အနုပါဒိသေသနိဗ္ဗာန်၌။ ဘဝါနို၊ သုံးမျိုးသောဘုံဘဝတို့သည်။ သဗ္ဗသော၊ အလုံးစုံအားဖြင့်။ နိရုဇ္ဈန္တိ၊ ချုပ်ကင်းကြကုန်၏။ ယေ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်။ အသခ်ံတံ၊ သခ်ံတသဘောမှ ကင်းသော။ ဧတံ ပဒံ၊ ဤမဂ်ဖိုလ်တို့ဖြင့် တွေ့အပ်သောနိဗ္ဗာန်ကို။ အညာယ၊ သိတော်မူ၍။ ဝိမုတ္တစိတ္တာ၊ ကိလေသာမှလွတ်သော စိတ်ရှိကြကုန်၏။ ဘဝနေတ္တိသခ်ံယာ၊ ဘဝနေတ္တိတဏှာ ကောင်းစွာ ကင်းကွာကြကုန်၏။ တေ၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ ဓမ္မသာရာဓိဂမာ၊ တရားအပေါင်းတို့တွင် အနှစ်သာရ မဂ်နှင့်လျသောနိဗ္ဗာန်ကိုရခြင်းကြောင့်။ ခယေ၊ ရာဂ ဒေါသ မောဟတို့၏ ကုန်ရာနိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်ကြကုန်၏။ တာဒိနော၊ တာဒိဂုဏ်နှင့်ပြည့်စုံကုန်သော။ တေ၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ သဗ္ဗဘဝါနိ၊ အလုံးစုံသောဘုံဘဝတို့ကို။ ပဟံသု၊ ပယ်စွန့်ကြကုန်၏။

သခ်ါရနိမိတ်မရှိရာ သီတိဘာဝ သီတလဘာဝအခါခပ်သိမ်း ဖောက်ပြန်ပျက်စီးခြင်းမရှိပဲ အမြဲတည်နေတဲ့ ငြိမ်းချမ်းအေးမြတဲ့ သဘောကို သခ်ါရနိမိတ်၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန်လို့ ဆိုပါတယ်။ နတ္ထိ နိမိတ္တံ ဇတ္ထာတိ အနိမိတ္တံဟု ပြုလေ။

တဏှာပဏိဓိ ဆန္ဒပဏိဓိတို့မရှိရာ သီတိဘာဝ သီတလဘာဝ အခါခပ်သိမ်း ဖောက်ပြန်ပျက်စီးခြင်းမရှိပဲ အမြဲတည်နေနိုင်သော ငြိမ်းချမ်းအေးမြတဲ့သဘောကို တဏှာပဏိဓိ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် အပ္ပဏိဟိတနိဗ္ဗာန်လို့ ဆိုပါတယ်။ နတ္ထိ ပဏိဟိတံ ဇတ္ထာတိ အပ္ပဏိဟိတံဟု ပြုလေ။

သီတိဘာဝသီတလဘာဝ အခါခပ်သိမ်း ဖောက်ပြန်ပျက်စီးခြင်းမရှိပဲ အမြဲတည်နေတဲ့ ငြိမ်းချမ်းအေးမြတဲ့ သဘောကို အတ္တနှစ်မှကင်းဆိတ်သောကြောင့် သုညတနိဗ္ဗာန်လို့ ဆိုပါတယ်။ သုနတိ အတ္တဝိဟာရိတဘာဝံ ဂစ္ဆတီတိ သုညံ၊ သုညမေဝ သုညတံ ပြုလေ။

တနည်း သီတိဘာဝသီတလဘာဝ အခါခပ်သိမ်း ငြိမ်းချမ်းအေးမြတဲ့ နိဗ္ဗာန်ကို ရာဂ ဒေါသ မောဟ နိမိတ်မရှိသောကြောင့် အနိမိတ္တ၊ ရာဂ ဒေါသ မောဟ ပဏိဓိ မရှိသောကြောင့် အပ္ပဏိဟိတ၊ ရာဂ ဒေါသ မောဟတို့မှ ကင်းဆိတ်သောကြောင့် သုညတနိဗ္ဗာန်လို့ ဆိုပါသေးတယ်။ ဤကား

သခ်ၤတရားတို့၏ ဆန့်ကျင်ဖက်ဂုဏ်ကျေးဇူးတက်သောအားဖြင့် ရသော အမည်ပေတည်း။

အသခ်ၤသံယုတ်တွင် နိဗ္ဗာန်အမျိုးအမည်ကို များစွာဟောသော်လည်း သဘောအားဖြင့် သန္တသန္တိတပါးသာရှိတယ်မှတ်ရာ၏။ အကြောင်းမှာ မြင်နိုင်ခဲသိနိုင်ခဲသော နိဗ္ဗာန်ကို သိလွယ်မြင်လွယ်စေရန်အလို့ငှါ အလျော်အားဖြင့်ရင်း ဆန့်ကျင်ဖက်အားဖြင့်ရင်း ဝေဝုစ်ပရိယာယ်အားဖြင့်ရင်း နိဗ္ဗာန်၏ ဂုဏ်အစွမ်းအာနုဘော်ကို ပြသောအားဖြင့်ရင်း ဟောထားသောအရာသာဖြစ်ချေသည်။ ဧကမေဝ ဟိ နိဗ္ဗာနံ ဟု သစ္စဝိဘင်းအဋ္ဌကထာ အခွါပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို သူပိုင်ကိုယ်ပိုင် ဘုံဆိုင်ပစ္စည်းကဲ့သို့ အမျှားကြီးလို့ ဟောပြောကြ၏။ ပရမတ်နှစ် ဓာတ်အစစ်ကို ထုတ်ယူသော အခါ ပုဂ္ဂိုလ်သတ္တဝါနှင့်စပ်၍ မဟောကြားအပ်ချေ။

ကတမေ ဓမ္မာ အသခ်ၤတာ။ နိဗ္ဗာနံ၊ ဣမေ ဓမ္မာ အသခ်ၤတာ။
(ဓမ္မသင်္ဂဏီ)

တတ္ထ ကတမာ အသခ်ၤတာ ဓာတု၊ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ အသခ်ၤတာ ဓာတု။ (ဓာတုဝိဘင်း)

ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ။ (ဇမ္ဗုခါဒကသံယုတ်)

ကတမေ ဓမ္မာ၊ ဘယ်တရားတို့သည်။ အသခ်ၤတာ၊ အသခ်ၤတမည်ကုန်သနည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားပင်တည်း။ ဣမေ ဓမ္မာ၊ ဤတရားတို့ကား။ အသခ်ၤတာ၊ အသခ်ၤတဓာတ်တို့ပင်တည်း။

နိဗ္ဗာန်ကား တပါးတည်းပင်ဖြစ်သော်လည်း ဆန့်ကျင်ဖက် သခ်ၤတတရားတို့နှင့် ယှဉ်တွဲ၍ဟောသောကြောင့် ဗဟုဝုစ်ချထားသည်။

တတ္ထ၊ ထိုဓာတ်နှစ်မျိုးတို့တွင်။ အသခ်ၤတာ ဓာတု၊ အသခ်ၤတဓာတ် သည်။ ကတမာ၊ အဘယ်နည်း။ ယော ရာဂက္ခယော၊ အကြင်ရာဂ၏ကုန်ရာသဘောသည်ရင်း။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ကုန်ရာ သဘောသည်ရင်း။ ယော မောဟက္ခယော၊ အကြင်မောဟ၏ကုန်ရာသဘောသည်ရင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသိတိဘာဝငြိမ်းချမ်းအေးမြတဲ့သဘောကို။ အသခ်ၤတာ ဓာတု၊ အသခ်ၤတဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အာဝုသော၊ ငါ့ရှင်။ ခေါ၊ စင်စစ်။ ယော ရာဂက္ခယော၊ အကြင်။ပ။ ရင်း။ ယော

ဒေါသကွယော၊ အကြင်။ပ။ ၎င်း။ ယော မောဟကွယော၊ အကြင်။ပ။ ၎င်း။ ဣဒံ၊ ဤသဘောကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရာဂကွယ စသောပုဒ်များတွင် ခိယန္တိ ကိလေသာ ဟူသတိ ခယော-ပြု။ ဟူ မဂ္ဂနိဗ္ဗာနေသု၊ ဤမဂ်နိဗ္ဗာန်တို့၌။ ကိလေသာ၊ ကိလေသာတို့သည်။ ခိယန္တိ၊ ကုန်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုမဂ်နှင့် နိဗ္ဗာန်သည်။ ခယော၊ ခယမည်၏။ ရာဂါနံ ခယော ရာဂကွယော၊ ရာဂတို့၏ နောက်တဖန်ဖြစ်ပေါ်လာခြင်းမရှိပဲ ကုန်ဆုံးချုပ်ကွယ်ရာနိဗ္ဗာန်ကိုယူ။

ခဲ့ဦးမည်။ ဉာဏ်သည် သခ်ါရကိုအာရုံပြုသော ဝိပဿနာဉာဏ်, သမ္မုတိသစ္စာ အမည်ပါသောပညတ်ကိုအာရုံပြုသောဉာဏ်, နိဗ္ဗာန်ကိုအာရုံပြုသော ဉာဏ်ဟု သုံးမျိုးရှိရာတွင် သခ်ါရကိုအာရုံပြုသော ဝိပဿနာအနုလောမဉာဏ်သည် ကိလေသာတို့ကို တဒင်္ဂ်၏အစွမ်းဖြင့် ပယ်သတ်နိုင်၏၊ သမုစ္ဆေဒအကြွင်းမဲ့ အမြစ်ပြုတ် ပယ်နှုတ်သည်၏အစွမ်းဖြင့် မသတ်နိုင်။ ပညတ်ကိုအာရုံပြု ပဌမစျာန်စသည်တို့နှင့်တကွဖြစ်သော ဉာဏ်သည် ကိလေသာတို့ကို ဝိက္ခမ္ဘနာ၏အစွမ်းဖြင့် ပယ်သတ်နိုင်၏၊ သမုစ္ဆေဒ၏အစွမ်းဖြင့် မပယ်သတ်နိုင်။ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်သော အရိယာမဂ်ဉာဏ်၏ အာရုံကား အသင်္ခတဓာတ်နိဗ္ဗာန်ပြည်မြတ်သာ ဖြစ်သင့်သည်။ ထို့ကြောင့် နိဗ္ဗာန်ကို ကောက်ယူရသည်။

နိဗ္ဗာန်ကို အာရုံပြု၍ မဂ်ဉာဏ်တို့ဖြင့် ကိလေသာတို့ကို သတ်ရာ အလွန်ငြိမ်းချမ်းအေးမြလှစွာသော သီတိဘာဝဓာတ်ကို နိဗ္ဗာန်လို့ ဆရာအများတသမတ်တည်း ကောက်ယူတော်မူကြသည်။

ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမ္မို ခီဏာ၊ တမ့ို ဘဂ္ဂံ၊ န စ ကိဉ္စိ ကဒါစိ။

ဧဝံ၊ ဤပုံ။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်၎င်း။ တဏှာ စ၊ တဏှာသည်၎င်း။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍ (ဝါ) အာရုံပြု၍။ တမ့ို၊ ထိုနိဗ္ဗာန်၌။ ခီဏာ၊ ကုန်ကာကွယ်ပျောက် ပေါ်မလာခြင်းသို့ရောက်၏။ တမ့ို၊ ထိုနိဗ္ဗာန်၌။ ဘဂ္ဂံ၊ ပျောက်ကွယ်ပျက်စီး၏။ နိဗ္ဗာန်ကား-ရူပါဒိသု၊ ရုပ်စသော သခ်ါရတို့တွင်။ ကိဉ္စိ၊ တစုံတခုသည်။ န ဟောတိ၊ မဖြစ်။ ကဒါစိ၊ တရံတခါ

ကာလ၌။ အတိတာဒိဘာဝေန၊ အတိတ်စသည်တို့၏အဖြစ်ဖြင့်။ နစဝတ္တွေ့၊ ဆိုလည်း မဆိုအပ်။

ပြဆိုခဲ့ပြီးသော ပါဠိအဋ္ဌကထာတို့ကို ထောက်သော် နိဗ္ဗာန်ဆိုသည်ကား ပရမတ်ဓာတ်နှစ်ဓာတ်သားတခုအဖြစ်ဖြင့် ကောန်အမှန်ရှိသည်လို့ နိဿံသယ ယုံမှားမရှိမှတ်ရာ၏။

ဝိတက္ကဝါဒီ စောဒကပုဂ္ဂိုလ်ကား နိဗ္ဗာန်မည်သည် ပရမတ်ဓာတ်နှစ်ဓာတ်သားအဖြစ်ဖြင့် အသီးအခြားမရှိ၊ ကိလေသာတို့၏ ကုန်ခြင်းမရှိခြင်း အဘာဝပညတ်ကိုသာ နိဗ္ဗာန်ဆိုတယ်လို့ ယူကြ၏။ ဝိတက္ကဝါဒီပုဂ္ဂိုလ်တို့ အလို ခိယနံ ခယော၊ ရာဂါနံ ခယော ရာဂက္ခယော-ပြု။ သုတ်ကိုးပြပါလို့ တောင်းရမည်။ ယော ခေါ် အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ သုတ်ကိုး ပြရာ၏။ ထို့နောင် အခြားမဲ့ သုတ်ကို ဆောင်ပါဦးလို့ တောင်းရာ၏။

ယော ခေါ် အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ အရဟတ္တံ။ သုတ်ကိုပြရာ၏။

ထို့နောင် ဝိတက္ကဝါဒီကို နိဗ္ဗာန်ကား ဓမ္မာယတနဓမ္မဓာတ်၌ အကြုံးဝင်သော တရား၊ အရဟတ္တဖိုလ်ကား နာမ်ခန္ဓာလေးပါးတည်း၊ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် နိဗ္ဗာန်ကိုမေးမေး အရဟတ္တဖိုလ်ကိုမေးမေး ကိလေသက္ခယဟူ၍သာ ဖြေကြားတော်မူ၏၊ နိဗ္ဗာန်နှင့်အရဟတ္တဖိုလ် တူပါသလော မတူကဲ့ပြား ထူးခြားပါသလောလို့ မေးရာ၏။

ဝိတက္ကဝါဒီသည် ရာဂ ဒေါသ မောဟစသည်တို့၏ ကုန်ဆုံးကွယ်ပျောက်သည့်အဆုံးတွင် အရဟတ္တဖိုလ်ပေါ်လာသောကြောင့် အရဟတ္တဖိုလ်ကို ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောလို့ ဖြဆိုပါတယ်၊ ဖြကြားရာ၏။ ထို့နောင်မှ သင်သည် အရဟတ္တဖိုလ်ကို ဆောင်၍ ဘာဝတ္ထအဓိပ္ပါယ်နက်ကို ယူသကဲ့သို့ နိဗ္ဗာန်ကို အာရုံပြု၍ ရာဂစသည်တို့ ကုန်ရာဖြစ်သောကြောင့် နိဗ္ဗာန်ကိုလည်း ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယောဟု ဖြကြားတော်မူတယ်။ ယူပါလို့ ပြောဆိုရာ၏။ ဤအတိုင်း နေယျတ္ထသုတ် ယူခဲ့သော် အဘာဝပညတ်သည် နိဗ္ဗာန်မဟုတ်နိုင်ပါလို့ ပယ်ရာသတည်း။

ဝိတက္ကဝါဒီအလို အဘာဝကိုသာ နိဗ္ဗာန်ယူခဲ့သော် ၁- ရာဂ၏သာကုန်ခြင်းနိဗ္ဗာန်၊ ၂- ဒေါသ၏သာ ကုန်ခြင်း နိဗ္ဗာန်၊ ၃- မောဟ၏သာကုန်ခြင်း နိဗ္ဗာန် စသည်ဖြင့် တထောင့်ငါးရာ ကိလေသာရှိသည်အတွက် နိဗ္ဗာန် တထောင့်ငါးရာရှိရာ၏။ မဂ်သည် တထောင့်ငါးရာသော နိဗ္ဗာန်တို့တွင် ဘယ်နိဗ္ဗာန်ကို အာရုံပြု၍ ဘယ်ကိလေသာတို့ကို ပယ်သတ်ပါသလဲလို့ အပြစ်တင်ရန်ရှိသည်။ ထို့ကြောင့် အဘာဝပညတ်သည် နိဗ္ဗာန်မဟုတ်နိုင်လို့ ပယ်ရာသတည်း။

သည်သာမကသေး စာကလေး ခွေးစသော တိရစ္ဆာန်တို့သည်လည်း ကာမဂုဏ် မေထုန်မှီဝဲသည့် အဆုံးတွင် ပူလောင်တဲ့ကိလေသာ ငြိမ်းအေးကုန်ပျောက်ကာ သွားကြပါတယ်၊ သင့်ဝါဒအတိုင်း ကိလေသာတို့ကုန်ခြင်း အဘာဝကို နိဗ္ဗာန်ယူခဲ့သော် စာကလေး ခွေးစသော တိရစ္ဆာန်တို့ နိဗ္ဗာန်ရောက်ကာ ရကာနေတယ် ဆိုရာရောက်၏။ သင့်နိဗ္ဗာန်ကား နားနှင့် မကြားဝံ့မနာသာ ရှုန့်ရင်းကြမ်းတမ်းစွာ၏၊ ထို့ကြောင့် မဟုတ်နိုင်လို့ ပယ်ရာသတည်း။

သည်သာမကသေး ဂေါတြဘူဉာဏ်ခဏတွင် ကိလေသာကုန်ပြီးလော ကုန်ဆဲလော ကုန်လတ်လောလို့မေး၊ ကုန်လတ်လို့သာ ဖြေရာ၏။ ဂေါတြဘူကား ဘယ်ကိုအာရုံပြုပါသလဲလို့မေး၊ နိဗ္ဗာန်ကိုအာရုံပြုပါတယ်ဟု ဖြေရာ၏။ သင်ကား ကိလေသာတို့မကုန်မီသာလျှင် ကိလေသကွယနိဗ္ဗာန်ကိုယူထား၏၊ အနုသယတို့ကို မပယ်မှီသာလျှင် အနုသယပွဟာနနိဗ္ဗာန်ကို ယူထား၏၊ ထို့ကြောင့် မဟုတ်နိုင်လို့ ပယ်ရာသတည်း။

သည်သာမကသေး မဂ်ခဏတွင် ကိလေသာကုန်ပြီးလော ကုန်ဆဲလော ကုန်လတ်လောလို့မေး၊ သိသော် ကုန်ဆဲလို့ဖြေဆိုရာ၏။ ကုန်ဆဲဖြစ်ခဲ့သော် မဂ်သည် ဘယ်ကိလေသကွယနိဗ္ဗာန်ကို အာရုံပြု၍ ဘယ်ကိလေသာတို့ကို ပယ်နိုင်မည်နည်း၊ ထို့ကြောင့် မဟုတ်နိုင်လို့ ပယ်ရာသတည်း။ တဿဝါ နအဘာဝမတ္တံ နိဗ္ဗာနံ၊ ထို့ကြောင့် နိဗ္ဗာန်ကား အဘာဝမဟုတ်လို့မှတ်။

နိဗ္ဗာန်ကား ပရမတ်လော ပညတ်လောလို့ မေး၊ နိဗ္ဗာန်ကား ပရမတ်ပါလို့ ပြော။ နိဗ္ဗာန်ကား သဘာဝအားဖြင့် တခုတည်းလော အများကြီးလောလို့မေး၊ သန္တိလက္ခဏာသိတိဘာဝတခုတည်းပါလို့ ဖြေ။

နိဗ္ဗာန်ကား ဝင်းဝင်းပြောင်ပြောင်လော မှောင်မဲ၍နေသလောလို့မေး၊ ဝင်းဝင်းပြောင်ပြောင် အရောင်နှင့်ပါလို့ဖြေ။

နိဗ္ဗာန်ကား ရုပ်ဝိသေသလော နာမ်ဝိသေသလောလို့မေး၊ နိဗ္ဗာန်ကား ရုပ်မှငင်း နာမ်မှငင်း ဝိသေသဖြစ်ပါတယ်လို့ဖြေ။

နိဗ္ဗာန်ကား အခါခပ်သိမ်းရှိသလော မရှိဘူးလောလို့မေး၊ အခါခပ်သိမ်း ရှိပါတယ်လို့ဖြေ။

နိဗ္ဗာန်ကား ခြေဖြင့်သွားသော် ရောက်နိုင်ပါသလောလို့မေး၊ ခြေဖြင့် သွားသော် မရောက်နိုင်၊ မဂ္ဂပဋိပဒါဖြင့် သွားသော်သာ ရောက်နိုင်ပါတယ်လို့ဖြေ။ ။အဖြေမျှား၏ အကိုးသုတ်မျှားကို ရေးခဲ့ပြီ။

ဤတွင် နိဋ္ဌိတံ။

နိဂုံး

၀။ မဟာတေဇောဘိဝံသေန၊ သေလကန္ဒရ၀ါသိနာ။
ကာယသီလဘာ၀ိတေန၊ ဘာ၀တ္ထံ သတ္ထကာရိနာ။

သေလကန္ဒရ၀ါသိနာ၊ စစ်ကိုင်းတောင် တေဇာဓိပတိချောင်တွင် သီတင်းသုံးနေထိုင်လေ့ရှိသော။ ကာယသီလဘာ၀ိတေန၊ ပွါးများအပ်သော ပဥ္စဒ္ဒါရိကကာယ သီလသမာဓိဉာဏ်ပညာရှိထသော။ ဘာ၀တ္ထံ၊ ပွါးများရန် အကျိုးငှါ။ သတ္ထကာရိနာ၊ ကျမ်းဂန်ကိုပြုလေ့ရှိသော။ မဟာတေဇောဘိ-ဝံသေန၊ ပူဇော်အပ်မြတ်သော မဟာတေဇောဘိဝံသမထေရ်သည်။

၂။ ကတော ၀ဿေ ဖိယာလာပေ၊ ၀ေသာခပုဏ္ဏမာသိယံ။။
ပညာမေဒိ ဇြဟ္မစာရိ၊ သန္ထိ၀ါဟိ သုဗောဓိ၀။

ဖိယာလာပေ၊ ၁၃၁၂-ခုဖြစ်သော။ ၀ဿေ၊ နှစ်တွင်။ ၀ေသာခပုဏ္ဏ-မာသိယံ၊ ကဆုန်လပြည့်နေ့၌။ ဇြဟ္မစာရိ၊ မြတ်သောမဂ္ဂင်ဋီပဒါ၀ိပဿနာ အကျင့်ကို ကျင့်ရာဖြစ်သော။ သန္ထိ၀ါဟိ၊ ပရမရောဂါ ပရမဒုက္ခတို့၏ ချုပ်ငြိမ်းရာဖြစ်သောကြောင့် ငြိမ်းအေးချမ်းမြေ့လှစွာသော နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော။ သုဗောဓိ၀-သုဗောဓိ ၀ေ၊ အသိရလွယ်သည်သာဖြစ်သော။ ပညာမေဒိ၊ ဝိပဿနာဉာဏ်ပညာအဆိ စုဝေးတည်နေရာဖြစ်သော ကြောင့် ပညာမေဒိမည်သော ဝိပဿနာကျမ်းကို။ ကတော၊ အဆုံးသတ် ပြုစီရင်အပ်ပြီ။

၃။ ဣဓ ဘော ၀ါသိတုံ ဇြဟ္မံ၊ ဉာဏံ သစ္စဥ္စ ပါကဋံ။
တသ္မာ မိဂေါ၀ ဘူဠိတ္ထာ၊ အာရဗ္ဘထ သန္ထိံ လဒ္ဓုံ။

ဘော၊ ဗုဒ္ဓမြတ်စွာဘုရားပွင့်လင်းရာ ခိုန်ခါသမယတွင် လူဖြစ်လာရှောင်း အိုသူတော်ကောင်းအပေါင်းတို့။ ဣဓ၊ ပညာမေဒိမည်သော ဤကျမ်း၌။ (၀ါ) ဣဓ-ဣဓ ၀ေ၊ မြတ်စွာဘုရားပွင့်တော်မူရာ ဤဗုဒ္ဓုပ္ပါဒနဝမ အခါ၌ သာလျှင်။ ဇြဟ္မံ၊ မြတ်သော မဂ္ဂပဋိပဒါ၀ိပဿနာအကျင့်ကို။ ၀ါသိတုံ၊ ကျင့်သုံး၍နေခြင်းငှါ။ ဉာဏဉ္စ၊ ဝိပဿနာဉာဏ်သည်၎င်း။ သစ္စဥ္စ၊ သစ္စာလေးပါးသည်၎င်း။ ပါကဋံ၊ ထင်ရှားစွာပေါ်လာ၏။ တသ္မာ၊ ထို့ကြောင့်။ မိဂေါ၀-မိဂေါ ဣဝ၊ ပတ္တမြားကိုတွေ့လျက် မြက်ကိုသာ စားသွားသော သားသမင်ကဲ့သို့။ ပဉ္စ ကာမဂုဏေ၊ ငါးဖြာအာရုံ ကာမဂုဏ်အစုတို့ကို။

အဘုဥ္ဍိတ္ဝ၊ မသုံးဆောင်မခံစားရကုန်မူ၍။ သန္တိ ံ၊ ပတ္တာမြားနှင့်အလား တူသော ငြိမ်းအေးချမ်းမြေ့လှစ္ဝာသော နိဗ္ဗာန်ကို။ လဒ္ဓုံ၊ ရခြင်းငှါ။ အာရဗ္ဘထ၊ အားထုတ်ကြိုးစားကြကုန်လော။

၄။ ဓမ္မေနာနေန စညေဟိ၊ လဘာမိ ပိယဗေဝဓိနာ။
ရောဂဒုက္ခပဓာနံဝ၊ ဥတ္တာ နိရောဓံ နိဗ္ဗာနံ။

အနေန ဓမ္မေန စ၊ ဤသို့ပညာမေဒီမည်သော ဝိပဿနာကျမ်းကို ပြုစုရသော ကုသိုလ်ကောင်းမှုကြောင့်ငင်း။ အညေဟိ စ၊ အသက်ရှိသည် တိုင်အောင်ပြုစုခဲ့သော တပါးသောကုသိုလ်တို့ကြောင့်ငင်း။ အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တဟူခေါ် ဘုရားတပည့်တော်သည်။ ပိယဗေဓိနာ၊ အလိုရှိအပ် တောင့်တအပ်သော ဗေဓိဆုဖြင့်။ ရောဂဒုက္ခပဓာနံဝ၊ ရောဂဒုက္ခ-ပဓာနံ ဧဝ၊ လွန်ကဲကြီးကျယ်သော ဆာလောင်မွတ်သိပ်နာ သံသရာဝဋ်ဆင်းရဲကိုသာလျှင်။ ဥတ္တာ၊ အမှန်အကန်သိမြင်၍။ နိရောဓံ၊ ပရမရောဂါ ပရမဒုက္ခတို့၏ ချုပ်ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ ဝါနကင်းရာငြိမ်းအေးစွာသော နိဗ္ဗာန်ကို။ လဘာမိ၊ ရရပါလို၏ဘုရား။

၅။ နိဋ္ဌိတော်ယံ ယထာ ဂန္ထော၊ အနန္တရာယေန ဧဝံ။
သုသက်ပ္ပါဝ ပူရေန္တု၊ ပဂ္ဂလာနံ ယထိစ္ဆိတံ။

အယံ ဂန္ထော၊ ပညာမေဒီမည်သော ဤဝိပဿနာကျမ်းသည်။ အနန္တ-ရာယေန၊ အန္တရာယ်မရှိ ဘေးရန်မထိသဖြင့်။ နိဋ္ဌိတော ယထာ၊ အပြီးဆုံးသို့ရောက်သကဲ့သို့။ ဧဝံ၊ ပမာဆိုမူထို့အတူ။ ပဂ္ဂလာနံ၊ ခပ်သိမ်းဉဿုံ အလုံးစုံသော သတ္တဝါတို့အား။ ယထိစ္ဆိတံ၊ အလိုရှိတိုင်း တောင့်တတိုင်း။ သုသက်ပ္ပါဝ၊ကောင်းသောအကြံအစည်ဟူသမျှတို့သည်သာလျှင်။အနန္တရာ-ယေန၊ အန္တရာယ်မရှိ ဘေးရန်မထိပဲ။ ပူရေန္တု၊ ပြည့်ပြည့်ဝဝရှိကြပါစေ ကုန်သတည်း။

၆။ လဘိတ္ဝာ မဏ္ဍူကာ ဝုဋ္ဌိ ံ၊ ကီဋ္ဌန္တိ ပလ္လလေ ယထာ။
ဧဝံ ဒိဿာ ဣမံ ယောဂီ၊ နိဗ္ဗာနံ ပါပုဏန္တု စ။

မဏ္ဍူကာ၊ ဖားတို့သည်။ ဝုဋ္ဌိ ံ၊ မိုးရွာခြင်း မိုးရေအာလျှဉ်ကို။ လဘိတ္ဝာ၊ ရကြကုန်သော်။ ပလ္လလေ၊ ရေအိုင်ငယ်၌။ ကီဋ္ဌန္တိ ယထာ၊ တကျော်ကျော် အော်ဟစ်၍ ပူရစ်မြည်သလို မြည်တမ်းကာ မြူးတူးပျော်ပါး ကစား

သက့ဲသို့။ ဧဝံ၊ ပမာဆို့မူ ထို့အတူ။ ယောဂီ၊ ဝိပဿကယောဂီတို့သည်။ ဣမံ၊ ပညာမေဒီမည်သော ဤကျမ်းကို။ ဒိသ္ဝာ၊ ကြည့်ရှုတွေ့မြင်ကြကုန်၍။ ဓမ္မရတီ၊ ဝိပဿနာတရားတွင် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ကြကုန်လျက်။ နိဗ္ဗာနံ၊ ဒုက္ခဓပ်သိမ်းငြိမ်းရာအမှန် ပြည်နိဗ္ဗာန်သို့။ ပါပုဏန္တု စ၊ ရောက်လည်းရောက်ကြစေကုန်သတည်း။

၇။ ဘဂဝါ စက္ကဝတ္တိ စ၊ ဣတိ ဧဒ္ဓမေဝ ပုဂ္ဂလာ။
သတ္တာ သုခဋ္ဌိ ဥပပန္နာ၊ ဟိတံ ဝိနေတု ဇန္တုနံ။

ဘဂဝါ စ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်လည်းကောင်း။ စက္ကဝတ္တိ စ၊ စကြာရတနာကို လည်စေနိုင်သော စကြာမင်းသည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဧဒ္ဓ၊ နှစ်ယောက်ကုန်သော။ ဣမေ ပုဂ္ဂလာ ဧဝ၊ ဤပုဂ္ဂိုလ်တို့သည်သာလျှင်။ ဥပပန္နာ၊ ဖြစ်ထွန်း ပေါ်ပေါက်ကုန်သည်ရှိသော်။ သတ္တာ၊ ဝေနေယျကြာ သတ္တဝါတို့သည်။ သုခဋ္ဌိ ဣဝ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သက့ဲသို့။ တထာ၊ ထို့အတူ။ အယမ္ပိ ဂန္ထော၊ ဤကျမ်းဂန်သည်လည်း။ ဇန္တုနံ၊ သတ္တဝါတို့၏။ ဟိတံ၊ အကျိုးစီးပွါးကို။ ဝိနေတု၊ အထူးဆောင်ရွက်စေသတည်း။—ဧဒ္ဓ မေဝတွင်၊ ဧဒ္ဓ ဣမေ ဧဝဟူ၍ဌင်း ဣမေ ဣဝဟူ၍ဌင်း နှစ်မျိုးပုဒ်ဖြတ်ရမည်။

ဣဒံ ပုညံ၊ သမ္မောဓံ၊ လာဘံ ကရောမိ။
ဘဝါဘဝံ၊ စရန္တံ၊ သုခံ လဘာမိ။
ဗဟုပါဏံ၊ တိသုခံ၊ ခိပ္ပံ ဒဒါမိ။

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ဘဝတွေ့ပြန်၊ ရုပ်နာမ်ပိုင်းခြား၊ အကြောင်းမျှားပါ၊ လက္ခဏာနှင့်၊ တဖြာဖြစ်ပျက်၊ ဉာဏ်စဉ်တက်၍၊ အချက်ကျစွာ၊ စွဲမှားတာကို၊ ပယ်ခွါသတ်ဖြတ်၊ ကျင့်မြတ်ဉာဏ်၊ ပါရမီကို၊ သုံးလီအပြား၊ သုံးဆယ်ထားသော်၊ ငါးဘေဒစာဂ၊ သုံးဝစရိ၊ ကျင့်ဖွယ်ရှိက၊ ကိုယ်နှင့်အသက်၊ မငဲ့ကွက်ပဲ၊ ရက်စက်စွာကျင့်၊ ဗောဓိဖွင့်၍၊ အသင့်ဝေဏေ၊ မျှားဗိုလ်ခြေကို၊ မသွေနိဗ္ဗာန်၊ ရောက်ရန်တာင်ပို့၊ ခေါင်းဆောင်ဖို့၊ မချို့အမှန် ပြည့်စေသော်.... ။

မဟာပညာမေဒီ ဝိပဿနာရှုဘွယ်ကျမ်း ပြီး၏။

ဝေဒနာနုပဿနာ ရှုနည်း

နဓမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

မဟာဝီရ မဟာပုညာ၊ ဣဒ္ဓိယာ ယသသာ ဇလ။
သဗ္ဗဝေရဘယာတီတာ၊ ပါဒေ ဝန္ဒာမိ ဂေါတမ။

အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တဟုခေါ် ဘုရားတပည့်တော်သည်။ မဟာဝီရ၊ ဗုဒ္ဓကိစ္စ အဝဝကို ဗလဝပြင်းထန် ပြီးစီးရန်ကိုသာ အာရုံပြု၍ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ မဟာပုညာ၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့တွင် ပြိုင်သူကင်းပ ကြီးမြတ်လှသော ဘုန်းတော်ကံတော် ရှိတော်မူထသော။ ဣဒ္ဓိယာ၊ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တဖြင့် ၎င်း။ ယသသာ၊ လေးပါးရှစ်ပါး ပရိသတ်အများဟုဆိုအပ်သော အခြံအရံဖြင့်၎င်း။ ဇလ၊ တထိန်ထိန်တဝင်းဝင်း ထွန်းလင်းတောက်ပတော်မူသော။ သဗ္ဗဝေရဘယာတီတာ၊ အတွင်းအပ နှစ်ဝဉ်သုံ အလုံးစုံသော ကြောက်မက်ဖွယ်ဘေးရန်တို့ကို လွန်မြောက်တော်မူပြီးသော။ ဂေါတမ၊ ဂေါတမနွယ်ဖွား ဘုန်းတော်ကြီးမားတော်မူသော အရှင်မြတ်ဘုရား။ တော၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒာမိ၊ ဘယလာဘ စသည်ကင်းကွာ ရှိသေစွာဖြင့် လက်အုပ်ချီမိုး ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ဘယလာဘစသည်ကင်းကွာ ရှိသေစွာဖြင့် ရှိခိုးပြီး၍။

ဣဓေဝ ဗုဒ္ဓိကံ ဝေဒါ-နုပဿနံ နိရောဓိယံ။
သဗ္ဗလောကဟိတတ္ထာယ၊ အနုဗုဒ္ဓံ ဘဏာမဟံ။

အဟံ၊ ရုပ်နာမ်ပေါင်းစု အတ္တဟုခေါ် ဘုရားတပည့်တော်သည်။ ဣဓေဝ၊ အံ့ဘွယ်ရှစ်ဖြာ ဤသာသနာတော်၌သာလျှင်။ ဗုဒ္ဓိကံ၊ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော မြတ်စွာ

ဘုရားမှ ပေါ်ထွက်လာသော (၁) မြတ်စွာဘုရားဖြင့် ထွန်းလင်းတောက်ပသော။ နိရောဓိယံ၊ ရုပ်နာမ်နှစ်ဝ သခ်ါရတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်၏ အကြောင်းဖြစ်သော (၀၊) နိဗ္ဗာန်သို့ရောက်စေတတ်သော။ ဝေဒါနုပဿနံ၊ ခံစားမှုဝေဒနာတွင် သတိရှေထား ဉာဏ်ပညာပွါးများကြောင်းဖြစ်သော ဝေဒနာနုပဿနာရှုဘွယ်ကျမ်းကို။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွါးအကျိုးငှါ။ ဗုဒ္ဓံ၊ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားကို။ အနု၊ အမှတ်ပြု၍ (၀၊) အတုလိုက်၍။ ဘဏာမိ၊ စီစဉ်မြွက်ကြား ရေးသားသောအားဖြင့် ဆိုပေအံ့။

ပဏာမနှင့် ပဋိညာဉ်ပြီး၏။

ဝေဒနာနုပဿနာ အတွက်
ကျက်မှတ်ရန် သုတ္တန်ပါဠိအနက်များ

အနစ္စသုတ်

ဝေဒနာ ဘိက္ခဝေ အနိစ္စာ၊ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ-သာဝကော ဝေဒနာယ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမ္ဟိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဒုက္ခသုတ်

ဝေဒနာ ဘိက္ခဝေ ဒုက္ခာ၊ ဧဝံ ပဿံ။ပ ။ ပဇာနာတိ။

အနတ္တသုတ်

ဝေဒနာ ဘိက္ခဝေ အနတ္တာ၊ ဧဝံ ပဿံ။ပ ။ ပဇာနာတိ။

သဟေတုအနိစ္စသုတ်

ဝေဒနာ ဘိက္ခဝေ အနိစ္စာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိ။

သဟေတုဒုက္ခသုတ်

ဝေဒနာ ဘိက္ခဝေ ဒုက္ခာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊ သောပိ ဒုက္ခော၊ ဒုက္ခသမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော သုခါ ဘဝိဿတိ၊ ဧဝံ ပဿံ။ပ။ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတီတိ။

သဟေတုအနတ္တသုတ်

ဝေဒနာ ဘိက္ခဝေ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝေဒနာယ ဥပ္ပါဒါယ၊ သောပိ အနတ္တာ၊ အနတ္တသမ္ဘူတာ ဘိက္ခဝေ ဝေဒနာ ကုတော အတ္တာ ဘဝိဿတိ၊ ဧဝံ ပဿံ။ပ။ နာပရံ ဣတ္ထတ္တာ-ယာတိ ပဇာနာတိ။

မဇ္ဈိမပဏ္ဏာသဒီဃနခသုတ္တန်

သုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ဒုက္ခာပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ အဒုက္ခမသုခါပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ အဒုက္ခမသုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။ပ။ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဧဝံ ဝိမုတ္တစိတ္တော ခေါ အဂ္ဂိဝေဿန ဘိက္ခု နေကနိ သံဝဒတိ၊ နေကနိ ဝိဝဒတိ၊ ယဉ္စ လောကေန ဝုတ္တံ၊ တေန ဝေါဟရတိ၊ အပရာမသတိ။

ဇာတိဓမ္မသုတ်

သဗ္ဗံ ဘိက္ခဝေ ဇာတိဓမ္မံ။ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ ဇာတိဓမ္မံ။ စက္ခု ဘိက္ခဝေ ဇာတိဓမ္မံ၊ ရူပါ စက္ခုဝိညာဏံ စက္ခုသမ္ဖဿော ဇာတိဓမ္မော၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမ-သုခံ ဝါ၊ တမ္ပိ ဇာတိဓမ္မံ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော

စက္ခုသ္မိံ နိဗ္ဗတ္တိ၊ ရူပေသုပိ နိဗ္ဗတ္တိ၊ စက္ခုဝိညာဏေပိ နိဗ္ဗတ္တိ၊ စက္ခု-သမ္ဖဿေပိ နိဗ္ဗတ္တိ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တသ္မိံပိ နိဗ္ဗတ္တိ၊ နိဗ္ဗတ္တံ ဝိရဇ္ဈတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမ္ပိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဣမ ဘိက္ခဝေ ဘိက္ခု ဝတ္ထုံ ပရိဂ္ဂဏှာတိ၊ အာရမ္မဏံ ပရိဂ္ဂဏှာတိ၊ တဿ ပရိဂ္ဂဟိတဝတ္ထာရမ္မဏတာယ တာ ဝေဒနာ ဧဝံ ဥပ္ပဇ္ဇိတ္ဝာ ဧဝံ ဌတ္ဝာ ဧဝံ နိရုဇ္ဈန္တီတိ ဝိဒိတာ အဘ္ဘတ္ထံ ဂစ္ဆန္တီ နာမ။

မဇ္ဈိမပဏ္ဏာသဒီဃနခသုတ် မြန်မာပြန်

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအန္တေဝါသိကော အိုဒီဃနခပုရိတ်။ သုခါ၊ ချမ်းသာစေတတ်သော။ ဝေဒနာပိ၊ အာရုံကိုခံစားတတ်သော ဝေဒနာသည်လည်း။ ခေါ၊ စင်စစ်။ အနိစ္စာ၊ ဖြစ်ပေါ်လာကာ ပျောက်ကွယ်၍သွားသောကြောင့် အမြဲမရှိ အနိစ္စ။ သင်္ခတာ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်အပ်သောကြောင့် သင်္ခတ။ ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းတရားတို့ကို စွဲ၍ဖြစ်သောကြောင့် ပဋိစ္စသမုပ္ပန္န။ ခယဓမ္မာ၊ ကုန်ခန်းသွားသော သဘောကြောင့် ခယဓမ္မ။ ဝယဓမ္မာ၊ ပျက်သွား ပျောက်သွားသော သဘောရှိသောကြောင့် ဝယဓမ္မ။ ဝိရာဂဓမ္မာ၊ ကင်းကာလွှန်သွားသော သဘောရှိသောကြောင့် ဝိရာဂဓမ္မ။ နိရောဓဓမ္မာ၊ ချုပ်ကွယ်ကာသွားသောသဘောရှိသောကြောင့် နိရောဓဓမ္မ။ အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအန္တေဝါသိကော အိုဒီဃနခပုရိတ်။ ဒုက္ခာ၊ ဆင်းရဲစေတတ်သော။ ဝေဒနာပိ၊ သည်လည်း။ပ။ နိရောဓဓမ္မာ၊ နိရောဓဓမ္မ။

အဂ္ဂိဝေဿန၊ အဂ္ဂိဝေဿနအန္တေဝါသိကော အိုဒီဃနခပုရိတ်။ အဒုက္ခမသုခါ၊ ဒုက္ခမ့်လည်းတပါး, သုခမ့်လည်း တပါးသော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ခေါ၊ စင်စစ်။ပ။ နိရောဓဓမ္မာ၊ ချုပ်ကွယ်ကာသွားသော သဘောရှိသောကြောင့် နိရောဓဓမ္မ။

အဂ္ဂိဝေဿန၊ အိုအဂ္ဂိဝေဿန။ ဧဝံ၊ ဤပုံ။ ပဿံ ပဿန္တော၊ ဝေဒနာတို့၏ မှုံ့မှုံ့ညက်ညက် ပျောက်ပျက်သော သဘောကို မြင်သိသော။ သုတဝါ၊ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ အရိယာ

ဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ဖြစ်သောယောဂီသည်။ သုခါယ၊ ကောင်းသော (ဝါ) ချမ်းသာသော။ ဝေဒနာယပိ၊ ဝေဒနာဒ္ဒါလည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏ (ဝါ) သာယာနှစ်သက်မှုမရှိ။ ဒုက္ခာယ၊ ဆင်းရဲသော။ ဝေဒနာယပိ၊ ဝေဒနာဒ္ဒါလည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏ (ဝါ) သာယာနှစ်သက်မှုမရှိ။ အဒုက္ခမသုခါယ၊ ဒုက္ခမှလည်းတပါး သုခမှလည်း တပါးသော။ ဝေဒနာယပိ၊ ဝေဒနာဒ္ဒါလည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏။ပ။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

အဂ္ဂိဝေဿန၊ အိုအဂ္ဂိဝေဿန။ ဧဝံ၊ ဤပုံ။ ဝိမုတ္တာစိတ္တော၊ အာသဝေါတရားတို့မှ လွတ်သောစိတ်ရှိသော။ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခေါ၊ စင်စစ်။ ကေနစိ၊ တစုံတယောက်သော ဥစ္စေဒအယူရှိသောသူနှင့်လည်း။ သဒ္ဓိံ၊ အတူတကွ။ န သံဝဒတိ၊ ကောင်းစွာမပြောဆို။ ကေနစိ၊ တစုံတယောက်သော ကေစ္စသဿတ အယူရှိသောသူနှင့်။ သဒ္ဓိံ၊ အတူတကွ။ န ဝိဝဒတိ၊ ဆန့်ကျင်စွာ မပြောဆို။ လောကေ၊ လူ့ဘောင် လူ့လောကဌ်။ ယဉ္စ၊ အကြင်စကားကိုလဲ။ ဝုတ္တံ၊ ဆိုအပ်၏။ တေန ဝါဒေန၊ ထိုစကားဖြင့်။ ဝေါဟရတိ၊ ပြောဆို၏။ အပရာမဿတိ၊ မှားသောအားဖြင့် မသုံးသပ်။ ကြင်းသော မြန်မာပြန်ကို စိတ္တာနုပဿနာခန်းဌ ကြည့်ပါ။

ဇာတိဓမ္မသုတ် မြန်မာပြန်

ဘိက္ခဝေ၊ တို့။ သဗ္ဗံ၊ အလုံးစုံသော စက္ခုစသော သဘောတရားသည်။ ဇာတိဓမ်မံ၊ ထင်ရှားစွာ ဖြစ်ပေါ်လာရသော သဘောရှိ၏။ ဘိက္ခဝေ၊ တို့။ သဗ္ဗံ၊ သော။ ဇာတိဓမ်မံ၊ တရားကား။ ကိဥ္စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ စက္ခု၊ မျက်စိအကြည်သည်။ ဇာတိဓမ်မံ၊ ထင်ရှားစွာ ဖြစ်ပေါ်လာရသော သဘောရှိ၏။ ရူပါ၊ အဆင်းရူပါရုံတို့သည်၎င်း။ စက္ခုဝိညာဏံ၊ မြင်သိဝိညာဉ်သည်၎င်း။ စက္ခုသမ္ဖဿော၊ မျက်စိတံခါးတွင် တွေ့ထိလာသော စက္ခုသမ္ဖဿသည်၎င်း။ ဇာတိဓမ္မော၊ ၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိတံခါးတွင် တွေ့ထိမှုဖဿဟူသော အကြောင်းကြောင့်။ ဝေဒယိတံ၊ ခံစားသောအခြင်းအရာအားဖြင့်ဖြစ်သော။ ယမ္ပိဒံ သုခံ ဝါ၊ အကြင်သုခဝေဒနာသည်လည်းကောင်း။ ယမ္ပိဒံ ဒုက္ခံ ဝါ၊ အကြင်ဒုက္ခဝေဒနာသည်လည်းကောင်း။ ယမ္ပိဒံ အဒုက္ခမသုခံ ဝါ၊ လည်းကောင်း။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊

ထိုဝေဒနာ သုံးပါးသည်လည်း။ ဇာတိဓမ္မံ၊ ထင်ရှားစွာ ဖြစ်ပေါ်လာရသော သဘောရှိ၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤပုံ။ ပဿံ ပဿန္တော၊ သော။ သုတဝါ၊ သော။ အရိယသာဝကော၊ သည်။ စက္ခုသ္မိံပိ၊ မျက်စိအကြည် ဥ်လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏ ရှံ၏။ ရူပေသုပိ၊ အဆင်းရူပါရုံတို့၌လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏။ စက္ခုဝိညာဏေပိ၊ မြင်သိဝိညာဉ်၌လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏။ စက္ခုသမ္ဖဿေပိ၊ စက္ခုသမ္ဖဿ၌လည်း။ နိဗ္ဗိန္ဒဘိ၊ မုန်း၏။ စက္ခု-သမ္ဖဿပစ္စယာ၊ မျက်စိတံခါးတွင် တွေ့ထိမှု ဖဿဟူသော အကြောင်း ကြောင့်။ ဝေဒယိတံ၊ ခံစားသော အခြင်းအရာအား ဖြင့်ဖြစ်သော။ ယမ္ပိဒံ သုခံ ဝါ၊ အကြင်သုခဝေဒနာသည်လည်းကောင်း။ ယမ္ပိဒံ ဒုက္ခံ ဝါ၊ အကြင် ဒုက္ခဝေဒနာသည်လည်းကောင်း။ ယမ္ပိဒံ အဒုက္ခမသုခံ ဝါ၊ အကြင်ဥပေက္ခာ ဝေဒနာသည်လည်းကောင်း။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တသ္မိမ္ပိ၊ ထိုဝေဒနာသုံးပါး ၌လည်း။ နိဗ္ဗိန္ဒတိ၊ မုန်း၏။ နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော၊ နှစ်သက်သာယာခြင်း မရှိ ခဲ့သော်။ ဝိရဇ္ဇတိ၊ မင်္ဂလေးပါး၏အစွမ်းဖြင့် တပ်ခြင်းကင်း၏။ ဝိရာဂါ၊ မင်္ဂလေးပါး၏အစွမ်းဖြင့် တပ်ခြင်းကင်းသောကြောင့်။ ဝိမုစ္စတိ၊ ဖိုလ် လေးပါးတို့၏အစွမ်းဖြင့် အာသဝေါတရားတို့မှ လွတ်ငြိမ်း၏။ အဟံ၊ ငါ သည်။ ဝိမုတ္တာသ္မိ'၊ အာသဝေါဘရားလေးပါးတို့မှ လွတ်သော ဖိုလ်လေး ပါး၌။ ဝိမုတ္တော၊ လွတ်သည်။ အမို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ၏။ ဇာတိ၊ ရုပ်နာမ်နှစ်ပါးကို ရခြင်း ဟု ဆိုအပ်သော ဇာတိသည်။ ခီဏာ၊ နောင်တဖန် ဖြစ်ခြင်း သဘောမရှိ သောအဖြစ်သို့ ရောက်သဖြင့် ကုန်ကာသွားပြီ။ ဗြဟ္မစရိယံ၊ မင်္ဂဖြင့် မြတ်သောအကျင့် ကျင့်ခြင်းကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ သစ္စာလေးပါးတို့၌ မင်္ဂလေးပါးတို့ဖြင့် ပြုအပ်သောကိစ္စကို။ ကတံ၊ ပြုအပ် ပြီးပြီ။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ့အား။ အပရံ ပုန၊ တဖန်။ ဣတ္ထတ္တာယ၊ ဤပုံ တဆဲ့ခြောက်ပါးသော မင်္ဂကိစ္စကို ပဋိများရန်အကျိုး ငှါ (ဝါ) ဤပုံ ကိလေသာကုန်ခန်းရန်အကျိုးငှါ။ ကိစ္စံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ (တနည်း) ဣတ္ထတ္တာယ၊ ဤပုံဖြစ်ဆဲသော ရုပ်နာမ် နှစ်ပါး, ခန္ဓာငါးပါးဟူဆိုသပ်သော ဝဋ်ဆင်းရဲအစဉ်မှ။ အပရံ၊ တပါး သော။ ခန္ဓသန္တာနံ၊ ခန္ဓာအစဉ်သည်။ န အတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

ဝတ္ထုနှင့်အာရုံ သိမ်းဆည်းရမည့်ပါဠိ မြန်မာပြန်

ဣမ၊ ဤ အံ့ဘွယ်ရှစ်ဖြာ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝတ္ထုံ၊ မိုရာဝတ္ထုကို။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြားရှုယူ၏။ အာရမ္မဏံ၊ အာရုံကို။ ပရိဂ္ဂဏှာတိ၊ ပိုင်းခြားရှုယူ၏။ တဿ၊ ထိုရဟန်းအား (ဝါ) ထိုရဟန်း၏။ ပရိဂ္ဂဟိတဝတ္ထာရမ္မဏတာယ၊ ပိုင်းခြားရှုယူအပ်သော ဝတ္ထုအာရုံရှိသည်၏ အဖြစ်ကြောင့်။ တာ ဝေဒနာ၊ ထိုဝေဒနာတို့သည်။ ဧဝံ၊ ဤသို့။ ဥပပဇ္ဇိတ္ဘာ၊ ဖြစ်ကုန်၍။ ဧဝံ၊ ဤပုံ။ ဌတ္ဘာ၊ တည်ကုန်၍။ ဧဝံ၊ ဤပုံ။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဝိဒိတာ၊ ထင်ရှားကုန်သည်ဖြစ်၍။ အဇ္ဈတ္တံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ နာမ၊ ရောက်သည်မည်ကုန်၏။

ဝေဒနာကို အမျိုးမျိုးဟောပုံ

မြတ်စွာဘုရားသည် ဝေဒနာတို့ကို ပရိယာယ်အားဖြင့် ဟောတော်မူသည်ကား—

၁။ ဒုက္ခဝေဒနာ .... ၁-ပါး။

၂။ ကာယိက=ကိုယ်၌ဖြစ်သော ဝေဒနာ, စေတသိက=စိတ်၌ဖြစ်သော ဝေဒနာ .... ၂-ပါး။

၃။ သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ ၃-ပါး။

၄။ သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ .... ၅-ပါး။

၅။ စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာန-သမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ-ဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ .... ၆-ပါး။

ဝေဒနာ တဆဲ့ရှစ်ပါး

၁။ စက္ခုသမ္ဖဿဇာ သောမနဿူပဝိစာရ ဝေဒနာ

၂။ သောတ ။ ဝေဒနာ

၃။ ဃာန ။ ဝေဒနာ

၄။ ဇိဝှါ ။ ဝေဒနာ
၅။ ကာယ ။ ဝေဒနာ
၆။ မနော ။ ဝေဒနာ
၁။ စက္ခုသမ္ဖဿဇာ ဒေါမနဿူပဝိစာရ ဝေဒနာ
၂။ သောတ ။ ဝေဒနာ
၃။ ဃာန ။ ဝေဒနာ
၄။ ဇိဝှါ ။ ဝေဒနာ
၅။ ကာယ ။ ဝေဒနာ
၆။ မနော ။ ဝေဒနာ

၁။ စက္ခုသမ္ဖဿဇာ ဥပေက္ခူပဝိစာရ ဝေဒနာ
၂။ သောတ ။ ဝေဒနာ
၃။ ဃာန ။ ဝေဒနာ
၄။ ဇိဝှါ ။ ဝေဒနာ
၅။ ကာယ ။ ဝေဒနာ
၆။ မနော ။ ဝေဒနာ

ပေါင်း ၁၈-ပါး ဖြစ်သတည်း။

ဝေဒနာ တရာ့ရှစ်ပါး

ငါးဖြာအာရုံ ကာမဂုဏ်ကို မှီ၍ ဖြစ်တဲ့ ဂေဟသိတ သောမနဿ ဝေဒနာ ၆-ပါး, ငါးဖြာအာရုံ ကာမဂုဏ်ကို မမှီမူ၍ဖြစ်တဲ့ နေက္ခမ္မသိတ သောမနဿဝေဒနာ ၆-ပါး, ငါးဖြာအာရုံ ကာမဂုဏ်ကို မှီ၍ ဖြစ်တဲ့ ဂေဟသိတ ဒေါမနဿဝေဒနာ ၆-ပါး, ငါးဖြာအာရုံ ကာမဂုဏ်ကို မမှီမူ၍ ဖြစ်တဲ့ နေက္ခမ္မသိတ ဒေါမနဿဝေဒနာ ၆-ပါး, ငါးဖြာအာရုံ ကာမဂုဏ်ကို မှီ၍ဖြစ်တဲ့ ဂေဟသိတ ဥပေက္ခာဝေဒနာ ၆-ပါး, ငါးဖြာအာရုံ ကာမဂုဏ်ကို မမှီမူ၍ ဖြစ်တဲ့ နေက္ခမ္မသိတ ဥပေက္ခာဝေဒနာ ၆-ပါး ပေါင်း ၃၆-ပါး ဖြစ်သတည်း။

ဂေဟသိတဆိုသည်နှင့် သာမိသဆိုသည်မှာ အတူတူ၊ နေက္ခမ္မသိတဆိုသည်နှင့် နိရာမိသဆိုသည်မှာ အတူတူ၊ သုံးဆဲ့ခြောက်ပါးသော ဝေဒနာတို့ကို အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးနှင့် မြောက်ပွါးသည်ရှိသော် ဝေဒနာ ၁၀၈-ပါး ဖြစ်သတည်း။

၁။ ဝေဒနာငါး၊ အလှည့်အားဖြင့်၊ ဖြစ်ပွါးသည်မှာ၊ ကိုယ်ခန္ဓာ၊ ရုံခါမစဲပါ။

၂။ ကိုယ်ကောင်း စိတ်ကောင်း၊ ခံစားကောင်း၊ မှတ်ကြောင်းသုခဝေဒနာ။

၃။ ကိုယ်စိတ်ဆင်းရဲ၊ ခံစားဆဲ၊ မှတ်စဲဒုက္ခဝေဒနာ။

၄။ ဝမ်းမြောက်ဝမ်းသာ၊ ရှိခဲ့ရာ၊ မှတ်ပါသောမနဿာ။

၅။ စိတ်မကောင်းတာ၊ ဆင်းရဲမှာ၊ မှတ်ပါဒေါမနဿာ။

၆။ ကောင်းမကောင်းတာ၊ ပယ်စွန့်ခွါ၍၊ လယ်မှာခံစား၊ ပေါ်လာငြား၊ မှတ်သားဥပေက္ခာ။

၇။ နွားသိလူသိ၊ နှစ်ပါးရှိ၊ လူသိ သိက၊ နိဗ္ဗာန်ရ။

၈။ လူသိဆိုတာ၊ ဒိဋ္ဌိကွာ၊ သိတာရုပ်နာမ်မှာ။

၉။ သုခဒုက္ခ၊ ဖောဋ္ဌဗ္ဗ၊ နှစ်ဝကိုယ်ကဖန်။

၁၀။ ဣဋ္ဌာနိဋ္ဌ၊ ဖောဋ္ဌဗ္ဗ၊ နှစ်ဝအာရုံပြား။

၁၁။ သုခဝေဒနာ၊ လိုရာအတွေ့၊ ခံစားလေ့၊ ပြုပေ့အာရုံသာ။

၁၂။ ဒုက္ခဝေဒနာ၊ မလိုရာတွေ့၊ ခံစားလေ့၊ ပြုပေ့အာရုံသာ။

၁၃။ သောမနဿ၊ ဣဋ္ဌအာရုံ၊ တံခါးစုံ၊ ဖမ်းတုံမိမည်သာ။

၁၄။ ဒေါမနဿ၊ အနိဋ္ဌအာရုံ၊ တံခါးစုံ၊ ဖမ်းတုံမိမည်သာ။

၁၅။ ဥပေက္ခာတုံ၊ မဇ္ဈတ်ရုံတွင်၊ အစုံတံခါး၊ ဖမ်းခဲ့ငြား၊ မှတ်သားမိမည်သာ။

၁၆။ အာရုံများတွင်၊ တဏှာယှဉ်၍၊ အစဉ်ခံစား၊ သာယာငြား၊ မှတ်သားသာမိသာ။

၁၇။ အာရုံများတွင်၊ မယှဉ်တဏှာ၊ ခံစားကာနှင့်၊ သာယာမရှိ၊ ကင်းလွတ်ဘိ၊ မှတ်သိနိရာမိသာ။

၁၈။ ဒဋ္ဌိရအာရုံ၊ နှစ်ပါးစုံကြောင့်၊ ပေါ်တုံဝေဒနာ၊ ခြောက်မျိုးသာ၊ မှတ်ပါအပြားသာ။

၁၉။ အာရုံခြောက်ဝ၊ ရစ်ဝဲကြလျက်၊ ဥပဝိစာရ၊ အမည်ရ၊ သုံးဝ ဝေဒနာ။

၂၀။ ခြောက်သုံးလီသာ၊ ဆဲရှစ်ဖြာ၊ မှတ်ပါအပြားသာ။

၂၁။ ဂေဟသိတ၊ နေက္ခမ္မနှင့်၊ မြောက်ကဆဲရှစ်၊ ယူလစ်ဝေဒနာ၊ ပဋိကာသုံးဆယ်၊ ခြောက်ခုဆုယ်၊ မှတ်ဖုယ်ဝေဒနာ။

၂၂။ သုံးဆဲခြောက်မှာ၊ ကာလသုံးပါး၊ မြောက်ယူငြားး၊ မှတ်သားတရားရှစ်သာပါ။

၂၃။ ကာမဂုဏ်မှီ၊ ပေါ်လာသည်ကို၊ ဂေဟဆို၊ မှတ်လိုဝေဒနာ။

၂၄။ ဝိပဿနာ၊ မှီကာပေါ်ရ၊ နေက္ခမ္မ၊ မှတ်ပဝေဒနာ။

၂၅။ အကုသလ၊ ဂေဟသိတ၊ ကုသလမှာ၊ နေက္ခမ္မာ၊ မှတ်ရာမလွဲပါ။

၂၆။ ဖဿကြောင့်သာ၊ ဝေဒနာကျိုး၊ နှစ်ဖြာကြောင်းကျိုး၊ ဖြစ်ပျက်ရိုး၊ ပေါ်မျိုးကြည့်ရှုပါ။

၂၇။ ခံစားမှုသာ၊ သတ္တဝါပျောက်၊ ထင်လာသတိ၊ ဉာဏ်ကြီးဘိ၍၊ ဒိဋ္ဌတဏှာ၊ မှီရာမရှိ၊ ကင်းလွတ်ဘိ၊ ငြိမ်း၏နိဗ္ဗာန်ပြည်။

ဝေဒနာငါးမျိုး၏ လက္ခဏာရသ စသည်

၁။ သုခဝေဒနာ၊ လိုအပ်စွာသား၊ တွေ့လာသုံးပါး၊ အာရုံများကို၊ ခံစားလက္ခဏာ၊ တဖြာယှဉ်ဖက်၊ တိုးတက်ကြီးပွါး၊ ကိစ္စများသာ၊ ကိုယ်မှာချမ်းသာ၊ ထင်ပေါ်လာ၍၊ မှတ်ပါပစ္စု၊ ဖြစ်ကြောင်းရှု၊ မှတ်မှုကာယဝတ္ထုတည်း။

၂။ ဒုက္ခဝေဒနာ၊ မလိုချာသွား၊ တွေ့လာသုံးပါး၊ အာရုံများကို၊ ခံစားလက္ခဏာ၊ တဖြာယှဉ်ဖက်၊ ညှဉ်းလျက်ပျက်ပြား၊ ကိစ္စများသာ၊ ကိုယ်မှာနာကျင်၊ ထင်လာပစ္စု၊ ဖြစ်ကြောင်းရှု၊ မှတ်မှုကာယဝတ္ထုတည်း။

၃။ သောမနဿာ၊ လိုရာခြောက်ပါး၊ အာရုံများကို၊ ခံစားလက္ခဏာ၊ သာမညာမို့၊ လိုတာများမှာ၊ သုံးဆောင်တာကား၊ ကိစ္စများသာ၊

စိတ်မှာပျော်ရွှင်၊ ကြည်လင်ပစ္စု၊ ဖြစ်ကြောင်းရှု၊ မှတ်မှုအားငြိမ်းမှု သာတည်း။

၄။ ဒေါမနဿာ၊ မလိုရာသွား၊ အာရုံများကို၊ ခံစားလက္ခဏာ၊ သာမညာမို့၊ လိုတာမပါ၊ သုံးဆောင်တာကား၊ ကိစ္စများသာ၊ စိတ်မှာ နာကျင်၊ ထင်လာပစ္စု၊ ဖြစ်ကြောင်းရှု၊ မှတ်မှုဟာဒယဝတ္ထုသာတည်း။

၅။ ဥပေက္ခာသည်၊ အလည်တည်ငြား၊ အာရုံများကို၊ ခံစားလက္ခဏာ၊ ယှဉ်ဖက်မှာကို၊ မတိုးမည်း၊ ဖြစ်ရိုးကိစ္စာ၊ ငြိမ်းအေးစွာကား၊ ထင်လာပစ္စု၊ ဖြစ်ကြောင်းရှု၊ မှတ်မှုပီတိ မရှိစိတ်သာတည်း။

ဝေဒနာပိုင်လျှင် နိဗ္ဗာန်ရောက်ကြောင်း

သမာဟိတော သမ္မဇာနော၊ သတော ဗုဒ္ဓဿ သာဝကော။
ဝေဒနာ စ ပဇာနာတိ၊ ဝေဒနာနဉ္စ သမ္ဘဝံ။
ယတ္ထ စေတာ နိရုဇ္ဈန္တိ၊ မဂ္ဂဉ္စ ခယဂါမိနံ။
ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

(သမာဓိသုတ်)

မြန်မာပြန်။ ။ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏။ သမာဟိတော၊ ဥပစာ, အပ္ပနာ နှစ်ဖြာသော သမာဓိတို့ဖြင့် တည်ကြည်သော။ သမ္မဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာရှိသော။ သတော၊ သတိမြဲဘိ လက်ကိုင်ရှိသော။ သာဝကော၊ ဘုရားစကား လိုက်နာသောအားဖြင့် တပည့်သားဖြစ်သော ရဟန်းယောကျ်ား ရဟန်းမိန်းမသည်။ ဝေဒနာ စ၊ ခံစားတတ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဝေဒနာတို့ကိုလည်း။ ပဇာနာတိ၊ ဒုက္ခသစ္စာ၏ အစွမ်းဖြင့်သိ၏။ ဝေဒနာနံ၊ အာရုံကိုခံစားသော အခြင်းအရာအားဖြင့်ဖြစ်သော ဝေဒနာတို့၏။ သမ္ဘဝံ စ၊ ဖြစ်ကြောင်း ဖြစ်သောဖဿနှင့် ကရဇကာယကိုလည်း။ ပဇာနာတိ၊ သမုဒယသစ္စာ၏ အစွမ်းဖြင့်သိ၏။

ယတ္ထ ယသ္မိံ နိဗ္ဗာနေ၊ အလွန်တရာ ငြိမ်းချမ်းအေးမြစွာသော အကြင်နိဗ္ဗာန်၌။ စေတာ ဝေဒနာ၊ ထိုဝေဒနာတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်း

ကုန်၏။ တဉ္ဆ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကိုလည်း။ ပဇာနာတိ၊ နိရောဓသစ္စာ၏ အစွမ်းဖြင့်သိ၏။ ခယဂါမိနံ၊ ထိုဝေဒနာတို့၏သာလျှင် ကုန်ရာချုပ်ရာ နိဗ္ဗာန်သို့ရောက်စေတတ်သော။ မဂ္ဂဉ္စ၊ မဂ္ဂင်ရှစ်ပါးကိုလည်း။ ပဇာနာတိ၊ မဂ္ဂသစ္စာ၏ အစွမ်းအားဖြင့်သိ၏။ ဘိက္ခု၊ တရားအားထုတ်သောယောဂီ ပုဂ္ဂိုလ်သည်။ ဝေဒနာနံ၊ ဝေဒနာဟူသမျှတို့၏။ ခယာ၊ ကုန်ခြင်းချုပ်ခြင်း ကြောင့်။ နိစ္ဆာတော၊ အာရုံငါးပါး ကာမဂုဏ်တရား၌ မုတ်သိပ်ဆာလောင် တတ်သော တဏှာမရှိသည်။ ဟုတ္ထ၊ ဖြစ်၍။ ပရိနိဗ္ဗုတော၊ ကိလေသ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

ဒီသုတ်ဖြင့် သမ္မသန အနိစ္စ ဒုက္ခ အနတ္တလို ဆုံးဖြတ်ပိုင်းခြားခြင်းငှါ ထိုက်သော ဝေဒနာတို့ကို ပြဆိုပါတယ်။

ဝေဒနာ စ ပဇာနာတိ၊ ဝေဒနာနဉ္စ သမ္ဘဝံ-နှစ်ပုဒ်တို့ဖြင့် သမထနှင့် ဝိပဿနာကို ပြဆိုပါတယ်။ ထိုဂါထာနှစ်ခုတို့ဖြင့် သစ္စာလေးပါးကိုလည်း ပြဆိုပါတယ်။

ယတော စ ဘိက္ခု အာတာပီ၊ သမ္ပဇညံ န ရိဉ္ဆတိ။
တတော သော ဝေဒနာ သဗ္ဗာ၊ ပရိဇာနာတိ ပဏ္ဍိတော။
သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သန်္တံ နောပေတိ ဝေဒဂူ။

မြန်မာပြန်။ ယတော စ၊ အကြင်ဝေဒနာတို့ ဖြစ်ပေါ်၍ လာသော ကြောင့်လည်း။ တာသု ဝေဒနာသု၊ ထိုသုံးမျိုးသော ဝေဒနာတို့၌။ အာတာပီ၊ ကိလေသာတို့ကို ပူလောင်စေတတ်သော လုံ့လဝီရိယရှိသော။ ဘိက္ခု၊ သံသရာကို ဘေးဟု ရှုလေ့ရှိသောယောဂီများသည်။ သမ္ပဇညံ၊ ထက်ဝန်းကျင်မှ အပြားတို့ဖြင့် သိတတ်သောပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ် သောဉာဏ်ကို (၀၊) ထက်ဝန်းကျင်မှ မြတ်သောအထူးနှင့်တကွဖြစ်သည်ကို သိတတ်သော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ်သောဉာဏ်ကို။ န ရိဉ္ဆတိ န ပဇဟတိ၊ မစွန့်။ တတော၊ တို့သို့သမ္ပဇညဖြစ်သောဉာဏ်ကို မစွန့်သောကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော။ သော ဘိက္ခု၊ ကမ္မဋ္ဌာန်းအားထုတ်သော ထိုယောဂီသည်။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ ပရိဇာနာတိ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားကာသိ၏။

သော ဘိက္ခု၊ ထိုယောဂီသည်။ ဝေဒနာ၊ ခံစားမှုဝေဒနာတို့ကို။ ပရိ-ညာယ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားကာ သိ၍။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန်အတ္တဘောဌ်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဓမ္မဋ္ဌော၊ မဂ်ဖိုလ်တရားဌ် တည်ပြီးသော။ ဝေဒဂူ၊ လေးပါးသောမဂ်ဉာဏ်တို့ဖြင့် ကိလေသာတို့၏ အဆုံးသို့ရောက်ပြီးသော။ အနာသဝေါ၊ ဘုံအားဖြင့် ဘဝဂ် ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သော အာသဝေါတရားရှိတော်မမူသော ရဟန္တာပုဂ္ဂိုလ်သည်။ သဒ်္ဓံ၊ ပုထုဇ္ဇဉ်ဟူသော ရေတွက်ခြင်းသို့ (ဝါ) ရတ္တ-တပ်နှစ်သက်တတ်သောပုဂ္ဂိုလ် ဒုဋ္ဌ-ဒေါသဖြင့် ပြစ်မှားတတ်သော ပုဂ္ဂိုလ် မူဠှ-မောဟဖြင့် တွေဝေတတ်သောပုဂ္ဂိုလ်ဟူသော အရေအတွက်သို့၊ နောပေတိ နာ ဥပေတိ၊ မရောက်တော့ပါ။

ဒီသုတ်ကို သိလဘံသော ဝေနေယျတို့၏အလိုအားဖြင့် ဟောတော်မူသည်။

ဥပါသကာ ဥပါသိကာမတို့ ရေးခြစ်မထင် ထက်ကောင်းကင်ကြီးမှာ အရွှေအရပ်မျက်နှာကလဲ လေတွေတိုက်လာတတ်ပါတယ်၊ အနောက်အရပ်မျက်နှာကလဲ လေတွေတိုက်လာတတ်ပါတယ်၊ မြောက်အရပ်မျက်နှာကလဲ လေတွေတိုက်လာတတ်ပါတယ်၊ မြူမှုံတွေယူ၍လဲ လေတွေတိုက်လာတတ်ပါတယ်၊ အေးသောလေတွေလဲ တိုက်လာတတ်ပါတယ်၊ ပူသောလေတွေလဲ တိုက်လာတတ်ပါတယ်၊ အနည်းငယ်သောလေတွေလဲ တိုက်လာတတ်ပါတယ်၊ ပြင်းထန်သောလေတွေလဲ တိုက်လာတတ်ပါတယ်၊ ထို့အတူ တကာတကာမတို့ခန္ဓာကိုယ်မှာ အလိုရှိအပ်သောအတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော သုခဝေဒနာပေါ်လာတတ်ပါတယ်၊ အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော ဒုက္ခဝေဒနာလဲ ပေါ်လာတတ်ပါတယ်၊ အလိုရှိအပ်သော ဖက်သို့ လဲ မလဲ, အလိုမရှိအပ်သောဖက်သို့ လဲ မလဲ, အလယ်၌တည်သော သဘောရှိသော မဇ္ဈတ္တာရုံကို ခံစားတတ်သော ဥပေက္ခာဝေဒနာလဲ ပေါ်လာတတ်ပါတယ်၊ ပေါ်လာသမျှသော ဝေဒနာကို ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာသုံးပါးတို့ဖြင့် ပွါးများကြည့်ခဲ့သည်ရှိသော် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်ပါတယ်၊ အထက်၌ရေးပြလတံ့သော ဘာဝနာနည်းကိုမှီ၍ ပွါးများအားထုတ်ရမည်ဆိုလိုသည်။

ဒဋ္ဌဗ္ဗသုတ်

ဝေဒနာသုံးမျိုးကို ရှုပုံရှုနည်း

ယော သုခံ ဒုက္ခတော အဒ္ဒ၊ ဒုက္ခမဒ္ဒက္ခိ သလ္လတော။
အဒုက္ခမသုခံ သန္တံ၊ အဒ္ဒက္ခိ နံ အနိစ္စတော။
သ ဝေ သမ္မဒ္ဒသော ဘိက္ခု၊ ပရိဇာနာတိ ဝေဒနာ။
သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေ ဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သခ်္ခံ နောပေတိ ဝေဒဂူ။

ယော၊ သံသရာကို ကြောက်ဖွယ်လန့်ဖွယ်လို ရှုလေ့ရှိသော အကြင် ယောဂီသည်။ သုခံ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဖောက်ပြန်တတ်သော ကြောင့် မကောင်းဆင်းရဲပင်ပန်းလှသည့် ဒုက္ခဟူ၍။ အဒ္ဒ အဒ္ဒသ၊ ရှုကြည့်ပြီ။ ဒုက္ခံ၊ ဒုက္ခဝေဒနာကို။ သလ္လတော၊ စူးဝင်တတ်သော ဆူးငြောင့်ဟူ၍။ အဒက္ခိ၊ ရှုကြည့်ပြီ။ သန္တံ၊ ငြိမ်းအေးသောသဘောရှိသော။ အဒုက္ခမသုခံ၊ ဒုက္ခမှလည်းတပါး သုခမှလည်းတပါးသော။ နံ၊ ထိုဥပေက္ခာ ဝေဒနာကို။ အနိစ္စတော၊ ပေါ်လာပြီး ပျောက်ကွယ်သွားရသောကြောင့် မမြဲဟူ၍။ အဒက္ခိ၊ ရှုကြည့်ပြီ။ သမ္မဒ္ဒသော၊ သင့်သောအကြောင်းအား ဖြင့် ဒုက္ခ သလ္လ အနိစ္စတို့ကို မြင်သိသော။သ သော ဘိက္ခု၊ ထိုယောဂီသည်။ ဝေ၊ စင်စစ်။ ဝေဒနာ၊ ခံစားမှုဝေဒနာတို့ကို။ ပရိဇာနာတိ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားကာ သိ၏။

သော ဘိက္ခု၊ ထိုယောဂီသည်။ ဝေဒနာ၊ ဝေဒနာတို့ကို။ ပရိညာယ၊ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားကာသိ၍။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန် အတ္တဘော၌။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ဓမ္မဋ္ဌော၊ မဂ်တရားဖိုလ်တရား၌တည်သည်ဖြစ်၍။ဝေဒဂူ၊ မဂ်လေးပါးတို့ဖြင့် ကိလေသာတို့၏ အဆုံးသို့ရောက်သည်ဖြစ်၍။ သခ်္ခံ၊ ပုထုဇဉ်ဟူသော အရေအတွက်သို့ (၀၊) ရတွာ-တပ်နှစ်သက်သောပုဂ္ဂိုလ် ဒုဋ္ဌ-ဒေါသသည် ဖျက်ဆီးအပ်သောပုဂ္ဂိုလ် မူဠှ-တွေဝေသောပုဂ္ဂိုလ်ဟူသော အရေအတွက်သို့။ နောပေတိ နာ ဉပေတိ၊ မရောက်နိုင်။

ချစ်သားချစ်သမီးတို့ ဝေဒနာတို့သည် အလိုရှိအပ်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံကိုခံစားသော သုခဝေဒနာ, အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာ

ရုံကို ခံစားသော ဒုက္ခဝေဒနာ, အလိုရှိအပ်သောဖက်သို့ လဲ့ မလဲ့, အလို မရှိအပ်သောဖက်သို့ လဲ့ မလဲ့, အလည်၌တည်သော သဘောရှိသော မဇ္ဈတ္တာရုံကို ခံစားသောဥပေက္ခာဝေဒနာ ဤပုံ သုံးမျိုးရှိပါကုန်တယ်။ ထိုသုံးမျိုးတို့တွင်—

၁။ သုခဝေဒနာကို ဖောက်ပြန်တတ်သောကြောင့် ဒုက္ခ=မကောင်း ဆင်းရဲပင်ပန်းသည်ဟူ၍ ရှုကြည့်ရပါတယ်။

၂။ ဒုက္ခဝေဒနာကို စူးဝင်တတ် ကျင်နာဆင်းရဲစေတတ်သောကြောင့် သလ္လ=ဆူးငြောင့်မြားဟူ၍ ရှုကြည့်ရပါတယ်။

၃။ ဥပေက္ခာဝေဒနာကို ထင်ရှားစွာပေါ်လာပြီး ပျောက်ကွယ်၍ သွားသောကြောင့် အနိစ္စ=အမြဲမရှိဟူ၍ ရှုကြည့်ရပါတယ်။

ထိုသို့ကြည့်ရှုဖန်များခဲ့သော် သုခဝေဒနာကို ဒုက္ခဟူ၍ဂင်း ဒုက္ခဝေဒနာကို သလ္လဟူ၍ဂင်း ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ဂင်း ထင်မြင်တွေ့သိ ဉာဏ်အမြင်မိသောအခါ ဒီယောဂီသည် သမ္မဒ္ဒသ အမှန်အကန် မြင်သိသောယောဂီဖြစ်သွားပါတယ်၊ အမှန်အကန်မြင်သိသောယောဂီသည် အလုံးစုံဒုက္ခဖြစ်ကြောင်းဖြစ်သော တဏှာကိုလည်း အကြွင်းမဲ့ဖြတ်တောက်နိုင်ပါတယ်၊ ဆယ်ပါးအပြားရှိသော သံယောဇဉ်ကိုလည်း အမြစ်ပါပယ်နှုတ်ပစ်နိုင်ပါတယ်။

သင့်သောအကြောင်းအားဖြင့် မာနကို မြင်သည်၏အစွမ်းဖြင့် ထိုးထွင်း၍သိခြင်း ပယ်သည်၏အစွမ်းဖြင့် ထိုးထွင်း၍ သိခြင်းကြောင့် သံသရာဝဋ်ဆင်းရဲ သံသရာဝဋ်ဒုက္ခကို လွန်မြောက်၍ နိဗ္ဗာန်သို့ ရောက်သွားနိုင်ပါသတည်း။

၁။ သုခကိုသာ၊ ရှုပါဒုက္ခ၊ ထင်လာက၊ မုချဝဋ်ဆင်းရဲမှ ကျွတ်လွတ်မည်။

၂။ ဒုက္ခကိုသာ၊ ရှုပါသလ္လ၊ ထင်လာက၊ မုချဝဋ်ဆင်းရဲမှ ကျွတ်လွတ်မည်။

၃။ ဥပေက္ခာမှာ၊ ရှုပါအနိစ္စ၊ ထင်လာက၊ မုချဝဋ်ဆင်းရဲမှ ကျွတ်လွတ်မည်။

နံ ဝေဒနံ ဝေဒယတိ သပညော၊
သုခမွိ ဒုက္ခမွိ ဗဟုဿုတောပိ။
အယဉ္စ မိရဿ ပုထုဇ္ဇနေန၊
မဟာ ဝိသေသော ကုသလဿ ဟောတိ။

သပညော၊ ပညာရှိသော။ ဗဟုဿုတောပိ၊ ပရိယတ်ဥများသော အကြားအမြင် ပဋိဝေဓဥ် များသောအကြားအမြင်ရှိသော အရိယာသာဝကသည်လည်း။ သုခမွိ၊ ကောင်းသည်လည်းဖြစ်သော။ ဒုက္ခမွိ၊ ဆင်းရဲသည်လည်းဖြစ်သော။ ဝေဒနံ၊ ဝေဒနာကို။ နံ ဝေဒယတိ၊ မခံစား။ အယဉ္စ အယံ ဇော၊ ဤဆိုအပ်ပြီးသောစကားသည်သာလျှင်။ ကုသလဿ၊ လိမ္မာသော။ မိရဿ၊ ပညာရှိသော အရိယာသာဝကအား။ ပုထုဇ္ဇနေန၊ ပုထုဇ္ဇဉ်မှ။ မဟာ၊ များစွာသော။ ဝိသေသော၊ အထူးသည်။ ဟောတိ၊ ဖြစ်၏။

ဤမသွိမွိ သုတ္တေ အာရမ္မဏာနုသယော၁ ကထိတော။ အရိယ-
သာဝကေသု စ ခီဏာသဝေါ ဇေတ္ထ ဓုရံ၊ အနာဂါမိပိ ဝဋ္ဋတိတိ ဝဒန္တိ။
(သလ္လဲသုတ်)

အိုရဟန်းတို့ အသုတဝါ=အကြားအမြင်မရှိသော အနှပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည် ကိုယ်၌ဖြစ်သော မသာယာအပ်သောကြောင့် မခံသာ အခံရခက်သော ဆင်းရဲပင်ပန်းခြင်းတို့နှင့် တွေ့ကြုံသောအခါ စိုးရိမ်ပူပန်ပါတယ်၊ ငိုကြွေးပါတယ်၊ ရင်ကိုထု၍ ငိုကြွေးပါတယ်၊ ပြင်းစွာတွေဝေမသိခြင်းသို့ ရောက်သွားပါတယ်၊ ထိုအနှပုထုဇ္ဇဉ်သည် ကိုယ်၌ဖြစ်သော ဆင်းရဲပင်ပန်းခြင်း စိတ်၌ဖြစ်သော ဆင်းရဲပင်ပန်းခြင်း နှစ်မျိုးကို ခံစားကာ နေရပါတယ်။

ဥပမာ ယောကျ်ားတယောက်ကို မြားလှံတို့ဖြင့် ထိုးပါတယ်၊ ထို့နောက် လှံထိုးခံရသော ထိုယောကျ်ားကိုပင် နောက်ထပ်တကြိမ် လက်တသစ်ခြား နေရာလောက်တွင် မြားလှံတို့ဖြင့်ထိုးပါတယ်၊ ထိုယောကျ်ားသည် လှံထိုးရာနှစ်ချက်တို့ဖြင့် ဆင်းရဲဒုက္ခကို ခံစားကာ နေရသည်နှင့်တူပါတယ်။

အနှပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည် ထိုနှစ်မျိုးသော ကိုယ်၏ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းတို့နှင့် တွေ့ကြုံသောကြောင့် ဒေါသအမျက်ချောင်းချောင်း ထွက်ကာ နေပါတယ်၊ ဒေါသအမျက်ချောင်းချောင်းထွက်သော ထိုအနှ-

ပုထုဇ္ဇဉ်အား ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိန်းအောင်း၍နေပါတော့တယ်၊ ထိုအနုပုထုဇ္ဇဉ်သည် ဆင်းရဲဒုက္ခတွေ့ကြုံရသည်ရှိသော် ဆင်းရဲဒုက္ခမှ ထွက်မြောက်ရာဖြစ်သော သမာဓိမဂ်ဖိုလ်တို့ကိုမသိသောကြောင့် ကာမချမ်းသာကိုသာလွန်စွာ နှစ်သက်တောင့်တ၍နေပါတယ်၊ထိုအခါ ကာမချမ်းသာကိုလွန်စွာတောင့်တသော ပုထုဇ္ဇဉ်အား သုခဝေဒနာ၌ ရာဂါနုသယကိန်းအောင်း၍နေပါတော့တယ်။

ထိုအနုပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ သုခဝေဒနာတို့၏ သမုဒယဖြစ်ပေါ်လာခြင်းကိုလည်း အတ္ထင်္ဂမချုပ်ကွယ်သွားခြင်းကိုလည်း အဿာဒဝေဒနာတို့ကို အကြောင်းပြု၍ဖြစ်သော သာယာဖွယ်သုခ သောမနဿကိုလည်း အာဒီနဝ ဝေဒနာတို့၌ ထင်ရှားရှိသော အနိစ္စ ဒုက္ခ အနတ္တဟူဆိုအပ်သော အပြစ်ကိုလည်း နိဿရဏ ဝေဒနာတို့၌ တပ်နှစ်သက်သော ဆန္ဒရာဂကို ပယ်စွန့်ခြင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိရှာလေ၊ ထိုသုခဝေဒနာ ဒုက္ခဝေဒနာတို့၏ သမုဒယစသည်တို့ကို မသိသော အနုပုထုဇ္ဇဉ် ပုဂ္ဂိုလ်အား ဥပေက္ခာဝေဒနာတွင် အဝိဇ္ဇာနုသယ ကိန်းအောင်း၍ နေပါတော့တယ်၊ ကာမရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယသုံးပါး ကိန်းအောင်း၍နေသော ထိုအနုပုထုဇ္ဇဉ် ပုဂ္ဂိုလ်သည် သုခဝေဒနာကို ခံစားသည်ရှိသော် ကိလေသာတို့နှင့် ယှဉ်သည်ဖြစ်၍ ခံစားပါတယ်၊ ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ကိလေသာတို့နှင့် ယှဉ်သည်ဖြစ်၍ ခံစားပါတယ်၊ ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော် ကိလေသာတို့နှင့် ယှဉ်သည်ဖြစ်၍ ခံစားပါတယ်။

ထိုအခါ ဒီပုထုဇ္ဇဉ်ကို ဇာတိဇရာမရဏသောက ပရိဒေဝဒုက္ခဒေါမနဿဥပါယာသ မီးလောင်ခံနေရသော ပုဂ္ဂိုလ်ဟူ၍ ဆိုရပါတယ်၊ သံသရာဝဋ်ဆင်းရဲမှ မကျွတ်လွတ်နိုင်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရပါတယ်။

အိုချစ်သားရဟန်းတို့ အကြားအမြင်နှင့် ပြည့်စုံသော အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီသည် ကိုယ်၏ဆင်းရဲပင်ပန်းခြင်းနှင့် တွေ့ကြုံခဲ့သည်ရှိသော် မစိုးရိမ် မပူလောင်ပါ၊ ရင်ကို ထု၍လဲ မငိုကြွေးပါ၊ ပြင်းစွာတွေဝေခြင်း မသိခြင်းသို့လဲ မရောက်ပါ၊ ထိုယောဂီသည် ကိုယ်၌ဖြစ်သော ဆင်းရဲပင်ပန်းခြင်းကိုသာ ခံစားရပါတယ်၊ စိတ်၌ဖြစ်သော ပင်ပန်းဆင်းရဲခြင်းကို မခံစားရပါ။

ဥပမာ ယောကျ်ားတယောက်ကို မြားလှံတို့ဖြင့် ထိုးပါတယ်၊ ထို့နောက် လှံထိုးခံရသော ထိုယောကျ်ားကို နောက်ထပ်တကြိမ် လှံဖြင့်မထိုးတော့ပါ၊ ဒီပုံ ထိုယောကျ်ားသည် လှံတချက်ရာဖြင့်သာ ဆင်းရဲဒုက္ခကို ခံစားရသည်နှင့် တူပါတယ်။

သုတဝါ=အကြားအမြင်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ယောဂီသည် ကိုယ်၌ဖြစ်သော ဆင်းရဲပင်ပန်းခြင်းနှင့် တွေ့ကြုံသော်လဲ ဒေါသအမျက် ချောင်းချောင်း မထွက်ပါ၊ ဒေါသအမျက် ချောင်းချောင်းမထွက်သော ထိုယောဂီအား ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ မကိန်းအောင်းပါတော့တယ်။

ထိုအကြားအမြင်နှင့် ပြည့်စုံသောယောဂီသည် ဆင်းရဲဒုက္ခ တွေ့ကြုံရသော်လဲ ကာမချမ်းသာမှတပါး ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာဖြစ်သော သမာဓိမဂ်ဖိုလ်ကို တွေ့မြင်သောကြောင့် ကာမဂုဏ်ချမ်းသာကို မနှစ်သက်မတောင့်တတော့ပါ၊ ကာမချမ်းသာကို မတောင့်တသော ယောဂီအား သုခဝေဒနာ၌ ရာဂါနုသယ မကိန်းတော့ပါ၊ ထိုအကြားအမြင်နှင့် ပြည့်စုံသော ယောဂီသည် သုခဝေဒနာ ဒုက္ခဝေဒနာတို့၏ သမုဒယ အတ္ထင်္ဂမ အဿာဒ အာဒီနဝ နိဿရဏတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍လာပါ၏၊ သုခဝေဒနာ ဒုက္ခဝေဒနာတို့၏ သမုဒယစသည်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍လာသော ယောဂီအား ဥပေက္ခာဝေဒနာတွင် အဝိဇ္ဇာနုသယ မကိန်းအောင်းတော့ပါ၊ ကာမရာဂါနုသယ ပဋိဃာနုသယ အဝိဇ္ဇာနုသယ သုံးပါး မကိန်းသော ယောဂီသည် သုခဝေဒနာကို ခံစားသည်ရှိသော်ကိလေသာတို့နှင့် မယှဉ်သည်ဖြစ်၍ ခံစားပါတယ်၊ ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ကိလေသာတို့နှင့် မယှဉ်သည်ဖြစ်၍ ခံစားပါတယ်။ ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော် ကိလေသာတို့နှင့် မယှဉ်သည်ဖြစ်၍ ခံစားပါတယ်၊ ထိုအခါ အကြားအမြင်နှင့်ပြည့်စုံသော ယောဂီကို ဇာတိဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသမီးတို့ အလောင်မခံရသော ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်၊ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်နိုင်သော ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

အနာဂါမ်ဒါယကာ ဝိသာခါက ရဟန္တာဖြစ်သော ဓမ္မဒိန္နထေရီမအား ဝေဒနာသုံးပါးတို့၏ သုခ ဒုက္ခတို့ကို မေးသောအခါ ဓမ္မဒိန္နထေရီမက

ဒါယကာဝိသာခါ သုခဝေဒနာဆိုတာ တည်နေသောအခါ ချမ်းသာပါတယ်၊ ပျက်စီးကုန်ဆုံးသောအခါ ဆင်းရဲပါတယ်၊ ဒုက္ခဝေဒနာဆိုတာ တည်နေသောအခါ ဆင်းရဲပါတယ်၊ ပျက်စီးကုန်ဆုံးသောအခါ ချမ်းသာပါတယ်၊ ဥပေက္ခာဝေဒနာဆိုတာ သိသောအခါ ချမ်းသာပါတယ်၊ မသိသောအခါ ဆင်းရဲပါတယ်လို့ ဖြေဆိုပါတယ်။

သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ ဌိတိသုခါ ဝိပရိဏာမဒုက္ခာ၊ ဒုက္ခာ ဝေဒနာ ဌိတိဒုက္ခာ ဝိပရိဏာမသုခါ၊ အဒုက္ခမသုခါ ဝေဒနာ ဉာဏသုခါ အဉာဏဒုက္ခာတိ။ (စူဠဝေဒလ္လသုတ်)

ဝေဒနာသံယုတ် ဒဋ္ဌဗ္ဗသုတ်မှာ ရေးခဲ့ပြီးသော နည်းကိုကြည့်ရှု၍ ဒုက္ခ သလ္လ အနိစ္စလို့ ပွါးများကြည့်ရှုပါလေ။

ဝေဒနာငါးမျိုးကိုအကျယ်ပြခြင်း

ကတမာ စ ဘိက္ခဝေ ပဉ္စ ဝေဒနာ၊ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ၊ ဣမာ ဝုစ္စန္တိ ဘိက္ခဝေ ပဉ္စ ဝေဒနာ။

(သံယုတ်ပါဠိ)

ဝေဒနာတို့သည် သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ ငါးမျိုးရှိပါကုန်တယ်။

သုခဝေဒနာ

မေး။ ထိုဝေဒနာတို့တွင် သုခဝေဒနာ ဆိုသည်မှာ ဘယ်သဘောကို ဆိုပါသနည်း။

ဖြေ။ အလိုရှိအပ်သောအကြိမ်း အနု အတွေ့ ပထဝီဖောဋ္ဌဗ္ဗာရုံကိုဂင်း အပူ အအေး အတွေ့ တေဇောဖောဋ္ဌဗ္ဗာရုံကိုဂင်း ထောက်ပံ့ တွန်းကန် လှုပ်ရှားသော အတွေ့ ဝါယောဖောဋ္ဌဗ္ဗာရုံကိုဂင်း ခံစား စံစားတဲ့ သဘောကို သုခဝေဒနာလို့ ဆိုပါတယ်။

ထိုသုခဝေဒနာသည် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်တရားတို့ကို တိုးပွါး စည်းကားစေနိုင်သည်၊ ကိုယ်၌ဖြစ်သော ချိုမြိန်ကောင်းမြတ် သာယာအပ်သော ချမ်းသာကိုမှီ၍ ရှင်လန်းနှစ်သက် စိတ်အားတက်သော သဘော

တို့ကို ပေါ်လာစေနိုင်သည်၊ ကာယပဿာဒ ကာယဝတ္ထုလျှင် နီးစ့ဘာသော အကြောင်းရှိသည်။

မေး။ အဘယ့်ကြောင့် သုခဝေဒနာလို့ ခေါ်ပါသနည်း။

ဖြေ။ အလိုရှိအပ်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ခံစားတတ်သော ကြောင့် သုခဝေဒနာလို့ ခေါ်ပါတယ်။

မေး။ အဘယ်ကဲ့သို့ ခံစားတတ်ပါသနည်း။

ဖြေ။ ယခုကာလ လက်ထပ်ပြီးစ လူကလေး မိန်းကလေးတို့ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို အမှီပြု၍ တကိုယ်လုံး တုန်လှုပ် ချောက်ချား ပျံ့နှံ့ကာ စိုစ့တ်သွားစေလျက် ချိမြိန်ကောင်းမြတ် သာယာအပ်သော ကာမချမ်းသာကို ခံစားသကဲ့သို့ဌင်း ပူလောင်ပြင်းပြ အခံရခက်သောအခါ ယပ်လေ အတွေ့ဖြင့် ချိမြိန်ကောင်းမြတ် သာယာအပ်သော ကိုယ်ချမ်းသာကို ခံစားသကဲ့သို့ဌင်း "အဟော သုခံ အဟော သုခံ=အော် ချမ်းသာလေစ့ အော် ချမ်းသာလေစ့" ဟု နှုတ်မြွက်လျက်သာ သာမိသသုခဝေဒနာ= အလိုရှိအပ် နှစ်သက်အပ်သော ငါးဖြာအာရုံ ကာမဂုဏ်ကိုမှီ၍ သာယာမှု တဏှာနှင့် တက္ခ အလိုရှိအပ်သော အတွေ့ကို ခံစားမှု ဂေဟသိတ သုခ ဝေဒနာ ဖြစ်ပေါ်နေပါတယ်၊ ယခုအခါ ဝိပဿနာ ပွါးများအားထုတ်စဉ် ယောဂီတို့မှာ ရုပ်နာမ်ဓမ္မ အဖြစ်အပျက်အာရုံနှင့် အာရမ္မဏိက အာရုံပြု တတ်သော ဝိပဿနာဉာဏ်ပညာတို့ ထပ်မံဟပ်မိ၍ အလွန်ကောင်းနေတဲ့ အခါ သုံးနာရီလောက်ကြာအောင်ပင် မညောင်း မညာ မနာ မကျင်ပဲ ထိုင်၍ နေနိုင်ကြပါတယ်၊ ထိုအခါ နေကွမ္မသိတ ငါးဖြာအာရုံ ကာမဂုဏ် တို့မှ လွတ်ကင်းသော နေကွမ္မသိတ သုခဝေဒနာ ခံစားကာနေပါတယ်။

မေး။ ကာယိကသုခဝေဒနာသည် ဝတ္ထုခြောက်မျိုးတို့တွင် အဘယ် ဝတ္ထုကို မှီပါသနည်း။

ဖြေ။ ကာယပဿာဒ ကာယဝတ္ထုကို မှီပါသည်။

မေး။ ကာယိကသုခဝေဒနာသည် အာရုံခြောက်ပါးတို့တွင် အဘယ် အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ အလိုရှိအပ်တဲ့ ဣဋ္ဌဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

မေး။ သုခဝေဒနာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ သုခဝေဒနာသည် ဖဿနှင့် ကရဇကာယတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

ဒုက္ခဝေဒနာ

မေး။ ဒုက္ခဝေဒနာဆိုသည်မှာ အဘယ်သဘောကို ဆိုပါသနည်း။

ဖြေ။ အလိုမရှိအပ် မနှစ်သက်အပ်သော အကြမ်း အနု အတွေ့ပထဝီဖောဋ္ဌဗ္ဗာရုံကိုဂင်း အပူ အအေး အတွေ့ တေဇောဖောဋ္ဌဗ္ဗာရုံကိုဂင်း ထောက်ပံ့ တွန်းကန် လှုပ်ရှားသော အတွေ့ ဝါယောဖောဋ္ဌဗ္ဗာရုံကိုဂင်း ခံစား စံစားတဲ့သဘောကို ဒုက္ခဝေဒနာလို့ ဆိုပါတယ်။

ထို ဒုက္ခဝေဒနာသည် ယှဉ်ဖော်ယှဉ်ဖက် သမ္မယုတ်တရားတို့ကို မျှားစွာ မရှင်မလန်း ညှိုးနွမ်းစေသည်၊ ကိုယ်၌ဖြစ်သော ကိုက်ခဲကျင်နာ ဆင်းရဲခြင်းကိုယ်ကိုမှီ၍ မရှင်မလန်း စိတ်ညှိုးနွမ်းခြင်းကို ပေါ်လွင်ထင်ရှားစေသည်၊ ကာယပသာဒ ကာယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိသည်။

မေး။ အဘယ့်ကြောင့် ဒုက္ခဝေဒနာလို့ ခေါ်ပါသနည်း။

ဖြေ။ အလိုမရှိအပ် မနှစ်သက်အပ်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံကို ခံစားတတ်သောကြောင့် ဒုက္ခဝေဒနာလို့ ခေါ်ပါသည်။

မေး။ အဘယ်ကဲ့သို့ ခံစားတတ်ပါသနည်း။

ဖြေ။ ယခုအခါ လူကလေး မိန်းကလေးတို့ စိတ်အလိုရှိတိုင်း အာရုံငါးပါး ကာမဂုဏ်တရားတို့ကို မရသောကြောင့် ထားနှင့်ထိုး သေနတ်နှင့်ပစ် အဆိပ်သောက်သော အခါတို့မှာ တကိုယ်လုံး တုန်လှုပ်ချောက်ချားပုံနှံ့ကာ စိုစွတ်သွားစေလျက် သံရေပူ ကြေးရေပူတို့ဖြင့် သွန်းလောင်းဘိသကဲ့သို့ "အဟော ဒုက္ခံ အဟော ဒုက္ခံ=အော် အမယ်လေး ဆင်းရဲလှချည့် ပင်ပန်းလှချည့်"ဟု အော်ဟစ်လျက်သာ သာမိသဒုက္ခဝေဒနာ=အလိုရှိအပ် နှစ်သက်အပ်သော ငါးဖြာအာရုံ ကာမဂုဏ်ကိုမှီ၍ သာယာမှု တဏှာနှင့်တကွ အလိုမရှိအပ်သော အတွေ့ကို ခံစားမှု ဒုက္ခဝေဒနာ ဖြစ်ပေါ်နေပါတယ်။

တိသမထေရ်ကြီးသည် ကြီးစွာသော ကျောက်ခဲကြီးကိုယူ၍ ပေါင်ရိုးကိုချိုးကာ ခိုးသားငါးရာတို့အား သက်သေခံပြသော အခါကဲ့သို့ဌင်း ကမ္မဋ္ဌာန်း စီးဖြန်းပွါးများ အားထုတ်သော ရဟန်းတပါးကို ခြေမမှစ၍ ကျား ကိုက်ဝါး စားသောက်သော အခါကဲ့သို့ဌင်း တကိုယ်လုံး တုန်လှုပ် ချောက်ချား ပုံနှံ့ကာ စိုစွတ်သွားစေလျက် နိရာမိသဒုက္ခဝေဒနာ=ငါးဖြာ အာရုံ ကာမဂုဏ်တို့ကို သာယာမှုတဏှာမှ လွတ်ကင်းသော အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို ခံစားတဲ့ ကိုက်ခဲကျင်နာမှု ဒုက္ခဝေဒနာ ဖြစ်ပေါ်ကာ နေပါတယ်။

မေး။ ဒုက္ခဝေဒနာသည် ဝတ္ထုခြောက်မျိုးတို့တွင် အဘယ်ဝတ္ထုကို မှီပါသနည်း။

ဖြေ။ ကာယပသာဒ ကာယဝတ္ထုကို မှီပါသည်။

မေး။ ဒုက္ခဝေဒနာသည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ အလိုမရှိအပ်တဲ့ အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုပါသည်။

မေး။ ဒုက္ခဝေဒနာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ဒုက္ခဝေဒနာသည် ဖဿနှင့် ကရဇကာယတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

မေး။ သောမနဿဝေဒနာဆိုသည်မှာ အဘယ်သဘောကို ဆိုပါသနည်း။

ဖြေ။ အလိုရှိအပ် နှစ်သက်အပ်သော ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ကို ခံစားစံစားတဲ့သဘောကို သောမနဿဝေဒနာလို့ ဆိုပါသည်။

ထို သောမနဿဝေဒနာသည် ဟုတ်ဟုတ်ငြားငြား အမှတ်တမဲ့အားဖြင့် အလိုရှိအပ်သော အခြင်းအရာ၏အစွမ်းဖြင့် အာရုံ၏အရသာကို သုံးဆောင်ခံစားတတ်ပါသည်၊ စက္ခုမျက်စိအစရှိသော အကြည်ခြောက်ပါး တံခါးခြောက်ဝတို့မှာ အလိုရှိအပ် နှစ်သက်အပ်သော အာရုံခြောက်ပါးတို့ကို မြင်သောအခါ ကြားသောအခါ အနံ့နံသောအခါ စားသောအခါ တွေ့ထိ

သောအခါ ကြံသိသောအခါတို့၌ စိတ်နှလုံးတရှင်ရှင် ကြည်လင် ဝမ်းမြောက်ခြင်းကို ထင်ရှားစွာ ပေါ်လာစေနိုင်ပါသည်၊ ကိုယ်စိတ်နှစ်ဖြာငြိမ်းအေးစွာဖြစ်ခြင်းလျှင် နီးစွာသော အကြောင်းရှိပါသည်။

သောမနဿဝေဒနာ

မေး။ အဘယ့်ကြောင့် သောမနဿဝေဒနာလို ခေါ်ဆိုပါသနည်း။

ဖြေ။ မျက်စိအကြည် အစရှိသော တံခါးခြောက်ဝတို့မှာ ထင်လာသော အလိုရှိအပ်သော အာရုံခြောက်ပါးတို့ကို ခံစားတတ်သောကြောင့် သောမနဿဝေဒနာလို ခေါ်ပါတယ်။

မေး။ အဘယ်ကဲ့သို့ ခံစားတတ်ပါသနည်း။

ဖြေ။ ရုပ်ရှင်ကြည့်၍နေသောအခါ မိန်းမယောကျ်ားတို့ မြင်ချင်ကြားချင်သော အဆင်းအသံစသည်တို့ကို ရှုကြည့်၍နေရသော မိန်းမယောကျ်ားတို့အား တဟားဟားတရှင်ရှင် ကြည်လင်ဝမ်းမြောက်၍ ရယ်မောကြသောအခါမှာငင်း အိမ်သို့ပြန်ရောက်သောအခါ မြင်ခဲ့ကြားခဲ့သော အဆင်းအသံစသည်တို့ကို မှတ်မိ၍ နှုတ်, ပစပ်ဖြင့်ပြော၍ မဆုံးနိုင်အောင် ရယ်မောကြသောအခါမှာငင်း ဂေဟသိတသောမနဿဝေဒနာ= သာယာနှစ်သက်မှု တဏှာနှင့်တကွ အလိုရှိအပ်သော ဣဋ္ဌာရုံခြောက်ပါးတို့ကို ခံစားမှု သောမနဿဝေဒနာ ဖြစ်ပေါ်ကာနေပါတယ်၊ သိန်းထီပေါက်၍ ဝမ်းမြောက်သောအခါကဲ့သို့ မှတ်လေ။

မျက်စိအစရှိသော အကြည်ခြောက်ပါး တံခါးခြောက်ဝတွင် ထင်လာပေါ်လာသော ဣဋ္ဌ အလိုရှိအပ်နှစ်သက်အပ်သော အာရုံခြောက်ပါးတို့ကို အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတို့၏ အစွမ်းဖြင့် ဝိပဿနာကို ဖြစ်စေ၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို ဖြစ်စေနိုင်သော ယောဂီအား "ငါ၏ ဝိပဿနာသည် မဂ်ဖိုလ်သို့ရောက်ပြီ" ဟု ဝမ်းမြောက်ရှင်လန်းသောအခါ နေကွမ်မသိတသောမနဿဝေဒနာ=သာယာနှစ်သက်မှု တဏှာမှ လွတ်ကင်းသော အလိုရှိအပ်သော အာရုံခြောက်ပါးတို့ကို ခံစားမှု သောမနဿဝေဒနာ ဖြစ်ပေါ်လာပါတယ်။

ယစ်သောအခြင်းအရာ မေ့လျော့သောအခြင်းအရာသို့ ရောက်စေတတ်သော ပပဉ္စတရားသုံးပါးတို့နှင့် ယှဉ်သောသညာအစု၏ အကြောင်း

ဖြစ်သော ဝိတက်၏ချုပ်ရာ နိဗ္ဗာန်အား လျော် နိဗ္ဗာန်သို့ ရောက်စေတတ်သော ပပဉ္စသညာသင်္ခါနိရောဓသာရုပ္ပဂါမိနိပဋိပဒါအကျင့်ကို ကြားနာရ၍ သောတာပန်ဖြစ်သွားသော မာဃမည်သောသိကြား၏ ရှင်လန်း ဝမ်းမြောက်ခြင်းကဲ့သို့ မှတ်ရာသည်။

မဟာသံဃရက္ခိတထေရ်က ငါ့ရှင် ငါသည် အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးအံ့လို့ အောက်မေ့၍ ဝိပဿနာကို အားမထုတ်ပါ၊ အကယ်၍ ရဟန္တာ ပရိနိဗ္ဗာန်စံပြီဟု ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့မှ တဆဲ့နှစ်ယူဇနာရှိသောလူတို့ စည်းဝေးလာကုန်မူ ငါ့ကိုထိုင်စေ၍ အခွင့်ပြုပါ၊ အလုပ်အကျွေးရဟန်းသည် မဟာသံဃရက္ခိတထေရ်ကို ထိုင်စေ၍ ပြင်ဖက်သို့ ထွက်ကာသွားပါတယ်။ မဟာသံဃရက္ခိတထေရ်သည် အလုပ်အကျွေးရဟန်း ထွက်သွားသည်ခဏမျှာပင် ရဟန္တာဖြစ်၍ သွားပါတယ်၊ ထိုအခါ ဝမ်းမြောက်ဝမ်းသာလက်ဖျောက်တီး၍ တပည့်အား ရဟန္တာဖြစ်ကြောင်း သိစေပါတယ်။

ဤပုံ မဟာသံဃရက္ခိတထေရ်အား နိရာမိသသောမနဿဝေဒနာ = သာယာနှစ်သက်မှုတဏှာမှလွတ်ကင်းသော ဝမ်းမြောက်ကြည်လင် စိတ်ရှင်မှုသောမနဿဝေဒနာ ဖြစ်ပေါ်ကာနေသကဲ့သို့ မှတ်ရာသည်။

မေး။ သောမနဿဝေဒနာသည် ဝတ္ထုခြောက်မျိုးတို့တွင် အဘယ်ဝတ္ထုကို မှီပါသနည်း။

ဖြေ။ ဟဒယဝတ္ထုကို မှီ၍ဖြစ်ပါသည်။

မေး။ သောမနဿဝေဒနာသည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ သောမနဿဝေဒနာသည် အလိုရှိအပ်သော ရူပါရုံအစရှိသော ခြောက်ပါးသောအာရုံတို့ကို အာရုံပြု၍ ဖြစ်နိုင်ပါသည်။

မေး။ သောမနဿဝေဒနာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ သောမနဿဝေဒနာသည် ဖဿနှင့် ကရဇကာယတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

ဒေါမနဿဝေဒနာ

မေး။ ဒေါမနဿဝေဒနာဆိုသည်မှာ အဘယ်သဘောကို ဆိုပါသနည်း။

ဖြေ။ အလိုမရှိအပ်မနှစ်သက်အပ်သော အာရုံခြောက်ပါးတို့ကို ခံစားတဲ့သဘောကို ဆိုပါတယ်။

ထို ဒေါမနဿဝေဒနာသည် ဟုတ်ဟုတ်ငြားငြား အမှတ်တမဲ့အားဖြင့် အလိုမရှိအပ်သော အခြင်းအရာ၏အစွမ်းဖြင့် အာရုံ၏အရသာကို သုံးဆောင်ခံစားတတ်ပါသည်၊ စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းစွာ ကျင်နာသောအခြင်းအရာတို့ကို ပေါ်လာစေနိုင်သည်၊ စင်စစ်အားဖြင့် ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိသည်။

မေး။ အဘယ့်ကြောင့် ဒေါမနဿဝေဒနာလို့ ဆိုပါသနည်း။

ဖြေ။ မျက်စိအကြည်အစရှိသော အကြည်ခြောက်ပါး တံခါးခြောက်ဝတို့မှာ ထင်လာတိုက်လာတဲ့ အလိုမရှိအပ်သော အာရုံခြောက်ပါးတို့ကို ခံစားတတ်သောကြောင့် ဒေါမနဿဝေဒနာလို့ ဆိုပါတယ်။

မေး။ အဘယ်ကဲ့သို့ ခံစားတတ်ပါသနည်း။

ဖြေ။ ပြည့်စုံကြွယ်ဝသော သူဌေးကြီးကဲ့သို့ဎင်း ပြည့်စုံကြွယ်ဝသော အစိုးရမင်းတို့ကဲ့သို့ဎင်း သုံးထပ်တိုက်ကြီးနှင့်လည်းမနေရ သုံးသောင်းတန် မော်တော်ကားကြီးကိုလဲ မစီးရ စိန်ရွှေလက်ကောက် စသည်တို့ကိုလဲ မဆင်မြန်းရ စသည်ဖြင့် ကြံစည်တွေးတောသောသူအားဎင်း ဆွမျိုးပျက်စီးခြင်း စည်းစိမ်ပျက်စီးခြင်း အနာရောဂါနှိပ်စက်ခြင်း သီလပျက်စီးခြင်း အယူပျက်စီးခြင်းတို့ကြောင့် အလိုမရှိအပ် မနှစ်သက်အပ်သော အာရုံခြောက်ပါးတို့ကို တွေ့ကြုံခံစားရသောသူအားဎင်း ဂေဟသိတ-ဒေါမနဿဝေဒနာ=သာယာနှစ်သက်မှု တဏှာနှင့်တကွ အလိုမရှိအပ်သော အနိဋ္ဌာရုံ ခြောက်ပါးတို့ကို စိတ်နှလုံးမသက်သာ ပြင်းစွာဆင်းရဲပင်ပန်းလျက် ခံစားမှုဒေါမနဿဝေဒနာ ဖြစ်ပေါ်ကာနေပါတယ်။

စာရေးသူကိုယ်တိုင် အလိုမရှိအပ်သော အကြောင်းနှင့်တွေ့ဆုံ၍ တည်လုံးလုံးအိပ်၍မပျော်ပဲ စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းစွာ ဒေါမနဿ

ဝေဒနာကို ခံစားဘူးလေသည်၊ လောကမှာ စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းရှာ၍ ငိုကြွေးခြသေသွားသူများလည်း ရှိသည်။

အလမ္ဗုသာနုတ်သမီး ဖျက်ဆီးခံရသော ဣသိ သိဂ်ရသေ့သည် သီလပျက်သောကြောင့် တောခြုံပိတ်ပေါင်းတို့ဖြင့် ခြုံရုံကာနေသော သခ်ိမ်းကျောင်းကိုကြည့်၍ စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းစွာ ငိုကြွေးရှာလေသည်။

မျက်စိအကြည်အစရှိသော အကြည်ခြောက်ပါး တံခါးခြောက်ဝတ္ထင် ပေါ်လာထင်လာသော အာရုံဟူသမျှတို့ကို မဂ်ဖိုလ်နိဗ္ဗာန်တို့ကို လိုချင်တောင့်တ၍ ဝိပဿနာသုံးပါးတို့ကို အားထုတ်ပါသော်လဲ တလှန့်လည်း မဂ်ဖိုလ်နိဗ္ဗာန်မရ တနှစ် နှစ်နှစ်နှင့်လည်းမရ၍ ငါတော့ မဂ်ဖိုလ်နိဗ္ဗာန်ရတော့မှာ မဟုတ်ပါလို့ စိုးရိမ်ကြောင့်ကြသော ယောဂီရဟန်းအား နေကွမ္မသိတဒေါမနဿဝေဒနာ=သာယဝနှစ်သက်မှု တဏှာမှလွတ်ကင်းသော စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းစွာသော ဒေါမနဿဝေဒနာ ခံစားကာနေလေသည်။

ငါလိုပုဂ္ဂိုလ် ခဏမကြာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရမှာပဲဟု အာရုံပြု၍ တရားအားထုတ်ကြသော မဟာသိဝမထေရ်နှင့် အရှင်ဖုဿရေဝမထေရ်တို့တွင် မဟာသိဝမထေရ်ကား အနှစ်သုံးဆယ်ကြာမှ တရားထူးကို ရလေသည်၊ ဖုဿရေဝမထေရ်ကား အနှစ်နှစ်ဆယ်ကြာမှ တရားထူးကို ရလေသည်။ အရှင်ကိုယ်တော်မြတ် နှစ်ပါးတို့အား အနှစ်သုံးဆယ် အနှစ် နှစ်ဆယ်အတွင်း သီတင်းကျွတ်လပြည့် ပဝါရဏာနေ့တိုင်း ဝိသုဒ္ဓိပဝါရဏာမပြုရသောကြောင့် စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းရှာ၍ ငိုကြွေးရသကဲ့သို့ မှတ်လေ။

မေး။ ဒေါမနဿဝေဒနာသည် ဝတ္ထုခြောက်ပါးတို့တွင် အဘယ်ဝတ္ထုကို မှီပါသနည်း။

ဖြေ။ ဟဒယဝတ္ထုကို မှီပါသည်။

မေး။ ဒေါမနဿဝေဒနာသည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့ကို အာရုံပြုပါသည်။

မေး။ ဒေါမနဿဝေဒနာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ဖဿနှင့် ကရဇကာယတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

ဥပေက္ခာဝေဒနာ

မေး။ ဥပေက္ခာဝေဒနာဆိုသည်မှာ အဘယ်သဘောမျိုးကို ခေါ်ဆိုပါသနည်း။

ဖြေ။ အလိုရှိအပ်သော ကုဋ္ဌာရုံ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့၏ အလယ်၌ တည်သောသဘောရှိသော မဇ္ဈတ္တာရုံတို့ကို ခံစားတဲ့ သဘောကို ဥပေက္ခာဝေဒနာလို့ ခေါ်ဆိုပါသည်။

ထိုအသင့်အားဖြင့် ရှုကြည့်တတ်သောဥပေက္ခာဝေဒနာသည် ယှဉ်ဖော်ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို မတိုးပွါးစေခြင်း မညှိုးနွမ်းစေခြင်းကို ပြုလုပ်တတ်ပါတယ်၊ ကိုယ်စိတ်တို့၏ ငြိမ်းအေးသောအဖြစ်ကို ပေါ်လွင်ထင်ရှားစေသည်၊ နှစ်သက်ခြင်း ပီတိကင်းသောစိတ်လျှင် နီးစပ်သော အကြောင်းရှိသည်။

အမှာစကား

ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာကိုကား သုခဝေဒနာ ဒုက္ခဝေဒနာတို့ကဲ့သို့ မထင်ရှားသောကြောင့် နည်းအားဖြင့် ဆောင်၍ သိရပါတယ်။

မေး။ အဘယ်ကဲ့သို့ သိအပ်ပါသနည်း။

ဖြေ။ မုဆိုးသည် ကျောက်ဖြာအပြင်သို့ တက်ပြေးသော သမင်၏ ဒီဖက်ဟိုဖက် ခြေရာကို တွေ့မြင်သဖြင့် ကျောက်ဖြာအပြင်အလယ်မှာ ခြေရာချသွားသည်ကို သိရသကဲ့သို့ ထို့အတူ ချို့မြိန်ကောင်းမြတ်သာယာအပ်သော သဘောမှလဲကင်းကွာ မချို့မြိန်မကောင်းမြတ် မသာယာအပ်သော သဘောမှလဲကင်းကွာ၍ အလယ်၌တည်သော သဘောရှိသော မဇ္ဈတ္တာရုံတို့ကို ခံစားသောအခါ ဥပေက္ခာဝေဒနာကို ထင်ရှားစွာ သိရပါတယ်။

မေး။ အဘယ်ကြောင့် ဥပေက္ခာဝေဒနာလို့ ဆိုပါသနည်း။

ဖြေ။ သာတ=ချိုမြိန် ကောင်းမြတ်သော သဘော အသာတ=မချိုမြိန် မကောင်းမြတ်သော သဘောတို့မှကင်း၍ အလယ်၌တည်သော သဘောရှိသော အာရုံတို့ကို ခံစားတတ်သောကြောင့် ဥပေက္ခာဝေဒနာလို့ ဆိုပါတယ်။

မေး။ အဘယ်ကဲ့သို့ ခံစားတတ်ပါသနည်း။

ဖြေ။ မျက်စိဖြင့် အဆင်းရူပါရုံကို ရှုကြည့်သောပုထုဇဉ်အား သာယာအပ် အလိုရှိအပ်တဲ့ဖက်သို့လဲမလဲ မသာယာအပ် အလိုမရှိအပ်တဲ့ဖက်သို့လဲမလဲ အလယ်တည့်တည့် အဆင်းရူပါရုံကိုကြည့်ရှုသောအခါ အသင့်အားဖြင့် ကြည့်ရှုသော ဥပေက္ခာဝေဒနာဖြစ်ကာနေပါတယ်။

ဥပမာ တင်လဲခဲ့၌နားသော ယင်ကောင်သည် တင်လဲခဲမှာ ကပ်ငြိကာနေသကဲ့သို့ အဆင်းရူပါရုံကို မလွန်နိုင်ပဲ ကပ်ငြိကာနေသော ဂေဟသိတ ဥပေက္ခာဝေဒနာဖြစ်ပေါ် ခံစားကာ နေပါတယ်။

ကျောင်းသားပဲ့တော်သို့ သွားကြည့်ကြသော လူအပေါင်းတို့အား အဆင်းရူပါရုံတို့ကို မလွန်နိုင်ပဲ ကပ်ငြိလျက်သာ အလိုရှိအပ်သောဖက်သို့လဲမလဲ အလိုမရှိအပ်သောဖက်သို့လဲမလဲ အလယ်တည့်တည့် ရူပါရုံတို့ကိုသာ ဂေဟသိတဥပေက္ခာဝေဒနာခံစားပုံကဲ့သို့ မှတ်လေ၊ သဒ္ဒါရုံစသော အာရုံငါးပါးတို့၌လည်း ထို့အတူသိပါလေ။

မျက်စိဖြင့်ကဋ္ဌ အနိဋ္ဌ မဇ္ဈတ္တ =အလိုရှိအပ်, အလိုမရှိအပ်,အလိုရှိအပ်သည်လည်း မဟုတ် အလိုမရှိအပ်သည်လည်းမဟုတ်သော အဆင်းရူပါရုံတို့ကို သာယာနှစ်သက်ခြင်းမရှိ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ သုံးပါးတို့ဖြင့် အပြစ်အာဒီနဝတို့ကို ရှုကြည့်သောပညာရှိသော ယောဂီအား နေကွမ်မသိတဥပေက္ခာဝေဒနာ=သာယာမှု တဏှာမှ လွတ်ကင်းသော အသင့်အားဖြင့်ရှုကြည့်သော ဥပေက္ခာဝေဒနာခံစားကာ နေပါတယ်။

ယခုအခါ ဝိပဿကယောဂီတို့အိပ်တော့အံ့ဟု အိပ်လိုက်သောအခါတွင် ပေါ်လျက်သာရှိသော ဝိပဿနာအာရုံအဖြစ်အပျက်တို့ကို သာယာနှစ်သက်သည်လည်းမဟုတ် မသာယာမနှစ်သက်သည်လည်းမဟုတ် အလည်

တည့်တည့် သဘောကိုခံစားကာ နေကွမ္မသိတ ဥပေက္ခာဝေဒနာ ဖြစ်ကာ နေသကဲ့သို့မှတ်လေ။

မေး။ ဥပေက္ခာဝေဒနာသည် အဘယ်ဝတ္ထုကိုမှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ကာယပသာဒအကြည်စသော ငါးပါးသော ဝတ္ထုတို့ကိုမှီ၍ ဖြစ်ပါသည်။

မေး။ ဥပေက္ခာဝေဒနာသည် ခြောက်ပါးသောအာရုံတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ ရူပါရုံအစရှိသော ခြောက်ပါးသောအာရုံတို့ကို အာရုံပြု၍ ဖြစ်နိုင်ပါသည်။

မေး။ ဥပေက္ခာဝေဒနာသည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ဥပေက္ခာဝေဒနာသည် ဖဿနှင့် ကရဇကာယတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

ဝေဒနာငါးမျိုးကိုဘာဝနာပွါးပုံ

ပွါးများပုံမှာ ဝေဒနာငါးပါးတို့တွင် သုခဝေဒနာ အလိုရှိအပ်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံကိုခံစားခိုက် ကိုယ်ချမ်းသာခိုက် တပါးသောဝေဒနာ မပေါ်လာနိုင်ပါ၊ ဒုက္ခဝေဒနာ အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားခိုက် ကိုယ်ဆင်းရဲပင်ပန်းခိုက် တပါးသောဝေဒနာ မပေါ်လာနိုင်ပါ၊ သောမနဿဝေဒနာ အလိုရှိအပ်သော အာရုံတို့ကို ခံစားခိုက် စိတ်နှလုံးတရှင်ရှင် ကြည်လင်ဝမ်းမြောက်ခိုက် တပါးသောဝေဒနာ မပေါ်လာနိုင်ပါ၊ ဒေါမနဿဝေဒနာ အလိုမရှိအပ်သော အာရုံတို့ကို ခံစားခိုက် စိတ်နှလုံးမသက်သာ ဆင်းရဲပင်ပန်းစွာဖြစ်ခိုက် တပါးသောဝေဒနာ မပေါ်လာနိုင်ပါ၊ ဥပေက္ခာဝေဒနာ အလည်၌တည်သောသဘောရှိသော မဇ္ဈတ္တာရုံကို ခံစားခိုက် တပါးသောဝေဒနာ မပေါ်လာနိုင်ပါ၊ ထို့ကြောင့် ဝေဒနာတို့ကို အနိစ္စမျိုးလို့မှတ်ထားပါ၊ ဥပမာ ဆောင်းဥတုအခါ အေးလွန်းချမ်းလွန်း၍ ကိုယ်မှာကျင်နာဆင်းရဲလှသောကြောင့် မီးထ၍ လှုံပါတယ်၊ ထိုအခါ အပူရှိန်ကို တွေ့ရ၍ ကိုယ်ကြည်လင်အေးမြချမ်းသာသုခ ကိုယ်ကောင်း ကိုယ်ချမ်းသာနေပါတယ်၊ ထိုအခါ အသုတဝါ အကြားအမြင်

မရှိသော ပုထုဇဉ်ကား "ငါချမ်းသာသည် ငါကောင်းသည် ငါချမ်းသာကို ခံစားသည်"ဟု သက္ကာယဒိဋ္ဌိစွဲနှင့် စွဲလမ်း၍နေရာပါတယ်။

သုတဝါ အကြားအမြင်ရှိသော ကလျာဏပုထုဇဉ်ကား ချိုမြိန်ကောင်းမြတ်သာယာအပ်သော ကိုယ်ချမ်းသာ သုခဝေဒနာသည် ကာယဝတ္ထုမှီ၍ အပူရှိန် အတွေ့ဖောင္ဆဗ္ဗာရုံကို ခံစားကာနေသည်၊ ငါခံစားကာနေသည်မဟုတ်လို့ သုခဝေဒနာကို ပိုင်းခြား၍ သိရုပါတယ်။ ဤကား ဝေဒနာကို ပိုင်းခြား၍သိပုံတည်း၊ ဒုက္ခသစ္စာကိုပိုင်းခြား၍သိပုံတည်း။

ချိုမြိန်ကောင်းမြတ်သာယာအပ်သော ကိုယ်ချမ်းသာကား အပူရှိန် အတွေ့ ဖောင္ဆဗ္ဗာရုံနှင့် အာရုံပြုတတ်သော ဝိညာဉ်ကို တွေ့ထိမှု ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည်၊ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ဤကား သုခဝေဒနာ၏အကြောင်းကို ပိုင်းခြား၍ သိပုံတည်း၊ သမုဒယသစ္စာကို ပိုင်းခြား၍သိပုံတည်း။

ဒီသုခဝေဒနာသည် နိစ္စမြဲသလော အနိစ္စမမြဲသလောလို့ ကြံစည်သော အခါ မီးအပူရှိန်ဖောင္ဆဗ္ဗာရုံနှင့် ကင်းကွာခဲ့သော် အေးလာ ချမ်းလာသော ကိုယ်ဆင်းရဲကို တွေ့ရသောကြောင့် မီးကိုအမှီပြု၍ဖြစ်တဲ့ ကိုယ်ချမ်းသာမှုကို အနိစ္စမမြဲလို့ သိရပါတယ်။

ရင်ကျပ်ချောင်းဆိုး၍ အိပ်မရနိုင်အောင် ကိုယ်ဆင်းရဲဒုက္ခရောက်နေရာဆေးဝါးကောင်း စားရ၍ ကိုယ်ရဲဆင်းရဲဒုက္ခ ပျောက်ငြိမ်းသွားခဲ့သော် ကိုယ်ရဲချမ်းသာမှုဝေဒနာဖြစ်ပေါ်လာတယ်၊ အစားမရှောင် မသင့်မတင့်သောအစာကို စားမိခြင်း မသင့်မတင့်သော အလွန်ပူ အလွန်အေးသော ဥတုဥ် နေမိထိုင်မိ သွားမိလာမိပြန်သောကြောင့် ရင်ကျပ်ချောင်းဆိုးမြဲချောင်းဆိုးလာ၍ ကိုယ် နေမကောင်းထိုင်မသာ ဆင်းရဲဒုက္ခပေါ်လာပြန်တယ်၊ ထို့ကြောင့် သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့ကို မမြဲသောအနိစ္စမျိုးလို့ သိရုပါတယ်၊ မသေမပျောက် မပျက်စီးပဲ အမြဲတည်နေသော နိစ္စမျိုး မဟုတ်လို့ သိရသတည်း။

မီးခြစ်ပုံးကို မီးခြစ်ဆံဖြင့် ခြစ်မိသောအခါ မီးပွင့်လာသကဲ့သို့ အလိုရှိအပ်သော ဣဋ္ဌ ဖောင္ဆဗ္ဗာရုံနှင့် တွေ့ထိသောအခါ သုခဝေဒနာ, အလို

မရှိအပ်သော အနိဋ္ဌဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိသောအခါ ဒုက္ခဝေဒနာပေါ်လာ၍ အမြဲရှိနေသော တရားမျိုးမဟုတ်၊ အာဂန္တုကအကြောင်းတိုက်ဆိုင်မှ ပေါ်လာသော ဥေ့သည်တရားမျိုးဖြစ်သတည်း။

ဝေဒနာတရားမျိုးမှန်က ဖြစ်ချည်ပျက်ချည် အတည်မကျ အနှိပ်စက်ခံရသောကြောင့် သုခ အမြဲတည်နေနိုင်တဲ့ ချမ်းသာသုခမျိုးမဟုတ်၊ ဆင်းရဲပင်ပန်းတဲ့ ဒုက္ခမျိုးဖြစ်သတည်း။

တစုံတယောက်သောသူက "ခံစားမှုဝေဒနာကား ငါ၏ မအိုမသေ အမြဲတည်နေနိုင်သော အတ္တ ငါတည်း"ဟု စွဲယူ၍ ပြောဆိုလာအံ့၊ ထိုအခါ ဝေဒနာငါးပါးတို့သည် ဖြစ်ပေါ်လာပြီး ပျောက်ကွယ် ပျက်စီးရသော တရားမျိုးဖြစ်သောကြောင့် သုခဝေဒနာကို အတ္တငါလို့ စွဲလျှင် သုခဝေဒနာ ချုပ်ကွယ်သေဆုံးက အတ္တငါလည်း ချုပ်ကွယ်သေဆုံးရာသောကြောင့် မင်းအယူ မဟုတ်ဘူးလို့ ပယ်ရာ၏၊ ကြင်းသောဝေဒနာတို့ကို စွဲလျှင်လည်း ဤအတိုင်းပယ်ရာ၏။ ဝေဒနာမျိုးမှန်က ကိုက်ခဲကျင်နာသောကြောင့်ရင်း တောင့်တ၍ မရသောကြောင့်ရင်း ဖြစ်ပျက်ကျင်နာအနှစ်မပါသောကြောင့်ရင်း မအိုမသေ အမြဲတည်နေနိုင်သော အတ္တငါမျိုးမဟုတ်၊ အနတ္တမျိုးသာဖြစ်သတည်း၊ ပွါးသောအခါ ထင်ရှားလှသောကြောင့် ဒုက္ခဝေဒနာကို အစစ္စာပြဆိုအံ့။

ဒုက္ခဝေဒနာပွါးပုံ

အပက အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါလဲရှိသည်၊ ကိုယ်အတွင်းတွင် ဓာတ်ဖောက်ပြန်၍ အလိုမရှိအပ်သော ပထဝီ-ဖောဋ္ဌဗ္ဗ ကြမ်းတမ်းသောအတွေ့နှင့် တွေ့သောအခါလဲရှိသည်၊ တကိုယ်လုံး ပူလောင်သော တေဇောဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါလဲ ရှိသည်။ လေထိုးလေအောင့် တွန်းကန်သော ဝါယောဖောဋ္ဌဗ္ဗာရုံနှင့် တွေ့သောအခါလဲရှိသည်။ ရင်ကျပ် ချောင်းဆိုး ခေါင်းကိုက်၍ ကိုယ်ဆင်းရဲမခံသာဖြစ်၍နေသောအခါ ခေါင်းကိုက်သောနေရာမှာ ကာယဝတ္ထုကိုယ်အကြည်ကိုမှီ၍ အလိုမရှိအပ်သော တေဇော ဝါယော ဖောဋ္ဌဗ္ဗာရုံကိုခံစားသော ဒုက္ခဝေဒနာ ဖြစ်ကာနေသည်။

ထိုဒုက္ခဝေဒနာသည် ကိုယ်အကြည်ကို မှီ၍ အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားကာနေသည်၊ ငါဆင်းရဲပင်ပန်းသည်မဟုတ်၊ အလို မရှိအပ်သော အာရုံသို့ ညွှတ်တင် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံနှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြားကာသိသော နာမပရိစ္ဆေဒဉာဏ်ဖြစ်ကာလာသည်။ ၎င်းဉာဏ်ဖြင့် အတ္တဒိဋ္ဌိ ကွာကာသွားပါတယ်။

ထိုမှနောက်ကာလ ဒီဒုက္ခဝေဒနာသည် တွေ့ထိမှု ဖဿကြောင့် ဖြစ်ပေါ်လာသည်၊ သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းနှင့် အကျိုးတရား နှစ်ပါးသာရှိသည်၊ ငါမရှိဟုနှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သည်ရှိသော် အကြောင်းမှန်ကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အဟေတုက-ဒိဋ္ဌိ=အကြောင်းမရှိပဲ ဖြစ်ပေါ်လာသည်ဟု ယူသော မိစ္ဆာအယူကိုဌင်း ဝိသမဟေတုကဒိဋ္ဌိ = ထာဝရဘုရား နတ် သိကြားတို့ ဖန်ဆင်းကာထားသည်ဟုယူသော မဟုတ်မမှန်သော အယူကိုဌင်း ပယ်ကာသွားပါတယ်။

အဒွါနပရိဂ္ဂဟအနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ခေါင်းကိုက်၍ ကိုယ်ဆင်းရဲသော နေရာသို့ ဘာဝနာမယဉာဏ်ကို စေလွှတ်ကာ ဒုက္ခဝေဒနာ၏ ဖြစ်ပေါ်လာရာ ကာယဝတ္ထုနှင့် အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို သိမ်းဆည်း၍ အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံ၏ အရသာကို ခံစားသော ဒုက္ခဝေဒနာကား အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စလို့ အကြိမ်ကြိမ်ပွါးများ အားထုတ်ရာ၏။

ဘာဝနာမယဉာဏ် ထက်သန်အားရှိ၍ လာခဲ့သည်ရှိသော် ပြတည်းပေါက် နံရံပေါက်တို့မှ ဝင်လာသော မြူမှုန့်ကလေးများ သွားလာပျောက်သွားသည်ကို မြင်တွေ့ရသကဲ့သို့ ခံစားမှု ဝေဒနာသဘောကလေးများ အမှုန့်မှုန့်ကြည်က်၍ ပျောက်ကွယ်သွားတာ ဘာဝနာမယဉာဏ်တွင် ထင်ပေါ်လာမည်၊ ဒီပုံ ထင်လာသည်ရှိသော် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမဆိုတဲ့ အယူများတွေ ပျောက်ကွယ်သွားမည်။

ထိုအခါ ခံစားမှုအစု သဘောတွေသာလို့ သတိထင်လာမည်၊ သတိထင်လာသောကြောင့် သတိကြီးထွား ဉာဏ်ပညာကြီးပွါး၍ ကိုယ်မခံသာ

ဆင်းရဲမှုဝေဒနာကို ငါ·ငါ့ဥစ္စာဟူ၍ တဏှာဒိဋ္ဌိကို မှီကာ မစဲယူတော့ပါသတည်း။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ပျောက်သွားအောင် ပွါးများပါလေ၊ ကောင်းကင်ကို ကြည့်ရှုသောအခါ တန်လှပ်ရောင်များ တဝင်းဝင်း တလက်လက်နှင့် ဖြစ်ပျက်နေသည်ကို တွေ့ရသကဲ့သို့ ထင်လာမည်။

ထိုမှတပါး ဒုက္ခာနုပဿနာပွါးများပုံ

မချို့မြိန် မကောင်းမြတ် မသာယာအပ်သော ကိုယ်ဆင်းရဲပင်ပန်းမခံသာသော နေရာတွင် သတိဖြင့် ဘာဝနာမယဉာဏ်ကို စေလွှတ်၍ အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံ၏ အရသာကို ခံစားသော ဒုက္ခဝေဒနာကား အဖြစ်အပျက်တို့ဖြင့် ခဏခဏ အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည်, ဆင်းရဲပင်ပန်းလှသည်၊ ဒုက္ခဒုက္ခလို့ အကြိမ်ကြိမ် ပွါးများအားထုတ်ရာ၏၊ ဒုက္ခာနုပဿနာဖြင့်လည်း တခါတခါ ကြည့်ရှုပွါးများပါလေ။

ထိုမှတပါးအနတ္တာနုပဿနာဖြင့်ပွါးများပုံ

မချို့မြိန် မကောင်းမြတ် မသာသာအပ်သော ကိုယ်ဆင်းရဲပင်ပန်းမခံသာသော နေရာတွင် သတိဖြင့် ဘာဝနာမယဉာဏ်ကို စေလွှတ်၍ အလိုမရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံ၏ အရသာကို ခံစားသော ဒုက္ခဝေဒနာကား ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တလို့ အကြိမ်ကြိမ် ပွါးများအားထုတ်ရာ၏၊ အနတ္တာနုပဿနာဖြင့်လည်း တခါတခါ ကြည့်ရှုပွါးများပါလေ။

မဂ္ဂါမဂ္ဂပရိဂ္ဂဟ

ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော-

ဟူသော သတိပဋ္ဌာန်နှင့်အညီ ခံစားမှု ဝေဒနာ၏ အဖြစ်နှင့်အပျက်တို့ကို ရှုကြည့်ပွါးများရာသည်၊ ပွါးများရာတွင် အကျဉ်းရှုနည်း အကျယ်ရှုနည်း နှစ်မျိုးရှိပါတယ်၊ ထိုနှစ်မျိုးတွင်

အကျဉ်းရှုပုံမှာ—ဣတိ ဝေဒနာဖြင့် ကိုယ်ရဲ့မခံသာမှု ဆင်းရဲမှုဒုက္ခ ဝေဒနာကား အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားကာနေသည်၊ ငါမဟုတ်လို့ သိထားရမည်။

ဣတိ ဝေဒနာယ သမုဒယောဖြင့် ဒီပုံ ကိုယ်ရဲ့မခံသာမှု ဆင်းရဲဖြစ်ပေါ်လာသည်လို့ ဝေဒနာ၏ ဖြစ်ပေါ်မှု ဥဒယဇာတိကို သိရမည်။

ဣတိ ဝေဒနာယ အတ္ထင်္ဂမောဖြင့် ဒီပုံ ကိုယ်ရဲ့ မခံသာမှု ဆင်းရဲမှု ပျောက်ကွယ်ကာသွားသည်လို့ ဝေဒနာ၏ ပျောက်ကွယ်မှု ဝယမရဏကို သိရမည်။

ထိုမှနောက်ကာလ ကိုယ်ရဲ့မခံသာမှု ဆင်းရဲ ဖြစ်ပေါ်လာသည်ကို အာရုံပြု၍ ဖြစ်သည်ပေါ်လာသည်လို့ ပွါးများအားထုတ်ရာသည်။

ရူပဿ နိဗ္ဗတ္တိယာ ဒိဋ္ဌာယ တဿ ဘင်္ဂါပိ ဒိဋ္ဌောယေဝ ဟောတိ ဣတ္တရကာလတ္တာ ဓမ္မပဝတ္တိယာ။

ရူပဿ၊ ရုပ်တရား၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ပေါ်လာသည်ကို။ ဒိဋ္ဌာယ၊ ဉာဏ်ပညာဖြင့်တွေ့မြင်အပ်သည်ရှိသော်။ တဿ၊ ထိုရုပ်တရား၏။ ဘင်္ဂါပိ၊ အပျက်ဘင်ကိုလည်း။ ဓမ္မပဝတ္တိယာ၊ တရားဖြစ်ခြင်း၏။ ဣတ္တရကာလတ္တာ၊ တို့တောင်းသော ကာလရှိသည်၏ အဖြစ်ကြောင့်။ ဒိဋ္ဌောယေဝ၊ မြင်တွေ့အပ်သည်သာလျှင်တည်း။

ဓမ္မပဝတ္တိယာနှင့်အညီ အဖြစ်မြင်က အပျက်ကိုလည်း မြင်လာမည်။ ထိုမှနောက်ကာလ ကိုယ်ရဲ့မခံသာမှု ဆင်းရဲ ပျောက်ကွယ်သွားသည်ကို အာရုံပြု၍ ပျက်သည်, ပျောက်သွားသည်လို့ သန္ဋတိပျက်ကို ပွါးများအားထုတ်ရာသည်၊ ခဏပျက်ကိုကား သဗ္ဗညုဘုရားတို့ဉာဏ်သာ အမှီလိုက်နိုင်သည်၊ တပည့်သာဝကတို့ အရာမဟုတ်။

ထိုမှနောက်ကာလ ဥဒယနှင့် ဝယကို ပေါင်း၍ ကိုယ်ရဲ့မခံသာမှု ပေါ်လာစကို ဖြစ်သည်, ပေါ်လာသည်၊ ကိုယ်ရဲ့မခံသာမှု ပျောက်ကွယ်သည်ကို ပျက်သည်, ပျောက်သွားသည်လို့ ပွါးများအားထုတ်ရာသည်၊ လျှပ်စစ်ရောင်တို့ ပေါ်လာလိုက် ပျောက်သွားလိုက်နေသည်ကို မြင်ရဘိသကဲ့သို့ ဝေဒနာရဲ့ အဖြစ်နှင့် အပျက်တို့ကို မြင်အောင်ကြည့်ရှုပါ။

အဖြစ်အပျက်တို့ လေလှိုင်းကဲ့သို့ အလွန်လျင်မြန်စွာ ထင်လာသော အခါ ဖြစ်ပျက် လိုက်၍ နေရုံပါပဲ၊ ဖြစ်ပျက်မလိုက်ပဲ ဘာဝနာမယဉာဏ်ဖြင့် အသာကြည့်၍လဲ နေနိုင်ပါသည်၊ ဥပမာ ဘာဝနာမယဉာဏ်ဖြင့် နောက်ကျောအပြင်စသည်တို့မှာ ရှရှအကြောင်းကလေးများ ပေါ်လာပေါ်လာ ခြင်း ဖြတ်ခနဲ ဖြစ်ပေါ်လာသည်ကိုလဲ သိသည်၊ ပျောက်ကွယ်သွားသည်ကိုလဲ သိသကဲ့သို့ သိအောင်ပြုရာသည်။

နားဖြင့်ကြားရသော တလုံးတလုံးသော စကားသံတို့ ဖြတ်ခနဲပေါ်လာသည်ကိုလဲ သိသည်၊ ပျောက်ကွယ်သွားသည်ကိုလဲ သိသကဲ့သို့ မှတ်ရာသည်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ပျောက်သွားအောင် ကြိုးစား၍ အားထုတ်ပွါးများပါလေ။

အကျယ်ရှုနည်းဆိုသည်မှာ—ဝေဒနာကွန္ဓာ၏ အဝိဇ္ဇာ တဏှာ ကံ ဖဿဟုဆိုအပ်သော အကြောင်းလေးပါးတို့ကို သိမ်းဆည်းပြီးမှ အဖြစ်အပျက်တို့ကို ရှုကြည့်သွားသည်ကို အကျယ်ရှုနည်းလို့ ဆိုပါသည်။

အကြောင်းတို့ကို သိမ်းဆည်း၍ ရှုကြည့်ပွါးများပုံ

မချိမြိန် မကောင်းမြတ် မသာယာအပ်သော ကိုယ်ရဲ့ပင်ပန်းဆင်းရဲမှု ဒုက္ခဝေဒနာသည် အဝိဇ္ဇာ တဏှာ ကံ ဖဿဟုဆိုအပ်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်၊ သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်လို့ အကြောင်းတို့ကို သိမ်းဆည်းရာသည်၊ တခုတခုသော အကြောင်းကိုယူ၍လဲ သိမ်းဆည်းနိုင်သည်။

ကိုယ်ရဲ့ပင်ပန်းဆင်းရဲမှု ဒုက္ခဝေဒနာသည် အဝိဇ္ဇာဟုဆိုအပ်သော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်၊ သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်လို့ သိမ်းဆည်းရာ၏၊ တဏှာ ကံ ဖဿဟု ဆိုအပ်သော အကြောင်းတို့ကို ယူ၍လဲ သိမ်းဆည်းနိုင်သည်၊ ထိုမှနောက်ကာလ အကျဉ်းရှုနည်းအတိုင်း ရှုကြည့်ပွါးများပါလေ။

သုခဝေဒနာပွါးပုံ

ထိုမှတပါး ကမ္မဋ္ဌာန်းထိုင်နေရာတွင် အောက်မှ နေရာထိုင်နှင့်ဖြစ်စေ တခုခုသော အောက်က အခင်းနှင့်ဖြစ်စေ တွေ့ထိသောအခါ အောက်က အခင်းခေါ် နှုးညံ့သော အတွေ့ပထဝီ ဖောဋ္ဌဗ္ဗာရုံသည် ကိုယ်တံခါးဝင် ထင်လာပါတယ်၊ ထင်လာသောကြောင့် ကာယဝတ္ထုကိုမှီ၍ တွေ့သိကာယ ဝိညာဉ်နှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံ တွေ့ဆုံသောအခါ ဖဿကြိတ်ဝါး၍ ပေါ်ထွက်လာသော အာရုံ၏အရသာကို ခံစားသော သုခဝေဒနာ ဖြစ်ပေါ်လာပါတယ်၊ ချို့မြိန်ကောင်းမြတ် သာယာအပ်သော ကိုယ်ရဲ့ချမ်းသာကို ခံစားကာနေသည် ဆိုလိုသည်။

ကိုယ်ရဲ့ချမ်းသာသုခ လွန်ကဲစွာဖြစ်သောနေရာတွင် မှီရာ ကာယဝတ္ထုနှင့် အတွေ့ဖောဋ္ဌဗ္ဗာရုံသို့ သတိဖြင့် ဘာဝနာဉာဏ်ကို စေလွှတ်ကာ အလိုရှိအပ် နှစ်သက်အပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော ကိုယ်ရဲ့ချမ်းသာမှု သုခဝေဒနာကား အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စလို့ အကြိမ်ကြိမ် ပွါးများ အားထုတ်ပါလေ။

ကိုယ်ရဲ့ချမ်းသာမှု ကိုယ်ရဲ့နေကောင်းမှုကို ခံစားသော သုခဝေဒနာ အမြဲမရှိ အနိစ္စ, အမြဲမရှိ အနိစ္စလို့ ပွါးများပါလေဆိုလိုသည်။

ဒုက္ခာနုပဿနာဖြင့် ရှုကြည့်ပုံ

အလိုရှိအပ် နှစ်သက်အပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော ကိုယ်ရဲ့ချမ်းသာမှု သုခဝေဒနာကား ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ခဏခဏ အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲ ပင်ပန်းလှသည် ဒုက္ခဒုက္ခလို့ ပွါးများပါလေ။

အနတ္တာနုပဿနာဖြင့် ရှုကြည့်ပုံ

အလိုရှိအပ် နှစ်သက်အပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော သုခဝေဒနာကား ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ ငါမဟုတ်, အနတ္တ အနတ္တလို့ အကြိမ်ကြိမ် ပွါးများအားထုတ်ပါလေ၊ ဘာဝနာသုံးပါးတို့တွင် အနိစ္စဘာဝနာကို များစွာပွါးများ၍ ဒုက္ခနှင့် အနတ္တဘာဝနာတို့ကိုလည်း ရံခါရံခါ ပွါးများပါလေ။

ဥဒယဗ္ဗယာနုပဿနာဖြင့် ရှုကြည့်ပုံ

ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော—

ဟူသော သတိပဋ္ဌာန်ပါဠိနှင့်အညီ ဒုက္ခဝေဒနာ၌ ရေးပြပြီးသော ဥဒယဗ္ဗယ အဖြစ်အပျက်ရှုနည်းကို အမှီပြု၍ အလိုရှိအပ်သော အတွေ့ဖောဋ္ဌဗ္ဗာရုံကို ခံစားသော ကိုယ်ရဲ့ချမ်းသာမှု သုခဝေဒနာ၌လည်း အဖြစ်အပျက်တို့ကို ရှုကြည့်ပွါးများပါလေ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးယောကျ်ား မိန်းမ ပျောက်ကွယ်သွားအောင် ပွါးများအားထုတ်ပါလေ။

အထက်ပိုင်းမှ ပထဝီအာပေါစသည်တို့ တအိအိ အဖိအနှိပ်များသောကြောင့် ဥသွမာတေဇော အခိုးအငွေ့ထ၍ ပူလောင်လာသောအခါ မခံသာအခံရခက်သော ဒုက္ခဝေဒနာသို့ ပြောင်းရွှေ့၍ အောက်၌ရေးပြခဲ့တဲ့နည်းအတိုင်း ဒုက္ခဝေဒနာကို ဘာဝနာသုံးပါးတို့ဖြင့် ကြည့်ရှုပွါးများပါလေ၊ ဘာဝနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာသော မခံသာရုံ မနေသာရုံ ဆင်းရဲသော ကိုယ်ဆင်းရဲမှုကိုဌင်း အလွန်အမင်းအခံရခက်သော ကိုယ်ဆင်းရဲမှုကိုဌင်း ဘာဝနာသုံးပါ့းဖြင့် ကြည့်ရှုပွါးများပါလေ။

သောမနဿဝေဒနာပွါးပုံ

တစုံတယောက်သော ယောကျ်ားမိန်းမသည် အကြည်ခြောက်ပါး တံခါးခြောက်ဝတ္ထင် အလိုရှိအပ် နှစ်သက်အပ်သော အာရုံခြောက်ပါးတို့ကို မြင်ကြားတွေ့ကြုံသောအခါ လွန်စွာ နှစ်သက်၍ စိတ်နှလုံးတရှင်ရှင် ကြည်လင် ဝမ်းမြောက်ကြပါတယ်။

အလိုရှိအပ် နှပ်သက်အပ်သော သားသမီးတို့ကို တွေ့ခဲ့သည်ရှိသော် သားသမီးဟူသော ပညတ်ဓမ္မာရုံကို အာရုံပြု၍ မနောစိတ်ဖြင့် သိသောအခါ မိဘတို့မှာ လွန်စွာနှစ်သက်၍ စိတ်နှလုံးတရှင်ရှင် ကြည်လင် ဝမ်းမြောက်ကြပါတယ်၊ ထိုအခါ သောမနဿဝေဒနာသည် အလိုရှိအပ်သော အာရုံခြောက်ပါးကိုဌင်း အလိုရှိအပ်သော သားသမီးဟူသော ပညတ်ဓမ္မာရုံကိုဌင်း ခံစားကာ နေပါသည်၊ ယောကျ်ားမိန်းမတို့က ဝမ်းမြောက်ဝမ်းသာသည် မဟုတ်လို့ သိရာ၏၊ ထိုသောမနဿဝေဒနာသည် အာရုံသို့ ညွတ်တတ်ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊

ငါမဟုတ်၊ ဤပုံ သိခဲ့သော် နာမပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်း ဉာဏ်ဖြင့် အတ္တဒိဋ္ဌကို ပယ်ကာသွားပါတယ်။

ထိုမှနောက်ကာလ ဒီသောမနဿဝေဒနာသည် တွေ့ထိမှု ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်၊ သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းနှင့် အကျိုး တရား နှစ်ပါးသာရှိသည်၊ ယောကျ်ားမိန်းမမဟုတ်လို့ နှလုံးသွင်းရာ၏၊ ဤပုံ နှလုံးသွင်းခဲ့သော် အကြောင်းမှန်ကို သိသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌကိုရင်း ဝိသမဟေတုက-ဒိဋ္ဌကိုရင်း ယုံမှားခြင်းဝိစိကိစ္ဆာကိုရင်း ပယ်ခွါတယ်။

ထိုမှနောက်ကာလ လွန်စွာနှစ်သက်၍ စိတ်နှလုံးတရှင်ရှင် ကြည်လင် ဝမ်းမြောက်သော သောမနဿဝေဒနာကို ဘာဝနာသုံးပါးတို့ဖြင့် ကြည့်ရှုပွါးများပါလေ။ ဥဒယဗ္ဗယာနုပဿနာဖြင့် အဖြစ်အပျက်တို့ကို ရှုကြည့်ပါလေ။

ဒေါမနဿဝေဒနာပွါးပုံ

တစုံတယောက်သော ယောကျ်ားမိန်းမတို့အား ဉာတိဗျသန ဆွေမျိုးပျက်စီးခြင်း အစရှိသော ပျက်စီးခြင်းငါးမျိုးတို့တွင် တပါးပါးနှင့် တွေ့ကြုံသောအခါမှာဎင်း တမျိုးမျိုးသော ဆင်းရဲဒုက္ခနှင့် တွေ့ကြုံသော အခါမှာဎင်း အိပ်၍မရ အိပ်၍မပျော်နိုင်အောင် မချိမဆိန် မကောင်းမြတ် မသာယာအပ်သော စိတ်ဆင်းရဲ စိတ်ပင်ပန်း ကိုယ်မခွင်လန်းနိုင်အောင် နှိပ်စက်သော ဒေါမနဿဝေဒနာ ဖြစ်ပေါ်လာတယ်။

ထိုဒေါမနဿဝေဒနာသည် ဟဒယဝတ္ထုကိုမှီ၍ အလိုမရှိအပ်သော အနိဋ္ဌာရုံကိုခံစားကာ နေသည်၊ ယောကျ်ားမိန်းမတို့က စိတ်ဆင်းရဲကာ နေသည်မဟုတ်ဟု သိရာ၏၊ အာရုံသို့ ညွတ်တတ်ရောက်သွားတတ်သော နာမ်တရားပေတည်း၊ ငါမဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းခဲ့သော် နာမပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အတ္တဒိဋ္ဌကိုကာသွားပါတယ်။

ထိုမှ နောက်ကာလ ဒေါမနဿဝေဒနာသည် ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်၊ အကြောင်းနှင့်အကျိုးတရားနှစ်ပါးသာရှိသည်

ဟု နှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သော် အကြောင်းမှန်ကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အဟေတုက-ဒိဋ္ဌိကိုဎ်း ဝိသမဟေတုကဒိဋ္ဌိကိုဎ်း ယုံမှားခြင်းဝိစိကိစ္ဆာကိုဎ်း ပယ်ကာသွားပါတယ်။

ဒေါမနဿဝေဒနာ စိတ်ဆင်းရဲ စိတ်မကောင်းသည်ကို အနိစ္စဘာဝနာ စသောဘာဝနာသုံးပါးတို့ဖြင့် ပွါးများလေ၊ ဒေါမနဿဝေဒနာ၏ အဖြစ် အပျက်တို့ကိုလည်း ရှုကြည့်ပွါးများပါလေ။

ဥပေက္ခာဝေဒနာပွါးပုံ

တစုံတယောက်သော ယောကျ်ား မိန်းမအား အလိုရှိအပ်သော ဖက်သို့ လဲ မလဲ အလိုမရှိအပ်သောဖက်သို့ လဲ မလဲ အလယ်၌တည်သော သဘောရှိသော အာရုံတို့အားလျော်စွာ ဝတ္ထုတို့ကိုမှီ၍ မဇ္ဈတ္တာရုံကို ခံစားသော ဥပေက္ခာဝေဒနာဖြစ်ပေါ်ကာ နေသည်။

ထိုဥပေက္ခာဝေဒနာသည် မဇ္ဈတ္တာရုံကို ခံစားကာနေသည်၊ ငါခံစား သည်မဟုတ်ဟု သိရာ၏၊ အာရုံသို့ ညွတ်တတ်ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ်ဟု နှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သော် နာမပရိစ္ဆေဒဉာဏ် နာမ်ကိုပိုင်းခြား၍ သိကာသွားပါတယ်၊ ၎င်းဉာဏ်ဖြင့် အတ္တဒိဋ္ဌိကို ပယ်ကာသွားပါတယ်။

ထိုမှ နောက်ကာလ ဒီလျစ်လျူရှုမှု ဥပေက္ခာဝေဒနာသည် ဖဿ ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည်၊ အကြောင်းအကျိုးတရား နှစ်ပါးသာရှိသည်ဟု နှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သော် အကြောင်း မှန်ကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိကိုဎ်း ဝိသမဟေတုကဒိဋ္ဌိကိုဎ်း ယုံမှားခြင်း ဝိစိကိစ္ဆာကိုဎ်း ပယ်ခဲ့ပါသည်။

ဥပေက္ခာဝေဒနာကို ဘာဝနာသုံးပါးအဖြစ်အပျက်တို့ဖြင့်လဲ ရှုကြည့်ပါ၊ ဖမ်းမိဖို့ရာမလွယ်ကူပေ။

သိဝမတ္ထု။

စိတ္တာနုပဿနာ ရှုနည်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

မဟာဝီရ မဟာပုညော၊ ဉာဒ္ဓိယာ ယသသာ ဇလော။
သဗ္ဗဝေရဘယာတီတော၊ ပါဒေ ဝန္ဒာမိ ဂေါတမ။

အဟံ၊ ရူပ်နာမ်ပေါင်းစု အတ္တဟုခေါ် ဘုရားတပည့်တော်သည်။ မဟာဝီရ၊ ဗုဒ္ဓကိစ္စ အဝဝကို ဗလဝပြင်းထန် ပြီးစီးရန်ကိုသာ အာရုံပြု၍ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ မဟာပုည၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့တွင် ပြိုင်သူကင်းပ ကြီးမြတ်လှသော ဘုန်းတော် ကံတော် ရှိတော်မူထသော။ ဉာဒ္ဓိယာ၊ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တဖြင့်ဂုဏ်း။ ယသသာ၊ လေးပါးရှစ်ပါး ပရိသတ်များဟုဆိုအပ်သော အခြံအရုံဖြင့်ဂုဏ်း။ ဇလ၊ တထိန်ထိန် တဝင်းဝင်း ထွန်းလင်းတောက်ပတော်မူသော။ သဗ္ဗဝေရဘယာတီတ၊ အတွင်းအပ နှစ်ဝဉ်သုံးအလုံးစုံသော ကြောက်မက်ဖွယ်ဘေးရန်တို့ကို လွန်မြောက်တော်မူပြီးသော။ ဂေါတမ၊ ဂေါတမနွယ်ဖွား ဘုန်းတော်ကြီးမားတော်မူသော အသျှင်မြတ်ဘုရား။ တေ၊ အသျှင်ဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒာမိ၊ ဘယလာဘ စသည်ကင်းကွာ ရှိသေစွာဖြင့် လက်အုပ်ချီမိုး ရှိခိုးပါ၏ ဘုရား။ ဝန္ဒိတွာ၊ ဘယလာဘ စသည်ကင်းကွာ ရှိသေစွာဖြင့် ရှိခိုးပြီး၍။

ကုဓေဝ ဗုဒ္ဓိကံ စိတ္တာ-နုပဿနံ နိရောဓိယံ။
သဗ္ဗလောကဟိတတ္ထာယ၊ အနုဗုဒ္ဓံ ဘဏာမဟံ။

အဟံ၊ ရူပ်နာမ်ပေါင်းစု အတ္တဟုခေါ် ဘုရားတပည့်တော်သည်။ ကုဓေဝ၊ အံ့ဘွယ်ရှစ်ဖြာ ဤသာသနာတော်၌သာလျှင်။ ဗုဒ္ဓိကံ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော

မြတ်စွာဘုရားမှ ပေါ်ထွက်လာသော (ဝါ) မြတ်စွာဘုရားဖြင့် ထွန်းလင်းတောက်ပသော။ နိရောဓိယံ၊ ရုပ်နာမ်နှစ်ဝ သခါရတရား၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်၏အကြောင်းဖြစ်သော (ဝါ) နိဗ္ဗာန်သို့ရောက်စေတတ်သော။ စိတ္တာနုပဿနံ၊ ကိုယ်တွင်သတိရှေထား ဉာဏ်ပညာပွါးများကြောင်းဖြစ်သော စိတ္တာနုပဿနာဘွယ်ကျမ်းကို၊ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွါးအကျိုးငှါ။ ဗုဒ္ဓံ၊ ဟောကြားတော်မူတတ်သော မြတ်စွာဘုရားကို။ အနု၊ အမှတ်ပြု၍ (ဝါ) အတုလိုက်၍။ ဘဏာမိ၊ စီစဉ်မြွက်ကြား ရေးသားသောအားဖြင့် ဆိုပေအံ့။

စိတ္တာနုပဿနံ၊ မျောက်ကဲ့အလား တလှုပ်လှုပ် တရှားရှား သွားလာနေသောစိတ်တွင် သတိရှေထား ဉာဏ်ပညာပွါးများကြောင်းဖြစ်သော စိတ္တာနုပဿနာဘွယ်ကျမ်းကို။ ဘဏာမိ၊ စီစဉ်မြွက်ကြား ရေးသားဖော်ပြပေအံ့။

ကမ္မာ့ကမ္ဘာ၊ ပေါ်လာနိုင်ခဲ၊ ဘုရားပဲ့မှ၊ မလဲ့နိဗ္ဗာန်၊ ရုပ်နာမ်နှစ်ဝ၊ ဉာဏ်စဉ်ပြု၍၊ မဂ္ဂဖလံ၊ နိဗ္ဗာနံသို့၊ ရောက်ရန်အကျင့်၊ ဟောဖော်လင့်သား၊ သိကြားဗြဟ္မာ၊ နတ်ဒေဝါတို့၊ ပူဇာညွတ်ခ၊ မြတ်ဗုဒ္ဓအား၊ မဆုလက်မှန်၊ ဦးထိပ်တင်ကာ၊ မြတ်ရှင်အကျင့်၊ မဂ်ဖိုလ်ဖွင့်၍၊ အာသင့်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်ဘိ၊ ပဋိပဒါ၊ ကျင့်မြတ်စွာကို၊ သင့်ရာသင့်ရာ၊ ဖော်ထုတ်ကာဖြင့်၊ ကျမ်းလာကိုယ်တွေ့၊ စုံအစေ့ဖြင့်၊ ရေးပေ့ဝိပဿနာ၊ ကျမ်းရှေ့စာကို၊ လေ့လာသမှု၊ ဖြစ်ပျက်ရှုကာ၊ စတုမဂ္ဂင်၊ လေ့ဖောင်ယာဉ်ဖြင့်၊ ပြည်ခွင်နိဗ္ဗာန်၊ နေရဗွန်သို့၊ ကေန်ရောက်ရလိမ့်မလဲတည်း။

ပဏာမနှင့်ပဋိညာဉ်ပြီး၏။

ကမ္မဋ္ဌာန်းနည်းပြဆရာ

ကမ္မဋ္ဌာန်းကို မချွတ်ယွင်းစေမူ၍ အမှန်အကန်နည်းပေးသော ကမ္မဋ္ဌာန်းဆရာသည်ကား သင့်လျော်သောတရားတို့၌ ဆောက်တည်စေသည်မည်၏၊ ကောလိယကျောင်း၌နေသော နိကာယ်လေးပါးဆောင် တိသဃထေရ်ကဲ့သို့ မှတ်လေ၊ ထိုတိသဃထေရ်၏ အစ်ကိုတော် နန္ဒဘာယမထေရ်သည် မဟိလ

မည်သော ကျောင်းတိုက်တွင်နေသောအခါ ရာဂထကြွမီးလောင်လှသော် ညီငယ်ကိုခေါ်စေ၍ ငါ့ရှင် ငါအား လျင်မြန်စွာပြု၍ တခုသောကမ္မဋ္ဌာန်းကို ပေးပါဟု တောင်းပန်၏၊ အရှင်ဘုရား တပါးသောကမ္မဋ္ဌာန်းဖြင့် အကျိုးမရှိ ကဗဠိကာရအာဟာရကို သိမ်းဆည်းခြင်းငှါ သင့်ပါသည်ဟု လျှောက်ထား၏၊ ငါ့ရှင် ဤကဗဠိကာရအာဟာရသည် အဘယ်အကျိုးရှိပါသလဲဟု မေး၏၊ အရှင်ဘုရား ကဗဠိကာရအာဟာရသည် ရုပ်တည်း၊ တခုသော ဥပါဒါရုပ်ကို တွေ့မြင်ခဲ့သော် နှစ်ဆဲသုံးပါးသောဥပါဒါရုပ်တို့ကိုလည်း တွေ့မြင်ကာ သွားနိုင်ပါ၏ဟု လျှောက်ထား၏။

ထိုအခါ နန္ဒဘာယထေရ်သည် ငါ့ရှင် ဤမျှသော ဥပါဒါရုပ်သည် သင့်လျော်လတ်လို့ပြောဆိုကာ ထိုတိဿထေရ်ကိုလွှတ်လိုက်၍ ကဗဠိကာရအာဟာရကို သိမ်းဆည်း၍ ဥပါဒါရုပ်ကို ကောင်းစွာမှတ်နိုင်ခဲ့သော် ဝဋ်မှကင်းစေ၍ အရဟတ္တဖိုလ်သို့ရောက်ကာသွားသတည်း။

ထိုအခါ ကျောင်းမှ ပြင်ပသို့ မထွက်မီသာလျှင် တိဿထေရ်ကိုခေါ်၍ ငါ့ရှင် သင်ကား ငါ၏ ကြီးစွာသော ကိုးကွယ်ရာဖြစ်ခဲ့၏တကား၊ ဤပုံညီငယ်အား မိမိရအပ်သောဂုဏ်ကျေးဇူးကို ပြောကြား၏၊ ဤကမ္မဋ္ဌာန်းဆရာကား သတ္တဝါတို့၏အကျိုးစီးပွါးကို ပြုကျင့်သည်မည်သတည်း။

ကမ္မဋ္ဌာန်းကို ချွတ်ယွင်းစေ၍ ဟောပြောနည်းပေးသော ကမ္မဋ္ဌာန်းဆရာသည်ကား မသင့်လျော်သောတရားတို့၌ ဆောက်တည်စေသည်မည်၏၊ ဒက္ခိဏာဝိဟာရ လက်ျာတောင်ကျောင်း၌နေသော မထေရ်ကဲ့သို့ နှုတ်လေ၊ အလုပ်အကျွေးဖြစ်သော အမတ်သားတယောက်သည် ဒက္ခိဏာဝိဟာရကျောင်း၌နေသော မထေရ်သို့ ချဉ်းကပ်၍ မေတ္တာပွါးလိုသောပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်၌ အစစွာ မေတ္တာပွါးရပါသလဲလို့ လျှောက်ထားသည်၊ မထေရ်သည် သဘာဂ=သဘောတူသောပုဂ္ဂိုလ်, ဝိသဘာဂ=သဘောမတူသော ပုဂ္ဂိုလ်တို့ကို မမိန့်ကြားပဲ ပိယပုဂ္ဂလ=ချစ်သောပုဂ္ဂိုလ်၌ အစစွာ မေတ္တာပွါးရသည်ဟု မိန့်ကြားသည်၊ ထိုအမတ်သားသည်လည်း မယားကို အချစ်ဆုံးဖြစ်သောကြောင့် အမတ်သားသည် မယားကို အာရုံပြု၍ မေတ္တာပွါးခဲ့သော် ရူးသွပ်ခြင်းသို့ ရောက်လေ၏၊ ဤကမ္မဋ္ဌာန်းဆရာကား သတ္တဝါတို့၏ အကျိုးစီးပွါးမဲ့ကို ပြုကျင့်သည်မည်သတည်း။

စိတ်ရှေဆောင်ပုံ

သဂါထာဝဂ္ဂသံယုတ်

စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေ ဝသမန္ဝဂူတိ။

စိတ္တေန၊ စိတ်သည်။ လောကော၊ ရုပ်နာမ်လောက ခန္ဓာလောကကို။ နီယတိ၊ ဆောင်အပ်၏။ စိတ္တေန၊ သည်။ လောကော၊ လောကကို။ ပရိကဿတိ၊ ထက်ဝန်းကျင်မှ ဆွဲဆောင်အပ်၏။ ဧကဓမ္မဿ၊ တခုတည်းသော အာရုံကို ပိုင်းခြားရှုသိခြင်းသဘောရှိသော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၊ အလုံးစုံသောတရားတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ်တစိုက်လိုက်ကြကုန်၏။

ဤပုံ စိတ်ဆောင်ရာသို့သာ သတ္တဝါတို့လိုက်ကာ နေကြရပါတယ်။ ပါပသို့ ရမတိ မနောလို့ ဟောတော်မူသောကြောင့် စိတ်ကား မကောင်းရာယုတ်ညံ့ရာသို့သာ ဆောင်တာမျှားပါတယ်။

တဏှာယ နီယတိ လောကော၊ တဏှာယ ပရိကဿတိ။
တဏှာယ ဧကဓမ္မဿ၊ သဗ္ဗေ ဝသမန္ဝဂူတိ။

ဟာဏှာယ၊ အာရုံခြောက်ပါးတပ်နှစ်သက်တဲ့တဏှာတရားသည်။ လောကော၊ ရုပ်နာမ်လောကကို။ နီယတိ၊ ဆောင်အပ်၏။ တဏှာယ၊ သည်။ လောကော၊ ကို။ ပရိကဿတိ၊ ၏။ ဧကဓမ္မဿ၊ တခုသောအာရုံကိုတပ်နှစ်သက်တဲ့သဘောရှိသော။ တဏှာယ၊ တဏှာ၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၊ အလုံးစုံသောတရားတို့သည်သာလျှင်။ အန္ဝဂူ၊ အစဉ်တစိုက်လိုက်ကြရကုန်၏။

ဤပုံ လောဘနောက်သို့သာလိုက်၍ နေကြရတာ မျှားလှုပါတယ်၊ ကြက်ယက်ကာ ရှာဖွေ၍စားရသကဲ့သို့ နေ့မအားညမအား တမြို့တရွာသွား၍ ရှာဖွေစားသောက်၍ နေကြရပါတယ်။ အစာကို ရှာမှီးရခြင်းလျှင် အကြောင်းရင်းရှိသော ဆင်းရဲဒုက္ခကား ကြီးလေးလှလေစ့။

စိတ္တာနုပဿနာ အတွက်
ကျက်မှတ်ရန် ပါဠိနှင့် အနက်များ

စိတ်ကို ဘာဝနာသုံးပါးတို့ဖြင့် ပွါးများခဲ့သော် ရဟန္တာဖြစ်နိုင်သည့် ပါဠိတော်များ——

ခန္ဓဝဂ္ဂသံယုတ်

ဝိညာဏံ ဘိက္ခဝေ အနိစ္စံ။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ-သာဝကော ဝိညာဏသ္မိမ္ပိ နိဗ္ဗန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ "ဝိမုတ္တမ္ဳိ"တိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ ပဇာနာ-တီတိ။

ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ။ ဧဝံ ပဿံ။ပ။ ပဇာနာတီတိ။
ဝိညာဏံ ဘိက္ခဝေ အနတ္တာ။ ဧဝံ ပဿံ။ပ။ ပဇာနာတီတိ။

ယဒနိစ္စသုတ်

ဝိညာဏံ ဘိက္ခဝေ အနိစ္စံ။ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒ-နတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝံ ပဿံ။ပ။ ပဇာနာတီတိ။

ယံဒုက္ခသုတ်

ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝံ ပဿံ။ပ။ ပဇာနာတီတိ။

ယဒနတ္တာသုတ်

ဝိညာဏံ ဘိက္ခဝေ အနတ္တာ၊ ယဒနတ္တာ တံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ဧဝံ ပဿံ။ပ။ ပဇာနာတီတိ။

သဟေတုအနိစ္စသုတ်

ဝိညာဏံ ဘိက္ခဝေ အနိစ္စံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စော၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော နိစ္စံ ဘဝိဿတိ။ ဧဝံ ပဿံ။ပ ။ပဇာနာတီတိ။

သဟေတုဒုက္ခသုတ

ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ ဒုက္ခော၊ ဒုက္ခသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော သုခံ ဘဝိဿတိ။ ဧဝံ ပဿံ။ ပ ။ ပဇာနာတီတိ။

သဟေတုအနတ္တသုတ်

ဝိညာဏံ ဘိက္ခဝေ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ၊ သောပိ အနတ္တာ၊ အနတ္တသမ္ဘူတံ ဘိက္ခဝေ ဝိညာဏံ ကုတော အတ္တာ ဘဝိဿတိ။ ဧဝံ ပဿံ။ ပ ။ ပဇာနာတီတိ။

အနိစ္စသုတ်၏မြန်မာပြန်

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏ်၊ အာရုံကိုပိုင်းခြား၍သိတတ်သော ဝိညာဉ်သည်။ အနိစ္စံ၊ ဖြစ်ပေါ်လာကာပျောက်ကွယ်၍သွားသောကြောင့် အမြဲမရှိ အနိစ္စ။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤပုံ။ ပဿံ ပဿန္တော၊ ဝိပဿနာ ဉာဏ်ဖြင့် မျက်မှောက်အားဖြင့် မြင်သိသော။ သုတဝါ၊ အကြားအမြင်နှင့် ပြည့်စုံသော။ အရိယသာဝကော၊ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ယောဂီရဟန်းသည်။ ဝိညာဏသို့မို့၊ အာရုံကိုပိုင်းခြား၍သိတတ်သော အသိဝိညာဉ်ဟုဆိုအပ်သောစိတ်၌လည်း။ နိဗ္ဗိန္ဒတိ၊ နှစ်သက်သာယာခြင်းမရှိ ငြီးငွေ့စက်ဆုပ်၏ (ဝါ) မုန်း၏။ နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော၊ နှစ်သက်သာယာခြင်း မရှိခဲ့သည်ရှိသော်။ ဝိရဇ္ဇတိ၊ မဂ်လေးပါး၏အစွမ်းဖြင့် တပ်ခြင်းကင်း၏။ ဝိရာဂါ၊ မဂ်လေးပါး၏အစွမ်းဖြင့် တပ်ခြင်းကင်းသောကြောင့်။ ဝိမုစ္စတိ၊ ဖိုလ်လေးပါးတို့၏အစွမ်းဖြင့် အာသဝေါတရားတို့မှ လွတ်ငြိမ်းကာသွား၏။ ဝိမုတ္တသ္မိံ၊ အာသဝေါတရား

တို့မှ လွတ်ငြိမ်းသော ဖိုလ်လေးပါး၌။ အဟံ၊ ငါသည်။ ဝိမုတ္တော၊ လွတ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ရုပ်နာမ်နှစ်ပါးကိုရခြင်းဟုဆိုအပ်သော ဇာတိသည်။ ခီဏာ၊ နောင်တဖန်ဖြစ်ခြင်း သဘောမရှိသောအဖြစ်သို့ ရောက်သဖြင့် ကုန်ကာသွားပြီ။ ဗြဟ္မစရိယံ၊ မဂ်ဖြင့်မြတ်သောအကျင့်ကို ကျင့်ခြင်းကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ သစ္စာလေးပါးတို့၌ မဂ်လေးပါးတို့ဖြင့် ပြုအပ်သောကိစ္စကို။ ကတံ၊ ပြုအပ်ပြီးပြီ။ ဣတိ၊ ဤသို့။ အဗ္ဘညာသိ၊ ထိုးထွင်း၍သိပြီ။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ့အား။ အပရံ-ပုန၊ တဖန်။ ဣတ္ထတ္တာယ၊ ဤပုံတဆဲ့ခြောက်ပါးသော မဂ်ကိစ္စကိုပွါးများရန်အကျိုးငှါ (ဝါ) ဤပုံ ကိလေသာကုန်ခန်းရန်အကျိုးငှါ။ ကိစ္စံ၊ ပြုဖွယ်ကိစ္စသည်။ နာ အတ္ထိ၊ မရှိတော့ပြီ။ (တနည်း) ဣတ္ထတ္တာယ၊ ဤပုံဖြစ်ဆဲဖြစ်သော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဟု ဆိုအပ်သော အစဉ်မှ။ အပရံ၊ တပါးသော။ ခန္ဓသန္တာနံ၊ ခန္ဓာအစဉ်သည်။ မယှံ၊ ငါ့အား။ နာ အတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့်သိ၏။

ဒုက္ခသုတ်၏မြန်မာပြန်ကား

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ စိတ်ဟုဆိုအပ်သော ဝိညာဉ်သည်။ ဒုက္ခံ၊ စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်၍မကောင်း ဆင်းရဲပင်ပန်းလေစွတကား။ အကြွင်းမှာတူ၏။

အနတ္တသုတ်၏ မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ အနတ္တာ၊ အမြဲတည်နေနိုင်သော ငါမဟုတ် အနတ္တ အနတ္တ။ အကြွင်းမှာတူ၏။

ယဒနိစ္စသုတ်၏မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အာရုံကို ပိုင်းခြား၍သိသော ဝိညာဉ်သည်။ အနိစ္စံ၊ အမြဲမရှိ။ တံ ဝိညာဏံ၊ ထိုဝိညာဉ်စိတ်သည်။ ဒုက္ခံ၊ မကောင်းဆင်းရဲ ပင်ပန်းလေစွတကား။ ယံ ဝိညာဏံ၊ အကြင်ဝိညာဉ်သည်။ ဒုက္ခံ၊ မကောင်းဆင်ရဲပင်ပန်းလေစွ။ တံ ဝိညာဏံ၊ ထိုဝိညာဉ်စိတ်သည်။ အနတ္တာ၊ အမြဲတည်နေနိုင်သော တရားမဟုတ်သောကြောင့် ငါမဟုတ် အနတ္တ။

ယံ ဝိညာဏံ၊ အကြင်ဝိညာဉ်သည်။ အနတ္တာ၊ ငါမဟုတ်။ တံ ဧတံ ဝိညာဏံ၊ ထိုဝိညာဉ်သည်။ မမ၊ ငါ၏။ နာ သန္တကံ၊ ခင်မင်မက်မောသည်၏ အစ္ဆမ်းဖြင့် သာယာနှစ်သက်အပ်သော ဥစ္စာမဟုတ်။ ဧသော ဝိညာဏံ၊ ထိုဝိညာဉ်သည်။ အဟံ၊ မြတ်နိုးသည်၏ အစ္ဆမ်းဖြင့် စိတ်ကြီးဝင် အထင်ကြီးရသောငါသည်။ နာ အသ္မိ၊ မဖြစ်။ ဧသော ဝိညာဏံ၊ ထိုဝိညာဉ်သည်။ အတ္တာ၊ မအို မသေ အမြဲတည်နေနိုင်သော ငါသည်။ နာ၊ မဟုတ်။ ဣတိ ဧဝံ၊ ဤသို့။ ဧတံ ဝိညာဏံ၊ ဤဝိညာဉ်ကို။ ယထာဘူတံ၊ မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ ဝိပဿနာနှင့်တကွဖြစ်သော မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုကြည့်ပွါးများအပ်၏။ ဧဝံ ပဿံ-စသည်ကား တူ၏။

ယံဒုက္ခသုတ်၏ မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ စိတ်ဝိညာဉ်သည်။ ဒုက္ခံ၊ စက်ဆုပ်ဖွယ် အချည်းနှီးဖြစ်၍မကောင်း ဆင်းရဲပင်ပန်းလေစွ။ အကြွင်းကားတူ၏။

ယဒနတ္တာသုတ်၏ မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ ဝိညာဉ်ဟုဆိုအပ်သောစိတ်သည်။ အနတ္တာ၊ အမြဲတည်နေနိုင်သော တရားမျိုးမဟုတ်သောကြောင့် ငါမဟုတ်အနတ္တာ။ အကြွင်းကားတူ၏။

သဟေတုအနိစ္စသုတ်၏မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ ဝိညာဉ်သည်။ အနိစ္စံ၊ အမြဲမရှိ အနိစ္စ။ ယောပိ ဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်လည်း ကောင်း။ ယောပိ ပစ္စယော၊ အကြင် အထောက်အပံ့ဖြစ်သော ဥပတ္ထမ္ဘကအကြောင်းသည်လည်းကောင်း။ ဝိညာဏာဿ၊ ဝိညာဉ်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဟောတိ၊ ၏။ သောပိ ဟေတုပစ္စယော၊ ထိုဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းသည်လည်း။ အနိစ္စော၊ မမြဲ။ ဘိက္ခဝေ၊ တို့။ အနိစ္စသမ္ဘူတံ၊ မမြဲသောတရားကြောင့်ဖြစ်သော။ ဝိညာဏံ၊ စိတ်ဟုဆိုအပ်သောဝိညာဉ်သည်။ ကုတော၊ အဘယ်မှာ။ နိစ္စံ၊ မြဲသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဧဝံ ပဿံ-စသည်ကား တူ၏။

သဟေတုဒုက္ခသုတ်၏မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အသိဝိညာဉ်ကား။ ဒုက္ခံ၊ စက်ဆုပ်ဘွယ် အချိုးနှိုးဖြစ်၍မကောင်း ဆင်းရဲပင်ပန်းလေစွတကား။ ယောပိ ဟေတု၊ သည်လည်းကောင်း။ ယောပိ ပစ္စယော၊ သည်လည်းကောင်း။ ဝိညာဏဿ၊ ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဟောတိ၊ ၏။ သောပိ ဟေတုပစ္စယော၊ ထို (ပ) လည်း။ ဒုက္ခော၊ ဆင်းရဲပင်ပန်းလှ၏။ ဘိက္ခဝေ၊ တို့။ ဒုက္ခ-သမ္ဘူတံ၊ ဆင်းရဲဒုက္ခကြောင့်ဖြစ်သော။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ ကုတော၊ အဘယ်မှာ။ သုခံ၊ ချမ်းသာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဧဝံ ပဿံ-စသည်ကား တူ၏။

သဟေတုအနတ္တသုတ်၏ မြန်မာပြန်ကား

ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ အနတ္တာ၊ ငါမဟုတ်။ ယောပိ ဟေတု၊ သည်လည်းကောင်း။ ယောပိ ပစ္စယော၊ သည်လည်း ကောင်း။ ဝိညာဏဿ၊ ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဟောတိ၊ ၏။ သောပိ ဟေတုပစ္စယော၊ ထို (ပ) သည်လည်း။ အနတ္တာ၊ ငါမဟုတ်။ ဘိက္ခဝေ၊ တို့။ အနတ္တသမ္ဘူတံ၊ အနတ္တတရားကြောင့်ဖြစ်သော။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ ကုတော၊ အဘယ်မှာ။ အတ္တာ၊ ငါသည် (ဝါ) ငါ့ကိုယ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဧဝံ ပဿံ-စသည်ကား တူ၏။

သာဝတ္ထိယံ ဝိဟရတိ။ တံ ကိံ မညသိ ရာဟုလ စက္ခုဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊ အနိစ္စံ ဘန္တေ။ သောတဝိညာဏံ ။ပ။ ဃာနဝိညာဏံ။ ဇိဝှါဝိညာဏံ။ ကာယဝိညာဏံ။ မနောဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ။ အနိစ္စံ ဘန္တေ။ ဧဝံ ပဿံ ရာဟုလ သုတဝါ အရိယသာဝကော စက္ခုဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ ။ပ။ သောတဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ ဃာနဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ ဇိဝှါဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ ကာယဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ မနောဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ။ပ။ ပဇာနာတီတိ။

ပဘာဿရမိဒံ ဘိက္ခဝေ၊ စိတ္တံ။ (အဘိဓမ္မာပါဠိတော်)

ဘိက္ခဝေ၊ တို့။ ဣဒံ စိတ္တံ၊ ဓာတ်သဘောဟုဆိုအပ်သော ဤစိတ်ကလေးသည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက်လင်းတတ်သောသဘောတည်း။

ဤပုံ ဒီစိတ်ကလေးကား ညစ်ကြေးမတင် သန့်ရှင်းစင်၍ တဝင်းဝင်းတလင်းလင်းနှင့်နေပါတယ်။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ (ကေဂံတ္တရပါဠိတော်)

ဘိက္ခဝေ၊ တို့။ ဣဒံ စိတ္တံ၊ ဤစိတ်မာတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသော သဘောတည်း။ တဉ္စ ခေါ၊ ပြိုးပြိုးပြက်ပြက်တလက်လက် တောက်ပသော စိတ်သည်လည်း။အာဂန္တု-ကေဟိ၊ ဧည့်သည်အာဂန္တုဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ မိမိတို့လည်း ညစ်နွမ်း သူတပါးတို့ကိုလည်းညစ်နွမ်းစေတတ်ကုန်သော လောဘဒေါသ မောဟစသောတရားတို့ကြောင့်။ဥပက္ကိလိဋ္ဌံ၊မှုးမှိန်ညစ်နွမ်း၍နေရ၏။

ဤပုံဒီစိတ်သည် မူလပကတိ ပင်ကိုယ်သဘောအားဖြင့် ဖြူစင်တောက်ပသော်လဲ ဥပက္ကိလေသတရားတို့နှင့် ပေါင်းဆုံမိသောကြောင့် ညစ်နွမ်းမှုးမှိန်၍သွားရပါတယ်။

ဝလ္လိယမထေရ်သည် တံခါးငါးပေါက်ရှိသော အိမ်ခန်းတွင်းသို့ဝင်၍ အလယ်ဗဟိုချက်မဋ္ဌနေလျက် တံခါးငါးပေါက်တို့သို့ လှည့်လည်ပြေးသွား၍နေသော မျောက်နှင့်တူသော မိမိ၏စိတ်ကို ဆုံးမ နှိပ်ကွပ်တော်မူခြင်းငှါ

မက္ကဋော ပဥ္ဆဒ္ဒါရာယံ၊ ကုဋ္ဌိကာယံ ပသက္ကိယ။
ဒ္ဝါရေန အနုပရိယေတိ၊ ဃဋ္ဋယန္တော မုဟုံ မုဟုံ။
တိဋ္ဌ မက္ကဋ မာ ဓာဝိ၊ န ဟိ တေ တုံ ယထာ ပုရေ။
နိဂ္ဂဟိတောသိ ပညာယ၊ နေဝ ဒူရံ ဂမိဿသိ။
ဟူသောဂါထာတို့ကို မြွက်ဆိုတော်မူသည်။ (ထေရဂါထာ)

မက္ကဋော၊ စိတ်တည်းဟူသော မျောက်မိုက်သည်။ ပဥ္ဆဒ္ဒါရာယံ၊ စက္ခု သောတ-စသည် ငါးပါးအကြည် မှန်တံခါးလည်းရှိထသော။ ကုဋ္ဌိကာယံ၊ ရုပ်ကုဋီ၌။ ပသက္ကိယ၊ ဥရမဇ္ဈ လယ်ချက်ဗဟိုဝယ် သက်ဝင်တွယ်၍။ မုဟုံ မုဟုံ၊ လျင်စွာ လျင်စွာ။ ဃဋ္ဋယန္တော၊ လှုပ်ရှားကြကြ အားယူဆ

လျက်။ ဒုါရေန၊ စက္ခုသောတ စသည်ငါးပါးမှန်တံခါးဖြင့်။ အနုပရိယေတိ၊ မရပ်မတည် လှည့်လည်ပြေးသွား၏။

မက္ကဋ္ဌ၊ မရပ်မတည် လှည့်လည်ပြေးသွားသော မျောက်နှင့်တူသော ဟေ့ စိတ်မိုက်။ တိဋ္ဌ၊ ရပ်ဘိလော့။ မာ ဓာဝိ၊ ပြေးမသွားလင့်။ တေ၊ သင့်အား။ ပုရေ ယထာ၊ ရှေးအခါ၌ကဲ့သို့။ နု ဟိ၊ မဟုတ်ပြီ။ ဒါနိ၊ ယခုအခါ၌။ တုံ၊ သင်သည် (ဝါ) သင့်ကို။ ပညာယ၊ ပညာတည်းဟူသော တံဖျာကြိမ်လုံးဖြင့်။ နိဂ္ဂဟိတော၊ ငါနှိပ်ကွပ်ဆုံးမအပ်သည်။ အသိ၊ ဖြစ်ပြီ။ တုံ၊ မရပ်မတည် လှည့်လည်ပြေးသွားသော မျောက်နှင့်တူသော သင်စိတ်မိုက်သည်။ ဒုရုံ၊ ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူသော ခရီးဝေးသို့။ နေဝ ဂမိဿသိ၊ မသွားရလတုံ့သတည်း။

ဤပုံ မျောက်နှင့်တူ ပင့်ကူနှင့်တူသော စိတ်ကို ဆုံးနှိပ်ကွပ်တော်မူပါတယ်။

သဗ္ဗညုမြတ်စွာဘုရားသည် ဘာဂိနေယျ သံဃရတ္နာတထေရ်အား

ဒုရဂ်မံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။

ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

ဟူသောဂါထာကို ဟောတော်မူတယ်။

ယေ၊ အကြင်ယောဂီပုဂ္ဂိုလ်တို့သည်။ ဒုရဂ်မံ၊ အဝေးဌာထင်ရှားရှိသော အာရုံကိုသော်လည်း ခံယူတတ်သော။ ဧကစရံ၊ တစိတ်တည်းသာဖြစ်သော။ အသရီရံ၊ ကိုယ်သဏ္ဌာန်မရှိသော (ဝါ) အဖြူအရှေစသော အဆင်းလည်း မရှိသော။ ဂုဟာသယံ၊ မဟာဘုတ်လေးပါးတည်းဟူသော လိုဏ်ဂူတွင် ဟဒယဝတ္ထုကိုမှီ၍ဖြစ်သော။ စိတ္တံ၊ မျောက်နှင့်တူ ပင့်ကူနှင့်တူသော စိတ်ကို။ သံယမေဿန္တိ၊ စောင့်စည်းကြကုန်လတံ့ (ဝါ) မပျံလွှင့်ခြင်းကို ပြုကုန်လတံ့။ တေ၊ ထိုအလုံးစုံသော ယောဂီတို့သည်။ မာရဗန္ဓနာ၊ မာရ်မင်း၏ အနှောင်အဖွဲ့ဟု ဆိုအပ်သော ဝဋ်ဆင်းရဲမှ။ မောက္ခန္တိ၊ လွတ်ကြကုန်လတံ့သတည်း။

ဤပုံ အဆင်းသဏ္ဌာန်လဲမရှိ အဝေးဌာတည်သော အာရုံကိုသော်လည်း ယူနိုင်သော တလုံးတည်းသောစိတ်ကို မပျံလွှင့်အောင် စောင့်ထိန်းထားနိုင်လျှင် နိဗ္ဗာန်ရောက်မည်ဟု ဟောတော်မူပါတယ်။

ဤဒေသနာတော်၏ အဆုံးဌ် ဘာဂိနေယျ သံဃရက္ခိတထေရ်သည် သောတာပန် ဖြစ်ကာသွားပါတယ်။ မြတ်စွာဘုရားသည် သာသနာတော် တွင် ပျင်းရိသော ရဟန်းတပါးအား....

သုဒုဒ္ဒသံ သုနိပုဏာံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

မေဓာဝီ၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲသော။ သုနိပုဏာံ၊ အလွန်နူးညံ့သိမ်မွေ့သော။ ယတ္ထကာမနိပါတိနံ၊ တစုံတခုအလိုရှိတိုင်းသောအာရုံဌ် ကျရောက်လေ့ရှိသော။ စိတ္တံ၊ စိတ်ကို။ ရက္ခေထ၊ စောင့်ရှောက်ထိန်းသိမ်းရာ၏။ ဂုတ္တံ၊ စောင့်ရှောက်ထိန်းသိမ်းအပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်ချမ်းသာဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကို ရွက်ဆောင်နိုင်၏။

ဤပုံ စိတ်ကို စိတ်အတိုင်းမထားရဘူး၊ နွားရိုင်း မြင်းရိုင်းတို့ကို ယဉ်ကျေးအောင်ဆုံးမရာသကဲ့သို့ဆုံးမ၍ ယဉ်ကျေးလိမ်မာသော စိတ်သည် မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတို့ကို ဆောင်နိုင်တယ်လို့ ဟောတော်မူတယ်။ ဒေသနာတော်၏အဆုံးတွင် ပျင်းရိသောရဟန်းသည် သောတာပန်တည်ကာ သွားပါတယ်။

မြတ်စွာဘုရားသည် မျက်စိနားစသည်တို့ကို စောင့်ထိန်း၍ တက္ကသိုလ်ပြည်၌ မင်းအဖြစ်သို့ရောက်သောဘုရားလောင်းကို အကြောင်းပြုကာ—

သမတိတ္တိကံ အနဝဿကံ၊ တေလပတ္တံ ယထာ ပရိဟရေယျ။
ဧဝံ သစိတ္တမနုရက္ခေ၊ ပတ္ထယာနော ဒိသံ အဂတပုဗ္ဗန္တိ။

လို့ ဟောတော်မူတယ်။

နရော၊ တစုံတယောက်သောယောကျ်ားသည်။ အနဝဿကံ၊ တဖန် သွန်းလောင်းခြင်းမရှိသည်ကို။ ကတ္ဝာ၊ ပြု၍။ သမတိတ္တိကံ၊ အတွင်း နခမ်းရေးသို့ရောက်စေ၍ ညီမျှစွာပြည့်သော။ တေလပတ္တံ၊ ဆီခွက်ကို။ ပရိဟရေယျ ယထာ၊ ဖိတ်၍မကျအောင် ထက်ဝန်းကျင်မှ ဆောင်ရာသကဲ့

သို့။ ဧဝံ တထာ၊ ထို့အတူ။ အဂတပုဗ္ဗံ၊ ရှေးကမရောက်ဘူးသော။ ဒိသံ၊ နိဗ္ဗာန်အရပ်ကို။ ပတ္ထယာနော၊ လိုချင်တောင့်တသော။ ယောဂါဝစရော၊ ပညာရှိသော ယောဂါဝစရပုဂ္ဂိုလ်သည်။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခေ၊ အဖန်ဖန်မပျံ့လွှင့်အောင် စောင့်ရှောက်ရာ၏။

ဤပုံ ယောကျ်ားသည် အောက်နခမ်းရေးနှင့် ညီမျှစွာထည့်ထားသော ဆီအိုးကို မဖိတ်အောင် သတိထား၍ ဆောင်ယူသွားရာသကဲ့သို့ ထို့အတူ ပညာရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် စိတ်ကို မပျံ့လွှင့်အောင် မတွန့်တို့ မဆုတ်နစ်အောင် သတိထား၍ ဘာဝနာကိုပွါးများအားထုတ်ရမည်လို့ ဟောတော်မူသည်။

အာရုံခြောက်ပါးစသည်

အာရုံခြောက်ပါး

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ။
မျက်စိအကြည်မှာသာထင်ပေါ်လာတဲ့သဘောကို အဆင်းရူပါရုံ ခေါ်သည်၊ နားအကြည်မှာသာ ထင်ပေါ်လာတဲ့သဘောကို အသံသဒ္ဒါရုံ ခေါ်သည်၊ နှာခေါင်းအကြည်မှာသာ ထင်ပေါ်လာတဲ့သဘောကို အနံ့ဂန္ဓာရုံခေါ်သည်၊ လျှာအကြည်မှာသာ ထင်ပေါ်လာတဲ့သဘောကို ရသာရုံခေါ်သည်၊ ကိုယ်အကြည်မှာသာ ထင်ပေါ်လာတဲ့သဘောကို ဖောဋ္ဌဗ္ဗာရုံ ခေါ်သည်၊ မနောအကြည်မှာသာ ထင်ပေါ်လာတဲ့သဘောကို ဓမ္မာရုံခေါ်သည်။

အဆင်း, အသံ၊ အနံ့, ရသ၊ တွတ်ဓမ္မ၊ ခြောက်ဝအာရုံရုပ်တရား။
ဓမ္မအာရုံ၊ နှစ်ပါးဆုံ၊ မှတ်တုံရုပ်နာမ်များ။

ဒွါရခြောက်ပါး

စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ။

ထိုခြောက်ပါးတို့တွင် အဆင်းရူပါရုံတို့ ပေါ်လာခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမှုအရာကို စက္ခုဒွါရ မျက်စိတံခါးခေါ်သည်၊ အသံသဒ္ဒါရုံတို့ ပေါ်လာခြင်းငှါထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမှုအရာကို သောတဒွါရ နားတံခါးခေါ်သည်၊ အနံ့ဂန္ဓာရုံတို့ ပေါ်လာခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမှုအရာကို ဃာနဒွါရ နှာခေါင်းတံခါးခေါ်သည်၊ ရသာရုံတို့

ပေါ်လာခြင်းငှါထိုက်သော မဟာဘုတ်တို့ကို ကြည်စေတဲ့သဘောအမူအရာကို ဇဝဂါဒ္ဓါရ လျှောတံခါးခေါ်သည်၊ အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ ပေါ်လာခြင်းငှါ ထိုက်သော မဟာဘုတ်တို့ကိုကြည်စေတဲ့သဘောအမူအရာကို ကာယဒ္ဓါရ ကိုယ်အကြည်တံခါးခေါ်သည်၊ သဘောဓမ္မာရုံတို့ ပေါ်လာခြင်းငှါ ထိုက်သော မနောအကြည်ကို မနောဒ္ဓါရခေါ်သည်။

မျက်စိနှားနှာ၊ လျှာကိုယ်မနော၊ ကြည်သဘော၊ မှုတ်လောဒ္ဓါရ ရုပ်တရား။

မနောကြည်မှာ၊ အထူးသာ၊ မှုတ်ပါနာမ်တရား။

ဝိညာဉ်ခြောက်ပါး

စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်။

ထိုခြောက်ပါးတို့တွင် မျက်စိအကြည်ကိုမှီ၍ အဆင်းကိုသိတဲ့သဘောကို စက္ခုဝိညာဉ် မြင်သိစိတ်ခေါ်သည်၊ နားအကြည်ကိုမှီ၍ အသံကိုသိတဲ့သဘောကို သောတဝိညာဉ် ကြားသိစိတ်ခေါ်သည်၊ နှာခေါင်းအကြည်ကိုမှီ၍ အနံ့ကိုသိတဲ့သဘောကို ဃာနဝိညာဉ် နံသိစိတ်ခေါ်သည်၊ ကိုယ်အကြည်ကိုမှီ၍ အတွေ့ကိုသိတဲ့သဘောကို ကာယဝိညာဉ် တွေ့သိစိတ်ခေါ်သည်၊ ဟဒယဝတ္ထုကိုမှီ၍ မနောအကြည်အား ထင်ပေါ်လာသော အာရုံငါးပါး ဓမ္မာရုံမျှားကိုသိတဲ့သဘောကို မနောဝိညာဉ် ကြံသိစိတ်ခေါ်သည်။

မြင်ကြားနံလျက်၊ တွေ့သိချက်၊ ဆက္ကဝိညာဉ်မျှား။
အာရုံရှေးရှု၊ မြင်သိမှု၊ မှုတ်ရှုနာမ်တရား။
အာရုံရှေးရှု၊ ကြားသိမှု၊ မှုတ်ရှုနာမ်တရား။
အာရုံရှေးရှု၊ နံသိမှု၊ မှုတ်ရှုနာမ်တရား။
အာရုံရှေးရှု၊ စားသိမှု၊ မှုတ်ရှုနာမ်တရား။
အာရုံရှေးရှု၊ တွေ့သိမှု၊ မှုတ်ရှုနာမ်တရား။
အာရုံရှေးရှု၊ ကြံသိမှု၊ မှုတ်ရှုနာမ်တရား။

ဓာတ်ခြောက်ပါး

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်။

ဆံကို လက်ဖြင့်စမ်းသပ်သောအခါ မာတဲ့သဘော အတွေ့ဖောဋ္ဌဗ္ဗာရုံသည် ကိုယ်အကြည် ကိုယ်တံခါးမှာ ဝင်လာထိလာသည် မည်ပါတယ်၊ ထိုအခါ မာတဲ့ ဖောဋ္ဌဗ္ဗာရုံကို ရှေးရှုသိမှု အသိဝိညာဉ်ပေါ်လာသည်။

အတွေ့ဖောဋ္ဌဗ္ဗာရုံ ကိုယ်အကြည် တွေ့သိကာယဝိညာဉ်သုံးပါးတို့တွင် အတွေ့ဖောဋ္ဌဗ္ဗာရုံနှင့် ကိုယ်အကြည်တို့ကား ရှေးအစဉ်နှင့်မတူ နောက်အစဉ်ဖြစ်ပေါ်ကာ ဖောက်ပြန်တတ်သောကြောင့် ရုပ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်။

တွေ့သိကာယဝိညာဉ်ကား အတွေ့ဖောဋ္ဌဗ္ဗာရုံသို့ ရှေးရှုညွတ်တတ်ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်။

ရုပ်နာမ်ပိုင်းခြား၊ သိခဲ့ငြား၊ မှတ်သား အမှန်အကန်မြင်။

၉၀ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ ဟောတိ။

ဤပုံ ဤကားရုပ် ဤကားနာမ်၊ ဤရုပ်နာမ်နှစ်ပါးမှ တပါး ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ မရှိဟု ဆုံးဖြတ်ပိုင်းခြားကာ သိမြင်သောပုဂ္ဂိုလ်၏ အသိဉာဏ်ကား ဟုတ်တိုင်းမှန်စွာ တိတိကျကျသဘာဝကို သိမြင်သည် မည်ပါသတည်း၊ ဤကား ရုပ်နာမ်နှစ်ပါးယူပုံတည်း။

ဆံကို လက်ဖြင့် စမ်းသပ်သောအခါ မာတဲ့အတွေ့ဖောဋ္ဌဗ္ဗာရုံကို ဦးတိုက်သိတဲ့သဘော ပေါ်လာတယ်၊ ထိုအခါ မာတဲ့သဘော အတွေ့ဖောဋ္ဌဗ္ဗာရုံကား ထွေထွေလာလာဖောက်ပြန်တတ်သောကြောင့် ရူပက္ခန္ဓာ၊ ဦးတိုက်သိတဲ့သဘောကား ဝိညာဏက္ခန္ဓာ၊ ခံစားတဲ့သဘောကား ဝေဒနာက္ခန္ဓာ၊ အမှတ်ပြု၍ သိတဲ့သဘောကား သညာက္ခန္ဓာ၊ စေ့ဆော်အားထုတ်တဲ့သဘောကား သင်္ခါရက္ခန္ဓာ၊ ဤသို့ ခန္ဓာငါးဝသင်္ခါရကိုကိုယ်ပေါက်ကိုယ်ကြည် တံခါးမှ အသစ်အသစ်ပြောင်း အဟောင်းအဟောင်းပျက်မှုနှင့် တွဲဖက်ရှုလေ၊ ဤကား ခန္ဓာငါးပါးယူပုံတည်း။ ကြွင်းသောတံခါးဒွါရတို့၌လည်း ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးယူပုံကို သိလေ။

စက္ခုဒ္ဒါရ

၁။ မျက်နက်ဝန်းလယ်၊ အရိပ်တဒ္ဒယ်လာ၊ ကြည်ဂ္ဂက်မှာတဒ္ဒင်၊ မျက်လ္ဘာ ခုနစ်ထပ်၊ နှံ့စေအပ်ကြောင်း၊ သန်းခေါင်းပမာဏ၊ ကြည်စေလှ၊ ခေါ်ကြစက္ခုအကြည်သာ။

၂။ မျက်စိတံခါး၊ ဝင်လာငြား၊ မှတ်သားအဆင်း ရူပါရုံသာပါ။

၃။ ကြည်ကိုမှီတဒ္ဒယ်၊ ဆင်းကိုကဒ္ဒယ်သိ၊ မှတ်ဖဒ္ဒယ်ရှိ၊ မြင်သိစက္ခု ဝိညာဉ်သာ။

၄။ စက္ခုရူပ၊ တွေ့ဆုံကြ၍၊ ပေါ်ရဝိညာဉ်၊ သုံးဓာတ်ပင်၊ ခုတွင် အနိစ္စာ။

၅။ အနိစ္စရ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအမှန်သာ။

၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ္စအမှန်သာ။

သောတဒ္ဒါရ

၁။ နားပေါက်တဒ္ဒင်းဝယ်၊ လက်ကဒ္ဒယ်တဆစ်၊ ကြည်လစ်ဒေသ၊ ထိုဌာနဝယ်၊ ကြေးနီကဒ္ဒယ်ဆင်း၊ နူနယ်အမွေး၊ ပေါက်ရေးလက်စွပ်၊ သဏ္ဌာန်ညွတ်၊ ခေါ်ရွတ်သောတအကြည်သာ။

၂။ နားကြည်တံခါး၊ ဝင်လာငြား၊ မှတ်သားအသံ သဒ္ဒါရုံသာပါ။

၃။ ကြည်ကိုမှီတဒ္ဒယ်၊ သံကိုကဒ္ဒယ်သိ၊ မှတ်ဖဒ္ဒယ်ရှိ၊ ကြားသိ သောတဝိညာဉ်သာ။

၄။ သောတသဒ္ဒ၊ တွေ့ဆုံကြ၍၊ ပေါ်ရဝိညာဉ်၊ သုံးဓာတ်ပင်၊ ခုတွင် အနိစ္စာ။

၅။ အနိစ္စရ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအမှန်သာ။

၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ္စအမှန်သာ။

ဃာနဒ္ဒါရ

၁။ နှာခေါင်းတဒ္ဒင်းဝယ်၊ လက်ကဒ္ဒယ်တဆစ်၊ ဆိတ်ခွါဖြစ်ရာ၊ ဒေသမှာတဒ္ဒင်၊ ကြည်လင်မှန်ပ၊ အတူပြု၊ ခေါ်ကြဃာနအကြည်သာ။

၂။ နှာခေါင်းတံခါး၊ ဝင်လာငြား၊ မှတ်သားအနံ့ ဂန္ဓာရုံသာပါ။
၃။ ကြည်ကိုမှီတွယ်၊ နံ့ကိုကွယ်သိ၊ မှတ်ဖွယ်ရှိ၊ နံ့သိဃာနဝိညာဉ်သာ။
၄။ ဃာနဂန္ဓ၊တွေ့ဆုံကြ၍၊ပေါ်ရဝိညာဉ်၊သုံးဓာတ်ပင်၊ခုတွင်အနိစ္စာ။
၅။ အနိစ္စရ၊ဖြစ်ပျက်ကြ၊ဒုက္ခအမှန်သာ။
၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ့အမှန်သာ။

ဇိဝှါဒ္ဓါရ

၁။ အရင်းဖျားပယ်၊လျှာလယ်အထက်၊ကြာရွက်သဏ္ဌာန်၊ဒးကြည်မှန်၊ ခေါ်ရန် လျှာအကြည်သာ။
၂။ လျှာလယ်တံခါး၊ ဝင်လာငြား၊ မှတ်သား ရသာရုံသာပါ။
၃။ ကြည်ကိုမှီတွယ်၊ ရသကွယ်သိ၊ မှတ်ဖွယ်ရှိ၊ စားသိဇိဝှါဝိညာဉ်သာ။
၄။ ဇိဝှါရသ၊ တွေ့ဆုံကြ၍၊ပေါ်ရဝိညာဉ်၊သုံးဓာတ်ပင်၊ခုတွင်အနိစ္စာ။
၅။ အနိစ္စရ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအမှန်သာ။
၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ့အမှန်သာ။

ကာယဒ္ဓါရ

၁။ ဆံအမွေးတွင်၊ အရိုးတင်၍၊ ရေပင်ခြေသည်း၊ တသီးပါစက၊ ခြောက်ဝကြဉ်ထား၊ ကိုယ်ကြည်ကား၊ မှတ်သားတကိုယ်လုံး မှာသာ။
၂။ ကိုယ်ကြည်တံခါး၊ ဝင်လာငြား၊ မှတ်သားအတွေ့ဖောဋ္ဌဗ္ဗာရုံသာ။
၃။ ကြည်ကိုမှီတွယ်၊ တွေ့ကိုကွယ်သိ၊ မှတ်ဖွယ်ရှိ၊ တွေ့သိကာယ-ဝိညာဉ်သာ။
၄။ ကာယဖောဋ္ဌဗ္ဗ၊ တွေ့ဆုံကြ၍၊ ပေါ်ရဝိညာဉ်၊ သုံးဓာတ်ပင်၊ ခုတွင်အနိစ္စာ။
၅။ အနိစ္စရ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအမှန်သာ။
၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ့အမှန်သာ။

မနောဒွါရ

၁။ နှလုံးသွေးခေါ်၊ ဓာတ်မှုန်ပေါ်၊ တည့်သော်မနောအကြည်သာ။

၂။ မနောတံခါး၊ ဝင်လာငြား၊ မှတ်သား၀မ္မာရုံသာပါ။

၃။ နှလုံးမှိတွယ်၊ သဘောကွယ်သိ၊ မှတ်ဖွယ်ရှိ၊ ကြံသိမနော ဝိညာဉ်သာ။

၄။ မန၀မ္မ၊ တွေ့ဆုံကြ၍၊ ပေါ်ရ၀ိညာဉ်၊ သုံးဓာတ်ပင်၊ ခုတွင်အနိစ္စာ။

၅။ အနိစ္စရ၊ ဖြစ်ပျက်ကြ၊ ဒုက္ခအမှန်သာ။

၆။ ဖြစ်ပျက်ကြပြန်၊ မဖြစ်ရန်ကို၊ တောင့်တဆိုသော်၊ ဘာကိုမရ၊ အနတ္တာ၊ ဟုတ်စ့အမှန်သာ။

သရာဂစိတ်စသည်

မဟာသတိပဋ္ဌာန်ပါဠိတော် စိတ္တာနုပဿနာအခန်း၌

၁။ သရာဂစိတ် ဝိတရာဂစိတ်နှစ်မျိုးတို့တွင် တပ်နှစ်သက်ခြင်းရှိသော သရာဂစိတ်ဆိုသည်မှာ လောဘနှင့် တကွဖြစ်သော လောဘမူစိတ် ရှစ်ခုကို ဆိုသည်။

မြန်မာလို အဆင်း **အသံ** အနံ့ အရသာ အတွေ့ သဘောဟု ဆိုအပ်သော အာရုံခြောက်ပါးတို့ကို **အလိုရှိတဲ့စိတ်** နှစ်သက်တဲ့စိတ်ဟုဆိုလိုသည်။

ဝိတရာဂစိတ်ဆိုသည်မှာ လိုချင်တဲ့ လောဘမပါသော **လောကီကုသိုလ်** ဝိပါက်ကြိယာစိတ်တို့ကိုဆိုသည်။ အာရုံခြောက်ပါးတို့ကို မတွယ်တာမကပ်ငြိသောစိတ်ဟုဆိုလိုသည်။ ဝိပဿနာအရာဖြစ်သောကြောင့် လောကုတ္တရာစိတ်တို့ကိုမယူရ။

၂။ သဒေါသစိတ် ဝိတဒေါသစိတ်နှစ်မျိုးတို့တွင် သဒေါသစိတ်ဆိုသည်မှာ စိတ်ဆိုးတတ်သော ဒေါသနှင့်တကွဖြစ်သော ဒေါသမူစိတ်နှစ်ခုကို ဆိုသည်။ စိတ်တိုသောစိတ်၊ စိတ်ဆိုးသောစိတ်ဟုဆိုလိုသည်။

ဝိတဒေါသစိတ်ဆိုသည်မှာ စိတ်တိုစိတ်ဆိုးတဲ့ ဒေါသမပါသော လောကီကုသိုလ်ဝိပါက်ကြိယာစိတ်တို့ကို ဆိုသည်။

၃။ သမောဟစိတ် ဝိတမောဟစိတ်နှစ်မျိုးတို့တွင် သမောဟစိတ်ဆိုသည်မှာ လွန်မင်းစွာ တွေဝေမိုက်မဲတတ်သည်၏ အဖြစ်ကြောင့် တသီး

တခြားသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော နည်းဖြင့် ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့နှင့်တကွ ဖြစ်သော မောဟမူစိတ်ကိုဆိုသည်။ သာမန်အားဖြင့် မောဟနှင့်ယှဉ်သော အကုသိုလ်စိတ်တဆဲ့နှစ်ပါးကိုလည်း ဆိုနိုင်သည်။

ဒိလိုလုပ်ရကောင်းမလား ဟိုလိုလုပ်ရကောင်းမလားဟု တွေးတော ယုံမှားကာ မဆုံးဖြတ်နိုင်သောစိတ် ပုံ့လွှင့်တုန်လှုပ်သောစိတ်ဟုဆိုလိုသည်။

ဝိတမောဟစိတ်ဆိုသည်မှာ မဟုတ်မမှန်သိတတ်တဲ့ မောဟနှင့်မယှဉ်သော လောကီကုသိုလ် ဝိပါက်ကြိယာစိတ်တို့ကို ဆိုသည်။

၄။ သံခိတ္တစိတ် ဝိက္ခိတ္တစိတ်နှစ်မျိုးတို့တွင် သံခိတ္တစိတ်ဆိုသည်မှာ စိတ်စေတသိက်တို့ တွန့်တိုဆုတ်နစ် ငိုက်မျဉ်းသော ထိနမိဒ္ဓနှင့်တကွဖြစ်သော အကုသိုလ်သဿင်္ခါရိကစိတ်ငါးခုကိုဆိုသည်။

ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရာတွင် နောက်သို့တွန့်သောစိတ် ရပ်ထားခြင်သောစိတ်ဟု ဆိုလိုသည်။

တေဠိ သက်ဋ္ဌိတစိတ္တံ နာမ။ ဟိ သစ္စံ၊ မှန်၏။ ဧတံ စိတ္တံ၊ ဤသဿင်္ခါ-ရိကစိတ်ငါးခုသည်။ သက်ဋ္ဌိတစိတ္တံ နာမ၊ နောက်သို့ဆုတ်သောစိတ်မည်၏။

ဝိက္ခိတ္တစိတ်ဆိုသည်မှာ ပုံ့လွှင့်တုန်လှုပ်သော ဥဒ္ဓစ္စနှင့်တကွဖြစ်သော မောဟမူစိတ်ကို ဆိုသည်။ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ရာတွင် ဟိုရောက် ဒီရောက်သွားသောစိတ်ဟု ဆိုလိုသည်။

တေဠိ ပသဋ္ဌစိတ္တံ။ ဟိ သစ္စံ၊ မှန်၏။ ဧတံ စိတ္တံ၊ ဤဥဒ္ဓစ္စနှင့်တကွဖြစ်သောစိတ်သည်။ ပသဋ္ဌစိတ္တံ။ ပုံ့လွှင့်သောစိတ်မည်၏။

၅။ မဟဂ္ဂတစိတ် အမဟဂ္ဂတစိတ်နှစ်မျိုးတို့တွင် မဟဂ္ဂတစိတ်ဆိုသည်မှာ ရူပါဝစရစိတ် အရူပါဝစရစိတ်တို့ကိုဆိုသည်။ အမဟဂ္ဂတစိတ်ဆိုသည်မှာ ကာမာဝစရစိတ်ကိုဆိုသည်။

၆။ သဥတ္တရစိတ် အနုတ္တရစိတ်နှစ်မျိုးတို့တွင် သဥတ္တရစိတ်ဆိုသည်မှာ ကာမာဝစရစိတ် ငါးဆဲ့လေးပါးကိုဆိုသည်။ အနုတ္တရစိတ်ဆိုသည်မှာ ရူပါ-ဝစရ အရူပါဝစရစိတ်တို့ကိုဆိုသည်။

တနည်း ရူပါဝစရစိတ်ကို သဥတ္တရ အရူပါဝစရစိတ်ကို အနုတ္တရစိတ် ဆိုသည်။

၇။ သမာဟိတစိတ် အသမာဟိတစိတ်နှစ်မျိုးတို့တွင် သမာဟိတတည်ကြည်သော စိတ်ဆိုသည်မှာ ဥပစာရသမာဓိ အပ္ပနာသမာဓိ ရှိနေရနေသောစိတ်ကို သမာဟိတစိတ်ဆိုသည်။ မဟာကုသိုလ်စိတ်နှင့် မဟဂ္ဂုတ်ကုသိုလ်စိတ်ဟုဆိုသည်။ အသမာဟိတစိတ်ဆိုသည်မှာ သမာဓိနှစ်ပါးမှကင်းသောစိတ်ကိုဆိုလိုသည်။

၈။ ဝိမုတ္တစိတ် အဝိမုတ္တစိတ် နှစ်မျိုးတို့တွင် ဝိမုတ္တစိတ်ဆိုသည်မှာ တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိတို့ဖြင့် ကာမစ္ဆန္ဒစသော နိဝရဏတရားတို့မှ လွတ်သောစိတ်ကိုဆိုလိုသည်။ မဟာကုသိုလ်စိတ်နှင့် မဟဂ္ဂုတ်ကုသိုလ်စိတ်ဟုဆိုလိုသည်။ သမုစ္ဆေဒဝိမုတ္တိ ပဋိပဿဒ္ဓိဝိမုတ္တိ နိဿရဏဝိမုတ္တိတို့ကို မယူရ။ စိတ်သည် နှစ်ခုအစုံအားဖြင့် ရှစ်စုံ, အရေအတွက်အားဖြင့် တဆဲ့ခြောက်မျိုး ရှိသည်။

မှီရာဝတ္ထု၏အစွမ်းအားဖြင့် ဝိညာဉ်ခြောက်ပါး

အာရုံကိုပိုင်းခြား၍ သိခြင်းလက္ခဏာရှိသောစိတ်သည် မှီရာဝတ္ထု၏အစွမ်းဖြင့် စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ်ဟူ၍ ခြောက်မျိုးရှိတယ်။

မေး။ ထိုခြောက်မျိုးတို့တွင် စက္ခုဝိညာဉ်ဆိုသည်မှာ အဘယ်သဘောကိုခေါ်ပါသနည်း။

ဖြေ။ မျက်စိအကြည်မှန်မှာ ပေါ်လာတဲ့ အဆင်းရူပါရုံကို သိတဲ့သဘောကို စက္ခုဝိညာဉ်လို့ ခေါ်တယ်။ ထိုစက္ခုဝိညာဉ်သည် ရူပါရုံကိုသာ အာရုံပြုခြင်းအလုပ်ကို လုပ်တတ်သည်၊ ရူပါရုံသို့ ရှေးရှုသောအဖြစ်ကိုသာ ထင်ပေါ်လာစေသည်၊ ရူပါရုံကို အာရုံပြုသော ပဉ္စဒ္ဒါရာဝဇ္ဇန်းချုပ်ကွယ်ခြင်းလျှင် နီးစွာသောအကြောင်းရှိသည်၊ အဆင်းကိုမြင်သိတဲ့သဘောကလေးကား ကိုယ်ခြဗ်လဲ မဟုတ်ပါ၊ အဆင်းသဏ္ဌာန်လဲ မဟုတ်ပါ၊ သိတဲ့အမူအရာကြိယာသက်သက်မျှသာ ဖြစ်ပါတယ်။

စက္ခုအကြည်ဆိုသည်မှာ မျက်နှက်ဝန်းအလယ် ပဲနောက်စေ့လောက်အကြည်ကွက်ကလေးရှိတယ်၊ မျက်လွှာခုနစ်လွှာ ခုနစ်ထပ်တိုင်အောင် ပို့နှံ့စေ၍ မဟာဘုတ်တို့ကို ကြည်စေတဲ့ သဘောအမူအရာကို စက္ခုပသာဒ မျက်စိအကြည်လို့ ခေါ်သည်။

ဥပမာ ကျွန်းသားဆေးတံကို ချေညက်အောင်ကော်ပတ်စား၍ ချေညက်လျှင် အရောင်တင်မှတ်ကျောက်ဖြင့် နာနာဖိနှိပ်၍ ပွတ်တိုက်သောအခါ အကြည်အလင်းကွက်ကလေးဖြစ်ပေါ်လာတယ်၊ လက်ပြလိုက်လျှင် လက်ရိပ်ထင်ကာလာတယ်။ ကျွန်းသားဆေးတံကားတခြား အကြည်အလင်းကွက်ကတခြားဖြစ်သကဲ့သို့ မဟာဘုတ်ရုပ်ကားတခြား ရူပါရုံတို့ ထင်ပေါ်လာရာ အကြည်ကွက်ကတခြားလို့ မှတ်ရာသည်။

မေး။ ဘာကြောင့်စက္ခုဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ မျက်စိအကြည်တံခါးမှာ ပေါ်လာတဲ့အဆင်းရူပါရုံတို့ကို သိတတ်သောကြောင့် စက္ခုဝိညာဉ်လို့ ခေါ်တယ်။

မေး။ အဘယ်ကဲ့သို့ သိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ကို နားမလည်သော အန္ဓပုထုဇဉ်ကား မိန်းမယောကျ်ားတို့ကိုသာ မိစ္ဆာဉာဏ်ဖြင့် မြင်သိနေသည်၊ ရုပ်နာမ်နှစ်ပါးတို့ကို နားလည်သော ကလျာဏပုထုဇဉ်ကား အဆင်းရူပါရုံကိုသာ သမ္မာဉာဏ်ဖြင့် မြင်သိသည်၊ မိန်းမယောကျ်ားတို့ကို မမြင်ပါ။

မေး။ စက္ခုဝိညာဉ်သည် မှီရာဝတ္ထုခြောက်ပါးတို့တွင် အဘယ်ဝတ္ထုကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ စက္ခုဝတ္ထု မျက်စိမှီရာကို မှီ၍ ဖြစ်သည်။

မေး။ စက္ခုဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ အဆင်းရူပါရုံတို့ကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ စက္ခုဝိညာဉ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ စက္ခုပသာဒ မျက်စိအကြည်, အဆင်းရူပါရုံ, အာလောကအရောင်အလင်း, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

တနည်း ရုပ်နာမ်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်။

မေး။ သောတဝိညာဉ်ဆိုသည်မှာ အဘယ်သဘောကို ခေါ်ဆိုပါသနည်း။

ဖြေ။ နားအကြည်မှန်မှာ ပေါ်လာတဲ့ အသံသဒ္ဒါရုံတို့ကို သိတဲ့ သဘောကို သောတဝိညာဉ်လို့ ခေါ်ပါတယ်။ ထိုသောတဝိညာဉ်သည် သဒ္ဒါရုံကိုသာ အာရုံပြုခြင်းအလုပ်ကို လုပ်တတ်သည်။ သဒ္ဒါရုံကို အာရုံပြုသော ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်ခြင်းလျှင် နီးစ့ဖာသောအကြောင်းရှိသည်။ အသံကိုကြားသိတဲ့ သဘောကလေးကား သိတဲ့အမူအရာကြိယာသက်သက် မျှသာ ဖြစ်ပါတယ်။ သောတအကြည်ဆိုသည်မှာ နားပေါက်တွင်းဝယ် လက်တဆစ်လောက်ရှိသော အရပ်တွင် ကြေးနီလက်စွပ်ကွင်းသဏ္ဌာန် နီသောအဆင်းရှိသော နုနယ်သောအမွေးတို့ ပေါက်ရာမဟာဘုတ်တို့ကို ကြည်စေတဲ့ အကြည်ကွက်ကလေးကို သောတပသာဒ နားအကြည် နားမှန်လို့ ခေါ်တယ်။

မေး။ အဘယ်ကြောင့် သောတဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ နားအကြည် နားတံခါးမှာ ပေါ်လာတဲ့ အသံသဒ္ဒါရုံတို့ကို သိတတ်သောကြောင့် သောတဝိညာဉ်လို့ ခေါ်တယ်။

မေး။ ဘယ်ပုံသိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်နှစ်ပါးတို့ကိုနားမလည်သော အန္ဓပုထုဇ္ဇဉ်ကား ကြောက်စရာ လန့်စရာ ဘီလူးသံ ကျားဟိန်းသံ မိန်းမသံတို့ကိုသာ မိစ္ဆာဉာဏ်ဖြင့် ကြားသိကြသည်။ ရုပ်နာမ်နှစ်ပါးတို့ကို နားလည်သော ကလျာဏပုထုဇ္ဇဉ်ကား ပညတ်နှင့် မရောမယှက် သက်သက်သော အသံသဒ္ဒါရုံတို့ကို အာရုံပြု၍ ကြားကြသိကြသည်။

မေး။ သောတဝိညာဉ်သည် ဝတ္ထုခြောက်ပါးတို့တွင် အဘယ်ဝတ္ထုကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ သောတဝတ္ထု နားအကြည်ကိုမှီ၍ဖြစ်သည်။

မေး။ သောတဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ အသံသဒ္ဒါရုံတို့ကို အာရုံပြုသည်။

မေး။ သောတဝိညာဉ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ သောတပသာဒ နားအကြည်, အာသံသုဒ္ဓါရုံ, ဆိဒ္ဓဝိဝရအပေါက်, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

တနည်း နာမ်ရုပ်ဟူသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

မေး။ ဃာနဝိညာဉ်ဆိုသည်မှာ အဘယ်သဘောကို ခေါ်ဆိုပါသနည်း။

ဖြေ။ နှာခေါင်းအကြည် မှန်တံခါးမှာပေါ်လာတဲ့ အနံ့ဂန္ဓာရုံတို့ကို သိတဲ့သဘောကို ဃာနဝိညာဉ်လို့ခေါ်သည်။

ထိုဃာနဝိညာဉ်သည် ဂန္ဓာရုံကိုသာ အာရုံပြုခြင်းအလုပ်ကို လုပ်တတ်သည်။ ဂန္ဓာရုံသို့ ရှေးရှုသောအဖြစ်ကိုသာ ထင်ပေါ်လာစေသည်။ ဂန္ဓာရုံကို အာရုံပြုသော ပဉ္စဒ္ဒါရာဝဇ္ဇန်းချုပ်ကွယ်ခြင်းလျှင် နီးစွာသောအကြောင်းရှိသည်။ အနံ့ကိုနံသိတဲ့သဘောကလေးကား သိတဲ့အမှုအရာကြီယာ သက်သက်မျှသာ ဖြစ်ပါတယ်။

ဃာနအကြည်ဆိုသည်မှာ နှာခေါင်းတွင်းဝယ် လက်တဆစ်လောက်ရှိသော အရပ်တွင် ဆိတ်ခွါသဏ္ဌာန်ရှိသောဒေသမှာ မဟာဘုတ်တို့ကို ကြည်လင်စေတဲ့ အကြည်မှန်ကို ဃာနပသာဒ နှာခေါင်းအကြည် နှာခေါင်းမှန်လို့ ခေါ်တယ်။

မေး။ အဘယ့်ကြောင့် ဃာနဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ နှာခေါင်းအကြည် နှာခေါင်းတံခါးမှာ ပေါ်လာတဲ့ အနံ့ဂန္ဓာရုံတို့ကို သိတတ်သောကြောင့် ဃာနဝိညာဉ်လို့ခေါ်သည်။

မေး။ အဘယ်ပုံသိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်နှစ်ပါးတို့ကို နားမလည်သော အန္ဓပုထုဇ္ဇဉ်သည် မိန်းမအနံ့ ယောကျ်ားအနံ့ ကျင်ကြီးအနံ့ ကျင်ငယ်အနံ့ သနပ်ခါးနံ့ စန္ဒကူးနံ့ ကရမက်နံ့တို့ကိုသာ မိစ္ဆာဉာဏ်ဖြင့် အနံ့ကိုနံသိကြသည်၊ ရုပ်နာမ်နှစ်ပါးတို့ကို နားလည်သော ကလျာဏပုထုဇ္ဇဉ်ကား ပညတ်နှင့်မရောမယှက်သက်သက်သော အနံ့ဂန္ဓာရုံတို့ကိုသာ နံသိသည်။

မေး။ ဃာနဝိညာဉ်သည် မှီရာဝတ္ထုခြောက်ပါးတို့တွင် အဘယ်ဝတ္ထုကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ဃာနဝတ္ထု နှာခေါင်းအကြည်ကိုမှီ၍ ဖြစ်ပါသည်။

မေး။ ဃာနဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြုပါသနည်း။

ဖြေ။ အနံ့ဂန္ဓာရုံတို့ကို အာရုံပြုပါသည်။

မေး။ ဃာနဝိညာဉ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ဃာနပသာဒ နှာခေါင်းအကြည်, အနံ့ဂန္ဓာရုံ, ဝါတလေ, မနသိကာရ နှစ်လုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။ တနည်း နာမ်ရုပ်ဟူသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

မေး။ ဇိဝှါဝိညာဉ်ဆိုသည်မှာ အဘယ်သဘောကို ခေါ်ပါသနည်း။

ဖြေ။ လျှာအကြည် မှန်တံခါးမှာပေါ်လာတဲ့ အချို့အချဉ် အစပ် အငန် အဖန်အခါးစသော ရသာရုံတို့ကို သိတဲ့သဘောကို ဇိဝှါဝိညာဉ်လို့ ခေါ်သည်။

ထိုဇိဝှါဝိညာဉ်သည် ရသာရုံကိုသာ အာရုံပြုခြင်းအလုပ်ကို လုပ်တတ်သည်။ ရသာရုံသို့ ရှေးရှုသောအဖြစ်ကိုသာ ထင်ပေါ်လာစေသည်။ ရသာရုံကိုအာရုံပြုသော ပဉ္စဒ္ဒါရာဝဇ္ဇန်းချုပ်ကွယ်ခြင်းလျင် နီးစွာသော အကြောင်းရှိသည်။

အချို့အချဉ်စသော ရသာရုံတို့ကို သိတဲ့သဘောကလေးကား သိတဲ့အမူအရာကြီယာသက်သက်မျှသာ ဖြစ်တယ်။ ဇိဝှါအကြည်ဆိုသည်မှာ အရင်းအဖျားပယ်ထားသော လျှာလယ်အရပ်တွင် ကြာရွက်သဏ္ဌာန် မဟာဘုတ်တို့ကို ကြည်စေတဲ့အမူအရာ အကြည်ကွက်ကို ဇိဝှါပသာဒ လျှာအကြည် လျှာမှန်လို့ ခေါ်တယ်။

မေး။ အဘယ်ကြောင့် ဇိဝှါဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ လျှာအကြည် လျှာတံခါးမှာပေါ်လာတဲ့ အချို့အချဉ်စသော ရသာရုံတို့ကိုသိတတ်သောကြောင့် ဇိဝှါဝိညာဉ်လို့ ခေါ်သည်။

မေး။ ဘယ်ပုံသိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်တို့ကို နားမလည်သော အန္ဓပုထုဇ္ဇဉ်သည် ကြက်သား နွားသား ဘဲသား အရသာတို့ကိုသာ မိစ္ဆာဉာဏ်ဖြင့်သိသည်။ ရုပ်နာမ်တို့ကို နားလည်သော ကလျာဏပုထုဇ္ဇဉ်ကား ပညတ်နှင့်မရောမယှက် သက်သက်

သော အချို့အချဉ်စသော ရသာရုံတို့ကို သမ္မာညာဏ်ဖြင့် အမှန်အကန် သိသည်။

မေး။ ဇိဝှါဝိညာဉ်သည် မှီရာဝတ္ထုခြောက်မျိုးတို့တွင် အဘယ်ဝတ္ထုကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ဇိဝှါဝတ္ထု လျှာအကြည်ကိုမှီ၍ ဖြစ်ပါသည်။

မေး။ ဇိဝှါဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ ရသာရုံကိုအာရုံပြု၍ဖြစ်ပါသည်။

မေး။ ဇိဝှါဝိညာဉ်သည် အဘယ်အကြောင်းကြောင့်ဖြစ်ပါသနည်း။

ဖြေ။ ဇိဝှါပသာဒ လျှာအကြည်, ရသာရုံ, အာပ စိုစွတ်မှု, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာပါသည်။

တနည်း ရုပ်နာမ်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်။

မေး။ ကာယဝိညာဉ်ဆိုသည်မှာ အဘယ်သဘောမျိုးကို ခေါ်ဆိုပါသနည်း။

ကိုယ်အကြည် ကိုယ်မှန်တံခါးမှာပေါ်လာတဲ့အကြမ်း အနုပထဝီအတွေ့, အပူ အအေး တေဇောအတွေ့, ထောက်ပံ့လှုပ်ရှား တိုးဝှေ့တွန်းကန်သော ဝါယောအတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကိုသိတဲ့သဘောကို ကာယဝိညာဉ်လို့ ခေါ်ပါသည်။

ထိုကာယဝိညာဉ်သည် အတွေ့ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုခြင်း အလုပ်ကို လုပ်တတ်သည်။ အတွေ့ဖောဋ္ဌဗ္ဗာရုံသို့ ရှေးရှုသောအဖြစ်ကိုသာ ထင်ပေါ်လာစေသည်။ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ပဉ္စဒ္ဒါရာဝဇ္ဇန်း ချုပ်ကွယ်ခြင်းလျှင် နီးစွာသောအကြောင်းရှိသည်။ အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ကို သိတဲ့သဘောကလေးကား သိတဲ့အမူအရာ ကြိယာသက်သက်မျှသာ ဖြစ်တယ်။ ကာယပသာဒ ကိုယ်အကြည်ဆိုသည်မှာ ခန္ဓာကိုယ်တခုလုံးတွင် ကေသဆံ, လောမ အမွေး, ဆဝိ အရေ, အဋ္ဌိ အရိုး, နခါ လက်သည်းခြေသည်း, ပါစက ဝမ်းမီး ခြောက်မျိုးတို့ကိုပယ်ထား၍ ကြွင်းသော အရပ်အားလုံးကား ဖောဋ္ဌဗ္ဗာရုံတို့ ထင်ပေါ်လာနိုင်ရာ အကြည်ကွက်သာဖြစ်ပါတယ်။

ယုတ်စွအဆုံး ခြင်ကိုက်၍ နာကျင်တဲ့နေရာ မှန်သမျှတွင် မဟာဘုတ်တို့ကို ကြည်စေတဲ့ အကြည်ကွက်ဟူသမျှကို ကာယပသာဒ ကိုယ်အကြည်လို့ ခေါ်တယ်။

မေး။ အဘယ်ကြောင့် ကာယဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ ကိုယ်အကြည် ကိုယ်မှန်တံခါးတွင် ပေါ်လာသော အတွေ့ဖောဋ္ဌဗ္ဗာရုံတို့ကို သိတတ်သောကြောင့် ကာယဝိညာဉ်လို့ခေါ်သည်။

မေး။ ဘယ်ပုံသိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်နှစ်ပါးတို့ကို နားမလည်သော အန္ဓပုထုဇ္ဇဉ်သည် မိန်းမနှင့် တွေ့ထိသည် မီးကို နင်းမိသည် လေငန်းဖမ်းသည်လို့ မိစ္ဆာဉာဏ်ဖြင့် အမှားကိုသိသည်၊ ရုပ်နာမ်နှစ်ပါးတို့ကို နားလည်သော ကလျာဏပုထုဇ္ဇဉ်ကား ပညတ်နှင့်မရောမယှက် သက်သက်သော ပထဝီအတွေ့ တေဇော အတွေ့ ဝါယောအတွေ့တို့ကိုသာ သမ္မာဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ဖောဋ္ဌဗ္ဗာရုံတို့ကိုသာ သိသည်။

မေး။ ကာယဝိညာဉ်သည် မှီရာဝတ္ထု ခြောက်ပါးတို့တွင် အဘယ်ဝတ္ထုကို မှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ကာယဝတ္ထု ကိုယ်အကြည်ကိုမှီ၍ ဖြစ်သည်။

မေး။ ကာယဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြု၍ ဖြစ်ပါသနည်း။

ဖြေ။ အတွေ့ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၍ဖြစ်သည်။

မေး။ ကာယဝိညာဉ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ကာယပသာဒ ကိုယ်အကြည်, ဖောဋ္ဌဗ္ဗာရုံ, ထဒ္ဓမာမှု, မနသိကာရ နှစ်လုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

တနည်း ရုပ်နာမ်ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည်။

မေး။ မနောဝိညာဉ်ဆိုသည်မှာ အဘယ်သဘောကို ခေါ်ပါသနည်း။

ဖြေ။ မနောအကြည် မနောမှန်တံခါးမှာ ပေါ်လာတဲ့ ခြောက်မျိုးသော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ကို သိတဲ့ သဘောအမူအရာတို့ကို မနောဝိညာဉ်လို့ခေါ်ပါသည်။

ထိုမနောဝိညာဉ်သည် ဖြစ်သင့်သည်အားလျော်စွာ ခြောက်ပါးသော အာရုံတို့ကို အာရုံပြုခြင်းအလုပ်ကို လုပ်တတ်သည်။ တနည်း ဆင်ခြင်ခြင်းအစရှိသောအလုပ်ကို လုပ်တတ်သည်။ ခြောက်ပါးသောအာရုံတို့သို့ ရှေးရှုသော အဖြစ်ကိုသာ ထင်ပေါ်လာစေသည်။ တနည်း ထိုသို့သော အခြင်းအရာအားဖြင့် ဆင်ခြင်ခြင်းအစရှိသောအဖြစ်ကို ထင်ပေါ်လာစေသည်။ ဟဒယဝတ္ထုလျှင် နီးစွာအကြောင်းရှိသည်၊ ခြောက်မျိုးသော အာရုံတို့ကို သိတဲ့သဘောကလေးကား သိတဲ့အမူအရာကြိယာသက်သက်မျှသာ ဖြစ်ပါတယ်။

မနောအကြည်ဆိုသည်မှာ နှလုံးဗူးလိုဏ်တွင်း နှလုံးသွေးဟု ခေါ်ဆိုအပ်သော ဟဒယဝတ္ထုရုပ်မှန့်ကလေးတွေအပေါ်၌ ပဏ္ဍရပဘာဿရ ပြိုးပြိုးပြက်ပြက် တလက်လက်ဖြစ်အောင် အလှန်ကြည်လင်သော ဘဝင်စိတ်ကို မနောအကြည်ဆိုပါတယ်၊ ဤဘဝင်စိတ်သည် အတိတ်က ကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံသုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍နေ၏။ ဤဘဝင်မနော အကြည်မျှားစွာ ဆက်လက်၍ ဖြစ်နေတဲ့အခါ ပုဂ္ဂိုလ်သည် ဘာမှန်းမှ မသိတော့ပြီ၊ ထိုအခါ အိပ်ပျော်နေတယ် မြောနေတယ် မေ့နေတယ်လို့ ခေါ်ကြသည်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့မှ ကြွင်းသော သခ်ိတ အသခ်ိတ ပညတ်ဟုဆိုအပ်သော အလုံးစုံသော တရားတွေကို ဓမ္မာရုံဟု ဆိုသည်။

ထိုဓမ္မာရုံတို့သည် ဒီမနောအကြည်၌ ထင်လာကြသောအခါ အကြောင်းကြောင့် စည်သံ မီးပုံ့ မီးခိုးတို့ ဖြစ်ပေါ်လာကြသကဲ့သို့ ထိုအတူ ထင်လာသောဓမ္မာရုံတို့ကိုသိတဲ့ မနောဝိညာဉ်တွေ ဟဒယဝတ္ထုရုပ်မှန့်ကလေးတွေကို မှီ၍ ဖြစ်ပေါ်ကာနေသည်။ နံနက်မိုးသောက်သောအခါ ကြက်သံ လူသံစသော အသံတို့ သောတအကြည်၌ ထိခိုက်လာ၍ သောတဒ္ဒါရ ဝီထိကျသောအခါမှာဂျင်း မနောအကြည်သက်သက်၌ ဓမ္မာရုံတို့ထင်လာသော အခါမှာသော်ဂျင်း ထင်လာသောဓမ္မာရုံကို ကြံစည်ခြင်း သိခြင်းသဘော မနောဝိညာဉ်ကြီးတွေ ဖြစ်ပေါ်လာသောကြောင့် နိုးကြသည်လို့ ခေါ်ကြ

သည်၊ မျက်စိကလဲ့ မမြင် နားကလဲ့မကြား နှာခေါင်းကလဲ့မနံ လျှာကလဲ့ ချို ချဉ်စသည်ကို မသိ ကိုယ်ကလည်း တခုခုကို တွေ့ထိမှန်း မသိပဲ နှလုံးထဲ ဝမ်းထဲက ကြံကြံတွေးတွေး သိနေသမျှသည် မနောအကြည်တွင် ထင်လာသော အာရုံခြောက်ပါးတို့ကို ကြံတဲ့ တွေးတဲ့ သိတဲ့ မနောဝိညာဉ်တွေ ဖြစ်ပျက်နေမှုသာတည်း၊ ဤပုံ မနောဝိညာဉ်စိတ်တို့ ထင်ပေါ်လာရာ အကြည်ကို မနောအကြည်ဟု ဆိုပါသည်။

မေး။ အဘယ့်ကြောင့် မနောဝိညာဉ်လို့ ခေါ်ပါသနည်း။

ဖြေ။ မနောအကြည် မနောမှန်တံခါးတွင် ထင်ပေါ်လာသော ခြောက်မျိုးသော အာရုံတို့ကို သိတတ်သောကြောင့် မနောဝိညာဉ်လို့ ခေါ်ပါသည်။

မေး။ ဘယ်ပုံသိတတ်ပါသနည်း။

ဖြေ။ ရုပ်နာမ်နှစ်ပါးတို့ကို နားမလည်သော အန္ဓပုထုဇ္ဇဉ်သည် မယားလင် သား သမီးတို့ကို အာရုံပြု၍ ကြံတွေးသည် သိသည်။ ရတနာရွှေငွေစိန်ကျောက်တွေကို အာရုံပြု၍ ကြံတွေးသည် သိသည်၊ ရုပ်နာမ်နှစ်ပါးတို့ကို နားလည်သော ကလျာဏ ပုထုဇ္ဇဉ်ကား အဆင်း အသံ အနံ့ အရသာ အတွေ့ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့ကို ကြံတွေးသည် သိသည်၊ ရူပါရုံကို ကြံတွေး စိတ်ကူးသိသည်၊ သဒ္ဒါရုံကို ကြံတွေး စိတ်ကူးသိသည်၊ စျာန်အဘိညာဉ်တို့ကို ကြံတွေးသည် စိတ်ကူးသည်၊ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ကြံတွေးသည် သိသည်။

မေး။ မနောဝိညာဉ်သည် မှီရာဝတ္ထုခြောက်မျိုးတို့တွင် အဘယ်ဝတ္ထုကိုမှီ၍ ဖြစ်ပါသနည်း။

ဖြေ။ ဟဒယဝတ္ထုကို မှီ၍ ဖြစ်ပါသည်။

မေး။ မနောဝိညာဉ်သည် အာရုံခြောက်ပါးတို့တွင် အဘယ်အာရုံကို အာရုံပြု၍ဖြစ်ပါသနည်း။

ဖြေ။ ရူပါရုံအစရှိသော ခြောက်မျိုးသော အာရုံတို့ကို အာရုံပြု၍ ဖြစ်ပါသည်။

မေး။ မနောဝိညာဉ်သည် အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ မနောအကြည်, သဘော ဓမ္မာရုံ တနည်း အာရုံခြောက်ပါး, ဟဒယဝတ္ထု, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။

တနည်း နာမ်ရုပ်ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည်။

ပုံပါးမျှားပုံ နှလုံးသွင်းကြည့်ရှုပုံ

ဖြူသောအဆင်းရှုပါရုံသည် မျက်စိအကြည်မှာဂင်း ဘဝင်ဟု ဆိုအပ်သော မနောအကြည်မှာဂင်း တပြိုင်နက်အား‌ဖြင့် ထင်လာသည်။ မျက်စိမှာ ထိခိုက်လာသောကြောင့် မျက်စိကိုမှီ၍ ဖြူတဲ့အဆင်းကိုသိတဲ့ စက္ခုဝိညာဉ် ဖြစ်ပေါ်လာသည်။ ထိုအဆင်းကိုသိတဲ့ မြင်သိဝိညာဉ်ကား အာရုံသို့ ညွှတ်တတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ် ငါကမြင်သည်မဟုတ်ဟု နှလုံးသွင်းရာ၏။

ဤပုံ နှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြား၍သိသော နာမပရိစ္ဆေဒဉာဏ် ဖြစ်သွားပါသည်။ ၎င်းဉာဏ်ဖြင့် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကွာကာသွားပါသည်။

ထိုမှ နောက်ကာလ မြင်သိဝိညာဉ် နာမ်တရားသည် စက္ခုပသာဒ မျက်စိအကြည်, အဆင်းရှုပါရုံ, အာလောက အရောင်အလင်း, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်၊ တန်ခိုးကြီးမား နတ်သိကြားတို့ကြောင့် ဖြစ်ပေါ်လာသည်မဟုတ်ဟု နှလုံးသွင်းရာ၏။

ဤပုံ နှလုံးသွင်းခဲ့သော် ပစ္စယပရိဂ္ဂဟ အကြောင်းမှန်ကိုသိတဲ့ဉာဏ် ဖြစ်ပေါ်လာသည်၊ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိ အကြောင်းမရှိပဲ မြင်သိဝိညာဉ် ဖြစ်ပေါ်လာတယ်လို့ ယူသော မိစ္ဆာအယူကိုဂင်း ဝိသမဟေတုကဒိဋ္ဌိ ထာဝရဘုရား နတ်သိကြားတို့ ဖန်ဆင်းကာထားသည်ဟုယူသောမိစ္ဆာအယူကိုဂင်း ယုံမှားခြင်း ဝိစိကိစ္ဆာကိုဂင်း ပယ်ကာသွားပါတယ်။

အဒ္ဓါနပရိဂ္ဂဟ အနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ယောဂီသည် စက္ခုဝတ္ထု မျက်စိအကြည်နှင့် အဆင်းရှုပါရုံကို သိမ်းဆည်း၍ မြင်သိ စက္ခုဝိညာဉ် ဖြစ်ပေါ်လာရာ မျက်စိတွင်

စိတ်ကိုထား၍ ဖြစ်ပေါ်လာသော မြင်သိစက္ခုဝိညာဉ်ကား အမြဲမရှိအနိစ္စ အမြဲမရှိအနိစ္စဟု ပဋိးများလေ။

ဖြူတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်ကား ဖြူတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍ သွားတာပဲ၊ နီတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်လဲ နီတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍ သွားတာပဲ၊ ဝါတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်လဲ ဝါတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍ သွားတာပဲ၊ ပြာတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်လဲ ပြာတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍ သွားတာပဲ၊ ရှေတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်လဲ ရှေတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍သွားတာပဲ၊ ညိုတဲ့အဆင်းကိုသိတဲ့ မြင်သိဝိညာဉ်လဲ ညိုတဲ့အဆင်းတွင် ချုပ်ကွယ်သဆုံး၍သွားတာပဲ၊ ထို့ကြောင့် တခုတည်းသော မြင်သိဝိညာဉ်က ပေါ်လာသမျှသော အဆင်းရူပါရုံတို့ကို မြင်သိကာ နေသည်မဟုတ်ပါ။ မျက်စိအကြည်မှာ အဆင်းရူပါရုံ ထင်ပေါ်လာမှသာ ဖြစ်ပေါ်လာသော မြင်သိစက္ခုဝိညာဉ်မျိုး ဖြစ်သောကြောင့် အနိစ္စ မမြဲတဲ့ အာဂန္တုကတရားမျိုးသာ ဖြစ်ပါတယ်။ သူ့အဆင်းရူပါရုံနှင့် သူ့အာရမ္မဏိက မြင်သိဝိညာဉ်တို့ ထပ်မံဟပ်မိလျက် ချုပ်ကွယ်ကာသွားကြပါတယ်။

ဘုရားရှေ့မှာ အစိမ်း အဝါ အနီ အပြာ ရောထားတဲ့ ဓာတ်မီးပွင့်ကလေးတို့ဖြင့် အလင်းရောင် ပေါ်လာလို့က် ပျောက်သွားလို့က်နှင့် ပူဇော်ထားတဲ့ ဓာတ်မီးပွင့်တို့ကိုကြည့်ရာ အလင်းရောင် ပေါ်လာတဲ့အခါ မြင်သိဝိညာဉ် ပေါ်လာတယ်၊ ပျောက်သွားတဲ့အခါ မြင်သိဝိညာဉ် ချုပ်ကွယ်ကာသွားတယ်၊ အစိမ်းရောင်ကို မြင်သိတဲ့ဝိညာဉ် အဝါ အနီ အပြာရောင်တို့ကို မသိပါ၊ သူ့အဆင်းနှင့် သူမြင်သိဝိညာဉ်တို့ ထပ်မံ ဟပ်မိလျက်သာ သေဆုံးကာ သွားကြတယ်။ အဆင်းကိုမြင်သိတဲ့ မြင်သိဝိညာဉ် အသံသဒ္ဒါရုံကို ကြားသောအခါ မြင်သိဝိညာဉ် ချုပ်ကွယ်ကာသွားပါတော့သည်၊ ကြားသိဝိညာဉ် ဖြစ်ပေါ်၍နေပါတယ်။ အကြည်ခြောက်ပါး တံခါးခြောက်ခုမှ အသိဝိညာဉ်တို့ တလှည့်စီ အာရုံအားလျော်စွာ ဖြစ်ပေါ်၍ ချုပ်ကွယ်သေဆုံးကြပါတယ်။

မျက်စိကို ဖွင့်လိုက် မှိတ်လိုက် လုပ်၍ကြည့်ပါ၊ အသေအချာ မြင်သိဝိညာဉ် ဖြစ်ပေါ်လာသည်ကိုၾကင်း ပျောက်ကွယ်သွားသည်ကိုၾကင်း တွေ့ရပါလိမ့်မည်၊ တိမ်တိုက်ချင်းချင်း တိုက်ခတ်ကြသောအခါ ကြယ်ပျံသည်ဟု

ခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်ကာ ပျောက်ကွယ်သွားသကဲ့သို့ဌင်း ခက်မာသောဝတ္ထုတခုနှင့် ခက်မာသောဝတ္ထုတခု ထိခိုက်ကြသောအခါ အသံဖြစ်ပေါ်ကာ ပျောက်ကွယ်သွားသကဲ့သို့ဌင်း ထို့အတူ လဝန်းသဏ္ဌာန်စသော အရိပ်အဆင်းရှုပါရုံသည် စက္ခု မျက်စိအကြည်မှာ ထိခိုက်သောအခါ..ထိခိုက်ချက်ဒဏ် အဟုန်ကြောင့် စက္ခု မျက်စိအကြည်ပေါ်မှာ မြင်သိဝိညာဉ်စိတ် တဖွားဖွားဖြစ်ပေါ်၍ ထိခိုက်ချက် ကင်းကွာသောအခါ အသံပျောက်ကွယ်ကာသွားသကဲ့သို့ ထိုမြင်သိဝိညာဉ်များ ချုပ်ကွယ်သေဆုံးကြပါတယ်။

မနောအကြည်မှာလဲ လဝန်းသဏ္ဌာန် အရိပ်အဆင်းရှုပါရုံ ထိခိုက်ချက်ဒဏ်အဟုန်ကြောင့် ထိုလဝန်းသဏ္ဌာန်ကို သိသော မနောဒွါရဝီထိစိတ်အစဉ်များ တဖွားဖွား ဖြစ်ပေါ်၍ ချုပ်ကွယ်သေဆုံးကြလေသည်၊ ခေါင်းလောင်းကြေးစည်တို့ကို တုတ်တံနှင့် တချက် နှက်လိုက်သောအခါ နှက်လိုက်သောဒဏ်အဟုန်ကြောင့် အသံကလာပ်တွေ တဖွားဖွား ဖြစ်ပေါ်၍ ချုပ်ကွယ်ကာ သေဆုံးကြသကဲ့သို့တည်း။

ခရီးသွားရင်း ဂူန္ဒြေကို ငြိမ်သက်စွာထား၍ မျက်စိအောက်တွင် တွေ့လာသမျှသော ကျောက်ခဲကြီး ကျောက်ခဲကလေး မြက်စိုမြက်ခြောက်စသော ဝတ္ထုတို့ကိုဌင်း ယောကျ်ားမိန်းမစသော သတ္တဝါတို့ကိုဌင်း ကြည့်ရှု၍ မြင်သိဝိညာဉ်တို့၏ မမြဲမှု အနိစ္စကို ရှုကြည့် ပါးများပါလေ။ ဖြစ်ပျက်လဲ ရှုကြည့်သွားနိုင်သည်။

အထက်ကောင်းကင် ကြည့်ရှု၍ တဝင်းဝင်း တလက်လက်နှင့် ဖြစ်ပျက်နေသော တန်လှုပ်ရောင်ကလေးများကို ကြည့်ရှုကာ မြင်သိဝိညာဉ်တို့ အာရုံ အာရမ္မဏိက ထပ်မိဟပ်မိလျက် လျင်မြန်စွာ ပျောက်ကွယ်သွားပုံကို ဘဝနာမယဉာဏ်တွင် သဘောကျသွားအောင် ကြည့်ရှုပါလေ။

ဒုက္ခာနုပဿနာရှုကြည့်ပုံကား

ဖြူသောအဆင်းဟုဆိုအပ်သော ရှုပါရုံသည် မျက်စိအကြည် မျက်စိတံခါးမှာထင်လာသည်၊ မျက်စိအကြည်မှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် မျက်စိကိုမှီ၍ ဖြူတဲ့အဆင်းကိုသိတဲ့ စက္ခုဝိညာဉ် မြင်သိနာမ်တရားကား ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အနှိပ်စက်ခံရသောကြောင့်မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခဒုက္ခဟု ရှုကြည့်ပါလေ။

တနည်း ထိုမြင်သိဝိညာဉ် နာမ်တရားကား ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောကြောင့်မကောင်း ဆင်းရဲ ပင်ပန်းလှသည် ဒုက္ခဒုက္ခဟု ရွာကြည့်ပါးမျှားပါလေ။

အနတ္တာနုပဿနာ ရွာကြည့်ပါးမျှားပုံ

ထိုမြင်သိဝိညာဉ်နာမ်တရားကား အမြဲတည်နေနိုင်သော တရားမဟုတ်သောကြောင့် အနတ္တာ ငါမဟုတ် အနတ္တာ အနတ္တာ၊ တနည်း ထိုမြင်သိဝိညာဉ်နာမ်တရားသည် ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တာ ငါမဟုတ် အနတ္တာ အနတ္တာ၊ တနည်း ထိုမြင်သိဝိညာဉ် နာမ်တရားသည် ဖြစ်ပျက်ကျင်နာ အနှစ်မပါသောကြောင့် အနတ္တာ ငါမဟုတ် အနတ္တာအနတ္တာဟု ပါးမျှားပါလေ။

အသံသဒ္ဒါရုံသည် သောတနားအကြည်မှာဝင်း ဘဝင်ဟုဆိုအပ်သော မနောအကြည်မှာဝင်း တပြိုင်နက်အားဖြင့် ထင်လာ ထိခိုက်လာသည်၊ နားအကြည်မှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် နားအကြည်ကို မှီ၍ အသံသဒ္ဒါရုံကိုသိတဲ့ သောတဝိညာဉ် ကြားသိနာမ်တရားဖြစ်ပေါ်လာသည်။

ထိုအသံကို ကြားသိတဲ့ သောတဝိညာဉ်ကား အာရုံသို့ညွတ်တက်ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ် ငါကြားသည်မဟုတ်လို့ နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြား၍ သိသော နာမပရိစ္ဆေဒဉာဏ် ဖြစ်သွားပါသည်။ ၎င်းဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကွာကာ သွားပါတယ်။

ထိုမှ နောက်ကာလ ကြားသိဝိညာဉ်ဟု ဆိုအပ်သော နာမ်တရားသည် သောတပသာဒ နားအကြည်, အသံသဒ္ဒါရုံ, ဆိဒ္ဓဝိဝရအပေါက်, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံနှလုံးသွင်းခဲ့သော် ပစ္စယပရိဂ္ဂဟ အကြောင်းမှန်ကို သိတဲ့ဉာဏ်ဖြစ်ပေါ်လာသည်။ ၎င်းဉာဏ်ဖြင့် အဟေတုက ဒိဋ္ဌိကိုဎင်း ဝိသမဟေတုကဒိဋ္ဌိကိုဎင်း ယုံမှားခြင်းဝိစိကိစ္ဆာကိုဎင်း ပယ်ကာသွားပါတယ်။

အဒ္ဓါနပရိဂ္ဂဟအနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ယောဂိသည် သောတဝတ္ထု နားအကြည်နှင့် အသံသဒ္ဒါရုံကို သိမ်းဆည်း၍ ကြားသိ သောတဝိညာဉ်ဖြစ်ပေါ်လာရာ နားအကြည်တွင် စိတ်ကိုထား၍ ကြားသိ သောတဝိညာဉ်နာမ်တရားကား အမြဲမရှိ အနိစ္စ အမြဲမရှိ အနိစ္စဟုပ္ဌါးများပါလေ။

လေယာဉ်ပျံသံ မီးရထားသံ သင်္ဘောသံ မိုးသံ လေသံ စည်သံ တုံးသံ လူသံ ခွေးသံ ကြက်သံ ငှက်သံ ဆီစက်သံ သစ်စက်သံ စသောအသံသဒ္ဒါရုံတို့ သောတပသာဒ နားအကြည်မှာ ထင်လာ ထိခိုက်လာရာ ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် နားအကြည်ကိုမှီ၍ အသံသဒ္ဒါရုံတို့ကို ကြားသိတဲ့သောတဝိညာဉ် ကြားသိနာမ်တရားတို့ သူအာရုံနှင့် သူအာရမ္မဏိကဏပ်မိ ဟပ်မိ၍ တသီးတခြားစီ ဖြစ်ပေါ်၍ ချုပ်ကွယ်သေဆုံးကြပါတယ်။ စက္ခုဝိညာဉ်မှာကဲ့သို့ အကျယ်ခဲ့၍ သိပါလေ။

ဒုက္ခာနုပဿနာပ္ဌါးများပုံ

အသံသဒ္ဒါရုံသည် သောတ နားအကြည် နားတံခါးမှာငင်း ဘဝင်ဟုဆိုအပ်သော မနောအကြည်မှာငင်း တပြိုင်နက်အားဖြင့် ထင်လာသည်၊ သောတနားအကြည်တံခါးမှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် နားအကြည်ကိုမှီ၍ အသံသဒ္ဒါရုံကို သိတဲ့သောတဝိညာဉ် ကြားသိနာမ်တရားဖြစ်ပေါ်လာသည်။

ထိုသောတဝိညာဉ် ကြားသိနာမ်တရားကား ဇာတိဘေး ဇရာဘေး မရဏဘေး တို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်းဆင်းရဲ ပင်ပန်းလှသည် ဒုက္ခ ဒုက္ခ။

တနည်း ထိုကြားသိ သောတဝိညာဉ်နာမ်တရားသည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောကြောင့်မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ ဒုက္ခဟု ကြည့်ရှုပ္ဌါးများရာ၏။

အနတ္တာနုပဿနာပ္ဌါးများပုံ

ထိုသောတဝိညာဉ် ကြားသိနာမ်တရားကား အမြဲတည်နေနိုင်သောတရားမဟုတ်သောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တ၊ တနည်း

ထိုသောတဝိညာဉ် ကြားသိသောနာမ်တရားကား ကိုက်ခဲကျင်နာ အလို မပါသောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တ၊ တနည်း ထိုသော တဝိညာဉ် ကြားသိနာမ်တရားကား ဖြစ်ပျက်ကျင်နာ အနှစ်မပါသော ကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တဟု အကြိမ်ကြိမ်ပွါးများအားထုတ် ပါလေ။

အနုံဂန္ဓာရုံသည် ဃာန နှာခေါင်းအကြည်မှာဌင်း မနောဟုဆိုအပ် သော ဘဝင်အကြည်မှာဌင်း တပြိုင်နက်အားဖြင့် ထင်လာသည်။ ဃာန နှာခေါင်းအကြည်မှာထိခိုက်လာသော ဒဏ်အဟုန်ကြောင့် နှာခေါင်း အကြည်ကိုမှီ၍ အနုံဂန္ဓာရုံကိုသိတဲ့ ဃာနဝိညာဉ် အနုံသိနာမ်တရား ဖြစ်ပေါ်လာသည်။ ထိုအနုံကိုနုံသိတဲ့ ဃာနဝိညာဉ်ကား အာရုံသို့ညွတ်တတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ် ငါအနုံကို နုံသည်မဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြားကာသိသော နာမပရိစ္ဆေဒဉာဏ်ဖြစ်သွားပါသည်။ ၎င်းဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ကွာကာသွားပါတယ်။

ထိုမှ နောက်ကာလ အနုံသိဝိညာဉ်ဟု ဆိုအပ်သော နာမ်တရားသည် ဃာနပသာဒ နှာခေါင်းအကြည်, အနုံဂန္ဓာရုံ,ဝါတ လေ,မနသိကာရ နှလုံး သွင်းခြင်းဟု ဆိုအပ်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာပေသည်။ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည် မဟုတ်ဟု နှလုံးသွင်းရာ၏။

ဤပုံ နှလုံးသွင်းခဲ့သော် အကြောင်းမှန်ကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်။ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိကိုဌင်း ဝိသမဟေတုက ဒိဋ္ဌိကိုဌင်း ယုံမှားခြင်းဝိစိကိစ္ဆာကိုဌင်း ပယ်ကာသွားပါတယ်။

အဒ္ဓါနပရိဂ္ဂဟအနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ယောဂိသည် ဃာနဝတ္ထု နှာခေါင်းအကြည်နှင့် အနုံဂန္ဓာရုံကိုသိမ်းဆည်း၍ အနုံသိ ဃာနဝိညာဉ်ဖြစ်ပေါ်လာရာ နှာခေါင်း အကြည်တွင် စိတ်ကိုထား၍ အနုံသိ ဃာနဝိညာဉ်နာမ်တရားကား အမြဲ မရှိအနိစ္စ အမြဲမရှိအနိစ္စဟု ပွါးများပါလေ။

သနပ်ခါးနံ့ ရေမွှေးနံ့ ပေါင်ဒါနံ့ နှင်းဆီနံ့ မြတ်လေးနံ့ စပယ်နံ့ ဒေါနနံ့ ထမင်းနံ့ ဟင်းနံ့ ယောကျ်ားနံ့ မစင်နံ့ ကျင်ငယ်နံ့ အစရှိသော အနံ့ဂန္ဓာရုံတို့ ဃာနပသာဒ နှာခေါင်းအကြည်မှာ ထင်လာရာ ထိခိုက်ချက် ဒဏ်အာဟုန်ကြောင့် နှာခေါင်းအကြည်ကိုမှီ၍ အနံ့သိ ဃာနဝိညာဉ် နာမ်တရားတို့ သူအာရုံနှင့် သူအာရမ္မဏိက ထပ်မံ ဟပ်မိ၍ တသီးတခြားစီ ဖြစ်ပေါ်ပျောက်ကွယ် သေဆုံးပါသတည်း။

ပန်းမျိုးစုံစိုက်ထားသော ဥယျာဉ်သို့ဝင်၍ အနံ့မျိုးစုံထင်လာသော အခါ နှာခေါင်းအကြည်ကိုမှီ၍ အနံ့သိဝိညာဉ်ပြောင်းလဲချုပ်ကွယ်ပုံကို ကြည့်ရှုနှလုံးသွင်းဖို့ရာ ကောင်းလှပါတယ်။

ဒုက္ခာနုပဿနာပ္ဒါးများကြည့်ရှုပုံ

အနံ့ဂန္ဓာရုံသည် ဃာန နှာခေါင်းအကြည် နှာခေါင်းတံခါးမှာထင်လာသည်။ ဃာန နှာခေါင်းအကြည်တံခါးမှာ ထိခိုက်လာသော ဒဏ်အာဟုန်ကြောင့် နှာခေါင်းအကြည်ကိုမှီ၍ အနံ့ဂန္ဓာရုံကိုသိတဲ့ ဃာနဝိညာဉ် အနံ့သိ နာမ်တရားဖြစ်ပေါ်လာသည်။ ထိုဃာနဝိညာဉ် အနံ့သိနာမ်တရားကား ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ ဒုက္ခ။ တနည်း ထိုဃာနဝိညာဉ် အနံ့သိနာမ်တရားကား ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသော ကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ ဒုက္ခဟုပ္ဒါးများပါလေ။

အနတ္တာနုပဿနာကြည့်ရှုပ္ဒါးများပုံ

ထိုဃာနဝိညာဉ်အနံ့သိနာမ်တရားကား အမြဲတည်နေနိုင်သော တရား မဟုတ်သောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တ၊ တနည်း ထိုဃာန-ဝိညာဉ်အနံ့သိနာမ်တရားကား ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တ။ တနည်း ထိုဃာနဝိညာဉ် အနံ့သိ နာမ်တရားကား ဖြစ်ပျက်ကျင်နာ အနှစ်မပါသောကြောင့် အနတ္တ ငါမဟုတ် အနတ္တ အနတ္တဟုပ္ဒါးများအားထုတ်ပါလေ။

အခ်ိဳ့အခ်ဥ္စသေ ရသာယတန ရသာရုံသည် ဇိဝ္ဟါပသာဒ လ်ာအကြည်မှာဝင်း မနောဟုဆိုအပ်သော ဘဝင်အကြည်မှာဝင်း တပြိုင်နက်အားဖြင့် ထင်လာသည်။ ဇိဝ္ဟါပသာဒ လ်ာအကြည်မှာထိခိုက်လာသော ဒဏ်အဟုန်ကြောင့် လ်ာအကြည်ကိုမှီ၍ ရသာရုံကိုသိတဲ့ ဇိဝ္ဟါဝိညာဉ် နာမ်တရားဖြစ်ပေါ်လာသည်။ ထိုအခ်ိဳ့အခ်ဥ္စသော ရသာရုံကိုသိတဲ့ ဇိဝ္ဟါဝိညာဉ်ကား အာရုံသို့ ညွတ်တတ်ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း ငါမဟုတ်၊ ငါအရသာကို စားသိသည်မဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြားကာသိသော နာမပရိစ္ဆေဒဉာဏ် ဖြစ်သွားပါသည်။ ၎င်းဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ကွာကာသွားပါတယ်။

ထိုမှ နောက်ကာလ အခ်ိဳ့အခ်ဥ္စသော ရသာရုံကိုသိတဲ့ ဇိဝ္ဟါဝိညာဉ် နာမ်တရားသည် ဇိဝ္ဟါပသာဒ လ်ာအကြည်, ရသာရုံ, အာပ စိုစွတ်မှု, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်၊ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်ဟု နှလုံးသွင်းရာ၏။

ဤပုံနှလုံးသွင်းခဲ့သော် အကြောင်းမှန်ကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာသည်။ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိကိုဎင်း ဝိသမဟေတုကဒိဋ္ဌိကိုဎင်း ယုံမှားခြင်းဝိစိကိစ္ဆာကိုဎင်း ပယ်ကာသွားပါတယ်။

အဒ္ဓါနပရိဂ္ဂဟ အနိစ္စာနုပဿနာ

ထိုမှ နောက်ကာလ ယောဂီသည် ဇိဝ္ဟါဝတ္ထု လ်ာအကြည်နှင့်အခ်ိဳ့အခ်ဥ္စသော ရသာရုံကို သိမ်းဆည်း၍ ဤအခ်ိဳ့အခ်ဥ္စသော ရသာရုံသိဇိဝ္ဟါဝိညာဉ်ဖြစ်ပေါ်လာရာ လ်ာအကြည်တွင် စိတ်ကိုထား၍ အခ်ိဳ့အခ်ဥ်စသော ရသာရုံသိဇိဝ္ဟါဝိညာဉ်နာမ်တရားကား အမြဲမရှိ အနိစ္စ အမြဲမရှိအနိစ္စဟု ပွါးများပါလေ။ အခ်ိဳ့အခ်ဥ် အဖန် အခါး အစပ် အငန် အဆိမ့် ရသာရုံ အမျိုးမျိုးတို့ ထင်လာသောအခါမှာဎင်း အခ်ဥ် အမျိုးမျိုး အခါးအမျိုးမျိုး အဆိမ့်အမျိုးမျိုးစသော အာရုံတို့ ထင်လာသော အခါမှာဎင်း ရသာရုံစားသိဇိဝ္ဟါဝိညာဉ်တို့ တသီးတခြားစီ ဖြစ်ပေါ်၍ ချုပ်ကွယ်သေဆုံးကြသည်ကို အပိုင်းပိုင်းပြတ်သွားအောင် အဖန်ဖန်

ကြည့်ရှုပ္ဒါးများအားထုတ်ပါလေ၊ အားထုတ်ကြည့်ရှုဖန်များသော် အပိုင်းပိုင်းပြတ်၍ ထင်လာလိမ့်မည်။

ဒုက္ခာနုပဿနာကြည့်ရှုပ္ဒါးများပုံ

အချို့အချဉ်စသော ရသာရုံသည် ဇီဝဂျိပဿဒ္ဓ လျှာအကြည် လျှာတံခါးမှာထင်လာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် လျှာအကြည်ကိုမှီ၍ အချို့အချဉ်စသော ရသာရုံကိုသိတဲ့ ဇီဝဂျိဝိညာဉ်နာမ်တရားဖြစ်ပေါ်လာသည်။ ထိုဇီဝဂျိဝိညာဉ် အချို့အချဉ်စသော ရသာရုံသိနာမ်တရားကား ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ-ဒုက္ခ၊ တနည်း ထို ဇီဝဂျိဝိညာဉ် အချို့အချဉ်စသော ရသာရုံသိနာမ်တရားကား ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ-ဒုက္ခဟု ရှုကြည့် ပ္ဒါးများအားထုတ်ပါလေ။

အနတ္တာနုပဿနာ

ထို ဇီဝဂျိဝိညာဉ် အချို့အချဉ်စသော ရသာရုံသိ နာမ်တရားကား အမြဲတည်နေနိုင်သောတရား မဟုတ်သောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ။

တနည်း ထို ဇီဝဂျိဝိညာဉ် အချို့အချဉ်စသော ရသာရုံသိ နာမ်တရားကား ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ။ တနည်း ထို ဇီဝဂျိဝိညာဉ် အချို့အချဉ်စသော ရသာရုံသိ နာမ်တရားကား ဖြစ်ပျက်ကျင်နာ အနှစ်မပါသောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တဟု ရှုကြည့်ပ္ဒါးများ အားထုတ်ပါလေ။

ပထဝီ အမာအနှဲ့ အတွေ့, တေဇော အပူအအေး အတွေ့, ဝါယော ထောက်ပံ့တွန်းကန်လှုပ်ရှားသော အတွေ့ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ကာယပဿဒ္ဓ ကိုယ်အကြည်တံခါးမှာဝင်း မနောဟုဆိုအပ်သော ဘဝင် အကြည်တံခါးမှာဝင်း တပြိုင်နက်အားဖြင့် ထင်လာသည်၊ ကိုယ်အကြည်မှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် ကိုယ်အကြည်ကိုမှီ၍ အတွေ့

ဖောဋ္ဌဗ္ဗာရုံကိုသိတဲ့ အတွေ့သိ ကာယဝိညာဉ် ဖြစ်ပေါ်လာသည်။ ထို အတွေ့ ဖောဋ္ဌဗ္ဗာရုံကိုသိတဲ့ ကာယဝိညာဉ်ကား အာရုံသို့ ညွှတ်တတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း။ ငါမဟုတ် အတွေ့ကို ငါတွေ့ သိသည်မဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းသော် နာမ်တရားကို ပိုင်းခြားကာသိသော နာမပရိစ္ဆေဒဉာဏ် ဖြစ်သွားပါတယ်။ ၎င်းဉာဏ်ဖြင့် အတ္တဒိဋ္ဌိ ကွာကာသွားပါတယ်။

ထိုမှ နောက်ကာလ အမာအနုစေသော အတွေ့ဖောဋ္ဌဗ္ဗာရုံကိုသိသော ကာယဝိညာဉ် နာမ်တရားကား ကာယပသာဒ ကိုယ်အကြည်, အတွေ့ ဖောဋ္ဌဗ္ဗာရုံ, ထဒ္ဓု မာမှု, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်။ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့်ဖြစ်ပေါ်လာသည် မဟုတ်ဟု နှလုံးသွင်းရာ၏။ ဤပုံ နှလုံးသွင်းခဲ့သော် အကြောင်းမှန်ကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာသည်။ ၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိကို၎င်း ဝိသမဟေတုကဒိဋ္ဌိကို၎င်း ယုံမှားခြင်း ဝိစိကိစ္ဆာကို၎င်း ပယ်ကာသွားပါတယ်။

အဒ္ဓါနပရိဂ္ဂဟအနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ယောဂီသည် ကာယဝတ္ထု ကိုယ်အကြည်နှင့် အတွေ့ ဖောဋ္ဌဗ္ဗာရုံကိုသိမ်းဆည်း၍ အတွေ့ဖောဋ္ဌဗ္ဗာရုံကိုသိသော ကာယဝိညာဉ် ဖြစ်ပေါ်လာရာ ကိုယ်အကြည်တွင် စိတ်ကိုထား၍ အတွေ့သင်္ကာယဝိညာဉ် နာမ်တရားကား အမြဲမရှိ အနိစ္စ-အမြဲမရှိ အနိစ္စဟု ပွါးများပါလေ။

နှုမူကြမ်းမူဟူသော ပထဝီဖောဋ္ဌဗ္ဗ ပူမူအေးမူဟူသော တေဇော ဖောဋ္ဌဗ္ဗ ဖောင်းပွတိုးဝေ့ ထောက်ကန်တောင့်တင်းမူဟူသော ဝါယော ဖောဋ္ဌဗ္ဗတို့သည် ကာယပသာဒ ကိုယ်အကြည်မှာ ထိခိုက်လာသော ဒဏ် အဟုန်ကြောင့် အတွေ့သိကာယဝိညာဉ်တို့ တဖွဲးဖွဲးဖြစ်ပေါ်လာ၍ တသီးတခြားစီ ချုပ်ကွယ်သေဆုံးကြပါတယ်။

ဥပမာ နူးညံ့သိမ်မွေ့လှစွာသော မွေ့ရာကမ္ဗလာ ကော်ဇောပေါ်မှာ ပက်လက်လှန်၍ အိပ်သောအခါ နူးညံ့သောအတွေ့ကိုသိသော တွေ့သိ ကာယဝိညာဉ် တဖွဲးဖွဲးဖြစ်ပေါ်၍ ချုပ်ကွယ်ကာ သွားပါတယ်။

မွေရာစသော အတွေ့တို့နှင့် မထိသောအခါ အတွေ့သိ ကာယဝိညာဉ် ဖြစ်ပေါ်မလာနိုင်ပါ၊ နှုးညံ့လိုက်တာလို့ မသိနိုင်ပါ၊ တွေ့ထိကာမှ ဖြစ်ပေါ်လာသော တရားမျိုးဖြစ်သောကြောင့် အမြဲတည်ရှိနေသော နိစ္စတရားမျိုးမဟုတ်ပါ၊ တွေ့ထိသောအခါ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ နေသော အနိစ္စတရားမျိုးသာ ဖြစ်ပါတယ်။

ဘာဝနာပုံးစဉ် လက်ရုံးအပြင်စသည်တို့မှာ ရှုရှုလေကြောင်းကလေးပေါ်လာသည်ကိုဂျင်း ပျောက်ကွယ်သွားသည်ကိုဂျင်း ဖြတ်ခနဲသိသကဲ့သို့ဂျင်း အတွေ့သိဝိညာဉ်တို့ လျင်မြန်စွာဖြစ်ပေါ်၍ ပျောက်ကွယ်သွားကြပါတယ်။ မျက်စိတမှိတ် လက်ဖျစ်တတွက်ခန့် ကာလမှာပင် အကြိမ်ပေါင်း ကုဋေတသိန်းမက ဖြစ်ပေါ်၍ ပျောက်ကွယ်သွားကြပါတယ်လို့ မိန့်တော်မူတယ်။

ကြမ်းတမ်းသော ကျောက်စရစ်ခဲအပြင်မှာ လျှောက်၍သွားသော အခါ ကြမ်းတမ်းတယ်လို့သိသောအတွေ့သိ ကာယဝိညာဉ်တို့ လျင်မြန်စွာ ဖြစ်ပေါ်၍ ပျောက်ကွယ်သေဆုံးပါတယ်။ ပဌမ ကျောက်စရစ်ခဲကို ကြမ်းတယ် မာတယ်လို့သိသော အတွေ့သိ ကာယဝိညာဉ်သည် ပဌမ ကျောက်စရစ်ခဲတွင် သေခဲ့တာပဲ၊ ဒုတိယ ကျောက်စရစ်ခဲကို ကြမ်းတယ် မာတယ်လို့သိသော အတွေ့သိ ကာယဝိညာဉ်လည်း ဒုတိယ ကျောက်စရစ်ခဲတွင် သေတာပဲ။ တတိယ ကျောက်စရစ်ခဲသို့ မရောက်နိုင်ပါ။ ဤပုံသို့အာရုံနှင့် သူ့အာရုံမှကိုက အပိုင်းပိုင်းပြတ်၍ ချုပ်ကွယ်သွားပုံကို မြင်အောင် ကြည့်ရှုပါ။

အနုအကြမ်း ရောနေလျှင် အနုကိုသိတဲ့ အတွေ့သိ ဝိညာဉ်သည် အကြမ်းကို မသိနိုင်ပါ၊ အကြမ်းကိုသိတဲ့ အတွေ့သိ ဝိညာဉ်သည် အနုကို မသိနိုင်ပါ၊ ဤပုံ အပိုင်းအပိုင်း ပြတ်၍သွားအောင် ကြည့်ရှုပါ။

ဆောင်းဦတုအခါ အေးလွန်းချမ်းလွန်းလှ၍ မီးထလှုံပါတယ်။ အေးလှ ချမ်းလှသည်ဟုသိသော အတွေ့သိဝိညာဉ်သည် မီးပူနှင့်တွေ့သောအခါ မရှိတော့ပါ။ သေ၍သွားပါပြီ၊ မီးလှုံသောအခါ ပူတယ်လို့သိသော အတွေ့သိဝိညာဉ်သည် မီးမလှုံပဲ ထသွားသောအခါ မရှိတော့ပါ၊ သေ၍သွားပါပြီ၊ မီးဆက်၍လှုံသောအခါ ပူတယ်လို့သိသော အတွေ့သိဝိညာဉ်သည် မရေမတွက်နိုင်အောင် သူ့အပူနှင့်အသိတို့ ထပ်မိဟပ်မိလျက် ပျောက်ကွယ်သေဆုံးကြပါတယ်။ ဥပမာ ခြေဘဝါးအပြင်မှာ တရှိန်ရှိန် အပူထွက်၍

နေသောအခါ စာရေးရင်း အပူရှိန်ကို သွားသွား၍ သိနေသကဲ့သို့ မှတ်လေ။ ရုပ်နာမ်များ အလွန်လျင်မြန်ပါကလားဟု အောက်မေ့မိသည်။ အာသာသ-ဝင်လေ နှာသီးဖျားမှ တိုး၍ဝင်သွားသောအခါ ဖောင်းတက်ကြွလာသည်ကို အစဉ်လိုက်၍ အတွေ့သိဝိညာဉ် ဖြစ်ပေါ်ကာ ချုပ်ကွယ်သေဆုံးပါတယ်။

ပဿာသ-ထွက်လေ ချက်မှထွက်လာသောအခါ ပိန်ရှဲသွားသည်ကို အစဉ်လိုက်၍ အတွေ့သိဝိညာဉ် ဖြစ်ပေါ်သေဆုံးကြပါတယ်။ ဝင်လေ အခိုက်အတန့် သိသောဝိညာဉ်သည် ထွက်လေ အခိုက်အတန့် သိသောဝိညာဉ် မဟုတ်ပါ၊ ဝင်လေ အခိုက်အတန့်တွင်လည်း ကာယပဿာဒ ကိုယ်အကြည်အတွေ့ ဖောဋ္ဌဗ္ဗာရုံ တွေ့သိဝိညာဉ်တို့ တွေ့ဆုံ၍ ဖြစ်ပေါ်ကာ ချုပ်ကွယ်သေဆုံးကြသည်မှာ မရေတွက်နိုင်အောင် များပါသတည်း။

နွေဥတု ပူအိုက်လှ၍ မနေနိုင်အောင် ဆင်းရဲပင်ပန်းသောအခါ ပန်ကာကြီးကို လည်စေ၍ စည်းစိမ်ခံ၍ နေရာတွင် ပန်ကာလေက တကိုယ်လုံး ကိုယ်အကြည်ကို တွေထိလာသောကြောင့် ဆင်းရဲပင်ပန်းတဲ့ ဒုက္ခသေပျောက်၍ ကိုယ်ရဲချမ်းသာမှု ဖြစ်ပေါ်လာတယ်။

ထိုစဉ်အခါ ပန်ကာတကြိမ် လည်သောအခိုက်အတန့်မှာ ဖြစ်သော အတွေ့သိ ကာယဝိညာဉ်သည် နောက်တကြိမ် လည်သောအခိုက်အတန့်သို့ မရောက်နိုင်ပါ၊ ရှေးအကြိမ်မှာပင် သေဆုံး၍သွားပါတယ်။ နောက်တကြိမ် လည်သော အခိုက်အတန့်တွင်ဖြစ်သော အတွေ့သိဝိညာဉ်လည်း တတိယလည်သောအကြိမ်သို့ မရောက်လာနိုင်ပါ၊ ပန်ကာလည်သောအကြိမ်တွင် အတွေ့သိဝိညာဉ် ဖြစ်ပေါ်၍ သေဆုံးပါတယ်၊ ပန်ကာ တကြိမ်လည်ရာတွင်လည်း အရာအထောင်မကသော အတွေ့သိဝိညာဉ်တို့ ဖြစ်ပေါ်ကာ သေဆုံးကြပါတယ်၊ အပိုင်းပိုင်းပြတ်၍ သေဆုံးသည်ကို မြင်အောင်ကြည့်ရှုပါလေ၊ အမျိုးမျိုးသော သတ္တဝါဝတ္ထုတို့နှင့် တွေထိရာတွင်လည်း ရေးပြခဲ့ပြီးသော နည်းကိုမှီ၍ သိရှိကြပါလေ။

ဒုက္ခာနုပဿနာ

နုမူကြမ်းမူဟူသော ပထဝီဖောဋ္ဌဗ္ဗ, ပူမူအေးမူဟူသော တေဇောဖောဋ္ဌဗ္ဗ, ဖောင်းပွတိုးဝေ့ ထောက်ကန်တောင့်တင်းမူဟူသော ဝါယောဖောဋ္ဌဗ္ဗာရုံ

တို့သည် ကိုယ်အကြည်မှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် ကိုယ်အကြည်ကိုမှီ၍ အတွေ့ဖောင္ဒဗွာရုံကိုသိတဲ့ ကာယဝိညာဉ် နာမ်တရားဖြစ်ပေါ်လာသည်။

ထို အတွေသိ ကာယဝိညာဉ် နာမ်တရားကား ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ-ဒုက္ခ။ တနည်း ထိုအတွေသိ ကာယဝိညာဉ် နာမ်တရားကား ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံရသောကြောင့် မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ-ဒုက္ခဟု အကြိမ်ကြိမ် ပုဂ်ိးများအားထုတ်ပါလေ။

အနတ္တာနုပဿနာ

ထိုအတွေသိ ကာယဝိညာဉ် နာမ်တရားကား အမြဲတည်နေနိုင်သော တရားမဟုတ်သောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ။ တနည်း ထိုအတွေသိ ကာယဝိညာဉ် နာမ်တရားကား ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ။ တနည်း ထိုအတွေသိ ကာယဝိညာဉ် နာမ်တရားသည် ဖြစ်ပျက်ကျင်နာ အနှစ်မပါသောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တဟု ပုဂ်ိးများပါလေ။

မဂ္ဂါမဂ္ဂပရိဂ္ဂဟ

ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ ရေးပြပြီးသော ဥဒယဗ္ဗယာနုပဿနာ ဝိပဿနာရှုနည်းကို အစဉ်မှီး၍ ပဥ္စဝိညာဉ်တို့၏ အဖြစ်အပျက်ကိုလည်း ရှုကြည့်ပုဂ်ိးများပါလေ။

ရှုပါရုံအစရှိသော ငါးပါးသောအာရုံတို့မှ ကြွင်းသော သဒ်တတရား, အသဒ်တတရား, ပညတ်အခေါ်အဝေါ် အမည်ဟူသမျှကို ဓမ္မာရုံဟု ခေါ်သည်။

ရှုပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗွာရုံတို့သည်၎င်း ဓမ္မာရုံတို့သည်၎င်း ဘဝင်ဟုဆိုအပ်သော မနောအကြည်တံခါးမှာ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် ပြင်ဖက်က ကြာဖူးသဏ္ဌာန် အတွင်းက ခဝဲသီးသဏ္ဌာန် ရှိသောနှလုံး ဗူးအိမ်တွင် နှလုံးသွေးဟု ခေါ်ဆိုအပ်သော ဟဒယဝတ္ထုရုပ်

မှုန့်ကလေးတွေကိုမြို၍ မနောဒွါရဝဇ္ဇန်း ဇော တဒါရုံ မနောဝိညာဉ်စိတ်မျိုး ဖြစ်ပေါ်၍ သေဆုံးကာသွားကြသည်။

ပိယရုပ် သာတရုပ်ဟုဆိုအပ်သော ဓမ္မာရုံသည် ဘဝင်ဟုဆိုအပ်သော မနောအကြည် တံခါးမှာ ထိခိုက်လာသည်။ ထိခိုက်လာသော ဒဏ်အဟုန်ကြောင့် နှလုံးသွေးဟုဆိုအပ်သော ဟဒယဝတ္ထုရုပ်မှုန့်ကလေးတွေကို မြို၍ သရာဂစိတ်ဟုဆိုအပ်သော လောဘမူ မနောဝိညာဉ် ဖြစ်ပေါ်လာသည်။ ထိုလောဘမူမနောဝိညာဉ်သည် အာရုံသို့ ညွတ်တတ် ရောက်သွားတတ်သောကြောင့် နာမ်တရားပေတည်း၊ ငါမဟုတ် ငါက သာယာနှစ်သက်သည် မဟုတ်ဟု နှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သော် နာမ်တရားကို ပိုင်းခြားကာ သိသော နာမပရိစ္ဆေဒဉာဏ်ဖြစ်သွားပါတယ်။ ၎င်းဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိ ကွာကာသွားပါတယ်။

ထိုမှ နောက်ကာလ ပိယရုပ် သာတရုပ် ဓမ္မာရုံကိုသိသော လောဘမူမနောဝိညာဉ်နာမ်တရားသည် မနောအကြည်,ဓမ္မာရုံ, ဟဒယဝတ္ထု, မနသိကာရ နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသည်၊ တန်ခိုးကြီးမား နတ်သိကြားတို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာသည်မဟုတ်ဟု နှလုံးသွင်းရာ၏၊ ဤပုံနှလုံးသွင်းခဲ့သော် အကြောင်းမှန်ကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာသည်။

၎င်းဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိအကြောင်းမရှိပဲ ပိယရုပ် သာတရုပ် ဓမ္မာရုံကိုသိသော လောဘမူမနောဝိညာဉ်ဖြစ်တယ်လို့ ယူသော မိစ္ဆာအယူကိုဌင်း ဝိသမဟေတုကဒိဋ္ဌိ ထာဝရဘုရားနတ်သိကြားတို့ ဖန်ဆင်းကာထားသည်ဟု ယူသောမိစ္ဆာအယူကိုဌင်း ယုံမှားခြင်းဝိစိကိစ္ဆာကိုဌင်း ပယ်ခွါထားပါတယ်။

အဒွါနပရိဂ္ဂဟအနိစ္စာနုပဿနာ

ထိုမှနောက်ကာလ ယောဂီသည် နှလုံးသွေးဟုဆိုအပ်သော ဟဒယဝတ္ထုနှင့် ပိယရုပ် သာတရုပ်ဟုဆိုအပ်သောသဘော ဓမ္မာရုံကိုသိမ်းဆည်း၍ သာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူမနောဝိညာဉ် ဖြစ်ပေါ်လာရာ ဟဒယဝတ္ထုတွင် စိတ်ကိုထား၍ သာယာနှစ်သက်သော

စိတ်ဟုဆိုအပ်သော မနောဝိညာဉ်နာမ်တရားကား အမြဲမရှိ အနိစ္စ အမြဲမရှိ အနိစ္စဟု ပ္ဒါးများပါလေ။

အဆင်းရူပါရုံကို စိတ်ကူးတဲ့ ကြံတွေးတဲ့ သိတဲ့မနောဝိညာဉ်သည် ထိုအဆင်းရူပါရုံတွင် ချုပ်ကွယ်သေဆုံးတာပဲ၊ အသံသဒ္ဒါရုံကိုစိတ်ကူးတဲ့ ကြံတွေးတဲ့ သိဘဲ့မနောဝိညာဉ်သည် ထိုအသံသဒ္ဒါရုံတွင် သေဆုံးတာပဲ၊ အနံ့ဂန္ဓာရုံကို စိတ်ကူးတဲ့ ကြံတွေးတဲ့ သိတဲ့မနောဝိညာဉ်သည် ထိုအနံ့ဂန္ဓာရုံတွင် သေဆုံးတာပဲ၊ အချိုအချဉ်စသော ရသာရုံကို စိတ်ကူးတဲ့ ကြံတွေးတဲ့ သိတဲ့မနောဝိညာဉ်သည် ထိုရသာရုံတွင်သေဆုံးတာပဲ၊ ဖောဋ္ဌဗ္ဗာရုံကို စိတ်ကူးတဲ့ ကြံတွေးတဲ့ သိတဲ့မနောဝိညာဉ်သည် ထိုဖောဋ္ဌဗ္ဗာရုံတွင် သေဆုံးတာပဲ။ လင်မယားသားသမီးဆိုတဲ့ ပညတ်ဓမ္မာရုံတို့ကို စိတ်ကူးတဲ့ ကြံတွေးတဲ့ သိတဲ့ မနောဝိညာဉ်တို့သည် ထိုသားသမီးဆိုတဲ့ ပညတ်ဓမ္မာရုံတွင် သေဆုံးတာပဲ။ တခုတည်းသောမနောဝိညာဉ်က ထင်လာသမျှသော အာရုံခြောက်ပါးတို့ကို စိတ်မကူးနိုင် မကြံနိုင် မသိနိုင်ပါ၊ သူ့အာရုံနှင့် သူ့အာရမ္မဏိကမနောဝိညာဉ်စိတ်တို့ ထပ်မံ ဟပ်မိလျက် ဖြစ်ပေါ်ကာ သေဆုံး၍ သွားကြပါသတည်း၊ အပိုင်းပိုင်းပြတ်သွားအောင် ကြည့်ရှုအားထုတ်ပါလေ။

အနိစ္စလက္ခဏာကို ကြံတွေးတဲ့ မနောဝိညာဉ် အနိစ္စလက္ခဏာတွင် ချုပ်ကွယ်တာပဲ၊ ဒုက္ခလက္ခဏာကို ကြံတွေးတဲ့ မနောဝိညာဉ် ဒုက္ခလက္ခဏာတွင် ချုပ်ကွယ်တာပဲ။ အနတ္တလက္ခဏာကိုကြံတွေးတဲ့ မနောဝိညာဉ် အနတ္တ-လက္ခဏာတွင်ချုပ်ကွယ်တာပဲ။ အကြင်အကြင် အမှတ်မရှိတခုခုကို ကြံတွေးစိတ်ကူးတဲ့ သိတဲ့ မနောဝိညာဉ်သည် ထိုထို မိမိစိတ်ကူးအပ် ကြံတွေးအပ်သော အာရုံတွင် ချုပ်တာပဲ။ ဤပုံ သူ့အာရုံနှင့် သူ့အာရမ္မဏိကစိတ်တို့ ဖြစ်ပေါ်၍ ချုပ်ကွယ်သွားသည်ကို မြင်သိအောင် ကြည့်ရှုပါ။

သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ-၌ ယောဂီရဟန်းသည် အလိုရှိအပ်သော အာရုံခြောက်ပါးကို တပ်နှစ်သက်သော ရာဂတဏှာနှင့် တကွဖြစ်သော လောဘမူ မနောဝိညာဉ်စိတ်ကို ငါ့မှာရာဂစိတ် ဖြစ်နေသည်ဟု သိရမည် ဆိုလိုသည်။

ရုပ်နာမ်နှစ်ပါးကို နားမလည်သော အန္ဓပုထုဇဉ်ကား မိန်းမပျို ကလေးကို ငါကြိုက်သည်၊ ငါအလိုရှိသည်၊ ဒီပုဆိုး ဒီထမီကို ငါကြိုက်သည်

ငါအလိုရှိသည်ဟု သိမည်၊ ရုပ်နာမ်နှစ်ပါးကို နားလည်သော ကလျာဏ ပုထုဇဉ်သည် တပ်နှစ်သက်သောစိတ်ဖြစ်သည်မှာ လွန်စွာထင်ရှားလေသောကြောင့် သတိပြုကာဘယ်အခါမဆို သိနိုင်သည်။ သွေးအဆင်းသဏ္ဌာန်မှာ နီမြန်း၍လာသည်။ တဆဲခြောက်မျိုးသော စိတ်တို့ဖြစ်သည်ကို သိရမည်ဆိုသည်မှာ တပ်နှစ်သက်သောစိတ်ဖြစ်လျှင် ငါ့မှာ တပ်နှစ်သက်သော ရာဂစိတ်ဖြစ်ကာနေသည် စသည်ဖြင့် သိအောင်သတိပြုရမည်ဆိုသည်၊ ဒီပုံသိခဲ့သော် စိတ္တပရိဂ္ဂဟ စိတ္တဂတာသတိသာဖြစ်နေသည်၊ ဝိပဿနာရှုမှုမဖြစ်သေး၊ မမြဲမှုအနိစ္စ ဆင်းရဲပင်ပန်းမှုဒုက္ခ တောင့်တ၍မရမှုအနတ္တ တို့ကိုဖြစ်စေ ဥဒယဝယအဖြစ်အပျက်ကိုဖြစ်စေ နှလုံးသွင်းပွါးများမှ ဝိပဿနာဖြစ်နိုင်သည်။ သတိရှိစေ။

သဒေါသံ ဝါ စိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ-၌ ယောဂီရဟန်းသည် အာရုံခြောက်ပါးကို စိတ်ဆိုးပြစ်မှားသော ဒေါသနှင့်တကွဖြစ်သော ဒေါသမူမနောဝိညာဉ်စိတ်ကို ငါ့မှာ စိတ်တို စိတ်ဆိုးသော ဒေါသမူစိတ်ဖြစ်နေသည်ဟု သိရမည်ဆိုလိုသည်၊ ဒေါသစိတ်ဖြစ်ပေါ်တာလဲ အလွန်ထင်ရှားပါသည်၊ သွေးအဆင်းသဏ္ဌာန်မှာ မည်းညိုမှောင်မဲ၍ လာသည်။

သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ-၌ ယောဂီရဟန်းသည် အထူးအားဖြင့် အာရုံခြောက်ပါးကို မဆုံးဖြတ်နိုင်၍ ယုံမှားခြင်းဝိစိကိစ္ဆာဖြစ်သောအခါတွင်၎င်း ကောင်းသောအာရုံ၌ မတည်နိုင်ပဲ ပျံ့လွင့်သော အခါတွင်၎င်း မောဟဝိစိကိစ္ဆာဥဒ္ဓစ္စတို့နှင့်အတူတကွဖြစ်သော မောဟမူမနောဝိညာဉ်စိတ်ကို ငါ့မှာအမှန်ကိုမသိတဲ့ မောဟမူမနောဝိညာဉ်စိတ်ဖြစ်နေသည်ဟု သိရမည်ဆိုလိုသည်။ သွေးအဆင်းသဏ္ဌာန်မှာ သားဆေးရေအဆင်းနှင့်တူသော အဆင်းသဏ္ဌာန်ဖြစ်ပေါ်၍ လာသည်။

သံခိတ္တံ ဝါ စိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနာတိ-၌ ယောဂီပုဂ္ဂိုလ်သည် လောကီကိစ္စအလုပ်တခုတခုကို ဆောင်ရွက်လုပ်ကိုင်ရာတွင်၎င်း သမထဘာဝနာ ဝိပဿနာဘာဝနာတရားတို့ကို ပွါးများရာတွင်၎င်း တွန့်တိုဆုတ်နစ် အလုပ်ကိုစွန့်ပစ်ချင်သောအခါ ထိနမိဒ္ဓနှင့်တကွဖြစ်သော အကုသိုလ်သဘင်္ခါရိကစိတ်တို့ကို ငါ့မှာ တွန့်တို ဆုတ်နစ်စွန့်ပစ်ချင်သော သဘင်္ခါရိက-

စိတ်ဖြစ်ကာနေသည်ဟု သိရမည်ဆိုလိုသည်။ ဘာဝနာအားထုတ်စဉ်တွင် နောက်သို့ဆုတ်ချင်သောစိတ်ကား ထင်ရှားလှပါသည်။

ဝိက္ခိတ္တံ ဝါ စိတ္တံ ဝိက္ခိတ္တံ စိတ္တန္တိ ပဇာနာတိ-၌ ဘာဝနာအားထုတ်စဉ် အခါ ပျံလွှင့်သော မောဟမူဥဒ္ဓစ္စသမ္ပယုတ် မနောဝိညာဉ်စိတ်ကို ငါ့မှာ ပျံလွှင့်သောစိတ်ဖြစ်ကာ နေသည်ဟု သိရမည်ဆိုလိုသည်။

ဒိဋ္ဌိ=မှားသောအယူနှင့်ယှဉ်သောစိတ်,မာန=ငါတကားဟုထောင်လွှားမှုနှင့် ယှဉ်သောစိတ်, ဣဿာ=ငြူ။စူစောင်းမြောင်းမှုနှင့် ယှဉ်သောစိတ်, မစ္ဆရိယ=မိမိဥစ္စာဘဏ္ဍာကို ဝန်တိုမှုနှင့်ယှဉ်သောစိတ် စသည်တို့ကား များလှသည်။ လောဘ ဒေါသ မောဟတို့နှင့်မယှဉ်ပဲ ရတနာသုံးပါး စသည်တို့ကို ကြည်ညိုသောအခါ သဒ္ဓါတရားနှင့်ယှဉ်သော မဟာကုသိုလ် မနောဝိညာဉ်စိတ်ဖြစ်ပေါ်ကာ နေသည်ကို ငါ့မှာမဟာကုသိုလ်စိတ်ဖြစ်ကာ နေသည်ဟုသိရမည်ဆိုလိုသည်။ သွေးအဆင်းသဏ္ဌာန်မှာ မဟာလှေခါး ပန်းအဆင်းကဲ့သို့ ဝါဝင်းကာနေသည်။ ဘာဝနာပ္ဍါးစဉ် ပညာနှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်ပေါ်ကာ နေသည်ကို ငါ့မှာမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဖြစ်ကာနေသည်ဟု သိရမည် ဆိုလိုသည်။ သွေးအဆင်းသဏ္ဌာန်လဲ အလွန်ကြည်လင်သော ပတ္တမြားရောင်ကဲ့သို့ ဖြစ်ကာနေသည်။

ကာမဝိတက်=ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ခံစားဖို့ရန် ကြံစည်သော အခါတွင်ဂျင်း ဗျာပါဒဝိတက်=သူတပါးတို့ကို သတ်ဖြတ်ဖို့ရာ ကြံစည်သော အခါတွင်ဂျင်း ဝိဟိံသာဝိတက်=သူတပါးတို့ကို ညှင်းဆဲနှိပ်စက်ဖို့ရာ ကြံ စည်သောအခါတွင်ဂျင်း လောဘမူ ဒေါသမူစိတ်တို့ ဖြစ်ပေါ်လာသည်ကို ငါ့မှာ လောဘမူ ဒေါသမူစိတ်တို့ ဖြစ်ကာနေသည်ဟု သိရမည် ဆိုလိုသည်။

နေက္ခမ္မဝိတက်=ကာမဂုဏ်အာရုံတော်မှ ထွက်မြောက်ဖို့ရာ ကြံစည်၍ နေသောအခါ အလောဘပြဓာန်းသော မဟာကုသိုလ်စိတ်တို့ဖြစ်ပေါ်လာ သည်ကို ငါ့မှာမဟာကုသိုလ်စိတ်ဖြစ်ကာနေသည်ဟု သိရမည်ဆိုလိုသည်။ အဗျာပါဒဝိတက်=သတ္တဝါတွေ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေလို့ ကြံစည်သောအခါ မေတ္တာပြဓာန်းသော မဟာကုသိုလ်စိတ်ဖြစ်ကာ နေသည်ကို ငါ့မှာမဟာကုသိုလ်စိတ်ဖြစ်ကာနေသည်ဟုသိရမည်ဆိုလိုသည်။

အဝိဟိံ သာဝိတက်=သတ္တဝါတွေ ဆင်းရဲဒုက္ခ အဝဝမှ ကင်းလွတ်ကြပါစေလို့ ကြံစည်သောအခါ ကရုဏာဒှင့်ယှဉ်သော မဟာကုသိုလ်စိတ်တို့ဖြစ်ကာ နေသည်ကို ငါမှာမဟာကုသိုလ်စိတ်ဖြစ်ကာ နေသည်လို့ သိရမည် ဆိုလိုသည်။ သေးအဆင်းသဏ္ဌာန်မှာ ကုလားပဲပြုတ်ရည်အဆင်းနှင့် တူသည်ဟု ဆိုသည်။

ယောဂီတိဟိတ် ပုထုဇ္ဇဉ်ပုဂ္ဂိုလ်မှာ အကုသိုလ်စိတ်တဆဲ့နှစ်ခု ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ်တဆဲ့ခုနစ်ခု မဟာကုသိုလ်စိတ်ရှစ်ခု မဟာဝိပါက်စိတ်ရှစ်ခု ပေါင်းလေးဆဲ့ငါးပါးသောစိတ်သာဖြစ်သည်။ ဒွိဟိတ်ပုထုဇ္ဇဉ်ပုဂ္ဂိုလ်မှာ မဟာဝိပါက်ဉာဏသမ္ပယုတ်လေးခုနှုတ်ပယ်၍ လေးဆဲ့တပါးသော စိတ်သာဖြစ်သည်။

ထို့ကြောင့် မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတံ စိတ္တန္တိ ပဇာနာတိ-စသည်တို့၌ ရေးမပြတော့ပါ။ အကုသိုလ် ကုသိုလ် မနောဝိညာဉ်များသာ အဖြစ်များပါသတည်း။

ဒုက္ခာနုပဿနာ

ပိယရုပ် သာတရုပ်ဟုဆိုအပ်သော သဘောဓမ္မာရုံတို့သည် ဘဝင်ဟုဆိုအပ်သော မနောအကြည်မှာ ထိခိုက်လာသောဒဏ်အဟုန်ကြောင့် နှလုံးသွေးဟုဆိုအပ်သော ဟဒယဝတ္ထုရုပ်မှုန့်ကလေးကွဲကိုမှီ၍ သရာဂစိတ်ဟုဆိုအပ်သော လောဘမူမနောဝိညာဉ် နာမ်တရားသည် ဖြစ်ပေါ်ကာလာသည်။ ထိုသာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူမနောဝိညာဉ် နာမ်တရားသည် ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အနှိပ်စက်ခံရသောကြောင့်မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ ဒုက္ခ။ တနည်း ထိုသာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူမနောဝိညာဉ် နာမ်တရားသည် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ခဏခဏအနှိပ်စက်ခံရသောကြောင့်မကောင်း ဆင်းရဲပင်ပန်းလှသည် ဒုက္ခ ဒုက္ခဟု ရှုကြည့်ပွါးများရာသည်။

အနတ္တာနုပဿနာ

ထို သာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူ မနောဝိညာဉ် နာမ်တရားသည် အမြဲတည်နေနိုင်သော တရားမျိုး မဟုတ်သော

ကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ၊ တနည်း ထိုသာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူ မနောဝိညာဉ် နာမ်တရားသည် ကိုက်ခဲကျင်နာ အလိုမပါသောကြောင့် အနတ္တ-ငါမဟုတ် အနတ္တ-အနတ္တ၊ တနည်း ထိုသာယာနှစ်သက်သော စိတ်ဟုဆိုအပ်သော လောဘမူ မနောဝိညာဉ် နာမ်တရားသည် ဖြစ်ပျက်ကျင်နာ အနှစ်မပါသောကြောင့် အနတ္တ ငါမဟုတ် အနတ္တ-အနတ္တဟု ရှုကြည့်ပ္ဒါးများရာသတည်း။

သဒေါသစိတ်စသော မနောဝိညာဉ်စိတ်တို့၌လည်း သရာဂစိတ် ပ္ဒါးများနည်းကို မှီ၍ ပ္ဒါးများအားထုတ်တတ်ပါစေ။

မဂ္ဂါမဂ္ဂပရိဂ္ဂဟ ဉဒယဗ္ဗယာနုပဿနာဝိပဿနာ ရှုနည်းတို့ဖြင့်လည်း ရှုကြည့်ပ္ဒါးများ အားထုတ်ပါလေ၊ ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်နိဗ္ဗာန် ရသွားပါလိမ့်မည်။

သိဝမင်္ဂလံ။

(၂) ဂျဲ့ဧ ooooc—oွ်-ွ-ွ—ဒ္ဂွ်—ဓ-ဏ-ဥ-ဂ-ဂ